
http://www.dhammadownload.com

သကျသီဟနှင့် စ အ ဓမ္မာစရိယ
ဦးကောဝိဒါဘိဝံသ—၏

# မစိုးရိမ်
# အဋ္ဌသာလိနီအဖြေ

"မူပိုင်"
COPYRIGHT ALL RIGHTS RESERVED

ဓမ္မဒါန



ပထမအကြိမ်

ကောဇာ—၁၃၆၈၊ သာသနာ—၂၅၅၀၊ ခရစ်—၂၀၀၆၊

http://www.dhammadownload.com

http://www.dhammadownload.com

http://www.dhammadownload.com

http://www.dhammadownload.com

သကျသီဟနှင့် စ အ ဓမ္မာစရိယ
ဦးကောဝိဒါဘိဝံသ-၏

## မစိုးရိမ်

# အဋ္ဌသာလိနီအဖြေ

"မူပိုင်"

COPYRIGHT ALL RIGHTS RESERVED

ဓမ္မဒါန

ပထမအကြိမ်

ကောဇာ-၁၃၆၈၊ သာသနာ-၂၅၅၀၊ ခရစ်-၂၀၀၆။

http://www.dhammadownload.com


စာမူခွင့်ပြုချက် - ၃၂၀၃၂၃၀၆၀၆
မျက်နှာဖုံးခွင့်ပြုချက် - ၃၂၀၃၂၇၀၆၀၆

**ပုံနှိပ်ခြင်း**
ပထမအကြိမ်

**အုပ်ရေ**
(၁၀၀၀)
ဇွန်လ၊ ၂၀၀၆ ခုနှစ်

**အတွင်းဖလင်**
ကိုဦး

**အတွင်းစာသား**
ယဉ်ပုံပရိယတ္တိစာသင်တိုက်၊ စိန်ပန်း၊ မန္တလေးမြို့။

**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်**
ဒေါ်နန်းခင်နှင်းငွေ (၀၆၈၂၈)
သိပ္ပံပုံနှိပ်တိုက်၊ အမှတ်-၈၀၊ ရတနာလမ်း၊
တောင်ဥက္ကလာပမြို့နယ်၊ရန်ကုန်မြို့။ဖုန်း-၅၆၅၇၃၃

**စီစဉ်သူ**
ဦးချစ်ကိုဇော်၊ အမှတ် ၄(က)၊ ပါရမီလမ်း၊
မရမ်းကုန်းမြို့နယ်၊ဈေးတွင်းကုန်းမီးပွိုင့်အနီး၊ ရန်ကုန်မြို့။
ဖုန်း- ၆၆၃၃၂၉၊ ၆၅၀၅၂၂

**ထုတ်ဝေသူ**
ဦးကျော်ဟင်း- ယုံကြည်ချက်စာပေ
အမှတ် (၁၁၁)၊ ၃၃လမ်း၊ ကျောက်တံတားမြို့နယ်။

**တန်ဖိုး**
( )

http://www.dhammadownload.com



# ဤစာအုပ် အကြောင်း

ဗုဒ္ဓသည် အစိန္တေယျဖြစ်၏။ သို့ဖြစ်သဖြင့် ဗုဒ္ဓ၏ ဓမ္မသည်လည်း အစိန္တေယျပင်။ (အပ၊၁၊၇) အစိန္တေယျ ဗုဒ္ဓ၏အစိန္တေယျဓမ္မကို သိသော်သာလျှင် အတ္ထရသ,ဓမ္မရသကို ခံစားနိုင်၍ ဝိမုတ္တိဓမ္မကို မျက်မှောက်ပြုနိုင်ပေမည်။ ယင်းသည့်အတွက် အစိန္တေယျဓမ္မသို့ ချဉ်းကပ်ရန် လိုအပ်လာသည်။ မည်သို့ ချဉ်းကပ်မည်နည်း? နာနာနယနိပုဏံ (ဒီ၊ဋ္ဌ၊၁၊၁၂၈) ဟုဆိုရာ အထူးထူးသောနည်းတို့ဖြင့် သိမ်မွေ့နူးညံ့သော ယင်းအစိန္တေယျဓမ္မသည် ပါဠိဘာသာဖြင့်ရှိ၏။ ပါဠိဘာသာသည် မိခင်ဘာသာ (Mother Language) မဟုတ်၊ နိုင်ငံခြားဘာသာ (Foreinge Language)သာ ဖြစ်၏။ ဤသည်ကို ချဉ်းကပ်နိုင်ရန် ရှေးပညာရှိကြီးများသည် နည်းအမျိုးမျိုး ထိုးထွင်းကြံစည်ခဲ့ကြသည်။ နိဃဏ္ဍုများ,နိယံကျမ်းများ, နိယံအဖြေကျမ်းများ, ဝါကျဒီပကကျမ်းများ, ဋီကာ, အနု, မဓု, ယောဇနာကျမ်းစသည်-------

ဤသည်တို့ကို စုစည်း၍ ဓမ္မာစရိယ (စာချတန်း) စည်းမျဉ်းများကို ရေးဆွဲခဲ့ကြသည်။ ဝိနည်းပိဋကအတွက် ပါရာဇိကဏ်ပါဠိ, အဋ္ဌကထာ၊ သုတ္တန္တပိဋကအတွက် သီလက္ခန္ဓဝဂ္ဂပါဠိ, အဋ္ဌကထာ၊ အဘိဓမ္မာပိဋကအတွက် ဓမ္မသင်္ဂဏီပါဠိ, အဋ္ဌသာလိနီအဋ္ဌကထာ။ ဤပါဠိအဋ္ဌကထာ-၃ -ကျမ်းစည်းမျဉ်းများကို လေ့လာခြင်းဖြင့် အစိန္တေယျဗုဒ္ဓ၏ အစိန္တေယျဓမ္မသို့ ချဉ်းကပ်နိုင်မည် ဖြစ်သည်။

မှန်ပါသည် သာဓကဆောင်၍ ထင်ရှားအောင် ပြပါဦးမည်။ မိမိငယ်စဉ်သာမဏေဘဝ ဘိုးဆရာတော် မိန့်ဘူးသည်ကို အမှတ်ရမိ၏။ ဘိုးဆရာတော်သည် ကျမ်းကြီးပေါက် သင်ရိုးကုန်အောင် တက်ဘူးသတဲ့။ တောရွာ (ရောဝတီတိုင်း၊ ရေကြည်မြို့နယ်၊ ငါးပိဆိပ်၊ အောက်ကျောင်း) ဆရာဘုန်းတော်ကြီးထံမှာ ဖြစ်၏။ ဘိုးသည် မန္တလေးသို့တက်၍ စာသင်ချင်သည်။ ဘိုးသည် ချေး(ဂျီး)များ၏။ သူ့ကိုဒကာတစ်ယောက် လိုက်ပို့ရမည်၊ သူအလိုရှိသည်ကို ရရှိရန် ဆောင်ရွက်ပေးမည့်သူထံ အပ်နှံထားခဲ့ရမည်။ တစ်ဝါတွင်းဘဲ နေမည်။ ဝါကျွတ်လျှင် ရွာမှ လာခေါ်ရမည်။ ဤအစီအစဉ်ဖြင့် မန္တလေးမြို့၊ တောင်ပြင်၊ ရွှေရေးဆောင်ကျောင်းတိုက်သို့ ရောက်လာသည်။ ထိုစဉ်က ရွှေရေးဆောင်ဆရာတော် ဦးအာဒိစ္စဝံသ (ဦးကြည်) သည် ဋီကာကျော် စတင်ပို့ချသည့်အချိန်၊ ရွှေရေးဆောင်နိယံ-ဟု သာသနာတော်တွင် ပေါ်လွင်ထင်ရှား ကျော်ကြားလာမည့် ကျမ်းစာကို ဋီကာကျော်ချရင်း ရေးသားသည့်အချိန် ဖြစ်၏။ ဘိုးက မိမိအား ဤသို့မိန့်၏ -

"ငါကွာ ဋီကာကျော် ပဏာမလည်းကုန်ရော ဉာဏ်ပွင့်သွားတာဘဲကွာ။ စာကိုဒီလိုကြည့်၊ ဒီလိုကြံရတာကိုလို့၊ လင်းသွားတာဘဲကွာ"တဲ့။

တစ်ဝါဘဲ နေမည်ဆိုသော ဘိုးဆရာတော်သည် မန္တလေးမှာ ၃-နှစ် ကြာသွားသောဟူ၏။

http://www.dhammadownload.com



မိမိသည် မန္တလေး၊ မစိုးရိမ်တိုက်သို့ရောက်၍ ဓမ္မာစရိယစာဝါများ လေ့လာရသောအခါ ဘိုးပြောသော "လင်းသွားတာဘဲကွာ" ဟူသောစကားကို သတိရမိသည်။ မိမိသည် ဘိုးထံ၌ နေစဉ်ကပင် စာစပ်နှင့်သမ္ဗန္ဓဆက္က (သမ္ဗန္ဓော စ ပဒစ္ဆေဒ–စသည်) ကို အသင့်အတင့် နားလည်ခဲ့သည် မစိုးရိမ်တိုက်၊ အာဂမနယူပဒေသကျောင်း၊ စာချအကျော် ဆရာတော် ဦးဝိစိတ္တာဘိဝံသထံ သီးသန့်စာဝါ အဖြစ်ဖြင့် စာသွားစာလာ စာကိုင်နည်းများကို ကြပ်ကြပ်မတ်မတ် သင်ယူခဲ့ရသည်။ တောင်သမန်ကျောင်းတိုက်၊ မဟာမြိုင်ကျောင်းဆရာတော် ဦးကေသဝါဘိဝံသ–ထံမှ စာပြောနည်း, စာကြည့်, စာကြံနည်းများကို ရခဲ့သည်။

ဤသို့လျှင် ရွာဆရာတော်ထံမှလည်းကောင်း၊ မြို့ဆရာတော်များထံမှလည်းကောင်း၊ အစိဏ္ဏေယျဓမ္မသို့ ချဉ်းကပ်နည်းများ ရရှိခဲ့သဖြင့် အစိုးရဓမ္မာစရိယစာမေးပွဲကို ၁၃၁၅–ခုနှစ်၊ ၃–ကျမ်းစွဲ၊ ကျမ်းပြီး။ ၁၃၁၇– ဂုဏ်ထူး– ၅–ကျမ်း (အင်္ဂုတ္တရမှတပါး) ကို ပါဠိဘာသာဖြင့် အောင်။ ၁၃၁၆–ခုနှစ်၊ စေတီယင်္ဂဏ၊ စာချတန်းကျမ်းပြီး၍၊ သကျသီဟစာမေးပွဲ၌ သီလက္ခန္ဓအဋ္ဌကထာ, အဋ္ဌသာလိနီအဋ္ဌကထာ ၂–ကျမ်းအောင်မြင်ခဲ့သည်။ သကျသီဟစာမေးပွဲနှင့် အဆင့်တူ ခက်သည်ဆိုသော မစိုးရိမ်လေးလပတ် စာမေးပွဲမှာလည်း အပတ်စဉ် (အကြားအလပ်မရှိ) တစ်နံပါတ်မှ အောင်ခဲ့သည်။

## နာယကမဟုတ်သော စာချ

ဤအောင်မြင်မှုများကို အထင်ကြီးအားကိုးလာကြသည်ဟုထင်ပါသည်။ မိတ်ဆွေရဟန်းတော်များက အဋ္ဌကထာစာဝါပို့ချပေးရန် အကူအညီ တောင်းလာကြသည်။ ထိုစဉ်က ကျောင်းထိုင်နာယက မရှိသေး။ မိမိတို့၏ ဝိနယဆရာတော်ပင် စောင့်ရှောက် ထားသော သုတ္တန္တနယူပဒေသကျောင်း၌ မိတ်ဆွေရဟန်းတော်များအား ပါရာဇိကဏ် အဋ္ဌကထာ အကူအညီစာဝါကို စတင်ပို့ချခဲ့သည်။ စာပွဲ, ကုလားထိုင်မရှိ။ စာချနှင့်စာသင် ကြမ်းတပြေတည်း ထိုင်၊ စာချက မလွန်ရပ်ကွက် ထန်းလျက်ထည့်သည့် သေတ္တာပုံးပေါ် စာအုပ်တစ်အုပ်တင်၍ ချသည်။ စာဝါသံချောင်း မခေါက်၊ စာဝါမကြေငြာ။ စာလိုက်သံဃာ တဖြေးဖြေး များလာ။ ကျောင်းမဆန့်တော့။ အပြင်မှလိုက်ရသော သံဃာများပင် ရှိသည်ဟု ပြောကြ၏။ ထိုစဉ်က စာဆိုတပည့်မှာ ယခု တောင်ဥက္ကလာပ၊ ငွေကြာရံပရိယတ္တိစာသင်တိုက်၊ ပဓာနနာယက၊ အဂ္ဂမဟာပဏ္ဍိတ၊ သံဃမဟာနာယက ဘဒ္ဒန္တရေဝတဓမ္မပင်တည်း။ သူသည် အလွန်ဉာဏ်ကောင်းသည် အလွန်ခက်ခဲသော မအူနိဿယကို ၏၊ သည်၊ ၍–မလွဲဆိုနိုင်သည်။ တခါတရံ ဦးပဇင်း အနက်ကလေး ဆိုလိုက်ပါဦးဟု သူ့ကိုအနက်ဆိုခိုင်းကာ မိမိက အဓိပ္ပါယ်ပြောရသည်လည်း ရှိ၏။ ထိုခေတ်က– စာချနှင့်စာဆို အရည်အချင်း အလွန်မကွာဟပါ၊ စာချက စာချတန်းနည်းသာ ကာမျှသာ ဖြစ်၏။ ယခုခေတ်– စာချနှင့်စာဆို ကွာလှ၏။ စာဆိုသည် ဝုတ္တမှန်းမသိ, အဝုတ္တမှန်းမသိ ဘယ်ပုဒ်မှာစပ်လို့ စပ်မှန်းလည်းမသိ။ စာချရသည်မှာ စိတ်ပျက်စရာပင်။ အစဉ်အလာမပျက် ကုသိုလ်သဘောထားရတော့သည် စာသင်နည်းတွေ ပြင်ကြလို့များကုန်ပြီလား? ခေတ်ကိုဘဲ

အပြစ်တင်ရမည်လား? ဤသို့လျှင်နာယကမဟုတ် သေးဘဲစာချခဲ့ရသည်မှာ ၁၃၁၇-ခုနှစ်ကဖြစ်သည်။ ၁၃၁၈-ခုနှစ်တွင် မစိုးရိမ်၊ ပါဠိတက္ကသိုလ် ကထိက, ၁၃၁၉-ခုနှစ်တွင် သက္ကသီဟသီးခြားဓမ္မာစရိယ၊ ၁၃၂၀-ခုနှစ်တွင် ပိဋကနယပဒေသကျောင်း နာယကအဖြစ်ဖြင့် စာချလာခဲ့သည်မှာ ယခု ၁၃၆၇-ခုနှစ်ထိ နှစ်ပေါင်း ၄၉-နှစ်ရှိခဲ့ပါပြီ။ (ချွင်းချက်။ မြန်မာနိုင်ငံတွင် နိုင်ငံခြားရောက်နေသဖြင့် နှစ်နှစ်စာချနားရသည်။) အသက်လည်း ၇၉-နှစ်ပြည့်ရန် လပိုင်းသာ လိုပါတော့သည်။ ဤနည်းသည် မိမိသင်ကြားခဲ့စဉ်က သော်လည်းကောင်း။ မိမိပို့ချစဉ်ကသော် လည်းကောင်း အစိန္တေယျဗုဒ္ဓ၏ အစိန္တေယျဓမ္မသို့ ချဉ်းကပ်ရာ၌ အကောင်းဆုံးဟုပင် ထင်မြင်ယူဆလျက်ရှိပါသည်။ တစ်ခါက စာမေးပွဲ စည်းမျဉ်းတွေ ပြင်ကြဆင်ကြသည်၊ ဤနည်းတွေကို ပြင်ကြဆင်ကြလေဦးမည်လားဟု ရင်တမမ ရှိခဲ့ရသေးသည်။ တော်ပါသေးရဲ့၊ ဒီတိုင်းဘဲ ရှိနေသေးလို့။

၂၀၀၀-ခုနှစ်၊ တပည့် ဦးရာဇိန္ဒ ပင့်သဖြင့် မလေးရှားသို့ ရောက်သည်။ မလေးရှားနိုင်ငံသား ရဟန်းတစ်ပါးနှင့် တွေ့သည်။ သူ မြန်မာပြည်မှာ-၂၅-နှစ်လောက် ပါဠိစာပေသင်ခဲ့သည်။ သိမ်နှင့် ပတ်သက်၍ အဋ္ဌကထာကြည့်ရာ၌ အနက်တော့ထင်ပါသည်၊ ဝါကျအကြည့် လွဲလျက်ရှိသည်ကို ဖြောင့်ပေးခဲ့ရသည်။ စာချတန်းနည်းကို မလေ့လာခဲ့ရသောကြောင့်ပင်၊ ၂၀၀၅-နှစ်၊ အမေရိက ကိုလံဗီယာတက္ကသိုလ် (Colombia University) ဗုဒ္ဓစာပေ အကြီးပေး ရဟန်းတော် တစ်ပါးလည်း "ရာဇူနံ အနုဝတ္တိ တုံ (သူက ရာဇာနံ ဟုပြောသည်) အဆိုအမိန့်၏ အဓိပ္ပါယ်ကို မေးသဖြင့် ပါဠိတော်နှင့် အဋ္ဌကထာတိုက်ဆိုင်ကာ ရှင်းပြခဲ့ရသည်။ ၁၃၆၇-(၂၀၀၆)ခု နတ္တော်လဆန်းက ကျောက်ပန်းတောင်းမြို့ ခေမာသီဝံကျောင်းတိုက် ၂၅-နှစ် ငွေရတုသဘင်သို့ ကြွရသည်။ ထိုတွင် မကွေးမြို့ သံဃာရာမကျောင်းတိုက် ပဓာနနာယကတပည့် ဦးစိန္တာသာရ (အဂ္ဂမဟာပဏ္ဍိတ) နှင့်တွေ့သည်၊ စာအုပ်တစ်အုပ်မှာ ဝါကျအကြည့်မှားသဖြင့် အဓိပ္ပါယ် လွဲမှားလျက်ရှိကြောင်း စာအုပ်နာမည်နှင့် မှားယွင်းပုံကို သူကဲ ကျနစွာပြောပြသည်၊ ဤသည်တို့ကား ဓမ္မာစရိယတန်း (စာချတန်း)နည်းကို မလေ့လာခဲ့သဖြင့်လည်းကောင်း၊ လေ့လာခဲ့သော်လည်း မကြေညက်သဖြင့် လည်းကောင်း အစိန္တေယျဓမ္မသို့ ကောင်းစွာ မရှင်းပြနိုင်ခြင်းကို သာဓကဆောင်၍ ထင်ရှားအောင် ပြခြင်းဖြစ်ပေသည်။

တစ်ခါက သထုံမြို့ ပရိယတ္တိသာသနဟိတအသင်း နှစ်(၁၀၀)ပွဲသို့ ကြွရသည်။ လယ်ဝန်းကျောင်းတိုက် ဧည့်တည်းကျောင်း၌ တိပိဋကဓရ ယောဆရာတော်လေးနှင့်ဆုံသည် "ဆရာတော်ထံမှာ နှစ်နှစ်ဓမ္မာစရိယ (စာချ)တန်းစာဝါ လိုက်သည်ဟု သူက ရိုးသားစွာဆို၏။ သူ စာလိုက်သည်ကို မိမိမှတ်မိသည်။ ရွှေကျင်ဆရာတော်များ လက်သုံး နေရာထိုင် (နိသီဒိုင်) လုလုလေးခင်း၍ စာလိုက်သည်မဟုတ်၊ ရေသနုပ်သင်းပိုင် ဖြူရော်ရော်ကို ခင်း၍ အချိန်မှန်မှန် မိမိမျက်နှာမူရာမှာ စာလိုက်သည်ကိုတော့ မှတ်မိသည်။ ဤသို့ အစိန္တေယျဓမ္မသို့ ချဉ်းကပ်နိုင်သဖြင့် အထက်တန်းကျကျ သာသနာပြုနိုင်သော ပုဂ္ဂိုလ်များကိုလည်း တွေ့ရသည်။ မိမိသည် အစိန္တေယျဓမ္မသို့ ချဉ်းကပ်နိုင်ရန်

http://www.dhammadownload.com



မစိုးရိမ်ပါရာဇိကဏ်အဖြေ (၃)အုပ်၊ မစိုးရိမ် သီလက္ခန်အဖြေကျမ်းများ ရေးသားခဲ့သည်။

ယခု အဋ္ဌသာလိနီအဖြေကျမ်းနှင့် ပတ်သက်၍ တင်ပြပါဦးမည်၊ ထိုကျမ်းကို ဤသို့ ရေးသားထားသည်။

### ၁။ အနက်ယောဇနာ

ပါဠာနုသာရီ ဉပမာလင်္ကာရ–စသည်အနက်ပေးနည်းများ (၂–၃–၄–စသည်) အနိယတ် နိယတ်ထည့် အနက်ပေးပုံ ကိဋ္ဌေတ္တစသည် အနက်ပေးပုံ (၁၁၅၊ ၁၁၆) စသည်တို့ကို ရေးသား ထားသည်။

### ၂။ ဝါကျခွဲ–ကျမ်းတက်

အစိုးရမ္မာစရိယ (စာချတန်း) အဋ္ဌသာလိနီကျမ်းစည်းမျဉ်းတွင် ဝါကျခွဲ မပါရှိချေ၊ ကျမ်းတက်မျှသာ ပါသည်၊ ဝါကျမပိုင်ဘဲ ကျမ်းတက်လျှင် မှားမည်သာ။ သို့ဖြစ်၍ ဝါကျခွဲ–ဝါကျကြည့်နည်းများပါ ဖော်ပြထားသည်၊ ပါပနာဒိဌပနာပဋ္ဌက ကျမ်းတက်နည်းများကိုလည်း ရေးသားထားသည်။ (နှာ–၉၃၊ ၁၀၀ ထိကြည့်)

### ၃။ ဒေါသပယ် – ဝါ–အထဝါစသည်။

ဒေါသပယ်ဖြေဆိုရာတွင် ဝါကျကွဲမှသာ မှန်နိုင်သည်။ ထို့ကြောင့် ဝါကျခွဲ–ကျမ်းတက်– ဒေါသပယ်တို့ကို တပေါင်းတည်း ရေးသားထားသည်။ ဝါ–အထဝါ အပိစ အပရောနယော မှတ်သားဖွယ်ကို ပါဠိနိယံစသည်တို့ဖြင့် ရေးသားထားသည်။ (၂–၃) အဖြေများကြည့်။ နှာ–(၈၈၃)

### ၄။ ဝိဂ္ဂဟာဒိ

အဋ္ဌသာလိနီ နံပါတ်(၄)စည်းမျဉ်းမှာ ဗျုပ္ပတျာဒိထုတ်နည်းဖြစ်သည်။ ဤနည်းသည် ဉာဏ်ကောက်နည်းလောက် မခက်ပါ။ ယင်း ဉာဏ်ကောက်ပိုင်မှသာလျှင် ကြိယာငါးတန် ပစ္စည်းပြိုင် အတွက် တရားကိုယ်ရှာရာ မှန်ကန်စွာအဖြေ ထုတ်နိုင်မည်။ သို့ဖြစ်၍ ဝိဂ္ဂဟ ဉာဏ်ကောက် ရေးပြီးမှ ဗျုပ္ပတျာဒိစတုက္ကထုတ်နည်းကို ရေးသားထားသည်။ (နှာ–၇၆၄၊ ၇၇၀–ကြည့်)

### ၅။ ဓာတုပစ္စယာဒိ

ဓာတ်,ပစ္စည်း,လိင်,ဂိုဏ်း,ကာရန်စသည်ကိုခွဲခြားသိခြင်း၊ ဓာတုပစ္စယာဒိ ကောသလ္လဉာဏ် ကိုလည်း လိုအပ်၏။ သို့ဖြစ်၍ နံပါတ် ၅–အဖြေတွင် ယင်းတို့ကို အကိုးအကား အနိုင်အမာဖြင့် ဖြေဆိုထားသည်။

### ၆။ အာဘောဂသံဝဏ္ဏနာ

ရာသီမနိုင် ဆေးမကိုင်နဲ့၊ အာဘော်မနိုင် စာမကိုင်နဲ့–ဟု ဆိုရိုးရှိ၏။ အဇ္ဈောဝီထိ, မဇ္ဈေဝီထိ, ဗာဟိရဝီထိ တိထို ၃–ပါး နေသွား, လသွားလည်း မသိ၊ တက်ရာသီ,သက်ရာသီလည်း မသိဘဲ

http://www.dhammadownload.com



ဆေးကိုင်ဆေးကု လူနာ ချမ်းသာဖွယ် မရှိ။ ထို့အတူ ဗုဒ္ဓမတိ ဗုဒ္ဓအာဘော်ကိုလည်း မသိ၊ ဗုဒ္ဓမတိ ဗုဒ္ဓအလိုကိုသိသော အဋ္ဌကထာကိုလည်း မသိမမိဘဲ ပါဠိအဋ္ဌကထာတို့ကိုကြည့်လျှင်၊ ပို့ချ ရေးသားလျှင် ပင်ပန်းဖွယ်ရာသာ ရှိပေမည်။ ထို့ကြောင့် ဤအာဘော်သံဝဏ္ဏနာကဏ္ဍကို ကြိုးစားရေးသားထားသည်။ (၆) နံပါတ် အဖြေများကြည့်။

## ၇။ ဥပသဂ္ဂနိပါတတ္ထ

ဥပသာရပုဒ်, နိပါတ်ပုဒ်များ အနက်များကို အကိုးသာဓကများဖြင့် ဖော်ပြထားသည်။ သမ္ဗန္ဓ်းရေးနည်း မှားတတ်သည်။ ကျမ်းစာ နှာ-(၇၉၈၊ ၈၀၆)၌ ပါရာဇိကဏ်အဋ္ဌကထာလာ ဝါကျဖြင့် ဖော်ပြထားသည်။ တ-သဒ္ဒါမှတ်ဖွယ် (၇၇၁-၇၇၂) ဂဟေတဗ္ဗတ္ထစသည် ထုတ်နည်းနှင့် ဧဝအနက်များ (နှာ- ၇၇၂၊ ၇၇၅) မတ္တမေဝမှတ်ဖွယ် (နှာ-၇၇၆) စသည်ကိုတွေ့ရမည်။

## ၈။ ကြိယာငါးတန်

ကြိယာငါးတန် (သို့) ကတ္တားငါးတန် ထုတ်နည်းမခက်ပါ။ တရားကိုယ်ရှာတတ်ဖို့ လိုသည်။ အဋ္ဌကထာဖွင့် တရားကိုယ်၊ ဉာဉ်ကောက်, ဓာတွတ္ထကောက် တရားကိုယ်များကို ဂရုပြုရမည်။ ထုတ်နည်းများကို (၈)နံပါတ် အဖြေ၌ ရေးသားထားသည်။ (နှာ-၇၇၆၊၇၈၄)

## ၉။ လက္ခဏာဒိစတုက္က

လက္ခဏာ, ရသစသည်ထုတ်ရာ၌ အဋ္ဌသာလိနီအဋ္ဌကထာလာသည့်အတိုင်း စုဏ္ဏိယကို ဖြေဆိုရမည်။ ဂါထာဗန္ဓစတုက္ကများဖြင့် ဖြေဆိုလျှင် အမှတ်လျှော့သည်ဟု သိရသည်။ ဤနံပါတ် (၉) ၌ လက္ခဏာဒိစတုက္ကမျှသာမက ကျမ်းလာအဓိပ္ပါယ်များကိုလည်း မေးနိုင်သည်။ နိဿယတိုက်စဉ် အဓိပ္ပါယ်များကိုလည်း သတိပြုမှတ်သားရမည်။

## ၁၀။ ပဋ္ဌာန်းပစ္စည်းပြိုင်

အခြေခံ ပဋ္ဌာန်းပစ္စည်းပြိုင်နည်းကို (၇၈၅) ၌ ဖော်ပြထား၍၊ ဓာတွတ္ထ, ပစ္စယတ္ထ ခြားနားအောင် ကောက်ပြပြီး ပဋ္ဌာန်းပစ္စည်းကို တွဲဖက်ဖော်ပြထားရာ ပစ္စည်းပြိုင်အတွက် ရှင်းလင်းစွာ သိနိုင်သည်။

အထူးသတိပြုရန်= "အမျိုးမသိ မကျယ်ရာ၊ အဖိုးမသိ မဝယ်ရာ" ဆိုသည့်အတိုင်း သဟဇာတမျိုး, အာရမ္မဏမျိုးစသည် အမျိုးကို သတိပြုရမည်။ အမျိုးအားလျော်စွာ ပစ္စည်းပြိုင်ရမည်။ သဟဇာတမျိုးဆိုလျှင် သဟဇာတကြီး-၄-စသည် ပစ္စည်းပြိုင်ထားသည်။ စာမေးပွဲဖြေဆိုရာ၌ကား- ၂၄-ပစ္စည်းအစဉ်အတိုင်း ဖြေရမည်။

ဥပမာ။ ။ သဟဇာတကြီး-၄၊ အညမည, သမ္ပယုတ္တ- သဟလတ်-၂၊ ဟေတု, သဟယေ်-၁-ဟု ၂-ချက်စုအရ ပစ္စည်းများကို တွေ့ရလျှင် စာဖြေရာ၌- ဟေတု, သဟဇာတ, အညမည, နိဿယ, သမ္ပယုတ္တ, အတ္ထိ, အဝိဂတ- ဤ (၇) ပစ္စယသတ္တိဖြင့်ကျေးဇူးပြုပါသည်-

http://www.dhammadownload.com



ဟုဖြေရမည်။ ၂၄–ပစ္စည်းအစဉ်အတိုင်း ဖြေပါဟူလို။ ပစ္စည်းပြိုင်ရာ၌ ပစ္စည်းဘက် တရားကိုယ် ရသည်၊ မရသည်ကို ဂရုပြုရမည်။ ပစ္စယုပ္ပန်ကို ဂရုမပြုရ။ ပစ္စည်းဘက်က သဟဇာတမျိုးဆိုလျှင် သဟဇာတပြိုင်ရန် ဖြစ်သည်။ ဤကျမ်းစာ၌ ဖြေဆိုထားသည်တို့ကို သတိပြုကြည့်ရှုမှတ်သားပါ။

ပစ္စည်းပြိုင်ရာ၌ အလွန်အဓိကကြသော "အဂ္ဂါဘိဓဇ= မစိုးရိမ်ဆရာတော်ဘုရားကြီး" ၏ နှစ်ချက်စုကို နောက်ဆက်တွဲ ဖော်ပြထားသည်။

## အာသီသ

ထိုကျမ်းကို ဤသို့ရေးသားထားကြောင်း ဖော်ပြပြီးပါပြီ။ ဤကျမ်းကိုလေ့လာခြင်းဖြင့် အစိန္တေယျဗုဒ္ဓ၏ အစိန္တေယျဓမ္မသို့ ချဉ်းကပ်နိုင်သည်ဖြစ်၍ အတ္ထရသ, ဓမ္မရသကို ခံစားနိုင်ကာ ဝိမုတ္တိဓမ္မကို မျက်မှောက်ပြုနိုင်ကြပါစေ ဟုမျှော်မှန်းတောင်းတမိပါသတည်း။

## အမှားတွေ့ ထားမေ့ ရှေ့မေတ္တာ

ဤကျမ်းစာကို နှစ်ချင်းပေါက် ရေးသားနိုင်သည် မဟုတ်ပါ။ တစ်နှစ်ချင်း စာချလိုက် မှတ်စုထုတ်လိုက်ဖြင့် ၅–နှစ်၊ ၆–နှစ်လောက်ကြိုးစားရသည်။ ဤသို့ရေးသားရသဖြင့် ပမာဒလေခများ ရှိနိုင်သည်။ ဤသည်ကို ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ စံဝတီဆရာတော် (ပြင်ခရိုင်)၏ ရူပသိဒ္ဓိ အဖြေနိဒါန်းတွင် ဖော်ပြထားသော အောက်ပါဂါထာဖြင့်ပင် နှစ်သိမ့်အပ်သည်။

ယုတ္တာယုတ္တံ ဝိစာရေတွာ၊
ယုတ္တံ ဂဏှေယျ ပဏ္ဍိတော။
အယုတ္တံ စေ ခမေယျာထ၊
မက္ခံ ဒေါသဥ္စ နာကရေ။

ဦးကောဝိဒါဘိဝံသ
ဝိဋကနယူပဒေသကျောင်း
မစိုးရိမ်ကျောင်းတိုက်
မန္တလေးမြို့
၁၃၆၇–ခု၊ တပို့တွဲလ

http://www.dhammadownload.com



# ပါရမီ ကူညီကြ

ဤအဋ္ဌသာလိနီအဖြေကျမ်း လက်ရေးမူ ဖူစကက်ဆိုဒ် တစ်ထောင့်ခြောက်ရာမျှကို ကွန်ပျူတာစာ –၁၄–ပွိုင့် စီမူ ဆိုဒ်သေး (၁၂၀၀)ကျော် ဖြစ်လာအောင်လည်းကောင်း၊ ဆိုဒ်သေးမှ ဆိုဒ်ကြီး ဖြစ်လာအောင်လည်းကောင်း၊ အကြိမ်ကြိမ် ကြိုးစား၍ ကွန်ပျူတာရိုက်ပေးသော တပည့် ဦးကေလာသ (ငါးသိုင်းချောင်း) ကိုလည်းကောင်း၊ စာမူတိုက်ဆိုင်ခြင်း၊ အက္ခရာဝလိထုတ်ခြင်းစသည် ပြုဘွယ်မှန်သမျှ ကြိုးစားပေးကြသော မန္တလေးမြို့ စိန်ပန်းရပ်၊ ယဉ်ပုံပရိယတ္တိစာသင်တိုက် နာယက စာချ တပည့်များ– ဦးစိန္တက, ဦးကုမာရ, ဦးတိက္ခ, ဦးပညာနန္ဒ, ဦးဝိစာရ, ဦးနေမိန္ဒ– တို့ကိုလည်းကောင်း ဆရာ့ပါရမီ ကူညီကြသူများဟု–

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ပါရမီလမ်း ၄(က) ပျံလွှား ရေပိုက်နှင့်ဆောက်လုပ်ရေး ပစ္စည်းဆိုင်, ပျံလွှား တီဗီဆိုင်, ပျံလွှားလျှပ်စစ်ပစ္စည်းဆိုင်, ရဟန်းဒါယကာ ပျံလွှား ကျောင်းဒါယကာ ဦးပြေအေး+ရဟန်းဒါယိကာ ပျံလွှားကျောင်းဒါယိကာမ ဒေါ်မြမြဝင်း သား– ကိုချစ်ကိုဇော်+ မနီလာစိုး (ခ) မမိုးမိုး သား–ရဲချစ်ကို, ထွဏ်းချစ်ကို–တို့သည် မိမိ ရေးသားထားသော ပါရာဇိကဏ်အဖြေ (ပ+ဒု+တ) သီလက္ခန်အဖြေကျမ်းများကို စာအုပ်ရိုက်ခြင်း၊ ဖြန့်ချိခြင်း ဝန်ဆောင်မှုကို ကုသိုလ်ပြုကြသည်။ ဤအဋ္ဌသာလိနီအဖြေကျမ်းစာအုပ်ကိုလည်း ထို့အတူ ကုသိုလ်ပြုကြပြန်သည်။ ကိုဉာဏ်ဝင်း+မသန္တာအေး ( KYK ) မိသားစု၊ ကိုမိုးကိုဇော်+မတင်တင်ဝင်း သမီး–, ထက်သီရိအောင်–တို့ကလည်း ကျမ်းဂန်ပြုစုရာ၌ ဘောဇနေဒါန, ဝေယျာဝစ္စဒါနများဖြင့် ပံ့ပိုးကြသည်။ သို့ဖြစ်၍ ထိုမိမိ၏ ဆွေမျိုးမိသားစုကိုလည်း ဘုန်းဘုန်း ပါရမီ ကူညီကြသူများဟု– ဤတွင် အလေးအနက် ဖော်ပြမှတ်တမ်းတင်အပ်ပါသတည်း။

http://www.dhammadownload.com

http://www.dhammadownload.com



# မာတိကာ


| ဝါကျအမည် | စာမျက်နှာ |
|---|---|
| ဤစာအုပ်အကြောင်း | က |
| ပါရမီ ကူညီကြ | ဆ |

| ဝါကျအမည် | စာမျက်နှာ |
|---|---|
| **နိဒါနကထာ** | |
| အဘိဓမ္မာအဖွင့် | ၃ |
| အဘိဓမ္မာအဖွင့် | ၁၃ |
| ပကရဏပရိစ္ဆေဒအဖွင့် | ၁၇ |
| သမ္မာသမ္ဗုဒ္ဓအဖွင့် | ၂၅ |
| မောဂ္ဂလိပုတ္တအဖွင့် | ၃၀ |
| သာဂရအဖွင့် | ၃၅ |
| ဝိနယောအဖွင့် | ၃၉ |
| သုတ္တံအဖွင့် | ၄၅ |
| အဘိဓမ္မအဖွင့် | ၅၁ |
| ပိဋကံအဖွင့် | ၅၇ |
| **စိတ္တုပ္ပါဒကဏ္ဍ** | |
| အနုသန္ဓေဝါကျအဖွင့် | ၆၁ |
| အနုသန္ဓေဝါကျအဖွင့် | ၆၅ |
| ကုသလတိက်အဖွင့် | ၆၉ |
| ဓမ္မအဖွင့် | ၇၆ |
| ကုသလအဖွင့် | ၇၈ |
| ဓမ္မအဖွင့် | ၈၂ |
| အကုသလ၊ အဗျာကတအဖွင့် | ၁၀၇ |
| ကိစ္စေတ္ထာပုဒ်အဖွင့် | ၁၁၅ |
| ယာဝိစေသာဝါကျအဖွင့် | ၁၂၁ |
| သဗ္ဗမေတံဝါကျအဖွင့် | ၁၂၃ |
| သုခါယဝေဒနာယအဖွင့် | ၁၂၉ |
| သုခအဖွင့် | ၁၃၃ |
| သမ္ပယုတ္တအဖွင့် | ၁၃၉ |
| ဝိပါကအဖွင့် | ၁၄၃ |
| ဥပါဒိန္နအဖွင့် | ၁၅၂ |
| သံကိလေသအဖွင့် | ၁၆၀ |
| သဝိတက္ကအဖွင့် | ၁၆၅ |
| ပီတိသဟဂတအဖွင့် | ၁၆၉ |
| ဒဿနေနအဖွင့် | ၁၇၅ |
| ဘာဝနာယအဖွင့် | ၁၈၁ |
| ပဟာတဗ္ဗဟေတုကအဖွင့် | ၁၈၅ |
| အာစယအဖွင့် | ၁၈၈ |
| အပစယအဖွင့် | ၁၉၄ |
| သေက္ခာအဖွင့် | ၂၀၁ |
| ပရိတ္တအဖွင့် | ၂၀၈ |
| မဟဂ္ဂတအဖွင့် | ၂၁၃ |
| ဟီနအဖွင့် | ၂၂၂ |
| မိစ္ဆတ္တအဖွင့် | ၂၂၆ |
| မဂ္ဂါရမ္မဏအဖွင့် | ၂၃၁ |
| ဥပ္ပန္နအဖွင့် | ၂၃၇ |
| အတီတအဖွင့် | ၂၄၀ |
| အဇ္ဈတ္တအဖွင့် | ၂၄၃ |
| သနိဒဿနအဖွင့် | ၂၅၂ |

http://www.dhammadownload.com

(ည)


| ဝါကျအမည် | စာမျက်နှာ | ဝါကျအမည် | စာမျက်နှာ |
|---|---|---|---|
| ဟေတုဓမ္မာအဖွင့် | ၂၅၅ | နိရုတ္တိအဖွင့် | ၃၄၆ |
| ဟေတုသမ္ပယုတ္တအဖွင့် | ၂၆၀ | နာမရူပအဖွင့် | ၃၄၈ |
| သပ္ပစ္စယာအဖွင့် | ၂၆၅ | အဝိဇ္ဇာအဖွင့် | ၃၄၉ |
| လောကိယာအဖွင့် | ၂၇၀ | သဿတအဖွင့် | ၃၅၁ |
| ကေနစိဝိညေယျာအဖွင့် | ၂၇၅ | အဟိရိကအဖွင့် | ၃၅၁ |
| အာသဝအဖွင့် | ၂၇၆ | ဒေါဝစဿတာအဖွင့် | ၃၅၃ |
| အာသဝအဖွင့် | ၂၈၃ | ပါပမိတ္တာအဖွင့် | ၃၅၃ |
| အာသဝအဖွင့် | ၂၈၉ | အာပတ္တိဝုဋ္ဌာနကုသလတာအဖွင့် | ၃၅၄ |
| သံယောဇနအဖွင့် | ၂၉၃ | ဝုဋ္ဌာနကုသလတာအဖွင့် | ၃၅၅ |
| ဂန္ထအဖွင့် | ၂၉၈ | အဇ္ဇဝအဖွင့် | ၃၅၉ |
| ဩဃအဖွင့် | ၃၀၀ | ပဋိသန္ထာရဏအဖွင့် | ၃၆၁ |
| ယောဂအဖွင့် | ၃၀၂ | မုဋ္ဌဿစ္စအဖွင့် | ၃၆၂ |
| နီဝရဏအဖွင့် | ၃၀၅ | သမထအဖွင့် | ၃၆၃ |
| ပရာမာသအဖွင့် | ၃၀၅ | သီလဝိပတ္တိအဖွင့် | ၃၆၆ |
| သာရမ္မဏအဖွင့် | ၃၀၆ | သီလဝိသုဒ္ဓိအဖွင့် | ၃၆၇ |
| စိတ္တသံသဋ္ဌအဖွင့် | ၃၁၀ | သံဝေဂေါအဖွင့် | ၃၆၉ |
| စိတ္တသဟဘူအဖွင့် | ၃၁၅ | အသံတုဋ္ဌိတာအဖွင့် | ၃၇၀ |
| အဇ္ဈတ္တိကအဖွင့် | ၃၁၇ | ကာမာဝစရကုသလအနုသန္ဓေအဖွင့် | ၃၇၃ |
| ဥပါဒါနအဖွင့် | ၃၂၀ | ကာမအဖွင့် | ၃၇၇ |
| ပရိယာပန္နအဖွင့် | ၃၂၃ | ကာမာဝစရအဖွင့် | ၃၈၅ |
| သရဏအဖွင့် | ၃၂၅ | ကာမာဝစရအဖွင့် | ၃၈၆ |
| ဝိဇ္ဇာဘာဂိနောအဖွင့် | ၃၃၀ | ကာမာဝစရအဖွင့် | ၃၉၀ |
| ဝိဇ္ဇူပမာအဖွင့် | ၃၃၇ | ကုသလအဖွင့် | ၃၉၅ |
| ဗာလာအဖွင့် | ၃၃၈ | စိတ္တံအဖွင့် | ၄၀၁ |
| ကဏှာအဖွင့် | ၃၄၀ | စိတ္တံအဖွင့် | ၄၀၇ |
| အဓိဝစနအဖွင့် | ၃၄၂ | ဥပ္ပန္နံအဖွင့် | ၄၁၀ |

http://www.dhammadownload.com




| ဝါကျအမည် | စာမျက်နှာ |
|---|---|
| ဩကာသကတုမ္ဘူအဖွင့် | ၄၁၅ |
| ဘူမိလဒ္ဓုပ္ပန္နအဖွင့် | ၄၁၅ |
| ဥပ္ပန္နပုဒ်အဖွင့် | ၄၁၉ |
| စိတ္တံ ဥပ္ပန္နံအဖွင့် | ၄၂၁ |
| သောမနဿသဟဂတအဖွင့် | ၄၂၅ |
| ဉာဏသမ္ပယုတ္တအဖွင့် | ၄၃၀ |
| ဉာဏသမ္ပယုတ္တအဖွင့် | ၄၃၄ |
| ဝိညတ္တိအဖွင့် | ၄၄၀ |
| ပါဏာတိပါတအဖွင့် | ၄၄၈ |
| အဒိန္နာဒါနအဖွင့် | ၄၅၄ |
| ကာမေသုမိစ္ဆာစာရအဖွင့် | ၄၆၂ |
| မုသာဝါဒအဖွင့် | ၄၆၆ |
| မုသာဝါဒအဖွင့် | ၄၆၉ |
| ပိသုဏာအဖွင့် | ၄၇၅ |
| ဖရုသအဖွင့် | ၄၈၂ |
| အဘိဇ္ဈာအဖွင့် | ၄၈၃ |
| ဗျာပါဒအဖွင့် | ၄၈၅ |
| မိစ္ဆာဒိဋ္ဌိအဖွင့် | ၄၉၁ |
| ကုသလကမ္မပထအဖွင့် | ၄၉၆ |
| အာရမ္မဏတောအဖွင့် | ၅၀၀ |
| ယံယံဝါ ပနာရဗ္ဘအဖွင့် | ၅၀၃ |
| ရူပါရမ္မဏအဖွင့် | ၅၀၉ |
| ဖဿအဖွင့် | ၅၁၂ |
| ဝေဒနာအဖွင့် | ၅၁၉ |
| ဝေဒနာအဖွင့် | ၅၂၄ |
| သညာအဖွင့် | ၅၂၇ |

| ဝါကျအမည် | စာမျက်နှာ |
|---|---|
| စေတနာအဖွင့် | ၅၂၉ |
| စိတ္တံအဖွင့် | ၅၃၄ |
| ဝိတက္ကအဖွင့် | ၅၃၈ |
| ဝိစာရအဖွင့် | ၅၄၂ |
| ပီတိအဖွင့် | ၅၄၆ |
| သုခအဖွင့် | ၅၅၀ |
| သုခအဖွင့် | ၅၅၆ |
| ဧကဂ္ဂတာအဖွင့် | ၅၅၉ |
| သဒ္ဓိန္ဒြိယံအဖွင့် | ၅၆၄ |
| ဝီရိယိန္ဒြိယံအဖွင့် | ၅၇၁ |
| သတိန္ဒြိယအဖွင့် | ၅၇၉ |
| သမာဓိန္ဒြိယအဖွင့် | ၅၈၂ |
| ပညိန္ဒြိယအဖွင့် | ၅၈၅ |
| မနိန္ဒြိယအဖွင့် | ၅၉၀ |
| သောမနဿိန္ဒြိယအဖွင့် | ၅၉၃ |
| ဇီဝိတိန္ဒြိယအဖွင့် | ၅၉၆ |
| မဂ္ဂင်္ဂရာသိအဖွင့် | ၆၀၀ |
| ဗလရာသိအဖွင့် | ၆၀၃ |
| ဟိရိဩတ္တပ္ပအဖွင့် | ၆၀၅ |
| အလောဘအဖွင့် | ၆၀၇ |
| အနဘိဇ္ဈာဒိအဖွင့် | ၆၁၂ |
| ပဿဒ္ဓိအဖွင့် | ၆၁၆ |
| သတိအဖွင့် | ၆၂၀ |
| သမထဝိပဿနာအဖွင့် | ၆၂၄ |
| ပဂ္ဂါဟအဝိက္ခေပအဖွင့် | ၆၂၈ |
| ယေဝါပနကအဖွင့် | ၆၃၀ |

http://www.dhammadownload.com




| ဝါကျအမည် | စာမျက်နှာ |
|---|---|
| မနသိကာရအဖွင့် | ၆၃၂ |
| ဖဿောအဖွင့် | ၆၃၅ |
| တဏှာအဖွင့် | ၆၃၈ |
| သမ္မသဇံအဖွင့် | ၆၄၄ |
| စိတ္တအဖွင့် | ၆၄၇ |
| စိတ္တအဖွင့် | ၆၅၁ |
| ပဏ္ဍာရံအဖွင့် | ၆၅၄ |
| မနာယတနအဖွင့် | ၆၅၈ |
| အာယတနအဖွင့် | ၆၆၃ |
| ဝိတ္တိအဖွင့် | ၆၆၆ |
| ဘူရိအဖွင့် | ၆၆၉ |
| မေဓာအဖွင့် | ၆၇၂ |
| ပရိဏာယိကအဖွင့် | ၆၇၄ |
| ပညာရတနံအဖွင့် | ၆၇၅ |
| အာယုအဖွင့် | ၆၇၉ |
| ဝဏ်အဖွင့် | ၆၈၂ |
| အဋ္ဌိန္ဒြိယာနိအဖွင့် | ၆၈၇ |
| သသင်္ခါရအဖွင့် | ၆၉၀ |
| **ပထမရှာန်** | |
| ရူပူပပတ္တိယာအဖွင့် | ၆၉၅ |
| ဝိဝိစ္စေဝ ကာမေဟိအဖွင့် | ၇၀၀ |
| ဝိဝိစ္စေဝကာမေဟိအဖွင့် | ၇၀၅ |
| ဝိဝေကဇံအဖွင့် | ၇၀၉ |
| ပီတိသုခံအဖွင့် | ၇၁၂ |
| ပဌမံဈာနံအဖွင့် | ၇၁၈ |
| ဥပသမ္ပဇ္ဇာအဖွင့် | ၇၂၂ |
| ပထဝီကသိဏံအဖွင့် | ၇၂၃ |
| **ဒုတိယဈာန်** | |
| ဝိတက္ကဝိစာရာနံအဖွင့် | ၇၂၄ |
| အဇ္ဈတ္တံအဖွင့် | ၇၂၆ |
| သမ္ပသာဒနံအဖွင့် | ၇၂၉ |
| စေကောဒိအဖွင့် | ၇၃၂ |
| စေကောဒိအဖွင့် | ၇၃၄ |
| သမာဓိဇံအဖွင့် | ၇၃၆ |
| **တတိယဈာန်** | |
| ပီတိယာစ ဝိရာဂါအဖွင့် | ၇၄၀ |
| ဥပေက္ခကောစအဖွင့် | ၇၄၃ |
| သတော သမ္ပဇာနောအဖွင့် | ၇၄၆ |
| သုခဥ္စ ကာယေနအဖွင့် | ၇၄၈ |
| ယံတံ အရိယာ အာစိက္ခန္တိအဖွင့် | ၇၅၁ |
| **စတုတ္ထဈာန်** | |
| သုခဿစ ပဟာနာအဖွင့် | ၇၅၂ |
| အဒုက္ခမသုခံအဖွင့် | ၇၅၃ |
| ဥပေက္ခာသတိပါရိသုဒ္ဓိအဖွင့် | ၇၅၃ |
| လောကုတ္တရံအဖွင့် | ၇၅၈ |
| နိယျာနိကံအဖွင့် | ၇၈၉ |
| ဒိဋ္ဌိဂတာနံအဖွင့် | ၇၉၅ |
| ဘူမိအဖွင့် | ၈၀၂ |
| ဒုက္ခပဋိပဒါပုဒ်အဖွင့် | ၈၁၅ |
| အနညတညဿာမိန္ဒြိယအဖွင့် | ၈၂၈ |
| မဂ္ဂပရိယာပန္နမဂ္ဂင်္ဂအဖွင့် | ၈၃၅ |
| ပီတိသမ္ဗောဇ္ဈင်အဖွင့် | ၈၃၈ |

http://www.dhammadownload.com



| ဝါကျအမည် | စာမျက်နှာ |
|---|---|
| အံ့နညာတာနံအဖွင့် | ၈၄၆ |
| ဝစီဒုစ္စရိတအဖွင့် | ၈၄၉ |
| ဝေရမဏီအဖွင့် | ၈၅၅ |
| ဝေလာအနတိက္ကမအဖွင့် | ၈၅၈ |
| ဝေလာအဖွင့် | ၈၆၁ |
| သေတုဃာတအဖွင့် | ၈၆၂ |
| ကာယဒုစ္စရိတအဖွင့် | ၈၆၇ |
| အညိန္ဒြိယအဖွင့် | ၈၇၁ |
| မိစ္ဆာဒိဋ္ဌိအဖွင့် | ၈၇၈ |
| အဟိရိကအဖွင့် | ၈၈၃ |
| လောဘအဖွင့် | ၈၈၆ |
| အဘိဇ္ဈာအဖွင့် | ၈၈၈ |
| သဒ္ဒဟနအဖွင့် | ၈၉၂ |
| ဥဒ္ဒစ္စအဖွင့် | ၈၉၅ |
| ဒိဋ္ဌိဂဟနအဖွင့် | ၈၉၆ |
| ဒိဋ္ဌိဝိပ္ပန္နတအဖွင့် | ၉၀၀ |
| ဂါဟောအဖွင့် | ၉၀၂ |
| မိစ္ဆာပထအဖွင့် | ၉၀၅ |
| လောဘအဖွင့် | ၉၁၁ |
| အပစ္စက္ခကမ္မအဖွင့် | ၉၁၅ |
| လင်္ဂီအဖွင့် | ၉၂၀ |
| အသင်္ခါရေနအဖွင့် | ၉၂၃ |
| ထိန မိဒ္ဓအဖွင့် | ၉၂၇ |
| ဒေါမနဿသဟဂတအဖွင့် | ၉၃၁ |
| ဝိစိကိစ္ဆာသမ္ပယုတ္တအဖွင့် | ၉၃၄ |
| စေတသော ဝိက္ခေပအဖွင့် | ၉၃၆ |
| ကတတ္တာအဖွင့် | ၉၃၇ |
| အညာတာဝိန္ဒြိယအဖွင့် | ၉၄၃ |
| အညတာဝိနံအဖွင့် | ၉၄၆ |
| ကိရိယာအဖွင့် | ၉၄၇ |
| စက္ခွာယတနအဖွင့် | ၉၅၀ |
| ဝဏ္ဏနိဘာအဖွင့် | ၉၅၃ |
| ကာယဝိညတ္တိအဖွင့် | ၉၅၅ |
| ဖျပ္ပထောအဖွင့် | ၉၆၀ |
| ကဗဠီကာရောအဖွင့် | ၉၆၁ |
| တဒေကဋ္ဌအဖွင့် | ၉၆၆ |
| သုခဘူမိအဖွင့် | ၉၆၇ |
| သက္ကာယဒိဋ္ဌိအဖွင့် | ၉၇၁ |
| အရိယာအဖွင့် | ၉၇၅ |
| ဣဒပ္ပစ္စယတာအဖွင့် | ၉၇၉ |
| အာနန္တရိကအဖွင့် | ၉၈၃ |
| ကိလေသဝတ္ထုနီအဖွင့် | ၉၈၇ |
| နိဂုံးနှင့် ပတ္ထနာ | ၉၉၂ |
| **နောက်ဆက်တွဲ** | |
| နှစ်ချက်စုံ | ၉၉၃ |
| ဝိဂ္ဂဟနှင့် တတုပစ္စယအက္ခရာဝဋ္ဋိ | ၉၉၉ |

http://www.dhammadownload.com

http://www.dhammadownload.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

# မစိုးရိမ်

# အဘိဓမ္မာ သင်္ဂဟ အဋ္ဌသာလိနီအဖြေ

ပဏာမ နှင့် ပဋိညာဉ်

သဗ္ဗညုတာ ဒိဏာသဝါ၊

သစ္စာ သုညတဘူမိစ။

တာဒီတိ ပဉ္စသမ္ဗန္ဓံ၊

ဗုဒ္ဓံ ဝန္ဒာမိ အာဒရံ။

သဗ္ဗညုတာ= သဗ္ဗညုတဘူမိစ၊ ဥေယျဉသုံ၊ အလုံးစုံကို၊ ကုန် စင်သိရှိ၊ သဗ္ဗညုတဘူမိလည်းကောင်း။ ခီဏာသဝါ= ခီဏာသဝဘူမိစ၊ အာသဝေါကုန်ပြား၊ ရှင်တော်ဘုရား၏၊ ထူးခြားပါလှ ခီဏာသဝဘူမိလည်းကောင်း။ သစ္စာ = သစ္စဘူမိစ၊ မမှန်စကား ဝေးရှောင်ရှားသည့်၊ သစ္စဘူမိလည်းကောင်း။ သုညတဘူမိစ၊ တဏှာ, ဒိဋ္ဌိ, မာန၊ ပပဉ္စတရား တို့မှ ကင်းစင်ပသည့် သုညတဘူမိလည်းကောင်း။ တာဒီ= တာဒိဘူမိစ၊ ကောင်းဆိုနှစ်ခု၊ တန်းတူပြု၍၊ မှတ်ရှုကျင့်သုံးနိုင်သည့် တာဒိဘူမိလည်းကောင်း။ ဣတိ၊ ဤသို့၊ ပဉ္စသမ္ဗန္ဓံ၊ ဘူမိငါးပါး အဆင့်တရားနှင့် ထင်ရှားမသွေ ပြည့်စုံတော်မူပေသော။ ဗုဒ္ဓံ၊ သုံးလောကထွဋ်ထင် ရှင်တော်မြတ်ဘုရားကို။ အဟံ၊ မစိုးရိမ်စာချ၊ မဟာ နာယကသမုတ် အကျွန်ုပ်သည်။ အာဒရံ၊ မာနကင်းကွာ ရိုသေစွာ။ ဝန္ဒာမိ၊ ဘူမိငါးစုံ၊ မြတ်ရွှေဂုဏ်ကို၊ အာရုံပြုကာ ရှိခိုးပါသည်ဘုရား။

http://www.dhammadownload.com



ဝန္ဒိတွာ သံကရိဿာမိ၊
အနုတ္တာနိကဝဏ္ဏနံ။
သဉာစိတော သောတာရေဟိ၊
နယကာမေဟိ ဘိက္ခုဏ်။

ဝန္ဒိတွာ၊ ရှိခိုးပြီး၍။ နယကာမေဟိ၊ ပါဠိ အဋ္ဌကထာ ဋီကာစသား ကျမ်းဂန်များ၌ သွားမှု လွယ်ကူ၊ ကြည့်မှုမပန်း ဝါဒစုံပြွမ်းသည့် နည်းလမ်းကို အလိုရှိကြပေကုန်သော။ သောတာရေဟိ၊ သာသနကိုရ၊ ဓမ္မာစရိယ လောင်းလျာ များစွာသော တပည့်သံဃာ အပေါင်းတို့က။ အဘိက္ခဏံ- သဉာစိတော၊ စာနှင့်တဖုံ လူကြုံတဆင့် တွေ့လင့်ခါတိုင်း ဝိုင်း၍မပြတ် တိုက်တွန်းအပ်ပါသော ကြောင့်၊ ဝါ-တိုက်တွန်းအပ်သည်ဖြစ်၍၊ ဝါ-တိုက်တွန်းအပ်သော။ အဟံ၊ မစိုးရိမ်စာချ၊ မဟာ နာယကသမုတ် အကျွန်ုပ်သည်။ အနုတ္တာနိက ဝဏ္ဏနံ၊ ယခုခေတ်တွင် ခေတ်အမြင်ဖြင့် မပေါ်လွင်ကြား အဋ္ဌကထာစာသားကို ထင်ရှားဆင့်ဆင့် ပေါ်အောင်ဖွင့်ပေ အဋ္ဌသာလိနီကျမ်းအဖြေကို၊ ဝါ- အနုတ္တာနိကဝဏ္ဏနံ၊ အဋ္ဌကထာစဆုံး၊ သိမ်းကျုံးမိမိ၊ ကျမ်းကုန်ညှိ၍ ပြည့်ပြည့်စုံစုံ ကုံကုံငင ဖော်ပြပါသော မြန်မာဝေါဟာအဋ္ဌသာလိနီကျမ်းအဖြေသာကို။ သံကရိဿာမိ၊ ဂန္ထကာရက အမည်ရရန် မရည်သန်ဘဲ ရှုပြန်လွယ်မှု အာရုံပြု၍ ဂရုတစိုက်ရေးစီရင်လိုက် ပေအံ့သတည်း။

http://www.dhammadownload.com



# နိဒါနကထာ

## အဘိဓမ္မာအဖွင့်

(က) တတ္ထ ကေနဋ္ဌေန အဘိဓမ္မော၊
( ခ) ဓမ္မာတိရေကဓမ္မဝိသေသဋ္ဌေန။
( ဂ) အတိရေကဝိသေသတ္ထဒီပကော ဟေတ္ထ အဘိသဒ္ဒေါ။
(ဃ) "ဗာဠှာ မေ ဒုက္ခာ ဝေဒနာ အဘိက္ကမန္တိ၊ နော ပဋိက္ကမန္တိ
အဘိက္ကန္တဝဏ္ဏာတိ" အာဒီသုဝိယ။
( င) တသ္မာ ယထာ သမုဿိတေသု ဗဟူသု ဆတ္တေသုစေဝ
ဓဇေသုစ ယံ အတိရေကပ္ပမာဏံ, ဝိသေသဝဏ္ဏသဏ္ဌာနဥ္စ
ဆတ္တံ၊ တံ အတိဆတ္တန္တိ ဝုစ္စတိ။ ။လ၊ အတိဗြဟ္မာတိ ဝုစ္စတိ။
( စ) ဧဝမေဝ အယမ္ပိ ဓမ္မော ဓမ္မာတိရေကဓမ္မဝိသေသဋ္ဌေန
အဘိဓမ္မောတိ ဝုစ္စတိ။ ဠ။ ၃။

### (၁)အနက်ယောဇနာ

(က) အဘိဓမ္မေသု အတ္ထံ ပကာသယိဿာမီတိ၊ အဘိဓမ္မေသု အတ္ထံ ပကာသယိဿာမိ ဟူ၍။ ယဒိဒံ=ယံဣဒံ ဝစနံ၊ အကြင်စကားကို။ မယာ၊ ငါသည်။ဝုတ္တံ၊ ဆိုအပ်ပြီ။ (တတ္ထ-၌ တ-နိယတ်၏အနိယတ်ထည့်သည်။) တတ္ထ တသ္မိံ၊ ငါဆိုအပ်ပြီးသော "အဘိဓမ္မေသု အတ္ထံ ပကာသယိဿာမိ"ဟူသောထိုစကား၌။ ယဿ အဘိဓမ္မဿ၊ အကြင်အဘိဓမ္မာ၏။ အတ္ထံ၊ အနက်ကို၊ ပကာသယိဿာမိ၊ ပြပေအံ့။ ဣတိ၊ ဤသို့။ ပဋိညာတံ၊ ဝန်ခံအပ်ပြီ။ သော အဘိဓမ္မော၊ ထိုအဘိဓမ္မာသည်၊ ကေနဋ္ဌေန၊ အဘယ်အနက်ကြောင့်။ အဘိဓမ္မော၊ အဘိဓမ္မာမည်သည်။ ဟောတိ၊ ဖြစ်သနည်း။

မှတ်ချက်။ ဤအနက်ကား "တတ္ထ"၌ တ-သဒ္ဒါ ဆိုအပ်ပြီးသော "အဘိဓမ္မေသု အတ္ထံ ပကာသယိဿာမိ" ကိုစွဲသောနည်းတည်း။

✝ တတ္ထာတိ "အဘိဓမ္မေသု အတ္ထံ ပကာသယိဿာမီတိ ယဒိဒံ ဝုတ္တံ၊ တသ္မိံ။ ယဿ အတ္ထံ ပကာသယိဿာမီ"တိ ပဋိညာတံ၊ သော အဘိဓမ္မော ကေနဋ္ဌေန အဘိဓမ္မော။ မူလဋီ။ ၁။ ၁၂။

http://www.dhammadownload.com



**တနည်း**။ တတ္ထ အဘိဓမ္မကထန္တိ တေသို႔ဝစနေ၊ အဘိဓမ္မကထံဟူသော ဤစကား၌။ ယောအဘိဓမ္မော၊အကြင်အဘိဓမ္မာကို။ ဝုတ္တော၊ ဆိုအပ်ပြီ။ သောအဘိဓမ္မော၊ သည်။ ကေနဋ္ဌေန၊ အဘယ်အနက်ကြောင့်။ အဘိဓမ္မော၊ အဘိဓမ္မာမည်သည်။ ဟောတိ၊ ဖြစ်သနည်း။

မှတ်ချက်။ ဤအနက်ကား တ–သဒ္ဒါ ဆိုအပ်ပြီးသော " အဘိဓမ္မ ကထံ " (ဂါထာ–၂၀) ကို စွဲသောနည်းတည်း။

✝ တတ္ထာတိ ဝါ အဘိဓမ္မကထန္တိ တေသို႔ဝစနေ ယော အဘိဓမ္မော ဝုတ္တော၊ သော ကေနဋ္ဌေန အဘိဓမ္မောတိ အတ္ထော။ မူလဋီ။ ၁။၁၂။

သတိပြုရန်။ အဋ္ဌကထာ၌ရှိသော "အဘိဓမ္မော"ဟူသော လိင်္ဂတ် ဝိကတိပုဒ်၏ တုလျတ် ပကတိပုဒ်ကို "သော အဘိဓမ္မော"ဟူထည့်သည်။

**ယောဇနာဝါဒ**

တတ္ထ တသို႔ "အဘိဓမ္မဿ အတ္ထံ ပကာသယိဿာမိ"တိဝစနေ၊ ထို "အဘိဓမ္မဿ အတ္ထံ ပကာသယိဿာမိ"ဟူသောစကား၌။ (အဘိဓမ္မော ဣတိ=အဘိဓမ္မောနာမ၊ အဘိဓမ္မမည်သည်။) ကေနဋ္ဌေန၊ အဘယ်အနက်ကြောင့်။ အဘိဓမ္မော၊ အဘိဓမ္မမည်သည်။ ဟောတိ၊ ဖြစ်သနည်း။

မှတ်ချက်။ ( ) ကွင်းအတွင်းစာသားမှာ–အဋ္ဌကထာလာ အဘိဓမ္မော ဟူသော လိင်္ဂတ်၊ ဝိကတိပုဒ်၏ တုလျတ် ပကတိ–ပုဒ်ကို ယောဇနာဆရာတော်ထည့်၍ အနက်ပေးသည်။ အဘိဓမ္မောဣတိ ..ထည့်၍ ဣတိ –သဒ္ဒါ နာမဝါစကကြံသည်။

✝ ဣတိ သဒ္ဒေါ နာမဝါစကော ။ ယော။ ၉။

တနည်း။ တတ္ထ အဘိဓမ္မကထန္တိ တေသို႔ဝစနေ အဘိဓမ္မကထံ ဟူသော ဤစကား၌ ။ ယော အဘိဓမ္မော ဣတိ၊ အကြင် အဘိဓမ္မာဟူ၍ (ဣတိသဒ္ဒါ အာကာရ) မယာ၊ ငါသည်။ ဝုတ္တော၊ ဆိုအပ်ပြီ။ သော အဘိဓမ္မောနာမ၊ ထိုအဘိဓမ္မမည်သည်။ ကေနဋ္ဌေန၊ကြောင့်။ အဘိဓမ္မော၊သည်။ ဟောတိ၊ နည်း။

✝ ဣတိသဒ္ဒေါ အာကာရဝါစကော။ ယော။ ၉။

**မှတ်ချက်**။ ဂ–ဝါကျ၊ ဃ–ဝါကျ နိဿယအတိုင်း– ဥပမာန ဦးစွာပေး။ ဥပမေယျ–နောက်မှပေးလျှင်– ဥပမာနန္တောကရဏ= ဥပမာအတွင်းသွင်း၍ အနက်ပေးခြင်း။

တနည်း။ ဥပမာန ထင်ရှားပေါ်လွင် စေလျက် အနက်ပေးခြင်း ဟုခေါ်သည်။

ဂ–ဃ–ဝါကျ သဒ္ဒါအားဖြင့် ဥပမာန အပြင်ထုတ်

(ဥပမာနဗဟိကရဏ) အနက်

ဟိသစ္စံ။ ဝေါ၊ ဤအဘိဓမ္မော ဟူသောပုဒ်၌။ သမတိနိဝိဋ္ဌော၊ ကောင်းစွာ တည်သော။ အဘိသဒ္ဒေါ၊ အဘိသဒ္ဒါသည်။ အတိရေက ဝိသေသတ္ထဒီပကော၊ လွန်သောအနက်

http://www.dhammadownload.com



ထူးသောအနက်ကိုပြတတ်၏။ ကေသု၊ အဘယ်ပုဒ်တို့၌။ အဘိသဒ္ဒေါ၊ သည်။ အတိရေက ဝိသေသတ္ထဒီပကော၊ သည်။ ဟောတိ ဝိယ၊ ဖြစ်သကဲ့သို့နည်း။ "ဗာဠှာ မေ-လ- အဘိက္ကန္တာတိ အာဒီသု၊ စသည်တို့၌။ အဘိသဒ္ဒေါ၊ သည်။ အတိရေက ဝိသေသတ္ထဒီပကော၊ သည်။ ဟောတိဝိယ၊ ဖြစ်သကဲ့သို့တည်း။

မှတ်ချက်။ ဥပမာန+ဥပမေယျအပြန်အလှန်(ပရိဝတ္တန၊အနက်ပေးပုံတည်း။)

## ( ၂ ) ( ၃ ) ဝါကျခွဲ စသည်

က-ဝါကျ ပုစ္ဆာဝါကျ။ ခ-ဝါကျ ဝိသဇ္ဇနာဝါကျ။

က-ဝါကျ ပက္ခ (သခေ်ပ)။ ခ-ဝါကျ ပက္ခန္တရ (ဝိတ္ထာရ)။

### ခ-ဝါကျ ပါပနာဒိထပနာပဋ္ဌကတက်

ဆရာ ဆရာသည် က-ဝါကျဖြင့် အဘိဓမ္မဟူသည် အဘယ်အနက်ကြောင့် အဘိဓမ္မ မည်သနည်း-ဟုပုစ္ဆာကိုဆိုတော်မူ၏။ (ထပနာ) ထိုသို့ဆိုချေသော် (လက္ခဏာရုစိ) ဝိသဇ္ဇနာမရှိ ဟူသောအနက်ရောက်ရာ၏။(အနု+ပါ) စင်စစ်တမူကား (ထိုသို့တမူကား) ဝိသဇ္ဇနာမရှိသည်မဟုတ်၊ ရှိသည်သာဖြစ်၏။(ပဋိ+ပါ) ထိုသို့ဝိသဇ္ဇနာ ရှိသည်သာဖြစ်သောကြောင့် (ရောပနာပါဒကဟိတ်) ဝိသဇ္ဇနာကိုလည်း ဆိုသင့်ဆိုတန်၏။ (အနု+ရော) ပုစ္ဆာကိုသာ မဆိုသင့်။(ပဋိ+ရော)(တနည်း) ဝိသဇ္ဇနာကိုမဆိုဘဲ မနေသင့် မနေတန်(ပဋိ+ရော) ဝိသဇ္ဇနာကား အဘယ်နည်း-ကြောင့်- ခ-ဝါကျမိန့်။

ဒေါသပယ် ။ ပုစ္ဆာကိုသာဆို၍ ဝိသဇ္ဇနာမဆိုသော် အဗျာပိတ (မပြန့်နှံ့ခြင်း) အပရိပုဏ္ဏ (မပြည့်စုံခြင်း) ဒေါသ(အပြစ်) ရောက်လိမ့် မည်။ ခ-ဝါကျဖြင့် ဝိသဇ္ဇနာကို ဆရာပြသဖြင့် ယင်းသည့် အဗျာပိတ အပရိပုဏ္ဏ ဒေါသကင်းပျောက်သွားတော့သည်။ သို့ဖြစ်၍ ခ-ဝါကျဖြင့် ယင်းသည့် အဗျာပိတ အပရိပုဏ္ဏဒေါသကိုပယ်ပါသည်။

ဝါကျခွဲ။ ဂ- ဝါကျကား ယုတ္တိဒဠှီရဏဝါကျ။ ထို-၍ ခ-ဝါကျကား ယုတ္တိဒဠှီယဝါကျ။

ဒေါသပယ်။ ဂ-ဝါကျဖြင့် ဒဠှီယ ဒဠှီကရဏဆန့်ကျင်သော ဉာယဝိရောဓိဒေါသ ပယ်သည်။

မှတ်ချက်။ ဒေသကာလာ ကလာလောက ဉာယာဂမဝိရောဓိယံ-ဟု အလင်္ကာ၌ လာသည်။ ခ-ဝါကျအဖွင့်ကို ဂ-ဝါကျယုတ္တိ (ဉာယ)ဖြင့် ထောက်ခံ လိုက်သဖြင့် ခ-ဝါကျစကား ခိုင်မြဲသွားသည်။ သို့ထောက်ခံလိုက်သဖြင့် ခ-ဝါကျအဖွင့် ယုတ္တိ(ဉာယ်) ဆန့်ကျင်သော ဝိရောဓိဒေါသ ကင်းစင်သွားတော့ သည်။ သို့ဖြစ်၍ ဂ-ဝါကျဖြင့် ယင်းဝိရောဓိဒေါသကို ပယ်သည်။

ဃ-ဝါကျကား အာဂမဒဠှီကရဏဝါကျ။ ထို-၍ ခ-ဝါကျကား အာဂမ ဒဠှီယဝါကျ။

မှတ်ချက်။ ခ-ဝါကျကို ဂ-ဝါကျယုတ္တိဖြင့် ဃ-ဝါကျ အာဂုံဖြင့် ခိုင်မြဲစေသည် ဟုမှတ်။

http://www.dhammadownload.com



င–ဝါကျ၌ တသ္မာပုဒ်ကို နောက်ဆုံး အယမ္ပိဓမ္မော ဓမ္မာတိရေက ဓမ္မဝိသေသဋ္ဌေန အဘိဓမ္မောတိ ဝုစ္စတိဝယ် ဝုစ္စတိ၌စပ်။ တသ္မာကား ကာရဏ၊ ဝုစ္စတိကား ဖလ။ ယထာ သမုဿိတေသု ဗဟူသု ၊လ၊ အတိဗြဟ္မာတိ ဝုစ္စတိ ဝါကျများကား ဥပမာနဝါကျ။ တစ်နည်း။ အာဂမဒဋ္ဌီကရဏ၊ ဝါ– တပ္ပါကဋ္ဌိ ကရဏဝါကျ။

## ယထာသမုဿိတေသုဝါကျ တက်လာပုံ

အဘိဓမ္မော၌ အဘိသဒ္ဒါ အတိရေကအနက်၊ ဝိသေသအနက် ဟောသည်ဟု ဆိုရာဝယ် အဘိက္ကမန္တိ၊ အဘိက္ကန္တာ ပါဠိသာဓကထုတ်ပြ ခိုင်မြဲစေခဲ့သည်။ အဘိက္ကမန္တိ၊ အဘိက္ကန္တာ–၌ အဘိသဒ္ဒါသည် ကမု–ဓာတ်ကို အထူးပြုသည်။ သို့ဖြစ်၍ 'ဓာတွတ္ထံ ဥပစ္စ သဇ္ဇန္တီတိ ဥပသဂ္ဂါ' ဟူသော စကားနှင့်ကိုက်ညီသောကြောင့် သင့်တန်စေ။ အဘိဓမ္မော၌ ဓမ္မသဒ္ဒါကား ဓာတ်မဟုတ်၊ ကြိယာမဟုတ်၊ နာမ်ပုဒ်ဖြစ်သဖြင့် အဘိဓမ္မော၌ အဘိသဒ္ဒါ အတိရေကအနက်၊ ဝိသေသအနက်ကို ထွန်းပြသည်ဟူသော ဆရာ၏ ဂ–ဝါကျသံဝဏ္ဏနာ သင့်တန်ပါမည်လော ဟု စောဒနာ ပသင်္ဂရှိ၍ ယင်းစောဒနာပသင်္ဂကို ပယ်လိုသဖြင့် ဥပမာငါးချက် (သက်မဲ့ ၂–ချက်၊ သက်ရှိ ၃–ချက်) ဖြင့် ပယ်ဖျက်ဖြေဆိုတော် မူလိုသော အဋ္ဌကထာဆရာ သည် ယထာသမုဿိတေသု စသောဝါကျကိုမိန့်။

အဓိပ္ပါယ်ကား– ဥပသာရပုဒ်များသည် ယေဘုယျအားဖြင့် ဓာတ်ကိုသာ ထွန်းပြကြ၏။ သို့သော် တခါတရံ"အတိစ္ဆတ္တံ အတိရာဇကုမာရော"စသည်၌ကဲ့သို့ နာမ်ပုဒ်အနက်ကိုလည်း ထူးခြားအောင် ထွန်းပြသေး၏။ သို့ဖြစ်၍ "အဘိဓမ္မ"၌ အဘိသဒ္ဒါသည်လည်း ဓမ္မဟူသော နာမ်ပုဒ်အနက် ထွန်းပြသည်ဟု သိစေလိုသောကြောင့် အတိစ္ဆတ္တံစသော ဥပမာကိုထုတ်ပြ ရသည်– ဟူလို။

---

## (၄) ဝိဂ္ဂဟာဒိ

### ဉာသ်ကောက်

အတိရေကော ဓမ္မော အဘိဓမ္မော။
ဝိသေသော ဓမ္မော အဘိဓမ္မော။

အတိရေကော၊ သုတ္တန် ပါဠိထက်လွန်သော။ ဓမ္မော၊ ပါဠိတည်း။ အဘိဓမ္မော၊ သုတ္တန်ပါဠိထက် လွန်သောပါဠိ။

ဝိသေသော၊ သုတ္တန်ပါဠိထက်ထူးသော၊ ဓမ္မော၊ ပါဠိတည်း။ အဘိဓမ္မော၊ သုတ္တန်ပါဠိထက်ထူးသောပါဠိ။ အဘိပုဒ်+ ဓမ္မပုဒ်။

အဘိဟူသော ဝိသေသနပုဒ်အရကား–သုတ္တန်ပါဠိထက် လွန်ထူးခြင်း ဓမ္မာတိရေက ဓမ္မဝိသေသဘောဂုဏ်သည်မုချ။ ယင်း..၏ အဘိဓမ္မပါဠိနှင့် ဂုဏ် ဂုဏီး အဖြစ်ဖြင့်စပ်ခြင်း.. ဌာနူပစာ။

အဘိဓမ္မ..ကား သုတ္တန်ပါဠိတို့ထက်လွန်သော ထူးသောပါဠိရ၏။ ဝါ– အဘိဓမ္မပါဠိရ၏။

http://www.dhammadownload.com



## ဓာန်ဋီနည်း စတုက္က

၁။ အ-ဟူသော ဘိ-ဟူသော ဓမ်-ဟူသော မာ-ဟူသော အစိတ် ပရမတ္ထသဒ္ဒါသည် ဇုပ္ပတ္တိ။

၂။ ယင်းအစိတ်ပရမတ္ထသဒ္ဒါ၏ အကြောင်းဖြစ်သော သုတ္တန်ပါဠိတို့ထက် လွန်ခြင်းထူးခြင်း ဓမ္မာတိရေကဓမ္မဝိသေသဘောဂုဏ်၏ ပါဠိဒြပ်နှင့် ဂုဏ် ဂုဏေးအဖြစ်ဖြင့် ဝပ်ခြင်းသမွန်သည် ဇုပ္ပတ္တိနိမိတ်။

၃။ အဘိဓမ္မာဟူသော အပေါင်းပညတ္တိသဒ္ဒါသည် ပဝတ္တိ။

၄။ ယင်းအပေါင်းပညတ္တိသဒ္ဒါ၏အကြောင်းဖြစ်သော အဘိဓမ္မာတို့ တစ်ခုသည် တစ်ခုနှင့် တူသောအခြင်းအရာဟုဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်။

## ဘေဒစိန္တာဒီပနီနည်း

၁။ အတိရေကော ဓမ္မော၊ ဝိသေသော ဓမ္မောဟူသော ဝိဂြိုဟ်ဝါကျသည် ဇုပ္ပတ္တိ။

၂။ ဇုပ္ပတ္တိနိမိတ် တူပြီ။

၃။ အဘိဓမ္မာဟူသော နိပ္ဖန္နပုဒ်သည် ပဝတ္တိ။

၄။ ပဝတ္တိနိမိတ် တူပြီ။

## ဝိဂ္ဂဟမှတ်ဖွယ်

ဓမ္မော အတိရေကော ဓမ္မာတိရေကော။ (ဝိသေသနပရ နိပါတ ကမ္မဓာရယ် သမာသ်- အဘိဓမ္မနှင့် အတူကောက်)။ သုတ္တန္တာဓိကာ ပါဠိတိ အတ္ထော။ ဓမ္မော ဝိသေသော ဓမ္မဝိသေသော ဓမ္မာတိသယော၊ ဝိစိတ္တာပါဠိတိ အတ္ထော။ မူလဋီ။ ၁၊ ၁၂။

ဓမ္မာတိရေကောစ ဓမ္မဝိသေသောစာတိ ဓမ္မာတိရေကဓမ္မဝိသေသာ။ (ဒွန်တွဲ)

**မှတ်ချက်**။ ဝိသေသနောဘယပဒကမ္မဓာရယ်လည်း ကြံကြသည်။

ဓမ္မာတိရေကဓမ္မဝိသေသာဝေ အတ္ထော ဓမ္မာတိရေက ဓမ္မဝိသေသဋ္ဌော။

ဒွိန္နမ္ပိ အတ္ထာနံ (ဓမ္မာတိရေက ဓမ္မဝိသေသဟူသောအနက် ၂-ပါးတို့၏) အဘိဓမ္မသဒ္ဒဿ (အဘိဓမ္မသဒ္ဒါ၏ အနက်၏အဖြစ်ဖြင့်) သာမညတော (တူကုန်သည်တို့၏အဖြစ်ကြောင့်) ဧကဝစန နိဒ္ဒေသော (ဓမ္မာတိ-လ-သဋ္ဌော ဟု ဧကဝုစ်ဖြင့် ညွှန်ပြခြင်းကို) ကတော-ပြုအပ်၏။ မူလဋီ။ ၁၊၁၂။

**အတိရေက** = အတိစရတီတိ အတိရေကော။

**ဓမ္မ** = ဓာရေတီတိ ဓမ္မော။ (ကစ္စည်း)

**ဒီပက** = ဒီပေတီတိ ဒီပကော။ (ဒီပ ဒိတ္တိယံ၊ ဏွု၊ ဒီယော။သူစိ။

http://www.dhammadownload.com



ဇာဋ္ဌာ = ဇဟစာတ်+တပစ္စည်း။ ဇဟာဝုဒ္ဓိမှိ။ အဇဟီတိ ဇာဋ္ဌော။

✝ ကွစိဓာတူတိအာဒိနာ ဒီဃော။ (ရူ၊ သုတ်၊ ၆၂၁)။

## (၅) ဓာတုပစ္စယာဒိ

သမုဿိတေသု။ သံ+ဥ+သိဓာတ်+တပစ္စည်း။ ဆတ္တေသုစပ်။ နပုံ–စိတ္တာဒိ– အကာရန္တ။ (ဓာတွတ္ထ)။

ဆတ္တံ–အာတပံ ဆဒေတီတိ ဆတ္တံ။ (ဆတြဲ)။နပုံ၊ စိတ္တာဒိ။အကာရန္တ။ (ကစ္စည်း)

ဓဓေသု ဓဇ ဂမနေ အ။ ပုလ္လိင်၊ ပုရိသာဒိ၊ အကာရန္တ။

✝ ကေတုဒ္ဓဇော ပတာကာစ။ ဓာန်၊ ၃၉၇။

## (၆) အာဘောဂ သံဝဏ္ဏနာ

ခ–ဝါကျဖြင့် အဘိဓမ္မော–၌ အဘိသဒ္ဒါ၏ အတိရေကအနက်ဟော၏ အဖြစ်ကိုလည်း ကောင်း၊[၁] အဘိသဒ္ဒါ၏ ဝိသေသအနက်ဟော၏ အဖြစ်ကိုလည်းကောင်း၊[၂] အဘိဓမ္မောပုဒ်ကို အတိရေကော ဓမ္မော အဘိဓမ္မော–ဟုလည်းကောင်း၊[၃] ဝိသေသော ဓမ္မော အဘိဓမ္မော ဟုလည်း ကောင်း၊[၄] ပါဒ် ပုဗ္ဗပဒကမ္မဓာရယ်သမာသ်ဝစနတ္ထပြုရမည်ကို လည်းကောင်း၊ က–ဝါကျ ပုစ္ဆာ၏ အဖြေအဖြစ်ကိုလည်းကောင်း[၅] သိစေသည်။

၁–၂။ ဥပသဂ္ဂလိင်္ဂတ္ထ။ ၃–၄။ အဘိဓာနတ္ထ။ သမာသလိင်္ဂပဒတ္ထ။ ၅။ ဘာဝတ္ထ။

ဂ–ဝါကျဖြင့် အဘိဓမ္မ–၌ အဘိသဒ္ဒါ အတိရေကဝိသေသအနက်ကို ထွန်းပြ သတည်း ဟု အသင့်ယုတ္တိကို သိစေသည်။ (ဘာဝတ္ထ)။

မှတ်ချက်။ အဘိသဒ္ဒါဟောနိုင်သော အောက်ပါ အဗျယဝဂ်လာ အနက်များကို ရှု၍– ဗျတိရေက အာဘောဂ်ဖော်လေ။

✝ အာဘိမုချ ဝိသိဋ္ဌုဒ္ဓ၊ ကမ္မသာရုပ္ပဝုဒ္ဓိသု။

ပူဇာဓိက ကုလာသစ္စ၊ လက္ခဏာဒိမှိစာပျာဘိ။ ဓာန်။ ၁၁၇၇။

## (၇) ဥပသဂ္ဂ နိပါတတ္ထ

က–ဝါကျ–၌ တတ္ထနိပါတ်သည် နိယမအနက်ဟော၏။

အဘိဓမ္မော ၌ အဘိဥပသာရအနက် အာဘောဂ်ရှု။

ခ–ဝါကျ ဓမ္မာတိရေက=ဓမ္မ+အတိရေက–၌ အတိသဒ္ဒါ လွန်ကဲခြင်း အတိသယ အနက်ဟော။ ဝိသေသ၌ ဝိ ဥပသာရ ဓာတွတ္ထာနုဝတ္တက(အနတ္ထက)။

✝ ဝိပုဗ္ဗော သိသ ဝိသေသနေ။ သူစိ။

http://www.dhammadownload.com



ဂ–ဝါကျ ဟေတ္ထ၌ ဟိနိပါတ်ကား ယုတ္တိဒဠှီကရဏဇောတက။ ဧတ္တ–ကား အဘိဓမ္မကိုစွဲသော အာဓာရဇောတကနိပါတ်.

အဘိသဒ္ဒေါ ၌ အဘိကား သာဂမောသေ–၌ သေသဒ္ဒါကဲ့သို့ သဒ္ဒပဒတ္ထက ပုဒ်တည်း။

ဃ–ဝါကျဒုက္ခ ၌ ဒုဥပသာရကား (ဒုပုဗ္ဗ+ခနုဓာတ်ဖြင့် ဒုက္ခသဒ္ဒါ ပြီးရာ၌) ကုစ္ဆိတအနက်ဟော။

အဘိက္ကမန္တီ ၌ အဘိသဒ္ဒါ အာဘိမုချတ္ထ။

✝ အာဘိမုချေ အဘိက္ကမတိ။ သူစိ။

ပဋိက္ကမန္တီ ၌ ပဋိသဒ္ဒါကား နိဝတ္တိအနက်ဟော။

✝ နိဝတ္တိယံ ပဋိက္ကမတိ။ သူစိ။

နောက်ပိုပါတ်ပုဒ်ကား နိသေဓအနက်ဟော။ (သူစိ)။

အဘိက္ကန္တ = အတိဝိယ ကာမိယတီတိ အဘိက္ကန္တော။ အဘိဥပသာရ အတိဝိယအနက်၊ ဝါ– အမိကအနက်။

င–ဝါကျ ၌ ယထာကား ပဋိဘာဂ (ဥပမာန) အနက်။

သမုဿိတေသု သံ+ဥ+သိ+တေသု။ သံကား သုဋ္ဌု၊ ဝါ–သမ္မာ အနက်။ ဥ–ကား ဥပသဂ္ဂတ္ထ၊ ဝါ–ဥဒ္ဓမ္ဗအနက်ဟော။

## ဆတ္တေသု စေဝ ဓဇေသုစ–၌ စေဝ နှင့် စ

ဂရု လဟု အက္ခရာတို့ဖြင့် မမှတ်မူ၍ ရေးဖွဲ့ခြင်းသည် စုဏ္ဏိယ။ ဂရုလဟု အက္ခရာတို့ကို မှတ်၍ရေးဖွဲ့ခြင်းသည် ဂါထာ။ ထိုတွင် စုဏ္ဏိယမှာ ရှေ့ပုဒ်၌ စေဝသဒ္ဒါရှိမူ နောက်ပုဒ်၌ စသဒ္ဒါရှိမြဲ။ ဂါထာမှာမူ မမြဲ။

ဆတ္တေသုစေဝ ဓဇေသုစကား စုဏ္ဏိယဖြစ်၍ ရှေ့ဆတ္တေသု၌ စေဝသဒ္ဒါ၊ နောက် ဓဇေသုစ၌ စသဒ္ဒါရှိရသည်။ စေဝ–၌ ဝေအနက်မရှိသည်ကိုလည်း သတိပြု။

✪ စေဝနှင့်စ၊ စုဏ္ဏိယမှာ၊ ရှိလေရာ၊ရှေ့မှာ စေဝ၊ နောက်မှာ စ၊
ဂါထာဟူက မမြဲကြ။ (ဘုရားကြီး၊ ၁၁၇)

## ဆတ္တေသုစေဝ သမုစ္စည်း အဓိပ္ပါယ်

ကောင်းစွာစိုက်ထူအပ်ကုန်သော များစွာကုန်သော တံခွန်တို့တွင်သာလျှင် အတိရေ–ကပ္ပမာဏ နာနာဝိရာဂ ဝဏ္ဏဝိသေသသမ္ပန္န တံခွန်ကို "အတိဓဇ" ဟု ဆိုသည် မဟုတ်သေး။

ကောင်းစွာစိုက်ထူအပ်ကုန်သော များစွာကုန်သော ထီးတို့တွင်လည်း အတိရေကပမာဏ ဝိသေသဝဏ္ဏသဏ္ဌာနထီးကိုလည်း "အတိဆတ္တ" ဟု ဆိုအပ်၏။

http://www.dhammadownload.com



## ဓဒေသေ့စ– သမုစ္စည်းအဓိပ္ပါယ်

ကောင်းစွာစိုက်ထူအပ်ကုန်သော မျာစွာကုန်သောထီးတို့တွင်သာလျှင် အတိရေကပ္ပမာဏ ဝိသေသသဏ္ဍာနထီးကို "အတိဆတ္တ" ဟုဆိုအပ်သည် မဟုတ်သေး။ ကောင်းစွာစိုက်ထူအပ်ကုန်သော များစွာကုန်သော တံခွန်တို့တွင်လည်း အတိရေကပ္ပမာဏ နာနာဝိရာဂဝဏ္ဏဝိသေသသမ္ပန္န တံခွန်ကိုလည်း "အတိဓဇ " ဟု ဆိုအပ်၏။

✪ ကေဝလံပုဒ်၊ နမြစ်ထုတ်၊ သမုစ္စယ အဓိပ္ပါယ်ရောက်မြဲ။

## သမုစ္စည်း ဆည်းပုံ ကိန်းသေနည်း

သတ္တာစ သာရိပုတ္တောစ ဓမ္မံ ဒေသေတိ။

န ကေဝလံ သာရိပုတ္တောဧဝ ဓမ္မံ ဒေသေတိ၊ အထခေါ သတ္တာစ။ (သတ္တာစ–သမုစ္စည်းအဓိပ္ပါယ်)။ န ကေဝလံ သတ္တာဧဝ ဓမ္မံ ဒေသေတိ။ အထခေါ သာရိပုတ္တောစ။(သာရိပုတ္တောစ–သမုစ္စည်းအဓိပ္ပါယ်)။

## ရှင်းလင်းချက်

( ၁) တေနခေါပန သမယေန သမ္ဗဟုလာ သန္ဒိဋ္ဌာ သမ္ဘတ္တာ–လ–ဝဿံ ဥပဂစ္ဆိံသု။

( ၂) အာယသ္မာပိ ခနိယော–လ–ဝဿံ ဥပဂစ္ဆိ။ ဝိ၊၁၊၅၀။

(က) အာယသ္မာပိ ခနိယောတိ န ကေဝလံ တေ ထေရာစ။

( ခ) ဣမဿသိက္ခာပဒဿ အာယသ္မာခနိယောပိ။ ဝိ၊ဋ္ဌ၊၁၊၂၄၈။

ပါဠိ (၁) ဝါကျ–(၂) ဝါကျ–၂–ဝါကျတွင် (၂) ဝါကျ ပိသဒ္ဒါ သမုစ္စည်းဖြစ်၍ သမုစ္စည်း ဆည်းပုံကို က–ခ ၂–ဝါကျဖြင့် အဋ္ဌကထာဆရာရေးသားပြသည်။ ဤအဋ္ဌကထာ သမုစ္စည်း ဝါကျကိုရှု၍– သမုစ္စည်းကိန်းသေနည်း–ကို အထက်၌ ရေးသား လိုက်သည်။ ’

## သဗ္ဗနာမ ဝိသယ

က.ဝါကျ၌ တတ္ထဝယ် တ–သဒ္ဒါကား ရှေးဝါကျ၌ဆိုအပ်ပြီးသော အဘိဓမ္မဿ အတ္ထံ ပကာသယိဿာမိ–ဟူသောစကား။(တနည်း) အဘိဓမ္မ ကထံ–ဟူသောစကားဒြဗ် ကိုစွဲသော ကြောင့်"ပက္ကန္တဝိသယ တ"တည်း။

ဂ–ဝါကျ တေန္ဒ တေ–သဒ္ဒါကား ရှေးဝါကျ၌ဆိုအပ်ပြီးသော အဘိဓမ္မကိုစွဲသောကြောင့် "ပက္ကန္တဝိသယ တေ"တည်း။

င–ဝါကျ၌ တသ္မာဝယ် တ–သဒ္ဒါကား ရှေးဝါကျ၌ဆိုအပ်ပြီး အတိရေက ဝိသေသတ္ထ– ဒီပကကြိယာကို စွဲသောကြောင့်" အနုဘူတဝိသယ တ" တည်း။

မှတ်ချက်။ တသ္မာ အဘိသဒ္ဒဿ အတိရေက ဝိသေသတ္ထဒီပကတ္တာ ဟု ဟိတ်နောက်၌ ဒီပကကြိယာကိုဆောင်ပါ။

http://www.dhammadownload.com



✪ ရေ့ဝါကျမှ၊ စွဲဒဗ္ဗ၊ ပဏ္ဏတ္တိဝိသယာ။
အစွဲတင်းလင်း၊ ရှိတိုလျဉ်း၊ မှတ်သွင်း ပသိဒ္ဓါ။
ပုဗ္ဗကြိယ၊ စွဲတဲ့က၊ အနုဘူတသာ။ (သမ္မန္ဓစိန္တာဂဏ္ဌိ)
င–ဝါကျ၌ တံကား ရှေးဝါကျ၌ ဆတ္တံကိုစွဲ၊ ပဏ္ဏတ္တိဝိသယ–တ။

---

## (၈) ကြိယာငါးတန်

ဗာဠ္ဟာမေ –လ– အဘိက္ကမန္တိ–၌–

၁။ အဘိက္ကမန္တိ အရ ပြင်းထန်သော ရောဂါဝေဒနာတို့သည် ဒဿနတ္ထ။

၂။ သွေး သည်းခြေ လေ သလိပ်ဟူသော ဓာတ်တို့၏မညီမျှခြင်း ဖေါက်ပြန်ခြင်းသည် ဒီပကတ္ထ။ (အကြောင်း)။

၃။ ဒုက္ခဝေဒနာစေတသိက်တို့သည် ပကာသနတ္ထ။ (အကျိုး)။

၄။ ဥတုဝိပရိဏာမ ဘောဇနဝိပတ္တိစသည်သည် ဝိဘာဝတ္ထ။ (အကြောင်း)။

၅။ ကာယကိလမထ စသည်သည် အနုဘာဝတ္ထ။

မှတ်ချက်။ ဃ–ဝါကျ၌ ဒုက္ခာဝေဒနာကား ဝေဒနာစေတသိက် မဟုတ်။ ရောဂါဝေဒနာသာတည်း။ အဘိက္ကမန္တိအရလည်း ၄င်းရောဂါပင်။

## တံအတိစ္ဆတ္တန္တိ ဝုစ္စတိ–၌ ဝုစ္စတိပုဒ် ဉာဉ်ကောက်

ဝုစ္စတိကား–ဝစဓာတ်+ယပစ္စည်း+တေဝိဘတ်။

ဝါကျဖြောင့်– ပဏ္ဍိတေန အတိရေကပမာဏံ ဝိသေသဝဏ္ဏသဏ္ဌာန် ဆတ္တံ အတိစ္ဆတ္တန္တိ ဝုစ္စတိ။

၁။ ကတ္တုရွ..ကား ပညာရှိ၏ သတိ ဝိရိယ,ဉာဏ်ပြဓာန်းသော စိတ္တုပ္ပါဒ်သည် မုချ။

၂။ ကမ္မရွ..ကား ထို...အားတပ်သော လွန်သော အတိုင်းအရှည်ရှိသောထီး, ထူးသော အဆင်းသဏ္ဌာန်ရှိသော ထီးဒြဗ်၏ အာရမ္မဏပစ္စယသတ္တိသည် ဖလူ။

၃။ တေ (တိ) ဝိဘတ်အရကား ထို..ဖြင့်မှတ်အပ်သော အတိစ္ဆတ္တရ၏။ ( ယ–ပစ္စည်းကား ရူပသိဒ္ဓိမတ္တရ၏။)

မှတ်ချက်။ အထက်ပါ ဉာဉ်ကောက် အန္တတ္ထ ဗာဟျတ္ထကို ရှု၍ အောက်ပါအတိုင်း ကြိယာငါးတန် ထုတ်ရသည်။

### ဝုစ္စတိအရ ဗာဟျတ္ထကိုရှု၍–

၁။ ဝုစ္စတိအရ" အတိစ္ဆတ္တ" ဟူသော သဒ္ဒပညတ္တိက ဝစီဘေဒသဒ္ဒသည် ဒဿနတ္ထ။

http://www.dhammadownload.com



၂။ ပညာရှိ၏ သတိ, ဝီရိယ,ဉာဏ် ပြဓာန်းသောစိတ္တုပ္ပါဒ်သည် ဒီပကတ္ထ။ (ယင်းစိတ္တုပ္ပါဒ်ကား သဟဇာတအကြောင်း၊ ယင်းသဒ္ဒကား သဟဇာတအကျိုး။)

၃။ လွန်သော ပမာဏရှိသောထီး, ထူးသော အဆင်းသဏ္ဌာန်ရှိသော ထီးကို "အတိစ္ဆတ္တ" ဟုသိရခြင်းအကျိုးသည် ပကာသနတ္ထ။

၄။ ထီး၏ လွန်သော အတိုင်းအရှည်ပမာဏ, ထူးသောအဆင်း သဏ္ဌာန်အာရုံသည် ဝိဘာဝတ္ထ။ (အကြောင်း)

၅။ ဤသို့ အတိစ္ဆတ္တဟူသောအသုံးအနှုန်းကိုသိရသဖြင့် အဘိဓမ္မောဟူသောပုဒ်၌ ဓမ္မဟူသောနောက်ပုဒ်၏ရှေ့တွင် အဘိဟူသောဉပသာရဖြင့် အထူးပြုနိုင်ခြင်းကို သိရခြင်း အကျိုးသည် အနုဘာဝတ္ထ။

### ဝုစ္စတိအရ အန္တတ္ထ(ဓာတွတ္ထ) ကိုရှု၍

၁။ ပညာရှိ၏ ဉာဏ်ပြဓာန်းသောစိတ္တုပ္ပါဒ်သည် ဒဿနတ္ထ။

၂။ ထီး၏ လွန်သောပမာဏ, ထူးသောအဆင်းသဏ္ဌာန်သည် ဒီပကတ္ထ။

၃။ အတိစ္ဆတ္တ ဟူသော သဝိညတ္တိက ဝစီဘေဒသဒ္ဒသည် ပကာသနတ္ထ။

၄။ အာလောက မနသီကာရစသည် ဝိဘာဝတ္ထ။(အကြောင်း။)

၅။ အထက်ပါ အနုဘာဝတ္ထနှင့် တူပြီ။

### အဘိဓမ္မောတိ ဝုစ္စတိ၌ ကြိယာငါးတန်

၁။ ဝုစ္စတိ၌ အန္တတ္ထအရ ပညာရှိ၏ သတိ ဝီရိယ ဉာဏ်ပြဓာန်းသော စိတ္တုပ္ပါဒ်သည် ဒဿနတ္ထ။

၂။ အဘိဓမ္မာ၏ ဓမ္မာတိရေကဓမ္မဝိသေသအနက်သည် ဒီပကတ္ထ။

၃။ အဘိဓမ္မော ဟူသော သဝိညတ္တိက ဝစီဘေဒသဒ္ဒသည် ပကာသနတ္ထ။

၄။ ယောနိသောမနသီကာရစသည်သည် ဝိဘာဝတ္ထ။(အကြောင်း)

၅။ ဓမ္မာတိရေက ဓမ္မဝိသေသကြောင့် အဘိဓမ္မမည်သတည်းဟု ကြားသိရခြင်း၊ သုတမယဉာဏ်ကိုရခြင်း၊ ယင်းဉာဏ်ကြောင့် စိန္တာမယဉာဏ် ရခြင်း၊ ယင်းဉာဏ်ကြောင့် ဘာဝနာမယ ဉာဏ်ရခြင်း၊ ယင်းဉာဏ်ကြောင့် မဂ်, ဖိုလ်, နိဗ္ဗာန်ကို မျက်မှောက်ပြုရ ခြင်းသည် အနုဘာဝတ္ထ။

ဂါထာ။ ။ သုဿုသာ သုတဝဍ္ဎနီ၊ သုတံ ပညာယ ဝဍ္ဎနံ။

ပညာယ အတ္ထံ ဇာနာတိ၊ ဉာတော အတ္ထော သုခါဝဟော။

### (၉) လက္ခဏာဒိစတုက္က

မေး။ ။ ဒုက္ခာဝေဒနာအရ ဉပစာရတရားကိုယူ၍ လက္ခဏာဒိစတုက္က ထုတ်ပါ။

ဖြေ။ ။ ဝေဒနာစေတသိက်ကို ယူ၍ ထုတ်ပါ။

http://www.dhammadownload.com



မှတ်ချက်။ ဒုက္ခာဝေဒနာအရ ရောဂါဝေဒနာသည်မှုရ။ ယင်းရောဂါ ကြောင့်ဖြစ် သော ဒုက္ခဝေဒနာသည် ဥပစာရဝေဒနာ။

## သိဒ္ဓိမှတ်ဖွယ်

အတိစ္ဆတ္တံ–လ–အတိမြဟ္မ–ဟူသောသဒ္ဒါတစ်ပါးကို ထောက်၍ အဘိဓမ္မော၌ ဓမ္မဟူသော နာမ်ပုဒ်ရှေ့၌ရှိသော အဘိသဒ္ဒါသည် အတိရေကအနက် ဝိသေသအနက်ကို ဟောနိုင်၏ဟု သိရသောကြောင့် အတိစ္ဆတ္တ –လ– အတိမြဟ္မ "သိဒ္ဓေယျသိဒ္ဓိ" ရသည်။

ဂ–ယုတ္တိဒ်ဋ္ဌိကရဏာဝါကျ၊ ဃ–အာမဒဋ္ဌိကရဏာဝါကျတို့၌လည်း သိဒ္ဓေယျသိဒ္ဓိ–ရသည်။

---

## (၁၀) ပဋ္ဌာန်းပစ္စည်းပြိုင်

ဒုက္ခာဝေဒနာအရ ဥပစာအားဖြင့်–ဒုက္ခဝေဒနာစေတသိက်ယူ၍ အဘိက္ကမန္တိ နော ပဋိက္ကမန္တိ ကြိယာပုဒ်အရ ဝေဒနာသမ္ပယုတ်စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။

ပြိုင်။ သဟကြီး–၄။ အညမည,ဝိပါက, သမ္ပယုတ္တ သဟလတ်– ၃–၊ ဣန္ဒြိယ (ဝေဒနိန္ဒြေ) သဟငယ်–၁–ပေါင်း ၈–ပစ္စယ။

(သဟဇာတ, အညမည,နိဿယ,ဝိပါက,ဣန္ဒြိယ,သမ္ပယုတ္တ,အတ္ထိ,အဝိဂတ–၈–ပစ္စယ)

မှတ်ချက်။ အဘိက္ကမန္တိ နောပဋိက္ကမန္တိကြိယာအရ ဒုက္ခသဟဂုတ် ကာယဝိညာဉ် ၁–၊ ဝေဒနာကြဉ်သော သဗ္ဗစိတ္တသာဓာရဏစေတသိက် ၆–ပစ္စယုပ္ပန်–ဟုသရုပ်ဖော်၍ ဆိုနိုင်သည်။

တံ အတိစ္ဆတ္တန္တိ ဝုစ္စတိ–၌ တံ ဟူသောတံပုဒ်အရ –ဝါ–အတိစ္ဆတ္တ ဟူသော အာကာရအရ–ထိး၌ရှိသော အဋ္ဌကလာပ်ရုပ်ရှိ–ရူပါရုံပစ္စည်းတရားက ဝုစ္စတိ–ဝစဓာတ် အရ သတိ, ဝီရိယ , ဉာဏ်ပြဓာန်းသောစိတ္တုပ္ပါဒ်အား အာရမ္မဏသတ္တိဖြင့်ကျေးဇူးပြု။

ပြိုင်နိုင်သောပစ္စယသတ္တိ– အာရမ္မဏ, အာရမ္မဏပုရေဇာတ, အာရမ္မဏ ပုရေဇာတတ္ထိ, အာရမ္မဏ ပုရေဇာတ အဝိဂတ (၄) ပစ္စည်း။

✪ ကံ အာကာရ၊ ကရဏာတို့၊ အရမပြား၊ ဤသုံးပါး၊ မမှားတူလေမြဲ။

---

(က) အယမ္ပိဓမ္မော ဓမ္မာတိရေကဓမ္မဝိသေသဋ္ဌေန အဘိဓမ္မောတိ ဝုစ္စတိ။

( ခ) သုတ္တန္တဥ္စပတွာ ပဉ္စက္ခန္ဓာ ဧကဒေသေနေဝ ဝိဘတ္တာ။

( ဂ) န နိပ္ပဒေသေန။

(ဃ) အဘိဓမ္မံ ပတွာ ပန သုတ္တန္တဘာဇနီယ အဘိဓမ္မဘာဇနီယ ပဥှပုစ္ဆက–နယာနံ ဝသေန နိပ္ပဒေသတော ဝိဘတ္တာ။

(င ) တထာ ဒွါဒသာယတနာနိ။ ဌ ။ ၃။

http://www.dhammadownload.com



## (၁) အနက်ယောဇနာ

ခ-ဝါကျ= ယသ္မာ၊ အကြင်ကြောင့်။ သုတ္တန္တံ၊ သုတ္တန်သို့။ ပတွာ၊ ရောက်၍။ ပဋ္ဌက္ခန္ဓာ၊ ငါးပါးကုန်သော ခန္ဓာတို့ကို။ ကေဒေသေနေဝ၊ တစ်စိတ်တစ်ဒေသ အားဖြင့်သာလျှင်။ ဝိဘတ္တာ၊ ဝေဘန်အပ်ကုန်၏။

ဂ-ဝါကျ= နိပ္ပဒေသေန၊ အကြွင်းမရှိသောအားဖြင့်။ နဝိဘတ္တာ၊ မဝေဘန်အပ်ကုန်။ ပန၊အထူးကိုဆိုဦးအံ့။ အဘိဓမ္မံ၊ အဘိဓမ္မာသို့။ ပတွာ၊ ရောက်၍။ သုတ္တန္တဘာဇနီယ အဘိဓမ္မ-ဘာဇနီယ ပဉှပုစ္ဆကနယာနံ၊ သုတ္တန္တ ဘာဇနီယနည်း အဘိဓမ္မဘာဇနီယ နည်း ပဉှပုစ္ဆကနည်းတို့၏။ ဝသေန၊ အစွမ်းဖြင့်။ နိပ္ပဒေသတော၊ အကြွင်းမရှိသောအားဖြင့်။ ဝိဘတ္တာ၊ကုန်၏။ (တသ္မာ၊ ထိုသို့အကြွင်းမရှိသောအားဖြင့် ဝေဘန်အပ်ကုန်သည်တို့၏အဖြစ်ကြောင့်။ နိပ္ပဒေသာနံ၊ အကြွင်းမရှိကုန်သော။ တိဏ္ဏံ၊ သုံးပါးကုန် သော။ နယာနံ၊ နည်းတို့၏။ အတိရေကပါဠိဘာဝတော၊ လွန်သောပါဠိ၏အဖြစ်ကြောင့်လည်းကောင်း။ ဝိသေသပါဠိဘာဝတော စ၊ ထူးသောပါဠိ၏ အဖြစ်ကြောင့်လည်းကောင်း) အယမ္ပိဓမ္မော၊ ဤပါဠိကိုလည်း။ ဓမ္မာတိရေကာ ဓမ္မဝိသေသဋ္ဌေန၊-ဟူသော အနက်ကြောင့်။ အဘိဓမ္မော၊ အဘိဓမ္မမည်၏ ဣတိ၊ ဤသို့။ ဝုစ္စတိ၊၏။

မှတ်ချက်။ ဤပြည်နိသျအနက်ကား- ယသ္မာ တသ္မာ အကြောင်း,အကျိုး၊ အပြန် အလှန်(ဝါကျပရိဝတ္တန)အနက်ပေးပုံတည်း။(-)ကွင်းအတွင်းရှိ စကားရပ်မှာ-မူလဋီကာအဖွင့်ဖြစ်၍-က-ဝါကျသို့ပြန်စပ်၍အနက်ပေးပုံတည်း။ နည်းရစေရန်ဖော်ပြ လိုက်သည်။ မူလဋီ၊ ၁၊ ၁၃-ရှုလေ။ င-ဝါကျ အနက်ပေးပုံကိုလည်း နိသျအတိုင်း သတိပြုပါလေ။

နိပ္ပဒေသေန၊ အစိတ်အပိုင်းမရှိသောအားဖြင့်။(သဒ္ဒတ္ထ) ဝါ-အကြွင်းအကျန် မရှိသော အားဖြင့်။ (အဓိပ္ပါယတ္ထ) ၄-နံပါတ်အဖြေကြည့်။

---

## (၂) (၃) ဝါကျခွဲ စသည်

သုတ္တန္တဉ္စိ-လ-ဝိဘတ္တာ တိုင်အောင်သော ခ-ဂ-ဃ တို့ကား အကြောင်း ကိုပြသောကြောင့် " ကာရဏ " ဝါကျ။ ထို-၍ ကဝါကျကား ဖလဝါကျ။

### ခ-ဂ-ဃ မျှော်၍ ကျမ်းတက်

ဆရာ၊ ဆရာသည် ကဝါကျဖြင့် ဤပါဠိကိုလည်း သုတ္တန်ပါဠိတို့ထက် လွန်သောပါဠိ ဟူသောအနက်၊ သုတ္တန်ပါဠိတို့ထက် ထူးပြားဆန်းကြယ်သော ပါဠိဟူသော အနက်ကြောင့် "အဘိဓမ္မ "မည်၏ဟုဆိုအပ်သောဟု ဆိုတော်မူ၏။(ထပနာ) ထိုသို့သာ ဆိုချေသော် (လက္ခဏာအရစ်) အဘိဓမ္မ မည်၏ဟုဆိုရာ၌ အကြောင်းမရှိဟူသော အနက်သည်ရောက်ရာ၏။ (အန+ ပါ)စင်စစ်တမူကား(ထိုသို့တမူကား)အဘိဓမ္မမည်၏ ဟုဆိုရာ၌ အကြောင်း မရှိမဟုတ်၊ ရှိသည်သာဖြစ်၏။ (ပဋိ+ပါ) ယင်းသို့ရှိသည်သာ ဖြစ်သောကြောင့် (ရောပနာပါဒကဟိတ်)

http://www.dhammadownload.com



အဘိဓမ္မမည်၏ဟုဆိုရာ၌ အကြောင်းကိုလည်း ဆိုသင့်ဆိုတန်၏။ (အနု+ရော) အကြောင်းကိုမဆိုဘဲ မနေသင့် မနေတန်။ အဘိဓမ္မမည်၏ ဟုဆိုရာ၌ အကြောင်းကား အဘယ်နည်း–ကြောင့်– ခ–ဂ–ဃ ဝါကျတို့ကိုမိန့်။

ဒေါသပယ် = က–ဝါကျကိုသာဆို၍ ခ–ဂ–ဃဝါကျတို့ကိုမဆိုသော် အကျိုးသာရှိ၍၊ အကြောင်းမရှိ မပြည့်စုံ၊မပြန့်နှံ့ခြင်း အဗျာပိတ၊ အပရိပုဏ္ဏ ဒေါသ ရောက်ရာ၏။ ခ–ဂ–ဃ ဝါကျတို့ကိုဆိုသဖြင့် အဆိုပါဒေါသများ ကင်းစင်လွင့်ပျောက်၊ မကျရောက်တော့ချေ။ သို့ဖြစ်၍ ခ–ဂ–ဃ ဝါကျများဖြင့် အဆိုပါဒေါသတို့ကို ပယ်ပါသည်။

ခ–ဝါကျကား အန္ဝယဝါကျ။ ဂ–ဝါကျကား ဗျတိရေကဝါကျ။

မှတ်ချက်။ ဗျတိရေက+အန္ဝယမှတ်ဖွယ်ကို ပါ–ဖြေ၊ ပထမ–နှာ၊ ၅၇၉–၌ရှု။

ဒေါသပယ် = ဂ–ဝါကျဖြင့် အဗျာပိတ၊ အပရိပုဏ္ဏဒေါသပယ်။

သုတ္တန္တဋီ–ခ–ဂ ဝါကျများကာ သာမညဝါကျ။ ဃ–ဝါကျကား ဝိသေသဝါကျ။

မှတ်ချက်။ သုတ္တန္တဋီကား သုတ္တန်ဖက်(ပက္ခ) အဘိဓမ္မဲ ပတ္တာကား အဘိဓမ္မာဖက် (ပက္ခ)ဟု ၂–ဖက်၊ ၂–ပက္ခရှိရာ ဒုတိယဖြစ်သော အဘိဓမ္မာဖက်ကို ပက္ခန္တရဆိုနိုင်သည်။ သို့ဖြစ်၍ ယင်းဝိသေသဝါကျမျိုးကား ပက္ခန္တရန္ဝယ်သည်။ သို့ဖြစ်၍ ယင်း–ဃ–ဝါကျဖြင့် အဗျာပိတ၊ အပရိပုဏ္ဏဒေါသပယ်သည်ဟု မှတ်။

င–ဝါကျကား ပက္ခန္တရဝါကျ။ ထို–၍ ခ–ဂ–ဃ ဝါကျကား ပက္ခ။

ဒေါသပယ်။ အဗျာပိတ၊ အပရိပုဏ္ဏဒေါသပယ်။

---

## (၄) ဝိဂ္ဂဟာဒိ

ပဒေသ။ ပဒိဿတိ တေန သမုဒါယောတိ ပဒေသော။ အဝယဝေါ။

အနုဋီ။ ၁၊ ၂၇။

တေန၊ ထိုအစိတ်ဖြင့်။ သမုဒါယော၊ အပေါင်းကို။ ပဒိဿတိ၊ ရှုအပ်၏။ ဣတိ၊ သော၊ အဝယဝေါ ပဒေသော။

နိပ္ပဒေသ။ နတ္ထိ ပဒေသော ဧတ္ထာတိ နိပ္ပဒေသံ။

ဧတ္ထ၊ ဤသုတ္တန်၌။ ပဒေသော၊ အစိတ်သည်။ နတ္ထိ၊ မရှိ၊ ဣတိ တံ နိပ္ပဒေသံ။ ဗဟုဗ္ဗီဟိသမာသ်။ နိ+ ပဒေသ+ ဧတ။

နိ+ပဒေသ–ပုဒ်လုံးအရ အစိတ်၏၊ ဝါ–အကြွင်း၏ မရှိခြင်း အဘာဝဘောဂုဏ် သည် မုချ။ ထို–၏ သုတ္တန်နှင့် ဂုဏ် ဂုဏေးစပ်ခြင်း သမ္ဗန်သည် ဌာနူပစာ။ ဧတ–အရ ထို–ဖြင့် မှတ်အပ်သော သုတ္တန်ရ၏။

http://www.dhammadownload.com



## ဓာန်ဋီနည်း ဗျုပ္ပတ္တျာဒိ

၁။ နိပ်–ဟူသော ပ–ဟူသော ဒေ–ဟူသော သ–ဟူသော အစိတ်ပရမတ္ထသည် ဗျုပ္ပတ္တိ။

၂။ ထိုဗျုပ္ပတ္တိ၏အကြောင်းဖြစ်သော အစိတ်၏၊ ဝါ– အကြွင်းမရှိခြင်း အဘာဝဂုဏ်၏ သုတ္တန်နှင့် ဂုဏ်ဂုဏေးစပ်ခြင်း သမ္ဗန်ဗျုပ္ပတ္တိနိမိတ်။

၃။ နိပ္ပဒေသဟူသော အပေါင်းပညတ္တိသဒ္ဒါသည် ပဝတ္တိ။

၄။ ထိုပဝတ္တိ၏ အကြောင်းဖြစ်သော သုတ္တန်တို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာသည် ပဝတ္တိနိမိတ်။

ဒေသ ။ ဒိဿတိ ဧတေန သမုဒ္ဒါယောတိ ဒေသော။

ဧကဒေသ။ ဧကော ဒေသော ဧကဒေသော။

ဗျုပ္ပတျာဒိ။ ၂။ တစ်ခုသောသချာဂုဏ်၏ အစိတ်နှင့်ဂုဏ်ဂုဏေးစပ်ခြင်း သမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။

၄။ တစ်စိတ်တစ်ဒေသတို့၏ တစ်ခုသည်တစ်ခုနှင့်တူသော အခြင်းအရာဟု ဆိုအပ်သောဇာတ်သည် ပဝတ္တိနိမိတ်။

### ဧကဒေသအရ

ဧကဒေသေနေဝ ဝိဘတ္တာတိ –လ– ဥဒ္ဒေသနိဒ္ဒေသမတ္တေနေဝ ဝိဘတ္တာ။ (မူလဋီ၊ ၁၊ ၁၃)ကိုထောက်၍ ဧကဒေသအရကား ရူပက္ခန္ဓော ဝေဒနာက္ခန္ဓောစသည်အကျဉ်း (ဥဒ္ဒေသ) ယံကိဉ္စိရူပံ အတီတာစသည် အကျယ် (နိဒ္ဒေသ) ရသည်။

ဘာဇနီယ = ဘာဇိယန္တိ ဝိဘာဇိယန္တိ ဧတ္ထ ဧတေနာတိ ဝါ ဘာဇနီယံ။

သုတ္တန္တဘာဇနီယ = သုတ္တန္တဝသေန ပဝတ္တံ ဝုတ္တံ ဝါ ဘာဇနီယံ သုတ္တန္တဘာဇနီယံ။ သုတ္တန္တေ ဝါ ဝုတ္တံ ဘာဇနီယံ သုတ္တန္တဘာဇနီယံ။

ပဉှပုစ္ဆက = ပဉှံ ပုစ္ဆနံ ပဉှာ။ ပုစ္ဆနံ ပုစ္ဆာ။ ပဉှေဝ ပုစ္ဆာ။ ပဉှာယ ဝါ ပုစ္ဆိတဗ္ဗာယ ဓမ္မဇာတိယာ ပုစ္ဆာ ပဉှာပုစ္ဆာ၊ တာယ ပဝတ္တံ ပဉှပုစ္ဆကံ။ (မဏိဒီပ)။

မှတ်ချက်။ ၄–နံပါတ် အဖြေဖြင့်ပင် ဓာတုပစ္စယာဒိ သိလောက်ပြီ။

---

## (၆) အာဘောဂနှင့် သံဝဏ္ဏနာ

ခ–ဝါကျဖြင့် သုတ္တန်သို့ရောက်၍ ခန္ဓာငါးပါးတို့ကို ကတမေစ ဘိက္ခဝေ စသည် ဥဒ္ဒေသ၊ ယံကိဉ္စိ ရူပံ အတီတာ စသည် နိဒ္ဒေသမျှဖြင့်သာလျှင် ဝေဖန်အပ်သတည်း ဟုသိစေသည်။ (ဘာဝတ္ထ)

ဂ–ဝါကျဖြင့် တတ္ထ ကတမံရူပံ အတီတံ အစရှိသောနည်း ထပ်၍အကျယ် ညွှန်ပြကြောင်းဖြစ်သော အဘိဓမ္မဘာဇနီယနည်း၏လည်းကောင်း၊ ပဉှပုစ္ဆကနည်း၏လည်းကောင်း မရှိခြင်းကြောင့် အကြွင်းအကျန်မရှိသောအားဖြင့် မဝေဖန်–ဟုသိစေသည်။ (ဘာဝတ္ထ)

မှတ်ချက်။ မူလဋီ၊ ၁၊ ၁၃၊ အဓိပ္ပါယ် အာဘော်များ။

http://www.dhammadownload.com



## (၇) ဥပသဂ္ဂ နိပါတတ္ထ

ခ–ဝါကျ၌ ဟိ သဒ္ဒါကား ကာရဏဇောတက။
ဂ–ဝါကျ၌ န သဒ္ဒါကား ပဋိသေဓဇောတက။
ဃ–ဝါကျ၌ ပန သဒ္ဒါကား ဝိသေသတ္တဇောတက။
င–ဝါကျ၌ တထာ သဒ္ဒါကား အနုကဍ္ဎနအနက်ရှိ၏။

### ရှင်းလင်းချက်

င–တထာ ဒွါဒသာယတနာနိ–ဝါကျသို့ က–ခ–ဂ–ဃ.ဝါကျတို့မှ သုတ္တန္တံ ပတွာ ( , ) ကေဒေသေနေဝ ဝိဘတ္တာ၊ န နိပ္ပဒေသေန။ အဘိဓမ္မံ ပတွာ ပန–လ– ဝသေန နိပ္ပဒေသတော ဝိဘတ္တာ–ဟူသောပါဌ်တို့ ကိုငင်၍ အနက်ယောဇနာရမည်ဟု "တထာ" သဒ္ဒါကပြသည်။ ( ) ကွင်းအတွင်း၌ ပဉ္စက္ခန္ဓာပုဒ်အစား ဒွါဒသာယတနာ အဋ္ဌာရသ ဓာတုယော စသည်လဲ၍ ထည့်ပါလေ။ အနက်ယောဇနာကိုလည်း ပြန်ကြည့်ပါ။

### ကေဒေသေနေဝ–၌ ဧဝ

၁။ ရူပက္ခန္ဓော–စသည် အကျဉ်းဥဒ္ဒေသ၊ ယံကိဉ္စိစသည် အကျယ်နိဒ္ဒေသဟူသော တစ်စိတ်တစ်ဒေသသည် ဂဟေတဗ္ဗ။

၂။ တတ္ထ ကတမံ ရူပံ အတီတံစသော ပဋိနိဒ္ဒေသ၊ အဘိဓမ္မဘာဇနီယနည်း၊ ပဥှပုစ္ဆက သည်–နိဝတ္တေတဗ္ဗ။

၃။ ဥဒ္ဒေသဘောဂုဏ် နိဒ္ဒေသဘောဂုဏ်–အနုညာတတ္ထ။

---

(က) ပကရဏပရိစ္ဆေဒတော ပနေသ ဓမ္မသင်္ဂဏီဝိဘင်္ဂဓာတုကထာ ပုဂ္ဂလပညတ္တိ ကထာဝတ္ထုယမကပဋ္ဌာနာနံ သတ္တန္နံ ပကရဏာနံ ဝသေန ဌိတော။ (ခ) အယမေတ္ထ အာစရိယာနံ သမာနကထာ။ (ဂ) ဝိတဏ္ဍဝါဒီ ပနာဟ"ကထာဝတ္ထု ကသ္မာ ဂဟိတံ၊ နနု –လ– မောဂ္ဂလိပုတ္တတိဿ ထေရေနေတံ ဌပိတံ? တသ္မာ သာဝကဘာသိတတ္တာ ဆဍ္ဍေထ န" န္တိ။ ဌ။ ၄။

### (၁) အနက်ယောဇနာ

ဂ–ဝါကျ။ ပန၊ အထူးကိုဆိုအံ့။ ဝိတဏ္ဍဝါဒီ၊ သည်။"ကထာဝတ္ထု –လ–ဆဍ္ဍေထ န"န္တိ အာဟ။ (အာကာရအတွင်းသွင်း)။

ပန၊ အံ့။ ဝိတဏ္ဍ– ဝါဒီ အာဟ။ ကိံ အာဟ " ကထာဝတ္ထု–လ– ဆဍ္ဍေထ န"န္တိ အာဟ။ (အာကာရအပြင်ထုတ်)။

မှတ်ချက်။ ဂ–ဝါကျ။ တသ္မာသာဝကဘာသိတတ္တာ–ဟိတ်၏သမ္ဗန်ကို ကထာဝတ္ထုပကရဏာသ၊ ကထာဝတ္ထုကျမ်း၏–ဟုထည့်ပါ။

http://www.dhammadownload.com



## (၂)(၃)ဝါကျခွဲ စသည်

### ဝစနတ္ထ မှ ပကရဏသို့ ကျမ်းတက်

ဤသို့တတ္ထ ကေနဋ္ဌေန အဘိဓမ္မောစသည်ဖြင့် အဘိဓမ္မသဒ္ဒါ၏ ဝစနတ္ထကို ပြပြီး၍ ဝစနတ္ထအားဖြင့် အဘိဓမ္မကိုသိပြီးလတ်သော် (ပကရဏ=ကျမ်း၏) ပိုင်းခြားကြောင်း သချာအားဖြင့် "အဘိဓမ္မာ" ကိုသိစေခြင်းငှါ "ပကရဏပရိစ္ဆေဒတော ပန" စသည်မိန့်။

**မှတ်ချက်။** ဧဝံ တတ္ထ ကေနဋ္ဌေန အဘိဓမ္မောတျာဒိနာ အဘိဓမ္မသဒ္ဒ ဝစနတ္ထံ ဒဿေတွာ– ဟူသော ပုဗ္ဗာနုသန္ဓေစကားကို ဋီကာအပရာ နုသန္ဓေ–၌ ဖြည့်ပါ။

✝ ဝစနတ္ထတော အဘိဓမ္မေ ဉာတော ပရိစ္ဆေဒတော ဉာပေတုံ အာဟ "ပကရဏ– ပရိစ္ဆေဒတောတိ အာဒိ"။ မူဋီ၊ ၁၊ ၁၃။

ခ–ဝါကျကား ယုတ္တိဒဋ္ဌိကရဏဝါကျ။ ထို–၍ က–ဝါကျကား ယုတ္တိဒဋ္ဌိယဝါကျ။

**မှတ်ချက်။** ယုတ္တိဒဋ္ဌိကရဏဝါကျတက်ရိုးအတိုင်း အသင့်ယုတ္တိကို မပြတော့ ပြီလော၊ အသင့်ယုတ္တိကား အဘယ်ပါနည်း–ဟု ကျမ်းတက်။ ရှေးဆရာတော်များ ကျမ်းတက်ပုံ နည်းမှီနိုင်ရန် မြို့ပြင်ကြီး ဂဏ္ဍီကျမ်း တက်ပုံကို ဖော်ပြလိုက်သည်။

ဤစကားကို (က–ဝါကျစကားကို) ဆရာသာ ဆိုသလော၊ ဆရာ့စကားသာ ဖြစ်ချေသော် ငါတို့ ယုံကြည်စွာမမှတ်ပါ–ဟုဆိုရန်ရှိ၍ အယ မေတ္ထ စသည်မိန့်။ ။ ငါသာမဟုတ် ဆရာ ခပ်သိမ်းပင် အညီအညွတ်ဆိုအပ်သော စကားဟူလို။

ဒေါသပယ်။ ခ–ဝါကျဖြင့် ဝိရောဓိဒေါသပယ်။

ဂ–ဝါကျကား ဝိသေသဝါကျ။ ထို–၍ က–ခ–ဝါကျတို့ကား သာမညဝါကျ။

**မှတ်ချက်။** က–ခ–ဝါကျဖြင့် သမာနဝါဒ(အဋ္ဌကထာဝါဒ)ကိုပြပြီး နောက်၊ ဝိတဏ္ဍဝါဒီဝါဒအထူးကိုပြသဖြင့် ဂ–ဝါကျ ဝိသေသဝါကျ ဟုဆို သည်။ က–ခ–ပက္ခဝါကျ၊ ဂ– ဝါကျ ပက္ခန္တရဝါကျ ဟုလည်း ကြံနိုင်သည်။

ဒေါသပယ်။ ပကရဏပရိစ္ဆေဒ ကို သမာနဝါဒ အရသာဖော်ပြ၍ ပရဝါဒကို မဖော်ပြလျှင်– မပြည့်စုံချေ။ သို့ဖြစ်၍ ဂ–ဝါကျရေးသားရသည်။

ဂ–ဝါကျဖြင့် အဗျာပိတ, အပရိပုဏ္ဏဒေါသကိုပယ်သည်။

ဂ–ဝါကျ၌ ကထာဝတ္ထု ကသ္မာ ဂဟိတံ– ပုစ္ဆာဝါကျ။ နနု –လ– ထပိတံ– အာဘောဂဝါကျ။ တသ္မာ–နိယတ်ဝါကျ။ ကာရဏဝါကျ။

### ဝိဂ္ဂဟ၊ ဉာဉ်ကောက်၊ ဗျူပ္ပတျာဒိ

ပကရဏ။ နာနာပ္ပကာရာ အတ္ထာ ကရီယန္တိ ဝုစ္စန္တိ ဧတေန ဧတ္ထာတိ ပကရဏံ။

ဧတေန၊ ဤကျမ်းဖြင့်။ ဝါ–ကား။ ဧတ္ထ၊ ဤကျမ်း၌။ ဘဂဝတာ၊ သည်။ နာနာပ္ပကာရာ၊

http://www.dhammadownload.com



အထူးထူး အပြားပြား များစွာကုန်သော။ အတ္ထာ၊ အနက်တို့ကို။ ကရိယန္တိ ဝုစ္စန္တိ၊ ဆိုအပ်ကုန်၏။ ဣတိ၊ကြောင့်။ တံ၊သည်။ ပကရဏံ။ (ကရဏသာဓနေ၊ ဝါ–အဓိကရဏသာဓနေ)။

ပ–ပုဗ္ဗ+ ကရဓာတ်+ ယု ပစ္စည်း။

ပ–ဟူသော ဝိသေသနပုဒ်အရကား အထူးထူးအပြားပြားသောအနက်သည် မုချ။

ယင်း၏ ကျမ်းနှင့် ဌာနီ ဌာန၊ ဂုဏ် ဂုဏောစပ်ခြင်း သမ္ဗန်သည် ဌာနူပစာ။

ကတ္တုဌ္ဌ..ကား အထူးထူးအပြားပြားသောအနက်တို့ကိုဟောသော မြတ်စွာဘုရား၏ သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက မဟာကြိယာစိတ်ရ၏။

ကရဏတ္ထ၊ ဝါ–အဓိကရဏတ္ထ..ကား ထိုအားတပ်သော ကုသလာ ဓမ္မာ အကုသလာဓမ္မာ အစရှိသော အလုံးစုံသော သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက မဟာကြိယာစိတ် ကြောင့်ဖြစ်သော မနသာဝဝတ္ထာပိကအက္ခရာ (သဒ္ဒါ) အစဉ်၏ အာရမ္မဏပစ္စယသတ္တိ၊ ပကတူပ နိဿယ သတ္တိသည် ဖလူပစာ။

ယုပစ္စည်း အရကား ကုသလာဓမ္မာ အကုသလာဓမ္မာ အစရှိသော အလုံးစုံသော သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် မဟာကြိယာစိတ်ကြောင့်ဖြစ်သော အက္ခရာ အစဉ်ရ၏။

**မှတ်ချက်**။ အာရဒ္ဓပုဒ် ဉသ်ကောက် ၂–မျိုးနှင့် ယှဉ်ကြည့်ပါ။ ဤဝိဂြိုလ်ကား မဏိမဥ္ဇူလာ အောက်ပါ အဖွင့်ကိုရှု၍ ဌာနာနရူပ ဝိဂြိုဟ်တည်း။

✝ နာနပ္ပကာရာ အတ္ထာ ကရိယန္တိ ဝုစ္စန္တိ ဧတေန ဧတ္ထ ဝါတိ ပကရဏံ။ တတ္ထ ဝုတ္တာ အဘိဓမ္မတ္ထာတိ အာဒိကော သကလော သောမနဿသဟဂတ ဉာဏသမ္ပယုတ္တ အသင်္ခါရိက–ကုသလစိတ္တ အက္ခရ ပဗန္ဓော။ မဏိမဥ္ဇူ ၁၊ ၂၈။

**ပရိစ္ဆေဒ**။ ပရိစ္ဆိန္ဒန္တိ ဧတေနာတိ ပရိစ္ဆေဒေါ။ ဧတေန၊ ထိုအရေအတွက် သင်္ချာဖြင့်–ဟုစွဲ။ ပရိ+ ဆိဒိ+ အ။

**ပကရဏပရိစ္ဆေဒ**။ ပကရဏဿ ပရိစ္ဆေဒေါ ပကရဏပရိစ္ဆေဒေါ။ (ပရိစ္ဆေဒဝန္တ, ပရိစ္ဆေဒ၊ သင်္ချေယျ, သင်္ချာ စပ်)

**ဓမ္မသင်္ဂဏီ**။ ကုသလာဒယော ဓမ္မာ သင်္ဂယှန္တိ ဧတ္ထ ဧတာယာတိ ဓမ္မသင်္ဂဏီ။ (ဓမ္မသဒ္ဒါပြု ပဒ+သံပုဗ္ဗ+ဂဟဓာတ်+ယုပစ္စည်း၊ ဣတ္ထိလိင် ဇောတက ဤ ပစ္စည်း။ ဓမ္မသင်္ဂဟဏီ ဟုဆိုလိုလျက် ဟ–ကြေသည်။)

**ဝိဘင်္ဂ**။ တတ္ထ သင်္ခေပေန ဝုတ္တာနံ ခန္ဓာဒီနံ ဝိဘဇ္ဇနံ ဝိဘင်္ဂေါ။ (ဘိ၊ဋ္ဌ၊၂ ၊၃) တနည်း။ ဝိဘဇိယန္တိ ဧတ္ထ ဧတေနာတိဝါ ခန္ဓာဒယောတိ ဝိဘင်္ဂေါ။ ( ဝိ+ဘဇ+ဏ )

**ဓာတုကထာ**။ ဓာတုယော ကထိယန္တိ ဧတ္ထ ဧတေနဝါတိ ဓာတုကထာ။

http://www.dhammadownload.com



**ပုဂ္ဂလပညတ္တိ**။ ပုဂ္ဂလာနံ ပုဂ္ဂလာတိ ပညာပနာ ဒဿနာ ပကာသနာ ထပနာ နိက္ခိပနာ ပုဂ္ဂလပညတ္တိနာမ။ (အဘိ၊ ၄၊ ၃။)

တစ်နည်း။ ပုဂ္ဂလေ ပညာပေန္တိ ဧတ္ထ ဧတာယာဝါတိ ပုဂ္ဂလပညတ္တိ-ဟုကြံ။ (ပ ပုဗ္ဗ+ ဉာပဓာတ်+တိ-ပစ္စည်း။ (တနည်း) ဉာဓာတ်လည်းရှိ။)

**ကထာဝတ္ထု**။ ကထာနံ ဝတ္ထု ကထာဝတ္ထု။ (ဌာနီ+ဌာနစပ်)

**ယမက**။ အစုံဟူသော အနက်ကိုဟောသော အနိပ္ဖန္နပါဋိပဒိက သဒ္ဒါတည်း။ (ယမိုက်အရကောက်-နာ-၂ )

**ပဋ္ဌာန**။ နာနာပ္ပကာရဲ ဌာနံ ပဋ္ဌာနံ။

**ဗိတဏ္ဍ**။ ဝိသေသေန တဏ္ဍေတိ စာလေတီတိ ဝိတဏ္ဍော၊ ဝါဒေါ။ (ယောဇနာ၌ စောဒကော ဟုပါဠိပျက်လျက်ရှိသည်။) ဓေနဝါဒေန၊ ဤ ဝါဒဖြင့်။ သကဝါဒီ၊ သကဝါဒီကို။ တဏ္ဍေတိ စာလေတိ၊တုန်လှုပ်စေတတ်၏။ က္တတိ တသ္မာ သော ဝါဒေါ ဝိတဏ္ဍော။ယောဇနာ၊၁၀။

**ဝါဒေါ**။ ဝဒတိ ဧတေနာတိ ဝါဒေါ။

**ဝိတဏ္ဍဝါဒေါ**။ ဝိတဏ္ဍော စ သော ဝါဒေါစာတိ ဝိတဏ္ဍဝါဒေါ။

**ဝိတဏ္ဍဝါဒီ**။ ဝိတဏ္ဍဝါဒေါ ဧတဿ အတ္ထီတိ ဝိတဏ္ဍဝါဒီ။ (စောဒကော)

ဝိတဏ္ဍဝါဒီ= သကဝါဒီပုဂ္ဂိုလ်ကို အထူးသဖြင့် တုန်လှုပ်ကြောင်း စကား (ဝါဒ) ရှိသောသူ။ (ယောဇနာ)။ ဝါ- ပညာရှိတို့၏နှလုံးကို တုန်လှုပ်စေတတ်သော အယူဆိုးရှိ သောပုဂ္ဂိုလ်သည်။ (ပြည်နီသျှ)

ဝါ- ပညာရှိတို့၏ စိတ်နှလုံးကိုအထူးအားဖြင့် တုန်လှုပ်စေတတ် ပုတ်ခတ်သော စကားကတ်ကို ပြောဆိုလေ့ရှိသော ပရဝါဒီပုဂ္ဂိုလ်သည်။ (ဘာသာဋီ)

**ဓာတွတ္ထသင်္ဂဟာအဆို**။ တဍိ= တဋ္ဋနေ စာလေသု၊ ပုတ်ခတ်ခြင်း တုန်လှုပ်စေခြင်းတို့၌ ဖြစ်၏။ ဝိသေသေန ဝိညူနံ ဟဒယံ တဏ္ဍတိ ကမ္ပေတီတိ ဝိတဏ္ဍော။ ဝါဒေါ။ တံ ဝဒတိ သီလေနာတိ ဝိတဏ္ဍဝါဒီ။

ဝိတဏ္ဍဝါဒီ= ပညာရှိတို့၏ စိတ်နှလုံးကို တုန်လှုပ်စေတတ်သော စကား (ဝါဒ) ကို ပြောဆိုလေ့ရှိသောသူ။

**မှတ်ချက်**။ သူစိ-၌ ဝိတဏ္ဍပုဒ် ရပ်မြီးပုံ တနည်းဖွင့်သေးသည်။ ဝိတဏ္ဍသတ္တာ -ရှု။ ဘာသာဋီကာ-၌လည်း အကျယ်ရေးသားထားသည်။

**ပရိနိဗ္ဗာန**။ ပရိနိဗ္ဗာယတိ ဧတ္ထကာလေတိ ပရိနိဗ္ဗာနံ။
တစ်နည်း။ မိမိအယူဝါဒတည်းဟူသော အတ္တနောမတိကို ပြလိုသောကြောင့် "အပရောနယော" ထားရသည်။

✪ အပရောနယော၊ အတ္တနောမတိ၊ မှတ်သားဘိ။

---

## (၄) ဝိဂ္ဂဟစသည်

ဗာဠှာ။ အဗဟိံသူတိ ဗာဠှာ။

ယာဒုက္ခာ ဝေဒနာ၊ အကြင်ဒုက္ခ ဝေဒနာတို့သည်။ အဗဟိံသု၊ ကြီးပွားကုန်ပြီ။ (ပြင်းထန်လွန်ကဲ အားရှိကုန်ပြီ)

### ဓာန်ဋီနည်း

၁။ ဗာလ်–ဟူသော, ဠှာ–ဟူသော အစိတ် ပရမတ္ထသဒ္ဒါသည် ဖျုပ္ပတ္တိ။

၂။ ယင်းဖျုပ္ပတ္တိ၏ အကြောင်းဖြစ်သော ဗဟဓာတ်+တပစ္စည်းသည်လည်းကောင်း၊ ကြီးပွား–ပြင်းထန်ခြင်း ကြိယာသည်လည်းကောင်း ဖျုပ္ပတ္တိနိမိတ်။

၃။ ဗာဠှာ–ဟူသော ပုဒ်ပြီးနိပ္ဖန္နသည် ပဝတ္တိ။

၄။ ယင်းပဝတ္တိ၏ အကြောင်းဖြစ်သော ကြီးပွားပြင်းထန်ခြင်း ကြိယာသည် ပဝတ္တိနိမိတ်။

✪ အပေါင်းကြောင်းချာ၊ ကြိယာ သညာ ပဝတ္တိ (နိမိတ်)။

http://www.dhammadownload.com



## ဘောဒစိန္တာနည်း

၁။ အဗဟိသု-ဟူသော ဝိဂြိုဟ်ဝါကျသည် ဖျူပ္ပတ္တိ။

၂။ ယင်းဗျုပ္ပတ္တိ၏အကြောင်းဖြစ်သော ဗဟာစတ်+ဦးဝိဘတ်သည်လည်းကောင်း၊ (အဗဟိသု-ကြည့်) ကြီးပွား-ပြင်းထန်ခြင်းကြိယာသည်လည်းကောင်း ဗျုပ္ပတ္တိနိမိတ်။

၃။ ဗာဠှာ ဟူသောပုဒ်ပြီးနိပ္ဖန္နသည် ပဝတ္တိ။

၄။ ယင်းပဝတ္တိ၏ အကြောင်းဖြစ်သော ကြီးပွား-ပြင်းထန်ခြင်း ကြိယာသည် ပဝတ္တိနိမိတ်။

✝ ဗဟဝုဒ္ဓိမှိ၊ အဗဟိတိ ဗာဠ္ဟော။ ကွစိဓာတုတိအာဒိနာ ဒီဃော။ ရူ၊ ၃၇၉။

သင်္ကေ၊ ရ။ သံ+ကရ+အ။ သံကရီယတေ (ရောနှောရောရက်ခြင်း) သင်္ကရော။

---

## (၆) အာဘောဂသံဝဏ္ဏနာ

ဂ-ဝါကျ ဂါထာ-၌ ယံဧတ္တ ဝုမိမန္တော သုတ္တာ ဓမ္မာ တေန-ဖြင့် အဘိဓမ္မော၌ အဘိ-ဥပသာရသည် အဘိမုချ, ဝိသိဋ္ဌ, ဥဒ္ဒကမ္မစသောအနက်တို့ကိုမဟော၊ ဝုမိမန္တအနက်ကို ဟောသည်၏ အဖြစ်ကိုလည်းကောင်း၊[၁] အဘိဓမ္မော-ပုဒ်ကို အဘိဝိသေသော ဓမ္မော အဘိဓမ္မော-ဟု ကမ္မဓာရယ် သမာသ်ဝစနတ္ထ မပြုရ၊ ဝုမိမန္တော ဓမ္မော ဧတ္ထာတိ အဘိဓမ္မော-ဟု သတ္တမီ ဗဟုဗ္ဗိဟိသမာသ်ဝစနတ္ထ ပြုရမည်၏ အဖြစ်ကိုလည်းကောင်း[၂] သိစေသည်။

၁။ ဥပသဂ္ဂလိင်္ဂတ္ထ။ ၂။သမာသလိင်္ဂပဒ၊ သမာသလိင်္ဂတ္ထ၊
ဝါ- သမာသလိင်္ဂပဒတ္ထ၊ ဝိဂြိုဟ်ပြုအဘိဓာန်တ္ထ။

ဂ-ဝါကျ ဂါထာ ၌ ယံ ဧတ္ထ သလက္ခဏာ ဝုတ္တာ ဓမ္မာ တေန-ဖြင့် အဘိဓမ္မော-၌ အဘိဥပသာရသည် အဘိမုချ ဝိသိဋ္ဌ ဥဒ္ဒကမ္မစသောအနက်ကိုမဟော၊ သလက္ခဏအနက်ကို ဟောသည်၏အဖြစ်ကိုလည်းကောင်း၊[၁] အဘိဓမ္မော-ပုဒ်ကို သလက္ခဏော ဓမ္မော အဘိဓမ္မော-ဟုကမ္မဓာရယ်သမာသ် ဝစနတ္ထ မပြုရ၊ သလက္ခဏာ ဓမ္မာ ဧတ္ထာတိ အဘိဓမ္မော ဟု သတ္တမီဗဟုဗ္ဗိဟိ သမာသ်ဝစနတ္ထပြုရ မည်၏အဖြစ်ကိုလည်းကောင်း[၂] သိစေပါသည်။

၁။ ဥပသဂ္ဂလိင်္ဂတ္ထ။ ၂။ သမာသလိင်္ဂပဒ၊ သမာသလိင်္ဂတ္ထ၊
ဝါ-သမာသလိင်္ဂပဒတ္ထ၊ ဝိဂြိုဟ်ပြု အဘိဓာနတ္ထ။

ဂ-ဝါကျ ဂါထာ ၌ ယံ ဧတ္ထ ပူဇိတာ ဝုတ္တာ တေန-ဖြင့် အဘိဓမ္မော၌ အဘိ ဥပသာရသည် အဘိမုချ, ဝိသိဋ္ဌ, ဥဒ္ဒကမ္မစသောအနက်တို့ကို မဟော၊ ပူဇိတာ အနက်ကို ဟောသည်၏အဖြစ်ကိုလည်းကောင်း၊[၁] အဘိဓမ္မောပုဒ်ကို ပူဇိတာနံဓမ္မောဟု တပ္ပုရိသ် သမာသ်ဝစနတ္ထ မပြုရ၊ ပူဇိတာ ဓမ္မာ ဧတ္ထာတိ အဘိဓမ္မော-ဟုသတ္တမီတပ္ပုရိသ် သမာသ် ဝစနတ္ထ ပြုရမည်၏ အဖြစ်ကိုလည်းကောင်း[၂] သိစေပါသည်။

၁။ ဥပသဂ္ဂလိင်္ဂတ္ထ။ ၂။ သမာသလိင်္ဂပဒ၊ သမာသလိင်္ဂတ္ထ၊
ဝါ-သမာသလိင်္ဂဒတ္ထ၊ ဝိဂြိုဟ်ပြုအဘိဓာနတ္ထ။

http://www.dhammadownload.com



ဂ–ဝါကျ ဂါထာ–၌ ယံ ဧတ္ထ ပရိစ္ဆန္နာ ဝုတ္တာ ဓမ္မာ တေန–ဖြင့် အဘိဓမ္မော ၌ အဘိ–ဥပသာရ–လ–မဟော၊ ပရိစ္ဆန္နအနက်ကို ဟောသည်၏ အဖြစ်ကိုလည်းကောင်း၊[၁] အဘိဓမ္မောပုဒ်ကို ဓမ္မသဒ္ဒ ပရိစ္ဆိန္နော အဘိဓမ္မော ဟု အဗျယီဘာဝသမာသ်ဝစနတ္ထမပြုရ၊ ပရိစ္ဆန္နာ ဓမ္မာ ဧတ္ထာတိ အဘိဓမ္မော ဟုသတ္တမီဗဟုဗ္ဗီဟိသမာသ်ဝစနတ္ထ ပြုရမည်၏ အဖြစ်ကိုလည်းကောင်း၊[၂] သိစေပါသည်။

၁။ ဥပသဂ္ဂလိင်္ဂတ္ထ။ ၂။ သမာသလိင်္ဂပဒ၊ သမာသလိင်္ဂတ္ထ၊

ဝါ–သမာသလင်္ဂပဒတ္ထ။ ဝိဂ္ဂြိုဟ်ပြအဘိဓာနတ္ထ။

ဂ–ဝါကျ ဂါထာ၌ ယံ ဧတ္ထ အဓိကာ ဝုတ္တာ ဓမ္မာ တေန–ဖြင့် အဘိဓမ္မော–၌ အဘိ–ဥပသာရသည်–လ–မဟော၊ အဓိကအနက်ကိုဟောသည်၏အဖြစ်ကိုလည်းကောင်း၊[၁] အဓိကော ဓမ္မော အဘိဓမ္မော–ဟု ကမ္မဓာရာယ်သမာသ် ဝစနတ္ထမပြုရ၊ အဓိကာ ဓမ္မာ ဧတ္ထာတိ အဘိဓမ္မော–ဟု သတ္တမီ ဗဟုဗ္ဗီဟိသမာသ်ဝစနတ္ထပြုရမည်၏ အဖြစ်ကိုလည်းကောင်း၊[၂] သိစေသည်။

၁။ ဥပသဂ္ဂလိင်္ဂတ္ထ။ ၂။ သမာသလိင်္ဂပဒ၊ သမာသလိင်္ဂတ္ထ၊

ဝါ–သမာသလိင်္ဂပဒတ္ထ၊ ဝိဂ္ဂြိုဟ်ပြ အဘိဓာနတ္ထ။

---

## (၇) ဥပသဂ္ဂနိပါတတ္ထ

### ဝုတ္တောယေဝ–၌ ဧဝသဒ္ဒါ

၁။ အဘိအတိရေကော ဓမ္မော, အဘိဝိသေသေသော ဓမ္မောဟူသော ရှေး၌ဆိုအပ်ပြီးသော ဝစနတ္ထသည် ဂဟေတဗ္ဗတ္ထ။

၂။ ရှေး၌မဆိုရသော အဘိဓမ္မသဒ္ဒါ၏ ဝစနတ္ထသည် နိဝတ္တေတဗ္ဗတ္ထ။

၃။ ဝစဓာတ်အရ ဆိုခြင်းကြိယာဂုဏ်သကတ်သည် အနုညာတတ္ထ။

**မှတ်ချက်။** ဝုတ္တောသည် ကြိယာသဒ္ဒါ မဟုတ်။ ဝစနတ္ထောပုဒ်ကိုရသော ဒဗ္ဗသဒ္ဒါသာ။

### သမ္ဗန္ဓာမဝိသယ

ခ–ဝါကျ။ အပရော နယော–၌ အပရသဒ္ဒါကား–နယောဟူသော အစွဲတင်းရှိသော ကြောင့်ပသိဒ္ဓဝိသယ အပရသဒ္ဒါတည်း။

ဂ–ဝါကျ။ ယံ ကား ယေန ကာရဏေန–ဟုစွဲလျှင် ပက္ကန္တဝိသယ–ယ။ တေန–လည်း ကာရဏေန ဟုစွဲလျှင် ပက္ကန္တဝိသယ တ–တည်း ။

ဃ–ဝါကျ ၌ အယံ–၌ ဣမ–သဒ္ဒါကား အဘိသဒ္ဒေါဟုအစွဲတင်း လင်းရှိသောကြောင့် ပသိဒ္ဓဝိသယ– ဣမ ။

င–၁–ဝါကျ။ တထာဟေသ–ဝယ် တထာ ၌ တ–သဒ္ဒါကား တထာ တံဝစနံ–ဟု ဝစနကို စွဲသောကြောင့် ပက္ကန္တဝိသယ–တ ။

င–ဝါကျ။ သေ (သော) သဒ္ဒါကား ဃ–ဝါကျ၌ရှိသော အဘိသဒ္ဒေါကို စွဲသောကြောင့် ပက္ကန္တဝိသယ–တေ ။

http://www.dhammadownload.com



၂-ဝါကျ။ ယာ-၌ ယ-သဒ္ဒါကား ရတ္တိယော-ဟုအစွဲတင်းလင်း ရှိသောကြောင့် ပသိဒ္ဓဝိသယ-ယ ။

၂-ဝါကျ။ တာ-၌ တ-သဒ္ဒါကား အနက်မဲ့ အနတ္ထကပဒါလင်္ကာရတည်း။

✪ သဗ္ဗနာမ်ပုဒ်၊ ဆင့်၍ထုတ်၊ နောက်ပုဒ်အနက်မဲ့ များသတည်း။

---

## (၈) ကြိယာငါးတန်

**မေး**။ ဗာဠှာ မေ ဒုက္ခာ ဝေဒနာ အဘိက္ကမန္တိ-၌ အဘိက္ကမန္တိ-ကြိယာအရကို ကြိယာငါးတန် ထုတ်ပါ ။

**ဖြေ**။ ၁။ အနာထပိဏ်သူဌေး၏ ဒုက္ခဝေဒနာတို့သည် ဒဿနတ္ထ။

၂။ သွေး,သည်းချေ၊ သလိပ်တို့၏ဖေါက်ပြန်ခြင်း၊ ဥတုမညီမျှခြင်း (ဥတုဝိသမ)သည် ဒီပကတ္ထ။

၃။ သံစူးထက်ထက်ဖြင့် ထိုးဆွသကဲ့သို့ဆင်းရဲပင်ပန်းစွာ ခံစားရခြင်းသည် ပကာသနတ္ထ။

၄။ အတိတ် ဘဝ-အကုသိုလ်ကံသည် ဝိဘာဝတ္ထ။

၅။ ထို ဝေဒနာဖြင့် အနာထပိဏ်သူဌေး ကွယ်လွန်ရခြင်းသည် အနုဘာဝတ္ထ။

**မှတ်ချက်**။ ဤကား ဥပရိပဏ္ဏာသပါဠိ။ ၃၀၂-အနာထပိဏ္ဍိကောဝါဒ-ကိုရှု၍ ထုတ်သည်။ သံ၊ ၃၊ ၇၁-၌မူ မဟာကဿပ ဂိလာနဖြစ်စဉ်၌လည်း ဤပါဠိလာသည်။ မဟာကဿပ၏ ဒုက္ခဝေဒနာ ထုတ်ရာ၏

**မေး**။ ရာဇာဘိရာဇ-၌အဘိအရအန္တတ္ထကိုယူ၍ ကြိယာငါးတန်ထုတ်ပါ။

**ဖြေ**။ ၁။ အဘိ-အရ အန္တတ္ထ-ကား မြတ်စွာဘုရားဟူသော အဘိရာဇာအား ပူဇော်သော သူတို့၏ မဟာကုသိုလ် မဟာကြိယာစေတနာသည် ဒဿနတ္ထ ။

၂။ ယောနိသောမနသိကာရ စသည်သည်ဒီပကတ္ထ။

၃။ ပူဇာစ ပူဇနေယျာနံမင်္ဂလာဖြစ်ခြင်းသည် ပကာသနတ္ထ။

၄။ မြတ်စွာဘုရား၏ ပူဇာရဟာဘောဂုဏ်သည် ဝိဘာဝတ္ထ။

၅။ ပစ္စုပ္ပန်,တမလွန် နှစ်တန်သောကောင်းကျိုးချမ်းသာများသည် အနုဘာဝတ္ထ။

**မှတ်ချက်**။ မဇ္ဈိမပဏ္ဏာသပါဠိ။ ၃၅၁-လာ ရာဇာဘိရာဇ-ပုဒ်ကိုရှု၍ ဇာတ်ကြောင်းအရ ကြိယာငါးတန်ထုတ်သည်။ ခု-၁-၃၆၈-လည်း ရှုလေ။ ပူဇိတေ-၌ ပူဇဓာတ်အရလည်း အထက်ပါ အတိုင်း မှတ်လေ။

### သိဒ္ဓိ

၄-၁-ဝါကျ ၌ ဗာဠှာမေ စသည် အဘိသဒ္ဒါ ဝုဒ္ဓိအနက်ဟောကြောင်း အကိုး သာဓကထုတ်ပြ နိုင်မြဲစေသောကြောင့် သိဒ္ဓေယျသိဒ္ဓိ။

http://www.dhammadownload.com



၂–စသော ဝါကျများဖြင့်လည်း အဘိသဒ္ဒါ၏ အနက်အမျိုးမျိုး ဟောနိုင်ကြောင်း အကိုးသာဓကထုတ်ပြ နိုင်မြဲစေသောကြောင့် သိဒ္ဓေယျသိဒ္ဓိများရသည်။

✪ အာဂုံ ဉာပက၊ သိဒ္ဓေယျ။

---

## ပိဋကအဖွင့်

(က) ယံ ပနေတ္ထ အဝိသိဋ္ဌံ၊ တံ ပိဋကံ ပိဋကတ္ထဝိဒူ၊ ပရိယတ္တိဗ္ဘာဇနတ္ထတော အာဟု။ တေန သမောဓာနေတွာ တယောပိ ဝိနယာဒယော ဉေယျာ။ (ခ) ပရိယတ္တိပိ ဟိ "မာ ပိဋက–သမ္ပဒါနေနာ"တိ အာဒီသု ပိဋကန္တိ ဝုစ္စတိ။ (လ) ပရိယတ္တိဗ္ဘာဇနတ္ထတော အာဟု။ (ဂ) တ္တဒါနိ တေန သမောဓာနေတွာ တယောပိ ဝိနယာဒယော ဉေယျာ။ ဋ္ဌ၊၂၁။

မေး။ က–ဝါကျ၌ အဘိဝိသိဋ္ဌ ပုဒ်ကို လိင်္ဂတ်ပုဒ်ကြံ၍လည်းကောင်း၊ ဝိသေသနပုဒ် ကြံ၍လည်း ကောင်း အနက်ပေးပါ။

ဖြေ။ ပန၊ မဆက်ဆံသည်မှတစ်ပါး ဆက်ဆံသည်ကို ဆိုဦးအံ့။ အညမည ဝိသိဋ္ဌေသု တွေ့ တေသုဝိနယာဒီသု၊ ယံ ပိဋကံ၊ အကြင်ပိဋကသဒ္ဒါသည်။ (တုလျတ်ပုဒ်) အဝိသိဋ္ဌံ၊ မထူး(သဒ္ဒတ္ထ) ဝါ–တူ၏၊ ဆက်ဆံ၏။ (အဓိပ္ပါယတ္ထ၊ လိင်္ဂတ်ပုဒ်) တံပိဋကံ၊ ကို။––

### ဝိသေသနပုဒ်ကြံ

ပန၊ လ–အံ့။ တွေ့ တေသု အညမညဝိသိဋ္ဌေသု၊တို့၌။ အဝိသိဋ္ဌံ၊ မထူးသော၊ ဝါ–တူသော၊ ဆက်ဆံသော။(ဝိသေသနပုဒ်) ယံ ပိဋကံ၊ သည်။ အတ္ထိ၊ ရှိ၏။ (ဂံ၊သစ်)

---

## (၂)–ဝါကျခွဲစသည်

ခ–ဂ–ဝါကျကားဝိတ္ထာရ။ထို–၍ က–ဝါကျကား သင်္ခေပ။

(က–ဝါကျတွင် အနိယတ်–နိယတ် ခွဲလေဦး) ပါ–ဖြေ။ ၁၁၆–လည်းကြည့်။

ဒေါသပယ်။ သင်္ခေပ ဝိတ္ထာရ ဆန့်ကျင်သော ဒေါသပယ်။

ခ–ဝါကျတွင် ပရိယတ္တိပိ–လ–ဝုစ္စတိ–ကား ပက္ခ။ အထ ပုရိသော–လ–ဘာဇနမ္ပိ–ကား ပက္ခန္တရ။

ခ–ဝါကျ၌ တသ္မာ–လ–အာဟု–ကား လဒ္ဓဂုဏဝါကျ။ ထို–၍ ပရိယတ္တိပိ–လ–ဘာဇနမ္ပိကား လဒ္ဓဂုဏီယဝါကျ။ ဝါ–ကာရဏဝါကျ။

ဒေါသပယ်။ တသ္မာ ဝါကျဖြင့် နိရတ္ထကဒေါသပယ်။

✪ လဒ္ဓဂုဏ၊ ဟူလက၊ လဒ္ဓဒေါသပယ်။

ဂ–ဝါကျကား ပက္ခန္တရ။ ထို–၍ခ–ဝါကျကား ပက္ခ။

http://www.dhammadownload.com



### ဂ–ဝါကျ ပါပနာဒိကျမ်းတက်

ဆရာ၊ ခ–ဝါကျဖြင့် က–ဝါကျဂါထာ၏ ပုစ္ဆာမှုကို အကျယ်ဖွင့်ပြတော်မူ၏။(ထပနာ) ထိုသို့သာဆိုချေသော် ယင်းဂါထာ၏ အပရမှုအကျယ်မရှိ ဟူသောအနက်ရောက်ရာ၏။(အနု+ပါ) စင်စစ်တမူကား ယင်းဂါထာ၏ အပရမှု–အကျယ်မရှိသည် မဟုတ်၊ ရှိသည်သာဖြစ်၏။(ပဋိ+ပါ) ယင်းသို့ဖြစ်သောကြောင့် ယင်းဂါထာအပရမှု အကျယ်ကို ဆိုသင့်ဆိုတန်၏။ ယင်းဂါထာ၏အပရမှု အကျယ်ကို မဆိုဘဲမနေသင့်မနေတန်။ ယင်းဂါထာ၏ အပရမှု အကျယ်ကိုမပြဆိုချေသော် ဆရာအား အဗျာပိတ, အပရိပုဏ္ဏဒေါသ သင့်ရောက်ရာ၏။ ယင်းဂါထာ အပရမှု အကျယ်ကား အဘယ်နည်း။ –ကြောင့် ဂ–ဝါကျမိန့်။

ဒေါသပယ်။ အဗျာပိတ အပရိပုဏ္ဏဒေါသပယ်။

---

### (၄) ပိဋကာဒိ

ပိဋကံ။ ပိဋီယတိ သဒ္ဒီယတိ ပရိယာပုဏီယတီတိ ပိဋကံ။

### စတုက္ကထုတ်ပုံ

### ဓာန်ဋီနည်း

၁။ ပိ ဟူသော ဋ ဟူသော ကံ ဟူသော အစိတ်ပရမတ္ထသည် ဗျုပ္ပတ္တိ။

၂။ ယင်း၏ အကြောင်းဖြစ်သော ပိဋဓာတ်+ဏွုပစ္စည်းသည်လည်းကောင်း၊ သင်ယူခြင်း ကြိယာသည်လည်းကောင်း ဗျုပ္ပတ္တိနိမိတ်။

၃။ ပိဋက ဟူသော အပေါင်းပညတ္တိသဒ္ဒါသည် ပဝတ္တိ။

၄။ ယင်းပဝတ္တိ၏ အကြောင်းဖြစ်သော ပိဋကတို့၏ တစ်ခုသည် တစ်ခုနှင့်–လ–ဓာတ်သည် ပဝတ္တိနိမိတ်။

### ဘေဒစိန္တာနည်း။

၁။ ပိဋီယတိ–လ– ပိဋကံ ဟူသော ဝိဂ္ဂြိုဟ်ဝါကျသည် ဗျုပ္ပတ္တိ။

၂။ ယင်းဗျုပ္ပတ္တိ၏ အကြောင်းဖြစ်သော ပိဋဓာတ်+ယပစ္စည်း+တေဝိဘတ်သည်ငှင်း၊ သင်ယူခြင်း ကြိယာသည်ငှင်း ဗျုပ္ပတ္တိနိမိတ်။

၃။ ပိဋက ဟူသော ပုဒ်ပြီးနိပ္ဖန္နသည် ပဝတ္တိ။

၄။ ယင်းပဝတ္တိ၏ အကြောင်းဖြစ်သော (တူပြီ)။

တစ်နည်း။ ပိဋီယတိ သံဃာဋီယတိ တံ တဒတ္ထော ဓတ္တောတိ ပိဋကံ။ သီ၊ ဋီ–သစ်။ ၁၊ ၉၆။

မှတ်ချက်။ စတုက္ကထုတ်ရာ၌ "ပေါင်းခြင်းကြိယာ" ဤမျှသာထူးသည်။ အကြွင်းတူပြီ။ ပါ၊ ဖြေ၊ ၁၁၈–ကြည့်။

http://www.dhammadownload.com



## (၅) ဓာတုပစ္စယာဒိ

ဝိသိဋ္ဌ။ ဝိပုဗ္ဗ+သိသဓာတ်+တပစ္စည်း။ ဤ၌ နပုံလိင်၊ စိတ္တာဒိ။

✝ ဝိသေသီယတေတိ ဝိသိဋ္ဌော။ သိသ ဝိသေသနေ အတိသယေ ဝါ။ သူစိ။

ကုဒါလ။ ကုပုဗ္ဗ+ဒလဓာတ်+ဏပစ္စည်း။ ပုံလိင်၊ နပုံလိင်၊ ပုရိသာဒိဂိုဏ်း၊ စိတ္တာဒိဂိုဏ်း၊ အကာရန္တ။ ပါ၊ ဖြေ၊ ၁၁၉-ကြည့်။

ညွှန်းချက်။ အာဘော် သံဝဏ္ဏနာကို ပါ၊ဖြေ၊ပထမ၊၁၁၉-၁၂၀-၌ အပြည့်အစုံရေးခဲ့ပြီ။

---

## (၇) ဥပသဂ္ဂနိပါတတ္ထ

က-ဝါကျ ပန-ကား ပက္ခန္တရဇောတကနိပါတ်။

အဝိသိဋ္ဌ-၌ အ-ကား ပဋိသေဓဇောတကနိပါတ်။

တယောပိ-၌ ပိ(အပိ)သဒ္ဒါကား သမုစ္စယဇောတကနိပါတ်ပုဒ်။

ဆည်းပုံ။ ဝိနည်းစသောသုံးပါးတို့ကိုသာလျှင် သိအပ်ကုန်သည် မဟုတ်သေး၊ တစ်ပါး တစ်ပါးကိုလည်း သိအပ်၏ဟု အစိတ်ကိုဆည်းသည်။

ခ-ဝါကျ။ ဟိ-ကား စိတ္တာရဇောတက၊ ဝါ-အာဂမဒဠှီကရဏ ဇောတကနိပါတ်။

ပရိယတ္တိပိ-၌ ပိ(အပိ)သဒ္ဒါကား အညမညသမုစ္စယဇောတကနိပါတ်။

ဆည်းပုံ။ ဘာဇနကိုသာလျှင် ပိဋကဟုဆိုရသည် မဟုတ်သေး၊ ပရိယတ္တိကိုလည်း ပိဋကဟုဆိုအပ်၏-ဟု ဆည်းသည်။

ခဝါကျ ဘာဇနမ္ပိ-ပိ (အပိ) သဒ္ဒါကား အညမညသမုစ္စည်း။

### ဆည်းပုံ

ပရိယတ္တိကိုသာလျှင် ပိဋကဟုဆိုရသည် မဟုတ်သေး၊ ဘာဇနကိုလည်း ပိဋကဟု ဆိုအပ်၏-ဟုဆည်းသည်။

ဂ-ဝါကျ တ္ထဒါနိ ကား ကာလသတ္တမျတ္ထနိပါတ်။

ဂ-ဝါကျ စေ ကား နိဒဿနတ္ထနိပါတ်။ ဓာန်၊ ၁၁၅၉။

ဂ-ဝါကျ သဟ ကား သမင်္ဂီယတ္ထ။ ရူ၊ ၁၃၅။

http://www.dhammadownload.com



### ယထာဝုတ္တေနေဝ နယေန-၌ ဧဝ

၁။ ဧဝံ ဒုဝိဓတ္တေန- စသော ဆိုအပ်ပြီးသော နည်းသည် ဂဟေတဗ္ဗတ္ထ။

၂။ ဤ၌ အလိုမရှိအပ်သောနည်းသည် နိဝတ္တေတဗ္ဗတ္ထ။

၃။ ဆိုအပ်ပြီးသော ဒုဝိဓတ္တေစသောနည်း၏ သုတ္တန္တပိဋကပုဒ်နှင့် လျော်သော ဂုဏ်သည် အနုညာတတ္ထ။

✝ ယထာဝုတ္တေနေဝါတိ ဧဝံ ဒုဝိဓတ္တေနာတိ အာဒိနာ နယေန။ မူလဋီ၊ ၁၊ ၂၀။

## နိဒါနကထာ အဖြေ ပြီး၏။

http://www.dhammadownload.com



# စိတ္တုပ္ပါဒကဏ္ဍ

## တိကမာတိကာ

(က) ကုသလာ ဓမ္မာ။

(ခ) တတ္ထ ယသ္မာ အဘိဓမ္မောနာမ–လ– ကုသလံ ပဒံ။

(ဂ) တသ္မာ ကုသလာ–လ– သာဓဝေါတိ။ ဋ္ဌ၊ ၇၉။

### (၁) အနက်ယောဇနာ

(က) ယသ္မိံကာလေ၊ အကြင်အခါ၌။ နိဒါနကထာ၊ နိဒါန်းစကား ကို။ ဝုတ္တာ၊ မိန့်အပ်ပြီး။ (ကုသလာ–နိယတ်၏ အနိယတ်ထည့်ပုံ) တသ္မိံ နိဒါနဝစနကာလသ္မိံ၊ ထိုနိဒါန်းစကားကို ဆိုရာကာလ၏။ အနန္တရေ၊ အခြား မဲ့ဖြစ်သော။ (ကုသလာ–အစွဲ)။ ကုသလာကာလသ္မိံကာလေ၊ ဤအခါ၌။ (ဤကား–ကုသလာ၏နိယတ်နှင့် အစွဲထည့်၍ အနက်ပေးပုံတည်း)။

(ခ) တတ္ထ(တသ္မိံအဘိဓမ္မကထန္တိဝစနေ)၊ ထိုအဘိဓမ္မကထဲ ဟူသော စကား၌။ (အဘိဓမ္မောနာမ–၌ အာဓာရ၊ အာဓိစပ်။)

✝ တတ္ထာတိ တသ္မိံ အဘိဓမ္မကထန္တိ ဝစနေ အဘိဓမ္မော နာမာတိ ပဒေ အာဓာရော။ ယောဇနာ၊ ၅၄။

အဘိဓမ္မောနာမ၊ အဘိဓမ္မာမည်သည်။ ဓမ္မသင်္ဂဏီအာဒီနိ၊ ဓမ္မသင်္ဂဏီ အစရှိကုန်သော၊ သတ္တပကရဏာနိ၊ ခုနစ်ကျမ်းတည်း။ (တနည်း) ဓမ္မသင်္ဂဏီအာဒီနိ၊ ဓမ္မသင်္ဂဏီ အစရှိကုန်သော။ သတ္တပကရဏာနိ၊ ခုနစ်ကျမ်းတို့သည်။ အဘိဓမ္မော နာမ၊ အဘိဓမ္မာ မည်၏။ (ပကတိ+ဝိကတိ ဝါကျ အပြန်အလှန်ယောဇနာ။)

(၁) ကုသလာ ကုသလဓမ္မာတိ ပဒတော၊ ဤကုသလဓမ္မာ ဟူသော ပုဒ်မှ။ ပဋ္ဌာယ၊ စ၍။ (ကုသလာကို အပါဒါနတ္ထကြံ)။

(၂) (တစ်နည်း:) ကုသလာ ကုသလံ ကုသလာ ဓမ္မာတိပဒံ၊ ဤကုသလာ ဓမ္မာ ဟူသောပုဒ်ကို။ (ကုသလာ ကို ကမ္မတ္ထကြံ။) ပဋ္ဌာယ အာဒိံကတွာ၊ အစပြု၍။

မှတ်ချက်။ ကုသလာ ပဋ္ဌာယ တွေ့လျှင် ၂–နက် ကြံနည်း။

http://www.dhammadownload.com



## (၂) (၃) ဝါကျခွဲစသည်

ခ-ဝါကျ ကား ဝိတ္ထာရဝါကျ။ ထို-၍ က-ဝါကျကား အနုသန္ဓေ သမ္ဗန္ဓ သမုဒါယတ္ထ အကျဉ်းကို ပြသောကြောင့် သင်္ခေပဝါကျ။

တစ်နည်း။ က-ဝါကျကား ပဋိညာတဝါကျ။ ခ-ဂ-၂-ဝါကျကား (နိဿာမေထ-ကြိယာကိုထောက်၍) ဥယျောဇဉ်ပြ ဝိတ္ထာရဝါကျ။

✝ ဣဒါနိ ပဋိညာတကထံ ကာတုံ " ဣဒါနိ ဣတိမေ ။ ပ ။ ကထနောကာသော သမ္ပတ္တော"တိ အာဒိမာဟ။ မူလဋီ၊ ၁။ ၂၇။

### ခ-ဝါကျ ထပနာတိကတက်

ဆရာ၊ ဆရာသည် က-ဝါကျဖြင့် ယခုအခါ၌ ဣတိ မေ-စသောဂါထာဖြင့် ဝန်ခံအပ်ပြီးသော အဘိဓမ္မာအဋ္ဌကထာ၏ ဖွင့်ခြင်း၏ အခွင့်သည်ရောက်ပြီဟုဆိုတော်မူ၏။ (ဘာသာပြန်ထပနာ) ထိုအဘိဓမ္မကထံ ဟူသောစကား၌ (တတ္ထ အစွဲကြည့်) အဘိဓမ္မာမည်သည် အဘယ်တရားတို့နည်း။ တစ်နည်း။ အဘယ်တရား တို့သည် အဘိဓမ္မာမည်သနည်း အဘိဓမ္မာသရုပ်ကို အကျယ် မပြပြီလော။-ကြောင့် ခ-ဝါကျ စသည်မိန့်။

### ခ-ဝါကျ ထပနာပဋ္ဌကတက်

ဆရာ၊ ဆရာသည်-လ-ဆိုတော်မူ၏။ (ထပနာတူ) ထိုသို့ဆိုချေသော် (ဒေါသလက္ခဏာ =လက္ခဏာအရုစိ) အဘိဓမ္မကထံ-ဟူသောစကား၌ အဘိဓမ္မာ၏ သရုပ် အကျယ် မရှိဟူသောအနက် ရောက်ရာသည် မဟုတ်လော။ (အာဘောဂ) ယင်းသို့ ရောက်ရာသောကြောင့် (ဟိတ်) က-ဝါကျ သံဝဏ္ဏနာ အကျဉ်းကိုသာမဆိုသင့် (ရှေပယ်=ထပနာပဋိက္ခေပ) အဘိဓမ္မ ကထံဟူသော စကား၌ အဘိဓမ္မာသရုပ်အကျယ်ကိုဆိုသင့်၏။(အနုယ) အဘိဓမ္မကထံ-စသော စကား၌ အဘိဓမ္မ မည်သည် အဘယ်နည်း။ ဝါ-အဘယ်တို့သည် အဘိဓမ္မာမည်သနည်း-ကြောင့် ခ-ဝါကျ စသည်မိန့်။

### ခ-ဝါကျ တနည်းကျမ်းတက်

ဆရာ၊ ဆရာသည် က-ဝါကျဖြင့်-လ-ရောက်ပြီဟု ပဋိညာဉ်ကို ဆိုတော်မူ၏။ ထိုသို့သာ ဆိုချေသော် ပဋိညာဉ်သာရှိ၍ ဥယျောဇဉ် မရှိဟူသောအနက်ရောက်ရာသည် မဟုတ်လော။ ယင်းသို့ ရောက်ရာသောကြောင့် ပဋိညာဉ်ပြ က-ဝါကျကိုသာ မဆိုသင့်။ ဥယျောဇဉ်ပြ ဝါကျကိုလည်း ဆိုသင့်၏။ ဥယျောဇဉ်ပြ ဝါကျကား အဘယ်နည်း-ကြောင့် ခ-ဂ-၂-ဝါကျမိန့်။

ဒေါသပယ်။ ခ-ဝါကျဖြင့် သင်္ခေပ,ဝိတ္ထာရဆန့်ကျင်သော ဝိရောဓိဒေါသ။ တစ်နည်း။ အဗျာပိတ အပရိပုဏ္ဏဒေါသပယ်။

တတ္ထ ယသ္မာ-လ-တသ္မာ-ကား ကာရဏဝါကျ။ ဣတော-လ-သာဝေါတိ-ကား ဖလဝါကျ။

ယသ္မာ-လ-ဣဒံ ပဒံ-ကား အနိယတ်။ တတ-လ-သာဝေါတိ ကား ဥတ္တမ-ဝါကျ။

http://www.dhammadownload.com



## (၄) ဝိဂ္ဂဟာဒိ

သာဒု။ သဒ သံ သိဒ္ဓိယံ ဏု။ (ရူ)။ သာဓေတီတိ သာဓု။ သာဓ သံ သိဒ္ဓိမှိ ဉ။ သူစိ။

သာဓဝေါ။ သကတ္တပရတ္ထံ သာဓေန္တီတိ သာဓဝေါ။

ယေ-သပ္ပုရိသာ၊တို့သည်။ သကတ္တပရတ္ထံ၊ မိမိအကျိုးစီးပွား,သူတစ်ပါးတို့ အကျိုး စီးပွားကို။ သာဓေန္တိ၊ ပြီးစေတတ်ကုန်၏။ ဣတိ တေ သာဓဝေါ။ (ဟေတုကတ္တုသာဓန ကိတ်ဝိဂြိုဟ်။)

၁။ သာဓ-ဓာတ်အရ သုဒ္ဓကတ္တုကြိယာ-ကား မိမိအကျိုးစီးပွားသူတစ်ပါး အကျိုးစီးပွား သည် မုချ။

၂။ ဟေတုကတ္တုကြိယာ-ကား ထို-အားတပ်သောသူတော်ကောင်းတို့၏ ပကတူပ-နိဿယသတ္တိသည် ဖလူပစာ။

၃။ ဉ-ပစ္စည်း အရကား ထို-ဖြင့် မှတ်အပ်သော သူတော်ကောင်းတို့ ဒြဗ်ရ၏။

### ဓာန်ဋီနည်း

၁။ သာ-ဟူသော ဓ-ဟူသော ဝေါ-ဟူသော အစိတ်ပရမတ္ထသဒ္ဒါသည် ဇျုပ္ပံတ္တိ။

၂။ သာဓဓာတ်+ဉ-ပစ္စည်းသည်လည်းကောင်း၊ ပြီးစေခြင်းကြိယာသည်လည်းကောင်း ဇျုပ္ပတ္တိနိမိတ်။

၃။ သာဓဝေါ ဟူသော အပေါင်းပညတ္တိသဒ္ဒါသည် ပဝတ္တိ။

၄။ သူတော်ကောင်းတို့၏ တစ်ယောက်သည် တစ်ယောက်နှင့်-လ-ဇာတ်သည် ပဝတ္တိနိမိတ်။

### ဘောဒစိန္တာနည်း

၁။ သကတ္တ ပရတ္ထံ သာဓေန္တိ ဟူသော ဝိဂြိုဟ်ဝါကျသည် ဗျုပ္ပတ္တိ။

၃။ သာဓဝေါ ဟူသော ပုဒ်ပြီးနိပ္ဖန္နသည် ပဝတ္တိ။

---

## (၅) ဓာတုပစ္စယာဒိ

ပဋိညာတာယ။ ပဋိပုဗ္ဗ+ဉာဓာတ်+တပစ္စည်း၊ ဣတ္ထိလိင်ဓောတကအာပစ္စည်း။

ပဌာယ။ ပပုဗ္ဗ+ဌာဓာတ်+တွာပစ္စည်း။ နိပါတ်ပုဒ်။

ကေဂ္ဂါ။ ကေ + အဂ္ဂ။ သမာသ်နာမ်ပုဒ်၊ အကာရန္တ၊ ပုံလိင်၊ပုရိသာဒိဂိုဏ်း။ (သာဓဝေါ-ထောက်)။

သာဓဝေါ။ ကိတ်နာမ်ပုဒ်၊(အဖြေ-၄-ကြည့်) ဉ-ကာရန္တ၊ ပုံလိင်၊ ရတ္တာဒိဂိုဏ်း။ (ဘိက္ခုနှင့်တူ)။

http://www.dhammadownload.com



## (၇) ဥပသဂ္ဂနိပါတတ္ထ

က–ဝါကျ။ ဏ္ဍတိ–ကား နိဒဿနတ္ထ။ ဟိ–ကား ဒဠှီကရဏ ဇောတက နိပါတ်။ ကာရဏဇောတကနိပါတ်။

✝ ဟိသဒ္ဒေါ ဥဿာဟဏ္ဍောတိ ဒဿနတော ဒဠှီကရဏတ္ထောတိ ဝိညာယတိ။ယောဇနာ၊၈။

ဓမ္မသင်္ဂဏီပိ။ ပိသဒ္ဒါကား သမုစ္စယဇောတက။

### သမုစ္စည်းဆည်းပုံ

န ကေဝလံ အဘိဓမ္မောဝေ ဓမ္မသင်္ဂဏီအာဒီနိ သတ္တပကရဏာနိ၊ အထခေါ ဓမ္မသင်္ဂဏီပိ စိတ္တုပ္ပါဒကဏ္ဍာဒီနံ ဝသေန စတ္တာရိ ကဏ္ဍာနိ။

စိတ္တုပ္ပါဒကဏ္ဍမ္ပိ၊ သာပိ–ကုသလတ္တိကေပိ–တို့၌ ပိ (အပိ) သဒ္ဒါများလည်း သမုစ္စယ–ဇောတကများပင်။

မေး။ ဝီသတိဂါထာ၌ ပဋိညာ ဥယျောဇဉ်တို့ကို ဆိုပြီးမဟုတ်လော။ အဘယ်ကြောင့် ဤစိတ္တုပ္ပါဒကဏ္ဍ၌ ထပ်၍ဆိုပါသနည်း။

ဖြေ။ ဝီသတိဂါထာ၌ ပဋိညာကို ဆိုအပ်ပြီးသော်လည်း ယင်းပဋိညာ၏ နိဒါနကထာ ခြားသောကြောင့် ပဋိညာဥယျောဇဉ် အခြားမရှိ အဋ္ဌကထာကိုဆိုလျှင် သင့်လျော်သောကြောင့် ထပ်၍ဆိုသည်။ (ပုနရုတ္တိ ဒေါသမရောက်ဟူလို။)

✝ ကိဉ္စာပိ ဝီသတိဂါထာယ ပဋိညာ ဝုတ္တာ။ သာ ပန နိဒါန ကထာယ အန္တရဟိတာ၊ တသ္မာ ပဋိညာယောဇနာနန္တံ အဋ္ဌကထာ ဝုစ္စမာနာ ယုတ္တရူပါတိ ပုနဝုတ္တာ။ မဓုဋီ၊ ၇၀။

---

## (၈) ကြိယာငါးတန်

၁။ နိသာမေထ၌ သမဓာတ်အရ ဓာတွတ္ထ=အန္တတ္ထကား ကြားခြင်း ကြိယာဟူသော သောတဝိညာဉ်စိတ္တုပ္ပါဒ်သည် ဒဿနတ္ထ။

၂။ အဘိဓမ္မကထံ အရ အဘိဓမ္မာအဋ္ဌကထာဟူသော ဝစီဘေဒသဒ္ဒသည် ဒီပကတ္ထ။ (အာရုံအကြောင်း)။

၃။ အဘိဓမ္မကထာကိုသိရခြင်းအကျိုးသည် ပကာသနတ္ထ။

၄။ အဘိဓမ္မကထာကိုသိရသဖြင့်၊ ဝါ–သင်ရသဖြင့် စိတ်၊ စေတ သိက်၊ ရုပ်၊ နိဗ္ဗာန် ပရမတ္ထတရားတို့၏ သဘောလက္ခဏာကို သိရခြင်းသည် ဝိဘာဝတ္ထ။ (အကျိုး)။

၅။ ပရမတ္ထသဘောတရားတို့၏ သဘောလက္ခဏာကိုသိရသဖြင့် ရုပ် နာမ်ဓမ္မ တို့၏ အနိစ္စာဒိသဘာဝကိုရှုဆင်ခြင်နိုင်ခြင်း၊ ယင်းသို့ရှုဆင်ခြင်နိုင်သဖြင့် မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်အကျိုးတရားတို့ကို ရရှိနိုင်ခြင်းသည် အနုဘာဝတ္ထ။

http://www.dhammadownload.com



မှတ်ချက်။ ဤကား သဘာဝအကြောင်းအကျိုးကိုရှု၍ အကြောင်း ၁–ချက်၊ အကျိုး ၃–ချက်ထုတ်ပုံတည်း။ အကြောင်း ၂–ချက်၊ အကျိုး ၂–ချက် ထုတ်လိုလျှင် ၁။ ၂။ ၃။ တူပြီ။ ၄။ ယောနိသောမနသိကာရ။ ၅။ ၄–နှင့် ၅–ကို ပေါင်း၍ ရေးပါ။ ထို့ပြင် ဝီထိကိုလည်းကောင်း၊ ပဋိစ္စသမုပ္ပါဒ်ကိုလည်းကောင်း ရှု၍ ထုတ်လေဦး။

## နိဿာမေထပုဒ်မှတ်ဖွယ်

သမ ဝိတက္ကေ၊ သာမေတိ၊ သာမယတိ –လ– နိဿာမေဟီတိ ဝိတက္ကေဟိ ဥပစာရေဟီတိ အတ္ထော။ ပဋိသာမေတီတိ ဘဏ္ဍံ ဂုတ္တဋ္ဌာနေ နိက္ခိပတိ။ နီတိ၊ ဓာတု၊ ၃၃၃။

သမ အာလောစနေ။ အာလောစနံ ပေက္ခနံ။ –လ–ဓာတ္ဝနုမတ္ထာ– တိသဿေန ယောဂေါတိ ဝစနတော ပန–လ–နိဿာမေဟီတိ သုဏောဟီတိ အတ္ထော။ နီတိ၊ ဓာတု၊ ၃၃၃။

မှတ်ချက်။ ဤ နိဿာမေထ၌ သမ–ဓာတ်ကား သဝန= (အသံ) ကြားခြင်း အနက်ဟောတည်း။

## (၁၀) ပစ္စည်းပြိုင်

နိဿာမေထ–၌ အန္တတ္ထအရ သောတဝိညာဉ်ကိုရသဖြင့်

၁။ ပုရေဇာတမျိုး။ ၂။ အနန္တရမျိုး။ ၃။ အဘိဓမ္မာကထံကိုထောက်၍ အာရမ္မဏမျိုး ထုတ်လေ။

---

(က) ကုသလာဓမ္မာ၊ အကုသလာဓမ္မာ–လ–ဝေဒနာတ္တိကောနာမ။ (ခ) ဇဝံ အာဒိပဒဝသေန ဝါ–လ–ဝေဒိတဗ္ဗံ။ (ဂ) သဗ္ဗေဝ စေတေ –လ– ဝဝတ္ထိတာ။ (ဃ) တိကာနဉ္စ ဓောဘာ –လ– စုဒ္ဒသ။ (င) ဟေတုဓမ္မာ –လ–ဟေတုဂေါစ္ဆကောတိ ဝုစ္စတိ။ (စ) တတော အပရေ "သပ္ပစ္စယာ –လ– စူဠန္တရဒုကာ" တိ ဝေဒိတဗ္ဗာ။ ဋ္ဌ၊ ၇၉။

## (၁) အနက်ယောဇနာ

(က) ဏာဝ၊ အတ္ထသံဝဏ္ဏနာကိုမပြုမီ လက်ဦးအစ ထိုအတ္ထသံဝဏ္ဏနာ၏ အခြေပါဒ ဥပစာရကိုဆိုဦးအံ့ ။(ပြည်သျှ )တာဝ၊ ဝေဒနာတိက် စသည်တို့မှရှေးဦးစွာ။ (နိဒ္ဒိဋ္ဌော၊ ညွှန်ပြအပ်သော) (ဘာသာဋီ။)

မှတ်ချက်။ ပြည်သျှ–ကား တာဝ–သဒ္ဒါ ဝတ္တဗ္ဗန္တရာပေက္ခ။ ဘာသာဋီ–ကား ပထမတ္ထ– ပေးသည် ။

(ဂ) စ၊ ဆက်။ ပဏ္ဏိတေဟိ ဝဝတ္ထိတာ။(ကတ္တားဖြည့်ပါ။ယောဇနာ၊ ၅၄)

(ဃ) ဟိ၊ ချဲ့။ (ဟိသဒ္ဒေါ ဝိတ္ထာရဇောတကော။ ယောဇနာ၊ ၅၄။)

http://www.dhammadownload.com



(င) ဟိ၊ မှန်။ ဂန္ထတော၊ သီကုံးထုံးဖွဲ့အပ်သောသဒ္ဒါအားဖြင့်လည်းကောင်း။ (ဂန္ထတောတိ သဒ္ဒတော။ မဓု၊၇၀။) ဂန္ထယတီတိ ဂန္ထော–ဟု ဝိဂ္ဂဟပြု။ ဂန္ထတော၊ ဟေတုအတ္ထ သဟေတုအတ္ထ စသော အနက်ကို ပြတတ် (သဒ္ဒါ) အားဖြင့်လည်းကောင်း။ (အတ္ထေ ဂန္ထေတိ သူစေတိ ဒီပေတီတိ ဂန္ထော။ မင်းခင်း။)

## (၂) (၃)ဝါကျခွဲစသည်

ကဝါကျကား အတ္ထသံဝဏ္ဏနာ၏ အခြေခံပါဒ ဥပစာရဝါကျ။ (ဏ္ဍဒါနိ စသည်– ပဋိညာဉ်နှင့်ဥယျောဇဉ်ဝါကျကိုထောက်လျှင်။)

တစ်နည်း။ က–ဝါကျကားဝိတ္ထာရဝါကျ။(ခ–ဝါကျထောက်လျှင်။)

ခ–ဝါကျကား နိဂမနဝါကျ။

ဒေါသပယ်။ အကျဉ်းချုံး၍နိဂုံးကိုပြသောကြောင့် ပုနရုတ္တ ဒေါသပယ်။

ဂ–ဝါကျကားဝါကျာရမ္ဘဝါကျ။ထို–၍ ခ–ဝါကျကားအာရဒ္ဓဝါကျ။

### ဂ–ဝါကျ ပါပနာဒိ ကျမ်းတက်

ဆရာ၊ ဆရာသည် ခ–ဝါကျဖြင့် ဤသို့ဆိုအပ်ပြီးသောအပြားရှိသောနည်းဖြင့် အစပုဒ်၏ အစွမ်းဖြင့်လည်းကောင်း၊ အလုံးစုံသောပုဒ်တို့၏ အစွမ်းဖြင့်လည်းကောင်း၊ အလုံးစုံလည်းဖြစ်ကုန်သော တိက်ဒုက်တို့၏အမည်ကို သိအပ်သော–ဟုဆိုတော်မူ၏။ (ဘာသာပြန်ထပနာ) ထိုသို့သာ ဆိုငြားသည် ရှိသော်(လက္ခဏာ အရစိ)တိက်ဒုက်တို့အား အပိုင်းအခြားမရှိဟူသောအနက်သည် ရောက်ရာ၏။(အနုပါ)စင်စစ်တမူကား တိက်ဒုက်တို့အားအပိုင်းအခြား မရှိသည်မဟုတ်၊ ရှိသည်သာ ဖြစ်၏။ (ပဋိပါ)ယင်းသို့ ဖြစ်သောကြောင့်၊ (ရောပနာပါဒကဟိတ်) တိက်ဒုက်တို့၏ အပိုင်းအခြား ပရိစ္ဆေဒကိုဆိုသင့်၏။(အနုရော)တိက်ဒုက်တို့၏ အမည်ကိုသာမဆိုသင့်။ (ထပနာပယ်သော ပဋိ–ရော)တနည်း။ တိက်ဒုက်တို့၏ အပိုင်းအခြား ပရိစ္ဆေဒကို မဆိုဘဲမနေသင့် မနေတန်။(ပဋိရော) ယင်းတိက်ဒုက်တို့ကို အဘယ်မျှကုန်သော အပိုင်း အခြားတို့ဖြင့် မှတ်သားပိုင်းခြားအပ်ကုန် သနည်း။ –––ကြောင့် ဂ–ဝါကျကိုမိန့်။

## (၄) ဝိဂ္ဂဟာဒိ

အာဒိပဒံ။ အာဒိမှိ ဋ္ဌိတံ ပဒံ အာဒိပဒံ။ အာဒိမှိ၊ အစ၌။ ဋ္ဌိတံ၊ တည်သော။ ပဒံ၊ (ကုသလဟူသော) ပုဒ်။ အာဒိပဒံ၊ အစ၌တည်သော (ကုသလဟူသော) ပုဒ်။ (ဌာန+ဌာနီ စပ်။ )

အာဒိပဒေန။ အစ၌တည်သော ကုသလဟူသောပုဒ်ဖြင့်။(မင်းခင်း)

လဒ္ဓနာမော။ လဒ္ဓံ နာမံ ယေန သော လဒ္ဓနာမော။ ယော၊ဇနာ၊၅၄။

ကုသလတ္တိကော။ ကုလပဒေန လဒ္ဓနာမော တိကော ကုသလတ္တိကော။ ယော၊၅၄။

http://www.dhammadownload.com



သဗ္ဗပဒေဟိ။ သဗ္ဗေသု ဋ္ဌိတာနိ ပဒါနိ သဗ္ဗပဒါနိ-ဟုတွဲလေ။

ဝဝတ္ထိတာ။ ဝဝတ္ထိယန္တေတိ ဝဝတ္ထိတာ။

ယေ တိကဒုကာ၊အကြောင်တိက်ဒုက်တို့ကို။ ပဏ္ဍိတေဟိ၊တို့သည်။ ပဋ္ဌဒသဟိ ပရိစ္ဆေဒေဟိ၊ ၁၅-ပါးသောအပိုင်းအခြားတို့ဖြင့်။ ဝဝတ္ထိယန္တေ၊ ပိုင်းခြားအပ်ကုန်၏။ ဣတိ တေ ဝဝတ္ထိတာ။

ဝိ + အဝ +ထာဓာတ် + တပစ္စည်း၊ ဣအာဂုံ၊ ကမ္မသာဓနေ။

ဝိ+အဝ-ဥပသာရပုဒ်တို့အရကား ဓာတွတ္ထဝိသေသက ဘောဂုဏ်ရ၏။

ထာဓာတ်အရ ကတ္တုဋ္ဌကြိယာ-ကား ပညာရှိတို့၏ သတိ,ဝီရိယ,ဉာဏ်ပြဓာန်သော စိတ္တုပ္ပါဒ်သည် မှုချ။

ကမ္မဋ္ဌကြိယာ-ကား ထိုအားတပ်သော အလုံးစုံသော တိက်ဒုက်ဟူသော မနသာ-ဝဝတ္ထာပိတသဒ္ဒါတို့၏ အာရမ္မဏပစ္စယသတ္တိသည် ဖလူပစာ။

တပစ္စည်းအရကား ထို-ဖြင့် မှတ်အပ်သောအလုံးစုံသော တိက်,ဒုက်ဟူသော မနသာ-ဝဝတ္ထာပိတသဒ္ဒါရ၏။

✝ ထာ ဂတိနိဝတ္တိယံ။ ထာတိ၊ အဝတ္ထာ၊ ဝဝတ္ထာနံ၊ ဝဝတ္ထိတံ။ နီတိ၊ဓာတု၊ ၆၈။

---

## (၅) ဓာတုပစ္စယာဒီ

ကာဏ္ဍိကာ။ ကပုဗ္ဗ + နီဓာတ် + ဏွုပစ္စည်း။ ကိတ်နာမ်ပုဒ်၊ အာကာရန္တ။ ဣတ္ထိလိင်၊ ကညာဒိဂိုဏ်း။

✝ ကေ သီသေ နယတီတိ ကာဏ္ဍိကာ၊ဏွု။ ဣတ္တံ ဏတ္တဥ္စ။ သူစိ။

ဃဋ္ဍာ။ ။ဃဋ္ဍဓါတ်+အပစ္စည်း+ထီ-အာ ပစ္စည်း။ ကိတ်နာမ်ပုဒ်။ အာကာရန္တ။ ထီလိင်။ ကညာဒိဂိုဏ်း။

ဃဋ္ဍ ဃဋ္ဍနေ (ဃဋ္ဍနံ ရာသိဘာဝနံ) ဃဋ္ဍန္တိသံ အဝယဝါတိ ဃဋ္ဍာ။ သူစိ။ (ဃဋ္ဍန္တိ အသံ-ဟု ပုဒ်ဖြတ်)။

ဂေါစ္ဆက။ ဂုဓာတ်+ဏွုပစ္စည်း။ ဓ-ကို ဆ-ပြု။ ကိတ်နာမ်ပုဒ်။ အကာရန္တ။ ပုလ္လိင်။ ပုရိသာဒိဂိုဏ်း။ အပြွတ် အခိုင်ရသည်။

ဂုဓ ပရိဝေဓနေ။ဏွု။ ဓဿ ဆော။ မောဂ္ဂလာနဝုတ္တိယံ ပန " ဂုပ ဂေါပနေ ဂေါပီယတီတိ ဂေါစ္ဆကော" တိ ဝုတ္တံ။ သူစိ။

ဇဂေါစ္ဆက။ ဟေတုဂေါစ္ဆက-၌ ဂေါစ္ဆကသဒ္ဒါကား ဂေါစ္ဆကော ဝိယာတိ ဂေါစ္ဆကော-ဟု ဥပမာတဒ္ဓိတ်ပြု။ (သဒိသူပစာလည်းရသည်။) တဒ္ဓိတ်နာမ်စသည် ခွဲလေ။

http://www.dhammadownload.com



## ဝါဒန္တရ

ဂေါစ္ဆကော။ ဟေတုကာနံ ဂေါစ္ဆော သမူဟော ဟေတုဂေါစ္ဆော။ ဂေါစ္ဆသဒ္ဒေါ ဟေတ္တ သမူဟဝါစကော။ ဟေတုဂေါစ္ဆေန သမ္ဗန္ဓာ ဟုတွာ ဠိတာ ဟေတုဂေါစ္ဆကာ။ ယောဇနာ။

မှတ်ချက်။ ဤယောဇနာ အလို ဂေါစ္ဆ-သဒ္ဒါသမူဟအနက်ဟော။ ဟေတူနံ ဂေါစ္ဆော ဟေတုဂေါစ္ဆော-ဟုဆဋ္ဌီတပ္ပုရိသ်တွဲ။ ဟေတုဂေါစ္ဆေန သမ္ဗန္ဓာ ဟုတွာ ဠိတာ ဟေတုဂေါစ္ဆကာ-ဟုတဒ္ဓိတ်တွဲ။

---

## (၆)အာဘောဂ သံဝဏ္ဏနာ

င-ဝါကျ၌ ဟေတူဝမ္မော -လ- ဆဒုကာ-ဖြင့် ဟေတုဂေါစ္ဆက အရ- ဟေတု ဓမ္မာ စသော (၆) ဒုက်တို့ကို ယူရမည်ဟု သိစေသည်။ (အဘိဓေယျတ္ထ။)

င-ဝါကျ၌ ကဏ္ဍိကာ ဝိယ ဃဋ္ဋာ ဝိယ-ဖြင့် ဟေတုဂေါစ္ဆက၌ ဂေါစ္ဆကသဒ္ဒါသည် မုချအားဖြင့် အပြွတ်အခိုင်, ပန်းခက်ပန်းချက် ပန်းလက်အပေါင်းကို ဟောသည်ကိုလည်းကောင်း၊[၁] ဂေါစ္ဆကော ဝိယာတိ ဂေါစ္ဆကော-ဟု ဥပမာတဒ္ဓိတ်ဝစနတ္ထပြုရမည်ကိုလည်းကောင်း၊[၂] ဏ-ပစ္စည်း၏ ဥပမာ တဒ္ဓိတ်၌ သက်သည်ကိုလည်းကောင်း[၃] သိစေပါသည်။

၁။ နာမလိင်္ဂတ္ထ။ ၂။ အဘိဓာနတ္ထ။ ၃။ ပစ္စယတ္ထ။

င- ဝါကျ၌ ဂေါစ္ဆတော-လ-သမ္ဗန္ဓေနဖြင့် ဟေတုဂေါစ္ဆကောပုဒ်၌ ဟေတုနှင့် ဂေါစ္ဆက ပုဒ်ကို ဟေတုတော သမ္ဗန္ဓော ဂေါစ္ဆကော၊ ဥပလက္ခိတော ဝါ ဂေါစ္ဆကော ဟေတု-ဂေါစ္ဆကော-ဟု တတိယာ တပ္ပုရိသ်သမာသ်၊ ဝါ-ဝိသေသန ပဋ္ဌမီတပ္ပုရိသ်သမာသ် ဝစနတ္ထ ပြုရမည်ဟု သိစေသည်။

၁။ အဘိဓာနတ္ထ။ ၂။ သမာသလိင်္ဂပဒတ္ထ။

စ-ဝါကျ၌ သပ္ပစ္စယာ-လ-ဒုကာဖြင့် စူဠန္တရဒုကာအရ သပ္ပစ္စယာ ဓမ္မာစသော (၇)ဒုက်ကိုယူရမည်ဟု သိစေသည်။ (အဘိဓေယျတ္ထ)

စ-ဝါကျ၌ ဂေါစ္ဆကန္တရေ ဌပိတတ္တာ-ဖြင့် အန္တရဒုကာ-၌ အန္တရသဒ္ဒါသည် နိပါတ်ပုဒ် မဟုတ်၊ နာမ်ပုဒ်၏အဖြစ်ကိုလည်းကောင်း၊[၁](အန္တရေ-ဟု ဝိဘတ်ချွတ်ဖြင့် ဖွင့်သဖြင့် နာမ်ပုဒ်ဟု သိရသည်။)အန္တရပုဒ်နှင့်ဒုကပုဒ်ကို (ဂေါစ္ဆကာနံ) အန္တရေ ဌပိတာ ဒုကာ အန္တရဒုကာ-ဟုမဇ္ဈေလောပီ သတ္တမီ တပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်ကိုလည်းကောင်း[၂] သိစေသည်။

၁။ နာမလိင်္ဂတ္ထ။ ၂။ အဘိဓာနတ္ထ။ သမာသလိင်္ဂပဒတ္ထ။

စ-ဝါကျ၌ အညေပိ စ မဟန္တရဒုကေဟိ-ဖြင့် စူဠက = ငယ်၏ဟူသည် တစ်ပါးကုန်သော မဟန္တရဒုက်တို့အောက် ငယ်သတည်းဟု သိစေသည်။ (ဘာဝတ္ထ)

စ-ဝါကျ၌ ဌပိတတ္တာ စူဠကတ္တာ ဟူသော ဝိဘတ်တူ ၂-ပုဒ်ဖြင့် သာရမ္မဏာဒီဟိ မဟန္တရဒုကေဟိ စူဠာ စ တေ အန္တရဒုကာစာတိ စူဠန္တရ ဒုကာ-ဟု ကမ္မဓာရယ်သမာသ် ဝစနတ္ထပြုရမည်ဟုသိစေသည်။ (အဘိဓာနတ္ထ။ သမာသလိင်္ဂပဒတ္ထ။)

http://www.dhammadownload.com



(က) ဣဒါနိ "ကုသလာဓမ္မာ"တိ -လ- အယမနုပုဗ္ဗပဒဝဏ္ဏနာ။ (ခ) ကုလသဒ္ဒေါ တာဝ-လ- သုခဝိပါကေသု ဒိဿတိ။ (ဂ) ၁။ အယဉှိ "ကစ္စိ-လ-အာရောဂျေ ဒိဿတိ။ ၂။"ကတမော ပန ဘန္တေ-လ-အနဝဇ္ဇေ။ ၃။ "ကုသလော တွံ-လ- ဆေကေ။ ၄။ "ကုသလာနံ ဘိက္ခဝေ-လ-သုခဝိပါကေ။ (ဃ) သွာယမိဓ အရောဂျေပိ အနဝဇ္ဇေပိ သုခဝိပါကေပိ ဝတ္တတိ။ ဋ္ဌ၊၈၀-၈၁။

## (၁) အနက်ယောဇနာ

ဂ-၃-ဝါကျ။ ကုသလော တွံ ရထဿ အင်္ဂပစ္စင်္ဂါနံ။ တွံ၊ သည်။ ရထဿ၊ ရထား၏။ အင်္ဂပစ္စင်္ဂါနံ၊အင်္ဂါကြီးငယ်တို့၌။ ကုသလော၊လိမ္မာ၏။ (ကုသလသဒ္ဒါ၏ အယှဉ် ဘုမ္မတ္ထ= သတ္တမျတ္ထ၌ ဆဋ္ဌီ နံဝိဘတ်။ ကစ္စည်း သာမိဿရာဓိပတိ-သုတ်ရှု။)

တစ်နည်း။ တွံ၊ သည်။ ရထဿ၊ ၏။ အင်္ဂပစ္စင်္ဂါနံ၊အင်္ဂါကြီးငယ်တို့၏။ (နာမ စပ်)၊ ဝါ-တို့ကို။ (ကိရိယပယောဇနစပ်)နာမကိရိယ ပယောဇနာဒိသု၊ နာမည်, ပြုလုပ်ခြင်း, ယှဉ်တပ်ဆင်ခြင်းအစရှိသည်တို့၌။ ကုသလော၊ လိမ္မာ၏။ (ကျွမ်းကျင်သည် မဟုတ်လော)။

✝ အင်္ဂပစ္စင်္ဂါနန္တိ ကုသလသဒ္ဒယောဂေန ဘုမ္မတ္ထေ သာမိဝစနံ။ အင်္ဂပစ္စင်္ဂါနံ နာမကိရိယာပယောဇနာဒိသူတိ အတ္ထော။ မူလဋီ၊ ၁၊ ၂၈။

မှတ်ချက်။ နစ္စဂီတဿ-ကိုလည်း အထက်ပါအတိုင်း သတ္တမျတ္ထ၊ သာမျတ္ထ-၂-မျိုးပေးလေ။ သာမျတ္ထ ပေးသောအခါ-ဝိသေသေသု၊ အထူးအဆန်းတို့၌-ဟု ပါဌသေသထည့်ပါ။

## (၂) (၃) ဝါကျခွဲစသည်

က-ဝါကျကား ပါဒကဝါကျတည်း။ စကားပျိုး၊ စကားကိုး၊ စကားရိုး-၃ မျိုးတွင် စကားပျိုးဝါကျပင်။ ကုသလသဒ္ဒေါတာဝမှ အဘိဓမ္မအဋ္ဌကထာ ဆုံးသည့်တိုင် အောင်ကား ဝိတ္ထာရဝါကျတည်း။ ထိုဝိတ္ထာရဝါကျကိုထောက်၍ ပါဒကဝါကျကို သခေ်ပဝါကျ-ဟုမှတ်။

ခ-ဝါကျကား အတ္ထုဒ္ဓါရဝါကျ။ ဃ-ဝါကျ- အတ္ထုဒ္ဒေသဝါကျ။

အလည် ဂ-ဝါကျကား ချဲ့=ဝိတ္ထာရ၊ ထင်=တပ္ပါကဋီကရဏ၊ မြဲ=အာဂမဒဠှီ -၃ မျိုးရနိုင်သည်။

✪ အတ္ထုဒ္ဓါရ၊ ပြသည့်နောက်တွင်၊ ဟိကိုမြင်၊ ချဲ့ထင် ဒဠှီ မြဲ။

ဂ-ဝါကျတွင်- ၁ ၊ ၂၊ ၃၊ ၄-ဝါကျများကား ပက္ခ၊ ပက္ခန္တရများသာ။

မှတ်ချက်။ အတ္ထုဒ္ဓါရ၊ အတ္ထုဒ္ဒေသမှတ်ဖွယ်ကို ပါ၊ ဖြေ၊ ၁။ ၁၇၇-၁၇၉ ၌လည်းကောင်း၊ သီ၊ ဖြေ၊ ၈၀-၈၁ ၌လည်းကောင်း ရှုလေ။

ဒေါသပယ်။ ဃ-ဝါကျဖြင့် အတိဗျာပိတဒေါသပယ်ပါသည်။

http://www.dhammadownload.com



## ရှင်းလင်းချက်

ခ–ဝါကျဖြင့် ကုသလသဒ္ဒါ အာရောဂျ, အနဝဇ္ဇ, ဆေက, သုခ ဝိပါက အနက်ဟောသည်ဟုဆိုရာ–ဤကုသလာဓမ္မာ၌ ကုသလသဒ္ဒါ၏ ဤ၌ အလိုရှိအပ်သောအနက်ကို ထုတ်ဆိုညွှန်းပြခြင်းမပြုလျှင် ကုသလသဒ္ဒါ ယင်းအနက်အာလုံးကို ဟောနိုင်သည်ဟု အလွန်ပျံ့နှံ့ခြင်း = အတိဗျာပိတဒေါသရောက်သည်။ ယင်းဒေါသကို ပယ်ဖြေခြင်းငှါ ဃ–ဝါကျတက်လာသည်။ သို့ဖြစ်၍ ဃ–ဝါကျဖြင့် အတိဗျာပိတဒေါသ ပယ်ပါသည်။

မှတ်ချက်။ အတ္ထုဒ္ဒေသဝါကျ အတိဗျာပိတဒေါသပယ်ပုံ အကျယ်ကို – ဤနည်းမှီး၍ ရေးတတ်ပါစေ။ နောက်၌ အကျယ်မရေးပြီ။

## အတ္ထုဒ္ဒါရ စသည်ယောဇနာကျမ်းတက်

ကုသလသဒ္ဒေန ဝုစ္စတဗ္ဗံ သာမညတ္တံ ပထမံ ဥဒ္ဒရိတွာ ဣစာဓိပ္ပေတံ ဒဿေန္တော ကုသလသဒ္ဒေါတိ အာဒိမာဟ။ ယောဇနာ၊၅၅။

## ဒဋ္ဌီဝါကျ ယောဇနာတက်ပုံ

ကုသလသဒ္ဒဿ အာရောဂျာဒိအတ္ထာနံ ဝါစကပယောဂဝသေန ဒဠှံ ကရောန္တော အာဟ အယဥ္စီတိအာဒိ။ ယောဇနာ။ ၅၅။

---

## ၄။ ဝိဂ္ဂဟာဒိ

အနုပုဗ္ဗပဒ။ ပုဗ္ဗံ အနုဂတံ အနုပုဗ္ဗံ။ ပုဗ္ဗံ၊ ရှေ့သို့။ အနုဂတံ၊ အစဉ်လိုက် သည်တည်း။ အဗျယီဘောသမာသ်။ အနုပုဗ္ဗဥ္စ တံ ပဒဥ္စာတိ အနုပုဗ္ဗပဒံ။ ရှေ့သို့ အစဉ်လိုက်သောပုဒ်။ (သဒ္ဒတ္ထ) ဝါ–အစဉ်ဖြစ်သောပုဒ်။ (ဝေါဟာရတ္ထ)။

မှတ်ချက်။ ဤကား–ပြည်သူ့အလို ဝိဂ္ဂဟ။ ဘာသာဋီကာ၌ "ပုဗ္ဗံ၊ ရှေ့ပုဒ်သို့။ အနုဂတာနိ၊ အစဉ်လိုက်သောပုဒ်တို့တည်း။ အနုပုဗ္ဗံ၊ရှေ့ပုဒ်သို့ အစဉ်လိုက်သောပုဒ်တို့။ (အဗျယီဘော သမာသ်)။ အနုပုဗ္ဗံ စ+တာနိ+ပဒါနိစာတိ အနုပုဗ္ဗပဒါနိ–ရှေ့ပုဒ်သို့အစဉ်လိုက်သောပုဒ်တို့။ဝါ–အစဉ်အတိုင်းသောပုဒ်တို့"–ဟု ဆိုသည်။

အနုပုဗ္ဗံစ+တံ+ပဒါနိစာတိဟုဆိုသင့်သည်ထင်၏။(နောတက္ကော) ကမ္မဓာရယ်၌ တ–သဒ္ဒါ ရှေ့ပုဒ်လိင်သို့ လိုက်ရသည်မဟုတ်လော။

အနုပုဗ္ဗပဒဝဏ္ဏနာ။ အနုပုဗ္ဗပဒဿ ဝဏ္ဏနာ အနုပုဗ္ဗပဒဝဏ္ဏနာ။

## သုတ္တန်အဖွင့်များ

ပုဗ္ဗံ အနုဂတံ အနုပုဗ္ဗံ။ ပဒါနံ ဝဏ္ဏနာ ပဒဝဏ္ဏနာ။ အနုပုဗ္ဗေန ပဒဝဏ္ဏနာ အနုပုဗ္ဗပဒဝဏ္ဏနာ။ အနုပုဗ္ဗေန၊ အစဉ်အားဖြင့်။ ပဒဝဏ္ဏနာ၊ ပုဒ်တို့ကို ဖွင့်ကြောင်းတည်း။

၁။ အနုပုဗ္ဗ– အစဉ်ရှ၏။

http://www.dhammadownload.com



၂။ ယင်း၏ ပုဒ်တို့ကိုဖွင့်ကြောင်းအဋ္ဌကထာနှင့် ဝိသေသန+ဝိသေသျစပ်။

၃။ အစဉ်အားဖြင့် ပုဒ်တို့ကိုဖွင့်ကြောင်းအဋ္ဌကထာရ၏။

✝ အနုပုဗ္ဗေနာတိ အနုက္ကမေန။ ဥဒါန၊ ဋ္ဌ၊ ၂၂၆။

✝ အနုပုဗ္ဗပဒဝဏ္ဏနာတိ အနုက္ကမေနပဒဝဏ္ဏနာ။ သီ၊ဋီ၊သစ်၊၂၊၁။

ရောဂ။ ရုဇတီတိ ရောဂေါ။

တစ်နည်း။ ရုဇတိ ဘဉ္ဇတိ အင်္ဂပစ္စင်္ဂါနီ တိ ရောဂေါ။

✝ ရုဇ ရောဂေ။ကတ္တရိ ဏော။ သူစိ။

အရောဂ။ နတ္ထိ ရောဂေါ ယဿာတိ အရောဂေါ။

အရောဂျ။ အရောဂဿ ဘာဝေါ အာရောဂျံ။

အရောဂဿ၊ ရောဂါမရှိသောသူ၏။ဘာဝေါ၊ တည်း။ အာရောဂျံ၊ ရောဂါမရှိသောသူ၏ အဖြစ်။ ဘာဝတဒ္ဓိတ်၊ ဏျပစ္စည်း။

၁။ အရောဂ တဒ္ဓိတ်ပုဒ်အရ ရောဂါမရှိသောသူဒြဗ်ရ၏။

၂။ ယင်း၏ ရောဂါမရှိခြင်း(ကျန်းမာခြင်း)နှင့် ဋ္ဌာန+ဋ္ဌာနီစပ်.. ဋ္ဌာနူပစာ

၃။ ဏျ ပစ္စည်းအရ ထို-ဖြင့်မှတ်အပ်သော ရောဂါမရှိခြင်း(ကျန်းမာခြင်း) ရ၏။

**ဓာန်ဋီနည်း**

၁။ အာ-ဟူသော ရောဂ်-ဟူသော ဂျံ-ဟူသောအစိပ်ပရမတ္ထသဒ္ဒါသည် ဗျုပ္ပတ္တိ။

၂။ ရောဂါမရှိသောသူ၏ရောဂါမရှိခြင်းနှင့်ဋ္ဌာန+ဋ္ဌာနီစပ်သမ္ဘန်သည် ဗျုပ္ပတ္တိနိမိတ်။

၃။ အာရောဂျံ ဟူသောအပေါင်းပညတ္တိသဒ္ဒါသည်ပဝတ္တိ။

၄။ ရောဂါမရှိခြင်း(ကျန်းမာခြင်း)ဂုဏ်သည်ပဝတ္တိနိမိတ်မည်၏။

မှတ်ချက်။ စိန္တာနည်း၌ ၂-၄-တူ၏။ ၁။ အရောဂဿ ဘာဝေါ-ဟူသောဝိဂြိုဟ်သည် ဗျုပ္ပတ္တိ။ ၃။ အာရောဂျံ ဟူသောနိပ္ဖန္နသည်ပဝတ္တိ။

ဆေကော။ ဆိန္ဒတီတိ ဆေကော။

✝ ဆိဒိ ဒွေဓာကရဏေ။ ကတ္တရိ၊ အ။ ဒဿကော ဆေကော။သူစိ။

သုခဝိပါက။ သုခေါ ဣဋ္ဌော ဝိပါကော ယဿာတိ သုခဝိပါကော။ ယဿအတ္ထဿ၊ အကြင်အနက်အား။ သုခေါဣဋ္ဌော၊ ဣဋ္ဌဖြစ်သော။ ဝိပါကော၊ နာမက္ခန္ဓာဟူသောအကျိုးသည်။ အတ္ထိ၊ရှိ၏။ ဣတိ သုခဝိပါကော။ သုခဝိပါက။ ဣဋ္ဌဖြစ်သောနာမက္ခန္ဓာဟူသော အကျိုးရှိသော အနက်။

http://www.dhammadownload.com



**တစ်နည်း။** ဝိပစ္စနံ၊ဖြစ်စေခြင်း။ ဝိပါကော၊ဖြစ်စေခြင်း။ သုခဿဝိပါကော ယဿာတိ သုခဝိပါကော။ ယဿ အတ္တဿ၊ အား။ သုခဿ၊ ဣဋ္ဌဖြစ်သော နာမက္ခန္ဓာကို။ ဝိပါကော၊ ဖြစ်စေခြင်း သဘောသည်။ အတ္ထိ၊ ရှိ၏။ ဣတိ သော သုခဝိပါကော။

သုခဝိပါကော၊ ဣဋ္ဌဖြစ်သောနာမက္ခန္ဓာကိုဖြစ်စေခြင်းသဘောရှိသောအနက်။ (ပြည်သျှအလို)

**သမာစာရော။** သမာစရဏံ သမာစာရော။ သံပုဗ္ဗ+အာပုဗ္ဗ+စရဓာတ်+ဏပစ္စည်း+ ဘာဝသာဓန။

**ကာယသမာစာရ။** ကာယေန သမာစာရော ကာယသမာစာရော။ (သာဓက သာချုပ်ကောက်)

မှတ်ချက်။ ဤကား ယောဇနာ-၅၅-အလိုတည်း။ ပြည်-သျှ အလို ကာယေ ပဝတ္တော သမာစာရော ကာယသမာစာရော-ဟုတွဲ။ ဌာန+ဌာနီစပ်။

ဥတ္တရ။ ဥဂ္ဂတ ပုဒ်+ တရပစ္စည်း။ ဥဂ္ဂတာနံ ဝိသေသောတိ ဥတ္တရော။ ဥတ္တမအနက်ဟော။

အနုတ္တရ။ နတ္ထိ ဥတ္တရော ဧတဿ(ဘဂဝတော ) တိ အနုတ္တရော။

အနုတ္တရိယံ။ အနုတ္တရဿ ဘာဝေါ အနုတ္တရိယံ။

မှတ်ချက်။ ။ ဧတဒါ နုတ္တရိယံ-၌ အနုတ္တရိယ ပုဒ် ဝိဂြိုဟ်။

အင်္ဂ။ အဂီယတိ ဉာယတိ လက္ခီယတိ ဝါ ရထသမ္ဘာရော သမုဒါယော ဧတေနာတိ အင်္ဂ။ (စက္က အက္ခ ယုဂါဒိကံ မဟာင်္ဂ။)

ဧတေန၊ ထိုဘီး,ဝင်ရိုး,ထမ်းပိုးစသည်ဖြင့်။ ရထသမ္ဘာရော၊ ရထားဟုဆိုအပ်သော။ သမုဒါယော၊အပေါင်းကို။ အဂီယတိ ဉာယတိ၊သိအပ်၏။ဝါ-တစ်နည်းကား။ လက္ခီယတိ၊ မှတ်အပ်၏။ ဣတိ တံ စက္က အက္ခ ယုဂါဒိ မဟာတင်္ဂ၊ သည်။ အင်္ဂ၊ အင်္ဂမည်၏။ ကရဏသာဓန။ အင်္ဂဓာတ်၊ အပစ္စည်း။

၁။ အင်္ဂဓာတ်အရ ကတ္တုရူ ကြိယာအရကား – သိသော မှတ်သောပုဂ္ဂိုလ်၏ သညာပြဓာန်း သော စိတ္တုပ္ပါဒ်သည် မုချ။

၂။ ကရဏတ္တ ကြိယာအရကား ထို-အားတပ်သော ဘီး စသည်၏ အာရမ္မဏ၊ ဝါ- ပကတူပနိဿယသတ္တိသည် ဖလူပစာ။

၃။ အ ပစ္စည်း အရကား ဘီး, ဝင်ရိုး, ထမ်းပိုးစသော(ရထား၏) ကြီးသော အစိတ်အပိုင်း အင်္ဂါရ၏

http://www.dhammadownload.com



## ပစ္စည်းပြိုင်

- အန္တတ္တ (ဓာတွတ္တ=ကတ္တာ္ဘ) အရကား သိသော,မှတ်သောပုဂ္ဂိုလ် သညာပြဓာန်းသော စိတ္တုပ္ပါဒ်။

ဗာဟျတ္တ=ပစ္စယတ္ထ-အရကား ဘီးစသောအင်္ဂါရ၏။

ဗာဟျတ္တ=ပစ္စယတ္ထ-အား အန္တတ္တ-ကအာရမ္မဏမျိုး။ ပြိုင်နိုင်သောပစ္စယသတ္တိကား အာရမ္မဏ, ပုရေဇာတ,အတ္ထိ, အဝိဂတ။

## ဓာန်-ဋ္ဌီနည်း

၁။ အင်-ဟူသော ဂ-ဟူသော အစိတ်ပရမတ္ထသဒ္ဒါသည် ဇျပ္ပတ္တိ။

၂။ ယင်းဇျပ္ပတ္တိ၏အကြောင်းဖြစ်သောအင်္ဂဓာတ်၊ အပစ္စည်းသည်လည်းကောင်း၊ သိမှတ်ခြင်း ကြိယာသည်လည်းကောင်း ဇျပ္ပတ္တိနိမိတ်။

၃။ အင်္ဂ ဟူသော အပေါင်းပညတ္တိသဒ္ဒါသည် ပဝတ္တိ။

၄။ ထိုပဝတ္တိ၏အကြောင်းဖြစ်သော ရထားအင်္ဂါအစိတ်ခပိုင်းတို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အချင်းအရာဟုဆိုအပ်သော ဓာတ်သည် ပဝတ္တိနိမိတ်မည်၏။

## ဘေဒစိန္တာဒီပနီနည်း

၁။ အင်္ဂီယတိ ဉာယတိ လက္ခီယတိဝါ ရထသခ်ါတော သမုဒါယော ဧတေနာ- ဟူသော ဝိဂြိုဟ်ဝါကျသည် ဇျပ္ပတ္တိ။

၂။ အင်္ဂ ဟူသော ပုဒ်ပြီးနိပ္ဖန္နသည် ပဝတ္တိ။

ပစ္စင်္ဂ။ ပဋိခုဒ္ဒကံ အင်္ဂ ပစ္စင်္ဂ။ (နေမိအရ ဤသာဒိကံ ခုဒ္ဒကင်္ဂ။)

ပဋိခုဒ္ဒကံ၊ ငယ်သော။ အင်္ဂ၊ အကွတ်, အကန့်, လှည်းသံ စသော အင်္ဂါတည်း။ ပါဒိပုဗ္ဗပဒ ကမ္မဓာရယ်သမာသ်။ (ပြည် သျှ ဝိဂ္ဂဟများ။)

---

## (၆)အာဘောဂသံဝဏ္ဏနာ

ခ-ဝါကျဖြင့် ကုသလသဒ္ဒါသည် သဒ္ဒါတစ်ပါး (သဒ္ဒန္တရိတ်) ကို မငဲ့သော သာမညသဒ္ဒါ ဖြစ်သော် အာရောဂျစသော ၄-ပါးသော အနက်တို့ ကို ဟောသတည်းဟု သိစေသည်။ တစ်နည်း။ ကုသလသဒ္ဒါသည် သာမညနိဒ္ဒေသနည်း, ဧကသေသနည်းအားဖြင့် အာရောဂျစသော ၄-ပါးသော အနက်ကိုဟောသတည်းဟု သိစေသည်။ (နာမလိင်္ဂတ္ထ)

ဃ- ဝါကျဖြင့် ကုသလသဒ္ဒါသည် သဒ္ဒါတစ်ပါး(သဒ္ဒနရိတ်) ကိုမငဲ့သော သာမည သဒ္ဒါဖြစ်သော် အာရောဂျစသော ၄-ပါးသောအနက်ကိုဟောသော်လည်း "ကုသလာဓမ္မာ" ၌ ကုသလသဒ္ဒါကား ဓမ္မာဟူသော သဒ္ဒါတစ်ပါး (သဒ္ဒန္တရိက်)ကို ငဲ့သောကြောင့် အာရောဂျ, အနဝဇ္ဇ, သုခ- ဝိပါက အနက်တို့ကိုဟောသတည်း ဟုသိစေသည်။ (နာမလိင်္ဂတ္ထ)

http://www.dhammadownload.com



တစ်နည်း။ ခ.ဝါကျဖြင့်၄-ပါးသောအနက်ကို(ဆိုခဲ့ပြီးသောနည်းအရ) ဟောနိုင်သော်လည်း ဤကုသလာဓမ္မာ-၌ကား အာရောဂျ, အနဝဇ္ဇ, သုခဝိပါက,အနက်ကိုအလိုရှိအပ်သတည်းဟုသိစေသည်။ (အဓိပ္ပေတတ္ထ)

✪ ထင်ရန်တစ်ပါး၊ အနက်များထ၊ ဖွင့်တုံက၊ အဓိပ္ပေတသာ။ (မောင်းထောင်)

ဂ-ဝါကျ။ ကစ္စိန ဘောတော ကုသလံ-ဟု ဤသို့မေးအပ်ပြီးသော အနက်ကိုပင် ထင်ရှားအောင် "ကစ္စိ ဘောတော အနာမယံ" ဟု မိန့် သည်။ ထို့ကြောင့် ကုသလသဒ္ဒါ အနာမယ (အာရောဂျ)အနက်ဟောသည် ဟု သိနိုင်သည်။(ဘာဝတ္ထ)ကုသလနှင့် အနာမယအနက်တူပရိယာယ်ဟုလည်း သိနိုင်သည်။ (အဘိဓေယျတ္ထ)

✝ 'ကစ္စိန ဘောတော ကုသလ'န္တိ ဧဝံပုစ္ဆိတမေဝတ္ထံ ပါကဋံ ကတွာ ပုစ္ဆိတုံ" ကစ္စိ ဘောတော အနာမယ"န္တိ ဝုတ္တံ။ တသ္မာ ကုသလသဒ္ဒေါ အနာမယတ္ထော ဟောတိ။ မူလဋီ၊ ၁၊ ၂၈။

မှတ်ချက်။ အာတင်္ကော အာမယော ဗျာဓိ (တန်။၃၂၃) အာမယသဒ္ဒါ အနာရောဂါ အနက်ဟော။ နတ္ထိ အာမယော ယဿာတိ အနာမယော။ ရောဂါဝေဒနာ မရှိသူရ၏။ အာရောဂျနှင့် တန်းတူစေရန် အနာမယပုဒ် ကို ဘာဝလောပ ဘာဝပ္ပစ္စည်းကြ။သို့ဖြစ်၍ အနာမယံ ဟုနပုလ္လိင်နှင့် ရှိသတည်း။

### အာမယပုဒ်မှတ်ဖွယ်

အမ၊ ရောဂေ၊ ယော။ (အမဓာတ် ယပစ္စည်း) အာ ပုဗ္ဗော မယ ဂတိမှိဝါ(အာ+မယ)အထဝါ အမ ရောဂေ အ။စုရာဒိ။(အမဓာတ်+စုရာဒိ-ဏယပစ္စည်း)မ-ကျေ။ အာမယတိ ရုဇ္ဇတီတိ အာမယော။ ကာရိတလောပါ ဘာဝေါ။ အာဘုသော မိနောတိ ဟိံသတိ အတ္တသမင်္ဂိနန္တိ ဝါ အာမယော။ အာ ပုဗ္ဗော မိ ဟိံသာယံ ဏော။ အာ ပုဗ္ဗ+ မိဓာတ်+ ဏ ပစ္စည်း။ သူစိ။

---

## (၇) ဥပသဂ္ဂနိပါတတ္ထ

ခ-ဝါကျ တာဝ-သဒ္ဒါကား နိပါတ်ပုဒ်။ ဤ၌ တာဝ-သဒ္ဒါကား ပဌမတ္ထ။ ဓမ္မစသော-သဒ္ဒါတို့မှ (အပါဒါန်) တို့၏ (သမ္ဗန်) ရှေးဦးစွာ-ဟု အနက်ပေး။

### တာဝသဒ္ဒါမှတ်ဖွယ်

✝ ပဌမတ္ထေ ကမတ္ထေစ၊ ဝတ္တဗ္ဗန္တရာပေက္ခနေ။
အနုညာတေ တေသွတ္ထေသု၊ တာဝသဒ္ဒေါ ပဝတ္တတိ။(မဏိမဥ္ဇူ၊၁၊၃၀)

၁။ ပဌမတ္ထ=ရှေးဦးစွာ(အပါဒါန် သမ္ဗန်ငဲ့)

✪ ရှေးဦးဆိုရာ၊ ငဲ့တုံပါ၊ သဒ္ဒါ တာဝ ပဌမတ္ထ။(မာန်လည်နီယံ)

၂။ ကမတ္ထ= တာဝကမေန၊ အစဉ်အားဖြင့်။အစဉ်အတိုင်း။

✪ အစဉ်ဆိုပါ၊ ယင်းသဒ္ဒါ၊ မှတ်ပါ ကမတ္ထ။ (သစ်)

http://www.dhammadownload.com



၃။ ဝတ္တဗ္ဗတ္တရာပေက္ခန= တာဝ= ဆိုဖွယ်အထူးကိုဆိုဦးအံ့။ မဆိုမီ၊ မဆိုခင်။ဆိုလတ့်။

✪ ဆိုလတ့်အား၊ ငဲ့တုံငြား၊ မှတ်သားဝတ္တဗ္ဗတ္တရာပေက္ခန။ (မာန်လည်နိယံ)

၄။ အနညာတတ္ထ= တာဝ= ဖြစ်ပါစေ၊ ရှိပါစေ၊ ဖြစ်စေဦးတော့၊ ရှိစေဦးတော့။ (တာဝ ဟောတု၊ တာဝ အတ္ထိ)

✪ ခွင့်ပြုရာမှာ၊ တာဝပါမူ၊ သဒ္ဒါတာဝ၊ အနညာတ။ (မာန်လည်)

## အာရောစျေပိဒ္ဓ ပိ (အပိ) သဒ္ဒါ

န ကေဝလံ ကုသလသဒ္ဒေါ အနဝဇ္ဇေ သုခဝိပါကေဝေ ဝတ္တတိ၊ အထခေါ အာရောဂျေပိ။

မှတ်ချက်။ သမုစ္စည်းရေးပုံ မှားတတ်သည်။

## သမ္ဗန္ဓာမဝိသယ

က-ဝါကျ။ ဣဒါနိ-၌ ဣမသမ္ဗန္ဓာမ်ကား ပက္ကန္တဝိသယ။

အယံ-၌ ဣမသဒ္ဒါကား ဝုစ္စမာနာပေက္ခ။

ဂ-ဝါကျ။ အယံ-၌ ဣမသဒ္ဒါ ဆိုခဲ့ပြီးသော ကုသလသဒ္ဒါကိုစွဲ-ပက္ကန္တဝိသယ။

ဃ-ဝါကျ။ သွာယံ-၌ တ (ဣမ) ကား ဆိုခဲ့ပြီးသော ကုသလ သဒ္ဒါကိုစွဲ-ပက္ကန္တဝိသယ။

---

## (၈) ကြိယာငါးတန်

ကတတ္တာ၌ ကတ အရ -

၁။ ကုသိုလ်ကံသည် ဒဿနတ္ထ။

၂။ ယောနိသောမနသိကာရသည် ဒီပကတ္ထ။

၃။ ကုသလဝိပါက်စက္ခုဝိညာဉ်သည် ပကာသနတ္ထ။

၄။ သံပ္ပုရိသူပနိဿယ, သဒ္ဓမ္မဿဝန, အတ္တသမ္မပဏိဓိ, ပတိရူပ စသည်သည် ဝိဘာဝတ္ထ။

၅။ ကုသိုလ်စိတ်အဆက်ဆက်ဖြစ်ခြင်းအစ နိဗ္ဗာန်တိုင်အောင်သောအကျိုးသည် အနဘာဝတ္ထ။

မှတ်ချက်။ (ကုသလံ ကမ္မံ့ကတံ၊ တသ္မာ) ကုသလဿ ကမ္မဿ ကတတ္တာ စက္ခုဝိညာဏံ ဥပ္ပန္နံ-ဟု ဝါကျပြု၍ ကြိယာငါးတန် ထုတ်သည်။ (ဓမ္မသင်္ဂဏီ အဗျာကတ ဝိပါက်စိတ်၌လာသော ပါဠိတည်း။)

---

## ပစ္စည်းပြိုင်

ကတတ္တာ-ဝယ် ကတ-အရ ကုသိုလ်ကံ ပစ္စည်းတရားက စက္ခုဝိညာဏ် အရ ကုသလဝိပါက်စက္ခုဝိညာဏ်အား နာနက္ခဏိကကမ္မ, နာနက္ခ- ဏိကကမ္မမျိုး ဥပနိဿယ -၂- ပစ္စည်းဖြင့် ကျေးဇူးပြုသည်။

http://www.dhammadownload.com



(က) ဓမ္မသင်္ဂဒေါ-လ-ဒီသတိ။

( ခ) အယဥ်ိ "ဓမ္မံ ပရိယာပုဏာတိ-လ-နိဿတ္တ နိဇ္ဇီဝတာယ

( ဂ) သွာယမိဓာပိ --လ- ဝတ္တတိ။ ငှ။ ၈၁။

## ဝိဂ္ဂဟ စသည်မှတ်ဖွယ်

ပရိယတ္တိ။ ပရိယာပုဏီတဗ္ဗာတိ ပရိယတ္တိ။ (ယောဇနာ၊၅၅။) ပရိပုဗ္ဗ+အပ ဓါတ်+တိပစ္စည်း၊ ယ-အာဂုံ။

ယာ ပါဠိ၊ အကြင်ပါဠိကို။ ပုဂ္ဂလေဟိ၊တို့သည်။ ပရိယာပုဏီတဗ္ဗာ၊ သင်အပ်၏။ ဣတိ သာ ပရိယတ္တိ။

၁။ ပရိ ဥပသာရပုဒ်အရ ဓာတွတ္တဝိသေသကဘောဂုဏ်ရ၏။

၂။ အပ-ဓာတ်၏ အရ ကတ္တုဋ္ဌကြိယာ အရကား-အလဂဒ္ဒူပမာအားဖြင့် ပါဠိကိုသင်ယူသောပုဂ္ဂိုလ်၏ အကုသိုလ်၊ နိဿရဏတ္တအားဖြင့် ပါဠိကိုသင်ယူသောပုဂ္ဂိုလ်၏မဟာကုသိုလ် ၊ဘဏ္ဍာဂါရိကအားဖြင့် သင်ယူသောပုဂ္ဂိုလ်၏ မဟာကြိယာ စိတ္တုပ္ပါဒ်သည် မုချ။

၃။ကမ္မဋ္ဌကြိယာ အရကား ထို-အားတပ်သော ပါဠိ၏ အာရမ္မဏပစ္စယသတ္တိသည် ဖလူ။

၄။ တိ-ပစ္စည်း အရကား ထို-ဖြင့် မှတ်အပ်သော ပါဠိရ၏။

မှတ်ချက်။ ဤဓမ္မအဖွင့်သည် ကုသလ အဖွင့်နှင့် ဝါကျ အသွားအလာ တူသဖြင့် ဝါကျခွဲ ကျမ်းတက် စသည် မရေးတော့ပါ။

ဟေတု။ ဟိနောတိ ဖလံ ပဝတ္တတိ ဧတေနာတိ ဟေတု။

ဂုဏော။ ဂုဏာတိ အတ္တနာ သဒ္ဒိံ ဝိပါကံ ဗန္ဓတီတိ ဂုဏော ။ ဂုဏ ဗန္ဓနေ။

နိဿတ္တ။ သတ္တတော ဝိရဟိတော နိဿတ္တော။

နိဇ္ဇီဝေါ။ ဇီဝတော ဝိရဟိတော နိဇ္ဇီဝေါ။

မှတ်ချက်။ ယောဇနာ ၊ ၅၆-ဝိဂ္ဂြိုဟ်များ။

### ဣဓာပိ-၌ ပိ (အပိ) သဒ္ဒါ

✝ ဣဓာပိ အပိသဒ္ဒေါ ဓမ္မာ ဟောန္တီတိ အာဒီသု ဓမ္မသဒ္ဒံ အပေက္ခတိ။ ယော၊၅၆။

---

### (၆) အာဘောဂ သံဝဏ္ဏနာ

က-ဂ တို့၌ အာဘော်သံဝဏ္ဏနာ ကုသလတိက်ကိုမှီး၍ ဖော်လေ။ တူပြီ။

ခ-ဝါကျ-ဟေတုမှိ ဉာဏံ ဓမ္မပဋိသမ္ဘိဒါ-၌ အဘော်သံဝဏ္ဏနာကို ပါ၊ ဖြေ၊ ပထမ၊ နှာ-၁၄၃-အာဘော်၌ရှု။

http://www.dhammadownload.com



## (၇) ဥပသဂ္ဂ နိပါတတ္ထ

နိဿတ္တာ နိဇ္ဇီဝတာယမေဝ–၌ ဧဝ

၁။ နိဿတ္တ နိဇ္ဇီဝအနက်သည် ဂဟေတဗ္ဗတ္ထ။

၂။ ပရိယတ္တိ,ဟေတု,ဂုဏအနက်များသည် နိဝတ္တေတဗ္ဗတ္ထ။

၃။ နိဿတ္တနိဇ္ဇီဝအနက်၏ သိကြောင်းဂုဏ်သည် အနုညာတတ္ထ။

## (၈) ကြိယာ ငါးတန်

ဓမ္မေသု ဓမ္မာနုပဿီ–

၁။ သဘာဝဓမ္မကို အဖန်တလဲလဲ ရှုသောသူ၏ ဝိပဿနာဉာဏ် ပြဓာန်းသော စိတ္တုပ္ပါဒ်သည် ဒဿနတ္ထ။

၂။ ယောနိသောမနသိကာရစသည် ဒီပကတ္ထ။

၃။ ပရိကံ ဥပစာ အနုလုံ ဂေါတြဘူဟူသော ဥပစာရ သမာဓိဇောသည် ပကာသနတ္ထ။

၄။ ရှေးရှေး၌ဖြစ်သော ပါရမီဉာဏ်သည်ဝိဘာဝတ္ထ(အကြောင်း)။

၅။ သောပတ္တိမဂ်,ဖိုလ်စသော မဂ်ဖိုလ်တရားများသည် အနုဘာဝတ္ထ။

## (၁၀) ပစ္စည်းပြိုင်

နိရယံ နေတိ–၌ အဓမ္မ =အကုသိုလ် စေတနာ ပစ္စည်းတရားက–နိရယံ အရ နိရယပဋိသန္ဓေ နာမက္ခန္ဓာ ကမ္မဇရုပ်အား နာနက္ခဏိကကမ္မ သတ္တိဖြင့် ကျေးဇူးပြုသည်။

### ဓမ္မပဋိသမ္ဘိဒါ

ဓမ္မ–အရ အကြောင်း(ဟေတု)အာရုံပစ္စည်းတရားက–ပဋိသမ္ဘိဒါအရ အကျိုး အာရမ္မဏိက ပစ္စယုပ္ပန်တရားအား အာရမ္မဏ, အဓိပတိ, ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုသည်။

မှတ်ချက်။ ဓမ္မ –ကို ဟေတုမို၊ ပဋိသမ္ဘိဒါ– ကို ဉာဏ်–အဖွင့်ကို ထောက်ပါ။

### ဝစနတ္ထော ပနေတ္ထကျမ်းတက်

ဧဝံ ကုသလာသဒ္ဒေဟိ ဝုစ္စိတဗ္ဗံ ဣတာဓိပ္ပေတံ ဒဿေတွာ ဣဒါနိ ဝစနတ္ထံ ဒဿေန္တော အာဟ ဝစနတ္ထောတိ အာဒိ။ ယောဇနာ။ ၅၆။

ဤသို့ကုသလာသဒ္ဒေါတာဝ စသောဝါကျတို့ဖြင့် ကုသလာသဒ္ဒါ၏ အတ္ထုဒ္ဒါရ အတ္ထုဒ္ဓေသ အဓိပ္ပေတတ္ထ၊ ဓမ္မသဒ္ဒါတို့၏ အတ္ထုဒ္ဒါရ အတ္ထုဒ္ဓေသ အဓိပ္ပေတတ္ထတို့ကို ပြတော်မူပြီး၍ ယခုအခါ၌ ကုသလာဓမ္မာ ပုဒ်တို့၏ ဝစနတ္ထကိုပြခြင်းငှါ ဝစနတ္ထော ပနေတ္ထ စသည်မိန့်–––။

http://www.dhammadownload.com



ဝစနတ္ထော ပနေတ္ထ--

(က) ကုစ္ဆိတေ ပါပကေ ဓမ္မေ သလယန္တိ စလယန္တိ ကမ္ပေန္တိ ဝိဒ္ဓံသေန္တီတိ ကုသလာ။ (ခ) ကုစ္ဆိတေန ဝါ အာကာရေန သယန္တီတိ ကုသာ။ တေ အကုသလသင်္ခါတေ ကုသေ လုနန္တိ ဆိန္ဒန္တီတိ ကုသလာ။ (ဂ) ၁။ ကုစ္ဆိတာနံ ဝါ သာနတော တနုကရဏတော ဩသာနကရဏတော ဉာဏံ ကုသံ နာမ။ ၂။ တေန ကုသေန လာတဗ္ဗာတိ ကုသလာ။ ၃။ ဂဟေတဗ္ဗာ ပဝတ္တေတဗ္ဗာတိ အတ္ထော။ (ဃ) ယထာ ဝါ ကုသာ ဥဘယဘာဂဂတံ ဟတ္ထပ္ပဒေသံ လုနန္တိ၊ ဧဝမိမေပိ ဥပ္ပန္နာနုပ္ပန္နဘာဝေန ဥဘယဘာဂဂတံ ကိလေသပက္ခံ လုနန္တိ၊ တသ္မာ ကုသာ ဝိယ လုနန္တီတိပိ ကုသလာ။ ဋ္ဌ၊ ၈၁။

## (၁)အနက်ယောဇနာ

ဝစနတ္ထော ပနေတ္ထ။ ပန၊ ကုသလသဒ္ဒါ ဓမ္မသဒ္ဒါတို့၏ အတ္ထုဒ္ဓါရ မှတပါး ဝစနတ္ထကို ဆိုဦးအံ့။ ဝါ-အဘိဓေယျတ္ထမှတပါး ဝစနတ္ထကိုဆိုဦးအံ့။ ဝါ-ပုဒ် ခါတ် ပစ္စည်းကို မခွဲခြမ်း မဝေဘန်သော သမုဒါယတ္ထမှတစ်ပါး ဓာတ်ပစ္စည်းတို့ကို ခွဲခြမ်းဝေဘန်သော အဝယဝတ္ထကို ဆိုဦးအံ့။ ဧတ္ထ။ ဤ ကုသလာဓမ္မာ-ဟူသော ပုဒ်ဝါကျ၌။ ဝစနတ္ထော၊ ကို၊ ဝေဒိတဗ္ဗော၊ ၏။ (မင်းခင်း)

ဝစနတ္ထော၊ ကို။ ဧဝံ ဝေဒိတဗ္ဗော ထည့်စပ်။ သံဝဏ္ဏနာနှင့် အညီ ကုသလ သဒ္ဒါ၏ အနက်ကို သက်ဆိုင်ရာဝါကျ၌ ရှုလေ။ အာဘော် သံဝဏ္ဏနာကိုလည်း ကြည့်ပါ။

---

## (၂)(၃) ဝါကျခွဲစသည်

ခ-ဝါကျကား ပက္ခန္တရဝါကျ။ ထို-၍ က-ဝါကျကား ပက္ခဝါကျ။

### ခ-ဝါကျ အနုသန္ဓေတက်

ဤသို့ က-ဝါကျဖြင့် ကုသလာပုဒ်၌ ကု-နိပါတ်ပုဒ်၏ ကုစ္ဆိတအနက်ဟော၊ ကုအရ ပါပဓမ္မ၊ ကုသလပုဒ်၏ ကုပုဗ္ဗ+သလဓာတ်၊ ကုစ္ဆိတေ သလယန္တီတိ ကုသလာ-ဟု ကတ္တုသာဓန ကိတန္တဒုတိယံာတပ္ပုရိသ်သမာသ် (လဟုကနည်း) ဝစနတ္ထပြုရမည်ဟုပြတော်မူပြီး၍ (၆-အာဘော် ကိုရှု၍ ပုဗ္ဗာနုသန္ဓေပြု) ယခုအခါ၌ ကုသဒ္ဒါ၏ အဘိဓေယျတ္ထတစ်မျိုးနှင့် ဝစနတ္ထတစ်မျိုးကို ပြခြင်းငှါ ခ-ဝါကျမိန့်။

ဒေါသပယ်။ အဗျာပိတ , အပရိပုဏ္ဏ ဒေါသပယ်။

ခ-ဝါကျတွင် တေ-လ-ကုသလာဟူသော ဝါကျသည် (အပေါင်း ဝစနတ္ထ ဟူသော အဖို့တစ်ပါးကိုပြသောကြောင့်) ပက္ခန္တရ။

ထို-၍ ကုစ္ဆိတေန-လ-ကုသာ-ကား (အစိတ်ဝစနတ္ထ- ဟူသော အဖို့ကိုပြသော ကြောင့်) ပက္ခ။

တစ်နည်း။ တေ -လ- ကုသလာ-ကား ဝါကျာရမ္ဘဝါကျ။ ထို-၍ ကုစ္ဆိတေန-လ-ကုသာကား အာရဒ္ဓဝါကျ။

http://www.dhammadownload.com



**မှတ်ချက်။** ကုစ္ဆိတေန-လ-ကုသာ ဖြင့် ကုသလာ၌ ကုသာ-ဟူသော အစိတ်ပုဒ်၏ အဖွင့်ကိုပြပြီးနောက် ကုသ-အရနှင့် ကုသလာ အပေါင်းဝိဂ္ဂဟကို ဆက်ပြသောကြောင့် တေ - လ -ကုသလာ-ဝါကျကို ဝါကျာရမ္ဘ-ဟု ဆိုသည်။

ဂ-ဝါကျကား ပက္ခန္တရ။ ထို-၍ က-ခ-ဝါကျကား ပက္ခ။

ဂ-၂ ဝါကျကား ပက္ခန္တရ။ထို-၍ ဂ-၁ ဝါကျကား ပက္ခ။

တစ်နည်း။ ဂ-၂ ဝါကျကား ဝါကျာရမ္ဘ။ ထို-၍ ဂ-၁ ဝါကျကား အာရဒ္ဓဝါကျ။

ဂ-၃.ဝါကျကား(လာတဗ္ဗာပုဒ်၏သဒ္ဒတ္ထ အဓိပ္ပါယတ္ထအကျယ်ကို ပြသောကြောင့်) ဝိတ္ထာရ။ ထို-၍ ဂ-၂ ဝါကျကား သင်္ခေပဝါကျ။

## ဂ-၃ ဝါကျကျမ်းတက်

ဆရာ၊ ဆရာသည် ၂-ဝါကျဖြင့်ကုသလာပုဒ်ကို ကုသေန လာတဗ္ဗာတိ ကုသလာ-ဝစနတ္ထ ပြုရသောဟုဆိုတော်မူ၏။ ထိုသို့သာဆိုချေသော် (လက္ခဏာ အရစိ)လာတဗ္ဗာ၌ လာဓာတ်သည် "အနေကတ္ထာ ဟိ ဓာတဝေါ"ပရိဘာသာအရ သွားခြင်း,ချက်ခြင်းစသော အနက်ကိုဟော၏ဟူသော အနက်သည်ရောက်ရာ၏။(အနုလော) စင်စစ်တမူကား လာဓာတ်သည် ဤ၌သွားခြင်း ချက်ခြင်းစသောအနက်ဟော မဖြစ်သင့်။(ပဋိပါ) ယင်းသို့မဖြစ်သင့်သောကြောင့်(ဟိတ်) လာဓာတ်၏ သဒ္ဒတ္ထ အဓိပ္ပါယတ္ထ အကျယ်ကို ဆိုသင့် ဆိုတန်၏။ (ပဋိရော)တစ်နည်း။ လာဓာတ်၏ သဒ္ဒတ္ထ အဓိပ္ပါယတ္ထအကျယ်ကိုမဆိုဘဲ မနေသင့်မနေတန်။ လာဓာတ်၏သဒ္ဒတ္ထ အဓိပ္ပါယတ္ထ အကျယ်ကား အဘယ်နည်း-ကြောင့် ၃-ဝါကျမိန့်။

ဒေါသပယ်။ အတိဗျာပိတဒေါသဖယ်။

## ရှင်းလင်းချက်

လာတဗ္ဗာ၌ လာဓာတ်သည် တစ်ပါးသောအနက်များကို ဟောသေးသလော-ဟု သံသယဖြစ်ဖွယ်ရှိ၍ ဂဟေတဗ္ဗာ-ဟူသောသံဝဏ္ဏနာကို ရေးရသည်။ ယင်း ဂဟေတဗ္ဗာ ဟူသော သံဝဏ္ဏနာဖြင့် လာဓာတ်သည် အာဒါန (ဂဟဏ) အနက်ကိုဟောသည်၊ တစ်ပါသောအနက်တို့ကို မဟောဟု သိရသည်။ သို့ဖြစ်၍ ယင်းဂဟေတဗ္ဗာ-ဟူသော သံဝဏ္ဏနာဖြင့် လာဓာတ်၏ ဓာတ်နက်များ ပျံ့နှံ့မှုကို ကင်းစေရကား အတိဗျာပိတ ဒေါသကိုပယ်သည်။

ဃ-ဝါကျကား ပက္ခန္တရ။ ထို-၍ က-ခ--ဂ ဝါကျကား ပက္ခ။ ထို ဃ-ဝါကျတွင် ကုသာဝိယ လုနန္တိကား သင်္ခေပဝါကျ။ ထိုဝါကျကို ယထာဝါ-လ-ကိလေသပက္ခံ လုနန္တိ-ဖြင့် ချဲ့သည်။ ထို့ကြောင့် ယထာဝါ-လ-ပက္ခံ လုနန္တိကား ဝိတ္ထာရဝါကျ။

**မှတ်ချက်။** ကုသာ ဝိယ-ဥပမာနအကျဉ်းကို ယထာဝါ -လ-ဟတပ္ပဒေသံ လုနန္တိဖြင့် ချဲ့သည်။ လုနန္တိ ဟူသောကြိယာကို ဥပ္ပန္နာ-လ-ကိလေသပက္ခံ လုနန္တိ ဖြင့် ချဲ့သည်။

http://www.dhammadownload.com



ဝ ထို ဃ–ဝါကျတွင် ယထာဝါ –လ– ဟာတပ္ပဒေသံ လုန္တိ ကား ဥပမာနဝါကျ။ ဧဝမိမေပိ–လ– ပက္ခံ လုန္တိကား ဥပမေယျဝါကျ။

ယထာဝါ–လ– တသ္မာကား ( ဝိတ္ထာရဖက်မှ ) ကာရဏဝါကျ။ ကုသလာကား ဖလဝါကျ။

ကုသာ ဝိယ လုန္တီတိ ကား ( သင်္ခေပ ဖက်မှ ) ကာရဏဝါကျ။

ကုသလာ–ကား ဖလဝါကျ။

---

## (၅) ဓာတုပစ္စယာဒိ

ကုစ္ဆိတ။ ကုစ္ဆာပုဒ်+က္လတပစ္စည်း။ သဉ္ဇာတတဒ္ဓိတ်၌ က္လတပစ္စည်းသက်။ ကုစ္ဆာ သဉ္ဇာတာ အဿေတိ ကုစ္ဆိတော။ (သူစိ)

အဿ၊ ထိုသဘောတရားအား။ သဉ္ဇာတာ၊ ဖြစ်သော။ကုစ္ဆာ ဇိဂုစ္ဆာ၊ စက်ဆုတ်ဖွယ်သည်။ အတ္ထိ၊ ၏။ က္လတိ သော ကုစ္ဆိတော။

မှတ်ချက်။ ကုစ္ဆာ ဇိဂုစ္ဆာ ဂရဟာ ဘဝေ။ ဓာန်၊ ၁၂၁–အလို ကုစ္ဆာ သဒ္ဒါ ဇိဂုစ္ဆအနက်ဟော၊ ဤအလို– ကုစ္ဆိတော၊ စက်ဆုတ်ဖွယ်ရှိ ကုန်သော–ဟု အနက်ပေး။ သျှတို့၌ ကုစ္ဆိတော၊ စက်ဆုတ်အပ် ကုန်သောဟု ပေးသည်။ ဤ အလို ကောသိယတေ ဇိဂုစ္ဆယတေတိ ကုစ္ဆိတော–ဟု ကုသဓာတ် + တပစ္စည်း ကမ္မသာဓ်ကြဲ။

✝ ပဗ္ဗဓာဒိနှာ သိဒ္ဓံ။

တစ်နည်း။ အဘိဓာန်ဋီကာ၌ –ကုစ္ဆာသဒ္ဒါကို ကုစ္ဆ–ဓာတ်ဟု ဆိုသည်။ ကုစ္ဆာသဒ္ဒေါ ဂရဟာတ္ထော ဟု၊ နီတိ၊ဓာတု၊ဈေ–၌လာသည်။ သို့ဖြစ်၍ ကုစ္ဆိတပုဒ်ကို ကုစ္ဆဓာတ်+ တပစ္စည်း+ က္လ အာဂုံကြံ၍ ကုစ္ဆိယတေ ဂရဟီယတေတိ ကုစ္ဆိတော–စသည်ကြံသင့်၏။

ပါပက။ ပပုဗ္ဗ+အပ ပါပုဏနေ+ကာရိုက်ကျေ+ ဏျုပစ္စည်း၊ ဒုဂ္ဂတိံ ပါပေန္တီ (ရောက်စေတတ်ကုန်၏) တိ ပါပကာ။

✝ ဒုဂ္ဂတိံ ပါပေတီတိ ပါပံ။ အပ ပါပုဏနေ အ။ သူစိ။

အာကာရ။ အာပုဗ္ဗ+ကရဓာတ်+ဏပစ္စည်း။ အာကိရီယတိ ဉာဏေန ဉာယတိ၊ သဘာဝတ္တော ဝါ အာကိရီယတိ လက္ခီယတိ ဉာဏေန အဝယံ ဘာဝေနာတိ အာကာရော။ အာကာရ–သဒ္ဒါ သဘာဝတ္ထ၊ ကောဋ္ဌာသတ္ထ။ အာကာရေန၊ အဘို့အစုအားဖြင့်၊ ဝါ–သဘောအားဖြင့်။ (မင်းခင်း၊၂၃၂။)

သင်္ခါတ။ သံပုဗ္ဗ+ခါဓာတ်+တပစ္စည်း။

✝ ခါ ပကာတနေ ချာစ။ နီတိ၊ ဓာတု။

တန။ တနကရဏာ၌ တနသဒ္ဒါကား အပ္ပတ္တဝါစက အနိပ္ဖန္နပါဋိ ပဒိကပုဒ်။ အလိင်္ဂ၊ ဂဏဝိမုတ်။

http://www.dhammadownload.com



မှတ်ချက်။ ကာမရာဂဗျာပါဒါနံ တနုတ္တကရံ-စသည်၌ တနုသဒ္ဒါ အပ္ပတ္ထဝါစက (အနည်းငယ်အနက်ဟော) နိပါတ်ပုဒ်ဟုကြံသင့်သော်လည်း တနုကား-နိပါတ်တည်းဟု ဆိုအပ်သော အရာဌာနမရှိသောကြောင့် အနိပ္ဖန္နပါဋိပဒိကဟု ဆုံးဖြတ်။ (သူစိ)

ဟတ္ထ။ ဟသဓာတ်+ထပစ္စည်း။ တစ်နည်း။ ဟရဓာတ်+ထပစ္စည်း။ ပုံလိင်၊ ပုရိသာဒိ၊ အကာရန္တ။

ဟသန္တျနေနာတိ ဟတ္ထော။ ဟရန္တျ နေနာတိ ဝါ ဟတ္ထော။ (သူစိ)

---

## (၆) အာဘောဂ သံဝဏ္ဏနာ

က-ဝါကျ၌ ကုစ္ဆိတေ-ဖြင့် ကုသလာ-၌ ကုနိပါတ်ပုဒ်သည် မြေကြီးစသော အနက်ကို မဟော၊ စက်ဆုပ်အပ်သောအနက်ကိုဟောသတည်းဟု သိစေသည်။ (နိပါတလိင်္ဂတ္ထ)

✝ ကုသဒ္ဒဿ ပထဝီအာဒီနံပိ ဝါစကတ္တာ ဣဓ ကုစ္ဆိတဗ္ဗတ္ထဝါစကော ကုသဒ္ဒေါတိ ဉာပေတုံ ကုစ္ဆိတေတိ ဝုတ္တံ။ ယောဇနာ၊ ၅၆။

က-ဝါကျ၌ ပါပကေဓမ္မေ-ဖြင့် ကုစ္ဆိတအရ အနိဋ္ဌရူပါရုံစသည် ကိုမယူရ။ ပါပဓမ္မကို ယူရမည်ဟုသိစေသည်။ (အဘိဓေယျတ္ထ)

✝ အနိဋ္ဌရူပါဒယောပိ ကုစ္ဆိတာနာမ အတ္ထိ၊ တသ္မာ ပါပဓမ္မေတိ ဝုတ္တံ။ ယော၊၅၆။

က-ဝါကျ၌ စလယန္တိ-ဖြင့် သလယန္တိ-၌ သလဓာတ်သည် ဂတိပဝတ္တနတ္ထ (ယောဇနာ) ဟိံသန,အပနယန,သံဝရဏစသောအနက် (မင်းခင်း) တို့ကိုမဟော၊ တုန်လှုပ်ခြင်း စလနအနက်ကို ဟောသတည်းဟု သိစေသည်။ (ဓာတွတ္ထ)

က-ဝါကျ၌ ကမ္ပေန္တိ-ဖြင့် စလယန္တိ-၌ စလဓာတ်သည် စားခြင်း = ဘက္ခဏ (ယောဇနာ) လျှပ်ပေါ်ခြင်း=စပလ (မင်းခင်း)အနက်တို့ကိုမဟော၊ တုန်လှုပ်ခြင်း=ကမ္ပနအနက်ကို ဟောသတည်း ဟု သိစေသည်။ (ဓာတွတ္ထ)

က-ဝါကျ၌ ဝိဒ္ဓံသေန္တိ-ဖြင့် ကမ္ပေန္တိ-၌ ကပိဓာတ်သည်တုန်လှုပ်ခြင်းဖန္ဒန စသောအနက်တို့ကို မဟော၊ ဖျက်ဆီးခြင်း=ဝိဒ္ဓံသနအနက်ကို ဟောသတည်းဟု သိစေသည်။ (ဓာတွတ္ထ)

✝ သလယန္တိ။ ပ'။ ဝိဒ္ဓံသေန္တိတိ ဧတ္တ ပုရိမဿ ပုရိမဿ ပစ္ဆိမံ ပစ္ဆိမံ အတ္ထဝစနံ။မူလဋီ၊၁၊၂၈။

မှတ်ချက်။ ဤဝိဂြိုဟ်၌ (ကုသလအရ) စတုဘူမကကုသိုလ်ယူ။ (မင်းခင်း)

## က-ဝါကျ တစ်နည်း အာဘော်

က-ဝါကျ၌ စလယန္တိဖြင့် သလယန္တိ၌ သလဓာတ်၏ စလနတ္ထကိုဟောသည်ကို လည်းကောင်း၊[၁] အကုသိုလ်ဓမ္မတို့ကို တဒင်္ဂပဟာန်အားဖြင့် ပယ်သည်ကိုလည်းကောင်း၊[၂] ကုသလာအရ ကာမာဝစရကုသိုလ်ကိုယူရမည်ကိုလည်းကောင်း[၃] သိစေသည်။

၁။ ဓာတွတ္ထ။ ၂။ ဘာဝတ္ထ။ ၃။ အဘိဓေယျတ္ထ။

http://www.dhammadownload.com



က–ဝါကျ၌ ကမ္မေန္တိဖြင့် သလယန္တိ–၌ သလဓာတ်၏ ကမ္မနတ္ထကိုဟောသည်ကို လည်းကောင်း၊[၁] အကုသိုလ်ဓမ္မတို့ကို ဝိက္ခမ္ဘနပဟာန်ဖြင့်ပယ်သည်ကိုလည်းကောင်း၊[၂] ကုသလ–အရ မဟဂ္ဂုတ်ကုသိုလ်ကို ယူရမည်ကိုလည်းကောင်း[၃] သိစေသည်။

၁။ ဓာတွတ္ထ။ ၂။ ဘာဝတ္ထ။ ၃။ အဘိဓေယျတ္ထ။

က–ဝါကျ၌ ဝိဒ္ဓံသေန္တိဖြင့် သလယန္တိ၌ သလဓာတ်၏ ဝိဒ္ဓံသနတ္ထ–ကိုဟောသည် ကိုလည်းကောင်း၊[၁] အကုသိုလ်ဓမ္မတို့ကို သမုစ္ဆေဒပဟာန်ဖြင့် ပယ်သည်ကိုလည်းကောင်း၊[၂] ကုသလာ–အရ လောကုတ္တရာကုသိုလ်ကိုယူရမည်ကိုလည်းကောင်း[၃] သိစေသည်။

၁။ ဓာတွတ္ထ။ ၂။ ဘာဝတ္ထ။ ၃။ အဘိဓေယျတ္ထ။

✝ အထဝါ သလနသ္မာ အတ္တဒီပနာဒိ စလနာဒီနိ တီဏိ တဒင်္ဂပ္ပ– ဟာနာဒီဟိ ယောဇေတဗ္ဗာနိ။ မူလဋီ၊ ၁၊ ၂၈။

က–ဝါကျ၌ ကုစ္ဆိတေ သလယန္တိ–ဝါကျဖြင့် ကုသလာ၌ ကုသ–သဒ္ဒူပပဒ သလဓာတ်၏ အဖြစ်ကိုလည်းကောင်း၊[၁] အပစ္စည်း၏ ကတ္တုသာဓနေကိတန္တဒုတိယာ တပ္ပုရိသ်သမာသ်၏အဖြစ်ကို လည်းကောင်း၊[၂] ကုစ္ဆိတေ သလယန္တီတိ ကုသလာ ဟု ဝစနတ္ထပြုရမည်ကိုလည်းကောင်း[၃] သိစေသည်။ ၁။ ဒုတိယဓာတုပဒ။ ၂။ ဒုတိယပစ္စယတ္ထ။ ၃။ အဘိဓာနတ္ထ၊သမာသလိင်္ဂပဒတ္ထ။

မှတ်ချက်။ ဤကား လဟုကနည်းဖြင့် အာဘော်ဖေါ်ခြင်း။ ဂရုကနည်းဖြင့် အာဘော်ကို အောက်ပါအတိုင်းမှတ်လေ။

တစ်နည်း။ က–ဝါကျ၌ ကုစ္ဆိတေ သလယန္တိဝါကျဖြင့် ကုသလာ–၌ သလဓာတ်၏ အဖြစ်ကိုလည်းကောင်း၊[၁] သလာ၌ အ–ပစ္စည်း၏ ကတ္တုသာဓနေ၌ သက်သည်ကိုလည်းကောင်း၊[၂] သလာပုဒ်ကို သလယန္တီတိ သလာ–ဟု ကတ္တုသာဓနေဝစနတ္ထပြုရမည်ကို လည်းကောင်း၊[၃] ကုပုဒ်နှင့် သလာပုဒ်ကို ကုစ္ဆိတေ သလာ ကုသလာ ဟု ဒုတိယာ တပ္ပုရိသ်သမာသ်ဝစနတ္ထပြုရမည်ကို လည်းကောင်း[၄] သိစေသည်။

၁။ ဒုတိယ ဓာတုပဒ။ ၂။ ဒုတိယပစ္စယတ္ထ။ ၃။ အဘိဓာနတ္ထ။

၄။ အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ။

## ဉာဏ်ကောက်

ကုစ္ဆိတေ သလယန္တီတိ ကုသလာ။ ယေဓမ္မာ၊တို့သည်။ ကုစ္ဆိတေ၊ တို့ကို။ သလယန္တိ ဝိဒ္ဓံသေန္တိ၊ ဖျက်ဆီးတတ်ကုန်၏။ ဣတိ တေ ဓမ္မာ ကုသလာ။

ကုသ သဒ္ဒူပပဒ+သလဓာတ်+ အပစ္စည်း။

၁။ ကု–ဟူသော ဝိသေသနပုဒ်အရကား–ပညာရှိတို့သည် စက်ဆုပ်အပ်သော အကုသိုလ် ဓမ္မတို့သည် မုချ။

၂။ ယင်းပညာရှိတို့သည် စက်ဆုပ်အပ်သော အကုသိုလ်ဓမ္မ၏ ကုသိုလ်ဓမ္မတို့နှင့်

http://www.dhammadownload.com



ပဟာတဗ္ဗ, ပဟာယက၊ အာရုံ,အာရမ္မဏိက၊ ပကတူပနိဿယပစ္စည်း, ပကတူပနိဿယပစ္စယုပ္ပန် အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဌာနူပစာ။

၃။ သလ–ဓာတ်အရကား စက်ဆုပ်အပ်ကုန်သော အကုသိုလ်ဓမ္မတို့ကို ဖျက်ဆီး တတ်သော ကုသိုလ်ဓမ္မ၏ သတ္တိ၊လက္ခဏာ၊သဘာဝရ၏။

၄။ အ–ပစ္စည်း အရကား သတ္တိမန္တ၊ လက္ခဏာဝန္တ၊ သဘာဝဝန္တ ဖြစ်သော အလုံးစုံသော ကုသိုလ်ဓမ္မရ၏။

မှတ်ချက်။ ဋီကာပထမနည်း။ ကုသလာအရ အလုံးစုံသော ကုသိုလ် (စတုဘူမက ကုသိုလ်) တည်း။ ဤကား လဟုကနည်း ဝိဂ္ဂဟညသ်ကောက်တည်း။ ဂရုကနည်းကို အာဘော်၌ ရှု၍ကောက်လေ။

## အနက်ယောဇနာ

ကုသလာ၊ ပညာရှိတို့သည် စက်ဆုပ်အပ်ကုန်သော ယုတ်မာကုန်သော အကုသိုလ်တရား တို့ကို ဖျက်ဆီးတတ်ကုန်သော။ (ဓမ္မာ၌စပ်)

## ပစ္စည်းပြိုင်

ကု–အရ အကုသိုလ်ဓမ္မဟူသော ဓမ္မာရုံပစ္စည်းတရားက–သလ–အရ ကာမာဝစရ ကုသိုလ်ပစ္စယုပ္ပန်တရားအား အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြု။

တစ်နည်း။ သလအရ ကုသိုလ် ပစ္စည်းတရားက–ကု–အရ အကုသိုလ် ပစ္စယုပ္ပန်တရား အား ပကတူပနိဿယသတ္တိဖြင့်ကျေးဇူးပြု။

မှတ်ချက်။ ဋီကာ ဒုတိယနည်းအလို– ကုစ္ဆိတေ သလယန္တိ စလယန္တီတိ ကုသလာဟု ဝိဂ္ဂဟပြု။ ကာမာဝစရကုသိုလ်ရ၏။ ကုစ္ဆိတေ သလယန္တိ ကမ္ပေန္တီတိ ကုသလာဟုဝိဂ္ဂဟပြု။ မဟဂ္ဂုတ်ကုသိုလ်ရ။ ကုစ္ဆိတေ သလယန္တိ ဝိဒ္ဓံသေန္တီတိ ကုသလာ–ပြု။ လောကုတ္တရာကုသိုလ်ရ။

ခ–ဝါကျ၌ ဝါသဒ္ဒါဖြင့် ကုသလသဒ္ဒါ၌ ဝစနတ္ထတစ်မျိုးရှိသေးသည်ဟူသော နယန္တရကို သိစေသည်။ (ဘာဝတ္ထ)

ခ–ဝါကျ၌ ကုစ္ဆိတေန သယန္တိ–ဖြင့် ကုသာ၌ ကုပုဗ္ဗ+သိဓာတ်၏ အဖြစ်ကိုလည်း ကောင်း၊[၁] ကု–သဒ္ဒါ၏ ကုစ္ဆိတအနက်ဟော၏ အဖြစ်ကိုလည်းကောင်း၊[၂] ကုသာ ပုဒ်ကို "ကုစ္ဆိတေန သယန္တီတိ ကုသာ" ဟု ကတ္တုသာဓနေ ကိတန္တတတိယာတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်ကိုလည်း ကောင်း၊[၃] (လဟုကနည်း)။ တနည်း။ သယန္တီတိ သာ၊ ကုစ္ဆိတေန သာ ကုသာဟု တတိယာ တပ္ပုရိသ်သမာသ်ဝစနတ္ထပြုရမည်–ကိုလည်းကောင်း၊[၄] အပစ္စည်း၏ ကတ္တု သာဓနေ၌ သက်သည်ကို လည်းကောင်း[၅] သိစေသည်။

၁။ ဒုတိယဓာတုပဒ။ ၂။ နိပါတလိင်္ဂတ္ထ။ ၃။ အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ။
တနည်း။ ၄။ အဘိဓာနတ္ထ။ သမာသလိင်္ဂပဒတ္ထ။ ၅။ ဒုတိယပစ္စယတ္ထ။

http://www.dhammadownload.com



ခ-ဝါကျ၌ အာကာရေန-ဖြင့် ကုစ္ဆိတာအရ အခြင်း=အာကာရ သဘာဝ အဖို့အစုကို ယူရမည်ဟု သိစေသည်။ (အဘိဓေယျတ္ထ)

## ဉာသ်ကောက်

ကုစ္ဆိတေန အာကာရေန သယန္တီတိ ကုသာ။

ယေဓမ္မာ၊ အကြင်အကုသိုလ်တရားတို့သည်။ ရာဂါဒိအသုစိ-သမ္ပယောဂတော၊ မစင်ပမာ ပညာရှိတို့သည်စက်ဆုပ်အပ်သော ရာဂအစရှိ သော သံကိလေသအသုစိတို့နှင့် ယှဉ်ခြင်းကြောင့် လည်းကောင်း၊ နာနာဝိဓ ဒုက္ခဟေတုတောစ၊ အထူးထူးသော အပြားရှိသော ဒုက္ခ၏ အကြောင်း၏ အဖြစ်ကြောင့်လည်းကောင်း (ဋီကာဟိတ်များ) ကုစ္ဆိတေန၊ ပညာရှိတို့သည် စက်ဆုပ်အပ်သော အခြင်းအရာ အဖို့အစုသဘောအားဖြင့်။ သန္တာနေ၊ သတ္တဝါတို့၏စိတ်အစဉ်၌။ သယန္တိ၊ ဖြစ်တတ်ကုန်၏။ ဣတိ တေ ကုသာ။

၁။ ကု-ဝိသေသနအရ စက်ဆုပ်အပ်သောအခြင်းအရာ အာကာရ အဖို့အစု သဘာဝရ၏။

၂။ ယင်း-၏ အကုသိုလ်တရားတို့နှင့် အာကာရ, အကာရဝန္တ၊ သဘာဝ, သဘာဝဝန္တ၊ ဂုဏ်,ဂုဏော စပ်-ဌာနူပစာ။

၃။ သိဓာတ်၏အရကား စက်ဆုပ်အပ်သော အခြင်းအရာသဘာဝအားဖြင့် ဖြစ်ခြင်း သတ္တိ, လက္ခဏာ, သဘာဝရ၏။

၄။ အ-ပစ္စည်းအရကား သတ္တိမန္တ, လက္ခဏာဝန္တ, သဘာဝဝန္တဖြစ်သော စက်ဆုပ်အပ်သော အကုသိုလ်ရ၏။

## အဘိဓာန်ဋီကာနည်း

၁။ ကု-ဟူသော သာ-ဟူသောအစိတ်ပရမတ္ထသဒ္ဒါသည် ဗျုပ္ပတ္တိ။

၂။ ကုပုဗ္ဗ သိဓာတ်+အ-ပစ္စည်းသည်လည်းကောင်း၊ စက်ဆုပ်အပ်သောအခြင်းအရာ အားဖြင့် ဖြစ်ခြင်းကြိယာသည်လည်းကောင်း၊ စက်ဆုပ်အပ်သောအခြင်းအရာ၏ အကုသိုလ်ဒြဗ်နှင့် အာကာရ၊ အာကာရဝန္တ, သဘာဝ၊ သဘာဝဝန္တ, ဂုဏ်၊ ဂုဏော အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။

၃။ ကုသာဟူသော အပေါင်းပညတ္တိသဒ္ဒါသည် ပဝတ္တိ။

၄။ အကုသိုလ်တို့၏ တစ်ခုသည် တစ်ခုနှင့်တူသော-ဇာတ်သည် ပဝတ္တိနိမိတ်။

**မှတ်ချက်။** ဘေဒစိန္တာနည်း၌ ၁ ။ ကုစ္ဆိတေန-လ-ကုသာဟူသော ဝိဂ္ဂဟာသည် ဗျုပ္ပတ္တိ။ ၃။ ကုသာ ဟူသော ပုဒ်ပြီးနိပ္ဖန္နသည် ပဝတ္တိ-ဤမျှသာထူး၏။

ခ-ဝါကျ၌ ဆိန္ဒန္တိ-ဖြင့် လုနန္တိ ၌ လု-ဓာတ်သည် တစ်ပါးသောအနက်ကို မဟော၊ ဖြတ်ခြင်း= ဆေဒနအနက်ကို ဟောသတည်းဟု သိစေသည်။ (ဓာတွတ္ထ)

http://www.dhammadownload.com



ခ-ဝါကျ၌ ကုသေ လုနန္တိ-ဖြင့် ကုသလသဒ္ဒါ ကုသ သဒ္ဒူပပဒ+လုဓာတ်၏ အဖြစ်ကိုလည်းကောင်း၊[၁] ကုသလာ-ပုဒ် ကုသေ လုနန္တိတိ ကုသလာ-ဟု ကတ္တုသာဓနေကိတန္တဒုတိယာတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်ကိုလည်းကောင်း၊[၂] အပစ္စည်း၏ ကတ္တုသာဓနေ၌ သက်သည်ကိုလည်းကောင်း[၃] သိစေသည်။

၁။ ဒုတိယာတပုဒ။ ၂။ အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ။ ၃။ ဒုတိယပစ္စယတ္ထ။

**တစ်နည်း။** ကုသေ လုနန္တိ-ဖြင့် ကုသလာ-၌ လာ-သဒ္ဒါ၏ လုဓာတ်၏အဖြစ်ကိုလည်းကောင်း၊[၁] လာသဒ္ဒါကို လုနန္တိတိ လာ -ဟု ကတ္တုသာဓနေဝစနတ္ထကိုလည်းကောင်း၊[၂] အ-ပစ္စည်း၏ ကတ္တုသာဓနေ၌ သက်သည်ကိုလည်းကောင်း၊[၃] ကုသလာပုဒ်ကို ကုသေ လာ ကုသလာ ဟု-ဒုတိယာတပ္ပုရိသ်သမာသ်ဝစနတ္ထကိုလည်းကောင်း[၄] သိစေသည်။

၁။ ဒုတိယာတပုဒ။ ၂။ အဘိဓာနတ္ထ။ ၃။ ဒုတိယပစ္စတ္ထ။

၄။အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ။

ခ-ဝါကျ၌ အကုသလ သခ်ါတေ-ဖြင့် ဤဝိကပ်၌ ကုသ-သဒ္ဒါ သမန်းမြက်ကို မယူရ၊ အကုသိုလ်တရားကိုယူရမည်ဟု သိစေသည်။ (အဘိဓေယျတ္ထ)

✪ သခ်ါတသဒ္ဒါ၊ ရှိလေရာ၊ သရုပ်သာထွက်လေ။(မောင်းထောင်)

ခ-ဝါကျ၌ တေ ဖြင့် ကုသေ-ဟူသည် ရှေ့ဝါကျ၌ဆိုခဲ့ပြီးသော "ကုသ" ပင်တည်းဟု သိစေသည်။ (ဘာဝတ္ထ)

မှတ်ချက်။ တ-သဒ္ဒါ(၃) မျိုးတွင် ဤ တသဒ္ဒါကား ကုစ္ဆိတေန ဝါ ဟူသော ရှေ့ဝါကျ၌ ဆိုခဲ့ပြီးသော"ကုသ"ကိုစွဲသောကြောင့် "ပက္ကန္တ ဝိသယ"တ သဒ္ဒါတည်း။ အကုသလသခ်ါတေကို စွဲ၍"ပသိဒ္ဓဝိသယ" တ-ဟု ယူလျှင် မသင့်။

ခ-ဝါကျ၌ လိုရင်းလပဟုကနည်း ဝိဂြိုဟ်ကား-ကုသေ လုနန္တိတိ ကုသလာ-တည်း။

ဂရုကနည်း ဝိဂြိုဟ်ကား လုနန္တိတိ လာ။ ကုသေ လာ ကုသလာ-တည်း။ ကုသနှင့် လာ-က-ဝါကျ ပထမဝိကပ်အတိုင်း ပဟာတဗ္ဗ+ပဟာယကာ၊ အာရုံ+ အာရမ္မဏိက စပ်ပါ။ ပစ္စည်းပြိုင် ပထမဝိကပ်အတိုင်းမှတ်။

✝ လု ဆေဒနေ၊ နာမှိ ရဿတ္တံ။ ရူ။ နှာ။ ၃၁၆။

**အနက်ပေး။** ပညာရှိတို့သည် စက်ဆုပ်အပ်သော အခြင်းအရာအာကာရ သဘာဝ အဖို့အစုအားဖြင့်ဖြစ်ကုန်သော အကုသိုလ်တို့ကို ဖြတ်တတ်ကုန်သော။ (ဓမ္မာစပ်)

## ခ-ဝါကျ၌ ဝါ-သဒ္ဒါ

က-ဝါကျ၌ ကုသသဒ္ဒူပပဒ သလဓာတ် ဝိဒ္ဓံသနတ္ထ။ ကုအရ ပါပဓမ္မ၊ ကုစ္ဆိတေ သလယန္တီတိ ကုသလာ-ဟူသော ဝစနတ္ထ၊ ပညာရှိတို့သည် စက်ဆုပ်အပ်ကုန်သော အကုသိုလ်

http://www.dhammadownload.com



တရားတို့ကို ဖျက်ဆီးခြင်းဟူသော အကြောင်းသကာတ်မှ တစ်မျိုးတစ်ပါးသော ကုသသဒ္ဒါပ္ပဒ လူ ဓာတ် ဆေဒနတ္ထ၊ ကု-အရ အာကာရ၊ ကုသေလုန္တီတိ ကုသလာ ဟူသော ဝစနတ္ထ၊ ပညာရှိတို့ စက်ဆုပ်အပ်သော အခြင်းအရအားဖြင့်ဖြစ်တတ်ကုန်သော အကုသိုလ်တရား တို့ကိုဖြတ်ခြင်း အကြောင်းသကတ်ကို လဲလှယ်၍ ပြလိုသောကြောင့် -ခ-ဝါကျ၌ ဝါသဒ္ဒါထားရသည်။

မှတ်ချက်။ က-ခ-၂-ဝါကျ အာဘော်များကို ရှု၍ ဤကဲ့သို့ ပြည့်စုံအောင်ရေးပါ။

မေး။ ဒုတိယဝိကပ် (ခ-ဝါကျ)နှင့်အညီ ကုသလာ၌ ရှေ့ပုဒ်အရကိုယူ၍ ကြိယာ ငါးတန် ထုတ်ပါ။

ဖြေ။ ၁။ ကုသ-အရ အကုသိုလ်တရားသည် ဒဿနတ္ထ။

၂။ အယောနိသောမနသိကာရသည် ဒီပကတ္ထ။

၃။ ပစ္စုပ္ပန်၌ဖြစ်သော အကျိုးမဲ့မှန်သမျှသည် ပကာသနတ္ထ။

၄။ အသပ္ပုရိသူပနိဿယ(ဗာလူပသေဝန)သည် ဝိဘာဝတ္ထ။ (အကြောင်း)။

၅။ တမလွန်ဘဝ၌ အပါယ်သို့လားရခြင်းစသော အနိဋ္ဌဖလသည် အနုဘာဝတ္ထ။

---

## (၆)အာဘောဂသံဝဏ္ဏနာ

ဂ-၁။ ဝါကျ၌ ကုစ္ဆိတာနံ သာနတော-ဖြင့် ကုသံ-ပုဒ်၌ ကု-နိပါတ်ပုဒ်၏ ကုစ္ဆိတ အနက်ဟောသည်ကိုလည်းကောင်း၊[၁] ကုသသဒ္ဒါ၏ ကု-သဒ္ဒူပပဒ သာဓာတ်၏ အဖြစ်ကိုလည်း ကောင်း၊[၂] ကုသံ-ပုဒ်ကို ကုစ္ဆိတေ သာတီတိ ကုသံ ဟုကတ္တုသာဓနေ ကိတန္တဒုတိယာတပ္ပုရိသ် သမာသ်ဝစနတ္ထပြုရမည်ကိုလည်းကောင်း၊[၃] အပစ္စည်း၏ ကတ္တုသာဓနေ၌သက်သည်ကိုလည်း ကောင်း[၄] သိစေပါသည်။

၁။ နိပါတလိင်္ဂတ္ထ။ ၂။ ဒုတိယဓာတုပဒ။ ၃။ အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ။
၄။ ဒုတိယပစ္စယတ္ထ။

### တစ်နည်း ဂရုကနည်း

၁-၂-တူပြီ။ ကုသံ၌ သံ ပုဒ်ကို သာတီတိ သံ-ဟု ကတ္တုသာဓနေ ဝစနတ္ထပြုရမည်ကို လည်းကောင်း၊[၁] အ-ပစ္စည်း၏ ကတ္တုသာဓနေ၌သက်သည်ကိုလည်းကောင်း၊[၄] ကု-ပုဒ်နှင့် သံပုဒ်ကို ကုစ္ဆိတေ သံ ကုသံ-ဟု ဒုတိယာတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်ကိုလည်းကောင်း[၅] သိစေသည်။

၁။ နိပါတလိင်္ဂတ္ထ။ ၂။ ဒုတိယဓာတုပဒ။ ၃။အဘိဓာနတ္ထ။
၄။ ဒုတိယပစ္စယတ္ထ။ ၅။ အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ။

ဂ-၁.ဝါကျ၌ တနုကရဏတော-ဖြင့် ဤ၌ သာဓာတ်သည် ပါက, အဿာဒန အနက်တို့ကိုမဟော၊ တနုကရဏ= ခေါင်းပါးသည်ကို ပြုခြင်း အနက်ကိုဟောသတည်း ဟု သိစေသည်။ (ဒုတိယဓာတွတ္ထ)

http://www.dhammadownload.com



## ဓာတ်နက်မှတ်ဖွယ်

သာ ပါကေ။ သာတိ(ချက်၏)။ နီတိ၊ ဓာတု၊ ၁၇၁။

သာ အဿာဒနေ။ နီတိ၊ ဓာတု။

သာ ဘူဒိ ဂေါ တနုကရဏာဝသာနေ။ ဓာတွတ္ထ။

ဂ-၁-ဝါကျ ဝါသဒ္ဒါအာဘော် ခ-ဝါကျဒွိ ဝါနှင့် တူပြီ။

ဂ-၁-ဝါကျ ဩသာနကရဏတော-ဖြင့် ဤဒွိ သာ-သဒ္ဒါ ပါကအနက် အဿာဒအနက်တို့ကို မဟော၊ အန္တကမ္မ-အနက်၊ ဩသာနကရဏအနက်ကို ဟောသတည်းဟု သိစေသည်။ (ဒုတိယဓာတွတ္ထ)

ဂ-၁-ဝါကျဒွိ ဉာဏ်ဖြင့် ကုသပုဒ်ကို ကုစ္ဆိတေ ပါပဓမ္မေ သာတိ တနုံကရောတိ ဩသာနံ ကရောတိ ဝါ ကုသံ-ဟုဝစနတ္ထပြု၍ ကုသ-အရ ဉာဏ်ကိုယူရမည်ဟုသိစေသည်။(အဘိဓေယျတ္ထ)

## ဝိဂ္ဂဟဉာသ်ကောက်

ကုစ္ဆိတေ သာတိ တနုံ ကရောတိ ဩသာနံ ကရောတိဝါ ကုသံ။ ယံ ဉာဏံ၊ သည်-ဟုစွဲ။ ကု သဒ္ဒူပပဒ သာဓာတ်၊ အပစ္စည်း။ (အာဘော်ပြန်ကြည့်)

၁။ ကု-အရကား ပညာရှိတို့ စက်ဆုပ်အပ်သော အကုသိုလ် ဒြပ် မုချရ၏။

၂။ ယင်း၏ဉာဏ်နှင့် အာရုံ အာရမ္မဏိက၊ ပဟာတဗ္ဗ ပဟာယက စပ်-ဌာနူပစာ။

၃။ သာ-ဓာတ်အရ ပညာရှိတို့စက်ဆုပ်အပ်ကုန်သော အကုသိုလ်တရားတို့ကို ခေါင်းပါးအောင်ပြုခြင်း၊ ဆုံးအောင်ပြုခြင်း၊ သတ္တိ,လက္ခဏ, သဘာဝရ၏။

၄။ အ-ပစ္စည်းအရကား သတ္တိမန္တ,လက္ခဏဝန္တ,သဘာဝဝန္တဖြစ်သော ဉာဏ်ရ၏။

မှတ်ချက်။ ကုသံပုဒ်၏ ဂုဏ်နည်းဝိဂြိုဟ် အာဘော်ဒွိပါပြီ။ တနုကရဏတော အဖွင့်ကိုထောက်လျှင် သ-အရ၊ ဝါ-ကုသ အရ ကာမ-ကုသိုလ်, မဟဂ္ဂုတ်ကုသိုလ်, အောက်မဂ်ဉာဏ်ကိုယူ။ ဩသာနကရဏတော ကိုထောက်လျှင် အရဟတ္တမဂ်ဉာဏ်ကိုယူ။

## ပစ္စည်းပြိုင်

ကု-အရ အကုသိုလ်မှော်ရုံ ပစ္စည်းတရားက သ-အရ ဉာဏ်ပစ္စယုပ္ပန်တရားအား အာရမ္မဏပစ္စည်းဖြင့် ကျေးဇူးပြု။

သ-အရ ဉာဏ်ပစ္စည်းတရားက ကုအရ-အကုသိုလ် ပစ္စယုပ္ပန်တရားအား ပကတူပ-နိဿယဖြင့် ကျေးဇူးပြု။

## အနက်ယောဇနာ

ကုသံ၊ ပညာရှိတို့သည် စက်ဆုပ်အပ်ကုန်သော အကုသိုလ်တရားတို့ကို ခေါင်းပါးအောင် ပြုတတ် အဆုံးကိုပြုတတ်သောဉာဏ်။

http://www.dhammadownload.com



## အာဘောဂသံဝဏ္ဏနာ

ဂ–၂ ဝါကျ၌ ကုသေနလာတဗ္ဗာ–ဖြင့် ကုသလာ၌ လာသဒ္ဒါ၏ လာဓာတ်၏ အဖြစ်ကိုလည်းကောင်း၊[၁] အပစ္စည်း၏ ကမ္မသာဓနေ၌သက်သည်၏အဖြစ်ကိုလည်းကောင်း၊[၂] လာသဒ္ဒါကို လာတဗ္ဗာတိ လာ–ဟု ကမ္မသာဓန ဝဏ္ဏနာပြုရမည်ကို လည်းကောင်း၊[၃] ကုသပုဒ်နှင့် လာပုဒ်ကို ကုသေန လာ ကုသလာ–ဟုတတိယာ တပ္ပုရိသ်သမာသ် ဝဏ္ဏနာပြုရမည်လည်းကောင်း[၄] သိစေပါသည်။

၁။ ဒုတိယဓာတုပဒ။ ၂။ ဒုတိယပစ္စယတ္ထ။ ၃။ အဘိဓာနတ္ထ။
၄။ အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ။

ဂ–၂ ဝါကျ၌ တေနဖြင့် ဤ၌ဆိုအပ်သော ကုသသဒ္ဒါကား ရှေ့ဝါကျ၌ဆိုအပ်ပြီးသော ဉာဏ်ဟော ကုသသဒ္ဒါပင်တည်းဟုသိစေပါသည်။ (ဘာဝတ္ထ)

မှတ်ချက်။ တေန၌ တသဒ္ဒါ ပက္ကန္တဝိသယ။

ဂ–၃၊ ဝါကျ၌ ဂဟေတဗ္ဗာ–ဖြင့် လာတဗ္ဗာ–၌ လာဓာတ်သည် "အနေကတ္ထာ ဟိ ဓာတဝေါ" ပရိဘာသာအရ အနက်အများကိုပင် ဟောနိုင်သော်လည်း ဤ၌ ဟူးဟူးငြားငြားသော အနက်တို့ကိုမဟော။ 'လာ အာဒါနေ' ဟူသော ဓာတ်ကျမ်းနှင့်အညီ ယူခြင်း=အာဒါန အနက်ကို ဟောသတည်းဟုသိစေသည်။ (ဒုတိယဓာတွတ္ထ)

ဂ–၃ ဝါကျ၌ ပဝတ္တေတဗ္ဗာ–ဖြင့် ဉာဏ(ပစ္စည်းတရား)သည် ဉာဏသမ္ပယုတ် ကုသိုလ်စိတ်တို့အား သဟဇာတပစ္စယသတ္တိ၊ ဥပနိဿယသတ္တိဖြင့်၊ ဉာဏဝိပ္ပယုတ် ကုသိုလ်စိတ်တို့အား ပကတူပနိဿယသတ္တိဖြင့် ဖြစ်ပေါ်စေအပ်ကုန်သတည်းဟုသိစေပါသည်။ (ဘာဝတ္ထ) (မင်းခင်း၊၂၃၃)

✝ ဉာဏဝိပ္ပယုတ္တာနမ္ပိ ဉာဏံ ဥပနိဿယပစ္စယော ဟောတီတိ သဗ္ဗေပိ ကုသလာ ဓမ္မာ ကုသေန ဉာဏေန ပဝတ္တေတဗ္ဗာတိ ကုသလာ။ မူလဋီ၊ ၁။၂၈။

## အတ္ထောမှတ်ဖွယ်

၁။ သဒ္ဒတ္တအတ္ထော။ ၂။ အဘိဓေယျတ္ထအတ္ထော။ ၃။ ဘာဝတ္ထ၊ ဝါ–အဓိပ္ပါယတ္ထ အတ္ထော–ဟု ၃–မျိုးရှိရာတွင် ဂ–၃၊ ဝါကျ၌ အတ္ထောကား ဂဟေတဗ္ဗာကိုထောက်လျှင် သဒ္ဒတ္ထ အတ္ထော။ ပဝတ္တေတဗ္ဗကိုထောက်လျှင် ဘာဝတ္ထ၊ဝါ–အဓိပ္ပါယတ္ထအတ္ထော–ဟုမှတ်။

## စာစပ်မှတ်ဖွယ်

ဂ–၃၊ဝါကျ၌ ကုသေနကို ကရိဏ်းကြံ၍ လာတဗ္ဗာ၌စပ်။ ယင်း အနိုက် "ပဏ္ဍိတေဟိ"ဟု ကတ္တားထည့်။ ကုသေနကို ကတ္တားကြံ၍ လာတဗ္ဗာ ၌ စပ်။ ယော၊၅၇။

http://www.dhammadownload.com



## ဝိဂ္ဂဟာညသ်ကောက်

လာတဗ္ဗာတိ လာ။ ယေဓမ္မာ၊ တို့ကို။ ကုသေန၊ ကုသမည်သောဉာဏ်သည်။ လာတဗ္ဗာ၊ ယူအပ်ကုန်၏။ဣတိ တေ. လာ၊မည်ကုန်၏။ကမ္မသာဓနေ၊ လာဓာတ်၊ အပစ္စည်း။

၁။ လာဓာတ်၏အရ ကတ္တုဋ္ဌကား ဉာဏ်သည်မှချ။

၂။ ကမ္မဋ္ဌကား ကုသိုလ်တရား၏ သဟဇာတာဒိ ပစ္စယုပ္ပန္နဘော၊ ဥပနိဿယ ပစ္စယုပ္ပန္နဘောရ၏။

၃။ အ-ပစ္စည်းအရကား ကုသိုလ်ရ၏။

**မှတ်ချက်။** ပစ္စည်းပြိုင်နှင့်ယှဉ်ကြည့်။

ကုသေန လာ ကုသလာ။(တတိယာတပ္ပုရိသ်) ကုသပုဒ်၊လာပုဒ်။

၁။ ကုသ-ကား ဉာဏဒြပ်သည် မှချ။

၂။ ယင်း၏ ကုသိုလ်တရားတို့နှင့် သဟဇာတအကြောင်း၊ သဟဇာတ အကျိုး၊ ပကတူပနိဿယ အကြောင်း၊ ပကတူပနိဿယအကျိုး၊ သာဓေ သာဓျ စပ်-သမ္ဗန်-ဌာနူပစာ။

၃။ ကုသလာ အရကား ထို-ဖြင့်မှတ်အပ်သော ဉာဏ်သည်ယူအပ်ကုန်သော ကုသိုလ်တို့ဒြပ် ရ၏။

## အနက်ယောဇနာ

ကုသလာ၊ ပညာရှိတို့စက်ဆုပ်အပ်ကုန်သော အကုသိုလ်တရားတို့ကို ခေါင်းပါးအောင် ပြုတတ် အဆုံးကိုပြုတတ်သောဉာဏ်သည်ယူအပ်ကုန်သော။ (သဒ္ဒတ္ထ) ဖြစ်စေအပ်ကုန်သော။ (အဓိပ္ပါယတ္ထ) (မွှာစပ်)။

## ပစ္စည်းပြိုင်မှတ်ဖွယ်

ကုသလာ-၌ ကုသအရ ဉာဏ်ပစ္စည်းတရားက လာ-အရ တကွဖြစ်သော ဉာဏသမ္ပယုတ် ကုသိုလ်ပစ္စယုပ္ပန်တရားအား သဟဇာတမျိုးဖြင့် ကျေးဇူးပြု။

ပြိုင်။ သဟဇာတကြီး-၄။ သဟဇာတလတ်- အညမည၊ သမ္ပယုတ္တ-၂။ သဟဇာတငယ်-ဟေ, ဝိ, ဣံ, မဂ်-၄။ ပေါင်း-၁၀-ပစ္စည်း။

ကုသလ-၌ကုသ-အရ ဉာဏ်ပစ္စည်းတရားက လာ-အရ ဉာဏဝိပ္ပယုတ်ကုသိုလ်အား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြု။

http://www.dhammadownload.com



## ခ–ဝါကျနှင့် ဂ–ဝါကျ နှိုင်းယှဉ်ပုံ

| | |
|---|---|
| (၁) ခ–ဝါကျ၌ ကုပုဗ္ဗ သိဓာတ်။ | ဂ–ဝါကျ၌ ကုပုဗ္ဗ သာဓာတ်။ |
| (၂) ။ ကုသအရ အကုသိုလ်။ | ။ ကုသအရ ဉာဏ်။ |
| (၃) ။ ကုနှင့်သာ တတိယာတပ္ပုရိသ်။ | ။ ကုနှင့်သာ ဒုတိယာတပ္ပုရိသ်။ |
| (၄) ။ လာ ကား လူဓာတ်။ | ။ လာ ကား လာဓာတ်။ |
| (၅) ။ လုနန္တီတိ လာ–ဟုပြု။ | ။ လာတဗ္ဗာတိ လာ–ဟုပြု။ |
| (၆) ။ ကုသေလာ–ဟုဒုတိယာတွဲ။ | ။ ကုသေန လာ–ဟုတတိယာတွဲ။ |

ဃ–ဝါကျ၌ တသ္မာနောက်၌ရှိသော ကုသာဝိယ လုနန္တိ–ဖြင့် ကုသာပုဒ်ကို ကုသာဝိယာတိ ကုသာ–ဟု ဥပမာတဒ္ဓိတ်ဝစနတ္ထပြုရမည်ကိုလည်းကောင်း၊[၁] ဏ–ပစ္စည်း၏ဥပမာတဒ္ဓိတ်၌ သက်သည်ကိုလည်းကောင်း၊[၂] (ကုသာဝိယ–ဖြင့်ပြ။) လာ သဒ္ဒါ၏ လူ ဓာတ်၏အဖြစ်ကိုလည်းကောင်း၊[၃] လာ ပုဒ်ကို လုနန္တီတိ လာ ဟု ကတ္တုသာဓနေ ဝစနတ္ထပြုရမည်ကိုလည်းကောင်း၊[၄] အပစ္စည်း၏ ကတ္တုသာဓနေ၌သက်သည်ကိုလည်းကောင်း၊[၅] (လုနန္တိ–ဖြင့်ပြ) ကုသာ–ပုဒ်နှင့်လာ–ပုဒ်ကို ကုသာစ တေ လာစာတိ ကုသလာ–ဟု ဥပမာပုဗ္ဗပဒကမ္မဓာရယ် သမာသ်ဝစနတ္ထပြုရမည် ကိုလည်းကောင်း[၆] (တစ်ဝါကျလုံးဖြင့်ပြ) သိစေသည်။

၁။ အဘိဓာနတ္ထ။ ၂။ ပစ္စယတ္ထ။ ၃။ ဒုတိယဓာတုပဒ။ ၄။ အဘိဓာနတ္ထ။
၅။ ဒုတိယပစ္စယတ္ထ။ ၆။ အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ။

## ဝိဂ္ဂဟ ဉာဏ်ကောက်

ကုသ။ ။ ကု ဓာတ်+သ က်ပစ္စည်း။ ကဝတိ ဝါတေန နဒတီတိ ကုသော။ တိဏဝိသေသော။ မောဂ်။ ၇။ ၂၁၄။

တစ်နည်း။ ကုယာ ဘူမိယာ သေန္တီတိ ကုသာ။ (မင်းခင်း)

ကုသ။ ကုသာဝိယာတိကုသာ။ ဥပမာတဒ္ဓိတ်ဝိဂြိုဟ်။ ကုသပုဒ်+ဏပစ္စည်း။

၁။ ကုသ–အရသမန်းမြက်ဒြဗ်သည် မှုချ။

၂။ ယင်း၏ ကုသိုလ်တရားတို့နှင့် ဥပမာန+ဥပမေယျ၊သဒိသ+သဒိသီစပ် ဋ္ဌာန္။

၃။ ဏ–အရ ကုသိုလ်တရားတို့ ရ၏။

လာ။ လုနန္တီတိ လာ။ ယေ ဓမ္မာ ကိလေသပက္ခံ လုနန္တိ ဣတိ တေ ဓမ္မာ လာ။ (လူ+အ)

၁။ လူ ဓာတ်၏ အရကားကုသိုလ်တရားတို့၏ ကိလေသာအဘို့အစုကို ပယ်သတ်ခြင်း သတ္တိ, လက္ခဏ သဘာဝ ရ၏။

၂။ အ–ပစ္စည်းအရကား သတ္တိမန္တ,လက္ခဏဝန္တ, သဘာဝဝန္တဖြစ်သော ကုသိုလ်တရား တို့ရ၏။

http://www.dhammadownload.com



**ကုသလာ**။ ။ ကုသာစ တေ လာစာတိ ကုသလာ။

ကုသာစ၊ သမန်းမြက်တို့ကဲ့သို့ ဖြစ်ကုန်သည်လည်း။ ဟောန္တိ၊ ဟုတ်ကုန်၏။ တေ၊ ထိုသမန်းမြက်တို့ကဲ့သို့ဖြစ်ကုန်၏ဟူသည်။ လာစ၊ ကိလေသာတို့ကို ဖြတ်ကုန်သည်လည်း။ ဟောန္တိ။ ဣတိ ကုသလာ။ (ကမ္မဓာရာယ်သမာသ်)

၁။ ကုသ–အရ သမန်းမြတ်တို့ဒြဗ်သည် မုချ။

၂။ ယင်း၏ ကိလေသာအဘို့အစုကိုဖြတ်သောကုသိုလ်တရားတို့နှင့် ဥပမာန+ ဥပမေယျ၊ သဒိသ+သဒိသီစပ်–ဌာနူပစာ။

၃။ ထို–ဖြင့် မှတ်အပ်သော ကုသိုလ်တရားတို့ ရ၏။

**တစ်နည်း**။ ၁။ ကုသ–သမန်းမြက်နှင့်တူသော သဒိသဘောဂုဏ်သည် မုချ။
၂။ ယင်း–၏ ကုသိုလ်ဒြဗ်နှင့်ဂုဏ်ဂုဏေး၊ ဝိသေသနဝိသေသျစပ်–ဌာနူ။
၃။ ကုသလာ–အရ ကုသိုလ်ရ။

**မှတ်ချက်**။ ဤ ဥပမာပုဗ္ဗပဒ ကမ္မဓာရာယ် ဉာဉ်ကောက်ရာ၌ မိမိတို့က ဒုတိယနည်းကို ပို၍နှစ်သက်သည်။ နည်းနှစ်နည်းတွင်–၂–ပုဒ် အရကောက် သမ္ဗန်စပ်ပုံခြင်း မတူသည်ကို သတိပြု။

ဃ–ဝါကျ၌ ဥပ္ပန္နာနုပ္ပန္နဘာဝေန–ဖြင့် ကိလေသပက္ခ အရ–ဥပ္ပန္နကိလေသ ပက္ခ, အနုပ္ပန္နကိလေသပက္ခ–ဟူသော ဥဘယဘာဂ ဂတ–ကိလေသပက္ခ ကိုယူရမည်ဟု သိစေသည်။ (အဘိဓေယျတ္ထ)

✝ ဥပ္ပ –လ– ဘာဝေနာတိ ဣဒံ ဥဘယဘာဂ ဂတန္တိ ဧတ္ထေဝ ဟေတုပဒံ။ န ဥဘယသဒ္ဒဝိသေသနံ။ မဏိဒီပ။

**မှတ်ချက်**။ ဃ–ဝါကျ ယထာဝါ–လ–လုနန္တိဖြင့် ဥပမာနပြသည်။ ဘာသာပြန်၍ ဘာဝတ္ထ–ဖော်ပေး။

## ဃ–ဝါကျ ဝါသဒ္ဒါ

က,ခ,ဂ–ဝါကျတို့ဖြင့်ဆိုအပ်ပြီးသော ကုသလသဒ္ဒါ၏အကြောင်း သကတ်ဝစနတ္ထမှ တစ်မျိုးတစ်ပါးသော (သမန်းမြက်တို့သည် နှစ်ပါးသော အဖို့၌တည်သော လက်ဒြဗ်ကိုဖြတ်တတ်ကုန်သကဲ့သို့) ဥပ္ပန္နကိလေသပက္ခ အနုပ္ပန္နကိလေသပက္ခ–၌ တည်သော ကိလေသာတို့ကို ဖြတ်ခြင်းဟူသော အကြောင်းသကတ်ဝစနတ္ထကို လဲလှယ်ပြလိုသောကြောင့် "ဝါ"ထားရသည်။

## ဥပသဂ္ဂနိပါတတ္ထ

ဣမေပိ–၌ အပိ–သဒ္ဒါကား ဆိုအပ်ပြီးသော ကုသလသဒ္ဒါကိုငဲ့သော ဟေဋ္ဌာပေက္ခ အနက်ရှိ၏။

http://www.dhammadownload.com



✝ ဣမေ ပီတိ အဝိသဒ္ဒေါ ကုသလံ အပေက္ခတိ။ ယောဇနာ၊ ၅၇။

## လုနန္တီတိပိ–၌အဝိသဒ္ဒါ

က–ခ–ဂ–ဟူသောရှေ့ဝါကျ၌ဆိုအပ်ပြီးသော အကြောင်းသကတ်ကိုငဲ့သော ဟေဋ္ဌာပေက္ခန အဝိသဒ္ဒါတည်း။

✝ ဣတိပိတိ အဝိသဒ္ဒေါ ပုဗ္ဗေဝုတ္တဟေတုံ အပေက္ခတိ။ ယောဇနာ၊ ၅၇။

## ဥပ္ပန္န အနုပ္ပန္နမှတ်ဖွယ်

ဥပ္ပန္နိတ္တာတိ ဥပ္ပန္နော။ အတိတ်ဖြစ်သော သံကိလေသပေက္ခ(မှချ)ရ၏။ ဤ၌ အတိတ်ဖြစ်သော သံကိလေသပေက္ခ၏ ကုသိုလ်မွေတို့ဖြင့် မပယ်အပ်သည်၏အဖြစ်ကြောင့် ထိုအတိတ်ဖြစ်သောသံကိလေသပက္ခနှင့်တူသော အနာဂတ်ဖြစ်သော သံကိလေသပေက္ခကိုသာ (သဒိသူပစာ အားဖြင့်) ဥပ္ပန္နဟုဆိုအပ်၏။

န ဥပ္ပန္နော အနုပ္ပန္နော။ အနာဂတ်ဖြစ်သော သံကိလေသပေက္ခတည်း။ (မင်းခင်း။၂၃၄)

မှတ်ချက်။ ဥပ္ပန္နပုဒ် သဒိသူပစာရ ရသဖြင့် အနုမာနသိဒ္ဓိ–ဟုမှတ်။ သမ္ဗုပ္ပန်– ဥပ္ပန္န စသည်နှင့်တူသည်ကို သတိပြု။

## က–ဝါကျနှင့်အညီအနက်ယောဇနာ

ကုသလာ၊ (သမန်းမြက်တို့သည် နှစ်ပါးသောအဖို့၌တည်သော လက်အရပ်ကို ဖြတ်ကုန်သကဲ့သို့) ဖြစ်ပြီးသောအကုသိုလ်နှင့်တူသော အနာဂတ်အကုသိုလ်၊ ဖြစ်ပြီးသော အကုသိုလ်နှင့် မတူသော အကုသိုလ်အဖို့၌တည်သော ကိလေသာကိုဖြတ်တတ်ကုန်သော။ (ဓမ္မာစပ်။)

---

(က) အတ္တနော ပန သဘာဝံ ဓာရေန္တီတိ ဓမ္မာ။

(ခ) ဓာရိယန္တိ ဝါ ပစ္စယေဟိ။

(ဂ) ဓာရိယန္တိ ဝါ ယထာသဘာဝတောတိ ဓမ္မာ။ ဋ္ဌ၊ ၈၀။

## (၁) အနက်ယောဇနာ

ခ–ဝါကျ။ ဝါ၊ တစ်နည်းကား။ ယေသဘာဝါ၊ အကြင်သဘော တရားတို့ကို။ အတ္တနော၊ မိမိ၏။(လိုက်) ပစ္စယေဟိ၊ ကံစသောအကြောင်း တရားတို့သည်။ ဓာရိယန္တိ၊ ဆောင်အပ်ကုန်၏။ ဣတိတသ္မာ၊ ကြောင့်။ တေ သဘာဝါ၊ တို့သည်။ ဓမ္မာ၊ကုန်၏။

ဂ–ဝါကျ၌ ဓာရိယန္တိ၏ ကတ္တားကို ပဏ္ဍိတေဟိ–ဟုထည့်။ ဓာရိယန္တိကို ဋီကာ၌ ဥပ ဓာရိယန္တိ လက္ခိယန္တိ–ဟုဖွင့်သည်။ သို့ဖြစ်၍ ဓာရယန္တိ–ဆောင်ထား မှတ်သားအပ်ကုန်၏– ဟုအနက်ပေး။

http://www.dhammadownload.com



## (၂)(၃) ဝါကျခွဲစသည်

ခ–ဝါကျကား ပက္ခန္တရဝါကျ။ ထို–၍ က–ဝါကျကား ပက္ခဝါကျ။

### ခ–ဝါကျအနုသန္ဓေတက်

ဤသို့–က–ဝါကျဖြင့် ဓမ္မသဒ္ဒါကို ကတ္တုသာဓနဝစနတ္ထပြု၍ ဓမ္မ အရ သပစ္စယ (သခ်တ) ဓမ္မ,အပစ္စယ(အသခ်တ) ဓမ္မ သာမညကိုယူရမည်ဟုပြတော်မူပြီး၍ ယခုအခါ၌ ဓမ္မသဒ္ဒါကို ကတ္တု သာဓနဝစနတ္ထပြု၍ ဓမ္မအရ သပစ္စယဓမ္မ(သခ်တဓမ္မ)တို့၌ အထူးကို ပြခြင်းငှာ ခ–ဝါကျကိုမိန့်။

မှတ်ချက်။ မူလဋီ–အနုဋီ အဖွင့်များကို ရှု၍ မိမိကပုဗ္ဗာနုသန္ဓေ ဖြည့်စွက်၍ ကျမ်းတက်သည်။

✝ သပစ္စယဓမ္မေသု ဝိသေသံ ဒေသေန္တော ဓာရီယန္တိဝါ ပစ္စယေဟီတိဝါ။ မူလဋီ၊၁၊ ၂၉။

✝ တတ္ထ စ ပဌမော အတ္ထော သခ်တာသခ်တဓမ္မဝသေန ဝုတ္တော။ ဒုတိယော သခ်တဝသေန။ တတိယော သခ်တာသခ်တသပ္ပစ္စယ ဝသေနာတိ ဒဋ္ဌဗ္ဗံ။ အနုဋီ၊ ၁၊၂၈။

### ပါပနာဒိကျမ်းတက်မှတ်ဖွယ်

ဤ၌ ပါပနာဒိကျမ်းတက်ပုံကို (၁) ကထာဝတ္ထုကျမ်းလာ ကျမ်းရိုးတင် ဌပနာပဉ္စက။ (၂) မန်လည်နိယံလာ ကျမ်းရိုးတင်ဌပနာပဉ္စက။(၃) မောင်းထောင်နည်း ပါပနာဒိဌပနာပဉ္စက။ (၄) ရွှေရေးဆောင်နည်း ပဉ္စကကို ဖော်ပြပါမည်။ ကြိုးစား ကျက်မှတ်ရန်လိုသည်။ (၁) (၂)–နှစ်မျိုးကို ပေါင်း၍ရေးသားမည်။

### ကထာဝတ္ထုကျမ်းလာ ပါပနာဒိဌပနာပဉ္စက

၁။ ဌပနာ (ထပနာ)။ ၂။ အနုလောမပါပနာ။

၃။ ပဋိလောမပါပနာ။ ၄။ အနုလောမရောပနာ။

၅။ ပဋိလောမရောပနာ။

မှတ်ချက်။ နံပါတ် ၅–မှနောက်ပြန်၍ ရေတွက်ရာ၌ နံပါတ်(၁) ဌပနာမှာ–ငါးခုမြောက်ဖြစ်၍ ဌပနာပဉ္စကဟုခေါ်သည်။ ပါပနာစသည် စကား လုံးများပါဝင် သောကြောင့် ပါပနာဒိဌပနာပဉ္စကဟုခေါ်သည်။

✝ ယသ္မာ ပနေတ္ထ ထပနာ နာမ ပရဝါဒီပက္ခဿ ထပနတော အယံ တဝ ဒေါသောတိ ဒဿေတုံ ထပနမတ္တမေဝ ဟောတိ။ န နိဂ္ဂဟဿ ဝါ ပဋိကမ္မဿ ဝါ. ပါကဋဘာဝကရဏံ။

✝ တ္တေ ဒါနိ တံ ထပနာယာစေဝ အနုလောမ ပဋိလောမတော ပါပနာရောပနာနဥ္စ ဝသေန ပါကဋံ ကရောန္တော။ ကထာဝတ္ထု၊ ဝါ–ပဉ္စပကရဏအဋ္ဌကထာ၊ ဘီ၊ ဌ၊၃၊ ၁၁၃။

http://www.dhammadownload.com



### ၁။ ဌပနာ (ထပနာ)

တစ်စုံတစ်ယောက်သောစောဒက (ပရဝါဒီ) ပုဂ္ဂိုလ်က ပရိဟာရ (သကဝါဒီ) ဖက်က ပုဂ္ဂိုလ်၏ ပြောသောစကားကို ကိုင်ထားတည်ထားရန်လိုသည်။ ဤသို့အပြစ်တင်ရန် စောဒနာရန် ကိုင်ထားတည်ထားသောစကားမျိုးကို ဌပနာ(ထပနာ) ဟုဆိုသည်။ (ကိုင်ထားထပနာ၊ ပြုပြီးကာမှ)

### ၂။ အနုလောပါပနာ

ဒေါသံ ပါပေတီတိ ပါပနာ။ မူလဋီ၊ ၃၊ ၅၁။ ဒေါသံ၊ အပြစ်သို့။ ပါပေတိ၊ ရောက်စေတတ်၏။ ဣတိ ပါပနာ။ ပပုဗ္ဗ+အပဓာတ်+ယုပစ္စည်း။

အနုလောမတော ပါပနာ အနုလောမပါပနာ။ အနုလောမတော၊ အလျော်အားဖြင့်။ ပါပနာ၊ အပြစ်သို့ရောက်စေခြင်း။ အနုလောမပါပနာ၊ အလျော်အားဖြင့် အပြစ်သို့ရောက်စေခြင်း။

### ၃။ ပဋိလောပါပနာ

ပဋိလောမတော ပါပနာ ပဋိလောမပါပနာ။ ပဋိလောတော၊ ဆန့်ကျင်ဘက် (အပြန်) အားဖြင့်။ ပါပနာ၊ အပြစ်သို့ရောက်စေခြင်းတည်း။ ပဋိလောမပါပနာ၊ ဆန့်ကျင်ဘက်(အပြန်) အားဖြင့်အပြစ်သို့ရောက်စေခြင်း။

### ၄။ အနုလောမရောပနာ

ဒေါသံ ရောပေတီတိ ရောပါနာ။ ဒေါသံ၊ အပြစ်သို့။ ရောပေတိ၊ တင်တတ်၏။ ဝါ-တက်ရောက်စေတတ်၏။ ဣတိ ရောပနာ။

အနုလောတော ရောပနာ အနုလောရောပနာ။ အလျော်အားဖြင့် အပြစ်သို့တင်ခြင်း-တက်ရောက်စေခြင်း။

### ၅။ ပဋိလောမရောပနာ

ပဋိလောမတော ရောပနာ ပဋိလောမရောပနာ။ ဆန့်ကျင်ဘက် (အပြန်)အားဖြင့် အပြစ်သို့တင်ခြင်း-တက်ရောက်စေခြင်း။

### ကျမ်းတက်ရာ၌ ပါဝင်ရမည့်စကားလုံးများ

၁။ ၏-ထပနာ၊ ၂။ လဲ (လည်း) နုပါနှင့်၊ ၃။ ပဋိပါသေး၊ (က) မျှော်တွေး ဟုတ် မဟုတ်၊ အာဘော်ထုတ်၍၊ (ခ) ကြောင့်-ထုတ်ဟိတ် နောက်၊ ၄။ ဆိုသင့်ကောက်က၊ နရောပြ၏။ ၅။ မသင့်ပြမှု၊ ပဋိ ဟူသည်၊ ငါးဆူပဥ္စက ကျမ်းရိုးတည်း။ (ပေါရာဏ-လင်္ကာ)။

၁။ ဆရာ၊ ဆရာသည်-ဆိုတော်မူ၏။ (၏-ထပနာ)

၂။ လဲ (လည်း) စကားလုံးပါဝင်ရမည်။ (အနုလောမပါပနာ)

၃။ သေး ဟူသော စကားလုံး ပါရမည်။ (ပဋိလောမ ပါပနာ)

http://www.dhammadownload.com



(က) ဟုတ်-မဟုတ်ဟူသော စကားလုံးကို အာဘော်ဟုမှတ်။

( ခ) ကြောင့်။ (ဟိတ်)

၄။ ဆိုသင့်၏ ဟူသောစကားလုံး ပါဝင်ရမည်။ (အနုလောရောပနာ)

၅။ မသင့်-ဟူသော စကားလုံး ပါဝင်ရမည်။(ပဋိလောမရောပနာ)

ဤငါးချက်ဖြင့် ကျမ်းတက်သည်ကို ထပနာပဉ္စကကျမ်းရိုးတက်။ ဝါ-ကျမ်းရိုးတင် ထပနာပဉ္စကဟု ခေါ်သည်။ ပါပနာရောပနာဒိထပနာ ပဉ္စကကျမ်းတက်ဟုလည်း ယခုခေတ်၌ ဆိုသည်။

## မန်လည်နိယံ ကျမ်းရိုးတက်

✪ မေး ဖြေစ၍၊ မဆွရေးဖျား၊ သူ့စကားကို၊ ကိုင်ထား ထပနာ၊ ပြုပြီးကာမှာ၊ ရောက်ရာ ပြစ်စု၊ အနု ပဋိ၊ ခေါ်ဘိပါပန၊ တင်ပြရောပနာ၊ နောက်မှာ လဒ္ဓ၊ ပြစ်ဒေါသသည်၊ စုဒ်ကြငါးဖြာ ကျမ်းရိုးတည်း။

## မန်လည်နိယံ အဓိပ္ပါယ်ပြန်နည်း

✪ စောဒက၏ အာဘော်ဟိတ်ကို၊ မြွက်ဆိုနဂ္ဂဟ၊ ပြုပြီးမှလျှင်၊ လက္ခဏာအရစ်၊ ထားတုံ ဘိမှ၊ မိမိလိုရာ၊ လျော်စွာ ဟိတ်နွယ်၊ ပရိဟာရ်နှင့်၊ တစ်သွယ်ဗျတိရိက်၊ ဟိတ် ပရိဟာရ၊ ဂုဏ်လဒ္ဓသည်၊ ဖြေကြငါးဖြာ ကျမ်း ရိုးတည်း။

## ကျက်မှတ်ရန်ပုံစံ

(က) သမ္မာသမ္ဗုဒ္ဓမတုလံ -လ- သင်္ဂဟံ။

( ခ) တတ္ထ ဝုတ္တာ ဘိဓမ္မတ္ထာ -လ- နိဗ္ဗာနမိတိ။

က-ခ-နှစ်ဝါကျတွင် က-ဝါကျကိုတက်မည်။ ခ-ဝါကျကား အဖြည့်ခံဝါကျ။

အရှင်အနုရုဒ္ဓါဆရာ၊ ဆရာသည် သမ္မာသမ္ဗုဒ္ဓမတုလံ စသောဂါထာကို အဘယ်အကျိုးငှါ ဆိုပါသနည်း။ (စောဒကမေး)

အိုစောဒက၊ သမ္မာသမ္ဗုဒ္ဓမတုလံစသောဂါထာကို အဘိဓမ္မတ္ထ-သင်္ဂဟအဋ္ဌကထာ ကိုပြုခြင်းငှါ ငါဆိုသတည်း။

မှတ်ချက်။ ဤသို့အမေးအဖြေမှစ၍ ကျမ်းတက်ရမည်။ ရန်စ၍ ကျမ်းတက်ခြင်းမျိုးတည်း။ ယင်းသို့ကျမ်းတက်ရာ၌ အဓိပ္ပါယ်နှစ်မျိုးတွင်၊ ဝါ-ဆိုလိုရင်း နှစ်မျိုးတွင် တစ်မျိုးကို အဖြေထုတ်ရမည်။ မုချ စကားကို ရှောင်၍ မကင်းရာမကင်းကြောင်း စကားကို ဖြေရမည်။

ဤ၌ က-ဝါကျဖြင့် ပဏာမနှင့် ပဋိညာဉ်ကိုမုချပြုသည်။ အဘိဓမ္မတ္ထသင်္ဂဟ အဋ္ဌကထာကို မကင်းရာမကင်းကြောင်း (ဥပစာ) အားဖြင့် ပြသည်။

http://www.dhammadownload.com



အရှင်အနုရုဒ္ဓါဆရာ၊ ဆရာသည် သမ္မသမ္ဗုဒ္ဓမတုလံ စသောဂါထာကို အဘိဓမ္မတ္ထသင်္ဂဟ အဋ္ဌကထာကို ပြခြင်းငှါ ဆိုသောဟု ဆိုတော်မူ၏။ (ထပနာ= ကိုင်ထား ထပနာ ပြုပြီးကာမှ။)

ထိုသို့ဆိုချေသော် (လက္ခဏာအရစိ)

သမ္မသမ္ဗုဒ္ဓဂါထာသည်လည်း (လဲ) အဘိဓမ္မသင်္ဂဟအဋ္ဌကထာ ဖြစ်၏ဟူသော အနက်သည်ရောက်ရာ၏။ (အနုလောမပါပနာ။)

မှတ်ချက်။ ထပနာစကားကို ပြန်၍ အနုလောမပါပနာပြုရသည်။ လည်း(လဲ) ဟူသော စကားလုံးဖြင့် ရေးသားရသည်။

တတ္ထ ဝုတ္တာ အဘိဓမ္မတ္ထာစသော စကားသည်သာ အဘိဓမ္မတ္ထသင်္ဂဟအဋ္ဌကထာ မဟုတ်သေးဟူသော အနက်ရောက်၏။ (ပဋိလောမ ပါပနာ–ပဋိပါ–သေး)

မှတ်ချက်။ စကားဖြည့် ဝါကျကို ပဋိလောမပါပနာ ပြုသည်။

စင်စစ်တမူကား တတ္ထဝုတ္တာစသော စကားသည်သာ အဘိဓမ္မတ္ထသင်္ဂဟအဋ္ဌကထာ ဟုတ်၏။ သမ္မာသမ္ဗုဒ္ဓမတုလံ–စသောဂါထာသည်ကား အဘိဓမ္မတ္ထသင်္ဂဟ အဋ္ဌကထာ မဟုတ်။ (စောဒကအာဘော်။ မျော်တွေး ဟုတ်မဟုတ် အာဘော်ထုတ်၍။)

ထိုသို့ဟုတ်မဟုတ်ဖြစ်သောကြောင့် (ကြောင့်–ထုတ် ဟိတ်။)

မှတ်ချက်။ အာဘော်ကိုပင် ဟိတ်ပြုသည်။

အဘိဓမ္မတ္ထသင်္ဂဟအဋ္ဌကထာကို ပြခြင်းငှါ တတ္ထဝုတ္တာစသောစကားကို ဆိုသောဟု ဆိုသင့်၏။(အနုလောမရောမ ရောပနာ = ဆိုသင့်ကောက်က, နရောပြ၏။)

အဘိဓမ္မတ္ထာသင်္ဂဟအဋ္ဌကထာကိုပြဖြင်းငှါ သမ္မာသမ္ဗုဒ္ဓမတုလံ စသောဂါထာကို ဆိုသောဟုကား မဆိုသင့်။ (ပဋိလောမရောပနာ= မသင့် ပြမှု ပဋိဟူ၏။)

အကယ်၍ မဆိုသင့်ပဲလျက် ဆိုချေသော် ဆရာ့အား သဒ္ဒအတ္ထဆန့်ကျင်သော ဝိရောဓိဒေါသရောက်ရာ၏ (ဒေါသာရောပန=ဒေါသတင်။ နောက်မှာလဒ္ဓ၊ ပြစ်ဒေါသသည်။)

## အဓိပ္ပါယ်ပြန်နည်း ငါးချက်

၁။ စောဒကပုဂ္ဂိုလ် အာဘော် (သို့) ဟိတ်ကို စောဒကဆိုတိုင်း လက်ခံခြင်းသည် စောဒက စကားကိုချီးမြှောက်ရာရောက်သည်။ (လက်ခံ၍–စောဒက၏အာဘော် ဟိတ်ကို မြှောက်ဆို နုဂ္ဂဟ–ဟုဆိုသည်။)

၂။ မဟုတ်ပါ–ဟုပယ်လျှင် မနှစ်သက်ရာရောက်၍ လက္ခဏာအရုစိ–ဟုဆိုသည်။ (လက္ခဏာ အရုစိ၊ ထားတုံဘိမှ၊)

၃။ အကြောင်းဟိတ်စကား ပါဝင်ရမည်။ (မိမိလိုရာ၊ လျော်စွာ ဟိတ်နွယ်။)

၄။ အနွယပရိဟာရ––လျော်သောအဖြေ ။(ပရိဟာရ်နှင့်)

http://www.dhammadownload.com



၅။ ဇျုတိရေကပရိဟာရ--ဆန့်ကျင်ဘက် အဖြေ။ (တစ်သွယ် ဇျုတိရိက်၊ ဟိတ်ပရိဟာ) အကျိုးငါစသည် လဒ္ဓဂုဏ်စကားလည်း ပါရမည်။

## အဓိပ္ပါယ်ပြန်ပုံ

အို စောဒကဆရာ၊ သင်စောဒကဆရာဆိုတိုင်း တတ္ထ ဝုတ္တာ–စသော စကားသည်သာ အဘိဓမ္မတ္ထသင်္ဂဟအဋ္ဌကထာ–ဟုတ်၏။ (၁) သမ္မာသမ္ဗုဒ္ဓ–စသော ဂါထာသည်ကား အဘိဓမ္မတ္ထသင်္ဂဟအဋ္ဌကထာ မဟုတ်။ (၂) ထိုသို့ဟုတ် မဟုတ်ဖြစ်သောကြောင့်။ (၃)။ အဘိဓမ္မတ္ထ သင်္ဂဟ အဋ္ဌကထာကို ပြခြင်းငါ တတ္ထဝုတ္တာစသောစကားကို ဆိုသောဟု ဆိုသင့်၏။ (၄)။ အဘိဓမ္မတ္ထ သင်္ဂဟအဋ္ဌကထာကိုပြခြင်းငါ သမ္မာသမ္ဗုဒ္ဓ မတုလံ–စသောဂါထာကို ဆိုသောဟု မဆိုသင့်။ (၅)။ မဆိုသင့်ပဲလျက် သမ္မသမ္ဗုဒ္ဓ မတုလံစသော ဂါထာကို ငါဆိုသည်ကား ထုံးစံဓမ္မတာနှင့်အညီ ကျမ်းမပြုမီရေးဦးစွာ ရတနတ္တယပဏာမ စသည်ကို ပြခြင်းအကျိုးငါ (လဒ္ဓဂုဏ်) ဖြစ်၏။ သို့ဖြစ်သောကြောင့် သင်စောဒကဆိုတိုင်း သဒ္ဒ,အတ္ထ ဆန့်ကျင်သော ဝိရောဓိဒေါသ ငါ့အားမရောက် ဆိုသင့်ဆိုတန်၏ ဟူလိုသော်။

**မှတ်ချက်။** ဤသည်ကား ကျမ်းရိုးတင်ဥပနာပဉ္စကတက်၌ ကျက်မှတ်ထားရမည့်ပုံစံတည်း။ ကထာဝတ္ထုကျမ်းတက်, မန်လည်နိယံနှင့်အညီ ကျမ်းတက်ပုံကို မှတ်သားပြီးနောက် မောင်းထောင်နည်း ဥပနာပဉ္စကကျမ်းတက်ပုံကို အောက်ပါအတိုင်း မှတ်သားပါလေ။

## မောင်းထောင်နည်း ပါပနာဒိထပနာပဉ္စက

၁။ ဥပနာ (ထပနာ)

၂။ အကယ်၍ ထိုသို့သာဆိုချေသော် (လက္ခဏာအရစိ)

၃။ ဟူသောအနက်ရောက်ရာ၏။ (အနု+ပါ)

၄။ မရောက်သင့်၊ မပြုအပ် မပြုသင့် စသည် (ပဋိ+ပါ)

၅။ ယင်းသို့ဖြစ်သောကြောင့် (ရောပနာပါဒကဟိတ်။ ၎င်းဟိတ်မပါလျှင် ရောပနာသို့ ကျမ်းတက်လို့မရ)

၆။ ဆိုသင့် ဆိုထန်၏။ (အနု+ရော)

၇။ မဆိုဘဲ မနေသင့် မနေတန်။ (ပဋိ+ရော)

၈။ မဆိုတန် ဆိုချေသော် ဆရာအား (လ) ဒေါသရောက်သည် မဟုတ်တုံလော။ (စောဒကာဘောဂ)

၉။ အဘယ်သို့မှတ်ရမည်နည်း။ (စောဒနာ)

**မှတ်ချက်။** ဤနည်းကား မူလဝါကျမှ မူလီ၊ ဝါ–အနုကရဏ ဝါကျသို့သာ တက်ရသော နည်းတည်း။

http://www.dhammadownload.com



## ဤနည်းပုံစံ (က) မှ (ခ) သို့တက်ပုံ

အရှင်အနုရုဒ္ဓါဆရာ၊ ဆရာသည် သမ္မာသမ္ဗုဒ္ဓမတုလံ စသော က-ဝါကျ ဂါထာဖြင့် ပဏာမနှင့် ပဋိညာဉ်ကိုပြသောဟုဆိုတော်မူ၏။ (ထပနာ) (၁) အကယ်၍ ထိုသို့သာဆိုချေသည် ရှိသော် (၂) ပဏာမနှင့် ပဋိညာဉ်သာရှိ၏ ဟူသော အနက်သည် ရောက်ရာ၏။ (အနု+ပါ) (၃) စင်စစ်တမူကား ပဏာမနှင့် ပဋိညာဉ်သာရှိ၏ဟူသောအနက် မရောက်သင့်။ (ပဋိ+ပါ)(၄) ယင်းသို့ဖြစ်သောကြောင့် (ရောပနာပါဒကဟိတ်) (၅) ပဋိညာတဗ္ဗကျမ်းဂန်ကိုလည်း ဆိုသင့် ဆိုတန် ၏။(အနု+ရော) (၆) ပဏာမနှင့် ပဋိညာဉ်ကိုသာ မဆိုသင့်။ (ထပနာပြန်) တစ်နည်း။ ပဋိညာတဗ္ဗ ကျမ်းဂန်ကို မဆိုဘဲ မနေသင့် မနေတန်။(ပဋိ+ရော) (၇) ဆိုသင့်လျက် မဆိုချေသော် ဆရာအား ပဋိညာ၊ ပဋိညာတဗ္ဗ ဆန့်ကျင်သောဝိရောဓိဒေါသ သင့်ရောက်ရာသည် မဟုတ်တုံလော (စောဒကာဘောဂ) (၈) အဘယ်သို့ မှတ်ရမည်နည်း။ (စောဒက) (၉)

### ရွှေရေးဆောင် ထပနာပဉ္စက

၁။ ထပနာပြ။ ၂။ ဒေါသလက္ခဏာ။ ၃။ အာဘောဂါနှင့်။
၄။ ဟိတ်ဖြာ။ ၅။ ရှေ့ပယ်။ ၆။ နွယဆွယ်။
၇။ မေးဘွယ်ပဉ္စက။

၁။ ဆရာ၊ ဆရာသည် သမ္မာသမ္ဗုဒ္ဓမတုလံ စသော က-ဝါကျ ဂါထာဖြင့် ပဏာမနှင့် ပဋိညာဉ်ကိုဆိုတော်မူ၏။ (၁-ထပနာ) ထိုသို့သာ ဆိုချေသော် (၂-ဒေါသလက္ခဏာ) ပဋိညာတဗ္ဗ ကျမ်းဂန်မရှိဟူသော အနက်သည်ရောက်ရာသည် မဟုတ်လော။ (၃-အာဘောဂ) ထိုသို့ရောက် ရာသောကြောင့် (၄-ဟိတ်ဖြာ) ) ပဏာမနှင့် ပဋိညာဉ်ကိုသာမဆိုသင့်။ (၅-ရှေ့ပယ်= ထပနာ- ပဋိက္ခေပ=ထကနာကို ပြန်ပယ်သည်၊ ထပနာကို လှန်ပစ်သည်) ပဋိညာတဗ္ဗကျမ်းဂန်ကိုလည်း ပြဆိုသင့်၏။ (၆-အနွယ ဆွယ်) ပဋိညာတဗ္ဗကျမ်းဂန်ကားအဘယ်နည်း။

**တစ်နည်း။** ထပနာ၊ အာဘော်၊ ဟိတ်ဖော်၊ ထ-ဖျက်၊ အမေးစွက်၊ ငါးချက်ပဉ္စက။

ဆရာ၊ ဆရာသည်-လ-ဆိုတော်မူ၏။ (ထပနာ) ပဋိညာတဗ္ဗ ကျမ်းဂန်ကို ဆရာပြဆို သင့်သည်မဟုတ်လော။ (အာဘော်) ယင်းသို့ဆိုသင့်သောကြောင့် (ဟိတ်) ပဏာမနှင့် ပဋိညာဉ် ကိုသာ မဆိုသင့်။(ထ-ဖျက်= ထပနာပဋိက္ခေပ) ပဋိညာတဗ္ဗ ကျမ်းဂန်ကား အဘယ်နည်း (ပုစ္ဆာ၊ ဝါ-စောဒနာ) ဤသို့ သူမေးဘွယ်ရှိသောကြောင့် တတ္ထဝုတ္တာစသည်မိန့်။

**မှတ်ချက်။** ဤနိယံအလို အောက်ပါအတိုင်း မေးတတ်သည်။

၁။ ထပနာ။ ၂။ အာဘော်။ ၃။ ဟိတ်။ ၄။ ထပနာ ပဋိက္ခေပတို့ဖြင့် တန်ဆာဆင်၍ ကျမ်းတက်ခဲ့ပါဟု မေးတတ်သည်။

http://www.dhammadownload.com



## မှတ်ထားချက်

အထက်ဖော်ပြပါနည်းတို့ဖြင့် အတ္တနောသဘာဝစသော (က) ဝါကျ။ ဓာရိယန္တိ စသော (ခ)ဝါကျ ကျမ်းတက်ပုံကို သေချာစွာလေ့လာရာ၏။ နောက်၌ အဖြေမျှသာ ရေးသားပါတော့မည်။

ဆရာဆရာသည် အဘယ်အကျိုးငှါ ဝါ-အဘယ်ကို ပြခြင်းငှါ ဓာရိယန္တိစသော (ခ)ဝါကျကို ဆိုပါသနည်း(မေး)

အို စောဒက။ ဓမ္မသဒ္ဒါ၏ ဝစနတ္တကိုပြခြင်းငှါ(ခ)ဝါကျကို ငါဆိုသတည်း။ (ဖြေ)

ဆရာ၊ ဆရာသည် ဓမ္မသဒ္ဒါ၏ဝစနတ္တကိုပြခြင်းငှါ ခ-ဝါကျကို ဆိုသောဟု ဆိုတော်မူ၏။ (ထပနာ) ထိုသို့ဆိုချေသော်(လက္ခဏအရုစိ) ခ-ဝါကျသည်လည်း သံခတဓမ္မ၊အသံခတဓမ္မ နှစ်မျိုး လုံးနှင့်သက်ဆိုင်သော ဓမ္မကိုရသည့်ဝစနတ္တဖြစ်၏ဟူသော အနက်သည်ရောက်၏။ (အနု+ပါ) က-ဝါကျစကားသည်သာ သံခတဓမ္မ၊ အသံခတဓမ္မ နှစ်မျိုး လုံးနှင့် သက်ဆိုင် သော ဓမ္မကိုရသည့် ဝစနတ္တမဟုတ်သေး-ဟူသောအနက်လည်းရောက်ရာ၏။ (ပဋိ+ပါ) စင်စစ်တမူကား က-ဝါကျ စကားသည်သာ သံခတဓမ္မ၊ အသံခတဓမ္မ နှစ်မျိုးလုံးနှင့်သက်ဆိုင်သော ဓမ္မကိုရသည့် ဝစနတ္တ ဟုတ်၏။ ခ-ဝါကျ စကားသည်ကား သံခတဓမ္မ၊ အသံခတဓမ္မ နှစ်မျိုးလုံးသက်ဆိုင်သော ဓမ္မကို ရသည့် ဝစနတ္တမဟုတ်။ (အာဘော်) ထိုသို့ဟုတ် မဟုတ်ဖြစ်သောကြောင့် (ဟိတ်) သံခတဓမ္မ၊ အသံခတဓမ္မ နှစ်မျိုးလုံးနှင့်သက်ဆိုင်သော ဓမ္မကိုရသည့် ဝစနတ္တကိုပြခြင်းငှါ က-ဝါကျကို ဆိုသောဟုဆိုသင့်၏(အနု+ရော) သံခတဓမ္မ၊ အသံခတဓမ္မ နှစ်မျိုးလုံးနှင့်သက်ဆိုင်သော ဓမ္မကို ရသည့် ဝစနတ္တကိုပြခြင်းငှါ ခ-ဝါကျကိုဆိုသောဟုကားမဆိုသင့်။(ပဋိ+ရော) အကယ်၍ မဆိုသင့် ဘဲလျှက် ဆိုချေသော် ဆရာအား သဒ္ဒ, အတ္ထ ဆန့်ကျင်သော ဝိရောဓိဒေါသသင့် ရောက်ရာ၏။ (ဒေါသာရောပန)။

## အဓိပ္ပါယ်ကား

အိုစောဒက။ သင်စောဒကဆိုတိုင်း က-ဝါကျစကားသည်သာ သံခတဓမ္မ၊ အသံခတဓမ္မ နှစ်မျိုးလုံးနှင့်သက်ဆိုင်သော ဓမ္မကိုရသည့် ဝစနတ္တဟုတ်၏။ ခ-ဝါကျစကားသည်ကား သံခတဓမ္မ၊ အသံခတဓမ္မ နှစ်မျိုးလုံးနှင့်သက်ဆိုင်သော ဓမ္မကိုရသည့် ဝစနတ္တ မဟုတ် (စင်စစ်တမူကား နောက်၌လာသော စကားတည်း)

ထိုသို့ဟုတ် မဟုတ်ဖြစ်သောကြောင့် သံခတဓမ္မ၊ အသံခတဓမ္မ နှစ်မျိုးလုံးနှင့် သက်ဆိုင်သော ဓမ္မကိုရသည့် ဝစနတ္တကိုပြခြင်းငှါ က-ဝါကျကို ဆိုသောဟုဆိုသင့်၏။ သံခတဓမ္မ၊ အသံခတဓမ္မ နှစ်မျိုးလုံးနှင့် သက်ဆိုင်သော ဓမ္မကိုရသည့် ဝစနတ္တကိုပြခြင်းငှါ ခ-ဝါကျကိုဆိုသော ဟုကား မဆိုသင့်။

မဆိုသင့်ဘဲလျှက်ငါဆိုသည်ကား သံခတဓမ္မတစ်မျိုးတည်းကိုသာရသော ဝစနတ္တကို ပြခြင်းငှါဖြစ်၏။

http://www.dhammadownload.com



သို့ဖြစ်သောကြောင့် သင်တင်တိုင်းသော သဒ္ဒ, အတ္ထ ဆန့်ကျင်သော ဝိရောဓိဒေါသ ငါအားမရောက် ဆိုသင့်ဆိုတန်၏ဟူလို။

မှတ်ချက်။ ရှေးထုံးကျကျ (သို့မဟုတ်) နည်းထုံးကျကျကျမ်းရိုးတင် ထပနာပဋ္ဌက ကျမ်းတက်ပါ–ဟုမေးလျှင် အထက်ပါအတိုင်းတက်ရမည်။ အဓိပ္ပါယ်ပြန်ရမည်။ ဖော်ပြပါ နည်းများကိုနည်းမှီ၍–မောင်းထောင်နည်း၊ ရွှေရေးဆောင်နည်းတို့ကိုသိရာ၏။

ဒေါသပယ်။ ခ–ဝါကျဖြင့် အဗျာပိတ အပရိပုဏ္ဏဒေါသပယ်။

ဂ–ဝါကျကား ပက္ခန္တရဝါကျ။ ထို–၍ က–ခ ဝါကျကား ပက္ခ။

ဒေါသပယ်။ ဂ–ဝါကျဖြင့် အဗျာပိတ အပရိပုဏ္ဏဒေါသပယ်။

## ဂ–ဝါကျအနုသန္ဓေတက်

ဤသို့ ခ–ဝါကျဖြင့် ဓမ္မသဒ္ဒါကို ဓာရိယန္တိ ပစ္စယေဟီတိ ဓမ္မာ–ဟု ကမ္မသာဓန ဝစနတ္ထပြု၍ ဓမ္မအရ သန်တဓမ္မကိုယူရမည်ဟု ဝိသေသကို ပြဆိုတော်မူပြီး၍ ယခုအခါ၌ ဓမ္မအရ အဘိဓေယျတ္ထ တစ်မျိုးကိုရသော ဝစနတ္ထကိုပြလိုရကား ဂ–ဝါကျမိန့်။

## ဝိဂ္ဂဟစသည်

အတ္တနော။ သုခဒုက္ခံ အဒတိ ဘက္ခတီတိ အတ္တာ။ အဒဓာတ်+ မန်ပစ္စည်း။ ရာဇာဒိဂိုဏ်း၊ ပုံလိင်။

သံ။ အတ္တီတိ သံ။ (သတ္တော) ဂစ္ဆန္တာဒိဂိုဏ်း၊ ပုလ္လိင်။

✝ အသ သဗ္ဗာဝေ "သဗ္ဗတ္ထာ သဿာဒိ လော်ပေါစာ" တိ အကာရဿ လောပေါ။ ရူ၊နှာ၊၃၉၉။

ဘာဝ။ ဘဝနံ ဘာဝေါ။ ဘူ+ယု။

သဘာဝ။ သဿ အတ္တနော ဘာဝေါ သဘာဝေါ။

တစ်နည်း။ သတ္တော ဘာဝေါ သဘာဝေါ။

မှတ်ချက်။ မင်းခင်းဂဏ္ဌိ၌ "သကော ဘာဝေါ သဘာဝေါပြု၍ လက္ခဏာကိုယူ။ သဟ ဘာဝေန ယော ဝတ္တတီတိ သဘာဝေါ–ပြု၍ သလက္ခဏာဓမ္မကို မယူလင့်" ဟုဆိုသည်။

သဿဘာဝေါ သဘာဝေါ။ သဿ၊ မိမိ၏။ ဘာဝေါ၊ သဘော–တည်း။ သဘာဝေါ၊ မိမိ၏သဘော။ သဒ္ဒပုဒ်+ဘာဝပုဒ်။ ဆဋ္ဌီတပ္ပုရိသ်။

၁။ သဒ္ဒဟူသော ဝိသေသနပုဒ်အရကား မိမိဒြပ်သည်မုချ။

၂။ ယင်း၏ သဘောနှင့် ဝိသေသန ဝိသေသျစပ်။ သမ္ဗန် ဋ္ဌာနူပစာ။

၃။ မိမိသဘောရာ၏။ (ဖဿ၏ ဖုသနသဘော, ပထဝီ၏ ကက္ခဋသဘော စသော မိမိ မိမိသဘောရာ၏)

http://www.dhammadownload.com



မှတ်ချက်။ ၂-အရ သမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။

**ပစ္စယေဟိ**။ ပဋိစ္စ ဖလံ ဧတေဟိ ဧတီတိ ပစ္စယာ (တေဟိ)။ ဧတေဟိ၊ ထိုအကြောင်းတရားတို့ကြောင့်။ ဖလံ၊ အကျိုးသည်။ ပဋိစ္စ၊ ထိုအကြောင်းတရားကိုစွဲ၍။ ဧတိ၊ ဖြစ်တတ်၏။ ဏ္ဍတိ တေ ပစ္စယာ။ ပတိ ပုဗ္ဗ+ဣ ဓာတ်။ (ဂမနေ ဏော) အပါဒါနသာဓန။

မှတ်ချက်။ ပစ္စယာဟုံဗဟုဝုစ်ရှိသဖြင့် "ဧတေဟိ"ဟု ဗဟုစ်ဝိဂြိုဟ်ဆိုသည်၊ ကေဝုစ်ဖြစ်လျှင်-ဧတသ္မာ-ဟုဝိဂြိုဟ်ဆိုလေ။ အရာရာ သတိပြု။

၁။ ပတိ ဥပသာရ အရ ပဋိစ္စဘောဂတ် ရ၏။

၂။ ကတ္တုဒ္ဓ အရ အကျိုးတရားတို့၏ဥပါဒ်သည် မှချ။

၃။ အပါဒါနဒ္ဓ-ကား ထို-အားတပ်သော ကံစသောပစ္စည်း၏ နာနာက္ခဏိက ကမ္မာဒိပစ္စယသတ္တိသည် ဖလူပစာ။

၄။ ဏာ ပစ္စည်းအရကား ကံစသောပစ္စည်းတို့ ရ၏။

✝ ပစ္စယေဟီတိ ကမ္မာဒိ ပစ္စယေဟိ။ ယောဇနာ။ ၅၇။

**ယထာသဘာဝံ**။ ယောယော သဘာဝေါ ယထာသဘာဝံ။

ယောယော၊ အကြင်အကြင်သို့သော။ သဘာဝေါ၊ သခ်တ, အသခ်တ ပညတ်တို့၏သဘောတည်း။ ယထာသဘာဝံ၊-တို့၏သဘော။

**တနည်း**။ သဘာဝဿ အနုရူပံ ယထာသဘာဝံ။

သဘာဝဿ၊ သခ်တ,အသခ်တ,ပညတ်တို့၏သဘောအား။ အနုရူပံ၊ လျော်သည်တည်း။ ယထာသဘာဝံ၊-ပုဒ်သည်။ အဗျယီဘောသမာသ်။ ယထာပုဒ်+ သဘာဝပုဒ်။ (ယထာဝုမ္မိ-နှင့်တူ)

၁။ သဘာဝ-အရကား သခ်တ, အသခ်တ, ပညတ်တို့၏သဘောသည် မှချ။

၂။ ယင်း၏ အနုရူပဘောဂတ်နှင့် ဂုဏ်ဂုဏေး၊ ဝိသေသန ဝိသေသျစပ်- ဌာနူပစာ။

၃။ ယထာသဘာဝ-ပုဒ်လုံးအရ သခ်တ,အသခ်တ,ပညတ်တို့၏သဘောအားလျော်သော အနုရူပဘောဂတ်ရ။

---

## ( ၆) အာဘောဂ သံဝဏ္ဏနာ

က-ဝါကျဉ် ဓာရေန္တီ-ဖြင့် ဓမ္မာဒ္ဓ ဓရ ဓာတ်၏အဖြစ်ကိုလည်းကောင်း၊[၁] ယင်းဓရ ဓာတ်၏ စုရာဒိဂဏိကဓာတ်၏အဖြစ်ကိုလည်းကောင်း၊[၂] ရုမ္မပစ္စည်း၏ကတ္တုသာဓနဒ္ဓ သက်သည်ကိုလည်းကောင်း၊[၃] ဓမ္မာပုဒ် ဓာရေန္တီတိ ဓမ္မာ-ဟုကတ္တုသာဓနဝစနတ္ထပြုရမည်ကို လည်းကောင်း[၄] သိစေသည်။

၁။ ဒုတိယက္ခာတုပဒ။ ၂။ ဘာဝတ္ထ။ ၃။ ဒုတိယပစ္စတ္တ။ ၄။ အဘိဓာနတ္ထ။

http://www.dhammadownload.com



## ဓာန်ဋီနည်း

၁။ ဓမ် ဟူသော မာဟူသော အစိပ်ပရမတ္ထသဒ္ဒါသည် ဖျူပ္ပတ္တိ။

၂။ ယင်းဖျူပ္ပတ္တိ၏ အကြောင်းဖြစ်သော ဓရဓာတ်+ရမ္မပစ္စည်းသည်လည်းကောင်း၊ ဆောင်ခြင်းကြိယာသည်လည်းကောင်း ဖျူပ္ပတ္တိနိမိတ်။

၃။ ဓမ္မာ-ဟူသော အပေါင်းပညတ္တိသဒ္ဒါသည် ပဝတ္တိ။

၄။ ယင်းပဝတ္တိအကြောင်းဖြစ်သော သဏ်တဓမ္မအသဏ်တဓမ္မတို့၏ တစ်ခုသည် တစ်ခုနှင့်-
- ဇာတ်သည် ပဝတ္တိနိမိတ်။

## ဘေဒစိန္တာနည်း

၁။ အတ္တနော သဘာဝံ ဓာရေန္တိ ဟူသော ဝိဂြိုလ်ဝါကျသည် ဖျူပ္ပတ္တိ။

၂။ ယင်းဖျူပ္ပဝတ္တိ၏ အကြောင်းဖြစ်သော (ဓာရေန္တိ ဝိဂြိုလ်၌) ဓရဓာတ်+စုရာဒိဏေပစ္စည်း+ အန္တိဝိဘတ်သည်လည်းကောင်း၊ (ဓမ္မာပုဒ်ကို မကြည့်နှင့်၊ ဓာရေန္တိကြည့်) ဆောင်ခြင်းကြိယာသည်လည်းကောင်း ဖျူပ္ပတ္တိနိမိတ်။

၃။ ဓမ္မာဟူသော ပုဒ်ပြီး နိပ္ဖန္နသည် ပဝတ္တိ။

၄။ ဓာန်ဋီနည်းနှင့် တူပြီ။

က-ဝါကျ၌ သဘာဝံ-ဖြင့် ဆောင်ကုန်၏ဟူသည် သဘောကို ဆောင်ကုန်သတည်း-ဟု သိစေသည်။ (ဘာဝတ္ထ)

**မှတ်ချက်**။ အဝိပ္ပါယ်စပ်၍ဖော်သော အာဘော်။

တစ်နည်း။ သဘာဝံ-ဖြင့် ဓာရေန္တိ-၌ ဓရဓာတ်၏ သကမ္မကဓာတ်၏အဖြစ်ကိုလည်းကောင်း၊[1] ယင်းသကမ္မကဓာတ်၏ ကံကား "သဘာဝ" ပုဒ်ပင်တည်းဟူသော အဝိပ္ပါယ်ကိုလည်းကောင်း[2] သိစေသည်။ ၁။ ဘာဝတ္ထ။ ၂။ ဘာဝတ္ထ။

**မှတ်ချက်**။ သဒ္ဒါနည်းစာစပ်၍ ဖော်သော အာဘော်။

က-ဝါကျ၌ အတ္တနော-ဖြင့် သဘာဝ=သဘောဟူသည် မိမိမှ တစ်ပါးသောတရား၏ သဘောမဟုတ်၊ မိမိ မိမိ၏ သဘောတည်းဟု သိစေသည်။ (ဘာဝတ္ထ)

**မှတ်ချက်**။ အဝိပ္ပါယ်စပ်၍ ဖော်သော အာဘော်။

တစ်နည်း။ အတ္တနော-ဖြင့် သဘာဝံပုဒ်၏ သမ္ဗန္ဓာပေက္ခ၏အဖြစ်ကိုလည်းကောင်း၊[1] ယင်းသဘာဝံဟူသော သမ္ဗန္ဓာပေက္ခပုဒ်၏သမ္ဗန်ကား ပရသမဟုတ်၊ အတ္တနောတည်းဟူသော အဝိပ္ပါယ်ကိုလည်းကောင်း[2] သိစေသည်။

၁။ ဘာဝတ္ထ။ ၂။ ဘာဝတ္ထ။

http://www.dhammadownload.com



## ဋီကာ အာဘော်

က-ဝါကျ အတ္တနော သဘာဝံ ဓာရေန္တိ-ဖြင့် ဖဿ-စသော ပရမတ္ထသဘောတရားတို့သည် သတ္တဝါပညတ်စသည်တို့ကဲ့သို့ ပညာဖြင့် ဆင်ခြင်ကြည့်လျှင် နိဿဘာဝများမဟုတ်၊ စင်စစ်သော်ကား မိမိမိမိ၏ ဖုသန-စသောသဘောကို ဆောင်ကုန်သတည်း-ဟူသော အဓိပ္ပါယ်ကိုလည်းကောင်း၊[၁] ဤ က-ဝါကျ ပထမဝိကပ်အလို-"ဓမ္မ"အရ သင်္ခတဓမ္မ၊ အသင်္ခတဓမ္မကို ယူရမည်ကိုလည်း ကောင်း၊[၂] သိစေသည်။ ၁။ ဘာဝတ္ထ။ ၂။ အဘိဓေယျတ္ထ။

✝ သတ္တာဒိဂါဟကာနံ စိတ္တာနံ ဂေါစရာ သတ္တာဒယော ဝိယ ပညာယ ဥပပရိက္ခိယမာနာ န နိဿဘာဝါ၊ ကိန္တု အတ္တနော သဘာဝံ ဓာရေန္တီတိ ဓမ္မာ။ မူလဋီ၊ ၁၊ ၂၈။

✝ တတ္ထစ ပဌမော အတ္ထော သင်္ခတာသင်္ခတဓမ္မဝသေန ဝုတ္တော။ အနုဋီ၊ ၁၊ ၂၈။

### အနက်ယောဇနာ

ဓမ္မာ၊ မိမိ မိမိ၏သဘောကိုဆောင်ကုန်သော (သင်္ခတဓမ္မ၊ အသင်္ခတဓမ္မ) တရားတို့သည်။ သံဝိဓာန္တိ-စပ်။)

### အာဘောဂသံဝဏ္ဏနာ

ခ-ဝါကျ၌ ဝါ-သဒ္ဒါဖြင့် ဓမ္မသဒ္ဒါ၏အနက်တစ်မျိုးကို သိစေသည်။ (ဘာဝတ္ထ)

ခ-ဝါကျ၌ ဓာရိယန္တိ-ဖြင့် ဓမ္မ-၌ ဓရဓာတ်၏အဖြစ်ကိုလည်းကောင်း၊[၁] ရမ္မပစ္စည်း၏ ကမ္မသာဓနေ၌သက်သည်ကိုလည်းကောင်း၊[၂] ဓာရိယန္တီတိ ဓမ္မာ-ဟု ကမ္မသာဓနဝိဂ္ဂဟပြုရမည်ကိုလည်းကောင်း[၃] သိစေသည်။

၁။ ဒုတိယဓာတုပဒ။ ၂။ ဒုတိယပစ္စယတ္ထ။ ၃။ အဘိဓာနတ္ထ။

ခ-ဝါကျ၌ ပစ္စယေဟိ-ဖြင့် ဆောင်အပ်ကုန်၏-ဟူသည် ကံ-စသော အကြောင်းတရားတို့သည် ဆောင်အပ်ကုန်သတည်းဟူသော အဓိပ္ပါယ်ကို လည်းကောင်း၊[၁] ဓမ္မအရ သင်္ခတဓမ္မကိုသာ ယူရမည်ကိုလည်းကောင်း[၂] သိစေသည်။ ၁။ ဘာဝတ္ထ။ ၂။ အဘိဓေယျတ္ထ။

တစ်နည်း။ ပစ္စယေဟိ-ဖြင့် ဓာရိယန္တိ-၌ အန္တိ-သဒ္ဒါသည် အန္တိဝိဘတ် မဟုတ်၊ အန္တေဝိဘတ်၏ အဖြစ်ကိုလည်းကောင်း၊[၁] (ပစ္စယေဟိ အဝုတ္တကတ္တာ ဖြင့် ကံဟော အန္တေဝိဘတ် ဟုပြ) ယင်း အန္တေဝိဘတ်၏ ကံဟောဝိဘတ်၏ အဖြစ်ကိုလည်းကောင်း၊[၂] ယ-သဒ္ဒါသည် ဒိဝါဒိ ယ-ပစ္စည်းမဟုတ်၊ ကံဟော ယ-ပစ္စည်း၏အဖြစ်ကိုလည်းကောင်း၊[၃] ပစ္စယေဟိ ပုဒ်ကို ဓာရိယန္တိ-၌ ကရိုဏ်းမစပ်ရ၊ အဝုတ္တကတ္တားစပ်ရမည်ကိုလည်းကောင်း၊[၄] ဓမ္မအရ သင်္ခတဓမ္မကိုသာ ယူရမည်ကိုလည်းကောင်း[၅] သိစေသည်။

၁။ ဒုတိယဝိဘတ္တိပဒ။ ၂။ ဒုတိယဝိဘတျတ္ထ။ ၃။ ဘာဝတ္ထ။

၄။ သမ္ဗန္ဓ။ ၅။ အဘိဓေယျတ္ထ။

http://www.dhammadownload.com



## ဝိဂ္ဂဟနှင့်ဉာဏ်ကောက်

ဓာရိယန္တိ ပစ္စယေဟိတိ ဓမ္မာ။ ယေသဘာဝါ၊ တို့ကို။ ပစ္စယေဟိ၊ တို့သည်။ ဓာရိယန္တိ၊ ကုန်၏။ ဣတိ တေ ဓမ္မာ။

၁။ ဧရဓာတ်အရ ကတ္တာဒ္ဒ-ကား ကံစသောပစ္စည်းတရားတို့၏ ဥပါဒ်ရ၏။

၂။ ကမ္မဒ္ဒ ကြိယာ-ကား သင်္ခတဓမ္မတို့၏ နာနက္ခဏိက ကမ္မာဒိပစ္စယသတ္တိသည် ဖလူ။

၃။ ရုမ္မပစ္စည်းအရ သင်္ခတတရာတို့ရ၏။

## ကြိယာငါးတန်

၁။ ဓာရိယန္တိ-၌ ဧရဓာတ်အရ ကံစသော အကြောင်းတရားသည် ဒဿနတ္ထ။

၂။ ယင်းကံစသော အကြောင်းတရားတို့၏ ရှေးရှေး၌ဖြစ်သောအကြောင်း တရားတို့သည် ဒီပကတ္ထ။

၃။ သင်္ခတဓမ္မတို့သည် ပကာသနတ္ထ။

၄။ အကြောင်းတရားကြောင့် အကျိုးတရားဖြစ်သည်ဟု သိရခြင်းသည် ဝိဘာဝတ္ထ။ (အကျိုး)

၅။ ယင်းသို့သိရသဖြင့် ဣဿရနိမ္မာနဒိဋ္ဌိမှကင်းလွတ်ခြင်းအစ နိဗ္ဗာန်တိုင်အောင်သော အကျိုးသည် အနုဘာဝတ္ထ။

---

## အနက်ယောဇနာ

ဓမ္မာ၊ ကံစသော အကြောင်းတရားတိုသည် ဆောင်အပ်ကုန်သော (သင်္ခတ) တရားတို့သည်။ (သံဝိဓန္တိ စပ်)

## ခ-ဝါကျ ဝါ-သဒ္ဒါထားပုံ

မိမိ မိမိ၏သဘောကိုဆောင်တတ်သော ကတ္တုသာဓ်ဝစနတ္ထဟူသော အကြောင်း၊ ဓမ္မအရ သင်္ခတ,အသင်္ခတဓမ္မကိုယူရမည်ဟူသော အဘိဓေယျတ္ထမှ တစ်မျိုးတစ်ပါးသော ကံစသော အကြောင်း တရားတို့သည်ဆောင်အပ်သော၊ ကမ္မသာဓနဝစနတ္ထဟူသောအကြောင်း၊ ဓမ္မအရ သင်္ခတဓမ္မကိုယူရမည်ဟူသော အဘိဓေယျတ္ထကို လဲလှယ်ပြလိုသောကြောင့် ဝါ-သဒ္ဒါ ထားပါသည်။

---

## ဂ-ဝါကျ၌ အာဘော်သံဝဏ္ဏနာ

ဂ-ဝါကျ၌ ဓာရိယန္တိ-ဖြင့် ဓမ္မ-၌ ဓရ-ဓာတ်၏အဖြစ်ကိုလည်း ကောင်း၊[၁] ဓမ္မ-၌ ရုမ္မ-ပစ္စည်း၏ ကမ္မသာဓနေ၌ သက်သည်-ကိုလည်းကောင်း၊[၂] ဓမ္မကို ဓာရိယန္တိတိ ဓမ္မာ-ဟု ကမ္မသာဓန ဝစနတ္ထပြုရမည်-ကိုလည်းကောင်း[၃] သိစေသည်။

၁။ ဒုတိယဓာတုပဒ။ ၂။ ဒုတိယပစ္စယတ္ထ။ ၃။ အဘိဓာနတ္ထ။

http://www.dhammadownload.com



၈-ဝါကျ၌ ယထာသဘာဝတော-ဖြင့် ဓာရိယန္တိ=ဆောင်အပ် မှတ် အပ်ကုန်၏ ဟူသည် အကြင်အကြင် သဘောအားလျော်စွာ ဆောင်အပ်မှတ်အပ်သည်ကိုလည်းကောင်း၊[၁] ဓမ္မာအရ သခ်ၤတ အသခ်ၤတပညတ္တိဓမ္မ တို့ကိုယူရမည်ကိုလည်းကောင်း[၂] သိစေသည်။

၁။ ဘာဝတ္ထ။ ၂။ အဘိဓေယျတ္ထ။

## ဝိဂ္ဂဟနှင့်ညှိကောက်

ဓာရိယန္တိ ယထာသဘာဝတောတိ ဓမ္မာ။ ယေ သဘာဝါ၊တို့ကို။ ပဏ္ဍိတေဟိ၊ တို့သည်။ ယထာသဘာဝတော၊ ဓာရိယန္တိ ဥပဓာရိယန္တိ ဥပလက္ခိယန္တိ၊ ဆောင်အပ် မှတ်အပ်ကုန်၏။ ဣတိ တေ သဘာဝါ ဓမ္မာ။

၁။ ဏတ္တုပ္ပ-ကား ပညာရှိတို့၏ သညာ, ပညာပြဓာန်းသော စိတ္တုပ္ပါဒ်သည် မုချ။

၂။ ကမ္မဋ္ဌကြိယာ-ကား ထိုအားတပ်သော သခ်ၤတ, အသခ်ၤတ, ပညတ္တိဓမ္မတို့၏ အာရမ္မဏာဒိပစ္စယသတ္တိသည် ဖလူပစာ။

၃။ ရုမ္မ-ပစ္စည်းအရ သခ်ၤတ, အသခ်ၤတ, ပညတ္တိဓမ္မရ၏။

## ပစ္စည်းပြိုင်

အန္တတ္ထ=ဓာတွတ္ထ=ကတ္တုပ္ပအရ ပညာရှိတို့၏ သညာ, ပညာ ပြဓာန်းသော စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား ဗာဟျတ္ထ=ပစ္စယတ္ထ အရ သခ်ၤတ, အသခ်ၤတ, ပညတ္တိဓမ္မပစ္စည်းတရားက ယထာရဟ အာရမ္မဏ ၈-ပစ္စယသတ္တိဖြင့် ကျေးဇူးပြု။

## အနက်ယောဇနာ

ဓမ္မာ၊ မိမိ မိမိတို့သဘောအားလျော်စွာ ပညာရှိတို့သည် ဆောင်အပ် မှတ်အပ်ကုန်သော (သခ်ၤတ, အသခ်ၤတ,ပညတ္တိ) တရားတို့သည်။ (သံဝိဓ္ဓန္တိ.စပ်)

## ၈-ဝါကျ ဝါသဒ္ဒါထားပုံ

အကြောင်းတရားတို့သည် ဆောင်အပ်ကုန်သောကြောင့် ဓမ္မမည်၏ဟူသော အကြောင်း၊ ဓမ္မအရ သခ်ၤတဓမ္မဟူသော အဘိဓေယျတ္ထမှ တစ်မျိုးတစ်ပါးသော အကြင် အကြင်မိမိသဘောအား လျော်စွာ ပညာရှိတို့သည် ဆောင်အပ် မှတ်အပ်ကုန်သောကြောင့် ဓမ္မမည်၏ဟူသောအကြောင်း၊ ဓမ္မအရ သခ်ၤတ, အသခ်ၤတ, ပညတ္တိဓမ္မဟူသော အဘိဓေယျတ္ထကို လဲလှယ်ပြလိုသောကြောင့် ဝါ-သဒ္ဒါ ထားရသည်။

## နံပါတ်-၉

မေး။ သဘာဝံ ဓာရေန္တိ-၌ သဘာဝအရနှင့် ဓာရေန္တိ-အရ သဘာဝကိုရရှိခြင်းတူပါလျက် အဘယ့်ကြောင့်-သဘာဝံ ဓာရေန္တိ-ဟု ဆိုပါသနည်း။

http://www.dhammadownload.com



ဖြေ။ ဖဿ, ရုပ်, နာမ်စသော နာမည်သည် ထင်ရှားသိသာ၏။ (ဝိညာတ)။

ဖဿ၏ ဖုသနသတ္တိ, ရုပ်၏ ရုပ္ပနသတ္တိ,နာမ်၏ နမနသတ္တိသည် မထင်ရှား မသိသာ (အဝိညာတ)တို့ဖြစ်၍ သိသာထင်ရှားသော ဓမ္မသဘာဝဝဏ္ဏနှင့် မထင်ရှား မသိသာသော သဘာဝကို မပြားဘဲနှင့် ပြားသကဲ့သို့ အဘေဒဘေဒူပစာအားဖြင့် ဆိုသည်။ သို့ဆိုခြင်းဖြင့် သဘာဝနှင့် ဓမ္မတို့ကို လွယ်ကူကွဲပြားစွာ သိနိုင်ခြင်းအကျိုးရှိ၏။ သို့အကျိုးရှိသောကြောင့်" သဘာဝံ ဓာရေန္တိ" ဟုဆိုသည်။ ( မူလဋီ၊ ၁၊ ၂၈)

## သိဒ္ဓိ

အတ္တနော သဘာဝံ ဓာရေန္တိ-၌ သဘာဝနှင့်သဘာဝဝဏ္ဏ မပြားဘဲလျက် ပြားသကဲ့သို့ ဆိုခြင်းကြောင့် အဘေဒ ဘေဒူပစာ၊ အနုမာနသိဒ္ဓိ။

---

## ကြိယာငါးတန်

၁။ က-ဝါကျ၌ ဓမ္မာအရ သင်္ခတ, အသင်္ခတဓမ္မသည် ဒဿနတ္ထ။

၂။ ကံ စိတ် ဥတု အာဟာရ အစရှိသော အကြောင်းတရားသည် သင်္ခတဓမ္မ အတွက် ဒီပကတ္ထ။ ဒါန, သီလ, ဘာဝနာသည် အသင်္ခတဓမ္မ အတွက် ဒီပကတ္ထ။

၃။ နောက်နောက်သော သင်္ခတဓမ္မသည် ရှေးရှေးသော သင်္ခတဓမ္မအတွက် ပကာသနတ္ထ။ ကိလေသာမှ လွတ်မြောက်ခြင်းအကျိုးသည် အသင်္ခတဓမ္မ အတွက် ပကာသနတ္ထ။

၄။ ဇာတိဒုက္ခ စသောအကျိုးများသည် သင်္ခတဓမ္မအတွက် ဝိဘာဝတ္ထ။ စုတေခြင်းမရှိမှု စသည်သည် အသင်္ခတဓမ္မအတွက် ဝိဘာဝတ္ထ။ (အကျိုး)

၅။ ခန္ဓာ,အာယတန,ဓာတ်ဓမ္မတို့ မပြတ်ဖြစ်ခြင်းသည် သင်္ခတဓမ္မအတွက် အနုဘာဝတ္ထ။ သန္တိသုခသည် အသင်္ခတဓမ္မအတွက် အနုဘာဝတ္ထ။

၁။ ဂ-ဝါကျ၌ ဓာရိယန္တိ၌ ဓရဓာတ်အရ ပညာရှိတို့၏ သညာ,ပညာပြဓာန်းသော စိတ္တုပ္ပါဒ်သည် ဒဿနတ္ထ။

၂။ ယောနိသောမနသိကာရစသည်သည် ဒီပကတ္ထ။

၃။ မိမိ မိမိ သဘောအားလျော်စွာ ဖြစ်ပေါ်နေသော သင်္ခတ, အသင်္ခတ,ပညတ္တိဓမ္မ တို့ကို ကွဲပြားခြားနားစွာသိရခြင်းသည် ပကာသနတ္ထ။

၄။ ပတိရူပဒေသ, အတ္တသမ္မာပဏိဓိ, သပ္ပုရိသူပနိဿယ-စသည်သည် ဝိဘာဝတ္ထ။

၅။ ဓမ္မဝဝတ္ထာနဉာဏ်ရင့်သန်ခြင်းအစ နိဗ္ဗာန်တိုင်အောင်သော အကျိုးသည် အနုဘာဝတ္ထ။

http://www.dhammadownload.com



(က) န ကုသလာ အကုသလာ။ (ခ) မိတ္တပဋိပက္ခအမိတ္တာဝိယ, လောဘာဒိ-ပဋိပက္ခာ အလောဘာဒယောဝိယ စ ကုသလပဋိပက္ခာတိ အတ္ထော။ (ဂ) န ဗျာကတာတိ အဗျာကတာ။ (ဃ) ကုသလာကုသလဘာဝေန အကထိတာတိအတ္ထော။ (င) တေသု ပန အနဝဇ္ဇသုခဝိပါက-လက္ခဏာ ကုသလာ၊ သာဝဇ္ဇဒုက္ခဝိပါကလက္ခဏာ အကုသလာ၊ အဝိပါကလက္ခဏာ အဗျာကတာ။ ဋ္ဌ၊ ၈၁-၂။

## (၁)အနက်ယောဇနာ

ယေဓမ္မာ၊တို့သည်။ ကုသလာ၊ မည်ကုန်သည်။ န၊ မဟုတ်ကုန်။ ဣတိတသ္မာ တေဓမ္မာ၊ တို့သည်။ အကုသလာ၊ မည်ကုန်၏။ (အနိယတ်+နိယတ်ယောဇနာ)

တစ်နည်း။ ကုသလာ၊ တို့သည်။ န၊ မဟုတ်ကုန်။ အကုသလာ၊ ကုသိုလ် မဟုတ်ကုန်။ (အနိယတ်+နိယတ်ကင်းသောယောဇနာ)

---

## (၂) (၃) ဝါကျခွဲစသည်

ခ-ဝါကျကား တပ္ပါကဋီကရဏဝါကျ။ ထို-၌ ဂ-ဝါကျကား တပ္ပါကဋီကရဏီယ ဝါကျ။ ဝါ-အပါကဋဝါကျ။

## ခ-ဝါကျ မင်းခင်းကျမ်းတက်

ပဋိသေဓေ ဝုတ္တိတဗ္ဗာဝေ၊ အညတ္တေ သဒိသေပိစ။

ဝိရုဒ္ဓေ ဂမှဟေ သုညေ၊ အကာရော ဝိရဟာပ္ပကေ-ဟုမိန့်အပ်သော ဆယ်ပါးသော အနက်တို့တွင် ပဋိသေဓဟုဆိုအပ်သော ကုသိုလ်၏မရှိခြင်း "အဘာဝတ္ထ"၊ ကုသိုလ်မှ တစ်ပါး ဖြစ်သော "အညတ္တ"ကိုဟောသလော စုဒ်ကြောင့် ကုသလပဋိပက္ခာတိ အတ္ထော-မိန့်။၂၃၇။

## ပါပနာဒိဠပနာပဋ္ဌကတက်

ဆရာ၊ ဆရာသည် က-ဝါကျဖြင့် အကုသလာပုဒ်ကို နကုသလာ အကုသလာ ဟု နနိပါတပုဗ္ဗပဒကမ္မဓာရယသမာသ် ဝစနတ္ထပြုရသောဟု ဆိုတော်မူ၏။ ထိုသို့သာ ဆိုချေသော် အကုသလာ၌ အ-သဒ္ဒါသည် ပဋိသေဓဟုဆိုအပ်သော ကုသိုလ်၏မရှိခြင်း-အဘာဝတ္ထ, ကုသိုလ်မှ တပါး ဖြစ်သော-အညတ္တကိုဟော၏ဟူသောအနက်ရောက်ရာ၏။ (အနု+ပါ) စင်စစ်တမူကား အကုသလာ၌-အ သဒ္ဒါသည် ကုသိုလ်၏မရှိခြင်း-အဘာဝတ္ထ, ကုသိုလ်မှတစ်ပါးဖြစ်သော-အညတ္တဟော မဖြစ်သင့်။(ပဋိ+ပါ)ယင်းသို့ အဘာဝတ္ထ, အညတ္တ မဖြစ်သင့်သောကြောင့် အကုသလာ၌ အ-သဒ္ဒါ၏ ဖြစ်သင့် ဖြစ်ထိုက်သောအနက်ကို ဆိုသင့်ဆိုတန်၏။(အနု+ရော) အကုသလာ၌ အ-သဒ္ဒါ၏ ဖြစ်သင့်ဖြစ်ထိုက်သောအနက်ကို မဆိုဘဲမနေသင့် မနေတန်၊ ဝါ-န ကုသလာ အကုသလာ ဟူသော ဝစနတ္ထကိုသာမဆိုသင့်၊ (ပဋိ+ရော) အကုသလာ၌ အ-သဒ္ဒါ အဘယ်အနက်ကို ဟောပါသနည်း-ကြောင့် ခ-ဝါကျမိန့်။

ဒေါသပယ်။ အတိဗျာပိတဒေါသပယ်သည်။

http://www.dhammadownload.com



ခ-ဝါကျ မရေးသားလျှင်-အကုသလေဣ အ-သဒ္ဒါ အဘာဝတ္ထ, အညတ္ထ ဟောသလောဟု အလွန်ပြန့်နှံ့နေသည်။ ၁-ဝါကျတက်လာသဖြင့် ယင်း အဘာဝတ္ထ, အညတ္ထအနက်များကိုမဟော ပဋိပက္ခ (ဝိရုဒ္ဓ) အနက်များကို ဟော၏ ဟုသိရသည်။ သို့ဖြစ်၍ ယင်းခ-ဝါကျဖြင့် အတိဗျာ ပိတဒေါသကို ပယ်သည်။

မှတ်ချက်။ ခ-ဝါကျကို ဝိတ္ထာရ၊ ဝါကျာရမ္ဘနှစ်မျိုးလည်း ကြံနိုင်သည်။ သို့သော် ဥပမာန ဥပမေယျဖြင့် ဖွင့်ပြသောကြောင့် တပ္ပါကဋီကရဏ ခွဲခဲ့သည်။

ခ-ဝါကျတွင် ပထမ ဥပမာနဖြင့် လော်ကူပမာကို ပြသည်။ ဒုတိယ ဥပမာနဖြင့်-သာသနူပမာကို ပြသည်။ (မင်းခင်း၊ ၂၃၇)

ဂ-ဃ-ဝါကျကား ပက္ခန္တရ။က-ခ-ဝါကျကား ပက္ခ။

ဒေါသပယ်။ အဗျာပိတ အပရိပုဏ္ဏဒေါသကိုပယ်သည်။

ဃ-ဝါကျကား ဝိတ္ထာရဝါကျ။ ထို-၍-ဂ-ဝါကျကား သင်္ခေပ ဝါကျ။

## မင်းခင်းဖွင့်ပုံ

ဗျာကရဏသဒ္ဒါသည် အာစိက္ခဏ, ဝိသဇ္ဇနကထနအနက်တို့တွင် ကထနအနက်ကို သိစေလို၍ အကထိတာတိ အတ္တော မိန့်။

ဤသို့ဖွင့်သည်အလိုကား ဗျာကရိယန္တိ ကထိယန္တိ ဗျာကတဗ္ဗာ ဝါ ကထေတဗ္ဗာတိ ဗျာကတာ၊ ကုသိုလ် အကုသိုလ်ရှ၏။၂၃၉။

## ထပနာဝတိကတက်

ဆရာ ဆရာသည ဂ-ဝါကျဖြင့် အဗျာကတာပုဒ်ကို န ဗျာကတာ အဗျာကတာဟု န နိပါတပုဗ္ဗပဒကမ္မဓာရယ်သမာသ်ဝစနတ္ထပြုရသောဟု ဆိုတော်မူ၏။ အဗျာကတာဣ ဗျာကတာ သဒ္ဒါသည် အာစိက္ခဏ,ဝိသဇ္ဇန အနက်တို့ကိုဟောပါသလော၊ ဗျာကတာ သဒ္ဒါသည် အဘယ် အနက်ကို ဟောပါသနည်း-ကြောင့်-ဃ-မိန့်။

ဒေါသပယ်။ အတိဗျာပိတဒေါသပယ်။

င-ဝါကျကား ပက္ခန္တရ-ထို-၍ ကုစ္ဆိတေ ပါပဓမ္မေ-လ-အကထိတာတိ တိုင်အောင်ကား ပက္ခ-ဝါကျ။

## အနုသန္ဓေတက်

ဤသို့ ကုစ္ဆိတေ ပါပဓမ္မေစသော ဝါကျတို့ဖြင့် ကုသလသဒ္ဒါ အကုသလသဒ္ဒါ အဗျာကတသဒ္ဒါတို့၏ ဝစနတ္ထကို ပြတော်မူပြီး၍ ယခုအခါ၌ ကုသလ, အကုသလ, အဗျာကတ သဒ္ဒါ၏ လက္ခဏာကို ပြခြင်းငှါ ဝါ-ပြတော်မူလိုသော အဋ္ဌကထာ ဆရာသည်-င-ဝါကျကိုမိန့်။

ဒေါသပယ်။ အဗျာပိတ အပရိပုဏ္ဏဒေါသပယ်။

http://www.dhammadownload.com



## (၄)ဝိဂ္ဂဟာဒိ

မိတ္တ။ မိဇ္ဇတိ သိနေဟတီတိ မိတ္တော။ မိဒဓာတ် တ ပစ္စည်း။ ကတ္တုသာဓန။

ယော ဝယသော၊ အကြင်မိတ်ဆွေသည်။ မိဇ္ဇတိ သိနေဟတိ၊ချစ်တတ်၏။ ဣတိ မိတ္တော။

၁။ မိဒဓာတ်အရ.....မေတ္တာပြဓာန်းသော စိတ္တုပ္ပါဒ် မုချ။

၂။ ရှေးရှေး၌ ဖြစ်သော ယောနိသောမနသိကာရ, သတ္တဝါတို့၏ နှစ်သက်ဖွယ် မြင်ခြင်း–ဖလူပစာ။

၃။ နောက်နောက်ဖြစ်သော ချမ်းသာစွာအိပ်ရခြင်း၊ ချမ်းသာစွာ နိုးရခြင်း ကောင်းသော အိပ်မက် မက်ခြင်းစသောစိတ္တုပ္ပါဒ်တို့သည် ကာရဏူပစာ။

၄။ တ–ပစ္စည်းအရ အဆွေခင်ပွန်းရ၏။

မှတ်ချက်။ ဤညာသ်ကောက် အကြောင်းအကျိုးကိုရှု၍ ကြိယာငါးတန် ထုတ်ပါလေ။

### ဓာန်၊ ဋီနည်း

၁။ မိတ်–ဟူသော တ ဟူသော အစိပ်ပရမတ္ထသဒ္ဒါသည် ဗျုပ္ပတ္တိ။

၂။ ယင်းဗျုပ္ပတ္တိ၏ အကြောင်းဖြစ်သော မိဒဓာတ် တပစ္စည်းသည်လည်းကောင်း၊ ချစ်ခြင်း ကြိယာသည်လည်းကောင်း ဗျုပ္ပတ္တိနိမိတ်မည်၏။

၃။ မိတ္တ–ဟူသော အပေါင်းပညတ္တိသဒ္ဒါသည် ပဝတ္တိ။

၄။ ယင်းပဝတ္တိ၏ အကြောင်းဖြစ်သော မိတ်ဆွေတို့၏ တစ်ယောက်သည် တစ်ယောက်နှင့် –လ– ဇာတ်သည် ပဝတ္တိနိမိတ်မည်၏။

### ဘေဒစိန္တာနည်း

၁။ မိဒတိ သိနေဟတိ–ဟူသော ဝိဂြိုဟ်ဝါကျသည် ဗျုပ္ပတ္တိ။

၂။ ယင်းဗျုပ္ပတ္တိ၏ အကြောင်းဖြစ်သော မိဒ–ဓာတ်၊ ယပစ္စည်း၊ တိ–ဝိဘတ်သည် လည်းကောင်း (မိဇ္ဇတိ ကြည့်) ချစ်ခြင်းကြိယာသည်လည်းကောင်း ဗျုပ္ပတ္တိနိမိတ်။

၃။ မိတ္တ–ဟူသော ပုဒ်ပြီးနိပ္ဖန္နသည် ပဝတ္တိ။

၄။ ယင်းပဝတ္တိ၏ အကြောင်းဖြစ်သော မိတ်ဆွေတို့၏ တစ်ယောက်သည် တစ်ယောက်နှင့် –လ–ဇာတ်သည် ပဝတ္တိနိမိတ်။

ပဋိပက္ခာ။ ပဋိဝိရုဒ္ဓါ ပက္ခာ သဟာယာ ပဋိပက္ခာ။

ပဋိဝိရုဒ္ဓါ၊ ဆန့်ကျင်ကုန်သော။ ပက္ခာ သဟာယာ၊ မိတ်ဆွေတို့တည်း။ ပဋိပက္ခာ၊ ဆန့်ကျင်ကုန်သော မိတ်ဆွေတို့။ ဝါ–ရန်သူတို့။

http://www.dhammadownload.com



**မိတ္တပဋိပက္ခာ**။ မိတ္တဿ ပဋိပက္ခာ မိတ္တပဋိပက္ခာ။

မိတ္တဿ၊ အဆွေ ခင်ပွန်း၏။ ပဋိပက္ခာ၊ ဆန့်ကျင်ဘက်ဖြစ်ကုန်သော သူတို့တည်း။

**ဝဓ္ဓ**။ ဝဍ္ဎိတဗ္ဗံ ဝိညူဟိ ဂရဟိတဗ္ဗန္တိ ဝဇ္ဇံ။

ပညာရှိတို့သည် ကဲ့ရဲ့အပ်သည်၏အဖြစ်–ရသည်။ ဘာဝပစ္စာန်ပုဒ်။ ဋီကာ၌ ဂရဟိတဗ္ဗဘာဝ–ဟု ဘာဝဖြင့် ဖွင့်သည်။

**အဝဇ္ဇ**။ ဝဇ္ဇမေဝ အဝဇ္ဇံ။ တဗ္ဘာဝဝုတ္တိကမ္မဓာရယ်။

**အနဝဇ္ဇ**။ နတ္ထိ ဧတေသံ အဝဇ္ဇန္တိ အနဝဇ္ဇာ။

ဧတေသံ၊ ထိုကုသိုလ်တရားတို့အား။ အဝဇ္ဇံ၊ ပညာရှိတို့သည် ကဲ့ရဲ့အပ်သည်၏ အဖြစ်သည်။ နတ္ထိ၊ မရှိ။ ဣတိ တေ အနဝဇ္ဇာ။

၁။ န အဝဇ္ဇ ဟူသော ဗဟုဗ္ဗီဟိသမာသ်ပုဒ်အရကား ပညာရှိတို့ ကဲ့ရဲ့အပ်သည်၏ အဖြစ်မရှိခြင်း အဘာဝဘောဂုဏ်သည် မုချ။

၂။ ယင်း၏ ကုသိုလ်တရားတို့နှင့် ဂုဏ် ဂုဏော စပ်။

၃။ တေ–အရ ထို–ဖြင့်မှတ်သော–ပညာရှိတို့ကဲ့ရဲ့အပ်သည်၏အဖြစ်မရှိသော ကုသိုလ်တရားတို့ ရ၏။

**အနက်ယောဇနာ**။ ။အနဝဇ္ဇာ၊ ပညာရှိသည် ကဲ့ရဲ့အပ်သည်၏အဖြစ်မရှိကုန်သော။ ဝါ–အဖြစ်မှကင်းကုန်သော။

✝ နတ္ထိ ဧတေသံ အဝဇ္ဇန္တိ အနဝဇ္ဇာ၊ ဂရဟိတဗ္ဗဘာဝရဟိတာ နိဒ္ဒေါသာတိ အတ္ထော။ မူလဋီ၊ ၁။ ၃၁။

**တစ်နည်း**။ န အဝဇ္ဇာ အနဝဇ္ဇာ= အပြစ်၏ ဆန့်ကျင်ဘက်ဖြစ် ကုန်သော။

✝ အဝဇ္ဇပဋိပက္ခာ ဝါ ဣဓ အနဝဇ္ဇာတိ ဝုတ္တာ။ မူလဋီ၊ ၁။၃၁။

**သုခဝိပါကာ**။ သုခေါ(ဣဋ္ဌော) ဝိပါကော ဧတေသံ ကုသလာနန္တိ သုခဝိပါကာ။

**အနဝဇ္ဇသုခဝိပါကာ**။ အနဝဇ္ဇာ စ တေ သုခဝိပါကာ စာတိ အနဝဇ္ဇ–သုခဝိပါကာ။

**လက္ခဏံ**။ ။ကုသလာ လက္ခီယန္တိ ဧတေနာတိ လက္ခဏံ။

(ပဏ္ဍိတေဟိ၊တို့သည်။ ကုသလာ၊ တို့ကို။ ဧတေန၊ ထိုအမှတ်ဖြင့်။ လက္ခီယန္တိ၊ မှတ်အပ်ကုန်၏။)

**အနဝဇ္ဇသုခဝိပါကလက္ခဏာ**။ ။ အနဝဇ္ဇသုခဝိပါကာ လက္ခဏံ ဧတေသန္တိ အနဝဇ္ဇသုခဝိပါကလက္ခဏာ။

http://www.dhammadownload.com



ဧတေသံကုသလာနံ၊ တို့အား၊ အနဝဇ္ဇသုခဝိပါကာ၊ ပညာရှိတို့သည် ကဲ့ရဲ့အပ်သည်၏ အပြစ်မရှိ၊ (အပြစ်မှကင်း)သော၊ ဣဋ္ဌဖြစ်သော ၄-ပါးသော နာမက္ခန္ဓာ ဟူသော အကျိုးရှိကုန်သော(ကုသိုလ်)တရားတို့လျှင်။ လက္ခဏံ၊ မှတ်ကြောင်းသည်။ အတ္ထိ၏။ စတုတ္ထီဗဟုဗ္ဗီဟိသမာသ်။

**အနက်ယောဇနာ။** ပညာရှိတို့သည် ကဲ့ရဲ့အပ်သည်၏အပြစ်မရှိ (အပြစ်မှကင်း) သော ဣဋ္ဌဖြစ်သော ၄-ပါးသောနာမက္ခန္ဓာဟူသော အကျိုးရှိကုန်သော (ကုသိုလ်) တရားတို့လျှင် မှတ်ကြောင်းရှိကုန်သော တရားတို့ သည်။ ကုသလာ၊ ကုသိုလ်မည်ကုန်၏။

**မေး။** အနဝဇ္ဇသုခဝိပါကအရ ကုသိုလ်ရ၏။ အနဝဇ္ဇသုခဝိပါက လက္ခဏာ အရလည်း ကုသိုလ်ပင်ရ၏။ ယင်း၌ လက္ခိတဗ္ဗဖြစ်သော ကုသိုလ်အရလည်း ကုသိုလ် ရ၏။ လက္ခဏာဖြစ်သော အနဝဇ္ဇသုခဝိပါကအရလည်း ကုသိုလ်ပင်ဖြစ်၍ အဘယ်သို့လျှင် လက္ခဏာနှင့် လက္ခိတဗ္ဗ ဖြစ်သင့်သနည်း၊ ဝါ-အနဝဇ္ဇသုခဝိပါကာ လက္ခဏံ ဧတေသံ ဟူသောဝစနတ္ထ၌ ဧတေသံ ဟူသော အညပုဒ်အရလည်း ကုသိုလ်၊ အနဝဇ္ဇသုခဝိပါကာ ဟူသော သမာသ်ပုဒ်အရလည်း ကုသိုလ်ဖြစ်၍ အဘယ်သို့လျှင် လက္ခဏာ လက္ခိတဗ္ဗ ဖြစ်သင့်အံ့နည်း။

**ဖြေ။** အနဝဇ္ဇသုခဝိပါကအရနှင့် ဧတေဟူသော အညပုဒ်အရ တူစေကာမူ ဝိညာတ ပါကဋဖြစ်သော အနဝဇ္ဇသုခဝိပါက သဒ္ဒတ္ထနှင့် အဝိညာတ အပါကဋဖြစ်သော ကုသိုလ်ကို မှတ်၍ ပြလိုသောကြောင့် သမာသ်တစ်စိတ်နှင့် အညပုဒ်ကို အရတူဆိုပါသည်။(အဘေဒဘေဒူပစာနည်း)

✝ ဝိညာတာ ဝိညာတ သဒ္ဒတ္ထဘာဝေန လက္ခဏလက္ခိတဗ္ဗဘာဝယုတ္တိတော။ မူလဋီ၊၁၊၃၀။

တစ်နည်း။ လက္ခဏာ။ လက္ခီယတီတိ လက္ခဏံ။ သဘာဝေါ အနဝဇ္ဇသုခ-ဝိပါကာစ တေ လက္ခဏဉ္စာတိ အနဝဇ္ဇသုခဝိပါကလက္ခဏာ။

**အနက်ယောဇနာ။** အနဝဇ္ဇသုခဝိပါကလက္ခဏာ၊ ပညာရှိတို့သည် ကဲ့ရဲ့အပ်သည်၏ အပြစ်မရှိကုန်သော ဣဋ္ဌဖြစ်သော ၄-ပါးကုန်သော နာမက္ခန္ဓာဟူသော အကျိုးရှိကုန်သည်ဖြစ်၍ မှတ်အပ်ကုန်သောသဘောတရားတို့သည်။ ကုသလာ၊ ကုသိုလ်မည်ကုန်၏။

**မှတ်ချက်။** ဗဟုဗ္ဗီဟိဝိဂ္ဂဟ၌ လက္ခဏာ-လက္ခိတဗ္ဗစပ်။ ဤကမ္မဓာရယ ဝိဂ္ဂဟ၌ ဝိသေသန+ဝိသေသျစပ်။

**တစ်နည်း။** **ဝဇ္ဇာ။** ၁။ သာဓူဟိ ဝဇ္ဇိတဗ္ဗာ ပရိဝဇ္ဇေတဗ္ဗာ ဂရဟိတဗ္ဗာ အနိဋ္ဌဖလတ္တာတိ ဝဇ္ဇာ။ ၂။ ဝဇ္ဇာ ဧဝ အဝဇ္ဇာ။ ရာဂါဒယော ကိလေသာ။ ၃။ န အဝဇ္ဇာ အနဝဇ္ဇာ။ တေသံ ပဋိပက္ခာတိ အတ္ထော။ (ပြည်သျှ)

**အနက်ယောဇနာ။** အနဝဇ္ဇသုခဝိပါကလက္ခဏာ၊ သူတော်ကောင်းတို့သည် စွန့်ပစ် ကဲ့ရဲ့အပ်သော ရာဂစသောကိလေသာ၏ ဆန့်ကျင်ဘက်ဖြစ်ကုန်သော ဣဋ္ဌဖြစ်သော ၄-ပါးသော နာမက္ခန္ဓာဟူသော အကျိုးရှိသောတရားလျှင် မှတ်ကြောင်းရှိကုန်သော သဘောတရားတို့သည်။ ကုသလာ၊ ကုသိုလ်မည်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

http://www.dhammadownload.com



## ဋီကာ တတိယနည်း

အနက်ယောဇနာ။ ။ အနဝဇ္ဇသုခဝိပါကလက္ခဏာ၊ ပညာရှိတို့သည် ကဲ့ရဲ့ အပ်သည်၏ အဖြစ်၏ မရှိသည်၏ အဖြစ်,ဣဋ္ဌဖြစ်သော နာမက္ခန္ဓာ ၄-ပါးဟူသော အကျိုးရှိသည်၏ အဖြစ်လျှင် မှတ်ကြောင်း မှတ်အပ်သောသဘောရှိကုန်သောတရားတို့သည်။ ကုသလာ၊ ကုသိုလ်မည်ကုန်၏။

သဝဇ္ဇ။ ။ သဟ အဝဇ္ဇေန ဝတ္တန္တီတိ သာဝဇ္ဇာ။

အဝဇ္ဇေန၊ အပြစ်နှင့်။ သဟ၊ တကွ။ ဝတ္တန္တိ၊ ကုန်၏။ ဣတိ သာဝဇ္ဇာ။

---

## အာဘောဂနှင့် သံဝဏ္ဏနာ

က-ဝါကျ၌ န ကုသလာ-ဖြင့် အကုသလာ၌ အ-သဒ္ဒ၏ န-နိပါတ်၏ ကာရိယ၏ အဖြစ်ကိုလည်းကောင်း၊[၁] န ကုသလာ အကုသလာ-ဟု နနိပါတပုဗ္ဗပဒ ကမ္မဓာရယ်သမာသ် ဝစနတ္ထပြုရမည်ကိုလည်းကောင်း၊[၂] သိစေသည်။

၁။ နိပါတလိင်္ဂပဒ။ ၂။ အဘိဓာနတ္ထ။ သမာသလိင်္ဂပဒတ္ထ။

ခ-ဝါကျဖြင့် အကုသလာဟူသော၌သဒ္ဒါသည် ကုသိုလ်ကိုတား မြစ်ခြင်းမျှဖြစ်သော ကုသိုလ်၏မဟုတ်ခြင်းမျှကို ဟောသောသဒ္ဒါသည်လည်းကောင်း၊ ထိုကုသိုလ်မှ တစ်မျိုး တစ်ခြားမျှကို ဟောသောသဒ္ဒါသည်လည်းကောင်း မဟုတ်။ စင်စစ်ကား ထိုကုသိုလ်၏ ဆန့်ကျင်ဘက်အနက်ကို ဟောသောသဒ္ဒါတည်းဟု သိစေသည်။ (ဘာဝတ္ထ) မူလဋီ၊ ၁ ၊ ၂၉။

တစ်နည်း။ ကုသလပဋိပက္ခာ-ဖြင့် အကုသလာ၌ အ-သဒ္ဒါသည် အဘာဝအနက်, အညအနက်တို့ကို မဟော။ ပဋိပက္ခ ဝါ-ဝိရုဒ္ဓအနက်ကို ဟောသတည်းဟု သိစေသည်။ (နိပါတလိင်္ဂတ္ထ)

ခ-ဝါကျ၌ မိတ္တာ-လ-အမိတ္တာဝိယ-ဖြင့် အ-သဒ္ဒါ ပဋိပက္ခ (ဝိရုဒ္ဓ) အနက်ကို ဟောရာ၌ လောကူပမာကိုပြသည်။ (ဘာဝတ္ထ)

ခ-ဝါကျ၌ လောဘာဒိ-လ-ဒ္ဓယောဝိယ-ဖြင့် အ-သဒ္ဒါ ပဋိပက္ခ (ဝိရုဒ္ဓ) အနက်ကို ဟောရာ၌ သာသနူပမာကိုပြသည်။ (ဘာဝတ္ထ)

✝ လောကေ အမိတ္တာတိ သာသနေ အလောဘောတိ။ မူလဋီ၊ ၁၊ ၂၉။

မေး။ အကုသလာ ၌ အ-သဒ္ဒါကို အဘာဝအနက်ဟော၊ အည-အနက်ဟော ကြံလျှင် မည်သို့သောအပြစ်ဒေါသ လာနိုင်ပါသနည်း။

## အဘာဝအနက်ကြံလျှင်

၁။ အ-သဒ္ဒါကို အဘာဝအနက်ဟော ယူလျှင် အကုသလာ = ကုသိုလ်တို့၏ မရှိခြင်း (အဘာဝ) အနက်သာရှိမည်။ တစ်စုံတစ်ခုသော တရားကိုမဟောဟူသော အဓိပ္ပါယ်ရောက်သည်။ သို့ဆိုလျှင် ဒုတိယရာသိ (၂-ခုမြောက်အုပ်စု) မရှိတော့သဖြင့် "ကုသလာ စ ဓမ္မာ အဗျာကတာစ" ဟု ဒုက်အဖြစ်ဖြင့်သာ ဆိုဖွယ်ရာရှိသည်။ တိက်အဖြစ်ဖြင့်ကား ဆိုဖွယ်မရှိချေ။

http://www.dhammadownload.com



သို့ဖြစ်လျှင် "အကုသလာ" သဒ္ဒါဖြင့်တစ်စုံတစ်ခုသော အနက်ကို မဟောဟူသော အပြစ်ရောက်ရာ၏။

၂။ အကုသလာ၌ အ-သဒ္ဒါ အဘာဝအနက်ဟော အဖြစ်ဖြင့် လက်ခံမည်ဆိုလျှင်-

(က) ကုသလာ=ကုသိုလ်။ (ခ) အကုသလာ=ကုသိုလ်တို့၏မရှိခြင်း။ (ဂ) အဗျာကတာ =အဗျာကတ။(ဃ) အနဗျာကတ=အဗျာကတတို့၏မရှိခြင်းဟူသော စတုက္ကာပတ္တိဒေါသ ရောက်ရာ၏။

## အ-သဒ္ဒါ အညအနက်ကြံလျှင်

(က) ကုသလာ= ကုသိုလ်တရား။ (ခ) အကုသလာ= ကုသိုလ်မှတစ်ပါးသော အကုသိုလ်, အဗျာကတ တရား ဟု ဒုတိယရာသိ (အုပ်စု ၂-ခု) သာရမည်။ သို့ရလျှင် "ကုသလာ မွှော, အကုသလာမွှော" ဟုသာဆိုရ တော့မည်။ အဗျာကတာ ဟု ဆိုဖွယ်မရှိချေ။ သို့ဖြစ်လျှင် "ဒုကာပတ္တိ" ဒေါသ ရောက်ရာ၏။

တတိယအုပ်စု အဗျာကတာ မွှောကို မြင်သဖြင့် အကုသလာ၌ အ-သဒ္ဒါ ပဋိပက္ခ (ဝိရုဒ္ဓ) အနက်၏ အဖြစ်ကိုသိနိုင်သည်။

✝ တပ္ပဋိပက္ခဝစနတာစ အဗျာကတ တတိယရာသိဝစနေန ဝိညာယတိ။ မူလဋီ၊ ၁၊ ၂၉။

## အာဘောဂနှင့် သံဝဏ္ဏနာ

ဂ-ဝါကျ န ဗျာကတာ-ဖြင့် အဗျာကတာ-၌ အ-သဒ္ဒါ၏ န နိပါတ်၏ ကာရိယ၏ အဖြစ်ကိုလည်းကောင်း၊[၁] န ဗျာကတာ အဗျာကတာ -ဟု န နိပါတပုဗ္ဗပဒ ကမ္မဓာရယ်သမာသ် ဝစနတ္ထ၏အဖြစ်ကိုလည်းကောင်း[၂] သိစေသည်။

၁။ နိပါတလိင်္ဂပဒ။ ၂။ အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ။

ဃ-ဝါကျ၌ အကထိတာ-ဖြင့် အဗျာကတာ-၌ ဗျာကတသဒ္ဒါသည် အာစိက္ခဏ, ဝိဿဇ္ဇနအနက်တို့ကို မဟော၊ ကထနအနက်ကိုဟောသတည်းဟု သိစေသည်။ (နာမလိင်္ဂတ္ထ)

မှတ်ချက်။ ဝိ-အာပုဗ္ဗ ကရဓာတ်+တ-ပစ္စည်းဖြင့်ပြီးသော အဗျာကတ-ဟူသော ကိတ် နာမ်ပုဒ်ကို ကထိတာ-ဟု ကိတ်နာမ်ဖြင့် ဖွင့်သောကြောင့် နာမလိင်္ဂတ္ထ အာဘောဂ်ဖော်သည်။

တစ်နည်း။ အကထိတာ-ဖြင့် အဗျာကတတာ-၌ ဗျာကတပုဒ်ဝယ် ဝိ+ အာပုဗ္ဗ+ ကရဓာတ်သည် ပြုခြင်းအနက်ကို မဟော၊ ဗျာကာသိ-စသည်၌ကဲ့သို့ ကထန အနက်ဟောသည်ကို လည်းကောင်း၊[၁] အာ-ဥပသာရ၏ ဓာတွတ္ထဝိသေသက၏ အဖြစ်ကို လည်းကောင်း[၂] သိစေသည်။

၁။ ဒုတိယဓာတွတ္ထ။ ၂။ ဥပသဂ္ဂလိင်္ဂတ္ထ။

ဗျာကတာ။ ဗျာကရိယန္တိ ကထိယန္တိ၊ ဗျာကာတဗ္ဗာ ဝါ ကထေ တဗ္ဗာတိ ဗျာကတာ။

http://www.dhammadownload.com



ဘဂဝတာ ယေ ကုသလာ ကုသလာ ဓမ္မာ ဗျာကရိယန္တိ ဣတိ တေ ဗျာကတာ။ ကမ္မသာဓနေ။ ဝိ–အာ–ပုဗ္ဗ ကရဓာတ်+တ ပစ္စည်း။

၁။ ဝိ ဥပသာရ အရ ဓာတွတ္ထာနုဝတ္တက ဘောဂဏ်ရ၏။

၂။ အာ ဥပသာရပုဒ် အရ ဓာတွတ္ထဝိသေသက ဘောဂဏ်ရ၏။

၃။ ကတ္တုဒ္ဓ–အရ မြတ်စွာဘုရား၏ ဒေသနာဉာဏ်ပြဓာန်းသော စိတ္တုပ္ပါဒ်သည် မုချ။

၄။ ကမ္မဒ္ဓ–အရ ထို–အားတပ်သော ကုသိုလ်,အကုသိုလ်၏ အာရမ္မဏပစ္စယ သတ္တိသည် ဖလူ။

၅။ တ–ပစ္စည်း အရ ထို–ဖြင့်မှတ်အပ်သော ကုသိုလ် အကုသိုလ်ရ၏။

မှတ်ချက်။ မနသာဝဝတ္တာပိတ သဒ္ဒါကိုရည်၍ ဤသို့ကောက်သည်။ အာရမ္မဏမျိုးပြိုင်။ ပြိုင်။ အာ, ဓိ, ဥ။

ယ–ဝါကျ ကုသလာကုသလာဘာဝေန–ဖြင့် ကုသိုလ် အကုသိုလ်အဖြစ်အားဖြင့် မဟော ကြားအပ်၊ ကုသိုလ်အကုသိုလ်မှတပါး ဝိပါတ်,ကြိယာ,ရုပ်,နိဗ္ဗာန်အားဖြင့် ဟောကြားအပ်သတည်း –ဟု အဗျာကတသရုပ်ကို သိစေပါသည်။ (သရုပ်ကြားအဘိဓေယျတ္ထ။ ဝါ–ဘာဝတ္ထ။)

## န နိပါတ ပုဗ္ဗပဒ ကမ္မဓာရာယ်သမာသ် မှတ်ဖွယ်

အကုသလာ–၌ ကုသလသဒ္ဒါသည် ကုသိုလ်၌လည်းကောင်း၊ ကုသလ ပဋိပက္ခ၌လည်း ကောင်း ဖြစ်၏။ ထို့ကြောင့် အ–အက္ခရာသည် "ဤ ကုသလသဒ္ဒါသည် ကုသလပဋိပက္ခတို့၌ သာဖြစ်၏ ကုသိုလ်တို့၌ မဖြစ်၊" ဤသို့ ကုသလသဒ္ဒါကိုအထူးပြု၏။ ထို့ကြောင့် အကုသလာ ဟူသော သမာသ်သည် တုလျာဓိကရဏဖြစ်၍ ကမ္မဓာရည်းမည်၏။ ကုသလသဒ္ဒါ၏ ပဋိပက္ခ အနက်ကို သမာသ်၌ န–အက္ခရာနှင့်ယှဉ်ရာ၌သာ ရအပ်၏။ မယှဉ်ရာ၌ မရအပ်။ ဗြဟ္မဏသဒ္ဒါ တို့၏ သမာသ်၌ န–အက္ခရာနှင့် ယှဉ်ရာ၌သာလျှင် ဗြဟ္မဏ သဒိသစသောအနက်ကို ရသကဲ့သို့ တည်း။ ဘူဓာတ်၏ အန အဘိတို့နှင့် ယှဉ်သော်သာလျှင် "အနဘဝနတ္ထ၊ အဘိ ဘဝနတ္ထ"ကို ရသကဲ့သို့ စန္ဒရကန္တ၊ သူရိယကန္တတို့၏ လရောင် နေရောင်တို့နှင့် ယှဉ်သော်သာ ရေ, မီးထွက် သကဲ့သို့လည်းကောင်းတည်း။

အမိတ္တော,အလေဘောစသည်တို့၌လည်း နည်းတူ။ ခဲသည်ချည်း။ (မင်းခင်း–၂၃၉။)

မှတ်ချက်။ န(အ) ပဋိသေဓများနှင့်ယှဉ်တွဲ၍ သမာသ်ဖြစ်ရာဝယ် ယင်းပဋိသေဓ များသည် ပဋိသေဓအနက်ကို အဦးမူ၍ ဝုဒ္ဓိတဗ္ဗာဝစသော အနက်တို့ကိုဟောနိုင်သည်။ အကုသလာပုဒ်ကို "ကုသိုလ် မဟုတ်"ဟုသာ အနက်ယောဇနာရမည်။ အကုသလာ= ကုသိုလ်၏ ဆန့်ကျင်ဘက်ဟုအနက် မယောဇနာရ။ န၊ ဆန့်ကျင်ဘက်ဖြစ်သော။ ကုသလာ၊ ကုသိုလ်–ဟု အနက် မယောဇနာရ။ ကုသလာ၊ ကုသိုလ်တို့သည်။ န၊ မဟုတ်ကုန်–ဟု သာ အနက် ပေးရမည်။ ကုသလပဋိပက္ခာ အကုသလာ–ဟု ဝိဂြိုဟ်မဆိုရ။ န ကုသလာ အကုသလာ–ဟုသာ ဝိဂြိုဟ်ဆိုရမည်။

http://www.dhammadownload.com



## (၇) ဥပသဂ္ဂနိပါတတ္တ

အကုသလာ-၌ န (အ) သဒ္ဒါကား- ပဋိပက္ခ (ဝါ) ဝိရုဒ္ဓအနက် ဟောနိပါတ်။ အဗျာကတာ-၌ အ-သဒ္ဒါကား အညအနက်ဟောနိပါတ်။

ဝိ-သဒ္ဒါတို့ကား- ဥပမာဇောတကနိပါတ်။

### စ-ဝါကျ၌ စ-သဒ္ဒါ

အကုသလာ-၌ အ-သဒ္ဒါပဋိပက္ခအနက်ဟောရာဝယ် အမိတ္တာ-၌ အ-သဒ္ဒါကဲ့သို့ ဟူသော "လောကူပမာ" သာရှိသည်မဟုတ်၊ အလောဘ စသည် အ-သဒ္ဒါကဲ့သို့ဟူသော "သာသနူပမာ" လည်းရှိသေး၏- ဟု သမုစ္စည်း 'စ သဒ္ဒါ' ဖြင့် ပြသည်။

(က) ကိံ ပနေတာနိ " ကုသလာတိ ဝါ မွှေ့ာတိ ဝါ" တိအာဒီနိ ကေတ္တာနိ ဥဒါဟု နာနတ္တာနီတိ? ( ခ) ကိစ္စေတ္တ။ (ဂ) ယဒိ တာဝ ကေတ္တာနိ၊ "ကုသလာ မွေ့ာ"တိ ဣဒံ "ကုသလာ ကုသလာ" တိ ဝုတ္တံသဒိသံ ဟောတိ။ (ဃ) အထ နာနတ္တာနိ၊ တိကဒုကာနံ ဆက္ကစတုက္ကဘာဝေါ အာပဇ္ဇတိ၊ ပဒါနဉ္စ အသမ္ဗန္ဓော။ (င) ယထာ ဟိ -လ- အာပဇ္ဇတိ။ ဋ္ဌ၊ ၈၂။

### ၁။ အနက်ယောဇနာ

ကိစ္စေတ္တ။ ဧတ္ထ ကေတ္တ နာနတ္တတာယ ကိဥ္စိ ဝတ္တဗ္ဗံ အသမတ္တာ တေ စောဒနာ၊ အဝသိဋ္ဌံ တာဝ ဖြုဟီတိ ဝုတ္တံ ဟောတိ။ မူလဋီ၊ ၁၊ ၃၃။

ဧတ္ထ၊ ဤကေတ္တ၏အဖြစ်, နာနတ္တ၏အဖြစ်၌ (တယာ၊ သင်စောဒကသည်) ကိဥ္စိ၊ တစ်စုံ တစ်ခုသောအပြစ်တင်စကားကို။ ဝတ္တဗ္ဗံ၊ ဆိုသင့်သေး၏။ တေ၊ သင်၏။ စောဒနာ၊ စောဒနာသည်။ အသမတ္တာ၊ အပြီးသို့ မရောက်သေး (မပြည့်စုံသေး) တသ္မာ၊ ထို့ကြောင့်။ အဝသိဋ္ဌံ၊ ကြွင်းကျန် သော အပြစ်တင်စကားကို။ တာဝ ဖြုဟိ၊ ဆိုပါဦးလော။ (တာဝ သဒ္ဒါ-အနုညာတတ္တ)

### တစ်နည်း။ ကိစ္စေတ္တအနက်

ဧတ္ထ ဌာနေ တဝ စောဒနာ အသမတ္တာ၊ ကိဥ္စိ ဝတ္တဗ္ဗံ၊ ယံ အဝသိဋ္ဌံ အတ္ထိ၊ တံ (အဝသိဋ္ဌံ) တာဝဖြုဟိ။ (ဘုရားကြီးနိယံအဖြေ)

ဧတ္ထ ဌာနေ၊ ဤစောဒနာရာ၌။ တဝ၊ သင်စောဒက၏။ စောဒနာ၊ စောဒနာသည်။ အသမတ္တာ၊ အပြီးသို့မရောက်သေး။ ကိဥ္စိ၊ စိုးစဥ်း။ ဝတ္တဗ္ဗံ၊ ဆိုအပ်သော။ ယံ အဝသိဋ္ဌံ၊ အကြင် စောဒနာကြွင်းသည်။ အတ္ထိ၊ ရှိ၏။ တံ အဝသိဋ္ဌံ၊ ထိုစောဒနာကြွင်းကို။ တာဝ၊ ပရိဟာရ် ဆရာ၏ ရှေးဦးစွာ။ တွံ၊ သင်စောဒကဆရာသည်။ ဖြုဟိ၊ ဆိုဦးလော။ (တာဝသဒ္ဒါ ပဌမတ္တ)

✪ ကိစ္စေတ္တပုဒ်၊ ထုတ်၍ရှိမူ၊ ကိဥ္စိနောက်မှ၊ အဝသိဋ္ဌံ၊ ယံအတ္ထိနှင့်၊ တံဖြုဟိကို၊ ဆို၍ထည့်ငြား၊ ရှေ့နားကမှာ၊တဝစောဒနာ၊ အသမတ္တာကို၊ ဆောင်ကာစွက်၍၊ အနက်သမ္မာန်မြဲ။

(ဘုရားကြီးနိယံ၊၅၆။)

http://www.dhammadownload.com



တစ်နည်း။ ဧတ္တ ဌာနေ တဝ ဝါဒေ ကိဋ္ဌိ ဝတ္တဗ္ဗံ အတ္ထိ၊ အပရိသမတ္တာ တေ စောဒနာ အဝသိဋ္ဌာ၊ တာဝ ဖြုဟိ။ (သံပျင်ဋီကာ)

ဧတ္တ ဌာနေ၊ ဤစောဒနာရာ၌။ တဝ၊ သင်၏။ ဝါဒေ၊ ဝါဒ၌။ ကိဋ္ဌိ၊ တစ်စုံ တစ်ခုသော။ ဝတ္တဗ္ဗံ၊ ဆိုဘွယ်သည်။ အတ္ထိ၊ ရှိ၏။ တေ၊ သင်၏။ စောဒနာ၊ စောဒနာသည်။ အပရိသမတ္တာ၊ မပြီးဆုံးသေး။ အဝသိဋ္ဌာ၊ ကြွင်းကျန်သေး၏။ တာဝ ဖြုဟိ၊ ဆိုပါဦးလော။

တစ်နည်း။ ဧတ္တ၊ ဤနှစ်ပုဒ် နှစ်ပုဒ်တို့၏ ကေတ္တ နာနတ္တ၏အဖြစ်၌။ တယာ၊ သင်စောဒကသည်။ ကိဋ္ဌိ၊ စိုးစဉ်းသောစကားကို။ ဝတ္တဗ္ဗံ၊ ဆိုသင့်၏။ တေ၊ သင်စောဒကပုဂ္ဂိုလ်၏။ စောဒနာ၊ သည်။ အသမတ္တာ၊ မပြည့်မစုံရှိ၏။ ယာဝ-ယတ္တကာ၊ အကြင်မျှလောက်သော။ စောဒနာ၊သည်။ အဝသိဋ္ဌာ၊ ကြွင်း၏။ တာဝ-တတ္တကံ၊ ထိုမျှလောက်သော။ အဝသိဋ္ဌံ၊ ကြွင်းသော။ စောဒနံ၊ ကို။ တွံ၊ သည်။ ပရိပုဏ္ဏံ၊ ပြည့်စုံစွာ။ ဖြုဟိ၊ဆိုဦးလော။ (မင်းခင်း။၂၄၆။)

ဂ-ဝါကျ။ ကေတ္တ နာနတ္တ တာသု၊ တူသောအနက်ရှိသည်၏အဖြစ်၊ ထူးသောအနက်ရှိသည်၏အဖြစ်တို့တွင်။ ကေတ္တတာယ၊ တူသောအနက်ရှိသည်၏အဖြစ်၌။ ယော ယော ဒေါသော၊ အကြင်အကြင်အပြစ်သည်။ အာပဇ္ဇတိ၊ ရောက်၏။ သော သော ဒေါသော၊ ထိုထို အပြစ်ကို။ နာနတ္တတော၊ ထူးသောအနက်ရှိသည်၏အဖြစ်မှ။ (အပါဒါန်)။ ဝါ-နာနတ္တဿ၊ ထူးသောအနက်ရှိသည်၏အဖြစ်၏။ (သမ္ဗန်) တာဝ၊ ရှေးဦး စွာ။ (ပဌမတ္တ)။ မယာ၊ ငါသည်။ ဝုစ္စတေ၊ မိန့်အပ်၏။ (တာဝ သဒ္ဒါ ပါဌသေသ ဖြည့်စွက်ယောဇနာပုံ)

ဃ-ဝါကျ။ ကုသလာ ရူပံ စက္ခုမာတိ ဝစနေ အာစရိယေန ဝုတ္တေ။(ယောဇနာ)

---

## (၂)(၃)ဝါကျခွဲစသည်

ခ-ဝါကျကား ပရိဟာရစကား။ ဝါ-ပရိဟာရ ဥယျောဇနေဝါကျ။ ဝါ-ပက္ခန္တရ။ ထို-၍ က-ဝါကျကား ပုစ္ဆာဝါကျ။ ဝါ-စောဒနာဝါကျ။ ဝါ-ပက္ခဝါကျ။

## ခ-ဝါကျ မင်းခင်းကျမ်းတက်

ဤကုသလာဟူသော,ဓမ္မာဟူသော နှစ်ပုဒ်တို့၏ ကေတ္တ နာနတ္တအဖြစ်၌ အပြစ်တင် လိုသော စောဒကပုဂ္ဂိုလ်သည် ငါ့အားမေး၏ဟုသိ၍ စောဒနာကြွင်း၍ ပြည့်စုံစွာ စောဒနာစေလို သောကြောင့် ပရိဟာရဆရာသည် "ကိဉ္စေတ္တ" မိန့်။ (၂၄၅-၆)

ဤသို့(က)ဝါကျဖြင့်-လ-ပုစ္ဆာကို ပြတော်မူပြီး၍ ယခုအခါ၌ ပရိဟာရ ဥယျောဇနကို ပြလိုရကား ခ-ဝါကျမိန့်။

ဂ-ဝါကျကား ဗျတိရေကစောဒနာဝါကျ။ဝါ-စောဒကာဘောဂဝါကျ။

ဂ-ဝါကျတွင် ယဒိချီသော ဝါကျကား ပရိကပ္ပဝါကျ။

ဃ-ဝါကျကား ဗျတိရေကစောဒနာဝါကျ။

http://www.dhammadownload.com



ဃ–ဝါကျတွင် အထရှိသော ဝါကျကား ပရိကပ္ပဝါကျ။

ဃ–ဝါကျကား ပက္ခန္တရ။ ထို–၍–ဂ–ဝါကျကား ပက္ခဝါကျ။

မှတ်ချက်။ ဂ–ဝါကျဖြင့် ကေတ္တဒေါသပြ၍ ဃ–ဝါကျဖြင့် နာနတ္တဒေါသပြသည်။

ဃ–ဝါကျတွင် ပဒါနဋ္ဌ အသမ္ဗန္ဓော ဝါကျကား ပက္ခန္တရ။ ထို–၍–တိကဒုကာနံ–လ–အာပဇ္ဇတိ–ကား ပက္ခ။

င–ဝါကျကား တပ္ပါကဋ္ဌီကရဏဝါကျ။ ထို–၍ ပဒါနဋ္ဌ အသမ္ဗန္ဓော–ကား တပ္ပါကဋ္ဌီ–ကရဏီယဝါကျ။ ဝါ–အပါကဋ္ဌဝါကျ။

ယထာ ဟိ–လ– သမ္ဗန္ဓော–ကား ဥပမာနဝါကျ။ ဧဝမိဓာပိ–လ– အာပဇ္ဇတိ–ကား ဥပမေယျဝါကျ။

ဒေါသပယ်။ ခ–စသောပက္ခန္တရဝါကျများဖြင့် အဗျာပိတ,အပရိ ပုဏ္ဏဒေါသပယ်။

ယထာ ဟိ–ဝါကျဖြင့် တပ္ပါကဋ္ဌီကရဏီယ, တပ္ပါကဋ္ဌီကရဏ ဆန့်ကျင်သော ဝိရောဓိဒေါသပယ်သည်။

## ဒေါသငါးပါးနှင့် ဝါကျများ

၁။ ပုနရုတ္တိဒေါသ= ကုသလာ ဓမ္မာတိ ဣဒံ (လ) ဝုတ္တသဒိသံ ဟောတိ။

၂။ ဆက္ကစတုက္ကာပတ္တိဒေါသ= တိကဒုကာနံ ဆက္ကစတုက္ကဘာဝေါ အာပဇ္ဇတိ။

၃။ အသမ္ဗန္ဓာပတ္တိဒေါသ=ပဒါနဋ္ဌ အသမ္ဗန္ဓော။

၄။ ဝိရောဓာပတ္တိဒေါသ= တာယပိ သဒ္ဒိံ ဝိရောဓော အာပဇ္ဇတိ။

၅။ အဘာဝါပတ္တိဒေါသ= ကုသလာဒယောပိ အဘာဝါဝေယဝ သိယုံ။

---

## (၄) ဝိဂ္ဂဟာဒိ

ဣတိ အာဒီနိ။ ဣတိ ဣမာနိ ဤဒိသာနိ အာဒီနိ ယေသံ တာနီတိ ဣတိ အာဒီနိ။ (မင်းခင်း၊ ၂၄၅)။

ယေသံ၊ အကြင် အကုသလာတိ ဝါ ဓမ္မာတိ ဝါ, အဗျာကတာတိ ဝါ ဓမ္မာတိ ဝါ–ပုဒ်တို့အား။ ဣတိ ဣမာနိ ဤဒိသာနိ၊ ဤသို့သဘောရှိ ကုန်သော။ အာဒီနိ၊ အစတို့သည်။ သန္တိ၊ ရှိကုန်၏။ ဣတိ တာနိ ဣတိ အာဒီနိ။

စတုတ္ထီဗဟုဗ္ဗီဟိသမာသ်၊ ဣတိပုဒ်+အာဒိပုဒ်+ယပုဒ်။

၁။ ဣတိ+အာဒိ–ဟူသော ဗဟုဗ္ဗီဟိသမာသ်ပုဒ်အရကား–ဤသို့ သဘောရှိ ကုန်သော အစတို့သည် မုချ။

http://www.dhammadownload.com



၂။ ယင်း၏ အကုသလာတိ၀ါ ဓမ္မာတိ၀ါ, အဗျာကတာတိ၀ါ ဓမ္မာတိ၀ါ-ပုဒ်တို့နှင့် အာဒိ အာဒိ၀န္တ အဖြစ်ဖြင့်စပ်ခြင်း သမ္ဗန်သည် ဌာနူပစာ။

၃။ ယ-ဟူသော အညပုဒ်အရကား-အကုသလာတိ၀ါ ဓမ္မာတိ၀ါ အဗျာကတာ-တိ၀ါ ဓမ္မာတိ၀ါ ပုဒ်တို့ရ၏။

## ဓာန်ငြိနည်း

၁။ ဣ-ဟူသော တိ-ဟူသော အာ-ဟူသော ဒိ-ဟူသော အစိတ်ပရမတ္ထသဒ္ဒါသည် ဗျုပ္ပတ္တိ။

၂။ ယင်းဗျုပ္ပတ္တိ၏အကြောင်းဖြစ်သော ဤသို့သဘောရှိကုန်သော အစတို့၏ အကုသလာတိ ၀ါ ဓမ္မာတိ ၀ါ၊ အဗျာကတာတိ ၀ါ ဓမ္မာတိ ၀ါ-ပုဒ်တို့နှင့် အာဒိ+ အာဒိ၀န္တ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။

၃။ ဣတိအာဒီနိ-ဟူသော အပေါင်းပညတ္တိသဒ္ဒါသည် ပ၀တ္တိ။

၄။ ယင်းပ၀တ္တိ၏ အကြောင်းဖြစ်သော ဣတိအာဒီနိသဒ္ဒါတို့၏ တစ်ခုသည်... ဓာတ်သည် ပ၀တ္တိနိမိတ်။

မှတ်ချက်။ သောဒတ်ဋီကာအလို= ၁။ ဣတိ ဣမာနိ ဤဒိသာနိ အာဒိနိ ယေသံ တာနိ-ဟူသော ဝိဂ္ဂဟသည် ဗျုပ္ပတ္တိ။ ၃။ ဣတိအာဒီနိ-ဟူသော နိပ္ဖန္နသည် ပ၀တ္တိ။-ဟုထုတ်လေ။ ကြွင်းတူပြီ။

ကေ။ တေ ပ၀တ္တတီတိ ကော။ အသဟာယော။ ဣဓာတ်+က ပစ္စည်း။ မောဂ်၊ ၇။

မှတ်ချက်။ "ဣ ဂတိယံ ဏွု။ ဣသော။ အလောပေါ။ ဤအလို-ဣဓာတ်+ ဏွုပစ္စည်း အကပြု။ အကိုချေ။ သဒိသရဟိတတာယ (အတူမှုကင်းသည်၏အဖြစ်ကြောင့်) ကေဘာဝေ (အတူမရှိသည်၏အဖြစ်၌) တိဋ္ဌတီတိ ကော။ သူစိ။ ဧကပုဒ် ဝိဂြိုဟ်ဆိုပါဟုမေးလျှင် ဤအတိုင်း ဝိဂ္ဂဟပြု။

ကေသဒ္ဒါ - တစ်ခုသချာ အနက်ဟောလျှင် သဗ္ဗနာမ်ပုဒ်ဖြစ်၍ ဝိဂြိုဟ် မပြုကောင်း။

အတ္ထ။ အရီယတေ ဉာယတေတိ အတ္ထော။

ကေတ္ထ။ ကော အတ္ထော ဧတေသန္တိ ကေတ္ထာနိ။

တေသံ၊ ကုသလာတိ၀ါ ဓမ္မာတိ၀ါအာဒီနံ၊ တို့အား။ ကော၊ တူသော။ အတ္ထော၊ အနက်သည်။ အတ္ထိ၊ ရှိ၏။ ဣတိ တာနိ ပဒါနိ၊တို့သည်။ ကေတ္ထာနိ၊ ကေတ္ထတို့ မည်ကုန်၏။ (ဗဟုဗ္ဗိဟိသမာသ်) ကေပုဒ်+အတ္ထပုဒ်+တေပုဒ်။

၁။ ကေ+အတ္ထ-အရ တူသောအနက်သည်မုချ။

၂။ ယင်း၏ ကုသလာဓမ္မာစသောပုဒ်တို့နှင့် ဝါစ္စ ဝါစက၊ အကျိုးအကြောင်းစပ်-ဌာနူ။

http://www.dhammadownload.com



၃။ တူသောအနက်ရှိသော ကုသလာဗျွာစသော ပုဒ်တို့ရ၏။

မှတ်ချက်။ တူသောအနက်၏ ကုသလာဗျွာ စသောပုဒ်တို့နှင့် ဝါစ္စ ဝါစက, အကျိုးအကြောင်းစပ်ခြင်း သမ္ဗန်ကို ဗျုပ္ပတ္တိနိမိတ်ထုတ်။

နာနတ္ထ။ နာနာ အတ္ထော ဧတေသန္တိ နာနတ္ထာနိ။

ဝုတ္တံ။ ဝစီယတေတိ ဝုတ္တံ။ ဝစ+တ။

သဒိသော။ သမာနမိဝ ပဿတီတိ သဒိသော။

သမာနသဒ္ဒူပပဒ+ဒိသဓာတ်+ကွိပစ္စည်း။

ဝုတ္တသဒိသံ။ ဝုတ္တေန သဒိသံ ဝုတ္တသဒိသံ။

ဝုတ္တေန၊ ဆိုအပ်ပြီးသော ကုသလာကုသလာဟူသော စကားနှင့်။ သဒိသံ၊ တူသော ကုသလာဗျွာ ဟူသောစကား။ (တတိယာတပ္ပုရိသ်၊ ဝုတ္တပုဒ်+သဒိသပုဒ်)

၁။ ဝုတ္တ–ဟူသောဝိသေသနပုဒ်အရ- ဆိုအပ်ပြီးသော ကုသလာ ကုသလာ–ဟူသော စကားသည်မှချ။

၂။ ယင်း၏ တူသော ကုသလာဗျွာဟူသော စကားနှင့် သဒိသီ,သဒိသ–စပ်–ဋ္ဌာန။

ဗာဟုျဗွာ၊ ပစ္စယဝ္ထု အရကား ဓာတိမ္မွာ ဓရာမ္မွာ ဟူသော ဝစီဘေဒသဒ္ဒရှ၏။ သဟဓာတမျိုး။

ပြိုင်။ ။ သဟကြီး- ၄။ အညမည၊ သမ္ပယုတ္တ- သဟလတ်-၂။ ဟေ- ဓိ- ဏ္ဍံ- မဂ်- သဟငယ်-၄။ ပေါင်း ၁၀-ပစ္စည်းပြိုင်။

သတ္တာ ပစ္စည်းတရားက ဝုစ္စတ္ထိ ၌ အန္တဝ္ထု အရ သတိဝီရိယညာဏ် ပြဓာန်းသော စိတ္တုပ္ပါဒ်အား အာရမ္မဏမျိုးဖြင့် ကျေးဇူးပြု။

ပြိုင်။ ။ အာရမ္မဏ၊ အဓိပတိ၊ ဥပနိဿယ၊ ပုရေဇာတ၊ အတ္ထိ၊ အဝိဂတ- ၆- ပစ္စည်းပြိုင်။

---

(က) အာရမ္မဏကရဏဝသေန တဏှာဒိဋ္ဌိဟိ ဥပေတောန ကမ္မုနာ အာဒိန္နာ ဖလဘာဝေန ဂဟိတာတိ ဥပါဒိန္နာ။ (ခ) အာရမ္မဏဘာဝံ ဥပဂန္တွာ ဥပါဒါနသမ္ပန္ဓေန ဥပါဒါနာနံ ဟိတာတိ ဥပါဒါနိယာ။ (ဂ) ဥပါဒါနဿ အာရမ္မဏပစ္စယဘူတာနမေတံ အဓိဝစနံ။ (ဃ) ဥပါဒိန္နာစ တေ ဥပါဒါနိယာစာတိ ဥပါဒိန္နုပါဒါနိယာ။ (င) သာသဝကမ္မ-နိဗ္ဗတ္တာနံ ရူပါရူပဓမ္မာနမေတံ အဓိဝစနံ။ (စ) ဣတိဣမိနာ နယေန သေသပဒဒွယေပိ ပဋိသေဓဝသေနဟိတော အတ္ထော ဝေဒိတဗ္ဗော။ ဋ္ဌ၊ ၈၄-၈၅။

## စာထွက်မှတ်ဖွယ်

က-ဝါကျ၌လိုရင်း (ပဓာန) ကား ဥပေတောန အာဒိန္နာ ဥပါဒိန္နာတည်း။ အဘယ်သည် ကပ်အပ်သနည်း။ -တဏှာဒိဋ္ဌိဟိ-မိန့်။

ကား- တဏှာဒိဋ္ဌိတို့သည် ကပ်အပ်၏ဟူလို။

ဆရာ၊ ဆရာသည် ဥပေတောန-ဖြင့် ကပ်အပ်သော-ဟုဆိုတော်မူ၏။အဘယ်၏ အစွမ်းဖြင့် ကပ်အပ်ပါသနည်း။ တကွဖြစ်သည်၏အစွမ်းဖြင့် ကပ်အပ်ပါသလော-ကြောင့် အာရမ္မဏကရဏဝသေန-မိန့်။

ကား- အာရုံပြုသည်၏အစွမ်းဖြင့် တဏှာဒိဋ္ဌိတို့သည်ကပ်အပ်၏ဟူလို။

ဆရာ၊ ဆရာသည် အာရမ္မဏကရဏဝသေန တဏှာဒိဋ္ဌိဟိ ဥပေတောန-ဖြင့် အာရုံပြုသည်၏အစွမ်းဖြင့် တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော-ဟုဆိုတော်မူ၏။ ယင်းကပ်အပ်သောတရားဟူသည် တေဘူမက တရားလော-ဟု မေးဘွယ်ရှိသောကြောင့် "ကမ္မုနာ"မိန့်။

## ဝါကျခွဲစသည်

ခ-ဂ-ဝါကျကားပကွန္တရဝါကျ။ ထို-က-ဝါကျကားပကွဝါကျ။

http://www.dhammadownload.com



## မင်းခင်းကျမ်းတက်

ဤသို့(က)ဝါကျဖြင့် ဥပါဒိန္နသဒ္ဒါ၏ဝစနတ္ထ အဘိဓေယျတ္ထကို ဆိုပြီး၍ ယခုအခါ ထိုအနက်ကိုစွန့်၍ ဥပါဒါနိယသဒ္ဒါ၏ (အသီးဥပါဒိန္န သဒ္ဒါကိုငဲ့ခြင်းကင်းသော) ဝစနတ္ထ အဘိဓေယျတ္ထကိုဆိုခြင်းငှါ-ခ-ဂ-မိန့်။ (၂၆၆)။

ဂ-ဝါကျကားပက္ခန္တရ၊ ဝါ-ဝါကျာရမ္ဘဝါကျ။ ထို-၍ ခ-ဝါကျ ကား ပက္ခ၊ ဝါ-အာရဒ္ဓ။ (ဝိပါကတိက်အဖွင့်ပြန်ကြည့်)။

## ဥပါဒါနိယ-၂-မျိုး

ဥပါဒါနိယသည် ဥပါဒိန္န-က အထူးပြုထားသော၊ ဝါ-ဥပါဒိန္နကို ငဲ့သော ဥပါဒါနိယ (လောကီဝိပါက် ဗာတ္တိံသ၊ စေတသိက် ပဥ္စတ္တိံသ၊ ကမ္မဇရုပ် ဝီသ)

ဥပါဒိန္န-က အထူးမပြုအပ်သော၊ ဝါ-ဥပါဒိန္နကို မငဲ့သော ဥပါဒါနိယ (တေဘူမ္မကဓမ္မ) ဟု-၂-မျိုးရှိသည်တွင် ဤ၌ ဒုတိယအမျိုးအစားကို ယူစေလို သောကြောင့်ဧကဒေသျူပစာ၊ ရုဠ္ဌီနည်းအားဖြင့် ဥပါဒါနဿ-လ-အဓိဝစနံ-ဟူသော (ဂ) ဝါကျတက်လာသည်။

## ဂ-ဝါကျ ပါပနာဒိကျမ်းတက်

ဆရာ၊ ဆရာသည် ခ-ဝါကျဖြင့် ဥပါဒါနိယပုဒ်ကို ဥပါဒါနာနံ ဟိတာ ဥပါဒါနိယာ- ဟု ဟိတတဒ္ဓိတ်ဝစနတ္ထပြုရသောဟုဆိုတော်မူ၏ (ထပနာ)။ ထိုသို့သာဆိုချေသော် (လက္ခဏ အရစိ)။ ဥပါဒါနိယအရ ဥပါဒိန္နကိုငဲ့သောအားဖြင့် လောကီဝိပါက် ဗာတ္တိံသ၊ စေတသိက်ပဥ္စတ္တိံသ၊ ကမ္မဇရုပ်ဝီသ-ကို ယူရမည်ဟူသော အနက်သည်ရောက်၏(အနု+ပါ)။ စင်စစ်တမူကား ဥပါဒါနိယအရ လောကီဝိပါက်ဗာတ္တိံသ၊ စေတသိက် ပဥ္စတ္တိံသ၊ ကမ္မဇရုပ်ဝီသ-ကိုယူရသည် မဟုတ်(ပဋိ+ပါ)။ ယင်းသို့ မဟုတ်သောကြောင့် (ရောပနာ ပါဒကဟိတ်) ဥပါဒါနိယအရ အဘိဓေယျတ္ထကို ဆိုသင့် ဆိုတန်ရ၏။ (အနု+ရော) ဥပါဒါနိယ အရ အဘိဓေယျတ္ထကိုမဆိုဘဲ မနေသင့်မနေတန် (ပဋိ+ရော) ဥပါဒါနိယအရကား အဘာယ်ပါနည်း-ကြောင့် (ဂ) ဝါကျမိန့်။

ကား-ဂ-ဝါကျဖြင့် ဥပါဒါနိယအရ ဥပါဒါန်၏အာရမ္မဏပစ္စည်း ဖြစ်ကုန်သော တေဘူမကတရားတို့ကို ယူရမည်ဟု ငါပြဆို၏ဟူလို။

ဃ-င-ဝါကျကား ပက္ခန္တရ၊ ထို-၍ က-ခ-ဂ-ဝါကျကားပက္ခ။

## ဃ-ဝါကျကျမ်းတက်

ဥပါဒါန်၏အာရုံဖြစ်သော ဥပါဒါနိယ-သည် ဥပါဒိန္န ဥပါဒါနိယ အနုပါဒိန္န ဥပါဒါနိယ နှစ်ပါးပြားသောကြောင့် ဥပါဒိန္န ဥပါဒါနိယ ကို ပြလိုရကား-ဃ-ဝါကျမိန့်။ (မင်းခင်း၊ ၂၆၇)

င-ဝါကျကား ဝါကျာရမ္ဘ၊ ဝါ-ပက္ခန္တရဝါကျ။ ထို-၍ ဃ-ဝါကျ ကား အာရဒ္ဓ၊ ဝါ- ပက္ခ။ (ဝိပါကတိတ်ပြန်ကြည့်)

http://www.dhammadownload.com



မှတ်ချက်။ ဥပ္ပလသဒ္ဒါသည် ကြာအားလုံးနှင့် ဆက်ဆံသဖြင့် သာမညဖြစ်၏။ နီလ–ဟူသော ဝိသေသနဖြင့် အထူးပြုသောအခါ ကြာညိုသာ ရတော့သည်။ ထို့အတူ ဥပါဒါနိယသဒ္ဒါသည် တေဘူမကဓမ္မအားလုံးကို ဟော၏။ သို့သော် ဥပါဒိန္နာဟု ဝိသေသနမလိုက်သောအခါ လောကီ ဝိပါကနာမက္ခန္ဓ ကဋတ္တာရုပ်ကိုသာ ဟောတော့၏ ဟူလို။

## င–ဝါကျ ကျမ်းတက်

ဥပါဒိန္နုပါဒါနိယာ–၌ ဥပါဒါနိယ–ဟူသော နောက်ပုဒ်သို့ လိုက်၍ တေဘူမက ဓမ္မကို ယူရမည်လော–ကြောင့်– င–ဝါကျမိန့်။

စ–ဝါကျကား– အတိဒေသသံဝဏ္ဏနာ ဝါကျ။ ယင်း အတိဒေသသံဝဏ္ဏနာဝါကျဖြင့် ဂန္ထဂရုဒေါသကို ပယ်သည်။

---

## ဝိဂ္ဂဟာဒိ

ဥပေတာ။ ဥပဂန္တွာ ဣတံ ဂဟိတန္တိ ဥပေတံ။ (ယောဇနာ၊ ၆၁)

(ဥပေတေန ကမ္မုနာ–၌ စပ်) တဏှာဒိဋ္ဌီဟိ၊ တို့သည်။ ယံကမ္မံ၊ ကို။ ဥပဂန္တွာ၊ ၍။ ဣတံ ဂဟိတံ၊ ယူအပ်၏။ ဣတိ တံ ဥပေတံ။ ကမ္မသာဓနေ။ ဥပပုဗ္ဗ+ဣဓာတ်+တပစ္စည်း။

၁။ ဥပ–ဥပသာရအရ ဥပဂမနဘောဂုဏ်ရ၏။(ဥပဂန္တွာထောက်)

၂။ ဣဓာတ်၏အရ ကတ္တုဋ္ဌ ကား တဏှာဒိဋ္ဌိတို့သည် မုချ။

၃။ ကမ္မဋ္ဌ ကား ထိုအားတပ်သော ကံ၏ အာရမ္မဏာဒိပစ္စယသတ္တိသည် ဖလူ။ (အာရမ္မဏကရဏာဝသေန–ကိုမျှော်)

၄။ တပစ္စည်းအရကား ထိုဖြင့်မှတ်အပ်သော တဏှာဒိဋ္ဌိတို့သည် ကပ်ရောက် အပ်သောကံရ၏။

## ဓာန်ဋီနည်း

၁။ ဥ–ဟူသော ပေ–ဟူသော တ–ဟူသော် အစိတ်ပရမတ္ထသဒ္ဒါသည် ဗျုပ္ပတ္တိ။

၂။ ဥပ ပုဗ္ဗ+ဣဓာတ်+တပစ္စည်းသည်လည်းကောင်း၊ ကပ်၍ယူခြင်းကြိယာသည်လည်းကောင်း ဗျုပ္ပတ္တိနိမိတ်။

၃။ ဥပေတ–ဟူသောအပေါင်း ပညတ္တိသဒ္ဒါသည် ပဝတ္တိ။

၄။ ထိုပဝတ္တိ၏အကြောင်းဖြစ်သော ကပ်၍ယူအပ်သောကံတို့၏ တစ်ခုသည် တစ်ခုနှင့်–ဓာတ်သည် ပဝတ္တိနိမိတ်။

## ဘေဒစိန္တာနည်း

၁။ ဥပဂန္တွာ ဣတံ ဂဟိတံ–ဟူသော ဝိဂ္ဂြဟ်ဝါကျသည် ဗျုပ္ပတ္တိ။

http://www.dhammadownload.com



၃။ ဉပေတံ-ဟူသော ပုဒ်ပြီးနိပ္ဖန္နသည် ပဝတ္တိ။

(၂-၄ ဓာန်ဋီနည်းနှင့် တူပြီ)

အာဒိန္နာ။ အာဒိယန္တေ ဂယှန္တေတိ အာဒိန္နာ။

ယေဓမ္မာ၊ အကြင်(လောကီဝိပါက ဗာတ္တိံသ၊စေတသိက် ပဋ္ဌတ္တိံသ ကမ္မဇရုပ်ဝိသ) တရားတို့ကို။ ကမ္မုနာ၊ကံသည်။ အာဒိယန္တေ ကယှန္တေ၊ ယူအပ် ကုန်၏။ ဣတိ တေ အာဒိန္နာ။ ကမ္မသာဓန၊ အာပုဗ္ဗ+ ဒါဓာတ်+ တပစ္စည်း။

၁။ အာ-ဉပသာရအရ ဓာတွတ္ထဗာဓကဘောဂုဏ်ရ၏။

၂။ ဒါဓာတ်အရ ကတ္တုဋ္ဌကား တဏှာဒိဋ္ဌိတို့သည် အာရုံပြုသည်၏ အစွမ်းဖြင့် ကပ်ရောက်အပ်သောကံသည် မုချ။

၃။ ကမ္မဋ္ဌကား လောကီဝိပါက် ဗာတ္တိံသ၊ စေတသိက် ပဋ္ဌတ္တိံသ ကမ္မဇရုပ် ဝိသ၏ နာနက္ခဏိကကမ္မ, ပကတူပနိဿယာဒိပစ္စယုပ္ပန္နဘော ဂုဏ်ရ၏။

၄။ တ-ပစ္စည်းအရကား လောကီဝိပါက် ဗာတ္တိံသ၊ စေထသိက် ပဋ္ဌတ္တိံသ ကမ္မဇရုပ် ဝိသရ၏။

မှတ်ချက်။ အန္တတ္ထ၊ ဓာတွတ္ထ-ကတ္တုဋ္ဌ-က ဗာဟျတ္ထ ပစ္စယတ္ထအား နာနက္ခဏိက-ပကတူပဖြင့် ကျေးဇူးပြု။

---

## (၅) ဓာတုပစ္စယာဒိ

ဖလ။ ဖလဓာတ်+အပစ္စည်း။ ဖလတိ နိဗ္ဗတ္တတီတိ ဖလံ။ ကိတ်နာမ်ပုဒ်၊ အကာရန္တ၊ နပုံလိင်၊ စိတ္တာဒိဂိုဏ်း။ ဖလဿ ဘာဝေါ ဖလဘာဝေါ-ဟု ဝစနတ္ထပြုရသောကြောင့် ဖလ၌ ဆဋ္ဌီဝိဘတ်။

ဂဟိတာ။ ဂဟဓာတ်+ တပစ္စည်း။ ဂယှန္တေတိ ဂဟိတာ။ ကမ္မသာဓန၊ ပုံလိင်၊ ပုရိသာဒိဂိုဏ်း။

ဉပဂန္တာ။ နိပါတ်ပုဒ်။ အာကာရန္တ၊ အလိင်၊ ဂဏာဝိမုတ်။

ဟိတာ။ ဟိဓာတ်+တပစ္စည်း။ ကိတ်နာမ်ပုဒ်၊ အကာရန္တ၊ ပုံလိင်၊ ပုရိသာဒိဂိုဏ်း။

ဟိနောန္တိ ပဝတ္တန္တီတိ ဟိတာ။

ပဋိသေဓ။ ပဋိရှေ့ရှိသော+သိဓဓာတ်+ဏပစ္စည်း။ ပဋိသေဓတီတိ ပဋိသေဓော။ ပုံလိင်၊ ပုရိသာဒိ။

✝ သိဓေ္တတ္တနိပတိ ဝါရဏေ။ ဓာတွတ္ထ။

သဟိတ။ သဟ+ဣတ။ သဟ ဣတိ ပဝတ္တတီတိ သဟိတော။

ကိတန္တသမာသ်ပုဒ်၊ ပုံလိင်၊ ပုရိသာဒိ။ အတ္ထော၌စပ်။

http://www.dhammadownload.com



## (၆) အာဘောဂသံဝဏ္ဏနာ

က–ဝါကျ ဥပေတေန အာဒိန္နာ–ဖြင့်–ဥပါဒိန္နာပုဒ်ကို အာဒိန္နသ သမီပေ ပဝတ္တတီတိ ဥပါဒိန္နာဟု အဖျယ်သောသမာသ်ဝစနတ္ထမပြုရ၊ ဥပေတေန အာဒိန္နာ ဥပါဒိန္နာ–ဟု တတိယာတပ္ပုရိသ် သမာသ်ဝစနတ္ထပြုရမည်ကိုလည်းကောင်း၊[၁] ဥပါဒိန္နာ၌ ဥပသဒ္ဒါသည် သမီပအနက်ကိုမဟော၊ ဥပေတအနက်ကိုဟောသည်ကိုလည်းကောင်း၊[၂] သိစေပါသည်။

၁။ အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ။ ၂။ ဥပသဂ္ဂလိင်္ဂတ္ထ။

က–ဝါကျ၌ ဟိတာ–ဖြင့် အာဒိန္နာ၌ အာသဒ္ဒါသည် ဓာတွတ္ထဝိသေသက၊ ဓာတွတ္ထာ–နုဝတ္တက မဟုတ်၊ ဓာတွတ္ထဗာဓက၏အဖြစ်ကိုလည်းကောင်း၊[၁]ယင်းဓာတွတ္ထ ဗာဓကဥပသာရကြောင့် ဒါဓာတ်သည် ပေးခြင်း= ဒါနအနက်ကိုမဟော၊ ယူခြင်း = ဂဟာန– အနက်ကိုဟောသည်ကိုလည်း ကောင်း၊[၂] အာဒိန္နာ၌ ဣန္နသဒ္ဒါ၏ တ–ပစ္စည်း၏ ကာရိယ၏အဖြစ်ကိုလည်းကောင်း၊[၃] ယင်းတသဒ္ဒါ ကမ္မသာဓနၞသက်သည်ကိုလည်းကောင်း၊[၄] အာဒိန္နာပုဒ်ကို အာဒိယန္တေတိ အာဒိန္နာ–ဟု ကမ္မသာဓန ဝစနတ္ထပြုရမည်ကိုလည်းကောင်း၊[၅] သိစေသည်။

၁။ ဥပသဂ္ဂလိင်္ဂတ္ထ။ ၂။ ဒုတိယဓာတွတ္ထ။ ၃။ ဒုတိယပစ္စယပဒ။
၄။ ဒုတိယပစ္စယတ္ထ။ ၅။ အဘိဓာနတ္ထ။

က–ဝါကျ၌ ကမ္မုနာဖြင့် ဥပေတအရ အလုံးစုံသော တေဘူမကတရားတို့ကို မယူရ၊ ကံကို ယူရမည်ဟုသိစေသည်။ (အဘိဓေယျတ္ထ)။

က–ဝါကျ၌ အာရမ္မဏကရဏဝသေနဖြင့် ဥပေတ=ကပ်ရောက်အပ်၏ဟူသည် တကွ ဖြစ်သောအားဖြင့် ကပ်ရောက်သည်မဟုတ်၊ အာရုံပြု သည်၏အစွမ်းဖြင့် ကပ်ရောက် သတည်းဟု သိစေပါသည်။ (ဘာဝတ္ထ)။

က–ဝါကျ၌ တဏှာဒိဋ္ဌီဟိ–ဖြင့် ဥပေတေန–၏ ကတ္တားကား လောကုတ္တရာကို အာရုံပြု သော ဂေါတြဘူ, ဝေါဒါန်, ပစ္စဝေက္ခဏာဇော မဟုတ်၊ တဏှာဒိဋ္ဌိတည်းဟု သိစေသည်။ (ဘာဝတ္ထ)။

## မာတိကာဂဏ္ဌိ

ဥပေတ၏ကတ္တားသည် အဘယ်နည်း၊ လောကုတ္တရာကိုအာရုံပြုသော ဂေါတြဘူ, ဝေါဒါန်, ပစ္စဝေက္ခဏာဇော ဖြစ်ကောင်းအံ့လော–စုဒ်ရှိရကား "တဏှာဒိဋ္ဌီဟိ" မိန့်။

က–ဝါကျ၌ ဖလဘာဝေန–ဖြင့် ယူအပ်၏ဟူသည် အကြောင်း၏အဖြစ်ဖြင့်မယူအပ်၊ အကျိုး၏အဖြစ်ဖြင့် ယူအပ်သတည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

တစ်နည်း။ ဖလဘာဝေနဖြင့် ဂဟိတာအရဆိုခဲ့ပြီးသော လောကီ ဝိပါက် ဗာတ္တိံသ၊ စေတသိက်ပဉ္စတ္တိံသ၊ ကမ္မဇရုပ်ဝိသဟူသောအကျိုးတရားတို့ကို ယူရမည်ဟု သိစေသည်။ (အဘိဓေယျတ္ထ)။

http://www.dhammadownload.com



ခ–ဝါကျ၌ ဥပါဒါနာနံ့ဟိတာ–ဖြင့် ဥပါဒါနိယာပုဒ်ကို ဥပါဒါ–နေသု ဇာတ္ဘာ–ဟု ဇာတတဒ္ဓိတ်ဝစနတ္ထမပြုရ၊ ဥပါဒါနာနံဟိတာ–ဟု ဟိတတဒ္ဓိတ်ဝစနတ္ထပြုရမည်ကိုလည်းကောင်း၊[၁] ဣယ–ပစ္စည်း၏ ဇာတတဒ္ဓိတ်၌မသက်၊ ဟိတတဒ္ဓိတ်၌သက်သည်ကိုလည်ကောင်း[၂] သိစေသည်။

၁။ အဘိဓာနတ္ထ။ ၂။ ပစ္စယတ္ထ။

ခ–ဝါကျ၌ ဥပါဒါန သမ္ဗန္ဓေနဖြင့် ဥပါဒါန်တို့၏အစီးအပွားဟူသည် ဥပါဒါန် တို့နှင့် စပ်သောအားဖြင့် အစီးအပွားဖြစ်သတည်းဟု သိစေသည်။ (ဘာဝတ္ထ)။

ခ–ဝါကျ၌ အာရမ္မဏဘာဝံ ဥပဂန္တွာဖြင့် ဥပါဒါန်နှင့်စပ်၏ဟူသည် ဥပါဒါန်နှင့် သဟဇာတအားဖြင့်စပ်သည်မဟုတ်၊ အာရုံပြုသော အားဖြင့် စပ်သတည်းဟုသိစေသည်။ (ဘာဝတ္ထ)။

## ဉာဉ်ကောက်

ဥပါဒါနာနံ ဟိတာ ဥပါဒါနိယာ။ ဥပါဒါနပုဒ်+ဣယပစ္စည်း။

၁။ ဥပါဒါန–တဒ္ဓိတ်ပုဒ်အရ ဥပါဒါန်တရားလေးပါး တို့ဒြပ်သည်မှချ။

၂။ ယင်း၏ တေဘူမကဓမ္မတို့နှင့် အကျိုး+အကြောင်း၊အာရမ္မဏိက+အာရုံစပ်– ဌာနူပစာ။

၃။ ဣယပစ္စည်းအရကား ဥပါဒါန်၏အာရုံဖြစ်သော တေဘူမကဓမ္မဒြပ်ရ၏။ (ဂ–ဝါကျကို မျှော်ပါ)

ဂ–ဝါကျဖြင့် ဥပါဒါနိယာအရ ဥပါဒိန္နကိုငဲ့သော ဥပါဒါနိယဖြစ်သော လောကီ ဝိပါက် ဇာတ္တိုင်သ၊ စေတသိက်ပဋ္ဌတ္တိုင်သ၊ ကမ္မဇရုပ်ဝိသကို မယူရ၊ ဥပါဒိန္နကိုမငဲ့သော ဥပါဒါန်၏ အာရမ္မဏ ပစ္စည်းဖြစ်သော တေဘူမကဓမ္မကိုယူရမည် ဟုသိစေသည်။ (အဘိဓေယျတ္ထ)။

ဃ–ဝါကျဖြင့် ဥပါဒိန္နနှင့်ဥပါဒါနိယပုဒ်ကို ဥပါဒိန္နာစ ဥပါဒါနိယာစ–ဟု ဒွန်သမာသ် ဝစနတ္ထမပြုရ၊ ဥပါဒိန္နာစ တေ ဥပါဒါနိယာစာတိ ဥပါဒိန္နု–ပါဒါနိယာ–ဟု ကမ္မဓာရယ်သမာသ် ဝစနတ္ထ ပြုရမည်ကိုလည်းကောင်း၊[၁] အနုပါဒိန္နဥပါဒါနိယကိုမယူရ၊ ဥပါဒိန္နဥပါဒါနိယကိုယူရမည်ကို လည်းကောင်း[၂] သိစေသည်။ ၁။ အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ။ ၂။ အဘိဓေယျတ္ထ။

င–ဝါကျဖြင့် ဥပါဒိန္နုပါဒါနိယာအရ တေဘူမကဓမ္မကိုမယူရ၊ ဥပါဒိန္နဟူသော ဝိသေသန ပုဒ်ကိုငဲ့၍ အာသဝေါတရားနှင့်တကွဖြစ်သော ကံကြောင့်ဖြစ်ကုန်သော လောကီဝိပါက် ဇာတ္တိုင်သ၊ စေတသိက်ပဋ္ဌတ္တိုင်သ၊ ကမ္မဇရုပ် ဝိသဟူသော ရုပ်နာမ်တရားတို့ကို ယူရမည်ဟုသိစေသည်။ (အဘိဓေယျတ္ထ)။

---

## (၇) ဥပသဂ္ဂနိပါတတ္ထ

က–ဝါကျ။ ဥပါဒိန္နာ၌ ဥပကား ဥပေတအနက်ကိုထွန်းပြ။ အာဒိန္နာ–၌ အာ–ဥပသာရကား ဓာတွတ္ထဇာကေ။

ခ–ဝါကျ၌ ဥပဂန္တွာဝယ် ဥပ–ကား ဓာတွတ္ထဝိသေသက။

http://www.dhammadownload.com



## သေသပဒဒွယေပိ–သမုစ္စည်း

န ကေဝလံ ဣမိနာဝ နယေန ပဌမပဒေ အတ္တော ဝေဒိတဗ္ဗော။ အထခေါ သေသပဒဒွယေပိ ဣမိနာနယေန ပဋိသေသေဟိတော အတ္တော။

သက်သက် ဤနည်းဖြင့်သာလျှင် ပထမဲအနက်ကို သိအပ်၏မဟုတ်သေး။ စင်စစ် သော်ကား ကြွင်းနှစ်ပုဒ်အပေါင်း၌လည်း ဤနည်းဖြင့် ပဋိသေဓ (န) သဒ္ဒါနှင့်တကွဖြစ်သော အနက်ကို သိအပ်၏။

## သဗ္ဗနာမဝိသယ

ဂ–ဝါကျ၌ ဓတ်ကား အဓိဝစနံဟူသော အစွဲတင်းလင်းရှိသောကြောင့် ပသိဒ္ဓဝိသယ–ဓတတည်း။

င–ဝါကျ၌ ဓတ်လည်း ထိုနည်းအတူ ပသိဒ္ဓဝိသယဓတတည်း။

စ–ဝါကျ၌ ဣမိနာ၌ ဣမကား နယေနဟု အစွဲတင်းလင်းရှိသောကြောင့် ပသိဒ္ဓဝိသယ–ဣမတည်း။

---

## (၈) ကြိယာငါးတန်

၁။ ဥပါဒိန္နာ–၌ ဥပအရ (ဥပေတအရ။ ကမ္မအရ) လောကီကုသိုလ် အကုသိုလ် စေတနာသည် ဒဿနတ္ထ။

၂။ ယောနိသောမနသိကာရ၊ အယောနိသောမနသိကာရသည် ဒီပကတ္ထ။

၃။ သုခဝိပါက၊ ဒုက္ခဝိပါကသည် ပကာသနတ္ထ။

၄။ ကုသိုလ်အတွက် သပ္ပုရိသူပနိဿယစသည်။ အကုသိုလ်အတွက် ဗာလူပသေဝနစသည်– ဝိဘာဝတ္ထ။

၅။ ပစ္စုပ္ပန် ကောင်းကျိုး မကောင်းကျိုး၊ တမလွန် ကောင်းကျိုးမကောင်းကျိုးတို့သည် အနုဘာဝတ္ထ။

၁။ ဖလဘာဝေနန္၌ ဖလအရ (အာဒိန္နာအရ) (ဂဟိတာအရ) လောကီ ဝိပါက် ဗာတ္တိံသ၊ စေတသိက် ပဉ္စတ္တိံသ၊ ကမ္မဇရုပ် ဝီသသည် ဒဿနတ္ထ။

၂။ လောကီ ကုသိုလ် အကုသိုလ်သည် ဒီပကတ္ထ။

၃။ နောက်နောက်၌ဖြစ်သော သဠာယတနစသောအကျိုးတရားသည် ပကာသနတ္ထ။

၄။ အဝိဇ္ဇာသည် ဝိဘာဝတ္ထ။

၅။ နောက်နောက်၌ဖြစ်သော ဖဿ ဝေဒနာစသောအကျိုးတရားသည် အနုဘာဝတ္ထ။

http://www.dhammadownload.com



## (၉) လက္ခဏာဒိစတုက္က

မေး။ ။ ဥပါဒိန္နာ–၌ ဥပအရတရားကိုယူ၍ လက္ခဏာဒိစတုက္က ထုတ်ပါ။

ဖြေ။ ။ ဥပ–ကို ဥပေတေနဖွင့်။ ဥပေတေနကို ကမ္မုနာ၌ စပ်။ ဥပါဒိန္နာ၌ ဥပအရ (ဥပေတအရ) စေတနာရသည်။

သာ စေတယိတလက္ခဏာ၊ အာယူဟနရသာ။

သံဝိဒဟန ပစ္စုပဋ္ဌာနာ။ ယထာဉပဋ္ဌိတဝိသယပဒဋ္ဌာနာ။

မှတ်ချက်။ ဥပေတေန–၏ ကတ္တာကား တဏှာ ဒိဋ္ဌိ။ သာသဝ ကမ္မ နိဗ္ဗတ္တာနံ–၌ သာသဝပုဒ်ကို ကမ္မ–စပ်။ သို့ဖြစ်၍ သာသဝအရ ကမ္မစေတနာယူ၍ လက္ခဏာဒိ စတုက္ကထုတ်။

## (၁၀) ပစ္စည်းပြိုင်

ဥပါဒိန္နာ–၌ ဥပအရ (ဥပေတအရ၊ ကမ္မုနာအရ) လောကီကုသိုလ်၊ အကုသိုလ် စေတနာ ပစ္စည်းတရားသည် အာဒိန္နာအရ၊ ဝါ–တ–ပစ္စည်းအရ၊ ဂဟိတာအရ၊ ဝါ–တပ်ပစ္စည်းအရ လောကီဝိပါက် ဗာတ္တိံသ၊ စေတသိက် ပဉ္စတ္တိံသ၊ ကမ္မဇရုပ်ဝိသအား နာနက္ခဏိကကမ္မ၊ ပကတူပနိဿယ ၂–ပစ္စည်းဖြင့် ကျေးဇူးပြုသည်။

### အစိတ်အစိတ်ပြိုင်ပုံ

ဥပ (ဥပေတ၊ ကမ္မုနာ) အရ ဗလဝဖြစ်သော လောကီကုသိုလ် အကုသိုလ် စေတနာသည် အာဒိန္နာအရ၊ ဝါ–တပစ္စည်းအရ၊ ဝါ–ဂဟိတာအရ၊ ဝါ–တပစ္စည်းအရ လောကီဝိပါက် နာမက္ခန္ဓာအား နာနက္ခဏိကကမ္မ၊ ပကတူပ နိဿယသတ္တိဖြင့် ကျေးဇူးပြု။

ဥပ (ဥပေတ၊ ကမ္မုနာ) အရ ဗလဝဒုဗ္ဗလဖြစ်သော လောကီကုသိုလ် အကုသိုလ် စေတနာသည် အာဒိန္နာအရ၊ ဝါ–တ ပစ္စည်းအရ၊ ဝါ–ဂဟိတာ အရ၊ ဝါ–တပစ္စည်းအရ ကမ္မဇရုပ်ဝိသအား နာနက္ခဏိကကမ္မသတ္တိဖြင့် ကျေးဇူးပြု။

ဥပ (ဥပေတ၊ ကမ္မုနာ) အရ ဒုဗ္ဗလဖြစ်သော ကာမကုသိုလ် အကုသိုလ်စေတနာသည် အာဒိန္နာအရ၊ ဝါ–တ ပစ္စည်းအရ၊ ဝါ–ဂဟိတာ အရ၊ ဝါ–တပစ္စည်းအရ ကာမဝိပါက်တေဝီသ နာမက္ခန္ဓာအား နာနက္ခဏိက ကမ္မသတ္တိဖြင့် ကျေးဇူးပြု။

ဥပေတေနပုဒ်၏ ကတ္တားအရ (တဏှာဒိဋ္ဌိဟိအရ) တဏှာဒိဋ္ဌိဟူသော ဓမ္မာရုံပစ္စည်း တရားက ကမ္မုနာအရ အာရမ္မဏိကပစ္စယုပ္ပန်တရားအား အာရမ္မဏ–၁–ပစ္စည်းဖြင့် ကျေးဇူးပြု။

မေး။ ဥပါဒါနိယာ၌ ဥပါဒါနအရနှင့်လ္လယအရဝါ–ဥပါဒါနိယအရ အဘယ်မျိုး အဘယ် ပစ္စယသတ္တိတို့ဖြင့်ကျေးဇူးပြုသနည်း။ အဖွင့်သံဝဏ္ဏနာနှင့် အညီဖြေဆိုပါ။

ဖြေ။ ဥပါဒါနအရကား ဥပါဒါန်–၄–ပါး။ ဝါ–တဏှာဒိဋ္ဌိ။ လ္လယ အရ၊ ဝါ– ဟိတအရ၊ ဝါ– ဥပါဒါနိယအရ တေဘူမကဓမ္မတည်း။

http://www.dhammadownload.com



တောဘူမကာဝစ္စအာရုံပစ္စည်းတရားက ဥပါဒါနအရ တဏှာဒိဋ္ဌိ ပစ္စယုပ္ပန်တရားအား အာရမ္မဏမျိုးဖြင့် ကျေးဇူးပြု။ အာရမ္မဏ(၈)ပစ္စည်း ပြိုင်နိုင်သည်။

အာရမ္မဏပစ္စယဘူတာန်-အဖွင့်ကိုထောက်ပါ။

---

(က) သံကိလေသေတီတိ သံကိလေသော။ (ခ) ဝိဗာဓေတိ ဥပတာပေတိစာတိ အတ္ထော။ (ဂ) သံကိလေသေန သမန္နာဂတာတိ သံကိလိဋ္ဌာ။ (ဃ) အတ္တာနံ အာရမ္မဏံ ကတွာ ပဝတ္တနေန သံကိလေသံ အရဟန္တိ။ (င) သံကိလေသေဝါ နိယုတ္တာ တဿ အာရမ္မဏဘာဝါနတိက္ကမနတောတိ သံကိလေသိကာ။ (စ) သံကိလေသဿ အာရမ္မဏပစ္စယဘူတာနမေတံ အဓိဝစနံ။(ဆ) သံကိလိဋ္ဌာစ တေ သံကိလေသိကာစာတိ သံကိလိဋ္ဌသံကိလေသိကာ။ (ဇ) သေသပဒဒွယမ္ပိ ပုရိမတ္တိကေ ဝုတ္တနယေနေဝ ဝေဒိတဗ္ဗံ။ ဋ္ဌ၊ ၈၅။

## (၁) အနက်ယောဇနာ

၁-ဝါကျ- အတ္ထော၏သမ္ဗန်ကား " သံကိလေသေတီတိ ပဒဿ အတ္ထော။ ဃ-ဝါကျ၌ လဒ္ဓိ- ပါဌသေသထည့်။

ဇ-ဝါကျ ဝေဒိတဗ္ဗံ၏ ကတ္တားကား ပဏ္ဍိတေန-တည်း။

---

## (၂)(၃) ဝါကျခွဲစသည်

ခ-ဝါကျကား ဝိတ္ထာရ။ ထို-၍ က-ဝါကျကား သင်္ခေပ။

မှတ်ချက်။ သံကိလေသေတိ၌ သံဥပသာရ၏အနက် (အတ္တ) ကိလိသဓာတ်၏ အနက် (အတ္တ) ၎င်းနေသည်ကို ဖော်ထုတ်ဖွင့်ပြလိုသောကြောင့် ခ-ဝါကျ တက်လာသည်။

## ခ-ဝါကျ တဒ္ဒဘယာလင်္ကာရကျမ်းတက်

ဆရာ၊ ဆရာသည် က-ဝါကျ၌ သံကိလေသေတိဟုဆိုတော်မူ၏။ (သဒ္ဒထပနာတည်း။ အနက်ပြန်၍-ဘာသာပြန်၍ ထပနာမထား၍)သံကိလေသေတိ-၌ ကိလိသဓာတ်သည် "ဓာတူနံ အနေကတ္ထတ္တာ" ဟူသော ပရိဘာသာနှင့်အညီ၊ ဝါ-ပရိဘာသာလာသောကြောင့် (ဟိတ်) ကိလိဋ္ဌဝတ္ထံ၊ စိတ္တေန ကိလိဋ္ဌေနတို့၌ကဲ့သို့ (ဥပမာ) "မလီန "အနက်ကိုဟောပါသလော (တဒ္ဒဘဘယာလင်္ကာရအာဘော်) သံကိလေသေတိ၌ ကိလိသဓာတ်သည် အဘယ်အနက်ကို ဟောပါသနည်း-ကြောင့် ခ-ဝါကျမိန့်။

## ခ-ဝါကျပါပနာဒိကျမ်းတက်

ဆရာ၊ ဆရာသည် က-ဝါကျ၌ သံကိလေသေတိဟုဆိုတော်မူ၏။ ထိုသို့သာဆိုချေသော် သံကိလေသေတိ-၌ ကိလိသဓာတ်သည် မလီနအနက်ကို ဟော၏ဟူသော အနက်ရောက်ရာ၏၊ (အန+ပါ)စင်စစ်တမူကား သံကိလေသေတိ-၌ ကိလိသဓာတ်သည် မလီနအနက်ဟော မဖြစ်သင့် (ပဋိ+ပါ)။ ယင်းသို့မဖြစ်သင့်သောကြောင့် သံကိလေသေတိ၌ ကိလိသဓာတ်၏အနက်ကို ဖွင့်ဆိုသင့်၊

http://www.dhammadownload.com



ဖွင့်ဆိုတန်၏(အနု+ရော)။ သံကိလေသေတိ ၌ ကိလိသဓာတ်၏အနက်ကို မဖွင့်ဆိုဘဲမနေသင့်၊ မနေတန်(ပဋိ+ရော)။ အကယ်၍ ကိလိသ ဓာတ်၏အနက်ကို မဖွင့်ဆိုချေသော် ဆရာအား အလွန်ပျံ့နှံ့ခြင်း= အတိဗျာပိတဒေါသ သင့်ရောက်ရာ၏ (ဒေါသာရောပန) သံကိလေသေတိ-၌ ကိလိသဓာတ်သည် အဘယ်အနက်ကိုဟောပါသနည်း-ကြောင့် ခ-ဝါကျမိန့်။

ကား-ခ-ဝါကျဖြင့် သံကိလေသေတိ-၌ ကိလိသဓာတ်သည် မလီနအနက်ကို မဟော။ ဝိဗာဓနေ, ဥပတာပနံ အနက်ကိုဟောသတည်းဟု ငါပြဆိုသည်ဖြစ်ရကား သင်တင်တိုင်းသော အတိဗျာပိတဒေါသ ငါအားမရောက် ကင်းစင်ပျောက်၏ဟူလို။

ဒေါသပယ်။ အတိဗျာပိတဒေါသပယ်။ ခ-ဝါကျကိုမရေးလျှင် ကိလိသဓာတ် သည် မလီနအနက်ကိုဟောလော။ ဝိဗာဓနေအနက်ဟောလော၊ ဥပတာပနအနက် ဟောလော-ဟု အလွန်ပျံ့နှံ့လျက်ရှိသည်။ ခ-ဝါကျတက်လာသဖြင့်အဆိုပါ အလွန် ပျံ့နှံ့ခြင်းအပြစ်ဒေါသ ကင်းစင်လွင့်ပျောက် သွားတော့သည်။

## ကိလိသဓာတ်မှတ်ဖွယ်

ကိလိသဝိဗာဓနေ၊ ကိလိသတိ ကိလေသော(ဘူဝါဒိ)နီတိ၊ ဓာတု၊ ၁၇၉။ ကိလိသ ဥပတာပေ၊ ကိလိဿတိ၊ သံကိလိဿတိ ကိလေသော၊ သံကိလေသော-လ-အပိစ မလီနတာပိ ကိလိသသဒ္ဒေန ဝုစ္စတိ။

ကိလိဋ္ဌဝတ္ထုံ ပရိဒဟတိ (ဝတ်၏)။ စိတ္တေန သံကိလိဋ္ဌေန၊ သံကိလိဿန္တိ မာဏဝါတိ-အာဒီသု ဓာတူနံ အနေကတ္ထတ္တာယ(ဒိဝါဒိ)။ နီတိ၊ ဓာတု၊ ၂၃၉။

ခ-ဝါကျ၌ ဥပတာပေတိစသည်ကား ပက္ခန္တရဝါကျ။ ထို-၍ ဝိဗာဓေတိကား ပက္ခဝါကျ။

ဒေါသပယ်။ အဗျာပိတ အပရိပုဏ္ဏဒေါသပယ်။

ဂ-ဝါကျကား ပက္ခန္တရ၊ ထို-၍ က-ခ-ဝါကျကား ပက္ခ။

ဃ-ဝါကျကား ပက္ခန္တရ၊ ထို-၍ က-ခ-ဃ ဝါကျကား ပက္ခ။

င-ဝါကျကား ပက္ခန္တရ၊ ထို-၍ ဃ-ဝါကျကား ပက္ခ။

စ-ဝါကျကား ပက္ခန္တရ၊ ဝါ-ဝါကျာရမ္ဘ(အဓိဝစနံ ဝါကျ)။

ဆ-ဝါကျကား ပက္ခန္တရ၊ ထို-၍ ဃ-င-စ ဝါကျကားပက္ခ။

ဇ-ဝါကျကား အတိဒေသသံဝဏ္ဏနာဝါကျ။ ဝါ-ဝါကျာရမ္ဘဝါကျ။

ဒေါသပယ်။ ဇ-ဝါကျဖြင့်ဂန္ထဂရုဒေါသပယ်။

## င-ဝါကျ၌ ဝါသဒ္ဒါ

ကိလေသာကိုရခြင်းငှါထိုက်ခြင်းတည်းဟူသော "အရဟတိ" တဒ္ဓိတ်အကြောင်း သကတ်ဝစနတ္ထမှတစ်ပါး ကိလေသာ၌ယှဉ်ခြင်း တည်းဟူသော နိယုတ္တတဒ္ဓိတ် အကြောင်းသကတ်ဝစနတ္ထတစ်မျိုးကိုပြလိုသော ကြောင့် "ဝါ" သဒ္ဒါ ထားရပါသည်။

http://www.dhammadownload.com



## (၄) ဝိဂ္ဂဟာဒိ

**သံကိလေသော။ သံကိလေသေတီတိ သံကိလေသော။**

ယောဓမ္မော စိတ္တံ ပုဂ္ဂလံဝါ သံကိလေသေတိ ဣတိ သော ဓမ္မော သံကိလေသော။ (ယောဇနာ၊ ၆၁) (ကတ္တုသာဓနေ၊ သံ+ကိလိသ+အ။)

၁။ သံ–ဥပသာရအရ ဓာတွတ္ထာနုဝတ္တကဘောဂုဏ်ရ၏။

၂။ ကိလိသဓာတ်အရကား ကိလေသာ ၁၀–ပါးတို့၏ စိတ်ကိုလည်းကောင်း၊ ပုဂ္ဂိုလ်ကိုလည်းကောင်း၊ နှိပ်စက်တတ်သော သတ္တိ, လက္ခဏာ သဘာဝရ၏။

၃။ အ–ပစ္စည်းအရ သတ္တိမန္တ,လက္ခဏာဝန္တ, သဘာဝဝန္တဖြစ်သော ကိလေသာ ၁၀–ပါးရ၏။

မှတ်ချက်။ ဤကား ဝိဇာဝတီအဖွင့်နှင့်အညီ ညည်ကောက်။

တစ်နည်း။ သံကိလေသေတိ ဥပတာပေတီတိ သံကိလေသော။

ယောဓမ္မော စိတ္တံ ပုဂ္ဂလံဝါ သံကိလေသေတိ ဥပတာပေတိ ဣတိ သော ဓမ္မော သံကိလေသော။ ဟေတုကတ္တုသာဓနေ၊ သံပုဗ္ဗ+ကိလိသ+အ။ ကာရိုက်ကျေ။

၁။ သံ–ဥပသာရ– ဓာတွတ္ထာနုဝတ္တကဘောဂုဏ်ရ၏။

၂။ သုဒ္ဓကတ္တုရ– စိတ်ဒြဗ် , ပုဂ္ဂိုလ်ဒြဗ်။

၃။ ဟေတုကတ္တုရ– ထိုအားတပ်သော ကိလေသာတို့၏ သဟဇာတာဒိ ပစ္စယသတ္တိသည် ဖလူပစာ။

၄။ အ–ပစ္စည်း– ထို–ဖြင့်မှတ်အပ်သော ကိလေသာ ၁၀–ပါး။

---

### ပစ္စည်းပြိုင်

သုဒ္ဓကတ္တုရ၊ ဓာတွတ္ထအရ–စိတ်ဒြဗ်,ပုဂ္ဂိုလ်ဒြဗ်၊ ဝါ–ရုပ်နာမ်ဓမ္မ။ ဗာဟုဇ္ဇတ္တ၊ ပစ္စယတ္ထအရ–ကိလေသာ ၁၀–ပါး။ သဟဇာတမျိုး။

ပြိုင်=ကိလေသာ ၁၀–ပါး ပစ္စည်းတရားက စိတ္တံအရ နာမက္ခန္ဓာအား သဟကြီး–၄၊ အညမည၊ သမ္ပယုတ္တ၊ သဟလတ်–၂၊ ဟေတု။၇–ပစ္စည်း။

ယင်းကိလေသာ ၁၀ပါး ပစ္စည်းတရားက ပုဂ္ဂလံအရ ရုပ်တရားအား သဟကြီ–၄၊ ဝိပ္ပယုတ္တ၊ ဟေတု– ၆–ပစ္စည်း

---

## (၅) ဓာတုပစ္စယာဒိ

**သမန္နာဂတာ။** သံ+အနု+အာ+ဂမု+တ။ ကိတ်နာမ်ပုဒ်၊ အကာရန္တ၊ ပုံလိင်၊ ပုရိသာဒိဂိုဏ်း။

**ပဝတ္တန္။** ပပုဗ္ဗ+ဝတု+၊ ဝါ–ဝတ္တ+ယု။ ကိတ်နာမ်ပုဒ်။ အကာရန္တ၊ နပုံလိင်၊ စိတ္တာဒိဂိုဏ်း။

http://www.dhammadownload.com



## (၆) အာဘောဂ သံဝဏ္ဏနာ

က–ဝါကျ၌ သံကိလေသေတိ–ဖြင့် သံကိလေသောပုဒ်၏ သံပုဗ္ဗကိလိသဓာတ်၏ အဖြစ်ကိုလည်းကောင်း၊[၁] သံကိလေသောပုဒ်ကို သံကိလေသေတီတိ သံကိလေသော –ဟု ကတ္တုသာဓနဝစနတ္ထပြုရမည်ကိုလည်းကောင်း၊[၂] အ–ပစ္စည်း၏ ကတ္တုသာဓန၌ သက်သည်ကိုလည်းကောင်း၊[၃] (ဝိဘာဝနီ အဖွင့်ကို မျှော်) သံကိလေသောပုဒ်ကို သံကိလေသေတီတိ သံကိလေသော– ဟု ဟေတု ကတ္တုသာဓန ဝစနတ္ထပြုရမည်ကိုလည်းကောင်း၊[၄] အ–ပစ္စည်း၏ ဟေတု ကတ္တုသာဓန၌ သက်သည်ကိုလည်းကောင်း[၅] သိစေသည်။ (ဥပတာပေတိ မျှော်)

၁။ ဒုတိယဓာတုပဒ။ ၂။ အဘိဓာနတ္ထ။ ၃။ ဒုတိယပစ္စယတ္ထ။

၄။ အဘိဓာနတ္ထ။ ၅။ ဒုတိယပစ္စယတ္ထ။

ခ–ဝါကျ။ ဝိဗာဓတိ–ဖြင့် သံကိလေသေတိ–၌ သံဥပသာရသည် ဓာတွတ္ထ ဝိသေသက၊ ဓာတွတ္ထဗာဓက မဟုတ်၊ ဓာတွတ္ထာနုဝတ္တက၏အဖြစ် ကိုလည်းကောင်း၊[၁] ကိလိသဓာတ်သည် ဓာတူနံ အနေကတ္ထာ (နီတိ၊ ဓာတု၊ ၂၃၉) အရ "မလိန" အနက်ကို မဟော၊ ဗာဓနအနက်ကိုဟောကိုလည်းကောင်း[၂] သိစေသည်။ ၁။ ဥပသဂ္ဂလိင်္ဂတ္ထ။ ၂။ ဓာတွတ္ထ။

ခ–ဝါကျ။ ဥပတာပေတိ–ဖြင့် သံကိလေသေတိ–၌ သံ–သဒ္ဒါသည် ဓာတွတ္ထ ဝိသေသက၊ ဓာတွတ္ထဗာဓက မဟုတ်၊ ဓာတွတ္ထာနုဝတ္တက၏အဖြစ်ကိုလည်းကောင်း၊[၁] ကိလိသဓာတ်သည် ဓာတူနံ အနေကတ္ထာ (နီတိ၊ ဓာတု၊ ၂၃၉) အရ "မလိန" အနက်ကို မဟော၊ ဗာဓနအနက်ကိုဟောကိုလည်းကောင်း[၂] သိစေသည်။ ၁။ ဥပသဂ္ဂလိင်္ဂတ္ထ။ ၂။ ဓာတွတ္ထ။

ခ–ဝါကျ၌ စ–သံဝဏ္ဏနာဖြင့် သံကိလေသေတိ၌ ကိလိသဓာတ်သည် ဗာဓန အနက်ကိုသာ ဟောသည်မဟုတ်၊ ဥပတာပနအနက်ကိုလည်းဟောသတည်း–ဟု သိစေသည်။ (ဘာဝတ္ထ)

**အနက်ယောဇနာ။** သံကိလေသော၊ စိတ်ကိုလည်းကောင်း၊ ပုဂ္ဂိုလ်ကို လည်းကောင်း နှိပ်စက်တတ် ပူပန်စေတတ်သောတရား။ (ကိလေသာ ၁၀–ပါး)

ဂ–ဝါကျ။ သံကိလေသေန သမန္နာဂတာ–ဖြင့် သံကိလေသ သမန္နာဂတ သံကိလေသ သမ္ပယုတ္တဖြစ်သော အကုသိုလ်ဓမ္မတို့သည်သာလျှင် သံကိလိဋ္ဌမည်၏။ (အန္ဝယ) သဟဇာတမျှဖြစ်သော ရုပ်တရားတို့သည် သံကိလိဋ္ဌ မမည်ဟု သိစေသည်။ (ဘာဝတ္ထ)

**မှတ်ချက်။** သမန္နာဂတဖြင့်ဖွင့်လျှင် အဿတ္ထိ၊ ဗဟုဗ္ဗီဟိ၊ ကတ္တုသာဓနတို့တွင် တစ်မျိုးမျိုးကို ပြရိုးရှိသော်လည်း ဤ၌ ၃–မျိုးကို မပြ။ အဓိပ္ပါယ်ကိုသာ ပြသည်။ မနု၊ ဋီ၊ ၉၄–၉၅–၌ကား အဋ္ဌကထာ နယေနေဝ ဟိ သမန္နာဂတ–တဒ္ဓိတတ္ထော၀ ဒဋ္ဌဗ္ဗော–ဟုဆိုသည်။

သံကိလိဋ္ဌာ။ သံကိလိဋ္ဌာတိ တေဟိ ဝိဗာဓိတာ ဥပတာပိတာစ–။ မူလဋီ၊၁၊၃၉။

ဤအဖွင့်အညီ သံကိလိဋ္ဌာ–ပုဒ်ကို ပြည်သျှ၊ မင်းခင်းဂဏ္ဌိတို့၌ ဝိဂြိုဟ် ဆိုထားသည်။ ဝိဗာဓိတာအဖွင့်အလို---

http://www.dhammadownload.com



(က) သံကိလေသေဟိ သံကိလိဿန္တိ ဝိဗာဓိယန္တိ ပီဠိယန္တီတိ သံကိလိဋ္ဌာ။

သုဒ္ဓကမ္မသာဓနေ၊ သံ+ကိလိသ+တ–ပစ္စည်း။

၁။ သုဒ္ဓကတ္တု– ကိလေသာ ၁၀–ပါးရ၏။

၂။ ကမ္မဋ္ဌ– အကုသိုလ်စိတ် ၁၂–ပါး၊ စေတသိက် ၂၇–ပါးတို့၏ သဟဇာတာဒိ ပစ္စယုပ္ပန္န ဘောဂုဏ်ရ၏။

၃။ တ–ပစ္စည်း–အကုသိုလ်စိတ် ၁၂–ပါး၊ စေတသိက် ၂၇–ရ၏။

## ပစ္စည်းပြိုင်

အန္တတ္ထ၊ ဓာတွတ္ထ၊ ကတ္တုဋ္ဌအရ ကိလေသာ ၁၀–ပါးပစ္စည်းတရားက ဗာဟျတ္ထ၊ ပစ္စယတ္ထအရ အကုသိုလ်စိတ် ၁၂၊ စေတသိက် ၂၇–အား သဟဇာတမျိုးဖြင့် ကျေးဇူးပြု။

ပြိုင်။ သဟကြီး ၄၊ အညမည၊ သမ္ပယုတ၊ ဟေတု–၇–ပစ္စည်း။

မှတ်ချက်။ သံကိလေသေန ပစ္စည်းတရားက သမန္နာဂတာအရ ပစ္စယုပ္ပန် တရားအား– အထက်ပါအတိုင်း သဟဇာတမျိုး ၇–ပစ္စည်းပြိုင်။

(ခ) ဥပတာပိတာ–အဖွင့်အလို "သံကိလေသေဟိ သံကိလေသာပိယန္တိ ဥပတာပိယန္တီတိ သံကိလိဋ္ဌာ။ ဟေတုကမ္မ သာမန၊ ညသ်ကောက် ပစ္စည်းပြိုင်တူပြီ။

ဃ–ဝါကျ။ သံကိလေသံ အရဟန္တိ–ဖြင့် သံကိလေသိကာ ပုဒ်ကို သံကိလေသံ အရဟန္တီတိ သံကိလေသိကာ–ဟု အရဟန္တိ တဒ္ဓိတ်ဝစနတ္ထ ပြုရမည်ကိုလည်းကောင်း၊[၁] ဏိကပစ္စည်း၏ အရဟန္တိတဒ္ဓိတ်၌ သက်သည်ကိုလည်းကောင်း[၂] သိစေသည်။ ၁။ အဘိဓာနတ္ထ။ ၂။ ပစ္စယတ္ထ။

ဃ–ဝါကျ၌ အတ္တာနံ အာရမ္မဏံ ကတွာ ပဝတ္တနေန–ဖြင့် သံကိလေသကိုရခြင်း ငါထိုက်ကုန်သည်ဟူသည် မိမိဟုဆိုအပ်သော သံကိလေသဓမ္မကို အာရုံပြု၍ သံကိလေသ၏ ဖြစ်ခြင်းကြောင့်တည်းဟု သိစေသည်။ (ဘာဝတ္ထ)

င–ဝါကျ၌ ဝါ–သဒ္ဒါဖြင့် သံကိလေသပုဒ်၏ ဝစနတ္ထတစ်မျိုးကို ပြသည်။ (ဘာဝတ္ထ)

င–ဝါကျ သံကိလေသေ နိယုတ္တာ–ဖြင့် သံကိလေသိကာပုဒ်ကို သံကိလေသေ နိယုတ္တာ–ဟု နိယုတ္တတဒ္ဓိတ် ဝစနတ္ထပြုရမည်ကိုလည်းကောင်း၊[၁] ဏိက–ပစ္စည်း၏ နိယုတ္တတဒ္ဓိတ်၌ သက်သည်သည်ကိုလည်းကောင်း[၂] သိစေသည်။

၁။ အဘိဓာနတ္ထ။ ၂။ ပစ္စယတ္ထ။

စ–ဝါကျဖြင့် သံကိလေသိကဟူသည် ကိလေသာ၏ အာရမ္မဏပစ္စည်း မဖြစ်ကောင်းသော လောကုတ္တရာတရားမဟုတ်၊ ကိလေသာ၏ အာရမ္မဏပစ္စည်းဖြစ်ကောင်းသော အကုသိုလ်တရားကို ယူရမည်ဟု သိစေပါသည်။ (အဘိဓေယျတ္ထ)

http://www.dhammadownload.com



(က) သမ္ပယောဂဝသေန ပဝတ္တမာနေန သဟ ဝိတက္ကေန သဝိတက္ကာ။ (ခ) သဟ ဝိစာရေန သဝိစာရာ။ (ဂ) သဝိတက္ကာစ တေ သဝိစာရာစာတိ သဝိတက္ကသဝိစာရာ။ (ဃ) ဥဘယရဟိတာ အဝိတက္က အဝိစာရာ။ (င) ဝိတက္ကဝိစာရေသု ဝိစာရောဝမတ္တာ ပမာဏံ ဧတေသန္တိ ဝိစာရမတ္တာ။ (စ) ဝိစာရတော ဥတ္တရိ ဝိတက္ကေန သဒ္ဓိံ သမ္ပယောဂံ န ဂစ္ဆန္တီတိ အတ္ထော။ (ဆ) အဝိတက္ကာ စ တေ ဝိစာရမတ္တာစာတိ အဝိတက္ကဝိစာရမတ္တာ။ ဋ္ဌ၊ ၈၅။

## အနက်ယောဇနာ

က-ဝါကျ။ ယေဓမ္မာ၊ (အနိယတ်)-လ- သဟ၊ တကွ။ ဝတ္တန္တိ (ဟောန္တိ)။ ဣတိ တေ ဓမ္မာ။ (နိယတ်) သဝိတက္ကာ။

မှတ်ချက်။ ဝတ္တန္တိ(သို့) ဟောန္တိ ကြိယာထည့်စပ်။ ဝစနသေသ ဟုခေါ်၏။ ပါဌသေသနှင့် အတူပင်။

✝ သဟဝိတက္ကေန ဟောန္တီတိဝစနသေသော ယောဇေတဗ္ဗော၊ အဝုစ္စမာနသ္သာပိ ဘဝတိ အတ္ထသ္သ ဝိညာယမာနတ္တာ။ မူလဋီ၊ ၁၊ ၃၂၁။

## (၂) (၃) ဝါကျခွဲစသည်

ခ-ဝါကျကား ပက္ခန္တရ။ ထို-၍ က-ဝါကျကား ပက္ခ။

ဂ-ဝါကျကား ပက္ခန္တရ။ ထို-၍ ခ-ဝါကျကား ပက္ခ။

ဃ-ဝါကျကား ပက္ခန္တရ။ ထို-၍ က-ခ-ဂဝါကျကား ပက္ခ။

င-ဝါကျကား ပက္ခန္တရ။ ထို-၍ ဃ-ဝါကျကား ပက္ခ။

မှတ်ချက်။ ဃ-ဝါကျဖြင့် အဝိတက္ကအဝိစာရာဟူသော တတိယပဒကို ဒုတိယပဒမှ ရှေးဦးစွာဖွင့်သည်ဟု သတိပြုလေ။

စ-ဝါကျကား (ဝိစာရောဝဠ္ဌ ဧဝသဒ္ဒါ၏ နိဝတ္တေတဗ္ဗ၊ ဝါ-ဧဝ သဒ္ဒါ၏အကျိုး ဧဝဖလကို ပြသောကြောင့်) ဗျတိရေကဝါကျ။ ဝါ- ဝိတ္ထာရ ဝါကျ။ ထို-၍ င-ဝါကျကား သင်္ခေပဝါကျ။

## စဝါကျ ဧဝဖလ-ပါပနာဒိကျမ်းတက်

ဆရာ၊ ဆရာသည်၊ င-ဝါကျတွင် ဝိစာရောဝဠ္ဌ ဧဝသဒ္ဒါကိုဆိုတော်မူ၏။ (ထပနာထားပုံကို သတိပြု) ထိုသို့သာဆိုချေသော် ဧဝသဒ္ဒါ၏ နိဝတ္တေတဗ္ဗ၊ ဝါ-ဧဝဖလ မရှိဟူသောအနက်သည် ရောက်ရာ၏။ (အန+ပါ) စင်စစ်တမူကား ဝိစာရောဝဠ္ဌ ဧဝသဒ္ဒါ၏ နိဝတ္တေတဗ္ဗ၊ဝါ-ဧဝဖလမရှိ သည်မဟုတ်၊ ရှိသည်သာဖြစ်၏။(ပဋိ+ပါ) ယင်းသို့ရှိသည်သာဖြစ်သောကြောင့် နိဝတ္တေတဗ္ဗ၊ ဝါ-ဧဝဖလကို ဆိုသင့်ဆိုတန်၏။ (အန+ရော) ဧဝသဒ္ဒါ၏ နိဝတ္တေတဗ္ဗ၊ဝါ-ဧဝဖလကို မဆိုဘဲမနေသင့် မနေတန်။(ပဋိ+ရော) တစ်နည်း။ ဧဝသဒ္ဒါကို သာ မဆိုသင့်။ (ပဋိ+ရော) ဧဝသဒ္ဒါ၏ နိဝတ္တေတဗ္ဗ၊ ဝါ-ဧဝဖလ ကား အဘယ်နည်း -ကြောင့် စ-ဝါကျမိန့်။

http://www.dhammadownload.com



ဆ-ဝါကျကား ပက္ခန္တရ။ ထို-၍ စ-ဝါကျကား ပက္ခဝါကျ။

မှတ်ချက်။ ပက္ခန္တရဝါကျဖြင့် အဗျာပိတအပရိပုဏ္ဏဒေါသပယ်။ ဝိတ္ထာရဝါကျဖြင့် ဝိရောဓိဒေါသပယ်။

---

## (၄) ဝိဂ္ဂဟာဒိ

သဝိတက္က။ သဟဝိတက္ကေန ယေ ဝတ္တန္တီတိ သဝိတက္ကာ။

ယေမွာ၊ အကြင်သဝိတက္ကစိတ် ၅၅-ခုတို့သည်။ ဝိတက္ကေန၊ ဝိတက်နှင့်။ သဟ၊ တကွ။ ဝတ္တန္တိ၊ ဖြစ်တတ်ကုန်၏။ ဣတိ တေ ဓမ္မာ သဝိတက္ကာ။ ဗဟုဗ္ဗီဟိသမာသ်။ သဟ+ဝိတက္က+ယ။

၁။ သဝိတက္က-ဟူသောဗဟုဗ္ဗီဟိသမာသ်ပုဒ်လုံးအရကား-ဝိတက်နှင့်တကွဖြစ်ခြင်း သဟဝတ္တနဘောဂုဏ်၊ ဝါ-တကွဖြစ်သော ဝိတက်ရ၏။

၂။ ယင်း၏သဝိတက္ကစိတ် ၅၅-ခုနှင့် ဂုဏ်,ဂုဏေး၊ ဝါ-အကြောင်း အကျိုးစပ် ဌာနူပစာ။

၃။ ယ အညေပုဒ်အရ ဝိတက်နှင့်တကွဖြစ်သောစိတ်၊ ဝါ-သဝိတက္ကစိတ် ၅၅-ခုရ၏။

---

## ပစ္စည်းပြိုင်

မေး။ က-ဝါကျ၌ သမာသ်ပုဒ်အရ တရားက အညပုဒ်အရ တရားအား အဘယ်မျိုး၊ အဘယ် ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုပါသနည်း။

ဖြေ။ သမာသ်ပုဒ်အရကား တကွဖြစ်သော ဝိတက်တည်း။(ညာသ်ကောက် ၁-အရကြည့်)

ယင်းဝိတက်သည် သဝိပါကဝိတက်၊ အဝိပါကဝိတက်ဟု ၂-မျိုး ရှိသည်။

သဝိပါကဝိတက်ပစ္စည်းဖြစ်အံ့။ အညပုဒ်အရ (၃-အရ) သဝိတက္က စိတ် ၅၅-ခုအား သဟကြီး ၄၊ အညမည၊ သမ္ပယုတ္တ၊ ဝိပါက-သဟလံတ် ၃၊ ဈာန၊ မဂ္ဂ-သဟငယ် ၂-ပေါင်း ၉-ပစ္စည်း။ အဝိပါကဝိတက်ပစ္စည်းဖြစ်အံ့။ ဝိပါကကျဉ် ၈-ပစ္စည်းပြိုင်။

---

## (၅) ဓာတုပစ္စယာဒိ

ရဟိတာ။ ရဟဓာတ်+ တပစ္စည်း+ဣအာဂုံ။

✝ ရဟော ဘူစ စာဂမှိ။ ဓာတွတ္ထ။

ဥဘယရဟိတာ။ ဥဘယေဟိ ရဟိတာ ဥဘယရဟိတာ။ (အပါဒါန်+အပါဒီစပ်)

မတ္တာ။ မာဓာတ်+တပစ္စည်း၊ ကိတ်နာမ်ပသဒ်၊ အာကာရန္တ။ ထီလိင်၊ ပညာဒီဂိုဏ်း။

✝ မာ ပရိမာဏေ၊ ဆဒါဒီဟိတော။ ရသာဒိ၊ မတ္တာ။ သူစိ။

ပမာဏ။ ပပုဗ္ဗ+မာဓာတ်+ယုပစ္စည်း၊ ကိတ်နာမ်ပုဒ်၊ အကာရန္တ၊ နပုံလိင်၊ စိတ္တာဒီဂိုဏ်း။

ဥတ္တရိ။ ။ နိပါတ်ပုဒ်။

http://www.dhammadownload.com



## (၆) အာဘောဂ သံဝဏ္ဏနာ

က-ဝါကျ၌ သဝိတက္ကေန-ဖြင့် သဝိတက္ကပုဒ်ကို အဗျယီဘောသမာသ်ဝစနတ္ထ မပြုရ၊ သဟဝိတက္ကေန ယေ ဝတ္တန္တီတိ သဝိတက္ကာ-ဟု သဟပုဗ္ဗပဒဗဟုဗ္ဗီဟိသမာသ် ဝစနတ္ထ ပြုရမည်ကိုလည်းကောင်း၊[၁] သဝိတက္ကာ-၌ သ-သဒ္ဒါသည် သန္တ,သမာန,ပသတ္ထ သဒ္ဒါတို့၏ ကာရိယမဟုတ်၊ သဟနိပါတ်ပုဒ်၏ ကာရိယအဖြစ်ကိုလည်းကောင်း[၂] သိစေသည်။

၁။ အဘိဓာနတ္ထ။ သမာသလိင်္ဂပဒတ္ထ။ ၂။ နိပါတလိင်္ဂပဒ။

က-ဝါကျ။ သမ္ပယောဂေန ပဝတ္တမာနေန-ဖြင့် ဝိတက်နှင့်တကွ ဖြစ်ကုန်၏ဟူသည် သမ္ပယောဂ၏အစွမ်းဖြင့် ဖြစ်သတည်း(အနွယ်) အာရမ္မဏ ကရဏ=အာရုံပြုသည်၏ အစွမ်းဖြင့် ဖြစ်သည်မဟုတ်(ဗျတိရေက)ဟု သိစေသည်။ (ဘာဝတ္ထ)

ခ-ဝါကျ၌ သဟဝိစာရေန-ဖြင့် သဝိစာရ-ပုဒ်ကို အဗျယီဘော သမာသ်ဝစနတ္ထ မပြုရ၊ သဟ ဝိစာရေန ယေ ဝတ္တန္တီတိ သဝိစာရာဟု သဟပုဗ္ဗပဒ ဗဟုဗ္ဗီဟိသမာသ်ဝစနတ္ထ ပြုရမည်ကိုလည်းကောင်း၊[၁] သဝိစာရာ ၌ သ-သဒ္ဒါသည် သန္တ, သမာန, ပသတ္ထသဒ္ဒါ တို့၏ ကာရိယမဟုတ်၊ သဟနိပါတ်ပုဒ်၏ ကာရိယအဖြစ်ကိုလည်းကောင်း[၂] သိစေသည်။

၁။ အဘိဓာနတ္ထ။ သမာသလိင်္ဂပဒတ္ထ။ ၂။ နိပါတလိင်္ဂပဒ။

✪ သန္တ, သဟ, သမာနနှင့် ပသတ္ထပါ၊ လေးဖြာကာရိ၊ အတ္တနိယ၊ အတ္တ အဆွေ၊ ခေတ္တေရက္ခိုက် "သ" ဟောဆိုက်၏။ (ကေက္ခရကောသနိယံ)

ဂ-ဝါကျဖြင့် သဝိတက္ကနှင့် သဝိစာရကို ဒွန်သမာသ်ဝစနတ္ထ မပြုရ၊ ကမ္မဓာရယ်သမာသ် ဝစနတ္ထပြုရမည်ဟု သိစေသည်။ (အဘိဓာနတ္ထ။ သမာသလိင်္ဂပဒတ္ထ)

ဃ-ဝါကျ ဥဘယရဟိတာ-ဖြင့် အဝိတက္ကအဝိစာရာ၌ အ-သဒ္ဒါတို့သည် ဝုဒ္ဓိ,တဗ္ဗာဝ, စသောအနက်တို့ကိုမဟော၊ ဝိရဟ၊ ဝါ-အဘာဝအနက်ကိုဟောသည်ကိုလည်းကောင်း၊[၁] နတ္ထိ ဝိတက္ကော ဧတေသန္တိ အဝိတက္ကာ၊ နတ္ထိ ဝိစာရာ ဧတေသန္တိ အဝိစာရာ၊ အဝိတက္ကာစ တေ အဝိစာရာစာတိ အဝိတက္က အဝိစာရာ-ဟု ဝစနတ္ထပြုရမည်ကိုလည်းကောင်း[၂] သိစေသည်။

၁။ နိပါတလိင်္ဂတ္ထ။ ၂။ အဘိဓာနတ္ထ။ သမာသလိင်္ဂတပဒတ္ထ။

င-ဝါကျ၌ ဝိစာရောဝ မတ္တာ ဧတေသံ-ဖြင့် ဝိစာရမတ္တာပုဒ်ကို ဝိစာရောဧဝ မတ္တာ ဝိစာရမတ္တာ-ဟု ကမ္မဓာရယ် သမာသ်ဝစနတ္ထမပြုရ၊ ဝိစာရောဝ မတ္တာ ဧတေသံ-ဟု ဆဋ္ဌီ ဗဟုဗ္ဗီဟိ သမာသ်ဝစနတ္ထပြုရ မည်ကိုလည်းကောင်း၊[၁] ဝိစာရဟူသော ရှေးပုဒ်၌ ဧဝသဒ္ဒါကျေသည်ကိုလည်း ကောင်း[၂] သိစေသည်။ ၁။ အဘိဓာနတ္ထ။ သမာသလိင်္ဂပဒတ္ထ။ ၂။ ဘာဝတ္ထ။

မှတ်ချက်။ ဋီကာ၌ ဝိစာရောဝ ဧတေသံ မတ္တာ = ဝိစာရောဝ- ဝိစာရသည်သာလျှင်။ ဧတေသံ၊တို့၏။ မတ္တာ၊ တည်းဟု-ဧတေသံပုဒ်နှင့် မတ္တာပုဒ်ကို ယှဉ်တွဲ၍ ဖွင့်သောကြောင့်လည်း ကောင်း၊ ဧတေသံ မတ္တာ အတ္ထိ-ဟု အတ္ထိထည့်၍ မဖွင့်သောကြောင့်လည်းကောင်း အဋ္ဌကထာ၌

http://www.dhammadownload.com



ဝိစာရော ဝ –လ– ဧတေသန္တိ ဝိစာရမတ္တာ–ဟူသော ဗဟုဗ္ဗီဟိ သမာသ်ကို ဆဋ္ဌီဗဟုဗ္ဗီဟိ သမာသ်သာ မှတ်ရမည်။ စတုတ္ထီဗဟုဗ္ဗီဟိ–ဟု မမှတ်ရ။

၄–ဝါကျ။ ပမာဏ–ဖြင့် မတ္တာသဒ္ဒါသည် ဣဿရိယ, အက္ခရာ ဝယဝ, အပ္ပက အနက်တို့ကို မဟော၊ ပမာဏအနက်ကိုဟောသတည်းဟု သိစေသည်။ (နာမလိင်္ဂတ္ထ)

✝ ပမာဏိဿရယေမတ္တာ၊ အက္ခရာဝယဝပ္ပကေ။ ဓာန်၊ ၈၇၈။

**အနက်ယောဇနာ။** ဝိစာရမတ္တာ၊ ဝိစာရသာလျှင် အတိုင်းအရှည်ရှိကုန်သော။ (အဋ္ဌကထာနည်း)

မှတ်ချက်။ မူလဋီ၊ ၄၀– မတ္တသဒ္ဒေါ ဝိသေသနိဝတ္တိအတ္ထော–လ– ဝိစာရမတ္တ–ဝန္တောတိ အတ္ထော–ဖြင့် ဝိစာရော ဝိစာရမတ္တာ၊ ဝိစာရမတ္တာ ဧတေသံ အတ္ထီတိ ဝိစာရမတ္တာဟူသော အပေါင်းဝိဂ္ဂဟကို ပြသည်။

## မတ္တသဒ္ဒါ

ဤဋီကာအလို မတ္တာသဒ္ဒါဖြင့်ယှုအပ်သော ဂဟေတဗ္ဗကား ဝိစာရ။ နိဝတ္တေတဗ္ဗကား– ဝိတက်။

**ဋီကာအလို။** ဝိစာရမတ္တာ၊ ဝိစာရသာလျှင်ရှိကုန်သော။

စ–ဝါကျဖြင့် ဝိစာရထက်အပိုအလွန်ဝိတက်နှင့်ယှဉ်ခြင်းသို့ မရောက်ကုန်ဟူသော ဝိစာရောဧဝ–ဟု ဧဝသဒ္ဒါ၏ နိဝတ္တေတဗ္ဗတ္ထ၊ ဝါ–ဧဝဖလကို သိစေသည်။ (ဘာဝတ္ထ)

ဆ–ဝါကျဖြင့် အဝိတက္ကနှင့် ဝိစာရမတ္တကို ဒွန်သမာသ်မတွဲရ၊ ကမ္မဓာရယ် သမာသ်တွဲရမည်ဟု သိစေသည်။ (အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ)

## ဥပသဂ္ဂနိပါတတ္ထ

သဟ။ အတူတကွဟူသော သမကြိယာအနက်ဟောနိပါတ်ပုဒ်။

✝ သဟ သဒ္ဓိံ သမံအမာတိသမကြိယာယံ။ ရူ၊ ၁၃၅။

### ဝိစာရောဝ–၌ ဧဝ

၁။ ဝိစာရသည် ဂဟေတဗ္ဗ။ ၂။ ဝိတက္ကသည် နိဝတ္တေတဗ္ဗ။

၃။ ဝိစာရ၏ အာရမ္မဏာနုမဇ္ဇနသဘောသည် အနညာတတ္ထ။

---

## (၈) ကြိယာငါးတန်

၁။ ဝိတက်၏ အာရုံကိုကြံစီခြင်းသဘောသည် ဒဿနတ္ထ။

၂။ ကုသလဝိတက်ဖြစ်အံ့– ယောနိသောမနသိကာရ၊ အကုသလ ဝိတက်ဖြစ်အံ့– အယောနိသောမနသိကာရသည် ဒီပကတ္ထ။

http://www.dhammadownload.com



၃။ ထိုက်သည်အားလျော်စွာ ကုသိုလ်စိတ္တုပ္ပါဒ်, အကုသိုလ် စိတ္တုပ္ပါဒ် ဖြစ်ခြင်းသည် ပကာသနတ္ထ။

၄။ ထိုက်သည်အားလျော်စွာ သဒ္ဒမ္မသဝန,အသဒ္ဒမ္မသဝနစသည်သည် ဝိဘာဝတ္ထ။

၅။ ဣဋ္ဌဝိပါက, အနိဋ္ဌဝိပါကတို့သည် အနုဘာဝတ္ထ။

---

## (၁၀) ပစ္စည်းပြိုင်

ဝိစာရော–ဗဟုဗ္ဗီဟိသမာသ်ပုဒ်အရ ပစ္စည်းတရားက တောသအရ ဒုတိယဈာန် ကေဒသ, ဝိတက် ဝိစာရကျဉ်သော စေတသိက်ဆတ္တိံသ, သဝိတက္ကစိတ် ၅၅–ခုဋ္ဌရှိသော ဝိတက်စေတသိက် ၅၅ အညပုဒ်ပစ္စယုပ္ပန် တရားအား သဟဇာတမျိုးဖြင့် ကျေးဇူးပြုသည်။

ပြိုင်။ သဟကြီး ၄၊ အညမည၊ သမ္ပယုတ္တ–သဟလတ်–၂၊ ဈာန–ပေါင်း ၇–ပစ္စည်း။

### အဓိပ္ပါယ်မှတ်ဖွယ်

ဥဘယ ရဟိတာ–ဟု တတိယပဒအဖွင့်သံဝဏ္ဏနာကိုဒုတိယပဒ အဖွင့်သံဝဏ္ဏနာမှ ရှေးဦးစွာ ဆိုရခြင်းအကြောင်းကား အဝိတက္ကအဝိစာရ ဋ္ဌအသဒ္ဒါကို ဥဘယရဟိတာဟုဖွင့်သဖြင့် ဝိရဟအနက်ဟောကြောင်းသိရသကဲ့သို့ အဝိတက္ကဝိစာရမတ္တာ–ဋ္ဌ အသဒ္ဒါသည်လည်း ယင်း ဝိရဟ အနက်ကိုပင် ဟောသည်ဟုသိစေလိုသောကြောင့် တတိယပဒကို ရှေးဦးစွာ ဖွင့်ရသည်။

မေး။ ဝိစာရမတ္တဟုဆိုက အဝိတက္ကအဖြစ်ပြီးနိုင်ပါလျက် အဘယ် အကျိုးငှါ၊ ဝါ–အဘယ့်ကြောင့်အဝိတက္ကသဒ္ဒါကိုဆိုရပါသနည်း။

ဖြေ။ ဝိစာရမတ္တသဒ္ဒါဖြင့် ဒုတိယရာသိတရားတို့၏ အဝိတက္က အဖြစ်ပြီးလျှင်းမူလည်း ဝိစာရမတ္တအဝိတက္ကဖြစ်သော ဒုတိယရာသိမှ တစ်ပါး အဝိတက္ကအဝိစာရဖြစ်သော တတိယရာသိ တရားတို့၏ရှိသည်၏ အဖြစ်ကိုပြစိမ့်သောငှါ အဝိတက္ကသဒ္ဒါကိုမိန့်။(မင်းခင်းဂဏ္ဌိ)

✝ ဝိစာရမတ္တဝစနေန အဝိတက္ကတ္တေ သိဒ္ဓေ အညေသမ္ပိ အတ္ထိ ဘာဝဒေဿတနတ္ထံ အဝိတက္ကဝစနံ ဝုတ္တံ။ (မူလဋီ၊ ၁၊ ၄၀)

---

(က) ပီတိယာ သဟ ဧကုပ္ပါဒါဒိဘာဝံဂတာတိ ပီတိသဟဂတာ။ (ခ) ပီတိသမ္ပ–ယုတ္တာတိအတ္ထော။ (ဂ) သေသပဒဒွယေပိ ဧသေဝနယော။ (ဃ) ဥပေက္ခာတိ စေတ္ထ အဒုက္ခ–မသုခါဝေဒနာ ဝုတ္တာ။ (င) သာ ဟိ သုခဒုက္ခာကာရပ္ပဝတ္တိံ ဥပေက္ခတိ မဇ္ဈတ္တာကာရ သဏ္ဌိတတ္တာ တေနာကာရေန ပဝတ္တတီတိ ဥပေက္ခာ။ (စ) ဣတိ ဝေဒနတ္တိကတော ပဒဒွယမေဝ ဂဟေတွာ နိပ္ပီတိကဿ သုခဿ သပ္ပီတိကသုခတော ဝိသေသဒဿနဝသေန အယံတိကော ဝုတ္တော။ ဋ္ဌ၊ ၅၅။

http://www.dhammadownload.com



## (၁) အနက်ယောဇနာ

ဃ-ဝါကျ။ စ၊ အထူးကိုဆိုဦးအံ့ (ပြည်သျှ)။ စ၊ ဆက်၍ဆိုဦးအံ့ (စသဒ္ဒေါ ဝါကျာရမ္ဘော၊ ယောဇနာ၊ ၆၂)။ ဧတ္ထ၊ ဤ သေသပဒဒွယဥ်၊ ဝါ-ဥပေက္ခာသဟဂတော ဟူသော တတိယပုဒ်၌ (ပြည်သျှ)။ ဧတ္ထ၊ ဤဥပေက္ခာ ပုဒ်၌(ဧတ္ထာတိ ဥပေက္ခာတိပဒေ။ ယောဇနာ)။ (ဥပေက္ခာတိ-ပုဒ်ကို ဥပေက္ခာတိဣမိနာ -ဥပေက္ခာဟူသောဤပါဠ်ဖြင့်-ဟုကရိုဏ်း ပြင်ပေးသည်။ ပြည်သျှ)

## (၂) (၃) ဝါကျခွဲစသည်

ခ-ဝါကျကား ဝိတ္ထာရ၊ ဝါ- ဝါကျာရမ္ဘ။ ထို-၍ က-ဝါကျကား သင်္ခေပ၊ ဝါ-အာရဒ္ဓ။

ဂ-ဝါကျကား အတိဒေသသံဝဏ္ဏနာဝါကျ။ ဝါ-ဝါကျာရမ္ဘ။ ထို-၍-က-ခ-ဝါကျကားအာရဒ္ဓ။

### သေသပဒဒွယေပိဧသေဝနယောဖြင့်

(၁) သုခါယ သဟ ဧကုပ္ပါဒိဘာဝံ ဂတာတိ၊ သုခသဟဂတာ သုခသမ္ပယုတ္တာတိ အတ္ထော။

(၂) ဥပေက္ခာယ သဟ ဧကုပ္ပါဒိဘာဝံ ဂတာတိ ဥပေက္ခာ သဟဂတာ၊ ဥပေက္ခာ-သမ္ပယုတ္တာတိ အတ္ထော-ဟူသောအဖွင့်ကို ညွှန်ပြသည်။

(ဃ) ဝါကျကား ဝိသေသဝါကျ (ပြည်သျှ)။ ထို-၍ ဂ-ဝါကျကား သာမညဝါကျ။ ယောဇနာအလိုကား ဃ-ဝါကျကား ဝါကျာရမ္ဘ၊ ထို-၍ ဂ-ဝါကျ ကား အာရဒ္ဓ။

### ဃ-ဝါကျ ကျမ်းတက်

ဤသို့ ဂ-ဝါကျဖြင့် ဥပေက္ခာယ သဟ ဧကုပ္ပါဒိဘာဝံ ဂတာတိ ဥပေက္ခာ-သဟဂတာ၊ ဥပေက္ခာသမ္ပယုတ္တာတိအတ္ထော-ဟု အတိဒေသသံဝဏ္ဏနာအားဖြင့် ဥပေက္ခာပုဒ်၏ သာမညအဖွင့်ကို ပြတော်မူပြီး၍ ယခုအခါ၌ ဥပေက္ခာသဟဂတာဝယ် ဥပေက္ခာအရ ဝိသေသ(အဘိဓေယျတ္ထ) ကိုပြခြင်းငှါ ဃ-ဝါကျမိန့်။

ဒေါသပဗယ်။ အတိဗျာပိတဒေါသပဗယ်။

ဃ-ဝါကျကိုမရေးလျှင် ဥပေက္ခာအရ တတြမဇ္ဈတ္တုပေက္ခာစသည်ကို ယူရမည်လားဟု ယုံမှားသံသယ လျှင်းပါးဘွယ်ရှိသဖြင့် အလွန်ပျံ့လျက်ရှိသည်။ ဃ-ဝါကျရေး သားလိုက်သဖြင့် ဤ ဥပေက္ခာသဟဂတာ၌ ဥပေက္ခာအရ ဝေဒနာ၊ ဝါ- ဝေဒနုပေက္ခာကိုသာ ယူရမည်ဟုသိစေသည်။ သို့ဖြင့် အတိဗျာပိတ ဒေါသကင်းစင်သွားတော့သည်။

င-ဝါကျကား ယုတ္တိဒဋ္ဌီကရဏဝါကျ၊ ဝါ-ကာရဏဝါကျ။ ထို၍ ဃ-ဝါကျကား ယုတ္တိဒဋ္ဌိယဝါကျ။ ဝါ-ဖလဝါကျ။

စ-ဝါကျကား ဝါကျာရမ္ဘဝါကျ။ ထို-၍ င-ဝါကျကား အာရဒ္ဓ။

http://www.dhammadownload.com



## စ–ဝါကျလီနတ္ထရစောဒနာတက်

ဆရာ၊ မြတ်စွာဘုရားသည်၊ ပီတိသဟဂတာဓမ္မာစသည်ဖြင့် ပီတိတိက်ကို ဟောတော်မူ၏။ (အယံတိကော ဝုတ္တော–ကိုရှု၍ ထပနာထား) သုခါယ ဝေဒနာယ သမ္ပယုတ္တာ ဓမ္မာ၊ အဒုက္ခမသုခါယ ဝေဒနာယသမ္ပယုတ္တာဟု ဟောပြီးသည်မဟုတ်လော။ (ဝေဒနာတိကတော–လ–ဂဟေတွာ–ကိုရှု) ယင်းသို့ဟောပြီးပါလျက် အဘယ်၏အစွမ်းဖြင့် (ဝိသေသဒဿန် ဝသေနကိုရှု)၊ ဝါ–အဘယ်ကြောင့် ဤပီတိတိက်ကို တဖန်ထပ်၍ ဟောတော်မူပါသနည်း။ (အကယ်၍ ဟောပြီးဖြစ်လျက် တဖန်ထပ်၍ ဟောတော်မူချေသော် မြတ်စွာဘုရားအား ပုနရုတ္တိဒေါသ နိရတ္ထကဒေါသရောက်ရာ၏) – ဤသို့ကြောင့် စ–ဝါကျကိုမိန့်။

## စ–ဝါကျ ပါပနာဒိ ကျမ်းတက်

(ထပနာတူပြီ) ထိုသို့ဟောတော်မူသည်ရှိသော် ဝေဒနာတိက်၌ သုခဝေဒနာ၊ ဥပေက္ခာ–ဝေဒနာတို့ကိုမဟောရသေးဟူသောအနက်ရောက်ရာ၏။(အနု+ပါ) စင်စစ်တမူကား ယင်းဝေဒနာတိက်၌ ယင်းသုခဝေဒနာ, ဥပေက္ခာဝေဒနာတို့ကို မဟောရသေးသည်မဟုတ်၊ ဟောပြီးသည်သာဖြစ်၏။ (ပဋိ+ပါ) ယင်းသို့ဟောပြီးသည်သာဖြစ်သော ဖြစ်သောကြောင့် (ဟိတ်) ဤပီတိတိက်၌ သုခဝေဒနာ, ဥပေက္ခာဝေဒနာမှ တစ်ပါးသောတရားကိုသာဟောတော်မူသင့်၏။ (အနု+ရော) ဤပီတိတိက်၌ သုခဝေဒနာ, ဥပေက္ခာ ဝေဒနာတို့ကို ထပ်၍ မဟောသင့်။ (ပဋိ+ရော) ယင်းသို့မဟောသင့်ဘဲလျက် အဘယ်၏အစွမ်းဖြင့်၊ ဝါ–အဘယ်ကြောင့် ဤပီတိတိက်၌ သုခဝေဒနာ, ဥပေက္ခာဝေဒနာကို ထပ်၍ ဟောတော်မူပါသနည်း။ (ဒေါသတင်တူပြီ)–ကြောင့် စ–ဝါကျမိန့်။(ဒေါသချ၍ အဓိပ္ပါယ်ပြန်လေ)

ဒေါသပယ်။ ပုရုတ္တိဒေါသ၊ နိရတ္ထကဒေါသပယ်သည်။

ပီတိကင်းသောသုခ၏ ပီတိနှင့်တကွဖြစ်သောသုခမှ ထူးသောသဘောကို ပြခြင်း၏ အစွမ်းဖြင့် ဤပီတိတိက်ကိုဟောသောကြောင့် မြတ်စွာဘုရားအား ပုနရုတ္တိဒေါသ၊ နိရတ္ထကဒေါသမရောက် ကင်းစင်ပျောက်၏ဟူလို။

---

## (၄) ဝိဂ္ဂဟာဒိ

**ပီတိ**။ သမ္ပယုတ္တဓမ္မေ ပီဏယတီတိ ပီတိ။ ဠ၊ ၁၅၈။

ယာဓမ္မဇာတိ၊ သည်။ သမ္ပယုတ္တဓမ္မေ၊ တို့ကို။ ပီဏယတိ၊ နှစ်သက် စေတတ်၏။ ဣတိ သာ ဓမ္မဇာတိ ပီတိ။ ဟေတုကတ္တုသာဓန။ ပီဓာတ်+တိပစ္စည်း။

၁။ ပီဓာတ်၏အရ သုဒ္ဓကတ္တုဋ္ဌ... သမ္ပယုတ္တဓမ္မတို့၏ဥပါဒ်သည်မှချ။

၂။ ဟေတုကတ္တုဋ္ဌ... ထိုအားတပ်သောပီတိ၏ သဟဇာတာဒိပစ္စယသတ္တိသည် ဖလူပစာ။

၃။ တိ.. ကား ထို–ဖြင့်မှတ်အပ်သော ပီတိရ၏။

http://www.dhammadownload.com



## ပစ္စည်းပြိုင်

အန္တတ္ထ၊ ဓာတွတ္ထ၊ ကတ္တုဗ္ဗအရ သမ္ပယုတ္တဓမ္မအား ဗာဟျတ္ထ၊ ပစ္စတ္တအရ ပီတိ-က သဟဇာတမျိုးဖြင့် ကျေးဇူးပြု။

ပြိုင်။ သဟကြီး-၄၊ အညမည၊ သမ္ပယုတ္တ၊ ဝိပါက-သဟလတ် -၃၊ ဈာန-သဟငယ်-ပေါင်း ၈-ပစ္စယ။

ကေပ္ပါဒါဒီ။ ဥပ္ပဇ္ဇနံ ဥပ္ပါဒေါ။ ကော ဥပ္ပါဒေါ ကေပ္ပါဒေါ။ ကေပ္ပါဒေါ အာဒိ ဧတေသန္တိ ကေပ္ပါဒါဒီ။

ဧတေသံ၊ ထိုကေနိရောဓ, ကောလမ္ဗဏ, ကောဝတ္ထုကတို့အား။ ကေပ္ပါဒေါ၊ ကေပ္ပါဒဟု ဆိုအပ်သော။ အာဒိ၊ အစသည်။ အတ္ထိ၊ ရှိ၏။ ဣတိ တေ ကေပ္ပါဒါဒီ၊ ကေပ္ပါဒါဒီ-မည်ကုန်၏။ ဗဟုဗ္ဗီဟိသမာသ်။ ကေပ္ပါဒ+ အာဒိ+ဧတေ။

၁။ ကေပ္ပါဒ+အာဒိအရကား-တူသောဖြစ်ခြင်းဟုဆိုအပ်သော အစသည် မှချ။

၂။ ယင်း၏ ကေနိရောဓ, ကောလမ္ဗဏ,ကေဝတ္ထုကတို့နှင့် အာဒိ, အာဒိဝန္တစပ် ဋ္ဌာနူပစာ။

၃။ ဧတ-အရ ကေပ္ပါဒ အစရှိသော ကေနိရောဓ, ကောလမ္ဗဏ,ကေဝတ္ထုက ရ၏။

သုခဒုက္ခာကာရ။ သုခေါ ဣဋ္ဌော အာကာရော ကောဋ္ဌာသော သုခါကာရော။ ဒုက္ခော အနိဋ္ဌော အာကာရော ကောဋ္ဌာသော ဒုက္ခာကာရော။ သုခါကာရောစ ဒုက္ခကာရောစ သုခဒုက္ခာကာရော။ (ရှေးသုခါကာရပုဒ်၌ အာကာရဟူသောပုဒ်ကျေ)

သုခဒုက္ခာကာရပဝတ္တိ။ သုခဒုက္ခာကာရာနံ ပဝတ္တိ သုခဒုက္ခာကာရပဝတ္တိ။ (ဆဋ္ဌီတပ္ပုရိသ်)

တစ်နည်း။ အာရမ္မဏာသု သုခဒုက္ခာကာရဝသေန ပဝတ္တိ သုခဒုက္ခာကာရပဝတ္တိ။ (တတိယာတပ္ပုရိသ်)

မဇ္ဈတ္တာကာရော။ သုခဒုက္ခာနံ မဇ္ဈေ ဌိတော အတ္တာ သဘာဝေါ မဇ္ဈတ္တော။ မဇ္ဈတ္တော အာကာရော ကောဋ္ဌာသော မဇ္ဈတ္တာကာရော။

မဇ္ဈတ္တာကာရသဏ္ဌိတာ။ မဇ္ဈတ္တာကာရေ သဏ္ဌိတာ မဇ္ဈတ္တာ ကာရသဏ္ဌိတာ။ (သတ္တမီတပ္ပုရိသ်)

မဇ္ဈတ္တာကာရသဏ္ဌိတတ္တာ။ မဇ္ဈတ္တာကာရသဏ္ဌိတာယ ဘာဝေါ မဇ္ဈတ္တာကာရ-သဏ္ဌိတတ္တံ။ (ပြည်သျှ-ကြည့်)

နိပ္ပီတိက။ ပီတိတော ဝိရဟံ နိပ္ပီတိ။ (ဘာဝ+အဘာဝစပ်) နိပ္ပီတိဝေ နိပ္ပီတိကံ။ ပီတိမှကင်းသော (သုခသ စပ်)

http://www.dhammadownload.com



တစ်နည်း။ နတ္ထိ ပီတိ ဧတဿ သုခဿာတိ နိပ္ပီတိကံ။ ပီတိမရှိသော။ (သုခဿစပ်)

မှတ်ချက်။ နိပ္ပီတိကသုခ= သုခသဟဂုတ်ကာယဝိညာဏ်,စတုတ္ထဈာန် ကေဒသဉ်ရှိသော သုခ။

သပ္ပီတိကံ။ ပီတိယာ သဟ ယံဝတ္တတီတိ သပ္ပီတိ။ သပ္ပီတိဧဝ သပ္ပီတိကံ။ ပီတိနှင့် တကွဖြစ်သော (သုခ စပ်) (သ–သဟတ္ထ။)

တစ်နည်း။ သံဝိဇ္ဇတိ ပီတိ ဧတဿာတိ သပ္ပီတိကံ။ ပီတိရှိသော။ (သုခစပ်) (သ–သံဝိဇ္ဇမာနတ္ထ)

မှတ်ချက်။ ပီတိသဟဂုတ်စိတ် ၅၁–ခု၌ ရှိသောသုခ။

---

## (၆) အာဘောဂနှင့် သံဝဏ္ဏနာ

က–ဝါကျ၌ ကေဝ္ပါဒါဒိဘာဝံ–ဖြင့် –ဂတာ–၌ ဂမုဓာတ်သည် ဖြစ်ခြင်း (ပဝတ္တိ) အနက်ကို မဟော၊ ရောက်ခြင်း(ပတ္တိ=ပါပုဏန)အနက်ဟောသည်ကိုလည်းကောင်း၊[၁] (တနည်း) ဂတာ သဒ္ဒါသည်ဖြစ်ခြင်း(ပဝတ္တိ)အနက်ကိုမဟော၊ ရောက်ခြင်း (ပတ္တိ=ပါပုဏန) အနက်ကို ဟောသည်ကို လည်းကောင်း၊[၂] ဂတာ–ပုဒ်ကို ကေဝ္ပါဒါဒိဘာဝံ ဂစ္ဆန္တိ ပါပုဏန္တီတိ ဂတာ–ဟု ကတ္တုသာဓန ဝစနတ္ထပြုရမည်ကိုလည်းကောင်း၊[၃] တပစ္စည်း၏ ကတ္တုသာဓနေ၌ သက်သည်ကိုလည်းကောင်း[၄] သိစေပါသည်။ ၁။ ဒုတိယဓာတွတ္ထ။ တနည်း နာမလိင်္ဂတ္ထ။ ၂။ အဘိဓာနတ္ထ။ ၃။ ဒုတိယပစ္စတ္ထ။

အာဘော်ရှင်းလင်းချက်။ ဘူမိ ဂတော ဘူမိဂတော၌ ဘူမိဟူသော ဒုတိယန္တပုဒ်ကို ထောက်၍ ဂတောကို ဂစ္ဆတီတိ ဂတော–ဟု ကတ္တုသာဓ်ပြုရသည်။ ဂတောဟူသော ကတ္တုသာဓန ပုဒ်ကိုထောက်၍ "ကတ္တုသာဓန၊ နောက်ပုဒ်ပြ၊ ရှေ့ကပုဒ်နှင့် ဒုတိယာတပ္ပုရိသ်သမာသ်တွဲ မြဲ" နိယံအရ ဘူမိနှင့် ဂတ–ဒုတိယာတပ္ပုရိသ်တွဲသကဲ့သို့၊ ဘူမိ ကံပုဒ်ကို ထောက်၍ ဂတောကို ဂစ္ဆတီတိ ဂတော–ဟု ကတ္တုသာဓ်ကြသည်။ ထို့အတူ ဤ၌ ကေဝ္ပါဒါဒိဘာဝံ ကံပုဒ်ဖြင့် ဂတာပုဒ်ကို ကတ္တုသာဓ်ကြ၍ အာဘော်ဖေါ်သည်။

✝ ယေသံ ဓာတူနံ ဂတိ အတ္ထော ဗုဒ္ဓိပိ တေသံ အတ္ထော၊ ပဝတ္တိပါပုဏနာနိပိ။(နီတိ၊ဓာတု)

က–ဝါကျ၌ ပီတိယာ သဟ ဂတာ–ဖြင့် သဟပုဒ်နှင့်ဂတာပုဒ်ကို သဟ ဂတာ သဟဂတာ– ဟု ပါဒိပုဗ္ဗပဒ ကမ္မဓာရယ်သမာသ်ဝစနတ္ထ ပြုရမည်ကိုလည်းကောင်း၊[၁] ပီတိနှင့် သဟဂတာပုဒ်ကို ပီတိယာ သဟဂတာ ပီတိသဟဂတာ ဟု တတိယာတပ္ပုရိသ် သမာသ် ဝစနတ္ထပြုရမည်ကိုလည်း ကောင်း[၂] သိစေသည်။

၁။ အဘိဓာနတ္ထ။ သမာသလိင်္ဂပဒတ္ထ။၂။ အဘိဓာနတ္ထ။ သမာသလိင်္ဂပဒတ္ထ။

မှတ်ချက်။ ။ ပီတိပုဒ်နှင့်သဟဂတာပုဒ် သဟယောဂ+သဟယောဂဝန္တစပ်။

ခ–ဝါကျဖြင့် ပီတိသဟဂတဟူသည် ပီတိသမ္ပယုတ္တပင်တည်းဟု သိစေသည်။(ဘာဝတ္ထ)

http://www.dhammadownload.com



ဂ-ဝါကျဖြင့် သုခသဟဂတာ ဥပေက္ခာသဟဂတာ-ပုဒ်၂-ခုအပေါင်း၌လည်း ပီတသဟဂတာအဖွင့်အတိုင်း။ (၁)သုခါယ သဟ ဧကုပ္ပါဒါဒိဘာဝံ ဂတာတိ သုခသဟဂတာ။ သုခသမ္ပယုတ္တာတိ အတ္ထော။ (၂) ဥပေက္ခာယ သဟ ဧကုပ္ပါဒါဒိဘာဝံ ဂတာတိ ဥပေက္ခာသဟဂတာ၊ ဥပေက္ခာသမ္ပယုတ္တာတိ အတ္ထော-ဟူသော သဒ္ဒတ္ထ၊ အဓိပ္ပါယတ္ထတို့ကိုညွှန်ပြသိစေသည်။(ဘာဝတ္ထ)

ဃ-ဝါကျဖြင့် ဥပေက္ခာပုဒ်ကို ဥပေက္ခတီတိ ဥပေက္ခာ-ဟု ဝစနတ္ထပြု၍ ဥပေက္ခာအရ အဒုက္ခမသုခဝေဒနာဟူသော ဝေဒနုပေက္ခာကိုသာယူရမည်။(အန္ဝယ) တတြမဇ္ဈတ္တုပေက္ခာ ဆဠင်္ဂုပေက္ခာ၊ ဗြဟ္မဝိဟာရုပေက္ခာ စသည်ကိုမယူရ ဟုသိစေသည်။ (အဘိဓေယျတ္ထ)

မှတ်ချက်။ ဥပေက္ခာ ၁၀-ပါးသရုပ်ကို ဤအဋ္ဌကထာ ၂၁၆-ကြည့်။

င-ဝါကျ၌ ဥပေက္ခတိ ဖြင့် ဥပေက္ခာ-၌ ဏပစ္စည်း၏ ကတ္တုသာဓနေ၌သက်သည်ကို လည်းကောင်း၊[၁] ဥပေက္ခတီတိ ဥပေက္ခာ-ဟုကတ္တုသာဓနဝစနတ္ထ ပြုရမည်ကို လည်းကောင်း[၂] သိစေသည်။ ၁။ ဒုတိယပစ္စယတ္ထ။ ၂။ အဘိဓာနတ္ထ။

မှတ်ချက်။ ။ မဇ္ဈတ္တာကာရေ-လ-ပဝတ္တတိ ဝါကျနှင့် စ-ဝါကျတို့ဖြင့် အဓိပ္ပါယ်ဖွင့်သည်။ ဘာ...တ္တသံဝဏ္ဏနာ။

---

## (၇) ဥပသဂ္ဂနိပါတတ္ထ

### သေသဒ္ဒယေဝ ၌ ဝိ(အပိ)

နကေဝလံ ပီတိသဟဂတာတိ ပဒသ္သ ပီတိယာ သဟ-လ-ပီတိ သမ္ပယုတ္တာတိ အတ္ထော ဝေဒိတဗ္ဗော။ အထခေါ သေသပဒဒ္ဒယေပိ - ၁။ သုခါယ-လ- အတ္ထော။ ၂။ ဥပေက္ခာယ-လ- အတ္ထော ဝေဒိတဗ္ဗော။ (ဂ)-ဝါကျ အာဘော်ကို ပြန်ကြည့်၍ ပေယျာလဖော်ပါ။

### ဓဿဝနယော

၁။ ပီတိယာ သဟ-လ-အတ္ထော ဟူသောနည်းသည် ဂဟေတဗ္ဗတ္ထ။

၂။ တစ်ပါးသော တိက်၌ဖွင့်အပ်သောနည်းသည် နိဝတ္တေတဗ္ဗတ္ထ။

၃။ ပီတိယာ-လ-အတ္ထောဟူသောနည်း၏ သဒ္ဒအတ္ထ ယုတ္တိဂုဏ်သည် အနုညာတတ္ထ။

### ပဒဒ္ဒယမေဝ-၌ ဧဝ

၁။ ဝေဒနာတိက်မှ သုခါယဝေဒနာယ သမ္ပယုတ္တာ ဓမ္မာ၊ အဒုက္ခမသုခါယဝေဒနာယ သမ္ပယုတ္တာ ဓမ္မာ-သည် ဂဟေတဗ္ဗ။

၂။ ဝေဒနာတိက်မှ ဒုက္ခာယဝေဒနာယ သမ္ပယုတ္တာ ဓမ္မာ သည် နိဝတ္တေဗ္ဗ။

၃။ ဝေဒနာတိက်မှ သုခါယ-စသော ၂ ...ဒ်၏ ပီတိတိက်ပြည့်စေခြင်းဂုဏ်သည် အနုညာတ။

http://www.dhammadownload.com



## (၉) ကြိယာငါးတန်

၁။ ပီတိ အရ သမ္ပယုတ်တရားတို့ကိုနှစ်သက်စေတတ်သောသဘောသည် ဒသာနတ္ထ။

၂။ ပီတိ၏အာရုံဖြစ်သော ဣဋ္ဌာရုံ၊ အတိဣဋ္ဌာရုံသည် ဒီပကတ္ထ။

၃။ ကာယပဿဒ္ဓိ၊ စိတ္တပဿဒ္ဓိသည် ပကာသနတ္ထ။

၄။ နုသောပီတိဟူသော ပါမောဇ္ဇသည် ဝိဘာဝတ္ထ။

၅။ သုခ သမာဓိ ယထာဘူတဉာဏ်–လ–နိဗ္ဗာန်တိုင်အောင်သော အကျိုး–အနုဘာဝတ္ထ။

သတိပြု။ ဂဟေတွာ ဝုတ္တော–ကတ္တားကား ဘဂဝတာ။ အရကား–မြတ်စွာဘုရား။ အတ္ထတ္ထ အရကား ဒေသနာဉာဏ်ယူထုတ်။

## (၁၀) ပစ္စည်းပြိုင်

ပီတိသဟဂတာ၊ ပီတိသမ္ပယုတ္တာတို့၌ ပီတိပစ္စည်းက သဟဂတာ၊ သမ္ပယုတ္တာအရ ပီတိသဟဂုတ်စိတ်–၅၁–ခု၊ စေတသိက် ဆစတ္တာလီသတို့အား သဟကြီး–၄၊ အညမည၊ သမ္ပယုတ္တ၊ ဝိပါက သဟလတ်–၃၊ ဈာန သဟငယ်–၁။ သဝိပါကဖြစ်အံ့ ၎င်း–၈–ပစ္စည်း၊ အဝိပါကဖြစ်အံ့ ဝိပါကနုတ် ၇–ပစ္စည်းပြိုင်။

 င–ဝါကျ၌ သာ–အရ အဒုက္ခမသုခဝေဒနာပစ္စည်းတရားက ဥပေက္ခတိ–အရ ဥပေက္ခာ–သဟဂုတ်စိတ္တုပ္ပါဒ်ပစ္စယုပ္ပန်တရားအား သဟကြီး–၄၊ အညမည၊ သမ္ပယုတ္တ၊ ဝိပါက–သဟလတ်–၃၊ ဣန္ဒြိယ၊ ဈာန–၉–ပစ္စည်း။

စ–ဝါကျ ပဒဒွယအရ သုခါယဝေဒနာယစသော ပုဒ်နှစ်ခုတို့၏အပေါင်းဟူသော ဝစီဘေဒ သဒ္ဒအာရုံပစ္စည်းတရားက ဂဟေတွာအရ ဒေသနာဉာဏ်ပစ္စယုပ္ပန်တရားအား အာရမ္မဏ–၁–ပစ္စည်းဖြင့် ကျေးဇူးပြု။

စ–ဝါကျ၌ နိပ္ပီတိကသုခပစ္စည်းတရားက သပ္ပီတိကသုခ ပစ္စယုပ္ပန်တရားအား ပကတူပနိဿယဖြင့်ကျေးဇူးပြု။

(က) ဒသာနေနာတိ သောတာပတ္တိမဂ္ဂေန။ (ခ) သော ဟိ ပဌမံ နိဗ္ဗာနံ ဒဿနတော "ဒဿနန္တိ"တိ ဝုတ္တော။ (ဂ) ဂေါတြဘု ပန ကိဉ္စာပိ ပဌမတရံ နိဗ္ဗာနံ ပဿတိ။ (ဃ) ယထာ ပန ရညော သန္တိကံ ကေနစိဒေဝကရဏီယေန အာဂတော ပုရိသော ဒူရတောဝ ရထိကာယ စရန္တံ ဟတ္ထိက္ခန္ဓဂတံ ရာဇာနံ ဒိသွာပိ "ဒိဋ္ဌော တေ ရာဇာ"တိ ပုဋ္ဌော ဒိသွာပိ ကတ္တဗ္ဗကိစ္စဿ အကတတ္တာ "နပဿာမိ"တိ အာဟ၊ ဧဝမေဝနိဗ္ဗာနံ ဒိသွာပိ ကတ္တဗ္ဗဿ ကိလေသပ္ပဟာနဿာဘာဝါ န "ဒဿန" န္တိ ဝုစ္စတိ။ (စ) တဉှိ ဉာဏံ မဂ္ဂဿ အာဝဇ္ဇနဋ္ဌာနေ တိဋ္ဌတိ။ (ဋ္ဌ၊ ၈၅–၈၆)

**အနက်ယောဇနာ**

က–ဝါကျ။ ဒဿနေနာတိ၊ ကား။ သောတာပတ္တိမဂ္ဂေန၊ သည်။ (ပါဠိတော်–ပဟာတဗ္ဗာ၌စပ်)။

http://www.dhammadownload.com



ခ–ဝါကျ။ ဟိ–သစ္စာ၊ မှန်၏။

တစ်နည်း။ ခ–ဝါကျ အကြောင်း အကျိုး၊ အရင်းအမြား၊ အပြန် အလှန်ယောဇနာပုံ–

ကသ္မာ၊ အဘယ့်ကြောင့်။ ဒဿနေနာတိပဒဿ၊ ဒဿနေနဟူသောပုဒ်၏။ သောတာပတ္တိ–မဂ္ဂေနာတိ အတ္ထော၊ သောတာ ပတ္တိမဂ္ဂေနဟူသောအနက်ကို။ သံဝဏ္ဏိတော၊ ဖွင့်အပ်သနည်း။ ဟိ ယသ္မာ၊ အကြင်ကြောင့်။ သော၊ ထိုသောတာပတ္တိမဂ်ကို(ဝုတ္တော၌စပ်)။ ပဌမံ၊ ရှေး ဦးစွာ။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ အာရမ္မဏကရဏဝသေန၊ အာရုံပြုသည်၏ အစွမ်းဖြင့် (ယင်းဖြင့် နိဗ္ဗာနပဋိဝိဇ္ဈနဝသေန–ကရိုဏ်းကို နစ်စေသည်)။ ဒဿနတော၊ မြင်တတ်သောကြောင့်။ "ဒဿန"န္တိ ဝုတ္တော။ တသ္မာ ဒဿ နေနာတိပဒဿ သောတာပတ္တိမဂ္ဂေနာတိ အတ္ထော ဝုတ္တော။ သံဝဏ္ဏိတော။

## ဝါကျခွဲ၊ ကျမ်းတက်၊ ဒေါသပယ်

ခ–ဝါကျ။ ယုတ္တိဒဋ္ဌိကရဏ၊ ဝါ–နာမလာဘဟေတု၊ ဝါ– ကာရဏ။ ထို–၍ က–ဝါကျကား ယုတ္တိဒဋ္ဌိယ၊ ဝါ–ဖလ။

## ခ–ဝါကျ ဋ္ဌပနာတိကကျမ်းတက်

ဆရာ၊ ဆရာသည် က–ဝါကျဖြင့် ဒဿနအရ သောတာပတ္တိမဂ်ကို ယူရသောဟု ဆိုတော်မူ၏။ သောတာပတ္တိမဂ်ကို အဘယ်ကြောင့် ဒဿနဟုဆိုအပ်ပါသနည်း။ သောတာပတ္တိမဂ်ကို ဒဿနဟုဆိုရခြင်းအကြောင်း နာမလာဘဟိတ်ကိုမပြဆိုပြီလော–ကြောင့်–ခ–ဝါကျမိန့်။

## ခ–ဝါကျ ထပနာပဋ္ဌကကျမ်းတက်

ဆရာ၊ ဆရာသည် က–ဝါကျဖြင့်–လ–ဆိုတော်မူ၏။(တူပြီ) ထိုသို့သာဆိုချေသော် (ဒေါသလက္ခဏ၊ ဝါ– လက္ခဏအရစိ) ဒဿနသဒ္ဒါ၏ နာမလာဘဟိတ်၊ ဝါ–ဒဿနမည်ခြင်း၏ အကြောင်းမရှိဟူသော အနက်ရောက်ရာသည်မဟုတ်ပါလော (အာဘော်)၊ ယင်းသို့ရောက်ရာသော ကြောင့်(ဟိတ်)၊ဒဿနသဒ္ဒါအရကိုသာမဆိုသင့် (ရှေ့ပယ်ထပနာပဋိက္ခေပ)၊ ဒဿန သဒ္ဒါ၏နာမ–လာဘဟိတ်ကိုလည်းဆိုသင့်၏(အန္ဝယ)၊ ဒဿနသဒ္ဒါ၏ နာမလာဘဟိတ်ကား အဘယ်နည်း–ကြောင့်–ခ–ဝါကျမိန့်။

ဂ–ဃ–ဝါကျကား ဝါကျာရမ္ဘဝါကျ။ ထို–၍–ခ–ဝါကျကား အာရဒ္ဓဝါကျ။ ထိုတွင်–ဂဝါကျကား စောဒကာဘောဂဝါကျ၊ ဝါ–သမ္ဘာ ဝနာဝါကျ။

င–ဝါကျတွင် နိဗ္ဗာန်–လ–ဝုစ္စတိကား ဂရဟာဝါကျ။ ဃ–ဝါကျတွင် ယထာ ပန ရညော–လ–နပဿာမီတိ အာဟ–ကား ဥပမာနဝါကျ၊ င–ဝါကျကား ဥပမေယျဝါကျ။

## ဂ–ဝါကျနည်းထုံးကျကျကျမ်းတက်

ဆရာ၊ ဆရာသည် ခ–ဝါကျဖြင့် ထိုသောတာပတ္တိမဂ်သည်၊ ဝါ–ကို ရှေးဦးစွာ နိဗ္ဗာန်ကို မြင်သောကြောင့် ဒဿနံ ဟုဘုရားရှင်ဟောတော်မူအပ်သောဟုဆို တော်မူ၏ ။(ထပနာ)

http://www.dhammadownload.com



ဂေါတြဘူသည် သောတာပတ္တိမဂ်မှ၊ဝါ–၏ ရှေးဦးစွာ နိဗ္ဗာန်ကိုမြင်သည် မဟုတ်လော (အာဘော်)။ ယင်းသို့ ဂေါတြဘူသည် သောတာပတ္တိမဂ်မှ၊ မဂ်၏အထူးသဖြင့် ရှေးဦးစွာမြင်ပါလျက် အဘယ်ကြောင့် သောတာ–ပတ္တိမဂ်ကိုဒဿနံဟု ဟောတော်မူအပ်ပါသနည်း(အန္ဒယပုစ္ဆာ)။ ဂေါတြဘူကို ဒဿနံဟုဟောတော် မမူအပ် ပါသနည်း (ဗျတိရေကပုစ္ဆာ)ကြောင့်–ဂ–မိန့်။

## ဂ–ဝါကျပါပနာဒိကျမ်းတက်

ဆရာ၊ ဆရာသည် ခ–ဝါကျဖြင့် ထိုသောတာပတ္တိမဂ်သည်၊ ဝါ–ကို ရှေးဦးစွာနိဗ္ဗာန်ကို မြင်သောကြောင့် ဒဿနံဟုဘုရားရှင်ဟောတော်မူအပ်သောဟု ဆိုတော်မူ၏။ (ထပနာ) ထိုသို့သာ ဆိုချေသည်ရှိသော် (လက္ခဏာ အရုစိ) သောတာပတ္တိ မဂ်သည် သာရှေးဦးစွာနိဗ္ဗာန်ကိုမြင်၏၊ ဂေါတြဘူကား ရှေးဦးစွာနိဗ္ဗာန်ကိုမမြင်ဟူသော အနက်သည်ရောက်ရာ၏(အနု+ပါ)။စင်စစ်တမူကား ဂေါတြဘူသည်သာ နိဗ္ဗာန်ကို ရှေးဦးစွာမြင်၏(ပဋိ+ပါ)ယင်းသို့ ဂေါတြဘူသည်သာ နိဗ္ဗာန်ကို ရှေးဦးစွာမြင်သောကြောင့် (ရောပနာပါဒကဟိတ်) ဂေါတြဘူကိုသာ ဒဿနံဟုဟောတော်မူသင့်၏ (အနု+ရော)။ သောတာပတ္တိမဂ်ကိုကား ဒဿနံဟုဟောတော်မမူသင့်(ပဋိ+ရော)။ယင်းသို့ ဖြစ်လျှက် အဘယ့်ကြောင့် သောတာပတ္တိမဂ်ကိုဒဿနံဟု ဟောတော်မူအပ်ပါသနည်း (အန္ဒယ ပုစ္ဆာ)။ ဂေါတြဘူကို ဒဿနံဟုဟောတော်မမူအပ်ပါသနည်း (ဗျတိရေကပုစ္ဆာ) အကယ်၍ ဟောတော် မမူသင့်ဘဲလျက် ဟောတော်မူချေသော်၊ ဟောတော်မူသင့်လျက် ဟောတော်မမူချေသော် မြတ်စွာဘုရားအား သဒ္ဒ အတ္ထ ဆန့်ကျင်သော ဝိရောဓိဒေါသ သင့်ရောက်ရာ၏။ ဤသို့ ကြောင့် ဂေါတြဘူပနစသော ဂ–ဝါကျ ကိုမိန့်။

ကား– ဂေါတြဘူပနစသောဝါကျဖြင့် ဂေါတြဘူသည် သောတာပတ္တိမဂ်မှ၊ဝါ–၏ အထူးသဖြင့် ရှေးဦးစွာနိဗ္ဗာန်ကိုမြင်သော်လည်း ပြုအပ်ပြီးသော ကိလေသာပယ်ခြင်းကိစ္စ၏ မရှိခြင်းကြောင့် (ကိလေသာပယ်ခြင်းကိစ္စ မပြီးသေးသောကြောင့်) သောတာပတ္တိမဂ်ကိုသာ "ဒဿန" ဟုဟောတော်မူအပ်၏။(အန္ဒယ) ဂေါတြဘူကို ဒဿနံဟု ဟောတော်မမူအပ်။ (ဗျတိရေက)ဟု ငါပြဆိုသည်ဖြစ်ရကား သင်တင်တိုင်းသော သဒ္ဒ အတ္ထ ဆန့်ကျင်သော ဝိရောဓိဒေါသ မြတ်စွာဘုရား အား မရောက်၊ ဟောသင့်၏ ဟူလို။

စ–ဝါကျကား ကာရဏဝါကျ။ ဝါ–ယုတ္တိဒဋ္ဌိကရဏဝါကျ။

ထို–၍ ဃ–ဝါကျကား ဖလဝါကျ၊ ဝါ–ယုတ္တိဒဋ္ဌိယဝါကျ။

---

## ဝိဂ္ဂဟာဒိ

**ဒဿန**။ ။ ပဌမံ နိဗ္ဗာနံ ပဿတီတိ ဒဿနံ။

ယော သောတာပတ္တိမဂ္ဂေါ၊ ပဌမံ နိဗ္ဗာနံ ပဿတိ၊ ဣတိ သော ဒဿနံ။ ကတ္တုသာဓန၊ ဒိသဓာတ်+ယုပစ္စည်း။

၁။ ဒိသဓာတ်အရကား သောတာပတ္တိမဂ်၏ သကဒါဂါမိမဂ်စသည်တို့၏ရှေးဦးစွာ နိဗ္ဗာန်ကို မြင်တတ်သောသတ္တိ, လက္ခဏာ, သဘာဝရ၏

http://www.dhammadownload.com



၂။ ယုပစ္စည်းအရကား သတ္တိမန္တ, လက္ခဏဝန္တ, သဘာဝဝန္တဖြစ်သော သောတာပတ္တိမဂ်ရ၏။

## ဓာန်ဋီနည်း

၁။ ဒသ် ဟူသော သ ဟူသော န ဟူသော အစိတ်ပရမတ္ထသဒ္ဒါ သည် ဗျုပ္ပတ္တိ။

၂။ ယင်းဗျုပ္ပတ္တိ၏အကြောင်းဖြစ်သော ဒိသဓာတ်+ယုပစ္စည်းသည်လည်းကောင်း၊ ရှေးဦးစွာ နိဗ္ဗာန်ကိုမြင်ခြင်းကြိယာသည်လည်းကောင်း၊ ဗျုပ္ပတ္တိနိမိတ်။

၃။ ဒဿနဟူသောအပေါင်းပုညတ္တိသဒ္ဒါသည် ပဝတ္တိ။

၄။ ယင်းပဝတ္တိ၏အကြောင်းဖြစ်သော သောတာပတ္တိမဂ်တို့၏ တစ်ခုသည်–ဇာတ်သည် ပဝတ္တိနိမိတ်။

## ဘေဒစိန္တာဒီပနီနည်း

၁။ ပဌမံ နိဗ္ဗာနံ ပဿတိဟူသောဝိဂြိုဟ်ဝါကျသည် ဗျုပ္ပတ္တိ။

၂။ ယင်း ဗျုပ္ပတ္တိ၏အကြောင်းဖြစ်သော ဒိသဓာတ်+အပစ္စည်း+တိဝိဘတ်သည် လည်းကောင်း၊ ရှေးဦးစွာနိဗ္ဗာန်ကိုမြင်ခြင်းကြိယာသည်လည်းကောင်း ဗျုပ္ပတ္တိနိမိတ်။

၃။ ဒဿနံဟူသောပုဒ်ပြီးနိပ္ဖန္နသည် ပဝတ္တိ။

၄။ ထို ပဝတ္တိ၏အကြောင်းဖြစ်သော သောတာပတ္တိမဂ်တို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အချင်းအရာသည် ပဝတ္တိနိမိတ်။

---

## (၅) ဓာတုပစ္စယာဒိ

ဂေါတြဘု။ ကိတ်နာမ်ပုဒ်၊ ဥကာရန္တ၊ နပုံလိင်။ ရတ္တာဒိဂိုဏ်း၊ ပဌမာကေဝုစ် သိဝိဘတ်။

**မှတ်ချက်**။ ဂေါတြဘုကား ပုလ္လိင်၊ ဦကာရန္တ၊ ရတ္တာဒိဂိုဏ်း၊ ပုဂ္ဂိုလ်စသည်ဟော၏။ (နီတိ၊ ပဒ၊ ၁၀၆)။

၁။ ဂေါတြဘု=ကာမာဝစရဂေါတ္တံ အဘိဘဝတိ မဟဂ္ဂတဂေါတ္တဥ္စ ဘာဝေတိ နိဗ္ဗတ္တေတီတိ ဂေါတြဘု။ (ဈာနဝီထိ၌ ဂေါတြဘုကိုရ)

၂။ ဂေါတြဘု=ပုထုဇ္ဇန ဂေါတ္တံ အဘိဘဝတိ အရိယ ဂေါတ္တဥ္စ ဘာဝေတိ နိဗ္ဗတ္တေတီတိ ဂေါတြဘု။ (မဂ္ဂဝီထိ၌ ဂေါတြဘုကိုရ)။(နီတိ၊ ပဒ၊ ၁၀၆)။

ဂေါတ္တ။ ၁။ ဂေါသဒ္ဒူပပဒ+ တာဓာတ်+ အပစ္စည်း။

၂။ ။ ။ ။

၃။ ဂုပဓာတ် + တ–ပစ္စည်း။

✝ ၁။ ဂေါ ဝုစ္စတိ အဘိဓာနံ ဗုဒ္ဓိစ။ တေ တာယတီတိ ဂေါတ္တံ။

http://www.dhammadownload.com



၂။ ဂဝံ သဒ္ဒံ .. တာယတီတိ ဝါဂေါတ္တံ။ တာ ပါလနေ အ။

၃။ ဂေါပီယတီတိ ဝါဂေါတ္တံ။ ဂုပ ရက္ခဏေ သံဝရဏေ ဝါ တော။ (သူစိ)။

ပဉ္စမတရံ။ တဒ္ဓိတ်နာမ်ပုဒ်၊ အကာရန္တ၊ နပုလ္လိင်၊ စိတ္တာဒိဂိုဏ်း၊ ပဉ္စမာကေဝုစ်။ (ကြိ+ဝိ)။

ဒူရ။ ဒု+အ‌ုရ+ အ။ ကိတ်နာမ်ပုဒ်၊ အကာရန္တ၊ နပုလ္လိင်၊ စိတ္တာဒိ။

မှတ်ချက်။ သူစိ၌ ဒုက္ခေန အရတိ ယံ'တံ ဒူရံ၊ အရ ဂမဏေ အ-ဟုဆိုသည်။ အဝုတ္တကမ္မသာနေဝိဂြိုဟ်။ ဝုတ္တကမ္မသာနေဝိဂြိုဟ်ပြုလိုမူ- ဒုက္ခေန အရီယတေ ဂမီယတေတိ ဒူရံ-ဟု ဝိဂြိုဟ်ပြုလေ။

ရထိကာ။ ရထဿ ဟိတာ ရထိကာ။ ဣကော ဣတ္ထိယံ အာ။ ဟိတတဒ္ဓိတ်၊ နာမ်ပုဒ်၊ အာကာရန္တ၊ ဣတ္ထိလိင်၊ ကညာဒိဂိုဏ်း။

## ညသ်ကောက်

ရထဿ ဟိတာ ရထိကာ။ ရထဿ၊ရထား၏။ဟိတာ၊ အစီးအပွါးတည်း။ ရထိကာ၊ ရထား၏အစီးအပွါး။ ရထားလမ်း၊ ခရီးမ။ ဟိတတဒ္ဓိတ်၊ ရထပုဒ်၊ ဣကပစ္စည်း၊ အာပစ္စည်း။

၁။ ရထတဒ္ဓိတ်ပုဒ်အရ ရထားဒြပ်ရ၏။

၂။ ယင်း၏ လမ်းနှင့် ဌာနီ ဌာနစပ် ဌာနူ။•

၃။ ဣကပစ္စည်းအရ ထိုဖြင့်မှတ်အပ်သော လမ်း၊ဝါ-ခရီးမ ရ၏။

✝ ရစ္ဆာစ ဝိသိခါ ဝုတ္တာ၊ ရထိကာ ဗီထိစာပျထ(ဓာန်၊ ၂၀၂)။

စရန္တံ။ စရ+အန္တ။ ကိတ်နာမ်၊အကာရန္တ၊ပုလ္လိင်(ရာဇာနံစပ်) ဂစ္ဆန္တာဒိဂိုဏ်း၊ ဒုတိယာကေဝုစ်။

ဟတ္ထိံ။ တဒ္ဓိတ်နာမ်ပုဒ်၊ ဤကာရန္တ၊ ပုလ္လိင်၊ ရတ္တာဒိဂိုဏ်း၊ ခန္ဓနှင့် သမာသ်တွဲရာ၌ ဆင္ဂုန္တ။

မှတ်ချက်။ ရူ၊ နှာ၊ ၇၁-၌ ဟတ္ထီဟုဤကာရန္တရှိသည်။ ရူ၊ နှာ၊ ၂၄၃-ဒဏ္ဍာဒိတော ဣကဤ သုတ်၌လည်း ဆင်ဟော=ဟတ္ထီ ဟုရှိသည်။ သူစိ၌ "ဟတ္ထောသောဿောတံယောဂါဟတ္ထိ" ဟု ဣနှင့်ပါ၍ပျက်လျက်ရှိသည်။ တံယောဂါ ဟတ္ထီဟု ဤနှင့်ရှိသင့်သည်။ "ဟတ္ထောသောဿော (နှာမောင်းသည်) အဿ အတ္ထိတိ ဟတ္ထီဟု အဿတ္ထိတဒ္ဓိတ်ဝစနတ္ထပြုလေ။

ခန္ဓ။ ကိတ်နာမ်ပုဒ်၊ အကာရန္တ၊ ပုလ္လိင်၊ ပုရိသာဒိ၊ ဂတပုဒ်နှင့် သမာသ်တွဲရာ၌ သတ္တမျန္တကေဝုစ်။ (ပခုံးဟော ခန္ဓ)

ခန္ဓရုပ်ပြီးပုံ။ ၁။ က+ဓာ။ ကန္ဓ-ကကို ခပြု ခန္ဓ။

၂။ ခမုဓာတ်+ တပစ္စည်း၊ တကိုဓပြု၊ မကိုနပြု၊ ဝါ-နိဂ္ဂဟိတ်ပြု။

✝ သကံ မတ္ထကံ ဒဓာတီတိ ကန္ဓော။ သော ဓေ ခန္ဓော ကကာ ရဿ ခကာရော။ ခမတိ ဘာရမိတိ ခန္ဓော။ ခမု သဟနတော တဿ ဓော။ မဿ နော၊ နိဂ္ဂဟိတံဝါ(သူစိ)။

http://www.dhammadownload.com



**ဟတ္ထိကွန္ဓဂတ**။ ဟတ္ထိနော ခန္ဓေ ဟတ္ထိက္ခန္ဓော။ ဟတ္ထိက္ခန္ဓံ ဂတော ဟတ္ထိက္ခန္ဓဂတော ဟုတွဲ။

**အာဝဇ္ဇနံ**။ ။ အာပုဗ္ဗ+ဝဇ္ဇဓာတ်+ယုပစ္စည်း။ ဘဝင်္ဂစိတ္တံ အာဝဇ္ဇယတီတိ အာဝဇ္ဇနာ။ (အံ၊ဋီ၊၁၊၇၅)။ ဘဝင်္ဂသန္တာနတော အပနေတွာ ရူပါ ရမ္မဏစိတ္တသန္တာနံ အာဝဇ္ဇေတိ နာမေတီတိ အာဝဇ္ဇနံ။ (ပဋိသံ၊ဋ္ဌ၊၁၊၂၆၅)။

---

## (၆) အာဘောဂသံဝဏ္ဏနာ

က–ဝါကျ၌ သောတာပတ္တိမဂ္ဂေနဖြင့် ဒဿနအရ ဂေါတြဘုကို မယူရ၊ ပဌမံ နိဗ္ဗာနံ ပဿတီတိ ဒဿနံ ဟုဝစနတ္ထပြု၍ သောတာပတ္တိမဂ်ကိုယူရမည်ဟု သိစေသည်။(အဘိဓေယျတ္ထ)။

ခ–ဝါကျ၌ ပဌမံ နိဗ္ဗာနံ ဒဿနတောဖြင့် ဒဿနပုဒ်ကို ပဌမံ နိဗ္ဗာနံ ပဿတီတိ ဒဿနံ–ဟု ကတ္တုသာဓနဝစနတ္ထပြုရမည်ကိုလည်းကောင်း၊[၁] ယုပစ္စည်း၏ ကတ္တုသာဓန၌သက်သည်ကို လည်းကောင်း၊[၂] မြင်၏ဟူသည် သကဒါဂါမိမဂ်စသည်တို့၏ရှေးဦးစွာ နိဗ္ဗာန်ကိုမြင်သတည်းဟူသော အဓိပ္ပါယ်ကိုလည်းကောင်း[၂] သိရစေသည်။ ၁။ အဘိဓာနတ္ထ။ ၂။ ဒု–ပစ္စယတ္ထ။ ၃။ ဘာဝတ္ထ။

---

## (၇) ဥပသဂ္ဂနိပါတတ္ထ

ခ–ဝါကျ ဟိကား ဒဠှီကရဏဇောတက၊ ဝါ–ကာရဏဇောတက။ ဂ–ဝါကျ၌ ပနကား ဝါကျာရမ္ဘဇောတက၊ ကိဉ္စာပိကား သမ္ဘာဝနာဇော တက။ ဃ–ဝါကျ၌ ပနကား ဂရဟာဇောတက၊ ဝါ–ဝါကျာရမ္ဘဇောတက ။

### ဒူရတောဇေ

၁။ ဝေးသောအရပ်သည် ဂဟေတဗ္ဗ။

၂။ နီး သောအရပ်သည် နိဝတ္တေတဗ္ဗ။

၃။ ဝေးသောအရပ်၏ဒူရဘာဝဂုဏ်သည် အနုညာတတ္ထ။

### ရာဇာနံ ဒိသွာပိ

မင်းကို မြင်၍သော်လည်း နပဿာမိ =မမြင်ဟုပြောရသေး၏။ မင်းကို မမြင်မှုကား အဘယ်ဆိုဘွယ်ရာရှိအံ့နည်း။ ဂရဟာမူ။

မှတ်ချက်။ နိဗ္ဗာနံ ဒိသွာပိ၌လည်းဤနည်းတူဂရဟာယူလေ။

ခ–ဝါကျ ဟိသဒ္ဒါကား ဒဠှီကရဏဇောတက။

### သဗ္ဗနာမဝိသယတ္ထ

ခ–ဝါကျ၌ သောဝယ် တသဒ္ဒါကား ရှေ့ဝါကျရှိ သောတာပတ္တိမဂ္ဂ ဒြပ်ကိုစွဲသောကြောင့် ပက္ကန္တဝိသယ–တ။

စ–ဝါကျ တံကား ဉာဏ–ဟုအစွဲတင်းလင်းရှိသောကြောင့် ပသိဒ္ဓဝိသယ–တ။

http://www.dhammadownload.com



## (၉) ကြိယာငါးတန်

၁။ စ-ဝါကျတိဋ္ဌတိအရ ဂေါတြဘုဉာဏ်သည် ဒဿနတ္ထ။

၂။ ပရိကံ၊ ဥပစာ၊ အနုလုံ-ဟူသော ဥပစာရသမာဓိဇောသည် ဒီပကတ္ထ။

၃။ သောတာပတ္တိမဂ်သည်ပကာသနတ္ထ။

၄။ ပါရမီဉာဏ်၊ ဝိပဿနာဉာဏ်သည် ဝိဘာဝနတ္ထ(အကြောင်း)

၅။ သောတာပတ္တိဖိုလ်အစ နိဗ္ဗာန်တိုင်အောင်သော အကျိုးသည် အနုဘာဝတ္ထ။

မှတ်ချက်။ တိဋ္ဌတိအရ လက္ခဏာဒိစတုက္ကထုတ်ပါဟုမေးလျှင် "ပညာ" ယူ၍ ထုတ်ပါ။

## (၁၀) ပစ္စည်းပြိုင်

စ-ဝါကျ တံအရ ဂေါတြဘူ ပစ္စည်းတရားက မဂ္ဂဿ-အရ သောတာ ပတ္တိမဂ်ပစ္စယုပ္ပန် တရားအား အနန္တရမျိုးဖြင့်ကျေးဇူးပြုသည်။

ပြိုင်။ အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ အာသေဝန၊ နတ္ထိ၊ ဝိဂတ -၆-ပစ္စည်း။

ခ-ဝါကျ နိဗ္ဗာနံသည် ဒဿနတောအရ သောတာပတ္တိမဂ်အား အာရမ္မဏမျိုး။

ပြိုင်။ အာရမ္မဏ၊ အဓိပတိ၊ ဥပနိဿယ-၃-ပစ္စည်း။

ဂ-ဝါကျ ဂေါတြဘု၊ ဝါ-ပဿတိအရ ဂေါတြဘုအာရမ္မဏိက ပစ္စယုပ္ပန်တရားအား ရှေ့ဝါကျမှလိုက်လာသောနိဗ္ဗာန်ပစ္စည်းတရားက အာရမ္မဏ၊ အဓိပတိ၊ ဥပနိဿယ-၃-ပစ္စည်း။

ရာဇာနံ ဒိသွာ = အာရမ္မဏ၊ ပုရေဇာတ၊ အတ္ထိ၊ အဝိဂတ-၄-ပစ္စည်း။

### အဓိပ္ပါယ်မှတ်ဖွယ်

### နိဗ္ဗာနာရမ္မဏနှင့် နိဗ္ဗာနပဋိဝိဇ္ဈနအထူး

အားနည်းသောယောက်ျား၏ တောင်ဝှေးစသည်ကို ကိုင်သကဲ့သို့ စိတ်, စေတသိက်တို့၏ နိဗ္ဗာန်ကို အာရုံပြုကာမျှ ယူကာမျှသည် နိဗ္ဗာနာရမ္မဏမည်၏။

သမ္မာဒိဋ္ဌိဟုဆိုအပ်သောတစ်ခုသောမဂ္ဂင်၏ နိရောဓသစ္စာဟုဆိုအပ်သောနိဗ္ဗာန်ကို မျက်မှောက်ပြုလျက်ထိုးထွင်း၍သိခြင်းသည် နိဗ္ဗာနပဋိဝိဇ္ဈနမည်၏။ ဤကား အထူးတည်း။ (မင်းခင်း၊ ၂၇၄)။

---

(က) ဘာဝနာယာတိ သေသမဂ္ဂတ္တယေန။ (ခ) သေသမဂ္ဂတ္တယဉ္စ ပဌမမဂ္ဂေန ဒိဋ္ဌသ္မိံယေဝ ဓမ္မေ ဘာဝနာဝသေန ဥပ္ပဇ္ဇတိ။ (ဂ) အဒိဋ္ဌပုဗ္ဗံ ကိဉ္စိ န ပဿတိ။ (ဃ) တသ္မာ"ဘာဝနာ"တိ ဝုစ္စတိ။(င) တတိယပဒံ ဥဘယပဋိက္ခေပဝသေန ဝုတ္တံ။ ဋ္ဌ၊၈၆။

http://www.dhammadownload.com



## (၁) အနက်ယောဇနာ

ဘာဝနာယာတိ၊ ဟူသည်ကား။ သေသမဂ္ဂတ္တယေန၊ သောတာပတ္တိမဂ်မှ (သေသ၏ အပါဒါန်) ကြွင်းသောမဂ်တို့၏ သုံးခုတို့၏အပေါင်းသည် (ပါဠိတော်-ပဟာတဗ္ဗာ၌ ကတ္တားစပ်)။ ဟိ၊ မှန်၏။ တစ်နည်း။ ဟိယသ္မာ၊ ကြောင့်။ သေသမဂ္ဂတ္တယံ၊ ကို။ (တသ္မာနောက်ဝုစ္စတိ၌ကံစပ်) သေသမဂ္ဂတ္တယံ၊ သည်။ (ဥပ္ပဇ္ဇတိ၊ နပဿတိ၌ ကတ္တားစပ်)။

---

## (၂) ဝါကျခွဲစသည်

ခ-ဂ-၂-ဝါကျသည်(အန္ဝယ ဗျတိရေကအကြောင်း-၂-ပါးဖြင့် ခိုင်မြဲစေ တတ်သော ကြောင့်)ယုတ္တိဒဋ္ဌိကရဏဝါကျ၊ ဝါ-ကာရဏဝါကျ။ ထို-၍ က-ဝါကျကား (ယင်းအကြောင်း-၂-ပါးဖြင့် ခိုင်မြဲစေအပ်သောကြောင့်) ယုတ္တိဒဋ္ဌိယဝါကျ၊ ဝါ-ဖလဝါကျ။

ဒေါသပယ်။ ဒဋ္ဌိယ ဒဋ္ဌိကရဏ ဆန့်ကျင်သောဝိရောဓိဒေါသပယ်။

ခ-ဝါကျကား အန္ဝယ။ က-ဝါကျကားဗျတိရေက။

ဒေါသပယ်။ အန္ဝယ အကြောင်းကိုသာ ဖော်ပြ၍ ဗျတိရေက အကြောင်းကို မဖော်ပြလျှင် မပျံ့နှံ့ မပြည့်စုံ။ ၂-ပါးစုံကိုဖော်ပြသဖြင့် ပျံ့နှံ့ပြည့် စုံသည်။ သို့ဖြစ်၍ ခ၊ ဂ-တို့ဖြင့် အဗျာပိတာ၊ အပရိပုဏ္ဏဒေါသ ကိုပယ်သည်။

ဃ-ဝါကျကား လဒ္ဓဂုဏဝါကျ။ ထို-၍ ခ၊ ဂ-ဝါကျကား လဒ္ဓဂုဏိယ၊ ဝါ-ကာရဏဝါကျ။

ဒေါသပယ်။ အကျိုးမရှိခြင်း=နိရတ္ထကဒေါသပယ်။

✪ လဒ္ဓဂုဏ၊ ဟူလက၊ နိရတ္ထကဒေါသပယ်သတည်း။

### လဒ္ဓဂုဏဝါကျပါပနာဒိကျမ်းတက်

ဆရာ၊ ဆရာသည် ခ-ဝါကျဖြင့် ကြွင်းသော မဂ်သုံးခုတို့၏အပေါင်းသည် သောတာပတ္တိ မဂ် မြင်အပ်သည်သာလျှင်ဖြစ်သော သစ္စာလေးပါးတရား၌ တိုးပွါးစေသည်၏အစွမ်းဖြင့် ဖြစ်သောဟု ဆိုတော်မူ၏။ (ထပနာ) ထိုသို့သာဆိုချေသော်(လက္ခဏာအရစိ) အကျိုးတစ်စုံတစ်ခုမရှိဟူသော အနက်သည်ရောက်၏(အန+ပါ) စင်စစ်တမူကား အကျိုးတစ်စုံ တစ်ခုမရှိသည်မဟုတ်၊ ရှိသည်သာ ဖြစ်၏(ပဋိ+ပါ)ယင်းသို့ရှိသည်သာ ဖြစ်သောကြောင့် (ရောပနာပါဒကဟိတ်) ရအပ်သောအကျိုးကို ဆိုသင့်ဆိုတန်၏။(အန+ရော) ရအပ်သောအကျိုးကို မဆိုဘဲ မနေသင့်မနေတန်။ (ပဋိ+ရော) ရအပ်သော အကျိုးကား အဘယ်နည်း-ကြောင့် ဃ-ဝါကျမိန့်။

---

## (၄) ဝိဂ္ဂဟာဒိ

ဘာဝနာ။ ။ဘာဝေတိ ဝဍ္ဎေတီတိ ဘာဝနာ။ ယံ သေသမဂ္ဂတ္တယံ၊ သည်။ ပဌမမဂ္ဂေန၊ သည်။ ဒိဋ္ဌသ္မိံယေဝ ဓမ္မေ၊ ၌။ ဘာဝတေိ ဝဍ္ဎေတိ၊ တိုးပွားစေတတ်၏။ ဣတိ တံ မဂ္ဂတ္တယံ၊ သည်။ ဘာဝနာ၊ ဘာဝနာမည်၏။ ဟေတုကတ္တု သာဓန။ ဘူဓာတ်+ယုပစ္စည်း။ ကာရိုက်ကျေ။

http://www.dhammadownload.com



၁။ ဘူတာတ်အရ သုဒ္ဓကတ္တဋ္ဌ.ကား သောတာပတ္တိမဂ်သည် မြင် အပ်ပြီးသော သစ္စာ ၄-ပါးသည် မုချ။

၂။ ဟေတုကတ္တဋ္ဌ.ကား အထက်မဂ် ၃-ပါးတို့၏ အာရမ္မဏ ပစ္စယပွန္နဘောရ၏။

၃။ ယုပစ္စည်းအရ အထက်မဂ် ၃-ပါးရ၏။

မှတ်ချက်။ အန္တတ္ထ၊ ဓာတွတ္ထ၊ ဟေတုကတ္တဋ္ဌအရ သစ္စာ ၄-ပါးသည် အာရမ္မဏပစ္စည်း။ ပစ္စယတ္ထ၊ ဗာဟျတ္ထအရ အထက်မဂ် ၃-ပါးက အာရမ္မဏိကပစ္စယုပ္ပန်။ အာရမ္မဏမျိုး။ အာရမ္မဏ၊ အဓိပတိ၊ ဥပနိဿယ- ၃-မျိုးပြိုင်။

✝ ဘာဝနာဝသေနာတိ ဝဍ္ဍနဝသေန။ ပုနပ္ပုနံ နိဗ္ဗတ္တနဝသေနာတိ အတ္ထော။ (ယောဇနာ၊ ၆၂)

သေသမဂ္ဂတ္တယံ။ တိဏ္ဏံ သမူဟော တယံ။ သေသာ မဂ္ဂါ သေသမဂ္ဂါ။ သေသမဂ္ဂါနံ တယံ သေသမဂ္ဂတ္တယံ။ အဘေဒ ဘေဒစပ်။

ဓမ္မေ။ ။ ဓမ္မေတိ စတုသစ္စဓမ္မေ။ ယောဇနာ၊ ၆၂။

အဒိဋ္ဌပုဗ္ဗံ။ ။ပုဗ္ဗေ ဒိဋ္ဌံ ဒိဋ္ဌပုဗ္ဗံ။ န ဒိဋ္ဌပုဗ္ဗံ အဒိဋ္ဌပုဗ္ဗံ။

**ဥဠာရ**။ ဥဠဓာတ်+အာရ ပစ္စည်း။ ဥဠနံ ဥဂ္ဂမနံ ဝိပုလဂမနံ ဥဠာရံ။ ဥလ ဥဂ္ဂမနေ။ ဝဓာဒီဟိ သုတ်ဖြင့် အာရ ပစ္စည်းသက်။ သူစိ ။

**ဥဠာရစ္ဆန္ဒဝီရိယစိတ္တပညာ**။ ။ဥဠာရာ ဆန္ဒဝီရိယစိတ္တပညာ ဧတေသံ ပုဂ္ဂလာနန္တိ ဥဠာရစ္ဆန္ဒဝီရိယစိတ္တပညာ။(တေဟိ) (ဂုဏ်+ဂုဏေးစပ်) ယောဇနာ၊ ၆၄။

**ပမာဏ**။ ။ ပ-ပုဗ္ဗ+မာဓာတ်+ယုပစ္စည်း၊ ပမိနာတီတိ ပမာဏံ။ ပမိနန္တိ ဧတေနာတိ ဝါ ပမာဏံ။

မှတ်ချက်။ ပမာဏကရာ၌ ပမာဏကိုကား ပမိယတေတိ ပမာဏံ -ဟု ဘာဝသာဓနေပြု၊ နှိုင်းယှဉ်ခြင်း-ဟုအနက်ပေး။

http://www.dhammadownload.com



## (၆) အာဘောဂ သံဝဏ္ဏနာ

က–ဝါကျ၌ မဟန္တဘာဝံဂတာ–ဖြင့် မဟဂ္ဂတာ–၌ မဟာသဒ္ဒါ၏ မဟန္တသဒ္ဒါ၏ ကာရိယ၏ အဖြစ်ကို လည်းကောင်း၊[၁] မဟန္တပုဒ်နောက်၌ ဘာဝပုဒ်ကျေသည်ကိုလည်းကောင်း၊[၂] ဝါ– မဟန္တ သဒ္ဒါ၏ ဘာဝပစ္စာန်ပုဒ်အဖြစ်ကိုလည်းကောင်း၊[၃] မဟန္တနှင့် ဂတာ–ကို မဟန္တ မဟန္တဘာဝံ ဂတာ မဟဂ္ဂတာ–ဟု ဒုတိယာတပ္ပုရိသ်သမာသ်ဝစနတ္ထပြုရမည်ကိုလည်းကောင်း၊[၄] (ယင်းဒုတိယာ တပ္ပုရိသ်ကို ထောက်၍) ဂတာပုဒ်ကို ဂစ္ဆန္တီတိ ဂတာ–ဟု ကတ္တုသာဓနေ ဝစနတ္ထ ပြုရမည်ကိုလည်း ကောင်း၊[၅] တ–ပစ္စည်း၏ ကတ္တုသာဓနေ၌ သက်သည်ကိုလည်းကောင်း[၆] သိစေသည်။

၁။ နာမလိင်္ဂပဒ။ ၂။ ဘာဝတ္ထ။ ၃။ ဘာဝတ္ထ။ ၄။ အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ။ ၅။ အဘိဓာနတ္ထ။ ၆။ ဒုတိယပစ္စတ္ထ။

က–ဝါကျ၌ ကမ္မကိလေသဝိက္ခမ္ဘန–စသောဟိတ် ၃–ချက်ဖြင့် ကိလေသာကို ခွာခြင်း၌ စွမ်းနိုင်သည်၏အဖြစ်ကိုလည်းကောင်း၊ကြီးကျယ် သောအကျိုးရှိသည်၏အဖြစ်ကြောင့် ရှည်သော သန္တာန်ရှိသည်၏အဖြစ်ကြောင့်လည်းကောင်း ကြီးမြတ်သည်၏ အဖြစ်သို့ ရောက်ကုန်သတည်းဟု သိစေသည်။ (ဘာဝတ္ထ)

**၁။ အနက်ယောဇနာ။** မဟဂ္ဂတာ၊ ကိလေသာကို–လ–သန္တာန်ရှိသည်၏ အဖြစ်ကြောင့် ကြီးမြတ်သည်၏အဖြစ်သို့ ရောက်ကုန်သော။(ဓမ္မာစပ်)

ခ–ဝါကျ၌ ဝါသဒ္ဒါဖြင့် အတ္ထန္တရကို သိစေသည်။ (ဘာဝတ္ထ)

ခ–ဝါကျ၌ မဟန္တေဟိ ဂတာ–ဖြင့် မဟာသဒ္ဒါ၏ မဟန္တသဒ္ဒါ၏ ကာရိယအဖြစ်ကိုလည်း ကောင်း၊[၁] မဟန္တနှင့် ဂတကို မဟန္တေဟိ ဂတာ မဟဂ္ဂတာ–ဟု တတိယာတပ္ပုရိသ် သမာသ်ဝစနတ္ထ ပြုရမည်ကိုလည်းကောင်း၊[၂] မဟာဂတာ–ဟုဆိုလိုလျက် ဒွေဘော်လာခြင်း၊ အာ–ကို အ–ရဿပြုခြင်း ဖြင့် မဟဂ္ဂတာ–ဟု ရုပ်ပြီးသည်ကိုလည်းကောင်း၊[၃] (တတိယာ တပ္ပုရိသ်ဝစနတ္ထကို ထောက်၍) ဂတာပုဒ်ကို ဂစ္ဆီယန္တေတိ ဂတာ–ဟု ကမ္မသာဓနေဝစနတ္ထ ပြုရမည်ကိုလည်းကောင်း၊[၄] တ–ပစ္စည်း၏ ကမ္မသာဓနေ ၌သက်သည်ကိုလည်းကောင်း[၅] သိစေသည်။

၁။ နာမလိင်္ဂပဒ။ ၂။ အဘိဓာနတ္ထ။ သမာသလိင်္ဂပဒတ္ထ။
၃။ သန္ဓိလိင်္ဂပဒ။ ၄။ အဘိဓာနတ္ထ။ ၅။ ဒုတိယပစ္စယတ္ထ။

### ခ–ဝါကျ၌ " ဝါ "သဒ္ဒါ

ဝါ–သဒ္ဒါဖြင့် မဟဂ္ဂတသဒ္ဒါ၏ဒုတိယာတပ္ပုရိသ်သမာသ်ဝစနတ္ထဟူသော အကြောင်း သကတ်၊ ဝါ–ဂုဏ် ဂုဏအဖြစ်ဖြင့်စပ်ခြင်း သမ္ဗန်သကတ်မှ တမျိုးတပါးသော တတိယာတပ္ပုရိသ် သမာသ်ဝစနတ္ထ–ဟူသော အကြောင်း သကတ်၊ ဝါ– သာဂကေ သာရျအဖြစ်ဖြင့်စပ်ခြင်း သမ္ဗန်သကတ်ဟူသောဗျုပ္ပတ္တိနိမိတ်အကြောင်းကို လဲလှယ် ပြလိုသောကြောင့် ဝါ–သဒ္ဒါ ထားရသည်။

http://www.dhammadownload.com



ဂ–ဝါကျ၌ ဥဋ္ဌာရ–လ–ပဋ္ဌေဟိ–ဖြင့် မဟန္တသဒ္ဒါ၏ မဟန္တဘောဂဂုဏ်ကား များမြတ်သော ဆန္ဒဝီရိယစိတ္တပညာပင်တည်း ဟူသောအဓိပ္ပါယ်ကိုလည်းကောင်း၊[၁] ယင်းများမြတ်သော ဆန္ဒဝီရိယ စိတ္တပညာဂုဏ်တို့ဖြင့်ပင် ပုဂ္ဂိုလ်၏မဟန္တအဖြစ်ကိုလည်းကောင်း၊[၂] မဟန္တအရ များမြတ်သော ပုဂ္ဂိုလ်ကိုယူရမည်ကိုလည်းကောင်း၊[၃] မဟန္တေဟိပုဒ်ကို မဟန္တီတိ မဟန္တာ–ဟု ကတ္တုစာဓနဝစ္စတ္ထပြုရမည်ကိုလည်းကောင်း၊[၄] အန္တပစ္စည်း၏ ကတ္တုသာဓန၌ သက်သည်ကိုလည်းကောင်း[၅] သိစေသည်။

၁။ ဘာဝတ္ထ။ ၂။ ဘာဝတ္ထ။ ၃။ အဘိဓေယျတ္ထ။

၄။ အဘိဓာနတ္ထ။ ၅။ ဒုတိယယပစ္စယတ္ထ။

မှတ်ချက်။ သံဝဏ္ဏေတဗ္ဗ မဟန္တ–ဟူသောကိတ်ပုဒ်ကို ဥဋ္ဌာရ–လ– ပဋ္ဌေဟိ–ဟူသော ဗဟုဗ္ဗီဟိဖြင့်ဖွင့်ပြသဖြင့် မဟန္တပုဒ်ကို ကတ္တုသာဓနကြံသည်။

✪ သံဝဏ္ဏေတဗ္ဗ၊ ကိတ်ပဒ၊ ဗဟုဗ္ဗီဟိနှင့် ဖွင့်၍ပြ၊ ကတ္တုသာဓနကြံစရာ။

ခ–ဝါကျ၌ ပဋိပန္နာ–ဖြင့် ဂတာ–၌ ဂမုဓာတ်သည် ပဝတ္တနဂတိ ဂမနဂတိ အနက်ကိုမဟော၊ ဉာဏဂတိအနက်ကိုဟောသတည်းဟု သိစေသည်။ (ဒုတိယဓာတွတ္ထ)

✝ ပဋိပန္နာတိ အဓိဂတာ။ ယောဇနာ၊ ၆၄။

## ပဋိပန္နာပဒ–၌ ပိ (အပိ)

မဟန္တဘာဝံဂတာ–ဟူသောဝစနတ္ထကြောင့်သာ မဟဂ္ဂတာမည်သည် မဟုတ်သေး၊ မဟန္တေဟိ ဂတာ–ဟူသော ဝစနတ္ထကြောင့်လည်း မဟဂ္ဂတာ–မည်၏ဟု ပေါင်း ဆည်းသည်။

## ဝိဂ္ဂဟာညသ်ကောက်

ဂစ္ဆိယန္တေ ပဋိပဇ္ဇိယန္တေတိ ဂတာ။

ယေဓမ္မာ၊ အကြင်မဟဂ္ဂုတ်တရား တို့ကို။ ပုဂ္ဂလေဟိ၊ တို့သည်။ ဂစ္ဆိယန္တေ ပဋိပဇ္ဇိယန္တေ၊ ကျင့်အပ် (ရအပ်= အဓိဂတာ–ကိုမျှော်)ကုန်၏။ ဣတိ တေ ဂတာ။ ကမ္မသာဓန၊ ဂမု+တ။

၁။ ဂမု–ကတ္တုဋ္ဌ–ပုဂ္ဂိုလ်တို့သန္တာန်၌ရှိသော များမြတ်သော ဆန္ဒ, ဝီရိယ, စိတ္တ, ပညာသည် မုချ။

၂။ ကမ္မဋ္ဌ– မဟဂ္ဂုတ်တရားတို့၏ သဟဇာတာဒိပစ္စယုပ္ပန္နဘောသည် ကာရဏူပစာ။

၃။ တပစ္စည်း– ထိုဖြင့်မှတ်အပ်သော မဟဂ္ဂုတ်တရားရ၏။

---

## ပစ္စည်းပြိုင်

အန္တတ္ထ၊ ကတ္တုဋ္ဌ၊ ဓာတွတ္ထ–အရ များမြတ်သော ဆန္ဒ ဝီရိယ စိတ္တ ပညာ ပစ္စည်းတရားက ဗာဟျတ္ထ၊ပစ္စယတ္ထ–မဟဂ္ဂုတ်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြု။

ပြိုင်။ သဟာကြီး ၄။ အညမည၊ သမ္ပယုတ္တ၊ ဝိပါက၊ ဟေတု၊ အဓိပတိ၊ အာဟာရ၊ ဣန္ဒြိယ၊ မဂ္ဂ– ၁၂–ပစ္စည်း။

http://www.dhammadownload.com



မဟန္တိတိ မဟန္တာ။ မဟန္တေဟိ ဂတာ မဟဂ္ဂတာ။ (မဟန္တ+ဂတ)

၁။ မဟန္တ– များးမြတ်သော ဆန္ဒ ဝီရိယ စိတ္တ ပညာရှိကုန်သော ပုဂ္ဂိုလ်တို့ဒြပ်ရ။

၂။ ယင်း၏ကျင့်အပ်သောတရားတို့နှင့် သာဓက သာချစပ် ဌာန။

၃။ မဟဂ္ဂတ–အရ များးမြတ်ကုန်သော –လ– ပုဂ္ဂိုလ်တို့သည် ကျင့်အပ်ကုန်သော တရားတို့ရှ၏။

ဂ–ဝါကျ၌ ပမာဏကရာ–ဖြင့် ပမာဏ်–၌ မာ ဓာတ်သည် မာန= မြတ်နိုးခြင်း၊ ဝိမံသာ= စုံစမ်းခြင်း အနက်တို့ကိုမဟော၊ ပရိမာဏ= နှိုင်းယှဉ် (တိုင်းတာ)ခြင်းအနက်တို့ကို ဟောသည်ကို လည်းကောင်း၊[၁] ပမာဏ်–၌ ယုပစ္စည်းသည် ကမ္မသာဓနေ၌မသက်၊ ကတ္တုသာဓနေ၊ ဝါ– ကရဏ သာဓနေ၌ သက်သည်ကိုလည်းကောင်း၊[၂] ပမိနာတီတိ ပမာဏ်–ဟု ကတ္တုသာဓနေဝစနတ္ထ၊ ဝါ– ပမိနန္တိ ဧတေနာတိ ပမာဏ်–ဟုကရဏသာဓနေဝစနတ္ထပြုရ မည်ကိုလည်းကောင်း[၃] သိစေသည်။

၁။ ဒု–ဓာတွတ္ထ။ ၂။ ဒုတိယပစ္စယတ္ထ။ ၃။ အဘိဓာနတ္ထ။ ဝါ– အဘိဓာနတ္ထ။

မှတ်ချက်။ ဂ–ဝါကျ–ဒုတိယဓာတွတ္ထ ဖော်သော ၁–အာဘော်ကား "ခပ်သိမ်း ဓာတ်ပင်၊ နက်မထင်က၊ သကတ္တကို ရှေ့ကသွင်းကာ၊ ဘူကရာနှင့် ဖွင့်ကာပြစမြဲတည်း" နိယံနှင့်အညီ ဖော်သည်။

ဂ–ဝါကျ၌ မေ့ာ ရာဂါဒယော–ဖြင့် ပမာဏပုဒ်ကို အထက်ပါအတိုင်း ဝစနတ္ထပြု၍ ပမာဏ အရ ရာဂစသောတရားတို့ကို ယူရမည်ဟု သိစေသည်။ (အဘိဓေယျတ္ထ)

ဂ–ဝါကျ၌ နာမ သဒ္ဒါဖြင့် ပမာဏသဒ္ဒါသဒိသူပစာရပုဒ်၊ ဧက ဒေသျူပစာရပုဒ် တည်းဟုသိစေသည်။ (ဘာဝတ္ထ) .

ဃ–ဝါကျ နတ္ထိ ဧတေသံ ပမာဏ်–ဖြင့် အပ္ပမာဏ ပုဒ်ကို နတ္ထိ ဧတေသံ ပမာဏန္တိ အပ္ပမာဏ်–ဟု ဗဟုဗ္ဗီဟိ သမာသ်ဝစနတ္ထပြုရမည်ကိုလည်းကောင်း၊[၁] အ သဒ္ဒါ၏ န–နိပါတ်၏ ကာရိယဖြစ်သည်ကိုလည်းကောင်း၊[၂] ယင်း အသဒ္ဒါ၏ အဘာဝ အနက်ဟော၏ အဖြစ်ကို လည်းကောင်း[၃] သိစေသည်။ ၁။ အဘိဓာနတ္ထ။ ၂။ နိပါတလိင်္ဂပဒ။ ၃။ နိပါတလိင်္ဂတ္ထ။

င–ဝါကျ၌ ပမာဏသဿ ပဋိပက္ခာ–ဖြင့် အပ္ပမာဏ် ၌ အ သဒ္ဒါ ဤ၌ ဝိရဟ အနက်ကို မဟော၊ ဝိရုဒ္ဓအနက်ကိုဟောသည်ကိုလည်းကောင်း၊[၁] န ပမာဏာ အပ္ပမာဏာ–ဟုကမ္မဓာရယ– မိဿကတပ္ပုရိသ်သမာသ် ဝစနတ္ထ ပြုရမည်ကိုလည်းကောင်း[၂] သိစေသည်။

၁။ နိပါတလိင်္ဂတ္ထ။ ၂။ အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ။

င–ဝါကျ၌ စ သဒ္ဒါဖြင့် နတ္ထိ ဧတေသံ ပမာဏ် ဟူသောဝစနတ္ထကြောင့်သာ အပ္ပမာဏ မည်သည် မဟုတ်သေး၊ ပမာဏဿ ပဋိပက္ခာ အပ္ပမာဏာ–ဟူသော ဝစနတ္ထကြောင့်လည်း အပ္ပမာဏမည်သတည်း ဟုသိစေသည်။ (ဘာဝတ္ထ)

http://www.dhammadownload.com



မှတ်ချက်။ နိပါတတ္တအနေဖြင့် စ-သဒ္ဒါ၏အနက်ကို ရေးလျှင်လည်း ဤအာဘော် အတိုင်းဟုမှတ်ပါ။

## ဃ-ဝါကျ ပထမဝိဂြိုဟ် ဉာဏ်ကောက်

၁။ န ပမာဏ-ဗဟုဗ္ဗီဟိသမာသ်ပုဒ်အရ နှိုင်းယှဉ်ခြင်းကိုပြုတတ်သော ရာဂ-စသော တရားတို့၏ မရှိခြင်း အဘာဝဘောဂုဏ်ရ။

၂။ ယင်း၏ လောကုတ္တရာတရားတို့နှင့် ဂုဏ်+ဂုဏေး စပ်။

၃။ တေ အညပုဒ် အရ ထိုဖြင့် မှတ်အပ်သော လောကုတ္တရာတရားတို့ရ။

## ဃ-ဝါကျ ဒုတိယ ဝိဂြိုဟ် ဉာဏ်ကောက်

၁။ န-အရ ဝိရုဒ္ဓိဘောဂုဏ်။

၂။ ယင်း၏ နှိုင်းယှဉ်ခြင်းကိုပြုတတ်သော ရာဂစသော တရားတို့နှင့် ဂုဏ်+ဂုဏေး စပ်။

၃။ အပ္ပမာဏ အရ ထိုဖြင့် မှတ်အပ်သော လောကုတ္တရာတရားတို့ရ။

ဃ-ဝါကျ၌ အာရမ္မဏတော ဝါ သမ္ပယောဂတော ဝါ-ဖြင့် အာရုံအားဖြင့် လောကုတ္တရာ တရားတို့မှာ ရာဂစသောတရားများမရှိ၊ သမ္ပယုတ်အားဖြင့်လည်း လောကုတ္တရာတရားတို့မှာ ရာဂစသော ပမာဏတရားများ မရှိ-ဟုသိစေသည်။

## ဝါ-သဒ္ဒါ ၃-မျိုးမှတ်ဖွယ်

✪ အတ္ထတချို့၊ တဖို့ကိုသာ၊ ယူအပ်ဖွာ၊ သဒ္ဒါ ဝါ ဝိကပ်။ (၁။ ဝိကပ်ဝါ)

၁။ ပုံစံ။ နာနာဘာဝေါဝါ ဘဝိဿတိ၊ဝိနာဘာဝေါ ဝါ အညထာဘာဝေါ ဝါ။

ရှင်လင်းချက်။ နာနာဘာဝ ဖြစ်ခိုက် ဝိနာဘာဝ၊ အညထာဘာဝ မဖြစ်။ ဝိနာဘာဝဖြစ်ခိုက် ကျန် ၂-ပါးမဖြစ်။ အညထာဘာဝဖြစ်ခိုက် ကျန် ၂-ပါးမဖြစ်။ အနက် အမျိုးမျိုးကိုသာ ယူသော "ဝါ"သဒ္ဒါသည် ဝိကပ် "ဝါ" မည်၏။

✪ အလုံးစုံအနက်၊ တပြိုင်နက်ထည်း၊ ရအောင်ဆည်း၊ သမုစ္စည်း ဝါ-တရပ်။ (၂။ သမုစ္စည်း ဝါ)

၂။ ပုံစံ။ ဣဓဝါ ဟုရံဝါ သဂ္ဂေသုဝါ။

ရှင်လင်းချက်။ ဣဓဝါ၊ ဤလူ့ပြည်၌သော်လည်းကောင်း။ ဟုရံဝါ၊ နဂါး ပြည် ဂဠုန်ပြည် စသော တစ်ပါးသောပြည်တို့၌သော်လည်းကောင်း။ သဂ္ဂေသုဝါ၊ နတ်ပြည်တို့၌သော်လည်းကောင်း။ ယံရတနံ၊ အကြင်ရွှေ ငွေစိန်ကျောက်စသော ရတနာသည်။ ပဏီတံ၊ မြတ်၏။

ဤ၌ လူ့ပြည်၊ နဂါးဂဠုံ စသော ပြည်၊ နတ်ပြည် အလုံးစုံသောပြည်တို့၌ ရှိသော ရတနာမှန်သမျှ ပဏီတ ဖြစ်သည်ဟု ဝါ-သဒ္ဒါက သိမ်းကြုံးဖော်ပြသဖြင့် ယင်း "ဝါ"သဒ္ဒါသည် သမုစ္စည်း ဝါမည်၏။

http://www.dhammadownload.com



✪ အနိယမ၊ ဝါ သဒ္ဒမှာ၊ အတ္ထယူပုံ၊ မစုံတနဲ့၊ စုံတနဲ့ အမြဲမမှတ်အပ်။ (၃။ အနိယမ ဝါ)

၃။ ပုံစံ။ ရာဇတောဝါ စောရတောဝါ-ဝါ-အာရက္ခ ဂဏှန္တု။

ရှင်လင်းချက်။ ပရိတ်တရားတော်က တခါတရံ ရာဇဘေးမှ စောင့်ရှောက်မည်။ တစ်ခါတစ်ရံ စောရဘေးမှစောင့်ရှောက်မည်။ ရံခါ အားလုံး သောဘေးမှ စောင့်ရှောက်မည်။ ဤသို့ အနက်ယူပုံ စုံသည်လည်းရှိ မစုံသည်လည်းရှိသော အဓိပ္ပါယ်ကိုဖော်ပြသော "ဝါ"သဒ္ဒမျိုးသည် "အနိယမ-ဝါ"မည်၏။

ဃ-ဝါကျ အာရမ္မတောဝါ သမ္ပယောဂတောဝါ ၌ ဝါ-သဒ္ဒါကား အာရုံအားဖြင့်လည်း လောကုတ္တရာတရားတို့မှာ ပမာဏတရားမရှိ၊ သမ္ပယုတ်အားဖြင့်လည်း လောကုတ္တရာတရားတို့မှာ ပမာဏ တရားမရှိ။ ယင်းသို့ ၂-မျိုးစုံအားဖြင့် လောကုတ္တရာ တရားမှာ ပမာဏတရားမရှိ ဟူသောအဓိပ္ပါယ်ကို ဤ "ဝါ"သဒ္ဒါက သိစေသဖြင့် ယင်း"ဝါ သဒ္ဒါ"ကား သမုစ္စည်းတည်း။

## ဝါ-သဒ္ဒါဝိကပ် မကြံသင့်

ဝိကပ်ဟုယူဆလျှင် အာရုံအားဖြင့်မရှိသောအခါ သမ္ပယုတ်အားဖြင့် ရှိသည်။ သမ္ပယုတ် အားဖြင့်မရှိသောအခါ အာရုံအားဖြင့် ရှိသည်ဟူ သော မလိုလားအပ်သော အဓိပ္ပါယ်ရောက်ရာ၏။ သို့ဖြစ်၍ ဝါ-သဒ္ဒါ ဝိကပ် အနက်မကြံသင့်ပါ။

---

## (ဓ) ကြိယာ ငါးတန်

၁။ ကိလေသဝိက္ခမ္ဘနသမတ္ထ-အရ မဟဂ္ဂုတ် ကုသိုလ်သည် ဒဿနတ္ထ။

၂။ ပရိကံ ဥပစာ အနုလုံ ဟူသော ဥပစာရသမာဓိဇောသည် ဒီပကတ္ထ။

၃။ မဟဂ္ဂုတ်ဝိပါက်သည် ပကာသနတ္ထ။

၄။ ကသိဏ်းပရိကံသည် ဝိဘာဝတ္ထ။ (အကြောင်း)

၅။ ဗြဟ္မာ့ဘုံ၌ဖြစ်ရခြင်းအစ နိဗ္ဗာန်တိုင်အောင်သော အကျိုးသည် အနုဘာဝတ္ထ။

၁။ ဥဠာရ-လ-ပဍေဟိ-အရ မျှားမြတ်သော ဆန္ဒ-လ-ပညာရှိသော ပုဂ္ဂိုလ်ဒြပ်သည် ဒဿနတ္ထ။

၂။ မျှားမြတ်သော ဆန္ဒ ဝီရိယ စိတ္တ ပညာသည် ဒီပကတ္ထ။

၃။ မျှားမြတ်သော ဆန္ဒ-လ-ပညာရှိသော ပုဂ္ဂိုလ်တို့ ကျင့်ကြံအားထုတ်ခြင်းသည် ပကာသနတ္ထ။

၄။ ရှေးရှေး၌ဖြစ်သော ပါရမီဉာဏ်စသည်သည် ဝိဘာဝတ္ထ။

၅။ မဟဂ္ဂုတ်ဈာန်ကိုရခြင်အစ နိဗ္ဗာန်တိုင်အောင်သောအကျိုးသည် အနုဘာဝတ္ထ။

http://www.dhammadownload.com



## အခိပ္ပါယ်မှတ်ဖွယ်

မူလဋီကာဝါဒ။ (၁) ပရိတ္တ=ပရိ+အတ္တ ခွဲ။ အတ္တ-၌ အာပုဗ္ဗ ဒါ-ဓာတ် အဝခဏ္ဍနအနက်။ ပရိသမန္တတော အာဒီယန္တေတိ ပရိတ္တာ။

ယေကာမာဝစရာ၊ တို့ကို။ ပမာဏကရေဟိ၊ ကုန်သော။ ဩဠာရိကာဟိ၊ ကုန်သော။ ကာမတဏှာဒီဟိ၊ တို့သည်။ ပရိသမန္တတော၊ ၌။ အာဒီယန္တေ- ပရိစ္ဆိန္ဒိယန္တေ၊ ပိုင်းဖြတ်အပ်ကုန်၏။ ဣတိ တေ ပရိတ္တာ။

(၂) မဟဂ္ဂတာ = မဟတ္တံ ဂတာတိ မဟဂ္ဂတာ။

(တေဟိ၊ ထိုပမာဏကရ ဩဠာရိက ကာမာဝစရစသည်တို့သည်။ အပရိစ္ဆိန္နတ္တာ၊ မပိုင်းဖြတ်အပ်၊ မပိုင်းဖြတ်နိုင်သည်၏အဖြစ်ကြောင့်။ သုခုမေဟိ၊ သိမ်မွေ့ကုန်သော။ ရူပတဏှာဒီဟိ၊ ရူပတဏှာစသည်တို့သည်။ ပရိစ္ဆိန္နတ္တာ၊ ပိုင်းဖြတ်အပ်သည်၏အဖြစ် ကြောင့်) မဟတ္တံ၊ ပမာဏအားဖြင့် ကြီးကျယ်သည်၏အဖြစ်သို့။ ဂတာ၊ ရောက်ကုန် သည်တည်း။ ဣတိ တေ မဟဂ္ဂတာ။

(၃) အပ္ပမာဏာ။ ပမီယန္တေ ပရိစ္ဆိဇ္ဇန္တေတိ ပမာဏာ။ န ပမာဏာ အပ္ပမာဏာ။ (ပမီယန္တေ ပရိစ္ဆိဇ္ဇန္တေ၊ တဏှာ သုံးရပ်တို့ဖြင့်၊ တို့သည် ပိုင်းဖြတ်အပ်ကုန်၏။ ဣတိ တေ ပမာဏာ။)

အပ္ပမာဏာ။ (တဏှာသုံးရပ်တို့ဖြင့်၊တို့သည်) မပိုင်းဖြတ်အပ်သော လောကုတ္တရာတရား။

✝ ပမာဏကရေဟိ ဝါ ဩဠာရိကေဟိ ကာမတဏှာဒီဟိ ပရိစ္ဆိန္နာ ပရိတ္တာ။ တေဟိ အပရိစ္ဆိန္နတ္တာ သုခုမေဟိ ရူပတဏှာဒီဟိ ပမာဏမဟဂ္ဂတ္တံ ဂတာတိ မဟဂ္ဂတာ။ အပရိစ္ဆိန္နာ၊ အပ္ပမာဏာ။ မူလဋီ၊ ၁၊ ၄၄။

မေး။ က-ဝါကျ ဟိတ်သုံးပါးရှိရာတွင် အဘယ်ဟိတ်သည် အဘယ် မဟဂ္ဂုတ်နှင့် ဆက်နွယ်သက်ဆိုင်ပါသနည်း။

ဖြေ။ ဟိတ် -၃-ပါးလုံးသည် မဟဂ္ဂုတ်ကုသိုလ်နှင့်ဆက်နွယ် သက်ဆိုင်သည်။ ဒီဃသန္တာနတာယ-ဟိတ်သည် မဟဂ္ဂုတ်ဝိပါက်ကြိယာ တို့နှင့်ဆက်နွယ် သက်ဆိုင်သည်။

✝ ကိလေသ-လ-တာယာတိ အတ္တတ္တယမ္ပိ ကုသလေသု ယုဇ္ဇတိ။ ဝိပါက ကိရိယေသု ဒီဃသန္တာနတာဝ။ မူလဋီ၊ ၁၊ ၄၄။

## ကိလေသဝိက္ခမ္ဘန သမတ္ထတာယ-၌ သိဒ္ဓိ

ကိလေသာတို့ကို ပယ်ခွါခြင်း၄ါ စွမ်းနိုင်ရုံမျှမက ဝိတက်စသော ရန့်ရင်းသော ဈာန်အင်္ဂါ တို့ကို ပယ်ခွါခြင်း၌ စွမ်းနိုင်သည်၏အဖြစ်ကိုလည်း မှန်ဆသိရသောကြောင့် အနုမာနသိဒ္ဓိရသည်။ (ကေဒေသူပစာ။ ဝါ-အဝယဂူပစာ)

✝ ကိလေသဝိက္ခမ္ဘနသမတ္ထတာယာတိဣဒံ နိဒဿနမတ္တံ ဒဋ္ဌဗ္ဗံ။ ဝိတက္ကာဒိ ဝိက္ခမ္ဘန-သမတ္ထတာပိ ဟေဋ္ဌာ လဗ္ဘတီတိ။ (အနုဋီ၊ ၁၊ ၄၇။)

http://www.dhammadownload.com



တစ်နည်း။ ယင်း ကိလေသဝိက္ခမ္ဘနသမတ္ထတာယ-ဟိတ်ဖြင့် အဘယ်ကို ပြပါသနည်း။

ဖြေ။ ကုသိုလ်မှန်လျှင် အကုသိုလ်ကိုပယ်သတ်ခြင်းကိစ္စရှိ၏။ ယင်းအကုသိုလ် ကို ပယ်သတ်ရာတွင် ကာမကုသိုလ်တို့ထက် မဟဂ္ဂုတ်ကုသိုလ် တို့က ပိုမို၍ပယ်သတ်နိုင်သည်၏အဖြစ်ကိုပြခြင်းငှါ ကိလေသ ဝိက္ခမ္ဘန-သမတ္ထတာယ-ဟိတ်ကို အဋ္ဌကထာ ဆရာဆိုသည်။

✝ အကုသလဝိဒ္ဓံသနသရသတ္တာ ဝါ ကုသလာနံ တတ္ထ သာတိသယ ကိစ္စယုတ္တတံ ပရိတ္တဓမ္မေဟိ မဟဂ္ဂတာနံ ပကာသေတုံ "ကိလေသဝိက္ခမ္ဘနသမတ္ထတာယာ"တိ ဝုတ္တံ။ အနုဋီ၊၁၊၄၇။

## ဝိပုလဖလ ၃-မျိုးနှင့် သိဒ္ဓိ

၁။ ဝိပုလံ ဖလံ့ ဧတေသန္တိ ဝိပုလဖလံ-ဟု ဗဟုဗ္ဗီဟိပြုလျှင် ဝိပုလဖလအရ- မဟဂ္ဂုတ်ကုသိုလ်ရသည်။

၂။ ဝိပုလံ ဖလံ ဝိပုလဖလံ-ဟု ကမ္မဓာရယ်ပြုလျှင် ဝိပုလဖလ အရ- မဟဂ္ဂုတ်ဝိပါက်ရသည်။

၃။ ဝိပုလဖလဉ္စ ဝိပုလဖလဉ္စ ဝိပုလဖလံ-ဟု ဧကသိက်ပြုလျှင် ဝိပုလဖလအရ- မဟဂ္ဂုတ်ကုသိုလ်နှင့် ဝိပါက်ရသည်။

မဟဂ္ဂုတ်ကုသိုလ်မှ ထောက်ဆမှန်းဆ၍ မဟဂ္ဂုတ်ဝိပါက်ကို ဝိပုလ ဖလ-အရကို သိရသောကြောင့် အနုမာနသိဒ္ဓိ။ (ဧကဒေသူပစာ၊ ဝါ- အဝ ယဝူပစာ)

✝ "ဝိပုလံ ဖလံ ဝိပုလဖလံ" န္တိ ဧဝံ ပန အတ္ထေ ဂယှမာနေ ဝိပါကေသုပိ ဝိပုလဖလတာ လဗ္ဘတေဝ။ သောပိ ဧကဒေသေနယေန အဋ္ဌကထာယံ ဝုတ္တောတိ ဝေဒိတဗ္ဗော။ အနုဋီ၊ ၁၊ ၄၈။

## ပရိတ္တာရမ္မဏအဖွင့်

ပရိတ္တံ အာရမ္မဏံ ဧတေသံ-ဖြင့် ပရိတ္တာရမ္မဏပုဒ်ကို ပရိတ္တဉ္စ အာရမ္မဏဉ္စ-ဟု ဒွန်လည်းကောင်း၊ ပရိတ္တဉ္စ တံ အာရမ္မဏဉ္စာတိ ပရိတ္တာ ရမ္မဏံ-ဟု ကမ္မဓာရယ်လည်းကောင်း၊ ပရိတ္တာသ အာရမ္မဏံ ပရိတ္တာရမ္မဏံဟု တပ္ပုရိသ်လည်းကောင်း ဝစနတ္ထ မပြုရ၊ (ဇျောတိရေကအာဘော်) ပရိတ္တံ အာရမ္မဏံ ဧတေသန္တိ ပရိတ္တာရမ္မဏံ-ဟု စတုတ္ထီ ဗဟုဗ္ဗီဟိသမာသ်ဝစနတ္ထ ပြုရမည်ဟု သိစေသည်။ (အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ)

✪ လျှင်းပါးခြင်းငှါ၊ ထိုက်မှသာ၊ ဖွေရှာ လျှင်းပါးမြဲ။

## ပရိတ္တာရမ္မဏ-၌ သိဒ္ဓိ

ပရိတ္တကား-ကာမ, အာရမ္မဏကား- အာရုံ။ ပရိတ္တာရမ္မဏကား ကာမအာရုံဟု အဓိပ္ပါယ်ရသည်။ ယင်းကာမအာရုံကိုအကြောင်းပြု၍ အကျိုး အာရမ္မဏိကကို သိရသောကြောင့် အနုမာနသိဒ္ဓိ။

✪ အာရုံဟေတု၊ အကြောင်းပြုလျက်၊ ကျိုးဆက် အာရမ္မဏိ၊ အသိဉာဏ်ဆ၊ နုမာန။

http://www.dhammadownload.com



**မှတ်ချက်။** ပရိတ္တံ အာရမ္မဏံ ပစ္စည်းတရားက တေသံအရ တရားအား အာရမ္မဏာ (၈) ပစ္စည်းယထာရဟာပြိုင်လေ။

---

(က) ဟီနာတိ လာမကာ။ ( ခ) အကုသလာဓမ္မာ။

( ဂ) ဟီနပ္ပဏီတာနံ မဇ္ဈေ ဘဝါတိ မဇ္ဈိမာ။ (ဃ) အဝသေသာ တေဘူမကာဓမ္မာ။

( င) ဥတ္တမဋ္ဌေန အတပ္ပကဋ္ဌေနစ ပဏီတာ။ ( စ) လောကုတ္တရာဓမ္မာ။ ဋ္ဌ၊ ၈၇။

## (၁) အနက်ယောဇနာ

ခ–ဝါကျ၌ လဗ္ဘန္တိ (သီအပ်ကုန်၏–သျှ) ထည့်စပ်။

တစ်နည်း။ ဓမ္မာ၊ တရားတို့တည်းဟု ကြိယာမစပ်ဘဲ ပုဒ်ကတုံးလည်းပေး။

ဃ–ဝါကျ၌ အဝသေသာပုဒ်၏ အပါဒါန်ကို ပြည့်သျှ၌ "အကုသိုလ်မှ"ဟု ထည့်သည်။ ဘာသာဋီကာ၌ "ဟီနပဏီတတရားတို့မှ"ဟုထည့်သည်။ (လက်သည်းကွင်း အရကောက်၌ ဟီနအကုသိုလ်မှဟု ဆိုပြန်သည်။)

---

## (၂) (၃) ဝါကျခွဲစသည်

ခ–ဝါကျကား ဝါကျာရမ္ဘဝါကျ။ ထို–၍ က–ဝါကျကား အာရဒ္ဓ။

**ဝါကျကြံပုံ။** ဟီနကို လာမကာ–ဟုဖွင့်၊ ယင်းလာမကကို အကုသလာ ဓမ္မာ ဖွင့်သည် ယူလျှင် လာမကအရ ဆက်လက်ပြသောကြောင့် ခ–ဝါကျကို ဝါကျာရမ္ဘဟု ဆုံးဖြတ်ရမည်။ သို့မဟုတ် ပါဠိတော် "ဟီနာဓမ္မာ" ဟုရှိရာ ဟီနာ–ကို လာမကာဟုဖွင့်၊ ဓမ္မာကို အကုသလာ–ဟုဖွင့်သည် ကြံလျှင် ခ–ဝါကျကား ပက္ခန္တရ၊ ထို–၍ က–ဝါကျကား ပက္ခ။

**ကျမ်းတက်။** ။ ဟီနသဒ္ဒါသည် လာမကတ္ထအနိပ္ဖန္နပါဋိပဒိကပုဒ်ဟု သိစေလို၍ ဟီနာတိ လာမကာဟု ဖွင့်၏။ မင်းခင်းဂဏ္ဍိ၊ ၂၈၆–၌ဆို သည်။ ဤအလို အောက်ပါအတိုင်း ကျမ်းတက်ရမည်။

## ခ–ဝါကျ ပါပနာဒိကျမ်းတက်

ဆရာ၊ ဆရာသည် က–ဝါကျဖြင့် ဟီနသဒ္ဒါသည် လာမကတ္ထဟော အနိပ္ဖန္နပါဋိပဒိကတည်းဟု ဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ဓိဂ္ဂစ္ဆနိယ ဖြစ်သောကြောင့် အနိဋ္ဌရုပ်နှင့် ဟီနပုဂ္ဂိုလ်တို့သည် လာမက–ဖြစ်၏ဟူသော အနက်သည်ရောက်၏။(အနု+ပါ) စင်စစ်တမူကား အနိဋ္ဌရုပ်နှင့် ဟီနပုဂ္ဂိုလ်တို့သည်သာ လာမကဖြစ်သည်မဟုတ်၊ (ပဋိ+ပါ) သို့ဖြစ်သောကြောင့် လာမကအရ ဖြစ်သင့်ဓမ္မကို ဆိုသင့်ဆိုတန်၏။ (အနု+ရော) လာမကအရ ဖြစ်သင့်ဓမ္မကို မဆိုဘဲ မနေသင့် မနေတန်။ (ပဋိ+ရော) လာမကအရ ဖြစ်သင့်သော ဓမ္မကား အဘယ်နည်း–ကြောင့် ခ–ဝါကျမိန့်။

http://www.dhammadownload.com



ဒေါသပယ်။ ။ အတိဗျာပိတဒေါသပယ်။

ခ-ဝါကျမရေးလျှင် အနိဋ္ဌရုပ်နှင့် ဟီနပုဂ္ဂိုလ်တို့သည် လာမက မဟုတ်သလော-ဟု အလွန်ပျံ့နှံ့သည်။ ခ-ဝါကျရေးလိုက်သဖြင့် ယင်းဒေါသ ကင်းပျောက်သွား တော့သည်-ဟူလို။

တစ်နည်း။ ခ- ပက္ခန္တရ က- ပက္ခ-ဝါကျအလို ခ-ဝါကျဖြင့် အဗျာပိတ, အပရိပုဏ္ဏ ဒေါသပယ်။

ဂ-ဃ-ဝါကျ ပက္ခန္တရ။ ထို-၌ က-ခ-ဝါကျ ပက္ခဝါကျ။

ဃ-ဝါကျ ဝါကျာရမ္ဘ။ ဝါ-ပက္ခန္တရ။ ထို-၌ ဂ-ဝါကျကား အာရဒ္ဓဝါ-ပက္ခ။

မှတ်ချက်။ က-ခ-၂-ဝါကျ နည်းတူဝါကျကြံ။

င-စ-ဝါကျကား ပက္ခန္တရ။ ဆိုခဲ့ပြီး ဝါကျများကား ပက္ခ။

ထိုတွင် စ-ဝါကျကား က-ခ-ဂ-ဃ-ဝါကျနည်းတူ ဝါကျာရမ္ဘ၊ ဝါ-ပက္ခန္တရကြံလေ။

---

## (၄) ဝိဂ္ဂဟာဒိ

တေဘူမကံ။ တိဘူမေ ဇာတာ တေဘူမကာ။ (တံ) ဇာတတဒ္ဓိတ်၊ တိဘူမပုဒ်+ ကဏ်ပစ္စည်း။

၁။ တိဘူမ-၌ ရ ကာမ, ရူပ, အရူပ-ဟုံ ၃-ပါးရှ၏။

၂။ ယင်း၏ ဖြစ်ကုန်သောတရားတို့နှင့်ဝိသယ+ဝိသယီ၊ အာဓာရ+အာဓိ၊ဌာန+ဌာနီ စပ်။

၃။ ကဏ်ပစ္စည်းအရ ထိုဖြင့်မှတ်အပ်သော ဘုံသုံးပါး၌ဖြစ်ကုန်သောတရားတို့ရှ၏။

✝ တိဿောဘူမိယော တိဘူမံ။ တိဘူမေ ဇာတံ တေဘုမိကံ၊ တေဘူမကံ ဝါ။ (မောဂ်၊ ၃၊ ၄၂-သျှ)

တစ်နည်း။ တေဘူမကံ။ တိဿော ဘူမိယော ဣမဿ (ဝဋ္ဋဿ) တိဘူမံ၊ တိဘူမံယေဝ တေဘူမကံ။ ဝိဘာဝိနီ၊ ၂၃၂။

အနက်ယောဇနာ။ ၁။ တေဘူမကာ၊ ဘုံသုံးပါး၌ဖြစ်ကုန်သော။ (ဇာတတဒ္ဓိတ်)

၂။ ဘုံသုံးပါးလုံးရှိကုန်သော။ (ဗဟုဗ္ဗီဟိအပေါ် သွတ္တဆင့်)

---

## (၅) ဓာတုပစ္စယာဒိ

ဟီန။ လာမကတ္ထ အနိပ္ဖန္နပါဋိပဒိကပုဒ်။ (မင်းခင်း) တစ်နည်း။ ကိတ်နာမ်ပုဒ်၊ အကာရန္တ၊ ပုံလိင်၊ (မွှာ စပ်) ပုရိသာဒိဂိုဏ်း။

✝ နိဟီနော ဟီနလာမကံ။ ဓာန်၊ ၆၉၉။

✝ ဟာ စာဂေ။ ကွစိဓာတူတိအာဒိနာ အာ်ဒိတော ဟာဒိတော ဤကာဒေသေ ဏကာရဿ နတ္တံ။ ရူ၊ ၃၈၅။

http://www.dhammadownload.com



✝ ဟာ စာဂေ။ ဣနော။ ဒီဃော။ ဟိ ဂတိယံ ဝါ။ ဟောသိ ဟီနတ္တ မဂမီတိ ဟီနော။ သုစိ။

မှတ်ချက်။ ဤပုဒ်ကိုရှု၍ ၆–အာဘော်၌ ဂဏ္ဌိနည်း၊ ဓာန်ကျမ်း နည်း ၂–နည်းဖော်မည်။

လာမက။ လမဓာတ်+ ဏွုပစ္စည်း။ တစ်နည်း။ လာဓာတ်+မက ပစ္စည်း။ ကိတ်နာမ်ပုဒ်၊ အကာရန္တ၊ ပုံလိင်၊ (ဓမ္မာထောက်) ပုရိသာဒိ။

✝ လမ နိဿယံ ဏွု။ လာမကော။ လာ–အာဒါနေဝါ မကော။ လာတိ ဂဏှာတိ ဟီနံဘာဝန္တိ လာမကောတိ ဓကေ။ သုစိ။

မှတ်ချက်။ လမဓာတ်အလို–လမိတဗ္ဗော နိန္ဒိတဗ္ဗောတိလာမကော–စသည်။ ကေဝုစ်၊ ဗဟုဝုစ်–ဌာနသို့လိုက်၍ ဝိဂြိုဟ်ကြလေ။

ပဏီတ။ အနိပ္ဖန္နပါဋိပဒိကပုဒ်။ (မင်းခင်း)

တစ်နည်း။ ကိတ်နာမ်ပုဒ်၊ ပပုဗ္ဗ နီဓာတ်+ တပစ္စည်း။ နီ၌ န ကို ဏပြု။

✝ ပဓာနဘာဝံ နီတံ ပဏီတံ။ နဿ ဏော။ သုစိ။

မဇ္ဈ။ မဇဓာတ်+ ဈပစ္စည်း။

✝ မဇ္ဈ ဝေမဇ္ဈ မုစ္စတေ။ ဓာန်၊ ၇၆၇။

ဥတ္တမ။ ဥဂ္ဂတ+တမ။ ဝိသေသတဒ္ဓိတ်။ ဥဂ္ဂတာနံ ဝိသေသောတိ ဥတ္တမော။ (ဥ+တမ။ ဉဒ္ဓတဝိသေသတ္ထ၌ တမ) သုစိ။

တပ္ပက။ တပ္ပဓာတ်+ဏွုပစ္စည်း။ ကာရိုက်ကျေ။ တပ္ပေန္တီတိ တပ္ပကာ။ တပ္ပေန္တိ၊ တင်းတိမ်အားရ နှစ်သက်စေတတ်ကုန်၏။ ဣတိ တပ္ပကာ။

အတပ္ပက။ န တပ္ပကာ အတပ္ပကာ–ဟုတွဲ။

လောကုတ္တရာ။ ဥတ္တရန္တီတိ ဥတ္တရာ။ လောကတော ဥတ္တရာ လောကုတ္တရာ။ (မဂ်ရ) ဥတ္တိဏ္ဏာတိ ဥတ္တရာ။ လောကတော ဥတ္တရာ လောကုတ္တရာ။ (ဖိုလ်ရ)

## (၆) အာဘောဂ သံဝဏ္ဏနာ

က–ဝါကျ၌ လာမကာ–ဖြင့် ဟီနသဒ္ဒါ လာမကတ္ထကိုဟောသည် ကိုလည်းကောင်း၊[၁] အနိပ္ဖန္နပါဋိပဒိက–အဖြစ်ကိုလည်းကောင်း[၂] သိစေသည်။ ၁။ နာမလိင်္ဂတ္ထ။ ၂။ နာမလိင်္ဂပဒ။

တစ်နည်း။ ဟီနသဒ္ဒါ လာမကအနက်ကို ဟောသတည်းဟု သိစေသည်။ (နာမလိင်္ဂတ္ထ)

တစ်နည်း။ ဟီနသဒ္ဒါ လာမက–သဒ္ဒါ၏ ဝေဝုစ်စကားလှယ် ပရိယာယ်တည်းဟု သိစေသည်။ (ပရိယာယ်ပြ အဘိဓေယျတ္ထ)

✝ နိဟီနော ဟီန လာမကော၊ ဓာန်၊ ၆၉၉။

က–ဝါကျ၌ အကုသလာ–ဖြင့် လာမကအရ အနိဋ္ဌရုပ်တရား၊ ဟီနပုဂ္ဂိုလ်ကို မယူရ၊ အကုသိုလ်တရားကို ယူရမည်ဟု သိစေသည်။ (အဘိဓေယျတ္ထ)

http://www.dhammadownload.com



တစ်နည်း။ အကုသလာ-ဖြင့် ဓမ္မာအရ အကုသိုလ်တရားကို ယူရမည်ဟု သိစေသည်။ (အဘိဓေယျတ္ထ)

မှတ်ချက်။ ကျမ်းတက်ပြန်ကြည့်။

ဂ-ဝါကျ၌ မဇ္ဈေဘဝါပြင့် မဇ္ဈိမာပုဒ်ကိုမဇ္ဈေ ဘဝါမဇ္ဈိမာ-ဟု ဘဝတဒ္ဓိတ် ဝစ်နတ္တပြုရမည်ကိုလည်းကောင်း၊[၁] ဣမပစ္စည်း၏ ဘဝတဒ္ဓိတ် အနက်၌သက်သည်ကို လည်းကောင်း၊[၂] သိစေပါသည်။ ၁။ အဘိဓာနတ္ထ။ ၂။ ပစ္စယတ္ထ။

ဂ-ဝါကျဟီနပဏီတံဖြင့် မဇ္ဈေဘဝါ= အလယ်၌ဖြစ်၏ဟူသည် ဟီနာဓမ္မာ ဟူသော ပထမပုဒ်၊ ပဏီတာဓမ္မာဟူသောတတိယပုဒ်ကိုထောက်၍ ဟီနတရား ပဏီတတရားတို့၏ အလယ်၌ဖြစ်သတည်းဟု (အနုမာနသိဒ္ဓိအားဖြင့်) သိစေသည် (ဘာဝတ္ထ)။

ဃ-ဝါကျ၌ အဝသေသာ တေဘူမကာဖြင့်မဇ္ဈိမာအရ အကုသိုလ်မှကြွင်းသော တေဘူမက တရားတို့ကို ယူရမည်ဟုသိစေသည်။ (အဘိဓေယျတ္ထ)။

တစ်နည်း။ အဝသေသာ တေဘူမကာဖြင့်ဓမ္မာအရ အကုသိုလ်မှကြွင်းသော တေဘူမက တရားတို့ကိုယူရမည်ဟုသိစေသည်။ (အဘိဓေယျတ္ထ)။

င-ဝါကျ၌ ဥတ္တမဋ္ဌေန-ဖြင့် ပဏီတသဒ္ဒါဥတ္တမတ္ထအနိပ္ဖန္နပါဋိပဒိကတည်းဟု သိစေသည်။ ( နာမလိင်္ဂတ္ထ၊ နာမလိင်္ဂပဒ)။

င-ဝါကျ၌ အတပ္ပကဋ္ဌေနဖြင့် ပဏီတသဒ္ဒါ အတပ္ပကဋ္ဌအနိပ္ဖန္နပါဋိပဒိကတည်းဟု သိစေသည်။(နာမလိင်္ဂတ္ထ၊ နာမလိင်္ဂပဒ)

မှတ်ချက်။ ဤသည်ကား" ပဏီတသဒ္ဒါသည်ဥတ္တမဋ္ဌ အတပ္ပကဋ္ဌ အနိပ္ဖန္နပါဋိ ပဒိက" တည်းဟုသိစေလို၍ ဥတ္တမဋ္ဌေန-စသည်မိန့်-ဟူသော မင်းခင်းဂဏ္ဌိအလို အာဘော်တည်း။

တစ်နည်း။ င-ဝါကျ၌ ဥတ္တမဋ္ဌေန-ဖြင့် ပဏီတသဒ္ဒါသည်ဥတ္တမအနက်ကို ဟောသတည်းဟုသိစေသည်(နာမလိင်္ဂတ္ထ)။ တစ်နည်း။ င-ဝါကျ၌ ဥတ္တမဋ္ဌေန-ဖြင့် ပဏီတသဒ္ဒါကား ဥတ္တမအနက်ဟောသဒ္ဒါ၏ဝေဝုစ်စကားလှယ်ပရိယာယ်တည်းဟု သိစေသည်။

(ပရိယာယ်ပြ အဘိဓေယျတ္ထ)။

မှတ်ချက်။ ဤကား ဥတ္တမော ပဝရော-လ-ပဏီတံ ပရမံ(ဓာန်၊ ၆၉၄-၅) အလို အာဘော်တည်း။

င-ဝါကျ၌ အတပ္ပကဋ္ဌေနဖြင့် လောကုတ္တရာတရားတို့ ပဏီတဖြစ်၏ဟူသည်

http://www.dhammadownload.com



✝ အတပ္ပကဋ္ဌေနာတိ ဒိဝသမ္ပိ ပစ္စဝေက္ခိယမာနာ လောကုတ္တရဓမ္မာ တိတ္တိံ နဇနေန္တိ သမပဗ္ဗိယမာနာပိ ဖလဓမ္မာ။ (မူလဋီ၊ ၁၊ ၄၄)။

စ-ဝါကျ၌ လောကုတ္တရာဖြင့် ပဏီတအရ လောကုတ္တရာတရား ကိုယူရမည်ဟု သိစေသည်။ (အဘိဓေယျတ္ထ)။

(တစ်နည်း) လောကုတ္တရာဖြင့် ဓမ္မာအရ လောကုတ္တရာတရား ကိုယူရမည်ဟုသိစေသည်။ (အဘိဓေယျတ္ထ)။

င-ဝါကျ၌ စသဒ္ဒါဖြင့် ဥတ္တမဋ္ဌကြောင့်သာ ပဏီတမည်သည် မဟုတ်သေး၊ အတပ္ပကဋ္ဌ ကြောင့်လည်းပဏီတမည်သေးတည်းဟုသိစေသည်။ (ဘာဝတ္ထ)

မှတ်ချက်။ စသဒ္ဒါသမုစ္စည်းအနက်အတွက် အံထက်ပါအာဘော် အတိုင်းပင်မှတ်။

---

(က) "ဟိတသုခါဝဟာ မေ ဘဝိဿန္တိ"တိ ဧဝံ အာသီသိတာ ပိ တထာ အဘာဝတော "အသုဘာဒီသုယေဝ သုဘန္တိအာဒိဝိပရီတပဝတ္တိတော စ မိစ္ဆာသဘာဝါတိ မိစ္ဆတ္တာ။ (ခ) ဝိပါကဒါနေ သတိ ခန္ဓဘေဒါနန္တရမေဝ ဝိပါကဒါနတော နိယတာ။ (ဂ) မိစ္ဆတ္တာစ တေ နိယတာစာတိ မိစ္ဆတ္တနိယတာ။ (ဃ) ဝုတ္တဝိပရီတေန အတ္ထေန သမ္မာ သဘာဝါတိ သမ္မတ္တာ။ (င) သမ္မတ္တာစ တေ နိယတာစ အနန္တရမေဝ ဖလဒါနေနာတိ သမ္မတ္တနိယတာ။ (စ) ဥဘယထာပိ န နိယတာတိ အနိယတာ။ (ဋ္ဌ၊ ၈၇)။

## (၁) အနက်ယောဇနာ

က-ဝါကျ။ ယေဓမ္မာ၊ အကြင်မာတုဃာတကစသောတရားတို့သည်။ (မိစ္ဆာ သဘာဝါစပ်၊ ဘဝိဿန္တိစပ်)။ ပုဂ္ဂလေန အာသီသိတာပိ (ယောဇနာ) အာသီသိတာတိပဒံ မိစ္ဆာသဘာဝါတိပဒဿ ဝိသေသနံ။ (ယောဇနာ)။

---

## (၂) (၃) ဝါကျခွဲ၊ ကျမ်းတက်၊ ဒေါသပယ်

ခ-ဝါကျကား ပက္ခန္တရ။ ထို-၌ က-ဝါကျကားပက္ခ။

ဂ-ဝါကျ ပက္ခန္တရ။ ထို-၌ က-ခ-ဝါကျကားပက္ခ။

ဃ-ဝါကျ ပက္ခန္တရ။ ထို-၌ က-ခ-ဂ-ဝါကျကားပက္ခ။

င-ဝါကျ ပက္ခန္တရ။ ထို-၌ က-ခ-ဂ-ဃ-ဝါကျကားပက္ခ။

ဒေါသပယ်။ အဗျာပိတ အပရိပုဏ္ဏဒေါသပယ်။

http://www.dhammadownload.com



**အာသီသိတာ**။ **အာသီသိတာ**။ အာသိသိ ဣစ္ဆာယံ။ အာပုဗ္ဗော သိသိဣစ္ဆာယံ ဝတ္တတိ။ အာသိသတိ။ (နီတိ၊ ဓာတု၊ ၁၈၃)။ ဤအလို အာပုဗ္ဗ၊ သိသိဓာတ်၊ တ–ပစ္စည်း၊ ပုံလိင်၊ ပုရိသာဒိ၊ အကာရန္တ။

နိရုတ္တိဒီပနီ၌၎င်း ဓာတွတ္ထသင်္ဂဟ၌၎င်း အာပုဗ္ဗ၊ သိသိဓာတ်ဖြင့် ပြီးသည်ဟု ဆိုသည်။ ဤအလို အာသီသိတာ ရှိသင့်၏။ သို့ဖြစ်၍ "အာသိသိတာ၊ အာသီသိတာ၊ အာသိသနာ၊ အာသီသနာ–နှစ်ချက်သင့်။

**အာသီသိယန္တေ ဣစ္ဆိယန္တေတိ အာသီသိတာ**။

ယေဓမ္မာ၊ အကြင်မာတုဃာတကစသောတရားတို့ကို။ ပုဂ္ဂလေန၊ သည်။ အာသီသိယန္တေ ဣစ္ဆိယန္တေ၊ အလိုရှိအပ်ကုန်၏။ ဣတိ တေ ဓမ္မာ အာသီသိတာ။(ကမ္မသာဓန၊ အာပုဗ္ဗ၊ သီသိဓာတ်၊ တ–ပစ္စည်း)။

၁။ အာ–ဥပသာရအရ ဓာတွတ္ထဝိသေသကဘောဂုဏ်။

၂။ သီသိဓာတ်အရ ကတ္တုဒြကား–ပဥ္စာနန္တရိယကံကို ကျူးလွန်သောပုဂ္ဂိုလ်၊ နိယတမိစ္ဆာဒိဋ္ဌိ အယူရှိသောပုဂ္ဂိုလ်၏ တဏှာပြဓာန်းသော စိတ္တုပ္ပါဒ်သည်မုချ။

၃။ ထိုအားတပ်သော မာတုဃာတကကံစသောကံ၏ အာရမ္မဏပစ္စယသတ္တိသည် ဖလူပစာ။

၄။ တ–ပစ္စည်းအရ ထိုဖြင့်မှတ်အပ်သော မာတုဃာတကစသော ကံရ၏။

**မှတ်ချက်**။ အာသီသိတာတိပဒံ မိစ္ဆာသဘာဝါတိပဒဿ ဝိသေသနံ ယောဇနာကိုရှု၍ အာသီသိတာအရကိုဖော်သည်။ ယေဘုယျအားဖြင့်အာ–ရှေးရှိမှသာ သီသိဓာတ်က ဣစ္ဆာအနက်ကို ဟောနိုင်သည်ဟူသော(ဓာတွတ္ထသင်္ဂဟ၊ နာ–၃၆၉)အရ အာဥပသာရကို ဓာတွတ္ထဝိသေသက ကောက်သည်။

**မိစ္ဆာသဘာဝါ**။ မိစ္ဆာမုသာ သဘာဝေါ ဧတေသန္တိ မိစ္ဆာသဘာဝါ။

ဧတေသံ၊ ထိုပဥ္စာနန္တရိယကံနှင့် နိယတမိစ္ဆာဒိဋ္ဌိကံတို့အား။ မိစ္ဆာ မုသာ၊ မှားသော။ သဘာဝေါ၊ သဘောသည်။ အတ္ထိ။ တေ၊ မိစ္ဆာသဘာဝါ။

**နိယတာ**။ နိယမန္တီတိ နိယတာ။ နိပုဗ္ဗ၊ ယမုဓာတ်+ တ–ပစ္စည်း။

(မိမိ၏အခြားမဲ့၌လည်းကောင်း၊ စုတိ၏အခြားမဲ့၌လည်းကောင်း မြဲကုန်သော တရားတို့၏)။

**ဝိပရီတာ**။ ဝိပုဗ္ဗ+ ပရိပုဗ္ဗ+ဣဓာတ်+ တ–ပစ္စည်း။

**သဘာဝ**။ ဘဝနံ ဘာဝေါ။ သဿ အတ္တနော သန္တော သံဝိဇ္ဇ– မာနော ဝါ ဘာဝေါ သဘာဝေါ။

http://www.dhammadownload.com



## (၆)အာဘောဂသံဝဏ္ဏနာ

က–ဝါကျ၌ မိစ္ဆာသဘာဝါဖြင့် မိစ္ဆတ္တာပုဒ်ကို မိစ္ဆာ+အတ္တာဟု ပဒစ္ဆေဒ ပြုရမည်ကို လည်းကောင်း၊[၁] အတ္တသဒ္ဒါ စိတ္တ, ကာယစသောအနက်ကိုမဟော၊ သဘာဝ အနက်ကိုဟောသည်ကို လည်းကောင်း၊[၂] မိစ္ဆာ အတ္တာ ဧတေသန္တိ မိစ္ဆတ္တာဟုဗဟုဗ္ဗီဟိ သမာသ်ဝစနတ္ထပြုရမည်၏ အဖြစ်ကိုလည်းကောင်း[၃] သိစေသည်။

၁။ သန္ဓိလိင်္ဂပဒ။ ၂။ နာမလိင်္ဂတ္ထ။ ၃။ အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ။

မှတ်ချက်။ အတ္တပုဒ်ကို သဘာဝဖွင့်ရာ၌ အဓိပ္ပေတတ္ထ,ပရိယာယ်ပြ အာဘော်ဖော် နိုင်သေးသည်။ အတ္တာသဒ္ဒါသက်သက်ကား ပုလ္လိင်၊ရာဇာဒိဂိုဏ်း၊ ဗဟုဗ္ဗီဟိ၊ မိစ္ဆတ္တာကား နိယတပုဒ် လိင်သို့လိုက်၍ ပုလ္လိင်၊ ပုရိသာဒိဂိုဏ်း။

က–ဝါကျ၌ ဟိတသုခါဝဟာ–လ–အဘာဝတော–ဟူသောဟိတ်ဖြင့် ပဉ္စာ–နန္တရိယကံ၏ အစွမ်းဖြင့် မိစ္ဆာသဘာဝဖြစ်ကြောင်းကို ပြသည်။ (ဘာဝတ္ထ)။

က–ဝါကျ၌ အသုဘာဒီသု–ပဝတ္တိတော–ဟူသောဟိတ်ဖြင့် ပဉ္စာ– နန္တရိယကံ၏အစွမ်းဖြင့် မိစ္ဆာသဘာဝဖြစ် ကြောင်းကို ပြသည်။(ဘာဝတ္ထ)။

ခ–ဝါကျ၌ ဝိပါကဒါနေသတိဖြင့် ပဉ္စာနန္တရိယကံငါးပါးလုံးကို လွန်ကျူးရာတွင် ကံငါးပါး လုံးက ပဋိသန္ဓေ အကျိုးမပေးနိုင်၊ ယင်းကံ ငါး ပါးတို့တွင် အားရှိသောကံက အကျိုးပေးသည်ဟု သိစေသည်။ (ဘာဝတ္ထ)။

✝ အနေကေသု အာနန္တရိယေသု ယံ တတ္ထ ဗလဝံ၊ တံ ဝိပစ္စတိ န ဣတရာနိတိ။ ကေန္တဝိပါက– ဇနကတာယ နိယတတာ န သက္ကာ ဝတ္တုန္တိ ဝိပါကဒါနေ သတိတိ အာဒိမာဟ။ (မူလဋီ၊ ၁၊ ၄၅)။

ခ–ဝါကျ၌ ခန္ဓဘေဒါနန္တရမေဝဖြင့် ပဉ္စာနန္တရိယကံတွင် အကျိုးပေးမည့်ကံသည် စုတိ၏ အခြားမဲ့ ဒုတိယဘဝ၌သာလျှင် အကျိုးပေး၏။ မိမိ၏ အခြားမဲ့၌၊ ဝါ–တတိယ ဘဝစသည်၌ အကျိုးမပေးဟုသိစေသည်။ (ဘာဝတ္ထ)။

ဂ–ဝါကျဖြင့် မိစ္ဆတ္တနှင့် နိယတာကို ကမ္မဓာရယ်သမာသ်ဝစနတ္ထ ပြုရမည်ဟု သိစေသည်။ (အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ)

ဃ–ဝါကျ၌ သမ္မာသဘာဝါ–ဖြင့် သမ္မတ္တာပုဒ်ကို သမ္မာ+အတ္တ–ဟု ပဒစ္ဆေဒ ပြုရမည်ကို လည်းကောင်း၊[၁] အတ္တ–သဒ္ဒါ စိတ္တ,ကာယစသော အနက်ကိုမဟော၊ သဘာဝ အနက်ကိုဟောသည် ကိုလည်းကောင်း၊[၂] သမ္မာ အတ္တာ ဧတေသန္တိ သမ္မတ္တာ–ဟု ဗဟုဗ္ဗီဟိသမာသ်ဝစနတပြုရမည်ကို လည်းကောင်း[၃] သိစေသည်။

၁။ သန္ဓိလိင်္ဂပဒ။ ၂။ နာမလိင်္ဂတ္ထ။ ၃။ အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ။

င–ဝါကျဖြင့် သမ္မတ္တနှင့် နိယတာ–ကို ကမ္မဓာရယ်သမာသ် ဝစနတ္ထ ပြုရမည်ဟု သိစေသည်။ (အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ)

http://www.dhammadownload.com



င–ဝါကျ အနန္တရမေဝ ဖလဒါနေန–ဖြင့် မဂ်ကုသိုလ်ကံသည် မိမိ၏အခြားမဲ့၌သာလျှင် အကျိုးပေး၏။ စုတိ၏အခြားမဲ့ ဒုတိယဘဝစသည်၌ အကျိုးမပေးဟု သိစေသည်။ (ဘာဝတ္တ)

စ–ဝါကျ၌ န နိယတာကား နသေက္ခာ စသည်နှင့်တူပြီ။

## (၇) ဥပသဂ္ဂနိပါတတ္တ

### အာသီသိတာဝ

ဟိတသုခဝဟာ မေ ဘဝိဿန္တိ–ဟု တောင့်တအပ်လျှဉ်းမူလည်း (တောင့်တတာ တောင်မှဘဲ) စီးပွားချမ်းသာကိုဆောင်သောအခြင်းအရာအားဖြင့် မဖြစ်၊ မတောင့်တပါမူကား အဘယ်ဆိုဘွယ်ရာ ရှိပါအံ့နည်း။ (သမ္မာဝနာဓောတက ဂရဟာမူ)

✝ အပိသဒ္ဒေါ သမ္ဘာဝနေ။ ယောဇနာ။ ၆၄။

အဋ္ဌကထာ၌ ခန္ဓဘေဒါနန္တရမေဝ ဝိပါကဒါနတော နိယတာ–ဟူသော (ခ)အဖွင့်၊ နိယတာစ အနန္တရမေဝ ဖလဒါနေန–ဟူသော (င) အဖွင့် ကိုထောက်၍–

၁။ ခန္ဓဘေဒါနန္တရမေဝ–၌ ဧဝသဒ္ဒါ၏ ဂဟေတဗ္ဗကား– စုတိ၏ အခြားမဲ့ဟူသော ဒုတိယဘဝကာလ။

၂။ နိဝတ္တေတဗ္ဗ–ကား မိမိ၏အခြားမဲ့ဟူသောကာလ။

၁။ အနန္တရမေဝ–၌ ဧဝသဒ္ဒါ၏ ဂဟေတဗ္ဗကား မိမိ၏အခြားမဲ့ကာလ။

၂။ နိဝတ္တေတဗ္ဗ–ကား စုတိ၏အခြားဟူသောကာလ။

### အသုဘာဒီသု–၌ အာဒိဖြင့်

အသုခ, အနိစ္စ, အနတ္တကိုယူ။ (မူလဋီ၊ ၁၊ ၄၅။)

### အသုဘာဒီသုယေဝ–၌ ဧဝ

၁။ ဂဟေတဗ္ဗကား–အသုဘ, အသုခ, အနိစ္စ, အနတ္တ။

၂။ နိဝတ္တေတဗ္ဗကား–သုဘ, သုခ, နိစ္စ, အတ္တ။

## (၈) ကြိယာငါးတန်

၁။ ခန္ဓဘေဒ(စုတိ)သည် ဒဿနတ္တ

၂။ မရဏာသန္နဇောအစဉ်သည် ဒီပကတ္တ

၃။ ဒုတိယဘဝပဋိသန္ဓေသည် ပကာသနတ္တ

၄။ မရဏာသန္နဝီထိ၏ရှေ့အံ့ကို၌ဖြစ်သော စိတ်အစဉ်တို့သည် ဝိဘာဝတ္တ။

၅။ ဘဝင်စိတ်နှင့် ဘဝနိကန္တိကလောဘဇောအစ နောက်နောက်၌ဖြစ်သော ရုပ်နာမ်ဓမ္မတို့သည် အနုဘာဝတ္တ။ (ဤကားဝိ ထိရှု၍ထုတ်ပုံတည်း။)

http://www.dhammadownload.com



တစ်နည်း။၁။ ခန္ဓာဘေဒ(စုတိ)=မရဏသည် ဒဿနတ္ထ

၂။ ဇရာသည်ဒီပကတ္ထ

၃။ သောကပရိဒေဝဒုက္ခဒေါမနဿဥပါယာသသည် ပကာသနနတ္ထ။

၄။ ဇာတိသည် ဝိဘာဝတ္ထ။ (အကြောင်း)

၅။ သံသာရဒုက္ခ, ဝဋ္ဋဒုက္ခသည်အနုဘာဝတ္ထ။ (ဤကားပဋိစ္စသမုပ္ပါဒ်ကိုရှု၍ ထုတ်ပုံတည်း)

၁။ ဝိပါကဒါနတော၌ ဝိပါကအရကား ဒိဋ္ဌိဂုတသမ္ပယုတ်-၄-ခု သတ္တမဇော၊ ဒေါသမူဒွေး သတ္တမဇော၏ အကျိုးတရား အဝိစိပဋိသန္ဓေ၊ ဝါ-လောဟာကုမ္ဘီငရဲ ပဋိသန္ဓေ သည် ဒဿနတ္ထ။

၂။ အဆိုပါနိယတမိစ္ဆာဒိဋ္ဌိကံ,ပဉ္စာနန္တရိကံဟူသော ဇောစိတ္တုပ္ပါဒ်များသည် ဒီပကတ္ထ။

၃။ နိရယဒုက္ခရှည်မြင့်စွာခံစားရခြင်းသည်ပကာသနတ္ထ။

၄။ အယောနိသောမနသိကာရ အသပ္ပုရိသူပနိဿယစသည်သည် ဝိဘာဝတ္ထ။

၅။ အနိဋ္ဌဖလဒုက္ခဝေဒနာများသည် အနုဘာဝတ္ထ။

---

## (၁၀) ပစ္စည်းပြိုင်

သမ္မုတ္တအရ မဂ်-၄-ခုပစ္စည်းတရားက ဖလဒါနေနနဲ့ ဖလအရ ဖိုလ်-၄-ခု ပစ္စယုပ္ပန် တရားအား အနန္တရမျိုးဖြင့် ကျေးဇူးပြု။

ပြိုင်။ မဂ်-၄-ခုစေတနာပစ္စည်း တရားဖြစ်အံ့ အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ အနန္တရမျိုးကမ္မ၊ နတ္ထိ၊ ဝိဂတ။ ကြွင်းမဂ်စိတ္တုပ္ပါဒ်ဖြစ်အံ့ ကမ္မ-ချန်-၅-ပစ္စည်း။

---

(က) နိဗ္ဗာနံ မဂ္ဂတိ ဂဝေသတိ။ (ခ) ကိလေသေဝါ မာရေန္တော ဂစ္ဆတီတိ မဂ္ဂေါ။ (ဂ) မဂ္ဂေါ အာရမ္မဏံ ဧတေသန္တိ မဂ္ဂါရမ္မဏာ။ (ဃ) (၁) အဋ္ဌဂီကောပိ မဂ္ဂေါ ပစ္စယဋ္ဌေန ဧတေသံ ဟေတူတိ မဂ္ဂဟေတုကာ၊ (၂) မဂ္ဂမသမ္ပယုတ္တာဝါ-လ-ဟေတူတိပိ မဂ္ဂဟေတုကာ။ (၃) သမ္မာဒိဋ္ဌိ -လ- မဂ္ဂဟေတုကာ။ (င) အဘိဘဝိတွာ ပဝတ္တနဋ္ဌေန မဂ္ဂေါ အဓိပတိ ဧတေသန္တိ မဂ္ဂါဓိပတိနော။ (ဋ္ဌ၊ ၈၇-၈)။

## (၂) (၃)ဝါကျခွဲစသည်

ခ-ဝါကျကား ပက္ခန္တရ။ ထို-၍က-ဝါကျကားပက္ခ။

ဂ-ဝါကျကား ပက္ခန္တရ။ ထို-၍က-ခ-ဝါကျကားပက္ခ။

ဃ-ဝါကျကား ပက္ခန္တရ။ ထို-၍က-ခ-ဂ-ဝါကျကားပက္ခ။

ဃ-ဝါကျတွင် အဋ္ဌဂီကောပိ-လ- မဂ္ဂဟေတုကာ-ပထမ။ သမ္မ-ယုတ္တာဝါ-လ- မဂ္ဂဟေတုကာ-ဒုတိယ။ သမ္မာဒိဋ္ဌိ-လ-မဂ္ဂဟေတုကာ-တတိယဝိကပ်။ (ပက္ခန္တရ၊ ပက္ခများ)။

http://www.dhammadownload.com



## (၄) ဝိဂ္ဂဟာဒိ

မာရေ ဇေတာ။ ကိလေသေ မာရေတီတိ မာရေဇေတာ။

ယောမဂ္ဂေါ၊ သည်။ ကိလေသေ၊ တို့ကို။ မာရေတိ၊ သေစေတတ်၏။(ဝါ) သတ်တတ်၏။ ဣတိ သော မာရေဇေတာ။ (ဟေတုကတ္တုသာဓန၊မရဓာတ်၊ ကာရိက်ဏေပစ္စည်း၊ အန္တပစ္စည်း)။

၁။ မရဓာတ်–အရ သုဒ္ဓကတ္တုဖြစ်ကား ကိလေသာတို့မရှိခြင်း အဘာဝရ၏။

၂။ ဟေတုကတ္တုဖြစ်ကြိယာအရ မဂ်–၄–ပါး၏ကိလေသသမုစ္ဆေဒပဟာနသတ္တိရ၏။

၃။ အန္တပစ္စည်းအရ–သတ္တိမန္တဖြစ်သော မဂ်–၄–ပါးရ၏။

---

## ပစ္စည်းပြိုင်

အန္တတ္ထ၊ ဓာတွတ္ထ၊ ဟေတုကတ္တုဖြစ်အရ ကိလေသာအဘာဝအား မဂ်–၄–ပါးပစ္စည်းတရားက ပကတူပနိဿယသတ္တိဖြင့်ကျေးဇူးပြု။

အဋ္ဌင်္ဂိကော။ အဋ္ဌ အင်္ဂါနီတိ အဋ္ဌင်္ဂံ။ (အစိတ်ဝိဂြိုဟ်)

အဋ္ဌင်္ဂံ အဿ အတ္ထီတိ အဋ္ဌင်္ဂိကော။ (မဂ္ဂေါစပ်) အဋ္ဌင်+ဣက

၁။ အဋ္ဌင်– သမ္မာဒိဋ္ဌိစသောမဂ္ဂင်ရှစ်ပါး။

၂။ ယင်း၏ မဂ္ဂင်ရှစ်ပါးမှကြွင်းသော မဂ်စိတ္တုပ္ပါဒ်နှင့်အစိတ် အပေါင်း၊ လက္ခဏာ လက္ခဏ နိဿိတ နိဿယစပ်–ဥာနူ။

၃။ ဣက–အရ သမ္မာဒိဋ္ဌိစသောအင်္ဂါရှစ်ပါးရှိသော မဂ်စိတ္တုပ္ပါဒ်ရ၏။

သမ္မာဒိဋ္ဌိ။ သမ္မာ ပဿတီတိ သမ္မာဒိဋ္ဌိ။

အဓိပတိ။ အဓိပါတီတိ အဓိပတိ။ (ပုလ္လိင်၊ ရုတ္တာဒိ၊ ဣကာရန္တ၊ အဓိပုဗ္ဗော ပါ–ရက္ခဏေသူစိ)။

ဝါဒကွဲ။ အဓိနာနံ ပတိ အဓိပတိ။ အဓိနာနံ၊ မိမိနှင့်စပ်ယှဉ်သောတရားတို့၏။ ပတိ၊ အရှင်တည်း–ဟု အနက်ပေး။ ဤသို့ ဝိဂ္ဂဟကြံကြ သည်။ ဓိ–၌ ဣ–ရဿနှင့် အဓိနသဒ္ဒါ စပ်ယှဉ်ခြင်းအနက်ဟော မရှိ၊ ဓီ–ဟု ဤ ဒီဃနှင့်ယှဉ်သော အဓီန–သဒ္ဒါသည်သာစပ်ယှဉ်ခြင်း အနက်ဟောရှိ၏။ သို့ဖြစ်၍ "အဓီနာနံ ပတိ အဓိပတိ" ဟုကြံသင့်၏။ အဓိပုဒ်ကို အဓီနာနံ–ဖွင့်သည် ဟုဆိုလိုသည်။ (နောမတိ)

---

## (၆) အာဘောဂနှင့် သံဝဏ္ဏနာ

က–ဝါကျ၌ မဂ္ဂတိ–ဖြင့် မဂ္ဂေါပုဒ်၏ မဂ္ဂဓာတ်၏အဖြစ်ကိုလည်းကောင်း၊[၁] အ–ပစ္စည်း၏ ကတ္တုသာဓနနှင့်သက်သည်ကိုလည်းကောင်း၊[၂] မဂ္ဂတီတိ မဂ္ဂေါ ဟု ကတ္တု သာဓနဝစနတ္တပြုရမည်ကို လည်းကောင်း[၃] သိစေသည်။ ၁။ ဒုတိယဓာတုပဒ။ ၂။ ဒုတိယပစ္စယတ္ထ။ ၃။ အဘိဓာနတ္ထ။

http://www.dhammadownload.com



က–ဝါကျ၌ နိဗ္ဗာနံ ဖြင့် မဂ္ဂတိ၌မဂ္ဂဓာတ်သည် အကမ္မကဓာတ် မဟုတ်၊ သကမ္မကဓာတ် ဖြစ်၍၊ ယင်း၏ ကံကား နိဗ္ဗာနံ တည်းဟုသိစေသည်။ (ဘာဝတ္ထ)

တနည်း။ ရှာ၏ဟူသည် နိဗ္ဗာန်ကို ရှာသတည်းဟု မဂ္ဂတဗ္ဗမေ္မ= ရှားမှီးအပ်သော တရားကို သိစေသည်။ (ဘာဝတ္ထ)

က–ဝါကျ၌ ဂဝေသတိ–ဖြင့် မဂ္ဂတိ–၌ မဂ္ဂဓာတ်သည် သဉ္စရ= ကောင်းစွာ ပြုပြင်ခြင်း၊ သပ္ပန=သွားခြင်းအနက်တို့ကိုမဟော၊ ဂဝေသန= ရှာမှီးခြင်းအနက်ကို ဟောသတည်းဟု သိစေသည်။ (ဓာတွတ္ထ)

✝ မဂ္ဂေါ ဘူ စ အနွေသနေ၊ စ တု သဉ္စရသပ္ပနေ။ ဓာတွတ္ထ။

ခ–ဝါကျ၌ မာရေန္တော ဂစ္ဆတိ–ဖြင့် မဂ္ဂေါသဒ္ဒါ၏ မာရေန္တသဒ္ဒူပပဒ+ဂမုဓာတ်၏ အဖြစ်ကို လည်းကောင်း၊[၁] မာရေန္တော ဂစ္ဆတီတိ မဂ္ဂေါ ဟု ကတ္တုသာဓန ကိတန္တသမာသ် ဝစနတ္ထပြုရမည်ကို လည်းကောင်း၊[၂] ကွိ–ပစ္စည်း ကတ္တုသာဓနေ၌သက်သည်ကိုလည်းကောင်း၊[၃] မာရေန္တ.ဂ–ဟုဆိုလိုလျက် ရေနှင့် န္တ ကို ချေ၊ ဂ–ဒွေဘော်လာ၊ မာ–၌ အာ–ကို အ–ရဿပြု၍ နိရုတ္တိနည်းဖြင့် မဂ္ဂ–ဟုရုပ်ပြီးသည် ကိုလည်းကောင်း၊[၄] သိစေသည်။

၁။ ဒုတိယဓာတုပဒ။ ၂။ အဘိဓာနတ္ထ။ ၃။ဒုတိယပစ္စယတ္ထ။ ၄။ဘာဝတ္ထ။

တစ်နည်း။ ခ–ဝါကျ၌ မာရေန္တော ဂစ္ဆတိ–ဖြင့် မဂ္ဂေါ–၌ မ–သဒ္ဒါ၏ မရဓာတ်၏ အဖြစ်ကို လည်းကောင်း၊[၁] ကွိပစ္စည်း၏ ဟေတုကတ္တုသာဓနေ၌သက်သည်ကိုလည်းကောင်း၊[၂] မာရေတီတိ မော–ဟုဟေတု ကတ္တုသာဓနေဝစနတ္ထ ပြုရမည်ကိုလည်းကောင်း၊[၃] မဂ္ဂေါ၌ ဂ–သဒ္ဒါ၏ ဂမုဓာတ်၏အဖြစ် ကိုလည်းကောင်း၊[၄] ကွိပစ္စည်း၏သုဒ္ဓကတ္တုသာဓနေ၌သက်သည်ကိုလည်းကောင်း၊[၅] ဂစ္ဆတီတိ ဂေါ–ဟု သုဒ္ဓကတ္တုသာဓန ဝစနတ္ထပြုရမည်ကိုလည်းကောင်း၊[၆] မ–သဒ္ဒါ နှင့် ဂ–သဒ္ဒါကို မော စ သော ဂေါ စာတိ မဂ္ဂေါ–ဟု ကမ္မဓာရယ် သမာသ် ဝစနတ္ထပြုရမည်ကိုလည်းကောင်း၊[၇] မဂေါ–ဟုဆိုလို လျက် ဂ–အာဂုံလာခြင်း နိရုတ္တိနည်းဖြင့် မဂ္ဂေါ–ဟုရုပ်ပြီးသည်ကိုလည်းကောင်း[၈] သိစေသည်။

၁။ ဒုတိယဓာတုပဒ။ ၂။ ဒုတိယပစ္စယတ္ထ။ ၃။ အဘိဓာနတ္ထ။
၄။ ဒုတိယဓာတုပဒ။ ၅။ ဒုတိယပစ္စယတ္ထ။ ၆။ အဘိဓာနတ္ထ။
၇။ အဘိဓာနတ္ထ။ သမာသလိင်္ဂပဒတ္ထ။ ၈။ ဘာဝတ္ထ။

ဂ–ဝါကျဖြင့် မဂ္ဂါရမ္မဏာ ပုဒ်ကို မဂ္ဂေါ အာရမ္မဏံ ဧတေသန္တိ မဂ္ဂါရမ္မဏာ ဟု ဗဟုဗ္ဗီဟိ သမာသ် ဝစနတ္ထပြုရမည်ကို သိစေသည်။ (အဘိဓာနတ္ထ။သမာသလိင်္ဂပဒတ္ထ။)

## နှိုင်းယှဉ်ချက်

အရိယမဂ္ဂံ အာရဗ္ဘ ယေ ဥပ္ပဇ္ဇန္တိ စိတ္တစေတသိကာ ဓမ္မာ ဣမေဓမ္မာ မဂ္ဂါရမ္မဏာ။ (နိက္ခေပ ကဏ္ဍ) အဘိ၊ ၁၊ ၂၁၂။

အရိယမဂ္ဂံ အာရဗ္ဘ–ကို လောကုတ္တရမဂ္ဂံ အာရမ္မဏံ ကတွာ–ဖွင့်။ ဋ္ဌ၊၃၉၂။

http://www.dhammadownload.com



မဂ္ဂေါ အာရမ္မဏံ ဧတေသန္တိ မဂ္ဂါရမ္မဏာ။ (ဋ္ဌ၊ ၈၇)

ဗဟုဗ္ဗီဟိသမာသ်ဖြင့် ဖွင့်ပြသော မဂ္ဂါရမ္မဏာ–နှင့် အရိယမဂ္ဂ အာရဗ္ဘ–ဟု နိက္ခေပ–၌ ဟောတော်မူအပ်သော ပါဠိသည် အဓိပ္ပါယ်အတူ ပင်ဖြစ်သည်။ ဆိုလိုသည်မှာ မဂ်လျှင်အာရုံရှိ၏ ဟူသော ဗဟုဗ္ဗီဟိစကားနှင့် မဂ်ကို အာရုံပြု၍ဟူသောစကား အတူပင်ဖြစ်သည်။ ထို့ကြောင့် နိယံဆရာ တို့ကား–" ဗဟုဗ္ဗီဟိ ၊ အသမတ္တိ၊ တူဘိကတ္တာနေ" ဟု ဆိုသည်။ အထက်ပါ စကားကိုထောက်၍ မဂ္ဂေါ အာရမ္မဏံ–အရ မဂ္ဂပစ္စည်းတရားက ဧတေသံ အရ မဂ္ဂါရမ္မဏာစိတ် ၁၁–ပါးအား အာရမ္မဏမျိုး ဖြင့် ကျေးဇူးပြုသည်။

ပြိုင်။ အာရမ္မဏ၊ အဓိပတိ၊ ဥပနိဿယ၊ ၃–ပစ္စည်း။

၁။ ဃ–ဝါကျ၌ အင်္ဂါကော–ဖြင့် မဂ္ဂေါ အရ အင်္ဂါကမဂ်ကိုယူရမည်။(အနွယ)မိစ္ဆာမဂ်၊ ဈာန်မဂ်၊ သကငွမဂ်–ကို မယူရ (ဗျ)သိစေသည်။ (အဘိဓေယျတ္ထ)

၁။ ဃ–ဝါကျ ပစ္စယဋ္ဌေန–ဖြင့် မဂ္ဂဟေတုကာ ၌ ဟေတုသဒ္ဒါ အဃောဘ–စသော ဟိတ်အနက်ကိုမဟော၊ အကြောင်းပစ္စည်းအနက်ကိုဟောသတည်းဟု သိစေသည်။ (နာမလိင်္ဂတ္ထ)

✝ ပစ္စယဋ္ဌေနာတိ မဂ္ဂပစ္စယဋ္ဌေန။ မူလဋီ၊ ၁၊ ၄၄။

၁။ ဃ–ဝါကျ၌ မဂ္ဂဟေတုကာ ပုဒ်ကို မဂ္ဂေါ ဟေတု ဧတေသန္တိ မဂ္ဂဟေတုကာ ဟု ဗဟုဗ္ဗီဟိသမာသ် ဝစနတ္ထပြုရမည်ဟုသိစေသည်။ (အဘိဓာနတ္ထ။ သမာသလိင်္ဂပဒတ္ထ။)

အနက်ပေး။ ။ မဂ္ဂဟေတုကာ၊ အင်္ဂါကမဂ်ဟုဆိုအပ်သော မဂ္ဂပစ္စည်းရှိကုန်သော။

## ဝိဂ္ဂဟနှင့်ဉာဏ်ကောက်

မဂ္ဂေါ ဟေတု ဧတေသန္တိ မဂ္ဂဟေတုကာ။ မဂ္ဂပုဒ်+ဟေတုပုဒ်+ဧတပုဒ်၊ဗဟုဗ္ဗီဟိ။

၁။ မဂ္ဂ–ဟေတု ဗဟုဗ္ဗီဟိသမာသ်ပုဒ်လုံးအရ– မဂ္ဂင် ၈–ပါး တည်းဟူသော မဂ္ဂပစ္စည်း သည် မှချ။

၂။ ယင်း၏ မဂ် ၄–ပါး၊ စေတသိက်တို့နှင့် သဟဇာတာဒိပစ္စည်း ပစ္စယုပ္ပန်၊ အကြောင်း အကျိုးစပ်။

၃။ ဧတ အညပုဒ်အရ– ထို–ဖြင့်မှတ်အပ်သော မဂ်စိတ် ၄–ခု၊ စေတသိက် ၂၈–ခု ရ၏။

**မှတ်ချက်။** မဂ္ဂင်္ဂါနိ ဋ္ဌပေတွာ –လ– မဂ္ဂဟေတုကာ–ဟူသော နိက္ခေပပါဠိကို ထောက်၍ မဂ္ဂဟေတုကာအရ မဂ်စိတ် ၄–ခု၊ မဂ္ဂင်တရားတိုယ် ၈–ပါးကြဉ်သော်စေတသိက် ၂၈–ခုရသည်။

## ပစ္စည်းပြိုင်

မဂ္ဂေါ ဟေတု ပစ္စည်းတရားက၊ ဝါ– မဂ္ဂဟေတုပစ္စည်းတရားက ဧတေသံအရ၊ ဝါ– မဂ္ဂဟေတုကအရ ပစ္စယုပ္ပန်တရားအား သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု။

ပြိုင်။ ။ သဟကြီး ၄၊ အညမည၊ သမ္ပယုတ္တ၊ ဟေတု၊ အဓိပတိ၊ ဣန္ဒြိယ၊ ဈာန၊ မဂ္ဂ။

http://www.dhammadownload.com



## နှိုင်းယှဉ်ချက်

### ပါဠိတော်တတိယနည်း

အရိယမဂ္ဂသမင်္ဂိဿ အလောဘော, အဒေါသော, အမောဟော ဣမေ ဓမ္မာ မဂ္ဂဟေတူ၊ တံ သမ္ပယုတ္တော ဝေဒနာက္ခန္ဓော–လ– ဝိညာဏက္ခန္ဓော ဣမေဓမ္မာ မဂ္ဂဟေတုကာ။ (ဘိ၊ ၁၊၂၁၂)

### အဋ္ဌကထာ ဒုတိယနည်း

(၂) မဂ္ဂသမ္ပယုတ္တာဝါ –လ– ဟေတူတိပိ မဂ္ဂဟေတုကာ။

၂–ဝါကျ၌ မဂ္ဂသမ္ပယုတ္တာ ဟေတူ–ဖြင့် မဂ္ဂဟေတူပုဒ်ကို မဂ္ဂေန သမ္ပယုတ္တာ ဟေတူ မဂ္ဂဟေတူ–ဟု မဇ္ဈေလောပီတတိယာတပ္ပုရိသ်သမာသ်ဝစနတ္ထပြုရမည်ဟု သိစေသည်။

(အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ)

**အနက်ယောဇနာ။** မဂ္ဂဟေတူ၊ မင်္ဂနှင့်ယှဉ်သောဟိတ်တို့။

၂–ဝါကျ၌ မဂ္ဂေ ဟေတူ–ဖြင့် မဂ္ဂနှင့်ဟေတူကို မဂ္ဂေ ဟေတူ မဂ္ဂဟေတူ–ဟု သတ္တမီတပ္ပုရိသ်သမာသ်ဝစနတ္ထပြုရမည်ကိုလည်းကောင်း၊[၁] မဂ္ဂဟေတုအရ– အမောဟ ဟိတ်ကိုယူရမည်ကို လည်းကောင်း၊[၂] သိစေသည်။ ၁။ အဘိဓာနတ္ထ။ သမာသလိင်္ဂပဒတ္ထ။ ၂။ အဘိဓေယျတ္ထ။

၂–ဝါကျ မဂ္ဂသမ္ပယုတ္တာဝါ–၌ ဝါသဒ္ဒါဖြင့် မဂ္ဂေန သမ္ပယုတ္တာ ဟေတူ–ဟူသော ဝစနတ္ထကြောင့် မဂ္ဂဟေတူမည်၍ မဂ္ဂေဝါ ဟေတူအရမှ တသီးတခြားဖြစ်သောကြောင့် အလောဘ, အဒေါသကို ယူရမည်ဟူသော ဝိကပ်အဓိပ္ပါယ်ကို သိစေသည်။ (ဘာဝတ္ထ)

၂–ဝါကျ မဂ္ဂေဝါ၌ ဝါသဒ္ဒါဖြင့် မဂ္ဂေဟေတူဟူသော ဝစနတ္ထကြောင့် မဂ္ဂဟေတူ–မည်၍ မဂ္ဂေန သမ္ပယုတ္တာ ဟေတူအရမှ တသီးတခြားဖြစ်သော အမောဟ–ကိုယူရမည်ဟူသော ဝိကပ် အဓိပ္ပါယ်ကို သိစေသည်။ (ဘာဝတ္ထ)

**မှတ်ချက်။** ဝါသဒ္ဒါလဲလှယ်ပုံကိုလည်း ဤအာဘော်ကိုရှု၍သိလေ။

၂–ဝါကျ၌ မဂ္ဂ သမ္ပယုတ္တာဝါဟေတူ၊ မဂ္ဂေဝါ ဟေတူဟူသော ၂–ဝိကပ်ဖြင့် "မဂ္ဂဟေတူစ မဂ္ဂဟေတူစ မဂ္ဂဟေတူဟု ဧကသေသ်ဝစနတ္ထပြုရမည်ဟု သိစေသည်။ (အဘိဓာနတ္ထ)

### ပစ္စည်းပြိုင်

မဂ္ဂေ ဟေတူ–၌ ဟေတူအရ အမောဟဟိတ်ပစ္စည်းတရားက မဂ္ဂေအရ အမောဟကျဉ်သော မဂ္ဂင် ၇–ပါးပစ္စယုပ္ပန်တရားအား သဟဇာတမျိုးဖြင့် ကျေးဇူးပြု။

ပြိုင်။ သဟကြီး ၄၊ အညမည၊ သမ္ပယုတ္တ၊ ဟေတု၊ အဓိပတိ၊ ဣန္ဒြိယ၊ မဂ္ဂ= ၁၀– ပစ္စည်း။

မဂ္ဂေ ပစ္စည်းတရားက ဟေတူ ပစ္စယုပ္ပန်တရားအား သဟဇာတမျိုးဖြင့် ကျေးဇူးပြု။

ပြိုင်။ သဟကြီး ၄၊ အညမည၊ သမ္ပယုတ္တ၊ ဟေတု၊ ဣန္ဒြိယ၊ ဈာန၊ မဂ္ဂ= ၁၀ ပစ္စည်း။

http://www.dhammadownload.com



## ဝိဂ္ဂဟ-ဉာသ်ကောက်

မဂ္ဂေ ဟောတူ မဂ္ဂဟောတူ။ မဂ္ဂေ၊ ၌။ ဘဝါ၊ ဖြစ်ကုန်သော။ ဟောတူ၊ ဟိတ်တို့တည်း။ (သတ္တာမီတပ္ပုရိသ်)

၁။ မဂ္ဂအရ အမောဟကျဉ်သော မဂ္ဂင်-၇-ပါးသည်မှုချ။

၂။ ယင်း၏ အမောဟနှင့် အဝယဝီ အဝယဝ၊ အပေါင်းအစိတ် စပ်-ဋ္ဌာနူ။

၃။ မဂ္ဂဟောတူအရ ထိုဖြင့်မှတ်အပ်သော အမောဟရ၏။

မှတ်ချက်။ မဂ္ဂဟောတူပုဒ်ကို အစိတ်ဝိဂြိုဟ်နှစ်ချက်၊ အပေါင်း ကေသိက် ဝိဂြိုဟ်တစ်ချက်-ပေါင်းသုံးချက်ဆိုရမည်။

၂-ဝါကျ၌ တော တောသံ ဟောတူဖြင့် မဂ္ဂဟောတုကာပုဒ်ကို မဂ္ဂဟောတူ တောသံ ဟောတူတိ မဂ္ဂဟောတုကာ-ဟု ဗဟုဗ္ဗီဟိသမာသ်ဝစနတ္ထပြုရမည်ကိုလည်းကောင်း၊[1] မဂ္ဂဟောတုဟောတုကာ-ဟုဆိုလိုလျက် ဟောတုသဒ္ဒါတစ်ခုကျေနေသည်ကိုလည်းကောင်း[2] သိစေပါသည်။

၁။ အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ။ ၂။ ဘာဝတ္ထ။

အနက်ယောဇနာ။ မဂ္ဂဟောတုကာ၊ မဂ်နှင့်ယှဉ်သောဟိတ်၊ မဂ်၌တည်သောဟိတ်ဟု ဆိုအပ်ကုန်သော ဟိတ်ရှိကုန်သော။ (ဓမ္မာစပ်)။

မှတ်ချက်။ တော တောသံ ဟောတုဖြင့် မဂ္ဂဟောတူ တောသံ အတ္ထိတိ မဂ္ဂဟောတုကာ-ဟုအသတ္တိ တဒ္ဓိတ်ပြကြောင်း အချို့ဆရာတို့ဆိုကြသည်။ ဝါဒန္တရဟုမှတ်။

၂-ဝါကျ။ ဟောတုပိဋ္ဌအပိ(ပိ) သဒ္ဒါဖြင့် မဂ္ဂေါ တောသံဟောတူ-ဟူသော ပထမဝိကပ်ကြောင့်သာ မဂ္ဂဟောတုကာမည်သည်မဟုတ်၊ မဂ္ဂဟောတူ တောသံ ဟောတူ-ဟူသော ဝစနတ္ထကြောင့်လည်း မဂ္ဂဟောတုကာမည်သေးသည်ဟု သိစေသည်။ (ဘာဝတ္ထ)။

မှတ်ချက်။ ဝါသဒ္ဒါလဲလှယ်ပုံရေးပါဆိုလျှင် "သိစေသည်"ဟူသော အဆုံးသတ်ကို "သိစေလိုသောကြောင့်-ဝါသဒ္ဒါထားရသည်" ဟုပြင်ရေးပါ။

မှတ်ချက်။ မာတိကာအရကောက်ဝယ် မဂ္ဂဟောတုကာပုဒ်ကို အနက်ယောဇနာရာ၊ အရကောက်ရာတို့၌ အနည်းငယ်ကျန်နေသည်ကို သတိပြုခဲ့ပါ။

## နှိုင်းယှဉ်ချက်

ပါဠိတော်ဒုတိယနည်း။ အရိယမဂ္ဂသမင်္ဂိဿ သမ္မာဒိဋ္ဌိ မဂ္ဂေါစေဝ ဟောတုစ၊ သမ္မာဒိဋ္ဌိ ဌပေတွာ တံ သမ္ပယုတ္တော ဝေဒနက္ခန္ဓော-လ-ဝိညာ--ဏက္ခန္ဓော၊ ဣမေ ဓမ္မာ မဂ္ဂဟောတုကာ။

အဋ္ဌကထာတတိယနည်း။ (၃) သမ္မာဒိဋ္ဌိ သယံ-လ- မဂ္ဂဟောတုကာ။

၃-ဝါကျ၌ သမ္မာဒိဋ္ဌိဖြင့် မဂ္ဂေါအရ သမ္မာဒိဋ္ဌိမဂ္ဂင်ကိုယူရမည်ကို လည်းကောင်း၊ သယံ

http://www.dhammadownload.com



မဂ္ဂေါစေဝ ဟေတုစ–ဖြင့်သမ္မာဒိဋ္ဌိတည်းဟူသော မိမိသည်ပင်လျှင် မဂ်လည်းမည်၏။ ဟေတုလည်းမည်၏ဟုလည်းကောင်း သိစေသည်။ (ဘာဝတ္ထ)။

၃–ဝါကျ၌ မဂ္ဂေါ ဟေတု တေသံ–ဖြင့် မဂ္ဂဟေတုကာပုဒ်ကို ဗဟုဗ္ဗီသမာသ် ဝစနတ္ထပြုရမည်ဟုသိစေသည်။(အဘိဓာနတ္ထ၊ သမာသလိင်္ဂတ္ထ)။

အနက်ပေး။ မဂ္ဂဟေတုကာ၊ သမ္မာဒိဋ္ဌိမဂ္ဂင်ဟုဆိုအပ်သော အမောဟ ဟိတ်ရှိကုန်သော။ (ဓမ္မာစပ်)။

## ပစ္စည်းပြိုင်

မဂ္ဂဟေတုအရ အမောဟပစ္စည်းတရားက တေသံအရ၊ ဝါ–မဂ္ဂ ဟေတုကာအရ မဂ်စိတ် ၄–ခု၊ အမောဟကျဉ်သော စေတသိက် ၃၅–တို့အား သဟဇာတမျိုးဖြင့် ကျေးဇူးပြု။

ပြိုင်။ သဟကြီး ၄၊ အညမည၊ သမ္ပယုတ္တ၊ ဟေတု၊အဓိပတိ၊ ဣန္ဒြိယ၊ မဂ္ဂ–၁၀–ပစ္စည်း။

၄–ဝါကျ၌ မဂ္ဂေါအဓိပတိ တေသံ–ဖြင့် မဂ္ဂါဓိပတိနောပုဒ်ကို ဒွန်,ကမ္မဓာရာယ်, တပ္ပုရိသ်, ဘိန္နာဓိကရဏဗဟုဗ္ဗီဟိသမာသ်ဝစနတ္ထ မပြုရ၊ တုလျာဓိကရဏ ဗဟုဗ္ဗီဟိ သမာသ်ဝစနတ္ထပြုရမည်ဟု သိစေသည်။ (အဘိဓာနတ္ထ၊ သမာသလိင်္ဂတ္ထ)

၄–ဝါကျ၌ အဘိဘဝိတ္ဗာ ပဝတ္တနတ္တေန–ဖြင့် မဂ်ဟုဆိုအပ်သော သဟဇာတာ–ဓိပတိ, အာရမ္မဏာဓိပတိ–သည် (အဘိဘဝိတ္ဗာ၏ ကံပုဒ်) သမ္ပယုတ္တဓမ္မတို့ကို လွှမ်းမိုး၍ဖြစ်တတ်သော သဘောရှိ၏ဟု သိစေသည်။ (ဘာဝတ္ထ)

မှတ်ချက်။ ဤကား မဂ္ဂါဓိပတိ၌စပ်၍ အာဘော်ဖော်ခြင်းတည်း။ အဓိပတိ၌ စပ်၍ အာဘော်ဖော်လျှင် အဘိဘဝိတွာ–ဖြင့် အဓိကိုဖွင့်။ ပဝတ္တနဋ္ဌေန–ဖြင့် ပတိကိုဖွင့် သည်ဟု ကြံရမည်။ သို့ကြံ၍ အောက်ပါအတိုင်း အာဘော်ဖော်ရမည်။

တစ်နည်း။ အဘိဘဝိတွာ ပဝတ္တနတေန–ဖြင့် အဓိပတိ၌ အဓိ–သဒ္ဒါသည် အဓိကစသော အနက်ကိုမဟော၊ အဘိဘဝနအနက်ကို ဟောသည်ကိုလည်းကောင်း၊[၁] ပတိ၌ တိပစ္စည်း၏ ကတ္တုသာဓနေ၌သက်သည်ကိုလည်းကောင်း၊[၂] အဓိပတိပုဒ်ကို အဘိဘဝိတွာ ပါတိ ပဝတ္တတီတိ အဓိပတိ–ဟု ကတ္တုသာဓနေဝစနတ္ထပြုရမည်ကိုလည်းကောင်း၊[၃] ပတိ၌ ပါဓာတ်၏ စောင့်ရှောက်ခြင်း အနက်ဟူသည် ဖြစ်ခြင်းအနက်ပင်တည်းဟူသော အဓိပ္ပါယ်ကိုလည်းကောင်း[၄] သိစေသည်။

၁။ ဥပသဂ္ဂလိင်္ဂတ္ထ။ ၂။ ဒုတိယပစ္စယတ္ထ။ ၃။ အဘိဓာနတ္ထ။ ၄။ ဘာဝတ္ထ။

မှတ်ချက်။ မဂ္ဂေါစေဝ ဟေတုစ၌ စသဒ္ဒါကား သမုစ္စည်း။ ဧဝ– သဒ္ဒါကား ပဒါလင်္ကာရ အနတ္ထက။ ဣတိကို တသ္မာပြန်၊ ဟေတုအနက်။

မဂ္ဂေ–ဝါ ဟေတု၌ ဟေတုအရတရားကိုယူ၍ လက္ခဏာဒိစတုက္က၊ ကြိယာ၃ပါးတန် ထုတ်ပါဟုဆိုလျှင် ဟေတု–အရ အမောဟ–အရကောက်၍ ထုတ်ပါလေ။

http://www.dhammadownload.com



(က) ဥပ္ပါဒတော ပဋ္ဌာယ ယာဝ ဘင်္ဂါ ဥဒ္ဓံ ပန္နာဂတာ ပဝတ္တာတိ ဥပ္ပန္နာ။
( ခ) န ဥပ္ပန္နာတိ အနုပ္ပန္နာ။
( ဂ) ပရိနိဋ္ဌိတကာရဏာေကဒေသတ္တာ အဝသံ ဥပ္ပဇ္ဇိဿန္တီတိဥပ္ပါဒိနော။ဋ္ဌ၊၈၈။

## (၁) အနက်ယောဇနာ

က–ဝါကျ။ ဥပ္ပါဒတော၊ ဥပါဒ်မှ။ ပဋ္ဌာယ၊ စ၍။ (တောပစ္စည်း အပါဒါနတ္ထ) တစ်နည်း။ ဥပ္ပါဒတော ဥပ္ပါဒံ၊ ဥပါဒ်ကို။ ပဋ္ဌာယ၊ အစ အပိုင်းအခြားကိုပြု၍။ (တောပစ္စည်း ဂာမတ္ထ) ယာဝဘင်္ဂါ၊ ဘင်တိုင်အောင်။ (အပါဒါနတ္ထ)-ဘင်္ဂါ ဘင်္ဂံ၊ ဘင်ကို။ ယာဝအန္တပရိစ္ဆေဒံကတွာ၊ အဆုံးအပိုင်းအခြားကိုပြု၍။ (အပါဒါန+ကမ္မတ္ထပေးနည်း) ဘင်္ဂတော၊ အခြားပြု၍ ချုပ်လေပြီးသောတရားတို့၏ ဘင်မှ။ (ဥဒ္ဓံ–၏အပါဒါန်ထည့်)

## (၂) (၃) ဝါကျခွဲစသည်

ခ–ဝါကျ ပက္ခန္တရ။ ထို–၍ က–ဝါကျ–ပက္ခ။
ဂ–ဝါကျ ပက္ခန္တရ။ ထို–၍ ခ–ဝါကျ–ပက္ခ။
ဒေါသပယ်။ အဗျာပိတ,အပရိပုဏ္ဏဒေါသပယ်။

## (၆) အာဘော်ဂသံဝဏ္ဏနာ

က–ဝါကျ၌ ဥဒ္ဓံ ပန္နာ–ဖြင့်ဥပ္ပန္နာ၌ ဥ–သဒ္ဒါသည် ဥဒ္ဓံကမ္မစသော အနက်၌မဖြစ်၊ ဥပရိအနက်၌ဖြစ်သည်ကိုလည်းကောင်း၊[၁] ဥဒ္ဓံ ပန္နာ ဥပ္ပန္နာ –ဟု ဒုတိယာတပ္ပုရိသ်သမာသ်၊ ဝါ–သတ္တမီတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်ကိုလည်းကောင်း[၂] သိစေသည်။

၁။ ဥပသဂ္ဂလိင်္ဂတ္ထ။ ၂။ အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ။

က–ဝါကျ၌ ဂတာဖြင့် ပန္နာ၌ပဒဓာတ်သည် ပဇ္ဇတေ ဉာယတေ–၌ ပဒဓာတ်ကဲ့သို့ ဉာဏအနက်ကိုမဟော၊ ဂတိအနက်ကိုဟောသည်ကိုလည်းကောင်း၊[၁] (တစ်နည်း)ပန္နာဟူသော ကိတ်နာမ်ပုဒ်သည် ပန္နလောမော၌ ပန္နသဒ္ဒါကဲ့သို့ ပတိတတ္ထ (=ကျခြင်းအနက်) ပန္နဘာရော၌ ပန္နသဒ္ဒါကဲ့သို့ ဩရောပိတတ္ထ (=ချခြင်းအနက်)ကို မဟော၊ ဂတအနက်ကိုဟောသည်ကိုဟောသည်ကိုလည်းကောင်း၊[၂] ပန္နာ၌ အန္တသဒ္ဒါ၏ တ–ပစ္စည်း၏ကာရိယ၏အဖြစ်ကိုလည်းကောင်း၊[၃] (ဥဒ္ဓံဟူသောကံပုဒ်ကိုထောက်၍) တ၌ တ–ပစ္စည်း၏ ကတ္တုသာဓန၌ သက်သည်ကိုလည်းကောင်း၊[၄] ပန္နာပုဒ်ကို ပဇ္ဇန္တိ ဂစ္ဆန္တီတိ ပန္နာ–ဟု ကတ္တုသာဓနဝစနတ္ထပြုရမည်ကိုလည်းကောင်း[၅] သိစေသည်။

၁။ ဒုတိယဓာတွတ္ထ။ ၂။ (တစ်နည်း)နာမလိင်္ဂတ္ထ။ ၃။ ဒုတိယပစ္စယပဒ။
၄။ ဒုတိယပစ္စယတ္ထ။ ၅။ အဘိဓာနတ္ထ။

က–ဝါကျ၌ ပဝတ္တာ–ဖြင့် ဂတာ–၌ ဂမုဓာတ်အရ ရောက်ခြင်းဟူသည် ဖြစ်ခြင်းပင်တည်းဟူသော အဓိပ္ပါယ်ကို၊ တစ်နည်း။ ဂတာ–၌ ဂမု ဓာတ်သည် "ယေသံ ဓာတူနံ ဂတိ အတ္ထော၊ ဗုဒ္ဓိပိ တေသံ အတ္ထော ပဝတ္တိ ပါပုဏာနီတိပိ–ဟူသော ပရိဘာသာနှင့်အညီ ပဝတ္တိအနက်ကိုလည်း ဟောနိုင်သတည်းဟုသိစေသည်။ (ဘာဝတ္ထ၊ တစ်နည်း။ ဒုတိယဓာတွတ္ထ)

http://www.dhammadownload.com



က–ဝါကျ၌ ဥပ္ပါဒတော ပဋ္ဌာယ ယာဝဘင်္ဂါ–ဖြင့် ဥဒ္ဓံ ပန္နာ–၌ အထက်သို့ ရောက်ခြင်း၊ ဝါ– အထက်၌ဖြစ်ခြင်းဟူသည် ဥပါဒ်မှစ၍ ဘင်တိုင်အောင်ရောက်ခြင်း–ဖြစ်ခြင်းပင်တည်း၊ တစ်နည်း၊ ဥဒ္ဓံအရ ဥပါဒ်, ဋ္ဌီ, ဘင်–ဟုဆိုအပ်သော ခဏကို ယူရမည်ဟု သိစေသည်။

(ဘာဝတ္ထ၊ တစ်နည်း။ အဘိဓေယျတ္ထ)

## ဉာသ်ကောက်

ဥဒ္ဓံ ပန္နာတိ ဥပ္ပန္နာ။

ဥဒ္ဓံ၊ ဥပါဒ်, ဋ္ဌီ, ဘင်ဟုဆိုအပ်သော အထက်သို့၊ ဝါ–၌။ ပန္နာ၊ရောက်ကုန် ဖြစ်ကုန်သည် တည်း။ ဒုတိယာ၊ဝါ– သတ္တမီတပ္ပုရိသ် သမာသ်။ ဥဒ္ဓံပုဒ်+ ပန္နာပုဒ်။

၁။ ဥဒ္ဓံ. . ဥပါဒ်, ဋ္ဌီ, ဘင်ဟုဆိုအပ်သော အထက်ဖြစ်သည် မုချ။

၂။ ယင်း၏ ပစ္စုပ္ပန်စိတ် ၈၉၊ စေတသိက် ၅၂၊ ရုပ်၂၈–ခုတို့နှင့် ခဏ,ခဏဝန္တ၊ ကာလ, ကာလဝန္တ စပ် ဌာနူ။

၃။ ဥပ္ပန္နာ–အရ ထိုဖြင့်မှတ်အပ်သော ဥပါဒ်, ဋ္ဌီ, ဘင်ဟုဆိုအပ်သော အထက်သို့ရောက်၊ အထက်၌ဖြစ်ကုန်သော ပစ္စုပ္ပန်ဖြစ်သော စိတ် ၈၉၊ စေတသိက် ၅၂၊ ရုပ် ၂၈–ခု ရ၏။

**အနက်ယောဇနာ။** ။ ဥပ္ပန္နာ။ (ဥပါဒ်မှဘင်တိုင်အောင်) ဥပါဒ်, ဋ္ဌီ, ဘင်–ဟု ဆိုအပ်သော အထက်သို့ရောက်၊ ဝါ–အထက်၌ဖြစ်ကုန်သော။(ဓမ္မာစပ်)

**ယာဝဘင်္ဂါ။** ဘင်္ဂါကား ပဉ္စမီဝိဘတျန္တပုဒ်။ ယာဝယှဉ်ရာ၌ ပဉ္စမီ။

✪ ယာဝနိပါတ်၊ ယှဉ်တုံလတ်၊ မှတ်လေ ပဉ္စမီ။

**ဥဒ္ဓံ။** ။ဥဒ္ဓံ သဒ္ဒေါ သတ္တမျတ္ထေ နိပါတော။ သူစိ။ ရှု၊ ၁၃၃။

ခ–ဝါကျ၌ န ဥပ္ပန္န–ဖြင့် အနုပ္ပန္နာ–၌ အနသဒ္ဒါ၏ န–သဒ္ဒါ၏ ကာရိယ၏အဖြစ်ကို လည်းကောင်း၊[1] ယင်း န်–သဒ္ဒါ၏ ပစ္စုပ္ပန် အတိတ် ၂–ပါး၌ ဖြစ်ခြင်း ဥပ္ပန္နဘော ကြိယာကို တားမြစ်သော ပဋိသေဓအနက်၌ ဖြစ်သည်ကိုလည်းကောင်း၊[2] ယင်းအနုပ္ပန္နာပုဒ်ကို ဗဟုဗ္ဗိဟိသမာသ် ဝစနတ္ထမပြုရ၊ န ဥပ္ပန္နာ အနုပ္ပန္နာ–ဟု ဥဘောတပ္ပုရိသ်သမာသ် ဝစနတ္ထ ပြုရမည်ကိုလည်းကောင်း[3] သိစေသည်။ ၁။ နိပါတလိင်္ဂပဒ။ ၂။ ဘာဝတ္ထ။ ၃။ အဘိဓာနတ္ထ။ သမာသလိင်္ဂပဒတ္ထ။

## န ဥပ္ပန္နာ–၌ ဂဟေတဗ္ဗ

၁။ န ပဋိသေဓသဒ္ဒါ၏ ဂဟေတဗ္ဗတ္ထ၊ နိဝတ္တေတဗ္ဗတ္ထကား ပစ္စုပ္ပန်, အတိတ်၌ ဖြစ်ခြင်း ဥပန္နဘာဝ။

၂။ န ပဋိသေဓသဒ္ဒါ၏ နိဝတ္တေတဗ္ဗတ္ထ၊ ပဋိသေဓေတဗ္ဗတ္ထကား ဥပ္ပန္နဓမ္မတည်း။

**ရှင်းလင်းချက်။** ။ န ဥပ္ပန္န–၌ န ပဋိသေဓသဒ္ဒါက ဥပ္ပန္နဓမ္မ(ပစ္စုပ္ပန္နဓမ္မ)ကို တားမြစ်သည်ဟုဆိုလျှင် အနုပ္ပန္နာအရ အတီတဓမ္မ, အနာဂတဓမ္မတို့ကို ယူရလိမ့်မည်။ သို့ရလျှင် အယံ

http://www.dhammadownload.com



ပန တိကော စသည် (၄၊ ၃၉၃) ၌ ဆိုလတ့်သော နိက္ခေပအဖွင့်နှင့် ညီလိမ့်မည်မဟုတ်။ န သဒ္ဒါကို ဥပ္ပန္နဘာဝပဋိသေဓယူမှသာလျှင် အနာဂတမွေ့ရမည်။ ဤအဓိပ္ပါယ်ကို သိစေလိုသော ဋီကာဆရာ သည် အနုပ္ပန္နာတိစသော စကားကို ဆိုသည်။

✝ အနုပ္ပန္နာတိ ဧတော၊ န သဗ္ဗော ဥပ္ပန္နဘာဝေါ ပဋိသိဒ္ဓေါ၊ န ဥပ္ပန္န ဓမ္မဘာဝေါဝေတိ တေန ဥပ္ပန္နာ ဝိဂတာ အတီတာပိ န သင်္ဂဟိတာတိ ဒဋ္ဌဗ္ဗာ။ မူလဋီ၊ ၁၊ ၇၄။

ဥပ္ပဇ္ဇန္တိ ဥဒ္ဓံ ပါပုဏန္တီတိ ဥပ္ပန္နာ။ ပစ္စုပ္ပန္နဓမ္မရ၏။

ဥပ္ပဇ္ဇိံသု ဥဒ္ဓံ ပါပုဏိံသူတိ ဥပ္ပန္နာ။ အတီတဓမ္မရ၏။

ဥပ္ပန္နာစ ဥပ္ပန္နာစ ဥပ္ပန္နာ။ ပစ္စုပ္ပဓမ္မ၊ အတီတဓမ္မရ၏။ (မင်းခင်း)

န ဥပ္ပန္နာ အနုပ္ပန္နာ။ ဥဘောတပ္ပုရိသ်သမာသ်။

၁။ န-ဝိသသန-အရ ပသဇ္ဇပဋိသေဓဘောဂုဏ်ရ၏။

၂။ ယင်း၏ ပစ္စုပ္ပဓမ္မ၊ အတီတဓမ္မတို့နှင့် ပဋိသေဓ,ပဋိသေဓေတဗ္ဗ၊ ဂုဏ်, ဂုဏေးစပ်။

၃။ အနုပ္ပန္န-အရ ထိုဖြင့်မှတ်အပ်သော အနာဂတဓမ္မရ၏။

ဂ-ဝါကျ၌ ဥပ္ပဇ္ဇိဿန္တိ-ဖြင့် ဥပ္ပါဒိနော-၌ ဥ-ပုဗ္ဗ ပဒဓာတ်၏ အဖြစ်ကိုလည်းကောင်း၊[၁] ဏီပစ္စည်း၏ အနာဂတ် ကတ္တုသာဓနဖြစ်သည်ကိုလည်းကောင်း၊[၂] ဥပ္ပဇ္ဇိဿန္တီတိ ဥပ္ပါဒိနော-ဟု အနာဂတ်ကတ္တုသာဓနဝစနတ္ထပြုရမည်ကိုလည်းကောင်း၊[၃] ဥပ္ပါဒိနော-၌ နော-သဒ္ဒါသည် ဧကဝုစ်သဝိဘတ်၏ ကာရိယမဟုတ်၊ ဒဏ္ဍိနောကဲ့သို့ ယောဝိဘတ်၏ကာရိယ၏အဖြစ်ကိုလည်းကောင်း[၄] သိစေသည်။

၁။ ဒုတိယစာတုပဒ။ ၂။ ဒုတိယပဗ္ဗယတ္ထ။ ၃။ အဘိဓာနတ္ထ။ ၄။ ဝိဘတ္တိပဒ။

**မှတ်ချက်။** အဝဿကာဓမိမေသု ဏီစ-သုတ်ဖြင့် ဏီပစ္စည်း သက်။ ပုံလိင်၊ ဤကာရန္တ၊ ရတ္တာဒိဂိုဏ်း။ "ပဇ္ဇိဿန္တီတိ ပါဒိနော ဥဒ္ဓံ ပါဒိနော ဥပ္ပါဒိနော-ဟု ဝိဂြိုဟ်စစ်ပြု" ဟု မင်းခင်း ၂၉၃-၌ဆိုသည်။

ဂ-ဝါကျ၌ ပရိနိဋ္ဌိတကာရဏေကဒေသတ္တာ-ဖြင့် မချွတ်ဖြစ်လတ့်ဟူသည် ပြီးပြီးသော အကြောင်းတစိတ်ရှိသည်၏အဖြစ်ကြောင့်တည်းဟူသောအဓိပ္ပါယ်ကိုလည်းကောင်း၊[၁] ဥပ္ပါဒိနော-အရ အကြောင်းအနာဂတဓမ္မကို မယူရ၊ ဝိပါကနာမက္ခန္ဓာကဋတ္တာရုပ်ဟူသော အကျိုး အနာဂတဓမ္မ ကို ယူရမည်ကိုလည်းကောင်း[၂] သိစေသည်။ ၁။ ဘာဝတ္ထ။ ၂။ ဘာဝတ္ထ။

**အနက်ယောဇနာ။** ဥပ္ပါဒိနော၊ (ပြီးပြီးသောအကြောင်းတစိတ်ရှိသည်၏အဖြစ်ကြောင့်) မချွတ်ဖြစ်လတ့်ကုန်သော။

ပရိနိဋ္ဌိတ။ ပရိနိဋ္ဌာ ( ပရိ ပုဗ္ဗ+ဌာဓာတ်+ကွိပစ္စည်း၊ ထီလိင်၊ ကညာဒိ)။ ဣ+တ။

**ကာရဏေကဒေသ။** ။ ကာရဏဿ ဧကဒေသော ကာရဏေ- ကဒေသော။

http://www.dhammadownload.com



ပရိနိဋ္ဌိတော ကာရဏေကဒေသော ဧတေသန္တိ ပရိနိဋ္ဌိတကာရဏေကဒေသာ။
ပရိနိဋ္ဌိတ+ကာရဏေကဒေသ+ ဧတ။

၁။ ပရိနိဋ္ဌိတ ကာရဏေကဒေသ-အရ ပြီးပြီးသောအကြောင်း တစိတ်ဟုဆိုအပ်သော ကုသိုလ်+အကုသိုလ် မှချ။

၂။ ယင်း၏ ဝိပါက်နာမက္ခန္ဓာကဋတ္တာရုပ်တို့နှင့်အကြောင်း အကျိုးစပ်။

၃။ ဧတ-အရ ထိုဖြင့်မှတ်အပ်သော ဝိပါက် နာမက္ခန္ဓာ ကဋတ္တာ ရုပ်ရ၏။

ပရိနိဋ္ဌိတကာရဏေကဒေသာနံ ဘာဝေါ ပရိနိဋ္ဌိတကာရဏေ ကဒေသတ္တံ။

၁။ တဒ္ဓိတ်ပုဒ်အရ- ဝိပါက် နာမက္ခန္ဓာ ကဋတ္တာရုပ် မှချ။

၂။ ယင်း၏ ကုသိုလ်+အကုသိုလ်ဟူသောအကြောင်းတရားနှင့် အကျိုး အကြောင်းစပ်။

၃။ တ္တ-ပစ္စည်းအရ ထိုဖြင့်မှတ်အပ်သော ကုသိုလ်+အကုသိုလ်ဟူသော ပြီးပြီးသော အကြောင်းတစိတ်ရ၏။

မေး။ ပရိ -လ- တ္တာ-၌ တ္တအရ ပစ္စည်းတရားက ပရိ -လ- ကဒေသ-အရ ပစ္စယုပ္ပန် တရားအား အဘယ်မျိုး၊ အဘယ်ပစ္စည်းတို့ဖြင့် ကျေးဇူးပြုပါသနည်း။

ဖြေ။ အတိတ် . . နာနာက္ခဏိက်- ပကတူပနိဿယ ပစ္စည်းဖြင့်။
မဂ် စေတနာ . . အနန္တရ ၆-ပြိုင်။

---

(က) အတ္တနော သဘာဝံ, ဥပ္ပါဒါဒိက္ခဏံဝါ ပတ္တာ အတိက္ကန္တာတိ အတီတာ။
( ခ) တဒုဘယမ္ပိ န အာဂတာတိ အနာဂတာ။
( ဂ) တံ တံ ကာရဏံ ပဋိစ္စ ဥပ္ပန္နာတိ ပစ္စုပ္ပန္နာ။ ဋ္ဌ၊ ၈၈။

## (၆) အာဘောဂ သံဝဏ္ဏနာ

က-ဝါကျ၌ ပတ္တာ အတိက္ကန္တာ-ဖြင့် အတီတာ-ကို အတိ+က္ကတာ -ဟု ပဒစ္ဆေဒ ပြုရမည်ကို လည်းကောင်း၊[၁] က္ကတာတ် ဂတိ-အနက်ဟောသည်ကိုလည်းကောင်း၊[၂] အယိသု ဂမိံသု ပဝတ္တိံသူတိ က္ကတာ-ဟု အတိတ်ကတ္တု သာဓနဝစနတ္တပြုရမည်ကိုလည်းကောင်း၊[၃] တပစ္စည်း၏ အတိတ်ကတ္တု သာဓန ၌သက်သည်ကိုလည်းကောင်း၊[၄] အတိသဒ္ဒါသည် ဘူသတ္တ,အတိရေကတ္တ စသောအနက်ကို မဟော၊ အတိက္ကန္တအနက်ကို ဟောသည်ကို လည်းကောင်း၊[၅] က္ကတာ ဟုတ္တာ အတိက္ကန္တာ အတီတာ- ဟု သမ္ဘာဝနာကမ္မဓာရယ် သမာသ်ဝစနတ္တ ပြုရမည်ကိုလည်းကောင်း၊[၆] "က္ကတာတိ" ဟုဆိုလိုလျက် "အတီတာ"ဟု ရုပ်ပြီးသည်ကိုလည်းကောင်း[၇] သိစေသည်။ (မင်းခင်း၊ ၂၉၄)

၁။ သန္ဓိလိင်္ဂပဒ။ ၂။ ဒုတိယဓေတွတ္ထ။ ၃။ အဘိဓာနတ္ထ။ ၄။ ဒုတိယပစ္စယတ္ထ။
၅။ ဥပသဂ္ဂလိင်္ဂတ္ထ။ ၆။ အဘိဓာနတ္ထ။ သမာသလိင်္ဂပဒတ္ထ။ ၇။ ဘာဝတ္ထ။

http://www.dhammadownload.com



က–ဝါကျ၌ အတိက္ကန္တ–၌ အတီတာဿဒ္ဒါ၏ အတိပုဗ္ဗ ဣဓာဟ်၏ အဖြစ်ကိုလည်းကောင်း၊[၁] ဣဓာတ်၏ အတိက္ကမနအနက်ဟောသည်ကိုလည်းကောင်း၊[၂] အတိယိသု ဂစ္ဆိံသု အတိက္ကမိံသူတိ အတီတာ–ဟု အတိတ်ကတ္တုသာဓနဝစနတ္တပြုရမည်ကိုလည်းကောင်း၊[၃] တပစ္စည်း၏ အတိတ် ကတ္တုသာဓန၌ သက်သည်ကိုလည်းကောင်း၊[၄] အတီသဒ္ဒါ၏ ဓာတွတ္တဝိသေသက ( ဓာတွတ္ထဗာဓက–မင်းခင်း) ၏အဖြစ်ကိုလည်းကောင်း[၅] သိစေသည်။

၁။ ဒုတိယဓာတုပဒ။ ၂။ ဒုတိယဓာတွတ္ထ။ ၃။ အဘိဓာနတ္ထ။

၄။ ဒုတိယပစ္စယတ္ထ။ ၅။ ဥပသဂ္ဂလိင်္ဂတ္ထ။

မှတ်ချက်။ အတ္တနော့သဘာဝံကို ပတွာစပ်၍ ဘာဝတ္ထ၊ ဥပ္ပါဒိက္ခဏံ–ကိုလည်း ပတွာစပ်၍ ဘာဝတ္ထ–ဖော်လေ။

က–ဝါကျ၌ ဝါ–သဒ္ဒါကား အညမညသမုစ္စည်း။

ခ–ဝါကျ၌ တဒုဘယ်–ဖြင့် ထို ၂–ပါးသော ကက္ခဠ,ဖုသနစသော သဘော, ဥပါဒ်,ဋ္ဌီ, ဘင်ဟုဆိုအပ်သောခဏသို့ရောက်ကုန်သည်မဟုတ် ဟူသောအဓိပ္ပါယ်ကို သိစေသည်။ (ဘာဝတ္ထ)

ဥဘယ။ ။ဥဘော အံသာ အဿာတိ ဥဘယံ။ (မောဂ်၊၄၊ ၄၉) ဥဘပုဒ်၊ အံသာတဒ္ဓိတ်၌ အယပစ္စည်း။ ဥဘယကား တဒ္ဓိတ်နာမ်ပုဒ်။

✝ အယူဘဒ္ဓိတိဟံသေ။ (အံသေ၊ အစိတ်သည်။ ဝတ္တမာနေ၊ ဖြစ်သည် ရှိသော်)။ ဥဘော အံသာ အဿာတိ ဥဘယံ။ ဒွယံ တယံ။ (မောဂ်၊ ၄၊ ၄၉)

တစ်နည်း။ ဥဘယ။ သဗ္ဗနာမ်ပုဒ်။

✝ ဥဘယသဒ္ဒေါ ဒွိအဝယဝသမုဒါယဝစနော။ ရူ၊ ၁၀၀။

တဒုဘယ။ တေသံ အတ္တနော သဘာဝါနံ ဥပ္ပါဒိခဏာနံ ဥဘယံ တဒုဘယံ။ (တေသံ+ဥဘယံ တဒုဘယံ–ပြုလိုရင်း)

တေသံ၊ ထိုမိမိ၏ကက္ခဠ,ဖုသနစသောသဘော,ဥပ္ပါဒ်စသောခဏတို့၏။ ဥဘယံ၊ ၂–ပါးကုန်သောအစိတ်တို့ရှိသောအပေါင်း။ တဒုဘယံ၊ ထိုမိမိ၏ကက္ခဠ,ဖုသန–စသော သဘော, ဥပ္ပါဒ်စသောခဏတို့၏ ၂–ပါးကုန် သော အစိတ်တို့ရှိသောအပေါင်း။

တစ်နည်း။ တဒုဘယံ။ တေစ ဥဘယေ တဒုဘယံ။ တေဝေ၊ ထိုမိမိတို့၏ ကက္ခဠ, ဖုသနစသောသဘော, ဥပါဒ်စသောခဏတို့သည်သာလျှင်၊ ဥဘယေ၊ ၂–ပါးတို့တည်း။ (မင်းခင်း အလို –သမာဟာရဒိဂု။ မိမိတို့အလို–ဒိဂုမိဿက ကမ္မဓာရယ်သမာသ်) တပုဒ်+ဥဘယပုဒ်။

၁။ တ . .အရ ထိုမိမိ၏ ကက္ခဠ, ဖုသနစသောသဘော, ဥပ္ပါဒ် စသောခဏတို့၏ နိယမတ္ထဘောဂုဏ် မုချ။

၂။ ယင်း၏ နှစ်ပါးစုံသော မိမိ၏ကက္ခဠ,ဖုသနစသောသဘော, ဥပ္ပါဒ်စသော ခဏနှင့် ဂုဏ် ဂုဏေး စပ်။

http://www.dhammadownload.com



၃။ တဒုဘယ. .အရ ထိုမိမိ၏ ကက္ခဋ္ဌ, ဖုသနစသောသဘော, ဥပ္ပါဒ်စသော ခဏရ၏။

ခ–ဝါကျ၌ န –အာဂတာ–ဖြင့် အနာဂတာ–၌ အနသဒ္ဒါ၏ န နိပါတ်ပုဒ်၏ ကာရိယ အဖြစ်ကိုလည်းကောင်း၊[၁] နှစ်ပါးစုံသော ပစ္စုပ္ပန်အတိတ်ကာလတို့၌ ရောက်ခြင်းကြိယာကို တားမြစ်သော ပသဇ္ဇပဋိသေဓ၏ အဖြစ်ကိုလည်းကောင်း၊[၂] ဥဘောတပ္ပုရိသ် သမာသ် အဖြစ်ကိုလည်းကောင်း[၃] သိစေသည်။ ၁။ နိပါတလိင်္ဂပဒ။ ၂။ နိပါတလိင်္ဂတ္ထ။ ၃။ အဘိဓာနတ္ထ။ သမာသလိင်္ဂပဒတ္ထ။

မှတ်ချက်။ အာဂစ္ဆိံသု ပဝတ္တိံသူတိ အာဂတာ။ (အတီတဓမ္မရ၏)။

အာဂစ္ဆန္တိ ပဝတ္တန္တီတိ အာဂတာ။ (ပစ္စုပ္ပန္နဓမ္မရ၏)။

အာဂတာစ အာဂတာစ အာဂတာ။ န အာဂတာ အနာဂတာ–တွဲ။

အနာဂတာ။ ။ မိမိ၏ ကက္ခဋ္ဌ, ဖုသနစသောသဘော, ဥပါဒ်စသော ခဏသို့ ရောက်ပြီး, ရောက်ဆဲ မဟုတ်ကုန်သော။ (ဓမ္မာ စုပ်)

ဂ–ဝါကျ၌ ပဋိစ္စဥပ္ပန္နာ–ဖြင့် ပစ္စုပ္ပန္နာကို ပတိ ဥပ္ပန္နာ–ဟု ပဒစ္ဆေဒ ပြုရမည်ကိုလည်းကောင်း၊[၁] ပတိသဒ္ဒါသည် ပတိမုခ, ပဋိဘာဝစသော အနက်တို့ကို မဟော၊ ပဋိစ္စအနက်ကိုဟောသည်ကိုလည်းကောင်း၊[၂] ပစ္စုပ္ပန္နာ ပုဒ်ကို ပဋိစ္စ ဥပ္ပန္နာ ဗစ္စုပ္ပန္နာ–ဟု (ပထမာတပ္ပုရိသ်) ဝါ– ကမ္မဓာရယ် သမာသ် ဝစနတ္ထ ပြုရမည်ကိုလည်းကောင်း[၃] သိစေသည်။ .

၁။ သန္ဓိလိင်္ဂပဒ။ ၂။ဥပသဂ္ဂလိင်္ဂတ္ထ။ ၃ အဘိဓာနတ္ထ။ သမာသလိင်္ဂပဒတ္ထ။

တံတံ ကာရဏံ–ဖြင့် စွဲ၍ဖြစ်ကုန်သည်ဟူသည် ထိုထိုအကြောင်း ကိုစွဲ၍ ဖြစ်သတည်း– ဟု သိစေသည်။ (ဘာဝတ္ထ)

မှတ်ချက်။ တံတံကား ဝိစ္ဆာသဗ္ဗနာမ်ပုဒ်။ ရှေ့တ–ထက်၌ နိဂ္ဂဟိတ်လာ။ တံတံ ဟု ဒွေဘော်ပြု။

## သဘာဝပုဒ် ဝိဂ္ဂဟများ

၁။ သဘာဝသဒ္ဒါ သာမညလက္ခဏာကိုဟောလျှင် " သမာနော ဘာဝေါ သဘာဝေါ"ဟု ဝစနတ္ထပြု။

၂။ သဘာဝသဒ္ဒါ ကက္ခဋ္ဌစသော ဝိသေသလက္ခဏာကိုဟောလျှင် " သကော ဘာဝေါ သဘာဝေါ"ဟု ဝစနတ္ထပြု။

၃။ လက္ခိတဗ္ဗကိုဟောလျှင်–သဟ ဘာဝေနာတီတိ သဘာဝေါ–ဟုလည်းကောင်း၊ သဘာဝေါ တေသံ အတ္ထီတိ သဘာဝေါ–ဟုလည်းကောင်း ဝစနတ္ထပြု။

ဤအတ္တနောသဘာဝံ–၌ သဘာဝသဒ္ဒါကား–ဝိသေသ လက္ခဏာတ္ထဖြစ်၏။ သကော ဘာဝေါ သဘာဝေါ–ဟု ပြု။

တဒုဘယံ–၌ တသဒ္ဒါကား ရှေ့ဝါကျ၌ သဘာဝ, ခဏကိုစွဲသောကြောင့် ပက္ကန္တဝိသယ– တ။

http://www.dhammadownload.com



(က) "ဓဝံ ပဝတ္တမာနာ မယံ အတ္တာတိ ဂဟဏံ ဂမိဿာမာတိ" ဣမိနာဝိယ အဓိပ္ပါယေန အတ္တာနံ အဓိကာရံ ကတွာ ပဝတ္တာတိ အဇ္ဈတ္တာ။ (ခ) အဇ္ဈတ္တသဒ္ဒေါ ပနာယံ ဂေါစရဇ္ဈတ္တေ နိယကဇ္ဈတ္တေ အဇ္ဈတ္တဇ္ဈတ္တေ ဝိသယဇ္ဈတ္တေတိ စတူသု အတ္ထေသု ဒိဿတိ။ (ဂ)"တေနာနန္ဒ ဘိက္ခုနာ တသ္မိံယေဝ ပုရိမသ္မိံ-လ- ဣဿရိယဋ္ဌာနံနာမ။ (ဃ) ဣဓ ပန နိယကဇ္ဈတ္တေ အဓိပ္ပေတော။ (င) တသ္မာ အတ္တနော သန္တာနေ ပဝတ္တာ -လ- ဝေဒိတဗ္ဗာ။ (စ) တတော ဗာဟိရဘူတာ ပန -လ- ဗဟိဒ္ဓါနာမ။ ဋ္ဌ၊ ၈၈။

## အနက်ယောဇနာ

က-ဝါကျ။ ယသ္မာ၊ ကြောင့်။ (ပဝတ္တာတိ-၌ ဣတိတသ္မာမျှော်၍အနိယတ်ထည့်) ယေဓမ္မာ၊ တို့သည်။(ပဝတ္တာ၌ စပ်) ဓဝံ=ဣမိနာ ဤဒိသေန၊ ပကာရေန၊ (သာမညကရိဏ်း) စက္ခာဒိဘာဝေန၊ ဖုသနာဒိ ဘာဝေန၊ ကေသန္တတိပရိယာပန္နတာ-ဝသေန။ (ဝိသေသကရိဏ်း။ မူလဋီ)

---

## ဝါကျခွဲစသည်

ခ-ဝါကျကား ပက္ခန္တရ၊ ထို-၍ က-ဝါကျကား ပက္ခ။

ဒေါသပယ်။ အဗျာပိတ၊ အပရိပုဏ္ဏာဒေါသပယ်။

## ခ-ဝါကျ အနုသန္ဓေတက်

ဤသိုက က-ဝါကျဖြင့် အဇ္ဈတ္တာပုဒ်၏ ဥပရိက္ခာအဓိပ္ပါယ်ကိုလည်းကောင်း၊ အဇ္ဈတ္တာ သဒ္ဒါ၏ အဗျယီဘောသမာသ်ဝစနတ္ထအဖြစ်ကိုလည်းကောင်း ပြဆိုတော်မူပြီး၍ ယခုအခါ၌ အဇ္ဈတ္တသဒ္ဒါ၏သရုပ်၊ ဝါ-အတ္ထုဒ္ဓါရကိုပြခြင်းငှါ ခ-ဝါကျမိန့်။

ဂ-ဝါကျကား ဝိတ္ထာရ၊ ဝါ-တပ္ပါကဋီ၊ ဝါ- အာဂမဒဋ္ဌီကရဏ။ ထို-၍ ခ-ဝါကျကား သခေ်ပ၊ ဝါ-တပ္ပါကဋီကရဏီယ၊ ဝါ-အပါကဋ၊ ဝါ- အာဂမဒဋ္ဌီယဝါကျ။

✪ အတ္ထုဒ္ဓါရ၊ ပြသည့်နောက်တွင်၊ "ဟိ"ကိုမြင်၊ ချဲ့, ထင်, ဒဠှီမြဲ။

ဃ-ဝါကျကား ဝိသေသ၊ ဝါကျာရမ္ဘ၊ အတ္ထုဒ္ဓေသ။ ထို-၍ ဂ-ဝါကျကား သာမည။ အာရဒ္ဓ၊ အတ္ထုဒ္ဓါရ။

င-ဝါကျကား လဒ္ဓဂုဏ၊ ထို-၍ ဃ-ဝါကျကား လဒ္ဓဂုဏီယ။

မှတ်ချက်။ ကုသလအဖွင့် ပြန်ကြည့်။

ဂ-ဝါကျတွင် ဣဿရိယဋ္ဌာနေတိ အတ္ထောကား ဝိတ္ထာရဝါကျ။ ထို-၍ အယံခေါ-လ- ဝိသယဇ္ဈတ္တေကား သခေ်ပ။

ဖလသမာပတ္တိ ဟိ-လ- ဌာနံနာမကား ယုတ္တိဒဋ္ဌီကရဏဝါကျ။ ထို-၍ အယံခေါ -လ- အတ္ထောကား ယုတ္တိဒဋ္ဌီယဝါကျ။

http://www.dhammadownload.com



## ဖလသမာပတ္တိ ဟိ ဝါကျ ကျမ်းတက်

ဆရာ၊ ဆရာသည် အဇ္ဈတ္တံ သုညတံဟူသောဝါကျ၌ အဇ္ဈတ္တံ ပုဒ်၏အနက်ကို ဝိသယဇ္ဈတ္တေ့, ဣဿရိယဋ္ဌာနေဟူသောအနက်ကို မှတ်အပ်သနည်း။ လောကီဖော သတ္တရသ တို့သည်လည်း ဘုရားတို့၏အစိုးရသော အရာမဟုတ်လော။ ထိုသို့လျက် အရဟတ္တဖိုလ်ဟုဆိုအပ် သော တစ်ခုသော လောကုတ္တရာဖောကိုသာလျှင် အဘယ်ကြောင့် ဘုရားတို့၏အစိုးရသောအရာဟူ၍ ဆိုအပ်လေသနည်း–ကြောင့် ဖလသမာပတ္တိ ဟိ စသည်မိန့်။ (မင်းခင်း)

## ဝါကျပရိဝတ္တန= ဝါကျအပြန်အလှန်

ကသ္မာ ဣဿရိယဋ္ဌာနေတိအတ္တော ဒဋ္ဌဗ္ဗော။ ဟိ ယသ္မာ ဖလသမာပတ္တိ ဗုဒ္ဓါနံ ဣဿရိယဋ္ဌာနံနာမ။ တသ္မာ ဣဿရိယဋ္ဌာနေတိ အတ္တော ဒဋ္ဌဗ္ဗော။

● ဤသို့ အကြောင်း,အကျိုး၊ အရင်း,အဖြား၊ အပြန်,အလှန် ယောဇနာရသောကြောင့် ဖလသမာပတ္တိ ဟိ–လ– နာမ ဝါကျကို ကာရဏဝါကျ။ ထို–၍ ဣဿရိယဋ္ဌာနေဝါကျကို ဖလဝါကျဆိုရသည်။

## အဓိပ္ပေတ မှတ်ဖွယ်

၁။ သာမညအနက်မှ ဝိသေသအနက်ကိုလုယက်၍ ပြလိုရာ၌လည်းကောင်း၊

၂။ စောဒကစကားမှ လှု၍ပြလိုရာ၌လည်းကောင်း ကထိတာ, အဓိပ္ပေတာ ထားရသည်။

စောဒကပုဂ္ဂိုလ်က အဇ္ဈတ္တသဒ္ဒါသည်အနက် ၄–မျိုးနှင့်ဆက်ဆံနေ၍ အနက် ၄–မျိုးလုံး ယူသင့်သည်ဟုဆို၏။ ပရိဟာရကျမ်းဆရာက အနက် ၄–မျိုးလုံးကိုဟောနိုင်သော်လည်း အရာဋ္ဌာန အားလျော်စွာ "နိယကဇ္ဈတ္တ"ကိုသာ ယူသင့်သည်ဟုဆို၏။ ဤသို့ စောဒကနှင့် ပရိဟာရကျမ်း ဆရာတို့ စကားလုဘွယ်ရှိ၍ အဓိပ္ပေတောသဒ္ဒါ ထားရသည်။

အဇ္ဈတ္တသဒ္ဒါသည် အနက် ၄–ပါးလုံးနှင့် ဆက်ဆံသော်လည်း နိယကဇ္ဈတ္တမှတပါး အဇ္ဈတ္တ ၃–ပါးကို ဗဟိဒ္ဓါဓမ္မာကိုထောက်၍ မယူသင့်။ နိယကဇ္ဈတ္တကိုသာ ယူသင့်သည်။ ထိုသို့ သာမညအနက်မှ ဝိသေသအနက်ကို ထုတ်၍ဆိုလိုသောကြောင့် "အဓိပ္ပေတော" သဒ္ဒါထားရသည်။

✪ ၁။ အဓိပ္ပေတံ၊ နည်းတူကြံ၊ လုရန်စကားမှာ။
၂။ သူ့အားလှိုင်မှု၊ စကားလု၊ ထားမှု ကထိတာ။ (ရွှေ)

---

## (၄) ဝိဂ္ဂဟ၊ ညသ်ကောက်၊ ဗျုပ္ပတျာဒိ

အဇ္ဈတ္တာ။ အတ္တာနံ အဓိ အဇ္ဈတ္တာ။ အတ္တာနံ၊ အပေါင်းဖြစ်သော အတ္တဘောဟူသော ခန္ဓာပဥ္စကကို။ အဓိ၊ အစိတ်ဖြစ်သောမိမိ၏တည်ရာကို။ ဝါ–ဤတရား အပေါင်းသည် ကိုယ်မည်၏ဟုသိသောဉာဏ်၏တည်ရာကိုပြု၍ ဖြစ်ကုန်သည်တည်း။ ဣတိ အဇ္ဈတ္တာ။ (ပြည်သျှနှင့်အညီ အနက် ပေးသည်) အဗျယီဘောသမာသ်၊ အဓိပုဒ်+အတ္တပုဒ်)

http://www.dhammadownload.com



၁။ အတ္တ-ဟူသော ဝိသေသနပုဒ်အရကား အပေါင်းဖြစ်သော အတ္တဘော ဟူသော ခန္ဓာပဉ္စကသည် မှချ။

ဆရာ၊ ဆရာသည် က-ခ-ဂ-ဝါကျဖြင့် စက္ခုဒွါရမှလည်းကောင်း၊ -လ- ယိုစီးတတ်ဖြစ်တတ်သောကြောင့် "အာသဝ"မည်သောဟုဆိုတော်မူ၏။(ထပနာ) ထိုသို့သာဆိုချေသော် အာသဝမည်ခြင်း၏အကြောင်းတစ်ပါး မရှိဟူသောအနက် ရောက်ရာ၏။(အနု+ပါ) စင်စစ်တမူကား အာသဝမည်ခြင်း၏အကြောင်းတစ်ပါး မရှိသည်မဟုတ်၊ ရှိသည်သာ ဖြစ်၏။ (ပဋိ+ ပါ) ယင်းသို့ ရှိသည်သာဖြစ်သောကြောင့် အာသဝမည်ခြင်း၏အကြောင်းတစ်ပါးကို ဆိုသင့်ဆိုတန်၏။ (အနု+ရော) အာသဝ မည်ခြင်း၏ အကြောင်း တစ်ပါးကို မဆိုဘဲမနေသင့်မနေတန်။ (ပဋိ+ရော) တစ်နည်း။ စက္ခုဒွါရမှလည်းကောင်း၊-လ-ယိုစီးတတ် ဖြစ်တတ်သောကြောင့် "အာသဝ" မည်သောဟုသာ မဆိုသင့်။ (ပဋိ+ရော) အဘယ်အကြောင်းကြောင့်လည်း အာသဝ မည်ပါသေးသနည်း-ကြောင့် --ဃ-ဝါကျမိန့်။

http://www.dhammadownload.com



ဒေါသပယ်။ အဗျာပိတ၊ အပရိပုဏ္ဏဒေါသပယ်။

င–ဝါကျကား ဝိတ္ထာရဝါကျ။ ထို–၍ ဃ–ဝါကျ သင်္ခေပဝါကျ။

ဒေါသပယ်။ သင်္ခေပ ဝိတ္ထာရဆန့်ကျင်သော ဝိရောဓိဒေါသပယ်။

စ–ဝါကျကား ယုတ္တိဒဋ္ဌီကရဏ။ထို–၍င–ဝါကျကားယုတ္တိဒဋ္ဌိယ၏

ဒေါသပယ်။ ဒဋ္ဌိယဒဋ္ဌီကရဏဆန့်ကျင်သောဝိရောဓိဒေါသပယ်။

## ဃ–ဝါကျ၌ "ဝါ"သဒ္ဒါ

စက္ခုဒွါရ–လ– မနောဒွါရဟူသော ဒွါရ ၆–ပါးမှ ယိုစီးတတ်သည်၏ အဖြစ်ဟူသော အာသဝသဒ္ဒါ သကတ်အကြောင်းမှတစ်ပါးသော ဓမ္မအားဖြင့် ဂေါတြဘူတိုင်အောင်, ဘုံအားဖြင့် (ဩကာသအားဖြင့်)ဘဝဂ်တိုင်အောင် သွားတတ်ရောက်တတ်သည်၏အဖြစ်ဟူသော အာသဝ သဒ္ဒါ၏ သကတ်အကြောင်းကိုလဲလှယ်ပြလိုသောကြောင့် ဃ–ဝါကျ၌ "ဝါ" သဒ္ဒါ ထားရသည်။

## ခ–ဝါကျ ပိ(အပိ) သဒ္ဒါ

သောတစသောဒွါရမှသာယိုစီးကုန်သည်မဟုတ်၊ စက္ခုဒွါရမှလည်း ယိုစီးကုန် သတည်း– စသည် သမုစ္စည်းအနက်ကို သိစေလိုသောကြောင့်ကြောင့် ပိ (အပိ) သဒ္ဒါထားရသည်။

## ဣတိ ဝုတ္တံ ဟောတိ

သဒ္ဒတ္ထံ–(ယိုးစီးကုန်၏) ဟူသောပုဒ်၏–ပဝတ္တန္တိ (ဖြစ်ကုန်၏)–ဟူသော ပိဏ္ဍတ္ထကို ပြလိုသောကြောင့် ဣတိ ဝုတ္တံ ဟောတိ–ဟု ရေးသားရသည်။

✪ ဣတိ ဝုတ္တံ ဟောတိခံက၊ ပဒပိဏ္ဍတ္ထ။

---

## (၄) ဝိဂ္ဂဟာဒိ

အာသဝါ။ အာသဝန္တီတိ အာသဝါ။ ယေ ဓမ္မာ၊ တို့သည်။ အာသဝန္တိ၊ စက္ခုဒွါရမှ လည်းကောင်း၊ –လ– မနောဒွါရမှလည်းကောင်း ယိုစီးတတ်၊ ဖြစ်တတ်ကုန်၏။ ဣတိ တေ ဓမ္မာ အာသဝါ။ ကတ္တုသာဓနေ၊ အာပုဗ္ဗ+ သုဓာတ်+ဏပစ္စည်း။

၁။ အာ–အရ– ဓာတွတ္ထာနုဝတ္တကဘောဂုဏ်ရ၏။

၂။ သုဓာတ်အရကား– လောဘ, ဒိဋ္ဌိ, မောဟတို့၏ စက္ခုဒွါရမှ လည်းကောင်း၊ –လ– မနောဒွါရမှလည်းကောင်း ယိုစီးခြင်း၊ ဖြစ်ခြင်း သတ္တိ, လက္ခဏ, သဘာဝရ၏။

၃။ ဏပစ္စည်းအရ– သတ္တမန္တ, လက္ခဏဝန္တ,သဘာဝဝန္တဖြစ်သော လောဘ, ဒိဋ္ဌိ, မောဟတို့ရ၏။

http://www.dhammadownload.com



## ဓာန်ငို့နည်း

၁။ အာ–ဟူသော သ–ဟူသော ဝါ–ဟူသော အစိတ်ပရမတ္ထသဒ္ဒါ သည် ဗျုပ္ပတ္တိ။

၂။ ယင်းဗျုပ္ပတ္တိ၏အကြောင်းဖြစ်သော အာပုဗ္ဗ+သုဓာတ်+ဏ–ပစ္စည်းသည်လည်းကောင်း၊ ယှိစီးခြင်းဖြစ်ခြင်းကြိယာသည်လည်းကောင်း ဗျုပ္ပတ္တိနိမိတ်။

၃။ အာသဝါ–ဟူသောအပေါင်းပညတ္တိသဒ္ဒါသည် ပဝတ္တိ။

၄။ ယင်းပဝတ္တိ၏ အကြောင်းဖြစ်သော အာဝဝေါတရားတို့၏ တစ်ခုသည် –လ–ဓာတ်သည် ပဝတ္တိနိမိတ်။

## ဘေဒစိန္တာနည်း

၁။ အာသဝန္တိ–ဟူသော ဝိဂြိုဟ်ဝါကျသည် ဗျုပ္ပတ္တိ။

၂။ ယင်းဗျုပ္ပတ္တ၏အကြောင်းဖြစ်သော အာပုဗ္ဗ+သုဓာတ်+ အန္တိ ဝိဘတ်သည် လည်းကောင်း၊ ယှိစီးခြင်း ဖြစ်ခြင်းကြိယာသည်လည်းကောင်း ဗျုပ္ပတ္တိနိမိတ်။

၃။ အာသဝါ–ဟူသောပုဒ်ပြီးနိဗ္ဗန္နပုဒ်သည် ပဝတ္တိ။ ၄။ တူပြီ။

ဂေါတြဘု။ ဂေါတြဘုစ ဝေါဒါနဉ္စ ပရိကမ္မဉ္စာတိ ဂေါတြဘု။ ဝိရူပေကသေသ တဒ္ဓိတ်။ ဂေါတြဘုစ၊ ၄င်း၊ ဝေါဒါနဉ္စ ၄င်း၊ ပရိကမ္မဉ္စ၊ ၄င်း။ ဂေါတြဘု၊ ဂေါတြဘု ဝေါဒါန် ပရိကမ်။

၁။ ဂေါတြဘု–ဟူသော ရှေ့ပုဒ်အရ ဂေါတြဘုတရားရ၏။

၂။ ယင်းဂေါတြဘုတရား၏ ဝေါဒါန်ပရိကမ်တရားတို့နှင့်သဝန္တိကြိယာကိုမှီ၍ အချင်းချင်းငဲ့သကဲ့သို့ဖြစ်သော အညမညာပေက္ခ သမ္ဗန်သည် ဌာနူပစာ။

၃။ ဂေါတြဘု–ဟူသောဝိရူပေကသေသတဒ္ဓိတ်ပုဒ်အရကား–ထို–ဖြင့် မှတ်အပ်သော ဂေါတြဘု ဝေါဒါန် ပရိကမ်တို့ရ၏။

**မှတ်ချက်။** ၁။ အနက်ယောဇနာ အဖြေပြန်ကြည့်၊ ဂေါတြဘု၏အစိတ် အပေါင်း ဝိဂ္ဂဟများကို ဒဿနတိက်၌ ရေးခဲ့ပြီး။

## ဓာန်ငို့နည်း

၁။ ဂေါတ်–ဟူသော တြ–ဟူသော ဘု–ဟူသော အစိတ်ပရမတ္ထ သဒ္ဒါသည် ဗျုပ္ပတ္တိ။

၂။ ယင်းဗျုပ္ပတ္တိ၏အကြောင်းဖြစ်သော ဂေါတြဘု၏ ဝေါဒါန် ပရိကမ်တို့နှင့် သဝန္တိကြိယာကိုမှီ၍ အချင်းချင်းငဲ့သကဲ့သို့ဖြစ်သော အညမညာပေက္ခသမ္ဗန်သည် ဌာနူပစာ။

၃။ ဂေါတြဘု–ဟူသော အပေါင်းပညတ္တိသဒ္ဒါသည် ပဝတ္တိ။

၄။ ယင်း ပဝတ္တိ၏အကြောင်းဖြစ်သော ဂေါတြဘု,ဝေါဒါန်, ပရိကမ်တို့ အသီးသီးတစ်ခုသည် တစ်ခုနှင့်–ဓာတ်သည် ပဝတ္တိနိမိတ်။

http://www.dhammadownload.com



မှတ်ချက်။ စိန္တာနည်း၌ ၁။ ဝိဂြိုဟ်။ ၃။ ပုဒ်ပြီးနိပ္ဖန္နကောက်။ ကြွင်း ၂-၄ တူပြီ။

ယ-ဝါကျ။ အာသဝါ။ အာဘဝဂ္ဂါ အာဂေါတြဘုမှာ သဝန္တီတိ အာသဝါ။ (ပထမဝိကပ်မှီ၍ စတုက္ကထုတ်ပါ)။

**အန္တောကရဏတ္တော။ အန္တောကရီယတေတိ အန္တောကရဏံ။**

အရီယတိ ဉာယတီတိ အတ္တော။ (အစိတ်ဝိဂြိုဟ်)

အန္တောကရဏံ အတ္တော ယဿ အာကာရဿာတိ အန္တောကရဏတ္တော။ ယဿ၊ အာကာရဿ၊ အာသဝါ၌အကြင်အာ-အက္ခရာအား။ အန္တော-ကရဏတ္တော၊ အတွင်းပြုခြင်းအနက်သည်။ အတ္ထိ၊ ၏။ ဣတိ သော အာကာရော အန္တောကရဏတ္တော။ စတုတ်ဗဟုဗ္ဗိဟိသမာသ်ဝိဂြိုဟ်၊ အန္တောကရဏပုဒ်+အတ္တပုဒ်+ ယပုဒ်။

၁။ အန္တောကရဏအတ္တ-အရ အတွင်းပြုခြင်းအနက်သည်မှုချ။

၂။ ယင်း-အနက်၏ အာအက္ခရာနှင့် အကျိုးအကြောင်း၊ ဝါစ္စ ဝါစက စပ်ခြင်း သမ္ဗန် ဌာနူပစာ။

၃။ ယ-အရ- အတွင်းပြုခြင်းအနက်ရှိသောအာအက္ခရာရ၏။

**ဓာန်ငှီနည်း**

၁။ အန်-ဟူသော တော-ဟူသော က-ဟူသော ရ-ဟူသော ဏတ်-ဟူသော ထော-ဟူသော အစိတ်ပရမတ္ထသဒ္ဒါသည် ဗျုပ္ပတ္တိ။

၂။ ယင်းဗျုပ္ပတ္တိ၏အကြောင်းဖြစ်သော အတွင်းပြုခြင်းအနက်၏ အာ-အက္ခရာနှင့် အကျိုး အကြောင်း၊ ဝါစ္စ ဝါစကအဖြစ်ဖြင့်စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။

၃။ အန္တောကရဏတ္တော-ဟူသော အပေါင်းပညတ္တိသဒ္ဒါသည် ပဝတ္တိ။

၄။ ယင်း ပဝတ္တိ၏အကြောင်းဖြစ်သော အတွင်းပြုခြင်းအနက်ရှိ သော အ-အက္ခရာတို့၏ တစ်ခုသည်-လ- ဓာတ်သည် ပဝတ္တိနိမိတ်။

မှတ်ချက်။ စိန္တာနည်း၌- ၁။ ဝိဂ္ဂဟ။ ၃။ ပုဒ်ပြီးနိပ္ဖန္န။ ၂-၄-တူပြီ။

---

## (၅) ဓာတုပစ္စယာဒိ

စက္ခု။ ကိတ်နာမ်ပုဒ်၊ ဥကာရန္တ၊ နပုံလိင်၊ ရတ္တာဒိဂိုဏ်း၊ စက္ခ ဒဿနေ+ဥပစ္စည်း။ စက္ခတိ ပဿတီတိ စက္ခု။ သူစိ။

စက္ခုတော။ နိပါတ်ပုဒ်၊ ဩကာရန္တ၊ အလိင်၊ ဂဏဝိမုတ်။

မန။ ကိတ်နာမ်ပုဒ်၊ အကာရန္တ၊ ပုံလိင် နပုံလိင်၊ မနောဂိုဏ်း၊ မနဓာတ်+ အပစ္စည်း၊ မနတီတိ မနော။ ဋ၊ ၁၆၆။ (မနော နိတ္ထိ၊ ဓာန်။)

http://www.dhammadownload.com



ဩကာသ။ ကိတ်နာမ်ပုဒ်၊ အကာရန္တ၊ ပုံလိင်၊ ပုရိသာဒိဂိုဏ်း၊ အဝ+ကာသ+ဏ။ အဝကာသန္တိ ပတိဋ္ဌဟန္တိ ကတ္တုကမ္မာနိ ဧတ္ထာတိ ဩကာသော။ ပုဒ်စစ်၊ ၄၂။

ယာဝ။ နိပါတ်ပုဒ်၊ အကာရန္တ၊ အလိင်၊ ဂဏဝိမုတ်။ ယာဝ– ပရိစ္ဆေဒနတ္ထ။ (ရူ၊ ၁၃၄)

အဇ္ဇော။ နိပါတ်ပုဒ်၊ ဩကာရန္တ၊ အလိင်၊ ဂဏဝိမုတ်။ ယာဝ–သတ္တမျန္တနိပါတ်။ (ရူ၊၁၃၄)

အယံ။ သဗ္ဗနာမ်ပုဒ်၊အကာရန္တ၊ ပုံလိင်၊ (ဤ)ရတ္တာဒိဂိုဏ်း။ (သဗ္ဗနာမ်ဂိုဏ်းဟူ၍ မရှိ)

---

## (၆) အာဘောဂ သံဝဏ္ဏနာ

က–ဝါကျ၌ အာသဝန္တိ–ဖြင့် အာသဝါ–၌ အာပုဗ္ဗ+သုဓာတ်၏အဖြစ်ကိုလည်းကောင်း၊[၁] အာ–ဥပသာရ၏ ဓာတွတ္ထာနုဝတ္တက၏အဖြစ်ကိုလည်းကောင်း၊[၂] ဏပစ္စည်း၏ ကတ္တုသာဓနေ၌ သက်သည်ကိုလည်းကောင်း၊[၃] အာသဝန္တီတိ အာသဝါ–ဟု ကတ္တုသာဓနေဝစနတ္ထပြုရမည်ကို လည်းကောင်း[၄] သိစေသည်။

၁။ ဒုတိယဓာတုပဒ။ ၂။ ဥပသဂ္ဂလိင်္ဂတ္ထ။ ၃။ ဒုတိယပစ္စယတ္ထ။ ၄။ အဘိဓာနတ္ထ။

ခ–ဝါကျ၌ စက္ခုတော –လ– မနတော–ဖြင့် သန္ဒန္တိ–ဟူသော အပါဒါနာပေက္ခပုဒ်၏ အပါဒါန်ကား စက္ခုတော–လ–မနတော တည်းဟု သိစေသည်။ (ဘာဝတ္ထ)

တစ်နည်း။ စက္ခုတော–လ–မနတော–ဖြင့် သန္ဒန္တိ=ယိုစီးကုန်၏ဟူသည် စက္ခုဒွါရမှ–လ–မနောဒွါရမှ ယိုစီးကုန်သတည်းဟု သိစေသည်။ (ဘာဝတ္ထ)

ခ–ဝါကျ၌ ပိ(အပိ)သဒ္ဒါဖြင့် သမုစ္စည်းအဓိပ္ပါယ်ကို သိစေသည်။ (ဘာဝတ္ထ)

ခ–ဝါကျ၌ သန္ဒန္တိ–ဖြင့် အာသဝန္တိ–၌ အာပုဗ္ဗ+သုဓာတ်သည် ဇန+ဣဿရ+ သဝန (သုတ) အနက်တို့ကို မဟော၊ သန္ဒန=ယိုစီးခြင်းအနက်ကို ဟောသတည်းဟု သိစေသည်။ (ဓာတွတ္ထ)

ဂ–ဝါကျ။ ပဝတ္တန္တီတိ ဝုတ္တံ ဟောတိ–ဖြင့် သန္ဒန္တိ=ယိုစီးကုန်၏ဟူသည် ကရုဏ်းမှ ရှိသောရေ ယိုစီးသကဲ့သို့မဟုတ်၊ စန္ဒရကန်ကျောက်မှ ဖြစ်၍ ယိုသောရေကဲ့သို့–ဟူသော ပဒပိဏ္ဍတ္ထကို သိစေသည်။ (ဘာဝတ္ထ)

ဃ–ဝါကျ၌ သဝန္တိ–ဖြင့် အာသဝါ–၌ အာပုဗ္ဗ+သုဓာတ်၏အဖြစ်ကိုလည်းကောင်း၊[၁] ဏပစ္စည်း၏ ကတ္တုသာဓနေ၌ သက်သည်ကိုလည်းကောင်း၊[၂] အာဘာဝဂ္ဂံ အာဂေါတြဘုမှာ သဝန္တီတိ အာသဝါ–ဟု ကတ္တုသာဓနေ ဝစနတ္ထပြုရမည်ကိုလည်းကောင်း[၃] သိစေသည်။

၁။ ဒုတိယဓာတုပဒ။ ၂။ ဒုတိယပစ္စယတ္ထ။ ၃။ အဘိဓာနတ္ထ။

ဃ–ဝါကျ၌ ဓမ္မတော–လ–ဘဝဂ္ဂံ–ဖြင့် သဝန္တိ=အာရုံပြုသောအားဖြင့် ရောက်ကုန် ဖြစ်ကုန်ဟူသည် ဓမ္မအားဖြင့် ဂေါတြဘုတိုင်အောင်, ဩကာသ(ဘုံအားဖြင့်) ဘဝဂ်တိုင်အောင် ရောက်ကုန် ဖြစ်ကုန်သတည်းဟူသော အဓိပ္ပါယ်ကိုလည်းကောင်း၊[၁] အာသဝါ–၌ အာ–ဥပသာရ၏

http://www.dhammadownload.com



အနဘိဝိမိအဝိ အနက်ကိုမဟော၊ အဘိဝိမိအဝိ အနက်ကိုဟောသည်ကို လည်းကောင်း၂ သိစေသည်။ ၁။ ဘာဝတ္ထ။ ၂။ ဥသဂ္ဂလိင်္ဂတ္ထ။

✝ အာ-ကာရော အဘိဝိဓိ အတ္ထော ဣစ ဂဟိတော။ မူလဋီ၊ ၁၊ ၅၂။

ဃ-ဝါကျ၌ ဝါ-သဒ္ဒါဖြင့် ဝစနတ္တန္တရကို သိစေသည်။(ဘာဝတ္ထ)

င-ဝါကျဖြင့် ဘာ့ဝတ္ထပြ- ပါဠိလျှောက် အာဘော်ဖော်။

စ-ဝါကျဖြင့် အန္တောကရိတွာ-ဟူသော စကားကို ခိုင်မြဲအောင် ယုတ္တိပြသည်။ (ဘာဝတ္ထ)

မှတ်ချက်။ ဥပသာရနိပါတ်နက်များ ရှေး၌ရေးပြီးဖြစ်၍သိသာပြီ။

**သဗ္ဗနာမဝိသယတ**

င -ဧတေ ဓမ္မေ တေဠ ဩကာသံ-၌ တေ-တို့ကား အစွဲတင်းလင်းရှိသောကြောင့် ပသိဒ္ဓဝိသယ-ဧတ။

စ-ဝါကျ၌ အယံဝယ် ဣမသဒ္ဒါကား အာကာရော-ဟု အစွဲတင်းလင်းရှိသောကြောင့် ပသိဒ္ဓဝိသယ-ဣမ။

---

## (ဂ) ကြိယာငါးတန်

အာသဝန္တိ၊ အာသဝါ၊ သန္ဒန္တိ၊ ပဝတ္တန္တိ၊ သဝန္တိ၊ အန္တောကရိတွာ ပဝတ္တန္တိ-ပုဒ်တို့အရကား

၁။ ကာမာသဝ(လောဘ) ဘဝါသဝ (လောဘ) ဒိဋ္ဌာသဝ(ဒိဋ္ဌိ) အဝိဇ္ဇာသဝ အဝိဇ္ဇာ (မောဟ) ဟူသော အာသဝေါတရား ၄-ပါးသည် ဒဿနတ္ထ။

၂။ အယောနိသောမနသိကာရသည် ဒီပကတ္ထ။

၃။ ပစ္စုပ္ပန်၌ဖြစ်သော ကုက္ကုစ္စ ဝိပ္ပဋိသာရစသော မကောင်းကျိုးသည် ပကာသနတ္ထ။

၄။ အသဒ္ဓမ္မသဝန၊ အသပ္ပုရိသူပနိဿယစသည် ဝိဘာဝတ္ထ။

၅။ တမလွန်၌ဖြစ်သော အပါယ်ဒုက္ခစသည်သည် အနုဘာဝတ္ထ။

---

(က) စိရပါရိဝါသိယဋ္ဌေန မဒိရာဒယော အာသဝါ။ (ခ) အာသဝါ ဝိယာတိ အာသဝါ။ (ဂ) လောကသ္မိဥ္ဟိ စိရပါရိဝါသိကာ မဒိရာဒယော အာသဝါတိ ဝုစ္စန္တိ။ (ဃ) ယဒိစ စိရပါရိဝါသိယဋ္ဌေန အာသဝါ တေဧဝေ ဘဝိတုမရဟန္တိ။ (င) ဝုတ္တဥ္ဟေတံ "ပုရိမာ ဘိက္ခဝေ ကောဋိ န ပညာယတိ အဝိဇ္ဇာယ။ ဣတော ပုဗ္ဗေ အဝိဇ္ဇာ နာဟောသီတိ" အာဒိ။ ဋ္ဌ၊ ၉၀။

## (၁) အနက်ယောဇနာ

က-ဝါကျ။ စိရပါရိဝါသိယဋ္ဌေန၊ ကြာမြင့်စွာ တည်နေစေအပ် (သဒ္ဒတ္ထ) ထုံအပ် (ဝေါဟာရတ္ထ) ဟောင်းမြင်းသည်၏အဖြစ်တည်းဟူသော (အဓိပ္ပါယတ္ထ) အနက်ကြောင့်။ မဒိရာဒယော၊ မုဒရက်သီးရည်အစရှိသည်တို့သည်။ အာသဝါ၊ အာသဝတို့မည်ကုန်၏။

http://www.dhammadownload.com



မှတ်ချက်။ ပြည်သျှ၌ "ကြာမြင့်စွာသောကာလပတ်လုံး ထုံတတ်ဟု အနက်ပေး သည်။ အာသဝါ တစ်ပုဒ်လည်း ကျန်နေသည်။

## (၂) (၃) ဝါကျခွဲ စသည်

ခ-ဝါကျကား ဝါကျာရမ္ဘဝါကျ။ ထို-၍ က-ဝါကျကား အာရဒ္ဓ။

### ခ-ဝါကျသို့ ပါပနာဒိကျမ်းတက်

ဆရာ၊ ဆရာသည် က-ဝါကျဖြင့် ကြာမြင့်စွာထုံအပ်သည်အဖြစ်တည်းဟူသော အနက်ကြောင့် အာသဝမည်သောဟုဆိုတော်မူ၏။ (ထပနာ) ထိုသို့သာဆိုချေသော် လောဘ ဒိဋ္ဌိ မောဟတရားတို့ အာသဝမည်ခြင်းအကြောင်းတစ်မျိုးမရှိဟူသော အနက်သည်ရောက်ရာ၏၊ (အနု+ပါ) စင်စစ်တမူကား လောဘ ဒိဋ္ဌိ မောဟတရားတို့ အာသဝမည်ခြင်း အကြောင်းတစ်မျိုး မရှိသည်မဟုတ်၊ ရှိသည်သာဖြစ်၏။ (ပဋိ+ပါ) ယင်းသို့ရှိသည်သာ ဖြစ်သောကြောင့် (ဟိတ်) လောဘ,ဒိဋ္ဌိ,မောဟတရားတို့ အာသဝမည်ခြင်းအကြောင်းတစ်မျိုးကို ဆိုသင့်ဆိုတန်၏။ (အနု+ရော) လောဘ ဒိဋ္ဌိ မောဟ တရားတို့ အာသဝမည်ခြင်းအကြောင်းတစ်မျိုးကို မဆိုဘဲ မနေသင့် မနေတန်။ (ပဋိ+ရော) တစ်နည်း။ ကြမြင့်စွာထုံအပ်သည်၏ အဖြစ်တည်းဟူသောအနက်ကြောင့် အာသဝ မည်သောဟုသာ မဆိုသင့်။ (ပဋိ+ရော) အဘယ်ကြောင့် လောဘ ဒိဋ္ဌိ မောဟတရား တို့သည် အာသဝ အမည်ရကြပါသနည်း-ကြောင့် ခ-ဝါကျမိန့်။

ဒေါသပယ်။ အဗျာပိတ၊ အပရိပုဏ္ဏဒေါသပယ်။

ဂ-ဝါကျ။ ယုတ္တိဒဠှီကရဏဝါကျ။ ထို-၍ က-ဝါကျကား ယုတ္တိ ဒဠှီယဝါကျ။

မှတ်ချက်။ က-ဝါကျဖြင့် အာသဝါသဒ္ဒါ စိရပါရိဝါသိယအနက်ဟော အထင်ရှုဠီသဒ္ဒါဟု ပြပြီးနောက် ယင်းကိုပင် ယုတ္တိပြ၍ ခိုင်မြဲစေလိုသော အဋ္ဌကထာဆရာ သည် ဂ-ဝါကျမိန့်။

ဒေါသပယ်။ ဒဠှီယ ဒဠှီကရဏ ဒေါသပယ်။

ဃ-ဝါကျကား ဝါကျာရမ္ဘဝါကျ။ ထို-၍ ခ-ဝါကျကား အာရဒ္ဓ။

ဒေါသပယ်။ ဝိရောဓိဒေါသပယ်။

င-ဝါကျကား အာဂမဒဠှီကရဏဝါကျ။ ထို-၍ ဃ-ဝါကျကား အာဂမဒဠှီယ-ဝါကျ။

ဒေါသပယ်။ ဝိရောဓိဒေါသပယ်။

## ဝိ (အဝိ) သဒ္ဒါ

အာသဝန္တီတိ အာသဝါ။ ဓမ္မတော -လ- သဝန္တီတိ အာသဝါ-ဟူသော ဝစနတ္ထ ၂-မျိုး ကြောင့်သာ အာသဝမည်သည်မဟုတ်၊ အာသဝါ ဝိယ-ဟူသော ဥပမာတဒ္ဓိတ် ဝစနတ္ထကြောင့်လည်း အာသဝမည်၏ဟူသော သမုစ္စည်းအဓိပ္ပါယ်ကို သိစေလိုသော ကြောင့် အာသဝါ ဝိယာတိပိ-ဟု ဝိ (အဝိ) သဒ္ဒါ ထားရသည်။

http://www.dhammadownload.com



မှတ်ချက်။ စိရပါရိဝါသိယဋ္ဌေန-ဝါကျနှင့် ခ-ဝါကျ ပိ (အပိ) သဒ္ဒါ မသက် ဆိုင်ပါ။ ရှေ့ ၂-ဝိကပ်နှင့်သာ သက်ဆိုင်သည်။

ဂ-ဝါကျ။ ဟိ သဒ္ဒါ ယုတ္တိဒဋ္ဌိကရဏဇောက။

ဃ-ဝါကျ၌ စ-ဒ္ဒါကို ခ-ဝါကျဝယ် စောဒနာဘွယ်ရှိ၍ ဆက်လက်ပြလိုသဖြင့် ထားရသည်။ (ဂ-ါကျနှင့် မသက်ဆိုင်ပါ)

## ဝုတ္တဥ္စေတံ

အာဂမဒဋ္ဌိကရဏကိုပြလို၍ ဝုတ္တဥ္စေတံ-ထားရသည်။

✪ ဝုတ္တဥ္စေတ၊ အာဂမ၊ ယူကြ ဒဋ္ဌိရင်း။

---

## (၄) ဝိဂ္ဂဟာဒိ

ပရိဝါသိယာ။ ပရိဝါသိယန္တေတိ ပရိဝါသိယာ။

ပရိပုဗ္ဗ+ဝသဓာတ်+ကာရိုက်ကျေ+ဏျပစ္စည်း။ ဟေတုကမ္မသာဓန။ အဖန်ဖန် တည်စေအပ် ထုံအပ် စိမ်ထားအပ်သော မုဒရက်သီးရည်စသည်ရ။

ပါရိဝါသိယာ။ ပရိဝါသိယာဝေ ပါရိဝါသိယာ။သွတ္ထာ၊ဏပစ္စည်း။

## တန်ငြိုနည်း

၁။ ပါ-ဟူသော ရိ-ဟူသော ဝါ-ဟူသော သိ-ဟူသော ယာ-ဟူသောအစိတ် ပရမတ္ထ သဒ္ဒါသည် ဈုပ္ပတ္တိ။

၂။ ယင်းဈုပ္ပတ္တိ၏အကြောင်းဖြစ်သောပရိဝါသိယပုဒ်+ဏပစ္စည်းသည် ဈုပ္ပတ္တိနိမိတ်။

၃။ ပါရိဝါသိယာ-ဟူသော အပေါင်းပညတ္တိသဒ္ဒါသည် ပဝတ္တိ။

၄။ ယင်းပဝတ္တိ၏အကြောင်းဖြစ်သော မုဒရက်သီးစိမ်ရည်စသည်တို့၏ တစ်ခု သည်--ဇာတ်သည် ပဝတ္တိနိမိတ်။

## ဘေဒစိန္တာနည်း

၁။ ပါရိဝါသိယာဝေ-ဟူသော ဝိဂြိုဟ်ဝါကျသည် ဈုပ္ပတ္တိ။

၂။ ပါရိဝါသိယာဟူသော ပုဒ်ပြီးနိပ္ဖန္နသည် ပဝတ္တိ။
(၂-၄ တူပြီ။)

စိရပါရိဝါသိယ။ စိရံ ပါရိဝါသိယာ စိရပါရိဝါသိယာ။

စိရံ၊ ကြာမြင့်စွာ။ ပါရိဝါသိယာ၊ အဖန်ဖန်တည်စေအပ် ထုံအပ် စိမ်ထားအပ်သော မုဒရက်ရည် စသည်တို့တည်း။ ဒုတိယာတပ္ပုရိသ် သမာသ်။

http://www.dhammadownload.com



၁။ စိရံ–ဟူသောဝိသေသနပုဒ်အရ ကြာမြင့်စွာသော်ကာလသည် မုချ။

၂။ ယင်း၏ အဖန်ဖန်တည်စေအပ် ထုံအပ် စိမ်ထားအပ်သော မုဒရက်ရည် စသည်နှင့် ကာလ,ကာလဝန္တ၊ ဝိသေသန ဝိသေသျစပ်ခြင်း သမ္ဗန်သည် ဌာနူပစာ။

၃။ စိရပါရိဝါသိယအရ အဖန်ဖန် –လ– မုဒရက်ရည်စသည်ရ။

## ဓာန်ဋီနည်း

၁။ စိ–ဟူသော ရ–ဟူသော ပါ–ဟူသော ရိ–ဟူသော ဝါ–ဟူ သော သိ–ဟူသော ယ–ဟူသော အစိတ်ပရမတ္ထသဒ္ဒါသည် ဗျူပ္ပတ္တိ။

၂။ ယင်း ဗျူပ္ပတ္တိ၏အကြောင်းဖြစ်သော ကြာမြင့်သောကာလ၏ အဖန်ဖန် တည်စေအပ် ထုံအပ် စိမ်ထားအပ်သော မုဒရက်ရည်စသည်တို့နှင့် ကာလ– ကာလဝန္တ၊ ဝိသေသန ဝိသေသျစပ်ခြင်း သမ္ဗန်သည် ဗျူပ္ပတ္တိ နိမိတ်။

၃။ စိရပါရိဝါသယ–ဟူသော အပေါင်းပညတ္တိသဒ္ဒါသည် ပဝတ္တိ။

၄။ ယင်းပဝတ္တိ၏အကြောင်းဖြစ်သော မုဒရက်ရည် (သေအရက်) စသည်တို့၏ –လ– ဓာတ်သည် ပဝတ္တိနိမိတ်။

မှတ်ချက်။ စိန္တာနည်း၌ ၁၊ ၃–သာထူးသည်။ ၂–၄ တူပြီ။

စိရပါရိဝါသိယဋ္ဌ။ စိရပါရိဝါသိယာဝေ အဋ္ဌော စိရပါရိဝါသိယဋ္ဌော။ စိရပါရိဝါသယနှင့် အတ္ထ။ ဂုဏ် ဂုဏေး၊ ဝိသေသန ဝိသေသျစပ် သမ္ဗန် ဗျူပ္ပတ္တိနိမိတ်။

မဒိရာ။ မဒ္ဒန္တိ တောယာတိ မဒိရာ။

တောယ၊ ထိုအရည်ဖြင့်။ သတ္တာ၊ တို့သည်။ မဒ္ဒန္တိ၊ မေ့လျော့ ယစ်မူးတတ်ကုန်၏။ ဣတိ သာ မဒိရာ။ ကရဏသာဓန။ မဒဓာတ်+ ကိရပစ္စည်း။ (က အနုဗန်ရှိသော ဣရပစ္စည်း။)

၁။ မဒဓာတ်အရ ကတ္တုဋ္ဌကြိယာကား သတ္တဝါတို့၏ ယစ်မူခြင်း မဒစသည် ပြဓာန်းသော အကုသိုလ်စိတ္တုပ္ပါဒ်သည် မုချ။

၂။ ကရဏဋ္ဌကြိယာကား ထို–အားတပ်သော မုဒရက်သီးရည်၏ ပကတူပနိဿယ သတ္တိသည် ဖလူပစာ။

၃။ ကိရပစ္စည်းအရကား ထို–ဖြင့်မှတ်အပ်သော မုဒရက်သီးရည် ရ၏။

## ပစ္စည်းပြိုင်

အန္တတ္ထ၊ ဓာတွတ္ထ၊ကတ္တုဋ္ဌအရ မဒစသည်ပြဓာန်းသော အကုသိုလ် စိတ္တုပ္ပါဒ်အား ဗာဟျတ္ထ၊ ပစ္စယတ္ထ–အရ မုဒရက်သီးရည် (အရက်) က ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုသည်။

http://www.dhammadownload.com



## ဓာန်ငြိနည်း

၁။ မ-ဟူသော ဒိ-ဟူသော ရာ-ဟူသော အစိတ်ပရမတ္ထသဒ္ဒါသည် ဇျူပွတ္တိ။

၂။ မဒဓာတ်+ကိရပစ္စည်းသည်လည်းကောင်း၊ မူးယစ်ခြင်းကြိယာသည်လည်းကောင်း ဇျူပွတ္တိနိမိတ်။

၃။ မဒိရာ-ဟူသော အပေါင်း ပညတ္တိသည် ပဝတ္တိ။

၄။ ယင်း ပဝတ္တိ၏အကြောင်းဖြစ်သော မုဒရက်ရည် (အရက်) တို့၏-ဇာတ်သည် ပဝတ္တိနိမိတ်။

မှတ်ချက်။ စိန္တာနည်း သိလွယ်ပါပြီ။

မဒိရာဒယော။ မဒိရာအာဒိ ယေသံ တေ မဒိရာဒယော။

မဒိရာ+အာဒိ+ယ။ မုဒရက်ရည်စသည်၏ ကြွင်းသော မူးယစ်ကြောင်းဝတ္ထုနှင့် အာဒိ+အာဒိဝန္တစပ်။

✝ မဇ္ဇန္တိ တောယာတိ မဒိရာ။ သုရာ။ မဒဥမ္မာဒနေတိ မဟာမောဂ္ဂ လဒာနသုတ္တေန ကိရော။ ယောဇနာ၊ ၆၆။

✝ မဒိရာ ဝါရုဏိမဇ္ဇံ၊ သုရာသဝေါ တု မေရယံ။ ဓာန်၊ ၅၃၃။

---

## (၅) ဓာတုပစ္စယာဒိ

စိရံ။ နိပါတ်ပုဒ်၊ နိဂ္ဂဟီတန္တ၊ အလိင်၊ ဂဏဝိမုတ်။

စိရပါရိဝါသိယဋ္ဌေန။ သမာသ်နာမ်ပုဒ်၊ အကာရန္တ၊ ပုံလိင်၊ ပုရိသာဒိဂိုဏ်း။

မဒိရာ။ ကိတ်နာမ်ပုဒ်၊ အာ-ကာရန္တ၊ ထီလိင်၊ ကညာဒိဂိုဏ်း။

မဒိရာဒယော။ သမာသ်နာမ်ပုဒ်၊ ဩကာရန္တ၊ ထီလိင်၊ (အာသဝါ စပ်) ရတ္တာဒိ။

ကောဋ္ဌီ။ ကိတ်နာမ်ပုဒ်၊ ဩကာရန္တ၊ ထီလိင်၊ ရတ္တာဒိဂိုဏ်း။

✝ ကုဋ္ဌ ကောဋ္ဌီလျေ ဩဏ်။ သူစိ။ ကော ဏောသော ကောဋ္ဌီနာရိယံ။ ဓာန်၊၃၉၄။

---

## (၆) အာဘောဂ သံဝဏ္ဏနာ

က-ဝါကျ။ စိရပါရိဝါသိယဋ္ဌေန-ဖြင့် အာသဝသဒ္ဒါသည် စိရ ပါရိဝါသိယ အနက်ဟော ရှိဦးအနိပ္ပန္နပါဋိပဒိကပုဒ်တည်း-ဟု သိစေသည်။ (နာမလိင်္ဂတ္ထ)

မှတ်ချက်။ အာသဝါ-၌ အာသဒ္ဒါ စိရအနက်ဟောသည်ကိုလည်းကောင်း၊ အာပုဗ္ဗ+ သုဓာတ်၏ ပရိသဝနအနက်ဟောသည်ကိုလည်းကောင်း၊ ဏပစ္စည်း၏ ကတ္တုသာဓနေ၌ သက်သည် ကိုလည်းကောင်း၊ အာသဝန္တိ စိရံ ပရိဝသန္တီတိ အာသဝါ-ဟု ဝိဂ္ဂဟပြုရမည်ကိုလည်းကောင်း သိစေသည်-ဟု အာဘော်ဖော်ကြသေးသည်။ နှစ်သက်လျှင် ယူလေတော့။

http://www.dhammadownload.com



က-ဝါကျ။ မဒိရာဒယော-ဖြင့် အာသဝါ-အရ မုဒရက်သီးရည် စသော့စိမ်ရည် အရက်ကို မှချယူရမည်-ဟု သိစေသည်။ (အဘိဓေယျတ္ထ)

ခ-ဝါကျ၌ အာသဝါ ဝိယ-ဖြင့် အာသဝါပုဒ်ကို အာသဝါ ဝိယာတိ အာသဝါ -ဟု ဥပမာတဒ္ဓိတ် ဝစနတ္ထပြုရမည်ကိုလည်းကောင်း၊[၁] ဏပစ္စည်း၏ ဥပမာတဒ္ဓိတ်၌ သက်သည်ကို လည်းကောင်း[၂] သိစေသည်။ ၁။ အဘိဓာနတ္ထ။ ၂။ ပစ္စယတ္ထ။

ခ-ဝါကျ၌ ဝိ-သဒ္ဒါဖြင့် သမုစ္စည်းအဓိပ္ပါယ်ကို သိစေသည်။ (အဓိပ္ပါယ် ရေးခဲ့ပြီ၊ ၂-အဖြေပြန်ကြည့်)

---

## ဥပသဂ္ဂနိပါတတ္ထ

### တေဟေဝ-၌ ဧဝ

၁။ လောဘ, ဒိဋ္ဌိ, မောဟအာသဝဝေါတရားတို့သည် ဂဟေတဗ္ဗ။

၂။ မာနစသောတရားတို့သည် နိဝတ္တေတဗ္ဗ။

၃။ လောဘ,ဒိဋ္ဌိ,မောဟတို့၏ အာသဝမည်ထိုက်သောဂုဏ်သည် အနုညာတတ္ထ။

မှတ်ချက်။ ဘဝိတုံ အရဟန္တိ-ကိုမျှော်လေ။

### သဗ္ဗနာမဝိသယ

ဃ-ဝါကျ၌ တေဝယ် တေသဒ္ဒါကား ကာမာသဝစသည် ရှေ့ဝါကျ၌ ဆိုအပ်ပြီးသည်ကို စွဲသောကြောင့် ပက္ကန္တဝိသယ-တေ။

င-ဝါကျ၌ တေ်ဝယ် တေသဒ္ဒါကား ပုရိမာ-လ-နာဟောသိ စသော အစွဲတင်း လင်းရှိသောကြောင့် ပသိဒ္ဓဝိသယ-တေ။

င-ဝါကျပါဠိအကိုးသာကေဝယ် ဣတော-၌ ဣမသဒ္ဒါကား အခါကာလဒြဗ်ကို စွဲသောကြောင့် ပက္ကန္တဝိသယ-ဣမ။

### အဓိပ္ပါယ်မှတ်ဖွယ်

င-ဝါကျ၌ အာဒိသဒ္ဒါဖြင့် "ပုရိမာ ဘိက္ခဝေ ကောဋိ နပညာယတိ ဘဝတဏှာယ - ဟူသော ဤသုတ်ကိုယူ။" မူလဋီ၊ ၁၊ ၅၂။

ဤသုတ်၌ အဝိဇ္ဇာသဝ, ဘဝါသဝကိုပြသဖြင့် ထိုအဝိဇ္ဇာနှင့် ဘဝတဏှာတို့ စိရပရိဝုတ္ထ အဖြစ်ကို ပါဠိတော်၌ တိုက်ရိုက်ပြအပ်ပြီးသော ထို အဝိဇ္ဇာနှင့် ဘဝတဏှာတို့ ဖြစ်ခြင်းကြောင့် ဖြစ်လေ့ရှိကုန်သော ကာမသဝ, ဒိဋ္ဌာသဝတို့၏လည်း စိရပရိဝုတ္ထအဖြစ်ကို ကာရဏူပစာအားဖြင့် ပြအပ်ပြီးသည် ဖြစ်သတည်း။

မှတ်ချက်။ ပါဠိတော်၌ အဝိဇ္ဇာနှင့် ဘဝတဏှာကိုယူသော အကြောင်းကို ထောက်၍

http://www.dhammadownload.com



ကာမာသဝ, ဒိဋ္ဌာသဝဟူသော အကျိုးကိုလည်းရသည်။ ကာရဏူပစာ၊ ကာရဏာနုမာန၊ အနုမာနသိဒ္ဓိ။

✪ အကြောင်းထောက်ဆ၊ ကျိုးသိရ၊ ကာရဏာနုမာနာ။

ကာရဏူပစာ၊ အနုမာန်သိဒ္ဓိ။

ဃ–ဝါကျ။ စိရပါရိဝါသိယဋ္ဌကြောင့် အာသဝအမည်ရလျှင် လောဘ, ဒိဋ္ဌိ, မောဟတို့သာ "ပုရိမာ ဘိက္ခဝေ"စသော ပါဠိအာဂုံကို ထောက်၍ အာသဝ အမည်ရထိုက်ကုန်၏။ (အနွယ) ယင်းအနွယကိုဆိုသဖြင့် မာနစသောတရားတို့ကား အာသဝအမည် မရထိုက် (ဗျတိရေက) အနက်ကိုလည်း သိရသောကြောင့် အတ္ထာပန္နနည်း၊ အတ္ထပတ္တိသိဒ္ဓိ ရသည်။ မူလဋီ၊ ၁၊ ၅၂။

မှတ်ချက်။ ဒေဝဒတ္တော ဒိဝါ န ဘုဉ္ဇတိ၊ ထူလော–ကဲ့သို့မှတ်။

င–ဝါကျ။ အဆိုပါအဓိပ္ပါယ်များကို ပုရိမာ ဘိက္ခဝေ–စသော အာဂုံအကိုး သာဓကဖြင့် ပြီးစေသောကြောင့် သိဒ္ဓေယျသိဒ္ဓိ။

---

## ကြိယာငါးတန်

မေး။ ပုရိမာ ဘိက္ခဝေ စသော ပါဠိတော်လာ မုချတ္ထတရားကိုယူ၍ကြိယာငါးတန် ထုတ်ပါ။

ဖြေ။ ၁။ အဝိဇ္ဇာသဝနှင့်ဘဝတဏှာ (ဘဝါသဝ) သည် ဒဿနတ္ထ။

၂။ အယောနိသောမနသိကာရသည် ဒီပကတ္ထ။

၃။ သင်္ခါရစသည် ဥပါဒါန်စသည်သည် ပကာသနတ္ထ။

၄။ အသဒ္ဓမ္မ, အသပ္ပုရိသူပနိဿယစသည် ဝိဘာဝတ္ထ။

၅။ ဝဋ္ဋဒုက္ခသည် အနုဘာဝတ္ထ။

မှတ်ချက်။ ပုရိမာစသော င–ဝါကျ၌ အာဒိ၏ အာဒိဝန္တတရား၊ ဝါ–အာဒိဖြင့်ပြအပ်သော ပါဠိဝယ်–သမ္မန်တရားကိုယူ၍ ကြိယာငါးတန် ထုတ်ပါဟုမေးလျှင် –ဘဝတဏှာယသည် သမ္မန်တရား ဖြစ်သည်ကိုတွေ့ရမည်။ သို့ဖြစ်၍ ဘဝတဏှာကို ယူ၍ထုတ်ရမည်။

---

(က) အာယတံ ဝါ သံသာရဒုက္ခံ သဝန္တိ ပသဝန္တီတိ အာသဝါ။ (ခ) တတော အညေနော အာသဝါနာမ။ (ဂ) အတ္တာနံ အာရမ္မဏံ ကတွာ ပဝတ္တေဟိ သဟ အာသဝေဟီတိ သာသဝါ။ (ဃ) ဇဝံ ပဝတ္တမာနာ နတ္ထိ ဧတေသံ သာသဝါတိ အနာသဝါ။ (င) သေသံ ဟေတုဂေါစ္ဆကေ ဝုတ္တနယေန ဝေဒိတဗ္ဗံ။ ဋ္ဌ၊ ၉၁။

## (၂) (၃) ဝါကျခွဲ စသည်

ခ–ဝါကျကား ပက္ခန္တရဝါကျ။ ထို–၍ က–ဝါကျကား ပက္ခ။

ဂ–ဝါကျကား ပက္ခန္တရ။ ထို–၍ ခ–ဝါကျကား ပက္ခ။

http://www.dhammadownload.com



ဃ-ဝါကျကား ပက္ခန္တရ။ ထို-၍ က-ခ-ဂ-ဝါကျ ပက္ခ။

င-ဝါကျကား အတိဒေသသံဝဏ္ဏနာဝါကျ။ ဝါ-ဝါကျာရမ္ဘဝါကျ။

**မှတ်ချက်။** ပက္ခန္တရဝါကျများ၊ အဗျာပိတ၊ အပရိပုဏ္ဏဒေါသပယ်။ အတိဒေသ သံဝဏ္ဏနာဝါကျဖြင့် ဂန္ထဂရုဒေါသပယ်။

## ဝါသဒ္ဒါ

အာသဝန္တီတိ အာသဝါ, ဓမ္မတော -လ- သဝန္တီတိ အာသဝါ၊ အာသဝါ ဝိယာတိ အာသဝါ- ဟူသော ရှေး၌ဆိုအပ်ပြီး အာသဝသဒ္ဒါ၏အကြောင်းသကတ်မှတပါး အာယတံ-လ-သဝန္တိ ပသဝန္တီတိ အာသဝါဟူသော အာသဝသဒ္ဒါ၏ အကြောင်းသကတ်ကို ပြလိုသောကြောင့် "ဝါ" သဒ္ဒါထားရသည်။

**တစ်နည်း။** အာသဝသဒ္ဒါ၏ စက္ခုစသော ဒွါရ ၆-ပါးမှ ယိုစီးခြင်း ဖြစ်ခြင်း အကြောင်း သကတ်၊ ဓမ္မအားဖြင့် ဂေါတြဘုတိုင်အောင်, ဩကာသအားဖြင့် ဘဝဂ်တိုင်အောင် ယိုစီးခြင်း အကြောင်းသကတ်၊ မုဒရက်ရည် စသည်နှင့်တူခြင်းအကြောင်းသကတ် တစ်မျိုးမှတစ်ပါးသော ရှည်စွာသော သံသာရာဆင်းရဲကို သီးခြင်း, သံသရာဆင်းရဲဟူသော သားကို မွေးဖွားခြင်း-ဟူသော သကတ်ကိုလဲလှယ်ပြလိုသောကြောင့် "ဝါ" သဒ္ဒါ ထားရသည်။

## ဝိ(အဝိ) သဒ္ဒါ

အာသဝန္တိစသည် ဆိုအပ်ပြီးသော အကြောင်းသကတ်ကြောင့်သာ "အာသဝ" မည်သည် မဟုတ်သေး၊ ရှည်စွာသောသံသရာဆင်းရဲကို သီးတတ် သံသရာဆင်းရဲဟူသော သားကိုမွေးဖွား တတ်သည်၏အဖြစ်ကြောင့်လည်း "အာသဝ" မည်၏ဟူသော အကြောင်းသကတ်ကို ပေါင်းဆည်း ခြင်း အဓိပ္ပါယ်ကို ပြလိုသောကြောင့် ဝိ(အဝိ) သဒ္ဒါထားရသည်။

**မှတ်ချက်။** ဘာသာဋီကာ၌ " ဝါသဒ္ဒါသည် အာသဝါ ဝိယာတိ၏ ဝိကပ်၊ ဝိ-ကား ရှေးအနက်တို့ကို ပေါင်းသော သမ္ပိဏ္ဍနတည်း-ဟု ဆိုသည်။

---

## (၄) ဝိဂ္ဂဟာဒိ

**သံသာရ။** သံသရဏံ သံသာရော။ သံ+သရ+ဏ။

ခန္ဓာနဉ္စ၊ ခန္ဓာတို့လည်းကောင်း၊ ဓာတု အာယတနာနဉ္စ၊ ဓာတ်, အာယတနတို့၏ လည်းကောင်း၊ သံသရဏံ၊ မပြတ်ဖြစ်ခြင်း။ ဘာဝသာဓန။

ဘာဝသာဓနတို့၏သဘောသည် ဓာတ်အရ၊ ပစ္စည်းအရ အထူးမရှိသောကြောင့် ခန္ဓာတို့လည်းကောင်း၊ အာယတန ဓာတ်တို့လည်းကောင်း မပြတ်ဖြစ်ခြင်း ကြိယာပင်ရ၏။

✝ သံသာရောတိ ခန္ဓာဒီနံ အဝိစ္ဆိန္နပ္ပဝတ္တာ ပဋိပါဋိ။ သံ၊၄၊၂၊၁၄၅။

http://www.dhammadownload.com



## စာန်ဋီနည်း

၁။ သံ-ဟူသော သာ-ဟူသော ရော-ဟူသောအစိတ်ပရမတ္ထသဒ္ဒါသည် ဗျုပ္ပတ္တိ။

၂။ ယင်းဗျုပ္ပတ္တိ၏အကြောင်းဖြစ်သော သံပုဗ္ဗ+သရဓာတ်+ ဏပစ္စည်းသည်လည်းကောင်း၊ မပြတ်ဖြစ်ခြင်း ကြိယာသည်လည်းကောင်း ဗျုပ္ပတ္တိနိမိတ်။

၃။ သံသာရောဟူသော အပေါင်းပညတ္တိသည် ပဝတ္တိ။

၄။ ယင်းပဝတ္တိ၏အကြောင်းဖြစ်သော သံသရာ၏ တစ်ခုသည် တစ်ခုနှင့်တူသော အချင်းအရာဟုဆိုအပ်သောဇာတ်သည် ပဝတ္တိနိမိတ်။

မှတ်ချက်။ ဘောဒစိစ္စိန္တာနည်းဝယ် ၂-၌ သံပုဗ္ဗ သရဓာတ် ယုပစ္စည်း သည် လည်းကောင်း၊ – ဤမျှသာ ထူး၏။ ကြွင်း တူပြီ။

## (၅) ဓာတုပစ္စယာဒိ

အာယတ။ ကိတ်နာမ်ပုဒ်၊ အကာရန္တ၊ နပုံလိင်၊ စိတ္တာဒိ၊ အာပုဗ္ဗ +ယတဓာတ်။ တစ်နည်း။ ဏ္ဍဓာတ်+တပစ္စည်း၊ ဏ္ဍကို ဧပြုကေို အယပြု။ အစ၌ အ-ကို အာဒီဃပြု၊ သူစိ။

တတော။ တသဒ္ဒါ သဗ္ဗနာမ်ပုဒ်၊ အကာရန္တ၊ ပုံလိင်၊ ပုရိသာဒိ ဂိုဏ်း။ (တတော-ထို အာသဝ-မှ) တတော-နိပါတ်ပုဒ်-စသည်ခွဲလေ။

အညေ။ သဗ္ဗနာမ်ပုဒ်၊ အကာရန္တ၊ ပုံလိင်၊ ပုရိသာဒိ။(တရားကိုစွဲ)

## (၆) အာဘောဂ သံဝဏ္ဏနာ

က-ဝါကျ၌ အာယတံ သဝန္တိ-ဖြင့် အာသဝါပုဒ်ကို အာယတံ သဝန္တီတိ အာသဝါ-ဟု ကတ္တုသာဓနေကိတန္တဒုတိယာတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်ကိုလည်းကောင်း၊[၁] ဏပစ္စည်း၏ ကတ္တုသာဓနေ၌ သက်သည်ကိုလည်းကောင်း၊[၂] အာသဝါ-၌ အာသဒ္ဒါ အာယတအနက်ဟောသည်ကို လည်းကောင်း၊[၃] တစ်နည်း။ အာယတသဝ-ဟု ဆိုလိုလျက် နိရုတ္တိနည်း (ယတကို ချေခြင်း) ဖြင့် အာသဝ-ဟု ရုပ်ပြီးသည်ကိုလည်း ကောင်း[၄] သိစေသည်။

၁။ အဘိဓာနတ္ထ။ ၂။ ဒုတိယပစ္စယတ္ထ။ ၃။ ဥပသဂ္ဂလိင်္ဂတ္ထ။ တစ်နည်း။ ၄။ ဘာဝတ္ထ။

မှတ်ချက်။ ဤကား လဟုကနည်း အာဘော်တည်း။ ဂရုကနည်း ဆိုလျှင် သဝန္တီတိ သဝါ။ အာယတံ သဝါ အာသဝါ-ဟု ပြု၍ အာဘော် ဖော်လေ။

က-ဝါကျ၌ ဝါသဒ္ဒါဖြင့် ဝိကပ်တစ်မျိုး(အတ္ထန္တရ)ကိုသိစေသည်။ (ဘာဝတ္ထ)

(က) ဝါကျ၌ သံသာရဒုက္ခံ-ဖြင့် အာယတံပုဒ်ကို အာယတီတိ အာယတံ-ဟု ဝစနတပြု၍ အာယတအရ သံသရာဆင်းရဲကို ယူရမည်ဟု သိစေသည်။ (အဘိဓေယျတ္ထ)

က-ဝါကျ၌ ပသဝန္တိ-ဖြင့် သဝန္တိ-၌သုဓာတ်သည် ပသဝနအနက်ကိုဟော သတည်းဟု သိစေသည်။ (ဓာတွတ္ထ)

http://www.dhammadownload.com



က-ဝါကျ၌ အပိ(ပိ)သဒ္ဒါဖြင့် သမုစ္စည်းအဓိပ္ပါယ်ကိုသိစေသည်။ (ဘာဝတ္ထ)

**အနက်ယောဇနာ**။ အာသဝါ၊ ရှည်စွာသော သံသရာဆင်းရဲကိုသီးတတ် ရှည်စွာသော သံသရာဆင်းရဲဟူသောသားကို ဖွားတတ်ကုန်သော။ (ဓမ္မာစပ်)

ခ-ဝါကျ၌ တတော အဉ္ဇေ-ဖြင့် နော အာသဝါ၌ နော-သဒ္ဒါ အညအနက်ဟောသည်ကို လည်းကောင်း၊[၁] နော အာသဝါအရ အာသဝမှတစ်ပါးကုန်သောတရားတို့ကို ယူရမည်ကို လည်းကောင်း၊[၂] (နောကို အဉ္ဇေ ဖွင့်သဖြင့်) နောနောင် ပထမာယောဝိဘတ် ကျေသည်ကိုလည်း ကောင်း၊[၃] အညအပါဒါန် တတော-ဟု လည်းကောင်း[၄] သိစေသည်။

၁။ နိပါတလိင်္ဂတ္ထ။ ၂။ အဘိဓေယျတ္ထ။ ၃။ ဝိဘတ္တိပဒ။ ၄။ ဘာဝတ္ထ။

ဂ-ဝါကျ၌ အတ္တာနံ အာရမ္မဏံ ကတွာ ပဝတ္တေဟိ-ဖြင့် သဟ အာသဝေဟိဝယ် အာသဝေဟိ-၌ အာသဝေါတရားတို့ဟူသည် သမ္ပယုတ်အားဖြင့် ဖြစ်သည်မဟုတ်၊ (ဗျတိရေက) အာရုံပြု၍ ဖြစ်ကုန်သတည်းဟု သိစေသည်။ (ဘာဝတ္ထ)

ဂ-ဝါကျ၌ သဟ အာသဝေဟိဖြင့် သာသဝါပုဒ်ကို သ+အာသဝါ -ဟု ပဒစ္ဆေဒ ပြုရမည် ကိုလည်းကောင်း၊[၁] သ-သဒ္ဒါသည် သဒ္ဒ သမာန စသည်တို့၏ ကာရိယမဟုတ်၊ သဝိတက္က၌ သ-သဒ္ဒါကဲ့သို့ သဟသဒ္ဒါ၏ ကာရိယ၏အဖြစ်ကိုလည်းကောင်း၊[၂] သ-သဒ္ဒါ၏ သဟအနက် ဟော၏ အဖြစ်ကိုလည်းကောင်း၊[၃] သာသဝါပုဒ်ကို သဟ အာသဝေဟိ ယေ ဝတ္တန္တိ- တိ သာသဝါ- ဟု သဟပုဗ္ဗပဒ ပထမာဗဟုဗ္ဗီဟိသမာသ် ဝစနတ္ထပြုရမည်ကိုလည်းကောင်း[၄] သိစေသည်။

၁။ သန္ဓိလိင်္ဂပဒ။ ၂။ နိပါတလိင်္ဂပဒ။ ၃။ နိပါတလိင်္ဂတ္ထ။

၄။ အဘိဓာနတ္ထ။ သာမသလိင်္ဂပဒတ္ထ။

ဃ-ဝါကျ၌ ဧဝံ ပဝတ္တမာနာ-ဖြင့် အာသဝတို့ဟူသည် မိမိကို အာရုံပြု၍ ဖြစ်ကုန်သော အာသဝတို့တည်းဟု သိစေသည်။(ဘာဝတ္ထ)

ဃ-ဝါကျ၌ နတ္ထိ ဧတေသံ အာသဝါ-ဖြင့် အနာသဝါပုဒ်ကို အန+အာသဝါ-ဟု ပဒစ္ဆေဒ ပြုရမည်ကိုလည်းကောင်း၊[၁] ယင်းအနသဒ္ဒါ၏ န-သဒ္ဒါ၏ကာရိယအဖြစ်ကိုလည်းကောင်း၊[၂] ယင်း န-သဒ္ဒါ အဘာဝ၊ဝါ-ဝိရဟအနက်ဟောသည်ကိုလည်းကောင်း၊[၃] နတ္ထိ ဧတေသံ အာသဝါတိ အနာသဝါ-ဟု စတုတ္ထီဗဟုဗ္ဗီဟိသမာသ်ဝစနတ္ထပြုရမည် ကိုလည်းကောင်း[၄] သိစေသည်။

၁။ သန္ဓိလိင်္ဂပဒ။ ၂။ နိပါတလိင်္ဂပဒ။ ၃။ နိပါတလိင်္ဂတ္ထ။

၄။ အဘိဓာနတ္ထ။ သမာသလိင်္ဂပဒတ္ထ။

---

## (၇) ဥပသဂ္ဂနိပါတတ္ထ

က-ဝါကျ။ အာယတဝယ် အာ-သဒ္ဒါကား ဓာတွတ္ထဝိသေသက။ အာယတပုဒ် ကို ဣတတ်ယူလျှင် ဥပသာရမရှိ။

က-ဝါကျ။ သံသာရ-၌ သံသဒ္ဒါကား အဗ္ဘောစ္ဆိန္နတ္ထ။ ပသဝန္တိ-၌ ပ-သဒ္ဒါကား

http://www.dhammadownload.com



(မွေးဖွားတတ်၏ အနက်ပေးလျှင်) ဓာတွတ္ထဝိသေသက။ (ပသဝန္တိ–သီးတတ်ကုန်၏ အနက်ပေးလျှင်) ဓာတွတ္ထာနုဝတ္တက။

မှတ်ချက်။ ကြွင်း ဥပသာရ နိပါတ်များ လွယ်ပြီ။ တတော၌ တသဒ္ဒါကား ဆိုအပ်ပြီး အာသဝကို စွဲသောကြောင့် ပက္ကန္တဝိသယ–တ။

## (၁၀) ပစ္စည်းပြိုင်

မေး။ က–ဝါကျ အာသဝါ–၌ အာ–အရ တရားနှင့် သဝ–အရ တရားတို့ ပဋ္ဌာန်းပစ္စည်း အဘယ်သို့ ဆက်သွယ်သည်ကို ဖော်ပြ၍ ပစ္စယ သတ္တိတို့ကိုလည်း ရေးသားပါ။

ဖြေ။ အာ–အရ ရှည်စွာသော သံသရာဆင်းရဲဟူသော လောကီရုပ်နာမ်ကား အာရုံ ပစ္စည်းတည်း။

သဝ–အရ လောဘ ဒိဋ္ဌိ မောဟ–ဟူ သော အာသဝေါတရား လေးပါးကား အာရမ္မဏိကပစ္စယုပ္ပန်တည်း။ အာရုံမျိုး ဆက်သွယ်သည်။

ယထာရဟာ– အာရမ္မဏ–ဂ–ပစ္စည်းပြိုင်။

မှတ်ချက်။ အာယတံ သံသာရဒုက္ခအရနှင့် သဝန္တိ၊ ပသဝန္တိ–တို့အရလည်း အထက်ပါ အတိုင်း ပစ္စည်းပြိုင်။

---

(က) ယဿ သံ ဝိဇ္ဇန္တိ၊ တံ ပုဂ္ဂလံ ဝဋ္ဋသ္မိံ သံယောဇေန္တိ ဗန္ဓန္တီတိ သံယောဇနာ။

(ခ) တတော အညေ နော သံယောဇနာ နာမ။

(ဂ) အာရမ္မဏဘာဝံ ဥပဂန္တွာ သံယောဇနသမ္ပယုတ္တနေန သံယောဇနာနံ ဟိတာတိ သံယောဇနိယာ။

(ဃ) သံယောဇနေဿ အာရမ္မဏပစ္စယဘူတာနံ ဧတံ အဓိဝစနံ။

(င) န သံယောဇနိယာ အသံယောဇနိယာ။

(စ) သေသံ ဟေတုဂေါစ္ဆကေ ဝုတ္တနယေနေဝ ယောဇေတဗ္ဗံ။ ဋ္ဌ၊၉၁။

### (၁) အနက်ယောဇနာ

က– သံယောဇနာ ဓမ္မာ ယဿ ပုဂ္ဂလဿ သံဝိဇ္ဇန္တိ။ ယောဇနာ၊ဖြ၇။

က–ဝါကျ။ သံယောဇေန္တိ၊ ယှဉ်စေကုန်၏။ (သဒ္ဒတ္ထ) ဗန္ဓန္တိ၊ ဖွဲ့ ချည်ကုန်၏။ (သဒ္ဒတ္ထ) ယုဇ–ဘူစ ဗန္ဓနယောဇနေ၊ (ဓာတွတ္ထ) ကိလေသဝဋ္ဋ ကမ္မဝဋ္ဋဝိပါက ဝဋ္ဋတို့အား ကျေးရူးပြုသည်၏ အဖြစ်ဖြင့် ထိုဝဋ္ဋသုံးပါး၌ ယှဉ်စေကုန် ဖွဲ့ချည်ကုန်၏။ ( သာဓိပ္ပါယ သဒ္ဒတ္ထ)။ ဋီကာ၊ ၅၃။

ဃ–ဝါကျ။ ဧတံ၊ သည်။ သံယောဇနဿ၊ ၏။ အာရမ္မဏပစ္စယ ဘူတာနံ၊ -- တရားတို့၏။ တို့နှင့်။ တို့ကို။ အဓိဝစနံ၊ အမည်တည်း။ စပ်သော သဒ္ဒါတည်း။ ဟောသော သဒ္ဒါတည်း။ (တစ်ခုစီတွဲ ပေးပါ)

http://www.dhammadownload.com



## (၂) (၃) ဝါကျခွဲ စသည်

ခ–ဝါကျ။ ပက္ခန္တရ။ ထို–၍ က–ဝါကျကား ပက္ခ။

ဂ–ဝါကျ ပက္ခန္တရ။ ထို–၍ က–ခ–ဝါကျ ပက္ခ။

ဃ–ဝါကျ။ ဝါကျာရမ္ဘဝါ– ပက္ခန္တရ။ ထို–၍ ဂ–ဝါကျကား အာရဒ္ဓဝါ–ပက္ခ။

မှတ်ချက်။ ပက္ခန္တရဝါကျဖြင့် အဗျာပိတ အပရိပုဏ္ဏဒေါသပယ်။

အဓိဝစန်–ဝါကျဖြင့် ဝါကျာရမ္ဘဆိုလျှင် အတိဗျာပိတဒေါသပယ်။ ပက္ခန္တရဆိုလျှင် အဗျာပိတ အပရိပုဏ္ဏဒေါသပယ်။ ဝိပါကတိက်အဖွင့် ပြန်ကြည့်။

ဂ–ဝါကျမှ ဃ–ဝါကျသို့ ကျမ်းတက်လိုလျှင် (၁) အဘိဓာနတ္ထ–မှ အဘိဓေယျတ္ထ – သို့တက်သည့်နည်း။ (၂) အဓိပ္ပါယ်ရှုတက်သည့်နည်း ဟု ၂–မျိုးရှိသည်။

င–ဝါကျကား ပက္ခန္တရ။ ထို–၍ ဂ–ဃ–ကား ပက္ခ။

စ–ဝါကျကား အတိဒေသသံဝဏ္ဏနာဝါကျ။

### အဓိဝစနံသဒ္ဒါ

ကေဒေသျူပစာ၊ အထင်ရှင်ကိုပြလိုသဖြင့် ဃ–ဝါကျ အဓိဝစနံသဒ္ဒါ ထားရသည်။

---

## (၄) ဝိဂ္ဂဟာဒိ

**သံယောဇနော။ သံယောဇေန္တိ ဗန္ဓန္တီတိ သံယောဇနာ။**

**သမ္ဗန္ဓန္။ သမ္ဗန္ဓိယတေ သမ္ဗန္ဓနံ။**

**သံယောဇနေသမ္ဗန္ဓန။ သံယောဇနေဟိ သမ္ဗန္ဓနံသံယောဇနေသမ္ဗန္ဓနံ။**

သံယောဇနေဟိ၊ သံယောဇဉ်တို့နှင့်။ သမ္ဗန္ဓနံ၊ စပ်ခြင်း။ တတိယာ တပ္ပုရိသ် သမာသ်၊ သံယောဇနပုဒ်၊ သမ္ဗန္ဓနပုဒ်။

၁။ သံယောဇနေအရ– သံယောဇဉ် ၁၀–ပါးရ၏။

၂။ ယင်း–စပ်ခြင်းကြိယာနှင့် ဝိသေသန ဝိသျေ၊ သဟာဒိယောဂ သဟာဒိ–ယောဂဝန္တ စပ်– သမ္ဗန် ဌာနူပစာ။

၃။ သံယောဇဉ်တို့နှင့် စပ်ခြင်းရ၏။

### ဗျုပ္ပတျာဒိစတုက္က

၂။ ယင်းသံယောဇဉ်တို့၏ စပ်ခြင်းကြိယာနှင့် ဝိသေသန ဝိသေသျအဖြစ်ဖြင့်စပ်ခြင်း သမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။

၄။ သံယောဇဉ်တို့နှင့် စပ်ခြင်းကြိယာ ပဝတ္တိနိမိတ်။

http://www.dhammadownload.com



ယောဇေတဗ္ဗံ။ ယောဇိယတေတိ ယောဇေတဗ္ဗံ။

ယံသေသံ ပစ္စယတေန ယောဇိယတေ ဣတိ တံ ယောဇေတဗ္ဗံ။ ယုဇဓာတ်+ စုရာဒိ ဏေပစ္စည်း။ တဗ္ဗပစ္စည်း။

ယုဇဓာတ်သည်ပင် ယှဉ်စေခြင်းအနက်ကိုဟောသည်။ ကာရိုက်ရုပ် မဟုတ်။ နံပါတ် ၁-အဖြေကြည့်။

## (၅) ဓာတုပစ္စယာဒိ ဝိဘာဂ

က-ဝါကျ။ ယဿ (ပုဂ္ဂလ-စွဲ) သမ္ဗန္ဓာမ်ပုဒ်၊ အကာရန္တ၊ ပုံလိင်၊ ပုရိသာဒိဂိုဏ်း။

ဥပဂန္တွာ။ နိပါတ်ပုဒ်၊ အာကာရန္တ၊ အလိင်၊ ဂဏဝိမုတ်။

ဥပ-ကား ဥပသာရပုဒ်၊ အကာရန္တ၊ အလိင်၊ ဂဏဝိမုတ်။ (သမီပအနက်ဟော)

## (၆) အာဘောဂ သံဝဏ္ဏနာ

က-ဝါကျ၌ သံယောဇေန္တိ-ဖြင့် သံယောဇနာ-၌ သံပုဗ္ဗ+ယုဇဓာတ်၏အဖြစ်ကို လည်းကောင်း၊[1] သံယောဇေန္တီတိ သံယောဇနာ-ဟု ကတ္တုသာဓန ဝစနတ္ထပြုရမည်ကို လည်းကောင်း၊[2] ယုပစ္စည်း၏ ကတ္တုသာဓနေ၌ သက်သည်ကို လည်းကောင်း[3] သိစေသည်။

၁။ ဒုတိယဓာတုပဒ။ ၂။ အဘိဓာနတ္ထ။ ၃။ ဒုတိယပစ္စယတ္ထ။

က-ဝါကျ၌ ဗန္ဓန္တိ-ဖြင့် သံယောဇေန္တိ-၌ သံဥပသဂ္ဂ၏ဓာတွတ္ထာနုဝတ္တက၏ အဖြစ်ကိုလည်းကောင်း၊[1] ယုဇဓာတ်၏(စုရာဒိဖြစ်၍)အားထုတ်ခြင်း=ဥဿာဟ၊ တည်ကြည်သင့်လျော်ခြင်း= သမာဓိ၊ ကဲ့ရဲ့ခြင်း= နိန္ဒာ အနက်တို့ကိုမဟော၊ နှောင်ဖွဲ့ ဖွဲ့ချည်ခြင်း=ဗန္ဓနအနက်ကို ဟောသတည်း ဟု သိစေသည်။(ဓာတွတ္ထ)

✝ ယုဇ ဥဿာဟေ၊ ဒိ သမာဓိမှိ စ နိန္ဒေ။

ဘူစ ဗန္ဓနယောဇနေ။ ဓာတွတ္ထ။

က-ဝါကျ၌ ယဿ သံ ဝိန္ဒန္တိ၊ တံ ပုဂ္ဂလံ-ဖြင့် သံယောဇေန္တိ ဗန္ဓန္တိ-ယှဉ်စေကုန်၊ ဖွဲ့ချည်ကုန်၏ဟူသော-ပုဂ္ဂိုလ်တိုင်းကို ယှဉ်စေသည် ဖွဲ့ချည်ကုန်သည်မဟုတ်၊ သံယောဇဉ် ရှိသောပုဂ္ဂိုလ်ကိုသာ ယှဉ်စေကုန်၊ ဖွဲ့ချည်ကုန်သတည်းဟု သိစေသည်။ (ဘာဝတ္ထ)

က-ဝါကျ၌ ဝဋ္ဋသ္မိံ-ဖြင့် ယှဉ်စေကုန် ဖွဲ့ချည်ကုန်၏ဟူသည် ကိလေသဝဋ္ဋ၊ ကမ္မဝဋ္ဋ၊ ဝိပါကဝဋ္ဋသုံးပါး၌ ယှဉ်စေကုန် ဖွဲ့ချည်ကုန် သတည်းဟု သိစေသည်။ (ဘာဝတ္ထ)

ခ-ဝါကျ၌ အာဘောဂ သံဝဏ္ဏနာ-တဘော အညေ နော အာသဝါနှင့် တူပြီ။

ဂ-ဝါကျ သံယောဇေန္တိ ဟိတာ-ဖြင့် သံယောဇနိယာ-၌ ဣယပစ္စည်း ဟိတ တဒ္ဓိတ်၌ သက်သည်ကိုလည်းကောင်း၊[1] သံယောဇနာနံ ဟိတာ သံယောဇနိယာ-ဟု ဝစနတ္ထပြုရမည်ကို လည်းကောင်း[2] သိစေသည်။ ၁။ ပစ္စယတ္ထ။ ၂။ အဘိဓာနတ္ထ။

http://www.dhammadownload.com



မှတ်ချက်။ မူလဋီ၊ ၁၊ ၅၃-၌ သံယောဇဝေတဗ္ဗာတိ သံယောဇနိယာ၊ သံယောဇနေ နိယုတ္တာဝါ-ဟု မိမိဝါဒကို ပြသည်။

ဂ-ဝါကျ၌ အာရမ္မဏ -လ- သမ္ဗန္ဓနေန-ဖြင့် သံယောဇဉ်တို့၏ အစီးအပွားဟူသည် သဟဇာတသမ္ပယုတ္တအားဖြင့်ဖြစ်သည်မဟုတ်။ အာရုံ၏အဖြစ်သို့ ကပ်ရောက်၍ သံယောဇဉ်တို့နှင့် စပ်သဖြင့် အစီးအပွားဖြစ်သတည်းဟု သိစေသည်။ (ဘာဝတ္ထ)

## (၇) ဥပသဂ္ဂ နိပါတ္တ

### ဝုတ္တနယေနေဝ-၌ ဧဝ

၁။ ဟေတုဂေါစ္ဆက၌ ဆိုအပ်ပြီးသောနည်းသည် ဂဟေတဗ္ဗ။

၂။ မဆိုအပ်သောနည်း(အဝုတ္တနယ) သည် နိဝတ္တေတဗ္ဗ။

၃။ ဆိုအပ်ပြီးသောနည်း၏ ဤသံယောဇနေဂေါစ္ဆက၌ သင့်လျော်ခြင်းဂုဏ်သည် အနုညာတတ္တ။

### သဗ္ဗနာမဝိသယ

က-ဝါကျ။ ယဿ-၌ ယ-ကား ပုဂ္ဂိုလ်ဒြဗ်ကိုစွဲသောကြောင့် ပက္ကန္တဝိသယ-ယ။

က-ဝါကျ။ တံ ပုဂ္ဂလံ-၌ တ-ကား ပုဂ္ဂလံဟူသောအစွဲတင်းလင်းရှိသောကြောင့် ပသိဒ္ဓဝိသယ-တ။

### အဓိပ္ပါယ်မှတ်ဖွယ်

သံယောဇဉ်တို့သည် ကိလေသဝဋ် ကမ္မဝဋ် ဝိပါကဝဋ်တရားတို့၏ အကြောင်း အဖြစ်ဖြင့် ထိုဝဋ်သုံးပါး၌ ယှဉ်စေကုန်ဖွဲ့ချည်ကုန်သည်။

✝ ကိလေသကမ္မဝိပါကဝဋ္ဋာနံ ပစ္စယဘာဝေန တတ္ထ သံယောဇေန္တိ။ မူလဋီ၊ ၁၊ ၅၃။

မေး။ သံယောဇဉ်တရားကိုယ် ကိုးပါးမှ တပါးအခြား ကိလေသာ, အဘိသင်္ခါရစသောတရားတို့ ယင်းဝဋ်သုံးပါး၏အကြောင်းအဖြစ်ရှိပါလျက် အဘယ်ကြောင့် သံယောဇဉ် တို့ကိုသာ ဝဋ်သုံးပါး၏ အကြောင်းဟု ဆိုရပါသနည်း။

ဖြေ။ သို့ရှိသော်လည်း သံယောဇဉ်တို့ကိုကြဉ်၍အခြားကိလေသာ အဘိသင်္ခါရစသော တရားတို့၏ ယင်းဝဋ် ၃-ပါးတို့၏အကြောင်းတို့၏ အဖြစ်မရှိနိုင်သောကြောင့် သံယောဇဉ်တို့ကိုသာ ဝဋ်သုံးပါး၏အကြောင်းဟု ဆိုရပါသည်။

✝ သတိပိ အညေသံ တပ္ပစ္စယဘာဝေ န ဝိနာ သံယောဇနာနံ တေသံ တပ္ပစ္စယဘာဝေါ အတ္ထိ။ မူလဋီ၊ ၁၊ ၅၃။

http://www.dhammadownload.com



## သံယောဇဉ်၊ ဂန္ထ၊ ယောဂ အထူး

အဝေးရောက်သော သတ္တဝါကိုလည်း ဆွဲဆောင်နိုင်သောကြောင့် လွတ်ထွက်ခြင်းငှါ မပေးခြင်း၏အစွမ်းဖြင့် ဖွဲ့ချည်ခြင်းသည် "သံယောဇဉ်" မည်၏။

ထုံးဖွဲ့မှုကိုပြုခြင်း၊ ဝါ-သံကွင်းကြိုး၊ ခြေသုတ်ပုဆိုးဝိုင်းတို့ကဲ့သို့ စပ်ဖွဲ့သည်၏ အဖြစ်ကိုပြုခြင်းဟု ဆိုအပ်သော ဆက်စပ်ထုံးဖွဲ့ခြင်းသည် "ဂန္ထ" မည်၏။

လွန်စွာစေးကပ်မှုကို ပြုတတ်သော ယှဉ်ကပ်ခြင်းသည် "ယောဂ"မည်၏။ မူလဋီ၊၁၊၅၃။

## အနုဋီကာလာ သိဒ္ဓ (သိဒ္ဓိ) ၃-မျိုး

၁။ ပထဝီ ဖဿစသောတရားတို့၏ အသီးအသီးသိထိုက်သော သဘော လက္ခဏာသည် မျက်မှောက်အားဖြင့် ပြီးစီးသော"ပစ္စက္ခသိဒ္ဓ"(သိဒ္ဓိ)တည်း။

၂။ အိုးစသောပညတ် သဒ္ဒစသောပရမတ်တို့၏အကြောင်းနှင့်စပ်ယှဉ်၍ ဖြစ်ရခြင်းကြောင့် အိုး သဒ္ဒစသည်တို့၏ အနိစ္စစသော အချင်းအရာသည် မှန်းဆ၍သိအပ်သော "အနုမာနသိဒ္ဓ" (သိဒ္ဓိ)တည်း။ (ဖလာနုမာန၊ ကာရဏာနုမာန)

၃။ ပရလောက၊နိဗ္ဗာန်သည် ပစ္စက္ခလည်းမဟုတ်၊ အနုမာနလည်းမဖြစ်၊ ဘုရားရှင်ကို ယုံကြည်၍ ပြီးစီးရသောကြောင့် ဩကပ္ပန(သဒ္ဓေယျ) သိဒ္ဓ (သိဒ္ဓိ)တည်း။ အနုဋီ၊၁၊၆၀။

---

## (၁၀) ပစ္စည်းပြိုင်

က-ဝါကျ။ သံယောဇနေ္တိ ဗန္ဓတ္တိ-အရ သံယောဇဉ်တရားတို့က ဝဋ္ဋသို့အရ ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်တရားတို့အား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုသည်။

မှတ်ချက်။ ပဋ္ဌာန်ပစ္စည်းဆက်သွယ်နည်းအရဆိုလျှင် ဝဋ္ဋသို့ကား ၌-ဟု အနက်ပေးသောကြောင့် သံယောဇနေ္တိ၊ ဗန္ဓတ္တိတို့၌ ပကတူပနိဿယ ပစ္စည်း၊ သံယောဇနေ္တိ၊ ဗန္ဓတ္တိတို့ကား ယင်း ပကတူပနိဿယပစ္စည်း၏ ပစ္စယုပ္ပန်-ဟု စာစပ်၍ ပကတူပနိဿယ ပစ္စည်း ဆက်သွယ်ဘို့ ဖြစ်၏။ သို့သော် ဤ၌ မူလဋီကာ (၅၃) ဝယ် " ကိလေသကမ္မ ဝိပါကဝဋ္ဋာနံ ပစ္စယဘာဝေန တတ္ထ သံယောဇနေ္တိ-ဟု ဆိုသဖြင့် အထက်ပါအတိုင်း ပစ္စည်း ဆက်သွယ်ပြရ တော့သည်-ဟုမှတ်။

ဂ-ဝါကျ။ သံယောဇနနံ ဟိတာ-၌ ဟိတာအရ လောကီစိတ် ၈၁၊ စေတသိက် ၅၂၊ ရုပ် ၂၈- ဟူသော အာရုံပစ္စည်းတရားက သံယောဇနာန်-၌ သံယောဇဉ်တရားတို့အား အာရမ္မဏဖြင့် ကျေးဇူးပြုသည်။

ပြိုင်နိုင်သောပစ္စည်း။ ယထာရဟ-အာရမ္မဏ,အဓိပတိ,ဥပနိဿ, ပုရေဇာတ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ- ၈-ပစ္စည်း။

http://www.dhammadownload.com



(က) ယဿ သံဝိဇ္ဇန္တိ၊ တံ စုတိပဋိသန္ဓိဝသေန ဝဋ္ဋသ္မိံ ဂစ္ဆန္တီတိ ဃဋေန္တီတိ ဂန္ထာ။ (ခ) တတော အညေ နော ဂန္ထာ။ (ဂ) အာရမ္မဏာကရဏာဝသေန ဂန္ထေဟိ ဂန္ထိတဗ္ဗာတိ ဂန္ထနိယာ။ (ဃ) သေသံ ဟေတုဂေါစ္ဆကေ ဝုတ္တနယေနေဝ ယောဇေတဗ္ဗံ။ (င) ယထာစ ဣဓ၊ ဧဝံ ဣတော ပရေသုပိ ဝုတ္တာဝသေသံ တတ္ထ တတ္ထ ဝုတ္တနယေနေဝ ဝေဒိတဗ္ဗံ။ ဋ္ဌ၊ ၉၁။

## (၁) အနက်ယောဇနာ

က-ဝါကျ။ ဂန္ထေန္တိ၊ ထိတ်အစရှိသော အနှောင်အဖွဲ့ကဲ့သို့ (ဥပမာလင်္ကာရ ယောဇနာ) ဖွဲ့တတ်ကုန်၏။

င-ဝါကျ။ စ၊ ဆက်၍ဆိုဦးအံ့။ ဣဓ၊ ဤဂန္ထဂေါစ္ဆကဥ္စ။ သေသံ ဝုတ္တနယေနေဝ ဝေဒိတဗ္ဗံ ယထာ ဧဝံ တထာ၊ ထို့အတူ၊ ဣတော၊ ဤဂန္ထ ဂေါစ္ဆကမှ။ ပရေသုပိ၊ နောက်၌ဖြစ်သော ဂေါစ္ဆကတို့၌လည်း။ ဝုတ္တာဝသေသံ၊ ဆိုအပ်ပြီးသည်မှကြွင်းသော စကားရပ်ကို။ တတ္ထ တတ္ထ၊ ထိုထိုဂေါစ္ဆက၌။ ဝုတ္တနယေနေဝ၊ ဖြင့်သာလျှင်။ ဝေဒိတဗ္ဗံ၊ ၏။

မှတ်ချက်။ ဤကားအဋ္ဌကထာဝါကျအရှိအတိုင်း ဥပမာနထင်ရှားစေလျက် (ဝါ-ဥပမာနရှေ့ထား၍) အနက်ပေးခြင်းတည်း။ ဥပမေယျ ရှေ့ထား၍ ကိ-ဝါကျသွင်းကာ အပြန်အလှန်ပေးနည်းကို အောက်ပါအတိုင်း သိလေ။

၁။ စ-ဆက်။ ဣတော ပရေသုပိ မယာ ဝုတ္တာဝသေသံ တတ္ထ တတ္ထ ဝုတ္တနယေနေဝ ပဏ္ဍိတေန ဝေဒိတဗ္ဗံ။

၂။ ကိမိဝ၊ အဘယ်ကဲ့သို့။ ဝေဒိတဗ္ဗံ၊ သိအပ်သနည်း။

၃။ ဣဓ သေသံ ဝုတ္တယေနေဝ ဝေဒိတဗ္ဗံ ယထာ။

၄။ ဧဝ တထာ ဣတော ပရေသုပိ ဝုတ္တာဝသေသံ တတ္ထ တတ္ထ ဝုတ္တနယေနေဝစ ဝေဒိတဗ္ဗံ။

---

## (၂) (၃) ဝါကျခွဲစသည်

ခ-ဝါကျကား ပက္ခန္တရဝါကျ။ ထို-၍ က-ဝါကျကား ပက္ခဝါကျ။

ဂ-ဝါကျကား ပက္ခန္တရ။ ထို-၍ က-ခ-ဝါကျကား ပက္ခဝါကျ။

ဃ-ဝါကျကား အတိဒေသသံဝဏ္ဏနာဝါကျ။ ဝါကျာရမ္ဘဝါကျ။

င-ဝါကျကား အတိဒေသသံဝဏ္ဏနာဝါကျ။ ဝါကျာရမ္ဘဝါကျ။

ထို င-ဝါကျတွင် ယထာ စ ဣဓ-ကား ဥပမာနဝါကျ။ ဧဝံ ဣတော -လ- ဝေဒိတဗ္ဗံကား ဥပမေယျဝါကျ။

http://www.dhammadownload.com



## (၄) ဝိဂ္ဂဟာဒိ

ဂန္ထာ။ ပုဂ္ဂလံ စုတိပဋိသန္ဓိဝသေန ဝဋ္ဋသ္မိံ ဂန္ထေန္တီတိ ဂန္ထာ။

ယေ ဓမ္မာ၊ တို့သည်။ ပုဂ္ဂလံ၊ ဂန္ထတရားရှိသောပုဂ္ဂိုလ်ကို။ စုတိ ပဋိသန္ဓိဝသေန၊ ဖြင့်။ ဂန္ထေန္တိ၊ ထိတ်အစရှိသောအနှောင်အဖွဲ့ကဲ့သို့ ဖွဲ့ တတ်ကုန်။ ဣတိ တေ ဂန္ထာ။ (သတ္တိ+ သတ္တမန္တ ကောက်)

### ဓာန်ငြိနည်း

၁။ ဂန်–ဟူသော ထာ–ဟူသော အစိတ်ပရမတ္ထသဒ္ဒါသည် ဇျုပ္ပတ္တိ။

၂။ ယင်း ဇျုပ္ပတ္တိ၏အကြောင်းဖြစ်သော ဂန္ထဓာတ်+အပစ္စည်းသည်လည်းကောင်း၊ ဖွဲ့ခြင်းကြိယာသည်လည်းကောင်း ဇျုပ္ပတ္တိနိမိတ်။

၃။ ဂန္ထာဟူသော အပေါင်း ပညတ္တိသဒ္ဒါသည် ပဝတ္တိ။

၄။ ယင်းပဝတ္တိ၏အကြောင်းဖြစ်သော ဂန္ထတရားတို့၏–လ–ဇာတ်သည် ပဝတ္တိနိမိတ်။

### ဘေဒစိန္တာနည်း

၁။ ဂန္ထေန္တိ–ဟူသော ဝိဂြိုဟ်ဝါကျသည် ဇျုပ္ပတ္တိ။

၂။ ယင်းဇျုပ္ပတ္တိ၏အကြောင်းဖြစ်သော ဂန္ထဓာတ်+အပစ္စည်းသည် လည်းကောင်း၊ ဖွဲ့ခြင်း ကြိယာသည်လည်းကောင်း ဇျုပ္ပတ္တိနိမိတ်။

၃။ ဂန္ထာ–ဟူသော ပုဒ်ပြီးနိပ္ဖန္နပုဒ်သည် ပဝတ္တိ။

၄။ တူပြီ။

---

## (၆) အာဘောဂ သံဝဏ္ဏနာ

က–ဝါကျ၌ ဂန္ထေန္တိ–ဖြင့် ဂန္ထာ၌ စုရာဒိဂဏိက ဂန္ထဓာတ်၏အဖြစ်ကိုလည်းကောင်း၊[၁] အပစ္စည်း၏ ကတ္တုသာဓန၌ သက်သည်ကိုလည်းကောင်း၊[၂] ဂန္ထေန္တီတိ ဂန္ထာ–ဟု ကတ္တုသာဓန ဝစနတ္ထပြုရမည်ကိုလည်းကောင်း[၃] သိစေသည်။

၁။ ဒုတိယဓာတုပဒ။ ၂။ ဒုတိယပစ္စယတ္ထ။ ၃။ အဘိဓာနတ္ထ။

က–ဝါကျ၌ ဃဋ္ဋေန္တိ–ဖြင့် ဂန္ထေန္တိ–ဖွဲ့ခြင်းဟူသည် စုတိ ပဋိသန္ဓေ၏အစွမ်းဖြင့် ဝဋ်ဆင်းရဲ၌ စပ်ခြင်းပင်တည်းဟု သိစေသည်။ (ဘာဝတ္ထ)

● ဂန္ထ ဒဗ္ဗနေ (ဖွဲ့ကုံးစီရင်ခြင်း ဖြစ်၏) (ဓာတွတ္ထ)

မှတ်ချက်။ ဃဋ္ဋေန္တိ–ဖြင့် ဂန္ထဓာတ် ဃဋ္ဋနအနက်ဟော (ဓာတွတ္ထ) ဟုလည်း ဖော်ကြသေး၏။ ပြည်သျှ၌ ဃဋ္ဋေန္တိ–ကို နောက်ထည့်ပါ၌ဟု ဆိုသည်။

က–ဝါကျ၌ ယဿ သံဝိဇ္ဇန္တိ –လ– ဝဋ္ဋသ္မိံ–ဖြင့် ဂန္ထေန္တိ =ဖွဲ့ခြင်းဟူသည် ယင်းဂန္ထတရား ရှိရာပုဂ္ဂိုလ်ကို စုတိ ပဋိသန္ဓေ၏အစွမ်းဖြင့် ဝဋ်သုံးပါး၌ ဖွဲ့ခြင်းပင်တည်းဟု သိစေသည်။ (ဘာဝတ္ထ)

http://www.dhammadownload.com



ဂ-ဝါကျ၌ ဂန္ထိတဗ္ဗာ-ဖြင့် ဂန္ထနိယာ-၌ ဂန္ထဓာတ်၏အဖြစ်ကိုလည်းကောင်း၊[၁] အနီယပစ္စည်း၏ ကမ္မသာဓန၌ သိကသည်ကိုလည်းကောင်း၊[၂] ဂန္ထိတဗ္ဗာတိ ဂန္ထနိယာ-ဟု ကမ္မသာဓနဝိဂ္ဂဟ ပြုရမည်ကိုလည်းကောင်း[၃] သိစေသည်။

၁။ ဒုတိယဓာတုပဒ။ ၂။ ဒုတိယပစ္စယတ္ထ။ ၃။ အဘိဓာနတ္ထ။

**မှတ်ချက်။** ဂန္ထဓာတ်+အနီယပစ္စည်းဖြင့်ပြီးသောကိတ်ပုဒ်၊ ဂန္ထနိယာ-ဟု ရှိသင့်၏။ နီ-၌ ဤကို ဝုဒ္ဓိယပြုပြုဟန်တူ၏။ မူလဋီ၊ ၁၊ ၅၄-၌ "ဂန္ထနိယာတိ ဇော္ဌ အယမဗျော အဘ္ဓော" ဟုဆိုကာ "ဂန္ထကရဏံ ဂန္ထနံ (ဖွဲ့ခြင်းကို ပြုခြင်း) ဂန္ထနေ နိယုတ္တာတိ ဂန္ထနိယာ၊ ဂန္ထယိတုံ သက္ကုဏေယျာ၊ ဂန္ထယိတုံ အရဟန္တိတိ ဝါ ဂန္ထနိယာ"-ဟု ဂန္ထနပုဒ်+ ဣယပစ္စည်း ဖြင့်ပြီးသော တဒ္ဓိတ်ပုဒ်-ဟုဆိုသည်။

ဂ-ဝါကျ၌ အာရမ္မဏကရဏဝသေန-ဖြင့် ဂန္ထိတဗ္ဗာ၌ ဖွဲ့ခြင်းဟူသည် အာရုံပြုသည်၏အစွမ်းဖြင့် ဖွဲ့ခြင်းပင်တည်းဟု သိစေသည်။(ဘာဝတ္ထ)

ဂ-ဝါကျ။ ဂန္ထေဟိ-ဖြင့် ဂန္ထိတဗ္ဗာ-ကြိယာ၏အဝုတ္တကတ္တားကို သိစေသည်။ (ဘာဝတ္ထ)

---

## (၇) ဥပသဂ္ဂ နိပါတတ္ထ

## ပရေသုပိ-၌ ပိ(အပိ) သဒ္ဒါ

ဤဂန္ထဂေါစ္ဆက၌သာ ဆိုအပ်ပြီးသောနည်းဖြင့် သိအပ်သည် မဟုတ်သေး။ နောက်ဂေါစ္ဆကတို့၌လည်း (ပရေသုပိ) ဆိုအပ်ပြီးသည်မှ ကြွင်းသောစကားရပ်ကို ထိုဂေါစ္ဆကတို့၌ ဆိုအပ်ပြီးသောနည်းဖြင့်သာလျှင် သိအပ်၏ဟု သမုစ္စည်းအဓိပ္ပါယ်ကို ယင်း ပိ (အပိ) သဒ္ဒါဖြင့် ပြသည်။ သိစေသည်။

---

## (၁၀) ပစ္စည်းပြိုင်

ဂ-ဝါကျ။ ဂန္ထိတဗ္ဗာ-အရ (ဂန္ထနိယာ) အရ လောကီစိတ် ၈၁၊ စေတသိက် ၅၂၊ ရုပ် ၂၈-အာရုံပစ္စည်းတရားက ဂန္ထေဟိ-အရ ဂန္ထတရားကိုယ်သုံးပါး အာရမ္မဏိက ပစ္စယုပ္ပန်တရားအား အာရမ္မဏမျိုးဖြင့် ကျေးဇူးပြု။ အာရမ္မဏ ၈-မျိုး ယထာရဟ ပြိုင်၏။

**မှတ်ချက်။** အာရမ္မဏကရဏဝသေနအဋ္ဌကထာဖွင့်ကိုထောက်ပါ။

---

(က) ယဿ သံဝိဇ္ဇန္တိ၊ တံ ဝဋ္ဋသ္မိံ ယေ ဩဟနန္တိ ဩသီဒါပေန္တီတိ ဩဃာ။

(ခ) အာရမ္မဏံကတွာ အတိက္ကမနီယတော ဩဃေဟိ အတိက္ကမိတဗ္ဗာတိ ဩဃနိယာ။

(ဂ) ဩဃာနံ အာရမ္မဏဘာဝေ ဝေဒိတဗ္ဗာ။ ဋ္ဌ၊ ၉၁။

http://www.dhammadownload.com



## (၁) အနက်ယောဇနာ

က–ဝါကျ။ သြဟနန္တိ၊ အောက်သို့ချ၍ ညှင်းဆဲတတ်ကုန်၏။ (သဒ္ဒတ္ထ) နှစ်တတ်ကုန်၏။ ဝါ–နှစ်စေတတ်ကုန်၏။ (အဓိပ္ပါယတ္ထ)

ခ–ဝါကျ၌ အတိက္ကမနီယတော–၏ သမ္ပန်ကား တေဘုမ္မကာန် ဓမ္မာနံတည်း။

ဂ–ဝါကျ။ အာရမ္မဏဓမ္မာဝေါ–တို့ကိုသာလျှင်။ သြဃနီယာတိ၊ သြဃနီယ တို့ဟူ၍။ (အာကာရထည့်) ဝေဒိတဗ္ဗာ။ (ပက္ခိတေန–ကတ္တား)

## (၂) (၃) ဝါကျခွဲ စသည်

ခ–ဝါကျကား ပက္ခန္တရ။ ထို–၌ က–ဝါကျကား ပက္ခ။

ဂ–ဝါကျကား ဝါကျာရမ္ဘဝါကျ။ဝါ–ပက္ခန္တရဝါကျ။ ထို–၌ ခ–ဝါကျကား အာရဒ္ဓ။ ဝါ–ပက္ခဝါကျ။

မှတ်ချက်။ ဤ ဂ–ဝါကျကား အထက်၌ဆိုခဲ့ပြီးသော အဓိဝစနံဝါကျနှင့် အတူပင်။ ဝါကျခွဲ ကျမ်းတက်၊ ဒေါသပယ်အတွက် အဓိဝစနံ ဝါကျကို ရှုလေ။

## (၆) အဘောဂ သံဝဏ္ဏနာ

က–ဝါကျ၌ သြဟနန္တိ–ဖြင့် သြဃာ–၌ အဝပုဗ္ဗ ဘူဝါဒိဂဏိက ဟနဓာတ်၏ အဖြစ်ကိုလည်းကောင်း၊[၁] ရ–ပစ္စည်း၏ ကတ္တုသာဓနေ၌သက်သည်ကိုလည်းကောင်း၊[၂] သြဟနန္တိတိ သြဃာဟု ကတ္တုသာဓနေဝစနတ္ထပြုရမည်ကိုလည်းကောင်း[၃] သိစေသည်။

၁။ ဒုတိယဓာတုပဒ။ ၂။ ဒုတိယပစ္စယတ္ထ။ ၃။ အဘိဓာနတ္ထ။

က– ဝါကျ၌ သြသီဒါပေန္တိ–ဖြင့် သြဟနန္တိ= အောက်သို့ချ၍ ညှင်းဆဲတတ်ကုန်၏ဟူသည် ဝဋ်တရား၌ နှစ်တတ်–နှစ်စေတတ်ကုန် သတည်းဟု သိစေသည်။ (ဘာဝတ္ထ)

တစ်နည်း။ ။ သြသီဒါပေန္တိ=ဖြင့် သြဟနန္တိ၌ အဝပုဗ္ဗဟနဓာတ်သည် ဟိံသာ, ဂတိ စသောအနက်၌မဖြစ်၊ သြသီဒနအနက်၌ဖြစ်သည်ကိုလည်းကောင်း၊[၁] သြဟနန္တိ–၌ ကာရိုက်ပစ္စည်း ကျေသည်ကိုလည်းကောင်း[၂] သိစေသည်။ ၁။ ဓာတွတ္ထ။ ၂။ ပစ္စယပဒ။

က–ဝါကျ၌ ယဿ–လ–ဝဋ္ဋေသို့ယေဝ–ဖြင့် ဘာဝတ္ထပြသည်။

မှတ်ချက်။ ။ သြဃသဒ္ဒါကား အဝပုဗ္ဗ ဟနဓာတ် ရ ပစ္စည်း၊ အဝကိုသြပြု၊ သံဟနညာယ ဝါ ရောယော–ဖြင့်စီရင်။

ခ–ဝါကျ၌ သြဃေဟိ အတိက္ကမိတဗ္ဗာဖြင့် သြဃနီယာ၌ အနီယပစ္စည်း၏ အတိက္ကမန အနက်ဟောသည်ကိုလည်းကောင်း၊[၁] သြဃေဟိ အတိက္ကမိတဗ္ဗာ သြဃနီယာဟု ဝစနတ္ထပြုရမည်ကိုလည်းကောင်း[၂] သိစေသည်။

၁။ ဒုတိယပစ္စယတ္ထ။ ၂။ အဘိဓာနတ္ထ။

http://www.dhammadownload.com



## သြဃနီယပုဒ်မှတ်ဖွယ်

မူလဋီ၊ ၁၊ ၅၄-၌ တေနာ တိက္ကမတီတိ တေ ဓာတွတ္ထံ ဂဟေတွာ သြဃနီယာတိ ပဒသိဒ္ဓိကတာ-ဟုဆိုသည်။ ဤဋီကာဖြင့် သြဃေန အတိက္ကမိတဗ္ဗာ-ဟုပြသည်။ အနီယပစ္စည်း-အတိက္ကမနကြိယာအနက်ဟု မှတ်။ထို့ကြောင့် မဂ္ဂ၌ တေ ဓာတွတ္ထံ ကြိယာသခ်ါတံ အတ္ထံ-ဟုဖွင့်သည်။ သြဃပုဒ်ကို အတိက္ကမနတ္ထံ-ဖွင့်ခြင်းမဟုတ်။

အနုဋီ၊ ၆၀-၌ ယထာ သရဘောဟိ အတိက္ကမိတဗ္ဗာ ပဗ္ဗတရာဇိ သရဘာနီယာ၊ ဧဝံ သြဃနီယာတိ သဒ္ဒသိဒ္ဓိတိအာဟ "တေနာ"တိ အာဒိ-ဟုဖွင့်သည်။ ဤသြဃနီယာ သဒ္ဒါသည် သရဘာနီယာပုဒ်ကဲ့သို့ရုပ်ပြီးသည် ဟု ဆိုလိုသည်။

မဓုဋီကာ-၁၁၈-၌ သရဘေဟိ မိဂေဟိ အတိက္ကမိတဗ္ဗာ ပဗ္ဗတရာဇိ သရဘာနီယာတိဝိယ၊ နာမဓာတုဝိယ ဟေတံ ကိတန္တံ မဟာပဒေသ သုတ္တေန သာဓေတဗ္ဗံ၊ ကေစိ ပန တဒ္ဓိတန္တိ ဝဒန္တိ ဝိစာရေတဗ္ဗမေတံ-ဟု ဖွင့်သည်။

ယင်းအလို သြဃဟူသော နာမဓာတ်ဓာတ်နောင် မဟာပဒေသသုတ်ဖြင့် အနီယပစ္စည်းသက်၍ပြီးသော ကိတန္တပုဒ်ဟု ဆိုလိုသည်။ အချို့ဆရာတို့က အတိက္ကမိ-တဗ္ဗတဒ္ဓိတ်ဟုဆိုခြင်းကား စဉ်းစားစရာဟု ညွှန်ပြထားသည်။

ပြည်နိသျှ၌ကား သရဘေဟိ အတိက္ကမိတဗ္ဗာ ပဗ္ဗတရာဇိ သရဘာနီယာပုဒ်ကဲ့သို့ နာမဓာတ်တည်း။ ဓာတုရူပေ နာမသ္မာဏယောစ-၌ စသဒ္ဒါဖြင့် သြဃပုဒ်နောက်၌ ဏာယ ပစ္စည်းသက်ပြီးမှ ဘာဝကမ္မေသု တဗ္ဗနီယာ-ဖြင့် အနီယပစ္စည်းသက်၍ သြဃနီယာ ပြီးသည်-ဟု မှာတော်မူသည်။

မင်းခင်းဂဏ္ဌိ ၃၂၅-၌ အတိက္ကမိတဗ္ဗာ-ဖြင့် အဝရှေ့ရှိသော ဟနဓာတ်၏ အနက်ကို ပြသည်။ အတိက္ကမိတဗ္ဗတဒ္ဓိတ်ကိုပြသည်မဟုတ်။ သြဃေဟိ-ဖြင့် ကတ္တားကို ပြသည်။ တဒ္ဓိတ်ကို ပြသည်မဟုတ်။ ထို့ကြောင့် "ယေ ဓမ္မာ သြဃေဟိ အဝဟနိတဗ္ဗာ အတိက္ကမိတဗ္ဗာ ဣတိ တသ္မာ တေ ဓမ္မာ သြဃနီယာ-ပြု။ အဝပုဗ္ဗ+ဟနဓာတ်+ အနီယပစ္စည်း၊ ဟနဓာတ်ကို ဃ-ပြု။ ထို့ကြောင့် ဋီကာ၌ တေနာတိက္ကမတီတိ တေ ဓာတုတ္ထံ ဂဟေတွာ သြဃနီယာတိ ပဒသိဒ္ဓိကတာ-ဟု မိန့်၏-ဟုဆိုပြန်သည်။

ခ-ဝါကျ၌ အာရမ္မဏံ ကတွာ အတိက္ကမနီယတော-ဖြင့် အတိက္ကမိတဗ္ဗာ= လွန်ကျူးကျော်နင်းခြင်းဟူသည် သဟဇာတအားဖြင့် ဖြစ်သည် မဟုတ်၊ အာရမ္မဏအားဖြင့် ဖြစ်သတည်းဟု သိစေသည်။ (ဘာဝတ္ထ)

ဂ-ဝါကျဖြင့် သြဃနီယအရ သြဃ၏အာရုံဖြစ်ကုန်သောလောကီစိတ် စေတသိက်၊ စေတသိက် ဒွေပဉ္စာသ၊ ရုပ် အဋ္ဌဝီသတရားတို့ကို ယူရ မည်ဟု သိစေသည်။ (အဘိဓေယျတ္ထ)

http://www.dhammadownload.com



## ဝိဂ္ဂဟ–ဉာဏ်ကောက်

အတိက္ကမိယန္တေတိ အတိက္ကမိတဗ္ဗာ။

ယေ ဓမ္မာ၊ အကြင်ဩဠာရိကတို့၏အာရုံတရားတို့ကို။ ဩဠာရိကာယောဟိ၊ တို့သည်။ အတိက္ကမိယန္တေ၊ လွန်ကျူးကျော်နင်းအပ်ကုန်၏။ ဣတိ တေ ဓမ္မာ အတိက္ကမိတဗ္ဗာ။

ကမ္မသာဓန၊ အတိပုဗ္ဗ+ကမုဓာတ်+တဗ္ဗပစ္စည်း။

၁။ အတိ––ဓာတွတ္ထဝိသေသကဇောတကဉာဏ်ရ၏။

၂။ ကမုဓာတ်အရ ကတ္တာ့ဍ္ဍကား ဩဠာရိကတရားတို့ဥပါဒ်သည် မုချ။

၃။ ကမ္မဋ္ဌကား ထို–အားတပ်သော ဩဠာရိကတို့၏အာရုံတရားတို့၏ အာရမ္မဏပစ္စယ သတ္တိသည် ဖလူပစာ။

၄။ တဗ္ဗပစ္စည်းအရ ထို–ဖြင့်မှတ်အပ်သော ဩဠာရိကတရားတို့၏ အာရုံဖြစ်ကုန်သော လောကီစိတ် ကောသီတိ၊ စေတသိက် ဒွေပညာသ၊ ရုပ် အဌဝီသရ၏။

---

## ပစ္စည်းပြိုင်

အန္တတ္ထ၊ ကတ္တာ့ဍ္ဍ၊ ဓာတွတ္ထအရ ဩဠာရိကတရား။

ဗာဟျတ္ထ၊ ပစ္စယတ္ထအရ ဩဠာရိကတို့၏ အာရုံတရား။

ယင်း အာရုံတရားတို့က ဩဠာရိကတရားတို့အား အာရမ္မဏမျိုးဖြင့် ကျေးဇူးပြု။ အာရမ္မဏ ၈–မျိုး ယထာာရဟာပြိုင်လေ။

မှတ်ချက်။ အတိက္ကမနီယပုဒ်ကိုလည်း ဤနည်းတူ ကမ္မသာဓန–ပြု။ ဘာဝပ္ပဓာန ဖြစ်၍ ဘာဝတဒ္ဓိတ်ကဲ့သို့မှတ်။

### အာရမ္မဏဓမ္မာဝေ

၁။ ဩဠာရိကတို့၏ အာရုံတရားများ ဂဟေတဗ္ဗ။

၂။ အာရမ္မဏိကဖြစ်သော ဩဠာရိက– နိဝတ္တေတဗ္ဗ။

၃။ အာရုံတရားများ၏ အာရမ္မဏပစ္စယသတ္တိ အနုညာတတ္ထ။

---

(က) ဝဋ္ဋသို့ ယောဇေန္တီတိ ယောဂါ။

(ခ) ယောဂနီယာ ဩဠာရိကနီယာ ဝိယ ဝေဒိတဗ္ဗာ။ ဋ၊ ၉၁။

### (၁) အနက်ယောဇနာ

က–ဝါကျ။ ယောဇေန္တိ၊ ယှဉ်စေတတ်ကုန်၏။ (သဒ္ဒတ္ထ) ကပ်တတ်ကုန်၏။ (အဓိပ္ပါယတ္ထ) သစ်စေးကဲ့သို့ (ဥပမာလင်္ကာရ) စေးကပ်ငြိတွယ်စေတတ်ကုန်၏။ (ပြည်သျှ)

http://www.dhammadownload.com



ခ-ဝါကျ။ ယောဂနီယာ၊ ယောဂနီယတရားတို့ကို။ ဩဃနီယာ ဝိယ၊ ဩဃနီယ တရားတို့ကဲ့သို့။ ဝေဒိတဗ္ဗာ၊ သိအပ်ကုန်၏။ (ဥပမာ အန္တောကရဏ= ဥပမာအတွင်းသွင်း)

ခ-ဝါကျ။ ယောဂနီယာ၊ ယောဂနီယတရားတို့ကို။ ဝေဒိတဗ္ဗာ၊ သိအပ်ကုန်၏။ ကာ ဝိယ၊ အဘယ်ကဲ့သို့နည်းဟူမူကား။ ဩဃနီယာ၊တို့ကို၊ ဝေဒိတဗ္ဗာဝိယ၊ သိအပ်ကုန်သကဲ့သို့ တည်း။ (ဥပမာန ဗဟိကရဏ =ဥပမာန အပြင်ထုတ်)

ခ-ဝါကျ။ ဩဃနီယာ၊ တို့ကို။ ဝေဒိတဗ္ဗာ ဝိယ၊ သိအပ်ကုန်သကဲ့သို့။ (ဇဝံ တထာ၊ ထို့အတူ) ယောဂနီယာ၊ ယောဂနီယတရားတို့ကို။ ဝေဒိတဗ္ဗာ၊ သိအပ်ကုန်၏။ (ဥပမာန ထင်ရှားစေလျက် အနက်ပေး)

ခ-ဝါကျ။ ယေ ယောဂနီယာ သန္တိ၊ တေ ယောဂနီယာ ဩဃနီ- ယာ ဝိယ ဝေဒိတဗ္ဗာ။ (အနိယတ်၊ နိယတ်ယောဇနာ)

## (၂) (၃) ဝါကျခွဲစသည်

ခ-ဝါကျကား အတိဒေသသံဝဏ္ဏနာဝါကျ။ ဝါ-ဝါကျာရမ္ဘဝါကျ။ ထို-၍ က-ဝါကျကား အာရဒ္ဓ။-

ခ-ဝါကျတွင် ဩဃနီယာ ဝိယ-ကား ဥပမာန။ ယောဂနီယာ ဝေဒိတဗ္ဗ-ကား ဥပမေယျ။

အတိဒေသ=ညွှန်းပုံကား အာရမ္မဏံ ကတွာ အတိက္ကမနီယတော ယောဂေဟိ အတိက္ကမိတဗ္ဗာတိ ယောဂနီယာ ကိုညွှန်းသည်။

တနည်း။ ။ အာရမ္မဏံ ကတွာ ယောဂနီယတော ယောဂေဟိ ယောဇေတဗ္ဗာတိ ယောဂနီယာကို ညွှန်းသည်။ (ပြည်သျှ)

ဒေါသပယ်။ ခ ဝါကျဖြင့် ဂန္တဂရုဒေါသပယ်။

## (၆) အာဘောဂနှင့် သံဝဏ္ဏနာ

က-ဝါကျ၌ ယောဇေန္တိ-ဖြင့် ယောဂါပုဒ်ကို ယောဇေန္တီတိယောဂါ ဟု ကတ္တု သာဓန ဝစနတ္ထပြုရမည်းကိုင်း၊[၁] ဏာပစ္စည်း၏ ဟေတုကတ္တု သာဓန၌သက်သည် ကိုင်း၊[၂] ယောဂါ၌ ယုဇဓာတ်၏ အဖြစ်ကိုင်း[၃] သိစေသည်။

၁။ အဘိဓာနတ္ထ။ ၂။ ဒုတိယပစ္စယတ္ထ။ ၃။ ဒုတိယဓာတုပဒ။

ခ-ဝါကျဖြင့် ယောဂနီယာ-၌ အနီယပစ္စည်း၏ အတိက္ကမန အနက်ဟောသည်ကိုင်း၊ ယောဂေဟိအတိက္ကမိတဗ္ဗာတိ ယောဂနီယာ-ဟု ဝစနတ္ထပြုရမည်ကိုင်း၊ အာရမ္မဏံ ကတွာ စသောရှေ့ဆိုအပ်ပြီး ဝါကျများကိုင်း သိစေသည်။ (ဘာဝတ္ထ)

မှတ်ချက်။ ။ ပြန်ညွှန်း (အတိဒေသ) ဝါကျဖြစ်၍ ဘာဝတ္ထသံဝဏ္ဏနာ ဟုမှတ်။

http://www.dhammadownload.com



(က) စိတ္တံ နီဝရန္တိ ပရိယောနန္ဓန္တီတိ နီဝရဏာ။

( ခ) နီဝရဏိယာ သံယောဇနိယာ ဝိယ ဝေဒိတဗ္ဗာ။ ဋ္ဌ၊ ၉၁။

## (၆) အာဘောဂနှင့် သံဝဏ္ဏနာ

က–ဝါကျ၌ နီဝရန္တိ–ဖြင့် နီဝရဏာပုဒ်၏ နီပုဗ္ဗ ဝရဓာတ်၏အဖြစ်ကိုင်း၊[၁] ယု ပစ္စည်း၏ ကတ္တုသာဓနေ၌သက်သည်ကိုင်း၊[၂] နီဝရန္တီတိ နီဝရဏာ– ဟု ကတ္တုသာဓနေ ပြုရမည်ကိုင်း၊[၃] နီ– ဥပသာရ၏ ဓာတွတ္ထဝိသေသက၏ အဖြစ်ကိုင်း၊[၄] သိစေသည်။

၁။ ဒုတိယဓာတုပဒ။ ၂။ ဒုတိယပစ္စယတ္ထ။ ၃။ အဘိဓာနတ္ထ။ ၄။ ဥပသဂ္ဂလိင်္ဂတ္ထ။

က–ဝါကျ၌ ပရိယောနန္ဓန္တိ–ဖြင့် နီဝရန္တိ–၌ နီ–ဥပသာရ၏ ဓာတွတ္ထဝိသေသက၏ အဖြစ်ကိုင်း၊[၁] ဝရဓာတ်၏ ပရိယောနန္ဓ အနက် ဟောသည်ကိုင်း၊[၂] သိစေသည်။

၁။ ဥပသဂ္ဂလိင်္ဂတ္ထ ၂။ ဓာတွတ္ထ။

မှတ်ချက်။ ။ နီပုဗ္ဗ ဝရဓာတ်ကို ပရိရှေး အဝရှေးရှိသော နဟ ဓာတ်ဖြင့် ဘွင့်။ မင်းခင်း၊ ၃၁၅။ ခ–ဝါကျ မှတ်ဖွယ်–ယောဂနိယနှင့်တူပြီ။ အတိဒေသ= ညွှန်းပုံကား " အာရမ္မဏာဘာဝံ ဥပဂန္တွာ နီဝရဏ သမာဂမေ နီဝရဏာနံ ဟိတာ နီဝရဏိယာ" ကို ညွှန်းသည်။ (ပြည်သျှ)

---

(က) မ္ဘောနံ ယထာဘူတံ အနိစ္စာဒိအာကာရံ အတိက္ကမိတွာ နိစ္စန္တိ အာဒိဝသေန ပဝတ္တမာနာ ပရတော အာမသန္တီတိ ပရာမာသာ။

( ခ) ပရာမာသေဟိ အာရမ္မဏာ ကရဏဝသေန ပရာမဋ္ဌတ္တာ ပရာမဋ္ဌာ။ဋ္ဌ၊ ၉၂။

## (၁) အနက်ယောဇနာ။

က–ဝါကျ။ သဘာဝပဋိသေဓေန၊ ဟုတ်မှန်သောသဘောကို မြစ်သောအားဖြင့်။ (အာမသန္တိကြိယာ၏ ကရိဏ်းထည့်ပါ။ မူလဋီ၊၁၊၅၄)

ခ– ဝါကျ။ ပရာမဋ္ဌတ္တာ–ဟိတ်သမ္ဗန်ကို "တေဘူမက ဓမ္မာနံ" ဟုထည့်။ မင်းခင်း၊ ၃၁၆။

## (၆) အာဘောဂ သံဝဏ္ဏနာ

က–ဝါကျ၌ ပရတော အာမသန္တိ–ဖြင့် ပရာမာသာပုဒ်ကို ပရ+ အာမာသာဟု ပဒစ္ဆေဒ ပြုမည်ကိုလည်းကောင်း၊[၁] ဏ–ပစ္စည်း၏ ကတ္တုသာဓနေ၌ သက်သည်ကိုလည်းကောင်း၊[၂] အာမသန္တီတိ အာမသာဟု ကတ္တုသာဓနေဝစနတ္ထပြုရမည်ကိုလည်းကောင်း၊[၃] အာ–ပုဗ္ဗ မသ ဓာတ်၏အဖြစ်ကို လည်းကောင်း၊[၄] အာ ဥပသာရ၏ ဓာတွတ္ထာ နုဝတ္တက၏အဖြစ်ကိုလည်းကောင်း၊[၅] ပရနှင့် အာမသကို ပရတော အာမသာ ပရာမာသာ–ဟု ပဉ္စမီတပ္ပုရိသ်သမာသ်ဝစနတ္ထပြုရမည်ကိုလည်းကောင်း[၆] သိစေသည်။

၁။ သန္ဓိလိင်္ဂပဒ။ ၂။ ဒုတိယပစ္စယတ္ထ။ ၃။ အဘိဓာနတ္ထ။ ၄။ ဒုတိယဓာတုပဒ။
၅။ ဥပသဂ္ဂလိင်္ဂတ္ထ။ ၆။ အဘိဓာနတ္ထ။ သမာသလိင်္ဂပဒတ္ထ။

http://www.dhammadownload.com



က–ဝါကျ၌ ဓမ္မာနံ–လ–ပဝတ္တမာနာ–ဖြင့် ဘာဝတ္ထပြ။ ဘာသာ ပြန်၍ အဘော်ဖော်လေ။

✝ မသော သဒ္ဒ ဟိံသာမသန ရောသနေ။ ဓာတွတ္ထ။

ခ–ဝါကျ၌ ပရာမသေဟိ ပရာမဋ္ဌတ္တာ–ဖြင့် ပရာမဋ္ဌာပုဒ်ကို ပရာမသေဟိ ပရာမသိတဗ္ဗာ (ပရာမသိယန္တေ) တိ ပရာမဋ္ဌာ–ဟုကမ္မသာဓနဝစ်နတ္ထပြုရမည်ကိုလည်းကောင်း၊[၁] ပရာမဋ္ဌာ (ပရ+အာ+မသ+တ) တ–ပစ္စည်း၏ ကမ္မသာဓန၌ သက်သည်ကိုလည်းကောင်း၊[၂] ပရာမဋ္ဌာ–၌ မဟုတ်မမှန်သောအားဖြင့်သုံးသပ်ခြင်းဟူသည် ပရာမာသ တရား၏သုံးသပ်ခြင်း–ဟူသော အဓိပ္ပါယ်ကိုလည်းကောင်း[၃] သိစေသည်။

၁။ အဘိဓာနတ္ထ။ ၂။ ဒုတိယပစ္စယတ္ထ။ ၃။ ဘာဝတ္ထ။

မှတ်ချက်။ ။ ပရာမသေဟိဟူသော တတိယာကတ္တားဖြင့် ပရာမဋ္ဌာ–ကို ကမ္မသတ်ဟု ပြသည်။ အာ ပုဗ္ဗ မသဓာတ် တ ပစ္စည်း။ သာဒိ သန္တပုစ္ဆ ဘန္စ ဟံသာဒိဟိဋ္ဌော ဖြင့်စီရင်။ မသ အာမသနေ။ ရူ၊ ၃၈၂။

ခ–ဝါကျ၌ အာရမ္မဏာကရဏဝသေန–ဖြင့် မဟုတ်မမှန်သောအားဖြင့် သုံးသပ်ခြင်းဟူသည် သမ္မယုတ်အားဖြင့် သုံးသပ်ခြင်း မဟုတ်၊ အာရုံပြုသည်၏ အစွမ်းဖြင့် သုံးသပ်ခြင်းဟု သိစေသည်။ (ဘာဝတ္ထ)

---

## ပရတောမှတ်ဖွယ်

ဓမ္မသဘာဝမှ တစ်မျိုးတစ်ပါးမျှကို "ပရ"ဟု မဆိုလို၊ စင်စစ်ကဝ ထိုအမှန်ဖြစ်သော အနိစ္စစသောအခြင်းအရာ၏ ပြောင်းပြန် နိစ္စစသည်ကို "ပရ" ဟု အလိုရှိအပ်၏။

✝ ပရတောတိ ဓမ္မေ န ဓမ္မသဘာဝတော အညထာမတ္တံ ပရန္တိ အဓိပ္ပေတံ၊ အထခေါ တမ္ပိပရိယာယောတိ။ အနုဋီ ၊ ၁ ၊ ၆၀။

---

(က) အရမ္မဏံ အဂ္ဂဟေတွာ အပ္ပဝတ္တိတော သဟ အာရမ္မဏေနာတိ သာရမ္မဏာ။ (ခ) နတ္ထိ ဧတေသံ အာရမ္မဏန္တိ အနာရမ္မဏာ။ (ဂ) စိန္တနဋ္ဌေန စိတ္တာ၊ (ဃ) ဝိစိတ္တနဋ္ဌေန ဝါ စိတ္တာ။ (င) အဝိပ္ပယောဂဝသေန စေတသိ နိယုတ္တာတိ စေတသိကာ။ ဋ္ဌ၊ ၉၂။

## အနက်ယောဇနာ

က–ဝါကျ။ အာရမ္မဏံ၊ ကို။ ဂဟေတွာဝ၊ ယူ၍သာလျှင်။ ပဝတ္တိတော၊ ဖြစ်ခြင်းကြောင့်။ (ဒွိပ္ပဋိသေဓော ပကတျတ္ထော= ပဋိသေဓ နှစ်ချက်ပြက၊ ပကတိအနက်ထွက်မြဲ–နှင့်အညီ အဂ္ဂဟေတွာ–၌ အ၊ အပ္ပဝတ္တိတော–၌ အ၊ ပဋိသေဓ အ အခြင်းချေ၍ ပကတိ အနက်ပေးပုံတည်း။ နော နတ္ထိ = အတ္ထိကဲ့သို့မှတ်။)

ဃ–ဝါကျ။ ဓာတိဘူမိသမ္ပယောဂါဒိဝသေန၊ ဖြင့်။(ကရိဏ်းထည့်) ဝိစိတ္တနဋ္ဌေန၊ ဆန်းကြယ်သောအနက်ကြောင့်။

http://www.dhammadownload.com



## (၂) (၃) ဝါကျခွဲ စသည်

ခ–ဝါကျကား ပက္ခန္တရဝါကျ။ ထို–၍ က–ဝါကျကား ပက္ခ။

ဒေါသပယ်။ အဗျာပိတ အပရိပုဏ္ဏဒေါသပယ်။

ဂ–ဝါကျ။ ပက္ခန္တရ။ က–ခ–ဝါကျ–ပက္ခ။ ဒေါသပယ် တူပြီ။

ဃ–ဝါကျ။ ပက္ခန္တ။ ထို–၍ ဂ–ဝါကျ–ပက္ခ။

### ဃ–ဝါကျ ဥပနာပဋ္ဌကတက်

ဆရာ၊ ဆရာသည် ဂ–ဝါကျဖြင့် အာရုံကိုယူတတ်သည်ထက် လွန်စွာသိတတ်သည်၏ အဖြစ်တည်းဟူသောအနက်၊ စိန္တေတီတိ စိတ္တံ–ဟူသောဝစနတ္တကြောင့် စိတ္တမည်သော–ဟု စိတ္တသဒ္ဒါ၏ နိပ္ဖန္နပုဒ်အဖြစ်ကို ဆိုတော်မူ၏။ (ထပနာ)ထိုသို့သာဆိုချေသော် (လက္ခဏာ အရုစိ= ဒေါသလက္ခဏာ) စိတ္တသဒ္ဒါ နိပ္ဖန္နပုဒ်သာရှိသည်ဟူသော အနက်ရောက်ရာသည် မဟုတ်လော။ (အာဘော်) ယင်းသို့ရောက်ရာသောကြောင့် (ဟိတ်) စိတ္တသဒ္ဒါ နိပ္ဖန္နပုဒ်အဖြစ်ကိုသာ မဆိုသင့်။ (ရှေ့ပယ်=ထပနာပဋိက္ခေပ) စိတ္တသဒ္ဒါ၏ ဖြစ်သင့်သောအနက်တစ်ပါးကိုလည်း ဆိုသင့်၏။ (အနွယ) စိတ္တသဒ္ဒါ၏ ဖြစ်သင့် သောအနက်တစ်ပါးကား အဘယ်ပါနည်း.. ကြောင့် – ဃ–ဝါကျမိန့်။ (အဗျာပိတ အပရိပုဏ္ဏဒေါသပယ်)

### ဝါသဒ္ဒါ

စိတ္တသဒ္ဒါ စိန္တဓာတ်–တပစ္စည်း စိန္တနအနက်ဟော နိပ္ဖန္နသဒ္ဒါမှ တစ်မျိုး တစ်ပါးသော ဝိစိတ္တအနက်ဟော အနိပ္ဖန္န ပါဋိပဒိကသဒ္ဒါကို လဲလှယ် ပြလိုသောကြောင့် "ဝါ" သဒ္ဒါထားရသည်။

င–ဝါကျ–ပက္ခန္တရ။ ထို–၍ ဂ–ခ–ဝါကျ ပက္ခ။ ဒေါသပယ်တူပြီ။

---

## (၄) ဝိဂ္ဂဟာဒိ

**ဝိစိတ္တံ။ ဝိသေသေန စိတ္တေတီ (စိတ္တယတီ) တိ ဝိစိတ္တံ။**

ဝိသေသေန၊ အထူးသဖြင့်။ စိတ္တေတိ၊ (စိတ္တယတိ)စိတ္တိ ကရောတိ၊ အဆန်းတကြယ် ပြုတတ်၏။ ဣတိ ဝိစိတ္တံ။ ဝိပုဗ္ဗ+စိတ္တဓာတ်+အပစ္စည်း။ ကတ္တုသာဓန။

၁။ ဝိ –– အရ ဝိသေသဘောဂဏ်ရ၏။

၂။ စိတ္တဓာတ်အရ– စိတ်၏အထူးသဖြင့် အဆန်းတကြယ်ပြုခြင်း သတ္တိ လက္ခဏာ သဘာဝရ၏။

၃။ အပစ္စည်းအရကား သတ္တိမန္တ လက္ခဏာဝန္တ သဘာဝဝန္တဖြစ်သော အဆန်းတကြယ်ရ၏။

### ဓာန်ငြိနည်း

၁။ ဝိ–ဟူသော စိတ်–ဟူသောအစိတ်ပရမတ္ထသဒ္ဒါသည် ဗျုပ္ပတ္တိ။

http://www.dhammadownload.com



၂။ ယင်းဗျုပ္ပတ္တိ၏ အကြောင်းဖြစ်သော ဝိပုဗ္ဗ စိတ္တဓာတ်သည်လည်းကောင်း၊ အဆန်းတကြယ်ပြုခြင်းကြိယာသည်လည်းကောင်း ဗျုပ္ပတ္တိနိမိတ်။

၃။ ဝိစိတ္တဟူသော အပေါင်းပညတ္တိသဒ္ဒါသည် ပဝတ္တိ။

၄။ ယင်းပဝတ္တိ၏အကြောင်းဖြစ်သော အဆန်းတကြယ်အမှုမှန်သမျှ၏ -လ- ဓာတ်သည် ပဝတ္တိနိမိတ်။

မှတ်ချက်။ စိန္တာနည်း၌ ၂။ ဗျုပ္ပတ္တိ၏အကြောင်းဖြစ်သော ဝိပုဗ္ဗ စိတ္တဓာတ်+စုရာဒိဏေပစ္စည်း+တိဝိဘတ်သည်လည်းကောင်း၊ (ဝိသေသေန စိတ္တေတိကို ရှုပါ။ ဝိစိတ္တကို မရှုလင့်) ဤမျှသာ ထူးသည်။ ၁။ ဝိဂ္ဂဟ။ ၃။ နိပ္ဖန္န-ထုတ်လေတော့။

## (၆) အာဘောဂ သံဝဏ္ဏနာ

က-ဝါကျ။ သဟအာရမ္မဏေန-ဖြင့် သာရမ္မဏပုဒ်ကို သဟ+အာရမ္မဏ-ဟု ပဒစ္ဆေဒပြုရမည်ကိုလည်းကောင်း၊[၁] သ-သဒ္ဒါ သန္တ,သမာန သဒ္ဒါတို့၏ ကာရိယ မဟုတ်၊ သဟသဒ္ဒါ၏ ကာရိယအဖြစ်ကိုလည်းကောင်း၊[၂] သဝိတက္ကပုဒ်ကဲ့သို့) သာရမ္မဏပုဒ်ကို သဟ အရမ္မဏေန ဃေဝတ္တန္တီတိ သာရမ္မဏာ-ဟု သဟပုဗ္ဗပဒ ဗဟုဗ္ဗီဟိသမာသ် ဝစနတ္ထပြုရ မည်ကိုလည်းကောင်း[၃] သိစေသည်။

၁။ သန္ဓိလိင်္ဂပဒ။ ၂။ နိပါတလိင်္ဂပဒ။ ၃။ အဘိဓာနတ္ထ။ သမာသလိင်္ဂပဒတ္ထ။

က-ဝါကျ၌-အာရမ္မဏံ အဂ္ဂဟေတွာ အပ္ပဝတ္တိတော-ဖြင့် အာရုံနှင့်တကွ ဖြစ်ကုန်၏ ဟူသည် အာရုံကို မယူမူ၍ မဖြစ်၊ (အာရုံ ယူမှ ဖြစ်၏) ဟူသော သာရမ္မဏ၏ အကြောင်းကို သိစေသည်။ (ဘာဝတ္ထ)

ခ-ဝါကျဖြင့်- အနာရမ္မဏာပုဒ်ကို အဗြာဟ္မဏောပုဒ်ကဲ့သို့ န အာရမ္မဏာ အနာရမ္မဏာဟု ကမ္မဓာရယ်သမာသ်ဝစနတ္ထမပြုရ။ (ဗျတိရေက) နတ္ထိ ဧတေသံ အာရမ္မဏန္တိ အနာရမ္မဏာဟု ဗဟုဗ္ဗီဟိသမာသ် ဝစနတ္ထပြုရမည်ကိုလည်းကောင်း၊[၁] နသဒ္ဒါ သည် ဝုဒ္ဓိတဗ္ဗာဝစသော အနက်ကိုမဟော၊ အဘာဝအနက်ကို ဟောသည်ကိုလည်းကောင်း၊[၂] အနသဒ္ဒါ၏ န နိပါတ်၏ ကာရိယအဖြစ်ကိုလည်းကောင်း[၃] သိစေသည်။

၁။ အဘိဓာနတ္ထ။ သမာသလိင်္ဂပဒတ္ထ။ ၂။ နိပါတလိင်္ဂတ္ထ။ ၃။ နိပါတလိင်္ဂပဒ။

ဂ-ဝါကျ စိန္တနဋ္ဌေန-ဖြင့် စိတ္တာသဒ္ဒါ၏ စိန္တဓာတ်အဖြစ်ကိုလည်းကောင်း၊[၁] စိန္တဓာတ် စိန္တနအနက်ဟော၏အဖြစ်ကိုလည်းကောင်း၊[၂] စိန္တေတီတိ စိတ္တံ (စိန္တေန္တီတိ စိတ္တာ) ဟု ကတ္တုသာဓန ဝစနတ္ထပြုရမည်ကိုလည်းကောင်း၊[၃] တပစ္စည်း၏ ကတ္တုသာဓန၌ သက်သည်ကိုလည်းကောင်း[၄] သိစေသည်။

၁။ ဒုတိယဓာတုပဒ။ ၂။ ဒုတိယပစ္စယတ္ထ။ ၃။ အဘိဓာနတ္ထ။ ၄။ ဒုတိယပစ္စယတ္ထ။

ဃ-ဝါကျ ဝါသဒ္ဒါဖြင့် အတ္ထန္တရကို သိစေသည်။ (ဘာဝတ္ထ)

http://www.dhammadownload.com



ဃ-ဝါကျ၌ ဝိစိတ္တနေ္တ-ဖြင့် ဤ၌ စိတ္တသဒ္ဒါ ဝိစိတ္တအနက်ဟော အနိပ္ဖန္နပါဋိ-ပဒိကပုဒ်တည်းဟုသိစေသည်။ (နာမလိင်္ဂပဒ၊ ဝါ-နာမလိင်္ဂပဒတ္တ)

င-ဝါကျ။ စေတသိနိယုတ္တာ-ဖြင့် စေတသိကာပုဒ်ကို စေတသိ နိယုတ္တာ စေတသိကာ-ဟု နိယုတ္တတဒ္ဓိတ် ဝစနတ္ထပြုရမည်ကိုလည်းကောင်း။[၁] ဏိကပစ္စည်း၏ နိယုတ္တတဒ္ဓိတ်၌ သက်သည်ကိုလည်းကောင်း။[၂] သိစေသည်။ ၁။ အဘိဓာနတ္တ။ ၂။ ပစ္စယတ္တ။

✝ စေတသာ သံသဋ္ဌာ ဝါ စေတသိကာ။ မူလဋီ၊ ၁၊ ၅၄။

င-ဝါကျ။ အဝိပ္ပယောဂဝသေန-ဖြင့် စိတ်၌ ယှဉ်၏ဟူသည် အာရမ္မဏကရဏာ အားဖြင့် ယှဉ်သည်မဟုတ်၊ မကွေမကွာ (သမ္ပယောဂ) အားဖြင့် ယှဉ်သတည်းဟု သိစေသည်။ (ဘာဝတ္တ)

## (၇) ဥပသဂ္ဂနိပါတတ္တ

က-ဝါကျ။ အဂ္ဂဟေတွာ၌ အ-သဒ္ဒါ အပ္ပဝတ္တိတော၌ အ-ကား ပဋိသေဓတ္ထနိပါတ်ပုဒ်။ သာရမ္မဏာ-၌ သ-ကား ဝါ-သဟကား သဟတ္ထ နိပါတ်ပုဒ်။

ခ-ဝါကျ။ အနာရမ္မဏာ-၌ န-ကား အဘာဝတ္ထနိပါတ်ပုဒ်။

ဃ-ဝါကျ။ ဝိစိတ္တ-၌ ဝိ-ကား ဝိသေသတ္ထဥပသာရ။ ဝါ-ကား အတ္ထန္တရ ဇောတကနိပါတ်ပုဒ်။

င-ဝါကျ။ အဝိပ္ပယောဂ-၌ အ-ကား ပဋိသေဓတ္ထနိပါတ်ပုဒ်။ ဝိ-ကား ပဋိသေဓတ္ထ ဥပသာရ။ ပ-ကား ဓာတွတ္ထာနုဝတ္တကဥပသာရ။ နိယုတ္တ -၌ နိကား ဓာတွတ္ထာနုဝတ္တကဥပသာရ။

မှတ်ချက်။ ယောဂ= ယှဉ်။ ပ+ယောဂ=ယှဉ်။ ဝိ+ပယောဂ= မယှဉ်။ အ+ဝိပ္ပယောဂ=ယှဉ်။ (မကွေမကွာယှဉ်)

## (၈) ကြိယာငါးတန်

မေး။ င-ဝါကျ၌ အန္တတ္ထအရ တရားကိုယူ၍ ကြိယာငါးတန်ထုတ်ပါ။

ဖြေ။ အန္တတ္ထအရ စိတ်တည်း။(စေတသိနိယုတ္တာ-၌ စေတသိ-အရတည်း)

၁။ စိတ်အရ ဝိညာဏ်သည် ဒဿနတ္တ။

၂။ သခ်ါရသည် ဒီပကတ္တ။

၃။ နာမ် ရုပ်သည် ပကာသနတ္တ။

၄။ အဝိဇ္ဇာ၊ အာသဝသည် ဝိဘာဝတ္တ။

၅။ သဠာယတန၊ ဖဿစသည်သည် အနုဘာဝတ္တ။

မှတ်ချက်။ ဤကားပဋိစ္စသမုပ္ပါဒ်သို့သွင်းခြင်းတည်း။ လက္ခဏာဒိ စတုက္ကသို့ သွင်း၍ အောက်ပါအတိုင်းထုတ်လေ။

http://www.dhammadownload.com



တစ်နည်း။ ၁။ ဝိဇာနနလက္ခဏာသသည် ဒဿနတ္ထ။

၂။ နာမရူပပဒဋ္ဌာန်သည် ဒီပကတ္ထ။

၃။ ပုဗ္ဗင်္ဂမသမ္ပတ္တိရသသည် ပကာသနတ္ထ။

၄။ ပုဗ္ဗင်္ဂမကိစ္စရသသည် ဝိဘာဝတ္ထ။

၅။ သဒ္ဒဟနပစ္စုပဋ္ဌာန်သည် အနုဘာဝတ္ထ။

## (၁၀) ပစ္စည်းပြိုင်

မေး။ သာရမ္မဏာ-၌ သ အရနှင့် အာရမ္မဏအရ ပစ္စည်း ပစ္စယုပ္ပန်ကိုဖော်ပြ၍ ပစ္စည်းပြိုင်ခဲ့ပါ။

ဖြေ။ သ အရ (သဟဝတ္တန္တိ အရ) စိတ် ၈၉၊ စေတသိက် ၅၂-ရ၏။ အာရမ္မဏအရ အာရုံ ၆-ပါး။ အာရုံ ၆-ပါး ပစ္စည်းတရားက စိတ် ၈၉-ပါး၊ စေတသိက် ၅၂-အား အာရမ္မဏမျိုးဖြင့် ကျေးဇူးပြု။ အာရမ္မဏ ၈-ပစ္စည်း ယထာရဟ ပြိုင်။

က-ဝါကျ၌ အာရမ္မဏံအရ အာရုံ ၆-ပါး ပစ္စည်းတရားက အင္ဂဟေတွာ အပ္ပဝတ္တိတော-အရ စိတ် ၈၉၊ စေတသိက် ၅၂-အား အထက်ပါအတိုင်း ပစ္စည်းပြိုင်။ အာရမ္မဏေန-နှင့် သဟ(ဝတ္တန္တိ) လည်း နည်းတူ အာရမ္မဏပြိုင်။

✝ သဘာဝတော ဝိဇ္ဇမာနံ အဝိဇ္ဇမာနံဝါ ဝိစိတ္တသညာယ သညိတံ အာရမ္မဏံ အင္ဂဟေတွာ အပ္ပဝတ္တိတော အာလမ္ဗမာနာဓမ္မာ သာရမ္မဏာ။ မူလဋီ၊ ၁၊ ၅၄။

မှတ်ချက်။ ဋီကာ၌ သာရမ္မဏာဟူသော ဗဟုဗ္ဗီဟိပုဒ်ကို အာလမ္ဗ မာနာ-ဟု ကတ္တုရုပ်ဖြင့် ဖွင့်သည်။

✝ ဗဟုဗ္ဗီဟိ၊ အဿတ္ထိ၊ တူဘိ ကတ္တုနေ။ နိယံ။

င-ဝါကျ၌ စေတသိအရ စိတ် ၈၉-ခု ပစ္စည်းတရားက နိယုတ္တာအရ စေတသိက် ၅၂-အား သဟဇာတမျိုးဖြင့် ကျေးဇူးပြုသည်။

ပြိုင်။ သဟကြီး ၄၊ အညမည၊ ဝိပါက၊ သမ္ပယုတ္တ-လတ် ၃၊ အဓိပတိ၊ အာဟာရ၊ ဣန္ဒြိယ၊ ၁၀ ပစ္စည်း။(အဝိပါကဖြစ်အံ့- ဝိပါက နှုတ်၍ ၉-ပစ္စည်း။)

မှတ်ချက်။ စေတသိက၌ အန္တတ္ထ=စိတ်, ဗာဟျတ္ထ=စေတသိက်။ အထက်ပါ အတိုင်း ပြိုင်လေ။

---

(က) နိရန္တရဘာဂူပဂမနတာယ ဥပ္ပါဒတော္ ယာဝဘင်္ဂါ စိတ္တေန သံသဋ္ဌာတိ စိတ္တသံသဋ္ဌာ။ (ခ) ကေဝလာ ဝတ္တမာနာပိ နိရန္တရဘာဝံ အနုပဂမနတာယ စိတ္တေန ဝိသံသဋ္ဌာတိ စိတ္တဝိသံသဋ္ဌာ။ (ဂ) သမုဋ္ဌဟန္တိ ဧတေနာတိ သမုဋ္ဌာနံ။ (ဃ) စိတ္တံ သမုဋ္ဌာနံ ဧတေသန္တိ စိတ္တသမုဋ္ဌာနာ။ ဠ၊ ၉၂။

http://www.dhammadownload.com



## (၂) (၃) ဝါကျခွဲစသည်

ခ–ဝါကျကား ပက္ခန္တရ။ ထို–၍ က–ဝါကျကား ပက္ခ။

ဂ–ဝါကျကား ပက္ခန္တရ။ ထို–၍ ခ–ဝါကျကား ပက္ခ။

ဃ–ဝါကျကား ပက္ခန္တရ။ ထို–၍ ဂ–ဝါကျကား ပက္ခ။

### ခ–ဝါကျ ပါဠိပနာဒိကျမ်းတက်

ဆရာ၊ ဆရာသည် က–ဝါကျဖြင့် စိတ္တသံသဋ္ဌပုဒ်၏ အဖွင့်သံဝဏ္ဏနာကို ဆိုတော်မူ၏။ (ထပနာ) ထိုသို့သာဆိုချေသော် (လက္ခဏာအရစိ) စိတ္တသံသဋ္ဌပုဒ်၏ အဖွင့်သံဝဏ္ဏနာသာရှိ၏။ စိတ္တဝိသံသဋ္ဌပုဒ်၏ အဖွင့်သံဝဏ္ဏနာကား မရှိဟူသော အနက်ရောက်ရာ၏။ (အနု+ပါ) စင်စစ် တမူကား စိတ္တဝိသံသဋ္ဌပုဒ်၏အဖွင့်သံဝဏ္ဏာ မရှိသည်မဟုတ်၊ ရှိသည်သာ ဖြစ်၏။(ပဋိ+ပါ) ယင်းသို့ ရှိသည်သာဖြစ်သောကြောင့် (ဟိတ်) စိတ္တဝိသံသဋ္ဌပုဒ်၏ အဖွင့်ကို ဆိုသင့်ဆိုတန်၏။(အနု+ရော) စိတ္တဝိသံသဋ္ဌပုဒ်၏အဖွင့်ကို မဆိုဘဲ မနေသင့် မနေတန်။ (ပဋိ+ရော) တစ်နည်း။ စိတ္တသံသဋ္ဌပုဒ်၏ အဖွင့်ကိုသာ မဆိုသင့်။ စိတ္တဝိသံသဋ္ဌပုဒ်၏ အဖွင့်ကား အဘယ်နည်း–ကြောင့် ခ–ဝါကျမိန့်။

မှတ်ချက်။ ဤကား ပက္ခဝါကျမှ ပက္ခန္တရဝါကျသို့ တက်ရိုးတက်စဉ် ကျမ်းတက်ခြင်းတည်း။ ခ–ဝါကျ "ကေတော ဝတ္တမာနာပိ" ကိုရှု၍ ကျမ်းတက်လျှင် အောက်ပါအတိုင်း ပါဠိတော်ကို ထပနာထား၍ တက်ရမည်။ သတိရှိစေ။

ဆရာ၊ မြတ်စွာဘုရားသည် ရုပ်နှင့်နိဗ္ဗာန်ကို ဝိစိတ္တသံသဋ္ဌာ–ဟု ဟောတော်မူ၏။ ထိုသို့သာ ဟောတော်မူချေသော် စိတ်သည် ရုပ်နှင့် အတူတကွမဖြစ်သည်ဟူသော အနက်သည်ရောက်ရာ၏။ (အနု+ပါ) စင်စစ်တမူကား စိတ်သည် ရုပ်နှင့်အတူတကွ မဖြစ်သည်မဟုတ်၊ အတူတကွသဟဇာတ အားဖြင့်ဖြစ်၏။(ပဋိ+ပါ) သို့ဖြစ်သောကြောင့် ရုပ်ကို စိတ္တသံသဋ္ဌဟူသော၍ဟောသင့်၏။ (အနု+ရော) ရုပ်ကို စိတ္တဝိသံသဋ္ဌဟုကား မဟောသင့်။ (ပဋိ+ရော) အဘယ်ကြောင့် ရုပ်ကို စိတ္တဝိသံသဋ္ဌဟု ဟောတော်မူပါသနည်း––ကြောင့် ကေတော ဝတ္တမာနာပိစသည်ကိုမိန့်။

ကား . ခ–ဝါကျဖြင့် အတူတကွဖြစ်ကြပါကုန်သော်လည်း နိရန္တရဘာဝ အနုပဂမနကြောင့် စိတ္တဝိသံသဋ္ဌဟု ဘုရားဟောတော်မူ၏ဟု ငါပြဆို၏ဟူလိုသော်။

မှတ်ချက်။ ယေသံ ရူပါနံ စိတ္တံ သဟဇာတပစ္စယော ဟောတိ–ဟူသော မူလဋီ၊ ၁၊ ၅၄–ကို မျှော်၍ ကျမ်းတက်သည်။

---

## (၄) ဝိဂ္ဂဟာဒိ

နိရန္တရ။ နတ္ထိ အန္တရံ ဧတေသံ စေတသိကာနန္တိ နိရန္တရာ။

ဧတေသံ စေတသိကာနံ၊တို့အား။ အန္တရံ၊(စိတ်နှင့်)အကြားသည်။ ဝါ–အထူးသည်။ နတ္ထိ၊ မရှိ။ ဣတိ တေ နိရန္တရာ။

http://www.dhammadownload.com



**နိရန္တရဘာဝ**။ နိရန္တရာနံ ဘာဝေါ နိရန္တရ ဘာဝေါ။

နိရန္တရာနံ၊ အကြားမရှိ အထူးမရှိကုန်သောစေတသိက်တို့၏။ ဘာဝေါ၊ ဖြစ်ကြောင်းတည်း။ နိရန္တရဘာဝေါ၊ အကြားမရှိ အထူးမရှိကုန်သောစေတသိက်တို့၏ ဖြစ်ကြောင်း( အကြားမရှိခြင်း၊ အထူးမရှိခြင်းဂုဏ်ရသည်။)

**မှတ်ချက်**။ အန္တရသဒ္ဒါ ဘေဒ=ဝိသေသအနက်ဟော။

**ဥပဂမန**။ ဥပဂစ္ဆန္တီတိ ဥပဂမနာနိ။

**နိရန္တရဘာဝူပဂမနာနိ**။ နိရန္တရဘာဝါနံ ဥပဂမနာနိ နိရန္တရ -ဘာဝူပဂမနာနိ။

နိရန္တရဘာဝါနံ၊ အကြားမရှိ အထူးမရှိကုန်သောစေတသိက်တို့၏အဖြစ်သို့။ ဥပဂမနာနိ၊ ကပ်ရောက်ကုန်သောစေတသိက်တို့တည်း။ နိရန္တရဘာဝူပဂမနာနိ၊ အကြားမရှိ အထူးမရှိကုန်သော စေတသိက်တို့အဖြစ်သို့ ကပ်ရောက်ကုန်သော စေတသိက်တို့။

**မှတ်ချက်**။ နိရန္တရ-အရ စေတသိက်။ နိရန္တရဘာဝူပဂမန-အရလည်း စေတသိက်ပင်ရသော ဗဟုဝုစ်ပုဒ်များဖြစ်သည်ကို သတိပြုပါ။ ပစ္စည်းပြိုင်၊ ကြိယာငါးတန်မေးလျှင် တရားကိုယ်မှားတတ်သည်။ ညာသ်ကောက်နည်းဖြင့် မှန်ကန်စွာ ရှုကြည့်နိုင် ဘို့လိုသည်။

**နိရန္တရဘာဝူပဂမနတာ**။ နိရန္တရဘာဝူပဂမနာနံ ဘာဝေါ နိရန္တရ ဘာဝူပဂမနတာ။

နိရန္တရဘာဝူပဂမနာနံ၊ အကြားမရှိအထူးမရှိကုန်သောစေတသိက်တို့၏ အဖြစ်သို့ ကပ်ရောက်ကုန်သောစေတသိက်တို့၏။ ဘာဝေါ၊ ဖြစ်ကြောင်းတည်း။

ဘာဝတဒ္ဓိတ်။ နိရန္တရဘာဝူပဂမနပုဒ်+တာပစ္စည်း။

၁။ နိရန္တရဘာဝူပဂမန-ဟူသော ဘာဝတဒ္ဓိတ်ပုဒ်အရကား-အကြားမရှိ အထူးမရှိကုန်သော စေတသိက်တို့၏ အဖြစ်သို့ ရောက်ကုန်သော စေတသိက်တို့ဒြဗ်သည် မုချ။

၂။ ယင်း၏ ကပ်ရောက်ခြင်းကြိယာနှင့် ဂုဏ် ဂုဏေး-စပ် သမ္ဗန်သည် ဥာနူပစာ။

၃။ တာပစ္စည်းအရကား- ထိုမုချ ဥာနူပစာတို့ဖြင့် မှတ်အပ်သော ကပ်ရောက်ခြင်းကြိယာရ၏။

**မှတ်ချက်**။ ဥပဂမနတာ= ကပ်ရောက်ကုန်သည်တို့၏အဖြစ်ဟူသည် ကပ်ရောက်ခြင်း ကြိယာပင်တည်း။ ထို့ကြောင့် ဋီကာ၌ တဒ္ဓိတ်ဘောကို ကိတ်ဘောဖြင့် အောက်ပါအတိုင်း ဖွင့်သည်။

ဒုဗ္ဗိညေယျနာနတ္တတာယ (မသိအပ်မသိနိုင်သော အထူးရှိကုန်သည်တို့၏ အဖြစ်ကြောင့်၊ ဝါ-အထူးကို မသိနိုင်ကုန်သည်တို့၏အဖြစ်ကြောင့်) ဧကီဘာဝမိဝ၊ စိတ်နှင့်တစ်ခုတည်း၏ အဖြစ်ကဲ့သို့။ ဥပဂမနံ၊ ကပ်ရောက်ခြင်း သည်။ နိရန္တရဘာဝူပဂမနံ၊ နိရန္တရဘာဝူပဂမနမည်၏။ မူလဋီ၊ ၁၊ ၅၄။

http://www.dhammadownload.com



## (၅) ဓာတုပစ္စယာဒိ

နိရန္တရ= နိ+အန္တရ-၌ အန္တရကား ကိတ်နာမ်ပုဒ်။ အ-ကာရန္တ၊ နပုံလိင်၊ စိတ္တာဒိဂိုဏ်း။ (အတိဓာတ်+အရပစ္စည်း) (သုစိ)

နိရန္တရ-လ-တာယ-ကား တဒ္ဓိတနာမ်ပုဒ်၊ အာကာရန္တ၊ ထီလိင်၊ ကညာဒိဂိုဏ်း။

● တာ တစ်လုံးကား နာရီတည်း။

ဥပ္ပါဒ။ (ဥပ္ပဇ္ဇနံ ဥပ္ပါဒေါ) ကိတ်နာမ်ပုဒ်၊ အကာရန္တ၊ ပုံလိင်၊ ပုရိသာဒိဂိုဏ်း။

ဥပ္ပါဒတော- နိပါတ်ပုဒ်၊ဩကာရန္တ၊ အလိင်၊ ဂဏဝိမုတ်။

ဘင်္ဂ။ (ဘဥ္ဇနံ ဘင်္ဂေါ= ဘန္ဇ+ဏ) ကိတ်နာမ်ပုဒ်၊ အကာရန္တ၊ ပုံလိင်၊ ပုရိသာဒိဂိုဏ်း။ ဘင်္ဂါ ပဥ္စမီဝိဘတ်ကျန္တ။

✪ ယာဝနိပါတ်၊ ယှဉ်တုံလတ်၊ မှတ်လေ ပဥ္စမီ။

ယာဝ။ နိပါတ်ပုဒ်၊ အ-ကာရန္တ၊ အလိင်၊ဂဏဝိမုတ်။ (ပရိစ္ဆေဒနတ္တဝါစကာ။ ဓာန်၊၁၁၄၂)

သံသဋ္ဌ။ ကိတ်နာမ်ပုဒ်၊ အကာရန္တ၊ ပုံလိင်၊ ပုရိသာဒိဂိုဏ်း။ သံပုဗ္ဗ+သဇ္ဇဓာတ်+ တပစ္စည်း။

မှတ်ချက်။ ရူ-၃၈၃-၌ သဇ ဝိသဂ္ဂေ သံပုဗ္ဗော၊ သံသဇ္ဇိတဗ္ဗော တိ သံသဋ္ဌော-ဟု ဆိုသည်။ ဓာတွတ္ထသင်္ဂဟ-၌ သဇ္ဇာ-ဘူ လာဘာသိဥ္စန သင်္ဂေ၊ သံတု သံ သဂ္ဂေ= ရောနှောခြင်း၌-ဟုဆိုသည်။

သံသဇ္ဇန္တီတိ သံသဋ္ဌာ-ဟု ပစ္စုပ္ပန် ကတ္တုသာဓန-ဝစနတ္ထပြု။

သမုဋ္ဌဟန္တိ။ သံပုဗ္ဗ+ ဥပုဗ္ဗ+ဌာ။ ဟ-လာ။ အန္တိဝိဘတ်။

✝ ကွစိဓာတူဒိအာဒိနာ ဌာတော ဟကာရာဂမော စ ရဿတ္တံ။ ရူ၊ ၂၉၈။

---

## (၆) အာဘောဂ သံဝဏ္ဏနာ

က-ဝါကျ၌ စိတ္တေန သံသဋ္ဌာ-ဖြင့် စိတ္တပုဒ်နှင့် သံသဋ္ဌပုဒ်ကို စိတ္တေန သံသဋ္ဌာ စိတ္တသံသဋ္ဌာ-ဟု တတိယာတပ္ပုရိသ်သမာသ်ဝစနတ္ထပြုရမည် သိစေသည်။ (အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ)

က-ဝါကျ၌ နိရန္တရ-လ- ဘင်္ဂါ-ဖြင့် စိတ္တေန သံသဋ္ဌာ=စိတ်နှင့် နှီးနှောခြင်းဟူသည် အကြားမရှိသည်၏အဖြစ်သို့ ရောက်သည်၏အဖြစ်ဖြင့် ဥပါဒ်မှစ၍ ဘင်တိုင်အောင် စိတ်နှင့် နှီးနှောခြင်းပင်တည်းဟု သိစေသည်။ (ဘာဝတ္ထ)

ခ-ဝါကျ၌ စိတ္တေန ဝိသံသဋ္ဌာ-ဖြင့် စိတ္တပုဒ်နှင့် ဝိသံသဋ္ဌပုဒ်ကို စိတ္တေန ဝိသံသဋ္ဌာ စိတ္တဝိသံသဋ္ဌာ-ဟုတတိယာတပ္ပုရိသ်သမာသ်ဝစနတ္ထပြုရမည်-ဟု သိစေသည်။ (အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ)

http://www.dhammadownload.com



ခ–ဝါကျ ကေတော ဝတ္တမာနာ–လ– တာယ–ဖြင့် စိတ္တေန ဝိသံသဋ္ဌာ =စိတ်နှင့် မနီးနှောခြင်းဟူသည် စိတ်နှင့်တကွဖြစ်ကုန်လျက် အကြားမရှိသည်၏အဖြစ်သို့ မရောက်ကုန်သည်တို့၏အဖြစ်ဖြင့် စိတ်နှင့် မနီးနှောခြင်း ပင်တည်းဟု သိစေသည်။ (ဘာဝတ္ထ)

ခ–ဝါကျ၌ အပိသဒ္ဒါဖြင့် စိတ်နှင့်တကွဖြစ်ကုန်လျက် ဝိသံသဋ္ဌ ဖြစ်ကုန်သေး၏ စိတ်နှင့်တကွမဖြစ်သော်ကား ဝိသံသဋ္ဌ၏အဖြစ်၌ ဆို ဘွယ်မရှိ။ (မင်းခင်း၊ ၃၁၇) ဟု အဓိပ္ပါယ်ကို သိစေသည်။ (ဘာဝတ္ထ)

မှတ်ချက်။ အပိသဒ္ဒါ သမ္ဘာဝနာဇောတက ဂရဟာကိုပေါင်းဆည်းသည်။

✝ အပိ သဒ္ဒေါ ကောပန ဝါဒေါ ကေတော အဝတ္တမာနာတိ ကေမတ္တံ ဒီပေတိ။ မူလဋီ၊၁၊၅၄။

ဂ–ဝါကျ။ သမ္ပဋ္ဌဟတ္ထိ ဓေတေန–ဖြင့် သမုဋ္ဌာနံပုဒ်ကို သမ္ပဋ္ဌဟတ္ထိ ဓေတေနာတိ သမုဋ္ဌာနံ–ဟု ကရဏသာဓနဝစနတ္ထပြုရမည်ကိုလည်းကောင်း၊[၁] ယုပစ္စည်း၏ ကရဏသာဓန၌ သက်သည်ကိုလည်းကောင်း[၂] သိစေသည်။ ၁။ အဘိဓာနတ္ထ။ ၂။ ဒုတိယပစ္စယတ္ထ။

ဃ–ဝါကျဖြင့် စိတ္တသမုဋ္ဌာနံပုဒ်ကို စိတ္တံ သမုဋ္ဌာနံ ဓေတေသန္တိ စိတ္တသမုဋ္ဌာနာ–ဟု စတုတ္ထီဗဟုဗ္ဗီဟိသမာသ်ဝစနတ္ထပြုရမည်ဟု သိစေသည်။ (အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ)

---

## (၇) ဥပသဂ္ဂ နိပါတတ္ထ

က–ဝါကျ။ နိရန္တရ–၌ နိသဒ္ဒါကား အဘာဝအနက်။ (နတ္ထိ–ဖွင့်သည်ကိုထောက်)

ဥပဂမန၌ ဥပ–ကား ဓာတွတ္ထဝိသေသက။ (ကပ်ရောက်ခြင်း၌– ကပ်ဟူသော အနက်ကို ဥပ–က ဓာတ်နက်ကို အထူးပြု၍ ထွန်းပြသည်)

ဥပ္ပါဒတော–၌ ဥ–ကား ဓာတွတ္ထာနုဝတ္တက။ (ပဒဓာတ်သက် သက်ကပင်ဖြစ်ခြင်းအနက်ဟောသည်) ပုံစံ။ တေသံ အမေ္ဗာ အာပဇ္ဇတိ= ဖြစ်၏) ယာဝ–ပရိစ္ဆေဒတ္ထ။ (ရှေး၌ ရေးပြီး)

သံသဋ္ဌာ–၌ သံ–ကား ဓာတွတ္ထဝိသေသက။(၅–နံပါတ် အဖြေ ကြည့်)

ခ–ဝါကျ။ ကေတော–သဟတ္ထနိပါတ်ပုဒ်။ ဝတ္တမာနာပိ–၌ အပိ သဒ္ဒါ သမ္ဘာဝနာဇောတကနိပါတ်ပုဒ်။ (၆–အဖြေကြည့်)

အနုပဂမနတာယ–၌ န–ကား ပဋိသေဓတ္ထနိပါတ်ပုဒ်။

ဝိသံသဋ္ဌာ–၌ ဝိ–ကား သိယောဂတ္ထ ဥပသာရ။

ဂ–ဝါကျ၌ သမုဋ္ဌဟတ္ထိ၊ သမုဋ္ဌာနံ တို့၌ သံ–ကား ဓာတွတ္ထာနုဝတ္တက။ ဥ–ကား ဓာတွတ္ထဝိသေသက။ (ဓာတ်နှင့် နီးသော ဥပသာရ ကသာလျှင် အထူးပြုခြင်း, တားမြစ်ခြင်းကို ပြုနိုင်သည်။)

http://www.dhammadownload.com



## သဗ္ဗနာမဝိသယတ္တ

ဂ–ဝါကျ။ တေန–၌ တ–ကား စိတ်ဒြဗ်ကိုစွဲသောကြောင့် ပက္ကန္တဝိသယ–တေ။

ဃ–ဝါကျ။ တေသံ–၌ တေ–ကား တရားဒြဗ်ကိုစွဲသောကြောင့် ပက္ကန္တဝိသယ–တေ။

## (၈) ကြိယာငါးတန်

ကြိယာငါးတန်ထုတ်ရာ၌ တရားကိုယ်မှန်ဘို့ အရေးကြီးသည်။ ဥပမာ– နိရန္တရဘာဝူပဂ–မနတာယ–၌ နိရန္တရ–အရတရားကိုယူ၍ ကြိယာ ငါးတန်ထုတ်ပါဟုဆိုလျှင် ဉာသ်ကောက်သဘောမမိလျှင် အမှန်ရခဲသည်။ ထုတ်နည်းမခက်၊ အရကောက်မှန်ဘို့ ခက်သည်။ ဉာသ်ကောက်ပြန်ကြည့်ပါ။

## (၁၀) ပစ္စည်းပြိုင်

က–ဝါကျ၌ စိတ္တေန–အရ စိတ် ၈၉–ပစ္စည်းတရားက သံသဋ္ဌာ–အရ စေတသိက် ၅၂–အား သဟဇာတသတ္တိဖြင့် ကျေးဇူးပြု။

သဟကြီး ၄၊ အညမည၊ သမ္ပယုတ္တ၊ ဝိပါက–၃၊ အဓိပတိ၊ အာဟာရ၊ ဣန္ဒြိယ–၃။ ပေါင်း ၁ဂ–ပစ္စည်း ယထာရဟပြိုင်။

(အဝိပါကဖြစ်– ဝိပါကနှုတ် ၉–ပစ္စည်း)

ခ–ဝါကျ၌ စိတ္တေန အရ ရူပသမုဋ္ဌာပကစိတ် ပစ္စည်းတရားက ဝိသံသဋ္ဌ –အရ စိတ္တဇရုပ်အား သဟဇာတသတ္တိဖြင့်ကျေးဇူးပြု။

သဟကြီး ၄၊ ဝိပ္ပယုတ္တ၊ အဓိပတိ၊အာဟာရ၊ဣန္ဒြိယ–၃၊ ပေါင်း– ၈–ပစ္စည်း ယထာရဟပြိုင်။

ဂ–ဝါကျ။ တေန–အရ စိတ် ၈၉–ပစ္စည်းတရားက သမုဋ္ဌဟန္တိ–အရ စေတသိက် ၅၂–အား (စိတ္တေန နှင့် သံသဋ္ဌာအတိုင်း ပြိုင်)

ဂ–ဝါကျ။ တေန–အရ ရူပသမုဋ္ဌာပကစိတ်က စိတ္တဇရုပ်အား (စိတ္တေန ဝိသံသဋ္ဌာအတိုင်းပြိုင်)

---

(က) သဟ ဘဝန္တီတိ သဟဘုနော။ (ခ) စိတ္တေန သဟဘုနော စိတ္တသဟဘုနော။ (ဂ) အနုပရိဝတ္တန္တီတိ အနုပရိဝတ္တိနော။ (ဃ) ကိံ အနုပရိဝတ္တန္တိ။ (င) စိတ္တံ။ (စ) စိတ္တဿ အနုပရိဝတ္တိနော စိတ္တာနုပရိဝတ္တိနော။ ဌ၊ ၉၂။

## ဝါကျခွဲ ကျမ်းတက်၊ ဒေါသပယ်

ဃ–ဝါကျ ပုစ္ဆာဝါကျ၊ ဝါ–ပက္ခ။ င–ဝါကျ ဝိသဇ္ဇနာဝါကျ၊ ဝါ–ပက္ခန္တ။ ဤမျှသာထုး၏။ ကြွင်းပက္ခ ပက္ခန္တရဝါကျများ။

http://www.dhammadownload.com



## ဃ–င–ဝါကျသို့

ဆရာ၊ ဆရာသည် ဂ–ဝါကျဖြင့် အနုပရိဝတ္တိနောပုဒ်ကို ကတ္တုသာဓန ပြုရသောဟု ဆိုတော်မူ၏။ (ထပနာ) ထိုသို့သာ ဆိုရျေသော် (လက္ခဏ အရုစိ) ယင်း၌ ဖြစ်ထိုက်သော ပုစ္ဆာ ဝိသဇ္ဇနာမရှိဟူသောအနက်သည် ရောက်ရာ၏။ (အနု+ပါ) စင်စစ် တံမူကား ယင်း၌ ဖြစ်ထိုက်သော ပုစ္ဆာဝိသဇ္ဇနာ မရှိသည်မဟုတ်၊ ရှိသည်သာဖြစ်၏။(ပဋိ+ပါ)ထိုသို့ရှိသည်သာဖြစ်သောကြောင့် ပုစ္ဆာဝိသဇ္ဇနာကိုလည်း ဆိုသင့်၏။(အနု+ရော) ပုစ္ဆာ ဝိသဇ္ဇနာကို မဆိုဘဲ မနေသင့် မနေတန်။ (ပဋိ+ရော) တစ်နည်း။ အနုပရိဝတ္တိနောပုဒ်၏ ဝစနတ္ထကိုသာမဆိုသင့်။(ပဋိ+ရော)ယင်း၌ ဖြစ်ထိုက်သော ပုစ္ဆာ ဝိသဇ္ဇနာကား အဘယ်နည်း (ပုစ္ဆာ)–ကြောင့် ဃ–င–ဝါကျတို့ကိုမိန့်။

ဒေါသပယ်။ အဗျာပိတ အပရိပုဏ္ဏဒေါသပယ်။

## (၄) ဝိဂ္ဂဟာဒိ

သဟာဘုနော။ သဟ ဘဝန္တီတိ သဟာဘုနော။

## ဗျုပ္ပတျာဒိစတုက္က (ခုနစ်ဋီနည်း)

၁။ သ–ဟူသော ဟ–ဟူသော ဘု–ဟူသော နော–ဟူသော အစိတ်ပရမတ္ထ သဒ္ဒါသည် ဗျုပ္ပတ္တိ။

၂။ ယင်း၏အကြောင်းဖြစ်သော သဟာသဒ္ဒူပပဒ ဘူဓာတ် ကွိပစ္စည်း သည်လည်း ကောင်း၊ တကွဖြစ်ခြင်းကြိယာသည်လည်းကောင်း ဗျုပ္ပတ္တိနိမိတ်။

၃။ သဟာဘုနော–ဟူသော အပေါင်းပညတ္တိသဒ္ဒါသည် ပဝတ္တိ။

၄။ ယင်းပဝတ္တိ၏အကြောင်းဖြစ်သော စေတသိက် ၅၂၊ ဝိညတ် ဒွေး–တို့၏ တစ်ခုသည်–ဓာတ်သည် ပဝတ္တိနိမိတ်။

မှတ်ချက်။ စိန္တာနည်း၌ – ၁။ ဝိဂြိုဟ်။ ၂။ သဟာသဒ္ဒူပပဒ ဘူဓာတ်၊ အန္တိဝိဘတ်သည် လည်းကောင်း၊ ၃။ ပုဒ်ပြီးနိပ္ဖန္န။ ၄။ ဓာတ် ဤမျှသာထူး၏။ ကြွင်းတူပြီ။

## (၆) အာဘောဂ သံဝဏ္ဏနာ

က–ဝါကျဖြင့် သဟာဘုနောပုဒ်ကို သဟ ဘဝန္တီတိ သဟာဘုနော –ဟု ကတ္တုသာဓန ဝစနတ္ထပြုရမည်ကိုလည်းကောင်း၊[၁] သဟပုဗ္ဗ+ဘူဓာတ် ၏အဖြစ်ကိုလည်းကောင်း၊[၂] ကွိပစ္စည်း၏ ကတ္တုသာဓန၌ သက်သည်ကိုလည်းကောင်း[၃] သိစေသည်။

၁။ အဘိဓာနတ္ထ။ ၂။ ဒုတိယဓာတုပဒ။ ၃။ ဒုတိယပစ္စယတ္ထ။

ခ–ဝါကျဖြင့် စိတ္တပုဒ်နှင့် သဟာဘုနောပုဒ်ကို စိတ္တေန သဟာဘုနော စိတ္တသဟ–ဘုနော–ဟု တတိယာတပ္ပုရိသသမာသ်ဝစနတ္ထပြုရမည်ဟု သိစေသည်။

(အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ)

http://www.dhammadownload.com



ဂ-ဝါကျဖြင့် အနုပရိဝတ္တိနောပုဒ်ကို အနုပရိဝတ္တန္တီတိ အနုပရိဝတ္တိနော-ဟု ကတ္တုသာဓန ဝစနတ္ထပြုရမည်ကိုလည်းကောင်း၊[၁] အနု+ပရိ ပုဗ္ဗ+ဝတု(ဝတ္တ) ဓာတ်၏အဖြစ်ကိုလည်းကောင်း၊[၂] ဏီပစ္စည်း၏ ကတ္တုသာဓနေ၌ သက်သည်ကိုလည်းကောင်း[၃] သိစေသည်။

၁။ အဘိဓာနတ္ထ။ ၂။ ဒုတိယဓာတုပဒ။ ၃။ ဒုတိယပစ္စယတ္ထ။

ဃ-ဝါကျဖြင့် ပုစ္ဆာပြ။ င-ဝါကျဖြင့် ဝိသဇ္ဇနာပြ ဘာဝတ္ထ။

စ-ဝါကျဖြင့် စိတ္တပုဒ်နှင့် အနုပရိဝတ္တိနောပုဒ်ကို စိတ္တဿ အနုပရိဝတ္တိနော-ဟု ကမ္မတ္ထ ဆဋ္ဌီတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်ဟု သိစေသည်။ (အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ)

## (၁၀) ပစ္စည်းပြိုင်

ခ-ဝါကျ၌ စိတ္တေန-အရ စိတ် ၈၉-ပစ္စည်းတရားက သဟဘုနော-အရ စေတသိက် ၅၂-အား သဟဇာတသတ္တိဖြင့် ကျေးဇူးပြု။

ယထာရဟ- သဟကြီး ၄၊ အညမည၊ သမ္ပယုတ္တ၊ ဝိပါက၊ အဓိပတိ၊ အာဟာရ၊ ဣန္ဒြိယ- ၁၀-ပစ္စည်း။ အဝိပါကဖြစ်အံ့- ဝိပါက ကြဉ်၍ ၉-ပစ္စည်း။

ခ-ဝါကျ၌ စိတ္တေန-ရူပသမုဋ္ဌာပကစိတ်က ဝိညတ်ဒွေးအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြု။

ယထာရဟ- သဟကြီး ၄၊ ဝိပ္ပယုတ္တ၊ အဓိပတိ၊ အာဟာရ၊ ဣန္ဒြိယ- ၈-ပစ္စည်းပြိုင်။

မှတ်ချက်။ စိတ္တဿ-အရ စိတ္တေနနှင့် တူ။ အနုပရိဝတ္တိနော အရ-စေတသိက် ၅၂- ဝိညတ်ဒွေးယူ၍ အထက်ပါအတိုင်းခွဲ၍ ပစ္စည်းပြိုင်။

(က) အဗျတ္တဗျတ္တံ သန္ဓာယ အဗျတ္တတ္တိကေ ဝုတ္တဝသေန အဗျတ္တာဝ အဗျတ္တိကာ။ (ခ) တတော ဗဟိဘူတာတိ ဗာဟိရာ။ (ဂ) ဥပါဒိယန္တေဝ ဘူတာနိ။ (ဃ) န ဘူတာနိ ဝိယ ဥပါဒိယန္တီတိ ဥပါဒါ။ (င) န ဥပါဒိယန္တေဝါတိ နော ဥပါဒါ။ ဋ္ဌ၊ ၉၂။

## (၂) ဝါကျခွဲ၊ ကျမ်းတက်၊ ဒေါသပယ်

ဃ-ဝါကျကား ဗျတိရေကဝါကျ။ ထို-၍ ဂ-ဝါကျကား အနွယ။

မှတ်ချက်။ ဝေဖလကျမ်းတက်နည်း ရှေး၌ရေးခဲ့ပြီ။ သဗ္ဗဝါကျံ သာဝဓာရဏံ-နှင့်အညီ ဥပါဒိယန္တိ ဘူတာနိ-၌ အဝဓာရဏ-ဧဝ-ကိုဆို သဖြင့် ဧဝ-၏ ဝေဖလ၊ဝါ-နိဝတ္တေတဗ္ဗကို ပြလိုရကား (ဃ) ဝါကျတက် လာသည်ဟူလို။ ကြွင်းဝါကျများကား ပက္ခ၊ ပက္ခန္တများသာ။

## (၄) ဝိဂ္ဂဟာဒိ

ဘူတာနိ။ ပါတုဘဝန္တီတိ ဘူတာနိ။

ယာနိရူပါနိ၊ အကြောင်းရပ်တို့သည်။ ပါတုဘဝန္တိ၊ ဖြစ်တတ်ကုန်၏။ ဣတိ တာနိ ရူပါနိ ဘူတာနိ။ (ဋ္ဌ၊ ၃၃၆-မဟာဘူတအဖွင့်ကို ရှု) ကတ္တုသာဓန၊ ဘူဓာတ်+တပစ္စည်း။

http://www.dhammadownload.com



၁။ ဘူတဓာတ်၏အရ ပထဝီ, အာပေါ, တေဇော, ဝါယော ရုပ် ၄-ပါးတို့၏ ထင်ရှားစွာ ဖြစ်ခြင်း သတ္တိ, လက္ခဏ, သဘာဝရ၏။

၂။ တပစ္စည်းအရ သတ္တိမန္တ, လက္ခဏဝန္တ, သဘာဝဝန္တဖြစ်သော ဘူတရုပ် ၄-ပါးရ၏။

## ဗျုပ္ပတျာဒိ (စာန်ဋီ)

၁။ ဘူ-ဟူသော တာ-ဟူသော နိ-ဟူသော အစိတ်ပရမတ္ထသဒ္ဒါသည် ဗျုပ္ပတ္တိ။

၂။ ယင်းဗျုပ္ပတ္တိ၏အကြောင်းဖြစ်သော ဘူဓာတ် တပစ္စည်းသည်လည်းကောင်း၊ ဖြစ်ခြင်း ကြိယာသည်လည်းကောင်း ဗျုပ္ပတ္တိနိမိတ်။

၃။ ဘူတာနိ-ဟူသော အပေါင်းပညတ္တိသဒ္ဒါသည် ပဝတ္တိ။

၄။ ယင်းပဝတ္တိ၏အကြောင်းဖြစ်သော ဘူတရုပ်တို့၏တစ်ခုသည်-ဓာတ်သည် ပဝတ္တိနိမိတ်။

မှတ်ချက်။ ဘေဒစိန္တာနည်းထုတ်ရာ၌ ဘူဓာတ် အပစ္စည်း၊ အန္တိဝိဘတ်နှင့် ဖြစ်ခြင်းကြိယာကို ဗျုပ္ပတ္တိနိမိတ်ထုတ်၊ ကြွင်း စိန္တာနည်း ထုံးစံအတိုင်း ထုတ်ပါ။

---

## (၆) အာဘောဂ သံဝဏ္ဏနာ

က-ဝါကျ။ အဇ္ဈတ္တာဝေ အဇ္ဈတ္တိကာ-ဖြင့် အဇ္ဈတ္တိကာ-၌ ဣကပစ္စည်း သောတ္တတဒ္ဓိတ်၌ သက်သည်ကိုလည်းကောင်း၊[၁] ဒေဝေါယေဝ ဒေဝတာကဲ့သို့ အဇ္ဈတ္တာဝေ အဇ္ဈတ္တိကာ -ဟု သောတ္တတဒ္ဓိတ်ဝစနတ္ထပြုရ မည်ကိုလည်းကောင်း၊[၂] သိစေသည်။

၁။ ပစ္စယတ္ထ။ ၂။ အဘိဓာနတ္ထ

က-ဝါကျ၌ အဇ္ဈတ္တဇ္ဈတ္တံ-လံ-ဝသေန-ဖြင့် အဇ္ဈတ္တိကာ-အရ အဇ္ဈတ္တတိက်၌ ဆိုအပ်ပြီး သည်၏အစွမ်းဖြင့် အဇ္ဈတ္တဇ္ဈတ္တကိုသာယူရမည်၊ နိယကဇ္ဈတ္တစသည် ၃-ပါးကို မယူရဟု သိစေသည်။ (အဘိမေယျတ္ထ)

မှတ်ချက်။ အဇ္ဈတ္တတိက် အဖြေ၌ကြည့်ပါ။

ခ-ဝါကျ၌ ဗဟိဘူတာ-ဖြင့် ဗာဟိရာ-၌ ဗဟိပုဒ်၏အဖြစ်ကိုလည်းကောင်း၊[၁] ဣရပစ္စည်း ၏ ဘူတ(ဇာတ)တဒ္ဓိတ်၌သက်သည်ကိုလည်းကောင်း၊[၂] ဗဟိ ဘူတာ ဗာဟိရာ-ဟု ဘူတ(ဇာတ) တဒ္ဓိတ်ဝစနတ္ထပြုရမည်ကိုလည်းကောင်း[၃] သိစေသည်။

၁။နာမလိင်္ဂပဒ။ ၂။ ပစ္စယတ္ထ၊ ၃။ အဘိဓာနတ္ထ။

✝ ဗဟိဓာတံ ဗာဟိရံ၊ ဣရော။ သူစိ။

ခ-ဝါကျ၌ တတော-ဖြင့် ဗဟိ=အပဟူသည် အဇ္ဈတ္တ၊ဝါ-အဇ္ဈတ္တိ ကာယတန ၆-ပါးမှ အပတည်းဟု အပါဒါန်ကို သိစေသည်။(ဘာဝတ္ထ)

http://www.dhammadownload.com



ဂ–ဝါကျ၌ ဥပါဒိယန္တိ–ဖြင့် ဥပါဒါပုဒ်၌ ဥပရှေး အာရှေးရှိသော ဒါဓာတ် အ–ပစ္စည်း၏ အဖြစ်ကိုလည်းကောင်း၊[၁] အပစ္စည်း၏ကတ္တုသာဓနေ၌သက်သည်ကိုလည်းကောင်း၊[၂] ဥပါဒိယန္တီတိ ဥပါဒါ–ဟု ကတ္တုသာဓနေဝစနတ္ထပြုရမည်ကိုလည်းကောင်း[၃] သိစေသည်။

၁။ ဒုတိယဓာတုပဒ။ ၂။ ဒုတိယပစ္စယတ္ထ။ ၃။ အဘိဓာနတ္ထ။

သတိပြု။ ဥပါဒါကား ဥပရှေး အာရှေးရှိသော ဒါဓာတ်၊ကတ္တိုယ မတိယဝေါဝါ–ဖြင့် အ–ပစ္စည်းသက်၊ ထီဇောတက အာပစ္စည်းသက်၊ ကညာဒိဂိုဏ်းတည်း၊ ၄င်းသုတ် ရှုအဖွင့်ရှု။

ဂ–ဝါကျ၌ ဘူတာနိ–ဖြင့် ဥပါဒိယန္တိ–စွဲလမ်းတတ်ကုန်၊ မှီတတ်ကုန်၏–ပဲ့သည် မဟာဘုတ်တို့ကို စွဲလမ်းတတ်၊ မှီတတ်သတည်းဟု သိစေသည်။ (ဘာဝတ္ထ)

အထူး။ ဤဥပါဒိယန္တိ–ကား ဥပရှေး၊ အာရှေးရှိသော ဒါဓာတ်၊ ဒိဝါဒိယပစ္စည်း၊ အန္တိဝိဘတ်တည်း။ ထို့ကြောင့် ဋီကာ၌ ဥပါဒိယန္တိကို ဂဏှန္တိ–ဟု ဖွင့်သည်။ မဓု–၌ ဂဏှန္တီတိ ဓာတေန ယပစ္စယ ကမ္မတ္တံ နိဝတ္တေတိ–ဟု ဖွင့်သည်။

ဂ–ဝါကျ၌ ဓေသဒ္ဒါဖြင့် ဥပါဒါရုပ် ၂၄–ပါးတို့သည် မဟာဘုတ်တို့ကို မှီရုံသာ မှီတတ်ကြသည်။ အမှီခံ (မှီအပ်)သော ရုပ်များမဟုတ်ဟု သိစေသည်။ (ဘာဝတ္ထ)

ဃ–ဝါကျဖြင့် ဥပါဒိယန္တေဝ–၌ သဗ္ဗဝါကျံ သာဝဓာရဏံ ပရိဘာသာ အရ ဧဝ–သဒ္ဒါ၏ ဧဝဖလ၊ ဝါ–နိဝတ္တဗ္ဗကို သိစေသည်။ (ဘာဝတ္ထ)

အထူး။ ဤဃ–ဝါကျ၌ ဥပါဒိယန္တိ–ကား ဥပရှေး၊ အာ ရှေးရှိသော ဒါဓာတ်၊ ဘာဝကမ္မေသု ယော–သုတ်ဖြင့် ယပစ္စည်းသက်၊ အန္တေ ဝိဘတ် အန္တိဝိဘတ်ပြန်။

င–ဝါကျ။ ဥပါဒိယန္တိ–ဖြင့် ဥပါဒါပုဒ်၌ ဥပရှေး၊ အာ ရှေးရှိသော ဒါဓာတ် အပစ္စည်း၏ အဖြစ်ကိုလည်းကောင်း၊[၁] အပစ္စည်း၏ကတ္တုသာဓနေ၌ သက်သည်ကိုလည်းကောင်း၊[၂] ဥပါဒိယန္တီတိ ဥပါဒါ–ဟု ကတ္တုသာဓနေ ဝစနတ္ထပြုရမည်ကိုလည်းကောင်း[၃] သိစေသည်။ (ဂ–ဝါကျပြန်ကြည့်)

၁။ ဒုတိယဓာတုပဒ။၂ ဒုတိယပစ္စယတ္ထ။ ၃။ အဘိဓာနတ္ထ။

မှတ်ချက်။ ဃ–ဝါကျ၌ ဧဝ အာဘော် ဂ–ဝါကျ ဧဝနှင့် တူပြီ။

င–ဝါကျ နု–သဒ္ဒါဖြင့် နော ဥပါဒါ–၌ နော သဒ္ဒါကား အမှု၏ကာရိယနော မဟုတ်၊ ပဋိသေဓ နောတည်းဟု သိစေသည်။

(နိပါတလိင်္ဂပဒ။ နိပါတလိင်္ဂတ္ထ။ ဝါ–နိပါတလိင်္ဂပဒတ္ထ)

---

## (၇) ဥပသဂ္ဂနိပါတတ္ထ

### အဓိဓမ္မတ္ထာ၁၀–၌ ဓေသဒ္ဒါ

၁။ အဓိဓမ္မဓမ္မတ္တကား ဂဟေတဗ္ဗ။

၂။ ဂေါစရဓမ္မတ္ထ၊ နိယကဓမ္မတ္ထ၊ ဝိသယဓမ္မတ္ထ–နိဝတ္တေတဗ္ဗ။

http://www.dhammadownload.com



၃။ အဇ္ဈတ္တိကတရားတို့၏ သတ္တိဂုဏ်သည် အနုညာတတ္တ။

ဥပါဒိယန္တေ၀–၌ ၈၀

၁။ မှီခြင်းကြိယာသည် ဂဟေတဗ္ဗ။

၂။ မမှီခြင်းကြိယာသည် နိ၀တ္တေတဗ္ဗ။

၃။ ဥပါဒါရုပ်ဒြဗ်သည် အနုညာတ။

နဥပါဒိယန္တေ၀–၌ ၈၀

၁။ မမှီခြင်းကြိယာသည် ဂဟေတဗ္ဗ။

၂။ မှီခြင်းကြိယာသည် နိ၀တ္တေတဗ္ဗ။

၃။ နောဥပါဒါတရားဒြဗ်သည် အနုညာတတ္တ။

---

(၁၀) ပစ္စည်းပြိုင်

မေး။ ဂ–ဝါကျ၌ ဘူတာနိ–အရ ပစ္စည်းတရားက ဥပါဒိယန္တိ–အရ ပစ္စယုပ္ပန်တရားအား အဘယ်မျိုး၊ အဘယ်ပစ္စယသတ္တိတို့ဖြင့် ကျေးဇူး ပြုပါသနည်း။

ဖြေ။ ဘူတာနိ–အရ မဟာဘုတ် ၄–ပါး ပစ္စည်းတရားတို့က ဥပါဒိယန္တိ–အရ ဥပါဒါရုပ် ၂၄–ပါး ပစ္စယုပ္ပန်တရားတို့အား သဟဇာတမျိုးဖြင့် ကျေးဇူးပြုသည်။

သဟဇာတ၊ နိဿယ၊ အတ္ထိ၊အဝိဂတ (သဟကြီး ၄)ပစ္စည်းပြိုင်။

---

(က) ဘုသံ အာဒိယန္တီတိ ဥပါဒိနာ။- (ခ) ဒဠှဂ္ဂါဟံ ဂဏှန္တီတိ အတ္ထော။

(ဂ) တတော အညေ နော ဥပါဒိနာ။

(ဃ) ကိလေသဂေါစ္ဆကေ သံကိလိဋ္ဌတ္တိကေ ဝုတ္တနယေနေ၀ အတ္ထော ဝေဒိတဗ္ဗော။ ဋ္ဌ၊၉၂။

(၁) အနက်ယောဇနာ

က။ ဘုသံ၊ ပြင်းစွာ။ (အာရမ္မဏ၊ အာရုံကို–ကံထည့်) အာဒိယန္တိ၊ ယူတတ်ကုန် (သဒ္ဒတ္ထ) စွဲလမ်းတတ်ကုန်(အဓိပ္ပါယတ္ထ)၏။

ခ။ ဒဠှဂ္ဂါဟံ၊ မြဲမြံစွာယူခြင်း စွဲလမ်းခြင်းကို။ ဂဏှန္တိ၊ ယူတတ် စွဲလမ်းတတ်ကုန်၏။ တစ်နည်း။ ဒဠှဂ္ဂါဟံ၊ ကို။ ကတွာ၊ ပြု၍။ ဂဏှန္တိ၊ ကုန်၏။ ဣတိ အယံ၊ ကား။ ဘုသန္တိပဒဿ၊ ဘုသံပုဒ်၏။ အတ္ထော၊ အဓိပ္ပါယတ္ထတည်း။

မှတ်ချက်။ ဒဠှဂ္ဂါဟံ ကံပုဒ်လွန်၍ ကတွာ ထည့်စပ်။ စာရိက် စရန္တိ။ ဓနပဒစာရိက် ပက္ကမိံသုတို့ကဲ့သို့ ကံပုဒ်လွန်။ အဘေဒဘေဒူပစာပုဒ်မျိုးတည်း။ အချို့ ကား " ဒဠှဂ္ဂါဟံ – မြဲမြံစွာယူအပ်သည် မည်လောက်အောင် "–ဟု ကြိယာဝိသေသန ကြံသည်။

http://www.dhammadownload.com



## (၂) (ဒုံ) ဝါကျခွဲစသည်

ခ-ဝါကျကား ဝိတ္ထာရ၊ ဝါ- ဝါကျာရမ္ဘ။ ထို-၍ က-ဝါကျကား သခေ်ပ။ ဝါ- အာရဒ္ဓဝါကျ။

### ခ-ဝါကျ ပါပနာဒိကျမ်းဖွင့်

ဆရာ၊ ဆရာသည် က-ဝါကျဖြင့် ဥပါဒါနာ-၌ ဥပသဒ္ဒါဘုသတ္ထ, ဥပါဒါနာပုဒ်ကို ဘုသံ အာဒိယန္တီတိ ဥပါဒါနာ-ဟု ကတ္တုသာဓနေဝစနတ္ထပြုရသောဟု အကျဉ်းကိုဆိုတော်မူ၏။ (အာဘော်နှင့် ဝါကျနက်ကို ထပနာ ထားသည်) ထိုသို့သာဆိုချေသော် (လက္ခဏာအရုစိ) ယင်းက- ဝါကျ၏ အဓိပ္ပါယတ္ထ၊ သဒ္ဒတ္ထ အကျယ်မရှိဟူသောအနက် ရောက်ရာ၏။ (အနု+ပါ)စင်စစ်တမူကား ယင်း က-ဝါကျ၏အဓိပ္ပါယတ္ထ၊ သဒ္ဒတ္ထအကျယ် မရှိသည် မဟုတ်၊ ရှိသည်သာဖြစ်၏။ (ပဋိ+ပါ) ထိုသို့ရှိသည်သာဖြစ်သောကြောင့် (ဟိတ်) ယင်း က-ဝါကျ၏ အဓိပ္ပါယတ္ထ၊ သဒ္ဒတ္ထအကျယ်ကို ဆိုသင့်ဆိုတန်၏။ (အနု+ရော) ယင်းက-ဝါကျ၏ အဓိပ္ပါယတ္ထ၊သဒ္ဒတ္ထအကျယ်ကို မဆိုဘဲမနေသင့် မနေတန်။ (ပဋိ+ရော) ယင်း က-ဝါကျ၏ အဓိပ္ပါယတ္ထ၊ သဒ္ဒတ္ထအကျယ်ကား အဘယ်နည်း- ကြောင့် ခ-ဝါကျမိန့်။

မှတ်ချက်။ ဒဠှဂ္ဂါဟံ-ဖြင့် ဘုသံ၏ အဓိပ္ပါယတ္ထ၊ ဂဏှန္တိ-ဖြင့် အာဒိယန္တိ-၏ သဒ္ဒတ္ထ ပြသည်။ အာဘော်ရှု။

ဒေါသပယ်။ အတိဗျာပိတဒေါသပယ်။

ဃ-ဝါကျမရေးလျှင် ဥပါဒါနာ-၌ ဥပသဒ္ဒါ သမီပစသည်အနက်၊ ဒါတတ်-ဒါနအနက် ဟောလေသလော-ဟု အလွန်ပျံ့နှံ့လျက်ရှိသည်။ အတိဗျာပိဒေါသ သင့်ဘွယ်ရှိသည်။ ခ-ဝါကျ ရေးလိုက်သဖြင့် ယင်းဒေါသ ကွယ်ပျောက်သွားတော့သည်။ သို့ဖြစ်၍ ယင်း ခ-ဝါကျဖြင့် အတိဗျာပိတ ဒေါသပယ်လိုက်သည်။

ဂ-ဝါကျ- ပက္ခန္တရဝါကျတည်း။

ဃ-ဝါကျ အတိဒေသသံဝဏ္ဏနဝါကျ။ ဝါ-ဝါကျာရမ္ဘဝါကျ။

---

## (၄) ဝိဂ္ဂဟ ဉာဉ်ကောက် ဗျုပ္ပတျာဒိ

ကိလေသ။ ကိလိသတီတိ ကိလေသော။

### ခန်ဋီနည်း

၁။ ကိ-ဟူသော လေ-ဟူသော သော-ဟူသော အစိတ်ပရမတ္ထသဒ္ဒါသည် ဗျုပ္ပတ္တိ။

၂။ ယင်း ဗျုပ္ပတ္တိ၏အကြောင်းဖြစ်သော ကိလိသဓာတ် ဏပစ္စည်းသည်လည်းကောင်း၊ ပူပန်စေခြင်း၊ နှိပ်စက်ခြင်းကြိယာသည်လည်းကောင်း ဗျုပ္ပတ္တိနိမိတ်။

၃။ ကိလေသော-ဟူသော အပေါင်းပည့်တ္တိသဒ္ဒါသည် ပဝတ္တိ။

http://www.dhammadownload.com



၄။ ယင်း ပဝတ္တိ၏အကြောင်းဖြစ်သော ကိလေသာတို့၏ တစ်ခုသည်–ဓာတ်သည် ပဝတ္တိနိမိတ်။

မှတ်ချက်။ စိန္တာနည်းထုတ်ရာ၌ ဗျုပ္ပတ္တိနိမိတ်ကို ၂။ ကိလိသဓာတ်၊ အန္တိဝိဘတ်သည် လည်းကောင်း၊ ပူပန်စေခြင်း၊ နှိပ်စက်ခြင်းကြိယာသည်လည်းကောင်း–ဟုထုတ်၊ ကြွင်း သိသာပြီ။

## (၅) ဓာတုပစ္စယာဒိ

ဘုသံ။ ကိတ်ပုဒ်၊ အကာရန္တ၊ နပုံလိင်၊ စိတ္တာဒိဂိုဏ်း။

၁။ ဘာသတိ သဗ္ဗေသန္တိတိ ဘုသံ။ အာသယ။ (သူစိ–၌ အသယ–ဟု ပါ၍ပျက်လျက်ရှိ၏) ဘာသဓာတ်+အပစ္စည်း၊ ဘာ–၌ အာ–ကို ဥ ပြု။

၂။ ဘာသတိ အဓော ပတတီတိ ဝါ ဘုသံ။ ဘသ အဓော ပတနေ။ အသယ၊ ဘသဓာတ်+ အပစ္စည်း၊ ဘ–၌ အ ကို ဥပြု။ သူစိ။

✝ ဘုသ မတိသယောစ ဒဠှ။ ဓာန်။ ၄၁။

✝ ပလာသေ တိ သယေ ဘုသံ။ ဓာန်၊ ၁၀၉၇။

ဒဠှ။ ကိတ်နာမ်ပုဒ်၊ အကာရန္တ၊ နပုံလိင်၊ စိတ္တာဒိ။

၁။ ဒဟတိ သဗ္ဗန္တိ ဒဠှ။ ဟတော ပုဗ္ဗေ ဠော။ ဒဟဓာတ်၊ အ –ပစ္စည်း။ ဟ–ရှေ့၌ ဠ– လာ။ ဟ ကပ်။ ဒဠှပြီး။

၂။ ဒဠှတိ ဝိဒါရယတီတိ ဝါ ဒဠှ။ ဒဠှဓာတ်+ဟပစ္စည်း။

၃။ ဒဟန္တော လာတီတိ ဝါ ဒဠှ။ ဝဏ္ဏဝိပရိယာယော– ဒဟဓာတ် +လဓာတ်+အပစ္စည်း၊ ဟနှင့် လ(ဠ) ဝဏ္ဏဝိပရိယာယ–ပြု၊ ဒဠှပြီး။ သူစိ။

မှတ်ချက်။ ၃–နံပါတ် ရုပ်ပြီး–၌ ဒဟဓာတ်+လာဓာတ် ဓာတ် ၂–ခု ပါသည်။ ဤသို့ဓာတ် ၂–ခုပါသောဓာတ်မျိုးကို မစ္ဆယုဂဠဓာတ်ဟုခေါ်သည်။ ဠပုဒ်ကို ဓာတ် ၂–မျိုး (မစ္ဆယုဂဠဓာတ်) ကြံ၍ ရှေ့ဓာတ်ယူပြီးလျှင် အာချာတပဒမာလာ စီပါ –စသည်မေးနိုင်သည်။ မတွေ့ဘူးလျှင် မကြံတတ် ဖြစ်နိုင်သည်ကို သတိပြု။

## (၆) အာဘောဂ သံဝဏ္ဏနာ

က–ဝါကျ၌ ဘုသံ အာဒိယန္တိ–ဖြင့် ဥပါဒနာ–၌ ဥပသဒ္ဒါသည် သမီပ၊ ပူဇာစသော အနက်ကို မဟော၊ ဘုသ(ဒဠှ) အနက်ကိုဟောသည်ကိုလည်းကောင်း၊[၁] ဥပါဒါနာ–သဒ္ဒါ၏ ဥပပုဗ္ဗ အာပုဗ္ဗ ဒါဓာတ်၏အဖြစ်ကိုလည်းကောင်း၊[၂] ဥပါဒါနာပုဒ်ကို ဘုသံ အာဒိယန္တိတိ ဥပါဒါနာဟု ကတ္တုသာဓနေ ဝစနတ္ထပြုရမည်ကိုလည်းကောင်း၊[၃] ယုပစ္စည်း၏ ကတ္တုသာဓနေ၌ သက်သည်ကို လည်းကောင်း[၄] သိစေသည်။

၁။ ဥပသဂ္ဂလိင်္ဂတ္ထ။ ၂။ ဒုတိယဓာတုပဒ။ ၃။ အဘိဓာနတ္ထ။ ၄။ ဒုတိယပစ္စယတ္ထ။

http://www.dhammadownload.com



ခ-ဝါကျ ဒုဋ္ဌဂါဟံ ဂဏှန္တိ-ဖြင့် ဘုသသဒ္ဒါ ဒဠှအနက်ဟော သည်ကိုလည်းကောင်း၊[၁] ပြင်းစွာယူ-ဟူသည် မြဲမြံစွာ(လွတ်မသွားအောင်) ယူခြင်းပင်တည်းဟူသော အဓိပ္ပါယ်ကို လည်းကောင်း၊[၂] အာဒိယန္တိ-၌ အာဥပသာရ၏ ဓာတွတ္ထဗာဓက၏အဖြစ်ကိုလည်းကောင်း၊[၃] (ဓာတွတ္ထဗာဓက အာသဒ္ဒါရှေ့ရှိသဖြင့်) ဒါဓာတ် အာဒါန= ယူခြင်းအနက်ကိုဟော (ပေးခြင်း အနက်မဟော) သည်ကိုလည်းကောင်း[၄] သိစေသည်။

၁။ နာမလိင်္ဂတ္ထ။ ၂။ ဘာဝတ္ထ။ ၃။ ဥပသဂ္ဂလိင်္ဂတ္ထ။ ၄။ ဓာတွတ္ထ။

ဃ-ဝါကျ။ သံကိလိဋ္ဌတ္တိကေ,ဝုတ္တနယေနေဝ အတ္ထော ဝေဒိတဗ္ဗော-ဖြင့် သံကိလိဋ္ဌတိက်၌ ဆိုအပ်ပြီးသော သံကိလေသေတီတိ သံကိလေ-သောဟူသော နည်းကိုယူ၍ ဤ၌ သံ-သဒ္ဒါကိုပယ်ကာ ကိလိသန္တီတိ ကိလေသာ-ဝစနတ္ထကို သိလေဟု ညွှန်းပြသိစေပါသည်။ (ဘာဝတ္ထ)

✝ သံ သဒ္ဒံ အပနေတွာ ကိလိသန္တီတိ ကိလေသာတိအာဒိနာ နယေန။ မူလဋီ၊၁၊၅၄။

---

## (၇) ဥပသဂ္ဂနိပါတတ္ထ

### ဝုတ္တနယေနေဝ-ဧဝ

၁။ သံကိလိဋ္ဌတိက်၌ ဆိုအပ်ပြီးသော သံကိလေသေတီတိ သံကိလေသော-စသော နည်းသည် ဂဟေတဗ္ဗ။

၂။ သံကိလိဋ္ဌတိက်၌ မဆိုအပ်သောနည်း၊ တစ်ပါးသောအရာတို့၌ဆိုအပ်သော နည်းသည် နိဝတ္တေတဗ္ဗ။

၃။ သံကိလိဋ္ဌတိက်၌ ဆိုအပ်သောနည်း၏ ကိလေသဂေါစ္ဆက- ကိလေသာပုဒ်နှင့် တူခြင်းဂုဏ်သည် အနုညာတတ္ထ။

---

(က) တေဘူမကဝဋ္ဋေ ပရိယာပန္နာ အန္တောဂဓာတိ ပရိယာပန္နာ။
( ခ) ဝဋ္ဋမူလံ ဆိန္ဒန္တာ နိဗ္ဗာနံ အာရမ္မဏံ ကတွာ ဝဋ္ဋတော နိယျန္တီတိ နိယျာနိကာ။
( ဂ) အညေ ဓမ္မေ ဥတ္တရန္တိ ပဇဟန္တီတိ ဥတ္တရာ။

## (၆) အာဘောဂ သံဝဏ္ဏနာ

က-ဝါကျ၌ တေဘူမကဝဋ္ဋေ-ဖြင့် ပရိယာပန္န အကျုံးဝင်ကုန်၏ဟူသည် တေဘူမကဝဋ္ဋ (ဘုံသုံးပါး၌ဖြစ်သော ဝဋ္ဋဆင်းရဲ) ၌ အကျုံးဝင်သတည်း၊ လောကုတ္တရာ၌ အကျုံးဝင်သည် မဟုတ်ဟု သိစေသည်။ (ဘာဝတ္ထ)

က-ဝါကျ၌ အန္တောဂဓာ-ဖြင့် ပရိယာပန္နသဒ္ဒါ အန္တောဂဓအနက်ကိုဟော သတည်းဟု သိစေသည်။ (နာမလိင်္ဂတ္ထ)

✝ အန္တဂ္ဂတန္တုပရိယာပန္န မန္တောဂဓော ဂဓာ။ ဓာန်။ ၇၄၂။

မှတ်ချက်။ မူလဋီ၊ ၁၊ ၅၅-၌ ပရိစ္ဆေဒကာရိကာယ တဏှာယ ပရိစ္ဆိန္နိတွာ အာပန္နာ

http://www.dhammadownload.com



ပဋိပန္နာ ဂတိတာတိ ပရိယာပန္နာ-ဟု သုဝဏ္ဏဒါဒ္ဒကိုဖွင့်သည်။ ဤအလို "ပရိယာပန္နာ၊ ပိုင်းခြားခြင်းကို ပြုတတ်သော တဏှာသည် ပိုင်းခြား၍ ယူအပ်ကုန်၏" ဟု အနက်ပေး။

✝ အန္တောဂဓ။ အန္တော သဒ္ဒူပပဒ+အဝပုဗ္ဗ+ဂါဓာတ်+အပစ္စည်း၊ ကိတ်နာမ်ပုဒ်၊ အကာရန္တ၊ ဤ၌ ပုံလိင်၊ ပုရိသာဒိဂိုဏ်း။

အန္တော ဩဂါဓတီတိ အန္တောဂဓံ၊ ဂါဓ ပတိဋ္ဌာယံ၊ အ။ သုတ္တ။

ခ-ဝါကျ၌ နိယျန္တိ-ဖြင့် နိယျာနိကာ-ပုဒ် နိပုဗ္ဗ+ယာဓာတ်၏ အဖြစ်ကို လည်းကောင်း၊[၁] အနီယပစ္စည်း ဤ၌ ဘော ကံ၌ မသက်၊ ကတ္တုသာဓန၌ သက်သည်ကို လည်းကောင်း၊[၂] နိယျန္တိတိ နိယျာနိကာ-ဟု ကတ္တုသာဓနဝစနတ္ထပြုရမည်ကိုလည်းကောင်း၊[၃] သိစေသည်။

၁။ ဒုတိယဓာတုပဒ။ ၂။ ဒုတိယပစ္စယတ္ထ။ ၃။ အဘိဓာနတ္ထ။

နိယျာနိက။ နိပုဗ္ဗ+ယာဓာတ်+အနီယပစ္စည်း၊ ယဒွေဘော်လာ၊ (ယျာ-ဟုဖြစ်) ယ-ကို က-ပြု၍ နိယျာနိကပြီး၏။ ဤအလို နိယျာနိက- ကိတ်ပုဒ် အကာရန္တ၊ ပုံလိင်၊ ပုရိသာဒိ။

တစ်နည်း။ နိယျာနကရဏပုဒ်၊ တဒ္ဓိတ်တဿီလအနက်၌ ဏိက ပစ္စည်း၊ နိယျာနပုဒ် နောက်၌ ကရဏကျေ။

နိယျာနကရဏသီလာ နိယျာနိကာ။ (ဝဋ်ဟူသော နှောင်အိမ်မှ ထွက်မြောက် ခြင်းကို ပြုလေ့ရှိကုန်သည်)

✝ နိယျာနကရဏသီလာ ဝါ နိယျာနိကာ။ မူလဋီ၊ ၁၊ ၅၅။

တစ်နည်း။ နိယျာနပုဒ် တဒ္ဓိတ်တဿီလအနက်၌ ဏိကပစ္စည်း။

နိယျာသီလာဝေ နိယျာနိကာ။ (ဝဋ်ဟူသောနှောင်အိမ်မှ ထွက်မြောက်ခြင်း အလေ့ရှိကုန်သည်သာတည်း)

✝ နိယျာနသီလာဝေ ဝါ။ မူလဋီ၊ ၁၊ ၆၂။

ခ-ဝါကျ၌ ဝဋ္ဋမူလံ-လ-ဝဋ္ဋတော-ဖြင့် ဘာဝတ္ထ။ ဘာသာပြန်၍ အာဘော် ဖော်လေ။

ဂ-ဝါကျ။ ဥတ္တရန္တိ-ဖြင့် ဥတ္တရာပုဒ်၏ ဥပုဗ္ဗ+တရဓာတ်၏အဖြစ်ကိုလည်းကောင်း၊[၁] ဥတ္တရာပုဒ်ကို ဥတ္တရန္တီတိ ဥတ္တရာ-ဟု ကတ္တုသာဓန ဝစနတ္ထပြုရမည်ကိုလည်းကောင်း၊[၂] အပစ္စည်း၏ကတ္တုသာဓန၌သက်သည် ကိုလည်းကောင်း၊[၃] သိစေသည်။

၁။ ဒုတိယဓာတုပဒ။ ၂။ အဘိဓာနတ္ထ။ ၃။ ဒုတိယပစ္စယတ္ထ။

ဂ-ဝါကျ၌ အညေဓမ္မေ-ဖြင့် ဥတ္တရန္တိ=လွန်မြောက်နိုင်ကုန်၏ဟူသည် မိမိတို့မှ တစ်ပါးကုန်သော လောကီတရားတို့ကို လွန်မြောက် နိုင်ကုန်သတည်း-ဟု သိစေသည်။ (ဘာဝတ္ထ)

ဂ-ဝါကျ၌ ပဇဟန္တိ-ဖြင့် လွန်မြောက်နိုင်ကုန်၏ဟူသည် လောကီတရားတို့ကို ပယ်စွန့်သောအားဖြင့် လွန်မြောက်နိုင်ကုန်သတည်းဟု သိစေသည်။ (ဘာဝတ္ထ)

http://www.dhammadownload.com



(က) ရဏန္တိ ဧတေဟီတိ ရဏာ။ (ခ) ယေဟိ အဘိဘူတာ သတ္တာ နာနပ္ပကာ-ရေန ကန္ဒန္တိ ပရိဒေဝန္တိ။ (ဂ) တေသံ ရာဂါဒီနံ ဧတံ အဓိဝစနံ။ (ဃ) သမ္ပယောဂဝသေန ပဟာနေကဋ္ဌတာဝသေန စ သဟ ရဏေဟီတိ သရဏာ။ (င) တေနာကာရေန နတ္ထိ ဧတေသံ ရဏာတိ အရဏာ။ ဋ္ဌ၊၉၃။

## (၂-၃) ဝါကျခွဲ စသည်

ခ-ဝါကျ၊ဂ-ဝါကျကား ဝိတ္ထာရဝါကျ။ထို-၍ က-ဝါကျ သင်္ခေပ။

မှတ်ချက်။ ခ-ဝါကျဖြင့် ရဏန္တိ ဧတေဟိ-ကို ချဲ့၍ ဂ-ဝါကျဖြင့် ရဏာ-အရ အဘိဓေယျတ္ထကိုပြသည်။ က-ဝါကျကို ခ-အနိယတ်၊ ဂ-နိယတ် ၂-ဝါကျဖြင့် ချဲ့ပြသည်။ သို့ဖြစ်၍ က-ဝါကျမှ ကျမ်းတက်လိုလျှင် ခ-ဂ-၂-ဝါကျ ပိဏ္ဍတ္ထကိုရှု၍ တက်ရမည်။ကန္ဒန္တိ-ဖြင့် ရဏ-ဓာတ် သဒ္ဒ (အသံပြု) ဂတိ(သွားခြင်း) ၂-နက်ဟောသည်။ ဤ၌ သဒ္ဒအနက်ဟောသည်။ ဂတိအနက်လျှဉ်းပါး။ ရဏာ-အရ ငိုကြွေးကြောင်း အကုသိုလ်အားလုံးရသော်လည်း အထင် ရှဋ္ဌိကေဒေသျှပစာအားဖြင့် ရာဂစသည်၊ ဝါ-လောဘ,ဒေါသ,မောဟရသည်။ ဤသည်တို့ကိုရှု၍ အောက်ပါအတိုင်း ကျမ်းတက်ရမည်။

### ခ-ဂ-ဝါကျ ပါပနာဒိကျမ်းတက်

ဆရာ၊ ဆရာသည် က-ဝါကျဖြင့် ရဏာသဒ္ဒါကို ရဏန္တိ ဧတေဟိ တိ ရဏာ-ဟု ကရဏသာဓနဝစနတ္ထပြုရသောဟု ဆိုတော်မူ၏။ (ဘာသာ ပြန်၍ ထပနာမထားရ) ထိုသို့ သာဓိုချေသော် (လက္ခဏာအရစိ) ရဏန္တိ-၌ ရဏသဒ္ဒါ ဂတိအနက်ဟော၊ ရဏာအရ အကုသိုလ်အားလုံးကို ယူရမည်ဟူသောအနက်သည်လည်းရောက်ရာ၏။ (အနု+ပါ) စင်စစ်တမူကား ရဏသဒ္ဒါ ဂတိအနက်ဟောမဟုတ်၊ ရဏာအရ အကုသိုလ်အားလုံးကို မယူသင့်၊ (ပဋိ+ပါ) ယင်းသို့ မဟုတ်သောကြောင့် (ဟိတ်)ရဏသဒ္ဒါ၏ ဖြစ်သင့်သော အနက်နှင့် ရဏာအရ ဖြစ်သင့်သော အဘိဓေယျတ္ထကို ဆိုသင့် ဆိုတန်၏။(အနု+ရော) ရဏသဒ္ဒါ၏ ဖြစ်သင့်သော အနက်နှင့် ဖြစ်သင့်သော အဘိဓေယျတ္ထကို မဆိုဘဲ မနေသင့် မနေတန်။ (ပဋိ+ရော) ရဏသဒ္ဒါ၏ ဖြစ်သင့်သောအနက်နှင့် ဖြစ်သင့်သော အဘိဓေယျတ္ထ ကား အဘယ်နည်း -ကြောင့် ခ-ဂ-၂-ဝါကျကိုမိန့်။ (အာဘော်နှင့် ယှဉ်ကြည့်ပါ)

ဒေါသပယ်။ အတိဗျာပိတဒေါသပယ်။

ခ-ဂ- ၂-ဝါကျ မရေးလျှင် ရဏဓာတ်နှင့် ရဏာအရကောက် အလွန်ပျံ့နှံ့ ကျယ်ပြန့်နေမည်။ ခ-ဂ ၂-ဝါကျ ရေးလိုက်သဖြင့် ၄င်းအတိဗျာပိတဒေါသ ကင်းပျောက် သွားတော့သည်။

ခ-ဝါကျကား အနိယတ်ဝါကျ။ ဂ-ဝါကျကား နိယတ်ဝါကျ။ အနိယတ် နိယတ် ၂-ပါးစုံသောကြောင့် ဥတ္တမဝါကျ။

ဃ-ဝါကျ ပက္ခ။ င-ဝါကျ ပက္ခန္တရခွဲလေ။

http://www.dhammadownload.com



## (၄) ဝိဂ္ဂဟာဒိ

**ပဟာန**။ ပဟီယတေ ပဟာနံ။ ဘာဝသာဓနေ၊ ပယ်ခြင်းကြိယာရ။ ပပုဗ္ဗ+ ဟာဓာတ်+ ယုပစ္စည်း။ (ရူ-နာ၊ ၃၀၄-ကြည့်)

**မှတ်ချက်**။ နိသျတို့၌ ဤပဟာနပုဒ်ကို ပယ်အပ်-ပယ်ထိုက်-သည်၏အဖြစ် ဟု အနက်ပေးသည်။ ဤအလို-ပဟာတဗ္ဗန္တိ ပဟာနံ-ဟုကမ္မသာဓ်ပြု၍ ဘာဝပစ္စခန်၊ ဘာဝလောပကြံရာဘွယ်ရှိသည်။ ပဟာတဗ္ဗံ-ဟု ဓောဝုစ်ဖြစ်သင့်၊ မဖြစ်သင့် စဉ်းစားစရာပင်။

**ကေဋ္ဌ**။ ကေသိဉ္စိ တိဋ္ဌန္တီတိ ကေဋ္ဌာ။ (လဟုကနည်း)

တိဋ္ဌန္တီတိ တိဋ္ဌာ။ ကေသိဉ္စိ ဋ္ဌာ ကေဋ္ဌာ။ (ဂရုကနည်း)

ကေသိဉ္စိ၊ တစ်ယောက်သောပုဂ္ဂိုလ်၌။ (ယောဇနာ) ဝါ-တစ်ခုသော စိတ္တုပ္ပါဒ်၌။(မစုနှင့် မင်းခင်း)တိဋ္ဌန္တိ၊တည်တတ်ကုန်၏။(ဋ္ဌာ၊တည်ကုန်၏)

**ပဟာနေကဋ္ဌာ**။ ပဟာနေန ကေဋ္ဌာ ပဟာနေကဋ္ဌာ။

**ပဟာနေကဋ္ဌတာ**။ ပဟာနေကဋ္ဌာနံ ဘာဝေါ ပဟာနေကဋ္ဌတာ။

ပဟာနေကဋ္ဌာနံ၊ ပယ်အပ် ပယ်ထိုက်သည်၏အဖြစ်ဖြင့်၊ ဝါ-ပယ်ခြင်းဖြင့်) တစ်ယောက်သောပုဂ္ဂိုလ်၌၊ ဝါ-တစ်ခုသောစိတ္တုပ္ပါဒ်၌တည် ကုန်သောတရားတို့၏။ ဘာဝေါ၊ ဖြစ်ကြောင်းတည်း။ ပဟာနေကဋ္ဌတာ၊ -လ- ဖြစ်ကြောင်း။ ပဟာနေကဋ္ဌပုဒ်+ တာပစ္စည်း။ ဘာဝတဒ္ဓိတ်။

၁။ ပဟာနေကဋ္ဌ-ဟူသောတဒ္ဓိတ်ပုဒ်အရကား ပယ်အပ်ပယ်ထိုက်သည်၏ အဖြစ်ဖြင့်။ (ဝါ-ပယ်ခြင်းဖြင့်) တစ်ယောက်သောပုဂ္ဂိုလ်၌၊ ဝါ-တစ်ခုသောစိတ္တုပ္ပါဒ်၌ တည်သောတရားတို့ ဒြဗ်သည် မုချ။

၂။ ယင်း၏ (ယင်း ပယ်အပ်-ပယ်ထိုက်-သည်၏ အဖြစ်ဖြင့်၊ ဝါ-ပယ်ခြင်းဖြင့် တစ်ယောက်သောပုဂ္ဂိုလ်၌၊ ဝါ-တစ်ခုသောစိတ္တုပ္ပါဒ်၌ တည်သောတရားတို့၏) တည်ခြင်း ကြိယာနှင့် (ပယ်အပ်-ပယ်ထိုက်သည် ၏ အဖြစ်ဖြင့် (ဝါ-ပယ်ခြင်းဖြင့်) တစ်ယောက်သောပုဂ္ဂိုလ်၊ ဝါ-တစ်ခုသော စိတ္တုပ္ပါဒ်၌ တည်ခြင်းကြိယာနှင့်) ဌာန+ဋ္ဌာနီ၊ နိဿယ+နိဿိတ အဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်သည် ဌာနူပစာအားဖြင့် ရ၏။

၃။ တာ-ပစ္စည်းအရကား ထိုမုချ ဌာနူပစာတို့ဖြင့် မှတ်အပ်သော တည်ခြင်းကြိယာ (ပယ်အပ်-ပယ်ထိုက် -လ-တည်ခြင်း ကြိယာရ၏)။

**မှတ်ချက်**။ ဗျူပ္ပတျာဒိထုတ်ရာ၌ သမ္ဗန်( ၂-အရကောက်) ကို ဗျူပ္ပတ္တိ နိမိတ်ထုတ်။

**ပဟာနေကဋ္ဌတာဝသော**။ ပဟာနေကဋ္ဌတာ ဝသော အာယတ္တော ပဟာနေကဋ္ဌတာဝသော။ (ဝသော အာယတ္တော စပ်သည်တည်း)

✝ ပဟာနေကဋ္ဌတာဝသေနာတိ ပဟာနေန ဧတောသန္တိ ပုဂ္ဂလေ တိဋ္ဌန္တီတိ ပဟာနေကဋ္ဌာ။

http://www.dhammadownload.com



ပဟာနေကဋ္ဌာနံ ဘာဝေါ ပဟာနေကဋ္ဌတာ။ ပဟာနေကဋ္ဌတာယ ဝုသော အာယတ္တော ပဟာနေကဋ္ဌတာဝသော။ ယောဇနာ၊ ၆၇။

✝ ပဟာနဝသေန ကေသဉ္စိ စိတ္တုပ္ပါဒေ ဋ္ဌိတာ တထာ။ မဇ္ဈ၊၁၊၁၂၁။

အဘိဘူတာ။ အဘိဘူယန္တေ (အသပဒ) အဘိဘဝိတဗ္ဗာ (သုပဒ) တိ အဘိဘူတာ။

ယေသတ္တာ၊ တို့ကို။ ရဏေဟိ၊ တို့သည်။ အဘိဘူယန္တေ၊ (အဘိ ဘဝိတဗ္ဗာ) နှိပ်စက်အပ်ကုန်၏။ ဣတိ တေ သတ္တာ အဘိဘူတာ။
ကမ္မ သာဓနေ၊ အဘိပုဗ္ဗ+ဘူဓာတ်+တပစ္စည်း။

၁။ ကတ္တုဋ္ဌ–ကား လောဘ၊ ဒေါသ၊မောဟဟူသော ရဏာတရားတို့သည် မှချ။

၂။ ကမ္မဋ္ဌ––သတ္တဝါတို့၏ သဟဇာတာဒိ ပစ္စယုပ္ပန္နဘောရ၏။

၃။ တ–ပစ္စည်း– သတ္တဝါတို့ဒြဗ်ရ၏။(ဝိသေသန ဆက်ကောက်)

ကတ္တုဋ္ဌ၊ အန္တတ္ထ၊ ဓာတွတ္ထ–အရ လောဘ၊ ဒေါသ၊ မောဟ။

ကမ္မဋ္ဌ၊ ပစ္စယတ္ထ။ သတ္တဝါ ဒြဗ်။

---

### ပစ္စည်းပြိုင်

ကတ္တုဋ္ဌ–အရ လောဘ၊ဒေါသ၊ မောဟ ပစ္စည်းတရားက ပစ္စယတ္ထ –အရ သတ္တဝါတို့ ရုပ်နာမ်ခန္ဓာအား သဟဇာတမျိုးဖြင့် ကျေးဇူးပြု။

ပြိုင်။ သဟကြီး ၄၊ အညမည၊သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ–သဟလတ်–၃၊ ဟေတု–သဟငယ်–၁၊ ယထာရဟ ကျေးဇူးပြု (၈) ပစ္စည်း။

---

### (၆) အာဘောဂ သံဝဏ္ဏနာ

က–ဝါကျဖြင့် ရဏာ–၌ ရဏဓာတ်၏အဖြစ်ကိုလည်းကောင်း၊[၁] အပစ္စည်း ကရဏာ သာဓန၌ သက်သည်ကိုလည်းကောင်း၊[၂] ရဏန္တိ တေဟီတိ ရဏာ–ဟုကရဏာ သာဓနဝိဂ္ဂဟ ပြုရမည်ကိုလည်းကောင်း[၃] သိစေသည်။

၁။ ဒုတိယဓာတုပဒ။ ၂။ ဒုတိယပစ္စယတ္ထ။ ၃။ အဘိဓာနတ္ထ။

ခ–ဝါကျ ကန္ဒန္တိ–ဖြင့် ရဏန္တိ–၌ ရဏဓာတ်သည် ဂတိအနက်ကို မဟော၊ သဒ္ဒ အနက်ကို ဟောသတည်းဟု သိစေသည်။ (ဓာတွတ္ထ)

ခ–ဝါကျ၌ ပရိဒေဝန္တိ–ဖြင့် ကန္ဒဓာတ်သည် အဝှါန ဗျာကုလ အနက်တို့ကို မဟော၊ ရောဒန–ငိုကြွေးခြင်းအနက်ကိုဟောသတည်း ဟု သိစေသည်။ (ဓာတွတ္ထ)

✝ ရဏ သဒ္ဒဂတီသု။ ဓာတွတ္ထ။

✝ ကန္ဒ အမဒေ ( မဒမှတစ်ပါး–ရောဒန အဝှါန ဗျာကုလ သုံးနက်၌ ဖြစ်၏) ဘူ စု။ ဓာတွတ္ထ။

http://www.dhammadownload.com



ခ-ဝါကျ။ ယေဟိ -လ- နာနပ္ပကာရေန-ဖြင့် အာဘော်စာစပ်၍ ဖော်၊ ဘာဝတ္ထချည်းတည်း။

ဂ-ဝါကျဖြင့် ရဏာ-အရ ရာဂစသည်၊ ဝါ-ရာဂ ဒေါသ မောဟ (အဋ္ဌကထာအလို)၊ ဝါ-ကိလေသာကို (ဋီကာအလို) ယူရမည်ကိုလည်းကောင်း၊[၁] ငိုကြွေးမည်တမ်းကြောင်းအကုသိုလ်ကို ရသော်လည်း ဤဥဒ္ဒအထင်ရှုဋီ ကေဒေသျူပစာ အားဖြင့် ရာဂ၊ ဒေါသ၊ မောဟကို ယူရမည်ကို လည်းကောင်း[၂] သိစေသည်။ ၁။ အဘိဓေယျတ္ထ။ ၂။ ဘာဝတ္ထ။

✝ ရာဂါဒီနန္တိ ရာဂါဒီနံ ဒသန္နံ ကိလေသာနံ၊ သဗ္ဗနိယတာ ကုသလာနံ ဝါ၊ မူလဋီ၊ ၁၊ ၅၅။

ဃ-ဝါကျ၌ သဟရဏေဟိ-ဖြင့်(သဝိတက္ကပုဒ်ကဲ့သို့) သရဏာ-၌ သသဒ္ဒါ၏ သန္တ သမာန စသည်တို့၏ ကာရိယမဟုတ်၊ သဟသဒ္ဒါ၏ ကာရိယအဖြစ်ကိုလည်းကောင်း၊[၁] သ-ရဏာသဒ္ဒါကို သဟ ရဏေဟိ ဝတ္တန္တီတိ သရဏာ-ဟု သဟပုဗ္ဗပဒ ဗဟုဗ္ဗီဟိသမာသ်ဝစနတ္ထပြုရ မည်ကိုလည်းကောင်း[၂] သိစေသည်။

၁။ နိပါတလိင်္ဂပဒ။ ၂။ အဘိဓာနတ္ထ။ သမာသလိင်္ဂပဒတ္ထ။

ဃ-ဝါကျ ပဟာနေကဋ္ဌဘာဝေန-ဖြင့် ဝတ္တန္တိ-ဖြစ်ကုန်၏ဟူသည် ပဟာနေကဋ္ဌတာ၏ အစွမ်းဖြင့် ဖြစ်ကုန်သတည်းဟု သိစေသည်။ (ဘာဝတ္ထ)

ဃ-ဝါကျ သမ္ပယောဂဝသေန-နောက်၌ထိုင်သော စသဒ္ဒါဖြင့် ပဟာနေကဋ္ဌတာ ၏ အစွမ်းဖြင့်သာဖြစ်ကုန်သည်မဟုတ်၊ သမ္ပယောဂ၏ အစွမ်းဖြင့်လည်း ဖြစ်ကုန်သတည်း ဟု သမုစ္စည်းအဓိပ္ပါယ်ကို သိစေသည်။ (ဘာဝတ္ထ)

ဃ-ဝါကျ၌ ပဟာနေကဋ္ဌဘာဝေန-နောက်၌ထိုင်သော စသဒ္ဒါဖြင့် သမ္ပယောဂ၏ အစွမ်းဖြင့်သာ ဖြစ်ကုန်သည်မဟုတ်၊ ပဟာနေကဋ္ဌတာ ၏အစွမ်း ဖြင့်လည်း ဖြစ်ကုန်သတည်းဟု သိစေသည်။ (ဘာဝတ္ထ)

မှတ်ချက်။ ဃ-ဝါကျ၌ စ-သဒ္ဒါ၏ အဓိပ္ပါယ်ကို ရေးခဲ့ပါ၊ သို့မဟုတ် စသဒ္ဒါ ထားရခြင်း အကြောင်းရေးခဲ့ပါဆိုလျှင်လည်း ဤအာဘော် ၂-ဝါကျကိုရှု၍ ရေးလေ။

င-ဝါကျ နတ္ထိ ဧတေသံ ရဏာ-ဖြင့် အရဏာ-၌ အ-သဒ္ဒါ အဘာဝ (ဝိရဟ) အနက်ဟော သည်ကိုလည်းကောင်း၊[၁] အရဏာပုဒ်ကို နတ္ထိ ဧတေသံ ရဏာတိ အရဏာဟု ဗဟုဗ္ဗီဟိသမာသ် ဝစနတ္ထပြုရမည်ကိုလည်းကောင်း[၂] သိစေသည်။

၁။ နိပါတလိင်္ဂတ္ထ။ ၂။ အဘိဓာနတ္ထ။ သမာသလိင်္ဂပဒတ္ထ။

င-ဝါကျ။ တေနာကာရေန-ဖြင့် ရဏာ နတ္ထိ-ဟူသည် ဆို၏အပ်ပြီးသော သမ္ပယောဂ၊ ပဟာနေကဋ္ဌတာသဘောအားဖြင့် ရဏာ နတ္ထိ-ဖြစ်သတည်း-ဟု သိစေသည်။ (ဘာဝတ္ထ)

✝ တေနာကာရေနာတိ သမ္ပယောဂပ္ပဟာနေကဋ္ဌတာကာရေန။ ယောဇနာ၊ ၆၇-၈။

http://www.dhammadowhload.com



## (၇) ဥပသဂ္ဂနိပါတတ္ထ

ခ-ဝါကျ။ အဘိဘူတ။ အဘိကား ဓာတွတ္ထဝိသေသက ဥပသာရ။ ဝါ-အဘိဘဝနတ္ထ ဥပသာရ။

ခ-ဝါကျ။ နာနပ္ပကာရေန-၌ နာနာ-ကား အနေကတ္ထနိပါတ်။ ဓာန်၊ ၁၁၉၈။

ခ-ဝါကျ။ ပကာရေန-၌ ပ-ကား ဓာတွတ္ထဝိသေသကဥပသာရ။

## သဗ္ဗနာမဝိသယတ္ထ

က-ဝါကျ။ တေဟိ-၌ တေကား ရာဂါဒိကိုစွဲသောကြောင့် ပက္ကန္တဝိသယ-တေ။

ဂ-ဝါကျ တေသံ-၌ တသဒ္ဒါကား ရာဂါဒီနံဟု အစွဲတင်းလင်းရှိသောကြောင့် ပသိဒ္ဓဝိသယ-တ။

ဂ-ဝါကျ။ တေ-၌ ဟတ-သဒ္ဒါ အဓိဝစနံဟု အစွဲတင်းလင်းရှိသောကြောင့် ပသိဒ္ဓဝိသယ-တေ။

င-ဝါကျ။ တေနာကာရေန-ဝယ် တေန-၌ တသဒ္ဒါကား အာကာရေန-ဟု အစွဲတင်းလင်းရှိသောကြောင့် ပသိဒ္ဓဝိသယ-တ။

င-ဝါကျ။ တေသံ-၌ တေကား ဓမ္မကိုစွဲသောကြောင့် ပက္ကန္တဝိသယ-တေ။

---

## (၈) ကြိယာငါးတန်

မေး။ က-ဝါကျ၌ ဗာဟျတ္ထ (ပစ္စယတ္ထ) အရ တရားကိုယူ၍ ကြိယာ ငါးတန် ထုတ်ပါ။

ဖြေ။ ၁။ လောဘ၊ ဒေါသ၊ မောဟသည် ဒဿနတ္ထ။

၂။ အယောနိသောမနသိကာရသည် ဒီပကတ္ထ။

၃။ ငိုကြွေးမြည်တမ်းရခြင်းသည် ပကာသနတ္ထ။

၄။ အသပ္ပုရိသူပနိဿယစသည် ဝိဘာဝတ္ထ။

၅။ ဒုက္ခ ဒေါမနဿ ဥပါယာသစသော ဝဋ္ဋဒုက္ခသည် အနုဘာဝတ္ထ။

မှတ်ချက်။ ရဏန္တိ တေဟီတိ-ဟူသော ကရဏသာဓ်ဝစနတ္ထ၌ ၁။ ကတ္တုရှ (ဓာတွတ္ထ) အရ သတ္တဝါတို့ ရုပ်နာမ်ရ၏။ ၂။ ကရဏတ္ထ-အရ ထိုအားတပ်သော လောဘ၊ ဒေါသ၊ မောဟ တို့၏ သဟဇာတာဒိပစ္စယသတ္တိသည် ဖလူပစာ။ ၃။ အပစ္စည်းအရ- လောဘ၊ ဒေါသ၊မောဟ(ရဏ) တရားရသည်။ ဤဉာဏ်ကောက်ကိုရှု၍ ဓာတွတ္ထ၊ ပစ္စယတ္ထကို သိရာ၏။

ခ-ဝါကျ၌ ယေဟိ-အရ က-ဝါကျ ရဏအရနှင့် တူသည်ကိုလည်းကောင်း၊ ကန္တန္တိ-အရ သတ္တ-ရသည်ကိုလည်းကောင်း သတိပြုရာ၏။

ဃ-ဝါကျ သဟ ရဏေဟိ-၌ ရဏေဟိ-လောဘ၊ဒေါသ၊မောဟ ရ၍၊ သ (ဝတ္တန္တိ)အရ အကုသိုလ်စိတ္တုပ္ပါဒ်ရသည်ကိုလည်း သတိပြုရာ၏။

http://www.dhammadownload.com



## (၁၀) ပစ္စည်းပြိုင်

မေး။ က–ဝါကျ။ ဇောဟိ–အရ ပစ္စည်းတရားက ရဏန္တိ–အရ ပစ္စယုပ္ပန်တရားအား အဘယ်မျိုး၊ အဘယ်ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြု ပါသနည်း။

ဖြေ။ ဇောဟိ–အရ လောဘ၊ ဒေါသ၊ မောဟ(ရဏ)တရားတို့က ရဏန္တိ–အရ သတ္တဝါတို့ ရုပ်နာမ်ခန္ဓာအား သဟဇာတမျိုးဖြင့် ကျေးဇူးပြု...ည်။

သဟကြီး ၄၊ အညမည၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ–သဟလတ် ၃၊ ဟေတု–သဟငယ်–၁၊ ယထာရဟ (၈) ပစ္စည်း။

မှတ်ချက်။ အဘိဓမ္မာတာ–ညာသ်ကောက်ပစ္စည်းပြိုင်ပြန်ကြည့်ပါ။ ဃ–ဝါကျ သဟ ရဏေဟိ–၌ ရဏေဟိနှင့် သဟ ဝတ္တန္တိ ပစ္စည်းပြိုင်ကား ဤပစ္စည်းပြိုင်နှင့်တူပြီ။

---

(က) သမ္ပယောဂဝသေန ဝိဇ္ဇံ ဘဇန္တီတိ ဝိဇ္ဇာဘာဂိနော။ (ခ) ဝိဇ္ဇာဘာဂေ ဝိဇ္ဇာကောဋ္ဌာသေ ဝတ္တန္တီတိပိ ဝိဇ္ဇာဘာဂိနော။ (ဂ) တတ္ထ ဝိပဿနာဉာဏံ မနောမယိဒ္ဓိ ဆအဘိညာတိ အဋ္ဌ ဝိဇ္ဇာ။ (ဃ) ပုရိမေန အတ္ထေန တာဟိ သမ္ပယုတ္တဓမ္မာပိ ဝိဇ္ဇာဘာဂိနော။ (င) ပစ္ဆိမေန အတ္ထေန တာသု ယာကာစိ ဧကာ ဝိဇ္ဇာ ဝိဇ္ဇာ သေသာ ဝိဇ္ဇာဘာဂိနော။ (စ) ဣတိ ဇဝံ ဝိဇ္ဇာပိ ဝိဇ္ဇာယ သမ္ပယုတ္တဓမ္မာပိ ဝိဇ္ဇာဘာဂိနောတ္တေွဝ ဝေဒိတဗ္ဗာ။ (ဆ) ဣဓ ပန သမ္ပယုတ္တဓမ္မာဝ အဓိပ္ပေတာ။ ဋ္ဌ၊ ၉၃။

### (၁) အနက်ယောဇနာ

ခ–ဝါကျ။ ဝိဇ္ဇာသဘာဂတာယ၊ ဝိဇ္ဇာသဘောရှိကုန်သည်၏ အဖြစ်ကြောင့်။ (ဝတ္တန္တိ–ကြိယာ၏ဟိတ်ထည့်ခြင်း) ဝိဇ္ဇာသဘာဂတာယ–ဟုလည်းရှိ၏။ ဝိဇ္ဇာသဘာဂတာယ၊ ဝိဇ္ဇာအားဖြင့် သဘောတူသည်၏ အဖြစ်ကြောင့်–ဟုအနက်ပေး။ အဓိပ္ပါယ်အတူပင်။

မှတ်ချက်။ ခ–ဝါကျ ဟေတာလင်္ကာရ (ဟိတ်ထည့်၍) ယောဇနာခြင်း။ သက်ပွါဒယော–လ– ဘာဝတော–ကား ဗျတိရေကဟိတ်။

- ✝ ဝိဇ္ဇာ ရသန္တောဂဓမ္မော ဝိဇ္ဇာသဘာဂတာယ –လ– ဝတ္တန္တိ။ မူလဋီ၊၁၊၅၆။
- ✝ ဝိဇ္ဇာသဘာဂတာယ၊ န သက်ပွါဒယော ဝိယ ဝိဇ္ဇာယ ဥပကာရ ဘာဝတော။အနုဋီ၊၁၊၆၂။
- ✝ ဝိဇ္ဇာသဘာဝတာယ၊ န သက်ပွါဒီနံ ဝိယ ဥပကာရဘာဝေန။ မဓုဋီ၊ ၁၊ ၁၂၁။
- ✝ ဝတ္တန္တီတိ ဝိဇ္ဇာသဘာဝတာယ ဝတ္တန္တိ။ ယောဇနာ၊ ၆၈။

ဆ–ဝါကျ။ ဣဓ ဣမသ္မိံ သုတ္တန္တိကဒုကေ၊ ၌။ သုတ္တန္တိကဒုက နိက္ခေပကထာယံ၊ ၌။ ကတမေ ဓမ္မာ ဝိဇ္ဇာဘာဂိနော၊ ဝိဇ္ဇာ သမ္ပယုတ္တကာ ဓမ္မာ၊ဣမေ ဓမ္မာ ဝိဇ္ဇာဘာဂိနောတိ ဝုတ္တတ္တာ သမ္ပယုတ္တဓမ္မာဝ ဝိဇ္ဇာဘာဂိ– နောတိ ဘဂဝတာ အဓိပ္ပေတာ။

http://www.dhammadownload.com



## (၂) (၃) ဝါကျခွဲစသည်

ခ–ဝါကျကား ပက္ခန္တရဝါကျ။ ထို–၍ က–ဝါကျ ပက္ခဝါကျ။

## ခ–ဝါကျ ထပနာပဋ္ဌကတက်

ဆရာ၊ ဆရာသည် က–ဝါကျဖြင့် ဝိဘာဝိဘာဂိနော–ပုဒ်ကို ဝိဇ္ဇ ဘဇ္ဇေတိ ဝိဘာဝိဘာဂိနော–ဟု ကတ္တုသာဓန ကိတန္တ ဒုတိယာတပ္ပုရိသ် သမာသ်ဝစနတ္ထပြုရသောဟုဆိုတော်မူ၏။ထိုသို့သာ ဆိုချေသော်(လက္ခဏာ အရုစိ) ဝိဘာဝိဘာဂိနော ပုဒ်ကို ဝိဇ္ဇ ဘဇ္ဇေတိ ဝိဘာဝိဘာဂိနောဟု ကတ္တုသာဓန ကိတန္တဒုတိယာတပ္ပုရိသ် သမာသ်ဝစနတ္ထသာ ပြုနိုင်၏၊ တစ်ပါးသောဝစနတ္ထ မပြုနိုင်ဟူသော အနက်ရောက်ရာသည်မဟုတ်လော၊ (အာဘော်) ထိုသို့ရောက်ရာသောကြောင့် (ဟိတ်) ဝိဘာဝိဘာဂိနော ပုဒ်ကို ကတ္တုသာဓန ကိတန္တ ဒုတိယာတပ္ပုရိသ်သမာသ်ဝစနတ္ထ ပြုရသောဟုသာမဆိုသင့်၊ (ရှေ့ပယ်၊ ထပနာပဋိက္ခေပ) ဝိဘာဝိဘာဂိနောပုဒ်၏ တစ်ပါးသောဝစနတ္ထကိုလည်း ဆိုသင့်၏။ (အန္ဓယ) ဝိဘာဝိဘာဂိနော ပုဒ်ကို အဘယ်မည်သော ဝစနတ္ထပြုနိုင်ပါသေးသနည်း–ကြောင့် ခ–ဝါကျမိန့်။

ဂ–ဝါကျမှ – ဆ–ဝါကျတိုင်အောင် ဝါကျကား ဝိတ္ထာရဝါကျ။ ထို–၍ က–ခ–ဝါကျကား သင်္ခေပဝါကျ။

မှတ်ချက်။ ဂ–ဝါကျဖြင့် ဝိဘာဝအရ အဘိဓေယျတ္ထ။ ဃ–ဝါကျဖြင့် ပထမနည်း (က–ဝါကျဖြင့်ပြ) ဝိဘာဝိဘာဂိနော အရ င–ဝါကျဖြင့် ဒုတိယနည်း (ခ–ဝါကျဖြင့်ပြ) ဝိဘာဝိဘာဂိနော အရ– အတ္ထုဒ္ဓါရပြသည်။ ခ–ဝါကျ ဖြင့် နိဂုံးပြသည်။ င–ဝါကျဖြင့် အတ္ထုဒ္ဒေသ၊ အဓိပ္ပေတတ္ထ–ကို ပြသည်။ သို့ ဖြစ်၍ ဂ–မှ ဆ–တိုင်အောင်ဝါကျကို ဝိတ္ထာရဟုဆိုသည်။ အတ္ထုဒ္ဓါရ အတ္ထုဒ္ဒေသ ဝါကျ မှတ်ဘွယ်ကို ကုသလအဖွင့် ပြန်ကြည့်။ ဒေါသပယ်ကိုလည်း ဝါကျအလိုက် သိသာပြီ။

## ခ–ဝါကျ၌ ပိ သဒ္ဒါ

ဝိဘာဝိဘာဂိနော–ပုဒ်ကို ကတ္တုသာဓနကိတန္တဒုတိယာတပ္ပုရိသ်သမာသ် ဝစနတ္ထသာပြုသည်မဟုတ်သေး၊ ဝိဘာဝိဘာဂေ ဝတ္တန္တီတိ ဝိဘာဝိဘာဂိနော–ဟူ၍လည်း ဝတ္တန္တိတဒ္ဓိတ် ဝစနတ္ထ ပြုနိုင်၏ဟူသော သမုစ္စည်းအဓိပ္ပါယ်ကို သိစေလိုသဖြင့် ခ–ဝါကျ၌ ပိ သဒ္ဒါ ထားရသည်။

✝ ပိ သဒ္ဒေါ ဒုတိယဝစနတ္ထံ အပေက္ခတိ။ ယောဇနာ၊ ၆၈။

## အကြောင်းလဲ ပိသဒ္ဒါ

ဝိဘာဝိဘာဂိနောပုဒ်၏ ကတ္တုသာဓန ကိတန္တဒုတိယာတပ္ပုရိသ် သမာသ်ဝစနတ္ထ–ဟူသော အကြောင်းသကတ်တစ်မျိုးမှ ဝတ္တန္တိတဒ္ဓိတ် ဝစနတ္ထဟူသော အကြောင်းသကတ် တစ်မျိုးကို လဲလှယ်ပြလိုသောကြောင့် ပိ (အပိ) သဒ္ဒါထားရသည်။

## အဓိပ္ပေတသဒ္ဒါ

ဝိဘာဝိဘာဂိနောအရ ဝိဘာ။ ဝိဘာသမ္ပယုတ္တဓမ္မတို့နှင့် ဆက်ဆံသော ကြောင့် ၂–ပါးလုံးကို အလိုရှိအပ်၏ဟု စောဒကဆရာက စောဒနာသင့်ရာ၌ ဝိဘာဝိဘာဂိနောအရ ဝိဘာဓမ္မကိုယူသော်

http://www.dhammadownload.com



ဤ၌မသင့်၊ အနက်အရာအားဖြင့် ဝိဇ္ဇာသမ္ပယုတ္တဓမ္မကို ယူသော်သာလျှင် သင့်၏ဟု အတ္ထယုတ္တိ စမ်း၍ ဝိဇ္ဇာ, ဝိဇ္ဇာ သမ္ပယုတ္တဓမ္မ သာမည်မှ ဝိဇ္ဇာသမ္ပယုတ္တဓမ္မ ဝိသေသကို (စကားလု သောအားဖြင့်) အလိုရှိအပ်သောအရာ ဖြစ်သောကြောင့် "အဓိပ္ပေတ" သဒ္ဒါထားရသည်။

✪ ဂဟေတဗ္ဗာ၊ ဝတ္တဗ္ဗာနှင့်၊ ပန္နာတဖုံ၊ ဗတ္တုံ ယုဇ္ဇတိ၊ သက္ကာရှိက၊
သာမညမှ၊ ခွဲကြ ဝိသေ၊ လျော်စွာပေ။

✪ အဓိပ္ပေတ၊ နည်းတူကြ၊ လုရန်စကားမှာ။

---

## (၄) ဝိဂ္ဂဟာဒိ

ဝိဇ္ဇံ။ ဝိဒတိ ဝိဇာနာတီတိ ဝိဇ္ဇာ။ (တံ) ဝိဒဓာတ်+ဏျပစ္စည်း၊ ထိဓောတက အ-ပစ္စည်း၊ ကညာဒိဂိုဏ်း။

✝ ဘူရိ မန္တာစ ပညာဏံ၊ ဉာဏံ ဝိဇ္ဇာစ ယောနိစ။
ပဋိဘာန မမောဟောထ၊ ပညာဘေဒါ ဝိပဿနာ။ ဓာန်၊ ၁၅၃။

✝ ဝိဒ ဉာဏေ၊ ဝိဇာနနံ ဝိဒတိဝါ ဝိဇ္ဇာ။ ရူ၊ ၄၀၈။

ဘာဂိနော။ ဘဇန္တီတိ ဘာဂိနော။ ဘဇဓာတ်+ဏီပစ္စည်း။ ကတ္တုသာဓနေ၊ ပုံလိင်၊ ရတ္တာဒိဂိုဏ်း။

ဝိဇ္ဇာဘာဂိနော။ ဝိဇ္ဇံ ဘာဂိနော ဝိဇ္ဇာဘာဂိနော။

ဝိဇ္ဇံ၊ ဝိဇ္ဇာရှစ်ပါးသို့။ ဘာဂိနော၊ ဆည်းကပ်တတ်သောတရားတို့တည်း။ ဝိဇ္ဇာပုဒ်+ ဘာဂိနောပုဒ်။ ဒုတိယာတပ္ပုရိသ်သမာသ်။

၁။ ဝိဇ္ဇာ–အရ ဝိဇ္ဇာရှစ်ပါးရ၏။

၂။ ယင်း၏ ဆည်းကပ်တတ်သော (သမ္ပယုတ်ဖြစ်သော) တရားတို့နှင့် သဟာဒိယောဂ, သဟာဒိယောဂဝန္တ၊ အကြောင်း အကျိုးစပ်ခြင်း သမ္ဗန် ဌာနူပစာ။ (ယ–ဝါကျ တာပဟိ သမ္ပယုတ္တဓမ္မာ ကြည့်)

၃။ ဝိဇ္ဇာဘာဂိနော –ထို-ဖြင့် မှတ်အပ်သော ဝိဇ္ဇာရှစ်ပါးသို့ ဆည်းကပ်တတ်သော တရားတို့ရ၏။

မှတ်ချက်။ က–ဝါကျ၌ ဝိဇ္ဇံ ဘဇန္တိ– ဝိဂ္ဂဟကား လိပ်ဟုကနည်း ဝိဂ္ဂဟ။

### ဗျုပ္ပတျာဒိ

၂။ ဝိဇ္ဇာရှစ်ပါး၏ ဆည်းကပ်တတ်သော (သမ္ပယုတ်ဖြစ်သော) တရားတို့နှင့် သဟာဒိယောဂ သဟာဒိယောဂဝန္တ၊ အကြောင်းအကျိုးအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန် ဗျုပ္ပတ္တိနိမိတ်။ ကြွင်းလွယ်ပြီ။

ဘာဂ။ ဘဇီယတေ သေဝီယတေတိ ဘာဂေါ။ ဘဇ သေဝါယံ၊ ဏော၊ သုစိ။

http://www.dhammadownload.com



ဝိဇ္ဇာဘာဂ။ ဝိဇ္ဇာယ ဘာဂေါ ဝိဇ္ဇာဘာဂေါ။

ဝိဇ္ဇာဘာဂိနော။ ။ ဝိဇ္ဇာဘာဂေ ဝတ္တန္တီတိ ဝိဇ္ဇာဘာဂိနော။

ဝိဇ္ဇာအဖို့ (အစိတ်) ၏ ဖြစ်သောတရားတို့နှင့် အစိတ် အပေါင်း၊ ဌာန ဌာနီ၊ အာဓာရ အာဓိစပ် သမ္ဗန်ကို ဗျုပ္ပတ္တိနိမိတ်ထုတ်လေ။

## (၅) ဓာတုပစ္စယာဒိ

ဝိပဿနာ။ ကိတ်နာမ်ပုဒ်၊ အာကာရန္တ၊ ထီလိင်၊ ကညာဒိဂိုဏ်း။ ဝိပုဗ္ဗ+ဒိသဓာတ်+ယု+အာ။

✝ အနိစ္စာဒိဝသေန ဝိဝိဓေန အာကာရေန ပဿတီတိ ဝိပဿနာ။ ဋ္ဌ၊ ၉၅။

ဉာဏ။ ဇာနာတိ အနေနာတိ ဉာဏံ။ ဉာ အဝဗောဓနေ၊ ယု၊ နဿ ဏော။ သူစိ။ ကိတ်နာမ်ပုဒ်၊ အကာရန္တ၊ နပုံလိင်၊ စိတ္တာဒိ။

မှတ်ချက်။ ဇာနာတီတိ ဉာဏံ၊ ကတ္တုသာဓန။ ဇာနနံ ဉာဏံ၊ ဘာဝသာဓန.. ဝစနတ္ထလည်းရသည်။

ဝိပဿနာဉာဏံ။ ဝိပဿနာ သင်္ခါတံ ဉာဏံ ဝိပဿနာဉာဏံ။

ကောဋ္ဌာသ။ ကောဋ္ဌေ သေတီတိ ကောဋ္ဌာသော။

ကောဋ္ဌ+သိ+အ။ ကိတ်နာမ်ပုဒ်၊ အကာရန္တ၊ ပုံလိင်၊ ပုရိသာဒိ။

မှတ်ချက်။ ကောဋ္ဌာသ–၌ ရှေ့ပုဒ်၏ ဓာတ်ပစ္စည်းစသည် မေးတတ်သည်။ ကောဋ္ဌပုဒ်၏ ဓာတ်ပစ္စည်းစသည်ဖြေရမည်။ ကုသ အဗ္ဘောသေ ဌော။ အဗ္ဘောသီယတီတိ ကောဋ္ဌော။ သူစိ။ ဤအလို– ကောဋ္ဌ–ပုံလိင်။ ဓာန်–၄၅၈–၌ ကုသူလော ကောဋ္ဌ မုစ္စတေ–ဟုဆိုသည်။ ဤအလို ကောဋ္ဌသဒ္ဒါ နပုံလိင်။

**မေး။** မနောမယိဒ္ဓိ–၌ နောက်ပုဒ်၏ ဓာတု၊ ဓာတွတ္ထ၊ ပစ္စယ၊ ပစ္စယတ္ထ၊ လိင်၊ ဂဏ၊ ကာရန္တတို့ကို ဖော်ပြပါ။

**ဖြေ။** (မနောမယ+ဣဒ္ဓိ) ဣဒ္ဓိကား ဣဓဓာတ် ဝုဒ္ဓိအတ္ထ။ တိ–ပစ္စည်း။ ဘာဝသာဓနတ္ထ၊ ဝါ–ကရဏသာဓနတ္ထ။ ထီလိင်၊ ရတ္တာဒိဂိုဏ်း၊ ဣကာရန္တ။

✝ ဣဓ ဝုဒ္ဓိယံ။ ဣဇ္ဈတိ၊ သမိဇ္ဈတိ၊ ဣဒ္ဓိ။ ဣဇ္ဈနံ၊ သမိဇ္ဈနံ၊ ဣဒ္ဓေါ။ တတ္ထ ဣဒ္ဓီတိ ဣဇ္ဈနံ ဣဒ္ဓိ။ ဣဇ္ဈန္တိ ဝါ သတ္တာ ဧတာယ ဣဒ္ဓါ ဝုဒ္ဓာ ဥက္ကံ သဂတာ ဟောန္တီတိ ဣဒ္ဓိ။ (နိတိဓာတု)

မနောမယာ။ တဒ္ဓိတ်နာမ်ပုဒ်၊ အာကာရန္တ၊ ထီလိင်၊(ဣဒ္ဓိ–လိင် သို့လိုက်) ကညာဒိဂိုဏ်း။ မနေန ပဝတ္တာ (နိဗ္ဗတ္တာ) မနောမယာ။

http://www.dhammadownload.com



## မယပစ္စည်း သက်ရာဌာန

၁။ သုဝဏ္ဏေန ပကတံ သောဝဏ္ဏမယံ။ (ပကတိ)

၂။ ဣန္ဒိယာ နိဗ္ဗတ္တံ ဣန္ဒိမယံ(ပတ္တံ) နိဗ္ဗတ္တံ။

၃။ မနေန(မနသာ) နိပ္ဖန္နာ မနောမယာ။ (ဣဒ္ဓိ)နိပ္ဖန္န။

၄။ ဒါနမေဝ ဒါနမယံ။ သွတ္ထ=သကတ်။

✪ ပကတိ၊ နိဗ္ဗတ်၊ သကတ်၊ နိပ္ဖန်၊ ဤလေးတန်၊ သက်ရန်၊ မယပစ္စည်း။

မနောမယိဒ္ဓိ။ မနော မယာ ဣဒ္ဓိ မနောမယိဒ္ဓိ။

အဘိညာ။ ကိတ်နာမ်ပုဒ်၊ အာကာရန္တ၊ ထီလိင်၊ ကညာဒိဂိုဏ်း။ အဘိ+ဉာ+အ ပစ္စည်း၊ ထိ အာပစ္စည်း၊ အဘိ ဝိသေသတော ဇာနန္တီတိ အဘိညာ။ (ဗဟုဝုစ် ဝိဂ္ဂြိုဟ်ဆို)

---

## (၆) အာဘောဂ သံဝဏ္ဏနာ

က-ဝါကျ။ ဝိဇ္ဇံ ဝိဘဇ္ဇန္တိ-ဖြင့် ဝိဇ္ဇာဘာဂိနောပုဒ်၏ ဝိဇ္ဇာသဒ္ဒါပုပ ပဒ+ဘဇဓာတ်၏ အဖြစ်ကိုလည်းကောင်း၊[၁] ယင်းပုဒ်ကို ဝိဇ္ဇံ ဘဇန္တီတိ ဝိဇ္ဇာဘာဂိနော-ဟု ကတ္တုသာဓန ကိတန္တဒုတိယာတပ္ပုရိသ် သမာသ်ဝစနတ္ထပြုရမည်ကိုလည်းကောင်း၊[၂] ဏီပစ္စည်း၏ ကတ္တုသာဓနၴ၌ သက်သည်ကိုလည်းကောင်း[၃] သိစေသည်။

၁။ ဒုတိယာတပ္ပဒ။ ၂။ အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ။ ၃။ ဒုတိယပစ္စယတ္ထ။

တစ်နည်း။ ဝိဇ္ဇံ ဘဇန္တိ-ဖြင့် ဘာဂိနော-၌ ဘဇဓာတ်၏အဖြစ်ကိုလည်းကောင်း၊[၁] ဘဇန္တီတိ ဘာဂိနော-ဟု ကတ္တုသာဓနဝစနတ္ထပြုရမည်ကိုလည်းကောင်း၊[၂] ဏီပစ္စည်း ကတ္တုသာဓန၌ သက်သည်ကိုလည်းကောင်း၊[၃] ဝိဇ္ဇံ ဘာဂိနော ဝိဇ္ဇာဘာဂိနော-ဟု ဒုတိယာ တပ္ပုရိသ် သမာသ် ဝစနတ္ထပြုရမည်ကိုလည်းကောင်း[၄] သိစေသည်။

၁။ ဒုတိယာတပဒ။ ၂။ အဘိဓာနတ္ထ။ ၃။ ဒုတိယပစ္စယတ္ထ။

၄။ အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ။

က-ဝါကျ။ သမ္ပယောဂဝသေန-ဖြင့် ဝိဇ္ဇာသို့ ဆည်းကပ်ကုန်၏ (ဝိဇ္ဇံ ဘဇန္တိ) ဟူသည် အာရမ္မဏကရဏ=အာရုံပြုသောအားဖြင့် ဆည်းကပ်သည်မဟုတ်၊ သမ္ပယောဂ၏အစွမ်းဖြင့် ဆည်းကပ်သတည်းဟု သိစေသည်။ (ဘာဝတ္ထ)

ခ-ဝါကျ။ ဝိဇ္ဇာဘာဂေ ဝတ္တန္တိ-ဖြင့် ဝိဇ္ဇာဘာဂိနောပုဒ်ကို ဝိဇ္ဇာ ဘာဂေ ဝတ္တန္တီတိ ဝိဇ္ဇာဘာဂိနော-ဟု ဝတ္တန္တိတဒ္ဓိတ်ဝစနတ္ထပြုရမည်ကိုလည်းကောင်း၊[၁] ဏီပစ္စည်း၏ ဝတ္တန္တိ တဒ္ဓိတ်၌ သက်သည်ကိုလည်းကောင်း[၂] သိစေသည်။ ၁။ အဘိဓာနတ္ထ။ ၂။ ပစ္စယတ္ထ။

ခ-ဝါကျ၌ ဝိဇ္ဇာကောဋ္ဌာသေ-ဖြင့် ဝိဇ္ဇာဘာဂေ-၌ ဘာဂသဒ္ဒါ ဘာဂျ=ကောင်းမှုဟူသော အနက်ကိုမဟော၊ ကောဋ္ဌာသ=ပဒေသ-တစိတ် တဒေသအဖို့အစုအနက်ကို ဟောသတည်းဟု သိစေသည်။ (နာမလိင်္ဂတ္ထ)

http://www.dhammadownload.com



မှတ်ချက်။ ဤကား "ဘာဂေါ ဘာဂျေကဒေသေသု"ဓာန်၊ ၁၁၂၁–အလို အာဘော်တည်း။ ဤအလို အဓိပ္ပေတတ္တလည်းဖော်နိုင်သည်။ ဓာန်၊ ၄၈၅–ပဋိဝိသောစ ကောဋ္ဌာသော အံသော ဘာဂေါ–အလို ပရိယာယ်ပြ အဘိဓေယျတ္တလည်းဖော်နိုင်သည်။

ခ–ဝါကျ၌ ပိ(အပိ)သဒ္ဒါဖြင့် ဝိဇ္ဇ ဘဇန္တီတိ ဝိဇ္ဇာဘာဂိနော–ဟူသော ကတ္တုသာဓန ကိတန္တဒုတိယာတပ္ပုရိသ်သမာသ်ဝစနတ္ထသာပြရသည် မဟုတ် သေး၊ ဝိဇ္ဇာဘာဂေ ဝတ္တန္တီတိ ဟူ၍လည်း ဝတ္တန္တီတဒ္ဓိတ်ဝစနတ္ထပြနိုင်သည်ကို သိစေသည်။ (ဘာဝတ္ထ)

ဂ–ဝါကျဖြင့် ဝိဇ္ဇာ–အရ ဝိပဿနာဉာဏ်၊မနောမယိဒ္ဓိ အဘိညာဉ် ၆–ပါးဟူသော ဝိဇ္ဇာရှစ်ပါးကို ယူရမည်ဟု သိစေသည်။ (အဘိဓေယျတ္ထ)

ဃ–ဝါကျဖြင့် က–ဝါကျ ပထမဝိကပ်အလို ဝိဇ္ဇာသမ္ပယုတ္တဓမ္မတို့ကို ဝိဇ္ဇာဘာဂိနော– အရ ယူရမည်ဟု သိစေသည်။ (အဘိဓေယျတ္ထ)

င–ဝါကျဖြင့် ခ–ဝါကျ ဒုတိယဝါကပ်အလို ဝိဇ္ဇာရှစ်ပါးတို့တွင် တစ်ပါးပါးသော ဝိဇ္ဇာကို ဝိဇ္ဇာအဖြစ်ယူခိုက် ကြွင်း ဝိဇ္ဇာခုနစ်ပါးတို့ကို ဝိဇ္ဇာဘာဂိနောအရ ယူရမည်ဟု သိစေသည်။ (အဘိဓေယျတ္ထ)

စ–ဝါကျဖြင့် ဤသို့ဝိဇ္ဇာကိုလည်းကောင်း၊ ဝိဇ္ဇာသမ္ပယုတ္တဓမ္မတို့ကိုလည်းကောင်း၊ ဝိဇ္ဇာဘာဂိနော–ဟု သိရမည်ဟု သိစေသည်။(ဘာဝတ္ထ)

ဆ–ဝါကျဖြင့် ဝိဇ္ဇာဘာဂိနောအရ ဝိဇ္ဇာနှင့် ဝိဇ္ဇာသမ္ပယုတ္တဓမ္မဟု နှစ်မျိုးနှစ်စား ကွဲပြား သော်လည်း ဤဝိဇ္ဇာဘာဂိနောအရ ဝိဇ္ဇာသမ္ပယုတ္တဓမ္မ ကိုသာ အလိုရှိအပ်သတည်း ဟု သိစေသည်။ (အဓိပ္ပေတတ္ထ)

✪ ထင်ရန်တပါး၊ အနက်များထ၊ ဖွင့်တုံက၊ အဓိပ္ပေတသာ။ (မောင်းထောင်)

---

## (၇) ဥပသဂ္ဂနိပါတတ္ထ

ဃ–ဝါကျ။ သမ္ပယုတ္တဓမ္မာပိ–၌ ပိသဒ္ဒါကား သမုစ္စယတ္ထ။ သော–အရ ကြွင်းသော ဝိဇ္ဇာတို့သည်သာလျှင် ဝိဇ္ဇာဘာဂိနောမည်သည် မဟုတ်သေး၊ ဝိဇ္ဇာသမ္ပယုတ္တဓမ္မတို့ သည်လည်း ဝိဇ္ဇာဘာဂိနောမည်သတည်းဟု ဆည်းသည်။

စ–ဝါကျ၌ ဇဝံကား နိဂမနဇောတကနိပါတ်ပုဒ်။

✪ လဒ္ဓဂုဏ်ပြ၊ ဒေါသတဖုံ၊ နိဂုံးတဖြာ၊ သရုပ်မှာ၊ လျော်စွာ ဇဝံပြ။

ဝိဇ္ဇာပိ သမ္ပယုတ္တဓမ္မာပိတို့၌ ပိ (အပိ) သဒ္ဒါကား အညမညသမုစ္စည်း။

ဝိဇ္ဇာဘာဂိနော်တွေ့ဝ–၌ ဇဝ

၁။ ဝိဇ္ဇာဘာဂိနောဟူသော အမည်အာကာရသည် ဂဟေတဗ္ဗ။

http://www.dhammadownload.com



၂။ အဝိဇ္ဇာဘာဂိနောစသောအမည်သည် နိဝစ္စနတဗ္ဗ။

၃။ ဝိဇ္ဇာရှစ်ပါးသို့ ဆည်းကပ်ခြင်း၊ ဝိဇ္ဇာအဖို့၌ဖြစ်ခြင်း ဂုဏ်သကတ်သည် အနုညာတတ္ထ။

## ဝေဒီတဗ္ဗာ

ဝိဇ္ဇာရှစ်ပါးတို့ကိုလည်းကောင်း၊ ဝိဇ္ဇာနှင့်ယှဉ်သောတရားတို့ကို လည်းကောင်း၊ ဝိဇ္ဇာဘာဂိနောဟူ၍သာလျှင် သံသယဥ္ပ ဥပစာရတ္ထအား ဖြင့်(မသေမချာ) သိအပ်သတည်း ဟု ပြလိုသောကြောင့် "ဝေဒိတဗ္ဗ" သဒ္ဒါ သားရသည်။

မှတ်ချက်။ သမ္မယုတ္တဓမ္မာ^ အဝိပွေတာ ဝါကျရောက်မှ ဝိဇ္ဇာဘာဂိ နောအရ သေချာ တော့သည်။

## သမ္မယုတ္တဓမ္မာ၁၀–၌ ဧဝ

၁။ ဝိဇ္ဇာသမ္မယုတ္တဓမ္မတို့သည် ဂဟေတဗ္ဗ။

၂။ ဝိဇ္ဇာရှစ်ပါးသည် နိဝစ္စနတဗ္ဗ။

၃။ ဝိဇ္ဇာရှစ်ပါးနှင့် ယှဉ်ခြင်းဂုဏ်သကတ်သည အနုညာတတ္ထ။

---

## (၈) ကြိယာငါးတန်

၁။ ခ–ဝါကျ၌ ဝတ္တန္တိအရ ဝိဇ္ဇာရှစ်ပါးတရားတို့ကား ဒဿနတ္ထ။

၂။ ယောနိသောမနသိကာရစသည်သည် ဒီပကတ္ထ။

၃။ တစ်ပါးတစ်ပါးသောဝိဇ္ဇာကြောင့်ဖြစ်သော အခြားအခြားသော ဝိဇ္ဇာသည် ပကာသနတ္ထ။

၄။ သပ္ပုရိသူပနိဿယစသည်သည် ဝိဘာဝတ္ထ။

၅။ နောက်နောက်၌ဖြစ်သော မဂ်ဉာဏ်စသောအကျိုးတရားသည် အနုညာတတ္ထ။

ဝိဇ္ဇာအရ ဝိပဿနာဉာဏ်ကိုယူ၍–

၁။ ဝိပဿနာဉာဏ်သည် ဒဿနတ္ထ။

၂။ သဒ္ဓမ္မသဝနသည် ဒီပကတ္ထ။

၃။ ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘုတိုင်အောင်သော ဥပစာရသမာဓိဇောသည် ပကာသနတ္ထ။

၄။ ပါရမီဉာဏ်၊ သပ္ပုရိသူပနိဿယစသည် ဝိဘာဝတ္ထ။

၅။ မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့သည် အနုဘာဝတ္ထ။

ဝိဇ္ဇာအရ မနောမယိဒ္ဓိကို ယူ၍–

၁။ ဈာန်စိတ်ဖြင့်ပြီးသောတန်ခိုးသည် ဒဿနတ္ထ။

၂။ ဈာန်စိတ်သည် ဒီပကတ္ထ။

၃။ ရူပီမနောမယ သဗ္ဗင်္ဂပစ္စင်္ဂ အဟိနိန္ဒြိယ အညကာယသည် ပကာသနတ္ထ။

http://www.dhammadownload.com



၄။ ဥပစာရသမာဓိဓောသည် ဝိဘာဝတ္တ။

၅။ အညကာယကို တွေ့မြင်ရသဖြင့် အစ္ဆရိယအဗ္ဘုတဖြစ်ခြင်း၊ ဤသို့သော တရားထူးကိုရလိုခြင်း၊ ကျင့်ခြင်းစသည်တို့သည်အနုဘာဝတ္တ။

မှတ်ချက်။ ဆအဘိညာဒ္ဓ အဘိညာအရ အရဟတ္တမဂ်ကိုယူလျှင် အရဟတ္တမဂ္ဂဝီထိ အစဉ်အတိုင်း အကြောင်းအကျိုးတို့ကိုထုတ်လေ။ အဘိညာအရ လောကီအဘိညာဉ် ၅–ပါးကို ယူလျှင် ရူပါဝစရ ကုသိုလ် ပဥ္စမဈာန်ဝီထိ ကြိယာပဥ္စမဈာန် အစဉ်အတိုင်း ရှေ့စိတ် နောက်စိတ်တို့ကို ရှု၍ ကြိယာငါးတန်ထုတ်လေ။

---

## (၁၀) ပစ္စည်းပြိုင်

က–ဝါကျ၌ ဝိဇ္ဇံအရ အမောဟပစ္စည်းတရားက ဘဝတ္တိ(ဘာဝိနော) အရ မဟာကုသိုလ် ဉာဏ်သမ္ပယုတ်စိတ် ၄–ခု၊ မဟာကြိယာဉာဏသမ္ပယုတ်စိတ် ၄–ခု၊ အဘိညာဉ်ဒွေ၊ အရဟတ္တမဂ် စိတ် ၁–ခု၊ အမောဟကြဉ်သော စေတသိက်သတ္တတိံသ ပစ္စယုပ္ပန်တရားတို့အား သဟဇာတမျိုးဖြင့် ကျေးဇူးပြုသည်။

ယထာရဟ–သဟကြီး ၄၊ အညမည၊ သမ္ပယုတ္တ၊ ဟေတု၊ အဓိပတိ၊ ဣန္ဒြိယ၊ မဂ္ဂ–၁၀– ပစ္စည်းပြိုင်။

ခ–ဝါကျ၌ ဝိဇ္ဇာဘာဂေဟူသော အာဓာရအရ ဝိဇ္ဇာရှစ်ပါးတို့တွင် တစ်ပါးတစ်ပါးသော ဝိဇ္ဇာကိုယူ၍ ဝတ္တန္တိအရ(ဏီပစ္စည်းအရ)ကြွင်းဝိဇ္ဇာ ၇–ပါး အာခေ့ယ်တရားအား ပကတူပနိဿယ သတ္တိဖြင့် ကျေးဇူးပြုသည်။

မှတ်ချက်။ ဝိဇ္ဇာယ သမ္ပယုတ္တဓမ္မာပိ–၌ ဝိဇ္ဇာယပစ္စည်းတရားက သမ္ပယုတ္တဓမ္မာအား ဝိဇ္ဇံ ဘဇန္တီနှင့် အတူပြိုင်လေ။

ဝိဇ္ဇာဘာဂိနောတွေ၀–အရ ဝိဇ္ဇာဘာဂိနောဟူသော အမည်အာရုံ ပစ္စည်းတရားက ဝေဒိတဗ္ဗာ–၌ ဝိဒဓာတ်အရ ဉာဏ်ပြဓာန်းသောစိတ္တုပ္ပါဒ်အား အာရမ္မဏ(၁)ပစ္စည်းဖြင့် ကျေးဇူးပြု။ (အာရမ္မဏမတ္တ)

ဝိဇ္ဇာဘာဂိနောအရ သမ္ပယုတ္တဓမ္မဟူသော အာရမ္မဏပစ္စည်းတရားက အဓိပ္ပေတာ –၌ ဓာတွတ္ထ–အရ မြတ်စွာဘုရား၏ ဆန္ဒပြဓာန်းသော စိတ္တုပ္ပါဒ်အား အာရမ္မဏ၊ အဓိပတိ၊ ဥပနိဿယ သတ္တိဖြင့် ကျေးဇူးပြုသည်။

---

(က) ပုန အနဗ္ဘောတ္တရဏဘာဝေန ကိလေသန္ဓကာရံ ဝိဒ္ဓံသေတုံ အသမတ္ထ–တာယ ဝိဇ္ဇု ဥပမာ ဧတေသန္တိ ဝိဇ္ဇူပမာ။

( ခ) နိဿေသံ ဝိဒ္ဓံသနသမတ္ထတာယ ဝဇိရံ ဥပမာ ဧတေသန္တိ ဝဇိရူပမာ။ ဋ္ဌ၊ ၉၃။

http://www.dhammadownload.com



## အာဘော် သံဝဏ္ဏနာ

က–ဝါကျ၌ ဝိဇ္ဇူ ဥပမာ ဧတေသံ–ဖြင့် ဝိဇ္ဇူပမာ–ပုဒ်ကို ဝိဇ္ဇူဧဝ ဥပမာ–ဟု ကမ္မဓာရယ် သမာသ်လည်းကောင်း၊ ဝိဇ္ဇူစ ဥပမာစ–ဟု ဒွန် သမာသ်လည်းကောင်း၊ ဝိဇ္ဇုယာ ဥပမာ စသည် တပ္ပုရိသ်သမာသ် ဝစနတ္ထ မပြုရ။ ဝိဇ္ဇူ ဥပမာ ဧတေသန္တိ ဝိဇ္ဇူပမာ–ဟု ဗဟုဗ္ဗီဟိသမာသ်ဝစနတ္ထ ပြုရမည်ဟု သိစေသည်။ (အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ)

က–ဝါကျ၌ ပုန–လ–တ္တတာယ–ဖြင့် လျှပ်စစ်နှင့်တူကုန်၏ဟူသည် (ဝိဇ္ဇူပမာ ဟူသည်) တဖန်မလွှမ်းမိုးနိုင်သည်၏အဖြစ်ဖြင့် ကိလေသာတည်းဟူသောအမိုက်မှောင်ကို ဖျက်ဆီးခြင်းငှါ မစွမ်းနိုင်သည်၏အဖြစ်ကြောင့် အောက်မဂ်သုံးပါးတရားတို့သည် လျှပ်စစ်နှင့် တူကုန်၏ဟု သိစေသည်။ (ဘာဝတ္ထ)

အဇ္ဈောတ္ထရဏ။ အဓိ+အဝ+ထရ+ယု။

အနဇ္ဈောတ္ထရဏ။ နတ္ထိ အဇ္ဈောတ္ထရဏံ ယဿာတိ အနဇ္ဈောတ္ထ–ရဏော။ (ကိလေသန္ဓကာရော) အနဇ္ဈောတ္ထရဏဿ ဘာဝေါ အနဇ္ဈောတ္ထရဘာဝေါ။

ဝိဇ္ဇူ။ ကုဋိလာ စိရဋ္ဌာယိတ္တာ (ကုဋိလ+အစိရဋ္ဌာယီ) ဝိရူပံ ဟုတွာ ဇဝတီတိ ဝိဇ္ဇူ။ ဝိပုဗ္ဗော ဇု ဇဝေ ကွိ။ သူစိ။

ခ–ဝါကျ၌ ဝဇိရံ ဥပမာ ဧတေသံ–ဖြင့် ဝဇိရူပမာပုဒ်ကို ဝဇိရံ ဧဝ ဥပမာ–ဟု ကမ္မဓာရယ် သမာသ်လည်းကောင်း၊ ဝဇိရံစ ဥပမာစ–ဟု ဒွန်သမာသ်လည်းကောင်း၊ ဝဇိရဿ ဥပမာ–ဟု တပ္ပုရိသ် သမာသ်လည်းကောင်း ဝစနတ္ထမပြုရ။ ဝဇိရံ ဥပမာ ဧတေသန္တိ ဝဇိရူပမာ–ဟု ဗဟုဗ္ဗီဟိသမာသ် ဝစနတ္ထပြုရမည်ဟုသိစေသည်။ (အဘိဓာနတ္ထ၊သမာသလိင်္ဂပဒတ္ထ)

ခ–ဝါကျ၌ နိဿေသံ ဝိဒ္ဓံသနသမတ္ထတာယ–ဖြင့် ကိလေသာတည်းဟူသော အမိုက်မှောင်ကို အကြွင်းမဲ့ဖျက်ဆီးခြင်းငှါ စွမ်းနိုင်သည်၏ အဖြစ်ကြောင့် အရဟတ္တမဂ် တရားသည် ဝရဇိန်နှင့်တူ၏ဟု သိစေသည်။ (ဘာဝတ္ထ)

ဝဇိရ။ ဝဇတေ န ပဋိဟညတေ ယဿ ဂမနံ ကေနစီတိ ဝဇိရံ။ ဝဇ ဂမနေ ဣရော။ သူစိ။

---

(က) ဗာလေယံသု ဋ္ဌိတတ္တာ ယတ္ထ ဋ္ဌိတာ တဒုပစာရေန ဗာလာ။

( ခ) ပဏ္ဍိတေသု ဋ္ဌိတတ္တာ ပဏ္ဍိတာ။

( ဂ) ဗာလကရတ္တာ ဝါ ဗာလာ။ (ဃ) ပဏ္ဍိတကရတ္တာ ပဏ္ဍိတာ။ ဋ္ဌ၊ ၉၃။

## အာဘော် သံဝဏ္ဏနာစသည်

က–ဝါကျ။ ဗာလေသု ဋ္ဌိတတ္တာ–ဖြင့် လူမိုက်တို့၌ တည်ကုန်သည်တို့၏ အဖြစ်တည်းဟူသောသကတ္တကို သိစေသည်။ (သကတ္ထ)

http://www.dhammadownload.com



ဏပစ္စည်း၏ ကတ္တုသာခနေ၌သက်သည်ကိုလည်းကောင်း၊၂ ကဏ္ဍိတကရာ–ဟုဆိုလိုလျက် ကရနောက်ပုဒ် ကျေသည်ကို လည်းကောင်း၃ သိစေသည်။

၁။ အဘိဓာနဋ္ဌ။ သမာသလိင်္ဂပဒတ္ထ။ ၂။ ဒုတိယပစ္စယတ္ထ။ ၃။ ဘာဝတ္ထ။

## ဂ–ဝါကျ ဝါသဒ္ဒါ

သူမိုက်တို့၌ တည်ကုန်သည်တို့၏အဖြစ်(ဗာလ) ပညာရှိတို့၌ တည်ကုန်သည် တို့အဖြစ် (ပဏ္ဍိတ)တည်းဟူသော ဗာလ, ပဏ္ဍိတတို့၏ သကတ်အနက်အကြောင်းမှ တစ်ပါး မိုက်သည်ကို (မိုက်သည်၏အဖြစ်ကို) ပြုတတ်ကုန်သည်တို့၏အဖြစ် (ဗာလ) ပညာရှိသည်ကို ပြုတတ်ကုန် သည်တို့၏အဖြစ် (ပဏ္ဍိတ)တည်းဟူသော ဗာလပဏ္ဍိတတို့၏ သကတ်အနက်အကြောင်း တစ်ပါးကို လဲလှယ်ပြလိုသောကြောင့် "ဝါ"သဒ္ဒါထားရ သည်။

---

(က) ကဏှာတိ ကာဠကာ။ (ခ) စိတ္တဿ အပဘဿရဘာဝကရဏာ။ (ဂ) သုက္ကာတိ ဩဒါတာ။ (ဃ) စိတ္တဿ ပဘဿရဘာဝကရဏာ။ (င) ကဏှာဘိဇာတိ–ဟောတုတော ဝါ ကဏှာ။ (စ) သုက္ကာဘိဇာတိဟောတုတော သုက္ကာ။ (ဆ) ဣစေဝေ သမ္ဗရာယေစ တပေန္တီတိ တပနီယာ။ ဋ္ဌ၊ ၉၃–၄။

## အာဘော် သံဝဏ္ဏနာစသည်

က–ဝါကျ၌ ကာဠကာ–ဖြင့် ကဏှာသဒ္ဒါသည် အမဲအညစ်ကို ဟောသတည်းဟု သိစေသည်။ (နာမလိင်္ဂတ္ထ)

တစ်နည်း။ ကဏှာသဒ္ဒါကား အမဲအညစ်အနက်ကိုဟောသော ကာဠသဒ္ဒါ၏ ဝေဝုစ် စကားလှယ်ပရိယာယ်တည်းဟု သိစေသည်။ (ပရိယာယ်ပြ အဘိဓေယျတ္ထ)

ခ–ဝါကျ။ စိတ္တဿ –လ– ကရဏာ–ဖြင့် မဲညစ်သောအကုသိုလ်တရားတို့ကား စိတ်ကို ဖြူစင်အောင် အရောင်ထွက်အောင်မပြုနိုင်ဟု သိစေသည်။ (ဘာဝတ္ထ)

မှတ်ချက်။ ဃ–ဝါကျကား က–ဝါကျနှင့်၊ င–ဝါကျကား ခ–ဝါကျနှင့် အာဘော် သံဝဏ္ဏနာတူပြီ။

င–ဝါကျ၌ ဝါသဒ္ဒါဖြင့် အတ္တန္တရကို သိစေသည်။(ဘာဝတ္ထ)

င–ဝါကျ၌ ကဏှာဘိဇာတိဟောတုတော–ဖြင့် မဲညစ်သော အပါယ်ဘုံသား၏ အမျိုး ဇာတ်၊ လူတို့၌ဘုန်းကံမရှိသော သူဆင်းရဲအမျိုးဇာတ်၏ ကဏှာဟူသောအမည်ကို အကြောင်း အကုသိုလ်တရား၌တင်စား၍ ဖလူပစာ (အနုမာနသိဒ္ဓိ)အားဖြင့် ကဏှာမည် သတည်းဟု သိစေသည်။ (ဘာဝတ္ထ)

**အဘိဇာတိ**။ အဘိဇာယတိ ဧတ္ထာတိ အဘိဇာတိ။ သတ္တဝါတို့၏ဖြစ်ရာ အမျိုးဇာတ် (ဘဝ) ရှ၏။

**ကဏှာဘိဇာတိ**။ ကဏှာစ သာ အဘိဇာတိစာတိ ကဏှာဘိဇာတိ, လူတို့၌လည်း ဘုန်းကံမရှိသော သူဆင်းရဲအမျိုးဇာတ်ရှ၏။

http://www.dhammadownload.com



## သိဒ္ဓိ

အကျိုးအဘိဓာတ်၏ ကဏ္ဍာအမည်ကို အကြောင်းအကုသိုလ်တို့၌ တင်စား၍ အကြောင်း အကုသိုလ်တို့ကို ကဏ္ဍာဟုဆိုအပ်သောကြောင့် ဖလူပစာ၊ အနုမာနသိဒ္ဓိ။

✝ ကဏှာဘိဇာတီတိ အပါယာ ဝုစ္စန္တိ မနုဿေစ ဒေါဘဂ္ဂိယံ။ မူလဋီ၊ ၁၊ ၅၆။

စ–ဝါကျ၌ သုက္ကာဘိဇာတိဟောတတော–ဖြင့် ဖြူစင်သောသုဂတိဘုံသား၏ အမျိုးဇာတ်၊ လူတို့၌ဘုန်းကံရှိသောသူချမ်းသာအမျိုးဇာတ်၏ သုက္ကာအမည်ကို အကြောင်း ကုသိုလ်၌တင်စား၍ ဖလူပစာ(အနုမာနသိဒ္ဓိ)အားဖြင့် သုက္ကာမည်သတည်းဟု သိစေသည်။ (ဘာဝတ္ထ)

## ၄–ဝါကျ၌ ဝါသဒ္ဒါ

က–ဝါကျ– ပထမဝိကပ်၌ ကဏှာ–သဒ္ဒါကား မဲညစ်သော အကုသိုလ်ကို မုချတ္ထအားဖြင့် ကဏှာဘိဇာတိဟော၍ ဖလူပစာရတ္ထအားဖြင့် အကုသိုလ်ကိုဟောသည် ဤသို့လျှင် မုချတ္ထကဏှာမှ ဥပစာရတ္ထ တစ်မျိုးကိုလဲလှယ် ပြလိုသောကြောင့် ဝါသဒ္ဒါ ထားရသည်။

စ–ဝါကျသို့လိုက်လာသော ဝါသဒ္ဒါဖြင့် ဂ–ဝါကျ ပထမဝိကပ်၌ သုက္ကသဒ္ဒါကား ကုသိုလ်ကို မုချတ္ထအားဖြင့် ဟောသည်။

စ–ဝါကျ ဒုတိယ ဝိကပ်၌ သုက္ကသဒ္ဒါကား မုချတ္ထအားဖြင့် သုက္ကာဘိဇာတိကိုဟော၍ ဖလူပစာရတ္ထအားဖြင့် ကုသိုလ်ကို ဟောသည်။ဤသို့လျှင် မုချတ္ထသုက္ကမှ ဥပစာရတ္ထသုက္ကတစ်မျိုး ကိုပြသည်။ သို့ပြလိုသဖြင့် ရှေ့ဝါကျမှ ဝါသဒ္ဒါလိုက်လာရသည်။

မှတ်ချက်။ အဋ္ဌသာ၊ ယောဇနာ၊ ဇ–၌ ကဏှာဘိဇာတိဟောတုကို အမျိုးမျိုး ဖွင့်ပြထားသည်။ ရှုလေ။

ဆ–ဝါကျ။ တပေန္တိ–ဖြင့် တပနီယ၌ တပဓာတ်၏အဖြစ်ကိုလည်းကောင်း၊[၁] အနီယပစ္စည်း ကမ္မသာဓန၌ မသက်၊ ကတ္တုသာဓန၌သက်သည်ကိုလည်းကောင်း၊[၂] တပေန္တီတိ တပနီယာ–ဟု ကတ္တုသာဓနဝစနတ္ထ ပြုရမည်ကိုလည်းကောင်း[၃] သိစေသည်။

၁။ ဒုတိယဓာတုပဒ။ ၂။ ဒုတိယပစ္စယတ္ထ။ ၃။ အဘိဓာနတ္ထ။

မှတ်ချက်။ ဤအဋ္ဌသာလိနီအဋ္ဌကထာစာအုပ်၌ တပေန္တိ–ဟု ပ–၌ ဧသရဖြင့် ရှိနေသည်။ နိသျ၊ မင်းခင်း၊ ယောဇနာတို့၌ တပန္တိ–ဟု ပ–၌ အသရဖြင့်သာ ရှိသည်။

မူလဋီ၊ ၁၊ ၅၆–၌ တပယ ဝါ ဒုက္ခယ ဟိတာတိ တပနီယာ– ဟု ဆိုသည်။ တပနပုဒ်+ ဣက၊ ဝါ–ဣယပစ္စည်း တဒ္ဓိတ်ပုဒ်ဟု တစ်မျိုး ကြံပြသည်။ အနုဋီဆရာက အားကျမခံ "ကုသလေဟိ တာပေတဗ္ဗာတိ ဝါ တပနီယာ" ဟု ဖွင့်ပြန်သည်။ နည်းယူဖွယ်ပင်။

http://www.dhammadownload.com



(က) အဓိဝစနဒုကာဒယော တယော အတ္ထတောနိန္နာနာကရဏာ။ (ခ) ဗျဉ္ဇနမေဝတ္ထ နာနံ။ (ဂ) သိရိဝဍ္ဎကော ဓနဝဍ္ဎကောတိအာဒယော ဟိ ဝစနမတ္တမေဝ အဓိကာရံ ကတွာ ပဝတ္တာ အဓိဝစနာ နာမ။ (ဃ) အဓိဝစနာနံ ပထာ အဓိဝစနပထာ။ ဋ္ဌ၊ ၉၄။

## (၂) (၃) ဝါကျခွဲစသည်

### လီနတ္ထရစော ဒနာတက်

ဆရာ၊ သျှင်သာရိပုတ္တရာသည် အဓိဝစနံဂဟဏသော ၃-ဒုက်တို့ကို ဟောတော်မူ၏။ (ထပနာ) ထိုသို့သာဟောချေသော်(လက္ခဏာအရစိ) အဓိဝစနံ ကဲသော ၃-ပါးသောဒုက်တို့သည် သဒ္ဒါအားဖြင့် ထူးသောကြောင့် အနက်အားဖြင့်လည်း ထူး၏ဟူသော အနက်သည် ရောက်ရာ၏။ (အနု+ပါ) စင်စစ်တမူကား ထိုသို့သဒ္ဒါအားဖြင့်ထူးသောကြောင့် အနက်အားဖြင့် ထူး၏ဟူသော အနက်သည် မရောက်သင့်၊(ပဋိ+ပါ) သို့မရောက်သင့်သောကြောင့် အနက် အားဖြင့် ထူးလျှင်ထူးသည့်အလျောက်၊ မထူးလျှင် မထူးသည့်အလျောက် ခွဲကောက် စိတ်ဖြာ၍ ပြဆိုသင့်၏။(အနု+ရော) မပြဆိုဘဲ မနေသင့် မနေတန်၊ (ပဋိ+ရော) (နေချေသော် သံဝဏ္ဏနာမပြည့်စုံသော အဗျာပိတဒေါသ သင့်ရောက်ရာ၏) အဘယ်သို့ မှတ်ရမည်နည်း- ကြောင့် - က-ဝါကျမိန့်။

ရှင်းလင်းချက်။ တပနီယဒုက်ကိုဖွင့်ပြပြီးနောက် အဓိဝစနဒုက်ကို ဖွင့်ပြလိုလျှင် သိရိဝဍ္ဎကော-လ- နိရုတ္တိပထာ-ဟူသာ ဖွင့်ပြရပေမည်။ ယင်းသို့အဘယ့်ကြောင့် မဖွင့်သနည်း။ အဓိဝစန,ပညတ္တိ, နိရုတ္တိတို့သည် သဒ္ဒါအားဖြင့် ကွဲပြားနေ၍ အနက်လည်း ကွဲပြားထူးခြား ပေလိမ့်မည်-ဟု မိစ္ဆာဉာဏ်သက်ဝင်ဘွယ်ရှိသည်။ ထိုမိစ္ဆာဉာဏ်ကို ပယ်နုတ်လို၍ ရှေးဦးစွာ သဒ္ဒတ္ထ- ကို မဖွင့်သေးဘဲ ဒုကာဒယောစသော အမှာစကား, စကားညှပ်, စကားထပ်ကို ဆိုရသည်။

အဓိဝစနာမွောစသော ၃-ဒုက် ပါဠိတော်၌ ပသင်္ဂကို ပယ်လို၍ ဒုကာဒယော စသော (က) (ခ) ဝါကျတက်လာရသဖြင့် ပါဠိတော်ကိုသာ ထပနာထားရသည်။ ဤကျမ်းတက်ကိုလည်း လီနတ္ထရစုဒ်၊ အဇ္ဈောလီနစုဒ်- ဟု ဆရာတို့ဆိုသည်။

ခ-ဝါကျကား အန္ဓယဝါကျ။ ထို-၍ က-ဝါကျကား ဗျတိရေက။

### ခ-ဝါကျ ဋ္ဌပနာပဋ္ဌကတက်

ဆရာ၊ ဆရာသည် က-ဝါကျဖြင့် အဓိဝစနဒုက်အစရှိကုန်သော ၃-ဒုက်တို့သည် အဘိဓေယျတ္ထအား အသီးအသီးကွဲပြားသည်၏အဖြစ်ကို ပြတတ် ပြကြောင်းဖြစ်သော အထူး ဝိသေသမရှိကုန်-ဟု ဗျတိရေကကို ဆိုတော်မူ၏။ (ဘာသာပြန်၍ ထပနာထား) ထိုသို့ဗျတိရေကကို ဆိုချေသော် အန္ဓယ မရှိဟူသောအနက်ရောက်ရာသည်မဟုတ်လော၊ (အာဘော်) ထိုသို့ရောက်ရာ သောကြောင့်(ဟိတ်ဖြာ) ဗျတိရေကကိုသာ မဆိုသင့် (ရှေ့ပယ်=ဋ္ဌပနာပဋိက္ခေပ) အန္ဓယကိုလည်း ဆိုသင့်၏။(အန္ဓယဆွယ်) အန္ဓယကား အဘယ်ဖါနည်း -ကြောင့် ခ-ဝါကျမိန့်။

မှတ်ချက်။ ဤဝါကျမျိုး ဤသို့ ဝါကျတက်သာ တက်လေ။

http://www.dhammadownload.com



- ဣဒါနိ အာဟ ရှိကစေနံ၊ ပစ္စုပ္ပန်ကို အမှန် အာဟ ဟောလေမြဲ။ (ဘုရားကြီး)
- ဣဒါနိနောက်၊ တိတ်ဟောရောက်၊ ဟောမြောက်ပစ္စုပ္ပန်။(ရွှေ)

မှတ်ချက်။ အနုသန္ဓေနောက်တတ္ထ(ဓတ္ထ)အနက်းပေးပုံကို ပါ၊ ဖြေ၊ ၁၊ ၂၄၇ –ရှု။

### (၂)(၃) ဝါကျခွဲစသည်

### က–ဝါကျ ထပနာပဥ္စကကျမ်းတက်

ဆရာ။ မြတ်စွာဘုရားသည် ပါဠိတော်၌ ကတမေ ဓမ္မာစသော စကားကိုဟော တော်မူ၏ (ထပနာ)။ ထိုသို့ဟောတော်မူချေသော် (ဒေါသာပေက္ခ လက္ခဏာ၊ ဝါ–လက္ခဏာ အရုစိ) မာတိကာ၌ ကုသလာ ဓမ္မာစသော စကားကို မဟောရသေးဟူသောအနက်သည် ရောက်ရာသည်မဟုတ်ပါလော

http://www.dhammadownload.com



(အာဘောဂ) ထိုသို့ရောက်ရသောကြောင့် ကတမေ ဓမ္မာ ကုသလာစသော စကားကို မဟောသင့် (ဠပနာပယ်၊ဠပနာပဋ္ဌိက္ခေပ၊ပဋ္ဌိက္ခေပစောဒနာ) တစ်ပါးသောစကားကို သာဟောတော်မူသင့်၏(အန္ဝယစောဒနာ၊ ဝါ-အနုညာတ စောဒနာ) အဘယ်တို့ကို အဘယ်သို့အားဖြင့်ပြခြင်းငှါ (ဓမ္မ ပဘေဒတောကို ကေ ကေန ဒဿေတုံ-ဟုတင်သည်) ကတမေ ဓမ္မာ ကုသလာစသော ဤပဒဘာဇနီကိုအားထုတ် တော်မူအပ်ပါသနည်း။ (ပုစ္ဆာ) ဤသို့သူမေးဘွယ်ရှိ၍ ထိုအမေးကို ဖြေတော်မူခြင်းငှါ၊ ဝါ-ဖြေတော်မူလိုသော အဋ္ဌကထာဆရာသည် ဣဒါနိစသည်ကိုမိန့်။

မှတ်ချက်။ အဓိပ္ပါယ်ပြန်ပါလေ။ အနုသန္ဓေဝါကျမှတ်ဖွယ် ပါ၊ဖြေ၊ ၁၊ နှာ-၄၆၂ မှာရှုလေ။ ကျက်မှတ်ပါလေ။

## ဝါကျမှတ်ဖွယ်

က-ဝါကျကား အနုသန္ဓေသမ္ဗန္ဓ သမုဒါယတ္ထ-သခေ်ပဝါကျ။ တတ္ထရှိသော ခ-စသော ဝါကျများကား အဝယဝတ္ထ၊ ဝိတ္ထာရဝါကျများ။ ထိုတွင် ခ-ဝါကျကား အနိယတ်ဝါကျ။ ဂ-ဝါကျကားနိယတ်ဝါကျ။ ဃ-ဝါကျကား ဝိတ္ထာရဝါကျ။ ဂ-ဝါကျ၌ ဓမ္မဝဝတ္ထာန ဝါကျကိုရဲ့သည်။

---

## ၄။ ဝိဂ္ဂဟာဒိ

† ပဘေဒ။ အညမညတော ပဘိဇ္ဇတီတိ ပဘေဒေါ၊ ဝိသေသော၊ အနုဋီ၊ ၁၊ ၆၅။

ဉာဏ်ကောက်။ ယော ဝိသေသော၊ အကြင်အထူးသည်။ အညမညတော၊ အချင်းချင်း၊ ပဘိဇ္ဇတိ၊ ကွဲပြားတတ်၏။ ဣတိ၊ထို့-ကြောင့်။ သော ဝိသေသော၊ ထိုအထူးသည်။ ပဘေဒေါ၊ ပဘေဒမည်၏။

ပဘိဇ္ဇတိ-ကား ကတ္တုသာဓနကိတ်ဝိဂြိုဟ်၊ ပဘေဒေါ-ကား ကတ္တုသာဓန ကိတ်ပုဒ်။ ပပုဗ္ဗ ဘိဒဓာတ်၊ ဏပစ္စည်း။

ပဉပသာရအရ- ဓာတွတ္ထာနုဝတ္တကဘောဂုဏ်ရ၏။
ဘိဒဓာတ် အရကား အထူးဝိသေသ၏ အချင်းချင်းကွဲပြားခြင်းသတ္တိရ၏။
ဏပစ္စည်း အရကား- သတ္တိမန္တဖြစ်သော အထူးရ၏။

မှတ်ချက်။ ဗျုပ္ပတျာဒိစတုက္ကလွယ်ပြီ။

အနက်ပေး။ ပဘေဒတော၊အချင်းချင်းကွဲပြားသောအားဖြင့်၊ ဝါ-အထူးအားဖြင့်။

နိက္ခိတ္တ။ နိပုဗ္ဗ+ခိပဓာတ်+တပစ္စည်း။ နိရုတ္တိ၊နှာ၊၄၈၄။

နိက္ခိပိယိတ္ထာတိ နိက္ခိတ္တာ။ မာတိကာဃ-စပ်၊ ဣတ္ထိလိင်။

ယထာနိက္ခိတ္တာ။ ယာယာ နိက္ခိတ္တာ ယထာနိက္ခိတ္တာ။

ယာယာ၊ အကြင်အကြင်သို့သော။ နိက္ခိတ္တာ၊ (သတ္တဝါတို့သန္တာန်၌) ဟောထားအပ်သည်တည်း။ ယထာနိက္ခိတ္တာ၊ (သတ္တဝါတို့သန္တာန်၌) ဟောထားအပ်သောတရား။ (မာတိကာဃစပ်၊ မာတိကာကောက်)

http://www.dhammadownload.com



ယာယာ နိက္ခိတ္တာကား ကမ္မဓာရယ်သမာသ်ဝိဂြိုဟ်၊ ယထာနိက္ခိတ္တာ–ကား ကမ္မဓာရယ် သမာသ်ပုဒ်၊ ယထာပုဒ်၊ နိက္ခိတ္တပုဒ်။

ယထာ ဟူသော ဝိသေသနပုဒ်အရကား အကြင်အကြင်ဟူသော ဝိသေသန ဝိစ္ဆာဘော ဂုဏ်သည် မုချ။ ယင်း၏(သတ္တာတို့သန္တာန်၌) ဟောအပ်,ထားအပ်သော မာတိကာနှင့် ဝိသေသန ဝိသေသျ၊ ဂုဏ် ဂုဏောအဖြစ်ဖြင့်စပ်ခြင်း သမ္ဗန်သည် ဌာနူပစာ။ ယထာနိက္ခိတ္တ ဟူသော သမာသ် ပုဒ်လုံးအရကား ထို... ဖြင့်မှတ်အပ်သော အကြင်အကြင်ဟောထားအပ်သော မာတိကာရ၏။ (ဝိသေသနဆက်ကောက်)

**မှတ်ချက်။** ယထာနိမိတ္တပုဒ်သည် ဤမာတိကာပုဒ်၌စပ်သဖြင့် ဣတ္ထိလိင်ပုဒ်၊ သို့ဖြစ်၍ ယင်းကို အဗျယီဘောမကြံသင့်။

† ယထာနိမိတ္တ (ဥဒါန၊ ၁၂၉) ၌ –လ–ယထာဌပိတံ။(ဥဒါန၊ဋ္ဌ၊၂၃၅။)

အာရဒ္ဓံ။ အာရဘိယတေတိ အာရဒ္ဓံ။ ယံပဒဘာဇနီယံ၊ ကို။ ဘဂဝတာ၊ သည်။ အာရဘိယတေ၊ အားထုတ်တော်မူအပ်၏။ ဣတိ တံ အာရဒ္ဓံ။

အာရဘိယတေကား ကမ္မသာဓနေကိတ်ဝိဂြိုဟ်၊ အာရဒ္ဓံကား ကမ္မသာဓနေကိတ်ပုဒ်။ အာပုဗ္ဗ+ရဘ+တ–ပစ္စည်း။

အာဟူသော ဥပသာရအရကား–ဓာတွတ္ထဝိသေသကဘောဂုဏ်ရ၏။

ရဘာဓာတ်အရ ကတ္တုဋ္ဌကြိယာအရကား မြတ်စွာဘုရား၏ ဝီရိယ ပုဗ္ဗင်္ဂမဉာဏ် ပြဋ္ဌာန်သော စိတ္တုပ္ပါဒ်သည်မုချ။

ကမ္မဋ္ဌကြိယာအရကား သဝိညတ္တိကဝစီဘေဒသဒ္ဒဟူသော ပဒဘာဇနီ၏ သဟာဇာတာဒိ– ပစ္စယုပ္ပန္နဘောဂုဏ်ရ၏။ တပစ္စည်းအရကား သဝိညတ္တိက ဝစီဘေဒသဒ္ဒဟူသော ပဒဘာဇနီရ၏။

**မှတ်ချက်။** ပဒဘာဇနီအရ သဝိညတ္တိကဝစီဘေဒသဒ္ဒါကိုယူလျှင် ဓာတ်အရတရားနှင့် သဟာဇာတမျိုးတည်း။ ပဒဘာဇနီအရ မနသာဝဝတ္ထာပိတ သဒ္ဒါကိုယူလျှင် အောက်ပါအတိုင်း ညာသ်ကောက်ရမည်။

အာအရ၊ ရဘာဓာတ်အရ တူပြီ။ ကမ္မဋ္ဌကြိယာအရကား ထို .. စိတ္တုပ္ပါဒ် အားတပ်သော မနသာဝဝတ္ထာပိတဝစီဘေဒသဒ္ဒ၏ အာရမ္မဏ ပစ္စယသတ္တိသည် ဖလူပစာ အားဖြင့်ရ၏။ တပစ္စည်း အရကား ထို မုချ ဖလူပစာတို့ဖြင့်မှတ်အပ်သော မနသာဝဝတ္ထာပိတသဒ္ဒါ ဟူသော ပဒဘာဇနီရ၏။ ဤသို့ကောက်မည်။

## ရှင်းလင်းချက်

ဣဒါနိနောက်၊ တိတ်ဟောရောက်၊ ဟောမြောက်ပစ္စုပ္ပန်–နှင့် အညီ၊ ဣဒါနိ အာရဒ္ဓံ– ဟုရှိသဖြင့် ပစ္စုပ္ပန်ဝိဂ္ဂဟပြုသည်။ အတိတ်ဝိဂ္ဂဟအလိုရှိရာ၌ကား "အာရဘိယိ–တ္တာတိ အာရဒ္ဓံ၊ ဝီရိယံ၊ ရှု၊နှာ–၃၈၃–အလိုအတိုင်း ဝိဂ္ဂဟပြုရာ၏။

http://www.dhammadownload.com



ဘုဉ်ကောက်ရာ၌ "ဒသေတုံ အာရဒ္ဓနှစ်ပါးပြမှု၊ ဝီရိယရှေ့ရှု၊ ဉာဏ်ကိုယူ" နှင့်အညီ ဝီရိယပုဗ္ဗင်္ဂမ ဉာဏ်ပြဓာန်းသောစိတ္တုပ္ပါဒ်ကိုကောက်သည်။ ဤအကောက်သည် ပစ္စည်းပြိုင်၊ ကြိယာငါးတန်စသည်အရကောက်များအတွက် အထူးအရေးကြီးသည်။

ပဒ။ ။ ပဇ္ဇတေ ဉာယတေ အတ္ထော ဧတေနာတိ ပဒံ။ ပဒဓာတ်၊ အပစ္စည်း။

ဘာဇနီယ။ ။ ဘာဇီယတေ အနေနာတိ ဘာဇနီယံ။ ဘဇဓာတ်၊ အနီယပစ္စည်း၊ ကရဏသာဓန။

ပဒဘာဇနီယံ။ ။ ပဒါနံ ဘာဇနီယံ ပဒဘာဇနီယံ။

ပဒါနံ၊ ကုသလာ ဓမ္မာစသောပုဒ်တို့ကို။ ဘာဇနီယံ၊ အကျယ် ဝေဘန်ကြောင်းတည်း။

ပဒါနံ ဘာဇနီယံကား ကမ္မဋ္ဌဆဋ္ဌီတပ္ပုရိသ်သမာသ်ဝိဂြိုဟ်။ ပဒ ဘာဇနီယံကား ကမ္မဋ္ဌဆဋ္ဌီ တပ္ပုရိသမာသ်ပုဒ်။ ပဒပုဒ်၊ ဘာဇနီယပုဒ်၊ ပဒ-ဟူသော ဝိသေသနပုဒ်အရကား ကုသလာ ဓမ္မာစသောပုဒ်တို့ဖြစ်သည်မှချအားဖြင့်ရ၏။ ယင်း၏အကျယ်ဝေဘန်ကြောင်းနှင့် အကျိုးအကြောင်း၊ အကျဉ်း, အကျယ် အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဌာနူပစာ။

ပဒဘာဇနီယ-ကား ကုသလာ ဓမ္မာစသောပုဒ်တို့ကို ဝေဘန်ကြောင်းရ၏။

မှတ်ချက်။ ။ သမ္ဗန်ကို ဗျုပ္ပတ္တိနိမိတ်။ ပဒဘာဇနီတို့၏ တစ်ခုသည် တစ်ခုနှင့်တူခြင်း ဓာတ်သည် ပဝတ္တိနိမိတ်။

မဓုဋီကာအဆို- ပဒဘာဇနီယန္တိ ပဒဘာဇနဝသေန ပဝတ္တဝစနံ။ ဤဋီကာအလို- ဘာဇီယတေ ဘာဇနံ၊ပဒါနံ ဘာဇနံ ပဒဘာဇနံ။ (ကုသလာဓမ္မာစသောပုဒ်တို့ကို အကျယ် ဝေဘန်ခြင်း။)

ပဒဘာဇနေန ပဝတ္တံ ပဒဘာဇနီယံ။ ပဝတ္တဒွိတ်၌ ဣယပစ္စည်းသက်။

ပဒဘာဇနေန၊ ကုသလာ ဓမ္မာစသောပုဒ်တို့ကို အကျယ်ဝေဘန် ခြင်းဖြင့်။ ပဝတ္တံ၊ ဖြစ်သတည်း။ ပဒဘာဇနီယံ၊ ကုသလာ ဓမ္မာစသောပုဒ်တို့ကို အကျယ်ဝေဘန်ခြင်းဖြင့် ဖြစ်သောစကား။

မှတ်ချက်။ ဤအလို ပဒဘာဇနီယ-ဟု နီ-၌ ဣရဿ ရှိရမည်။

ဝဝတ္ထာန။ ။ ဝိ+အဝ+ထာ+ဏော+ယု။ နီတိ၊ ဓာတု၊ ဖဂ။(ပါဠိပဒကျမ်းညွှန်းကြည့်။)

ဝိသုံ ဝိသုံ အဝစ္ဆိန္ဒိတွာ ထာန္တိ တိဋ္ဌန္တိ ဧတ္ထာတိ ဝဝတ္ထာနော။ (ဝါရောမှာစပ်-ပုလ္လိင်။)

ဧတ္ထ၊ ဤဝါရ၌၊ ဝိသုံဝိသုံ၊ အသီးအသီး။ အဝစ္ဆိန္ဒိတွာ၊ ပိုင်းခြားကန့်သတ်၍။ ထာန္တိ တိဋ္ဌန္တိ၊ တည်တတ်ကုန်၏။ ဣတိ သော ဝါရော ဝဝတ္ထာနော။

ဝိ-အရကား အသီးသီး ဝိသုံဘောဂဏ်၊ ဝါ-ဖဿကားတစ်ခြား ဝေဒနာကား တစ်ခြား စသည်အချင်းချင်း တရားတစ်ခုနှင့်တစ်ခု မရောယှက်ခြင်း ဝိသုံဘောဂဏ်ရ၏။ (ဥပသာရ ကောက်တည်း။)

http://www.dhammadownload.com



အဝ–အရကား ပိုင်းခြား ကန့်သတ်ခြင်း အဝစ္ဆိန္နနဘောဂုဏ်ရ၏။

ဌာစာတ်၏အရ ကတ္တုဒ္ဓကြိယာအရကား ဖဿစသောတရားတို့သည် မုချရ၏။

အဓိကရဏာဒ္ဓကြိယာအရကား ထိုဖဿစသောတရားတို့အားတပ်သော ဝတ္ထာန၏ ပကတူပနိဿယသတ္တိသည် ဖလူပစာ။

ယုပစ္စည်းအရကား ထိုမုချ ဖလူပစာအားဖြင့်မှတ်အပ်သော ဝတ္ထာနဝါရ ရ၏။

†ဓမ္မာနံ ဝဝတ္ထာနေ ဓမ္မဝဝတ္ထာနေ။ ဓမ္မဝဝတ္ထာနေ စ သော ဝါရောစာတိ ဓမ္မဝဝတ္ထာနဝါရော–ဟုတွဲလေ။

ဝါရ။ ။ ဝရ သံဝရဏေ၊ ဏ။ သူစိ။ ဝရတိ သံဝရတိ ဧတ္တာတိ ဝါရော–ဟု အဓိကရဏသာဓ်ကြဲလေ။

---

## ( ၅ ) ဓာတုပစ္စယာဒိ

ဒဿိတံ။ ။ ဒိသဓာတ်+ကာရိုက်ဏေပစ္စည်းကျေ+တပစ္စည်း။ ဒဿိယိတ္ထ၊ မြင်စေအပ်ပြီ။ သဒ္ဒတ္ထ။ ဝါ–ပြအပ်ပြီ။ ဝေါဟာရတ္ထ။

ဥဒ္ဒေသ။ ဥဒ္ဒိသီယတေ အဲတ္တော ဧတေနာတိ ဥဒ္ဒေသော။

နိဒ္ဒေသ။ နိဒ္ဒိသီယတေ အတ္တော ဧတေနာတိ နိဒ္ဒေသော။

မှတ်ချက်။ ပါဖြေ၊ ၁၅၇၊ ၅၇၄–အဖွင့်ကြည့်။

### သမ္ဗန္ဓာဓိပ္ပါယ

က–ဝါကျ ဣဒံ ပဒဘာဇနီယံ၌ ဣမသဒ္ဒါကား ပဒဘာဇနီယံဟူသော အစွဲ တင်းလင်း, တိုက်ရိုက်ရှိသောကြောင့် ပသိဒ္ဓဝိသယ ဣမတည်း။

ခ–ဝါကျ၌ တတ္ထဝယ် တသဒ္ဒါကား ရှေ့ဝါကျရှိသော ပဒဘာဇနီယံကိုစွဲသောကြောင့် ပက္ကန္တဝိသယ တသဒ္ဒါ။

ခ–ဝါကျ၌ ယဒေတံ၊ ဝါ–ယံဧတံဝယ် ယံသဒ္ဒါကား ကာမာဝစရ ကုသလံ–ဟူသောအစွဲ တင်လင်း, တိုက်ရိုက်ရှိသောကြောင့် ပသိဒ္ဓဝိသယ ယ–သဒ္ဒါ။

ဂ–ဝါကျ၌ တဿဝယ် တသဒ္ဒါကား ရှေးဝါကျ၌ ကာမာဝစရ ကုသလကို စွဲသောကြောင့် ပက္ကန္တဝိသယတသဒ္ဒါ။

ဃ–ဝါကျ တေသု၌ တသဒ္ဒါကား ရှေးဝါကျ၌ရှိသော ဝါရသုံးမျိုးကိုစွဲသောကြောင့် ပက္ကန္တဝိသယ–တ သဒ္ဒါတည်း။

---

### ကာမအဖွင့်

(က) တတြာယံ ဝစနတ္ထော။ (ခ) ဥဒ္ဒါနတော ဒွေ ကာမာ ဝတ္ထုကာမော စ ကိလေသ–ကာမော စ။ (ဂ) တတ္ထ ကိလေသကာမော အတ္ထတော ဆန္ဒရာဂေါဝ။ ဝတ္ထုကာမော တေဘူမက

http://www.dhammadownload.com



ဝဋ္ဋံ။ (ဃ) ကိလေသကာမော စေတ္ထ ကာမေတီတိ ကာမော။ (င) ဣတရော ပန ကာမိယတီတိ ကာမော။(စ) ယသ္မိံ ပန ပဒေသေ ဒုဝိဓော-ပေသော (လ) ကာမာဝစရော။ (ဆ) သသတ္ထာဝစရော ဝိယ။ (ဇ) ယထာဟ (လ) ဝုစ္စတိ။ ဋ္ဌ၊၁၀၄။

## (၂)(၃) ဝါကျခွဲစသည်

က-ဝါကျကား (ဝိတ္ထာရ၏) အခြေခံပါဒကဝါကျ။ ဝါ-စကား ပျိုးဝါကျ။
ခ-ဝါကျမှ အဝစာရေတီပိ ကာမာဝစရံ(နှာ-၁၀၅)တိုင်အောင်သော ဝါကျတို့ကား -(ကာမာဝစရ ပုဒ်၏) အကျယ်ကိုပြ ဝိတ္ထာရဝါကျ။

ထိုတွင် ခ-ဝါကျကား ကာမအပြားကိုပြသောဝါကျ။ ဂ-ဝါကျကား ကိလေသာ ကာမ၏ သရုပ်တရားကိုယ်နှင့် ဝတ္ထုကာမသရုပ်တရားကိုပြသည်။

### ခ-ဝါကျမှ ဂ-ဝါကျသို့

ဤသို့ ခ-ဝါကျဖြင့် ကာမသည် ဝတ္ထုကာမ, ကိလေသာကာမ-ဟု ၂-ပါး အပြားရှိသောဟု ကာမအပြားကိုပြတော်မူပြီး၍ ယခုအခါ၌ ယင်းကာမနှစ်မျိုးတို့၏ သရုပ် တရားကိုယ်(အနက်) ကိုပြလိုရကား ဂ-ဝါကျမိန့်။

ခ-ဝါကျကား သင်္ခေပဝါကျ။ ဂ-ဝါကျကား ဝိတ္ထာရဝါကျ။
ဒေါသပယ်။ ။ သင်္ခေပဝိတ္ထာရဆန့်ကျင်သော ဝိရောဓိဒေါသပယ့်။
ဃ-ဝါကျကား ဝါကျာရမ္ဘာဝါကျ။ ထို-၍ ဂ-ဝါကျကား အာရဒ္ဓဝါကျ။

### ဂ-ဝါကျမှ ဃ-ဝါကျသို့

ဆရာ၊ ဆရာသည် ဂ-ဝါကျဖြင့် ကိလေသာကာမသည် သရုပ်တရားကိုယ် (အနက်) အားဖြင့် ဆန္ဒရာဂ၊ ဝတ္ထုကာမသည် သရုပ်တရားကိုယ် (အနက်)အားဖြင့် တေဘူမကဝဋ္ဋံဟု ဆိုတော်မူ၏။ ကိလေသာကာမသည် အဘယ်ဝစနတ္ထအားဖြင့် ကာမမည်သနည်း။ ကရဏသာဓန စသည့်ဝစနတ္ထ အားဖြင့် ကာမမည်သလော-ကြောင့် ဃ-ဝါကျမိန့်။ (ဝိရောဓိဒေါပယ်)

### ဃ-ဝါကျမှ င-ဝါကျသို့

ဆရာ၊ ဆရာသည် ကိလေသာကာမသည် ကာမေတီတိ ကာမော ဟူသော ဝစနတ္ထအားဖြင့် ကာမမည်သောဟုဆို၏။ ဝတ္ထုကာမသည်လည်း ကတ္တုသာဓနဝစနတ္ထ ဖြင့်ပင်လျှင် (ဓဝ-အာဘော်) ကာမမည်သလော၊ အဘယ် ဝစနတ္ထအားဖြင့် ဝတ္ထုကာမသည် ကာမမည်ပါသနည်း - ကြောင့် င-ဝါကျမိန့်။

ဒေါသပယ်။ ။ ပက္ခန္တရဝါကျဖြစ်၍ အဗျာပိတ, အပရိပုဏ္ဏဒေါသပယ်။

**မှတ်ချက်။** ။ ဂ-ဝါကျဖြင့် ကာမ၏သရုပ်တရားကိုယ်ကို ဖွင့်ပြ ပြီးနောက် ဃ-ဝါကျဖြင့် ကိလေသာကာမ, င-ဖြင့် ဝတ္ထုကာမ၏ ဝစနတ္ထကိုဆက်ပြသောကြောင့် ဃ-င နှစ်ဝါကျပေါင်းကား

http://www.dhammadownload.com



ဝါကျာရမ္ဘဝါကျ။ ထို-၍ င-ဝါကျကား အာရဒ္ဓဝါကျ။ စေတ္တ-၌ စသဒ္ဒါ ဝါကျာရမ္ဘဇောတက တည်း။ ပြည်သျှင်၌ကား 'စ၊ အထူး'ဟု ဆိုသည်။ သရုပ်မှ ထူးသောဝစနတ္ထကို ဃ-င-ဖြင့်ပြသည်ဟု ဆိုလိုသည်။ အထူးဟု ဆိုစေ၊ ဝိသေသဝါကျကား မဟုတ်ပေ။

စ-ဝါကျကား ကာမဟူသောပုဒ်၏ ဝစနတ္ထမှတစ်ပါး ကာမဝစရပုဒ်၏ ဝစနတ္ထကိုပြသော ကြောင့် ပက္ခန္တရဝါကျ။ ထို-၍ ဃ-င-ဝါကျတို့ကား ကာမပုဒ်၏ ဝစနတ္ထဟူသော အဖို့ကိုပြခဲ့ သောကြောင့် ပက္ခ။

ဒေါသပယ်။ ။ စ-ဝါကျဖြင့် အဗျာပိတ, အပရိပုဏ္ဏဒေါသပယ်။

## စ-ဝါကျမှ ဆ-ဝါကျသို့

ဆရာ၊ ဆရာသည် စ-ဝါကျဖြင့် ကာမနှစ်ပါးတို့၏ ကျင်လည်ရာဖြစ်သောကြောင့် တစ်ဆယ့်တစ်ပါးသောအရပ်သည် ကာမာဝစရမည်သောဟူ၍ဆို၏။ ထို တစ်ဆယ့်တစ်ပါးသော အရပ်၌ ရူပါဝစရ, အရူပါဝစရတရားတို့သည်လည်းဖြစ်သောကြောင့် (ဟေတာလင်္ကာရ) ထိုတစ်ဆယ့်တစ်ပါးသောအရပ်သည် ရူပါဝစရ, အရူပါဝစရ လည်းမည်ရာသည် မဟုတ် လော-အဘယ်သို့မှတ်ရမည်နည်း- ကြောင့် ဆ-ဝါကျမိန့်။

ဆ-ဝါကျကား ဥပမာန၊ ဝါ-ဒဋ္ဌိကရဏဝါကျ။ ထို-၍ စ-ဝါကျကား ဥပမေယျ ဝါကျ။ ဝါ- ဒ ဋ္ဌိယဝါကျ။ (ဝိရောဓိဒေါသ)

ဇ-ဝါကျကား ဝိတ္ထာရဝါကျ။ ထို-၍ ဆ-ဝါကျကား သင်္ခေပဝါကျ။ (ဝိရောဓိဒေါသ)

---

## (၄) ဝိဂ္ဂဟာဒိ

ကာမော။ ကာမေတီတိ ကာမော။ ယော ဓမ္မော၊ အကြင်ဆန္ဒရာဂသည်။ ဝတ္ထုကာမံ၊ ကို။ ကာမေတိ၊ အလိုရှိတတ်၏။ ဣတိ သော ကာမော။

ကာမေတိ-ကား ကတ္တုသာဓနကိတ်ဝိဂြိုဟ်၊ ကာမောကား ကတ္တုသာဓနကိတ်ပုဒ်။ ကမုဓာတ်+ဏပစ္စည်း။

ကမုဓာတ်အရကား ဆန္ဒရာဂ၏ဝတ္ထုကာမကို အလိုရှိတတ်သော သတ္တိလက္ခဏာ သဘာဝရ၏။ ဏ-ပစ္စည်းအရကား သတ္တိမန္တ လက္ခဏာဝန္တ သဘာဝဝန္တဖြစ်သော ဆန္ဒရာဂရ၏။

## ဗျုပ္ပတ္တိစတုက္က

၂။ ကမုဓာတ် ဏပစ္စည်းသည်လည်းကောင်း၊ လိုချင်ခြင်းကြိယာသည်လည်းကောင်း ဗျုပ္ပတ္တိနိမိတ်။

၄။ ကိလေသာကာမ(ဆန္ဒရာဂ) တို့၏ တစ်ခုသည်တစ်ခုနှင့်တူခြင်း ဇာတ်သည် ပဝတ္တိနိမိတ်။

http://www.dhammadownload.com



**ကာမ**။ ကာမီယတီတိ ကာမော။ ယံ တေဘူမကဝဋ္ဋံ၊ ကို။ သတ္တေဟိ၊ တို့သည်။ ကာမီယတိ၊ အလိုရှိအပ်၏။ ဣတိ တံ ကာမော။

ကာမီယတိကား ကမ္မသာဓနကိတ်ဝိဂြိုဟ်။ ကာမောကား ကမ္မသာဓနကိတ်ပုဒ်။ ကမုဓာတ်+ဏပစ္စည်း။

ကမုဓာတ်အရ ကတ္တုဗြ္ဗ–ကား–သတ္တဝါတို့၏ဆန္ဒရာဂ ပြဓာန်းသော စိတ္တုပ္ပါဒ်သည် မုချ။

ကမ္မဒ္ဗ–ကား–ထိုအားတပ်သော တေဘူမကဝဋ္ဋ၏အာရမ္မဏ ပစ္စယသတ္တိသည် ဖလူပစာ။

ဏ–ပစ္စည်း–ကား ထိုမုချဖလူပစာတို့ဖြင့်မှတ်အပ်သော တေဘူမကဝဋ္ဋ (ဝတ္ထုကာမ) ရှ၏။

**ဗျုပ္ပတ္တိစတုက္က**

၂။ ကမုဓာတ် ဏပစ္စည်းသည်လည်းကောင်း၊ အလိုရှိအပ်ခြင်းကြိယာသည်လည်းကောင်း ဗျုပ္ပတ္တိနိမိတ်။

၄။ ဝတ္ထုကာမ(ဝါ) တေဘူမကဝဋ္ဋတရား၏ တစ်ပါးသည် တစ်းပါးနှင့်တူခြင်း ဇာတ်သည် ပဝတ္တိနိမိတ်။

**သသတ္တာဝစရော**။ သဟသတ္တေန ယေ ဝတ္တန္တီတိ သသတ္တာ။ အဝစရန္တိ ဧတ္ထာတိ အဝစရော။ သသတ္တာနံ အဝစရော သသတ္တာဝစရော။(အဋ္ဌသာ၊ယော၊၇၅)

သဟသတ္တေန ယေ ဝတ္တန္တီတိ သသတ္တာ။

ယေ၊ အကြင်စစ်သားတို့သည် သတ္တေန၊ လက်နက်နှင့်၊ သဟ၊တကွ။ ဝတ္တန္တိ၊ ဖြစ်တတ်ကုန်၏။ ဣတိ တေ သသတ္တာ။

သဟသတ္တေန ယေ ဝတ္တန္တိကား သဟပုဗ္ဗဗဟုဗ္ဗီဟိသမာသ်ဝိဂြိုဟ်၊ သသတ္တာကား သဟပုဗ္ဗဗဟုဗ္ဗီဟိသမာသ်ပုဒ်။ သဟပုဒ်၊သတ္တပုဒ်၊ ယပုဒ်။

သဟသတ္တဟူသောဗဟုဗ္ဗီဟိသမာသ်ပုဒ်လုံးအရကား–လက်နက်နှင့် တကွ ဖြစ်ခြင်း သဟဝတ္တနဘောဂုဏ်၊ဝါ–တကွဖြစ်သော လက်နက်သည် မုချ။

ယင်း လက်နက်နှင့်တကွဖြစ်ခြင်း သဟဝတ္တနဘောဂုဏ်၏၊ဝါ–တကွဖြစ်သော လက်နက်၏ စစ်သားတို့ဒြဗ်နှင့် ဂုဏ်,ဂုဏေး၊ဝါ–ဌာနီ ဌာန၊ သံ သာမိအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဌာနူပစာ။

ယ–ဟူသောအညပုဒ်အရကား ထိုမုချဌာနူပစာတို့ဖြင့်မှတ်အပ်သော စစ်သားတို့ ဒြဗ်ရှ၏။

**ဗျုပ္ပတ္တိစတုက္က**

၂။ လက်နက်နှင့်တကွဖြစ်ခြင်း သဟဝတ္တနဘောဂုဏ်၏ စစ်သားတို့ ဒြဗ်နှင့် ဂုဏ်ဂုဏေး အဖြင့်ဖြင့် စပ်ခြင်းသမ္ဗန်သည်၊ဝါ–တကွဖြစ်သော လက်နက်၏ စစ်သားဒြဗ်နှင့် ဌာနီ ဌာန၊ သံ သာမိ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။

http://www.dhammadownload.com



၄။ စစ်သားတို့၏ တစ်ယောက်သည်..ဓာတ်သည် ပဝတ္တိနိမိတ်။

အဝစရန္တိ ဇွေတ္တာတိ အဝစရော။

ဇွေတ္တပဒေသေ၌၊ သသတ္ထာ၊ လက်နက်နှင့်တကွဖြစ်ကုန်သော စစ်သားတို့သည်။ အဝစရန္တိ၊ လှည့်လည်ကျင်လည်တတ်ကုန်၏။ ဣတိ သော ပဒေသော၊ သည်။ အဝစာရော။

အဝစရန္တိ ဇွေ-ကား အဓိကရဏသာဓနကိတ်ဝိဂြိုဟ်၊ အဝစရော ကား အဓိကရဏကိတ်ပုဒ်။ အဝပုဗ္ဗ+စရဓာတ်၊ အပစ္စည်း။

စရဓာတ်အရ-ကတ္တုဗြူကြိယာအရကား လှည့်လည်ကျင်လည်သော စစ်သားတို့၏ သတိ ဝီရိယပြဓာန်းသောစိတ္တုပ္ပါဒ်သည်မုချ။

အဓိကရဏတ္တကြိယာအရကား ထိုအားတပ်သောအရပ်ဒေသ၏ ပကတူပနိဿယ သတ္တိသည် ဖလူပစာ။

အ-ပစ္စည်းအရကား ထိုမုချဖလူပစာတို့ဖြင့်မှတ်အပ်သော လှည့်လည်ကျင်လည်ရာ အရပ်ရ၏။

## ဗျုပ္ပတ္တိစတုက္က

၂။ အဝပုဗ္ဗ စရဓာတ် အပစ္စည်းသည်လည်းကောင်း၊ လှည့်လည်ကျင်လည်ခြင်း ကြိယာ သက္ကတ်သည်လည်းကောင်း ဗျုပ္ပတ္တိနိမိတ်။

၄။ လှည့်လည် ကျင်လည်ရာအရပ်ဒေသတို့၏ တစ်ခုသည်တစ်ခု နှင့်တူသော အချင်းအရာ ဟုဆိုအပ်သောဓာတ်သည် ပဝတ္တိနိမိတ်။

သသတ္ထာနံ အဝစရော သသတ္ထာဝစရော။

သသတ္ထာနံ၊ လက်နက်နှင့်တကွဖြစ်ကုန်သောစစ်သားတို့၏။ အဝ စာရော၊ လှည့်လည်ရာ ကျင်လည်ရာအရပ်ဒေသတည်း။ သသတ္ထာဝစရော၊ လက်နက်နှင့် တကွဖြစ်သော စစ်သားတို့၏ လှည့်လည်ရာကျင်လည်ရာအရပ် ဒေသ။

သသတ္ထာနံ အဝစရောကား ဆဋ္ဌီတပ္ပုရိသမာသ်ဝိဂြိုဟ်၊ သသတ္ထာ ဝစရောကား ဆဋ္ဌီ တပ္ပုရိသ်သမာသ်ပုဒ်။ သသတ္ထပုဒ်၊ အဝစာရပုဒ်။

သသတ္ထဟူသော ဝိသေသနပုဒ်အရကား-လက်နက်နှင့်တကွဖြစ်ကုန်သော စစ်သားတို့ ဒြဗ်သည် မုချရ၏။

ယင်း၏ လှည့်လည်ရာကျင်လည်ရာအရပ်ဒေသနှင့် ဌာနီဌာန အဖြစ်ဖြင့်စပ်ခြင်း သမ္ဗန်သည် ဌာနူပစာအားဖြင့်ရ၏။

သသတ္ထာဝစရောဟူသောသမာသ်ပုဒ်အရကား-ထိုမုချဌာနူပစာတို့ဖြင့် မှတ်အပ်သော လက်နက်နှင့်တကွဖြစ်သော စစ်သားတို့၏ လှည့်လည်ကျင်လည်ရာ အရပ်ရ၏။

http://www.dhammadownload.com



## ဗျူပ္ပတ္တိစတုက္က

၂။ လက်နက်နှင့်တကွဖြစ်ကုန်သောစစ်သားတို့၏ လှည့်လည်ရာအရပ်နှင့် ဌာန်ဌာန အဖြစ်ဖြင့်စပ်ခြင်းသမ္ဗန်သည် ဗျူပ္ပတ္တိနိမိတ်။

၄။ လက်နက်နှင့်တကွဖြစ်သောစစ်သားတို့၏ လှည့်လည်ကျင်လည်ရာ အရပ်ဒေသတို့၏ တစ်ခုသည်..ဓာတ်သည် ပဝတ္တိနိမိတ်။

---

## (၅) ဓာတုပစ္စယာဒိ

ဥဒ္ဒါန။ ဥပုဗ္ဗ+ဒါဓာတ်+ယုပစ္စည်း။ နပုလ္လိင်၊ စိတ္တာဒိ

မှတ်ချက်။ ဥဒ္ဒါနတော-ပုဒ်ကို မူလဋီကာ၌ ဥဒ္ဒေသတော သခေ်ပတော ဖွင့်သည်။

သတ္တ။ သသုဓာတ်+ထပစ္စည်း။

†သသု ဟိံသာယံ ထော။ သသတီတိ ဟိံသတိ သတ္တေ ဧတေနာတိ သတ္ထံ။ (သူစိ)

ကာမာဝစရော။ ကာမ ၁၁-ဘုံဟော (ပဒေသရသဖြင့်) ပုလ္လိင်၊ပုရိသာဒိဂိုဏ်း။

မှတ်ချက်။ စိတ္တံပုဒ်ငဲ့လျှင် ကာမာဝစရံ နပုလ္လိင်၊ စိတ္တာဒိ။

---

## (၆) အာဘောဂ သံဝဏ္ဏနာ

ခ-ဝါကျဖြင့် ကာမတို့သည် အကျဉ်းအားဖြင့် ဝတ္ထုကာမ, ကိလေသာကာမ-ဟု နှစ်မျိုးတို့တည်းဟုသိစေသည်။ (ဘာဝတ္ထ)

ဂ-ဝါကျ၌ ကိလေသကာမော အတ္ထတော ဆန္ဒရာဂေါ-ဖြင့် ကိလေသကာမ အရ ဆန္ဒရာဂကိုသာယူရမည်ဟု သိစေသည်။ (အဘိဓေယျတ္ထ)

ဂ-ဝါကျ၌ ဝတ္ထုကာမော တေဘူမကဝဋ္ဋံ-ဖြင့် ဝတ္ထုကာမအရ တေဘူမကဝဋ္ဋတရားကို ယူရမည်ဟု သိစေသည်။ (အဘိဓေယျတ္ထ)

ဃ-ဝါကျဖြင့် ကိလေသကာမရအောင် ကာမပုဒ်ကို ကာမေတီတိ ကာမော-ဟု ကတ္တုသာဓနပြု (ကံရဏသာဓနစသည်မပြုရ)ရမည်ကိုလည်းကောင်း၊[၁] ဏပစ္စည်း၏ ကတ္တုသာဓန၌ သက်သည်ကိုလည်းကောင်း[၂] သိစေသည်။ ၁။ အဘိဓာနတ္ထ။ ၂။ ဒုတိယပစ္စယတ္ထ။

င-ဝါကျဖြင့် ဝတ္ထုကာမရအောင် ကာမိယတီတိ ကာမော-ဟု ကမ္မသာဓနပြု (ကရဏသာဓနစသည်မပြုရ) ရမည်ကိုလည်းကောင်း၊[၁] ဏပစ္စည်း၏ ကမ္မသာဓန၌ သက် သည်ကိုလည်းကောင်း[၂] သိစေသည်။ ၁။ အဘိဓာနတ္ထ။ ၂။ ဒုတိယပစ္စယတ္ထ။

စ-ဝါကျ၌ ကာမော ဧတ္ထ အဝစရတိ-ဖြင့် ကာမာဝစရပုဒ်ကို ကာမော အဝစရတိ ဧတ္ထာတိ ကာမာဝစရောဟု အဓိကရဏသာဓနဝစနတ္ထပြုရမည်ကိုလည်းကောင်း၊[၁] တစ်နည်း။ အဝစရတိ

http://www.dhammadownload.com



တွေ့ာတိ အ၀စရောဟု အဓိကရဏသာဓနဝစနတ္ထ ပြုရမည်ကိုလည်းကောင်း၊[၂] ဏပစ္စည်း၏ အဓိကရဏသာဓနေ၌ သက်သည်ကိုလည်းကောင်း၊[၃] ကာမပုဒ်နှင့် အဝစရပုဒ်ကို ကာမသ အဝစရော ကာမာဝစရောဟု ဆဋ္ဌီတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်ကိုလည်းကောင်း[၄] သိစေသည်။

၁။ အဘိဓာနတ္ထ။ ၂။ အဘိဓာနတ္ထ။ ၃။ ဒုတိယပစ္စယတ္ထ။

၄။ အဘိဓာနတ္ထ။ သမာသလိင်္ဂပဒတ္ထ။

စ-ဝါကျ၌ ကောဒသဝိဓော ပဒေသော ဖြင့် ကာမာဝစရအရ တစ်ဆယ့်တစ်ပါး အပြားရှိသော အရပ်ဒေသကို ယူရမည်ဟု သိစေသည်။ (အဘိဓေယျတ္ထ)

စ-ဝါကျ၌ စတုန္နံ (လ) ဒေဝလောကာနံ ဝသေန-ဖြင့် ကေဒသသချ်ာ၏ သချေ်ယျကို သိစေသည်။ (ဘာဝတ္ထ)

စ-ဝါကျ၌ ပဝတ္တိဝသေနဖြင့် နောက် (နှာ-၁၀၅) ၌ ဆိုလတ့်သော အာရမ္မဏ ကရဏ-ဝသေနကို နစ်စေသည်။ (ဘာဝတ္ထ)

စ-ဝါကျ၌ ဒုဝိဓောပေသော ကာမော ဖြင့် ကာမတစ်ဆယ့်တစ်ဘုံ၌ ဝတ္ထုကာမ, ကိလေသကာမနှစ်မျိုးလုံး ကျင်လည်သတည်းဟု သိစေသည်။ (ဘာဝတ္ထ)

---

## (၇) ဥပသဂ္ဂနိပါတတ္ထ

(က) ဝါကျ-ဥဒ္ဒါနတော ၌ ဥ-ဥပသာရကား ဥဒ္ဒံကမ္မတ္ထ။

ဝတ္ထုကာမောစ ကိလေသကာမောစ-၌ စသဒ္ဒါကား အညမညသမုစ္စည်း။

(ဂ) ဝါကျ ဆန္ဒရာဂေါဝ-၌ ဧဝသဒ္ဒါကား အဝဓာရဏတ္ထ။

၁။ ဆန္ဒရာဂသည် ဂဟေတဗ္ဗတ္ထ။

၂။ ဆန္ဒရာဂမှတစ်ပါးသောတေဘူမကဝဋ်တရားသည် နိဝတ္တေတဗ္ဗတ္ထ။

၃။ ဆန္ဒရာဂ၏ တပ်မက်ဖြင်းသဘောဂုဏ်သည် အနုညာတတ္ထ။

(ဃ) ဝါကျ စေတ္ထ-၌ စသဒ္ဒါကား ဝါကျာရမ္ဘဇောတက။ (နိသျအလို ဝိသေသ)

(င) ဝါကျ ဣတရော ပန-၌ ပနသဒ္ဒါကား ပက္ခန္တရဇောတက။

(စ) ဝါကျ ယသ္မိံ ပနဒ္ဓ ပနသဒ္ဒါကား ပက္ခန္တရဇောတက။ ဒုဝိဓောပေသော၌ ပိသဒ္ဒါကား အဝဂါဠှ (အဝဂါဟ) အနက်ဟော။

† အဝဂါဠှာဝ စရန္တိ။ ဠှ၊ ၄၁၇။

† အဝသဒ္ဒေန အဝဂါဟတ္တော။ မူလ၊ ဋီ၊၁၊၁၇၆။

ဆန္ဒဥ္စ-၌ စသဒ္ဒါကား အညမညသမုစ္စယတ္ထ။

စ-ဝါကျ သသတ္တာဝစရောဝိယ-၌ ဝိယသဒ္ဒါကား ဥပမာနဇောတက။

http://www.dhammadownload.com



### သမ္ဗန္ဓာမဝိသယ

က–ဝါကျ တတြဒ္ဓိ တသဒ္ဒါကား ရှေ့ဝါကျ၌ဆိုအပ်ပြီးသော ကာမာဝစရံကို စွဲသောကြောင့် ပဋ္ဌက္ခိုဝိသယ တ။

ဂ–ဝါကျ တတ္ထ၌ တသဒ္ဒါကား ရှေ့ဝါကျ၌ဆိုအပ်ပြီးသော ဝတ္ထုကာမ ကိလေသကာမကို စွဲသောကြောင့် ပဋ္ဌက္ခိုဝိသယ။

င–ဝါကျ၌ ဣတရောကား ရှေ့ဝါကျ၌ ဆိုအပ်ပြီးသော ဝတ္ထုကာမကို စွဲသောကြောင့် ပဋ္ဌက္ခိုဝိသယ ဣတရ။

စ–ဝါကျ ဧသော၌ ဧတသဒ္ဒါကား ကာမောဟူသောအစွဲတင်းလင်း (တိုက်ရိုက်) ရှိသောကြောင့် ပသိဒ္ဓိဝိသယ ဧတ။

သော စတုန္နံ–၌ သောဝယ် တသဒ္ဒါကား ပဒေသဟူသော အစွဲတင်းလင်း ရှိသောကြောင့် ပသိဒ္ဓိဝိသယ တ။

---

## (၉) ကြိယာငါးတန်

၁။ ကာမေတိ အရ ဆန္ဒရာဂသည် ဒဿနတ္ထ။

၂။ အယောနိသောမနသိကာရသည် ဒီပကတ္ထ။(အကြောင်း)

၃။ သာဝဇ္ဇဒုက္ခဝိပါကသည် ပကာသနတ္ထ။(အကျိုး)

၄။ အသဒ္ဓမ္မသဝန, အကွဏာ, အသပ္ပုရိသနိဿယ– ဝိဘာဝတ္ထ။

၅။ ဒုဂ္ဂတိဘေးသည် –အနုဘာဝတ္ထ။

မှတ်ချက်။ ကိလေသကာမောအရ၊ ကာမေတီတိ ကာမော၌ ကာမောအရ၊ ကာမိယတိ၌ ကတ္တုဋ္ဌ ဝါ–ဓာတွတ္ထအရ (ညာသ်ကောက်နှင့် ယှဉ်ကြည့်) ဆန္ဒရာဂချည်း ရသည်ကို သတိရှိစေ။

၁။ ဝတ္ထုကာမအရ တေဘူမကဝဋ်သည် ဒ ဿနတ္ထ။

၂။ ဆန္ဒရာဂ၊ ဝါ–တဏှာသည် ဒီပကတ္ထ။

၃။ ဇာတိ ဇရာ ဗျာဓိမရဏစသောဒုက္ခသည် ပကာသနတ္ထ။

၄။ ဝေဒနာအစ အဝိဇ္ဇာအဆုံးအဆက်ဆက်သောအကြောင်းတို့သည် ဝိဘာဝတ္ထ။

၅။ သံသရာ၌ ဖန်ခါခါကျင်လည်ရခြင်း အနုဘာဝတ္ထ။

## (၁၀) ပဋ္ဌာန်းပစ္စည်းပြိုင်

ဃ–ဝါကျ၌ ကိလေသကာမော အရ ဆန္ဒရာဂရ၍ ကာမေတိအရလည်း ဆန္ဒရာဂပင် ရသည်။ ယင်းဆန္ဒရာဂပစ္စည်းတရားက လောဘမူစိတ် ၈–ပါး လောဘ ကြဉ်သော စေတသိက် ကေဝီသအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြု။

ပစ္စည်းပြိုင်။ ဟေတု၊ သဟဇာတ၊ အညမည၊ နိဿယ၊ သမ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ– ၇ ပစ္စည်း။

http://www.dhammadownload.com



ဃ–ဝါကျ၌ ဝတ္ထုကာမံဟူသော ပါဠိသေသပုဒ်အရ တေဘူမကဝဋ်တရားဟူသော အာရုံပစ္စည်းတရားက ကာမေတိကြိယာအရ ဆန္ဒရာဂ အာရမ္မဏိကပစ္စယုပ္ပန်တရားအား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြု။

ပစ္စည်းပြိုင်။ ၁။ တေဘူမကဝဋ်တရားတွင် အလေးအမြတ်ပြုအပ်သော ဣဋ္ဌဖြစ်သော နိပ္ဖန္နရုပ်အဋ္ဌာရသအာရုံပစ္စည်းတရားက ဆန္ဒရာဂ အာရမ္မဏိကပစ္စယုပ္ပန် တရားအား အာ+ဓိ+ဥ–ဖြင့် ကျေးဇူးပြု။

၂။ တေဘူမကဝဋ်တရားတွင် စုတိစိတ်မှပြန်၍ရေသည်ရှိသော် တစ်ဆယ့်ခုနစ် ချက်မြောက်သောစိတ်နှင့်အတူဥပါဒ်သော ဟဒယဝတ္ထုအာရုံ ပစ္စည်းတရားက မရဏာသန္န လောဘ(ဆန္ဒရာဂ)ဇောအား အာ,နိ,ပု,ဝိပ္ပ,တ္ထိ, အဝိဂတ–၆ ပစ္စည်း။

၃။ တေဘူမကဝဋ်တရားတွင် ပစ္စုပ္ပန်နိပ္ဖန္နရုပ်အဋ္ဌာရသအာရုံပစ္စည်းတရားက ဆန္ဒရာဂ –လ– အား အာ၊ ပု၊ တ္ထိ၊ အဝိဂတဖြင့် ကျေးဇူးပြု။ (၄)

၄။ တေဘူမကဝဋ်တရားတွင် အလေးအမြတ်ပြုအပ်သော ဣဋ္ဌဖြစ်သော ပစ္စုပ္ပန်နိပ္ဖန္နရုပ်အဋ္ဌာရသဟု ဆိုအပ်သော အာရုံပစ္စည်းတရားက အလေးအမြတ်ပြု တတ်သော ဆန္ဒရာဂ –လ– အား အာ, ဓိ, ဥ, ပု, တ္ထိ, အဝိ–၆–ပစ္စည်း။

၅။ ။ တေဘူမကဝဋ်တရားတွင် စုတိစိတ်မှပြန်၍ရေသည်ရှိသော် တစ်ဆယ့် ခုနစ်ချက်မြောက်သောစိတ်နှင့်အတူဥပါဒ်သော အလေးအမြတ်ပြုအပ်သော ဟဒယဝတ္ထု အာရုံ ပစ္စည်းတရားက အလေးအမြတ်ပြုတတ်သော လောဘမူ (ဆန္ဒရာဂ)မရဏာသန္နဇော ငါးချက်အား အာ,ဓိ,နိ,ဥ,ပု, ဝိပ္ပ,တ္ထိ, အဝိဂတ ယထာရဟ (၈) ပစ္စည်း။

ဂ–ဝါကျ၌ ဣတရောအရ, ကာမိယတိ, တစ်ပုဒ်လုံးအရ –ဝါ– တိဝိဘတ် ဟူသော ဗာဟျတ္ထအရ, ကာမောအရ–ဝတ္ထုကာမ (တေဘူမကဝဋ်) ရ၏။ ကာမိယတိ၌ ကမုဓာတ်အရ–ကတ္တားဖြစ်သော ကိလေသကာမရ၏။ သို့ဖြစ်၍ ဣတရောအရက ကမုဓာတ်အရဆိုလျှင် အာရုံမျိုးပင်။ ဝတ္ထုကာမနှင့် ဆန္ဒရာဂ အထက်ကကဲ့သို့ အစိတ် အစိတ် အာရမ္မဏပြိုင်။

စ–ဝါကျ၌ ယသ္မိံပဒေသေနှင့် အဝစရတိ – ပကတူပနိဿယ ပဋ္ဌာန်းစာစပ်။ ယသ္မိံ ပဒေသေအရ ကာမဆယ့်တစ်ဘုံပစ္စည်းတရားက အဝစရတိ အရ ဝတ္ထုကာမ ကိလေသကာမအား ပကတူပနိဿယပစ္စည်းဖြင့် ကျေးဇူးပြု။ (ပြိုင်နိုင်သောပစ္စည်း မရှိ)

---

(က) သွာယံ ယထာရူပဘာဝေါ ရူပံ –လ– ကာမောတွေဝ ဝုစ္စတိ။

(ခ) ဧဝမိဒံ စိတ္တံ ဣမသ္မိံ ကောဒ္ဒသပဒေသသင်္ခါတေ ကာမေ အဝစရတီတိ ကာမာဝစရံ။ ဋ္ဌ၊ ၁၀၄။

http://www.dhammadownload.com



## (၆) အာဘောဂ သံဝဏ္ဏနာ

သွာယံ ကာမောတွေ ဝုစ္စတိ-ဖြင့် ထိုတစ်ဆယ့်တစ်ပါးသောအရပ် (ပဒေသ)ကို ကာမဟုဆိုအပ်သတည်းဟု သိစေသည်။ (ဘာဝတ္ထ)

ဥတ္တရပဒလောပံ ကတွာဖြင့် ကာမာဝစရသဒ္ဒါကို ကာမပြု၍ ကာမောဟုဆိုသည် မဟုတ် (မျ) အဝစရနောက်ပုဒ်ကိုချေ၍ ကာမဟု ဆိုအပ်သတည်းဟု သိစေသည်။ (ဘာဝတ္ထ)

ယထာရူပဘာဝေါရူပံဖြင့် ရူပဘာဝေါ၌ ဘဝဟူသော နောက်ပုဒ်ကိုချေသကဲ့သို့ ဤ၌ အဝစရ ဟူသောနောက်ပုဒ်ကိုချေ၍ ကာမောဟုရုပ်ပြီးသတည်းဟု (ဝဏ္ဏလောပ နိရုတ္တိနည်းကို) သိစေသည်။ (ဘာဝတ္ထ)

ခ-ဝါကျ၌ ဣဒံ စိတ္တံဖြင့် ကာမာဝစရံ အရ စိတ်ကိုယူရမည်၊ ရှေး၌ကဲ့သို့ ကာမတစ်ဆယ့် တစ်ဘုံကို့ မယူရဟုသိစေသည်။ (အဘိဓေယျတ္ထ)

ခ-ဝါကျ၌ ဣမသ္မိံ ကေဒသသခ်ါတေ-ဖြင့် ကာမေအရ အပါယ်စသော ကာမ ဆယ့်တစ် ဘုံကိုယူရမည်ဟုသိစေသည်။ (အဘိဓေယျတ္ထ)

ခ-ဝါကျ၌ ကာမေအဝစရတိ-ဖြင့် အဝစရအရ ပုဒ်ကို အဝစရတီတိ အဝစရံဟု ကတ္တု သာဓနဝစနတ္ထပြုရမည်ကိုလည်းကောင်း၊[၁] အပစ္စည်း၏ ကတ္တုသာဓန၌သက်သည်ကိုလည်း ကောင်း၊[၂] ကာမနှင့်အဝစရကို ကာမေ အဝစရံ ကာမာဝစရံဟု သတ္တမီတပ္ပုရိသ် သမာသ်ဝစနတ္ထပြုရ မည်ကိုလည်းကောင်း[၃] သိစေသည်။

၁။ အဘိဓာနတ္ထ။ ၂။ ဒုတိယပစ္စယတ္ထ။ ၃။ အဘိဓာနတ္ထ။ သမာသလိင်္ဂပဒတ္ထ။

---

ဓေမိဒံ စိတ္တံ ဣမသ္မိံ (လ) ကာမာဝစရံ –

(က) ကိဉ္စာပိ ဟိ တော် ရူပါရူပဘာဝေသုပိ အဝစရတိ။ (၁) ယထာ ပန သင်္ဂါမေ အဝစရဏာတော (လ) သင်္ဂါမာဝစရောတွေဝ ဝုစ္စတိ။ (၂) ထလဇလစရာ စ ပါဏာ (လ) ထလစရာဇလစရာတွေဝ ဝုစ္စန္တိ။ (ခ) ဓေမိဒံ အညတ္ထ အဝစရန္တမ္ပိ ကာမာဝစရမေဝါတိ ဝေဒိတဗ္ဗံ။ (ဂ) အာရမ္မဏကရဏာဝသေန ဝါ ဧတ္ထ ကာမော အဝစရတီတိပိ ကာမာဝစရံ။ ဋ္ဌ၊ ၁၀၅။

## (၂) (၃) ဝါကျခွဲစသည်

(က) (ခ) ဝါကျကား စောဒနာဘွယ်ရှိ၍ ဆက်လက်ပြသောကြောင့် ဝါကျာရမ္ဘ ဝါကျ။ ထို-၍ ဓေမိဒံ -လ- ကာမာဝစရံကား အာရဒ္ဓဝါကျ။ (ဝိရောဓိဒေါသ)

## (က) (ခ) ဝါကျ ကျမ်းတက်

ဆရာ၊ ဆရာသည် ဓေမိဒံစိတ္တံစသောဝါကျဖြင့် ဤ(၅၄)ပါးသောစိတ်သည် ကာမဘုံ၌ ကျင်လည်တတ်သောကြောင့် ကာမာဝစရမည်သောဟုဆို၏။ ဤငါးဆယ့်လေးပါးသော စိတ်သည် ကာမဘုံ၌သာ ကျင်လည်သည် မဟုတ်၊ ရူပဘုံ အရူပဘုံ၌လည်း ကျင်လည်တတ်သောကြောင့် (ဟိတ်) ရူပါဝစရ အရူပါဝစရလည်း မည်ရာသည် မဟုတ်ပါလောစုဒ်ရှိရကား (က) (ခ) မိန့်။

http://www.dhammadownload.com



က–ဝါကျကား သမ္ဘာဝနာဝါကျ။ စောဒကာဘောဂဝါကျ၊

ခ–ဝါကျကား ဂရဟာဝါကျ။ ပရိဟာရဝါကျ။

၁၊ ၂ –ဝါကျတို့ကား ဥပမာနဝါကျ။ ခ–ဝါကျကား ဥပမေယျဝါကျ။(၁၊၂–ဖြင့် အဗျာပိတအပရိပုဏ္ဏဒေါသပယ်)

၂–ဝါကျကား ပက္ခန္တရ၊ ၁–ဝါကျကား ပက္ခ။ (၂–ဝါကျဖြင့် အဗျာပိတ အပရိပုဏ္ဏဒေါသပယ်)

ဂ–ဝါကျကား ပက္ခန္တရဝါကျ။ ထို–၍ ဝေမိဒံစိတ္တံ –လ– ကာမာဝစရံကား ပက္ခဝါကျ။ (မူလဝါကျ– ယင်းမူလဝါကျမှ ဂ–ဝါကျထွက်လာသည်ကို သတိပြုပါ။)

ဂ–ဝါကျဖြင့် အဗျာပိတ အပရိပုဏ္ဏဒေါသပယ်။

## ဝါသဒ္ဒါလဲပုံ

ဝေမိဒံ–ဝါကျဖြင့် ကာမစိတ် ငါးဆယ့်လေးပါးသည် ကာမဘုံ၌ ကျင်လည်သောကြောင့် ကာမာဝစရမည်သည်ဟု ကာမာဝစရသဒ္ဒါ၏ အကြောင်းဝစနတ္ထ တစ်မျိုးကိုပြပြီးနောက် အာရုံပြုသည်၏အစွမ်းဖြင့် ကာမတဏှာ၏ကျင်လည်ရာဖြစ်သောကြောင့် ကာမာဝစရမည်၏ဟူသော အကြောင်း ဝစနတ္ထတစ်မျိုးကို လဲလှယ် ပြလိုသောကြောင့် ဝါသဒ္ဒါထားရသည်။

တစ်နည်း။ အဝစရတီတိ အဝစရော၊ ကာမေ အဝစရော ကာမာဝစရော–ဟူသော သတ္တမီတပ္ပုရိသ်သမာသ်ဝစနတ္ထအကြောင်းမှတစ်ပါး အဝစရတိ ဧတ္ထာတိ အဝစရော၊ ကာမဿ အဝစရော ကာမာဝစရောဟူသော ဆဋ္ဌီတပ္ပုရိသ်ဝစနတ္ထအကြောင်း တစ်မျိုးကိုလည်းကောင်း၊ ကာမအရ ကာမဘုံဟူသော အဘိဓေယျတ္ထမှတစ်ပါး ကာမအရ ကာမတဏှာဟူသော အဘိဓေယျတ္ထတစ်မျိုးကိုလည်းကောင်း လဲလှယ်ပြလိုသောကြောင့် ဝါ–သဒ္ဒါထားရသည်။

---

## (၄) ဝိဂ္ဂဟာဒိ

လဒ္ဓနာမကော။ လဒ္ဓံ နာမံ ဧတေနာတိ လဒ္ဓနာမကော။ လဒ္ဓနာမပုဒ်+ ဧတပုဒ်၊ သမာသန္တ က–ပစ္စည်း။

လဒ္ဓနာမဟူသော ဗဟုဗ္ဗီဟိသမာသ်ပုဒ်လုံးအရကား သင်္ဂါမာဝစရ–ဟု ရအပ်သောအမည်သည် မုချ။ ယင်း၏ ဆင်ဒြဗ်နှင့် နာမံ နာမိ သညာ သညီအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဌာနူပစာ။ ဧတဟူသော အညပုဒ်အရကား ထိုမုချဌာနူပစာအားဖြင့် မှတ်အပ်သော ဆင်ဒြဗ်ရ၏။ (ဝိသေသန ဆက်ကောက်)

## ဗျုပ္ပတ္တိစတုက္က

၂။ သင်္ဂါမဝစရဟူသော အမည်၏ ဆင်ဒြဗ်နှင့် နာမ နာမီ သညာ သညီစပ်ခြင်း သမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။

http://www.dhammadownload.com



၄။ ဆင်တို့၏ တစ်ကောင်သည် တစ်ကောင်နှင့်တူသောအချင်းအရာဟုဆိုအပ်သောဇာတ်သည် ပဝတ္တိနိမိတ်။

## ဂ–ဝါကျအလို ကာမာဝစရ

**အဝစရ**။ အဝစရတိ ဧတ္ထာတိ အဝစရော။ (ကာမစိတ် ငါးဆယ့်လေးရ၏) ကာမဿ အဝစရော ကာမာဝစရော။ ကာမဿ၊ ကာမတဏှာ၏၊ အဝစရော၊ ကျင်လည်ရာ (ကာမစိတ်ငါးဆယ့်လေး)တည်း။

ကာမဿ အဝစရောကား ဆဋ္ဌီတပ္ပုရိသ်သမာသ်ဝိဂြိုဟ်၊ ကာမာဝစရောကား ဆဋ္ဌီတပ္ပုရိသ်သမာသ်ပုဒ်၊ ကာမပုဒ်+အဝစရပုဒ်။

ကာမဟူသောဝိသေနပုဒ်အရကား ကာမတဏှာသည် မုချ။ ယင်း၏ ကျင်လည်ရာ ကာမစိတ်ငါးဆယ့်လေးနှင့် အာရမ္မဏိက အာရုံအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဌာနူပစာ။ ကာမာဝစရ ဟူသောသမာသ်ပုဒ်လုံးအရကား ထိုမုချ ဌာနူပစာတို့ဖြင့် မှတ်အပ်သော ကာမတဏှာ၏ ကျင်လည်ကျက်စားရာ ကာမစိတ် ငါးဆယ့်လေး ရ၏။

## ဗျပ္ပတ္တိစတုက္က

၂။ ကာမတဏှာ၏ ကျင်လည်ရာ ကာမစိတ်ငါးဆယ့်လေးနှင့် အာရမ္မဏိက အာရုံအဖြစ်ဖြင့်စပ်ခြင်းသမ္ဗန်သည် ဗျပ္ပတ္တိနိမိတ်။

၄။ ကာမစိတ်တို့၏တစ်ခုသည် တစ်ခုနှင့်တူသော -- ဇာတ်သည် ပဝတ္တိနိမိတ်။

**မှတ်ချက်**။ သင်္ဂါမကား သင်္ဂါမဇာတ်၊ ဏပစ္စည်း။နီတိ၊ ဓာတု၊ ၃၃၄။ သင်္ဂါမေ အဝစရတီတိ သင်္ဂါမာဝစရောဟုတွဲ။ နာဂေါ။ နဂေါ ပဗ္ဗတော သော ဝိယ နာဂေါ၊ ဏ–ဟု သူစိဆိုသည်။ နဂေါ(တောင်) ဝိယ နာဂေါ–ဟု ဥပမာတဒ္ဓိတ်ပြု။ နဂပုဒ်၊ တောင်ဟော။ နဂေါဝိယ၊ တောင်ကဲ့သို့တည်းဟု အနက်ပေး။

---

## (၆) အာဘောဂ သံဝဏ္ဏနာ

ဧတ္ထ ကာမေ အဝစရတီ–ဖြင့် အဝစရောပုဒ်ကို အဝစရတိ ဧတ္ထာတိ အဝစရောဟု အဓိကရဏသာဓနဝစနတ္ထပြုရည်ကိုလည်းကောင်း၊[၁] အ–ပစ္စည်း၏အဓိကရဏသာဓနေ၌ သက်သည်ကိုလည်းကောင်း၊[၂] ကာမနှင့် အဝစရကို ကာမဿအဝစရော ကာမာဝစရောဟု ဆဋ္ဌီတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်ကိုလည်းကောင်း[၃] သိစေသည်။

၁။ အဘိဓာနတ္ထ။ ၂။ ဒုတိယပစ္စယတ္ထ။ ၃။ အဘိဓာနတ္ထ။ သမာသလိင်္ဂပဒတ္ထ။

အာရမ္မဏကရဏဝသေနဖြင့် ပဝတ္တိ၏အစွမ်းဖြင့် ကျင်လည်သည် မဟုတ်၊ အာရုံပြုခြင်း၏ အစွမ်းဖြင့် ကျင်လည်သတည်းဟု သိစေသည်။(ဘာဝတ္ထ)

**မှတ်ချက်**။ ဝါသဒ္ဒါဖြင့်သိစေအပ်သော အာဘော် –ဝါလဲလှယ်ပုံ ပြန်ကြည့်ဖြေ။

http://www.dhammadownload.com



## (၇) ဥပသဂ္ဂ နိပါတတ္တ

က–ဝါကျ၌ ကိဋ္ဌာပိကား သမ္ဘာဝနာဇောတက၊ ဟိသဒ္ဒါကား ဝါကျာရမ္ဘ ဇောတက။

ခ–ဝါကျ၌ ပနကား တထာပိအနက်ရှိသော ဂရဟာဇောတက။

ယထာကား ဥပမာနဇောတက။

စရန္တောပိ–၌ ပိသဒ္ဒါ (အပိသဒ္ဒါ)ကား လက္ခဏာအရုဗျတ္တ။

သင်္ဂါမဝစရောတွေဝ–၌ ဧဝသဒ္ဒါကား အဝဓာရဏတ္တ။

၁။ သင်္ဂါမာဝစရဟူသောအမည် –ဂဟေတဗ္ဗတ္တ။

၂။ နဂရာဝစရဟူသောအမည်–နိဝတ္တေတဗ္ဗတ္တ။

၃။ စစ်မြေပြင်၌ လှည့်လည်ခြင်းဂုဏ်–အနုညာတတ္တ။

သင်္ဂါမာဝစရောတိ–၌ ဣတိ–အာကာရဇောတကနိပါတ်။

၂–ဝါကျ စသဒ္ဒါကား သမုစ္စည်းအနက်။ ဌိတာပိ–၌ ပိ(အပိ)သဒ္ဒါကား လက္ခဏာ အရုဗျတ္တ။

ထလစရာ ဇလစရာတွေဝ–၌ ဧဝသဒ္ဒါကား အဝဓာရဏတ္တ။

၁။ ထလစရ,ဇလစရအမည်– ဂဟေတဗ္ဗတ္တ။

၂။ အညာဝစရအမည် – နိဝတ္တေတဗ္ဗတ္တ။

၃။ ကြည်း၌ ကျင်လည်ခြင်း, ရေ၌ ကျင်လည်ခြင်းဂုဏ်သည် အနုညာတတ္တ။

ဣတိကား အာကာရဇောတက။

ခ–ဝါကျ၌ ဧဝံကား ဥပမေယျဇောတက။

အဝစရန္တမ္ပိ၌ ပိ (အပိ) သဒ္ဒါကား အဝဓာရဏတ္တ။

**ကာမာဝစရမေဝ–ဧဝ**

၁။ ကာမာဝစရအမည်– ဂဟေတဗ္ဗတ္တ။

၂။ ရူပါဝစရအမည်, အရူပါဝစရအမည် – နိဝတ္တေတဗ္ဗတ္တ။

၃။ ကာမဘုံ၌ ကျင်လည်ခြင်းဂုဏ် –အနုညာတ္တ။

ဂ–ဝါကျ၌ ဝါသဒ္ဒါကား ဝစနတ္ထန္တရပြသောနိပါတ်။ တစ်နည်း–ပက္ခန္တရ ဇောတကနိပါတ်။

အဝစရတီတိပိ–၌ ပိ (အပိ)သဒ္ဒါကား ကာမေအဝစရတီတိဟူသော ဝစနတ္ထကြောင့်သာ ကာမာဝစရမည်သည်မဟုတ်သေး၊ ဧတ္ထကာမေ အဝစရတိ ဟူသောဝစနတ္ထကြောင့်လည်း ကာမာဝစရမည်၏ဟုဆည်းခြင်း သမုစ္စည်း အနက်။

http://www.dhammadownload.com



**သဗ္ဗနာမဝိသယ**

က–ဝါကျ တေံကား ရှေ့ဝါကျ၌ စိတ္တံကိုစွဲသောကြောင့် ပဏ္ဍက္ကဝိသယ တေ–တည်း။ ခ–ဝါကျ၌ တ္တံသည်လည်း စိတ္တံကိုပင် စွဲသောကြောင့် ပဏ္ဍက္ကဝိသယ–တ္တမတည်း။

## (၈) ကြိယာငါးတန်ထုတ်ပုံ

သင်္ဂါမေ အဝစရဏတော၌–

၁။ အဝစရဏတော၏ ဓာတွတ္ထအရ ဆင်၏ဒေါသပြစ်မှန်းသောစိတ္တုပ္ပါဒ်သည် ဒဿနတ္ထ။

၂။ အယောနိသောမနသိကာရသည် ဒီပကတ္ထ။

၃။ ဒေါသကြောင့် ဖြစ်ပေါ်လာသောအမူအရာကြိယာသည် ပကာသနတ္ထ။

၄။ တစ်ဖက်ရန်သူသည် ဝိဘာဝတ္ထ။

၅။ အကျိုးမဲ့မှုန်သမျှသည် အနဘာဝတ္ထ။

## (၁၀) ပစ္စည်းပြိုင်

အာရမ္မဏကရဏဝသေန တွေ့ ကာမော အဝစရတိ–၌ တွေ့အရ ကာမစိတ် ငါးဆယ့်လေးပါး ဓမ္မာရုံပစ္စည်းတရားက ကာမောအရ ကာမတဏှာအား အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြု။ အာ+မိ+ဥ ယထာရဟပြိုင်။

အာရမ္မဏကရဏဝသေန (လ) ကာမာဝစရံ။

(က) ကာမဋ္ဌေသ ရူပါရူပါဝစရေသုပိ အဝစရတိ။ (ခ) ယထာ ပန ဝဒတိတိ ဝဋ္ဌော (လ) တံ နာမံ ဟောတိ။ (ဂ) ဧဝံ သမ္ပဒမိဒံ ဝေဒိတဗ္ဗံ။(ဃ) အပိစ ကာမဘဝသင်္ခါတေ ကာမေ ပဋိသန္ဓိ အဝစာရေတီတိပိ ကာမာဝစရံ။ ဋ္ဌ၊ ၁၀၅။

## (၂) (၃) ဝါကျခွဲ စသည်

က–ဝါကျ ကာစဋ္ဌေသ–လ– ဝေဒိတဗ္ဗံကား ဝါကျာရမ္ဘဝါကျ။ ထို–၍ အာရမ္မဏ –လ– ကာမာဝစရံကား အာရဒ္ဓဝါကျ။ (မူလဝါကျတည်း) ဝိရောဓိဒေါသပယ်။

### က–ဝါကျ ကျမ်းတက်

ဆရာ၊ ဆရာသည်။ အာရမ္မဏ (လ) ကာမာဝစရံ ဖြင့် အာရုံပြုသည်၏အစွမ်းဖြင့် ဤငါးဆယ့်လေးပါးသောစိတ်၌ ကာမတဏှာသည် (တဏှာသည်) ကျင်လည်တတ်သောကြောင့် ကာမာဝစရမည်သောဟုဆို၏။ ဤကာမသည် ရူပါဝစရ အရူပါဝစရတို့၌လည်း (အာရုံပြုသောအားဖြင့်) ကျင်လည်သည်(ဖြစ်သည်) မဟုတ်လော။(ကာမဋ္ဌဖြုတ် နနုတက်၍အာဘော် ပြုသည်) သို့ဖြစ်သောကြောင့် ရူပါဝစရအရူပါဝစရစိတ်တို့ကိုလည်း (သိမ်မွေ့ သောကာမတဏှာအာရုံပြုကာ ကျင်လည်သည်ဖြစ်၍) ကာမာဝစရဟုခေါ်သင့် ပါသလော–အဘယ့်သို့ သိအပ်ပါသနည်း။ (ကိတ္တိဝေဒိတဗ္ဗံ–ဟုပုစ္ဆာထုတ်)

http://www.dhammadownload.com



အဓိပ္ပါယ်ကား– က–ခ–ဂ–ဝါကျဖြင့် ဤကာမသည် ရူပါဝစရ အရူပါဝစရ၌ ကျင်လည် သော်လည်း ဝဏ္ဏောမဟိသော–ပုဒ်မျိုးကဲ့သို့ အထင် ရှင်ပုဒ်ဖြစ်ရကား ကာမစိတ် ငါးဆယ့်လေးပါး ကိုသာကာမာဝစရခေါ်၏ဟူလို။

## ရှင်းလင်းချက်

အာရမ္မဏကရဏာဝသေနာတိ အာဒိကေ "ကာမော" သဗ္ဗံ တဏှာမာဟ၊ တသ္မာ "ကာမဋ္ဌေသာ"တိ အာဒိဝုတ္တံ။ မူဋီ၊၁၊၆၄။ ထိုမူလဋီကာအလို ကာမော အဝစရတိ ဝယ် ကာမောအရ တဏှာအားလုံးရနေသည်။ ထိုတွင် ကာမတရားတို့ကို အာရုံပြုသော တဏှာ(ကာမ)၏ဖြစ်ရာ ဖြစ်သောကြောင့် ကာမာဝစရဟုခေါ်သော် ရူပါဝစရအရူပါဝစရ စိတ်တို့သည်လည်း ရူပရာဂ အရူပ ရာဂ(တဏှာ) ၏အာရုံပြုသောအားဖြင့် ဖြစ်ရာဖြစ်သောကြောင့် ကာမာ ဝစရဟု ခေါ်သင့်ပါသလော– စောကြောဘွယ်ရှိ၍ ကာမဋ္ဌတက်လာသည်–ဟူလို။

## ဝါကျခွဲဆက်

ခ–ဝါကျကား ဥပမာဝါကျ။ ဂ–ဝါကျကား ဥပမေယျဝါကျ။

ခ–ဝါကျတွင် ဝဒတိ–လ– မဟိံသောကာ အာကာရဝါကျ။

လ္လတိသဒ္ဒါကား အာကာရဇောတက။ ဝုတ္တေ–လ– သေန္တိကား အာကာရ ဝန္တဝါကျ။

ခ–ဝါကျတွင် ဝဒတိ ဝဏ္ဏော ပက္ခဝါကျ။ မဟိယံ –လ– မဟိံသော ပက္ခန္တရဝါကျ။

ခ–ဝါကျတွင် (န) သဗ္ဗေသံ တံ နာမံ ဟောတိ နိယတ်ဝါကျ။ (ရှေ့မှ န–လိုက်လာသည်။ ထို–၍ သတ္တာယတ္တကာ ဝဒန္တိကား အနိယတ်ဝါကျ။)

## အပိစချီသောဝါကျမှတ်ဖွယ်

ကာမေ အဝစရတိ–ဟူသော သုဒ္ဓကတ္တုဝါကျ၊ ကာမော အဝစရတိ–ဟူသော သုဒ္ဓကတ္တု ဝါကျရုပ်တို့ဖြင့် ဖွင့်ပြခဲ့သည်။ ယင်းရှေ့သုဒ္ဓကတ္တုရုပ်အဖွင့် (နည်း)ကို စွန့်၍ အဝစာရေတိ–ဟု ဟေတုကတ္တုဝါကျဖြင့် အသစ်တမျိုး ဖွင့်ပြလို၍ အပိစဟု တက်လာ သည်။ "ရှေးနည်းစွန့်ကာ၊ ကြောင်းကျိုးဖြာ၊ ပြလာ အပိစ"–ဟု နိယံဆိုသည်။ မူလဋီကာ၌ "ကာမေ အဝစာရေတီတိ ကာမာဝစရ"န္တိ ဝတ္တဗ္ဗေ စာသဒ္ဒံသ ရဿတ္တံ ကတံ–ဟု ဖွင့်၍ အနုဋီကာ၌ စာသဒ္ဒဿ ရဿတ္တံ ကတန္တိ ကာမာဝစရသဒ္ဒေ ဟေတုကတ္တု အတ္တော အန္တောနီတောတိ ဒဿေတိ–ဟု ဖွင့်သည်။

(မူလ၊ဋီ၊၁၊၆၄။ အနု၊ဋီ၊၁၊၇၀–ကြည့်)

## ဃ–ဝါကျ အနုသန္ဓေတက်

ဤသို့ ဓမ္မိဒ်စိတ္တံစသောဝါကျဖြင့် ကာမေ အဝစရတီတိ ကာမာဝစရံ–ဟုငင်း၊ အာရမ္မဏ– ကရဏာဝသေန–ဝါကျဖြင့် ကာမော အဝစရတိ ဧတ္ထာတိ ကာမာဝစရံ–ဟုငင်း ကာမာဝစရပုဒ်၏ ဝစနတ္ထကို ဖွင့်ပြတော်မူပြီး၍ ယခုအခါ၌ ရှေးနည်းကိုစွန့်ကာ ကာမာဝစရသဒ္ဒါ၏ ဝစနတ္ထ တစ်မျိုးကိုပြခြင်းငှါ အပိစသည်မိန့်။

http://www.dhammadownload.com



ဃ–ဝါကျ ပက္ခန္တဝါကျ၊ ထို–၍ ဧဝမဒ်၊ အာရမ္မဏာကရဏာဝသေန–ဝါကျတို့ကား ပက္ခဝါကျ။ (အဗျာဝိတ၊ အပရိပုဏ္ဏဒေါသပယ်)။

## ဝါသဒ္ဒါလဲလှယ်ပုံ

အကြင်မျှလောက်သောသတ္တဝါတို့သည် မြည်တတ်ကုန်၏–ဟူသော အဓိပ္ပါယ် (အနက်)မှ တစ်ပါး သတ္တဝါတို့သည် မြေ၌ အိပ်ကုန်၏–ဟူသော အဓိပ္ပါယ်(အနက်) ကိုလဲလှယ်ပြလိုသော ကြောင့် ဝါ–သဒ္ဒါထားရသည်။

## အပိသဒ္ဒါထားပုံ

ကာမေ အဝစရတီတိ ကာမာဝစရံဟုဒင်း၊ ကာမောအဝစရတိ ဧတ္ထာတိ ကာမာဝစရံဟုဒင်း ကာမာဝစရသဒ္ဒါ၏ ဝစနတ္ထများကိုပြပြီးနောက် ရှေးနည်းကို စွန့်ကာ ကာမာဝစရသဒ္ဒါ၏ ဝစနတ္ထ တစ်မျိုးကိုပြလိုသောကြောင့် အပိ–သဒ္ဒါထားရသည်။ (အနုသန္ဓေတက်ကို ပြန်ကြည့်)

---

## (၄) ဝိဂ္ဂဟာဒိ

ယတ္တကာ။ ။ ယံ ပရိမာဏံ ဧတေသံ သတ္တာနန္တိ ယတ္တကာ။ ဧတေသံ သတ္တာနံ၊ တို့အား။ ယံပရိမာဏံ၊ အကြင်အတိုင်းအရှည်သည်။ အတ္ထိ၊ ဣတိ တသ္မာ၊ ကြောင့်။ တေသတ္တာ၊ တို့သည်။ ယတ္တကာ၊ ယတ္တကတို့ မည်ကုန်၏။ ယပုဒ်၊ တ္တကပစ္စည်း၊ ပရိမာဏတဒ္ဓိတ်။

ယံဟူသော ပရိမာဏတဒ္ဓိတ်ပုဒ်အရကား အကြင်အတိုင်းအရှည် မှချ။ ယင်း၏ သတ္တဝါတို့ ဒြဗ်နှင့် ပရိမာဏ ပရိမာဏဝန္တအဖြစ်ဖြင့်စပ်ခြင်း သမ္ဗန်သည် ဥာနုပစာ။ တ္တကပစ္စည်းအရကား ထိုမှချဥာနုပစာတို့ဖြင့်မှတ်အပ်သော ထိုမျှအတိုင်းအရှည်ရှိသော သတ္တဝါတို့ဒြဗ်ရ၏။ (ဝိသေသန ဆက်ကောက်)

## စတုက္က

၂။ အတိုင်းအရှည်၏ သတ္တဝါတို့ဒြဗ်နှင့် ပရိမာဏ ပရိမာဏဝန္တအဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။

၄။ သတ္တဝါတို့၏ တစ်ယောက်သည် တစ်ယောက်နှင့်တူသော အချင်းအရာ ဟုဆိုအပ် သောဇာတ်သည် ပဝတ္တိနိမိတ်။

✝ တထာ ကိံ ယတေတတော ပရိမာဏဧ္တ တ္တကဝစ္ဆုပစ္စယာ။ ကိံ ပရိမာဏာ မဿာတိ ကိတ္တကံ။ ဧဝံ ယတ္တကံ တတ္တကံ ဧတ္တကံ။(ရူ၊နှာ–၂၃၄)

---

## (၅) ဓာတုပစ္စယာဒိ

ဝဋ္ဋော။ ဝဒတီတိ ဝဋ္ဋော။ အဘိ၊ ဌ၊ ၁၊ ၁၀၅။ မောဂ်၊ ၇၊ ၄၃။

ဝဒဓာတ်+ဆပစ္စည်း။ ဓာတွန်ဒ–ကို စ– ပြု။ တနည်း။ ဝသဓာတ်+ဆပစ္စည်း။

✝ ဝသ နိဝါသေ ဆော။ ဓာန်ဋီ၊ ၄၉၆။ မာတုသန္တိကေ ဝသတီတိ ဝဋ္ဋော။ ပါ၊ဂံ၊သစ်၊၂၊၂၃။

http://www.dhammadownload.com



မဟိသော။ မဟီသဒ္ဒူပပဒ+သိဓာတ်+အပစ္စည်း၊ အဘိ၊ဋ္ဌ၊ ၁၊ ၁၀၅။ ဓာန်ဋီ၊၆၁၆။

မှတ်ချက်။ သူစိဋ္ဌကား "မဟတီတိ ဝါ မဟိယံသေတီတိဝါ မဟိသော၊ ရသော နိဂ္ဂဟိတာဂမောစ (မဟိသောပိ) "ဟုဆိုသေးသည်။

---

## (၆) အာဘောဂ သံဝဏ္ဏနာ

ဝဒတိ-ဖြင့် ဝဋ္ဌောပုဒ်၏ ဝဒဓာတ်၏ အဖြစ်ကိုလည်းကောင်း၊[၁] ဆပစ္စည်း ကတ္တုသာဓနေ၌ သက်သည်ကိုလည်းကောင်း၊[၂] ဝဒတီတိ ဝဋ္ဌောဟု ကတ္တုသာဓနဝစနတ္ထ ပြုရမည်ကိုလည်းကောင်း[၃] သိစေသည်။ ၁။ ဒုတိယဓာတုပဒ။ ၂။ ဒု တိယပစ္စယတ္ထ။ ၃။ အဘိဓာနတ္ထ။

မဟိယံသေတိ-ဖြင့် မဟီသဒ္ဒူပပ။သိဓာတ်၏အဖြစ်ကိုလည်းကောင်း၊[၁] အပစ္စည်း၏ ကတ္တုသာဓနေ၌သက်သည်ကိုလည်းကောင်း၊[၂] မဟိယံသေတီတိ မဟိသောဟု ဝစနတ္ထ ပြုရမည်ကို လည်းကောင်း၊[၃] မဟီသဟုဆိုလိုလျက် ဤကို ဣရဿပြု၊ နိဂ္ဂဟိတ်လာ၍ မဟိသဟုရုပ်ပြီးသည်၏ အဖြစ်ကိုလည်းကောင်း[၄] သိစေသည်။

၁။ ဒုတိယဓာတုပဒ။ ၂။ ဒု တိယပစ္စယတ္ထ။ ၃။ အဘိဓာနတ္ထ။ ၄။ ဘာဝတ္ထ။

ယ-ဝါကျ၌ ကာမဘာဝသင်္ခါတေ-ဖြင့် ကာမအရ ကာမတဏှာကို မယူရ၊ ကာမဘဝကို ယူရမည်ဟုသိစေသည်။ (အဘိဓေယျတ္ထ)

ယ-ဝါကျ၌ ကာမေ အဝစာရေတီတိ-ဖြင့် အဝစရပုဒ်ကို အဝစာရေတီတိ အဝစရံ-ဟု ဟေတုကတ္တုသာဓနဝစနတ္ထပြုရမည်၏အဖြစ်ကိုလည်းကောင်း၊[၁] ဏ-ပစ္စည်း၏ ဟေတုကတ္တု သာဓနေ၌သက်သည်၏အဖြစ်ကိုလည်းကောင်း၊[၂] အဝစာရ-ဟူလိုလျက် စာ-၌ အာကို အရဿပြု သည်၏အဖြစ်ကိုလည်းကောင်း၊[၃] ကာမပုဒ်နှင့် အဝစရပုဒ်ကို ကာမေ အဝစရံ ကာမာဝစရံ-ဟု သတ္တမီတပ္ပုရိသ်သမာသ်ဝစနတ္ထ ပြုရမည်ကိုလည်းကောင်း[၄] သိစေသည်။

၁။ အဘိဓာနတ္ထ။ ၂။ ဒု တိပစ္စယတ္ထ။ ၃။ ဘာဝတ္ထ။ ၄။ အဘိဓာနတ္ထ။ သမာသလိင်္ဂပဒတ္ထ။

ယ-ဝါကျ၌ ပဋိသန္ဓိ-ဖြင့် အဝစာရေတိ၌ ကာရိုက်ဏေပစ္စည်း၏ ကံကို သိစေသည်။ တနည်း။ အဝစာရေတိ =ကျင်လည်စေ၏ ဖြစ်စေ၏ ဟူသည် ပဋိသန္ဓေကို ဖြစ်စေသတည်းဟု သိစေသည်။(ဘာဝတ္ထ၊ ဝါ-ဘာဝတ္ထ)

### အဝစရ ဉာသ်ကောက်

အဝစာရေတီတိ အဝစရံ။ ယံ စိတ္တံ၊ အကြင်ကုသိုလ်စိတ်သည်။ ကာမေ၊ ကာမဘဝ၌။ ပဋိသန္ဓိ၊ ပဋိသန္ဓေကို။ အဝစာရေတိ၊ ကျင်လည်စေတတ် ဖြစ်စေတတ်၏။ ဣတိ တံ အဝစရံ။

အဝစာရေတီတိကား ဟေတုကတ္တုသာဓနကိတ်ဝိဂြိုဟ်၊ အဝစရံကား ဟေတုကတ္တုသာဓန ကိတ်ပုဒ်။ အဝပုဗ္ဗ+စရဓာတ်+ဏပစ္စည်း။

အဝ ဥပသာရအရကား ဓာတွတ္ထဝိသေသကဘောဂဏ်ရ၏။ စရဓာတ် အရ သံ့ဒ္ဓကတ္တု၌

http://www.dhammadownload.com



ကြိယာအရကား ကာမဘဝ၌ ပဋိသန္ဓေ၏ဥပါဒ် သည် မုချ။ ဟေတုကတ္တုဋ္ဌ အရကား ထိုကာမဘဝ၌ ပဋိသန္ဓေအားတပ်သော ကုသိုလ်,အကုသိုလ်၏ နာနာက္ခဏိက ကမ္မသတ္တိသည် ဖလူပစာ။ ဏာပစ္စည်းအရကား ထိုမုချ ဖလူပစာတို့ဖြင့်မှတ်အပ်သော ကုသိုလ်,အကုသိုလ်ရှ၏။

**စတုတ္ထ**

၂။ အဝပုဗ္ဗ စရဓာတ်+ဏာပစ္စည်းသည်ငင်း၊ ကာမဘဝ၌ ကျင်လည်ခြင်း ကြိယာသကတ်သည်ငင်း ဗျုပ္ပတ္တိနိမိတ်။

၄။ ကာမာဝစရစိတ်တို့၏တစ်ခုသည်တစ်ခုနှင့်တူသောအချင်းအရာ ဓာတ်သည် ပဝတ္တိနိမိတ်။

**ကာမာဝစရညသ်ကောက်**

ကာမေ အဝစရော ကာမာဝစရော။ ကာမေ၊ ကာမဘဝ၌။ အဝစရော၊ (ပဋိသန္ဓေကို) ကျင်လည်စေတတ်ဖြစ်စေတတ်သည်တည်း။ ကာမာဝစရော၊ ကာမဘဝ၌ –လ– စေတတ်သည်။

ကာမေ အဝစရော–ကား သတ္တမီတပ္ပုရိသ်သမာသ်ဝိဂြိုဟ်၊ ကာမာ–ဝစရော ကား သတ္တမီတပ္ပုရိသ်သမာသ်ပုဒ်။ ကာမပုဒ်၊ အဝစရပုဒ်။ ကာမဟူသော ဝိသေသနပုဒ် အရကား ကာမဘဝသည် မုချ။ ယင်း၏ပဋိသန္ဓေကိုဖြစ်စေတတ်သော ကုသိုလ်အကုသိုလ်နှင့် ဌာနဌာနီ၊ အာဓာရ အာဓိ အဖြစ်ဖြင့်စပ်ခြင်းသမ္ဗန်သည် ဌာနူပစာ။ ကာမာဝစရဟူသော သမာသ်ပုဒ်အရကား ထိုမုချ ဌာနူပစာတို့ဖြင့် မှတ်အပ်သော ကာမဘဝ၌ ပဋိသန္ဓေကို ဖြစ်စေတတ်သော ကုသိုလ်,အကုသိုလ် ရှ၏။

---

## (၇) ဥပသဂ္ဂ နိပါတတ္တ

ကာဠေသ–၌ ကာမဋ္ဌ နိပါတ်ကား ကိဋ္ဌာပိနှင့် အတူတည်း။

ရူပါရူပဝစရေသုပိ–၌ ပိ (အပိ) သဒ္ဒါကား သမုစ္စည်းတည်း။

**သမုစ္စည်းဆည်းပုံ**

န ကေဝလံ ဣဓ ကာမော အဝစရတိ၊ အထခေါ ရူပါရူပဝစေရသုပိ။

ဤကာမတဏှာသည် သက်သက်ကာမစိတ် ငါးဆယ့်လေးပါး၌သာ ကျင်လည်သည် ဖြစ်သည် မဟုတ်၊ ရူပါဝစရ, အရူပါဝစရတို့၌လည်း ကျင်လည် ဖြစ်၏–ဟူလို။

ခ–ဝါကျ၌ ယထာကား ဥပမာဇောတက၊ ခ–ဝါကျ၌ ဇဝကား ဥပမေယျ ဇောတက။

ခ–ဝါကျ၌ ပနသဒ္ဒါကား ပရိဟာရဇောတက၊ ဝါ–ဂရဟာဇောတက။

**မှတ်ချက်**။ မဟိယံ ဝါ ၌ ဝါသဒ္ဒါရှိဘွယ်မလိုဟု ထင်သည်။

အပိစ–ကား ပက္ခန္တရဇောတက၊ ဝါ– နယန္တရဇောတကနိပါတ်။

ဃ–ဝါကျ၌ ပိ (အပိ) သဒ္ဒါကား ကာမော အဝစရတီတိပိ–၌ ပိ (အပိ) သဒ္ဒါနှင့်တူပြီ။

http://www.dhammadownload.com



## (၉) ကြိယာငါးတန်

ဃ-ဝါကျ အဝစာရေတိ-၌ သုဒ္ဓကတ္တုဋ္ဌအရကိုယူ၍ အောက်ပါအတိုင်း ထုတ်ပါ။

၁။ ပဋိသန္ဓေသည် ဒဿနတ္ထ။

၂။ ကုသိုလ်, အကုသိုလ် စေတနာသည် ဒီပကတ္ထ။

၃။ ဇရာ မရဏသည် ပကာသနတ္ထ။

၄။ ယောနိသောမနသိကာရ,အယောနိသောမနသိကာရသည် ဝိဘာဝတ္ထ။

၅။ သောက,ပရိဒေဝ,ဒုက္ခ,ဒေါမနဿ,ဥပါယာသသည် အနုဘာဝတ္ထ။

မှတ်ချက်။ ပဋိသန္ဓေဟူသောဓာတ်သည် ဒဿနတ္ထ။ ကမ္မဘဝသည် ဒီပကတ္ထ စသည် ပဋိစ္စသမုပ္ပါဒ်သွင်း၍လည်း ထုတ်နိုင်သည်။

## (၁၀) ပစ္စည်းပြိုင်

အဝစာရေတိ-၌ သုဒ္ဓကတ္တုဋ္ဌအရတရားအား ကာရိတ်ဓောပစ္စည်း တရားက ကျေးဇူးပြုပုံ-ကာရိတ် ဓောပစ္စည်းအရ-ကုသိုလ်,အကုသိုလ်ကံ ပစ္စည်းတရားက သုဒ္ဓကတ္တုဋ္ဌအရ ပဋိသန္ဓေ ပစ္စယုပ္ပန်တရားအား- နာနာက္ခဏိကကမ္မသတ္တိ၊ ဥပနိဿယ သတ္တိ-ဖြင့် ကျေးဇူးပြုသည်။ (၂-ပစ္စည်းပြိုင်)

မှတ်ချက်။ ဉာသ်ကောက်နှင့် ယှဉ်ကြည့်ပါလေ။

## ကုသလပုဒ်အဖွင့်

(က) ကုသလန္တိ ကုစ္ဆိတာနံ -လ- ကုသလံ။ (ခ) အပိစ အာရောဂျဋ္ဌေ -လ- ကုသလံ။ (ဂ) ယထေဝဟိ -လ- ကုသလံ ဝေဒိတဗ္ဗံ။ (ဃ) ကိလေသဝဇ္ဇဿ ပန အနဝဇ္ဇနဋ္ဌေန ကုသလံ။ (င) ကောသလ္လံ ဝုစ္စတိ -လ- သမ္ဘူတဋ္ဌေန ကုသလံ။(ဋ္ဌ၊၁၀၅)

## (၂) (၃) ဝါကျခွဲ စသည်

ခ-ဝါကျကား ပက္ခန္တရဝါကျ။ ထို-၍ က-ဝါကျကား ပက္ခဝါကျ။ (အဗျာပိတ, အပရိပုဏ္ဏဒေါသပယ်)

## အနုသန္ဓေတက်

ဤသို့ က-ဝါကျဖြင့် ကုသလ်ပုဒ်ကို ကုစ္ဆိတေ သလယတိ ကမ္မေတိ ဝိဒ္ဓံသေတီတိ ကုသလံ-ဟု ဝစနတ္ထပြုရမည်ကိုပြတော်မူပြီး၍ ယခုအခါ၌ ဆိုအပ်ပြီးသောဝစနတ္ထမှတစ်ပါး ဇာတက ပရိယာယ်, သုတ္တပရိယာယ်, အဘိဓမ္မပရိယာယ်အားဖြင့် ကုသလသဒ္ဒါကိုဖွင့်ပြလိုရကား အပိစ-စသည် ခ-ဝါကျမိန့်။

ဂ-ဃ-င-ဝါကျတို့ကား ဝိတ္ထာရဝါကျ။ ထို-၍ ခ-ဝါကျကား သခေ်ပဝါကျ။ (ဝိရောဓိဒေါသပယ်)

http://www.dhammadownload.com



မှတ်ချက်။ က–ဝါကျ၌ အာရောဂျဋ္ဌေန–ကို ဂ–ဝါကျဖြင့်ဝင်း၊ အနဝဇ္ဇဋ္ဌေန–ကို ဃ–ဝါကျဖြင့်ဝင်း၊ ကောသလ္လသမ္ဘူတဋ္ဌေန–ကို င–ဝါကျ ဖြင့်ဝင်း ချဲ့ပြသည်။ ထို ဂ–ဃ–င–ဝါကျတို့သည် ရှေ့နောက်ထောက်ဆ၍ ပက္ခ, ပက္ခန္တရဖြစ်ကြသည်။ "ပေါင်းပြီးစိတ်ပြ ပက္ခန္တရတည်း"

ဂ–ဝါကျတွင် ယထေဝ –လ– ကုသလံ ဝုတ္တံကား ဥပမာနဝါကျ။ ဧဝံ–လ– ဝေဒိတဗ္ဗံ–ကား ဥပမေယျဝါကျ။

အပိသဒ္ဒါထားပုံ

ကုစ္ဆိတေ သံလယတိ ကမ္ပေတိ ဝိဒ္ဓံသေတီတိ ကုသလံ–ဟူသော ကုသလသဒ္ဒါ၏ ဝစနတ္ထမှတပါး (ဝင်းရှေ့နည်းကိုစွန့်ကာ) အနာကင်းသည်၏ အဖြစ်ဟူသော အနက်, အပြစ်ကင်းသည်၏အဖြစ်ဟူသောအနက်, သမ္ဘူတ် ပညာကြောင့်ဖြစ်သည်၏အဖြစ်ဟူသောအနက် (သဒ္ဒတ္ထ၊ဝါ–သဒ္ဒါဟောအဘိ ဓေယျတ္ထ) တမျိုးကို လဲလှယ်ပြလိုသောကြောင့် "အပိစ" သဒ္ဒါထားရသည်။

**မှတ်ချက်။** ကုသလသဒ္ဒါ၏ စက်ဆုပ်အပ်ကုန်သောအကုသိုလ်တရားတို့ကို တဒင်္ဂ–ပဟာန်အားဖြင့် တုန်လှုပ်စေခြင်း, ဝိက္ခမ္ဘနပဟာန်အားဖြင့် ပြင်းစွာတုန်လှုပ်စေခြင်း, သမုစ္ဆေဒပဟာန်အားဖြင့် ဖျက်ဆီးပယ်ဖျောက်ခြင်းဟုဆိုအပ်သော သကတ်အနက် တစ်မျိုးမှတပါး အနာကင်းသည်အဖြစ်ဟူသောအနက် (လ) (သဒ္ဒတ္ထ၊ ဝါ–သဒ္ဒါဟော အဘိဓေယျတ္ထ) တစ်မျိုးကို လဲလှယ်ပြလိုသောကြောင့် "အပိစ"သဒ္ဒါထားရသည်။ (ဤသို့ရှေ့ပိုင်း နိဿယအနက်ကိုကြည့်၍လည်း ရေးနိုင်သည်)

---

## (၄) ဝိဂ္ဂဟာဒိ

**ကုစ္ဆိတာနံ။** ကုစ္ဆာ သဉ္ဇာတာ ဧတေသန္တိ ကုစ္ဆိတာ။ (ဧတေသံ)

ဧတေသံ၊ ထိုအကုသိုလ်တရားတို့အား။ သဉ္ဇာတာ၊ ကောင်းစွာဖြစ်ကုန်သော။ ကုစ္ဆာ၊ ကဲ့ရဲ့ခြင်းတို့သည်။ သန္တိ၊ ရှိကုန်၏။ ဣတိ တေ ကုစ္ဆိတာ။

ကုစ္ဆာ သဉ္ဇာတာ ဧတေသံကား သဉ္ဇာတာတဒ္ဓိတ်ဝိဂြိုဟ်၊ ကုစ္ဆိတာ ကား သဉ္ဇာတတဒ္ဓိတ်ပုဒ်။ ကုစ္ဆပုဒ်+ဣတပစ္စည်း။

ကုစ္ဆာဟူသောတဒ္ဓိတ်ပုဒ်အရကား ဖြစ်သောကဲ့ရဲ့ခြင်း၊ ဝါ–ကဲ့ရဲ့ အပ်သည်၏ အဖြစ်သည် မုချ။ ယင်း၏ အကုသိုလ်တို့ဒြဗ်နှင့် ဂုဏ် ဂုဏေး အဖြစ်ဖြင့်စပ်ခြင်း သမ္ဗန်သည် ဌာနူပစာ။ ဣတပစ္စည်းအရကား ထိုမုချဋ္ဌာနူ ပစာတို့ဖြင့်မှတ်အပ်သော ကဲ့ရဲကခြင်းရှိသော အကုသိုလ်တရား၊ ဝါ–ကဲ့ရဲ့ အပ်သော–စက်ဆုပ်အပ်ကုန်သော အကုသိုလ်တရားရ၏။

စတုတ္တ

၂။ ဖြစ်သော ကဲ့ရဲကခြင်း၊ ဝါ–ကဲ့ရဲကအပ်သည်၏အဖြစ်၏ အကုသိုလ်တို့ဒြဗ်နှင့် ဂုဏ်ဂုဏေး အဖြစ်ဖြစ်စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။

၄။ အကုသိုလ်တရားတို့၏ တစ်ခုသည်တစ်ခုနှင့် ––ဓာတ်သည် ပဝတ္တိနိမိတ်။

http://www.dhammadownload.com



✝ သညာတံ တာရကာဒိတွိတော။ မောဂ်၊ ၄၊ ၄၅။

မှတ်ချက်။ အချို့ကား "ကုစ္ဆိယန္တေတိ ကုစ္ဆိတ"ဟု ဝိဂ္ဂဟံပြုကြသေး၏။ ဝိမံသိတဗ္ဗာ ဂဟေတဗ္ဗံ။

အာတုရ။ အတဓာတ်+ဥရပစ္စည်း။ တ်နည်း။ အာပုဗ္ဗ+တုရဓာတ်+ အပစ္စည်း။ (နာဖျားသူ၊ မကျန်းမာသူ)

✝ အတ သာတစ္စ ဂမနေ (မပြတ်မလတ်သွားခြင်း) အဓိကရဏော ကတ္တရိ ဝါ ဥရော။ ဒီဃာဒိ၊ အာပုဗ္ဗော တုရ သီဃဂတိမှိ ဝါ အ။ (သူစိ)

✝ အာတုရတီတိ အာတုရော။ သံ၊ ဋီ၊ ၂၊ ၂၀၂။

အာတုရတာ။ အာတုရဿ ဘာဝေါ အာတုရတာ။ ကျင်နာခြင်း၊ နာဖျားခြင်း၊ မကျန်းမာခြင်း။

အနာတုရတာ။ နတ္ထိ အာတုရတာ ဧတဿာတိ အနာတုရတာ။ ဧတဿ ကုသလဿ၊ ထိုအနာမရှိ ပကတိကျန်းမာသူအား၊ အာတုရတာ၊ ကျင်နာခြင်းသည်။ နတ္ထိ၊ မရှိ။ ဣတိ တံ အနာတုရတာ။

နတ္ထိ အာတုရတာ ဧတဿကား စတုတ္ထီဗဟုဗ္ဗီဟိသမာသ်ဝိဂြိုဟ်၊ အနာတုရတာ ကား စတုတ္ထီဗဟုဗ္ဗီဟိသမာသ်ပုဒ်။ နပုဒ်+အာတုရတာပုဒ်+ ဧပုဒ်။ နအာထုရတာ ဟူသောဗဟုဗ္ဗီဟိ သမာသ်ပုဒ်အရကား ကျင်နာခြင်းမရှိ၊ ဝါ–နာဖျားခြင်းကင်းခြင်း အဘာဝ ဘောဂဏ်သည် မုချအားဖြင့်ရ၏။ ယင်း၏ ကျန်းမာသူနှင့် ဂုဏ်း ဂုဏေးအဖြစ်ဖြင့်စပ်ခြင်း သမ္ဗန်သည် ဌာနူပစာ အားဖြင့် ရ၏။ ဧဟူသော အညပုဒ်အရကား ထိုမုချဌာနူပစာ တို့ဖြင့်မှတ်အပ်သော ကျင်နာခြင်း မရှိသူ၊ ကျင်ခြင်းကင်းသူ ကျန်းမာသူရ၏။

မှတ်ချက်။ ဂိလာနော ဗျာဓိတာတုရာ။ ဓာန်၊ ၃၂၂။ ဤအလို ဂိလာန ဗျာဓိတ, အာတုရတို့ကား ပရိယာယ်ဟုမှတ်။ သို့ဖြစ်၍ ဂိလာနဿ ဘာဝေါ ဂေလညံ၊ နတ္ထိ ဂေလညံ ဧတဿာတိ အဂေလညံ–ဟုတွဲ။ ဗျာဓိနော ဘာဝေါ ဗျာဓိတာ။ နတ္ထိ ဗျာဓိတာ ဧတဿာတိ နိဗျာဓိတာ–ဟုတွဲလေ။ အနာတုရတာ အပေါင်း ဝိဂ္ဂဟာညသ်ကောက်မှီး၍ ကောက်လေ။

ရောဂ။ ရုဇ ရောဂေ၊ ကတ္တရိ ဏော။ ရုဇတီတိ ရောဂေါ။ ရုဇ ဘင်္ဂေ ဝါ ရုဇတိ ဘဥ္ဇတိ အင်္ဂပစ္စင်္ဂါနီတိ ရောဂေါ။ သူစိ။

အရောဂ။ နတ္ထိ ရောဂေါ ဧတဿာတိ အရောဂေါ။

အာရောဂျ။ အရောဂဿ ဘာဝေါ အာရောဂျံ။ ဘာဝတဒ္ဓိတ်။ အရောဂပုဒ်+ ဏျပစ္စည်း။

အရောဂဟူသော တဒ္ဓိတ်ပုဒ်အရကား အနာရောဂါမရှိသောသူရ၏။ ယင်း၏ အနာရောဂါ မရှိခြင်းနှင့် ဂုဏေး ဂုဏ်၊ ဌာန ဌာနီအဖြစ်ဖြင့်စပ်ခြင်း သမ္ဗန်သည် ဌာနူပစာ။ ဏျပစ္စည်းအရကား ထို–ဖြင့် မှတ်အပ်သော အနာ ရောဂါမရှိခြင်းရ၏။

http://www.dhammadownload.com



### (၅) ဓာတုပစ္စယာဒီ

ဗျာဓိ။ ။ ဝိဝိဓံ ဒုက္ခံ အာဒဟတိ ဝိဒဟတီတိ ဗျာဓိ။ ဗျဒယ်တိ တာပေတိ ကမ္ပယတီတိ ဝါ ဗျာဓိ။ ပဋိ၊ သံ၊ ဋ္ဌ၊ ၁၊ ၁၇။

ဤအလို ဗျာဓိသဒ္ဒါကား ဝိ+အာ+ဓာ+ဣ။ တနည်း။ ဗျဓ+ဣ–ဟု ခွဲ။ ပုလ္လိင်၊ ရုတ္တာဒိဂိုဏ်း၊ ဣကာရန္တ။

ဓာန်၊ ဋီ၊၃၂၃၊ သူစိတို့အလို–ဝိဓ+ဣ။ ဗာဓ+ဣ။ ဝိ+အာဓိ–ဟု ပုဒ်ခွဲရာ၏။

† ဝိဓ ဝိဇ္ဈနေ။ ဝိဇ္ဈတီတိ ဗျာဓိ။ ဣ၊ အကာရ ဝဏ္ဏာဂမော။ ဗာဓ ဝိဗာဓာယံ ဝါ။ ဝိဝိဓာ ဝါ အဓယော မနောပီဠာ ယသ္မိံ သော ဗျာဓိ။ သူစိ။

---

### (၆) အာဒဘောဂ သံဝဏ္ဏနာ

က–ဝါကျ၌ ကုစ္ဆိတာနံ သလနာဒီဟိ–ဖြင့် ကုသလပုဒ်၌ ကုသဒ္ဒါသည် မြေ(ဘူမိ) အနက်ကို မဟော၊ စက်ဆုပ်ခြင်း(ကုစ္ဆိတ)အနက်ကိုဟောသည်ကိုင်ငး၊[၁] ကုသလပုဒ်ကို ကုစ္ဆိတေ သလယတိ ကမ္ပေတိ ဝိဒ္ဓံသေတီတိ ကုသလံ–ဟုဟေတုကတ္တု သာဓနေဝစနတ္တပြုရမည်–ကိုင်ငး၊[၂] အပစ္စည်း၏ ဟေတုကတ္တုသာဓနေ၌သက်သည်ကိုင်ငး[၃] ကုပုဗ္ဗ သလဓာတ်၏အဖြစ်ကိုင်ငး[၄] သိစေသည်။

၁။ နိပါတလိင်္ဂတ္တ။ ၂။ အဘိဓာနတ္တ။ ၃။ ဒုတိယပစ္စယတ္တ။ ၄။ ဒုတိယဓာတုပဒ

မှတ်ချက်။ ဤကုသလပုဒ်အဖွင့်၌ ဝိကပ်ဖြင့် နိစ္စသမာသ်ပုဒ်အဖြစ် ဖွင့်ပြသဖြင့် အစိတ်အပေါင်းဝိဂ္ဂဟပြုဘွယ်လိုမည်မထင်။

ခ–ဝါကျ၌ အာရောဂျဋ္ဌေန–ဖြင့် ကုသလသဒ္ဒါကား ဓာတကပရိယာယ်အားဖြင့် အနာကင်းခြင်း (အာရောဂျ) အနက်ကို ဟောသတည်းဟု သိစေသည်။

(နာမလိင်္ဂတ္တ၊ ဝါ–သဒ္ဒါဟောအဘိဓေယျတ္တ)

ခ–ဝါကျ၌ အနဝဇ္ဇနဋ္ဌေန–ဖြင့် ကုသလသဒ္ဒါကား ဗာဟိတိကသုတ္တ ပရိယာယ်အားဖြင့် အပြစ်ကင်းခြင်း (အနဝဇ္ဇ) အနက်ကိုဟောသတည်းဟု သိစေသည်။

(နာမလိင်္ဂတ္တ၊ ဝါ–သဒ္ဒါဟောအဘိဓေယျတ္တ)

ခ–ဝါကျ၌ ကောသလ္လသမ္ဘူတဋ္ဌေန–ဖြင့် ကုသလသဒ္ဒါကား အဘိဓမ္မာ ပရိယာယ်အားဖြင့် သမ္မယုတ်ပညာကြောင့် ဖြစ်ခြင်း(ကောသလ္လသမ္ဘူတ) အနက်ကိုဟော သတည်းဟု သိစေသည်။

(နာမလိင်္ဂတ္တ၊ဝါ–သဒ္ဒါဟော အဘိဓေယျတ္တ)

မှတ်ချက်။ ဣတိ ယဋ္ဌဇာတကပရိယာယေန–လ–ကုသလံကထိတံ ဟူသော အဖွင့်ကို မျှော်ပါ။

ခ–ဝါကျ၌ စသဒ္ဒါဖြင့် သမုစ္စည်းအဓိပ္ပါယ်ကိုသိစေသည်။ (ဘာဝတ္တ) –နိပါတတ္တ အဖြေရှုပါ။

ဃ–ဝါကျ၌ ကိလေသဒေါသဿ–ဖြင့် ကိလေသဝဇ္ဇသဒ္ဒ၌ဝဇ္ဇသဒ္ဒါသည် စည် (ဘေရီ)

http://www.dhammadownload.com



အနက်ကိုမဟော၊ အပြစ်(ဒေါသ) အနက်ကိုဟောသတည်းဟု သိစေသည်။ (နာမလိင်္ဂတ္ထ)

† ဒေါသော အာဒီနဝေါ ဘဝေ။ ဓာန်၊ ၇၆၆။

† ဝဇ္ဇံ ဒေါသေစ ဘေရိယံ။ ဓာန်၊ ၁၁၀၀။

ဃ–ဝါကျ၌ ကိလေသဒရထဿ–ဖြင့် ကိလေသဒေါသ (ကိလေသာ အပြစ်) ဟူသည် ကိလေသဒရထ (ကိလေသာဟူသောပူပန်ဖြင်း)တည်းဟု သိစေသည်။ (ဘာဝတ္ထ)

င–ဝါကျ၌ ပညာဖြင့် ကောသလ္လပုဒ်ကို ကုသလဿ ဘာဝေါ 'ကောသလ္လံ–ဟု ဝစနတ္ထပြု၍ ကောသလ္လံအရ ပညာ(ဉာဏ်)ကို ယူရမည်ဟု သိစေသည် (အဘိဓေယျတ္ထ)

င–ဝါကျ၌ ကောသလ္လသမ္ဘူတဋ္ဌာ–ဖြင့် ကောသလ္လသမ္ဘူတပုဒ်ကို ကောသလ္လတော သမ္ဘူတံ ကောသလ္လသမ္ဘူတံ–ဟု ပဥ္စမီတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်ဟု သိစေသည်။ (အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ)

---

## (၇) ဥပသဂ္ဂနိပါတတ္ထ

ခ–ဝါကျ၌ အပိစအနက်ကို ရှေး၌ရေးခဲ့ပြီ။

ခ–ဝါကျ၌ ကောသလ္လသမ္ဘူတဋ္ဌေနစ–၌ စသဒ္ဒါကား သမုစ္စယတ္ထ ဇောတက။

### သမုစ္စည်းဆည်းပုံ

အာရောဂျဋ္ဌ, အနဝဇ္ဇဋ္ဌကြောင့်သာ ကုသလ–မည်သည်မဟုတ်၊ ကောသလ္လ–သမ္ဘူတဋ္ဌ ကြောင့်လည်း ကုသလမည်သတည်းဟုဆည်းသည်။

✪ ကေဝလံပုဒ်၊ နမြစ်ထုတ်၊ သမုစ္စယ်အဓိပ္ပါယ်ရောက်မြဲ။

ဂ–ဝါကျ၌ ယထေဝ–ကား ဥပမာနဇောတကနိပါတ်ပုဒ်။

ဟိ–ကားဝိတ္ထာရဇောတကနိပါတ်ပုဒ်။

ဂ–ဝါကျ၌ ကစ္စိသဒ္ဒါ နုသဒ္ဒါကား ပုစ္ဆနတ္ထ။

ဂ–ဝါကျ ဇဝံသဒ္ဒါကား ဥပမေယျတ္ထ။ အရူပေ ဓမ္မေပိ–၌ ပိသဒ္ဒါကား သမုစ္စယတ္ထ။

### သမုစ္စည်းဆည်းပုံ

ရူပကာယ၌သာ ကုသလံ သဒ္ဒါကိုဆိုအပ်သည်မဟုတ်၊ အရူပဓမ္မ၌လည်း ကုသလံသဒ္ဒါကို ဆိုအပ်၏ဟု ဆည်း။

ဂ–ဝါကျ၌ ကိလေသဂေလညဿ စ–၌ စ–သဒ္ဒါကား ကိလေသာတုရတာယစ, ကိလေသဂေလညဿစ, ကိလေသဗျာဓိနောစ–ဟု ပုဒ်အချင်းချင်းဆည်းသော အညမည သမုစ္စည်းတည်း။

ဃ–ဝါကျ၌ ပနသဒ္ဒါကား ပက္ခန္တရဇောတကတည်း။

ကိလေသဒရထဿစ–၌ စသဒ္ဒါကား သမုစ္စည်း၊ ဆည်းပုံလွယ်ပြီ။

http://www.dhammadownload.com



## (၉) ကြိယာငါးတန်

ခ-ဝါကျ ကောသလ္လသမ္ဘူတဋ္ဌေန-၌ ကောသလ္လအရတရားကိုယူ၍ ကြိယာငါးတန်ထုတ်ပုံ။

၁။ ကောသလ္လအရ ပညာ(ဉာဏ်)သည် ဒဿနတ္ထ။

၂။ ဝိညာဏ်သည် ဒီပကတ္ထ။

၃။ ဉာဏသမ္ပယုတ်ကုသိုလ်စိတ်သည် ပကာသနတ္ထ။

၄။ သင်္ခါရသည် ဝိဘာဝတ္ထ။

၅။ သုခဝိပါကသည် အနုဘာဝတ္ထ။

---

## (၁၀) ပဋ္ဌာန်းပစ္စည်းပြိုင်

မေး။ ခ-ဝါကျ၌ ကောသလ္လအရ ပစ္စည်းတရားက သမ္ဘူတအရ ပစ္စယုပ္ပန်တရားအား အဘယ်မျိုး အဘယ်ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုပါသနည်း။

ဖြေ။ ကောသလ္လအရ ပညာဉာဏ်ပစ္စည်းတရားက သမ္ဘူတအရ မဟာကုသိုလ် ပစ္စယုပ္ပန်တရားအား သဟဇာတမျိုးဖြင့် ကျေးဇူးပြုသည်။

ပြိုင်= ဟေ, အဓိ, သဟ, အည, နိဿယ, ဣ, မဂ္ဂ, သမ္ပ, အတ္ထိ, အဝိ-၁၀ ပစ္စည်း။

### ဉာဏဝိပ္ပယုတ္တံ ဒုဝိဓေနေဝ (ဠ၊၁၀၅)၌ ဝေသဒ္ဒါ

၁။ အာရောဂျဋ္ဌ, အနဝဇ္ဇဋ္ဌကား ဂဟေတဗ္ဗတ္ထ။

၂။ ကောသလ္လသမ္ဘူတဋ္ဌကား နိဝတ္တေတဗ္ဗတ္ထ။

၃။ အာရောဂျဋ္ဌဘာဝဂုဏ်, အနဝဇ္ဇဋ္ဌဘာဝဂုဏ်ကား အနုညာတတ္ထ။

### အနဝဇ္ဇလက္ခဏမေဝ (ဠ၊၁၀၅)၌ ဝေသဒ္ဒါ

၁။ အနဝဇ္ဇလက္ခဏာသည် ဂဟေတဗ္ဗတ္ထ။

၂။ သုခဝိပါကသည် နိဝတ္တေတဗ္ဗတ္ထ။

၃။ အနဝဇ္ဇလက္ခဏာဘာဝဂုဏ်သည် အနုညာတတ္ထ။

မှတ်ချက်။ ဝေဖြင့် သုခဝိပါကကိုကန့်။ ထိုသို့ကန့်ခြင်းကိုလည်း ထိုသုခဝိပါက၏ ပစ္စုပဋ္ဌာန်၏အဖြစ်ကို ဆိုလိုသောကြောင့် ပြုအပ်၏။ သုခဝိပါကကို ဣဋ္ဌ ဝိပါက ဟုဆိုသဖြင့် သုခသဒ္ဒါသည် ဣဋ္ဌ၏ပရိယာယ်ဟု သိလင့်။(ဂဏ္ဌိသစ်၊၃၆၁)

† အနဝဇ္ဇလက္ခဏမေဝါတိ သုခဝိပါကဘာဝဿ လက္ခဏာဘာဝ နိဝါရဏတ္ထံ အဝဓာရဏံ ကတံ။ တံ နိဝါရဏဥ္စ တဿ ပစ္စုပဋ္ဌာနတံ ဝတ္တုကာမတာယ ကတံ။ မူလဋီ၊ ၁၊ ၆၅။

†တဿ ပစ္စုပဋ္ဌာနတံ ဝတ္တုကာမတာယာတိ ဧတေန အနဝဇ္ဇသုခဝိပါက လက္ခဏာနိ ဧတ္ထ သုခသဒ္ဒေါ ဣဋ္ဌပရိယာယော ဝုတ္တောတိ ဒဿေတိ။ အနု၊ ဋီ၊ ၁၊ ၇၀။

http://www.dhammadownload.com



**စိတ္တန္တိ** (က) အာရမ္မဏံ စိန္တေတီတိ စိတ္တံ။ (ခ) ဝိဇာနာတီတိ အတ္ထော။
(ဂ) ယသ္မာဝါ -လ- အတ္တနောသန္တာနံ စိနောတီတိ စိတ္တံ။
(ဃ) ဝိပါကံ ကမ္မကိလေသေဟိ စိတန္တိ စိတ္တံ။ (င) အပိစ သဗ္ဗမ္ပိ -လ- စိတ္တံ။
(စ) စိတ္တကရဏတာယ -လ- အတ္ထော ဝေဒိတဗ္ဗော။ ဋ္ဌ၁၀၆။

## (၂) (၃) ဝါကျခွဲစသည်

ခ-ဝါကျကား ဝိတ္ထာရဝါကျ၊ ဝါ-ဝါကျာရမ္ဘဝါကျ။ ထို-၍ က-ဝါကျ ကား သခေ်ပဝါကျ။ ဝါ-အာရဒ္ဓဝါကျ။

### ခ-ဝါကျ ပါပနာဒိဋ္ဌပနာပဥ္စကကျမ်းတက်

ဆရာ၊ ဆရာသည် (က) ဝါကျဖြင့် အာရုံကိုသိတတ်သောကြောင့် စိတ်မည်သောဟု ဆိုတော်မူ၏။ ထိုသို့သာဆိုချေသော် အာရုံကိုသညာသိပညာသိအားဖြင့်လည်းသိ၏ဟူသော အနက်သည် ရောက်ရာ၏။ စင်စစ်တမူကား ဤစိတ္တံဟူသောပါဠိ၌ သညာသိ ပညာသိအားဖြင့် အာရုံကိုသိခြင်းသည် မဖြစ်သင့်၊ ထိုသို့မဖြစ်သင့်သောကြောင့် စိတ်၏ အာရုံကို သိခြင်းကိစ္စအထူးကို ဆိုသင့်ဆိုတန်၏။ စိတ်၏အာရုံကို သိခြင်းကိစ္စအထူးကို မဆိုဘဲ မနေသင့်မနေတန်၊ စိတ်၏အာရုံကို သိခြင်းကိစ္စအထူးကို အဘယ်သို့လျှင် သိရမည်နည်း-ဤသို့ ကြောင့် ခ-ဝါကျမိန့်။

ကား- ခ-ဝါကျဖြင့် ဝိညာဏ်သိအားဖြင့်သိ၏ဟု စိတ်၏သညာသိ ပညာသိတို့မှ ထူးသော ဝိသိဋ္ဌကိစ္စကို ငါပြဆို၏ဟူလို-။

† ဝိဇာနာတီတိ သညာပညာကိစ္စဝိသိဋ္ဌံ ဝိသယဂ္ဂဟဏံ အာဟ။ မူလ၊ဋီ၊ ၁၊၆၅။

† သညာ ပညာကိစ္စံ သညာဏကရဏ ပဋိဝိဇ္ဈနာနိ တဒုဘယဝိဓုရာ အာရမ္မဏူပလဒ္ဓိ "ဝိဇာနာတီတိ ဣမိနာ ဝုစ္စတီ"တိ အာဟ။ "သညာ ၊ပ၊ ဂဟဏန္တိ။ အနု၊ ဋီ၊ ၁၊ ၇၀။

မှတ်ချက်။ ဉီဟနစိန္တာ ပဇာနနစိန္တာ ဝိဇာနနစိန္တာတို့တွင် ဝိတက်၏ကြံခြင်းကား ဉီဟနစိန္တာ၊ ပညာ၏ကြံခြင်းကား ပဇာနနစိန္တာ၊ ဝိညာဏ်၏ကြံခြင်းကား ဝိဇာနနစိန္တာတည်း။ ဤ၌ ဝိဇာနနစိန္တာကို ပြလို၍ ဝိဇာနာတီတိ အတ္ထော ကိုမိန့်။ (ဂဏ္ဌိသစ်၊၃၆၂)-ဤအလို အောက်ပါအတိုင်း ကျမ်းတက်ရာ၏။

ဆရာ၊ ဆရာသည် (က) ဝါကျဖြင့် စိတ္တံပုဒ်၏ ဝစနတ္ထကိုဆိုတော်မူ၏။ ထိုသို့ဝစနတ္ထကို သာ ဆိုချေသော် စိတ္တံအရ ဉီဟနစိန္တာ ပဇာနနစိန္တာတို့ကို ယူရမည်ဟူသော အနက်ရောက်ရာ၏။ စင်စစ်တမူကား ဉီဟနစိန္တာ,ပဇာနနစိန္တာကို ယူခြင်းသည် မဖြစ်သင့်။ သို့မဖြစ်သင့်သောကြောင့် စိတ္တံ-အရ ယူသင့်သော အနက် (အဘိဓေယျတ္ထ) ကိုဆိုသင့် ဆိုတန်၏။ စိတ္တံအရ ယူသင့်သော အနက် (အဘိဓေယျတ္ထ) ကို မဆိုဘဲမနေသင့်မနေတန်။ စိတ္တံအရ အဘယ်စိန္တာကို ယူရမည်နည်း- ကြောင့် ခ-ဝါကျမိန့်။

ကား - ခ-ဝါကျဖြင့် စိတ္တံအရ ဝိဇာနနစိန္တာကို ယူရမည်ဟု ငါပြဆို၏ဟူလို

http://www.dhammadownload.com



## ဒေါသပယ်ပုံ

က–ဝါကျဖြင့် ဦဟနစိန္တာ ပဓာနစိန္တာ ဝိဓာနစိန္တာသုံးမျိုးလုံးနှင့် သက်ဆိုင်နေ၍ အလွန်ပျံ့နှံ့လျက်ရှိရာ ခ–ဝါကျတက်လာသောအခါ ဦဟနစိန္တာ ပဓာနစိန္တာတို့ကို မယူရတော့ဘဲ ဝိဓာနစိန္တာကိုသာရတော့သဖြင့် ထို ခ–ဝါကျဖြင့် အတိဗျာပိတဒေါသကို ပယ်သည်။

ဂ–ဝါကျ ဃ–ဝါကျကား ပက္ခန္တရ။ထို–၍ က–ခ ဝါကျတို့ကား ပက္ခဝါကျ။

## အနုသန္ဓေတက်

ဤသို့(က) (ခ) ဝါကျတို့ဖြင့် စိတ္တသဒ္ဒါ၏ စိန္တ(စိတိ)ဓာတ် ကတ္တုသာဓန၏အဖြစ်၊ စိတ္တအရ –ဝိဓာနစိန္တာ ဝါ–စိတ်အားလုံးကို ယူရမည်၏အဖြစ်ကိုပြပြီး၍ ယခုအခါ၌ စိတ္တသဒ္ဒါ၏ဓာတ်တစ်မျိုး၊ ဝစနတ္ထတစ်မျိုး၊ အရကောက်တစ်မျိုးကိုပြခြင်းငှါ ဂ–ဃ–ဝါကျမိန့်။

ထို–ဂ–ဃ–ဝါကျတို့တွင် ဃ–ဝါကျကား ပက္ခန္တရ။ ထို–၍ ဂ–ဝါကျကား ပက္ခဝါကျ။

င–ဝါကျ စ–ဝါကျကား ပက္ခန္တရဝါကျ။ ထို–၍ ဂ–ဃ–ဝါကျကား ပက္ခဝါကျ။

## နိဿျ အနုသန္ဓေတက်

ရှေ့ကတ္တုသာဓ်, ကမ္မသာဓ်နှစ်ပါးတို့တွင် အာဝဇ္ဇန်းဒွေး ဝီထိစိတ်အဆုံးအားဖြင့် အတ္ထိမဇဝနဟုဆိုအပ်သော အဆုံးဇော လောကုတ္တရာဇောတို့သည် မဝင်ခဲ့ရကား အလုံးစုံကို ကျုံးသောအားဖြင့် အပိစ စသည်ကိုမိန့်သော်။

စ–ဝါကျကား ပက္ခန္တရ၊ ထို–၍ င–ဝါကျကား ပက္ခဝါကျ။

## ဝါသဒ္ဒါလဲပုံ

က–ခ–ဝါကျဖြင့်ပြအပ်သော စိတ္တံသဒ္ဒါ၏ စိန္တ (စိတိ)ဓာတ် တပစ္စည်းဟူသော သဒ္ဒါ၊ စိတ္တအရ စိတ် ၈၉–ဟူသောဝါစ္စတ္ထမှတပါး စိတ္တံသဒ္ဒါ၏ စိတဓာတ်,တပစ္စည်းဟူသောသဒ္ဒါ၊ စိတ္တံအရ လောကီကုသိုလ်,အကုသိုလ်ကြိယာ (ဂ–ဝါကျအလို)၊ ဝိပါက်စိတ် (ဃ–ဝါကျအလို)ဟူသော ဝါစ္စတ္ထ တစ်မျိုးကိုငှင်း၊ စိတ္တံပုဒ်ကို စိန္တေတီတိ စိတ္တံဟု ကတ္တုသာဓနဝစနတ္ထအကြောင်းမှတစ်ပါး ကမ္မကိလေသေဟိ စိတန္တိ စိတ္တံဟု ကမ္မသာဓနဝစနတ္ထအကြောင်းကိုငှင်း လဲလှယ်ပြလိုသောကြောင့် ယသ္မာဝါ–၌ ဝါ သဒ္ဒါထားရသည်။

## အပိစသဒ္ဒါထားပုံ

ဂ–ဝါကျဖြင့် စိဓာတ် တပစ္စည်းဟူသောသဒ္ဒါ၊ မိမိစိတ်အစဉ်ကို အာသေဝန စသောပစ္စည်းအားဖြင့် စီဓာတ်၊ဝါ–ပဂုဏဗလဝအဖြစ်ကိုပြုသောအား ဖြင့်ပွားစေတတ်–ဟူသောသကတ္တ၊ ဝစနတ္ထ (ဂ–ဝါကျအလို)၊ စိတ္တအရ အာဝဇ္ဇန်းဒွေး, အဆုံးဇော, လောကုတ္တရာ(မဂ်)ဇောမှတစ်ပါး လောကီကုသိုလ် အကုသိုလ် ကြိယာစိတ်ဟူသော အဘိဓေယျတ္ထ စိတဓာတ် တပစ္စည်းဟူသောသဒ္ဒါ၊ ကံ

http://www.dhammadownload.com



ကိလေသာတို့သည် ဆည်းပူးအပ်, ပွားစေအပ်ဟူသောသကတ္ထ ကမ္မသာဓနေ ဝစနတ္တ၊ ဝိပါက်စိတ်ဟူသော အဘိဓေယျတ္ထ(ဃ–ဝါကျအလို) မှတစ်ပါး စိတ္တ သဒ္ဒါ၏ ရုဠှီသဒ္ဒါ၏အဖြစ်ဟူသောသဒ္ဒါ၊ ဆန်းကြယ်သည်၏အဖြစ်ဟူသော သကတ္ထ၊ ကရဏဟူသော ဥတ္တရပဒလောပသဒ္ဒါ၊ ဆန်းကြယ်သော ပန်းချီ စသောအမှုကို ပြုတတ်သည်၏အဖြစ်ဟူသောသကတ္ထ။ စိတ္တ–စိတ် (၈၉)ဟူသော အဘိဓေယျတ္ထတစ်မျိုးကို (ရှေးနည်းစွန့်ကာ) ဖွင့်ပြလိုသောကြောင့် င–ဝါကျ၌ အပိသဒ္ဒါထားရသည်။

---

## (၄) ဝိဂ္ဂဟာဒိ

အာရမ္မဏ။ အာဂန္တွာ အာဘုသော ဝါ စိတ္တစေတသိကာ ဓမ္မာ ရမန္တိ ဧတ္ထာတိ အာရမ္မဏံ။ ယု၊ အာ ရမု ရမ္မဏော။ အာ ပုဗ္ဗော။ သူစိ။

အာဂန္တွာ အာဘုသောဝါ စိတ္တစေတသိကာ ဓမ္မာ ရမန္တိ ဧတ္ထကား အဓိကရဏ သာဓနေကိတ်ဝိဂြိုဟ်၊ အာရမ္မဏံကား အဓိကရဏသာဓနေကိတ်ပုဒ်၊ အာပုဗ္ဗ+ရမုဓာတ်+ယု ပစ္စည်း။

အာ–ဟူသောဥပသာရပုဒ်အရကား အာဂမနဘောဂဏ်၊ဝါ–အာဘုသ ဘောဂဏ်ရ၏။

ရမုဓာတ်၏ကတ္တုဋ္ဌကြိယာကား စိတ်စေတသိက်တို့၏ ဥပါဒ်သည် မုချ။

အဓိကရဏဋ္ဌကြိယာအရကား ထိုစိတ်စေတသိက်တို့၏ဥပါဒ်အားတပ်သော အာရုံ ခြောက်ပါး၏ အာရမ္မဏပစ္စယသတ္တိသည် ဖလူပစာ။

ယုပစ္စည်းအရကား ထိုမုချ ဖလူပစာတို့ဖြင့်မှတ်အပ်သော အာရုံ ခြောက်ပါးရ၏။

မှတ်ချက်။ ဤသို့ ညည်ကောက်ကိုရှု၍ ဓာတွတ္ထနှင့် ပစ္စယတ္ထတို့ အာရမ္မဏမျိုး ပြိုင်နိုင်ကြောင်း သိလေ။

### စတုတ္တ

၂။ အာပုဗ္ဗ ရမုဓာတ် ယုပစ္စည်းသည်ငင်း၊ လာ၍ဝါ–ပြင်းစွာမွေ့လျော်ခြင်းကြိယာသကတ်သည်ငင်း ဗျုပ္ပတ္တိနိမိတ်။

၄။ အာရုံတို့၏တစ်ခုသည်တစ်ခုနှင့်....အပ်သောဓာတ်သည် ပဝတ္တိနိမိတ်။

---

## (၅) ဓာတုပစ္စယာဒိ

ဓဝန။ ဓုဓာတ်+ယုပစ္စည်း။ ဓု ဓဝနေ ယု။ သူစိ။

ဝီထိ။ ဝိတိ ဂစ္ဆတိ ဧတ္ထာတိ ဝီထိ။ လမ်းရ၏။

ဝီထိ ဝိယာတိ ဝီထိ။ စိတ်အစဉ်ရ။ ဣတ္ထိလိင်၊ ရတ္တာဒိ။

† ဝိ ဂမနေ ထိ။ သူစိ။

သန္တာန။ သံပုဗ္ဗ+တနု ဝိတ္ထာရေ+ဏော။ သူစိ။

ယသ္မာ နိပါတ်ပုဒ်၊ အာကာရန္တ၊ အလိင်၊ ဂဏဝိမုတ်။

http://www.dhammadownload.com



တစ်နည်း။ သဗ္ဗနာမ်ပုဒ်၊ ယသ္မာ ကာရဏာဲ့စွဲ၊ နပုံလိင်၊ စိတ္တာဒိဂိုဏ်း၊ အကာရန္တ၊ ပဌမီကေဝုစ်ဝိဘတ်။

**မှတ်ချက်။** ယသ္မာ တသ္မာ တထာပိ တေန ဣစ္စေတေ ကာရဏာ-ဋ္ဌေဒနတ္တေ -(ရူ၊နှာ-၁၃၅) လာသောကြောင့် ယသ္မာကို နိပါတ်ဟုခွဲသည်။ တသ္မာလည်း ယသ္မာနှင့် တူပြီ။ ၂-နည်းခွဲလေ။

## (၆) အာဘောဂ သံဝဏ္ဏနာ

(က) ဝါကျ၌ အာရမ္မဏ်-ဖြင့် စိန္တေတိ-သိ၏ဟူသည် အာရုံကိုသိသတည်းဟု သိစေသည်။ (ဘာဝတ္ထ)

တစ်နည်း။ စိန္တေတိ၌ စိတိ (စိန္တ)ဓာတ်သည် သကမ္မကဓာတ်ဖြစ်၍ ယင်း၏ကံကား အာရမ္မဏ်တည်ဟု သိစေသည်။ (ဘာဝတ္ထ)

(က) ဝါကျ၌ စိန္တေတိ-ဖြင့် စိတ္တံပုဒ်၏ စိတိ(စိန္တ)ဓာတ်၏အဖြစ်ကိုင်း၊ စိတိ(စိန္တ) ဓာတ်၏ စုရာဒိဂဏိကဓာတ်၏အဖြစ်ကိုင်း၊[၁] စိတ္တံပုဒ်ကို စိန္တေတီတိ စိတ္တံ-ဟု ကတ္တုသာဓနေဝစနတ္ထပြုရမည်ကိုင်း၊[၂] တပစ္စည်း၏ ကတ္တုသာဓနေ၌သက်သည်ကိုင်း[၃] သိစေသည်။

၁။ ဒုတိယဓာတုပဒ။ ၂။ ဘာဝတ္ထ။ ၃။ အဘိဓာနတ္ထ။ ၄။ ဒုတိယပစ္စယတ္ထ။

ခ-ဝါကျ၌ ဝိဇာနာတိ-ဖြင့် စိန္တေတိ၌ စိတိ (စိန္တ)ဓာတ်၏သိခြင်း (ဇာနန) အနက်ဟော၏အဖြစ်ကိုင်း၊[၁] စိန္တာအရ ဦဟာနစိန္တာ ပဇာနနစိန္တာကို မယူရ၊ ဝိဇာနနစိန္တာကို ယူရမည်ကိုင်း၊[၂] (တစ်နည်း) သညာသိ, ပညာသိကိုမယူရ၊ ထိုမှထူးသော ဝိညာဏ်သိကိုယူရမည်ကိုင်း[၃] သိစေသည်။

၁။ ဓာတွတ္ထ။ ၂။ အဘိဓေယျတ္ထ။ ၃။ တစ်နည်း၊ အဘိဓေယျတ္ထ။

† ဝိဇာနာတီတိ သညာပညာကိစ္စဝိသိဋ္ဌ ဝိသယဂ္ဂဟဏံ အာဟ။ မူလ၊ဋီ၊ ၁၊ ၆၅။ (ဂဏ္ဌိသစ်၊ ၃၆၂။)

ဂ-ဝါကျ၌ စိနောတိ-ဖြင့် စိတ္တံ၌ စိဓာတ်၏အဖြစ်ကိုင်း၊[၁] တပစ္စည်း၏ ကတ္တုသာဓနေ၌သက်ကိုင်း၊[၂] စိနောတီတိ စိတ္တံဟု ကတ္တုသာဓနေဝစနတ္ထပြုရမည်ကိုင်း[၃] သိစေသည်။

၁။ ဒုတိယဓာတုပဒ။ ၂။ ဒုတိယပစ္စယတ္ထ။ ၃။ အဘိဓာနတ္ထ။

ဂ-ဝါကျ၌ အတ္တနောသန္တာနံ-ဖြင့် စိနောတိ-စီ၏ဟူသည် မိမိအစဉ်ကို စီသတည်းဟု သိစေသည်။ (ဘာဝတ္ထ)

ဂ-ဝါကျ၌ ဇဝနဝီထိဝသေန-ဖြင့် မိမိအစဉ်ကို စီ၏ဟူသည် ဇောဝီထိ၏အစွမ်းဖြင့် မိမိအစဉ်ကို အာသေဝနစသော ပစ္စည်းအားဖြင့် စီသတည်းဟု သိစေသည်။ (ဘာဝတ္ထ)

ဂ-ဝါကျ၌ လောကိယကုသလာကုသလကိရိယစိတ္တံ-ဖြင့် အတ္တနော သန္တာနံ စိနောတီတိ စိတ္တံဟူသောဤဝိကပ်၌ စိတ္တံအရ လောကီကုသိုလ် အကုသိုလ်, ကြိယာစိတ်ကို ယူရမည်ဟု သိစေသည်။ (အဘိဓေယျတ္ထ)

http://www.dhammadownload.com



မှတ်ချက်။ အာသေဝနပစ္စယဘာဝေန စိန္နောတိ–ဟု မူလ၊ဋီ၊ ၁၊၆၅–ဆိုသောကြောင့် လောကိယ ကုသလာကုသလကိရိယစိတ္တဲ့အရ အာဝဇ္ဇန်းဒွေး၊ အဆုံးဇော၊ လောကုတ္တရာ(မဂ်)ဇောမှ တစ်ပါး လောကီကုသိုလ် အကုသိုလ်ကြိယာစိတ်ကိုသာ ယူရမည်။

ဃ–ဝါကျ၌ စိတံ–ဖြင့် စိတ္တဲ့ပုဒ်ကို စိတန္တိ စိတ္တံ–ဟု ကမ္မသာဓန (သပဒဝိဂ္ဂဟ) ဝစနတ္ထပြု ရမည်ကိုဋင်း၊[၁] တပစ္စည်း ကမ္မသာဓနေ၌သက်သည်ကိုဋင်း၊[၂] သိစေသည်။

၁။ အဘိဓာနတ္ထ။ ၂။ ဒုတိယပစ္စယတ္ထ။

ဃ–ဝါကျ၌ ကမ္မကိလေသေဟိ–ဖြင့် ဆည်းပူးအပ်၏ဟူသည် ကံ ကိလေသာတို့သည် ဆည်းပူးအပ်သည်ကိုဋင်း၊[၁] စိတံပုဒ်ကို စိယတေတိ စိတံ ဟု ကမ္မသာဓနဝစနတ္ထ ပြုရမည်ကိုဋင်း၊[၂] စိတ၌ တပစ္စည်း၏ ကမ္မသာဓနေ၌ သက်သည်ကိုဋင်း၊[၃] သိစေသည်။

၁။ ဘာဝတ္ထ။ ၂။ အဘိဓာနတ္ထ။ ၃။ ဒုတိယပစ္စယတ္ထ။

မှတ်ချက်။ သံဝဏ္ဏေတဗ္ဗ ၊ကိတ်ပဒ၊ ကတ္တားအဝုတ္တဖြင့် ဖွင့်၍ပြ၊ ကမ္မ သာဓနေကြံစရာ– နှင့်အညီ ကမ္မကိလေသေဟိ–ဟူသောအဝုတ္တကတ္တားဖြင့် စိတံကို ဖွင့်ပြသောကြောင့် စိတံပုဒ်ကို အထက်ပါအတိုင်း ၂–၃– အာဘော်ကို ဖော်ရသည်။

ဃ–ဝါကျ၌ ဝိပါက–ဖြင့် ဤဝိကပ်အလို စိတ္တဲ့အရ ဝိပါက်စိတ်ကို ယူရမည်ဟု သိစေသည်။ (အဘိဓေယျတ္ထ)

င–ဝါကျ၌ အပိစသဒ္ဒါဖြင့် စိတ္တပုဒ်၏ အတ္ထန္တရကိုသိစေသည်။(ဘာဝတ္ထ)

င–ဝါကျ၌ သဗ္ဗမ္ပိ–ဖြင့် စိတ္တဲ့အရ စိတ်အားလုံးကို ယူရမည်ဟု သိစေသည်။ (အဘိဓေယျတ္ထ)

င–ဝါကျ၌ ယထာရူပတော–ဖြင့် မိမိအားလျော်သောသမ္ပယုတ်,ဘုံ, အာရုံစသော အားဖြင့် ဆန်းကြယ်သတည်းဟု သိစေသည်။ (ဘာဝတ္ထ)

င–ဝါကျ၌ စိတ္တတာယ–ဖြင့် စိတ္တသဒ္ဒါသည် ဝိစိတ္တအနက်ဟော အနိပ္ဖန္န ပါဋိပဒိကပုဒ် တည်းဟု သိစေသည်။ (နာမလိင်္ဂပဒ၊ နာမလိင်္ဂတ္ထ၊ ဝါ–နာမလိင်္ဂပဒတ္ထ)

✪ လိင်, နာမ်, ပါဋိ–သုံးပါးရှိ၊ တူဘိသဘောမှာ။
နာမ်၏သာလျှင်၊ သဘောပင်၊ ယူငင်ပရိယာ။ (ရူပသိဒ္ဓိအဖြေ)

† လိင်္ဂပါဋိပဒိကန္တိ နာမဿေဝ ပရိယာယော။ ရူ၊ဋီ။

(ခ) ဝါကျ စိတ္တကရဏတာယဖြင့် စိတ္တဲ့ပုဒ်ကို စိတ္တဿ ကရဏံ စိတ္တံ–ဟု ဥတ္တရပဒလောပ ဆဋ္ဌီတပ္ပုရိသ်သမာသ်ဝစနတ္ထပြုရမည်ဟု သိစေသည်။

(အဘိဓာနတ္ထ၊သမာသလိင်္ဂပဒ၊သမာသလိင်္ဂတ္ထ၊ ဝါ–သမာသလိင်္ဂပဒတ္ထ။)

(တနည်း) စိတ္တကရဏတာယ–ဖြင့် စိတ္တဲ့ပုဒ်ကို စိတ္တံ ကရောတီတိ စိတ္တံ–ဟု ကရောတိ တဒ္ဓိတ်ဝစနတ္ထပြုရမည်–ကိုဋင်း၊[၁] ဏ–ပစ္စည်း ကရောတိ တဒ္ဓိတ်၌သက်သည်–ကိုဋင်း၊[၂] သိစေသည်။

၁။ အဘိဓာနတ္ထ။ ၂။ပစ္စယတ္ထ။

http://www.dhammadownload.com



### သံဝဏ္ဏနာနှင့်အညီ အနက်ယောဇနာပုံ

၁။ စိတ္တံ = သညာ ပညာကိစ္စတို့မှ ထူးသောအားဖြင့် အာရုံကိုသိတတ်သော သဘောတရား။ (က–ခ နှင့်အညီ)

၂။ စိတ္တံ = ဇောဝီထိ၏အစွမ်းဖြင့် မိမိအစဉ်ကို အာသေဝနစသော ပစ္စည်းအားဖြင့် စီတတ်၊ ပွားစေတတ်သော သဘောတရား။ (ဂ–ဝါကျနှင့်အညီ)

၃။ စိတ္တံ = ကံကိလေသာတို့သည် ဆည်းပူးအပ်၊ပွားစေအပ်သော သဘောတရား။ (ဃ–ဝါကျနှင့်အညီ)

၄။ စိတ္တံ = သမ္ပယုတ် ဘုံ အာရုံစသောအားဖြင့် ဆန်းကြယ်သော သဘောတရား။ (င–ဝါကျနှင့်အညီ)

၅။ စိတ္တံ = ဆန်းကြယ်သော ပန်းချီအမှုကို ပြုတတ်၊ ဂတိစသောဆန်းကြယ်သော အကျိုးကို ပြုတတ်သောသဘောတရား။ (စ–ဝါကျနှင့်အညီ)

---

### (၉) ကြိယာငါးတန်

**မေး။** ဃ–ဝါကျ၌ စိတ္တံပုဒ်ဝယ် ဗာဟုဗ္ဗအရ တရားကိုယူ၍ ကြိယာငါးတန်ထုတ်ပါ။

**ဖြေ။** ဃ–ဝါကျ၌ စိတ္တံပုဒ်ဝယ် ဗာဟုဗ္ဗအရ ဝိပါက်ကိုယူ၍ –

၁။ ဝိပါက်စိတ်သည် ဒဿနတ္ထ။

၂။ ကံ ကိလေသာသည် ဒီပကတ္ထ။

၃။ ကဋ္ဌတ္တာရုပ်သည်၊ဝါ–ဤအရာ၌ စိတ္တံအရ ဝိပါက်စိတ်ကို ယူရမည်ဟုသိရခြင်းသည် ပကာသနတ္ထ။

၄။ ဝိပါက်စိတ်ကိုဖြစ်စေတတ်ကုန်သော ကုသိုလ်အကုသိုလ်တို့သည် ဝိဘာဝတ္ထ။

၅။ စိတ္တံအရ ဝိပါက်စိတ်ကိုယူရမည်ဟု သိခြင်းအစ နိဗ္ဗာန်တိုင်အောင်သောအကျိုး အဆက်ဆက်သည် အနုဘာဝတ္ထ။

---

### (၁၀) ပစ္စည်းပြိုင်

က–ဝါကျ၌ အာရမ္မဏအရ အာရုံခြောက်ပါးပစ္စည်းတရားက စိန္တေတိ၊ ဝိဇာနာတိ၊ စိတ္တံပုဒ်တို့အရ စိတ် ၈၉–ပါး အာရမ္မဏိကပစ္စယုပ္ပန်တရားအား – အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြု။

ပြိုင်နိုင်သောပစ္စည်း။ အာ၊ အဓိ၊ နိ၊ ဥပနိ၊ ပုရေ၊ ဝိပ္ပ၊ အတ္ထိ၊ အဝိ– (၈) ပစ္စည်း ယထာရဟပြိုင်လေ။ (ဃဋနာ ၅–ချက်ရသည်။)

ယံ ဝိညာဏံ–ဟူသောပဋ္ဌသေသကတ္တားက စိန္တေတိ (ဝိဇာနာတိ)အား သဟဇာတပစ္စည်း၊ စိန္တေတိ (ဝိဇာနာတိ) ကား သဟဇာတပစ္စယုပ္ပန်တည်း။ (ဤသို့ ပဋ္ဌာန်းစာစပ်ကို သတိပြု။)

ယံ ဝိညာဏံ–အရ ဝိညာဏ်ဟူသော သဟဇာတပစ္စည်းက စိန္တေတိ (ဝိဇာနာတိ) အရ

http://www.dhammadownload.com



ဝိညာဏ်မှကြွင်းသော နာမ်ခန္ဓာသုံးပါးအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြု။

ပြိုင် = အဓိ, သဟ, အညှ, နိ, အာဟာရ, ဣန်, သမ္ပ, တ္ထိ, အဝိ (၉)ပစ္စည်း။

ဂ–ဝါကျ၌ တံ (စိနောတိ)အရ အဆုံးဇောကြဉ်သော ရှေးရှေးသော လောကီကုသိုလ် အကုသိုလ် ကြိယာဇောသည် အတ္တနော သန္တာန်အရ ပထမဇော ကြဉ်သော နောက်နောက်သော လောကီကုသိုလ် အကုသိုလ် ကြိယာဇောအား အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြု။

ပြိုင် =အနန္တရ၊သမနန္တရ၊ဥပနိဿယ၊ အာသေဝန၊နတ္ထိ၊ဝိဂတ–၆ ပစ္စည်း။

ဃ–ဝါကျ၌ ကမ္မကိလေသေဟိ–၌ ကမ္မအရ ဒုဗ္ဗလဖြစ်သော ကာမကုသိုလ် အကုသိုလ် စေတနာသည် စိတံ–၌ ဇာဟျတ္တအရ ကာမဝိပါက် တေဝီသ နာမက္ခန္ဓအား နာနာက္ခဏိကကမ္မ သတ္တိဖြင့် ကျေးဇူးပြု။

ကမ္မအရ ဗလဝဖြစ်သော လောကီကုသိုလ် အကုသိုလ်စေတနာသည် စိတံ၌ ဇာဟျတ္တအရ လောကီဝိပါက် ဇာတ္တိသနာမက္ခန္ဓာအား ပကတူပနိဿယ၊ နာနာက္ခဏိက ကမ္မ နှစ်ပစ္စယသတ္တိဖြင့် ကျေးဇူးပြု။ ကမ္မအရ မဂ်လေးခု၌ရှိသော စေတနာသည် စိတံ–၌ ဇာဟျတ္တအရ မဂ္ဂါနန္တရဖိုလ်လေးခု နာမက္ခန္ဓာအား အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ ကမ္မ၊ နတ္ထိ၊ ဝိဂတ ၆–ပစ္စယသတ္တိဖြင့် ကျေးဇူးပြု။

ကမ္မကိလေသေဟိ–၌ ကိလေသာအရ ကိလေသာဆယ်ပါးသည် စိတံ–၌ ဇာဟျတ္တအရ ဝိပါက်နာမက္ခန္ဓာအား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြု။

---

(က) အပိစ သဗ္ဗမ္ပိ (လ) စိတ္တံ။ (ခ) စိတ္တကရဏာ(လ)ဝေဒိတဗ္ဗော။ (ဂ) တတ္ထ ယသ္မာ အညဒေဝ သရာဂံ (လ) စိတ္တတာ ဝေဒိတဗ္ဗာ။ (ဃ) ကာဋ္ဌေတ္ထ ကေမေဝ (လ) နဟောတိ။ (င) စိတ္တာနံ ပန (လ) စိတ္တန္တိ ဝတ္တုံ ဝဋ္ဋတိ။ (စ) ဇဝံ တာဝ စိတ္တတာယ စိတ္တံ။ ဋ္ဌ၊ ၁၀၆။

ဇဝံ၊ ဤသို့ (ဇဝံသဒ္ဒါ နိဒဿနအနက်) ဇဝံ ယထာဝုတ္တနယေန၊ ဤသို့ ယသ္မာ အညဒေဝ စသည်ဖြင့် ယခင်ဆိုအပ်ပြီးသောနည်းဖြင့်။ (ဇဝံ ကရိုဏ်းအနက်ပေးပုံ) တာဝ၊ စိတ္တကရဏာတာယမှ ရှေးဦးစွာ။ (တာဝအပါဒါန်ငဲ့)၊ ဝါ–စိတ္တကရဏာ တာယ၏ရှေးဦးစွာ။ (တာဝသမ္ဗန်ငဲ့) စိတ္တဿ၊ စိတ်၏ (တာ–သမ္ဗန်ခံ) စိတ္တတာယ၊ သမ္ပယုတ်,ဘုံ,အာရုံစသည်အားဖြင့် ဆန်းကြယ် သည်၏အဖြစ် ကြောင့်၊ ကေမ္ပိ၊ တစ်ခုသောဝိညာဏ်သည်လည်း။ (ရှေးဝါကျမှ ကေမ္ပိလိုက်) ပကတိကတ္တား) စိတ္တံ၊ စိတ်မည်သည်။ (ဝိကတိကတ္တား) ဟောတိ၊ ၏။ (ပါဠိသေသ)

## (၂) (၃) ဝါကျခွဲစသည်

ဂ–ဝါကျကား ဝိတ္တာရဝါကျ။ ထို–၍ က–ခ–ဝါကျကား သခေ်ပ။

ဃ–ဝါကျ–ဝါကျာရမ္ဘဝါကျ။ဝါ–ဂရဟာဝါကျ။ဝါ–အရုစျတ္တဝါကျ။

င–ဝါကျကား သမ္ဘာဝနာဝါကျ၊ဝါ–အနုဂ္ဂဟတ္တဝါကျ။

စ–ဝါကျကား နိဂမ (နိဂုံး)ဝါကျ။ ထို–၍ ဂ–ဝါကျကား နိဂမနိယ၊ ဝါ–စုဏ္ဏိယဝါကျ။

http://www.dhammadownload.com



## ဃ–င–ဝါကျသို့ ကျမ်းတက်

ဆရာ၊ ဆရာသည် င–ဝါကျဖြင့် ဤစိတ်၏ သမ္ပယုတ်ဘုံအာရုံ ဟီန, မဇ္ဈိမ,ပဏီတ အဓိပတိတို့၏အစွမ်းဖြင့် ဆန်းကြယ်သည်၏အဖြစ်ကိုသိအပ်သောဟုဆိုတော်မူ၏။ (င–ဝါကျ တသ္မာနောက်ကို ထပနာထားသည်) ဤတစ်ခုယုတ် ကိုးဆယ်သောစိတ်တို့တွင် တစ်ခုတည်းသာ ဖြစ်သောစိတ်သည် သမ္ပယုတ်ဘုံအာရုံ စသည် တို့၏အစွမ်းဖြင့် မဆန်းကြယ်သည်မဟုတ်လော။ အဘယ့်ကြောင့် တစ်ခုတည်းသော စိတ်ကိုလည်း "စိတ္တတာယ စိတ္တံ"ဟု ဆိုခြင်းငါ သင့်သနည်း–ကြောင့် ဃ–င–ဝါကျမိန့်။

ကား– ဃ–င–ဝါကျဖြင့် ဤတစ်ခုယုတ်ကိုးဆယ်သော စိတ်တို့တွင် တစ်ခုတည်းဖြစ်သော စိတ်သည် သမ္ပယုတ်ဘုံအာရုံစသည်တို့၏အစွမ်းဖြင့် ဆန်းကြယ်သည်မဟုတ်သော်လည်း ဆန်းကြယ်သောစိတ်တို့၏ အတွင်းဝင်သည်၏အဖြစ်ကြောင့် ထိုစိတ်တို့တွင် အမှတ်မရှိသော တစ်ခုသော စိတ်သည် လည်း၊ ဝါ–တစ်ခုသောစိတ်ကို လည်း ဆန်းကြယ်သည်၏အဖြစ်ကြောင့် "စိတ္တံ" ဟူ၍ ဆိုသင့်၏–ဟူလို။

အဓိပ္ပါယ်။ အပေါင်းဖြစ်ကုန်သော တောင် မြစ် သမုဒ္ဒရာစသည်တို့၏ တစ်စိတ်ကို မြင်ကုန်သည်ရှိသော် "ပဗ္ဗတော မယာ ဒိဋ္ဌော၊ နဒီ မယာ ဒိဋ္ဌာ၊ သမုဒ္ဒေါ မယာ ဒိဋ္ဌော"ဟု အပေါင်း၏ အမည်ဖြင့် အစိတ်ကိုဆိုအပ်သကဲ့သို့၊ ထို့အတူ အပေါင်းဖြစ်သော ဝိညာဉ်(စိတ်)တို့၏ စိတ္တဟူသော အမည်ဖြင့် တစ်စိတ်ကိုလည်း စိတ္တဟု ဆိုအပ်၏ ဟူလို။ (သျှ–၄၁၅)

†တဒန္တောဂဓတ္တာ ဟိ သမုဒါယဝေါဟာရေန အဝယဝေါပိ "စိတ္တ"န္တိ ဝုစ္စတိယထာ ပဗ္ဗတနဒီသမုဒ္ဒါဒိ ဧကဒေသေသု ဒိဋ္ဌေသု ပဗ္ဗတာဒယော ဒိဋ္ဌာတိ ဝုစ္စန္တီတိ။ (မူလ၊ ဋီ၊ ၁၊ ၆၅)

---

### (၄) ဝိဂ္ဂဟာဒိ

အန္တောဂဓ။ အန္တော ဩဂဓေတီတိ အန္တောဂဓံ။ (အစိတ်ဝိဂြိုဟ်) ယံကိဥ္စိ ကေမ္ပိ–ရသည်။

†· ဂါဓပတိဋ္ဌာယံ အ။ သူစိ။

အန္တောဂဓတ္တံ။ အန္တောဂဓဿ ဘာဝေါ အန္တောဂဓတ္တံ။ (တသ္မာ)

အန္တောဂဓဿ။ (စိတ်တို့၏) အတွင်း၌ဝင်သော အမှတ်မရှိသော တစ်ခုသောစိတ်၏။ ဘာဝေါ၊ ဖြစ်ကြောင်းတည်း။

အန္တောဂဓဿ ဘာဝေါ–ကား ဘာဝတဒ္ဓိတ်ဝိဂြိုဟ်၊ အန္တောဂဓော–ကား ဘာဝတဒ္ဓိတ်ပုဒ် အန္တောဂဓပုဒ်+တ္တပစ္စည်း။

အန္တောဂဓ–ဟူသောတဒ္ဓိပုဒ်အရကား (စိတ်တို့၏) အတွင်းဝင်သော အမှတ်မရှိသော တစ်ခုသောစိတ်ရ၏။ ယင်း၏ ဖြစ်ကြောင်း စိတ်တို့၏ တစ်ခုသည် တစ်ခုနှင့်တူသော ဇာတ်နှင့် ဥာန ဥာနီအဖြစ်ဖြင့်စပ်ခြင်းသမ္ဗန်သည် ဥာနူပစာ။

တ္တ–ပစ္စည်းအရကား–အတွင်းဝင်သော အမှတ်မရှိသော တစ်ခုသော စိတ်ဖြစ်ကြောင်း ဇာတ်ရ၏။

http://www.dhammadownload.com



**စတုက္က**

၂။ (စိတ်တို့၏) အတွင်းဝင်သော အမှတ်မရှိသော တစ်ခုသောစိတ်၏ ဖြစ်ကြောင်းဓာတ်နှင့် ဌာန ဌနီအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဇျူပ္ပတ္တိနိမိတ်။

၄။ အတွင်းဝင်သော အမှတ်မရှိသော တစ်ခုသောစိတ်ဖြစ်ကြောင်းဓာတ်သည် ပဝတ္တိနိမိတ်။

မှတ်ချက်။ အန္တောဂဓတ္တော–ဟူသော ဟိတ်၏သမ္ဗန်ကား ယံကိဉ္စိ–ကို ပြင်သော ယဿ–ကဿစိနှင့် ကေမ္ဗိကိုပြင်သော ကေဿာပိ–တည်း။ ဆိုလိုသည်မှာ ယင်းဟိတ်ပုဒ်၏သမ္ဗန်ကား ယဿကဿစိ ကေဿာပိ–တည်း။ စိတ္တာနံ–အပေါင်းစိတ်အားလုံးတည်း။ ကေမ္ဗိကား ထိုစိတ်တို့တွင်ပါဝင်သော တစ်ခုသောစိတ်တည်း။ သို့ဖြစ်၍ ဋီကာ+ နိသျတို့ ကေဒေသျူပစာ၊ ဝါ–သမုဒါယူပစာ ဖြစ်ကြောင်းဖွင့်ဆိုခဲ့သည်။

စိတ္တံ။ (ဃ–ဝါကျ) စိတ္တေတိ ဝိစိတ္တေတီတိ စိတ္တံ။ စိတ္တဓာတ်+အပစ္စည်း၊

† စိတ္တော စု စိတ္တီကရဏဒဿနေ လေခါ.ဗ္ဘုတေစ။ (ဓာတွတ္ထ)

စိတ္တတာယ။ စိတ္တဿ ဘာဝေါ စိတ္တတာ (တာယ) စိတ္တဿ၊ ဆန်းကြယ်သည်၏။ ဘာဝေါ၊ အဖြစ်တည်း။

---

## (၇) ဥပသဂ္ဂနိပါတတ္ထ

ဃ–ဝါကျ ကေမေဝ–၌ ဧဝသဒ္ဒါကား အဝဓာရဏတ္ထ။

၁။ တစ်ခုသောစိတ်သည် ဂဟေတဗ္ဗတ္ထ။

၂။ များသောစိတ်သည်၊ဝါ– စိတ်အပေါင်းသည် နိဝတ္တေတဗ္ဗတ္ထ။

၃။ တစ်ခုသောစိတ်၏ ကောဘာဝဂုဏ်သည် အနုညာတတ္ထ။

င–ဝါကျ ကေမ္ဗိ–ဝယ် ပိ (အပိ) သဒ္ဒါကား သမ္ဘာဝနာဇောတက။

**သမ္ဘာဝနာမှုပုံ**

တစ်ခုသောစိတ်သည်လည်း (ကိုလည်း) စိတ်ဟုခေါ်ခြင်းငှါ သင့်သေး၏။ စိတ်အများကိုမူကား အဘယ်ဆိုဘွယ်ရှိအံ့နည်း (စိတ်ဟုခေါ်ခြင်းငှါ သင့်သည်သာ)။

မှတ်ချက်။ ကေမ္ဗိ–၌ ပိသဒ္ဒါသည် အနည်း၌ ထိုင်သဖြင့် ဂရဟာဟု ဆိုဘွယ်ရှိသော်လည်း စိတ်ဟုခေါ်ခြင်းငှါ သင့်၏ဟု အမြွတ်ကိုပေါင်းဆည်းသောကြောင့် သမ္ဘာဝနာဟု ဆိုခဲ့သည်။

✪ အနည်း အယုတ်၊ ပုဒ်နောက်ထုတ်၍၊ ပိယုတ်ဂရဟာ၊ ဖြစ်တုံပါလည်း၊ စပ်ရာပုဒ်မှာ၊ များမြတ်ပါမူ၊ သမ္ဘာဝနာယူ၊ ပေါင်းမူ သမ္ဘာဝနာပေ။ (ရွှေ)

စ–ဝါကျ၌ ဧဝံသဒ္ဒါ နိဂမနဇောတကနိပါတ်။

✪ လဒ္ဓဂုဏ်ပြ၊ ဒေါသတဖုံ၊ နိဂုံးတဖြာ၊ သရုပ်မှာ၊ လျော်စွာဧဝံပြ။(ရွှေ)

စ–ဝါကျ၌ တာဝ–သဒ္ဒါကား ပထမတ္ထဇောတကနိပါတ်။

http://www.dhammadownload.com



(က) ဥပ္ပန္နံ ဟောတီတိ ဧတ္ထ (လ) အနေကပ္ပဘေဒံ။

( ခ) တတ္ထ သဗ္ဗမ္ပိ ဥပ္ပါဒ (လ) တတ္ထ မာနုပ္ပန္နံနာမ။

( ဂ) အာရမ္မဏရသံ အနု (လ) ဘူတာပဂတုပ္ပန္နံနာမ။ ဋ္ဌ၊၁၀၈။

## (၂) (၃) ဝါကျခွဲ၊ ကျမ်းတက်၊ ဒေါသပယ်

(ခ) (ဂ) ဝါကျတို့ကား ဝိတ္ထာရဝါကျ။ ထို-၍ (က) ဝါကျကား သခ်ေပဝါကျ။ (ဝိရောဓိဒေါသပယ်)

ဂ-ဝါကျကား ပက္ခန္တရဝါကျ။ ထို-၍ ခ-ဝါကျကား ပက္ခဝါကျ။ (အဗျာပိတ, အပရိပုဏ္ဏဒေါသပယ်)

**မှတ်ချက်။** ခ-ဝါကျမှ ဘူမိလဒ္ဓုပ္ပန္နအဖွင့် "ဘူမိလဒ္ဓံ ဝုစ္စတိ" တိုင်အောင်ကား ဝိတ္ထာရ။ ထို-၍ က-ဝါကျကား သခ်ေပ။ ဧဝမေတေသု စတူသု ဥပ္ပန္နေသု ဣဓ ဝတ္တမာနုပ္ပန္နံ အဓိပ္ပေတံ-ကား နိဂမနဝါကျ။ ထုံးစံအတိုင်း သံခိပ် (သခ်ေ) ဝိတ္ထာရ နိဂုံးအစုံဝါကျ မျိုးတည်း။

✪ သံခိပ် ဝါကျ၊ပဓာနထုံး၊စကားဆုံးက၊ အလယ်ဝါကျ ဝိတ္ထာရ ချည်းသာ။ (သစ်)

## ခ-စသောဝါကျသို့ ကျမ်းတက်

ဆရာ၊ ဆရာသည် (က) ဝါကျဖြင့် ဥပ္ပန္နံ ဟောတိဟူသော ပါဠိ၌ ဝတ္တမာနုပ္ပန္န၊ ဘူတာပ-ဂတုပ္ပန္န၊ ဩကာသကတုပ္ပန္န၊ ဘူမိလဒ္ဓုပ္ပန္နတို့၏အစွမ်းဖြင့် ဥပ္ပန္နမည်သည် များသောအပြားရှိသောဟု ဆိုတော်မူ၏။(နိသျအတိုင်း ဘာသာပြန် ထပနာထား။) ထိုဝတ္တမာနုပ္ပန္နစသော လေးပါးသော ဥပ္ပန္နတို့တွင် (တတ္ထကြည့်)အဘယ်သည် ဝတ္တမာနုပ္ပန္နမည်သနည်း၊ အဘယ်သည် ဘူတာပ-ဂတုပ္ပန္န မည်သနည်း၊ အဘယ်သည် ဩကာသ-ကတုပ္ပန္နမည်သနည်း၊ အဘယ်သည် ဘူမိလဒ္ဓုပ္ပန္န မည်သနည်း။ (ဝိတ္ထာဟိမှာ၊ အစိတ်ဖြာ၊ မေးပါ ဝါကျကုန်-နှင့်အညီ ပုစ္ဆာထုတ်) ဥပ္ပန္နလေးပါး၏ အကျယ်ကို မပြပြီလော - ကြောင့် တတ္ထစသည်မိန့်။

## သဗ္ဗမ္ပိ-သမုစ္စည်း

ဥပါဒ်၊ ဇရာ (ဋ္ဌီ)ဘင်နှင့် ပြည့်စုံသည်ဟုဆိုအပ်သော အစိတ်အစိတ်သော သင်္ခတတရားသည်သာလျှင် ဝတ္တမာနုပ္ပန္နမည်သည်မဟုတ်သေး၊ ဥပါဒ်၊ဇရာ၊ (ဋ္ဌီ) ဘင်နှင့် ပြည့်စုံသည်ဟုဆိုအပ်သော အလုံးစုံလည်းဖြစ်သော သင်္ခတတရားသည် ဝတ္တမာနုပ္ပန္နမည်၏ဟု ဆည်းသည်။

## ဂ-ဝါကျ အာကမှန "စ"သဒ္ဒါ

အာရုံ၏အရသာကို ခံစားပြီး၍ ကင်းပြီးချုပ်ပြီးသော ကုသိုလ် အကုသိုလ်ဟူသော ဘူတာပဂတအနက်မှတစ်ပါး ခဏသုံးပါးအပေါင်းသို့ အစဉ်အားဖြင့် ရောက်၍ ကင်းပြီးချုပ်ပြီးသော ကုသိုလ် အကုသိုလ်၊ ကြွင်းသောသင်္ခတတရား ဟူသော ဘူတာပဂတ အနက်တစ်မျိုးကို လဲလှယ်၍ ပြလိုသောကြောင့်- ဝါတ္တ= (ဝါအနက်ရှိ) စသဒ္ဒါကို ထားသည်။

http://www.dhammadownload.com



† ဝတ္တစ ပုရိမနယေန ကုသလာကုသလမေဝ ဝတ္တုံ အဓိပ္ပါယဝသေန ဘူတာပဂန္တိ ဝုတ္တံ။ ပစ္ဆိမနယေ ပန စသဒ္ဒေန ကုသလာကုသလဥ္စ အာကမ္ပိတွာ သဗ္ဗသင်္ခတံ ဝုတ္တံ ဘူတာပဂတ-ဘာဝါဘိဓာနာဓိပ္ပါယေန။ မူလ၊ ဋီ၊၁၊ ၆၇။

## (၄) ဝိဂ္ဂဟာဒိ

**ဝတ္တမာန။ ဝတ္တဓာတ်+အပစ္စည်း+မာနပစ္စည်း။ (ဓာတွတ္ထ)**

ဝတ္တတီတိ ဝတ္တမာနံ။ ယံ ဥပ္ပါဒဇရာဘင်္ဂသင်္ခါတံ သမ္ဗန္ဓိသင်္ခတံ၊ သည်။ ဝတ္တတိ၊ ဖြစ်တတ်၏။ ဝါ-ဖြစ်ဆဲ။ ဣတိ တံ ဝတ္တမာနံ။

ဝတ္တတိကား ကတ္တုသာဓနေကိတ်ပိုဒ်ကြိယာ၊ ဝတ္တမာနံကား ကတ္တုသာဓနေ ကိတ်ပုဒ်။ ဝတ္တဓာတ်+အပစ္စည်း+မာနပစ္စည်း။

ဝတ္တဓာတ်အရကား ဥပါဒ်ဌီဘင်နှင့်ပြည့်စုံသည်ဟုဆိုအပ်သော အလုံးစုံလည်းဖြစ်သော သင်္ခတတရား၏ ဥပါဒ်ရ၏။ အ-ပစ္စည်းအရကား ရူပသိဒ္ဓိမတ္တ ပဒသိလိဋ္ဌတာဂုဏ်ရ၏။

မာနပစ္စည်းအရကား ဥပ္ပါဒဝန္တဖြစ်သော ဥပါဒ်ဌီဘင်နှင့်ပြည့်စုံသည်ဟုဆိုအပ်သော အလုံးစုံလည်းဖြစ်သော သင်္ခတတရားရ၏။

**စတုက္က**

၂။ ဝတ္တဓာတ်+အပစ္စည်း+မာနပစ္စည်းသည်ငင်း၊ ဖြစ်ခြင်းကြိယာသည်ငင်း ဖျူပ္ပတ္တိနိမိတ်။

၄။ ဥပါဒ်ဌီဘင်နှင့်ပြည့်စုံသည်ဟုဆိုအပ်သော သင်္ခတတရားတို့၏ တစ်ခုသည် တစ်ခုနှင့်-ဇာတ်သည် ပဝတ္တိနိမိတ်။

**အနေကပ္ပဘေဒ။ န ဧကော အနေကော။**

အညမညတော ပဘိဇ္ဇတီတိ ပဘေဒေါ။ (အစိတ်)

အနေကော ပဘေဒေါ ယဿ ဥပ္ပန္နဿာတိ အနေကပဘေဒေါ။ (အနက်ပေးလေ)

တဂ္ဂုဏသံဝိညာဏစတုတ္ထီဗဟုဗ္ဗီဟိ။ အနေကပုဒ်+ပဘေဒပုဒ်+ယပုဒ်။

အနေကပဘေဒဟူသော ဗဟုဗ္ဗီဟိပုဒ်လုံးအရကား-ဝတ္တမာန၊ ဘူတာပဂတ၊ ဩကာသကတ၊ ဘူမိလဒ္ဓဟူသော များသောအပြား (ပဘေဒ) သည် မုချ။

ယင်း၏ ဥပ္ပန္နနှင့် ပဘေဒ ပဘေဒဝန္တ၊ ဂုဏ် ဂုဏေးအဖြင့်ဖြင့်စပ်ခြင်း သမ္ဗန်သည် ဌာနူပစာ။

ယ-အရကား ထို-ဖြင့်မှတ်အပ်သော ဝတ္တမာန-လဒ္ဓဟူသော များသောအပြားရှိသော ဥပ္ပန္နရ၏။

မှတ်ချက်။ သံဝဏ္ဏနာနှင့် အညီကောက်ပါ။

**စတုက္က**

၂။ ဝတ္တမာန-လဒ္ဓဟူသောများသောအပြား၏ ဥပ္ပန္နနှင့် ပဘေဒ,ပဘေဒဝန္တ၊ ဂုဏ်, ဂုဏေးအဖြင့်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဖျူပ္ပတ္တိနိမိတ်။

http://www.dhammadownload.com



၄။ ဥပ္ပန္နတို့၏ တစ်ခုသည်-ဓာတ်သည် ပဝတ္တိနိမိတ်။

ဥပ္ပါဒ။ ဥပ္ပဇ္ဇနံ ဥပ္ပါဒေါ။ ဥ+ပဒ+ဏ။ (ဖြစ်ခြင်း)

ဇရာ။ ဇီရဏံ ဇရာ။ ဇရ+အ။ အာ၊ ထီ။

ဘင်္ဂ။ ဘဉ္ဇနံ ဘင်္ဂေါ။ ဘန္ဇ+ဏ။

ဥပ္ပါဒဇရာဘင်္ဂ။ ဥပ္ပါဒေါစ ဇရာစ ဘင်္ဂေါစ ဥပ္ပါဒဇရာဘင်္ဂေါ။

သမင်္ဂ။ သမ္မာ အင်္ဂနံ သမင်္ဂေါ။

သမင်္ဂီ။ သမင်္ဂေါ အဿ အတ္ထီတိ သမင်္ဂီ။

ဥပ္ပါဒဇရာဘင်္ဂေန သမင်္ဂီ-ဟုတွဲလေတော့။

---

## (၅) ဓာတုပစ္စယာဒိ

ဘူမိ။ ဘူဓာတ်+မိပစ္စည်း။ ကိတ်ပုဒ်၊ ဣကာရန္တ၊ ထီလိင်။ ရတ္တာဒိဂိုဏ်း။

ဘဝန္တိ အဿံ ဘူတာနိ (သတ္တဝါတို့သည်)တိ ဘူမိ။

† ဘူ သတ္တာယံ မိ။ သူစိ။

သမင်္ဂ။ သံ+အဋ္ဌ+အ။ (ဓာတွတ္တ) သံ+အဂိ+အ။ နီတိ၊ဓာတု၊၂၇။

သမင်္ဂီ။ သမင်္ဂ+ဤ။

မှတ်ချက်။ နံပါတ် ၄-အဖြေကြည့်။ သမင်္ဂီအရ သခ်ိတ်ရသည်။ သို့ဖြစ်၍ ဝါစ္စလိင်သို့ လိုက်၍ နပုံလိင်၊ ရတ္တာဒိဂိုဏ်း (သုခကာရီအတူဟုမှတ်)။

သခ်ါတံ။ သံ+ခါဓာတ်+တပစ္စည်း။

ခါ ပကထနေချာစ။ (ဓာတ်ကျမ်း)။ သခ်ါယတေ ကထီယတေတိ သခ်ါတံ-ဟု ဝိဂ္ဂဟပြု။

နိရုဒ္ဓ။ နိ+ရုဓ+တပစ္စည်း။ နိရုဇ္ဈနံ နိရုဒ္ဓံ။

---

## (၆) အာဘောဂ သံဝဏ္ဏနာ

က-ဝါကျဖြင့် ဥပ္ပန္နံ ဟောတိ-၌ ဥပ္ပန္နမည်သည် ဝတ္တမာန-လ- လဒ္ဓ၏အစွမ်းဖြင့် များသောအပြားရှိသတည်းဟု သိစေသည်။

ဥပ္ပန္နသရုပ်ကို ထုတ်ပြသောကြောင့် အဘိဓေယျတ္ထ။

ခ-ဝါကျဖြင့် ဝတ္တမာနပန္နအရ- ဥပ္ပါဒ်ဋ္ဌီဘင်နှင့်ပြည့်စုံသည်ဟု ဆိုအပ်သော အလုံးစုံလည်း ဖြစ်သော သခ်တတရားကိုယူရမည်ဟု သိစေသည်။ (အဘိဓေယျတ္ထ)

ဂ-ဝါကျ၌ အာရမ္မဏာရသံ-လ-ကုသလာကုသလံ-ဖြင့် ဘူတာပဂတုပ္ပန္န အရ- အာရုံ၏ အရသာကို ခံစားပြီး၍ ကင်းလေချုပ်လေပြီးသော ကုသိုလ် အကုသိုလ်ကို ယူရမည်ဟု သိစေသည်။ (အဘိဓေယျတ္ထ)

http://www.dhammadownload.com



ဂ–ဝါကျ၌ အာရမ္မဏရသံ–ဖြင့် အနုဘဝိတွာ၏ ကံပုဒ်ကိုသိစေသည်။ တစ်နည်း။ ခံစား၏ဟူသည် အာရုံ၏အရသာကို ခံစားသတည်းဟု သိစေသည်။ (ဘာဝတ္ထ၊ တစ်နည်း–ဘာဝတ္ထ)

ဂ–ဝါကျ၌ အနုဘဝိတွာ နိရုဒ္ဓံ–ဖြင့် အနုဘူတာပဂတာသင်္ခါတံ–၌ အနုဘူတာပဂတ ပုဒ်ကို အနုဘူတံ ဟုတွာ အပဂတံ အနုဘူတာပဂတံဟု သမ္ဘာဝနာ ကမ္မဓာရယ်သမာသ်ဝစနတ္ထ ပြုရမည်–ကိုင်ရင်း၊[၁] အပဂတသဒ္ဒါ၏ ကင်းခြင်း ချုပ်ခြင်း အနက်ကိုဟောသည်ကိုင်ရင်း[၂] သိစေသည်။

၁။ အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ။ ၂။ နာမလိင်္ဂတ္ထ။

မှတ်ချက်။ အာရမ္မဏရသံ အနုဘဝိတ္တာတိ အနုဘူတံ–ဟုပြု။

ဂ–ဝါကျ၌ ဥပ္ပါဒိတ္တာယံ–လ–သင်္ခတဥ္စ–ဖြင့် ဘူတာပဂတုပ္ပန္နအရ ခဏသုံးပါးသို့ ဒစဉ် အားဖြင့်ရောက်၍ ကင်းပြီးချုပ်ပြီးသည်ဟုဆိုအပ်သော ကုသိုလ်အကုသိုလ်ကိုင်ရင်း၊ ကြွင်းသော (ဝိပါက်၊ကြိယာ၊ရုပ်) သင်္ခတတရားကိုင်ရင်း ယူရမည်ဟုသိစေသည်။ (အဘိဓေယျတ္ထ)

ဂ–ဝါကျ၌ အနုဘူတာပဂတသင်္ခါတံ ဘူတာပဂတသင်္ခါတံ–ဖြင့် ဘူတာပဂတုပ္ပန္န–၌ ဘူတာပဂတပုဒ်ကို ဘူတာပဂတဥ္စ ဘူတာပဂတဥ္စ ဘူတာပဂတံ–ဟု ဧကဒေသတဒ္ဓိတ် ဝစနတ္ထ ပြုရမည်ကိုင်ရင်း၊[၁] တစ်နည်း၊ ဘူတာပဂတ ဘူတာပဂတ ဆိုလိုလျက် သာမညနိဒ္ဒေသနည်းအားဖြင့် ဘူတာပဂတ–ဟုပြီးသည်ကိုင်ရင်း၊[၂] ဘူတ သဒ္ဒါက ယင်းအနုဘူတအနက်ကို ဟောနိုင်သည်–ကိုင်ရင်း၊[၃] ဘူတာပဂတုပ္ပန္နပုဒ်ကို ဘူတာပဂတဥ္စ တံ ဥပ္ပန္နဉ္စာတိ ဘူတာပဂတုပ္ပန္န–ဟု ကမ္မဓာရယ်သမာသ် ဝစနတ္ထပြုရမည်–ကိုင်ရင်း[၄] သိစေသည်။

၁။ အဘိဓာနတ္ထ၊ ၂။ ဘာဝတ္ထ။ ၃။ နာမလိင်္ဂတ္ထ။ ၄။ အဘိဓာနတ္ထ။ သမာသလိင်္ဂပဒတ္ထ။

မှတ်ချက်။ ၄–အာဘော်ကား ကိတ္တိသဒ္ဒေါ ကိတ္တိဓဝေ–ကဲ့သို့ သံဝဏ္ဏေတဗ္ဗ၊ ရှိတာမပြ၊ တုလျာဓိကရဏလည်းရ–ဆိုသည့်အတိုင်း ဥပ္ပန္န–ပုဒ်ကို ချန်လှပ်၍ဖွင့်သဖြင့်– ထိုသို့အာဘော် ဖော်သည်။

ဂ–ဝါကျ၌ အနုပ္ပတ္တာ နိရုဒ္ဓံ–ဖြင့် ဘူတာပဂ–ပုဒ်ကို ဘူတံ ဟုတွာ အပဂတံ ဘူတာပဂတံ– ဟု သမ္ဘာဝနာကမ္မဓာရယ်သမာသ်ဝစနတ္ထပြုရမည်–ကိုင်ရင်း၊[၁] အပဂတသဒ္ဒါ၏ ကင်းခြင်း ချုပ်ခြင်းအနက်ကိုဟောသည်–ကိုင်ရင်း၊[၂] ဘူတ–၌ ဘူဓာတ်သည် သတ္တာအနက်ကိုမဟော၊ ပါပုဏ အနက်ကိုဟောသည်–ကိုင်ရင်း[၃] သိစေသည်။

၁။ အဘိဓာနတ္ထ။ သမာသလိင်္ဂပဒတ္ထ။ ၂။ နာမလိင်္ဂတ္ထ။ ၃။ ဒုတိယဓာတွတ္ထ။

## (၇) ဥပသဂ္ဂနိပါတတ္ထ

က–ဝါကျ၌ ဥပ္ပန္န–၌ ဥသဒ္ဒါ ဥဒ္ဓံအနက်ဟော။ နာမသဒ္ဒါကား–သညာအနက်ဟော။ အနေကပ္ပဘေဒ–၌ န(အန)သဒ္ဒါ ပဋိသေဓ။ ပသဒ္ဒါ ပကာရ။

ခ–ဝါကျ၌ သဗ္ဗမ္ပိ–ဝယ် ပိ(အပိ)သဒ္ဒါကား သမုစ္စည်း။

အနုဘဝိတွာ–၌ အနုသဒ္ဒါကား ဓာတွတ္ထဝိသေသက။ (အနုဘူတ–၌ အနု–လည်း နည်းတူ)

http://www.dhammadownload.com



အနုပတ္တာ-၌ အနကား အနုက္ကမအနက်။ နိရုဒ္ဓံ-၌ နိသဒ္ဒါကား ဧတွတ္တ ဝိသေသက။

† ရုဓော ရု အာဝရေ ဗျာနု၊ ဒိဝေါ ဝိရောဓကေဇ္ဈနေ။ (ဧတွတ္တ)

သေသသမ်တဥ္ဆ-၌ စသဒ္ဒါကား အာကမှုနအနက်။

† စသဒ္ဒေန ကုသလာကုသလံ အာကမုတိ။ ယော၊ ၇၆။

## သမ္ဗန္ဓာဝဓိသယ

က-ဝါကျ၌ ဧတ္ထ-ဝယ် ဧတသဒ္ဒါကား ဥပ္ပန္န ဟောတိ-ဟု အစွဲ တင်းလင်းရှိသောကြောင့် ပသိဒ္ဓဝိသယ ဧ။

ခ-ဝါကျ တတ္ထ-၌ တသဒ္ဒါကား ရှေ့ဝါကျ၌ ဆိုအပ်ပြီးသော ဥပ္ပန္နလေးမျိုးကို စွဲသောကြောင့် ပက္ကန္တဝိသယ တ။

---

## အဓိပ္ပါယ်မှတ်ဖွယ်

**မေး။** ဘဝိတွာ အပဂတသည် ဘူတာပဂတမည်တန်စေ၊ အနုဘဝိတွာ အပဂတကား အဘယ့်ကြောင့် ဘူတာပဂတမည်သနည်း။

**ဖြေ။** အနုဘူတ၊ ဘူတနှစ်ပါးသည် ဘူတသဒ္ဒါ၏အနက်အားဖြင့် တူသည်၏အဖြစ်ကြောင့် သာမညနိဒ္ဒေသနည်းဖြင့် ယင်းသို့ ဘူတာပဂတမည်သည်။

† အနုဘူတဘူတာပဂတာ ဟိ ဘူတတာသာမညေန ဘူတသဒ္ဒေန ဝုတ္တာ။ မူလ၊ဋီ၊၁၊၆၇။

**မေး။** ခပ်သိမ်းသောစိတ္တုပ္ပါဒ်တို့၏ ဝေဒနာနှင့်တကွချည်း ဖြစ်သည်၏အဖြစ်ကြောင့် အာရုံ၏ အရသာကို ခံစားတတ်သည်ချည်းမဟုတ်လော။ အဘယ့်ကြောင့် အဋ္ဌကထာဆရာသည် ကုသိုလ်၊ အကုသိုလ်ကိုသာ ခံစားတတ်သည်၏အဖြစ်ဆိုလေသနည်း၊ ဝိပါက် ကြိယာသည်လည်း အာရုံ၏ အရသာကို ခံစားတတ်သည်မဟုတ်တုံလော၊ သို့ဖြစ်၍ ယင်းတို့လည်း ဘူတာပဂတုပ္ပန္န မည်သင့်သည် မဟုတ်လော။

**ဖြေ။** အထူးကြံ၍ ယူသည်၏အစွမ်းဖြင့် ရာဂအစရှိသည်တို့ဖြင့်၎င်း၊ ထိုရာဂ-စသည်တို့၏ ဆန့်ကျင်ဘက်ဖြစ်ကုန်သော အလောဘစသည်တို့ဖြင့်၎င်း အာရုံ၏အရသာကို ခံစားတတ်သည်။ သို့ဖြစ်၍ ကုသိုလ်,အကုသိုလ်သည် ဘူတာပဂတုပ္ပန္နမည်၏။ ကံအဟုန်သည် ပစ်ချအပ်သည်၏ အဖြစ်ကြောင့် ဝိပါက်သည် အာရုံ၏အရသာကို မခံစားတတ်၊ အဟိတ် ကြိယာသည် အလွန်အားနည်းသည်၏အဖြစ်ကြောင့်၎င်း၊ ဆဠင်္ဂုပေက္ခာနှင့်ပြည့်စုံသော ရဟန္တာပုဂ္ဂိုလ်အားဖြစ်ကုန်သော သဟိတ်ကြိယာတို့၏ ငြိမ်သက်သောဖြစ်ခြင်းရှိသည်၏အဖြစ်ကြောင့်၎င်း ကြိယာသည်လည်း အာရုံ၏အရသာကို မခံစားတတ်၊ သို့ဖြစ်၍ ဝိပါက်ကြိယာတို့သည် ဘူတာပဂတုပ္ပန္နအမည်ကို မရတော့ပေ။ (မူလ၊ ဋီ၊ ၁၊ ၆၇။ ပြည်သျှ၊ ၁၊ ၄၃၂-ကြည့်။)

http://www.dhammadownload.com



(က) ယာနိဿ တာနိ ပုဗ္ဗေ -လ- ကတ္ဝာ ဌိတတ္တာ။

( ခ) တထာ ကတောကာသဥ္စ-လ-သြကာသကတုပ္ပန္နံနာမ။ဋ္ဌ၊၁၀၉။

## (၂) (၃) ဝါကျခွဲ စသည်

ခ-ဝါကျကား ပက္ခန္တရဝါကျ။ ထို-၍ က-ဝါကျကား ပက္ခဝါကျ။ အဗ္ဗာပိတ၊ အပရိပုဏ္ဏ-ဒေါသပယ်။

ရှင်းလင်းချက်။ က-ဝါကျ၌ လိုရင်းကား ကမ္မံ သြကာသကတုပ္ပန္နံ နာမ-တည်း။ ခ-ဝါကျ၌ လိုရင်းကား ဝိပါက သြကာသကတုပ္ပန္နံနာမ-တည်း။ သို့ သြကာသကတုပ္ပန္န-အရမတူသောကြောင့် ပက္ခ၊ ပက္ခန္တရခွဲသည်။

## (၆) အာဘောဂ သံဝဏ္ဏနာ

က-ဝါကျ၌ ကမ္မံ-ဖြင့် သြကာသကတုပ္ပန္နပုဒ်ကို ဥပ္ပဇ္ဇိတ္တာတိ ဥပ္ပန္နံ သြကာသော ကတော ဧတေနာတိ သြကာသကတံ။ သြကာသကတဉ္စ တံ ဥပ္ပန္နဉ္စာတိ သြကာသ-ကတုပ္ပန္နံ-ဟုဝစနတ္ထပြု၍ ယင်းအရ အတိတ်ကံကို ယူရမည်ဟုသိစေသည်။ (အဘိဓေယျတ္ထ)

က-ဝါကျ၌ အတီတမ္ပိ-လ-ဌိတတ္တာ-ဖြင့် ယင်းကံပုဒ်သည် အတိတ်ပင်ဖြစ်သော်လည်း မိမိဝိပါက်မှတပါးသော ဝိပါက်ကိုတားမြစ်၍ မိမိဝိပါက်၏ အကျိုးပေးခွင့်ကို ပြု၍ တည်သည်၏ အဖြစ်ကြောင့် သြကာသကတုပ္ပန္နမည်သတည်းဟု သိစေသည်။ (ဘာဝတ္ထ)

မှတ်ချက်။ ကတောကာသော-ဟူလိုလျက် အဂျာဟိတော-ကဲ့သို့ သြကာသကတ ဟူသည်။ (မူလ၊ ဋီနှင့် နိသျ။)

ခ-ဝါကျ ဝိပါကံ-ဖြင့် ဥပ္ပဇ္ဇိဿတီတိ ဥပ္ပန္နံ။ သြကာသော ကတော ဧတဿာတိ သြကာသကတံ။ သြကာသကတဉ္စ တံ ဥပ္ပန္နဉ္စာတိ သြကာသ-ကတုပ္ပန္နံ-ဟု ဝစနတ္ထပြု၍ သြကာသကတုပ္ပန္နအရ အနာဂတ်ဝိပါက်ကို ယူရမည်ဟု သိစေသည်။ (အဘိဓေယျတ္ထ)

မှတ်ချက်။ ကြွင်း -ဘာဝတ္ထဖော်လေ။

†ဝိပစ္စိတုံ သြကာသကရဏဝသေန ဥပ္ပတိတံ (ခုန်ကျော်၍ လာသကဲ့သို့ဖြစ်သော) အတီတကမ္မဉ္စ တတော (ထိုကံကြောင့်) ဥပ္ပဇ္ဇိတုံ အာရဒ္ဓေါ် အနာဂတ ဝိပါကောစ။ သြကာသကတုပ္ပန္နံ ဝုတ္တော။ မူလ၊ဋီ၊၁၊၆၇။

---

(က) တာသုတာသု ဘူမီသု အသမူဟတံ အကုသလံ ဘူမိလဒ္ဓုပ္ပန္နံနာမ။ (ခ) ဧတ္ထစ -လ- ဘူမီတိ ဝိပဿနာယ အာရမ္မဏဘူတာ တေဘူမကာ ပဉ္စက္ခန္ဓာ။ (ဂ) ဘူမိလဒ္ဓံနာမ တေသု ခန္ဓေသု ဥပ္ပတ္တာရဟံ ကိလေသဇာတံ။ (ဃ) တေန ဟေသာ ဘူမိလဒ္ဓါနာမ ဟောတိ။ (င) တသ္မာ ဘူမိလဒ္ဓန္တိ ဝုစ္စတိ။ (ဋ္ဌ၊ ၁၀၉။)

(၁၃၅၄-ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၈-ရက် အစိုးရမေးပြီး)

http://www.dhammadownload.com



၁။ အထက်ပါ (ဂ) (ဃ) အမှတ်ပြ ဝါကျတို့ကို သဗ္ဗနာမ်နိပါတ်တို့၏ စွဲနက်၊ ဘူမိသဒ္ဒါ၏ သင်္ဂဟာဒဗ္ဗာပေက္ခအနက်တို့ကိုပေါ်လွင်စေလျက် ဝါကျအပြန် အလှန်နည်းအားဖြင့် အနက်ယောဇနာပါ။

ဖြေ။ (ဃ) ဟိယသ္မာ၊အကြင်ကြောင့်။ တေနကိလေသဇာတေန၊ ထိုကိလေသာ တရားအပေါင်းသည်။ ဓသာဘူမိ။ ဤဝိပဿနာ၏အာရုံဖြစ်၍ ဖြစ်သောဥပါဒါနက္ခန္ဓာငါးပါးဟူသောဘုံသည်၊ ဝါ–ဘုံကို။ လဒ္ဓါနာမ၊ ရအပ်သည်မည်သည်။ ဟောတိ၊ ဖြစ်၏။ တသ္မာ၊ ထိုသို့ကိလေသာတရားအပေါင်း၏ ဥပါဒါနက္ခန္ဓာငါးပါးဟူသောဘုံကို ရအပ်သည်မည်သည်၏အဖြစ်ကြောင့်။

(ဂ) တေသုခန္ဓေသု၊ ထိုဝိပဿနာ၏အာရုံဖြစ်၍ဖြစ်သော ဥပါဒါနက္ခန္ဓာ ငါးပါးတို့၌။ ဥပ္ပတ္တာရဟံ၊ဖြစ်ခြင်းငှါထိုက်သော၊ဝါ–ဖြစ်ခြင်းကိုထိုက်သော။ ကိလေသ–ဇာတံ၊ ကိလေသာတရားအပေါင်းသည်။ ဘူမိလဒ္ဓံနာမ၊ ဘူမိလဒ္ဓမည်သည်။ ဟောတိ၊ ဖြစ်၏။

---

၂။ (ဂ)မှတ်ဝါကျကို ၄,အနုပါဒီကျမ်းရိုးငါးချက်တက်နည်းဖြင့် စောဒနာတက်ပြပါ။

ဖြေ။ ဂ–ဝါကျ ၄, အနုပါဒီကျမ်းရိုးငါးချက်စောဒနာတက်

ဆရာ၊ ဆရာသည် ခ–အမှတ် ဘူမိတိစသောစကားရပ်ဖြင့် ဘူမိမည်သောတရားကို ပြဆိုတော်မူ၏။(ထပနာ) ထိုမျှကိုသာ ပြဆိုသော်(လက္ခဏာအရုစိ) ဘူမိလဒ္ဓမည်သော တရားကို မပြဆိုဟူသောအနက်သည်ရောက်ရာ၏။(အနုလောမ ပါပနာ) စင်စစ်သော်ကား ထိုအနက်သည် မရောက်သင့် (ပဋိလောမပါပနာ) ထိုသို့မရောက်သင့်သောကြောင့် (ရောပနာပါဒကဟိတ်) ဘူမိလဒ္ဓမည်သောတရားကိုလည်း ပြဆိုသင့်သေး၏။ (အနုလောမရောပနာ) မပြဆိုဘဲမနေသင့်။ (ပဋိလောမရောပနာ) ပြဆိုသင့်လျက် မပြဆိုချေသော် ဆရာ့စကား မပြည့်စုံမပြုံ့နှံ့သော အပရိပုဏ္ဏ,အဗျာပိတဒေါသရောက်ရာ၏။ (ဒေါသ–ရောပနာ) ထိုသို့ စောဒနာဘွယ်ရှိ၍ (ဂ) အမှတ်ပြဝါကျကိုမိန့်။

ကား– ဂ–အမှတ်ဝါကျဖြင့် ဘူမလဒ္ဓမည်သောတရားကိုလည်း ပြဆိုသည်ဖြစ်၍ သင်တင်သောဒေါသ ငါ့အား မရောက်ဟူလို။

---

၃။ (ဃ) မှတ်ဝါကျ.(င) မှတ်ဝါကျတို့ဖြင့် ပယ်အပ်သောဒေါသတို့ကိုအကြောင်း ပြ၍ဖြေဆိုပါ။

ဖြေ။ (ဃ) ဝါကျဖြင့် အကြောင်းယုတ္တိအသင့်မှ ကင်းသဖြင့် ဝိရောဓိဒေါသ သင့်ရောက်နေသော (ဂ)မှတ်ပါ ကိလေသဇာတ၏ ဘူမိလဒ္ဓမည်ခြင်း၌ အကြောင်းအသင့်သဒ္ဒယုတ္တိ၊ ဝါ– သဒ္ဒယုတ္တိ အတ္ထယုတ္တိကိုပြသောကြောင့် ဝိရောဓိဒေါသကိုပယ်ပါသည်။

(င) အမှတ်ပြဝါကျဖြင့် ရအပ်သောအကျိုးထူးမှကင်းသဖြင့် နိရတ္ထက ဒေါသသင့်နေသော (ဂ) (ဃ) ဝါကျတို့၌ ရအပ်သောအကျိုးထူးကို ပြသောကြောင့် နိရတ္ထကဒေါသကိုပယ်ပါသည်။

---

၄။ (ဃ) မှတ်ဝါကျသံဝဏ္ဏနာကိုရှု၍ ဘူမိလဒ္ဓံကို (ဘောဓိစိန္တာဒီပနီ နည်းဖြင့်) ဖျူပ္ပတျာဒိစတုက္က ထုတ်ပြပါ။

http://www.dhammadownload.com



ဖြေ။ (ဃ) ဘူမိလဒ္ဓါ ယေနာတိ ဘူမိလဒ္ဓံ (တတိယာဗဟုဗ္ဗီဟိ)

၂။ ထို၏အကြောင်းဖြစ်သော ဘူမိလဒ္ဓပုဒ်အရ ရအပ်သော မိမိဖြစ်ရာခန္ဓာဟူသော ဘူမိ၏ အညပုဒ်အရ ကိလေသဇာတနှင့် အာရုံအာရမ္မဏိက, ဌာန ဌာနီစပ်ခြင်း သမ္ဗန်သကတ်သည် ဗျုပ္ပတ္တိနိမိတ်မည်၏။

၄။ ထို၏အကြောင်းဖြစ်သော ဘူမိလဒ္ဓတရားတို့၏ တစ်ခုသည်တစ်ခုနှင့် တူသည်၏အဖြစ် ဟုဆိုအပ်သော (သာမညာကာရ) ဇာတ်သည် ပဝတ္တိနိမိတ်။ (တစ်နည်း) ရအပ်သော ဥပါဒါနက္ခန္ဓာ ရှိသည်၏အဖြစ်သည် ပဝတ္တိနိမိတ်။

---

၅။ ဘူမိပုဒ်, ဘူမိလဒ္ဓံပုဒ်တို့၏ လိင်၊ ဂဏ၊ အန္တ၊ ပဒတို့ကို စိစစ်ပြပြီး၊ တေဘူမကာ–၏ ပဒအမည်ကိုလည်း ဖော်ပြပါ။

ဖြေ။ ဘူမိ = ဣတ္ထိလိင်၊ ရတ္တာဒိဂိုဏ်း၊ ဣကာရန္တ၊ ကိတ်နာမ်ပုဒ်။

ဘူမိလဒ္ဓံ = နပုံလိင်၊ စိတ္တာဒိဂိုဏ်း၊ အကာရန္တ၊ ဝါ–အကာရန္တပကတိ ရှိသော နိဂ္ဂဟိတန္တ၊ သမာသ်နာမ်ပုဒ်။ တေဘူမကာ = တဒ္ဓိတ်နာမ်ပုဒ်။

---

၆။ (ဂ) (ဃ) (င) မှတ်ပြ သံဝဏ္ဏနာတို့၌ ဖြစ်ထိုက်သော အဋ္ဌကထာဘောဂနှင့် သံဝဏ္ဏနာအမည်များကို ဖော်ပြပါ။

ဖြေ။ (ဂ) တေသု–လ– ကိလေသဇာတံ–ဖြင့် ဘူမိလဒ္ဓံအရ ဥပါဒါနက္ခန္ဓာ ငါးပါးတို့၌ အာရုံပြု ထိုက်သော ကိလေသာတရားအပေါင်းကိုယူရမည်ဟု သရုပ်ကြား(ဒြပ်)အနက်ကို သိစေပါသည်။ (အဘိဓေယျတ္ထ)

(ဃ) တေနဟေသာ ဘူမိလဒ္ဓါနာမ ဟောတိ–ဖြင့် ကိလေသဇာတ၏ ဘူမိလဒ္ဓမည်ခြင်း၌ အသင့်ယုတ္တိကိုရင်း၊(ဘာဝတ္ထ) ဘူမိလဒ္ဓံပုဒ်ကို ဘူမိ လဒ္ဓါ ယေနာတိ ဘူမိလဒ္ဓံ–ဟု တတိယာ ဗဟုဗ္ဗီဟိ သမာသ်ဝစနတ္ထ ပြုရမည်ကိုရင်း၊ (အဘိဓာနတ္ထ၊ဝါ–သမာသလိင်္ဂပဒတ္ထ) သိစေပါသည်။

(င) တသ္မာ–ဖြင့် ကိလေသဇာတကို ဘူမိလဒ္ဓဟုဆိုခြင်းသည် ကိလေသဇာတ၏ ဘူမိလဒ္ဓ မည်ရခြင်းအကြောင်းပင်တည်းဟု အကြောင်းသဘောကို သိစေပါသည်။ (ဘာဝတ္ထသံဝဏ္ဏနာ)

---

၇။ "သဗ္ဗံပဒံ သာဝဓာရဏံ" နှင့်အညီ "တေသု ခန္ဓေသု" နောင်ထုတ်ဆောင်အပ်သော "ဧဝ" သဒ္ဒါ၏ နိဝတ္တေတဗ္ဗ၊ အနညာတတ္ထတို့ကို ထုတ်ပြ၍ (ဃ)မှတ် (င)မှတ်ပါ နိပါတ်ပုဒ်တို့၏ ဂဟေတဗ္ဗတ္ထတို့ကိုလည်း ဖော်ပြပါ။

ဖြေ။ တေသု ခန္ဓေသု (ဧဝ)၌ အနုပါဒါနိယဖြစ်သော လောကုတ္တရာတရားအပေါင်းသည် ဧဝသဒ္ဒါ၏ နိဝတ္တေတဗ္ဗတ္ထ။

ဥပါဒါနက္ခန္ဓာ၏ ဝိပဿနာယ အာရမ္မဏဘာဝဂုဏ်သည် ဧဝသဒ္ဒါ၏ အနညာတတ္ထ။ တစ်နည်း။ ဥပါဒါနက္ခန္ဓာ၏ သာသဝတာ, သံယောဇနိယတာစသော ဂုဏ်သည် အနညာတတ္ထ။

(ဃ) ဟိ –ကာရဏတ္ထ။ (တစ်နည်း) ဒဠှီကရဏတ္ထ။ (င ) ဣတိ– အာကာရတ္ထ။

http://www.dhammadownload.com



၈။- ဘူမိလဒ္ဓ-အရတရားကိုကိုယ်ပြု၍ ဒဿနတ္ထစသည် ကြိယာငါးတန်ထုတ်ပြပါ။

ဖြေ။ ဘူမိလဒ္ဓအရ ကြိယာငါးတန်

၁။ ကိလေသာအပေါင်းဟူသော အကုသိုလ်သည် မုချဒဿနတ္ထ။

၂။ အယောနိသောမနသိကာရသည် ဖလူပစာရ ဒီပကတ္ထ။

၃။ ဝိပ္ပဋိသာရ, အတ္တာနုဝါဒ, ပရာနုဝါဒဘယသည် ကာရဏူပစာရ ပကာသနတ္ထ။

၄။ အသဒ္ဓမ္မ အသပ္ပုရိသူပနိဿယစသည်သည် ဒုတိယဖလူပစာရ ဝိဘာဝတ္ထ။

၅။ ဒဏ္ဍဘယ၊ ဒုဂ္ဂတိဘယစသော ဒုက္ခဝိပါကအဆက်ဆက်သည် ဒုတိယကာရဏူပစာရ အနုဘာဝတ္ထ။

တစ်နည်း-

၁။ သာဝဇ္ဇဒုက္ခဝိပါကလက္ခဏာသည် မုချဒဿနတ္ထ။

၂။ အယောနိသောမနသိကာရပဒဋ္ဌာန်သည် ဖလူပစာရ ဒီပကတ္ထ။

၃။ အနတ္ထဇနန(ကိစ္စ)ရသသည် ကာရဏူပစာရ ပကာသနတ္ထ။

၄။ ကုသလပဋိပက္ခ(သမ္ပတ္တိ)ရသ။ ကာလုသိယ(အာကာရ) ပစ္စုပဋ္ဌာန်သည် ဒုတိယ ဖလူပစာရ ဝိဘာဝတ္ထ။

၅။ သံကိလေသ(ဖလ) ပစ္စုပဋ္ဌာန်သည် ဒုတိယကာရဏူပစာရ အနုဘာဝတ္ထ။

တစ်နည်း-

၁။ ကိလေသာအပေါင်းသည် ဒဿနတ္ထ။

၂။ အယောနိသောမနသိကာရသည် ဒီပကတ္ထ။

၃။ အကုသလဝိပါက်နာမက္ခန္ဓာ၊ ကဋတ္တာရုပ်တို့သည် ပကာသနတ္ထ။

၄။ အဝိဇ္ဇာတဏှာတို့သည် ဝိဘာဝတ္ထ။

၅။ ကာယိကဒုက္ခ စေတသိကဒုက္ခတို့သည် အနုဘာဝတ္ထ။

---

၉။ ဝိပဿနာယအရတရားကိုယူ၍ လက္ခဏာဒိစတုက္ကထုတ်ပြပါ။
(ဝိပဿနာအရ ပညာကိုယူ၍ ထုတ်လေ။)

---

၁၀။ ဘူမိလဒ္ဓ၌ ဘူမိအရ ပစ္စည်းတရား၊ ဘူမိလဒ္ဓအရ ပစ္စယုပ္ပန်တရားတို့ကိုဖော်ပြကာ၊ ယင်း၌ တစ်ပြိုင်နက် ယထာရဟတပ်ကောင်းသော ပစ္စယသတ္တိများကိုလည်း ထုတ်ပြပါ။

ဖြေ။ ဘူမိလဒ္ဓ-၌ ဘူမိအရ ဥပါဒါနက္ခန္ဓာ အာရမ္မဏပစ္စည်းတရားတည်း။

ဘူမိလဒ္ဓ-အရ ကိလေသာတရားအပေါင်း အာရမ္မဏိကပစ္စယုပ္ပန်တရားတည်း။

တစ်ပြိုင်နက် ယထာရဟတပ်ကောင်းသော ပစ္စယသတ္တိများကား အာရမ္မဏ၊ အဓိပတိ၊ နိဿယ၊ ဥပနိဿယ၊ ပုရေဇာတ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ (၈) ပစ္စယသတ္တိတည်း။

မှတ်ချက်။ ဤအဖြေများကား သက်ဆိုင်ရာ၏ အဖြေများသာ။

http://www.dhammadownload.com



တတြာယံ ဝစနတ္ထော–

(က) ပုဗ္ဗန္တတော –လ– ဥပ္ပန္နံ။ (ခ) ဥပ္ပန္နသဒ္ဒေါ ပနေသ အတီတေ –လ– ဒိဿတိ။

( ဂ) အယဉှိ "တေနခေါ ပန –လ– ခဏတ္တယဂတော။

(ဃ) သွာယမိဓာပိ ခဏတ္တယဂတေဝ ဒဋ္ဌဗ္ဗော။

( င) တသ္မာ ဥပ္ပန္နံ ဟောတီတိ –လ– အယံသင်္ခေပတ္ထော။ ဋ၊၁၀၉။

## (၂) (၃) ဝါကျခွဲ စသည်

ခ–ဝါကျကား ပက္ခန္တရ။ ထို–၌ က–ဝါကျကား ပက္ခ။

ဂ–ဝါကျကား ဝိတ္ထာရ၊ ဝါ–တပ္ပါကဋီကရဏ၊ဝါ–အာဂမဒဋီ။ ထို–၌ ခ–ဝါကျကား သင်္ခေပ၊ဝါ–တပ္ပါကဋီကရဏီယ၊ဝါ–အာဂမဒဋီယ။

မှတ်ချက်။ ဂ–ဝါကျတွင် အစိတ်အစိတ်ဝါကျများကား ပက္ခ,ပက္ခန္တရများသာတည်း။ ပါ–ဖြေ–ပထမ သမယအဖွင့်၌ အကျယ်ရေးခဲ့ပြီ။

ဃ–ဝါကျကား ဝိသေသဝါကျ၊ဝါ–အတ္ထုဒ္ဓေသအဓိပ္ပေတတ္ထဝါကျ။ ဝါ–ဝါကျာရမ္ဘဝါကျ။ ထို–၌ ခ–ဝါကျကား သာမညဝါကျ၊ ဝါ–အတ္ထုဒ္ဓါရဝါကျ၊ ဝါ–အာရဒ္ဓဝါကျ။

င–ဝါကျကား လဒ္ဓဂုဏဝါကျ၊ ဝါ–ဖလဝါကျ။။ ထို–၌ ဃ–ဝါကျကား လဒ္ဓဂုဏိယ ဝါကျ။ ဝါ–ကာရဏဝါကျ။

---

## (၆) အာဘောဂ သံဝဏ္ဏနာ

က–ဝါကျ၌ ဥဒ္ဓံ ပန္န–ဖြင့် ဥပ္ပန္န၌ ဥ–ဥပသာရသည် ဝိယောဂ,အတ္ထလာဘ စသောအနက်ကို မဟော၊ ဥဒ္ဓံအနက်ကိုဟောသည်–ကိုဒင်း၊[၁] ဥ–နှင့် ပန္နကို ဥဒ္ဓံ ပန္န ဥပ္ပန္န–ဟု သတ္တမီတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်–ကိုဒင်း[၂] သိစေသည်။ ၁။ ဥပသဂ္ဂလိင်္ဂတ္ထ။ ၂။ အဘိဓာနတ္ထ။ သမာသလိင်္ဂပဒတ္ထ။

† ဥဒ္ဓကမ္မဝိယောဂတ္ထ–လ– မောဂ္ဂလ္လာဒိကေစ ဥ။ ဓာန်၊၁၁၆၈။

က–ဝါကျ၌ ပုဗ္ဗန္တတော–ဖြင့် ဥဒ္ဓံ–အထက်ဟူသည် ရှေ့ဖြစ်သော ကောဋ္ဌာသမှ၊ ဝါ–အတိတ်ဖြစ်သောတရားမှ၊ ဝါ–ရှေးဖြစ်သောတရား၏ ချုပ်ပျက် သောဘင်္ဂက္ခဏ–မှဟု ဥဒ္ဓံပုဒ်၏ အပါဒါန်ကိုသိစေသည်။ (ဘာဝတ္ထ)

က–ဝါကျ၌ ဥပ္ပါဒိအဘိမုခံ–ဖြင့် ပန္န–ဖြစ်၏ဟူသည် ဥပါဒ်စသည်သို့ ရှေးရှု ဖြစ်သတည်း ဟုသိစေသည်။ (ဘာဝတ္ထ)

ခ–ဝါကျဖြင့် ဥပ္ပန္နသဒ္ဒါသည် သဒ္ဒါတစ်ပါး (သဒ္ဒန္တရိက်)ကိုမငဲ့သော သာမညသဒ္ဒါ ဖြစ်သော် အတီတစသော ၆–ပါးသောအနက်ကိုဟောသတည်းဟု သိစေသည်။ တစ်နည်း။ ဥပ္ပန္နသဒ္ဒါ သာမညနိဒ္ဒေသနည်း ကေသေသနည်းအား ဖြင့် အတီတစသော ၆–ပါးသောအနက်ကို ဟောသတည်းဟု သိစေသည်။ (နာမလိင်္ဂတ္ထ)

http://www.dhammadownload.com



ဃ-ဝါကျဖြင့် ဥပ္ပန္နသဒ္ဒါသည် သဒ္ဒါတစ်ပါးကိုမငဲ့သော သာမညသဒ္ဒါဖြစ်သော် အတီတစသော ၆-ပါးသောအနက်ကိုဟောသော်လည်း ဤစိတ္တံ ဥပ္ပန္နံ ဟောတိ-၌ စိတ္တဟူသောသဒ္ဒါ တစ်ပါး(သဒ္ဒန္တရိုက်)ကို ငဲ့သောကြောင့် ခဏတ္တယ ဂတအနက်ကို ဟောသတည်းဟု သိစေသည်။ (နာမလိင်္ဂတ္ထ)

မှတ်ချက်။ ပန္နံပုဒ် ပဇ္ဇတိ ပန္န-ဟု ကတ္တုသာဓ်ပြု။ ပဒဓာတ်+တပစ္စည်း။ ဘိဒါဒိတော သုတ်ဖြင့် စီရင်လေ။

## (၇) ဥပသဂ္ဂ နိပါတတ္ထ

က-ဝါကျ ဥဒ္ဓံသဒ္ဒါ ဥပရိအနက်။ အဘိမုခံ-၌ အဘိသဒ္ဒါ အဘိမုခီဘာဝအနက်၊ ဣတိသဒ္ဒါ ဝစနဟေတုဇောတက။ ဥပ္ပန္နံ-၌ ဥသဒ္ဒါကား ဥဒ္ဓံအနက်။

ခ-ဝါကျ၌ ပနသဒ္ဒါကား ပက္ခန္တရဇောတက။ (ဥပ္ပန္နပုဒ်၏ ဝစနတ္ထအဖို့မှတစ်ပါး အတ္ထုဒ္ဓါရကို ပြသောကြောင့်တည်း။)

ဂ-ဝါကျ၌ ဟိသဒ္ဒါကား ဝိတ္ထာရ၊ ဝါ-တပ္ပါကဋီကရဏ၊ ဝါ-ဒဠှီ-ဇောတက။

✪ အတ္ထုဒ္ဓါရ၊ ပြသည့်နောက်တွင်၊ ဟိကိုမြင်၊ ချဲ့, ထင်, ဒဠှီမြဲ။ (သစ်)

အာမန္တာ သဒ္ဒါကား အိမ်း, အေး, ဟုတ်၏စသည် ဝန်ခံခြင်း ပဋိဇာနတ္ထ၊ သမ္ပဋိစ္ဆနတ္ထဟော နိပါတ်။

† အာမန္တာတိ အယံ ပဋိဇာနနာ၊ အဘိ၊ ဋ္ဌ၊ ၃၊ ၁၁၂။

† အာမန္တာတိ -လ- သမ္ပဋိစ္ဆနေ အာဟ။ ၎င်း၊ ၂၉၀။

သွာယမိဓာပိ-၌ ပိ(အပိ)သဒ္ဒါ သမုစ္စည်း။

နကေဝလံ "ဥပ္ပဇ္ဇမာနံ ဥပ္ပန္နန္တိ အာမန္တာ"တိ ဧတ္ထေ ခဏတ္တယဂတော၊ အထခေါ သွာယမိဓာပိ။ ခဏတ္တယဂတောဝ ဒဋ္ဌဗ္ဗော။

### ခဏတ္တယဂတော-၌ ဧဝသဒ္ဒါ

၁။ ဥပ္ပန္နသဒ္ဒါ၏ ခဏတ္တယဂတအနက်သည် ဂဟေတဗ္ဗတ္ထ။

၂။ အတီတ-လ-အသမုစ္ဆိန္နအနက်သည် နိဝတ္တေတဗ္ဗတ္ထ။

၃။ ခဏတ္တယဂတအနက်၏ ဤဥပ္ပန္နသဒ္ဒါအနက်အဖြစ် ခဏတ္တယဂတ ဘောဂဏ်သည် အနညာတတ္ထ။

### သဗ္ဗနာမဝိသယ

ခ-ဝါကျ၌ သေသဒ္ဒါကား ဥပ္ပန္နသဒ္ဒေါဟု အစွဲတိုက်ရိုက်တင်းလင်းရှိသောကြောင့် ပသိဒ္ဓဝိသယ။

http://www.dhammadownload.com



ဂ-ဝါကျ၌ အယံ(ဣမ)သဒ္ဒါကား ရှေး၌ဆိုအပ်ပြီးသော ဥပ္ပန္နကိုစွဲသောကြောင့် ပက္ကန္တဝိသယ။

ဃ-ဝါကျ၌ သွာယံ-ဝယ် သော,အယံ သဒ္ဒါကား ရှေး၌ဆိုအပ်ပြီးသော ဥပ္ပန္နကိုစွဲသော ကြောင့် ပက္ကန္တဝိသယ။

င-ဝါကျ၌ တသ္မာ-ဝယ် တသဒ္ဒါကား ရှေးဝါကျ၌ ဒဋ္ဌဗ္ဗကြိယာကို စွဲသောကြောင့် အနုဘူတဝိသယ။

---

## အဓိပ္ပါယ်မှတ်ဖွယ်

ဥပ္ပန္နသဒ္ဒါသည် ဥပ္ပဇ္ဇမာနံဟူသော သန္နိဋ္ဌာန်ပုဒ်နှင့်တူသောအနက်ရှိသည်၏ အဖြစ်ကြောင့် ဥပါဒက္ခဏဝါစကဖြစ်သည်မဟုတ်လော၊ အဘယ်ကြောင့် "ဥပ္ပဇ္ဇမာနံ ဥပ္ပန္နန္တိ အာမန္တာတိ ဧတ္ထ ခဏတ္တယဂတေ"ဟုဆိုအပ်သနည်း။ သျှ. ၄၃၉။

ဖြေ။ အတိတ်လည်းမဟုတ်သော အနာဂတ်လည်းမဟုတ်သော ခဏ ၃-ပါး အပေါင်း၏ တစ်စိတ်တစ်ဒေသ၌ ဖြစ်သည်လည်းဖြစ်သော ဥပါဒ်ဆဲစိတ်ကို ခဏတ္တယ ဟုဆိုအပ်၏။

မှတ်ချက်။ အပေါင်းဖြစ်သော ဥပါဒ်ဌီဘင်နှင့်ပြည့်စုံသောစိတ်တစ်ခုလုံး၏ ခဏတ္တယ-ဂတအမည်ကို အစိတ်ဖြစ်သော ဥပ္ပါဒက္ခဏသမင်္ဂီစိတ်၌ တင်စား၍ အစိတ်ဖြစ်သော ဥပ္ပါဒက္ခဏ-သမင်္ဂီစိတ်ကို ခဏတ္တယဂတ-ဟုဆိုသောကြောင့် ဧကဒေသျူပစာ၊ ဝါ-သမုဒါယူပစာ။

† အနတီတံ အနနာဂတဥ္စ ခဏတ္တယေကဒေသဂတမ္ပိ ဥပ္ပဇ္ဇမာနံ ခဏတ္တယဂတန္တိ ဝုတ္တံ။ မူလ၊ ဋီ၊ ၁၊ ၆၈။

---

(က) စိတ္တံ ဥပ္ပန္နံ ဟောတီတိ စေတံ ဒေသနာသီသမေဝ။ (ခ) န ပန စိတ္တံ ဧကကမေဝ ဥပ္ပဇ္ဇတိ။ (ဂ) တသ္မာ ယထာ "ရာဇာ -လ- သဒ္ဒိံယေဝ ဥပ္ပန္နန္တိ ဝေဒိတဗ္ဗံ။ (ဃ) ပုဗ္ဗင်္ဂမဋ္ဌေန ပန "စိတ္တံ ဥပ္ပန္နံ ဟောတီတွေဝ ဝုတ္တံ။ (င) လောကိယဓမ္မဉှိ ပတွာ -လ- ပုဗ္ဗင်္ဂမံ ဟောတိ။ ဋ္ဌ၊၁၁၀။

### (၁) အနက်ယောဇနာ

(က)ဝါကျ။ စ၊ဆက်။ "စိတ္တံ ဥပ္ပန္နန္တိ တော ဝစနံ၊ စိတ္တံ ဥပ္ပန္နံဟူသော ဤစကားသည်။ ဒေသနာသီသမေဝ၊ ဒေသနာ၌ ပဓာနစကားသည်သာလျှင်။ ဟောတိ၏။ (ဥပစာရဣတ္ထယောဇနာပုံ)

စ၊ ဆက်။ "စိတ္တံ ဥပ္ပန္နန္တိ ဧတ္ထ၊ စိတ္တံ ဥပ္ပန္နံဟူသော ဤပါဠိ၌။ တော စိတ္တံ၊ ဤစိတ်သည်။ ဒေသနာသီသမေဝ၊ ဒေသနာ၏ပဓာနဖြစ်သော တရားသည်သာလျှင်။ ဟောတိ၏။ (မုချတ္ထယောဇနာပုံ)

### (၂) (၃) ဝါကျခွဲ စသည်

ခ-ဝါကျကား ဗျတိရေကဝါကျ။ ထို-၍ က-ဝါကျကား အန္ဝယဝါကျ။ (အဗျာပိတ၊ အပရိပုဏ္ဏဒေါသပယ်)

ဂ-ဝါကျကား လဒ္ဓဂုဏဝါကျ။ ထို-၍ က-ခ-ဝါကျကား လဒ္ဓဂုဏီယဝါကျ၊ ဝါ-ကာရဏဝါကျ။ (နိရတ္ထကဒေါသပယ်)

http://www.dhammadownload.com



ဃ-ဝါကျကား ဝါကျာရမ္ဘဝါကျ။ ထို-၌ ဂ-ဝါကျကား အာရဒ္ဓဝါကျ။ (ဝိရောဓိဒေါသပယ်)
င-ဝါကျကား ယုတ္တိဒဋ္ဌိကရဏဝါကျ။ ထို-၌ ဃ-ဝါကျကား ယုတ္တိဒဋ္ဌိယဝါကျ။

## ဃ-ဝါကျ ထပနာတိကတက်ပုံ

ဆရာ၊ ဆရာသည် ဂ-ဝါကျဖြင့် (ဥပမာနဝါကျဖြင့်) ဤအတူ ဤစိတ်သည်လည်း ငါးဆယ်ကျော်သောကုသိုလ်တရားတို့နှင့်တကွသာလျှင်ဖြစ်သောဟုဆိုတော်မူ၏။ ဤသို့ဤစိတ်သည်လည်း ငါးဆယ်ကျော်သော ကုသိုလ်တရားတို့နှင့် တကွသာလျှင် ဖြစ်သော် အဘယ့်ကြောင့် စိတ္တံ ဥပ္ပန္နံဟု ဆိုအပ်သနည်း။ စိတ္တံ ဥပ္ပန္နံ-ဟုဆိုအပ်ခြင်း၏ အကြောင်းကို မပြပြီလော-ကြောင့် ဃ-ဝါကျမိန့်။

ကား- ဃ-ဝါကျဖြင့် စိတ်သည် ငါးဆယ်ကျော်သောကုသိုလ်တရားတို့နှင့် တကွသာလျှင် ဖြစ်သော်လည်း ပြဋ္ဌာန်းသည်၏အဖြစ်ဖြင့်(အဖြစ်ကြောင့်) စိတ္တံ ဥပ္ပန္နံ ဟောတိ-ဟူ၍သာလျှင် ဆိုအပ်၏ဟူလို။

## ပါပနာဒိပဋ္ဌကတက်

ဆရာ၊ ဆရာသည် -လ- ဆိုတော်မူ၏။ (ထပနာတူ) ထိုသို့ဆိုချေသော် စိတ္တံ ဥပ္ပန္နံ ဟောတိ-ဟုဆိုရခြင်း၏အကြောင်းမရှိဟူသောအနက်သည် ရောက်၏။ (အနုလော) စင်စစ်တမူကား စိတ္တံ ဥပ္ပန္နံ ဟောတိ-ဟုဆိုရခြင်းအကြောင်း မရှိသည်မဟုတ်၊ ရှိသည်သာ ဖြစ်၏။ ထိုသို့အကြောင်း ရှိသည်သာဖြစ်သောကြောင့် (ရောပနာပါဒကဟိတ်) စိတ္တံ ဥပ္ပန္နံ ဟောတိဟုဆိုရခြင်းအကြောင်းကို ဆိုသင့် ဆိုတန်၏။ (အနုရော) စိတ္တံ ဥပ္ပန္နံ ဟောတိဟု ဆိုရခြင်း အကြောင်းကိုမဆိုဘဲ မနေသင့် မနေတန် (ပဋိရော) စိတ္တံ ဥပ္ပန္နံ ဟောတိဟုဆိုရခြင်းအကြောင်းကို မပြဆိုချေသော် ဆရာ့အား သဒ္ဒအတ္ထ ဆန့်ကျင်သော ဝိရောဓိဒေါသ ရောက်ရာ၏။ - ဤသို့ကြောင့်-ဃ-ဝါကျမိန့်။

ကား- ဃ-ဝါကျဖြင့် စိတ်သည် ငါးဆယ်ကျော်သောကုသိုလ်တရားတို့နှင့် တကွ ဖြစ်သော်လည်း (စိတ်) ပြဋ္ဌာန်းသည်၏အဖြစ်ကြောင့် စိတ္တံ ဥပ္ပန္နံ ဟောတိ-ဟု ဆိုရ၏ဟု အကြောင်းကိုငါပြဆိုသည်ဖြစ်ရာကား သင်တင်သော သဒ္ဒ အတ္ထဆန့်ကျင်သော ဝိရောဓိဒေါသ ငါ့အားမရောက် ကင်းစင်ပျောက်၏ ဟူလိုသော်။

✪ စိတ္တဿ ပဓာနဘာဝံ သာဓေန္တော အာဟ လောကိယမ္ဟန္တိအာဒိ။ (နိသျကျမ်းတက်)

---

## (၄) ဝိဂ္ဂဟာဒိ

ဒေသနာ။ ဒေသိယတိ အတ္တော ဧတာယာတိ ဒေသနာ။
ဒိသိ ဥစ္စာရဏေ ယု အာ။
သီသ။ သီယတိ ဗန္ဓီယတီတိ သီသံ (သီသော) ဦးခေါင်းရ။
သီသ။ သီသံဝိယ သီသံ။ ပဓာနရ။
ဒေသနာယံ (ဒေသနာယ) သီသံ ဒေသနာသီသံ။

http://www.dhammadownload.com



၂။ ထို၏အကြောင်းဖြစ်သော ဒေသနာ၏ ပဓာနစကား၊ဝါ–ပဓာနဖြစ်သောတရားနှင့် အပေါင်း အစိတ်၊ အာဓာရ အာဓိစပ်ခြင်းသမ္ဗန်သည် ဖျူပ္ပတ္တိနိမိတ်။

၄။ ဒေသနာ၌၊ ဝါ–၏ ပဓာနစကား၊ ဝါ–တရားတို့၏ တစ်ခုသည်တစ်ခုနှင့်တူသော သမညကာရဇာတ်သည် ပဝတ္တိနိမိတ်။

ပရောပဏ္ဏာသ။ ။ ပဏ္ဏာသတော ပရာ ပရောပဏ္ဏာသာ။

ပဏ္ဏာသတော၊ ငါးဆယ်သောတရားကုသိုလ်တရားထက်။ ပရာ၊ အလွန်တို့တည်း။ ဝါ–လွန်သော ကုသိုလ်တရားတို့တည်း။

၂။ ထို၏အကြောင်းဖြစ်သော ငါးဆယ်သောကုသိုလ်တရား၏လွန်သော ကုသိုလ်တရားတို့နှင့် အပါဒါန် အပါဒီစပ်ခြင်းသမ္ဗန်သည် ဖျူပ္ပတ္တိနိမိတ်။

၄။ ထို၏အကြောင်းဖြစ်သော ငါးဆယ်ကျော် ကုသိုလ်တရားတို့၏ တစ်ခုသည်တစ်ခုနှင့် တူသော သာမညာကာရဇာတ်သည် ပဝတ္တိနိမိတ်။

မှတ်ချက်။ ပရောပဏ္ဏာသ–ကား ပရောသဟဿကဲ့သို့ ရုပ်ပြီးသဒ္ဒါ။ ဤ၌ ပရောပဏ္ဏာသ သဒ္ဒါကား ကုသလဓမ္မေဟိ–ဝိသေသျသို့လိုက်၍ ပုံလိင်၊ ပုရိသာဒိဂိုဏ်း၊ ဗဟုဝုစ်တည်း။

ပုဗ္ဗင်္ဂမ။ ပုဗ္ဗံ ပုဗ္ဗေဝါ ဂစ္ဆတီတိ ပုဗ္ဗင်္ဂမံ။ ပုဗ္ဗသဒ္ဒူပပဒ ဂမု ဂတိမှိ၊ ဣဝ။ (စိတ္တံ ရသည်)၊ နပုံလိင်၊ စိတ္တာဒိဂိုဏ်း။

ပုဗ္ဗင်္ဂမဋ္ဌော။ ပုဗ္ဗင်္ဂမဿ အဋ္ဌော ပုဗ္ဗင်္ဂမဋ္ဌော။ ဌကို ဋ္ဌ–ပြု။

ဓုရ။ ဓရဓာတ်+အ–ပစ္စည်း။ ဓ–၌ အကို ဥပြု၊ ရထားစသည်တို့၏ အဦးရာ၏။

ဓုရော်ဝိယာတိ ဓုရံ–ဟု ဥပမာဆင့်၊ ပဓာန–ရာ၏။

† ဓရ ဓရဏေ "အသု" ရထာဒီနံ ပုရောဘာဂသံခါတေ မုခေ ဓုရော။

† ယုဂေ ဝိကာရေ ဝီရိယေ၊ ပဓာနေ စာန္တိကေ ဓုရော။ ဓာန်၊ ၁၀၀၄။

## (၆) အာဘောဂ သံဝဏ္ဏနာ

က–ဝါကျဖြင့် စိတ္တံ ဥပ္ပန္နံ ဟောတိ–ဟူသော ဤစကားသည် ဒေသနာ၌ ပဓာနတည်း။ ဝါ–ပဓာနနည်း။ ကေဒေသူပစာဖြင့် ဟောတော်မူသတည်းဟု သိစေသည်။ (ဘာဝတ္ထ)

တစ်နည်း။ က–ဝါကျဖြင့် စိတ္တံ ဥပ္ပန္နံဟူသော ဤပါဠိ၌ ဤစိတ်သည် ဒေသနာ၏ ပဓာနဖြစ်သော တရားသည်သာလျှင်တည်းဟု သိစေသည်။ (ဘာဝတ္ထ)

မှတ်ချက်။ အစိတ်ဖြစ်သော စိတ်၏ စိတ္တံအမည်ကို အပေါင်းဖြစ်သော စိတ်၊ ပရောပဏ္ဏာသ ဓမ္မတို့၌ တင်၊ ကေဒေသူပစာ။

ပြဓာန်းသော စိတ်ကိုဆိုသဖြင့် မပြဓာန်းသော ပရောပဏ္ဏာသဓမ္မလည်းရ။ ပဓာနနည်း။ အနုမာန သိဒ္ဓိရ။

✪ ဒေသနာသီသ၊ ဖွင့်တုံကာ၊ မှတ်ကြ ပဓာနာ၊ ကေဒေသူပစာ။(သာစ်)

http://www.dhammadownload.com



## (၇) ဥပသဂ္ဂနိပါတတ္ထ

**ဒေသနာသီသမေဝ–၌**

၁။ ဒေသနာသီသ၊ ပဓာန်စိတ်သည် ဂဟေတဗ္ဗတ္ထ။

၂။ ဒေသနာတော်၌ အပဓာန ပရောပဏ္ဏာသဓမ္မသည် နိဝတ္တေတဗ္ဗတ္ထ။

၃။ စိတ်၏ ဒေသနာတော်၌ ပဓာနဖြစ်ခြင်းဂုဏ်သည် အနုညာတတ္ထ။

**ဧကကမေဝ**

၁။ တစ်ခုတည်းသည် ဂဟေတဗ္ဗတ္ထ။

၂။ ဗဟုသည် နိဝတ္တေတဗ္ဗတ္ထ။

၃။ ဧကကဘာဝဂုဏ်သည် အနုညာတတ္ထ။

**သဒ္ဒိံယေဝ**

၁။ မင်းပရိသတ်နှင့်တကွသည် ဂဟေတဗ္ဗတ္ထ။

၂။ မင်းပရိသတ်နှင့် ဝိနာသည် နိဝတ္တေတဗ္ဗတ္ထ။

၃။ တကွဖြစ်ခြင်း သဒ္ဒိံဘာဝသည် အနုညာတတ္ထ။

**သဒ္ဒိံယေဝ (၁၁၀)**

၁။ ပရောပဏ္ဏာသ ကုသလဓမ္မတို့နှင့် တကွသည် ဂဟေတဗ္ဗတ္ထ။

၂။ ပရောပဏ္ဏာသကုသလဓမ္မတို့နှင့် ဝိနာသည် နိဝတ္တေတဗ္ဗတ္ထ။

၃။ တကွဖြစ်ခြင်း သဒ္ဒိံဘာဝသည် အနုညာတတ္ထ။

**"စိတ္တံ ဥပ္ပန္နံ ဟောတိ" စွေဝ**

၁။ စိတ္တံ ဥပ္ပန္နံ ဟောတိ သဒ္ဒါကား ဂဟေတဗ္ဗတ္ထ။

၂။ ပရောပဏ္ဏာသကုသလဓမ္မေဟိ စိတ္တံ ဥပ္ပန္နံ ဟောတိကား နိဝတ္တေတဗ္ဗတ္ထ။

၃။ စိတ္တံ ဥပ္ပန္နံ ဟောတိသဒ္ဒါ၏အနက်ကား အနုညာတတ္ထ။

---

## (၁၀) ပဋ္ဌာန်းပစ္စည်းပြိုင်

ဂ–ဝါကျ ဓမ္မိဒမ္ပိ–၌ ဣဒံအရ စိတ်ပစ္စည်းတရားက ပရောပဏ္ဏာသ ကုသလ–ဓမ္မေဟိအရ ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုသည်။

ပြိုင်သောပစ္စည်း။ ယထာရဟ အဓိ၊ သဟ၊ အည၊ နိဿယ၊ အာဟာရ၊ ဣန္ဒြိယ၊ သမ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ။ ၉–ပစ္စည်း။

မှတ်ချက်။ ကာမာဝစရ ကုသလ် စိတ္တံ ဥပ္ပန္နံဟူသော ပါဠိကို သတိပြု။

ပရောပဏ္ဏာသကုသလဓမ္မေဟိ–ပစ္စည်းတရားက ဣဒံ ဥပ္ပန္နံ ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြု။

ပြိုင်။ ယထာရဟ–ဟေ၊ အဓိ၊ သဟ၊ အည၊ နိ၊ ကမ္မ၊ အာဟာ၊ ဣံ၊ ဈာ၊ မဂ်၊ သံ၊ တ္ထိ၊ အဝိ–(၁၃) ပစ္စည်း။

http://www.dhammadownload.com



(က) သောမနဿသဟဂတန္တိ -လ- ကေပ္ပါဒိဘာဝံ ဂတံ။ (ခ) အယံ ပန သဟဂတသဒ္ဒေါ -လ- အတ္ထေသု ဒိဿတိ။ (ဂ) တတ္ထ ယာယံ တဏှာ ပေါနောဘဝိကာ -လ- သံသဋ္ဌေ။ (ဃ) ဣမသ္မိံပိပဒေ -လ- အဓိပ္ပေတော။ (င) သောမနဿ -လ- သဟဂတန္တိ ဝုတ္တံ။ ၊ ၁၁၁-၁၁၂။

## (၂) (၃) ဝါကျခွဲစသည်

ခ-ဝါကျကား ပက္ခန္တရ။ ထို-၍ က-ဝါကျကား ပက္ခ။

(အဗျာပိတ,အပရိပုဏ္ဏဒေါသပယ်)

မှတ်ချက်။ က-ဝါကျဖြင့် သောမနဿသဟဂတသဒ္ဒါ၏ အဘိဓာနတ္ထ၊ ဝါ-ဝစနတ္ထကို ပြပြီးနောက် ခ-ဝါကျဖြင့် ယင်းသောမနဿ သဟဂတသဒ္ဒါ၏ အတ္ထုဒ္ဓါရကို ပြသည်။ ထို့နောက် အတ္ထုဒ္ဓါရအကျယ်၊ ဝါ-တပ္ပါကဋီကရဏ၊ ဝါ-အကိုးသာဓကကို ပြလို၍ ဂ-ဝါကျတက်လာသည်။ ဂ-ဝါကျတွင် နန္ဒိရာဂ ဘူတာတိ အတ္ထောစသော ဣတိအတ္ထောဝါကျများဖြင့် စကားကျ ဂူဠတ္ထ-ကို ဖွင့်ပြပြန်သည်။ ယင်းဣတိအတ္ထော ဝါကျများကို ဝိတ္ထာရ၊ ဝါကျာရမ္ဘ-၂ မျိုး ကြံနိုင်သည်။ ဂ-ဝါကျတွင် တဏှာ အကျယ်ပြစကားနှင့် ဝေါကိဏ္ဏအကျယ်ပြ စကားအချင်းချင်း "ပေါင်းပြီး စိတ်ပြ ပက္ခန္တရ" များသာဖြစ်ကြောင်း ထင်ရှားသည်။

ဃ-ဝါကျကား ဝိသေသဝါကျ။ ဝါ-အတ္ထုဒ္ဓေသဝါကျ။ ဝါ-အဓိပ္ပေတတ္ထ။ ဝါ-ဝါကျာရမ္ဘ။ ထို-၍ ခ-ဝါကျကား သာမည၊ဝါ-အတ္ထုဒ္ဓါရ။ ဝါ-အာရဒ္ဓဝါကျ။

---

## (၄) ဝိဂ္ဂဟာဒိ

မန။ မနတိ ဇာနာတီတိ မနော။ သူစိ။

သုမန။ သုန္ဒရံ မနော သုမနော။ (စိတ်ရ၏။)

သုမန။ သုန္ဒရံ မနော ဧတဿာတိ သုမနော။ (ပုဂ္ဂိုလ်ရ၏)

သောမနဿံ။ သုမနဿဘာဝေါ သောမနဿံ။ သုမန+ဏျ။

သုမနဟူသောတဒ္ဓိတ်ပုဒ်အရကား ကောင်းသောစိတ်ရှိသောသူသည် မုချ။ ယင်း၏ မာနသိကသုခဝေဒနာနှင့် အကျိုးအကြောင်းအဖြစ်ဖြစ်စပ်ခြင်း သမ္ဗန်သည် ဌာနူပစာ။

ဏျပစ္စည်းအရကား ထို-ဖြင့်မှတ်အပ်သော ကောင်းသောစိတ်ရှိသောသူ၏ ဖြစ်ကြောင်း မာနသိကသုခဝေဒနာရ၏။

မှတ်ချက်။ ပါ+ဖြေ ဝိနယော-အဖွင့်၌ အကျယ်ရေးထားသည်။ ရှုလေ။

### စတုက္က

၂။ ထို၏အကြောင်းဖြစ်သော ကောင်းသောစိတ်ရှိသောသူ၏ မာနသိက သုခဝေဒနာနှင့် အကျိုးအကြောင်းအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဖျူပ္ပတ္တိနိမိတ်။

၄။ မာနသိကသုခဝေဒနာတို့၏ တစ်ခုသည်တစ်ခုနှင့်တူသော သမညာကာရ ဘောဂဏ်သည် ပဝတ္တိနိမိတ်။

http://www.dhammadownload.com



**ဂတံ**။ ဂစ္ဆတိ ပါပုဏာတီတိ ဂတံ။ ဂမု ဓာတ်+တပစ္စည်း၊ ကတ္တုသာဓ်။

**သဟဂတံ**။ သဟ ဂတံ သဟဂတံ။

**သောမနဿသဟဂတံ**။ သောမနဿေန သဟဂတံ သောမနဿသဟဂတံ။

သောမနဿေန၊ သောမနဿဝေဒနာ (မာနသိကသုခဝေဒနာ)နှင့်။ သဟဂတံ၊ တစ်ကွဖြစ်သည်တည်း။ ဝါ- ဖြစ်သောစိတ်။ (တတိယတပ္ပုရိသ်)

သောမနဿဟူသော ဝိသေသနပုဒ်အရကား သောမနဿဝေဒနာ (ဝါ-မာနသိကသုခဝေဒနာ) ရှိ၏။ ယင်း၏ တကွဖြစ်သောစိတ်နှင့် သဟာဒိယောဂ သဟာဒိယောဂဝန္တ၊ သဟဇာတ အကြောင်းအကျိုး အဖြစ်ဖြင့်စပ်ခြင်း သမ္ဗန်သည် ဌာနူပစာ။

သောမနဿသဟဂတံ-ပုဒ်အရ-သောမနဿဝေဒနာနှင့်တကွဖြစ်သော စိတ်ရှိ၏။ (ဝိသေသနပုဒ် ဆက်ကောက်ရန်)

## စတုတ္ထ

၂။ ထို၏အကြောင်းဖြစ်သော သောမနဿဝေဒနာ၏ တစ်ကွဖြစ်သော စိတ်နှင့် သဟာဒိယောဂ သဟာဒိယောဂဝန္တ၊ သဟဇာတ အကြောင်း,အကျိုးအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျူပ္ပတ္တိနိမိတ်။

၄။ ထို၏အကြောင်းဖြစ်သော စိတ်တို့၏ တစ်ခုသည်တစ်ခုနှင့်တူသော အချင်းအရာ သမညာကာရသည် ပဝတ္တိနိမိတ်။

မှတ်ချက်။ အာနာပါနဿတိယန္တိ အာနာပါနဿတိယံ ပစ္စယ-ဘူတာယာန္တိ အတ္ထော၊ ပုရိမသ္မိဉ္စ အတ္ထေ သမာဓိဿ သတိယာ သဟဇာတာဒိ ပစ္စယဘာဝေါ ဝုတ္တော-ဟူသော သာရတ္ထ၊ ၂၊ ၁၈၂-ကိုထောက်၍ သဟာဒိယောဂ ကား သဟဇာတပစ္စည်း။ သဟာဒိယောဂဝန္တဖြစ်သော စိတ် (ကာမာဝစရစိတ်) ကား သဟဇာတပစ္စယုပ္ပန် စာစပ်သည်။ ပစ္စည်းပြိုင်ရမည်။

**သာတံ**။ သာဒိယတိ အဿာဒိယတီတိ သာတံ။ သာဒ အဿာဒနေ တော။ သုတ္တ။ ဤအလို- သာဒဓာတ်+တပစ္စည်း၊ ကမ္မသာဓနေ။

တစ်နည်း။ သဒနံ အာရမ္မဏဿ အဿာဒနံ သာတံ။ သဒ သဒနေ (သဒနံ အဿာဒေါ) အ။ ဒဿ တော။ သုတ္တ။ ဤအလို သဒဓာတ်+အပစ္စည်း၊ ဘာဝသာဓနေ။ သာဒဟူလိုလျက် ဒကို တပြု-၍ သာတပြီးသည်။

မဓု။ မဓ ဥဒ္ဒေ၊ ဥ၊ မန ဉာဏေ ဝါ။ မညတိ ဉာယတိ မဓုရန္တိ မဓု။ သုတ္တ။

မဓုရ မဓု မာဓုရိယံ၊ တံ ယောဂါ မဓုရော။ မဓွာဒိတော ရောတိရော။ ဤအလို မဓု အဿ အတ္ထီတိ မဓုရော-ဟု ဝိဂ္ဂဟပြု။ သာယာအပ်သော အရသာ ရှိ၏။

**ဝေဒယိတ**။ ဝေဒယတီတိ ဝေဒယိတံ။ ဝိဒ အနုဘဝနေ။ စုရာဒိတ္တာ ဏာယော၊ တော။ ဣကာရာဂမောစ။ သုတ္တ။

http://www.dhammadownload.com



တစ်နည်း။ အထဝါ ဝေဒနံ အနုဘဝန္တံ ဝေဒေါ။ ဝိဒ အနုဘဝနေ။ အယနံ ပဝတ္တနံ အယိတံ။ အယ ပဝတ္တိယံ။ ဝေဒေန (ခံစားခြင်းဖြင့်) အယိတံ ပဝတ္တနံ (ဖြစ်ခြင်း) ဝေဒယိတံ။

**မှတ်ချက်**။ ဝေဒယိတံပုဒ်ကို သမာသ်ဝိဂ္ဂဟပြု၍ ညည်ကောက် **စတုက္ကထုတ်** မေးနိုင်သည်။ သတိပြု။

**မဓုရ**။ မဓုရံ ဝိယ မဓုရံ။ ချိုဆိမ့်သော အရသာနှင့်တူသော ဝေဒနာ။

✝ မဓုရန္တိ မဓုရံဝိယာတိ ဥပမာဝသေန။ မူလ၊ဋီ၊ ၁။ ၆၈။

✝ နိပ္ပရိယာယေန မဓုရသဒ္ဒေါ ရသဝိသေသပရိယာယော၊ လ္လဒ္ဒဘာဝ သာမညေန လ္လစ ဥပစာရေန ဝုတ္တောတိ အာဟ "မဓုရံ ဝိယာ"တိ။ အနု၊ဋီ၊၁၊၇၃။

**တဗ္ဘာဝ**။ တဿ ပုဗ္ဗ ပဒဿ ဘာဝေါ အတ္တော တဗ္ဘာဝေါ။ **တဿ ပုဗ္ဗပဒဿ**၊ ထိုနန္ဒီရာဂဟူသောရှေ့ပုဒ်၏။ ဘာဝေါ၊ အတ္တော၊ အနက်တည်း။ **တဗ္ဘာဝေါ၊ ထိုနန္ဒီရာဂ** ဟူသောရှေ့ပုဒ်၏အနက်။ နန္ဒီရာဂဟူသောရှေ့ပုဒ်သည် ဟောအပ်သောအနက်ကိုပင် **သဟဂတသဒ္ဒါ** ဟောသည်။ မိမိ၏အနက်အသီးမရှိဟူလို။ (ပြည်၊ သျှ၊၄၄၇)

✝ တဿ ဒိဋ္ဌိသဒ္ဒဿ ဘာဝေါ အတ္တော တဗ္ဘာဝေါ။ ဘာဝသဒ္ဒေါ **ဟိ ဧဒတ္တေ ပဝတ္တတိ**။ မဏိမဥ္ဇူ၊ ၁၊ ၁၅၆။

**ပေါနောဗ္ဘဝိကာ**။ ပုနဘဝကရဏံ ပုနဗ္ဘဝေါ။ ကရဏဟူသောနောက်ပုဒ်ကြေသည်။ ပုနဗ္ဘဝေါ သီလံ ဧတိဿာတိ ပေါနောဗ္ဘဝိကာ။

ဧတိဿာ တဏှာယ၊ ဤတဏှာ၏။ သီလံ၊ သဘောလေ့ကား။ ပုနဗ္ဘဝေါ၊ **တဖန်အသစ်** သောဘဝကိုပြုခြင်းသည်။ ဟောတိ။၏။ ဣတိ တသ္မာ၊ ကြောင့်။ သာ တဏှာ၊ **သည်**။ ပေါနောဗ္ဘဝိကာ၊ မည်၏။ တဿီလတဒ္ဓိတ်၊ ဏိကပစ္စည်း။ ပအစိတ် ဥ၏ဩ၊ မနောမယကဲ့သို့ နနောင် ဩအက္ခရာလာ၍ ဘကိုလည်း ဒွေဘော်ပြု၍ ပေါနောဗ္ဘဝိကာပြီးသည်။ (ပြည်၊သျှ၊ ၄၄၇)

✝ ပုန အဝါယ သံဝတ္တတီတိ ပေါနောဗ္ဘဝိကော။ ပုနဿ ဩတ္တံ၊ ဘဿ ဒွိတ္တံ။ **ပေါနောဗ္ဘဝိကာ**။ တဏှာ၊ နိရုတ္တိ၊ နှာ-၃၀၃။

**ပေါနောဘဝိကာ**။ ပုနော ဘဝေါ သီလံ ဧတဿာတိ ပေါနောဘဝိကာ။

**မနော်သမ္ဗွဿော-၌ မနော ကဲ့သို့ ပုနော-ဟု ဩကာရန္တ။ ပု-၌ ဥကို ဩပြု။ ဤအလို ဒွေဘော်မလို။**

**နန္ဒီ**။ တတြ တတြ အဘိနန္ဒတီတိ နန္ဒီ။ (နန္ဒဓာတ်+အ+ဤ၊ နဒါဒိ)

**နန္ဒီရာဂ**။ နန္ဒီဘူတော ရာဂေါ နန္ဒီရာဂေါ။ (သမာသမဇ္ဈေ-၌ ဤကို ဣရဿပြု၊ နန္ဒိဟုရှိစေ) မူလ၊ ဋီ၊ ၁၊ ၆၈။

http://www.dhammadownload.com



## (၆) အာဘောဂ သံဝဏ္ဏနာ

က-ဝါကျ၌ သာတမဓုရဝေဒယိတသင်္ခါတေန-ဖြင့် သောမနဿအရ သာယာအပ် (သာတ) ချိုမြိန်ကောင်းမြတ်သောအရသာနှင့်တူသော (မဓုရ) ခံစားအပ်သော (ဝေဒယိတ) ဝေဒနာကို ယူရမည်ဟု သိစေသည်။ (အဘိဓေယျတ္ထ)

က-ဝါကျ၌ သာတဖြင့် သောမနဿဝေဒနာ၏ သာယာအပ်သောသဘောကို သိစေသည်။ (ဘာဝတ္ထ)

✝ သာတန္တိ သာဘာဝဝသေန ဝုတ္တံ။ မူလ၊ ဋီ၊ ၁၊ ၆၈။အနု၊ ဋီ၊ ၁၊ ၇၃။

က-ဝါကျ၌ မဓုရဖြင့် သောမနဿဝေဒနာ၏ သာယာအပ်,သာယာစရာ ကောင်းပုံကို ဥပမာ, ဥပစာအားဖြင့် သိစေသည်။ (ဘာဝတ္ထ)

✝ မဓုရန္တိ မဓုရံ ဝိယာတိ ဥပမာဝသေန။ မူလ၊ ဋီ၊ ၁၆၈။ အနု၊ဋီ၊၁၇၃။

က-ဝါကျ ဝေဒယိတဖြင့် ဝေဒနာ၏ ပရိယာယ်ကိုသိစေသည်။ (ပရိယာယ်ပြ အဘိဓေယျတ္ထ)

က-ဝါကျ၌ သဟ ဂတံဖြင့် သဟဂတပုဒ်ကို သဟ ဂတံ သဟဂတံ ဟု ဒုတိယာတပ္ပုရိသ် သမာသ်ဝစနတ္ထပြုရမည်ဟု သိစေသည်။ (အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ)

မှတ်ချက်။ သဟနိပါတ်ပုဒ်နောက်၌ ကြိယာဝိသေသနအနက် ဒုတိယာဝိဘတ် ကြေသည်ဟုမှတ်။

က-ဝါကျ၌ ကေ့ပွါဒိဒီဘာဝံဖြင့် ဂတံ-ပုဒ်ကို ဂစ္ဆတီတိ ဂတံဟု ကတ္တုသာဓန ဝစနတ္ထပြုရမည်ကိုင်၊[၁] တပစ္စည်း၏ ကတ္တုသာဓနခြင်းသက်သည်ကိုင်၊[၂] ယင်းဂတပုဒ်၏ကံကို ကေ့ပွါဒိဒီဘာဝံ ဟု ထည့်စပ်ရမည်-ကိုင်၊[၃] တစ်နည်း၊ တကွရောက်သောဟူသည် ကေ့ပွါဒစသည်အဖြစ်သို့ ရောက်သတည်းဟူသော အဓိပ္ပါယ်ကိုင်[၄] သိစေသည်။

၁။ အဘိဓာနတ္ထ။ ၂။ ဒုတိယပစ္စယတ္ထ။ ၃။ ဘာဝတ္ထ၊ သမ္ဗန္ဓ။ ၄။ ဘာဝတ္ထ။

က-ဝါကျ၌ သောမနဿေန သဟ ဂတံဖြင့် သောမနဿပုဒ်နှင့် သဟဂတပုဒ်ကို သောမနဿေန သဟဂတံ သောမနဿသဟဂတံဟု တတိယာတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်ဟုသိစေသည်။ (အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ)

ခ-ဝါကျဖြင့် သဟဂတသဒ္ဒါသည် သဒ္ဒါတစ်ပါး (သဒ္ဒန္တရိက်)ကို မငဲ့သော သာမညသဒ္ဒါ ဖြစ်သော် တဗ္ဘာဝစသော ငါးပါးသောအနက်ကို ဟောသတည်းဟု သိစေသည်။ တစ်နည်း။ သဟဂတသဒ္ဒါသည် သာမညနိဒ္ဒေသနည်း, ကေဿသနည်း အားဖြင့် တဗ္ဘာဝစသော ငါးပါးသော အနက်ကိုဟောသတည်းဟု သိစေသည်။ (နာမလိင်္ဂတ္ထ)

ဃ-ဝါကျဖြင့် သဟဂတသဒ္ဒါသည် သဒ္ဒါတစ်ပါး (သဒ္ဒန္တရိက်)ကို မငဲ့သော သာမညသဒ္ဒါ ဖြစ်သော် တဗ္ဘာဝစသော ငါးပါးသောအနက်ကိုဟောသော်လည်း စိတ္တံ ဥပ္ပန္နံဟူသော သဒ္ဒါတစ်ပါး (သဒ္ဒန္တရိက်)ကိုငဲ့သောကြောင့် "သံသဋ္ဌ"အနက်ကို ဟောသတည်းဟု သိစေသည်။ (နာမလိင်္ဂတ္ထ)

http://www.dhammadownload.com



တစ်နည်း။ ဃ–ဝါကျဖြင့် ငါးပါးသောအနက်ကို (ဆိုခဲ့ပြီးသော နည်းအရ) ဟောနိုင်သော်လည်း ဤ၌ သဟဂတသဒ္ဒါကား သံသဋ္ဌအနက်ကိုသာ အလိုရှိအပ်သတည်းဟု သိစေသည်။

ဤ၌ အလိုရှိအပ်သောအနက် (ဣတ္ထမ္ဘူတ) ကိုဖွင့်ပြသောကြောင့် အဓိပ္ပေတတ္ထ သံဝဏ္ဏနာ။

---

## (၇) ဥပသဂ္ဂနိပါတတ္ထ

က–ဝါကျ၌ သဟသဒ္ဒါတို့ကား သမကြိယာယတ္ထ။

† သဟ သဒ္ဓိံ သမံ အဟာတိ သမကြိယာယံ။ ရူ၊ ၁၃၅။

ခ–ဝါကျ၌ ဣတိကား နိဒဿနတ္ထ။

† ဣတိ ဟေတုပကာရေသု၊ အာဒိမှိစာဝဓာရဏေ။

နိဒဿနေ ပဒတ္ထဿ၊ ဝိပလ္လာသေ သမာပနေ။ ဓာန်၊ ၁၁၈၉။

က–ဝါကျ ပေါ်နောဘဝိကာ–၌ ပုနသဒ္ဒါကား ဤ၌ အပ္ပဋ္ဌအနက်။

† ပုန အပ္ပဋ္ဌမေ။ ရူ၊ (ဓာန်–၁၁၉၉)

ဃ–ဝါကျ၌ ပိ (အပိ) သဒ္ဒါကား ရှေ့ဝါကျ၌ရှိသော ပီတိယာ သဟဂတံဟူသော ပါဠိကို ပေါင်းဆည်းသော သမုစ္စယတ္ထ။

### ပေါင်းဆည်းပုံ

ရှေ့ဝါကျ ပီတိယာသဟဂတံ၌ သဟဂတသဒ္ဒါသာ သံသဋ္ဌအနက်ကို ဟောသည်မဟုတ်၊ ဤသောမနဿသဟဂတံ၌ သဟဂတသဒ္ဒါသည်လည်း သံသဋ္ဌအနက်ကို ဟောသတည်းဟု ပေါင်းဆည်းသည်။

### ဣမသ္မိံ ပဒေ အယမေဝတ္ထော–၌ ဧဝသဒ္ဒါ

၁။ သံသဋ္ဌအနက်သည် ဂဟေတဗ္ဗတ္ထ။

၂။ တဗ္ဘာဝ၊ ဝေါကိဏ္ဏ၊ နိဿယ၊ အာရမ္မဏဟူသော အနက်လေးခုသည် နိဝတ္တေတဗ္ဗတ္ထ။

၃။ ရောနှောခြင်းဂုဏ်သည် အနုညာတတ္ထ။

### သဗ္ဗနာမဝိသယ

ခ–ဝါကျ တဗ္ဘာဝေ–၌ တသဒ္ဒါကား ရှေ့ပုဒ်ကိုစွဲသောကြောင့် ပက္ကန္တဝိသယ။

ဂ–ဝါကျ တတ္ထ–၌ တသဒ္ဒါကား ရှေ့ ခ–ဝါကျ၌ ဆိုအပ်ပြီးအနက်ငါးပါးမျိုး ဒြဗ်ကိုစွဲသောကြောင့် ပက္ကန္တဝိသယ။

---

## (၈) ကြိယာငါးတန်

မဇုရ–အရ ဥပစာရတ္တတရားကိုယူ၍ –

၁။ ချိုမြိန်သော မြတ်သောအရသာနှင့် တူသော သောမနဿဝေဒနာသည် ဒဿနတ္ထ။

http://www.dhammadownload.com



၂။ ဖဿသည် ဒိပကတ္တ။
၃။ တဏှာသည် ပကာသနတ္တ။
၄။ သဥ္စာယတနသည် ဝိဘာဝတ္တ။
၅။ ဥပါဒါန်သည် အနုဘာဝတ္တ။

မှတ်ချက်။ ပဋိစ္စသမုပ္ပါဒ်ကိုရှု၍ ထုတ်သည်။ သာတ, ဝေဒယိတအရလည်း နည်းတူ သောမနဿဝေဒနာပင်။ တဏှာကို တရားကိုယ်ကောက်ရသော ယာယံ တဏှာ စသော ပုဒ်များ၌လည်း ပဋိစ္စသမုပ္ပါဒ်ကိုရှု ထုတ်လေ။ လွယ်ပြီ။

**မေး။** က–ဝါကျ၌ ရသင့်သော ပစ္စည်းပစ္စယုပ္ပန်များကိုဖော်ပြ၍ ပစ္စယသတ္တိများကိုလည်း ရေးသားပါ။

**ဖြေ။** က–ဝါကျ၌ သောမနဿ (သောမနဿေန) အရ သောမနဿဝေဒနာကား သဟဇာတ ပစ္စည်းတရား၊ သဟဂတ်(သဟဂုပ္ပါဒိဘာဝဂတ်)ကား သဟဇာတ ပစ္စယုပ္ပန်။

ပြိုင်။ သဟ, အည, နိ, ဣံ, ဈာ, သံ, တ္ထိ, အဝိ။ (သဟကြီး ၄၊ အည၊ သမ္ပ၊ ဣံ၊ ဈာ)

---

(က) ဉာဏသမ္ပယုတ္တန္တိ ဉာဏေန သမ္ပယုတ္တံ။ (ခ) သမံ ဧကုပ္ပါဒါဒိပ္ပကာရေဟိ ယုတ္တန္တိ အတ္ထော။(ဂ) ယံ ပနေတ္ထ ဝတ္တဗ္ဗံ သိယာ –လ– ဝုတ္တနယမေဝ။ (ဃ) တသ္မာ ဧကုပ္ပါဒါ –လ– သမ္ပယုတ္တန္တိ ဝေဒိတဗ္ဗံ။ (င) ဥက္ကဋ္ဌနိဒ္ဒေသော စေသ။ (စ) အရူပေ ပန ဝိနာပိ ဧကဝတ္ထုကဘာဝံ သမ္ပယောဂေါ လဗ္ဘတိ။ဋ္ဌ၊ ၁၁၂။

## (၁) အနက်ယောဇနာ

က–ဝါကျ၌ အတ္ထော၏ သမ္ဗန်ကား သမ္ပယုတ္တန္တိပဒဿ–တည်း။

ဂ–ဝါကျ၌ ဝတ္တဗ္ဗံ၏ ကတ္တားကား မယာ–တည်း။ ဝုတ္တနယမေဝ–၌ ဝုတ္တပုဒ်တစ်စိတ် ကတ္တားလည်း မယာ–ပင်။

င–ဝါကျ ပကတိစသည် အနက်ပေး

စ၊ ဆက်။ သေ သော နိဒ္ဒေသော၊ သည်။ ဥက္ကဋ္ဌနိဒ္ဒေသော၊ တည်း။ (တုလျတ် လိင်္ဂတ်)။ သေ သော နိဒ္ဒေသော၊ သည်။ ဥက္ကဋ္ဌနိဒ္ဒေသော၊ သည်။ ဟောတိ၊ ၏။ (ပကတိ ဝိကတိ)

ယော ဧကုပ္ပါဒါ ဧကနိရောဓာ ဧကဝတ္ထုကာ ဧကာရမ္မဏာတိ နိဒ္ဒေသော၊ အကြင် ဧကုပ္ပါဒါ –လ–ဧကာရမ္မဏာဟူ၍ ညွှန်ပြခြင်းကို။ မယာ၊ ငါအဋ္ဌကထာ ဆရာသည်။ ဝုတ္တော၊ ဆိုအပ်ပြီ။ သေ သော နိဒ္ဒေသော၊သည်။ ဥက္ကဋ္ဌနိဒ္ဒေသော၊ သည်။ ဟောတိ။ (အနိယတ် နိယတ်ယောဇနာ)

✪ တုလျတ် လိင်္ဂတ်၊ သတ်မှတ်တစ်၊ ပကတိ ဝိကတိရရာ၊ နိယမာ နိယမ၊ နက်လည်းရ၊ ဌာနခပ်သိမ်းမှာ။

http://www.dhammadownload.com



မှတ်ချက်။ သမ္ပယုတ္တံ, ယုတ္တံ ပုဒ်ကို ပါဠိတော်.စိတ္တံ ဥပ္ပန္နံ ဟောတိ-၌ စပ်၍ အနက်ပေးလေ။

စ-ဝါကျ၌ လဗ္ဘတိ၊ ရအပ်၏။ (သဒ္ဒတ္ထ) လဗ္ဘတိ ဉာယတိ၊ သိအပ်၏။ (အဓိပ္ပါယတ္ထ)။ ကတ္တား-ပဏ္ဍိတေန-ဟုထည့်။

† လဗ္ဘတိ ဉာယတိ ပဏ္ဍိတေန။ ယော၊ ၇၇။

## (၂) (၃) ဝါကျခွဲ စသည်

ခ-ဝါကျကား ဝိတ္ထာရဝါကျ။ ထို-၌ က-ဝါကျကား သင်္ခေပဝါကျ။ (ဝိရောဓိဒေါသပယ်)

### ခ-ဝါကျ ပါပနာဒိတက်ပုံ

ဆရာ၊ ဆရာသည်။ က-ဝါကျဖြင့် ဉာဏာသမ္ပယုတ္တံပုဒ်ကို ဉာဏေန သမ္ပယုတ္တံ ဉာဏ-သမ္ပယုတ္တံဟု တတိယာတပ္ပုရိသ်သမာသ်ဝစနတ္ထပြုရသောဟု ဆိုတော်မူ၏။ ထိုသို့သာဆိုချေသော် သမ္ပယုတ္တံပုဒ်၌ သံသဒ္ဒါ ပသဒ္ဒါတို့၏ အကျယ်မရှိဟူသော အနက် ရောက်ရာ၏။ စင်စစ်တမူကား သံသဒ္ဒါ ပသဒ္ဒါတို့၏ အကျယ်မရှိသည်မဟုတ်၊ ရှိသည်သာဖြစ်၏။ ယင်းသို့ သံသဒ္ဒါ ပသဒ္ဒါတို့၏ အကျယ်ကို ရှိသည်သာဖြစ်သောကြောင့် (ရောပနာပါဒကဟိတ်) သံသဒ္ဒါ ပသဒ္ဒါတို့၏ အကျယ်ကို ဆိုသင့်ဆိုတန်၏။ သံသဒ္ဒါ ပသဒ္ဒါတို့၏ အကျယ်ကို မဆိုပဲ မနေသင့်။ မနေတန်။ မဆိုဘဲနေချေသော် ဆရာ့အား သင်္ခေပ ဝိတ္ထာရ ဆန့်ကျင်သော ဝိရောဓိဒေါသ သင့်ရောက်ရာ၏-ကြောင့် ခ-ဝါကျကိုမိန့်။ (အဓိပ္ပါယ်ပြန်လေတော့)

ဂ-ဝါကျကား အတိဒေသသံ့ဝဏ္ဏနာဝါကျ။ ဝါ-ဝါကျာရမ္ဘဝါကျ။ ထို-၌ က-ခ-ဝါကျကား အာရဒ္ဓဝါကျ။ (ဂန္ထဂရုဒေါသပယ်)

### ဂ-ဝါကျ ပါပနာဒိတက်ပုံ

ဆရာ၊ ဆရာသည် က-ခ-ဝါကျတို့ဖြင့် ဉာဏာသမ္ပယုတ္တံပုဒ်၏ ဝစနတ္ထ၊ သမ္ပယုတ္တပုဒ်၏ ဝိတ္ထာရတ္ထတို့ကို ဖွင့်ဆိုတော်မူ၏။ ထိုသို့သာဆိုချေသော် ဉာဏာသမ္ပယုတ္တံ ပုဒ်၌ အညွှန်းအတိဒေသ စကားမရှိဟူသောအနက်ရောက်ရာ၏။ စင်စစ်တမူကား ဉာဏ-သမ္ပယုတ္တံပုဒ်၌ အညွှန်းအတိဒေသ စကား မရှိသည်မဟုတ်၊ ရှိသည်သာဖြစ်၏။ ယင်းသို့ ဖြစ်သောကြောင့် ဉာဏာသမ္ပယုတ္တပုဒ်၌ အညွှန်းအတိဒေသစကားကို ဆိုသင့်ဆိုတန်၏။ မဆိုဘဲမနေသင့် မနေတန်။ ဉာဏာသမ္ပယုတ္တံပုဒ်၌ အညွှန်းအတိဒေသစကားကား အဘယ်နည်း-ကြောင့် ဂ-ဝါကျမိန့်။

ဃ-ဝါကျကား လဒ္ဓဂုဏဝါကျ။ ထို-၌ ဂ-ဝါကျကား လဒ္ဓဂုဏိယ၊ ဝါ-ကာရဏဝါကျ။ (နိရတ္ထကဒေါသပယ်)

င-ဝါကျကား ဝါကျာရမ္ဘဝါကျ။ ထို-၌ ဃ-ဝါကျကား အာရဒ္ဓဝါကျ။ (ဝိရောဓိဒေါသပယ်)

http://www.dhammadownload.com



### င–ဝါကျ ပါဠိပနဒ္ဓဒီကျမ်းတက်

ဆရာ၊ ဆရာသည် ဃ–ဝါကျ၌ ကေပ္စ္စါဒါစသည်ဖြင့် သမ္ပယောဂလက္ခဏာ ၄–ပါးကို ဆိုတော်မူ၏။ ထိုသို့သာဆိုချေသော် ယင်းသမ္ပယောဂ လက္ခဏာ ၄–ပါးသည် သာမညနိဒ္ဒေသ ဟူသောအနက်သည်ရောက်ရာ၏။ စင်စစ်တမူကား ယင်း ၄–ပါးသည် သာမညနိဒ္ဒေသနည်း မဖြစ်သင့်။ ယင်းသို့ မဖြစ်သင့်သောကြောင့် ဤ၌ ဖြစ်သင့်သော နိဒ္ဒေသကို ဆိုသင့်ဆိုတန်၏။ ဤ၌ဖြစ်သင့်သော နိဒ္ဒေသကိုမဆိုဘဲ မနေသင့် မနေတန်။ ဤ၌ကေပ္စ္စါဒစသော နိဒ္ဒေသသည် အဘယ်နိဒ္ဒေသဖြစ်သနည်း–ကြောင့် င–ဝါကျမိန့်။ (အစိပ္ပါယ် –င–ဝါကျ ဘာသာပြန်လေ။)

စ–ဝါကျကား ဝါကျာရမ္ဘဝါကျ။

ထို–၍ င–ဝါကျကား အာရဒ္ဓဝါကျ။

**မှတ်ချက်။** စ–ဝါကျ၌ ပနနိပါတ်ပုဒ်ကို ပြည်သျှ၌ ပန၊ စင်စစ်သော်ကား–ဟု အနက်ပေးသည်။ ဤအလို ပနကို လက္ခဏာအရစိအနက်ပေးသဖြင့် စ–ဝါကျကို ဝါကျာရမ္ဘ –ဟုကြံရသည်။ မိမိကား ဤသို့ကြံလိုသည်။ ပန ယသ္မာ၊ အကြင့်ကြောင့်၊ အရူပေ၌။ ကေဝတ္တုကဘာဝံ၊ ကို။ ဝိနာ၊ ၍။ သမ္ပယောဂေါ၊ ကို။ လဗ္ဘတိ၊ ၏။ တသ္မာ သေသော–နိဒ္ဒေသော ဥက္ကဋ္ဌနိဒ္ဒေသော–ဟု င–ဝါကျပြန်စပ်၍ စကားကျဝါကျကို ကာရဏ၊ ဝါ–ယုတ္တိဒဋ္ဌီကဏရဝါကျဟု ကြံလိုသည်။ ဝီမံသိတ္ဗာ ဂဟေတဗ္ဗံ။ ဥက္ကဋ္ဌနိဒ္ဒေသော–ဟုဆိုရသည်မှာ အရူပမှာ ကေဝတ္တုကလက္ခဏာချို့သော်လည်း သမ္ပယောဂ–ပင်ဟုဆိုရသောကြောင့်တည်း။

---

### (၄) ဝိဂ္ဂဟ

ဉာဏ။ ဉာ အဝဗောဓနေ၊ ယု၊ နဿ ဏော။ဇာနာတိ အနေနာတိ ဉာဏံ။ သုစိ။

မှတ်ချက်။ ဉာဏသဒ္ဒါ ပရမတ္ထဖြစ်၍ ကတ္တုသာဓ်၊ ကရဏသာဓ်၊ ဘာဝသာဓ် ၃–မျိုးရသည်။

**ယုတ္တံ ။** ယုဇ္ဇတီတိ ယုတ္တံ။ ယုဇ ယောဂေ၊ တပစ္စည်း။

**ပယုတ္တ။(ကေပ္စ္စါဒါဒိ)** ပကာရေဟိ ယုတ္တံ ပယုတ္တံ။

**သမ္ပယုတ္တ။** သမံ ပယုတ္တံ သမ္ပယုတ္တံ။

သမံ၊ အညီအမျှ၊ ပယုတ္တံ၊ ကေပ္စ္စါဒစသောအပြားတို့ဖြင့်ယှဉ်သည်တည်း။ သမ္ပယုတ္တံ၊ ယှဉ်သည်။-

**ဉာဏသမ္ပယုတ္တံ။** ဉာဏေန သမ္ပယုတ္တံ ဉာဏသမ္ပယုတ္တံ။

ဉာဏေန၊ ဉာဏ်နှင့်။ သမ္ပယုတ္တံ၊ အညီအညွတ်ကေပ္စ္စါဒအစရှိသော အပြားတို့ဖြင့် ယှဉ်သည်။ (စိတ္တံစပ်)

တတိယာတပ္ပုရိသ်သမာသ်ဝိဂြိုဟ်၊ ဉာဏပုဒ်+သမ္ပယုတ္တပုဒ်

http://www.dhammadownload.com



ဉာဏ–အရကား ဉာဏ်ဒြဗ်သည်မှချ။ ယင်း၏ အညီအမျှကေ့ပ္ပါဒစသော အပြားတို့ဖြင့် ယှဉ်သော စိတ်(ကာမာဝစရကုသိုလ်စိတ်)နှင့် သဟာဒိယောဂ သဟာဒိ–ယောဂဝန္တ၊ အကြောင်းအကျိုး အဖြစ်ဖြင့်စပ်ခြင်းသမ္ဗန်သည် ဠာန္တုပစာ။

ဉာဏသမ္ပယုတ္တ–အရကား ဉာဏ်နှင့်အညီအမျှကေ့ပ္ပါဒအစရှိသောအားဖြင့် ယှဉ်သောစိတ် ရှ၏။ (ဝိသေသနဆက်ကောက်)

စတုက္က

၂။ ထို၏အကြောင်းဖြစ်သော ဉာဏ်၏အညီအမျှကေ့ပ္ပါဒအစရှိသော အပြားတို့ဖြင့် ယှဉ်သောစိတ်နှင့် သဟာဒိယောဂ,သဟာဒိယောဂဝန္တ၊ အကြောင်း အကျိုး အဖြစ်ဖြင့်စပ်ခြင်း သမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။

၄။ ဉာဏ်နှင့်အညီအမျှကေ့ပ္ပါဒအစရှိသောအပြားတို့ဖြင့်ယှဉ်သော စိတ်တို့၏ တစ်ခုသည် တစ်ခုနှင့်တူသောအချင်းအရာသမညာကာရသည် ပဝတ္တိနိမိတ်။

ဝတ္တဗ္ဗံ ။ ဝစ+တဗ္ဗ။ ဝစိတဗ္ဗန္တိ ဝတ္တဗ္ဗံ။

ဝုတ္တ ။ ဝစ+တ။ ဝစီယိတ္ထာတိ ဝုတ္တော။

နယ ။ နီယတီတိ နယော။

(ဒေသနာနယ–ရအောင် ကမ္မသာနေပြု။ သူစိကြည့်)

ဝုတ္တနယ။ ဝုတ္တော နယော ယဿာတိ ဝုတ္တနယံ။

ယဿ၊ အကြင်ဉာဏသမ္ပယုတ္တံပုဒ်၌ဆိုသင့်သောစကားအား၊ ဝုတ္တော၊ (မာတိကာ အဖွင့် ဝေဒနာတိက်၌) ဆိုအပ်ပြီးသော။ နယော၊ နည်းသည်။ အတ္ထိ၊ ရှိ၏။ ဣတိ တံ ဝုတ္တနယံ။ (တဂ္ဂုဏသံဝိညာဏစတုတ္ထီဗဟုဗ္ဗီဟိ)

ဝုတ္တနယ–အရကား (မာတိကာအဖွင့်ဝေဒနာတိက်၌) ဆိုအပ်ပြီးသောနည်းသည် မှချ။ ယင်း၏ ဤဉာဏသမ္ပယုတ္တံပုဒ်၌ဆိုသင့်သောစကားဒြဗ်နှင့် ဂုဏ် ဂုဏေး၊ နယ နယဝန္တအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဠာန္တုပစာ။

ယ–ပုဒ်အရကား ထို–ဖြင့်မှတ်အပ်သော မာတိကာအဖွင့် ဝေဒနာတိက်၌ ဆိုအပ်ပြီးသော နည်းရှိသော စကားဒြဗ်ရှ၏။

စတုက္က

၂။ ထို၏အကြောင်းဖြစ်သော မာတိကာအဖွင့်ဝေဒနာတိက်၌ဆိုအပ်ပြီးသောနည်း၏ ဤဉာဏသမ္ပယုတ္တံပုဒ်၌ဆိုသင့်သောစကားဒြဗ်နှင့် ဂုဏ် ဂုဏေး၊ နယ နယဝန္တအဖြစ်ဖြင့်စပ်ခြင်း သမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။

၄။ ထို၏အကြောင်းဖြစ်သော ဆိုအပ်ပြီးသောနည်းရှိသောစကားဒြဗ်တို့၏ တစ်ခုသည် တစ်ခုနှင့်တူသော သမညာကာရဓာတ်သည် ပဝတ္တိနိမိတ်။

http://www.dhammadownload.com



## ဉာဏသမ္ပယုတ္တအဖွင့်

(က) ဉာဏသမ္ပယုတ္တန္တိ ဝစနေန -လ- ဂဟိတာနိ။

( ခ) အသင်္ခါရိကဘာဝေါ ပန အနာဘဋ္ဌတာယေဝ န ဂဟိတော။

( ဂ) ကိဥ္စာပိ နဂဟိတော ပရတော ပန -လ- ဝေဒိတဗ္ဗော။

(ဃ) သမ္မာသမ္ဗုဒ္ဓေါ ဟိ အာဒိတော၀ -လ- ဝေဒိတဗ္ဗံ။ အဋ္ဌ၊၁၁၃။

### (၁) အနက်ယောဇနာ

(က) ဉာဏသမ္ပယုတ္တန္တိဝစနေန၊ဖြင့်။ -လ-ဘဂဝတာ၊ သည်။ဂဟိတာနိ။

( ခ) ပန၊ ဆက်။ ဣမဿ မဟာစိတ္တဿ၊ ဤပထမမဟာကုသိုလ်စိတ်၏။ (အသင်္ခါရိကဘာဝေါ-၌ ဘာဝသမ္ဗန်) အသင်္ခါရိကဘာဝေါ၊ကို။ ပါဠိယံ၊ ၌။(အာစရ) ဣမဿ မဟာစိတ္တဿ၊ ၏။ (တာသမ္ဗန်)၊ ဝါ-ကို။ (အနာဘဋ္ဌ ဟူသော ဘာဝယောဂ ပုဒ်၌စပ်)။ အနာဘဋ္ဌတာယေဝ၊ (ဘာသိတုံ အယုတ္တတ္တာဓေ၀-ပြည်၊သျှ) ဟောခြင်းငှါ မသင့်သည်၏အဖြစ်ကြောင့်သာလျှင်၊ ဒေသေတဗ္ဗ ဘာဝေန၊ ဟောအပ်သည်၏အဖြစ်ဖြင့်။ (ကရိဏ်းထည့်) တတ္ထ၊ ထိုပဌမစိတ္တ နိဒ္ဒေသ၌။ (ဝိသေသ အာစာရထည့်၊ ရှေ့ပါဠိယံကား သာမညာစာရ) ဘဂဝတာ၊ သည်။ န ဂဟိတော၊ မယူအပ်။ (သဒ္ဒတ္ထ) န ဂဟိတော၊ (နသင်္ဂဟိတော-မူလ၊ဋီ၊၆၉) မသင်္ဂြိုဟ်အပ်၊ သင်္ဂြိုဟ်တော်မမူ၊ဝါ-မဟောအပ်။ (အဓိပ္ပါယတ္ထ)။ ကသ္မာ နဂဟိတော ?တဿ၊ ထိုအသင်္ခါရိကသဒ္ဒါ၏။ အတ္ထဿ၊ အသင်္ခါရိက အနက်၏။ အဘာဝါ၊ မဖြစ်ခြင်းကြောင့်၊ နဂဟိတော၊ မယူအပ်သည်ကား၊ န၊ မဟုတ်။ (ဟေတာလင်္ကာရ၊ မူလ၊ဋီ၊၆၉။) တစ်နည်း။ ပါဠိယံ၊၌။ ဘဂဝတာ၊ သည်။ အနာဘဋ္ဌတာယေဝ၊ ဟောတော်မမူအပ်သည်၏အဖြစ်ကြောင့်သာလျှင်။ အဋ္ဌကထာယံ၊ ၌။ အဋ္ဌကထာစရိယေဟိ၊ အဋ္ဌကထာဆရာတို့သည်။ (ဘာသာဋီ၏ မူလဋီသျှ) သင်္ဂါယနာ ဆရာတို့သည်။ (ပြည်၊သျှ) တဿ၊ ထိုအသင်္ခါရိကသဒ္ဒါ၏။ အတ္ထော၊ အနက်ကို။ အဋ္ဌကထာယံ၊ ၌၊ န ဂဟိတော၊ မယူအပ်၊ဝါ-န ဝုတ္တော၊ (မဖွင့်ဆိုအပ်)။

† အထဝါ ပါဠိယံ အနာဘဋ္ဌတာယဧဝ အဋ္ဌကထာယံ န ဂဟိတော န တဿတ္တော ဝုတ္တော။ မူလ၊ ဋီ၊ ၁၊ ၆၉။

### (၂) (၃) ဝါကျခွဲစသည်

ခ-ဝါကျကား ဝါကျာရမ္ဘ (ဥပန္ယာသ)ဝါကျ။

ထို-၍ က-ဝါကျကား အာရဒ္ဓဝါကျ။

### ခ-ဝါကျ ပြည်နိသျ ကျမ်းတက်

အသင်္ခါရိကံ မဟာစိတ္တံဟု အဋ္ဌကထာဆရာမိန့်၏။ ပါဠိတော်၌ပင် လာလျှင်းသလော စုဒ်ရှိရကား အသင်္ခါရိကဘာဝေါ ပန စသည်မိန့်။

http://www.dhammadownload.com



## ခ–ဝါကျ ပါပနာဒိထပနာပဋ္ဌကကျမ်းတက်

ဆရာ၊ ဆရာသည် အသင်္ခါရိကံ မဟာစိတ္တံဟု (၁၁၂–၌) ဆို၏။ ထိုသို့မိန့်ဆိုချေသော် ပါဠိတော်၌ အသင်္ခါရိကံ ဟုဟောတော်မူ၏ဟူသော အနက်သည်ရောက်ရာ၏။ စင်စစ်တမူကား ပါဠိတော်၌ "အသင်္ခါရိကံ"ဟု ဟောတော်မမူပါ။ သို့ဟောတော်မမူသောကြောင့် မဟာစိတ္တံဟုသာ ဆရာဆိုသင့်၏။ အသင်္ခါရိကံ မဟာစိတ္တံဟုဆရာ မဆိုသင့်။ အဘယ့်ကြောင့် အဲသင်္ခါရိကံ မဟာစိတ္တံဟု အသင်္ခါရိကံသဒ္ဒါထည့်၍ ဆရာဆိုပါသနည်း–ကြောင့် –အသင်္ခါရိကဘာဝေါ ပန စသည်မိန့်။

ကား– အသင်္ခါရိကဘာဝေါ ပန စသောဝါကျများဖြင့် အသင်္ခါရိကအဖြစ်ကို ဟောတော်မူခြင်းငှါ မသင့်သည်၏အဖြစ်ကြောင့် ဟောတော်မမူသော်လည်း နောက်စိတ်၌ သသင်္ခါရေန–ဟု ဟောတော်မူခြင်းကြောင့် ဤပဌမမဟာ ကုသိုလ်စိတ်၌ အသင်္ခါရေန–ဟု မဟောသော်လည်း အသင်္ခါရိကအဖြစ်ကို သိအပ်သောကြောင့် အသင်္ခါရိကံ မဟာစိတ္တံဟု အသင်္ခါရိကသဒ္ဒါဖြင့် ငါ (အဋ္ဌကထာဆရာ) ပြဆို၏ဟူလို။

**မှတ်ချက်။** သို့ပြဆိုသောကြောင့် ဝိရောဓိဒေါသဆရာ့အား မရောက် ကင်းစင်ပျောက်၏ ဟူလို။– ခ–ဝါကျ ဂ–ဝါကျ ၂–ဝါကျမျှော်၍ ကျမ်းတက်မှ သဘာဝကျမည်။ နိသျအမှာကိုရှု၍ ကျမ်းတက်သည်ဟုမှတ်။

ဒေါသပယ်။ ခ–ဝါကျ (ဂ) ဝါကျတို့ဖြင့် ဝိရောဓိဒေါသကိုပယ်သည်။

ဂ–ဝါကျကား ဝါကျာရမ္ဘဝါကျ။ ထို–၍ ခ–ဝါကျကား အာရဒ္ဓဝါကျ။

## ဂ–ဝါကျ ကျမ်းတက်

ဆရာ၊ ဆရာသည် ခ–ဝါကျဖြင့် အသင်္ခါရိကအဖြစ်ကို ဟောခြင်းငှါမသင့် (မထိုက်) သည်၏အဖြစ်ကြောင့် မယူအပ် (မဟောအပ်)ဟုဆို၏။ သို့ဖြစ်ပါလျက် အဘယ့်ကြောင့် (ဝစနတော ပုဒ်ကိုမျှော်ပါ) အသင်္ခါရိကံ မဟာစိတ္တံ ဟု ဆိုသနည်း။ အသင်္ခါရိကံ မဟာစိတ္တံဟု အသင်္ခါရိက သဒ္ဒါဖြင့် ဆရာ ဆိုရခြင်းအကြောင်းကို မပြပြီလော–ကြောင့် ဂ–ဝါကျမိန့်။

ကား ဂ–ဝါကျဖြင့် အသင်္ခါရိကအဖြစ်ကို ဟောခြင်းငှါမသင့်(မထိုက်)သည်၏အဖြစ် ကြောင့် ပါဠိတော်၌ ဘုရား မယူအပ်(မဟောအပ်)သော်လည်း (ကိဉ္စာပိ နဂဟိတော –ပန–ကိုမျှော်ပါ) နောက်ဖြစ်သော ဒုတိယစိတ္တနိဒ္ဒေသ၌ "သသင်္ခါရေန"ဟု ဟောတော်မူသောကြောင့် ဤပဌမမဟာ ကုသိုလ်စိတ်၌ အသင်္ခါရေနဟု မဟောသော်လည်း အသင်္ခါရိကအဖြစ်ကို သိအပ်၏။ ထို့ကြောင့် အသင်္ခါရိကံ မဟာစိတ္တံဟု ငါဆို သတည်းဟူလိုသော်။

မှတ်ချက်။ အဘိ၊ ၁၊ ၁၊ ပုဒ်ရေ–၁၄၆–၌ ဉာဏသမ္ပယုတ္တံ သသင်္ခါရေန–ဟု ဟောတော်မူ သည်ကို သတိပြုပါ။ ဝေါဗလိဗဒ္ဒနည်း၊ ပုညညာဏ သမ္ဘာရနည်း–ကြံသင့်၏။

ဂ–ဝါကျတွင် ကိဉ္စာပိ န ဂဟိတော–ကား ဂရဟာဝါကျ။ ပရတော ပန–ဝါကျကား သမ္ဘာဝနာဝါကျ။

http://www.dhammadownload.com



ဒေါသပယ်။ ဂ-ဝါကျဖြင့် ဝိရောဓိဒေါသပယ်သည်။

ဃ-ဝါကျကား ယုတ္တိဒဋ္ဌီကရဏ၊ ဝါ-ကာရဏဝါကျ။ ထို-၍ ဂ-ဝါကျကား ယုတ္တိဒဋ္ဌီယ ဝါကျ၊ ဝါ-ဖလဝါကျ။

ဒေါသပယ်။ ဒဋ္ဌီယ-ဒဋ္ဌီကရဏဆန့်ကျင်သော ဝိရောဓိဒေါသကို ပယ်သည်။

မှတ်ချက်။ ကျမ်းတက်ရာ၌ ယုတ္တိဒဋ္ဌီယ, ယုတ္တိဒဋ္ဌီကရဏ-စည်းသေတက်နည်း အတိုင်း တက်လေ။

## ကထိတံသဒ္ဒါထားခြင်း

ကာမာဝစရကုသလေသု သောမနဿသဟဂတံ တိဟေတုကံ ဉာဏသမ္ပယုတ္တံ အသင်္ခါရိကံ မဟာစိတ္တံ ကထိတံ။ ဋ၊ ၁၁၂။

ပါဠိတော်၌ ကာမာဝစရံ ကုသလံ စိတ္တံ ဥပ္ပန္နံ ဟောတိ သောမနဿသဟဂတံ ဉာဏ-သမ္ပယုတ္တံ-ဟုသာလာသည်။ ပါဠိတော်ရှိတိုင်းသာဆိုလျှင် သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် ကာမာဝစရကုသိုလ်စိတ်ဟု သာမညဖြစ်နေသည်။ ကာမာဝစရကုသိုလ် စိတ်တို့တွင် တိဟိတ်ဉာဏ သမ္ပယုတ် အသင်္ခါရိကမဟာကုသိုလ်စိတ်ကို မြတ်စွာဘုရား ဟောလိုရင်းဖြစ်သည်ဟူသော အထူး (ဝိသေသ)ကို ဖွင့်ပြလိုသောကြောင့်၎င်း၊ ပါဠိတော်၌ သာမညဖြစ်နေသဖြင့် စောဒကပုဂ္ဂိုလ်က ၎င်းစိတ်သည် သင်္ခါရိကဖြစ်လေသလောဟု စောကြောဘွယ်ရှိ၍၎င်း စောဒကစကားကိုပယ်ဖျက် လုယက်၍ ဖြေလိုသောကြောင့်၎င်း ကထိတံ ဖြင့် အဋ္ဌကထာဆရာ ရေးသားသည်။

✪ သူကလိုင်မှု၊ စကားလုံ၊ ထားမှု ကထိတံ။

## ဂဟိတံ သဒ္ဒါ

သောမနဿသဟဂတန္တိ ဣစနေန -လ- သောမနဿသဟဂတမေဝ ဂဟိတံ-၌ ကာမာဝစရကုသိုလ်စိတ် ၈-ပါးဟူသော သာမညမှ သောမနဿ သဟဂုတ် ၄-ပါးဟူသောအထူကို ခွဲဝေပြလိုသဖြင့် ဂဟိတံ သဒ္ဒါထားပါသည်။

## ဂဟိတာနိ သဒ္ဒါ

ဉာဏသမ္ပယုတ္တန္တိ ဝစနေန -လ- ဂဟိတာနိ-၌ ကာမာဝစရကုသိုလ် သောမနဿ သဟဂုတ် ၄-ပါးဟူသော သာမညမှ ဉာဏသမ္ပယုတ်စိတ် ၂-ပါးဟူသော အထူကို ခွဲဝေပြလိုသဖြင့် ဂဟိတာနိသဒ္ဒါထားပါသည်။

## ကိဋ္ဌာပိသဒ္ဒါ

အသင်္ခါရိကအဖြစ်ကို ပါဠိတော်၌ ဘုရားမဟောအပ်သည်ကား မှန်၏ဟု စောဒကပုဂ္ဂိုလ် စကားကို ဝန်ခံ၍ (ကိဋ္ဌာပိလုန်း တစ်ခြမ်းဝန်ခံ) (အဘိ၊ဓ၊ ၁၊၁၄၆-၌ ဉာဏသမ္ပယုတ္တံ သသင်္ခါရေန ဟူသော) နောက်၌ သသင်္ခါရေန-ဟု ဟောတော်မူသောကြောင့် ဤစိတ်၏ အသင်္ခါရိကအဖြစ်ကို သိအပ်၏ဟု ပရိဟာရပုဂ္ဂိုလ်က စောဒက၏အယူအဆကို ပယ်ချလိုသောကြောင့် (ဂ)ဝါကျ၌ ကိဋ္ဌာပိသဒ္ဒါထားရသည်။

http://www.dhammadownload.com



## (၄) ဝိဂ္ဂဟာဒိ

သင်္ခါရ။ အတ္တနော ပရဿ ဝါ သမုဿာဟနေနိတံ စိတ္တပယောဂ သင်္ခါတံ သင်္ခရဏံ သင်္ခါရော။

သင်္ခရဏံ၊ မိမိ၏ငင်း၊ သူတစ်ပါး၏ငင်း တိုက်တွန်းခြင်းကြောင့်ဖြစ်သော အားထုတ်ခြင်း။ ဘာဝသာဓန၊ ဓာတ်အရ ပစ္စည်းအရ တူ။

### စတုက္က

၂။ သံပုဗ္ဗ ကရဓာတ်၊ ဏပစ္စည်းသည်ငင်း၊ တိုက်တွန်းခြင်းကြိယာသည်ငင်း ဗျုပ္ပတ္တိနိမိတ်။

၄။ အပေါင်းသင်္ခါရသဒ္ဒါ၏အကြောင်းကြိယာသည် ပဝတ္တိနိမိတ်။

**အသင်္ခါရံ။** သင်္ခါရော ဧတဿ နတ္ထီတိ အသင်္ခါရံ။

ဧတဿ၊ ထိုစိတ်အား၊ သင်္ခါရော၊ တိုက်တွန်းခြင်းသည်။ နတ္ထိ၊ မရှိ။ ဣတိ တံ စိတ္တံ အသင်္ခါရံ။

နပုဒ်+သင်္ခါရပုဒ်+ဧတပုဒ်။

န သင်္ခါရဟူသော ဗဟုဗ္ဗီဟိပုဒ်လုံးအရကား–တိုက်တွန်းမှုမရှိခြင်း အသင်္ခါရဂုဏ် ပုဒ်ရ၏။ ယင်း၏ စိတ်ဒြဗ်နှင့် ဂုဏ်ဂုဏေးအဖြစ်ဖြင့်စပ်ခြင်းသမ္ဗန်သည် ဌာနူပစာ။

ဧတ–အညပုဒ်အရကား– ထို–ဖြင့်မှတ်အပ်သော တိုက်တွန်းခြင်းမရှိသော စိတ်ရ၏။

### စတုက္က

၂။ တိုက်တွန်းမှုမရှိခြင်း အသင်္ခါရဂုဏ်၏ စိတ်ဒြဗ်နှင့် ဂုဏ်ဂုဏေး စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။

၄။ အသင်္ခါရစိတ်တို့၏ တစ်ခုသည်တစ်ခုနှင့်တူခြင်း သမညာကာရဘောဂုဏ်သည် ပဝတ္တိနိမိတ်။

† အတ္တနော ပရဿ ဝါ သမုဿာဟနေနိတံ စိတ္တပယောဂသင်္ခါတံ သင်္ခရဏံ သင်္ခါရော၊ သော ဧတဿ နတ္ထီတိ အသင်္ခါရံ။ ဝိသုဒ္ဓိ၊ ဋီ၊၂၊၁၁၆။

**အသင်္ခါရိကံ။** အသင်္ခါရမေဝ အသင်္ခါရိကံ။ (သောတ္ထတဒ္ဓိတ်)

၂။ ထို၏အကြောင်းဖြစ်သော အသင်္ခါရပုဒ်, ဏိကပစ္စည်းသည် ဗျုပ္ပတ္တိနိမိတ်။

၄။ ထို၏အကြောင်းဖြစ်သော အသင်္ခါရိကစိတ်တို့၏ တစ်ခုသည် တစ်ခုနှင့်တူခြင်း သမညာကာရဘောဂုဏ်သည် ပဝတ္တိနိမိတ်။

**အာဘဋ္ဌ။** အာဘာသိတဗ္ဗောတိ အာဘဋ္ဌော။ ယော အသင်္ခါရိက–ဘာဝေါ၊ ကို။ ဘဂဝတာ၊ သည်။ အာဘာသိတဗ္ဗော၊ ဟောအပ်၏။ ဣတိ သော အသင်္ခါရိက–ဘာဝေါ၊ သည်။ အာဘဋ္ဌော၊ အာဘဋ္ဌမည်၏။ အာဘာသိတဗ္ဗောကား ကမ္မသာဓနကိတ်ဝိဂြိုဟ်၊ အာဘဋ္ဌောကား ကမ္မသာဓန ကိတ်ပုဒ်။ အာပုဗ္ဗ+ဘာသဓာတ်+တပစ္စည်း။

http://www.dhammadownload.com



အာ-ဥပသာရအရကား ဓာတွတ္ထာနုဝတ္တကဘောဂုဏ်ရ၏။

ဘာသဓာတ်အရ ကတ္တုဋ္ဌကြိယာအရကား မြတ်စွာဘုရား၏ ဒေသနာ ဉာဏ်ပြခန်းသော စိတ္တုပ္ပါဒ်သည် မုချ။ ကမ္မဋ္ဌကြိယာအရကား ထိုအားတပ်သော "အသင်္ခါရိက"ဟူသော မံနသာ-ဝဝတ္ထာပိတာသဒ္ဒ၏ အာရမ္မဏပစ္စယသတ္တိသည် ဖလူပစာ။ တပစ္စည်းအရကား ထို-ဖြင့်မှတ်အပ်သော အသင်္ခါရိကသဒ္ဒါ ရ၏။

မှတ်ချက်။ အာရဒ္ဓပုဒ် ဉာသ်ကောက်ပြန်ကြည့်ပါ။

**စတုက္က**

၂။ အာ-ပုဗ္ဗ ဘာသ+ တ-ပစ္စည်းသည်၎င်း၊ ဟောခြင်းကြိယာသကတ်သည်၎င်း ဗျုပ္ပတ္တိနိမိတ်။

၄။ ဟောအပ်သော အသင်္ခါရိကဘာဝတစ်ခုသည် တစ်ခုနှင့်တူခြင်း သမညာကာရဘော ဂုဏ်သည် ပဝတ္တိနိမိတ်။

မှတ်ချက်။ အာဘာသိတဗ္ဗတာ အာဘဋ္ဌတာ-(မူလ၊ဋီ၊၁၊၆၉) အဖွင့်ကိုထောက်၍ အာဘဋ္ဌပုဒ်ကို အာ+ဘာသ+တ-ဟုကြံသည်။ ယောဇနာပထမနည်း၌လည်း မူလဋီအတူပင် ဖွင့်သည်။ ယောဇနာဒုတိယနည်း၌ကား အာဘရိယတီတိ အာဘဋ္ဌော-ဟုဆိုသည်။ ဤအလို အာဘဋ္ဌော-ဆောင်အပ်သော (အသင်္ခါရိက)-ဟုအနက်ပေး။ အာ+ဘရ+တ-ပစ္စည်း။ နိရုတ္တိဒီပနီ၊ နှာ- ၄၉၂-၌ကား ဘသ ကထနေ စဝနေစ။ ဘသိတ္တာတိ ဘဋ္ဌော၊ အာဘဋ္ဌော-ဟုဆိုသည်။ ဤအလို ဘသဓာတ်+တပစ္စည်းတည်း။ ဘာသာဋီ-၌ "အာဘာသီယတေတိ အာဘဋ္ဌော-ဟုဆိုသည်။

အနာဘဋ္ဌ။ န အာဘဋ္ဌော အနာဘဋ္ဌော။

၂။ ထို၏အကြောင်းဖြစ်သော န နိပါတ်ပုဒ်နှင့်ဟောအပ်သော အသင်္ခါရိကတို့ ပဋိသေဓ, ပဋိသေဓေတဗ္ဗ၊ ဂုဏ် ဂုဏောစပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။

၄။ ထို၏အကြောင်းဖြစ်သော မဟောအပ်သောအသင်္ခါရိက၏ တစ်ခုသည်တစ်ခုနှင့် တူသောအချင်းအရာ သမညာကာရသည် ပဝတ္တိနိမိတ်။

အနာဘဋ္ဌတာ။ အနာဘဋ္ဌဿ ဘာဝေါ အနာဘဋ္ဌတာ။

၂။ ထို၏အကြောင်းဖြစ်သော မဟောအပ်သော အသင်္ခါရိကအဖြစ်၏ မဟောခြင်းနှင့် ဂုဏ် ဂုဏောအဖြစ်ဖြင့်စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။

၄။ ထို၏အကြောင်းဖြစ်သော မဟောအပ်သည်၏အဖြစ်ဟူသောဂုဏ်သည် ပဝတ္တိနိမိတ်။

---

## (၅) ဓာတုပစ္စယာဒိ

ဝစန်။ ဝစဓာတ်+ယုပစ္စည်း။ ကမ္မသာဓန၊ ဝါ- ကရဏသာဓန။ နပုလ္လိင်၊ စိတ္တာဒိဂိုဏ်း။

† ဝုစ္စတေတိ ဝစနံ။ ဝုစ္စတိ အနေနာတိ ဝါ ဝစနံ။ ဝစ ဝိယတ္တိယံ ဝါစာယံ ယု။ သုစိ။

http://www.dhammadownload.com



ဒုဝိဓံ။ ဒွေဝိဓာပကာရာ ဧတဿ(ဉာဏဝိပ္ပယုတ္တဿ)တိ ဒုဝိဓံ။ ဗဟုဗ္ဗီဟိ သမာသ်ပုဒ်။ နပုလ္လိင်၊ စိတ္တာဒိဂိုဏ်း။

ပရိစ္စဇိတွာ။ နိပါတပဒ၊ အာကာရန္တ၊ အလိင်၊ ဂဏဝိမုတ်၊(ပရိ+စဇ+တွာ)

ဒွေ။ သင်္ချာသဗ္ဗနာမ်ပုဒ်၊ ဋ္ဌ–ကာရန္တ။ နပုလ္လိင်၊ စိတ္တာဒိဂိုဏ်း၊ (ဉာဏ သမ္ပယုတ္တာနိ–ဟူသော ဝိသေသျပုဒ်သို့လိုက်) ပဌမာဗဟုဝုစ် ယောဝိဘတ်။

အာဘဋ္ဌ။ ကိတ်ပုဒ်၊ အကာရန္တ၊ ပုလ္လိင်၊ ပုရိသာဒိဂိုဏ်း၊ ဆဋ္ဌီဧကဝုစ် သဝိဘတ် (အနာဘဋ္ဌ ဘာဝေါ အနာဘဋ္ဌတာ–ရူ)

မှတ်ချက်။ အသင်္ခါရိကဘာဝေါ အနာဘဋ္ဌော– ဟု ဝါကျပြင်၍ ကြည့်ပါ။ အနာဘဋ္ဌတာ –ဝယ်တာပစ္စည်း၏သမ္ဗန်ကား အသင်္ခါရိကဘာဝဿ–တည်း၊ ဋ္ဌမဿ မဟာစိတ္တဿ မဟုတ်သည်ကို သတိပြု။ ဤသို့သတိမမူမိလျှင် သမ္ဗန်ခံစဉ်က ဋ္ဌမဿ စိတ္တဿ–ဟုခံ၍ အာဘဋ္ဌပုဒ် ဝိဂြိုဟ်ပြုသောအခါ အာဘဋ္ဌော–ဟု ပုလ္လိင်ဖြင့် နိပ္ဖန္န ချမိ တတ်သည်။

အနာဘဋ္ဌတာ။ ဘာဝတဒ္ဓိတ်ပုဒ်၊ အာကာရန္တ၊ ဣတ္ထိလိင်၊ ကညာဒိဂိုဏ်း၊ ပဉ္စမီဧကဝုစ် သ္မာဝိဘတ်။

ပရတော။ အဗျယတဒ္ဓိတ်ပုဒ်၊ ဝါ–နိပါတ်ပုဒ်၊ အကာရန္တ၊ အလိင်၊ ဂဏဝိမုတ်၊ သတ္တမီ အနက်၌–တောပစ္စည်း။

မှတ်ချက်။ ပရသဒ္ဒါကိုမေးလျှင် သဗ္ဗနာမ်ပုဒ်ဟုဖြေလေ။ အောက်ပါ ရူပသိဒ္ဓိကို သတိပြုလေ။

† ကွစိတော ပဉ္စမျတ္ထေတိ ဝုတ္တတော အာဒိပစ္စယန္တာ ဋ္ဌဆေ အဗျယ တဒ္ဓိတေ သင်္ဂယှန္တိ။ ရူ၊ နှာ–၂၅၅။ (ကိမိမေထံ–သုတ်အဖွင့်)

---

## (၇) ဥပသဂ္ဂ နိပါတတ္ထ

### က–ဝါကျ ဉာဏသမ္ပယုတ္တာနေဝ–၌ ဧဝသဒ္ဒါ

၁။ နှစ်ပါးကုန်သော ဉာဏသမ္ပယုတ်စိတ်– ဂဟေတဗ္ဗတ္ထ။

၂။ နှစ်ပါးကုန်သော ဉာဏဝိပ္ပယုတ်စိတ်– နိဝတ္တေတဗ္ဗတ္ထ။

၃။ နှစ်ပါးကုန်သော ဉာဏသမ္ပယုတ်စိတ်တို့၏ ဉာဏ်နှင့် ယှဉ်ခြင်းဂုဏ် အနညာတတ္ထ။

### အနာဘဋ္ဌတာယေဝ–၌ ဧဝသဒ္ဒါ

၁။ မဟောအပ်သည်၏အဖြစ်ဟူသောဂုဏ်သည် ဂဟေတဗ္ဗတ္ထ။

၂။ ဟောအပ်သည်၏အဖြစ်ဟူသောဂုဏ်သည် နိဝတ္တေတဗ္ဗတ္ထ။

၃။ အသင်္ခါရိကအဖြစ်–(အသင်္ခါရိကဘာဝေါ) –အနညာတတ္ထ။

http://www.dhammadownload.com



**အာဒိတော၀–၌ ၀ေသဒ္ဒါ**

၁။ မဟောမိ လက်မွန်မဆွ အစဦးကာလ– ဂဟေတဗ္ဗတ္ထ။

၂။ နောက်ကာလသည် နိ၀တ္တေတဗ္ဗတ္ထ။

၃။ အစဦးကာလ၏ နောက်ကာလထက် ရှေ့ဦးစွာဖြစ်ခြင်းဂုဏ်သည် အနုညာတတ္ထ။

**နိယမေတွာ၀–၌ ၀ေသဒ္ဒါ**

၁။ အသင်္ခါရိက၏အဖြစ်ကို မှတ်သားခြင်းကြိယာသည် ဂဟေတဗ္ဗတ္ထ။

၂။ ယင်းကို မမှတ်သားခြင်းကြိယာသည် နိ၀တ္တေတဗ္ဗတ္ထ။

၃။ သမ္ဗာသမ္ဗုဒ္ဓေါအရ မြတ်စွာဘုရားဒြဗ်သည် အနုညာတတ္ထ။

**သဗ္ဗနာမဝိသယတ္ထ**

က–ဝါကျ၌ တတော–ဝယ် တသဒ္ဒါကား ဆိုအပ်ပြီးသော လေးပါးသော သောမနဿ–သဟဂုတ်စိတ်ဒြဗ်ကိုစွဲသောကြောင့် ပက္ကန္တဝိသယ တ။

---

(က) ဝိညာပနတ္ထာ ပနေသာ ဝိညတ္တီတိ ဝုစ္စတိ။ (ခ) ကိံ ဝိညာပေတီတိ? (ဂ) ကော် ကာယိကကရဏံ။ (ဃ) စက္ခုပထသ္မိံ ဋ္ဌိတော –လ– စက္ခုဝိညေယျော ဟောတိ။ (င) ဝိညတ္တိ ပန န စက္ခုဝိညေယျာ။ (စ) မနောဝိညေယျာဝ။ (ဆ) စက္ခုနာဟိ ဟတ္ထ –လ– ဝဏ္ဏာရမ္မဏမေဝ ပဿတိ။ (ဇ) ဝိညတ္တိံ ပန မနောဒွါရိက –လ– ဇာနာတိ။ (ဈ) န ကေဝလဉ္စေသာ –လ– ဝိညေယျတောပိ ပန ဝိညတ္တိယေဝ။ ဋ္ဌ၊ ၁၂၅–၆။

**(၁) အနက်ယောဇနာ**

(က) တောယ အာကာရဝိကာရဇာတိယာ၊ ဤအမူအရာ အထူး၏၊ ဝါ–ပကတိမှ ဖောက်ပြန်သောအမူအရာအထူး၏။(ဟိတ်သမ္ဗန်၊ဝါ–တ္တသမ္ဗန်) သော၊ သည်။ ဝိညတ္တိ၊ ဝိညတ်မည်၏။ (တုလျှတ်,လိင်္ဂတ်စပ်) သော၊ ကို။ ဝိညတ္တီတိ၊ ဝိညတ်ဟူ၍။ ဝုစ္စတိ။ အပ်၏။ (ကမ္မ ကမ္မီစပ်) (ပထမက္လတိကား နိဒဿန– "ဤသို့" အနက်ပေး။ ဒုတိယက္လတိကား အာကာရ။ "ဟူ၍"ဟု အနက်ပေး၊ ဝုစ္စတိ၏ကတ္တားကား ပဏ္ဍိတေန–တည်း။

(ဆ) သတ္တော၊ သတ္တဝါသည်။ (ပဿတိ–၏ကတ္တား)

( ဇ) ပုဂ္ဂလော၊ သည်။ ဇာနာတိ (ကတ္တား)

† ဇာနာတိ ပုဂ္ဂလော။ ယော၊ ၈၂။

**(၂) (၃) ဝါကျခွဲ စသည်**

ခ–ဝါကျကား ပုစ္ဆာဝါကျ။ ဂ–ဝါကျကား ဝိသဇ္ဇနာဝါကျ။

က–ဝါကျကိုထောက်၍ ခ–ဂ–ဝါကျကား ဝါကျာရမ္ဘဝါကျ။ ထို–၍ က–ဝါကျကား အာရဒ္ဓဝါကျ။

http://www.dhammadownload.com



## ခ–ဂ–ဝါကျ ပါပနာဒိကျမ်းတက်

ဆရာ၊ ဆရာသည် က–ဝါကျဖြင့် ဤအာကာရဝိကာရသည် သိစေတတ်သောကြောင့် ဝိညတ္တိမည်သောဟုဆို၏။ ထိုသို့သာဆိုချေသော် ရူပါရုံ (ဝဏ္ဏာရမ္မဏ)ကို သိစေတတ်၏ဟူသော အနက်သည်ရောက်ရာ၏။ စင်စစ်တမူကား ရူပါရုံကို သိစေတတ်၏ဟူသောအနက်သည် မဖြစ်သင့်။ သို့မဖြစ်သင့်သောကြောင့် သိစေအပ်သော ဝိညာ–ပေတဗ္ဗမ္မေကို ဆိုသင့်ဆိုတန်၏။ သိစေအပ်သော ဝိညာပေတဗ္ဗမ္မေကို မဆိုဘဲ မနေသင့် မနေတန်။ ဤအာကာရ ဝိကာရသည် အဘယ်အနက်ကို သိစေပါသနည်း–ဟု သူမေး ဘွယ်ရှိ၍ ထိုအမေးကို ကိုယ်တိုင်မေး၍ ဖြေတော်မူလိုသောဆရာသည် ခ–ဂ–ဝါကျကိုမိန့်။

ကား– ခ–ဂ–ဝါကျဖြင့် ဤအာကာရဝိကာရသည် အဘယ်ကိုသိစေသနည်းဟူမူ တစ်ခုတည်းသော ကာယဒွါရ၌ဖြစ်သော စိတ်၏ကြိယာဖြစ်သော အလိုဆန္ဒအကြံအစည်ကို သိစေတတ်၏ ဟု ငါပြဆို၏ဟူလိုသော်ဝ်။

ဒေါသပယ်။ ခ–ဂ–ဝါကျဖြင့် ဝိရောဓိဒေါသပယ်။

မှတ်ချက်။ ခ–ပုစ္ဆာ ပက္ခ၊ ဂ–ဝိသဇ္ဇနာကား ပက္ခန္တရ။

ဂ–ဝါကျဖြင့် အဗျာပိတ အပရိပုဏ္ဏဒေါသပယ်။

ဃ–င–စ–ဝါကျကား ဝိတ္ထာရဝါကျ။ ထို–၍ ဂ–ဝါကျကား သခ်ေပဝါကျ။

## ဃ–ဝါကျသို့ အနုသန္ဓေတက်ပုံ

အကြင် ဝိညတ်သည် အဓိပ္ပါယ်ကို သိစေတတ်၏။ ထိုဝိညတ်ကိုမူကား စက္ခုဝိညာဏ်ဖြင့် သိအပ်၏။ ဤသို့ ယုံမှားရာသောကြောင့် "စက္ခုပထသ္မိံ ဟိ" စသည်မိန့်သော်။ (သျှ)

† ဝိညတ္တိ အဓိပ္ပါယံ ဝိညာပေတိ၊ ဝိညတ္တိ ပန စက္ခုဝိညေယျာတိ ကောစိ အာသင်္ကေယျ၊ တံ နိဝါရဏတ္ထံ စက္ခုပထသ္မိန္တိ အာဒိမာဟ။ ယော၊ ၈၂။

## ဃ–င–စ–ဝါကျ ပါပနာဒိကျမ်းတက်

ဆရာ၊ ဆရာသည် ဂ–ဝါကျဖြင့် ဤအာကာရဝိကာရ–ဟူသော ဝိညတ္တိသည် တစ်ခုသော ကာယဒွါရ၌ ဖြစ်သောစိတ်၏ကြိယာဖြစ်သော အလိုဆန္ဒအကြံအစည်ကို သိစေသောဟုဆို၏။ ထိုသို့ဆိုချေသော် အကြင်ဝိညတ်သည် အဓိပ္ပါယ်(အလိုဆန္ဒအကြံအစည်)ကို သိစေတတ်၏။ ထိုဝိညတ်ကိုမူကား စက္ခုဝိညာဏ်ဖြင့် သိအပ်၏–ဤသို့ ယုံမှားသံသယဖြစ်ရာ၏။ (အနု+ပါ) စင်စစ်တမူကား ယင်းသို့သော ယုံမှားသံသယ မဖြစ်သင့်၊ (ပဋိ+ပါ) သို့မဖြစ်သင့်သောကြောင့် ယုံမှားသံသယကို ပယ်ခြင်းငှါ အကျယ်ဝိတ္ထာရကို ဆိုသင့်ဆိုတန်၏။ (အနု+ရော) အကျယ်ဝိတ္ထာရကို မဆိုဘဲ မနေသင့် မနေတန်။ (ပဋိ+ရော) ယုံမှားသံသယကို တားမြစ်ရန် အကျယ်ဝိတ္ထာရကား အဘယ်နည်း–ကြောင့် ဃ–င–စ–ဝါကျမိန့်။

http://www.dhammadownload.com



မှတ်ချက်။ ဃ–င–စ (၃) ဝါကျဖြင့် ဂ–ဝါကျကို ချဲ့သည်။ ဂ–ဝါကျနှင့် စ–ဝါကျအရတူသည်ကို သတိပြု။ "ထင်ရှား, ချဲ့, မြဲ,နက်စွဲသုံးအင်၊ ရှေးစကားနှင့် အတူပင်"။

ဒေါသပယ်။ သခ်ေပ စိတ္တာရ ဆန့်ကျင်သော ဝိရောဓိဒေါသပယ်။

င–စ–ဝါကျကား ဝါကျာရမ္ဘဝါကျ။ ထို–၌ ဃ–ဝါကျကား အာရဒ္ဓဝါကျ။

## င–စ–ဝါကျကို မျှော်၍ ကျမ်းတက်

ဆရာ၊ ဆရာသည် ဃ–ဝါကျဖြင့် ဤလက်စသည်တို့၏ လှုပ်ခြင်းစသော ကြိယာသည် (ဝါ–ကို) စက္ခုဝိညာဉ်ဖြင့် သိအပ်သော–ဟုဆို၏။ သို့ဆိုချေသော် ဝိညတ်သည်လည်း စက္ခုဝိညေယျ–ဟူသောအနက်သည်ရောက်ရာသည် မဟုတ်လော၊ သို့ရောက် ရာသောကြောင့် ဤလက်စသည်တို့၏ လှုပ်ရှားခြင်းကြိယာသည် စက္ခုဝိညေယျဟုသာ မဆိုသင့်။ ဝိညတ်သည် မည်သည့်ဝိညေယျ ဖြစ်သည်ဟု ဆိုသင့်၏။ ဝိညတ်ကား အဘယ်ဝိညေယျဖြစ်ပါဘိသနည်း–ကြောင့် င–စ–၂–ဝါကျမိန့်။

င–ဝါကျကား ဗျတိရေကဝါကျ။ စ–ဝါကျကား အနွယဝါကျ။

ဆ–ဝါကျ ဇ–ဝါကျကား ယုတ္တိဒဋ္ဌိကရဏဝါကျ။ ထို–၌ စ–ဝါကျကား ယုတ္တိဒဋ္ဌယဝါကျ။

## ဆ–ဇ–ဝါကျ အနုသန္ဓေတက်

† မနောဝိညေယျာဝေါတိ ဝုတ္တမတ္တံ သာဓေတုံ စက္ခုနာတိ အာဒိ ဝုတ္တံ။ ယောဖ၊ ၈၂။

ဒေါသဝယ်။ ဒဋ္ဌယ,ဒဋ္ဌိကရဏဆန့်ကျင်သော ဝိရောဓိဒေါသပယ်။

ဇ–ဝါကျကား ဝါကျာရမ္ဘဝါကျ။ ထို–၌ ဆ–ဝါကျကား အာရဒ္ဓဝါကျ။

ဈ–ဝါကျကား ပက္ခန္တရဝါကျ။ ထို–၌ က–ဝါကျကား ပက္ခဝါကျ။

## နာမသဒ္ဒါထားရပုံ

ဧဝံ စိတ္တသမုဋ္ဌာနံ ရူပါနံ ဝိညတ္တိတာယ သာပိ စိတ္တသမုဋ္ဌာနာနာမ။ ဋ္ဌ၊ ၁၂၅။

ဋ္ဌာန ရုပ်ကလာပ်၏ စိတ္တသမုဋ္ဌာနအမည်ကို ဌာနီ ဝိကာရရုပ်ဝိညတ်၌ တင်စား၍ ဌာနီဝိကာရရုပ် ဝိညတ်ကိုလည်း စိတ္တသမုဋ္ဌာနာ–ဟု ဌာနူပစာအားဖြင့် ဆိုသတည်းဟုပြလို၍ နာမသဒ္ဒါဖြင့် "စိတ္တသမုဋ္ဌာနာနာမ"ဟု ဆိုသည်။

† စိတ္တသမုဋ္ဌာန ဘာဝေါ ဝိယာတိ ဝိညတ္တိယာ စိတ္တသမုဋ္ဌာန ဥပါဒါ ရူပဘာဝေါ ဥပစာရသိဒ္ဓေါတိ ဒဿေတိ။ အနု၊ ဋီ၊ ၁၊ ၇၉။

✪ ဝုစ္စတိ, ဝုတ္တံ၊ နာမံ ရှိရာ၊ ဥပစာ။

## ဝုစ္စတိသဒ္ဒါ

ဝိညာပေတီတိ ဝိညတ္တိ–ဟူသော ဝိညတ္တိသဒ္ဒါ၏ သကတ်ကိုပြလိုသောကြောင့် 'ဝုစ္စတိ' သဒ္ဒါ ထားရသည်။

http://www.dhammadownload.com



## နာမသဒ္ဒါ

ဝိညေယျတောပိ ပန ဝိညတ္တိ နာမ-၌ နာမသဒ္ဒါကား ဝစ္စတိသဒ္ဒါနှင့် အတူပင်။ ဝိညတ္တိသဒ္ဒါ၏ သင်္ကေတတစ်မျိုးကိုပြလို၍ နာမသဒ္ဒါထားသည်။

## ဝိညေယျတောပိ-၌ ပိ (အပိ) သဒ္ဒါ

ဝိညတ္တိပုဒ်၏ ဟေတုကတ္တုသာဓနဝစနတ္ထအကြောင်းမှတစ်ပါး ယင်း ဝိညတ္တိပုဒ်၏ ကမ္မသာဓနဝစနတ္ထအကြောင်းတစ်မျိုးကို လဲလှယ်ပြလိုသောကြောင့် ပိ (အပိ) သဒ္ဒါထားသည်။

တစ်နည်း။ ဝိညာပေတိ-ဟူသော ဟေတုကတ္တုသာဓနဝစနတ္ထမှ၊ ဝါ- သိစေတတ်-ဟူသော အနက်ကြောင့်သာ"ဝိညတ္တိ"မည်သည်မဟုတ်၊ ဝိညာယတိ-ဟူသော ကမ္မသာဓန၊ဝါ- "သိအပ်"ဟူသောအနက်ကြောင့်လည်း "ဝိညတ္တိ" မည်သတည်းဟူသော သမုစ္စည်းအနက်ကိုပြလို၍ ပိ (အပိ) သဒ္ဒါ ထားသည်။

---

## (၄) ဝိဂ္ဂဟာဒိ

ဝိညာပနာ။ ဝိညာပေတီတိ ဝိညာပနာ။ ယာ ဝိညတ္တိ၊ အကြင်အာကာရ ဝိကာရသည်။ ကာယိကတရဏံ၊ ကို။ ဝိညာပေတိ၊ သိစေတတ်၏။ ဣတိ သာ ဝိညာပနာ။ ဟေတုကတ္တုသာဓန၊ ဝိ+ဉာ+ဏာပေပစ္စည်း+ယုပစ္စည်း။

ဝိ-ဥပသာရအရ- ဓာတွတ္ထာနုဝတ္တကဘောဂုဏ်ရ၏။

ဉာဓာတ်အရ သုဒ္ဓကတ္တုဋ္ဌကြိယာအရကား- ကာယိကကရဏာကို သိသောပုဂ္ဂိုလ်၏ မနောဒ္ဒါရိကစိတ်သည် မုချ။

ဟေတုကတ္တုဋ္ဌကြိယာအရကား ထို-အားတပ်သော ဝိညတ်၏ အာရမ္မဏပစ္စယသတ္တိသည် ဖလူပစာ။

ဏာပေပစ္စည်းအရကား ရူပသိဒ္ဓိမတ္တပဒသိလိဋ္ဌတာဘောဂုဏ်ရ၏။

ယုပစ္စည်းအရကား ထို-မုချဖလူပစာတို့ဖြင့်မှတ်အပ်သော ဝိညတ်ရ၏။

မှတ်ချက်။ ဝိညာပနတ္တာ-၌ ဝိညာပနာဟူသော ဘာဝရှေ့ပုဒ်အရကား ဝိညတ်ရသဖြင့် ဝိညတ္တိပုဒ်လိင်သို့ လိုက်၏။ ဣတ္ထိလိင်သာတည်း။ "ဘာဝ ရှေ့ပုဒ်၊ လာသည်ပုဒ်၊ မယုတ် အရတူ"။ ဇ-ဝါကျကိုထောက်၍ ဤသို့ညသ်ကောက်သည်။ သို့မှသာ ဓာတွတ္ထ၊ ပစ္စယတ္ထ-ခြားနားအောင်သိမည်။

## စတုတ္ထ

၂။ ဝိပုဗ္ဗ ဉာဓာတ် ဏာပေပစ္စည်း ယုပစ္စည်းသည်ရင်း၊ သိစေခြင်း ကြိယာသကတ်သည်ရင်း ဗျုပ္ပတ္တိနိမိတ်။

၄။ ဝိညတ်တို့၏ တစ်ခုသည်တစ်ခုနှင့်တူခြင်း သမညာကာရဘောဂုဏ်သည် ပဝတ္တိနိမိတ်။

ဝိညာပနတ္တာ။ ဝိညာပနာယ ဘာဝေါ ဝိညာပနတ္တံ။ (တဒ္ဓိတ)

http://www.dhammadownload.com



ဝိညာပနာယ၊ ကာယဒွါရ၌ဖြစ်သောစိတ်၏ ကြိယာဖြစ်သောအလိုဆန္ဒ အကြံအစည်ကို သိစေတတ်သောဝိညတ်၏။ ဘာဝေါ၊ ဖြစ်ကြောင်းတည်း။ ဘာဝတဒ္ဓိတ်၊ ဝိညာပနပုဒ်+တ္တပစ္စည်း။

ဝိညာပနာ–အရကား ကာယဒွါရ–လ–ဝိညတ်သည် မုချ။

ထို–ကာယဒွါရ–လ– ဝိညတ်၏ဖြစ်ကြောင်း သိစေခြင်းကြိယာနှင့် အကျိုး,အကြောင်း စပ်ခြင်းသမ္ဗန်သည် ဌာနူပစာ။

တ္တ ပစ္စည်းအရကား ထိုမုချဌာနူပစာတို့ဖြင့်မှတ်အပ်သော သိစေခြင်း ကြိယာသကတ်ရ၏။

**စတုက္က.**

၂။ ကာယဒွါရ–လ– ဝိညတ်၏သိစေခြင်းကြိယာနှင့် အကျိုးအကြောင်း စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။

၄။ သိစေခြင်းကြိယာတို့၏ တစ်ခုသည်တစ်ခုနှင့်တူခြင်း သမညာကာရ ဘောဂုဏ်သည် ပဝတ္တိနိမိတ်။

**ဝိညတ္တိ**။ ဝိညာပေတီတိ ဝိညတ္တိ။ ဝိ+ဉာ+တိပစ္စည်း။

ဝိညာပနာ–ကို မှီး၍ ဉာဏ်ကောက်။ စတုက္ကထုတ်။ ပစ္စည်းသာ ထူးသည်။

**ကာယိက**။ ကာယေ ပဝတ္တံ ကာယိကံ။ ကာယေ၊ ကာယဒွါရ၌။ ပဝတ္တံ၊ ဖြစ်သောစိတ်၏ကြိယာ (အလိုဆန္ဒအကြံအစည်) တည်း။

ပဝတ္တာတဒ္ဓိတ်ဝိဂြိုဟ်၊ ကာယပုဒ်+ဣကပစ္စည်း။

ကာယပုဒ်အရကား ကာယဒွါရရ၏။ ယင်း၏ ဖြစ်သောစိတ်၏ ကြိယာ (အလိုဆန္ဒအကြံ အစည်) နှင့် ဌာန ဌာနီ၊ နိဿယ နိဿိတ–စပ်ခြင်း သမ္ဗန်သည် ဌာနူပစာ။

ဣက–အရကား ထိုဖြင့်မှတ်အပ်သော စိတ်၏ကြိယာ (အလိုဆန္ဒ အကြံအစည်) ရ၏။ (ကရဏံ၌ စပ်။ ဝိသေသနပုဒ်၊ ဝိသေသနဆက်ကောက်)

**စတုက္က**

၂။ ကာယဒွါရ၏ ဖြစ်သောစိတ်၏ကြိယာ (အလိုဆန္ဒအကြံအစည်) နှင့် ဌာန ဌာနီ၊ နိဿယ နိဿိတ–စပ်ခြင်းသမ္ဗန်သကတ်သည် ဗျုပ္ပတ္တိနိမိတ်။

၄။ စိတ်၏ကြိယာ–၏ တစ်ခုသည်တစ်ခုနှင့်တူခြင်း သမညာကာရဘောဂုဏ်သည် ပဝတ္တိနိမိတ်။

**ကရဏံ**။ ကြိယာ ကရဏံ။ ကြိယာ၊ ပြုခြင်း (စိတ်၏ ကြိယာဖြစ်သော အလိုဆန္ဒ အကြံအစည်) တည်း။ ကရဏံ၊ ပြုခြင်း (စိတ်၏ကြိယာဖြစ်သော အလိုဆန္ဒအကြံအစည်)။ ဘာဝသာဓန။ ဓာတ်အရ ပစ္စည်းအရ အထူးမရှိ။

**စတုက္က**

၂။ ကရဓာတ်+ယုပစ္စည်းသည်ရင်း၊ ပြုခြင်း (စိတ်၏ကြိယာဖြစ်သော အလိုဆန္ဒအကြံ အစည်) သည်ရင်း ဗျုပ္ပတ္တိနိမိတ်။

http://www.dhammadownload.com



၄။ ယင်းပြုခြင်း (စိတ်၏–လ–အစည်) တို့၏ တစ်ခုသည်တစ်ခုနှင့်တူခြင်း သမညာကာရဘောဂဏ်သည် ပဝတ္တိနိမိတ်။

**ကာယိကကရဏာ။ ကာယိကဥ္စ တံ ကရဏဥ္စာတိ ကာယိကကရဏံ။**

ကာယိကဥ္စ၊ ကာယဒွါရ၌ဖြစ်သည်လည်း၊ ဟောတိ၊ ဟုတ်၏။ တံ၊ ထိုကာယဒွါရ၌ဖြစ်၏ ဟူသည်။ ကရဏဥ္စ၊ ပြုခြင်း (စိတ်၏ကြိယာဖြစ်သောအလို ဆန္ဒအကြံအစည်)သည်လည်း၊ ဟောတိ၊ ဟုတ်၏။ ဣတိ ကာယိကကရဏံ။

ကာယိက–ဟူသော ဝိသေသနပုဒ်အရကား– ကာယဒွါရ၌ဖြစ်ခြင်း ဂုဏ်ရ၏။ ယင်း၏ ပြုခြင်း (စိတ်၏ကြိယာဖြစ်သောအလိုဆန္ဒအကြံအစည်) နှင့် ဂုဏ် ဂုဏေး၊ ဝိသေသန ဝိသေသျ–စပ်ခြင်း သမ္ဗန်သည် ဌာနူပစာ။

ကာယိကကရဏာ သမာသ်ပုဒ်အရကား– ကာယဒွါရ၌ဖြစ်သောစိတ်၏ ကြိယာဖြစ်သော အလိုဆန္ဒအကြံအစည်ရ၏။

စတုက္က

၂။ ကာယဒွါရ၌ဖြစ်ခြင်းဂုဏ်၏ပြုခြင်း (စိတ်၏ကြိယာဖြစ်သောအလိုဆန္ဒ အကြံအစည်) နှင့် ဂုဏ်ဂုဏေး, ဝိသေသနဝိသေသျစပ်– သမ္ဗန်သည် ဇျုပ္ပတ္တိနိမိတ်။

၄။ ကာယဒွါရ၌ဖြစ်သော ပြုခြင်း (စိတ်၏ကြိယာ၏ဖြစ်သော အလိုဆန္ဒအကြံ အစည်) တို့၏ တစ်ခုသည်တစ်ခုနှင့် တူခြင်းသမညာကာရဘောဂဏ် သည် ပဝတ္တိနိမိတ်။

ရှင်းလင်းချက်

ကာယိကကရဏန္တိ ကာယဒွါရပ္ပဝတ္တံ စိတ္တကိရိယံ။ အဓိပ္ပါယန္တိ အတ္ထော။ မူလ၊ ဋီ၊ ၁၊ ၇၂–၌ ကာယဒွါရပ္ပဝတ္တံဖြင့် ကာယေ ပဝတ္တံ ကာယိကံပြ။ စိတ္တကိရိယံဖြင့် ကြိယာကရဏံပြ။ အဓိပ္ပါယန္တိအတ္ထော ဖြင့် –အရကောက်ပြ။

အဓိပ္ပါယန္တိ ဆန္ဒော၊ တက္ကနံ ဝါတိအတ္ထော။ မဓု–ဖြင့် အဓိပ္ပါယ်ဟူသည် "အလို, ဆန္ဒ, အကြံအစည်"ဟုပြသည်။

ယော၊၈၂–၌ ကာယိကကရဏန္တိ ကာယေ ပဝတ္တံ ကာယိကံ။ ကြိယာ ကရဏံ။ ကာယိကဥ္စ တံ ကရဏဥ္စာတိ ကာယိကကရဏံ–ဟု အစိတ်အပေါင်း ဝိဂ္ဂဟကို ပြသည်။ သို့ကြောင့်ပင် သျှ–၌ ကာယိကကရဏံ၊ ကာယဒွါရ၌ဖြစ်သော စိတ်၏ကြိယာ (အမှုအရာ) ဖြစ်သော အလိုဆန္ဒအကြံ အစည်ကို–ဟု အနက်ပေးသည်။

အထက်ပါ ဋီကာ၊ မဓု၊ ယောဇနာ၊ သျှတို့ကိုရှု၍ ဝိဂ္ဂဟ, ဉာဉ်ကောက်၊ စတုက္ကတို့ကို ရေးသားခဲ့ပေသည်။ အရာရာမှာ ဆင်ခြင်တတ်ပါစေ။

**စက္ခု။** စက္ခတိ ဝိညာဏာဓိဋ္ဌိတံ ဟုတွာ သမဝိသမံ အာစိက္ခန္တံ ဝိယ ဟောတီတိ စက္ခု။ အထဝါ စက္ခတိ ရူပံ အဿာဒေန္တံ ဝိယ ဟောတီတိ စက္ခု။ (ဋီကာကျော်၊ ပိုဒ်ရေ–၉။) စက္ခဓာတ်–ဥပစ္စည်း၊ ကတ္တုသာဓန။

http://www.dhammadownload.com



ပထ။ ပထ ဂတိယံ၊ အ။ ပထတိ ဂစ္ဆတိ ဧတ္ထာတိ ပထော။ သူစိ။

စက္ခုပထ။ စက္ခုနော ပထော စက္ခုပထော။ (စက္ခုနှင့် ပထ ဝိသေသန ဝိသေသျစပ်။ သောတကို နှစ်စေသဖြင့် ယင်းသို့ စပ်သည်။)

ဘမုကံ။ ဘမု အနဝဋ္ဌာနေ ဏော။ ဘမုကော။ ဓာန်၊ ဋီ၊ ၂၅၉။ သူစိ။

မှတ်ချက်။ ဘမုဓာတ်+ ဥပစ္စည်းဖြင့် ဘမု–ဖြစ်။ သွတ္တ ကပစ္စည်းဖြင့် ဘမုက ဖြစ်သည်ဟု ကြံသင့်၏။

✝ ဘမုကော ဘမု၊ ဓာန်၊ ၂၅၉။

ဝိညေယျ။ ဝိဇာနိတဗ္ဗောတိ ဝိညေယျော။ ဝိ+ဉာ+ဏျ။

စက္ခုဝိညေယျ။ စက္ခုနာ ဝိညေယျော စက္ခုဝိညေယျော။ စက္ခုနာ၊ စက္ခုဝိညာဏ်ဖြင့်။ ဝိညေယျော၊ သိအပ်သတည်။ တတိယာတပ္ပုရိသ်သမာသ်၊ စက္ခုပုဒ်+ဝိညေယျ။

စက္ခုအရ– စက္ခုဝိညဉ်သည် မုချ။

ယင်း၏သိအပ်သော ဟတ္ထာဒီနံ အာကာရနှင့် အာရမ္မဏိက အာရုံ၊ အကျိုး အကြောင်းစပ်– ဌာနူပစာ။

စက္ခုဝိညေယျ အရ– စက္ခုဝိညဉ်ဖြင့်သိအပ်သော ဟတ္ထာဒီနံ အာကာရ။

မှတ်ချက်။ စက္ခုဝိညေယျာတိ စက္ခုဝိညာဏေန ဝိဇာနိတဗ္ဗာ–ဟူသော အဘိ၊ ဋ္ဌ၊ ၁၊ ၄၀၀–ကိုမျှော်ပါ။

---

ပစ္စည်းပြိုင်

ဗာဟုျတ္တ၊ ပစ္စယတ္တ အရ– ဟတ္ထာဒီနံ အာကာရ အရပစ္စည်းတရားက ဓာတွတ္တ–အရ စက္ခုဝိညဉ်အား အာ, ပု, တ္ထိ, အဝိဂတ–၄ ပစ္စည်းဖြင့် ကျေးဇူးပြုသည်။

မနောဝိညေယျ။ မနသာ ဝိညေယျာ မနောဝိညေယျာ။ မနသာ၊ မနောဝိညာဉ်ဖြင့်၊ ဝိညေယျာ၊ သိအပ်သည်တည်း။ တတိယာတပ္ပုရိသ်သမာသ်၊ မနပုဒ်+ဝိညေယျပုဒ်။

မန–အရ မနောဝိညာဉ်။ ယင်း၏ သိအပ်သောဝိညတ်နှင့် အာရမ္မဏိက အာရုံ၊ အကျိုး အကြောင်းစပ်–ဌာနူပစာ။ မနောဝိညေယျအရ– မနောဝိညာဉ်ဖြင့် သိအပ်သော ဝိညတ်ရ၏။

ပစ္စည်းပြိုင်

ဗာဟုျတ္တ၊ ပစ္စယတ္တအရ – ဝိညတ်ပစ္စည်းတရားက ဓာတွတ္တအရ– မနောဝိညာဉ်အား အာရမ္မဏပစ္စယတ္တိဖြင့် ကျေးဇူးပြုသည်။

မှတ်ချက်။ ၂–ချက်စုကိုရှုပါ။ စက္ခုဝိညေယျ၌ စက္ခုနှင့် ဝိညေယျ။ မနောဝိညေယျ ၌ မနနှင့် ဝိညေယျ ပစ္စည်းပြိုင်ပါဟု မေးနိုင်သည်။ ပစ္စည်း ပစ္စယုပ္ပန် ဖြစ်သင့်သလို ပစ္စည်း အမျိုးအစားရှု၍ ပြိုင်ရသည်။

ဟတ္ထ။ ဟသဓာတ်+ထပစ္စည်း။ ဝါ–ဟရဓာတ်+ထပစ္စည်း။ ကရဏသာဓန။ ပုံလိင်။ ပုရိသာဒိဂိုဏ်း။ (လက်ဟော ဟတ္ထ)

http://www.dhammadownload.com



✝ ဟာသ ဟာသနေ၊ ထော။ ဟသန္တံ့နေနာတိ ဟတ္ထော။ ဟာရ ဟာရဏေ ဝါ။ ဟရန္တံ့နေနာတိ ဝါ ဟတ္ထော။ သူစိ။

ပါဒံ။ ပဒဓာတ်+ဏပစ္စည်း။ ကတ္တုသာဓန။ ပုံလိင်။ ပုရိသာဒိဂိုဏ်း။ (ခြေထောက်–ဟော)

✝ ပဒ ဂတိမှိ၊ ပဇ္ဇတေ ဂစ္ဆတီတိ ပါဒေါ။ ဏော။ သူစိ။

သီသံ။ သိဓာတ်+သပစ္စည်း။ အဓိကရဏသာဓန။ ပုလ္လိင်၊ ပုရိသာဒိဂိုဏ်း။

တစ်နည်း။ သိဓာတ်+သပစ္စည်း။ အဓိကရဏသာဓန။ ပုလ္လိင်။ ပုရိသာဒိဂိုဏ်း။

✝ သိ ဗန္ဓနေ၊ သော။ ဒီဃော၊စ ။ သိနာတိ ဗန္ဓတိ ကေသေ မောဠိ ကရဏဝသေန ဧတ္ထာတိ သီသော။ သီ သယေဝါ။ သယန္တိ ဧတ္ထ ဥကာဒယောတိ သီသော။ သူစိ။

---

(၆) အာဘောဂ သံဝဏ္ဏနာ

က–ဝါကျ၌ ဝိညာပနတ္တာ–ဖြင့် ဝိညတ္တိပုဒ်၏ ဝိပုဗ္ဗ ဉဓာတ်၏အဖြစ်ကိုလည်းကောင်း၊[၁] တိပစ္စည်း၏ ဟေတုကတ္တုသာဓနနှင့်သက်သည်–ကိုင်း၊[၂] ဝိညာပေတီတိ ဝိညတ္တိ–ဟုဟေတုကတ္တုသာဓနဝစနတ္ထပြုရမည်ကိုင်း၊[၃] ကာရိတဉ္ဇောဂဓ, ကာရိတလောပ–ပုဒ်၏အဖြစ်ကိုင်း[၄] သိစေသည်။

၁။ ဒုတိယဓာတုပဒ။ ၂။ ဒုတိယပစ္စယတ္ထ။ ၃။အဘိဓာနတ္ထ။ ၄။ ဘာဝတ္ထ။

က–ဝါကျ၌ သော–ဖြင့် ဝိညတ္တိအရ ရှေး၌ဆိုအပ်ပြီးသော အာကာရဝိ ကာရကို ယူရမည်ဟု သိစေသည်။(အဘိဓေယျတ္ထ)

ချ–ဝါကျ၌ ဝိညေယျတော–ဖြင့် ဝိညတ္တိပုဒ်၏ ဝိပုဗ္ဗ ဉဓာတ်၏အဖြစ်ကိုင်း၊[၁] တိ–ပစ္စည်း၏ ကမ္မသာဓနနှင့်သက်သည်–ကိုင်း၊[၂] ဝိညာယတီတိ ဝိညတ္တိ (ဝိဇာနိတဗ္ဗာတိ ဝိညတ္တိ) ဟု ကမ္မသာဓနဝစနတ္ထပြုရမည်–ကိုင်း[၃] သိစေသည်။

၁။ ဒုတိယဓာတုပဒ။ ၂။ ဒုတိယပစ္စယတ္ထ။ ၃။အဘိဓာနတ္ထ။

ချ–ဝါကျ၌ ပိ(အပိ)သဒ္ဒါဖြင့် ဤဝိညတ်သည် သိစေတတ်သောကြောင့်သာ ဝိညတ်မည်သည်မဟုတ်၊ သိအပ်သောကြောင့်လည်း ဝိညတ်မည်သတည်းဟု သမုစ္စည်း အဓိပ္ပါယ်ကို သိစေသည်။ (ဘာဝတ္ထ)

မှတ်ချက်။ ချ–ဝါကျ ပိ(အပိ) သဒ္ဒါ၏အဓိပ္ပါယ်ကိုရေးပါဆိုလျှင် အထက်ပါအတိုင်း ရေးပါ။

---

(၇) ဥပသဂ္ဂနိပါတတ္ထ

မနောဝိညေယျဝေ–၌ ဝေသဒ္ဒါ အဝဓာရဏတ္ထ

၁။ မနောဝိညာဉ်ဖြင့် သိအပ်သော ဝိညတ်သည်–ဂဟေတဗ္ဗတ္ထ။

၂။ စက္ခုဝိညာဉ်ဖြင့် သိအပ်သော ဟတ္ထာဒိနှ် အာကာရ(ဝဏ္ဏာယတန)နိဝတ္တေတဗ္ဗတ္ထ။

http://www.dhammadownload.com



၃။ မနောဝိညာဉ်၏ သိခြင်းသကတ်သည် အနုညာတတ္ထ။

ဝဏ္ဏာရမ္မဏမေဝ-၌ ဧဝ

၁။ ရူပါရုံသည် ဂဟေတဗ္ဗတ္ထ။ ၂။ ဝိညတ်သည် နိဝတ္တေတဗ္ဗတ္ထ။

၃။ စက္ခုပဋိဟနနလက္ခဏာသည် အနုညာတတ္ထ။

မညေ။ မညတိအနက်ဟော နိပါတ်ပုဒ်။

**မှတ်ချက်။** ပဏ္ဍိတော မညေတိ ဧတ္ထ မညေတိ ဣဒံ မညတီတိဣမိနာ သမာနတ္ထ-နိပါတပဒံ။ မဋီ၊၂၊၁၄၄။ ဤအလို မညေ(မညတိ)၊ မှတ်ထင်၏-ဟုအနက်ပေး။ ကာရေတိ မညေ၊ ပြုစေလိုယောင်တကား၊ ပြုစေလို၏-ဟုမှတ် ထင်၏ဟု ယောဇနာ။ အချို့သောအရာ၌ မညေသဒ္ဒါ ဥပမာဇောတကလည်းရှိ၏၊ မညေသဒ္ဒေါ ဥပမာဇောတကောတိ ဝုတ္တံ။ သီ၊ ဋီ၊ သစ်၊ ၁၊ ၄၃၂။

---

## (၈) ကြိယာငါးတန်ထုတ်ပုံ

### ဝိညတ္တိ-၌ ကြိယာငါးတန်

၁။ မဟာဘုတ်၏ အာကာရ ဝိကာရ (ဝိသေသ)သည် ဒဿနတ္ထ။

၂။ စိတ္တဇဝါယောဓာတ် စိတ္တဇပထဝီဓာတ်သည် ဒီပကတ္ထ။

၃။ ဤသူသည် ဤအမှုကိုပြုစေ၏ဟု (ဝိညတ်၏) သိစေသောသတ္တိသည် ပကာသနတ္ထ။ (အကျိုး)

၄။ ဝိညတ်ကိုဖြစ်စေသော ဝိညတ္တိသမုဋ္ဌာပကစိတ်သည် ဝိဘာဝတ္ထ။(အကြောင်း)

၅။ မိမိအလိုရှိအပ်သော အကျိုး၏ပြည့်စုံခြင်းသည် အနုဘာဝတ္ထ။

မှတ်ချက်။ က-ဝါကျ ဝုစ္စတိအရ၊ ဝုစ္စတိ-၌ ဗာဟုလ္လတ္တ, ပစ္စယတ္တ အရ၊ ဝိညာပနတ္တာ-၌ ဝိညာပနဟူသော ဘာဝယောဂ အရ- "ဝိညတ္တိ"ရသည်-ကို သတိပြု။

---

## ဒွါရကထာ၊ ပါဏာတိပါတအဖွင့်

(က) တတ္ထ ပါဏဿ အတိပါတော ပါဏာတိပါတော နာမ။ (ခ) ပါဏဝဓော ပါဏဃာတောတိ ဝုတ္တံ ဟောတိ။ (ဂ) ပါဏောတိ စေတ္ထ ဝေါဟာရတော သတ္တော၊ ပရမတ္ထတော ဇီဝိတိန္ဒြိယံ။ (ဃ) တသ္မိံ ပန ပါဏေ -လ- ဝဓကစေတနာ ပါဏာတိပါတော။ (ဋ္ဌ၊ ၁၄၀)

### (၁) အနက်ယောဇနာ

တတ္ထ (တေသု ဒသသု အကုသလကမ္မပထေသု)၊ ထိုဆယ်ပါးကုန်သော အကုသလ-ကမ္မပထတို့တွင်။ (ပါဏာတိပါတော-စသည်၌စပ်)၊ တစ်နည်း။ ထိုဆယ်ပါးကုန်သော အကုသလ-ကမ္မပထတို့၌။ ဧဝံ ဝိနိစ္ဆယော၊ ပဏ္ဍိတေန ဝေဒိတဗ္ဗော။ (ထည့်စပ်)။ တတ္ထ-ကို ရှေ့ဝါကျ ဣမေပန ဒသ အကုသလကမ္မပထာနာမ-ကြည့်စွဲပါ)

http://www.dhammadownload.com



ပါဏာသ၊ သတ္တဝါကို (ဂ-ဝါကျ ပထမအဖွင့်နှင့်အညီ ဝေါဟာရတ္ထ)၊ ဝါ- ဇီဝိတိန္ဒြေကို (ဂ-ဝါကျ ဒုတိယအဖွင့်နှင့်အညီ ပရမတ္ထ၊ အဘိဓေယျတ္ထ၊ သရူပတ္ထ)၊ အတိပါတော၊ လျင်စွာကျစေခြင်းသည်။ (သဒ္ဒတ္ထ)။ ဝါ-လျင်စွာ ချခြင်းသည်။ (အဓိပ္ပါယတ္ထ)၊ လျင်စွာကျစေကြောင်း, ချကြောင်းစေတနာသည် (အဘိဓေယျတ္ထ၊ သရူပတ္ထ) (ဤ၌ အတိသဒ္ဒါ သီဃတ္ထ)၊ ဝါ-အတိပါတော၊ တးလက်နက်စသည်ဖြင့် နှိပ်စက်၍ကျစေခြင်း၊ ချခြင်းသည် (အတိသဒ္ဒါကား အဘိဘဝနတ္ထ) ပါဏာတိပါတောနာမ၊ ပါဏာတိပါတမည်၏။

✝. တတ္ထာတိ ပါဏာတိပါတာဒီသု ဝိနိစ္ဆယော ဝေဒိတဗ္ဗော။ အဋ္ဌသာ၊ယော၊ ၈၉။

## (၂) (၃) ဝါကျခွဲ စသည်

ခ-ဝါကျကား ပဒဝိဂ္ဂဟတ္ထအကျယ်ကိုပြသောကြောင့် ဝိတ္ထာရ။ ထို-၍ က-ဝါကျကား သင်္ခေပဝါကျ။

### ခ-ဝါကျသို့ ကျမ်းတက်

ဆရာ၊ ဆရာသည် က-ဝါကျဖြင့် ပါဏာတိပါတပုဒ်ကို ကမ္မတ္ထဆဋ္ဌီ တပ္ပုရိသ်သမာသ် ဝစနတ္ထပြုရသောဟု ဆိုတော်မူ၏။ ထိုသို့သာဆိုချေသော် ပါဏာတိပါတပုဒ်၏ ဝိဂ္ဂဟတ္ထအကျယ် မရှိဟူသော အနက်ရောက်ရာသည် မဟုတ်လော-စသည်တက်လေ။

ဒေါသပယ်။ သင်္ခေပ ဝိတ္ထာရ ဆန့်ကျင်သော ဝိရောဓိဒေါသပယ်။

ဂ-ဝါကျကား ဝါကျာရမ္ဘဝါကျ။ ထို-၍ က-ဝါကျကား အာရဒ္ဓဝါကျ။

### ဂ-ဝါကျသို့ ကျမ်းတက်

ဆရာ၊ ဆရာသည် က-ဝါကျဖြင့် ပါဏာတိပါတပုဒ်ကို ကမ္မတ္ထဆဋ္ဌီတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရသောဟုဆိုတော်မူ၏။ ထိုသို့သာဆိုချေသော် ဤပါဏာတိပါတပုဒ်၌ (ဇွတ္တအစွဲကို ကြည့်ပါ) ပါဏာအရ အဘိဓေယျတ္ထ (သရူပတ္ထ) မရှိဟူသောအနက်သည် ရောက်ရာသည် မဟုတ်လော-စသည်တက်လေ။

ဒေါသပယ်။ အဗျာပိတ, အပရိပုဏ္ဏဒေါသပယ်။

ဃ-ဝါကျကား (ပါဏအရ အဘိဓေယျတ္ထမှတစ်ပါး ပါဏာတိပါတအရ အဘိဓေယျတ္ထကို ပြသောကြောင့်) ပက္ခန္တရဝါကျ။ ထို-၍ ဂ-ဝါကျကား (ပါဏအရ အဘိဓေယျတ္ထတစ်မျိုးကို ပြခဲ့သောကြောင့်) ပက္ခဝါကျ။

### ဃ-ဝါကျ ကျမ်းတက်

ဆရာ၊ ဆရာသည် ဂ-ဝါကျဖြင့် ပါဏာတိပါတောဟူသောပုဒ်၌ ပါဏအရ ဝေါဟာရအားဖြင့် သတ္တဝါ, ပရမတ္ထအားဖြင့် ဇီဝိတိန္ဒြေဟု ပါဏအရ အဘိဓေယျတ္ထကို ဆိုတော်မူ၏။ ထိုသို့သာဆိုချေသော် ပါဏာတိပါတအရ အဘိဓေယျတ္ထ မရှိဟူသော အနက်သည် ရောက်ရာ၏-စသည် ကျမ်းတက်ရာ၏။

ဒေါသပယ်။ အဗျာပိတ, အပရိပုဏ္ဏဒေါသပယ်။

http://www.dhammadownload.com



## (၄) ဝိဂ္ဂဟာဒိ

**ပါဌ**။ ပါဏာဋ္ဌနေနာတိ ပါဏော။ အနေန (ဇီဝိတေန)၊ ဤအသက်ဖြင့်။ သတ္တာ၊ သတ္တဝါတို့သည်။ ပါဏန္တိ၊ အသက်ရှည်တတ်ကုန်၏။ ဣတိ တံ ဇီဝိတံ၊ သည်။ ပါဏော၊ မည်၏။

ပါဏာဋ္ဌနေန-ကား ကရဏသာဓနကိတ်ဝိဂ္ဂြိုဟ်၊ ပါဏော-ကား ကရဏသာဓန ကိတ်ပုဒ်၊ ပပုဗ္ဗ အနဓာတ်၊ ဏပစ္စည်း။ ကရဏသာဓန။

ပ-ဥပသာရအရကား ဓာတွတ္ထာနုဝတ္တကဘောဂဏ်ရ၏။

အနဓာတ်အရ ကတ္တုဋ္ဌကြိယာအရကား သတ္တဝါတို့၏ရုပ်နာမ်ခန္ဓာတို့၏ဥပါဒ်သည် မုချ။

ကရဏတ္ထ ကြိယာအရကား ထို-အားတပ်သော ဇီဝိတိန္ဒြေ (အသက်)၏ သဟဇာတိန္ဒြိယ သတ္တိသည် ဖလူပစာ။

ဏ-ပစ္စည်းအရကား ထိုမုချ ဖလူပစာတို့ဖြင့်မှတ်အပ်သော ဇီဝိတိန္ဒြေ၊ ဝါ-အသက်ရ၏။

**မှတ်ချက်**။ အဋ္ဌသာ၊ ယော၊၈၉-၌ "ပဏန္တိ ဇီဝန္တိ သတ္တာ ဇေတနာတိ ပါဏော-ဟုဆိုသည်။ မိမိကား-၄၀၇ ဂါထာအဖွင့်သူစိ၌လာသော ဝိဂ္ဂြိုဟ်ကို ဖော်ပြလိုက်သည်။ ဤသူစိ၌ အန ပါဏနေ ဏော-ဆိုသည်။ သတ္တဝါဒြဗ်ရအောင် "ပါဏော အဿ အတ္ထီတိ ပါဏော"ဟု ဝိဂ္ဂဟပြု။

ဂါထာနံပါတ် ၉၃-သူစိအဖွင့် ရှုပါ။

### စတုက္က

၂။ ပပုဗ္ဗ အနဓာတ် ဏပစ္စည်းသည်၎င်း၊ အသက်ရှင်ခြင်းကြိယာသည်၎င်း ဗျုပ္ပတ္တိနိမိတ်။

၄။ ဇီဝိတိန္ဒြေ။ ဝါ-အသက်တို့၏ တစ်ခုသည်တစ်ခုနှင့်တူသော အချင်းအရာဟု ဆိုအပ်သောဇာတ်သည် ပဝတ္တိနိမိတ်။

**ပါဌ**။ ပါဏော အဿ အတ္ထီတိ ပါဏော။ အဿ သတ္တဿ၊ ထိုသတ္တဝါအား။ ပါဏော၊ အသက်သည်။ အတ္ထိ၊ ရှိ၏။ ဣတိ သော ပါဏော။

ပါဏော အဿ အတ္ထီတိ-ကား အဿတ္ထိတဒ္ဓိတ်ဝိဂ္ဂြိုဟ်၊ ပါဏော-ကား အဿတ္ထိ တဒ္ဓိတ်ပုဒ်။ ပါဏပုဒ်+ဏပစ္စည်း။

ပါဏဟူသောတဒ္ဓိတ်ပုဒ်အရကား အသက်ဒြဗ်သည် မုချ။ ယင်း၏ သတ္တဝါဒြဗ်နှင့် ဌာနီ ဌာနအဖြစ်ဖြင့်စပ်ခြင်းသမ္ဗန်သည် ဌာနူပစာ။ ဏပစ္စည်း အရကား ထို-ဖြင့်မှတ်အပ်သော သတ္တဝါဒြဗ်ရ၏။

### စတုက္က

၂။ အသက်ဒြဗ်၏ သတ္တဝါဒြဗ်နှင့် ဌာနီ ဌာနအဖြစ်ဖြင့်စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။

၄။ သတ္တဝါတို့၏ တစ်ယောက်သည်တစ်ယောက်နှင့်တူသော အချင်းအရာဟု ဆိုအပ်သောဇာတ်သည် ပဝတ္တိနိမိတ်။

**ပါဏာတိပါတ**။ ပတနံ ပါတော။ အတိဝ ပါတော အတိပါတော။ (အစိတ်ဝိဂ္ဂြိုဟ်)

http://www.dhammadownload.com



ပါဏဿ အတိပါတော ပါဏာတိပါတော။ (အနက်ပေးပုံကို ၁-နံပါတ် အဖြေကြည့်) ပါဏပုဒ်+အတိပါတပုဒ်။

ပါဏဟူသော ဝိသေသနပုဒ်အရကား-သတ္တဝါ၊ဝါ-အသက် (ဇီဝိတိန္ဒြေ) ရှိ၏။ ယင်း၏ သတ်လိုသောစေတနာနှင့် အာရုံ အာရမ္မဏိက၊ ကမ္မ ကမ္မီအဖြစ်ဖြင့်စပ်ခြင်း သံမွန်သည် ဌာနူပစာ။

ပါဏာတိပါတဟူသော သမာသ်ပုဒ်အရကား ထိုမုချဌာနူပစာတို့ဖြင့်မှတ်အပ်သော လျှင်စွာ ကျစေခြင်း၊ ဝါ-ချခြင်း၊ ဝါ-ဓားလက်နက်စသည်ဖြင့် နှိပ်စက်၍ကျစေခြင်း၊ ဝါ-ချခြင်းသတ်လိုသော စေတနာရှိ၏။

စတုက္က

၂။ သတ္တဝါ၊ ဝါ-ဇီဝိတိန္ဒြေ၏ သတ်လိုသောစေတနာနှင့် အာရုံ အာရမ္မဏိက အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျူပ္ပတ္တိနိမိတ်။

၄။ သတ္တဝါ၊ ဇီဝိတိန္ဒြေကို လျှင်စွာကျစေခြင်း၊ ဝါ-ချခြင်းကြိယာသည် ပဝတ္တိနိမိတ်။

---

## (၅) ဓာတုပစ္စယာဒိ

ဝေါဟာရ။ ဝိ+ဟရ+ဏ။ ပုလ္လိင်၊ပုရိသာဒိဂိုဏ်း။ (ဝေါဟာရတော-မေးလျှင် တောပစ္စယန္တ ဖြစ်၍ နိပါတ်ပုဒ်ဟုဖြေ)။

မှတ်ချက်။ ဝေါဟာရသဒ္ဒါ စကား(ဝစန)ဟောရာ၌ ဝေါဟာရီယတေတိ ဝေါဟာရော-ဟု ဝိဂ္ဂဟပြု။ ထို့အတူပင် ပညတ်ဟောရာ၌လည်း ကမ္မသာဓ်ပင် ပြုသင့်၏။ ငြင်းခုံခိုက်ရန်ဟောရာ၌ ဝိရုဒ္ဓံ ကတွာ အဝဟရတိ ဝဒတိတိ ဝေါဟာရော-ဟုဝစနတ္ထပြု။ သူစိကြည့်။

ဇီဝိတ။ ဇီဝ+တ။ နပုလ္လိင်၊ စိတ္တာဒိ၊ အကာရန္တ။

✝ ဇီဝ ပါဏ ဓာရဏေ။ တော။ ဇီဝန္တိ အနေနာတိ ဇီဝိတံ။ သူစိ။

ပါဏသညိနော။ ပါဏသညာပုဒ်+ ဤပစ္စည်း၊ ပုလ္လိင်၊ ရတ္တာဒိ၊ ဤကာရန္တ။

✝ ပါဏသညိနောတိပဒံ ဝဓကစေတနာတိပဒေ သမ္ဗန္ဓော။ အဋ္ဌသာ၊ ယော၊၈၉။

ပါဏသညာ။ ပါဏော ဣတိ သညာ ပါဏသညာ။(အစိတ်ဝိဂ္ဂဟ)

ပါဏသညီ။ ပါဏသညာ ဧတဿ အတ္ထီတိ ပါဏသညီ။

(အဋ္ဌသာ၊ ယော၊ ၈၉-ကြည့်)

မှတ်ချက်။ သတ္တဝါဟူသောအမှတ်သညာ၏ ပုဂ္ဂိုလ်ဒြဗ်နှင့် သညာ သညီ၊ ဌာနီ ဌာန၊ ဂုဏ် ဂုဏေးစပ်။

---

## (၆) အာဘောဂ် သံဝဏ္ဏနာ

က-ဝါကျ၌ ပါဏဿ အတိပါတော-ဖြင့် ပါဏနှင့် အတိပါတပုဒ်ကို ပါဏဿ အတိပါတော ပါဏာတိပါတော-ဟု ကမ္မတ္ထဆဋ္ဌီတပ္ပုရိသ်သမာသ်ဝစနတ္ထပြုရမည်-ကိုရင်း၊

http://www.dhammadownload.com



(ယင်းကမ္မတ္တဆဋ္ဌီကိုရှု၍) ပတန် ပါတော–ဟု ဘာဝ သာဓနေဝစနတ္တပြုရမည်–ကိုဋ္ဌင်း။[၂] ဏပစ္စည်း၏ ဘာဝသာဓနဌ်သက်သည် ကိုဋ္ဌင်း။[၃] အတိနှင့်ပါတကို အတိဝ ပါတော အတိပါတော–ဟု ပါဒိပုဗ္ဗပဒ ကမ္မဓာရယ်သမာသ်ဝစနတ္တပြုရမည်–ကိုဋ္ဌင်း[၄] (မူလဋီကာ အာဘော်) သိစေသည်။

၁။ အဘိဓာနတ္တ၊ သမာသလိင်္ဂပဒတ္တ။ ၂။ အဘိဓာနတ္တ။

၃။ ဒုတိယပစ္စယတ္တ။ ၄။ အဘိဓာနတ္တ၊ သမာသလိင်္ဂပဒတ္တ။

မှတ်ချက်။ အဋ္ဌကထာတိုက်ရိုက်ပြသည်မှာ –၁။ အာဘော်မျှသာ။ ၂–၃ အာဘော်ကား နေယျတ္တအာဘော်။ ၄–အာဘော်ကား မူလဋီ အာဘော် ဟုသာမှတ်။ က–ဝါကျ တတ္တဖြင့်ပြသော အာဘော် ဖော်ဖွယ်မလိုပါ။

† သရသဝသေနစ ပတနသဘာဝဿ ပါဏဿ အန္တရာ ဧဝ အတိဝ ပါတန် အတိပါတော။ သဏိကံ ပတိတုံ အဒတွာဝ သီဃံ ပါတနန္တိ အတ္ထော။ အတိက္ကမ္မဝါ သတ္တာဒီဟိ အဘိဘဝိတွာ ပါတန် အတိပါတော။ မူလ၊ဋီ၊၁၊၈၀။

ခ–ဝါကျဖြင့် ပါဏာတိပါတ–ဟူသည် သတ္တဝါကိုသတ်ခြင်းဟု ပဒပိဏ္ဍတ္တ–ကို သိစေသည်။ (ဘာဝတ္တ)

## သံဝဏ္ဏနာနှင့်အညီ အနက်

ပါဏာတိပါတော၊ သူ့အသက်ကို၊ ဝါ–သတ္တဝါကို လျှင်စွာချခြင်း၊ ဝါ–ဓား လက်နက် စသည်တို့ဖြင့် နှိပ်စက်၍ချခြင်း (က–နှင့်အညီ သဒ္ဒတ္တ)။ ပါဏာတိပါတော၊ သတ္တဝါကိုသတ်ခြင်း။ (ခ–နှင့်အညီ ပဒပိဏ္ဍတ္တ၊ ဝါ–အဓိပ္ပါယတ္တ)

ခ–ဝါကျ၌ ပါဏဃာတော ဖြင့် ပါဏဝဓော–၌ ဝဓသဒ္ဒါသည် ဃာတ (သတ်ခြင်း) အနက်ကို ဟောသတည်းဟုသိစေပါသည်။ (နာမလိင်္ဂတ္တ)

တနည်း။ဝဓသဒ္ဒါ–ဃာတသဒ္ဒါ၏ဝေဝုစ်စကားလုယ် ပရိယာယ်တည်းဟု သိစေပါသည်။ (ပရိယာယအဘိဓေယျတ္တ)

မှတ်ချက်။ အချို့ကား–ပါဏဃာတော–ဖြင့် ပါဏဝဓော–၌ ဝဓ၏ ဟန၏ ကာရိယ အဖြစ်ကို သိစေသည်– အာဘော်ဖော်သည်။ အောက်ပါအဘိဓာန်ပါဠိကိုထောက်။ ဝဓနှင့် ဟန ပရိယာယ်၊ ဝါ–နာမလိင်္ဂတ္တ သာဟုမှတ် ရာ၏။

† မာရဏံ ဟနနံ ဃာတော။ နာသနဥ္စ နိသူဒနံ။ ဟိံသနံ သရဏံ ဟိံသာ၊ ဝဓော သာသနဃာတနံ။ (ဓာန်၊ ၄၀၃။)

ဝဓ+ဃာတ။ ဟနနံ ဝဓော။ ဟနနံ ဃာတော–ဟုဝိဂ္ဂဟပြု၊ ဝဓော ဝါသဒ္ဒတ္တ၊ ဟနဿ ဃာတော။ ကစ္စည်း။

ဂ–ဝါကျ၌ ဝေါဟာရတော သတ္တော–ဖြင့် ပါဏအရ ပညတ် (ဝေါဟာရ)အားဖြင့် သတ္တဝါကိုယူရမည်ဟုသိစေသည်။ (အဘိဓေယျတ္တ)

http://www.dhammadownload.com



ဂ–ဝါကျ ပရမတ္ထတော ဇီဝိတိန္ဒြိယံ-ဖြင့် ပါဏအရ–ပရမတ္ထအားဖြင့် ဇီဝိတိန္ဒြေ၊ ဝါ–အသက်ကိုယူရမည်ဟုသိစေသည်။ (အဘိဓေယျတ္ထ)

ဃ–ဝါကျဖြင့် ပါဏာတိပါတအရ ဝဓကစေတနာကို ယူရမည်ဟုသိစေသည်။ (အဘိဓေယျတ္ထ)

---

## (၇) ဥပသဂ္ဂနိပါတတ္ထ

အတိပါတော–၌ အတိဥပသာရသဒ္ဒါ သီဃတ္ထ၊ ဝါ–အဘိဘာဝနတ္ထ။

မှတ်ချက်။ အာဘော် မူလဋီကာ အဖွင့်ကြည့်။

နာမ။ ဤ၌ နာမနိပါတ် သညာအံနက်ဟော။

✝ နာမဣတိ ဂရဟုပသံသနသညာပဥှေသုစ။ ရှု၊ နှာ၊ ၁၃၅။

ခ–ဝါကျ– ဣတိဝုတ္တံ ၌ ဣတိကား နိဒဿနတ္ထ။

ဂ–ဝါကျ။ ပါဏောတိ၌ ဣတိသဒ္ဒါကား သဒ္ဒပဒတ္ထက။

ဂ–ဝါကျကား စသဒ္ဒါကား ဝါကျာရမ္ဘဇောတက။ ဃ–ဝါကျ၌ ပနကား ပက္ခန္တရတ္ထ။

### သဗ္ဗနာမဝိသယ

က–ဝါကျ။ တတ္ထ၌ တသဒ္ဒါကား ရှေ့ဣစ္ဆေပန ဝါကျဝယ် ဒသ အကုသလပထကို စွဲသောကြောင့် ပက္ကန္တဝိသယ တ။

ဃ–ဝါကျ၊ တသ္မိံ ပန ပါဏေ–၌ တသ္မိံဝယ် တ–သဒ္ဒါကား ပါဏေဟု အစွဲတင်းလင်း (တိုက်ရိုက်) ရှိသောကြောင့် ပသိဒ္ဓဝိသယ တ။

---

## (၈) ကြိယာငါးတန်

ပါဏာတိပါတော–အရ

၁။ ထိုသတ္တဝါ၌ သတ္တဝါဟု အမှတ်ရှိသောသူ၏ ဇီဝိတိန္ဒြေကို ဖြတ်တတ်သော လုံ့လကို ဖြစ်စေတတ်သော ကာယဒွါရ ဝစီဒွါရတို့တွင် တစ်ပါး ပါးသောဒွါရ၌ဖြစ်သော "ဝဓက"စေတနာသည် ဒဿနတ္ထ။(ဃ–ဝါကျကြည့်ပါ)

၂။ အယောနိသောမနသိကာရသည် ဒီပကတ္ထ။ (အကြောင်း)

၃။ သတ်ခြင်းကြိယာသည်၎င်း၊ ကုက္ကုစ္စဝိပ္ပဋိသာရစသောအကျိုးမဲ့ မှန်သမျှ (အနတ္ထ) သည်၎င်း ပကာသနတ္ထ။ (ပထမအကျိုး)

၄။ အသပ္ပုရိသူပနိဿယ၊(ဗာလူပသေဝန)စသည်သည် ဝိဘာဝတ္ထ။ (အကြောင်း)

၅။ ဖြစ်လေရာရာ ဘဝသံသရာ၌ အပ္ပါယုက(အသက်တိုခြင်း) အပါယ်ဘုံ၌ဖြစ်၍ အပါယဒုက္ခကို ခံစားရခြင်းစသည်သည် အနုဘာဝတ္ထ။ (အကျိုး)

http://www.dhammadownload.com



မှတ်ချက်။ အတိပါတော၊ ပါဏာတိပါတော၊ ပါဏဝဓော၊ ပါဏ ဃာတော၊ ဃ-ဝါကျ၌ ဓိဝိတိန္ဒြိယုပစ္ဆေဒကဥပက္ကမသမုဋ္ဌာပိကာ-ဟူသော ဝိသေသနပုဒ်၊ကာယဝစီ-လ-ပဝတ္တာ-ဟူသော ဝိသေသနပုဒ်၊ ဝဓကစေတနပုဒ်၊ ပါဏာတိပါတောပုဒ်တို့အရလည်း ဃ-ဝါကျ "ဝဓက" စေတနာပင် ရသည်။ လက္ခဏာဒိစတုက္ကထုတ်ရာ၌ ၎င်းပုဒ်တို့အရ စေတနာကိုရသဖြင့် "စေတနာ" အတိုင်း လက္ခဏာဒိစတုက္ကထုတ်ရာ၏။

## (၁၀) ပဋ္ဌာန်းပစ္စည်းပြိုင်

ဂ-ဝါကျ ပါဏာဿ အတိပါတော-၌ ပါဏ-အရ ဓိဝိတိန္ဒြေဟူသော သင်္ခါရ အာရုံပစ္စည်းတရားက အတိပါတ-အရ ဝဓကစေတနာပစ္စယုပ္ပန်တရားအား အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြု။

ပြိုင်နိုင်သောပစ္စည်းကား-အာရမ္မဏ,ပုရေဇာတ,အတ္ထိ,အဝိဂတတည်း။

မှတ်ချက်။ ပါဏအရ သတ်အပ်သော ဓိတိက္ကမဝတ္ထု၊ ဝါ-ယင်းဝတ္ထု၌ ရှိသော ပစ္စယုပ္ပန်၊ အထက်ပါအတိုင်း အာရမ္မဏမျိုး။ ၎င်း လေးပစ္စည်းပင်ပြိုင်။

ထို့အတူ "ပါဏာတိပါတ၊ ပါဏဝဓ၊ ပါဏဃာတတို့၌လည်း ပါဏနှင့် အတိပါတ အတိုင်း ပစ္စည်းပြိုင်လေ။

တသ္မိံ ပါဏေ-၌ ပါဏအရ၊ ပါဏသညိနော-၌ ပါဏအရ သတ္တာပညတ်ယူလျှင် သညိနော၌ သညာပစ္စယုပ္ပန်တရားအား အာရမ္မဏ ၁-ပစ္စည်းဖြင့်သာ ကျေးဇူးပြုသည်။ ပြိုင်နိုင်သောပစ္စည်း မရှိ။

မှတ်ချက်။ မဓိုးရိမ် ၂-ချက်စု အာရမ္မဏမျိုး ၁-ပိုဒ်ရှု။

ပါဏသညိနော-၌ အန္တတ္ထအရ ပါဏသညာ ပစ္စည်းတရားက ပါဏသညိနော ဗာဟျတ္ထ အား သဟဇာတမျိုး။

ပြိုင်နိုင်သောပစ္စည်းကား သဟကြီး -၄၊ အညမည၊ သမ္ပယုတ္တ-သဟလတ် ၂။ ပေါင်း ၆-ပစ္စည်း။

အညတရဒ္ဒါရပဝတ္တာ ဝဓကစေတနာ- ၌ အညတရဒ္ဒါရ ပစ္စည်းတရားက ပဝတ္တာ ဝဓက စေတနာ ပစ္စယုပ္ပန်တရားအား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြု။

မှတ်ချက်။ အညတရဒ္ဒါရေ၊ တစ်ပါးပါးသောဒွါရ၌။ ပဝတ္တာ၊ ဖြစ်သော။ ဝဓကစေတနာ-ဟု အနက်ကိုရှု။ ဒွါရနှင့် ဝဓကစေတနာ အာဓာရ အာဓေယ် ဖြစ်၍ ပကတူပဖြင့် ကျေးဇူးပြုသည်ဟု မှတ်ရာ၏။

---

(က) အဒိန္နဿ အာဒါနံ အဒိန္နာဒါနံ။ (ခ) ပရဿ ဟရဏံ။ (ဂ) ထေယျံ စောရိကာတိ ဝုတ္တံ ဟောတိ။ (ဃ) တတ္ထ အဒိန္နန္တိ ပရပရိဂ္ဂဟိတံ။ (င) ယတ္ထ ပရော -လ- အနုပဝဇ္ဇော စ ဟောတိ။ (စ) တသ္မိံ ပန ပရပရိဂ္ဂဟိတေ-လ- အဒိန္နာဒါနံ။ ဋ္ဌ၊ ၁၄၀။

http://www.dhammadownload.com



## (၁) အနက်ယောဇနာ

က–အဒိန္နဿ၊ မပေးအပ်သည်ကို၊ (သဒ္ဒတ္ထ) ဝါ–အရှင်သည် ကိုယ်နှုတ်ဖြင့် မပေးအပ်သော သူ့ဥစ္စာကို၊ (အဓိပ္ပါယတ္ထ) အာဒါနံ၊ ယူခြင်း။ (သဒ္ဒတ္ထ)၊ ဝါ–ခိုးယူခြင်း။ (အဓိပ္ပါယတ္ထ) ဝါ–ခိုးယူကြောင်းစေတနာ။ (သရူပတ္ထ၊ အဘိဓေယျတ္ထ)။

ခ–(၁) ပရဿဟရဏံ၊ သူတစ်ပါးဥစ္စာကို ဆောင်ယူခြင်း။

(၂) တစ်နည်း။ ပရဿဟရဏံ။ အနက်တူပြီ။

(၃) တစ်နည်း။ ပရဿံ ဟရဏံ။ပရဿံ၊သူတစ်ပါးဥစ္စာကို။ဟရဏံ၊ဆောင်ယူခြင်း။

(၄) ပရဿ၊ သူတစ်ပါး၏ဥစ္စာကို။ ဟရဏံ၊ ဆောင်ယူခြင်းတည်း။

(၅) တနည်း။ ပရဿ၊ သူတပါး၏။ သန္တကံ၊ ဥစ္စာကို။ ဟရဏံ၊ ဆောင်ယူခြင်းတည်း။

### ရှင်းလင်းချက်။

(၁) ပရဿဟရဏံ။ ။ ပရဿ သံ ပရဿံ။ ပရဿ၊ သူတပါး၏။ သံ၊ ဥစ္စာတည်း။ ပရဿံ၊ သူတပါး၏ဥစ္စာ။ ပရဿံ၊ သူတပါး၏ဥစ္စာကို။ ဟရဏံ၊ ဆောင်ယူခြင်း။ ပရဿံဟရဏံ၊ သူတပါး၏ဥစ္စာကို ဆောင်ယူခြင်း။

ရုပ်ပြီးပုံ။ ပရဿဟရဏံ–ဟု ဆိုလိုလျက် သ–ဒွေဘော်ရောက်၍ ပရဿဟရဏံ–ဟုပြီးသည်။

(၂) ပရဿဟရဏံ။ အနက်တူပြီ။ သ ဒွေဘော်မလာလျှင် ပရဿဟရဏံ ဟုရှိရမည်။

(၃) ပရဿံ နှင့် ဟရဏံ သမာသ်မတွဲဘဲ ဝါကျအတိုင်းထား၍ အနက်ယောဇနာ။

(၄) ပရဿ–ဟရဏံ။ ဤ၌ ပရ–ဟူသည် မိမိမှတပါး သူတပါးဥစ္စာ–ဟုယူသည်။ (သီ၊ဋီ၊သစ်) တနည်း။ ပရဿ ဣဒံ ပရံ–ဟု ဣဒံတဒ္ဓိတ်ကြံ။ ပရဿ၊ သူတပါးဥစ္စာကို။ ဟရဏံ၊ ဆောင်ယူခြင်းဟုပေးခဲ့သည်။

(၅) ပရဿ၊ ပုဒ်နောက်၌ သန္တကံ ထည့်စပ်၍ အနက်ပေးသည်။ (ပရဿ သန္တကံ ဟရဏံ ဟု ဋီကာဟောင်းဖွင့်။)

(ဂ) ထေယျံ၊ ခိုးဝှက်တတ်သောသူ၏အဖြစ်၊ (ဖြစ်ကြောင်း ဖြစ်ရာ)

(တဒ္ဓိတ်ဘောပေးနည်း) ထေယျံ၊ ခိုးဝှက်ခြင်း။ (ကိတ်ဘောပေးနည်း)။ ဓောရိကာ၊ ခိုးဝှက်တတ်သောသူ၏အဖြစ်။(တဒ္ဓိတ်ဘော)။ ဝါ–ခိုးဝှက်ခြင်း။(ကိတ်ဘော) ဝါ–ခိုးသူ၏အမှုအရာတည်း။(ဓောရဿကြိယာ၊ ဝါ–ဓောရဿ ဧသာ ဓောရိကာ–ပြုလေ။)

http://www.dhammadownload.com



## (၂)(၃) ဝါကျခွဲ စသည်

ခ–ဝါကျကား ဝိတ္ထာရဝါကျ။ ထို–၌ က–ဝါကျကား သင်္ခေပဝါကျ။

မှတ်ချက်။ အာဘော်အဖြေနှင့်ယှဉ်ကြည့်ပါ။

ဒေါသပယ်။ သင်္ခေပ ဝိတ္ထာရဆန့်ကျင်သော ဝိရောဓိဒေါသပယ်သည်။

ဂ–ဝါကျကား ပဒပိဏ္ဍတ္ထအကျယ်ပြ ဝိတ္ထာရ။ ထို–၌ ခ–ဝါကျကား သင်္ခေပဝါကျ။ (ဒေါသပယ်တူပြီ)

မှတ်ချက်။ ခ–ဝါကျမှ ဂ–ဝါကျသို့ကျမ်းတက်လိုလျှင် "ထိုသို့သာဆိုချေသော် ပဒပိဏ္ဍတ္ထ အကျယ်မရှိဟူသော အနက်သည်ရောက်ရာ၏"–စသည် ဝါကျတက်–ကျမ်းတက်လေ။

### ဃ–ဝါကျသို့ ကျမ်းတက်ပုံ

ဆရာ၊ ဆရာသည် က–ခ–ဂ ဝါကျတို့ဖြင့် အဒိန္နာဒါနသဒ္ဒါ၏ ဝစနတ္ထ၊ ဓာတွတ္ထ၊ ပဒပိဏ္ဍတ္ထ၊ ဥဇုကတ္ထတို့ကို ဖွင့်ဆိုတော်မူ၏။ ထိုသို့သာ ဆိုချေသော် အဒိန္နအရ အဘိဓေယျတ္ထ မရှိဟူသော အနက်သည်ရောက်ရာ၏–စသည်–ဝါကျတက် တက်ရာ၏။ (အာဘော်ကိုရှု၍ အောက်ပါအတိုင်း တက်ရမည်။)

ဆရာ၊ ဆရာသည် –ူလ–ဆိုတော်မူ၏။ (ထပနာတူပြီ ) ထိုသို့သာဆိုချေသော် အဒိန္နအရ ဒန္တပေါဏကသိက္ခာပုဒ်၌ကဲ့သို့ အပဋိဂ္ဂဟိတ (=အကပ် မခံရသေးသော) အတ္တသန္တကကိုယူရမည် ဟူသောအနက်ရောက်ရာ၏။ စင်စစ်တမူကား ယင်းဒန္တပေါဏက သိက္ခာပုဒ်၌ကဲ့သို့ အပဋိဂ္ဂဟိတ အတ္တသန္တကကို မယူရ။ သို့မယူရသောကြောင့် အဒိန္နအရ ယူသင့်ယူထိုက်သော တရားကိုလည်း ဆိုသင့် ဆိုတန်၏။ အဒိန္နအရ ယူသင့်ယူထိုက်သော တရားကို မဆိုဘဲ မနေသင့် မနေတန်။ – စသည် တက်လေ။

မှတ်ချက်။ ဃ–ဝါကျ အာဘော်နှင့်ယှဉ်ကြည့်ပါ။

င–ဝါကျကား ဝိတ္ထာရဝါကျ။ ထို–၌ ဃ–ဝါကျကား သင်္ခေပဝါကျ။

မှတ်ချက်။ ယတ္ထဓနေ၊ အကြင်ဥစ္စာ၌–လ– အနုပဝဇ္ဇော စ ဟောတိ။ တံ ဓနံ ပရပရိဂ္ဂဟိတံ နာမ ဟု အနိယတ်နိယတ်ဖြင့် –ဃ–ဝါကျကို ချဲ့ပြသည်။

ဒေါသပယ်။ သင်္ခေပဝိတ္ထာရ ဆန့်ကျင်သော ဝိရောဓိဒေါသပယ်သည်။

ဣတိ ဝုတ္တံ ဟောတိ။ ပရံသဟရဏံ=သူတပါးဥစ္စာကို ဆောင်ယူခြင်းဟူသည် ထေယျံ စောရိကာ ခိုးဝှက်ခြင်းတည်းဟု ပဒပိဏ္ဍတ္ထ၊ ဥဇုကတ္ထကို ပြလို၍ ဣတိ ဝုတ္တံ ဟောတိ–ဟုရေးသည်။

✪ ဣတိ ဝုတ္တံ၊ ဟောတိခံက၊ ပဒပိဏ္ဍတ္ထ။

တသ္မိံ ပန။ ပနသဒ္ဒါ ပက္ခန္တရဇောတက။ ဃ–ဝါကျဖြင့် အဒိန္နအရ အဘိဓေယျတ္ထကို ပြပြီးနောက် အဒိန္နာဒါနအရ ထေယျစေတနာကို ယူရမည်ဟု အဘိဓေယျတ္ထတစ်မျိုးကို ပြလိုသော ကြောင့် ပက္ခန္တရဇောတက "ပန "သဒ္ဒါထားရသည်။

http://www.dhammadownload.com



## (၄) ဝိဂ္ဂဟာဒိ

အဒိန္န။ ဒါတဗ္ဗန္တိ ဒိန္နံ။ န ဒိန္နံ အဒိန္နံ။

အာဒါန။ အာဒီယတေ အာဒါနံ။

အဒိန္နာဒါန။ အဒိန္နဿ အာဒါနံ အဒိန္နာဒါနံ။

အဒိန္နဿ၊ အရှင်သည် ကိုယ်နှုတ်ဖြင့် မပေးအပ်သောသူ့ဥစ္စာကို။ အာဒါနံ၊ခိုးယူခြင်း။

အဒိန္နဿ အာဒါနံ ကား ကမ္မတ္ထဆဋ္ဌီတပ္ပုရိသ်သမာသ် ဝိဂြိုဟ်၊ အဒိန္နာဒါနံကား ကမ္မတ္ထဆဋ္ဌီတပ္ပုရိသ်ပုဒ်။ အဒိန္နပုဒ်+ အာဒါနပုဒ်။

အဒိန္န–ကား အရှင်သည် ကိုယ်,နှုတ်ဖြင့် မပေးအပ်သော သူ့ဥစ္စာဖြစ်သည် မုချ။ ယင်း၏ ခိုးယူခြင်း၊ ဝါ–ခိုးယူကြောင်း စေတနာနှင့် အာရုံ အာရမ္မဏိက၊ ကမ္မ ကမ္မီအဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်သည် ဌာနူပစာ။ အဒိန္နာဒါန–အရကား အရှင်သည် ကိုယ်နှုတ်ဖြင့် မပေးအပ်သောဥစ္စာကို ခိုးယူခြင်း၊ ဝါ–ခိုးယူကြောင်း စေတနာရ၏။

## စတုက္က

၂။ အရှင်သည် ကိုယ်နှုတ်ဖြင့် မပေးအပ်သော သူ့ဥစ္စာ၏ ခိုးယူခြင်း၊ ဝါ–ခိုးယူကြောင်း စေတနာနှင့် အာရုံ အာရမ္မဏိက၊ ကမ္မ ကမ္မီစပ်ခြင်း သမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်ဟိတ်။

၄။ သူ့ဥစ္စာကို ခိုးယူခြင်း ကြိယာသည် ပဝတ္တိနိမိတ်။

ပရဿဟရဏံ။ ၁– နံပါတ် အဖြေကြည့်။

ထေနော။ ထေနေတီတိ ထေနော။ (ဒီ၊ ဋ္ဌ၊ ၁၊ ၇၁။)

† ထေနစောရိယေ စုရာဒိ။ အ။ ထေနော။ သူစိ။

ထေနေတီတိ ထေနော။ အဋ္ဌသာ၊ ယော၊ ၈၉။

ထေယျ။ ထေနဿ ဘာဝေါ ထေယျံ။

ထေနဿ၊ ခိုးတတ်သော သူ၏။ ဘာဝေါ၊ ဖြစ်ကြောင်း၊ ဖြစ်ရာတည်း။ ထေယျံ။ -- ဖြစ်ကြောင်း၊ ဖြစ်ရာ။ ထေနဿ ဘာဝေါ–ကား ဘာဝတဒ္ဓိတ်ဝိဂြိုဟ်၊ ထေယျံ–ကား ဘာဝတဒ္ဓိတ်ပုဒ်။ ထေနပုဒ်+ ဏေယျပစ္စည်း။

ထေနဟူသော တဒ္ဓိတ်ပုဒ်အရကား ခိုးတတ်သော သူဖြစ်သည် မုချ။ ယင်း–၏ ထေယျ စေတနာနှင့် အကျိုးအကြောင်း၊ ဌာန ဌာနီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဌာနူပစာ။

ဏေယျ-ပစ္စည်းအရကား ထို- ဖြင့် မှတ်အပ်သော ထေယျစေတနာ ရ၏။

စတုက္က။ ၂။ ခိုးတတ်သူဖြစ်၏ ထေယျစေတနာနှင့် အကျိုးအကြောင်း၊ ဌာန ဌာနီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။

၄။ ထေယျစေတနာတို့၏ တစ်ခုသည်တစ်ခုနှင့်တူသောအခြင်းအရာဟုဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်။

http://www.dhammadownload.com



## ထေယျရုပ်ပြီးပုံ

ထေနပုဒ်+ဏေယျပစ္စည်း။ သုတ်ကြီးဖြင့် န-ကို ချေ။ ဏေ ၌ အနုဗန် ချေ။ ဧယျ-ဖြစ်။ ထေ ၌ ဧ-ကို ချေ။ ထ-ဧ-သို့ကပ် ထေယျဖြစ်။ နပုလ္လိင်၊ စိတ္တာဒိဂိုဏ်း။

✝ ထေနဿ ဘာဝေါ ထေယျံ။ မဟာဝုတ္တိနှာ န-ကာရဿ လောပေါ။ ရူ၊ နှာ၊ ၂၃၈။

**စောရ**။ စုရ+ဏ။ စုရ ထေယျေ ဏော။ ထေယျ သီလမဿေတိ ဝါ စောရော။ ဓာန်၊ ဋီ၊ ၅၂၂။

**စောရိကာ**။ စောရဿ ဘာဝေါ စောရိကာ။ စော်ရပုဒ်+ ဘာဝတဒ္ဓိတ်၌ ကဏ်ပစ္စည်း။ (ရူ၊ ၃၈၉။) ထေယျံနှင့် တူပြီ။ ထီလိင်၊ ကညာဒိဂိုဏ်း၊ အာကာရန္တ။

✝ စော်ရဿ ဘာဝေါ စော်ရက်ံ စောရိကာ။ မဇ္ဈေ ဣကာရာဂမော။ ရူ၊ ဋီ၊ ၃၈၉။

ပရ သဒ္ဒါကား သဗ္ဗနာမ်ပုဒ်။ ဝိဂြိုဟ်မပြုကောင်း။

ပရိဂ္ဂဟိတ။ ပရိဂ္ဂယှတီတိ ပရိဂ္ဂဟိတံ။ (အသပဒ ဝိဂ္ဂဟ) ပရိဂ္ဂဟိတမ္ဗန္တိ ပရိဂ္ဂဟိတံ။ (သံပဒဝိဂ္ဂဟ)

ပရပရိဂ္ဂဟိတ။ ပရေဟိ ပရိဂ္ဂဟိတံ ပရပရိဂ္ဂဟိတံ။ (ခနံ)

ပရေဟိ၊ သူတပါးတို့သည်။ ပရိဂ္ဂဟိတံ၊ သိမ်းဆည်းအပ်သော ဥစ္စာတည်း။ တတိယာ တပ္ပုရိသ်သမာသ်။ ပရနှင့် ပရိဂ္ဂဟိတ- သာမီ+သံ စပ်။

ယထာကာမံ။ ယောယော ကာမော ယထာကာမံ၊ အကြင်အကြင် အလို။ ယထာကာမံ၊ အလိုရှိတိုင်း။ ယထာကာမကာရီ။ ယထာကာမံ ကရောတီတိ ယထာကာမကာရီ။ ယထာကာမ+ ကရ+ဏီ။

ယထာကာမကာရိတာ။ ယထာကာမကာရိနော ဘာဝေါ ယထာကာမကာရိတာ။

ယထာကာမကာရိနော၊ အလိုရှိတိုင်းပြုနိုင်သောသူ၏။ ဘာဝေါ၊ ဖြစ်ကြောင်းတည်း။ ဘာဝတဒ္ဓိတ်။ ယထာကာမကာရီပုဒ်+ တာပစ္စည်း။ ဣတ္ထိလိင်။ ကညာဒိ။

ယထာကာမကာရီဟူသော တဒ္ဓိတ်ပုဒ်အရကား အလိုရှိတိုင်းပြုနိုင်သော (ခိုးသူမှတပါး) ပိုင်ရှင်ရ၏။ (ပရောနှင့် ယထာကာမကာရီ အရတူသည်ကို သတိပြု)။

ယင်း-၏ အလိုတိုင်းပြုနိုင်ခြင်းကြိယာနှင့် ဌာန,ဌာနီအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဌာနူပစာ။

တာ-ပစ္စည်းအရကား ထို-မှတ်အပ်သော အလိုရှိတိုင်းပြုနိုင်ခြင်း ကြိယာရ၏။

**စတုက္က**။ ၂။ သမ္ဗန်ကို ဗျပ္ပတ္တိနိမိတ်ထုတ်။ ၄။ ကြိယာကို ပဝတ္တိနိမိတ်ထုတ်။

**အဒဏ္ဍာရဟော**။ ဒဏ္ဍံ နအရဟတီတိ အဒဏ္ဍာရဟော။ အယုတ္တသမာသ် ဝစနတ္ထပြု။

အနုပဝဇ္ဇော။ န ဥပဝဇ္ဇော အနုပဝဇ္ဇော -ဟုတွဲ။

http://www.dhammadownload.com



## (၅) စေတုပစ္စယာဒိ

အာပုဇ္ဇနော။ အာပုစ္ဆ-ပဒစေတ်+ယပစ္စည်း+ အန္တပစ္စည်း၊ ဂစ္ဆန္တာဒိဂိုဏ်း၊ ပုလ္လိင်၊ အကာရန္တ။

ပရပရိဂ္ဂဟိတသညိနော။ ပရပရိဂ္ဂဟိတသညီ ပုဒ်ရင်း။ ပရပရိဂ္ဂဟိတ-သညာ+ဤပစ္စည်း အသဿတ္ထိတဒ္ဓိတ်ပုဒ်၊ ရတ္တာဒိဂိုဏ်း၊ ဤကာရန္တ၊ ပုလ္လိင်။ ဆဋ္ဌီ သ-ဝိဘတ်။

မှတ်ချက်။ ကြွင်းပုဒ်များ ၄-နံပါတ်အဖြေရှု။

---

## (၆) အာဘောဂ သံဝဏ္ဏနာ

က-ဝါကျ၌ အဒိန္နဿ အာဒါနံဖြင့် အာဒါနံ ပုဒ်ကို အာဒီယတိ ဧတေနာတိ အာဒါနံ ဟု ကရဏသာဓနဝစနတ္ထပြုရမည်-ကိုင်း၊[၁] အာဒါနံ၌ ယုပစ္စည်း၏ ကရဏသာဓနနှ၌ သက်သည်-ကိုင်း၊[၂] အဒိန္နနှင့် အာဒါနကို အဒိန္နဿ အာဒါနံ အဒိန္နာဒါနံ ဟု ကမ္မဋ္ဌဆဋ္ဌီတပ္ပုရိသ်သမာသ် ဝစနတ္ထ ပြုရမည်-ကိုင်း[၃] သိစေပါသည်။

(၁) ဝိဂ္ဂြိုဟ်ပြု.အဘိဓာနတ္ထ။ (၂) ဒုတိယပစ္စယတ္ထ။

(၃) ဝိဂ္ဂြိုဟ်ပြု အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒ, သမာသလိင်္ဂတ္ထ၊ ဝါ-သမာသလိင်္ဂပဒတ္ထ။

မှတ်ချက်။ အဒိန္နဿ အာဒါနံ ဟု ကမ္မတ္ထဆဋ္ဌီကို ပြသဖြင့် အာဒါနပုဒ်ကို ကရဏသာဓ် ပြုရာရောက်သည်။ ဘာဝသာဓ်လည်း ကြံနိုင်သည်။

ခ-ဝါကျ၌ ပရဿ (ပရဿ) ဖြင့် အဒိန္နအရ ပရသန္တကကို ယူရမည်-ကိုင်း၊[၁] ဟရဏ-ဖြင့် သဒ္ဒန္တရယောဂ (သဒ္ဒါတစ်ပါးနှင့်ယှဉ်ခြင်း)ကြောင့် စတ်တို့သည် အတ္ထဝိသေသကို ဟောနိုင်ကုန်၏ ဟူသော ပရိဘာသာနှင့်အညီ အာဒါနံ၌ ဒါ စတ်သည် အာ ဟူသောဥပသာရနှင့်ယှဉ်ခြင်းကြောင့် ပေးခြင်း= ဒါန-အနက်ကိုမဟော၊ ဆောင်ခြင်း= ဟရဏ၊ ဝါ-ဂဟဏ=ယူခြင်းအနက်ကို ဟောသည် -ကိုင်း၊[၂] အာဥပသာရ၏ ဓာတွတ္ထဗာဓကေ၏အဖြစ်ကိုင်း[၃] သိစေပါသည်။

၁။ သရုပ်ကြား အဘိဓေယျတ္ထ။ ၂။ ဒုတိယဓာတွတ္ထ။ ၃။ ဥပသဂ္ဂလိင်္ဂတ္ထ။

ဂ-ဝါကျ၌ ထေယျံ-ဖြင့် အရှင်သည် မပေးအပ်သော သူတပါးဥစ္စာကိုယူခြင်းဟူသည် ခိုးဝှက်ခြင်းတည်းဟူသော ပိဏ္ဍတ္ထ ဥဇုကတ္ထကို သိစေသည်။ (ဘာဝတ္ထ)

ဂ-ဝါကျ၌ စောရိကာ ဖြင့် ထေယျ ဟူသည် စောရိကာ= ခိုးဝှက်ခြင်းတည်းဟု ပရိယာယ်ကို သိစေသည်။ (ပရိယာယ်ပြု အဘိဓေယျတ္ထ)

မှတ်ချက်။ အာဒါန ဟူသည် ဟရဏတည်း။ ဟရဏဟူသည် ထေနေတီတိ ထေနော၊ ထေနဿ ဘာဝေါ ထေယျံ တည်း။ ထေယျ ဟူသည် စောရိကာတည်း။ (ဂ်၊ ၄၁၁)

ဃ-ဝါကျ၌ ပရပရိဂ္ဂဟိတံ-ဖြင့် အဒိန္န-အရ ဒုက္ခပေါဏာသိက္ခာပုဒ်ကဲ့သို့ အပရိဂ္ဂဟိတ (အကပ်မခံရသေးသော) အတ္တသန္တကကို မယူရ၊ ပရပရိဂ္ဂဟိတ သဿာမိက ဘဏ္ဍာကို ယူရမည်ဟု သိစေပါသည်။ (အဘိဓေယျတ္ထ)

http://www.dhammadownload.com



စ–ဝါကျ၌ ထေယျစေတနာ–ဖြင့် အဒိန္နာဒါန–အရ ခိုးကြောင်း၊ဝါ– ခိုးဝှက်ခြင်း စေတနာကို ယူရမည်ဟု သိစေပါသည်။ (အဘိဓေယျတ္ထ)

မှတ်ချက်။ စ–ဝါကျ၌ ကြွင်းစကားရပ်ဖြင့် ဘာဝတ္ထပြသည်။

## (၇) ဥပသဂ္ဂနိပါတတ္ထ

အဒိန္န–၌ အ–သဒ္ဒါကား ပဋိသေဓအနက်။ အာဒါနံ–၌ အာ ဥပသာရကား ဓာတွတ္ထဗာဓကအနက်၊ ဝါ–ဂဟဏအနက်။

ဂ–ဝါကျ ဣတိ ဝုတ္တံ–၌ ဣတိ–ကား နိဒဿနအနက်။

ဃ–ဝါကျ အဒိန္နန္တိ–၌ ဣတိ–ကား သဒ္ဒပဒတ္ထက။ (သံဝဏ္ဏေတဗ္ဗ–ဣတိသဒ္ဒါတိုင်း အတူမှတ်)

င–ဝါကျ ယထာကာမ–၌ ယထာ့နိပါတ်ပုဒ်ကား ယောယော ကာမော ယထာကာမော– ပြု၍ ဝိစ္ဆာအနက်။ အာပဇ္ဇန္တော–၌ အာ ဥပသာရကား ဓာတွတ္ထာနုဝတ္တ။

တစ်နည်း။ ပတ္တိ–ရောက်ခြင်းအနက်။ (ပတ္တိယံ အာပတ္တိ အာပန္နော။ ရူ၊ နှာ–၁၃၁။)

အဒဏ္ဍာရဟော–၌ အ–သဒ္ဒါကား ပဋိသေဓအနက်။

အနုပဝဇ္ဇော–၌ န သဒ္ဒါကား ပဋိသေဓအနက်ပင်။ စ–သဒ္ဒါကား သမုစ္စည်း။

စ–ဝါကျ၌ ပန–နိပါတ်ကား ပက္ခန္တရဇောတက။

အာပဇ္ဇန္တော–၌ ကြေလေသော ပိ(အပိ)သဒ္ဒါကား သမ္ဘာဝနာဇောတကတည်း။ (သျှ၊ ၅၇၅– ကြည့်)

တဒါဒိယက–ဝယ် အာဒိယက–၌ အာသဒ္ဒါကား ဓာတွတ္ထဗာဓက။ ဝါ–ဂဟဏအနက်။ (ဂဟဏေ–အာဒီယတိ အာလမ္ဗတိ။ ရူ၊ နှာ–၁၃၀။)

ဥပက္ကမ–၌ ဥပသဒ္ဒါကား ပုဗ္ဗကမ္မအနက်။ (ပုဗ္ဗကမ္မေ ဥပက္ကမော–ရူ၊ နှာ–၁၃၁။)

သမုဋ္ဌာပိကာ–၌ သံသဒ္ဒါကား ဓာတွတ္ထနုဝတ္တက။ ဥသဒ္ဒါကား ဓာတွတ္ထဝိသေသက။

မှတ်ချက်။ ဌာဓာတ် အနီးရှိ ဥပသာရကား ဌာဓာတ်အနက်ကို ထူးအောင်ပြု၍ ဓာတ်နှင့်ဝေးသော သံဥပသာရကား ဥပ–ဥပသာရအထူးပြုပြီးသော ဓာတ်နက်နောက်သို့ လိုက်သည်။

### သမ္ဗန္ဓာမဝိသယ

ဃ–ဝါကျ တတ္ထ–၌ တသဒ္ဒါကား ရှေ့ဝါကျရှိ အဒိန္နာဒါနပုဒ်ကိုစွဲသောကြောင့် ပက္ကန္တဝိသယ–တ။

စ–ဝါကျ၌ တသ္မိံ–ဝယ် တသဒ္ဒါ ပရပရိဂ္ဂဟိတေ–ဟူသောအစွဲ တင်းလင်းရှိသော ကြောင့် ပသိဒ္ဓဝိသယ–တ။

မှတ်ချက်။ တသ္မိံ ပရပရိဂ္ဂဟိတေ၊ ထိုသူတစ်ပါးသိမ်းဆည်းသော ဥစ္စာ၌–ဟု နိသျှဆိုသည်။

http://www.dhammadownload.com



တဒါဒါယက-၌ တ-သဒ္ဒါ သူတစ်ပါးသိမ်းဆည်းသော ဥစ္စာကိုစွဲသောကြောင့် ပဏ္ဏတ္တိဝိသယ-တ တည်း။

မှတ်ချက်။ အာဒဒါတီတိ အာဒါယကော။ တဿ (ပရပရိဂ္ဂဟိတစနဿ) အာဒါယကော တဒါဒါယကော-ဟု ဝိဂ္ဂဟပြု။

## (၉) ကြိယာငါးတန်

၁။ အဒိန္နာဒါန်-အရ ထေယျစေတနာသည် ဒဿနတ္ထ။

၂။ အယောနိသောမနသိကာရသည် ဒီပကတ္ထ။

၃။ ဒဏ္ဍာဟာရ၊ ဥပဝဒ္ဓ၊ ဝိပ္ပဋိသာရစသော ပစ္စုပ္ပန်အနိဋ္ဌဖလသည် ပကာသနတ္ထ။

၄။ ပရပရိဂ္ဂဟိတဥစ္စာဖြစ်ခြင်း၊ ဗာလူပသေဝနစသည် ဝိဘာဝတ္ထ။ (အကြောင်း)

၅။ အပါယ်ငရဲသို့လားရခြင်း၊ ဖြစ်လေရာရာဘဝ၌ ပစ္စည်းဥစ္စာဆင်းရဲခြင်း၊ ရန်သူမျိုးငါးပါး အနှိပ်စက်ခံရခြင်း အနုဘာဝတ္ထ။

မှတ်ချက်။ ထေယျစေတနာအရကောက်ရသော အာဒါန၊ ပရဿဟရဏံပုဒ်၊ ထေယျ၊ စောရိကာပုဒ်တို့၌လည်း ဤနည်းတူ ကြိယာငါးတန် ထုတ်လေ။

ပရပရိဂ္ဂဟိတံ-၌ ဓာတွတ္ထအရကို ယူ၍

၁။ သူတစ်ပါးတို့၏ တဏှာပြဓာန်းသော စိတ္တုပ္ပါဒ်သည် ဒဿနတ္ထ။

၂။ အယောနိသောမနသိကာရသည် ဒီပကတ္ထ။

၃။ အဒဏ္ဍာရဟ အနုပဝဒ္ဓသည် ပကာသနတ္ထ။

၄။ မိမိဥစ္စာ၏အဖြစ်သည် ဝိဘာဝတ္ထ။

၅။ အဒိန္နဒါန်ကံမမြောက်ခြင်သည် အနုဘာဝတ္ထ။

## (၁၀) ပဋ္ဌာန်ပစ္စည်းပြိုင်

က-ဝါကျ၌ အဒိန္နအရ သူတစ်ပါးဥစ္စာသည်၊ ဝါ-သူတစ်ပါးဥစ္စာဟူသော သဏ္ဍာန်ရှိသက်မဲ့ ရုပ်ဝတ္ထုပစ္စည်းတရားသည် အာဒါနအရ ထေယျစေတနာဟူသော ပစ္စယုပ္ပန်တရားအား အာရမ္မဏ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။

ပြိုင်။ ယထာရဟ အာရမ္မဏ၊ အဓိပတိ၊ ဥပနိဿယ၊ ပုရေဇာတ၊ အတ္ထိ၊ အဝိဂတ။

မှတ်ချက်။ ခ-ဝါကျ ပရဿအရကား အဒိန္နနှင့်တူ။ ဟရဏအရကား အာဒါနနှင့် တူ။ အထက်ပါအတိုင်း အာရမ္မဏမျိုး ၆-ပစ္စည်းပြိုင်လေ။

ဂ-ဝါကျ၌ ထေယျံ-ထေနပုဒ်အရ ခိုးသူကား အန္တတ္ထ။ ဏျပစ္စည်းအရ ထေယျ စေတနာကား ဗာဟျတ္ထ။

ဏျပစ္စည်းအရ ထေယျစေတနာပစ္စည်းတရားက ထေနအရ စေတနာကြဉ်သော စေတနာသမ္ပယုတ္တအကုသိုလ်စိတ္တုပ္ပါဒ်အား သဟဇာတမျိုး ကမ္မပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။

http://www.dhammadownload.com



ပြိုင်။ သဟဇာတ၊ အညမည၊ နိဿယ၊ သဟဇာတမျိုးကမ္မ၊ အာဟာရ၊ သမ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ၈–ပစ္စယ။

မှတ်ချက်။ သဟကြီး လေး၊ အညမည၊ သမ္ပယုတ္တ သဟလတ်–နှစ်၊ ကမ္မ၊ အာဟာရ သဟငယ်–နှစ်–ဟု ၈–ပစ္စည်း။ နှစ်ချက်စုကြည့်ပါ။

ယင်းထေယျစေတနာက ထေနပုဒ်အရ စိတ္တဇရုပ်အား သဟဇာတမျိုး ကမ္မပစ္စယ သတ္တိဖြင့် ကျေးဇူးပြု။

ပြိုင်။ သဟကြီးလေး၊ ဝိပ္ပယုတ္တ၊ ကမ္မ၊ အာဟာရ–၇ ပစ္စည်းပြိုင်။ (သဟဇာတ၊ နိဿယ၊ ကမ္မ၊ အာဟာရ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ)

စောရိကာ စောရပုဒ်+ ကဏ်ပစ္စည်း။ ထေယျနှင့်အရတူ ပစ္စည်းပြိုဇ်လေ။ ၄–နံပါတ်အဖြေကြည့်။

ပရပရိဂ္ဂဟိတာ၌ ပရနှင့် ပရိဂ္ဂဟိတမည်သို့ ပဋ္ဌာန်းပစ္စည်းဆက်သနည်း။ ပရိဂ္ဂဟိတအရ ဥစ္စာသည်၊ ဝါ–သူတပါးသိမ်းယူအပ်သော သက်ရှိသက် မဲ့ရုပ်ဝတ္ထုပစ္စည်းသည် ပရအရ သူတစ်ပါးသန္တာန်မှာရှိသော လောဘမူစိတ္တုပ္ပါဒ်အား အာရမ္မဏမျိုး။

ပြိုင်။ ယထာရဟ အာရမ္မဏ၊ အဓိပတိ၊ ဥပနိဿယ၊ ပုရေဇာတ၊ အတ္ထိ၊ အဝိဂတ–၆။ ပရပရိဂ္ဂဟိတသည်နော ပရပရိဂ္ဂဟိတသညာ ပစ္စည်း တရားက ပရပရိဂ္ဂဟိတသညီ–ပစ္စယုပ္ပန် တရားအား သဟဇာတမျိုး။ ပြိုင်။ သဟကြီး ၄၊ သဟလတ် အညမည၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ။

မှတ်ချက်။ နာမ်ချင်း–သမ္ပယုတ္တ၊ နာမ်နှင့်ရုပ် ဝိပ္ပယုတ္တ။

---

(က) ကာမေသုမိစ္ဆာစာရောတိ ဧတ္ထ ပန ကာမေသူတိ မေထုနသမာစာရေသု။
(ခ) မိစ္ဆာစာရောတိ ဧကန္တနိန္ဒိတော လာမကာစာရော။
(ဂ) လက္ခဏတော ပန (လ) ကာမေသုမိစ္ဆာစာရော။ ဋ္ဌ၊ ၁၄၁။

## (၁) အနက်ယောဇနာ

ခ–ဝါကျ၌ ဧကန္တနိန္ဒိတော၊ စင်စစ်ကဲ့ရဲ့အပ်သော။ (တပစ္စည်း ကမ္မတ္တ)။ ဝါ– စင်စစ်ကဲ့ရဲ့ထိုက်သော။(တပစ္စည်း အရဟတ္ထ)။ဝါ–စင်စစ်ကဲ့ရဲ့ထိုက်သည်၏အဖြစ်ကြောင့် (ဟေတုမန္တဝိသေသနတ္ထ)။

✝ အကမ္မကေဟိ ဓာတူဟိ၊ ဘာဝေ ကိစ္စာ ဘဝန္တိ တေ။
သကမ္မကေဟိ ကမ္မတ္ထေ၊ အရဟာသက္ကတ္ထာဒီပကာ။ ရူ၊ ၃၃၇။

✪ ဝိသေသန၊ ဝါစက၊ ဟေတုမန္တသာ။
ဟေတုမန္တ၊ ဟူသမျှ၊ ယူကြကာရဏာ။ (ရွေ)

http://www.dhammadownload.com



✪ ဝိသေသနများစွာ၊ ဆင့်လျက်ပါသော်၊ မှန်စွာ မယုတ်၊ ရှေးရှေးပုဒ်သည်၊ နောက်နောက် ပုဒ်၏၊ ဟိတ်ဖြစ်မြဲ။ (ဘုရားကြီး)

## (၂) (၃) ဝါကျခွဲ၊ ကျမ်းတက်၊ ဒေါသပယ်

ခ-ဝါကျကား (ကာမေသု ဖွင့်ပြီးနောက် မိစ္ဆာစာရပုဒ်ကို ဖွင့်သဖြင့်) ပက္ခန္တရ။ ထို-၍ က-ဝါကျကား ပက္ခ။

ဒေါသပယ်။ အဗျာပိတ အပရိပုဏ္ဏဒေါသပယ်သည်။

### ခ-ဝါကျ ပါပနာဒိ ဋ္ဌပနာပဉ္စကကျမ်းတက်

ဆရာ၊ ဆရာသည် က-ဝါကျဖြင့် ကာမေသု၌ ကာမအရ မေထုန်အကျင့်၊ ဝါ-ဖောဋ္ဌဗ္ဗာရုံ မေထုန်အကျင့်ကို ယူရသောဟုဆိုတော်မူ၏။ ထိုသို့သာဆိုချေသော် (ထိုကာမေသုကိုသာဖွင့်လျှင်) မိစ္ဆာစာရော၌ မိစ္ဆာ သဒ္ဒါသည်(မိစ္ဆာဒိဋ္ဌိ၌ မိစ္ဆာသဒ္ဒါကဲ့သို့။ ဥပမာ) ဝိပရီတတ္ထကိုဟော၏ဟူသော အနက်သည်ရောက်ရာ၏။ (အနုပါ) စင်စစ် တမူကား မိစ္ဆာစာရော၌ မိစ္ဆာသဒ္ဒါသည် ဝိပရီတတ္ထဟော မဖြစ်သင့်။ (ပဋိပါ) သို့မဖြစ် သင့်သောကြောင့်။ (ရောပနာ ပါဒကဟိတ်) မိစ္ဆာစာရော၌ မိစ္ဆာသဒ္ဒါ၏ ဤ၌ဖြစ်သင့် သောအနက်ကို ဆိုသင့် ဆိုတန်၏။ (အနု-ရော) ကာမေသုအနက်ကိုသာ မဖွင့်ဆိုသင့်။ (ထပနာ ပြန်သော-ပဋိ-ရော) မိစ္ဆာ သဒ္ဒါ၏အနက်မဆိုဘဲ မနေသင့်မနေတန်။ မိစ္ဆာစာရော ၌ မိစ္ဆာသဒ္ဒါသည် အဘယ်အနက်ကိုဟောပါသနည်း။ (စောဒနာ)- စသည်တက်လေ။

ဂ-ဝါကျကား ပက္ခန္တရဝါကျ။ ထို-၍ က၊ ခ-ဝါကျကား ပက္ခ။

**မှတ်ချက်**။ က-ခ-ဖြင့် ကာမေသုမိစ္ဆာစာရပုဒ်၏ သဒ္ဒတ္ထ-ကို ဖွင့်ပြပြီးနောက် ယင်း၏ အရကောက်ကို ဖွင့်ပြသည်။ ပြည်သျှ၌ ပန၊ ထိုမှတစ်ပါး-ဟု ပက္ခန္တရတ္ထပေး၍ ဘာသာဋီကာ၌ကား ပန၊ဆက်-ဟု အနက်ပေးသည်။ ဝါကျာရမ္ဘကြံသည်ဟုမှတ်။

ဂ-ဝါကျတက်လိုလျှင် က-ခ-ဝါကျ ၆-နံပါတ်အာဘော်ရှု၍ ထပနာထား။ "အဂမနီယဋ္ဌာန ဝီတိက္ကမစေတနာ"ဟူသော အဖြေကိုရှု၍တက်လေ။

---

## (၄) ဝိဂ္ဂဟာဒိ

**ကာမေသု**။ ကာမိယန္တီတိ ကာမာ။ (တေသု) ကမုဓာတ်+ဏပစ္စည်း။ ကမ္မသာဓန။

**မေထုနသမာစာရေသု**။ မေထုနသင်္ခါတာ သမာစာရာ မေထုနသမာစာရာ။(တေသု)

**ဧကန္တ**။ တေ ဂစ္ဆတီတိ ဧကော၊ သော ဧဝ ဧကန္တ၊ သကတ္ထေန္တ ပ္ပစ္စယော၊ ဧကံ တရတိ အတိက္ကမတီတိ ဝါ ဧကန္တ။ ဧကသဒ္ဒူပပဒ တရ တရဏေ။ ကွိ။ (သူစိ)

နိန္ဒိတ။ နိန္ဒိယတေတိ နိန္ဒိတော။ နိန္ဒဓာတ်+တပစ္စည်း။

† နိန္ဒ ဂရဟာယံ။ ရူ၊ နှာ-၃၉။

**ဧကန္တနိန္ဒိတ**။ ဧကန္တေန နိန္ဒိတော ဧကန္တနိန္ဒိတော။

http://www.dhammadownload.com



တစ်နည်း။ ကေန္တိ နိန္နိတော ကေန္တနိန္နိတော–ဟုတွဲ။

လာမက။ လမ နိန္နာယံ။ ဏွု။ လာမကော။ ဤသူစိအလို– လမီယတေ နိန္နိယတေတိ လာမကော–ဟု ဝစနတ္ထပြု။

တစ်နည်း။ လာတိ ဂဏှာတိ ဟီနဘာဝန္တိ လာမကော။

ᅟ လာ အာဒါနေ ဝါ မကော။ သူစိ။

အာစာရ။ အာစရဏံ အာစာရော။ အာ+စရ+ဏ။

လာမကာစာရ။ လာမကောစ သော အာစာရောစာတိ လာမကာ–စာရော။ လာမကောစ၊ (စင်စစ်ကဲ့ရဲ့ထိုက်သောကြောင့်) ယုတ်မာသည်လည်း၊ ဟောတိ၊ ၏။ သော၊ ထို–သည်။ အာစာရောစ၊ အကျင့်သည်လည်း၊ ဟောတိ၊ ၏။ ဣတိ လာမကာစာရော။ ဝိသေနပုဗ္ဗပဒကမ္မဓာရာယ်သမာသ်၊ လာမကပုဒ်၊ အာစာရပုဒ်။

လာမကဟူသော ဝိသေသနပုဒ်အရကား စင်စစ်ကဲ့ရဲ့ထိုက်သောကြောင့် ယုတ်မာခြင်း လာမကဘောဂုဏ်သည် မုချ။

ယင်း၏ အကျင့်နှင့် ဝိသေသန ဝိသေသျစပ်– ဌာနူပစာ။

လာမကာစာရဟူသော သမာသ်ပုဒ်အရကား– ထို–ဖြင့်မှတ်အပ်သော စင်စစ်ကဲ့ရဲ့ထိုက်သော ကြောင့် ယုတ်မာသောအကျင့်ရ၏။

စတုက္က

၂။ သမ္ဗန်ကို ဇျုပ္ပတ္တိနိမိတ်ထုတ်။

၄။ ယုတ်မာသောအကျင့်တို့၏ တစ်ခုသည်တစ်ခုနှင့်တူသော အချင်းအရာဇာတ်ကို ပဝတ္တိနိမိတ်ထုတ်။

အသဒ္ဓမ္မ။ အသတံ ဓမ္မော အသဒ္ဓမ္မော။ သူစိ။

အသဒ္ဓမ္မာဓိပ္ပါယ။ အသဒ္ဓမ္မေ အဓိပ္ပါယော အသဒ္ဓမ္မာဓိပ္ပါယော။

အသဒ္ဓမ္မေ၊ သူယုတ်မာတို့၏တရားဉ်၊ ဝါ–မေထုန်၌။ ပဝတ္တော၊ ဖြစ်သော။ အဓိပ္ပါယော၊ အလိုဆန္ဒတည်။ အသဒ္ဓမ္မပုဒ်+အဓိပ္ပါယပုဒ်။ မဇ္ဈေလောပီသတ္တမီတပ္ပုရိသ် သမာသ်။

အသဒ္ဓမ္မ–အရ သူယုတ်မာတို့၏တရား၊ ဝါ– မေထုန်ရ၏။

ယင်း၏ ဖြစ်သောအလိုဆန္ဒနှင့် အာရုံ အာရမ္မဏိကစပ်–ဌာနူပစာ။

အသဒ္ဓမ္မာဓိပ္ပါယအရ သူယုတ်တို့၏တရား၊ ဝါ–မေထုန်၌ဖြစ်သောအလို ဆန္ဒရ၏။

စတုက္က

၂။ သမ္ဗန်ကို ဇျုပ္ပတ္တိနိမိတ်ကောက်။

၄။ မေထုန်၌ဖြစ်သော အလိုဆန္ဒတို့၏တစ်ခုသည်တစ်ခုနှင့် တူခြင်းဇာတ်ကို ပဝတ္တိ နိမိတ်ကောက်။

http://www.dhammadownload.com



† ဂါမဓမ္မော အသဒ္ဓမ္မော၊ ဗျဝါယော မေထုနံ ရတိ။ ဓာန်၊ ၃၁၇။

အဂမနီယ။ ဂမိတဗ္ဗန္တိ ဂမနီယံ။ န ဂမနီယံ အဂမနီယံ။

အဂမနီယဋ္ဌာနံ။ အဂမနီယဥ္စ တံ ဌာနဥ္စာတိ အဂမနီယဋ္ဌာနံ။

---

## (၅) ဓာတုပစ္စယာဒိ

အဓိပ္ပါယ။ အဓိရှေ့+ပရှေ့+ဣဓာတ်+အပစ္စည်း။

တစ်နည်း။ အဓိ+ပယ+ဏ။

† အဓိပယတိ စိတ္တေတိ အဓိပ္ပါယော။ ဏော။ ဓာန်ဋီ၊ ၇၆၆။

† အဓိပီယတေတိဝါ အဓိပ္ပါယော။ ယော အတ္ထော ပဏ္ဍိတေဟိ အဓိပီယတေ သော အတ္ထော၊ အဓိပ္ပါယော။ သူစိ။

---

## (၆) အာဘောဂ သံဝဏ္ဏနာ

က–ဝါကျ၌ မေထုနသမာစာရေသု–ဖြင့် ကာမေသု–အရ မေထုနသမာစာရကို ယူရမည်ဟု သိစေသည်။ (အဘိဓေယျတ္ထ)

ခ–ဝါကျ၌ ကေနွနိန္ဒိတော–ဖြင့် လာမကာစာရ–ယုတ်မာသော အကျင့်ဟူသည် စင်စစ်ကဲ့ရဲ့ ထိုက်သောအကျင့်၊ ဝါ–စင်စစ်ကဲ့ရဲ့ထိုက်သောကြောင့် လာမကာစာရမည် သတည်းဟု သိစေသည်။ (ဘာဝတ္ထ)

ခ–ဝါကျ၌ လာမကာစာရော–ဖြင့် မိစ္ဆာစာရော၌ မိစ္ဆာသဒ္ဒါသည် မိစ္ဆာဒိဋ္ဌိ၌ မိစ္ဆာသဒ္ဒါကဲ့သို့ ဝိပရီတတ္ထ–ကို မဟော၊ ယုတ်မာခြင်း=လာမက အနက်ကို ဟောသည်၏ အဖြစ်ကိုငှင်း[၁] လာမကော အာစာရော မိစ္ဆာစာရောဟု ကမ္မဓာရယ်သမာသ်ဝစနတ္တ ပြုရမည်–ကိုငှင်း[၂] သိစေသည်။

၁။ နိပါတလိင်္ဂတ္ထ။ ၂။ အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ၊ သမာသလိင်္ဂတ္ထ၊ဝါ–သမာသလိင်္ဂပဒတ္ထ။

မှတ်ချက်။ ကဒန္တ–ပုဒ်ကို ကုဋ္ဌိတံ အနက်အရ ကုပုဒ်၏ကိုယ်စား ကုဋ္ဌိတဖြင့် ဝိဂ္ဂဟ ပြုသကဲ့သို့ မှတ်လေ။

ဂ–ဝါကျ၌ အဂမနီယဋ္ဌာနဝီတိက္ကမစေတနာ–ဖြင့် ကာမေသု မိစ္ဆာစာရ အရ မသွားလာအပ်–မလွန်ကျူးအပ်သောအရပ် (ဝတ္ထု) လွန်ကျူးကြောင်းစေတနာကို ယူရမည်ဟု သိစေသည်။ (အဘိဓေယျတ္ထ)

မှတ်ချက်။ ဂ–ဝါကျ ကြွင်းစကားရပ်ဖြင့် ဘာဝတ္ထပြသည်။

---

## (၇) ဥပသဂ္ဂနိပါတတ္ထ

သမာစာရေသု။ သံ+အာ–ကား ဓာတွတ္ထာနုဝတ္တက။

လာမကာစာရော–၌ အာစာရော ဝယ် အာ–ကား ဓာတွတ္ထာနုဝတ္တက။

http://www.dhammadownload.com



က–ဝါကျ။ ယတ္ထ ဌိတာ တဒုပစာရေန–ဖြင့် ဗာလအရ လူမိုက်တို့၌ တည်သော အကုသိုလ်တရားကိုယူရမည်ကိုလည်းကောင်း၊[၁] ဌာနဖြစ်သောလူမိုက်တို့၏ ဗာလအမည်ကို ဌာနီဖြစ်သောအကုသိုလ်၌တင်စား၍ ဌာနီဖြစ်သောအကုသိုလ်တို့ကို ဗာလဟု ခေါ်ဆိုရသော ဌာနူပစာသဒ္ဒါ တည်းဟု[၂] သိစေသည်။ ၁။ အဘိဓေယျတ္ထ။ ၂။ ပဒသံဝဏ္ဏနာ။

မှတ်ချက်။ အနုမာနသိဒ္ဓိရသည်။

✝ တဒုပစာရေ ဗာလာ ယထာ"မဉ္စာ ဃောသန္တိ"တိ။မူလဋီ၊၁၊၅၆။

✝ တဒုပစာရေနာတိ ဥပစရိယတိ ပုဂ္ဂလော ဝေါဟာရိယတိ ဧတေနာတိ ဥပစာရော။ ဗာလသဒ္ဒေါ။ တေသံ ဥပစာရော တဒုပစာရော။ တေသံ နိဿယဘူတာနံ ပုဂ္ဂလာနံ ဝါစကသဒ္ဒေနာတိ အတ္ထော။ ယောဇနာ၊ ၆၈။

ခ–ဝါကျ။ ပဏ္ဍိတေသု ဌိတတ္တာ–ဖြင့် ပညာရှိတို့၌ တည်ကုန်သည်တို့၏အဖြစ် တည်းဟူသော သကတ္ထကိုလည်းကောင်း၊[၁] ပဏ္ဍိတသဒ္ဒါသည် ဌာနဖြစ်သော ပညာရှိပုဂ္ဂိုလ်တို့၏ ပဏ္ဍိတအမည်ကို ဌာနီဖြစ်သော ကုသိုလ်တရားတို့၌တင်စား၍ ဌာနီဖြစ်သော ကုသိုလ်တရားတို့ကို ပဏ္ဍိတ ဟုခေါ်ရသောကြောင့် ဌာနူပစာသဒ္ဒါတည်းဟု လည်းကောင်း[၂] သိစေသည်။

၁။ သကတ္ထ။ ၂။ အဘိဓေယျတ္ထ၊ ပဒသံဝဏ္ဏနာ။

ဂ–ဝါကျ။ ဝါ–သဒ္ဒါဖြင့် ဗာလ၊ ပဏ္ဍိတမည်ခြင်းအကြောင်း တစ်မျိုး(အတ္ထန္တရ) ကို သိစေသည်။ (ဘာဝတ္ထ)

ဂ–ဝါကျ။ ဗာလကရတ္တာ–ဖြင့် ဗာလာပုဒ်ကို ဗာလံ ကရောန္တိတိ ဗာလာ–ဟု ကရောန္တိ တဒ္ဓိတ်ဝစနတ္ထပြုရမည်ကိုလည်းကောင်း၊[၁] ဏပစ္စည်း ကရောန္တိတဒ္ဓိတ်၌သက်သည်ကို လည်းကောင်း[၂] သိစေသည်။ ၁။ အဘိဓာနတ္ထ။ ၂။ ပစ္စယတ္ထ။

တစ်နည်း။ ဗာလကရတ္တာ–ဖြင့် ဗာလာပုဒ်ကို ဗာလံ ကရောန္တိ တိ ဗာလကရာ–ဟု ကတ္တုသာဓနကိတန္တဒုတိယာတပ္ပုရိသ်သမာသ်ဝစနတ္ထ ပြုရမည်ကိုလည်းကောင်း၊[၁] ကိတ် ဏပစ္စည်း၏ ကတ္တုသာဓန၌သက်သည်ကိုလည်းကောင်း၊[၂] ဗာလကရာ–ဟု ဆိုလို လျက် ကရနောက်ပုဒ် ကျေသည်ကိုလည်းကောင်း[၃] သိစေသည်။

၁။ အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ။ ၂။ ဒုတိယပစ္စယတ္ထ။ ၃။ ဘာဝတ္ထ။

မှတ်ချက်။ ဗာလံ–၌ ဘာဝကျေသည်။ ဗာလံ=ဗာလဘာဝံ–ဟုမှတ်။

ဃ–ဝါကျ။ ပဏ္ဍိတကရတ္တာဖြင့် ပဏ္ဍိတာပုဒ်ကို ပဏ္ဍိတံ ကရောန္တိ တိ ပဏ္ဍိတာ–ဟု ကရောန္တိတဒ္ဓိတ်ဝစနတ္ထပြုရမည်ကိုလည်းကောင်း၊[၁] ဏ–ပစ္စည်း၏ ကရောန္တိတဒ္ဓိတ်၌ သက်သည်ကို လည်းကောင်း[၂] သိစေသည်။ ၁။ အဘိဓာနတ္ထ။ ၂။ ပစ္စယတ္ထ။

တစ်နည်း။ ပဏ္ဍိတကရတ္တာ–ဖြင့် ပဏ္ဍိတာ–ပုဒ်ကို ပဏ္ဍိတံ ကရောန္တိတိ ပဏ္ဍိတကရာဟု ကတ္တုသာဓနကိတန္တဒုတိယာတပ္ပုရိသ် သမာသ်ဝစနတ္ထ ပြုရမည်ကိုလည်း ကောင်း၊[၁] ကိတ်–

http://www.dhammadownload.com



**ဝေသဒ္ဒါ**

ကောေ ပယောဂေါ သာဟတ္ထိကောဝေ–၌ ဝေ

၁။ ဂဟေတဗ္ဗတ္ထ = သာဟတ္ထိကပယောဂ။

၂။ နိဝတ္တေတဗ္ဗတ္ထ = အာဏတ္တိက၊ နိဿဂ္ဂိယ ထာဝရ၊ ဝိဇ္ဇာမယ၊ ဣဒ္ဓိမယ။

၃။ အနုညာတတ္ထ = သာဟတ္ထိကဘာဝဂုဏ်

† ဆ ပယောဂါ သာဟတ္ထိကော အာဏတ္တိကော နိဿဂ္ဂိယော ထာဝရော ဝိဇ္ဇာမယော ဣဒ္ဓိမယောတိ။ ဝိ၊ ၃၊၂၊ ၃၉။

## (၈) ကြိယာငါးတန်ထုတ်ပုံ

ကေဋ္ဌိနိဒ္ဒေသော–ပုဒ်၌ နိဒ္ဒေသပုဒ်၏ ဓာတွတ္ထအရတရားကိုယူ၍ ကြိယာ ငါးတန်ထုတ်ပုံ

၁။ သူတော်ကောင်းတို့၏ မေထုနဝိရတိပြဓာန်းသော ကုသိုလ်စိတ္တုပ္ပါဒ်သည် ဒဿနတ္ထ။

၂။ ယောနိသောမနသိကာရသည် ဒီပကတ္ထ။

၃။ မေထုန်မှရှောင်ကြဉ်ခြင်း– ပဏ္ဏသနတ္ထ။

၄။ သပ္ပုရိသူပနိဿယစသည် – ဝိဘာဝတ္ထ။

၅။ ပစ္စုပ္ပန်၌ ကျန်းမာခြင်း၊ အသက်ရှည်ခြင်း၊ တမလွန်၌ နတ်ရွာနိဗ္ဗာန်ရောက်ခြင်းသည် ဝိဘာဝတ္ထ။

မှတ်ချက်။ ကာမေသုမိစ္ဆာစာရ၊ လာမကာစာရတို့အရ အဂမနီယဋ္ဌာန စေတနာကိုယူ၍ ထုတ်။ ထေယျစေတနာထုတ်ပုံကိုမှီး၍ ထုတ်လေ။

## (၁၀) ပဋ္ဌာန်းပစ္စည်းပြိုင်

ကာမေသု အရ အဂံမနီယဝတ္ထု၊ ဝါ– ဝတ္ထုကာမ ဖောဋ္ဌဗ္ဗာရုံပစ္စည်းက မိစ္ဆာစာရ အရ ဝီတိက္ကမစေတနာ (လောဘစေတနာ)အား အာရမ္မဏမျိုးပြိုင်။ အာ၊ဓိ၊ ဉပ၊ ပု၊ တ္ထိ၊ အဝိ–၆ ပစ္စည်း။

(က) မုသာဝါဒေါတိ ဝိသံဝါဒန –လ– ကာယပယောဂေါဝါ။ (ခ) ဝိသံဝါဒနာဓိပ္ပါယေန –လ– စေတနာ မုသာဝါဒေါ။ (ဂ) အပရော နယော၊ မုသာတိ အဘူတံ အတစ္ဆံ ဝတ္ထု။ (ဃ) ဝါဒေါတိ တဿ ဘူတတော တစ္ဆတော ဝိညာပနံ။ (င) လက္ခဏတော ပန –လ–စေတနာ မုသာဝါဒေါ။ (၃၁၀၄၁။)

### (၁) အနက်ယောဇနာ

(က) မုသာတိ၊ မုသာဟူသည်ကား။ (ဤသို့ဝါကျအစ၌အနက်ပေးလျှင်–မုသာတိ =မုသာ+ဣတိ–ဣတိသဒ္ဒါ သဒ္ဒပဒတ္ထက၊ ဝါ–ပဒတ္ထဝိပ္ပလ္လာသတ္ထ။) မုသာတိ မုသာနာမ၊ မုသာ မည်၏။ (ဤသို့ဝါကျ အဆုံး၌အနက်ပေးလျှင်–ဣတိသဒ္ဒါနာမတ္ထ–ဟု အရာရာ၌ မှတ်လေ။)

(ဂ) အပရော နယော မယာ ဝုစ္စတေ။ (ပါဌသေသထည့်)။

http://www.dhammadownload.com



## (၂) (၃) ဝါကျခွဲ စသည်

ခ–ဝါကျကား ပက္ခန္တရဝါကျ။ ထို–၍ က–ဝါကျကား ပက္ခဝါကျ။

မှတ်ချက်။ က–ဝါကျဖြင့် မှသာ–ပုဒ်ကို ဖွင့်၍ ခ–ဝါကျဖြင့် မှသာဝါဒ–ကိုဖွင့်သည်။ ရှေးနိသျ၌ "ပန"သဒ္ဒါအနက်ကို မဆို။ ထိုနိသျဆရာကြည့်သော အဋ္ဌသာလိနီ အဋ္ဌကထာ၌ "ပန"ပါဟန်မတူ။ ယခုခေတ်စာမူ၌ "ပန" သဒ္ဒါပါသည်။ ဘာသာဋီကာ၌ "ပန"ဆက်ဟုဆိုသည်။

### ခ–ဝါကျကျမ်းတက်

ဆရာ၊ ဆရာသည် က–ဝါကျဖြင့် ချွတ်ယွင်းစေခြင်းကို ရှေးရှုပြုခြင်းရှိသောသူ၏ အကျိုးစီးပွားကို ဖျက်ဆီးတတ်သော ဝစီပယောဂသည်၄င်း၊ ကာယပယောဂသည်၄င်း မှသာမည်၏ဟု မှသာပုဒ်၏အဖွင့်ကို ဆိုတော်မူ၏။ ထိုသို့သာဆိုချေသော် မှသာဝါဒပုဒ်၏အဖွင့်မရှိဟူသော အနက်သည်ရောက်ရာ ၏––စသည်တက်လေ။

ဒေါသပယ်။ အဗျာပိတ အပရိပုဏ္ဏဒေါသပယ်။

ဂ–ဝါကျကား ပက္ခန္တရဝါကျ၊ ထို–၍ က–ခ–ဝါကျကား ပက္ခဝါကျ။

မှတ်ချက်။ က–ဝါကျဖြင့် မှသာ နိပါတ်ကား တတိယန္တနိပါတ်၊ ဝါ–ဒုတိယန္တနိပါတ်။ မှသာအရ ချွတ်ယွင်းစေလိုသဖြင့် သူတပါးကို ချွတ်ယွင်းစေတတ်သော ကာယပယောဂ၊ ဝစီပယောဂကို ဖြစ်စေတတ်သော စေတနာကို ဖလူပစာဖြင့် ယူရမည်ဟု ပြပြီးနောက် မှသာနိပါတ်၊ အဘူတ အတစ္စအနက်ဟော နိပါတ်ဟုပြလို၍ ဂ–ဝါကျတက်လာသည်။

ဒေါသပယ်။ အဗျာပိတ၊ အပရိပုဏ္ဏဒေါသပယ်။

ဃ–ဝါကျ ပက္ခန္တရ။ ထို–၍ ဂ–ဝါကျ ပက္ခဝါကျ။

ဒေါသပယ်။ အဗျာပိတ၊ အပရိပုဏ္ဏဒေါသပယ်။

င–ဝါကျ ပက္ခန္တရ။ ထို–၍ ဂ–ဃ–ဝါကျ ပက္ခဝါကျ။

ဒေါသပယ်။ အဗျာပိတ၊ အပရိပုဏ္ဏဒေါသပယ်။

### က–ဝါကျ၌ ဝါသဒ္ဒါ

က–ဝါကျ၌ ဝိကပ္ပအနက်ကို ထွန်းပြလို၍ ဝါသဒ္ဒါထားရသည်။

ရှင်းလင်းချက်။ ဝစီပယောဂသည်သော်၄င်း မှသာမည်၏။ ကာယပယောဂသည် သော်၄င်း မှသာမည်၏။ ဝစီပယောဂ မှသာယူခိုက်၊ ကာယပယောဂ မှသာကို မယူရ။ တဘက်ကို ယူခိုက်အကြွင်းကို မယူရသောကြောင့် က–ဝါကျ၌ ဝါ–သဒ္ဒါ ဝိကပ္ပနတ္ထဇောတက။

### ဝါ–သဒ္ဒါမှတ်ဖွယ်

၁။ အနက်တစ်ဘက်ကို ယူခိုက် အကြွင်းကို မယူရသော ဝိကပ္ပန (ဝိကပ်) ဝါ–သဒ္ဒါ။ ပုံစံ။ ပိယေဟိ မနာပေဟိ နာနာဘာဝေါ ဝါ ဝိနာဘာဝေါ ဝါ ဘဝိဿတိ။

http://www.dhammadownload.com



၂။ အလုံးစုံပက္ခကို တစ်ပြိုင်နက်ယူရသော သမုစ္စည်း ဝါ-သဒ္ဒါ။
ပုံစံ။ ဣဓ ဝါ ဟုရံ ဝါ သဂ္ဂေသု ဝါ၊ ယံ ရတနံ ပဏီတံ။

၃။ ရုံခါ အချို့ကိုသာယူ၍ ရံခါ အလုံးစုံကို ယူရသော အနိယမ ဝါ။
ပုံစံ။ ရာဇတော ဝါ စောရတော ဝါ -လ- ဂဏှန္တု။

✪ ၁။ အတ္ထတချို့၊ တဘို့ကိုသာ၊ ယူထိုက်ရာ၊ သဒ္ဒါ ဝါ ဝိကပ်။

၂။ ဥဿုံအနက်၊ တပြိုင်နက်တည်း၊ ရအောင်ဆည်း၊ သမုစ္စည်း ဝါ-တရပ်။

၃။ အနိယမ ဝါသဒ္ဒမှာ၊ အတ္ထယူပုံ၊ မစုံတနဲ၊ စုံတနဲ၊ အမြဲမမှတ်အပ်။
(သမ္ဗန္ဓစိန္တာ၊ ဂံ၊ သစ်၊ ၂၈၅။)

## အပရော နယော

က-ဝါကျ၌ မုသာကား ချွတ်ယွင်းခြင်းကို ရှေးရှုသော သူ၏အကျိုးစီးပွားကို ဖျက်ဆီးတတ်သော ဝစီပယောဂသည်၎င်း, ကာယပယောဂသည်၎င်းတည်း။ ယင်းမုသာကား ဒုတိယန္တ၊ ဝါ-တတိယန္တ နိပါတ်တည်း။ မိစ္ဆာသဒ္ဒါ၏ ပရိယာယ်တည်း။

ခ-ဝါကျ-မုသာဝါဒ ကား ချွတ်ယွင်းခြင်းကိုလိုသဖြင့် သူတပါးကို ချွတ်ယွင်းစေတတ်သော ကာယပယောဂ, ဝစီပယောဂကို ဖြစ်စေတတ်သော စေတနာတည်း။

ဂ-ဝါကျ၌ မုသာကား အဘူတ, အတစ္ဆအနက်ဟော နိပါတ်၊ မုသာ-အရ အဘူတ အတစ္ဆဝတ္ထုကို ယူရ၏။

ဃ-ဝါကျ မုသာဝါဒကား မဟုတ်မမှန်သောဝတ္ထုကို ဟုတ်မှန် မှန်သောအားဖြင့် သူတပါးကို သိစေသူ၏ ထိုသို့မဟုတ်မမှန်သော ဝတ္ထုကိုသိစေသော ကာယဝိညတ် ဝစီဝိညတ်ကို ဖြစ်စေတတ်သော စေတနာတည်း။

ဤသို့လျှင် မုသာ, မုသာဝါဒသဒ္ဒါများ၏ အနက်နှင့် အရကောက် အဘိဓေယျတ္ထ တမျိုးကို လဲလှယ်ပြလိုသောကြောင့် အပရော နယော-သဒ္ဒါဖြင့် ရေးသားရသည်။
**မှတ်ချက်**။ ပြည်နိသျှနှင့် ၆-နိပါတ် အာဘော်တို့ကို ရှုပါလေ။

## အပိစ သဒ္ဒါ

အပိစ အပရော နယော၊ ကို ။ မယာ၊ သည်။ ဝုစ္စတေ၊ အံ့။ ပြည်၊ သျှ၊ ၅၈၁။

ဤအလို မုသားပြောရာ၌ အကျိုးစီးပွား အနည်းငယ်ပျက်စီးစေလျှင် အပ္ပသာဝဇ္ဇ =အပြစ်နည်းသည်။ အကျိုးစီးပွားအပျက်များလျှင် မဟာသာဝဇ္ဇ= အပြစ်ကြီးသည်-ဟု ရှေ့ဝါကျ၌ ဆိုပြီးနောက် အပ္ပသာဝဇ္ဇ မဟာသာဝဇ္ဇဖြစ်ပုံ တစ်မျိုးကိုပြသောကြောင့် "အပိစ" သဒ္ဒါထားရသည်။

**မှတ်ချက်**။ အပ္ပသာဝဇ္ဇ မဟာသာဝဇ္ဇ ခွဲရာ၌ ဆိုဘွယ်ကျန်သေးသောကြောင့် "အပိစ" စသည်မိန့်-ဟုလည်း ဆိုကြသေးသည်။

http://www.dhammadownload.com



(က) ထွေ့ အာဏတ္တိက နိဿဂ္ဂိယ ထာဝရာပိ ပယောဂါ ယုဇ္ဇန္တိ။
(ခ) အဋ္ဌကထာသု ပန အနာဂတတ္တာ ဝိမံသိတွာ ဂဟေတဗ္ဗာ။ (ဋ္ဌ၊ ၁၄၂)

## က-ဝါကျ ပိသဒ္ဒါ

န ကေဝလံ သာဟတ္ထိကောဝ၊ အထခေါ် အာဏတ္တိကနိဿဂ္ဂိယထာဝရာပိ ယုဇ္ဇန္တိ။ - ဤသို့ သမုစ္စည်း အဓိပ္ပါယ်ထုတ်ပါ။

ဤမုသာဝါဒ၌ (ထွေ့)သာဟတ္ထိကပယောဂသာလျှင် သင့်သည်မဟုတ်သေး၊ အာဏတ္တိက, နိဿဂ္ဂိယထာဝရာပယောဂတို့သည်လည်း သင့်ကုန်၏ဟုဆည်းသည်။ ပိ သဒ္ဒါသမုစ္စယ ဇောတကတည်း။

## ဂဟေတဗ္ဗာ

ဝိမံသိတွာ ဂဟေတဗ္ဗာ။ စူးစမ်း၍ ယူအပ်ကုန်၏ဟု ဤအဋ္ဌကထာ ဆရာဆိုရ ခြင်းကား အတ္တနောမတိ၏ သုတ္တ, သုတ္တနုလောမ, အာစရိယဝါဒတို့အောက် အားနည်းသော (သဗ္ဗဒုဗ္ဗလ ဖြစ်သော)ကြောင့် အတ္တုက္ကံသနကို ပယ်လို၍ ဆိုသတည်း။

† ဝိမံသိတွာ ဂဟေတဗ္ဗာတိ အတ္တနောမတိယာ သဗ္ဗဒုဗ္ဗလတ္တာ အနတ္တုက္ကံသနေန ဝုတ္တံ။ သီ၊ ဋီ၊ သစ်၊ ၁။

ဝါဒေါ။ ဝဒတိ ဝိညာပေတိ စေတနာတိ ဝါဒေါ။

တနည်း။ ဝဒတိ သမုဋ္ဌာပေတိ စေတနာတိ ဝါဒေါ။

မုသာဝါဒ။ မုသာ ဝါဒေါ မုသာဝါဒေါ။

မုသာ၊ ချွတ်ယွင်းသော ဝစီပယောဂ, ကာယပယောဂဖြင့်။ ဝါဒေါ၊ ပြောဆိုကြောင်း (သိစေကြောင်း)။ မုသာဝါဒေါ ကား တတိယာတပ္ပုရိသ်သမာသ်ဝိဂြိုဟ်။ မုသာဝါဒေါကား တတိယာ တပ္ပုရိသ်သမာသ်ပုဒ်။ မုသာပုဒ်+ ဝါဒပုဒ်။

မုသာဟူသော ဝိသေသနပုဒ်အရကား ချွတ်ယွင်းသော ဝစီပယောဂ, ကာယ ပယောဂသည် မုချ။ ယင်း၏ ပြောဆိုကြောင်း(သိစေကြောင်း) စေတနာနှင့် အကျိုး အကြောင်းအဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်သည် ဌာနူပစာ။ မုသာဝါဒ-ဟူသော သမာသ်ပုဒ်လုံး အရကား ထို-ဖြင့် မှတ်အပ်သော ချွတ်ယွင်းသော ဝစီပယောဂ, ကာယပယောဂဖြင့် ပြောဆိုကြောင်း (သိစေကြောင်း)ရ၏။

## စတုက္က

၂။ ချွတ်ယွင်းသော ဝစီပယောဂ,ကာယပယောဂ၏ပြောဆိုကြောင်း (သိစေကြောင်း) စေတနာနှင့် အကျိုးအကြောင်းအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျပ္ပတ္တိနိမိတ်။

၄။ စေတနာတို့၏ တစ်ခုသည်တစ်ခုနှင့်တူသော အချင်းအရာဟုဆိုအပ်သော သာမညာကာရသည် ပဝတ္တိနိမိတ်။

တနည်း။ မုသာဝါဒ။ မုသာ ဝါဒေါ မုသာဝါဒေါ။ မုသာ၊ ချွတ်ယွင်းသော ဝစီပယောဂ,

http://www.dhammadownload.com



ကာယပယောဂကို ။ ဝါဒေါ၊ ဖြစ်စေကြောင်းတည်း။

မုသာဝါဒေါကား ဒုတိယာတပ္ပုရိသ်သမာသ်ဝိဂြိုဟ်။ မုသာဝါဒေါကား ဒုတိယာတပ္ပုရိသ် သမာသ်ပုဒ်။ မုသာပုဒ်+ ဝါဒပုဒ်။

မုသာ-ကား ချွတ်ယွင်းသော ဝစီပယောဂ, ကာယပယောဂသည် မုချ။ ယင်း၏ ဖြစ်စေကြောင်းစေတနာနှင့် အကျိုးအကြောင်းအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန် သည် ဠာနူပစာ။ မုသာဝါဒအရကား ထို-ဖြင့် မှတ်အပ်သော ဝစီပယောဂ, ကာယပယောဂကို ဖြစ်စေကြောင်း စေတနာရ၏။

စတုက္က။ ပထမ အကောက်နှင့်တူပြီ။

မှတ်ချက်။ ဤကား မုသာဝါဒပုဒ်အစိတ်အပေါင်း-ဂရုကနည်းဖြင့် ဝိဂ္ဂဟပြုညသ်ကောက်နှင့် စတုက္ကထုတ်ပုံတည်း။ သီးငြီးသစ် ဖွင့်သည့်အတိုင်း လဟုကနည်း ဝိဂြိုဟ်ဆိုလျှင်-

မုသာဝါဒ။ မုသာသခ်ါတေန ကာယဝစီပယောဂေန ဝဒတိ ဝိညာပေတိ ဧတေနာတိ မုသာဝါဒေါ။ ဧတေန၊ ထိုစေတနာဖြင့်။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်။ မုသာ-သခ်ါတေန၊ မုသာဟုဆိုအပ်သော။ ကာယဝစီပယောဂေန၊ ကာယပယောဂ ဝစီပယောဂဖြင့်။ ဝဒတိ၊ ဝိညာပေတိ၊ ပြောဆိုတတ် သိစေတတ်၏။ ဣတိ သော မုသာဝါဒေါ။

မုသာသခ်ါတေန ကာယဝစီပယောဂေန ဝဒတိ ဝိညာပေတိ ဧတေန-ကား ကရဏ သာဓနကိတန္တတတိယာတပ္ပုရိသ်သမာသ်ဝိဂြိုဟ်။ မုသာဝါဒေါကား ကရဏ သာဓနကိတန္တ တတိယာတပ္ပုရိသ်သမာသ်ပုဒ်။ မုသာသဒ္ဒူပပဒ- ဝဒဓာတ်+ ဏပစ္စည်း။

မုသာ အရကား ကာယပယောဂ, ဝစီပယောဂသည်မုချ။ ယင်း၏ ပြောဆိုသောသူ၊ သိစေသောသူနှင့် ဌာနီ ဌာန အဖြစ်ဖြင့် စပ်ခြင်းသည် ဌာနူပစာ။ (သမာသ် ကောက်ပြီး၏)။

ဝဒဓာတ်၏အရ ကတ္တုဋ္ဌကြိယာအရကား ပြောဆိုသောသူ၊ သိစေသောသူ၏ ဝီရိယပြဓာန်းသော စိတ္တုပ္ပါဒ်သည် မုချ။

ကရဏဋ္ဌ ကြိယာအရကား ထို-အားတပ်သော စေတနာ၏ သဟဇာတ ပစ္စယသတ္တိသည် ဖလူပစာ။

ဏ-ပစ္စည်းအရကား ထို မုချ၊ ဌာနူ၊ ဖလူပစာတို့ဖြင့် မှတ်အပ်သော ကာယဝစီ ပယောဂကို ဖြစ်စေတတ်သော စေတနာရ၏။

## စတုက္က

၂။ ကာယပယောဂ၊ ဝစီပယောဂ၏ ပြောဆိုသောသူ၊ သိစေသောသူနှင့် ဌာနီဌာန အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်ငှင်း၊ မုသာသဒ္ဒူပပဒ ဝဒဓာတ်+ ဏပစ္စည်းငှင်း၊ ပြောဆိုခြင်း၊ သိစေခြင်း ကြိယာသည်ငှင်း ဇူပ္ပတ္တိနိမိတ်။

၄။ စေတနာတို့၏ တစ်ခုသည်-လ-သာမညာကာရသည် ပဝတ္တိနိမိတ်။

http://www.dhammadownload.com



**အပရော နယော ဝါဒ**

**ဝါဒေါ**။ ဝဒီယတိ ဝုစ္စတိ စေတနာတိ ဝါဒေါ။

မုသာဝါဒံ။ မုသာ ဝါဒေါ မုသာဝါဒေါ။

မုသာ၊ မဟုတ်မမှန်သောဝတ္ထုကို။ ဝါဒေါ၊ ပြောဆိုအပ်ကြောင်းတည်း။ မုသာ–ဝါဒေါ၊ မဟုတ်မမှန်သောဝတ္ထုကို ပြောဆိုအပ်ကြောင်း။(စေတနာ)။

မုသာဝါဒေါကား ဒုတိယာတပ္ပုရိသ်သမာသ်ဝိဂြိုဟ်။ မုသာဝါဒေါကား ဒုတိယာ တပ္ပုရိသ် သမာသ်ပုဒ်။ မုသာပုဒ်+ ဝါဒပုဒ်။

မုသာဟူသော ဝိသေသနပုဒ်အရကား မဟုတ်မမှန်သော ဝတ္ထုသည် မုချ။ ယင်း၏ ပြောဆို အပ်ကြောင်း စေတနာနှင့် အာရုံ အာရမ္မဏိက၊ ကမ္မ ကမ္မီ စပ်ခြင်း သမ္ဗန်သည် ဋ္ဌာနူပစာရ၏။

မုသာဝါဒေါ–ဟူသော သမာသ်ပုဒ်လုံးအရကား– ထို–ဖြင့် မှတ်အပ်သော မဟုတ် မမှန်သော ဝတ္ထုကိုပြောဆိုကြောင်း စေတနာရ၏။

**စတုက္က** ၂။ သမ္ဗန်ကို ဗျုပ္ပတ္တိနိမိတ် ကောက်။ ၄။ ဓာတ်ကို ပဝတ္တိနိမိတ်ကောက်။

တနည်း။ မုသာ ဝဒီယတိ ဝုစ္စတိ စေတနာတိ မုသာဝါဒေါ။ စေတန၊ ထိုစေတနာ ဖြင့်။ မုသာ၊ မဟုတ်မမှန်သော ဝတ္ထုကို။ ဝဒီယတိ ဝုစ္စတိ၊ ပြောဆိုအပ်၏။ ဣတိ သော မုသာဝါဒေါ။

မုသာဝဒီ ယတိ ဝုစ္စတိ စေတနာတိကား ကမ္မဒ္ဓေါဂဓ ကရဏသာဓနေ ကိတန္တဒုတိယာ တပ္ပုရိသ်သမာသ်ဝိဂြိုဟ်။ မုသာဝါဒေါကား ၄င်းသမာသ်ပုဒ်။ မုသာ သဒ္ဒူပပဒ–ဝဒဓာတ် + ဏပစ္စည်း။

- မုသာဟူသော ဝိသေသနပုဒ်အရကား မဟုတ်မမှန်သောဝတ္ထုသည် မုချ။ ယင်း၏ ပြောဆို သောသူနှင့် အာရုံ,အာရမ္မဏိက၊ ကမ္မ ကမ္မီအဖြစ်ဖြင့်စပ်ခြင်းသမ္ဗန်သည် ဋ္ဌာနူပစာ။ (သမာသ်ကောက်ပြီး၏။)

ဝဒဓာတ်အရ ကတ္တုဋ္ဌကြိယာအရကား ပြေဆိုသောသူ၏ ဝီရိယပြဓာန်းသော စိတ္တုပ္ပါဒ် သည် မုချ။

ကရဏဋ္ဌအရ–ထိုအားတပ်သော စေတနာ၏ သဟဇာတာဒိသတ္တိသည် ဖလူပစာ။

ဏ–ပစ္စည်းအရကား ထိုမုချ၊ ဋ္ဌာနူ၊ ဖလူပစာတို့ဖြင့် မှတ်အပ်သော မဟုတ်မမှန်သော ဝတ္ထုကို (ဟုတ်မှန်သောအားဖြင့်) ပြောဆိုအပ်ကြောင်း စေတနာရ၏။

**စတုက္က**။ ပဌမဝိကပ် ကိတန္တကောက်ကို မှီး၍ ကောက်လေ။

**ဝိညတ္တိသမုဋ္ဌာပိကာ**။ သမုဋ္ဌာပေတီတိ သမုဋ္ဌာပိကာ။ ဝိညတ္တိံ သမုဋ္ဌာပိကာ ဝိညတ္တိသမုဋ္ဌာပိကာ။

ဝိညတ္တိံ၊ ကာယဝိညတ် ဝစီဝိညတ်တို့ကို။ သမုဋ္ဌာပိကာ၊ ဖြစ်စေတတ်သော စေတနာတည်း။

http://www.dhammadownload.com



ဝိညတ္တိနံ သမုဋ္ဌာပိကာ–ကား ကမ္မတ္ထဆဋ္ဌီတပ္ပုရိသ်သမာသ်ပုဒ်။ ဝိညတ္တိပုဒ်+သမုဋ္ဌာပိကာပုဒ်။

ဝိညတ္တိ –ကား ကာယဝိညတ်ဝစီဝိညတ်ရှ၏။ ယင်း–၏ ဖြစ်စေတတ်သော စေတနာနှင့် အကျိုးအကြောင်းအဖြစ်ဖြင့်စပ်ခြင်းသမ္ဗန်သည် ဌာနူပစာ။ ဝိညတ္တိ–သမုဋ္ဌာပိကာ–ဟူသော သမသ်ပုဒ်လုံးအရကား ထို–ဖြင့် မှတ်အပ်သော ကာယဝိညတ် ဝစီဝိညတ်ကို ဖြစ်စေတတ်သော စေတနာရှ၏။ (ဝိသေသနဆက်ကောက်)။

စတုက္က။ ၂။ ညသ်ကောက် သမ္ဗန်ကို ဗျုပ္ပတ္တိနိမိတ်ထုတ်။
၄။ စေတနာ–ဓာတ်ကို ပဝတ္တိနိမိတ်ထုတ်။

✝ ကာယဝစီဝိညတ္တိယော သမုဋ္ဌာပေတီတိ ဝိညတ္တိသမုဋ္ဌာပိကာ။ သီ၊ဋီ၊သစ်၊ ၁။

ဝိသံဝါဒန။ ဝိသံဝါဒိယတေ ဝိသံဝါဒနံ။ ဝိသံဝါဒိယတေ၊ ချွတ်ယွင်းစေခြင်း။ ဝိ+သံ+ဝဒ+ဏေ+ယု+။

ပုရေက္ခာရော။ ပုရေ ကရဏံ ပုရေက္ခာရော။

အမှာ။ ပုရ+ကရ+ဏ။ အလုတ္တသမာသ်။ "ပုရသမုပ–"သုတ်ကြည့်။ ဤ၌ ပုရေသဒ္ဒါ နိပါတ်မဟုတ်။ ပုရပုဒ်+သို့ဝိဘတ်တည်း။ ဝိသံဝါဒနပုရေက္ခာရ။ ဝိသံဝါဒနံ ပုရေက္ခာရော ယဿာတိ ဝိသံဝါဒနပုရေက္ခာရော။ (ချွတ်ယွင်းစေခြင်းကို ရှေးရှုပြုခြင်း ရှိသောသူ)။ ချွတ်ယွင်းစေခြင်းကိုရှေးရှုပြုခြင်းနှင့်ပုဂ္ဂိုလ် ဂုဏ် ဂုဏော၊ ဌာနီဌာနစပ်–သမ္ဗန်ကို ဗျုပ္ပတ္တိနိမိတ်ထုတ်လေ။

မှတ်ချက်။ ပြည်သျှအလို– ပုရေ ကရောတီတိ ပုရေက္ခာရော။ ဝိသံဝါဒနံ ပုရေက္ခာရော ဝိသံဝါဒနပုရေက္ခာရော–ဟုတွဲလေ။ ချွတ်ယွင်းခြင်းကို ရှေးရှုသောသူဟု ၎င်းသျှ၌ အနက်ပေးသည်။

အတ္ထ။ ကာရဏေန (အကြောင်းသည်) အရီယတိ ပဝတ္တီယတီ (ဖြစ်စေအပ်) တိအတ္ထော။ ပယောဇနံ။ (သူစိ)

ဘဥ္ဇက။ ဘဥ္ဇတီတိ ဘဥ္ဇကော။ ဘန္ဇဓာတ်+ဏွုပစ္စည်း။ ဘန္ဇ–၌ နကို နိဂ္ဂဟိတ်ပြု။ နိဂ္ဂဟိတ်ကို ဝဂ္ဂန္တ ဉ–ပြု။

✝ ဘန္ဇ အဝမဒ္ဒနေ––– နဿ နိဂ္ဂဟိတံ။ ရူ၊နှာ–၃၅၉။

အတ္ထဿ ဘဥ္ဇကော အတ္ထဘဥ္ဇကော။ အတ္ထဿ၊ အကျိုးစီးပွားကို။ ဘဥ္ဇကော။ ဖျက်ဆီးတတ်သည်တည်း။ (ဝစီပယောဂ, ကာယပယောဂ)

အကျိုးစီးပွား၏ ဖျက်ဆီးတတ်သော ဝစီပယောဂ, ကာယပယောဂနှင့် ကမ္မ ကမ္မီစပ်–ဗျုပ္ပတ္တိနိမိတ်ထုတ်။

ဘူတ။ ဘူဓာတ်+တပစ္စည်း။ ဤ၌ နပုလ္လိင်၊ စိတ္တာဒိဂိုဏ်း။

http://www.dhammadownload.com



† ဘူတတ္ထိ သဘာဝတော ဝိဇ္ဇမာနံ။ တစ္ဆံ တထတ္တိ တသော၀ ဝေဝစနံ။ ဒီ၊ ဋ္ဌ၊ ၁၊ ၃၁၁။

ဘူတေနာတိ တစ္ဆေန သဘာဝေန။ ဒီ၊ ဋ္ဌ၊ ၃။ ၂၁၁။

တစ္ဆ။ တထပုဒ်+ယပစ္စည်း။ သာစုတဒ္ဓိတ်ပုဒ်၊ နပုလ္လိင်၊ စိတ္တာဒိဂိုဏ်း။

တစ်နည်း။ တထ+ဏျ။ တစ်နည်း။ တထ+ဆ။

† တထေ သာဓု တစ္ဆံ။ သာဓွတ္ထေ ယော။ ဓာန်၊ဋီ။၁၂၇။

† တထသ္သ ဘာဝေါ တစ္ဆံ၊--ဏျော။ ပဋ္ဌိကာ၊ ၁၊ ၄၈။

† ရုဓာဒိတော ဆော-- တထံ အဝိတထန္တိ တစ္ဆံ။ နီတိ၊သုတ္တ၊၁၂၅၀။

မှတ်ချက်။ ဝိသံဝါဒနစသောပုဒ်တို့ကို ၄-နံပါတ်အဖြေကြည့်။

---

## (၆) အာဘောဂ သံဝဏ္ဏနာ

က-ဝါကျ၌ ဝစီပယောဂေါ ဝါ၊ ကာယပယောဂေါ ဝါ-ဖြင့် မုသာဝါဒေါ-၌ မုသာအရ ဝစီပယောဂ ကာယပယောဂကိုယူရမည်ဟု သိစေသည်။(အဘိဓေယျတ္ထ)

က-ဝါကျ၌ အတ္တဘဉ္ဇကော-ဖြင့် သူတစ်ပါးအကျိုးစီးပွားကို ပျက်စီးစေတတ် (ဖျက်ဆီးတတ်)သော ဝစီပယောဂ ကာယပယောဂသည်သာလျှင် ကမ္မပထပတ္တဖြစ်၏၊ သူတစ်ပါးအကျိုးစီးပွားကို မပျက်စီးစေတတ်သော် ကမ္မပထပတ္တ မဖြစ်ဟု သိစေသည်။ (ဘာဝတ္ထ)

† ကမ္မပထပတ္တမေဝ ဒဿေတုံ အတ္တဘဉ္ဇနကောတိ ဝုတ္တံ။ သီ၊ဋီ၊သစ်၊၁။

က-ဝါကျ၌ ဝိသံဝါဒနပုရေက္ခာရဿ-ဖြင့် ယင်းဝစီပယောဂ, ကာယပယောဂဟူသည် ချွတ်ယွင်းစေခြင်းကို ရှေ့သွားပြုခြင်းရှိသောသူ၏ ပယောဂတည်းဟု သိစေသည်။ (ဘာဝတ္ထ)

က-ဝါကျ တစ်ဝါကျလုံးဖြင့် မုသာကား တတိယန္တ၊ဝါ-ဒုတိယန္တနိပါတ်တည်း။ ယင်းနိပါတ်ကား မိစ္ဆာသဒ္ဒါ၏ ပရိယာယ်တည်းဟု သိစေသည်။ (နိပါတလိင်္ဂပဒ၊ နိပါတလိင်္ဂတ္ထ)။

† မုသာတိ တတိယန္တော, ဒုတိယန္တော ဝါ နိပါတော၊ မိစ္ဆာပရိယာယော ကိရိယာပဓာနောတိ အာဟ။ ဝိသံဝါဒနမုသာတိအာဒိ။ သီ၊ဋီ၊သစ်၊၁။

ခ-ဝါကျ၌ ဝိသံဝါဒနာဓိပ္ပါယေန-ဖြင့် မုသားစကားမဆိုမီ ပုဗ္ဗဘာဂခဏ၌၎င်း, ပြောဆိုဆဲခဏ၌၎င်း ချွတ်ယွင်းစေလိုသော ဝိသံဝါဒနာဓိပ္ပါယရှိသော်သာလျှင် မုသာဝါဒကံမြောက်သတည်းဟု သိစေသည်။ (ဘာဝတ္ထ)

ခ-ဝါကျ၌ ပရဝိသံဝါဒ-လ-စေတနာ-ဖြင့် မုသာဝါဒေါပုဒ်ကို မုသာ သဒ္ဒါတေန ကာယ-ဝစီပယောဂေန ဝဒတိ ဝိညာပေတိ ဧတေနာတိ မုသာဝါဒေါ (မုသာကို တတိယန္တယူခိုက်)။ တစ်နည်း။ မုသာသဒ္ဒါတံ ကာယဝစီပယောဂံ ဝဒတိ မုဋ္ဌာပေတီတိ မုသာဝါဒေါ (မုသာကို ဒုတိယန္တယူခိုက်) ဝစနတ္ထပြု၍ မုသာဝါဒအရ သူတစ်ပါးကို ချွတ်ယွင်းစေတတ်သော ကာယ,ဝစီပယောဂကိုဖြစ်စေတတ်သောစေတနာကို ဖလူပစာအားဖြင့်ယူရမည်ဟု သိစေသည်။ (အဘိဓေယျတ္ထ)

http://www.dhammadownload.com



မှတ်ချက်။ မစိုးရိမ်၊ သီ-ဖြေ။ ၂၈၀-၂၈၁-ကြည့်။

ဂ-ဝါကျ၌ အဘူတံ အတစ္ဆံဝတ္ထု-ဖြင့် မုသာနိပါတ်၏ အဘူတ, အတစ္ဆအနက်ကို ဟောသည်၏အဖြစ်ကိုငင်း၊[၁] မုသာအရ ယင်းအဘူတ, အတစ္ဆဝတ္ထုကို ယူရမည်၏ အဖြစ်ကိုငင်း[၂] သိစေသည်။ ၁။ နိပါတလိင်္ဂတ္ထ။ ၂။ အဘိဓေယျတ္ထ။

ဃ-ဝါကျဖြင့် မုသာဝါဒေါ-၌ ဝါဒဟူသည် ယင်းမဟုတ် မမှန်သောအားဖြင့် သိစေခြင်း ပင်တည်းဟု သိစေသည်။ (ဘာဝတ္ထ)

င-ဝါကျဖြင့် မုသာဝါဒအရ ကာယဝိညတ်, ဝစီဝိညတ်ကို မယူရ၊ မုသာဝတ္ထု ဝဒီယတိ ဝုစ္စတိ ဧတေနာတိ မုသာဝါဒေါ-ဟု ဝစနတ္ထပြု၍ မုသာဝါဒအရ မမှန်သော ဝတ္ထုကို အမှန်အားဖြင့် သူတစ်ပါးကို သိစေခြင်းငှါ အလိုရှိသောပုဂ္ဂိုလ်၏ ကာယဝိညတ်, ဝစီဝိညတ်ကို ဖြစ်စေတတ်သော စေတနာကို ဖလူပစာအားဖြင့် ယူရမည်ဟု သိစေသည်။ (အဘိဓေယျတ္ထ)

မှတ်ချက်။ နံပါတ် ၁၊ ၂၊ ၄-အဖြေတို့ကိုရှုလျှင် ဥပသဂ္ဂနိပါတတ္ထများ ထင်ရှားပြီဖြစ်၍ ယင်းဥပသဂ္ဂနိပါတတ္ထကို ဤ၌ သီးသန့်မရေးတော့ပြီ။

## သမ္ဗန္ဓာမဝိသယ

ခ-ဝါကျ ပနသ္မ ပန+အဿ၌ အဿဝယ် တ-သဒ္ဒါကား ကဝါကျရှိ ဝိသံဝါဒနပုရေက္ခာရ = ချွတ်ယွင်းစေခြင်းကို ရှေ့သွားပြုခြင်းရှိသူဒြဗ်ကိုစွဲသောကြောင့် ပက္ကန္တဝိသယ-တ။

ဃ-ဝါကျ၌ တဿဝယ် တသဒ္ဒါကား ဂ-ဝါကျရှိ အဘူတံ အတစ္ဆံ ဝတ္ထုကို စွဲသောကြောင့် ပက္ကန္တဝိသယ-တ။

င-ဝါကျ တထံ ဝိညတ္တိသမုဋ္ဌာပိကာ-၌ တထာဝယ် တ-သဒ္ဒါကား ထိုမဟုတ်မမှန်သော ဝတ္ထုကို အမှန်ဟု သိစေလိုခြင်း (ဤဝါကျတွင်း၌ရှိသော အတထံ ဝတ္ထုံ တထတော ပရံ ဝိညာပေတုကာမ) ကိုစွဲသောကြောင့် ပသိဒ္ဓ ဝိသယ-တ။

မှတ်ချက်။ ပြည်သူအလို "မဟုတ်မမှန်သောဝတ္ထု"ကို တ-သဒ္ဒါစွဲသည်။ သီ၊ဋီ၊သစ်အလို အာကာရစွဲသည်။

† တထာတိ တေန တထာကာရေန။ သီ၊ဋီ၊သစ်။

## (၈) ကြိယာငါးတန်

ဝိညာပေတုကာမ-၌

၁။ မဟုတ်မမှန်သောဝတ္ထုကို ဟုတ်မှန်သောအားဖြင့် သူတစ်ပါးကို သိစေ့သောသူ၏ အကုသိုလ်ဆန္ဒပြဓာန်းသောစိတ္တုပ္ပါဒ်သည် ဒဿနတ္ထ။

၂။ အယောနိသောမနသိကာရသည် ဒီပကတ္ထ။

၃။ မုသာဝါဒစေတနာနှင့် မုသားပြောဆိုခြင်းသည် ပကာသနတ္ထ။

http://www.dhammadownload.com



၄။ မဟုတ်မမှန်သောဝတ္ထုနှင့်အသွင်တူရှိသူပနိသာယစသည် ဝိဘာဝဝတ္ထု။

၅။ အပါယဒုက္ခနှင့် အပါယ်မှလွတ်၍ လူ့ဘဝရပြန်သောအခါ စကားမပီ။ သွားမညီကျဲ၊ ပုပ်ညှီပါးစပ်၊ ချောက်ကပ်ကိုယ်ရေ၊ ဣန္ဒြေနောက်၊ ပုံယွင်း ဖောက်–စသော ပဝတ္တိအကျိုးများသည် အနုဘာဝဝတ္ထု။

မှတ်ချက်။ ခ–ဝါကျအရ၊ င–ဝါကျအရ၊ မုသာဝါဒအရ ယင်းစေတနာကိုယူ၍ အကုသိုလ် ထုတ်စဉ်နှင့် အထက်ပါထုတ်စဉ်များကိုရှု၍ ကြံယာငါးတန် ထုတ်လေ။

ဝိညာပေတုကာမောပုဒ်ကို ဝိညာပေတုံ ကာမေတီတိ ဝိညာပေတု ကာမော–ဟု ဝိဂ္ဂဟပြု။ ကတ္တုကာမောနှင့် တူသည်ဟုမှတ်။ ဝိညာပေတုံ+ ကမု+ဏ။

✝ ကတ္တုံကာမေတိ ဣစ္ဆတီတိ ကတ္တုကာမော။ ပုဂ္ဂလော။ မဏိမဉ္ဇူ၊၁၊၃၂၂။

## (၁၀) ပဋ္ဌာန်းပစ္စည်းပြိုင်

(က) မုသာဝါဒ။ ဝါဒ–အရ ကာယဝစီပယောဂ သမုဋ္ဌာပိကာ စေတနာ ပစ္စည်းတရားက မုသာအရ ဝစီပယောဂ,ကာယပယောဂ–ဟူသော နှုတ်ဖြင့် ပြုအပ်သော ဝိရိယပြဓာန်းသောအမူအရာ၊ ကိုယ်ဖြင့်ပြုအပ်သော ဝိရိယ ပြဓာန်းသောအမူအရာ ပစ္စယုပ္ပန်တရားအား သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။

ပြိုင်။ သဟ–ကြီး ၄။ အညမည ဝိပ္ပယုတ္တ အလတ် ၂။ သဟငယ်– ကမ္မ, အာဟာရ။

✝ ဝစသာ ကတာ ဝါယမပ္ပဓာနာ ကိရိယာဝစီပယောဂေါ။ တထာ ကာယေန ကတာ ကာယပ္ပယောဂေါ။ သီ၊ဋီ၊သစ်၊၁၊ ၃၃၅။(ဒီ၊ဋ္ဌ၊၁၊၇၁–အဖွင့်).

(ဂ–င) မုသာဝါဒ–၌ မုသာအရ အဘူတ အတစ္စဝတ္ထုပစ္စည်းတရားက ဝါဒအရ တထာ– ဝိညတ္တိသမုဋ္ဌာပိကာ စေတနာပစ္စယုပ္ပန်တရားအား အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြု၊ ပြိုင် ပစ္စည်းမရှိ။

ပိသုဏာဝါစာတိအာဒီသု–

(က) ယာယ –လ– သာ ပိသုဏာဝါစာ။ (ခ) ယာယ ပန အတ္တာနမ္ပိ –လ– အယံ ဖရုသဝါစာ။ (ဂ) ယေန သမ္ဖံ ပလပတိ –လ– သော သမ္ဖပ္ပလာပေါ။ (ဃ) တေသံ မူလဘူတာ –လ– လဘတိ။ (င) သာ ဓေစ ဣဓ အဓိပ္ပေတာ။ ဋ္ဌ၊ ၁၄၂။

## (၁) အနက်ယောဇနာ

ပိသုဏာဝါစာဒီသု သဝိနိစ္ဆယော၊ အတ္ထော ဓေ ဝေဒိတဗ္ဗော။ (ဤပါဠိသေသ ထည့်စပ်၍ အနက်ယောဇနာ)

(က) ပိယဘာဝံ၊ ချစ်အပ်သည်အဖြစ်ကိုငင်း။ ပရဿ၊ သူတစ်ပါး၏။ သုညဘာဝံ၊

http://www.dhammadownload.com



(နှစ်သက်သောပီတိကင်းသည်၏အဖြစ်ကြောင့်)(ဟောတာလက်ာရ ယောဇနာ) ချစ်ခြင်းမှ (အပါဒါန်) ကင်းသူ၏အဖြစ်ကိုဂုဏ်။(စသဒ္ဒါ ပိယဘာဝံနှင့်သုညဘာဝံ နှစ်ပုဒ်အလည်ထိုင်သဖြင့် မဇ္ဈေဒီပက နည်း၊ အဋ္ဌာနပယုဂ်) တံ သမ်္ပီပုဂ္ဂလော၊ ထိုဝါစာနှင့်ပြည့်စုံသောသူသည်။(ကရောတိ-၌စပ်)

✝ သုညဘာဝဏ္ဍိ ပီတိ ဝိရဟိတတာယ ရိတ္တတံ။ မူလ၊ဋီ၊ ၁၊၈၀။

နေဝကဏ္ဏသုခါ၊ နားတို့ကို မချမ်းသာစေတတ် (သဒ္ဒတ္ထ) ဝါ- နားမချမ်းသာ၊ (ဝေါဟာရတ္ထ) နားဝင်ပီယံမဖြစ်။ (ဗန်းစကား)

✝ ကဏ္ဏသုခါတိ ဗျဥ္ဇနမဓုရတာယ ကဏ္ဏာနံ သုခါ။ အဘိ၊ဋ္ဌ၊၁၊၄၂၅။

မှတ်ချက်။ နေဝ ကဏ္ဏသုခါ-ပုဒ်၏ ဟိတ်ကို ဗျဥ္ဇနအမဓုရတာယ-ဟုထည့်ပါ။

ခ-ဝါကျ။ အတ္ထဝိပန္နတာယ၊ အနက်၏ဖောက်ပြန်ပျက်စီးသည်၏အဖြစ်ကြောင့် (ဟောတာလက်ာရယောဇနာ)၊ န ဟဒယင်္ဂမာ၊ နှလုံးသို့မသက်ဝင်။

✝ အတ္ထဝိပန္နတာယ န ဟဒယင်္ဂမာ။ မူလ၊ဋီ၊၁၊၈၀။

ဂ-ဝါကျ။ သမ္ဖံ၊ စီးပွားချမ်းသာကိုဖျက်ဆီးတတ်သောအကြောင်းအရာကို။ (သဒ္ဒတ္ထ)။ ဝါ-နိရတ္ထကံ၊ အနက်အဓိပ္ပါယ်မရှိသောအကြောင်းအရာကို။ (အဓိပ္ပါယတ္ထ)

သံ (ဟိတံ သုခံစ) ပလတိ ပဟရတိ ဝိနာသေတီတိ သမ္ဖံ။

---

## (၂) (၃) ဝါကျခွဲစသည်

ခ-ဝါကျကား ပက္ခန္တရဝါကျ။ ထို-၍ က-ဝါကျကား ပက္ခဝါကျ။

ဂ-ဝါကျကား ပက္ခန္တရ။ ထို-၍ ခ-ဝါကျကား ပက္ခ။

ဃ-ဝါကျကား ဝါကျာရမ္ဘဝါကျ။ ထို-၍ က-ခ-ဂ-ဝါကျတို့ကား အာရဒ္ဓဝါကျ။

ဒေါသပယ်။ ဝိရောဓိဒေါသပယ်။

မှတ်ချက်။ က-ခ-ဂ-ဝါကျတို့ဖြင့် စကားကိုပြသည်။ စကားသည်သာ ပိသုဏဝါစာ၊ ဖရုသဝါစာ၊ သမ္ဖပ္ပလာပဝါစာမည်သလော-ဟု စောဒနာဘွယ်ရှိ၍ ဃ-ဝါကျတက်လာသည်။ စေတနာပိ-၌ သမုစ္စည်း ပိသဒ္ဒါကိုရှု၍ "ဓဝ" အာဘော်ပြု ကျမ်းတက်ရာ၏။

## ဃ-ဝါကျ ကျမ်းတက်

ဆရာ၊ ဆရာသည် က-ခ-ဂ-ဝါကျတို့ဖြင့် ပိသုဏဝါစာ၊ ဖရုသဝါစာ၊ သမ္ဖပ္ပလာပတို့ကို ဖွင့်ပြတော်မူ၏။ ထိုသို့သာဆိုချေသော် စကားသည်သာ ပိသုဏဝါစာ၊ ဖရုသဝါစာ၊ သမ္ဖပ္ပလာပ မည်၏ဟူသော အနက်ရောက်ရာ၏။ စင်စစ်တမူကား စကားသည်သာ ပိသုဏ-လ-သမ္ဖပ္ပလာပ မည်၏ ဟူသော အနက်မရောက်သင့်။ ထိုသို့မရောက် သင့်သောကြောင့် ပိသုဏ-လ-လာပအရ တစ်မျိုးကိုလည်း ပြဆိုသင့်၏။ ပိသုဏ-လ-လာပ အရတမျိုးကို မပြဘဲ မနေသင့်မနေတန်။ ဆိုသင့်လျက် မဆိုချေသော် ဆရာအား အဗျာပိတ အပရိပုဏ္ဏဒေါသ ရောက်ရာ၏-ကြောင့် ဃ-ဝါကျမိန့်။

http://www.dhammadownload.com



င–ဝါကျကား ဝါကျာရမ္ဘဝါကျ။ ဝါ–အစိပ္ပေတတ္တဝါကျ။ ထို–၍ က–ခ–ဂ–ဃ–ဝါကျတို့ကား အာရဒ္ဓဝါကျ။ ဝါ– အတ္တုဒ္ဒါရဝါကျ။

ဒေါသပယ်။ အတိဗျာပိတဒေါသပယ်။

## င–ဝါကျ ကျမ်းတက်

ဆရာ၊ ဆရာသည် က–ခ –ဂ–ဃ–ဝါကျတို့ဖြင့် ပိသုဏာဝါစာ, ဖရုသဝါစာ, သမ္ဖပ္ပလာပ ဟူသော စကားတို့သည်ငှင်း။ ပိသုဏာဝါစာ, ဖရုသဝါ စာ,သမ္ဖပ္ပလာပတို့၏ အကြောင်းရင်းမူလဘူတ ဖြစ်သော စေတနာသည်ငှင်း ပိသုဏာဝါစာ စသောအမည်ကို ရသောဟုဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ဤအကုသိုလ်ကမ္မပထအရာ၌ စကား, စေတနာ–နှစ်မျိုးလုံးကိုပင် အလိုရှိအပ်၏ဟူသော အနက်သည်ရောက်ရာ၏။ စင်စစ်တမူကား ဤအကုသလကမ္မပထအရာ၌ နှစ်မျိုးလုံးကို အလိုမရှိအပ်။ ထိုသို့ နှစ်မျိုးလုံးကို အလိုမရှိအပ်သောကြောင့် ဤ၌ အလိုရှိအပ်သောတရားကိုလည်း ဆိုသင့် ဆိုတန်၏။ ဤ၌ အလိုရှိအပ်သောတရားကို မဆိုဘဲ မနေသင့် မနေတန်။ ဤ၌အလိုရှိအပ်သော တရားကိုမဆိုချေသော် အတိဗျာပိတဒေါသရောက်ရာ၏။ ဤ၌အလိုရှိအပ်သော တရားကား အဘယ်နည်း–ကြောင့်– င–ဝါကျကို မိန့်။

## (၄) ဝိဂ္ဂဟာဒိ

ပိသုဏာ။ ပိယဉ္စ သုညဉ္စ ပိယသုညံ။ ပိယသုညံ ကရောတိ တောယာတိ ပိသုဏာ။

တောယ၊ ထိုစကားဖြင့်။ တံသမင်္ဂီပုဂ္ဂလော၊ သည်။ ပိယဉ္စ (အတ္တနော ပိယဘာဝဉ္စ)၊ မိမိ၏ချစ်အပ်သည်၏အဖြစ်ကိုငှင်း။ သုညဉ္စ၊သူတစ်ပါး၏၊ ဝါ–အား ချစ်ခြင်းမှဆိတ်သည်၏အဖြစ်ကိုငှင်း။ ကရောတိ၊ ပြုတတ်၏။ ဣတိ သာ ဝါစာ ပိသုဏာ။

ပိယသုညံ ကရောတိ တောယကား ကရဏသာဓနကိတန္တဒုတိယာတပ္ပုရိသ် သမာသ် ဝိဂြိုဟ်၊ ပိသုဏာကား ငှင်းသမာသ်ပုဒ်။ ပိယသုည–သဒ္ဒူပ ပဒ၊ ကရဓာတ်၊ ယုပစ္စည်း။

ပိယသုညဟူသောဝိသေသနပုဒ်အရကား မိမိ၏ချစ်အပ်သည်၏အဖြစ်, သူတစ်ပါး၏၊ဝါ–အား ချစ်ခြင်းမှဆိတ်သည်၏အဖြစ်သည် မုချ။

ယင်း၏ ပြုသောသူနှင့် ကမ္မ ကမ္မိ၊ အာရုံ အာရမ္မဏိကအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဌာနူပစာ။ (သမာသ်ကောက်ပြီး)

ကရဓာတ်အရ ကတ္တုဋ္ဌကြိယာအရကား ပိယသုညကိုပြုသောသူ၏ ရုပ်နာမ်ခန္ဓာတို့၏ဥပါဒ်သည် မုချ။

ကရဏဋ္ဌကြိယာအရကား ထို–အားတပ်သောစကား၏ ပကတူပ နိဿယ သတ္တိသည် ကာရဏူပစာအားဖြင့်ရ၏။

ယုပစ္စည်းအရကား ထိုမုချ ဌာနူ၊ ကာရဏူပစာတို့ဖြင့်မှတ်အပ်သော စကားဒြဗ် ရ၏။ (ပိသုဏာစကား) ရ၏။ (ဝိသေသနဆက်ကောက်)

http://www.dhammadownload.com



ပိသုဏာဝါစာ။ ပိသုဏာစ သာ ဝါစာစာတိ ပိသုဏာဝါစာ။

ပိသုဏာစ၊ သည်လည်း။ ဟောတိ၊ ၏။ သာ၊ သည်။ ဝါစာစ၊ သည်လည်း။ ဟောတိ၊ ၏။ ဣတိ ပိသုဏာဝါစာ။

မှတ်ချက်။ ပိသုဏာပုဒ် ဝိဂ္ဂဟအနက်ပြန်ကြည့်။ ပိသုဏာနှင့် ဝါစာ – ဝိသေသန ဝိသေသျစပ်၍ ဗျုပ္ပတ္တိစတုက္ကထုတ်လေ။ ဖရုသ, သမ္ဖပ္ပလာပပုဒ် တို့၏ ဝိဂ္ဂဟစသည်ကို ၆–နံပါတ်အဖြေရှုလေ။

နိရတ္ထကံ။ နတ္ထိ အတ္ထော ဧတိဿာတိ နိရတ္ထကာ။ (ဝါစာ ရ၏။ တံဟု ဝိဘတ္တျန္တ ခံ)

ဧတိဿာ ဝါစာယ၊ ထိုစကားအား။ အတ္ထော၊ အကျိုးသည်။ ဝါ–အနက်အဓိပ္ပါယ်သည်။ နတ္ထိ၊ မရှိ။ ဣတိ နိရတ္ထကာ။ အကျိုးမရှိ၊ ဝါ–အနက် အဓိပ္ပါယ်မရှိခြင်း အဘာဝဗဟုဗ္ဗီဟိ။ စကားဒြဗ်နှင့် ဂုဏ်ဂုဏီစပ်။

ဖရုသံ။ ပရေ ဖနေ၊ တစ်ပါးကုန်သောသူတို့ကို။ ဥသာပေတိ ဒါဟေတိ၊ ပူလောင်စေတတ်၏။ ဣတိ ဖရုသံ။ ဥသဓာတ်၊ ဒါဟ၊ ပူပန်ခြင်း၌ ဖြစ်စ်။ အ–ပစ္စည်း။ ပရုသ–ဟူလိုလျက် ပ–ကို ဖ ပြု။ ဖရုသပြီးသည်။ ဖရုသံ။ ကြမ်းကြုတ်ခြင်းကို–ဟုအနက်ပေး။ ကိတ်နာမ်ပုဒ်။ ဓာန်၊ ဋီ၊ ၁၂၅။ သူစိ–ကြည့်။

ဖရုသာ။ ဖရုသံ ကရောတီတိ ဖရုသာ။ (ဝါစာ–ရ) ကရောတိတဒ္ဓိတ်ပုဒ်၊ ဖရုသပုဒ်+ ဏာပစ္စည်း။

ဟဒယင်္ဂမာ။ ဟဒယသဒ္ဒူပပဒ+ဂမုဓာတ်+အ–ပစ္စည်း။

✝ ဟဒယံ မနံ ဂစ္ဆတိ ပဝိသတီတိ ဟဒယင်္ဂမံ။ ဂမု ဂတိယံ အ။ သူစိ။

သမ္ဖံ။ သံပုဗ္ဗ+ဖလဓာတ်+ကွိပစ္စည်း။ ဂ–ဝါကျအာဘော်နှင့်ယှဉ်ကြည့်။

---

(၆) အာဘောဂ သံဝဏ္ဏနာ

က–ဝါကျ၌ ယာယ ဝါစာယ အတ္တနော ပိယဘာဝံ ပရဿစ သုည ဘာဝံ ကရောတိ–ဖြင့် ပိယနှင့် သုညကို ပိယာဥ္စ သုညဥ္စ ပိယသုည်–ဟု ဒွန် သမာသ်ဝစနတ္ထပြုရမည်ကိုင်း၊[၁] ပိယသုည နှင့် ကရဏ–ကို ပိယသုည် ကရောတိ ဧတာယာတိ ပိယသုညကရဏာ–ဟု ကရဏသာဓန ကိတန္တတပ္ပုရိသ် သမာသ်ဝစနတ္ထ ပြုရမည်ကိုင်း၊[၂] ယုပစ္စည်း၏ ကရဏ သာဓန၌သက်သည် ကိုင်း၊[၃] ပိယသုညကရဏာဟု ဆိုလိုလျက် ယ, ည,ကရတို့ကိုချေ၍ ပိသုဏာ ဟု နိရုတ္တိနည်းဖြင့် ရုပ်ပြီးသည်၏အဖြစ်ကိုင်း၊[၄] ပိယဘာဝံ သုညဘာဝံ–၌ ဘာဝံ–ဖြင့်ပိယပုဒ် သုညပုဒ်တို့၏ ဘာဝပ္ပဓာန, ဘာဝလောပ အဖြစ်ကိုင်း[၅] သိစေသည်။

၁။ အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ။ ၂။ အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ။

၃။ ဒုတိယပစ္စယတ္ထ။ ၄။ ဘာဝတ္ထ။ ၅။ ဘာဝတ္ထ။

✝ စသဒ္ဒေါ အဋ္ဌာနပယုတ္တော၊ သော ဒွန္ဒဂဗ္ဘဘာဝံ ဓောတေတုံ ကမ္မဒ္ဒယေ ပယုဇ္ဇိတဗ္ဗော။ သီ၊ ဋီ၊ သစ်၊၁၊ ၃၃၈။

http://www.dhammadownload.com



မှတ်ချက်။ ပိသဓာတ်+ဥနပစ္စည်းဖြင့်လည်း ပိသုဏာ–ဟုပြီးသည်။ န–ကို ဏပြု။

✝ ပိသ သံစုဏ္ဏေ။ ပိသိ အဝယဝေဝါ။ ပိသတီတိ ပိသုဏော။ ယဒါဒိနာ ဥနော။ ဏတ္တံ။ သူစိ။

ခ–ဝါကျ၌ ယာယ အတ္တာနမ္ပိ ပရမ္ပိ ဖရုသံ ကရောတိ–ဟူသော ပထမဝိကပ်ဖြင့် ဖရုသာ ပုဒ်ကို ဖရုသံ ကရောတီတိ ဖရုသာ–ဟု ကရောတိ တဒ္ဓိတ်ဝစနတ္ထပြုရမည်ကိုင်း၊[၁] ဏာ–ပစ္စည်း ကရောတိတဒ္ဓိတ်၌သက်သည်ကိုင်း၊[၂] အကျိုးဖြစ်သော မိမိသူတစ်ပါး ကြမ်းထမ်းခြင်း၏ ဖရုသာ ဟူသောအမည်ကို အကြောင်းဖြစ်သော ဝါစာ၌တင်စား၍ ဖလူပစာအားဖြင့် ဖရုသဝါစာ မည်သည် ၏အဖြစ်ကိုင်း[၃] သိစေသည်။ ၁။ အဘိဓာနတ္ထ။ ၂။ ပစ္စယတ္ထ။ ၃။ ဘာဝတ္ထ။

✝ ဧတ္ထ ပန ပထမနယေ ဖရုသံ ကရောတီတိ ဝစနတ္ထေန ဝါ ဖလူပစာ ရေန ဝါ ဝါစာယ ဖရုသသဒ္ဒပ္ပဝတ္တိ ဝေဒိတဗ္ဗာ။ သီ၊ ဋီ၊ သစ်။

ခ–ဝါကျ၌ ယာယဝါစာ သယမ္ပိ–စသောဝိကပ်ဖြင့် ဒေါမနဿကြောင့်ဖြစ်ရကား ယင်း ဖရုသဝါစာသည် ကက္ကသ (ဖရုသ) ဝါစီရှင်ပုဒ်တည်း၊[၁] တစ်နည်း။ အကြောင်းဖြစ်သော ဒေါမနဿ ပုဒ်၏ ဖရုသအမည်ကို အကျိုးဝါစာ၌တင်စား၍ ကာရဏူပစာအားဖြင့် ဖရုသဝါစာမည်သတည်း၊[၂] ဟုသိစေသည်။ ၁။ ဘာဝတ္ထ။ ၂။ ဘာဝတ္ထ။

✝ ဒုတိယနယေ မမ္မစ္ဆေဒနဝသေန ပဝတ္တိယာ ဧကန္တနိဋ္ဌုရတာယ ရုဠှီသဒ္ဒဝသေန သဘာဝေန ကာရဏူပစာရေန ဝါ ဖရုသသဒ္ဒပ္ပဝတ္တိ ဒဋ္ဌဗ္ဗာ။ သီ၊ဋီ၊ သစ်။

ခ–ဝါကျ၌ နေဝ ကဏ္ဏသုခါ န ဟဒယင်္ဂမာ–ဖြင့် ယင်းဖရုသဝါစာသည် နားမချမ်းသာ, စိတ်နှလုံးသို့ မသက်ဝင်–ဟူသော အဓိပ္ပါယ်ကို သိစေသည်။ (ဘာဝတ္ထ).

ဂ–ဝါကျ၌ နိရတ္ထကံ–ဖြင့် သမ္ဖံပုဒ်ကို သံဟိတံ သုခဥ္စ ဖလတိ ပဟာရတိ ဝိနာ–သေတီတိ သမ္ဖံ–ဟု ဝစနတ္ထပြု၍ မိမိအားရှင်း၊ သူတစ်ပါးတို့အားရှင်း ကျေးဇူးမပြု တတ်သော အလုံးစုံသော စကားကို ယူရမည်ဟု သိစေသည်။ (သရုပ်ကြား အဘိဓေယျတ္ထ)

ဂ–ဝါကျ၌ ယေန သမ္ဖံ ပလပတိ–ဖြင့် သမ္ဖပ္ပလာပေါပုဒ်ကို သမ္ဖံ ပလပတိ ဧတေနာတိ သမ္ဖပ္ပလာပေါ–ဟု ကရဏသာဓနေကိတန္တတပ္ပုရိသ် သမာသ် ဝစနတ္ထပြုရ မည်ကိုင်း၊[၁] ဏ– ပစ္စည်း၏ ကရဏသာဓနေ၌သက်ရမည်ကိုင်း၊[၂] သိစေသည်။

၁။ အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ။ ၂။ ဒုတိယပစ္စယတ္ထ။

မှတ်ချက်။ ဂရုကနည်းဖြင့် ပလပတိ ဧတေနာတိ ပလာပေါ၊ သမ္ဖဿ ပလာပေါ သမ္ဖပလာပေါ–ဟု ဝိဂ္ဂဟပြု၍ အာဘော်ဖော်လေ။

ဃ–ဝါကျဖြင့် ဝုစ္စတိ ဧတာယာတိ ဝါစာ (စေတနာရှ၏) ပိသုဏာယ၊ ကို။ ဝါစာ၊ ပြောဆို ကြောင်း (စေတနာ)တည်း။ ဤသို့သော သမာသဝိသယ (သမာသ်အရာ၌) စေတနာကို မုချအားဖြင့် ပိသုဏဝါစာမည်သည်ကိုင်း၊[၁] ဗျာသ (ဝါကျ)အရာ၌ အကျိုးပိသုဏဝါစာ၏အမည်ကို အကြောင်း

http://www.dhammadownload.com



စေတနာ၌ တင်စား၍ ဖလူပစာအားဖြင့် စေတနာ သည် ဝိသုဏ္ဍာဝါစာမည်သည်ကိုဂိုင်း၊ သိစေသည်။
၁။ အဘိဓေယျတ္ထ၊ ဘာဝတ္ထ။ ၂။ အဘိဓေယျတ္ထ၊ဝါ-ဘာဝတ္ထ။

✝ သမာသဝိသယေ ဟိ မုချဝသေန အတ္တော ဂဟေတဗ္ဗော။ ဗျာသ ဝိသယေ ဥပစာရဝသေနပိ ဒဋ္ဌဗ္ဗံ။ သီ၊ဋီ၊သစ်။

င-ဝါကျဖြင့် ဤအကုသလကမ္မပထအရာ၌ စေတနာကိုသာ အလိုရှိအပ်သတည်းဟု သိစေသည်။ (အဓိပ္ပေတတ္ထ၊ ဝါ- အဘိဓေယျတ္ထ)

## (၇) ဥပသဂ္ဂနိပါတတ္ထ

ပရဿစ။ စသဒ္ဒါကား သမုစ္စယဇောတကတ္ထ။

အတ္တာနမ္ပိ ပရမ္ပိ-ပိသဒ္ဒါ(အပိသဒ္ဒါ) ကား သမုစ္စယတ္ထ။

သမ္ပံ-၌ သံသဒ္ဒါကား ဟိသုခတ္ထ။

နိရုတ္တက-၌ နိသဒ္ဒါကား အဘာဝတ္ထ။

စေတနာယပိ-၌ ပိ (အပိ) သဒ္ဒါကား သမုစ္စယတ္ထ။

ပိသုဏာဝါစာဒိနာမမေဝ-၌ ဧဝသဒ္ဒါ
၁။ ပိသုဏာဝါစာစသောအမည်သည် ဂဟေတဗ္ဗတ္ထ။
၂။ တစ်ပါးသောအမည်သည် နိဝတ္တေတဗ္ဗတ္ထ။
၃။ ပိသုဏာဝါစာစသည်၏ဂုဏ်သည် အနုညာတတ္ထ။

သာ ဧဝ-၌ ဧဝသဒ္ဒါ
၁။ မူလစေတနာသည် ဂဟေတဗ္ဗတ္ထ။
၂။ ပိသုဏာဝါစာစသောစကားသည် နိဝတ္တေတဗ္ဗတ္ထ။
၃။ စေတနာ၏ စေတယိကလက္ခဏာဂုဏ်သည် အနုညာတတ္ထ။

### ပရေသံ ဝါ ဘေဒါယ အတ္တနော ဝိယကမျတာယဝါ-၌ ဝါသဒ္ဒါ၏ အနက်

ကုန်းတိုက်ရာ၌-

၁။ နှစ်ယောက်ကွဲစေလို၍

၂။ မိမိအားချစ်စေလို၍

၃။ ကွဲစေလို ချစ်စေလို၍-ဤသို့အနက်ယူပုံမမြဲသဖြင့် ယင်းဝါသဒ္ဒါကို အနိယမ ဝါသဒ္ဒါဟုဆိုရသည်။

✝ အနိယမ ဝါသဒ္ဒမှာ၊အတ္ထယူပုံ၊မစုံတနဲ၊စုံတနဲ၊အမြဲမမှတ်အပ်။(သမ္ဗန္ဓစိန္တာဂဏ္ဌိ)

http://www.dhammadownload.com



## သဗ္ဗနာမဝိသယ

က-ဝါကျ၌ တသဒ္ဒါ ရှေ့ဝါကျ ဆိုတတ်သောသူကိုစွဲသောကြောင့် ပဏ္ဏတ္တိဝိသယ-တ။

မှတ်ချက်။ ယသဒ္ဒါ-၌ ယကား အနိယတ်။ တသဒ္ဒါ-၌ တကား နိယတ် ခွဲလေဦး။

---

## (၈) ကြိယာငါးတန်

မေး။ ပိသုဏာဝါစာပုဒ်၏ သမာသဝိသယအရ တရားကိုယူ၍ ကြိယာငါးတန်ထုတ်ပါ။

ဖြေ။ ၁။ ပိသုဏာဝါစာအကုသိုလ်စေတနာ ဒသ္သနတ္ထ။

၂။ အယောနိသောမနသိကာရသည် ဒီပကတ္ထ။

၃။ သဝိညတ္တိကဝစီဘေဒသဒ္ဒါသည် ပကာသနတ္ထ။

၄။ အသပ္ပုရိသူပနိဿယစသည် ဝိဘာဝတ္ထ။

၅။ သီလဝိပတ္တိ, ဝိပ္ပဋိသာရအစ အပါယဒုက္ခအဆုံး မကောင်းကျိုး မှန်သမျှသည် အနုဘာဝတ္ထ။

မှတ်ချက်။ ဖရုသဝါစာ,သမ္ဖပ္ပလာပဝါစာတို့၌လည်း ဤနည်းတူထုတ်။

မေး။ ပိသုဏာဝါစာပုဒ်၏ ဗျာသဝိသယအရ မုချတ္ထတရားကိုယူ၍ ကြိယာငါးတန် ထုတ်ပါ။

ဖြေ။ ၁။ အကျိုးပိသုဏာဝါစာ (စကားလုံး)သည် ဒသ္သနတ္ထ။

၂။ အကြောင်းစေတနာသည် ဒီပကတ္ထ။

၃။ မိမိကိုချစ်ခြင်း။ သူတစ်ပါးကိုမုန်းခြင်း ပကာသနတ္ထ။

၄။ အယောနိသောမနသိကာရ- အသပ္ပုရိသူပနိဿယစသည် ဝိဘာဝတ္ထ။

၅။ အပါယဒုက္ခစသည်သည် အနုဘာဝတ္ထ။

မေး။ ဘာသတီအရ ပဓာနတရားကိုယူ၍ ကြိယာငါးတန်ထုတ်ပါ။

ဖြေ။ ၁။ ပိသုဏာဝါစာအကုသိုလ်စေတနာ ဒသ္သနတ္ထ။

မှတ်ချက်။ သမာသဝိသယအရထုတ်ပုံနှင့် အတူတူပင်။ ဘာသတီအရ အပဓာန အရ ဆိုလျှင် ပိသုဏာဝါစာကိုပြောသူရသည်။ ခန္ဓာပဋ္ဌကယူ၍ ထုတ်ရမည်။

---

## (၁၀) ပစ္စည်းပြိုင်

ဘာသတိ-အရ အပဓာန ပိသုဏာဝါစာအကုသိုလ်စေတနာပစ္စည်းတရားက ယာယ-ဝါစာယနှင့် တံဝါစံအရ သဝိညတ္တိကဝစီဘေဒသဒ္ဒပစ္စယုပ္ပန်တရားအား သဟဇာတ ပစ္စယသတ္တိဖြင့် ကျေးဇူးပြု။

ပြိုင်။ သဟကြီး ၄၊ ဝိပ္ပယုတ္တ၊ ကမ္မ၊ အာဟာရ။

http://www.dhammadownload.com



ဝါစံအရ မနသာဝဝတ္ထာပိတသဒ္ဒ အာရုံပစ္စည်းတရားက ဘာသတိအရ –ပိသုဏာဝါစာ အကုသိုလ်စေတနာအား အာရမ္မဏပစ္စယပစ္စည်း။ (ပြိုင်မရှိ။)

ယဿ–အရ ပြောဆိုအပ်သောပုဂ္ဂိုလ်ပစ္စည်းတရားက ဘာသတိအရ –အဆိုပါ စေတနာပစ္စယုပ္ပန်တရားအား အာရမ္မဏဖြင့် ကျေးဇူးပြု။ ပုဂ္ဂိုလ်၌ရှိသော ရုပ်ရုံစသည်က စေတနာအား– အာ,ပု,တွဲ, အဝိဂတ–၄–ပစ္စည်းပြိုင်။

---

(က) ပရဿ မမ္မစ္ဆေဒကကာယဝစီပယောဂသမုဋ္ဌာပိကာ ကေန္တဖရုသစေတနာ ဖရုသဝါစာ။ (ခ) အနတ္ထဝိညာပိကာ ကာယဝစီပယောဂသမုဋ္ဌာပိကာ အကုသလ စေတနာ သမ္ဖပ္ပလာပေါ။ အဘိ၊ ဋ္ဌ၊ ၁၊ ၁၄၃။

မမ္မ။ မရဓာတ်+မပစ္စည်း၊ ကရဏသာဓန။ ဓာတွန် ရ–ကို ပရရုပ် မ–ပြု။ မ–ကို မ– သို့ကပ်၊ မမ္မပြီး၏။

† မရန္တိနေနာတိ မမ္မံ = ယသ္မိံ တာဠိတေ န ဇီဝတိ တံ။ မောဂ်၊ ၇၊၁၃၆။

**ပြည်နီသျှအမှာ။** မရန္တိ အနေနာတိ မမ္မံ၊ ယသ္မိံ တာဠိတေ န ဇီဝတိ၊တံ ဌာနံ မမ္မံ နာမ။ မရ ပါဏစာဂေ မော။ အနေန၊ ဤဖေ့းစေ့စသောဌာနဖြင့်။ သတ္တာ၊ တို့သည်။ မရန္တိ။ သေတတ်ကုန်၏။ က္လတိ တသ္မာ၊ ကြောင့်။ တံ ဌာနံ၊ ထိုဖေ့းစေ့စသောဌာနသည်။ မမ္မံနာမ၊ မမ္မ– မည်၏။ ယသ္မိံ ဌာနေ။ အကြင် ဖေ့းစေ့ စသောဌာနကို။ တာဠိတေ၊ ရိုက်နှက် ပုတ်ခတ်အပ် သည်ရှိသော်။ န ဇီဝတိ၊ အသက်မရှင်။ တံ ဌာနံ၊ သည်။ မမ္မံ နာမမည်၏။ မဟာပဒေသသုတ်ဖြင့် မ–ပစ္စည်းသက်၍ ရ–ကိုလည်း ပရရူပမ–ပြု၍ပြီးသတည်း။ မမ္မံ ဆိန္ဒတီတိ မမ္မစ္ဆေဒကော။ ဤ၌ကား မမ္မစ္ဆေဒကောဝိယာတိ မမ္မစ္ဆေဒကော–ပြု၍ သေကြောင်းဖြစ်သော ဖေ့းစေ့စသောအရပ်ကို ရိုက်နှက်ဖြတ်ပယ်သည်နှင့် တူစွာ နာသီးသော ကာယပယောဂ, ဝစီပယောဂကို ရသတည်း။

**သီ၊ဋီ၊သစ်ဝါဒ။** မမ္မာနီတိ ဒုဋ္ဌာရူနိ။ သဒိယတာယ ပန ဣဓ အက္ကောသ–ဝတ္ထူနိ မမ္မာနီတိ ဝုစ္စန္တိ။ ယထာ ဟိ ဒုဋ္ဌာရူသု ယေနကေနစိ ဝတ္ထုနာ ဃဋ္ဋိတေသု အဓိမတ္တံ ဒုက္ခံ ဟောတိ၊ တထာ တေသု ဇာတိအာဒီသု အက္ကောသ ဝတ္ထူသု ဖရုသဝါစာယ ဖုသိတမတ္တေသူတိ။ သီ၊ဋီ၊သစ်။

ဒုဋ္ဌာရူနိ = ဒုဋ္ဌ၊ ပျက်သော+အရူနိ–အနာတို့၊ အခြေအနေဆိုးသော အလိုလို့ပင် နာကျင် ပျက်စီးနေသောအနာကို ထိခိုက်လျှင် အလွန်နာသကဲ့သို့ ထိုအတူ ဇာတိ ဂေါတ္တ စသော အက္ကောသ ဝတ္ထုကို ထိခိုက်ဆဲရေးလျှင် အလွန်နာသည်။ သို့ဖြစ်၍ ဇာတိ ဂေါတ္တ စသောအက္ကောသဝတ္ထုကို "မမ္မံ ဝိယာတိ မမ္မံ"ဟု ဥပမာတဒ္ဓိတ်ဆင့်၍ "မမ္မ"ဟုဆိုသည်။

မမ္မစ္ဆေဒက။ မမ္မံ ဆိန္ဒတီတိ မမ္မစ္ဆေဒကော–ဟု လဟုကနည်းဖြင့်၎င်း၊ ဆိန္ဒတီတိ ဆေဒကော၊ မမ္မဿ ဆေဒကော မမ္မစ္ဆေဒကော–ဟု ဂရုကနည်းဖြင့်၎င်း ဝစနတ္ထပြု။

နှုတ်ထွက်ကြမ်းကာမျှဖြင့် စိတ်သိမ်မွေ့လျှင် ဖရုသဝါစာမဖြစ်။

† စိတ္တသဏှတာယ ဖရုသဝါစာ န ဟောတိ။ အဘိ၊ဋ္ဌ၊၁၊၁၄၃။

http://www.dhammadownload.com



နှုတ်ထွက်သိမ်မွေ့သော်လည်း စိတ်ကြမ်းလျှင် ဖရုသဝါစာဖြစ်၏။

† စိတ္တဖရုသတာယ ပနေသာ ဖရုသဝါစာဝ။ အဘိ၊ဋ္ဌ၊၁၊၁၄၃။

မေး။ ဖရုသစေတနာ–ဟုသာ မဆိုဘဲ ကေန္တဖရုသစေတနာဟု အဘယ့်ကြောင့် ဆိုပါသနည်း။

ဖြေ။ ဒုဋ္ဌစိတ် (ဝါ) ဒေါသစိတ်ရှိသည်၏အဖြစ်ကြောင့်သာလျှင် ဖရုသစေတနာကို အလိုရှိအပ်၏။ စကားသံကြမ်းတမ်းခြင်းမျှဖြင့် အလိုမရှိအပ်ဟု သိစေခြင်းငှါ ဖရုသဝါစာ ဟုသာမဆိုဘဲ ကေန္တဖရုသဝါစာဟုဆိုသည်။

† ဖရုသစေတနာ ဣစ္စေဝ အဝတွာ "ကေန္တဖရုသစေတနာ"တိ ဝစနံ ဒုဋ္ဌစိတ္တတာယဧဝ ဖရုသစေတနာ အဓိပ္ပေတာ။ န ပန သဝနဖရုသမတ္တေနာတိ ဉာပနတ္ထံ။ သီ၊ဋီ၊သစ်။

အနတ္ထဝိညာပိကာ

အတ္ထ။ (က) ပြောအပ်သောစကား၏အနက်အဓိပ္ပါယ်=ဘာသိတတ္ထ။

( ခ) အကျိုးဟူသောအနက် = ပယောဇနတ္ထ။ သီ၊ဋီ၊သစ်၊၁။

အနတ္ထဝိညာပိကာ၊ အနက်အဓိပ္ပါယ်မရှိသောအကြောင်းအရာကို သိစေ တပ်သော။ ဝါ–အကျိုးမရှိသောအကြောင်းအရာကို သိစေတတ်သော။

---

(က) အဘိဇ္ဈာယတီတိ အဘိဇ္ဈာ။ (ခ) ပရဘဏ္ဍာဘိမုခီ ဟုတွာ တန္နိန္နတာယ ပဝတ္တတီတိ အတ္ထော။ (ဂ) သာ အဟောဝတ ဣဒံ မမဿာတိ ဧဝံ ပရဘဏ္ဍာဘိဇ္ဈာယနလက္ခဏာ။ (ဃ) အဒိန္နာဒါနံ ဝိယ အပ္ပသာဝဇ္ဇာ မဟာသာဝဇ္ဇာစ။ (င) တဿဒ္ဒေ သမ္ဘာရာ ပရဘဏ္ဍံ, အတ္တနော ပရိဏာမနဉ္စာတိ။ (စ) ပရဘဏ္ဍဝတ္ထုကေပိ လောဘေ ဥပ္ပန္နေပိ န တာဝ ကမ္မပထဘေဒေါ ဟောတိ။ ယာဝ န "အဟော ဝတ ဣဒံ မမဿာ"တိ အတ္တနော ပရိဏာမေတိ။ ဘိ၊ ဋ္ဌ၊ ၁၊ ၁၄၃–၄။

## (၁) အနက်ယောဇနာ

(က) ယာတဏှာ၊ သည်။ (ဝါ–ယာဓမ္မဇာတိ၊သည်) ပရဘဏ္ဍံ၊ သူတစ်ပါးတို့၏ စည်းစိမ်သို့ (ကံထည့်) အဘိဇ္ဈာယတိ၊ ရှေ့ရှုကြံတတ်၏။ ဣတိ သာ တဏှာ၊ (ဝါ–သာ ဓမ္မဇာတိ) သည်။ အဘိဇ္ဈာ၊ မည်၏။ (အနိယမ, နိယမကတ္တားထည့်ပုံ)

(ခ) ဣတိအယံ၊ကား။ အဘိဇ္ဈာတိပဒဿ၊ ၏။ အတ္ထော၊ အနက်တည်း။

(ဃ) အဒိန္နာဒါနံ၊ သည်။ အပသာဝဇ္ဇံစ မဟာသာဝဇ္ဇံစ ဟောတိ ဝိယ ဧဝံ အဘိဇ္ဈာ။ သည်။ အပသာဝဇ္ဇာစ မဟာသာဝဇ္ဇာစ ဟောတိ၊ (ဥပမာန အဇ္ဈောကရဏ၊ (သို့) ဥပမာန ကိုထင်ရှားစေ)

http://www.dhammadownload.com



တစ်နည်း။ အဘိဇ္ဈာ၊ သည်။ အပ္ပသာဝဇ္ဇာစ၊ သည်ငှင်း။ မဟာသာဝဇ္ဇာစ၊ သည်ငှင်း။ ဟောတိ။ ကိမိဝ၊အဘယ်ကဲ့သို့နည်းဟူမူကား။ အဒိန္နဒါနံ၊သည်။ အပ္ပသာဝဇ္ဇံ-ဝိယစ၊ကဲ့သို့ငှင်း။ မဟာဝဇ္ဇံ ဝိယစ၊ ကဲ့သို့ငှင်း။ ဟောတိ၊၏။ (ဥပမာနဗဟိကရဏ ယောဇနာ၊ဝါ- ဝါကျအပြန်အလှန်ယောဇနာ)

## (၂) (၃) ဝါကျခွဲစသည်

ခ-ဝါကျကား ဝိတ္ထာရဝါကျ။ ထို-၍ က-ဝါကျကား သခ်ေပဝါကျ။

ခ-ဝါကျ ပါပနာဒိကျမ်းတက်

ဆရာ၊ ဆရာသည်။ က-ဝါကျဖြင့် အဘိဇ္ဈာပုဒ်ကို ကတ္တုသာဓနဝစနတ္ထပြုရ သောဟု အဘိဓာနတ္ထအကျဉ်းကို ဆိုတော်မူ၏။ ထိုသို့သာဆိုချေသော် အဘိဇ္ဈာယတိ-၌ အဘိသဒ္ဒါ အတိရေကအနက်ကိုဟော၍ ဈေဓာတ်သည် ဥဇ္ဈာနအနက်ကိုဟော၏ ဟူသောအနက်ရောက် ရာ၏။(အနု+ပါ) စင်စစ်တမူကား ဤအဘိသဒ္ဒါ အတိရေကအနက် ဈေဓာတ် ဥဇ္ဈာနအနက်ဟော မဖြစ်သင့်၊ (ပဋိ+ပါ) ယင်းသို့မဖြစ်သင့်သောကြောင့် (ရောပနာပါဒကဟိတ်) အဘိသဒ္ဒါ၏ ဤ၌ ဖြစ်သင့်သောအနက်နှင့် ဈေဓာတ်၏ ဤ၌ ဖြစ်သင့်သောအနက်ကို ဆိုသင့်ဆိုတန်၏။ (အနု+ရော) အဘိဇ္ဈာသဒ္ဒါ အဘိဓာနတ္ထကိုသာ မဆိုသင့် (ပဋိ+ရော) (ဝါ) အဘိသဒ္ဒါ၏ ဤ၌ ဖြစ်သင့်သော အနက်နှင့် ဈေဓာတ်၏ ဤ၌ဖြစ်သင့်သောအနက်ကို မဆိုဘဲ မနေသင့်မနေတန် (ပဋိ+ရော) ဤ၌ အဘိသဒ္ဒါ သည် အဘယ်အနက်ကိုဟော၍ ဈေဓာတ်သည် အဘယ်အနက်ကို ဟောပါသနည်း- ကြောင့် ခ-ဝါကျမိန့်။

မှတ်ချက်။ နံပါတ် (၆) အာဘော်နှင့် ယှဉ်ကြည့်။

ဒေါသပယ်။ အတိဗျာပိတဒေါသပယ်။ အဘိဇ္ဈာ-၌ အဘိဥပသာရ၏ အတိရေက စသည်, ဈေဓာတ်၏ ဥဇ္ဈာနတ္ထစသည် အလွန်ပျံ့နှံ့ခြင်း အတိဗျာပိတ ဒေါသကို ပယ်သည်။

ဂ-ဝါကျကား ပက္ခန္တရ။ ထို-၍ ခ-ဝါကျကား ပက္ခ။

ဒေါသပယ်။ အဗျာပိတ, အပရိပုဏ္ဏဒေါသပယ်။

ဃ-ဝါကျကား ဝါကျာရမ္ဘဝါကျ။ ဝါ-အတိဒေသသံဝဏ္ဏနာဝါကျ။ ထို-၍ ခ-ဝါကျကား အာရဒ္ဓဝါကျ။

ဒေါသပယ်။ အပ္ပသာဝဇ္ဇာ, မဟာသာဝဇ္ဇာ-ဖြစ်ပုံကို အဒိန္နဒါန်ကဲ့သို့ -ဟု ညွှန်းပြသဖြင့် -ကျမ်းကျယ်ဝန်းခြင်း ကျမ်းလေးခြင်း ဂန္ထဂရုဒေါသ, အဒိန္နဒါန၌ဆိုပြီး သည်ကို ထပ်၍မဆိုတော့ သဖြင့် ပုနရုတ္တိဒေါသ မသင့်တော့ပြီ။ သို့ဖြစ်၍ ယင်း ဃ-ဝါကျဖြင့် ယင်းဒေါသများကို ပယ်သည်။

စ-ဝါကျကား ယုတ္တိဒဋ္ဌိကရဏဝါကျ။ ထို-၍ င-ဝါကျကား ယုတ္တိဒဋ္ဌိယဝါကျ။

ဒေါသပယ်။ ဝိရောဓိဒေါသ, ဩဇိတျဟီနဒေါနပယ်။

http://www.dhammadownload.com



## (၄) ဝိဂ္ဂဟာဒိ

အဘိဇ္ဈာ။ အဘိဇ္ဈာယတီတိ အဘိဇ္ဈာ

၁။ အ–ဟူသော ဘိဓ်–ဟူသော ဈာ–ဟူသော အစိတ်ပရမတ္ထသဒ္ဒါသည် ဗျုပ္ပတ္တိ။

၂။ ထို–၏ အကြောင်းဖြစ်သော အဘိပုဗ္ဗ+ဈေဓာတ်၊ အပစ္စည်းသည်ငင်း၊ ရှေ့ရှုကြံတတ်သောကြိယာသည်ငင်း ဗျုပ္ပတ္တိနိမိတ်။

၃။ အဘိဇ္ဈာ–ဟူသောအပေါင်းပညတ္တိသဒ္ဒါသည် ပဝတ္တိ။

၄။ အဘိဇ္ဈာတရားတို့၏ တစ်ခုသည်တစ်ခုနှင့်တူသောအချင်းအရာအာကာရသည် ပဝတ္တိနိမိတ်။ (ဓာန်ဋီနည်း)

၁။ အဘိဇ္ဈာယတိ–ဟူသောဝိဂ္ဂဟဝါကျသည် ဗျုပ္ပတ္တိ။

၃။ အဘိဇ္ဈာ–ဟူသော နိပ္ဖန္နသည် ပဝတ္တိ။ ၂–၄။ တူပြီ။

---

(က) ဟိတသုခံ ဗျာပါဒယတီတိ ဗျာပါဒေါ။ (ခ) သော ပရ ဝိနာသာသာယ မနောပဒေါသလက္ခဏော။ (ဂ) ဖရုသဝါစာ ဝိယ အပ္ပသာဝဇ္ဇော, မဟာသာဝဇ္ဇောစ။ (ဃ) တဿ ဒွေ သမ္ဘာရာ ပရသတ္တောစ တဿစ ဝိနာသစိန္တာတိ။ (င) ပရသတ္တဝတ္ထုကောဟိ ကောဓေ ဥပ္ပန္နေပိ န တာဝ ကမ္မပထ ဘေဒေါ ဟောတိ၊ ယာဝ "အဟောဝတာယံ ဥစ္ဆိဇ္ဇေယျ ဝိနဿေယျာတိ တဿ ဝိနာသနံ န စိန္တေသိ။ ဋ္ဌ၊ ၁၄၄။

## (၁) အနက်ယောဇနာ

က။ ဗျာပါဒယတိ၊ ဖောက်ပြန်ခြင်းသို့ရောက်စေတတ်၏။ (ဝိ+အာ+ ပဒ+ ဏယ+တိ။ သဒ္ဒတ္ထ။) ဝါ–ဖျက်ဆီးတတ်၏။ (အဓိပ္ပါယတ္ထ)

မှတ်ချက်။ ပျက်စီးစေတတ်၏။ (ပ–ပဌမက္ခရာ၊ ဖျက်ဆီးတတ်၏။ ဖ–ဒုတိယက္ခရာ)

✪ ပထမက္ခရာ၊ ကာရိုက်ပါ၊ ဒုမှာ ငင်းပျောက်။

---

## (၂) (၃) ဝါကျခွဲစသည်

ခ–ဝါကျကား ပက္ခန္တရဝါကျ။ ထို–၍ က–ဝါကျကား ပက္ခဝါကျ။

မှတ်ချက်။ က–ဝါကျဖြင့် ဗျာပါဒပုဒ်၏ဝစနတ္ထကို ပြပြီးနောက် ဗျာပါဒ၏ လက္ခဏာကို ပြသောကြောင့် ပက္ခန္တရဟုဆိုသည်။

### ထပနာပဥ္စကတက်

ဆရာ၊ ဆရာသည် က–ဝါကျဖြင့် ဗျာပါဒပုဒ်ကို ဟိတသုခံ ဗျာပါဒယတီတိ ဗျာပါဒေါ–ဟု ဟေတုကတ္တုသာဓနဝစနတ္ထပြုရသောဟု ဗျာပါဒပုဒ်၏ ဝစနတ္ထကို ဆိုတော်မူ၏။ (ထပနာ) ထိုသို့ဆိုချေသော် ဗျာပါဒပုဒ်၏ဝစနတ္ထသာရှိ၏။ လက္ခဏာကား မရှိ ဟူသောအနက်ရောက်ရာသည် မဟုတ်လော။ (အာဘော်) ထိုသို့ရောက်ရာသောကြောင့် (ဟိတ်) ဗျာပါဒပုဒ်၏ဝစနတ္ထကိုသာ

http://www.dhammadownload.com



မဆိုသင့်။ (ရှေ့ပယ်=ထပနာပဋိက္ခေပ) ဗျာပါဒပုဒ်၏ လက္ခဏာကိုလည်း ဆိုသင့်၏။ (အနွယ) ဗျာပါဒပုဒ်၏လက္ခဏာကား အဘယ်နည်း။ (ပုစ္ဆာ=မေးဘွယ်)ကြောင့် ခ-ဝါကျမိန့်။ (အဓိပ္ပါယ် ပါဠိလျှောက်ဘာသာပြန်လေ)

ဒေါသပယ်။ အဗျာပိတ, အပရိပုဏ္ဏဒေါသပယ်။

ဂ-ဝါကျကား ဝါကျာရမ္ဘဝါကျ။ ထို-၍ ခ-ဝါကျကား အာရဒ္ဓဝါကျ။

## ဂ-ဝါကျ ပါပနာဒီကျမ်းတက်

ဆရာ၊ ဆရာသည် ခ-ဝါကျဖြင့် ဗျာပါဒပုဒ်၏လက္ခဏာကို ဆိုတော်မူ၏။ (ထပနာ) ထိုသို့သာဆိုချေသော် ဗျာပါဒပုဒ်၏ အပ္ပသာဝဇ္ဇ မဟာသာဝဇ္ဇ ဖြစ်ပုံ မရှိဟူသော အနက်ရောက်ရာ၏။ (အန+ပါ) စင်စစ်တမူကား ဗျာပါဒပုဒ်၏ အပ္ပသာဝဇ္ဇ မဟာသာဝဇ္ဇ ဖြစ်ပုံ မရှိသည်မဟုတ် ရှိသည်သာဖြစ်၏။ သို့ဖြစ်သောကြောင့် ဗျာပါဒပုဒ်၏ အပ္ပသာဝဇ္ဇ မဟာသာဝဇ္ဇဖြစ်ပုံကို ဆက်လက်ပြဆိုသင့်ပြဆိုတန်၏။ ဗျာပါဒပုဒ်၏ အပ္ပသာဝဇ္ဇ မဟာသာဝဇ္ဇဖြစ်ပုံကို မပြဆိုဘဲ မနေသင့်မနေတန်။ ဗျာပါဒပုဒ်၏ အပ္ပသာဝဇ္ဇ မဟာသာဝဇ္ဇဖြစ်ပုံကား အဘယ်နည်း-ကြောင့် ဂ-ဝါကျမိန့်။

ကား-ဂ-ဝါကျဖြင့် ဗျာပါဒပုဒ် အပ္ပသာဝဇ္ဇ မဟာသာဝဇ္ဇဖြစ်ပုံကား ဖရုသဝါစာကဲ့သို့ တည်းဟု ငါပြဆို၏ဟူလိုသော်ဝ်။

ဒေါသပယ်။ ဂန္ထဂရုဒေါသပယ်။

ဃ-ဝါကျကား ပက္ခန္တရဝါကျ။ ထို-၍ ဂ-ဝါကျကား ပက္ခဝါကျ။

မှတ်ချက်။ "ဒွေ" ဟူသော ပရိစ္ဆေဒသချ်ာကိုရှု၍ အညစောဒနာ အဓိကစောဒနာ၊ ဦနစောဒနာ တက်လေ။

င-ဝါကျကား ဝါကျာရမ္ဘဝါကျ။ ထို-၍ ဃ-ဝါကျကား အာရဒ္ဓဝါကျ။

ဆရာ၊ ဆရာသည် ကမ္မပထဘေဒ မဖြစ်ဟုဆိုတော်မူ၏။ (ထပနာ) တစ်ပါးသောသတ္တဝါ လျှင် အာရုံရှိသော အမျက်ဒေါသသည် ဖြစ်သည်မဟုတ်လော။ (စော+ဘော) ယင်းသို့ဖြစ်လျှက် အဘယ့်ကြောင့် ကမ္မပထဘေဒ မဖြစ်ဟုဆိုသနည်း-ကြောင့် င-ဝါကျမိန့်။

ရှင်းလင်းချက်။ ဤ င-ဝါကျမျိုးသည် ကိဋ္ဌာပိကာမဋ္ဌ ဝါကျမျိုးနှင့် အတူတူပင်ဖြစ်သည်။ ဥပ္ပန္နေ-ပိ ကိုရှု၍ စောဒကအာဘော်ပြုသည်။ "လက္ခဏာကို ပိနင့်ဆိုမူ၊ ထိုလက္ခဏာ စောဒက၏ ပြင်ရဟောတု အာဘော်တည်း" ဟူသော နိယ်အတိုင်းပင်တည်း။ ရှေ့ ဃ-ဝါကျကို ထပနာမထားရ။ သတိရှိစေ။ ပါပနာဒီတက်ပုံကို အောက်၌ရှုလေ။

## င-ဝါကျ ပါပနာဒီကျမ်းတက်

ဆရာ၊ ဆရာသည် တစ်ပါးသောသတ္တဝါလျှင်အာရုံရှိသော အမျက်ဒေါသဖြစ်သော်လည်း ကမ္မပထဘေဒ မဖြစ်ဟုဆိုတော်မူ၏။ ထိုသို့သာဆိုချေသော် "ပရသတ္တ" ဟူသည် ဗျာပါဒ၏ သမ္ဘာရမဟုတ်ဟူသော အနက်ရောက်ရာ၏။ (အန+ပါ) စင်စစ်တမူကား "ပရသတ္တ"သည်

http://www.dhammadownload.com



ဗျာပါဒ၏ သမ္ဘာရမဟုတ်သည်မဟုတ်၊ "ပရသတ္တ" ဗျာပါဒ၏ သမ္ဘာရကား ဟုတ်၏။ (ပဋိ+ပါ) ယင်းသို့ ဟုတ်သည်သာဖြစ်သောကြောင့် တစ်ပါးသော သတ္တဝါလျှင်အာရုံရှိသော အမျက်ဒေါသ ဖြစ်သော်လည်း ကမ္မပထဘေဒဖြစ်၏ဟု ဆိုသင့် ဆိုတန်၏။ (အနု+ရော) တစ်ပါးသောသတ္တဝါလျှင် အာရုံရှိသော အမျက်ဒေါသဖြစ်သော် ကမ္မပထဘေဒမဖြစ်ဟု မဆိုသင့်မဆိုတန်။ (ပဋိ+ရော) အကယ်၍ မဆိုသင့်လျှက် ဆိုချေသော် ဒွေသမ္ဘာရဟူသော ရှေ့စကားနှင့် ဆန့်ကျင်ခြင်း ဝိရောဓိ ဒေါသရောက်ရာ၏။(ဒေါသာရောပန) အဘယ့်ကြောင့် တစ်ပါးသောသတ္တဝါလျှင် အာရုံရှိသော အမျက်ဒေါသ ဖြစ်သော် ကမ္မပထမဖြစ်ဟူသော စကားကိုဆိုပါသနည်း–ကြောင့် င–ဝါကျမိန့်။

ကား–င–ဝါကျဖြင့် တစ်ပါးသောသတ္တဝါလျှင်အာရုံရှိသော အမျက်ဒေါသ ဖြစ်သော်လည်း "ဤသူကို သတ်ဖြတ်အပ်မှုကား ကြွောင်းလေစွ–ဤသို့ တစ်ပါးသော သတ္တဝါ၏ ပျက်စီးခြင်း မကြံစည်သရွေ့(ဝါ– မကြံစည်သေး သောကြောင့်) ကမ္မပထဘေဒ မဖြစ်ဟု ငါပြဆိုသည် ဖြစ်ရကား သင်တင်တိုင်းသော ဝိရောဓိဒေါသ ငါ့အားမရောက် ကင်းစင်ပျောက်၏ဟူလိုသော်ဝ်။

ဒေါသပယ်။ ဝိရောဓိဒေါသပယ်သည်။ အကျယ်ကို အထက်ပါ ကျမ်းတက်ရှု၍ သိလေ။

မှတ်ချက်။ င–ဝါကျ ဟိ–သဒ္ဒါ သစ္စ–ဟု သျှတို့၌ ယုတ္တိဒဋ္ဌိကရဏ အနက်ပေး သဖြင့် င–ဝါကျကို ယုတ္တိဒဋ္ဌိကရဏဝါကျ ဆိုသင့်သော်လည်း ဥပ္ပန္နေပိ–လက္ခဏ အရုစိက အားကောင်းသောကြောင့် အားကောင်းရာသို့လိုက်၍ င–ဝါကျကို ဝါကျာရမ္ဘဝါကျဟု ဝါကျခွဲ၍ ဆိုခဲ့သည်။

---

## (၄) ဝိဂ္ဂဟာဒိ

ဟိတ။ ဟိနောတိ နိဗ္ဗာနံ ဂစ္ဆတီတိ ဟိတံ။ မါဠိ၊၁၊၂၂၁။

သုခ။ သုခယတီတိ သုခံ။ ဌ၊ ၁၆၀။

ဟိတသုခ။ ဟိတဉ္စ သုခဉ္စာတိ ဟိတသုခံ။

### စတုက္က အဘိဓာန်ဋီကာနည်း

၁။ ဟိဟူသော တဟူသော သုဟူသော ခံဟူသော အစိတ်ပရမတ္ထ သဒ္ဒါသည် ဗျုပ္ပတ္တိ။

၂။ ယင်းဗျုပ္ပတ္တိ၏အကြောင်းဖြစ်သော အစီးအပွား၏ချမ်းသာခြင်းနှင့် ဗျာပါဒယတိ ကြိယာကိုမှီ၍ အချင်းချင်းငဲ့သကဲ့သို့ဖြစ်သော အညမညပေက္ခ သမ္မန်သည် ဗျုပ္ပတ္တိနိမိတ်။

၃။ ဟိတသုခဟူသော အပေါင်းပညတ္တိသဒ္ဒါသည် ပဝတ္တိ။

၄။ ယင်းပဝတ္တိ၏အကြောင်းဖြစ်သော အစီးအပွားချမ်းသာတို့၏–လ–ဇာတ်သည် ပဝတ္တိနိမိတ်။

မှတ်ချက်။ ဘေဒစိန္တာနည်း၌ ၁–၃ သာထူးသည်။ ကြွင်းတူ၏။

ဗျာပါဒ။ ဟိတသုခံ ဗျာပါဒယတီတိ ဗျာပါဒေါ။

http://www.dhammadownload.com



## အဘိဓာန်ဋီကာနည်း

၁။ ဗျာပဟူသော ပါဟူသော ဒေါဟူသော အစိတ်ပရမတ္ထသဒ္ဒါသည် ဗျုပ္ပတ္တိ။

၂။ ယင်းဗျုပ္ပတ္တိ၏အကြောင်းဖြစ်သော ဝိပုဗ္ဗ+အာပုဗ္ဗ+ပဒဓာတ်၊ ဏပစ္စည်းသည်ရင်း၊ ဖျက်ဆီးခြင်းကြိယာသည်ရင်း ဗျုပ္ပတ္တိနိမိတ်။

၃။ ဗျာပါဒဟူသော အပေါင်းပညတ္တိသဒ္ဒါသည် ပဝတ္တိ။

၄။ ယင်းပဝတ္တိ၏အကြောင်းဖြစ်သော ဗျာပါဒတရားတို့၏–လ– ဓာတ်သည် ပဝတ္တိနိမိတ်။

## ဘေဒစိန္တာနည်း

၁။ ဟိတသုခံ ဗျာပါဒယတိဟူသော ဝိဂြိုဟ်ဝါကျသည် ဗျုပ္ပတ္တိ။

၂။ ယင်းဗျုပ္ပတ္တိ၏အကြောင်းဖြစ်သော ဝိပုဗ္ဗ+အာပုဗ္ဗ+ပဒဓာတ်၊ ဏပစ္စည်း၊ တိဝိဘတ်သည်ရင်း၊ ဖျက်ဆီးခြင်းကြိယာသည်ရင်း ဗျုပ္ပတ္တိနိမိတ်။

၃။ ဗျာပါဒဟူသော ပုဒ်ပြီးနိပ္ဖန္နသည် ပဝတ္တိ။

၄။ ယင်းပဝတ္တိ၏အကြောင်းဖြစ်သော–လ–ဓာတ်သည် ပဝတ္တိနိမိတ်။

ဝိနာသ။ ဝိနသနံ ဝိနာသော။

✝ ဝိပုဗ္ဗော နသ အဒဿနေ၊ ဏော။ သူစိ။

ပရဝိနာသ။ ပရဿ ဝိနာသော ပရဝိနာသော။
ပရဿ၊ သူတစ်ပါး၏။ ဝိနာသော၊ ပျက်စီးခြင်း။

## အဘိဓာန်ဋီကာနည်း

၁။ ပဟူသော ရဟူသော ဝိဟူသော နာဟူသော သောဟူသော အစိတ်ပရမတ္ထသဒ္ဒါသည် ဗျုပ္ပတ္တိ။

၂။ ယင်းဗျုပ္ပတ္တိ၏အကြောင်းဖြစ်သော သူတစ်ပါးဒြဗ်၏ ပျက်စီးခြင်း အစိတ်ကြိယာနှင့် ဂုဏေးဂုဏ်၊ ကြိယာဝန္တ ကြိယာ၊ ဌာန ဌာနီစပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။

၃။ ပရဝိနာသဟူသော အပေါင်းပညတ္တိသဒ္ဒါသည် ပဝတ္တိ။

၄။ ယင်းပဝတ္တိ၏အကြောင်းဖြစ်သော သူတစ်ပါး၏ပျက်စီးခြင်း အပေါင်း ကြိယာသည် ပဝတ္တိနိမိတ်။

✪ အစိတ်ကြောင်းချာ၊ ကြိယာ၊ သညာ ဗျုပ္ပတ္တိ။ (နိမိတ်)

✪ အပေါင်းကြောင်းချာ၊ ကြိယာ၊ သညာပဝတ္တိ။ (နိမိတ်)

မန။ မနတိ ဇာနာတီတိ မနော။ မနဓာတ်+အပစ္စည်း။

http://www.dhammadownload.com



တစ်နည်း။ ကောယ နာဠိယာ ကောယ တုလာယ မိဏာမာနော ဝိယ အာရမ္မဏံ မိဏာတိ ပရိစ္ဆိန္ဒတီတိဝါ မနော။ မာဓာတ်+ယုပစ္စည်း။

မှတ်ချက်။ ပုဒ်တစ်ခု၌ ဓာတ် ၂-မျိုးစသည်ရသောအရာတွင် ဓာတ် တစ်ခုကို ယူ၍ဝိဂြိုဟ် ဆိုပါဟုမေးတတ်သည်။ ဥပမာ-မနောပုဒ်ကို မာဓာတ်ကြံ၍ ဝိဂ္ဂဟပြုပါဟု မေးလျှင် ဒုတိယဝိဂြိုဟ် ကို ဖြေရမည်။

**ပဒေါသ**။ ပဒုဿနံ (ပြစ်မှားခြင်း) ပဒေါသော။

**မနောပဒေါသ**။ မနသာ ပဒေါသော မနောပဒေါသော။

**လက္ခဏ**။ လက္ခီယတေ အနေနာတိ လက္ခဏံ။ သူစိ။

**မနောပဒေါသလက္ခဏ**။ မနောပဒေါသော လက္ခဏံ ဧတဿ (ဗျာပါဒဿ) တိ မနောပဒေါသလက္ခဏော။

စတုက္က

၂။ ဗျာပ္ပတ္တိ၏အကြောင်းဖြစ်သော စိတ်ဖြင့်ပြစ်မှားခြင်းလက္ခဏာ၏ ဗျာပါဒနှင့် လက္ခဏာ လက္ခဏာဝန္တစပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။

၄။ ဗျာပါဒတို၏ တစ်ခုသည်-လ-ဇာတ်သည် ပဝတ္တိနိမိတ်။

**ပရသတ္တဝတ္ထုက**။ ပရော သတ္တော ပရသတ္တော။

ပရသတ္တော ဝတ္ထု ဧတဿ ကောဓဿာတိ ပရသတ္တဝတ္ထုကော။

**ကောဓ**။ ကုဇ္ဈနံ ကောဓော။ ဋ၊၃၉၉။

**ကုဓ** ကောပေ၊ ဏော။ သူစိ။

**ဝိနာသနံ**။ ဝိ+နသ+ဏေ+ယု။ ကျမ်းညွှန်း။

---

## (၆) အာဘောဂ သံဝဏ္ဏနာ

က-ဝါကျ၌ ဗျာပါဒယတိ ဖြင့် ဗျာပါဒပုဒ်၏ ဝိ+အာပုဗ္ဗပဒဓာတ်၏အဖြစ်ကိုငင်း၊[၁] ဏာပစ္စည်း ဟေတုကတ္တုသာခနေ၌သက်သည်ကိုငင်း၊[၂] ဗျာပါဒ ယတီတိ ဗျာပါဒေါ -ဟု ဟေတုကတ္တု သာဓနဝစနတ္ထပြုရမည်ကိုငင်း[၃] သိစေသည်။၁။ ဒုတိယဓာတုပဒ။ ၂။ ဒုတိယပစ္စယတ္ထ။ ၃။ အဘိဓာနတ္ထ။

က-ဝါကျ၌ ဟိတသုခံ ဖြင့် ဗျာပါဒယတိပုဒ်၏ကံကို သိစေသည်။(ဘာဝတ္ထ)

တစ်နည်း။ ဗျာပါဒယတိ=ပျက်စီးစေတတ်၏ (ဖျက်ဆီးတတ်၏)ဟူသည် စီးပွား ချမ်းသာကို ပျက်စီးစေတတ်သတည်းဟု သိစေသည်။ (ဘာဝတ္ထ)

---

## (၇) ဥပသဂ္ဂနိပါတတ္ထ

က-ဝါကျ။ ဗျာပါဒယတိ, ဗျာပါဒ-တို့၌ ဝိ-ကား ဝိရုပတ္ထ။ အာ-ကား ဓာတွတ္ထာနုဝတ္တက။

http://www.dhammadownload.com



ခ–ဝါကျ။ ဝိနာသာယ–၌ ဝိ–ကား ဓာတွတ္ထာနုဝတ္တက။

ပဒေါသော–၌ ပကား ဓာတွတ္ထာနုဝတ္တက။

ဂ–ဝါကျ၌ ဝိယကား ဥပမာနဇောတက။ စသဒ္ဒါကား သမုစ္စယဇောတက။

ဃ–ဝါကျ စသဒ္ဒါတို့ကား သမုစ္စယဇောတက။

င–ဝါကျ၌ ဟိ–သဒ္ဒါကား ဒဠှီဇောတက။

င–ဝါကျ၌ ဥပ္ပန္နေပိ–ဝယ် ပိ(အပိ)သဒ္ဒါကား သမ္ဘာဝနာဇောတက။ န–သဒ္ဒါကား ပဋိသေဓဇောတက။ တာဝ,ယာဝကား ပရိစ္ဆေဒဇောတက။

† ယဝတာ တာဝတာ –လ– ပရိစ္ဆေဒတ္ထဝါစကာ။ ဓာန်၊ ၁၁၄၁။

င–ဝါကျ၌ အဟော–ကား ဝိကပ္ပဇောတက။ ဝတ–ကား ဇေ်သဇောတက (စင်စစ်–အနက်)

## (၈) ကြိယာငါးတန်

၁။ ဗျာပါဒယတိ (ဗျာပါဒ)အရ ဒေါသသည် ဒဿနတ္ထ။

၂။ အယောနိသောမနသိကာရသည် ဒီပကတ္ထ။

၃။ ဗျာပါဒတရားဖြစ်ပေါ်လာသူအား ပူလောင်စေခြင်းသည် ပကာသနတ္ထ။

၄။ ပရသတ္တနှင့် ဝိနာသစိန္တာသည် ဝိဘာဝတ္ထ။ (အကြောင်း)

၅။ ငရဲစသည်၌ ဖြစ်ရခြင်းသည် အနုဘာဝတ္ထ။

မှတ်ချက်။ အတ္ထဘော ပနေသ ဒေါသော စသော ဋ္ဌ၊၂၉၉–အဖွင့်၊ ဋ္ဌ၊ ၁၄၄ အဖွင့်၊ ဒေါသေန–လ–နိရယံ ဥပ္ပဇ္ဇန္တိ၊ ဋ္ဌ၊၁၇၂–အဖွင့်တို့ကိုရှု၍ထုတ်သည်။

## (၁၀) ပစ္စည်းပြိုင်

မေး။ င–ဝါကျ၌ ပဓာနကြိယာအရ တရားကိုယူ၍ ကံပုဒ်နှင့် ပစ္စည်းပစ္စယုပ္ပန် ဆက်သွယ်ပုံကို ဖော်ပြပါ။

ဖြေ။ န စိန္တေသိ–ဟူသော ပဓာနကြိယာအရ အဗျာပါဒ(မေတ္တာ) တရားရ၏။ တဿ ဝိနာသနံ–အရ. ကံပုဒ်ပစ္စည်းတရားက န စိန္တေသိ–အရ အဗျာပါဒ–မေတ္တာအား အာရမ္မဏမျိုးဖြင့် ဆက်သွယ်သည်။

မှတ်ချက်။ င–ဝါကျ၌ ဥပ္ပန္နေ–ဟူသော လက္ခဏကြိယာ, ဟောတိ ကြိယာ, အာကာရ ဝါကျ၌ ဥဋ္ဌိဖ္ဖေယျ, ဝိနသေယျကြိယာ, န စိန္တေသိ–ကြိယာ အများတွင် န စိန္တေသိ–ကြိယာသည်သာ ပဓာနကြိယာဖြစ်သည်။

http://www.dhammadownload.com



သော မိစ္ဆာဒိဋ္ဌိကို ဆိုသင့်ဆိုတန်၏(အန+ရော) ကမ္မပထ-ဘေဒဖြစ်သော မိစ္ဆာဒိဋ္ဌိကို မဆိုဘဲမနေသင့် မနေတန်(ပဋိ+ရော) ကမ္မပထဘေဒဖြစ်သော မိစ္ဆာဒိဋ္ဌိကား အဘယ်နည်း- (အကယ်၍ ကမ္မပထဘေဒဖြစ်သင့်သော မိစ္ဆာဒိဋ္ဌိကို မပြ ဆိုချေသော် မိစ္ဆာဒိဋ္ဌိအားလုံး ကမ္မပထဘေဒဖြစ်၏ဟု အလွန်ပျံ့နှံ့ခြင်း= အတိဗျာပိတ ဒေါသရောက်ရာ၏-ဒေါသတင်) ဤသို့ကြောင့်- ဆ-ဝါကျမိန့်။

ဒေါသပယ်။ အတိဗျာပိတဒေါသပယ်

ဆ-ဝါကျတွင် န အညဒိဋ္ဌိဟိ-ကား ဗျတိရေကဝါကျ။ ထို-၍ တတ္ထ -လ- ဟောတိ- ကား အန္ဝယဝါကျ။

## အန္ဝယမှ ဗျတိရေကသို့

ဆရာ၊ ဆရာသည် တတ္ထ နတ္ထိက စသောဝါကျ၌ ဝေသဒ္ဒါကို ဆိုတော်မူ၏။(ထပနာ) ထိုသို့သာဆိုချေသော်(လက္ခဏာ)ဝေသဒ္ဒါ ဝေဖလ (နိဝတ္တေတဗ္ဗ) မရှိဟူသော အနက်ရောက်ရာ၏။ (အန+ပါ)စင်စစ်တမူကား ဝေသဒ္ဒါ၏ ဧဝတ္ထဖလ(နိဝတ္တေတဗ္ဗ) မရှိသည်မဟုတ်၊ ရှိသည်သာ ဖြစ်၏။(ပဋိ+ပါ)ထိုသို့ဖြစ်သောကြောင့် ဝေသဒ္ဒါ၏ ဝေဖလ ကို ဆိုသင့်ဆိုတန်၏။(အန+ရော) ဝေသဒ္ဒါ၏ ဝေဖလကို မဆိုဘဲမနေသင့် မနေတန်။(ပဋိ+ရော) ဝေသဒ္ဒါ၏ ဝေဖလကား အဘယ်နည်း -ကြောင့် န အညဒိဋ္ဌိဟိ မိန့်။

ဒေါသပယ်။ အန္ဝယ-ကိုသာပြ၍ ဗျတိရေက ဝေဖလ၊ဝါ-နိဝတ္တေတဗ္ဗ ကိုမပြလျှင် မပျံ့နှံ့ခြင်း အဗျာပိတ၊ မပြည့်စုံခြင်း အပရိပုဏ္ဏဒေါသရောက်၏။ န အညဒိဋ္ဌိဟိ-ဟု ဗျတိရေက ရေးလိုက်သဖြင့် အဆိုပါဒေါသ ကင်းစင်လွင့် ပျောက် မကျရောက်တော့ချေ။

## အပိစသဒ္ဒါ

သမ္ဘပ္ပလာပကဲ့သို့ မိစ္ဆာဒိဋ္ဌိ၏ အပ္ပသာဝဇ္ဇ မဟာသာဝဇ္ဇဖြစ်ပုံမှ တစ်မျိုးတစ်ပါး တစ်နည်း အားဖြင့် အနိယတမိစ္ဆာဒိဋ္ဌိ၏ အပ္ပသာဝဇ္ဇ၊ နိယတမိစ္ဆာဒိဋ္ဌိ၏ မဟာသာဝဇ္ဇအဖြစ်ကို ပြောင်းလဲ ဖွင့်ပြလိုသောကြောင့် အပိစ သဒ္ဒါထားသည်။

---

## (၄) ဝိဂ္ဂဟာဒိ

**ယထာဘုစ္စ**။ ယထာဘူတမေဝ ယထာဘုစ္စံ။ မောဂ်၊၄၊၅၉။

ယထာဘူတမေဝ၊ အကြောင်အကြောင်ဟုတ်မှန်တိုင်းသည်သာလျှင်။ ယထာဘုစ္စံ၊ ယထာဘုစ္စမည်၏။ ယထာဘူတပုဒ်+ဏျပစ္စည်း။

† ယထာဘူတမေဝ ယထာဘုစ္စံ၊ သကတ္ထေ ဏျပစ္စယဝသေန။ သီ၊ဋီ၊သစ်၊ ၁၊ ၃၈၁။

**ဂဟာဏ**။ ဂယှတေ ဂဟာဏံ။

ဂဟာဓာတ်+ယုပစ္စည်း။ ဘာဝသာဓန၊ ယူခြင်း။

**အဘာဝ**။ ဘဝနံ ဘာဝေါ။ န ဘာဝေါ အဘာဝေါ။ ထင်ရှားမရှိသည်၏အဖြစ် = ထင်ရှားမရှိခြင်း။ (သူစိ၊ တန်၊ ၁၁၀၃)

http://www.dhammadownload.com



(က) ယထာဘုစ္စဂဟဏာဘာဝေန မိစ္ဆာပဿတီတိ မိစ္ဆာဒိဋ္ဌိ။ (ခ) သာ နတ္ထိ ဒိန္နန္တိအာဒိနာ နယေန ဝိပရီတဒဿနလက္ခဏာ။ (ဂ) သမ္ဘပ္ပလာပေါ ဝိယ အပ္ပသာဝဇ္ဇာ မဟာသာဝဇ္ဇာစ။ (ဃ) အပိစ အနိယတာ အပ္ပသာဝဇ္ဇာ။ (င) နိယတာ မဟာသာဝဇ္ဇာ။ (စ) တဿာဒ္ဓေ သမ္ဘာရာ ဝတ္ထုနောစ-လ-တဿ ပဌာနန္တိ။ (ဆ) တတ္ထ နတ္ထိကဟေတုကအကိရိယဒိဋ္ဌီဟိဧဝ ကမ္မပထဘေဒေါ ဟောတိ၊ န အညဒိဋ္ဌီဟိ။ ဋ္ဌ၊ ၁၄၄။

## (၂) (၃) ဝါကျခွဲစသည်

က-ခ-ဂ-၃ ဝါကျ ဗျာပါဒအဖွင့်နှင့် စာသွားတူပြီ။

ဃ-ဝါကျ ပက္ခန္တရ။ ထို-၍ ဂ-ဝါကျ ပက္ခဝါကျ။

### ဃ-ဝါကျ ထပနာပဥ္စကတက်

ဆရာ၊ ဆရာသည် ဂ-ဝါကျဖြင့် သမ္ဘပ္ပလာပကဲ့သို့ အပ္ပသာဝဇ္ဇသည်၎င်း၊ မဟာသာဝဇ္ဇသည်၎င်း ဖြစ်သောဟုဆိုတော်မူ၏။ (ထပနာ) ထိုသို့သာဆိုချေသော် မိစ္ဆာဒိဋ္ဌိ၏ အပ္ပသာဝဇ္ဇ မဟာသာဝဇ္ဇအဖြစ်သည် သမ္ဘပ္ပလာပကဲ့သို့သာ မှတ်ရမည်ဟူသော အပြစ်ရောက်ရာသည် မဟုတ်လော၊(အာဘော်) ထိုသို့ရောက်ရာသောကြောင့် (ဟိတ်) သမ္ဘပ္ပလာပကဲ့သို့ အပ္ပသာဝဇ္ဇသည်၎င်း မဟာသာဝဇ္ဇသည်၎င်း ဖြစ်သောဟုမဆိုသင့်။(ရှေ့ပယ်၊ထပနာပဋိက္ခေပ) မိစ္ဆာဒိဋ္ဌိ၏ အပ္ပသာဝဇ္ဇ မဟာသာဝဇ္ဇအဖြစ်တစ်မျိုးကို ဆိုသင့်၏။(အနုယ) မိစ္ဆာဒိဋ္ဌိ၏ အပ္ပသာဝဇ္ဇ မဟာသာဝဇ္ဇတစ်မျိုးကား အဘယ်နည်း။(ပုစ္ဆာ) -ကြောင့် ဃ-ဝါကျမိန့်။

ဒေါသပယ်။ အဗျာပိတ အပရိပုဏ္ဏဒေါသပယ်။

✪ အပိစ အပရော နယော တက်သောဝါကျ ပက္ခန္တရ။

င-ဝါကျကား ပက္ခန္တရ။ ထို-၍ ဃ-ဝါကျကား ပက္ခ။

ဒေါသပယ်။ အဗျာပိတ အပရိပုဏ္ဏဒေါသပယ်။

စ-ဝါကျ ပက္ခန္တရ။ ထို-၍ ဃ-ဝါကျကား ပက္ခဝါကျ။

မှတ်ချက်။ ဃ-ဝါကျဖြင့် မိစ္ဆာဒိဋ္ဌိ၏ အပ္ပသာဝဇ္ဇ မဟာသာဝဇ္ဇ တစ်မျိုးကိုပြပြီးနောက် မိစ္ဆာဒိဋ္ဌိ-သမ္ဘာရကိုပြသောကြောင့် ပက္ခန္တရ။

ဆ-ဝါကျကား ဝါကျာရမ္ဘဝါကျ။ ထို-၍ က-စသောဝါကျများကား အာရဗ္ဘဝါကျ။

### ဆ-ဝါကျ ပါပနာဒိတက်

ဆရာ၊ ဆရာသည် က-စသောဝါကျဖြင့် မိစ္ဆာဒိဋ္ဌိ၏ ဝစနတ္ထ, လက္ခဏာစသည်ကို ဆိုတော်မူ၏။(ထပနာ) ထိုသို့သာဆိုချေသော် (လက္ခဏာ) မိစ္ဆာဒိဋ္ဌိအားလုံးသည် ကမ္မပထဘေဒ ဖြစ်၏ဟူသော အပြစ်သည်ရောက်ရာ၏။(အနု+ပါ) စင်စစ်တမူကား မိစ္ဆာဒိဋ္ဌိအာလုံးသည် ကမ္မပထဘေဒမဖြစ်သင့်။(ပဋိ+ပါ) ထိုသို့မဖြစ်သင့်သောကြောင့် (ဟိတ်) ကမ္မကထဘေဒဖြစ်သင့်

http://www.dhammadownload.com



ယထာဘုစ္စဂဟဏာဘာဝ။ ယထာဘုစ္စဿ ဂဟဏံ ယထာဘုစ္စ-ဂဟဏံ။ ယထာဘုစ္စဂဟဏဿ အဘာဝေါ ယထာဘုစ္စဂဟဏာဘာဝေါ။

ယထာဘုစ္စဂဟဏဿ၊ အကြင်အကြင်ဟုတ်မှန်တိုင်းကို ယူခြင်း၏။ အဘာဝေါ၊ မရှိခြင်းတည်း။

စတုက္က

၂။ ယင်းဇျုပ္ပတ္တိ၏ အကြောင်းဖြစ်သော ဟုတ်မှန်တိုင်းကိုယူခြင်း၏ မရှိခြင်း (အဘာဝ)နှင့် ဘာဝ,အဘာဝ၊ ဂုဏော,ဂုဏ်-စပ်ခြင်းသမ္ဗန်သည် ဇျုပ္ပတ္တိနိမိတ်။

၄။ ယင်းပဝတ္တိ၏အကြောင်းဖြစ်သော ဟုတ်မှန်တိုင်းကိုယူခြင်း၏ မရှိခြင်း အဘာဝတစ်ခု-လ-ဓာတ်သည် ပဝတ္တိနိမိတ်။

မိစ္ဆာဒိဋ္ဌိ။ မိစ္ဆာ ပဿတီတိ မိစ္ဆာဒိဋ္ဌိ။

၂။ ယင်းဇျုပ္ပတ္တိ၏အကြောင်းဖြစ်သော မိစ္ဆာသဒ္ဒူပပဒ ဒိသဓာတ်သည်၎င်း၊ တိ-ပစ္စည်းသည်၎င်း၊ ချွတ်ယွင်းဖောက်ပြန် မမှန်အမှားအားဖြင့်၊ဝါ-ချွတ်ယွင်း-လ-အမှားကို မြင်ခြင်းကြိယာသည်၎င်း ဇျုပ္ပတ္တိနိမိတ်။

၄။ ယင်းပဝတ္တိ၏အကြောင်းဖြစ်သော မိစ္ဆာဒိဋ္ဌိတို့၏ တစ်ခုသည် -လ-ဓာတ်သည် ပဝတ္တိနိမိတ်။

ဝိပရီတ။ ဝိပုဗ္ဗ+ပရိပုဗ္ဗ+ဣဓာတ်+တပစ္စည်း။ (ပါဠိပဒ)

မှတ်ချက်။ ဝိ ပရိ အယနံ ပဝတ္တနံ ဝိပရီတံ-ဟု ဝိဂ္ဂဟပြု။

ဒဿနံ။ ဒဿီယတေ ဒဿနံ။

ဝိပရီတဒဿနံ။ ဝိပရီတဿ ဒဿနံ ဝိပရီတဒဿနံ။ ဖောက်ပြန် မမှန် အမှားကို မြင်ခြင်း။

ဝိပရီတဒဿနလက္ခဏာ။ ဝိပရီတဒဿနံ လက္ခဏံ ဧတိဿာ မိစ္ဆာဒိဋ္ဌိယာတိ ဝိပရီတဒဿနလက္ခဏာ။

---

## (၆) အာဘောဂ သံဝဏ္ဏနာ

က-ဝါကျ၌ မိစ္ဆာ ပဿတိ ဖြင့် ဒိဋ္ဌိ-၌ ဒိသဓာတ်၏အဖြစ်ကို၎င်း၊[၁] ဒိဋ္ဌိ-၌ တိ-ပစ္စည်း၏ ကတ္တုသာဓနနေ၌သက်သည်ကို၎င်း၊[၂] ပဿတီတိ ဒိဋ္ဌိ-ဟု ကတ္တုသာဓနေ ဝစနတ္ထပြုရမည်ကို၎င်း၊[၃] မိစ္ဆာနှင့် ဒိဋ္ဌိကို မိစ္ဆာ ဝိတထံ ဒိဋ္ဌိ မိစ္ဆာဒိဋ္ဌိဟု ဒုတိယာတပ္ပုရိသ် သမာသ်၊ တစ်နည်း တတိယာတပ္ပုရိသ် သမာသ် ဝစနတ္ထပြုရမည်ကို၎င်း[၄] သိစေသည်။

၁။ ဒုတိယဓာတုပဒ။ ၂။ ဒုတိယပစ္စယတ္ထ။

၃။ အဘိဓာနတ္ထ။ ၄။ အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ။

http://www.dhammadownload.com



မှတ်ချက်။ မိစ္ဆာ ပဿတီတိ ဝိတထံ ပဿတိ။ မူလဋီ၊ ၁၊၈၀။ ဝိတထန္တိ ဝိတထဘာဝေန။ အနုဋီ၊ ၁-တို့အလို မိစ္ဆာနိပါတ်ပုဒ်နောက်၌ တတိယာဝိဘတ်ကြေ။ မိန်းတောင်းဆရာကား ဋီကာ၌ ဒုတိယာကြေကို ယူဥ်သည်ဟူ၏။

မိစ္ဆာ၊ ချွတ်ယွင်းဖောက်ပြန် မမှန်အမှားအားဖြင့်(တတိယာကြေ)၊ဝါ-ချွတ်ယွင်းဖောက်ပြန် မမှန်အမှားကို(ဒုတိယာကြေ)၊ ဒိဋ္ဌိ-မြင်တတ်သောတရား။ မိစ္ဆာ ပဿတီတိ မိစ္ဆာဒိဋ္ဌိ ဟုလည်း လဟုကနည်း ဝိဂ္ဂဟပြုလေ။ ၄-အဖြေကြည့်။ (စေတီယင်္ဂဏမေးခွန်း။)

မိစ္ဆာပုဒ်၌ ဗာနေတ္တငဲ့ခိုက် ဓာတ်ကိုယူ၍ ဝတ္တမာန် တိ, အန္တိ ၂-ပုဒ်လုံးဖြင့် အာချာတ ပဒမာလာစဉ်ပါ-ဟုမေးဘူးသည်။

အမှန်ကား မိစ္ဆာနိပါတ်ပုဒ်ဖြစ်၍ ဓာတ်မရှိပါ။ ကြံဖန်၍မေးခြင်းသာ ဖြစ်သည်။ မမေးသင့်ပါ။

ပုစ္ဆကပုဂ္ဂိုလ်က "မိစ္ဆော တု ဗာဓနေ သိယာ"ဟူသော ဓာတွတ္ထသင်္ဂဟကိုရည်၍ မေးသည်။ မိစ္ဆတိ မိစ္ဆ န္တိ-ဟု ပဒမာလာစဉ်ရပေမည်။

က-ဝါကျ၌ ယထာဘုစ္စဂဟဏာဘာဝေန-ဖြင့် မိစ္ဆာပဿတိ= ချွတ်ယွင်း ဖောက်ပြန်မမှန် အမှားဖြင့် မြင်တတ်၏ဟူသည် ဟုတ်မှန်တိုင်းသောသဘောကို ယူခြင်း၏ မရှိခြင်းဖြင့် မြင်တတ် သတည်းဟု သိစေသည်။ (ဘာဝတ္ထ)

---

## (၇) ဥပသဂ္ဂနိပါတတ္ထ

က-ဝါကျ ယထာကား ဝိစ္ဆတ္ထ။ မိစ္ဆာ ကား ဝိပရီတတ္ထ။ ဣတိကား ဟေတွတ္ထ။

ဂ-ဝါကျ၌ ဝိယကား ဥပမာနဇောတက။

ဃ-ဝါကျ၌ အပိနိပါတ် စနိပါတ်ကား ပက္ခန္တရဇောတက။

စ-ဝါကျ စသဒ္ဒါတို့ကား သမုစ္စယတ္ထ။

င-ဝါကျ ဝေသဒ္ဒါကား အဝဓာရဏတ္ထ။

၁။ နတ္ထိကဒိဋ္ဌိ, အဟေတုကဒိဋ္ဌိ, အကိရိယဒိဋ္ဌိတို့ကား ဂဟေတဗ္ဗတ္ထ။

၂။ ထိုသုံးပါးမှကြွင်းသောဒိဋ္ဌိတို့ကား နိဝတ္တေတဗ္ဗတ္ထ။

၃။ ယင်းဒိဋ္ဌိသုံးပါးတို့၏ အနိယတဖြစ်သော အပ္ပသာဝဇ္ဇဘောဂဏ် နိယတဖြစ်သော မဟာသာဝဇ္ဇဘောဂဏ်သည် အနုညာတတ္ထ။

### သဗ္ဗနာမဝိသယတ္ထ

ခ-ဝါကျ သာဒ၌ တသဒ္ဒါကား ရှေ့ဝါကျ မိစ္ဆာဒိဋ္ဌိဒြဗ်ကိုစွဲသောကြောင့် ပက္ကန္တဝိသယတ။

စ-ဝါကျ တဿာ-၌ တသဒ္ဒါကား ရှေ့ဝါကျ မိစ္ဆာဒိဋ္ဌိကိုစွဲသောကြောင့် ပက္ကန္တဝိသယတ။

http://www.dhammadownload.com



စ-ဝါကျ ယထာ စ တံ-၌ တသဒ္ဒါကား ရှေ့ဝါကျ ဝတ္ထုဒြဗ်ကိုစွဲသောကြောင့် ပဏ္ဏတ္တိဝိသယတ။

စ-ဝါကျ တသုပဋ္ဌာနံ-၌ တသဒ္ဒါကား ရှေ့ဝါကျ ဝတ္ထုဒြဗ်ကိုစွဲသောကြောင့် ပဏ္ဏတ္တိဝိသယတ။

ဆ-ဝါကျ တတ္ထ-၌ တသဒ္ဒါကား ရှေ့ဝါကျ မိစ္ဆာဒိဋ္ဌိဒြဗ်ကိုစွဲသောကြောင့် ပဏ္ဏတ္တိဝိသယတ။

---

## (ဈ) ကြိယာငါးတန်

၁။ မိစ္ဆာ ပဿတိ-အရ မိစ္ဆာဒိဋ္ဌိ (ဒိဋ္ဌုပါဒါန်)သည် ဒဿနတ္ထ။

၂။ အယောနိသောမနသိကာရသည် ဒီပကတ္ထ။

၃။ နတ္ထိ ဒိန္နံစသောနည်းဖြင့် ဖောက်ပြန်သောအမြင်အယူသည် ပကာသနတ္ထ။

၄။ အသပ္ပုရိသူပနိဿယသည် ဝိဘာဝတ္ထ။

၅။ အပါယဂတိသည် အနုဘာဝတ္ထ။

မှတ်ချက်။ ဤကား သဘာဝ အကြောင်း,အကျိုးကိုရှု၍ ထုတ်ခြင်းတည်း။ ပဋိစ္စသမုပ္ပါဒ်သို့ သွင်း၍ အောက်ပါအတိုင်း ထုတ်နိုင်သည်။

၁။ မိစ္ဆာဒိဋ္ဌိ (ဒိဋ္ဌုပါဒါန်)သည် ဒဿနတ္ထ။

၂။ တဏှာသည် ဒီပကတ္ထ။

၃။ ဘဝသည် ပကာသနတ္ထ။

၄။ ဝေဒနာစသည်သည် ဝိဘာဝတ္ထ။

၅။ ဇာတိ ဇရာ စသည်သည် အနုဘာဝတ္ထ။

## အဓိပ္ပါယ်မှတ်ဖွယ်

၁။ မကောင်းမှုကိုပြုသော်လည်း ပြုသည်မမည်၊ မကောင်းမှုမရှိ၊ မကောင်းမှုမဖြစ်၊ ကောင်းမှုကိုပြုသော်လည်း ပြုသည်မမည်၊ ကောင်းမှုမရှိ ကောင်းမှုမဖြစ်ဟု ကံကိုမြစ်သော အယူသည် အကိရိယဒိဋ္ဌိ။

၂။ အလှူ၏အကျိုးမရှိ၊ ကောင်းမှု မကောင်းမှု၏အကျိုးမရှိ စသည်ဖြင့် ကံ၏ အကျိုးကို မြစ်သောအယူသည် နတ္ထိကဒိဋ္ဌိ။

၃။ သတ္တဝါတို့အား သံသရာမှစင်ကြယ်ခြင်း၏အကြောင်းမရှိ၊ အကြောင်းမရှိဘဲသာ သတ္တဝါတို့သည် စင်ကြယ်ကုန်၏အစရှိသည်ဖြင့် ကံ,ကံ၏ အကျိုးနှစ်ပါးစုံကို မြစ်သောအယူသည် အဟေတုကဒိဋ္ဌိမည်၏။ (ပြည်သျှ)

http://www.dhammadownload.com



## (၁၀) ပစ္စည်းပြိုင်

မိစ္ဆာ ပဿတိ-၌ ပဿတိ အရ ဒိဋ္ဌိစေတသိက်၊ဝါ-ဒိဋ္ဌိဂတသမ္ပယုတ်စိတ်လေးပါး ပစ္စယုပ္ပန်တရားရ၏။ ယင်း၏အာရုံကား သခ်ါရတရားတည်း။

သခ်ါရအာရုံပစ္စည်းတရားက ပဿတိအရ ဒိဋ္ဌိစေတသိက်၊ဝါ-ဒိဋ္ဌိဂတ သမ္ပယုတ်စိတ် လေးပါးအား အာရမ္မဏမျိုးဖြင့် ကျေးဇူးပြုသည်။ ယထာရဟ အာရမ္မဏ ၈-မျိုး ပြိုင်လေ။

† မိစ္ဆာဒိဋ္ဌိ တေဘူမကဓမ္မေဝသေန သခ်ါရာရမ္မဏာဝ။ ဋ္ဌ၊ ၁၄၄။

---

(က) ပါဏာတိပါတာဒီဟိ ပန-လ-ကုသလကမ္မပထာနာမ။(ခ) တတ္ထ ပါဏာတိပါတာ-ဒယော ဝုတ္တတ္ထာဝ။ (ဂ) ပါဏာတိပါတာဒီဟိ -လ- ဝိရတိ။ (ဃ) ယာ ပါဏာတိပါတာ-လ-သမုစ္ဆေဒဝိရတိတိ။ ဋ္ဌ၊ ၁၄၅-၆။

## (၂) (၃) ဝါကျခွဲ စသည်

ခ-ဝါကျကား အတိဒေသသံဝဏ္ဏနာဝါကျ။ ဝါ-ဝါကျာရမ္ဘဝါကျ။ ထို-၍ က-ဝါကျကား အာရဒ္ဓဝါကျ။

### ခ-ဝါကျ ပါပနာဒိတက်

ဆရာ၊ ဆရာသည် က-ဝါကျဖြင့် ပါဏာတိပါအစရှိသည်တို့မှ ကြဉ်ကြောင်းဖြစ်သော အစဉ်အတိုင်း ခုနစ်ပါးသောတရားတို့ငှင်း၊ အနဘိဇ္ဈာ အဗျာပါဒ သမ္မာဒိဋ္ဌိတို့ငှင်း ဤဆယ်ပါး တို့သည် ကုသလကမ္မပထတရားမည်ကုန်၏ဟုဆိုတော်မူ၏။(ထပနာ) ထိုသို့ဆိုချေသော် ယင်းပါဏာတိပါတစသည် တို့သည် ဆိုအပ်ပြီးသောအနက်မရှိသေး ဟူသောအနက်ရောက်ရာ၏။ (အနု+ပါ) စင်စစ်တမူကား ပါဏာတိပါတစသည်တို့သည် ဆိုအပ်ပြီးသောအနက်မရှိသည် မဟုတ်၊ ရှိသည်သာဖြစ်၏။(ပဋိ+ပါ) ယင်းသို့ဖြစ်သောကြောင့် ပါဏာတိပါတ စသည်တို့သည် ဆိုအပ်ပြီး သော အနက်ရှိသည်သာလျှင်တည်းဟူသော အတိဒေသသံဝဏ္ဏနာကိုသာ ဆိုသင့်ဆိုတန်၏။ (အနု+ရော) အတိဒေသ သံဝဏ္ဏနာကို မဆိုဘဲမနေသင့်မနေတန်၊(ပဋိ+ရော) အတိဒေသသံဝဏ္ဏနာ ကား အဘယ်နည်း (ပုစ္ဆာ) အကယ်၍ အတိဒေသသံဝဏ္ဏနာကို မပြဆိုဘဲ ပါဏာတိပါတ စသော ပုဒ်တို့ အဖွင့်ကို ဆိုချေသော် ဆရာအား ဂန္ထဂရုဒေါသရောက်ရာ၏။ (ဒေါသာရောပ) -ကြောင့် ခ-ဝါကျမိန့်။

ဒေါသပယ်။ ဂန္ထဂရုဒေါသပယ်။

ဂ-ဝါကျ ပက္ခန္တရဝါကျ။ ထို-၍ ခ-ဝါကျ ပက္ခဝါကျ။

### ဂ-ဝါကျ ထပနာပဋ္ဌကတက်

ဆရာ၊ ဆရာသည် ခ-ဝါကျဖြင့် ထိုပါဏာတိပါတာဒီဟိ စသောပါဠ်၌ ပါဏာတိပါတ စသည်တို့သည် ဆိုအပ်ပြီးသောအနက်ရှိကုန်သည်သာလျှင်တည်းဟု ဆိုတော်မူ၏။ (ထပနာ) ထိုသို့ဆိုချေသော် (လက္ခဏာ) ဝိရတီပုဒ်၏ ဝစနတ္ထမရှိဟူသော အနက်ရောက်ရာသည်မဟုတ်လော။

http://www.dhammadownload.com



(အာဘော်) ထိုသို့ ရောက်ရာသောကြောင့် (ဟိတ်) ခ-ဝါကျ သံဝဏ္ဏနာကိုသာ မဆိုသင့် (ရှေ့ပယ်) ဝိရတိပုဒ်၏ဝစနတ္ထကိုလည်း ဆိုသင့်၏။ (အနွယ) ဝိရတိပုဒ်၏ဝစနတ္ထကား အဘယ်နည်း-ကြောင့် ဂ-ဝါကျမိန့်။

ဒေါသပယ်။ အဇ္ဈာပိတ အပရိပုဏ္ဏဒေါသပယ်။

ဃ-ဝါကျကား ဝါကျာရမ္ဘဝါကျ။ ထို-၍ ဂ-ဝါကျ အာရဒ္ဓဝါကျ။

## ဃ-ဝါကျ ပါပနာဒီတက်

ဆရာ၊ ဆရာသည် ဂ-ဝါကျဖြင့် ဝိရတိသဒ္ဒါ၏ဝစနတ္ထကိုဆိုတော်မူ၏။(ထပနာ) ထိုသို့သာဆိုချေသော် ဝိရတီ၌ ပဘေဒမရှိဟူသောအနက်ရောက်ရာ၏။(အနု+ပါ) စင်စစ်တမူကား ပဘေဒမရှိသည်မဟုတ်၊ ရှိသည်သာဖြစ်၏။ (ပဋိ+ပါ) ထိုသို့ ဖြစ်သောကြောင့် (ဟိတ်) ဝိရတီ၏ ပဘေဒကို ဆိုသင့် ဆိုတန်၏။(အနု+ရော) ဝိရတီ၏ ပဘေဒကိုမဆိုဘဲမနေသင့်၊ (ပဋိ+ရော) ဝိရတီ၏ ပဘေဒကား အဘယ်နည်း-ကြောင့် ဃ-ဝါကျမိန့်။

မှတ်ချက်။ ဤကား ပဘေဒကိုရှု၍ကျမ်းတက်သည်။ တိဝိဓာ-ဟူသော ပရိစ္ဆေဒကိုရှုလျှင် အညဇာဒနာ၊ အဓိကဇာဒနာ၊ ဦနဇာဒနာ တက်နိုင် သေးသည်။

ဒေါသပယ်။ အဇ္ဈာပိတ အပရိပုဏ္ဏဒေါသပယ်။

## ဂ-ဝါကျ ဝါသဒ္ဒါ

ပါဏာတိပါတစသည်တို့မှ ရှောင်ကြဉ်ကြောင်း သကတ်အနက်၊ တိ ပစ္စည်း၏ ကရဏ သာဓနအနက်မှ တစ်မျိုးတစ်ပါးသော ရှောင်ကြဉ်တတ်သည်၏ အဖြစ်ဟူသော သကတ်အနက်၊ တိပစ္စည်း၏ ကတ္တုသာဓနအနက်ကို လဲလှယ်ပြလိုသောကြောင့် သယံ ဝါ-၌ ဝါသဒ္ဒါထားရသည်။

ရှောင်ကြဉ်တတ်သည်၏အဖြစ်ဟူသော သကတ်အနက်၊ တိပစ္စည်း၏ ကတ္တုသာဓန အနက်မှတစ်မျိုးတစ်ပါးသော ရှောင်ကြဉ်ခြင်းဟူသော သကတ်အနက်၊ တိပစ္စည်း၏ ဘာဝသာဓန အနက်ကို လဲလှယ်ပြလိုသောကြောင့် မတ္တမေဝဝါ-၌ ဝါသဒ္ဒါထား ရသည်။

---

## (၄) ဝိဂ္ဂဟစသည်

ကမ္မ။ ကရိယန္တေတိ ကမ္မာနိ။

ကုသလာကုသလကမ္မာယူဟနဒ္ဓာနဥ္စ ပတွာ သေသသမ္ပယုတ္တမ္မောန် ကေဒေသမတ္တမေဝ ကိစ္စံ ဟောတိ။ (ဈ) စေတနာ ပန အတိရေကဥဿာဟာ အတိရေကဝါယမာဒိဂုဏာဿာ-ဟာဒိဂုဏဝါယာမာ။ (ည) တေနာဟု ပေါရာဏာ။ ထာဝရိယသဘာဝသဏ္ဌိတာ စ ပနေသာ စေတနာ"တိ။ (ဋ) ထာဝရိယောတိ ခေတ္တသာမိ ဝုစ္စတိ။ ဋ၊ ၁၅၄။

## (၁) အနက်ယောဇနာ

ခ-ဝါကျ။ ဣတိ အယံ စေတယတီတိ ပဒဿ။ ၏၊ အတ္ထော၊ အနက်ဟည်း။ (အတ္ထောသမ္ဗန်)

ဃ-ဝါကျ။ ဣတိ အယံ စေတယိတလက္ခဏာတိပဒဿ၏၊ အတ္ထော။ (သမ္ဗန်)

ည-ဝါကျ။ တေန ပေါရာဏာ "ထာဝရိယသဘာဝသဏ္ဌိတာစ ပနေသာ စေတနာ"တိ အာဟု။ (အာကာရ အတွင်းသွင်း)

တေန ပေါရာဏာ အာဟု။ ကိံ အာဟု ထာဝရိယ-လ-၊ စေတနာတိ အာဟု။ (အာကာရအပြင် ထုတ်)

မှတ်ချက်။ အာကာရဝါကျကို အနက်ပေး၍ အထုတ်အသွင်းပြပုံကို သတိပြု။

ဋ-ဝါကျ ခေတ္တသာမိ၊လယ်ရှင်ကို။ ထာဝရိယောတိ၊ ထာဝရိယဟူ၍။ ဝုစ္စတိ၊၏။

မှတ်ချက်။ ထာဝရိယော-ကား သံဝဏ္ဏေတဗ္ဗပုဒ်ဟောင်း။ ခေတ္တသာမိ-ကား သံဝဏ္ဏနာပုဒ်သစ်။ ၎င်း- ၂-မျိုးတွင် ပုဒ်သစ်ကစ၍အနက်ပေး။

† ပုဒ်ဟောင်းပုဒ်သစ်၊ တွေ့ကြုံလစ်၊ ပုဒ်သစ်က စပေး။

---

## (၂) (၃) ဝါကျခွဲစသည်

ခ-ဝါကျကား ဝိတ္ထာရဝါကျ။ ဝါ-ဝါကျာရမ္ဘ။ ထို-၍ က-ဝါကျ သခေ်ပ၊ ဝါ-အာရဒ္ဓဝါကျ။

မှတ်ချက်။ က-ဝါကျ၌ စေတယတိပုဒ်ကို ခ-ဝါကျ အဘိသန္ဓဟတိ-ဖြင့် ဓာတွတ္ထဖွင့်ပြ။ ကြွင်းသဒ္ဒါစသည်ဖြင့် အဓိပ္ပါယတ္ထဖွင့်ပြသည်။

### ခ-ဝါကျ ဋ္ဌပနာပဥ္စကတက်

ဆရာ၊ ဆရာသည် က-ဝါကျဖြင့် စေတနာပုဒ်၏ ဝစနတ္ထကိုဆိုတော်မူ၏။ ထိုသို့ဆိုချေသော်(လက္ခဏာ)စေတယတိပုဒ်၏ဓာတွတ္ထ, အဓိပ္ပါယတ္ထ မရှိဟူသောအနက် ရောက်ရာသည် မဟုတ်လော။ (အာဘော်) သို့ရောက်ရာသောကြောင့် စေတနာပုဒ်၏ ဝစနတ္ထကိုသာမဆိုသင့်။ (ရှေ့ပယ်) စေတယတိပုဒ်၏ ဓာတွတ္ထ,အဓိပ္ပါယတ္ထကိုလည်း ဆိုသင့်၏။ (အနွယ) စေတယိတပုဒ်၏ ဓာတွတ္ထ, အဓိပ္ပါယတ္ထ ကား အဘယ်နည်း-ကြောင့် ခ-ဝါကျမိန့်။

ဒေါသပယ်။ စိတဓာတ်သည် "စိတ စ ဝေါဟာရဿာဟေ-ဓာတ်ကျမ်းအရ ဝေါဟာရ

http://www.dhammadownload.com



=ရောင်းဝယ်လဲလှယ်ခြင်း၊ ဥဿာဟ =, အားထုတ်စေ့ဆော်ခြင်းအနက်ကိုဟောရာတွင် ဤစေတယတိဒ္ဓ စိတာစတိသည် ယင်း ၂-နက်လုံးကိုပင်ဟောသလော-ဟု သံသယဖြစ်စရာ လွန်စွာပျံ့နှံ့လျက် ရှိ၏။ ခ-ဝါကျ အဘိသန္ဓဟတိပုဒ်ဖွင့်လိုက်သဖြင့် ဝေါဟာရ အနက်လွှင့်စင်၍ ဥဿာဟအနက်ကိုသာ ယူရတော့သည်။ ယင်းသို့လျှင် အလွန်ပျံ့နှံ့ခြင်း =အတိဗျာပိတဒေါသကို အဘိသန္ဓဟတိ သံဝဏ္ဏနာက ကင်းစင် လွင့်ပျောက်စေ ပါသည်။ ယင်းဖြင့် အတိဗျာပိတဒေါသကို ပယ်၏ဟူလိုသော်ဝ်။

ဂ-ဝါကျ။ စေတနာ၏ လက္ခဏာပြ ပက္ခန္တရဝါကျ။ က-ခ-ဝါကျ ပက္ခဝါကျ။

ဃ-ဝါကျ။ စေတယိတကို စေတနာဘာဝ-ဟုဖွင့် ဝိဂ္ဂဟရဝါကျ၊ဝါ-ဝါကျာရမ္ဘ။ ဂ-ဝါကျ သင်္ခေပ၊ ဝါ-အာရဒ္ဓ။

င-ဝါကျ ပက္ခန္တရဝါကျ။ ထို-၍ ဂ-ဝါကျ ပက္ခ။

စ-ဝါကျ ဝိဂ္ဂဟရ၊ သညာအဖွင့်၌ ပါပြီးဝါကျ။

ဆ-ဝါကျ ဝိသေသဝါကျ။ ထို-၍ င-ဝါကျကား သာမညဝါကျ။

ဇ-ဝါကျကား ယုတ္တိဒဋ္ဌီကရဏဝါကျ။ ထို-၍ ဆ-ဝါကျကား ယုတ္တိဒဋ္ဌိယဝါကျ။

ဈ-ဝါကျကား ဝိသေသဝါကျ။ ထို-၍ ဇ-ဝါကျကား သာမညဝါကျ။

ည-ဝါကျကား အာဂမဒဋ္ဌီကရဏဝါကျ။ ထို-၍ ဈဝါကျကား အာဂမ ဒဋ္ဌိယဝါကျ။

ဋ-ဝါကျကား ဝါကျာရမ္ဘဝါကျ။ ထို-၍ ညဝါကျကား အာရဒ္ဓဝါကျ။

ည-ဝါကျ-တေနာဟု

စေတနာ၏ အတိရေက ဥဿာဟစသည်အဖြစ်ကိုဆိုရာ၌ အကိုးသာဓကကို ပြလို၍ တေနာဟုသဒ္ဒါထားရသည်။

✪ တေနေဝါဟ၊ ဉာပက၊ တဝဒဋ္ဌီရင်း။

---

## (၄) ဝိဂ္ဂဟာဒိ

အာယူဟန။ ဗျာပေတွာ ဦဟန် ရာသိကရဏံ... အာယူဟနံ။ မူလဋီ၊၂၊၅၀။ (အာသဒ္ဒါ ဗျာပနအနက်။ အနုဋီ၊၂၊၆၀။) အာယူဟနံ၊ သမ္ပယုတ် တရားတို့ကို မိမိတို့ကိစ္စ ဖရိုဖရဲမရှိစေမူ၍(ပျံ့နှံ့) စည်းရုံးစေ့စပ်နှိုးဆော်ခြင်း။ (ပြည်သျှကြည့်)

ထာဝရ။ တိဋ္ဌတီတိ ထာဝရော။

✝ ဌာဂတိ နိဝတ္တိယံ၊ ဝရော။ ဝဏ္ဏဝိကာရော။ သူစိ။

ထာဝရိယော။ ထာဝရဿ ဓေတ္တဿ သာမိ ထာဝရိယော။
(ထာဝရပုဒ်+ဣကပစ္စည်း၊ သာမိတဒ္ဓိတ်။ က-ကိုယပြု) ယော်၊၉၅။

http://www.dhammadownload.com



ထာဝရဿ (ခေတ္တဿ)၊လယ်၏။ သာမိ၊ အရှင်တည်း။

၁။ ထာဝရ အရ ..မှချ လယ်ရ၏။ ၂။ ယင်း၏ ပိုင်ရှင်နှင့် သံ သာမိစပ်သမွန်။

၃။ ဣက – အရ လယ်ပိုင်ရှင်ရ၏။

**ဗျုပ္ပတ္တိစတုက္က**

၂–ကို ဗျုပ္ပတ္တိနိမိတ်ထုတ်။ ၄– လယ်ပိုင်ရှင်ဓာတ် ကောက်။

မှတ်ချက်။ ထာဝရိယဿ သဘာဝေါ ထာဝရိယသဘာဝေါ။ ထာဝရိယ–သဘာဝေ ဋ္ဌိတာ ထာဝရိယသဘာဝဋ္ဌိတာ–ဟုတွဲ။ ယော–၌ တစ်မျိုးဖွင့်၏။

ခေတ္တ။ ဗီဇာနိ ခိပီယန္တိ ခိပန္တိသ္မိန္တိဝါ ခေတ္တံ။

အသို့၊ ဤလယ်၌။ ဗီဇာနိ၊ မျိုးစေ့တို့ကို။ ခိပီယန္တိ၊ ပစ်ချအပ်ကုန်၏။ ဝါ–ခိပန္တိ၊ ပစ်ချတတ်ကုန်၏။ ဣတိ တံ ခေတ္တံ။

✝ ခိပ ပေရဏေ တော။

တစ်နည်း။ ခိတ္တံ ဗီဇံ တာယတီတိ ခေတ္တံ။ ခိတ္တံ၊ ကျဲချအပ်သော။ ဗီဇံ၊ မျိုးစေ့ကို။ တာယတိ၊ စောင့်ရှောက်တတ်၏။ ဣတိ တံ ခေတ္တံ။

ခိတ္တ သဒ္ဒူပပဒ တာဓာတ် =တာ ပါလနေ၊ ဆဒါဒီဟိ–ဖြင့် တပစ္စည်း သက်၊ တေသုဝုဒ္ဓိ–ဖြင့် ဣကို ဧ–ပြု၊ တ္တ ၂–လုံးကို ချေ။ သုစိ။

---

**(၆) အာဘောဂ သံဝဏ္ဏနာ**

က–ဝါကျ စေတယတီဖြင့် စေတနာ–၌ စိတဓာတ်၏အဖြစ်ကိုင်ငြား၊[၁] ယင်းစိတ ဓာတ်၏ စုရာဒိဂဏိက၏အဖြစ်ကိုင်ငြား၊[၂] ယုပစ္စည်း၏ကတ္တုသာဓနေ၌ သက်သည်ကိုင်ငြား၊[၃] စေတယတီတိ စေတနာဟု ကတ္တုသာဓနေဝစနတ္ထပြုရမည်ကိုင်ငြား[၄] သိစေသည်။

၁။ ဒုတိယဓာတုပဒ။ ၂။ ဘာဝတ္ထ။ ၃။ ဒုတိယပစ္စယတ္ထ။ ၄။ အဘိဓာနတ္ထ။

ခ–ဝါကျ၌ အဘိသန္ဒဟတိ–ဖြင့် စေတယတိ၌ စိတဓာတ်သည် ဝေါဟာရ= ရောင်းဝယ် လဲလှယ်ခြင်းအနက်ကိုမဟော၊ စေ့စပ်နှိုးဆော်ခြင်းအနက်ကိုဟောသတည်းဟု သိစေသည်။ (ဓာတွတ္ထ)

မှတ်ချက်။ စေတယတိ–၌ စိတဓာတ်ကို အဘိသန္ဒဟတိ= အဘိ+ သံ+ဓာဓာတ်ဖြင့် ဖွင့်သည်။ အဘိသန္ဒဟတိကို ပဗန္ဓတိ–ဟု မူလဋီကာဖွင့်။ အဘိ+သံ+ဓာဓာတ် စေ့စပ်နှိုးဆော်ခြင်း အနက်ဟုသိစေသည်။ စေ့စပ်နှိုးဆော်၏ဟူသည်လည်း သမ္ပယုတ်တရားတို့ကို မိမိမိမိကိစ္စ၌ အရာကျအောင် ချထားစီရင်သကဲ့သို့ဖြစ်သည်ဟု သိစေလို၍ အနုဋီကာ၌ "ပဗန္ဓတီတိ သမ္ပယုတ္တ ဓမ္မေ သကသကကိစ္စေ ပဋ္ဌပေတိ–ဟုဖွင့်သည်။ (မူလဋီ၊၁၊၈၇။ အနုဋီ၊ ၁၊၉၃။

ခ–ဝါကျကြွင်းပါဋ္ဌိတို့ဖြင့် ဘာဝတ္ထပြသည်။

http://www.dhammadownload.com



ဠ-ဝါကျ ခေတ္တသာမိ-ဖြင့် ထာဝရိယောပုဒ်ကို ထာဝရသ(ခေတ္တသ)သာမီ ထာဝရိယော -ဟု ဝစနတ္ထပြု၍ ထာဝရိယအရ ခေတ္တသာမီ ကိုယူရမည်ဟု သိစေသည်။ (အဘိဓေယျတ္ထ)

တစ်နည်း။ ဠ-ဝါကျ ထာဝရိယောဌ် ထာဝရသဒ္ဒါ ခေတ္တအနက် ဟောသည်ကိုရင်း၊[၁] ထာဝရသ သာမီ ထာဝရိယော-ဟု သာမီတဒ္ဓိတ်ဝစနတ္ထပြုရမည်ကိုရင်း၊[၂] ဣကပစ္စည်း၏ သာမီတဒ္ဓိတ်၌ သက်သည်ကိုရင်း၊[၃] ထာဝရိက -ဟုဆိုလို လျက် က-ကို ယပြန်သည်ကိုရင်း[၄] သိစေသည်။ ၁။ နာမလိင်္ဂတ္ထ။ ၂။ အဘိဓာနတ္ထ။ ၃။ ပစ္စယတ္ထ။ ၄။ ဘာဝတ္ထ။

---

## (၇) ဥပသဂ္ဂ နိပါတတ္ထ

ခ-ဝါကျ သဒ္ဒိ-ကား သမဝါယတ္ထ။ အဘိသန္ဒဟတိ-၌ အဘိသဒ္ဒါ ဓာတွတ္ထာ နုဝတ္တက။ သံသဒ္ဒါ ဓာတွတ္ထဝိသေသက။

င-ဝါကျ အာယူဟန-၌ အာကား ဗျာပနတ္ထ။

စ-ဝါကျ၌ ဟိကား ဝိတ္ထာရဇောတက။

### စ-ဝါကျ စေတယိတလက္ခဏာဝေ-၌ ဝေ

၁။ စေတယိတလက္ခဏာရှိသော စေတနာသည် ဂဟေတဗ္ဗတ္ထ။

၂။ စေတယိတလက္ခဏာမရှိသော တရားသည် နိဝတ္တေတဗ္ဗတ္ထ။

၃။ စေတနာ၏စေတယိတလက္ခဏာသည် အနုညာတတ္ထ။

ဆ-ဝါကျ၌ ပန-ကား ဝိသေသဇောတက။

### ဆ-ဝါကျ ကုသလာကုသလေသုဝေ-၌ဝေ

၁။ ကုသိုလ် အကုသိုလ်သည် ဂဟေတဗ္ဗတ္ထ။

၂။ အဗျာကတသည် နိဝတ္တေတဗ္ဗတ္ထ။

၃။ အာယူဟနရသရှိသည်၏အဖြစ်ဂုဏ်သည် အနုညာတတ္ထ။

ဇ-ဝါကျ ဟိ-ကား ယုတ္တိဒဠှီကရဏဇောတက။

ဈ-ဝါကျ ပန-ကား ဝိသေသဇောတက။

### သဗ္ဗနာမဝိသယ

ဂ-ဝါကျ။ သာ-၌ တ-သဒ္ဒါကား ရှေ့ဝါကျရှိ စေတနာကိုစွဲသောကြောင့် ပက္ကန္တဝိသယတ။

စ-ဝါကျ။ သဗ္ဗာ-၌ သဗ္ဗသဒ္ဒါကား ရှေ့ဝါကျရှိ စေတနာကိုစွဲသောကြောင့် ပက္ကန္တဝိသယ-သဗ္ဗ။

ည-ဝါကျ။ တေန-၌ တသဒ္ဒါကား ရှေ့ဝါကျပါဠိသေသ ဟောတိကြိယာကို စွဲသောကြောင့် အနုဘူတဝိသယ-တ။

http://www.dhammadownload.com



## (၈) ကြိယာငါးတန်

၁။ ခ–ဝါကျ အဘိသန္ဒဟတိအရ စေတနာသည် ဒဿနတ္ထ။

၂။ အဝိဇ္ဇာသည် ဒီပကတ္ထ။ ၃။ ဝိညာဏ်သည် ပကာသနတ္ထ။

၄။ အာသဝသည် ဝိဘာဝတ္ထ။ ၅။ နာမ်ရုပ်စသည်သည် အနုဘာဝတ္ထ။

မှတ်ချက်။ ပဋိစ္စသမုပ္ပါဒ်သို့သွင်း၍ထုတ်သည်။

## အဓိပ္ပါယ်မှတ်ဖွယ်

ဈ–ဝါကျ "ဒိဂုဏုဿာဟ"ဟူသောစကားကို နှစ်ဆသောဝီရိယနှင့် ယှဉ်ခြင်းကို ရည်ရွယ်၍ ဆိုအပ်သည်မဟုတ်။ အဟုတ်သော်ကား မိမိ၏သာလျှင် ကြောင့်ကြဗျာပါရ ပယောဂကိစ္စ၏ ကြီးသည်၏အဖြစ်ကိုပြသည်။

† ဒိဂုဏုဿာဟာတိ န ဒိဂုဏံ ဝီရိယံ သန္ဓာယ ဝုတ္တံ။ အတ္တနော ဧဝ ပန ဗျာပါရကိစ္စဿ မဟန္တဘာဝံ ဒီပေတိ။ မူလဋီ၊ ၁၊၈၇။

## သိဒ္ဓိမှတ်ဖွယ်

စေတနာ အတိရေက ဉဿာဟဖြစ်သည်ဟုဆိုရာ၌ ပေါရာဏ အကိုးသာကေဖြင့် ခိုင်မြဲစေသောကြောင့် သိဒ္ဓေယျသိဒ္ဓိ။

## (၁၀) ပစ္စည်းပြိုင်

ခ–ဝါကျ၌ ပစ္စည်း ပစ္စယုပ္ပန်တည်နေဟန်ကိုဖော်ပြ၍ ပစ္စယသတ္တိများ ကိုလည်း ရေးသားပါ။

ဖြေ။ စေတနာ ကတ္တားပစ္စည်းတရားက သမ္ပယုတ္တခန္ဓွေအရ စေတနာ သမ္ပယုတ္တခန္ဓ တို့အား သဟဇာတမျိုးဖြင့် ကျေးဇူးပြုသည်။ သဟကြီး ၄၊ အညမည,သမ္ပယုတ္တ၊ ကမ္မ,အာဟာရ ၈–ပစ္စည်းပြိုင်။

---

(က) အာရမ္မဏံ စိန္တေတီတိ စိတ္တန္တိအာဒိနာ နယေန စိတ္တဿ ဝစနတ္ထောဧဝ။ (ခ) လက္ခဏာဒိတော ပန ဝိဇာနနလက္ခဏံ စိတ္တံ။ ပုဗ္ဗင်္ဂမရသံ သန္ဓာနပ ပစ္စုပဋ္ဌာနံ၊ နာမရူပပဒဋ္ဌာနံ။ (ဂ) စတုဘူမကစိတ္တဉှိ နော ဝိဇာနနလက္ခဏံ နာမ နတ္ထိ။ သဗ္ဗံ ဝိဇာနနလက္ခဏမေဝ။ (ဃ) ဒွါရံ ပန ပတွာ အာရမ္မဏဝိဘာဝနဋ္ဌာနေ စိတ္တံ ပုဗ္ဗင်္ဂမံ ပုရေ စာရိကံ ဟောတိ။ (င) စက္ခုနာ ဟိ ဒိဋ္ဌံ ရူပါရမ္မဏံ စိတ္တေနေဝ ဝိဇာနာတိ–လ–မနေန ဝိညာဏံ ဓမ္မာရမ္မဏံ စိတ္တေနေဝ ဝိဇာနာတိ။ ဋ္ဌ၊၁၅၅။

## (၁) အနက်ယောဇနာ

က–ဝါကျ။ မယာ ဝုတ္တော ဧဝ–(ကတ္တား–ထည့်)

http://www.dhammadownload.com



င–ဝါကျ။ စက္ခုနှာ၊ စက္ခုဒွါရဖြင့်၊ဝါ–စက္ခုပသာဒဖြင့် (မုချတ္ထ)။ တစ်နည်း၊ စက္ခုနှာ၊ စက္ခုဝိညာဉ်ဖြင့်(ကာရဏူပစာရတ္ထ)။ ဒိဋ္ဌံ=ဒဋ္ဌဗ္ဗံ၊ မြင်အပ်သော (တ–ပစ္စည်း အတိတ်မဟော၊ ပစ္စုပ္ပန်ဟော)ဝါ–မြင်ထိုက်သော (တ–ပစ္စည်း အရဟတ္ထ,အနာဂတ္ထ–ကာလသာမည) ရူပါရမ္မဏံ၊ ရူပါရုံကို။ စိတ္တေနေဝ၊ စက္ခုဝိညာဉ်စိတ်ဖြင့်သာလျှင်။ ဝိဇာနာတိ၊ သညာပညာတို့မှ ထူးသောအားဖြင့် သိ၏။ (ဝိသဒ္ဒါ ဝိသေသတ္ထ)

## (၂) (၃) ဝါကျခွဲစသည်

ခ–ဝါကျကား ပက္ခန္တရ။ ထို–၍ က–ဝါကျကား ပက္ခဝါကျ။

### ခ–ဝါကျ ဋ္ဌပနာပဉ္စကတက်

ဆရာ၊ ဆရာသည် က–ဝါကျဖြင့် အာရမ္မဏံ စိန္တေတီတိ စိတ္တံ အစရှိသောနည်းဖြင့် စိတ်၏ ဝစနတ္ထကိုဆိုအပ်ပြီဟုဆိုတော်မူ၏။ (ထပနာ) ထိုသို့ဆိုချေသော် (လက္ခဏာ) စိတ်၏ လက္ခဏာ စသည်မရှိဟူသောအနက်ရောက်ရာသည်မဟုတ်လော။(အာဘော်) ထိုသို့ရောက်ရာသောကြောင့် (ဟိတ်) အာရမ္မဏံ စသည်ဖြင့် စိတ်၏ဝစနတ္ထကို ဆိုအပ်ပြီ–ဟုသာ မဆိုသင့်။(ရှေ့ပယ်) စိတ်၏ လက္ခဏာစသည်ကို ဆိုသင့်၏။ (အနွယ) စိတ်၏လက္ခဏာစသည်ကား အဘယ်နည်း–ကြောင့် ခ–ဝါကျမိန့်။

ဒေါသပယ်။ အဗျာပိတ, အပရိပုဏ္ဏဒေါသပယ်။

ဂ–ဝါကျ ရှေ့ဝေဒနာ သညာအဖွင့်နှင့်တူပြီ။

ဃ–ဝါကျ ဝိသေသဝါကျ။ ထို–၍ ဂ–ဝါကျ သာမညဝါကျ။

င–ဝါကျကား ယုတ္တိဒဋ္ဌိကရဏဝါကျ။ ထို–၍ ဃ–ဝါကျ ယုတ္တိဒဋ္ဌိယဝါကျ။

## (၄) ဝိဂ္ဂဟာဒိ

ဇာနန။ ဉာယတေ ဇာနနံ။ ဉာဓာတ်+နာပစ္စည်း+ယုပစ္စည်း။

ဝိဇာနန။ ဝိသေသေန ဇာနနံ ဝိဇာနနံ။ ဝိ+ဇာနန။ ဝိသေသန–ဝိသေသျစပ်။

ဝိဇာနနလက္ခဏံ။ ဝိဇာနနံ လက္ခဏံ အဿာတိ ဝိဇာနနလက္ခဏံ။

ပုဗ္ဗင်္ဂမ။ ပုဗ္ဗံ ဂမနံ ပုဗ္ဗင်္ဂမော။ (ရသော)

ပုဗ္ဗင်္ဂမရသ။ ပုဗ္ဗင်္ဂမော ရသော အဿာတိ ပုဗ္ဗင်္ဂမရသံ။

၁။ ပုဗ္ဗင်္ဂမရသ–အရ ရှေ့သွားခြင်းကိစ္စသည် မုချ။

၂။ ယင်း၏ စိတ်နှင့် ကိစ္စ ကိစ္စဝန္တ–စပ် ဥာနူ။

၃။ ရှေ့သွားခြင်းကိစ္စရှိသော စိတ်ရ။

မှတ်ချက်။ ၂–အရကို ဇျုပ္ပတ္တိနိမိတ်ထုတ်။ စိတ္တံ ပုဗ္ဗင်္ဂမံ–၌ ပုဗ္ဗင်္ဂမပုဒ်ကို ပုဗ္ဗံ ဂစ္ဆတီတိ ပုဗ္ဗင်္ဂမံ–ကတ္တုသာဓ်ဝစနတ္ထပြု။ စိတ္တရသည်။ ပုဗ္ဗင်္ဂမရသ–၌ ပုဗ္ဗင်္ဂမ–နှင့် မတူသည်ကိုသတိရှိ။

http://www.dhammadownload.com



သန္ဓာဟန။ သန္ဓာဟတီတိ သန္ဓာဟနံ။

ရုပ်ပြီးပုံ။ သန္ဓာဟနကား သံရှေ့ရှိသော ဓာဓာတ် ယုပစ္စည်း အနပြု၍ ဓာ–ကို ဓာဓာဟု ဒွေဘော်ပြု၍ ရှေ့ဓာကို အဇ္ဈာသမှည့်၍ အဇ္ဈာသအစိတ်အာကို ရဿပြု၍ စတုတ္ထက္ခရာကို တတိယက္ခရာလှယ်၍ နောက်ဓ–ကို ဟပြု၍ သန္ဓာဟန သင့်သည်။ (သန္ဓာဟန–မသင့်)

✝ သန္ဓာဟနံ စိတ္တန္တရဿ အနုပ္ပဗန္ဓနံ။ မူလဋီ၊၁၊၈၇။

ပစ္စုပဋ္ဌာနံ။ ပစ္စုပဋ္ဌာတီတိ ပစ္စုပဋ္ဌာနံ။

သန္ဓာဟနပစ္စုပဋ္ဌာန။ သန္ဓာဟနန္တိ ပစ္စုဋ္ဌာနံ သန္ဓာဟနပစ္စုပဋ္ဌာနံ။

သန္ဓာဟနန္တိ၊ (နောက်နောက်ဖြစ်သောစိတ်သည် ရှေးရှေးဖြစ်သောစိတ်ကို အခြား မရှိသည်ကိုပြု၍) စပ်တတ်သောတရားဟု။ ပစ္စုပဋ္ဌာနံ၊ ဉာဏ်အား ရှေ့ရှုထင်တတ်သောတရားတည်း။

သန္ဓာဟနပုဒ်+ပစ္စုပဋ္ဌာနပုဒ်။ သမ္မာဝနာ–ကမ္မဓာရယ်သမာသ်။

၁။ သန္ဓာဟန–ဟူသောဝိသေသနပုဒ်အရ–နောက်နောက်ဖြစ်သော စိတ်သည် ရှေးရှေးဖြစ်သောစိတ်ကို အခြားမရှိသည်ကိုပြု၍ စပ်တတ်သောတရားသည် မုချ။

၂။ ယင်း၏ ဉာဏ်အားရှေးရှုထင်တတ်သောတရားနှင့် အာရုံ အာရမ္မဏိက အာကာရ အာကာရဝန္တအဖြစ်–စပ် ဌာနူပစာ။

၃။ သန္ဓာဟနပစ္စုပဋ္ဌာန–အရ ထို–ဖြင့်မှတ်အပ်သော နောက်နောက်ဖြစ်သော –လ– ရှေ့ရှုထင်တတ်သောတရား၊ ဝါ–စိတ်ရ၏။

မှတ်ချက်။ ၂–အရ သမ္ဘန်ကို ဗျုပ္ပတ္တိနိမိတ်ထုတ်။ ယော၊၉၅–၌ သန္ဓာနေန ပစ္စုပဋ္ဌာတီတိ သန္ဓာနပစ္စုပဋ္ဌာနံ–ဟုလာသည်။

ဒိဋ္ဌံ။ ဒဋ္ဌဗ္ဗန္တိ ဒိဋ္ဌံ။ ဒိသဓာတ်+တပစ္စည်း။ ကမ္မသာဓန။ ယံ ရူပါရမ္မဏံ၊ အကြင်ရူပါရုံကို။ စက္ခုနာ၊ စက္ခုပသာဒဖြင့်။(မုချတ္ထ) ဝါ–စက္ခုဝိညာဏ်ဖြင့်။ (ဥပစာရတ္ထ) ဒဋ္ဌဗ္ဗံ၊ မြင်အပ်–မြင်ထိုက်၏။ ဣတိ တံ ရူပါရမ္မဏံ ဒိဋ္ဌံ။

၁။ ဒိသဓာတ်–အရ ကတ္တုဋ္ဌကား သတ္တဝါ၏စက္ခုပသာဒ၊ဝါ–စက္ခုဝိညာဏ်၏ ဥပါဒ်သည် မုချ။

၂။ ကမ္မဋ္ဌကြိယာအရကား ထိုအားတပ်သော ရူပါရုံ၏ အာရမ္မဏပစ္စယ သတ္တိသည် ဖလူပစာ။

၃။ တ–ပစ္စည်းအရကား ထို–ဖြင့်မှတ်အပ်သော ရူပါရုံရ၏။ (ဝိသေသန ဆက်ကောက်)

ဓာန်ငှိနည်း

၁။ ဒိဋ္ဌ–ဟူသော ဌဟူသော အစိတ်ပရမတ္ထသည် ဗျုပ္ပတ္တိ။

http://www.dhammadownload.com



၂။ ယင်းဖျူပ္ပတ္တိ၏အကြောင်းဖြစ်သော ဒိသ္ဝာတတ် တမပစ္စည်းသည်ငှင်း၊ မြင်ခြင်း ကြိယာ့ သည်ငှင်း ဖျူပ္ပတ္တိနိမိတ်။

၃။ ဒိဋ္ဌဟူသောအပေါင်းပညတ္တိသဒ္ဒါသည် ပဝတ္တိ။

၄။ ယင်းပဝတ္တိ၏အကြောင်းဖြစ်သော မြင်အပ်သောရူပါရုံတို့၏ တစ်ခုသည်– ဇာတ်သည် ပဝတ္တိနိမိတ်။

**ဘေဒစိန္တာနည်း**

၁။ ဒဋ္ဌဗ္ဗံ–ဟူသော ဝိဂြိုဟ်ဝါကျသည် ဖျူပ္ပတ္တိ။

၃။ ဒိဋ္ဌံ–ဟူသော ပုဒ်ပြီးနိပ္ဖန္နသည် ပဝတ္တိ။ ( ၂–၄– ဓာန်ဋီနည်းနှင့် တူပြီ)

**ပစ္စည်းပြိုင်**

ဒိဋ္ဌံ–၌ ဓာဟျတ္တ ပစ္စယတ္တအရ ရူပါရုံပစ္စည်းတရားက ဓာတွတ္တ ကတ္တုဋ္ဌ အရ စက္ခုဝိညာဏ်အား အာရမ္မဏမျိုးဖြင့် ကျေးဇူးပြု။ အာ+ပု+တ္တိ+အဝိ = ၄–ပစ္စည်းပြိုင်။

မှတ်ချက်။ ညာသ်ကောက်၍ တရားကိုယ်ရှာတတ်ပါစေ။

---

## (၇) ဥပသဂ္ဂနိပါတတ္ထ

**ဝစနတ္ထော ဝုတ္တော ဧဝ**

၁။ စိတ်၏ ဆိုအပ်ပြီးသောဝစနတ္ထသည် ဂဟေတဗ္ဗတ္ထ။

၂။ စိတ်၏ မဆိုရသော လက္ခဏာဒိစတုက္ကသည် နိဝတ္တေတဗ္ဗတ္ထ။

၃။ ဆိုခြင်းကြိယာသည် အနုညာတတ္ထ။

**ဝိဇာနနလက္ခဏမေဝ**

၁။ အာရုံကိုသိခြင်းလက္ခဏာရှိသော စိတ်သည် ဂဟေတဗ္ဗတ္ထ။

၂။ အာရုံကိုသိခြင်းလက္ခဏာမရှိသောရုပ်သည် နိဝတ္တေတဗ္ဗတ္ထ။

၃။ အာရုံကိုသိခြင်းလက္ခဏာသည် အနုညာတတ္ထ။

**စိတ္တေနေဝ**

၁။ စိတ်သည် ဂဟေတဗ္ဗတ္ထ။ ၂။ ရုပ်သည် နိဝတ္တေတဗ္ဗတ္ထ။

၃။ စိတ်၏အာရမ္မဏဝိဇာနနဂုဏ်သည် အနုညာတတ္ထ။

---

## (၈) ကြိယာငါးတန်

၁။ စိတ္တဲ့အရ ဝိညာဏ်သည် ဒဿနတ္ထ။ ၂။ သဒ္ဒါရသည် ဒီပကတ္ထ။

၃။ နာမ်ရုပ်သည် ပကာသနတ္ထ။ ၄။ အဝိဇ္ဇာသည် ဝိဘာဝတ္ထ။

http://www.dhammadownload.com



၅။ သင်္ဂြာယတနသည်သည် အနဘာဝတ္ထု။

မှတ်ချက်။ လက္ခဏာဒိစတုက္ကရှု၍လည်း ထုတ်လေ။

**အဓိပ္ပါယ်မှတ်ဖွယ်**

င–ဝါကျ။ စက္ခုနာ ဒိဋ္ဌ–၌ ဒိဋ္ဌအရ မြင်အပ်ပြီး ရူပါရုံကိုမယူရ၊ မြင်ဆဲ ပစ္စုပ္ပန်ရူပါရုံကိုသာ ယူရမည်။

† စက္ခုနာ ဟိ ဒိဋ္ဌန္တိ စက္ခုနာ ဒဋ္ဌဗ္ဗံ။ မူလဋီ၊၁၊၈၇။

ခ–ဝါကျ ဝိ+ဇာနန =ထူးသောအားဖြင့် အာရုံကိုသိခြင်းဟူသည် အာရုံကို ရအောင် ယူနိုင်ခြင်းတည်း။

† ဝိဇာနနံ အာရမ္မဏ ဥပလဒ္ဓိ၊

(က) ဝိတက္ကေတီတိ ဝိတက္ကော။ (ခ) ဝိတက္ကနံ ဝါ ဝိတက္ကော။ (ဂ) ဦဟနန္တိ.ဝုတ္တံ ဟောတိ။ (ဃ) သွာယ အာရမ္မဏေ စိတ္တဿ အဘိနိရောပန လက္ခဏော။ (င) သော ဟိ အာရမ္မဏေ စိတ္တံ အာရောပေတိ။ (စ) ယထာ ဟိ ကောစိ ရာဇဝလ္လဘံ ဉာတိံ ဝါ မိတ္တံ ဝါ နိဿာယ စိတ္တံ အာရမ္မဏံ အာရောဟတိ။ (ဆ) တသ္မာ သော အာရမ္မဏေ စိတ္တဿ အဘိနိရောပနလက္ခဏောတိ ဝုတ္တော။ ဋ္ဌ၊ ၁၅၇။

(၁) အနက်ယောဇနာ

င–ဝါကျ ဝါကျပရိဝတ္တန

ကသ္မာ အဘိနိရောပနလက္ခဏော။ ဟိ ယသ္မာ သော ဝိတက္ကော အာရောပေတိ၊ တသ္မာ အဘိနိရောပနလက္ခဏောတိ။ ဂံ၊သစ်၊၄၃၂။

ကသ္မာ၊ အဘယ့်ကြောင့်။ အဘိနိရောပနလက္ခဏော၊ (အာရုံအပေါ်၌ စိတ်ကို) ရှေ့ရှုတင်ခြင်းလက္ခဏာရှိသနည်း။ဣတိ အယံ ပုစ္ဆာ။ ဟိ ယသ္မာ အကြင်ကြောင့်။ သော ဝိတက္ကော၊ ထိုဝိတက်သည်။ အာရောပေတိ၊(အာရုံအပေါ်၌ စိတ်ကို) ရှေ့ရှုတင်တတ်၏။ ဣတိ တသ္မာ၊ သော ဝိတက္ကော၊ သည်။ အဘိနိရောပန လက္ခဏော၊ (အာရုံအပေါ်၌စိတ်ကို) ရှေ့ရှုတင်ခြင်း လက္ခဏာရှိ၏။ ဣတိ အယံ ပရိဟာရော၊ ဤကားအဖြေ။

**မှတ်ချက်။** ဤကား အကြောင်းအကျိုး အရင်းအဖြား အပြန်အလှန် (ကာရဏ ဖလ ဝါကျပရိဝတ္တန) အနက်ပေးခြင်းတည်း။ ဟိ–နိပါတ်ကို ကာရဏ ဇောတကကြံ၍ ဂံ၊သစ် အနက်ပေးသည်။ ပြည်သျှအလို ယုတ္တိဒဠှီကရဏကြံ၍ ဝါကျပရိဝတ္တန အနက်ယောဇနာပုံကို အောက်ပါအတိုင်းမှတ်လေ။

သွာယံ –လ– အဘိနိရောပနလက္ခဏောတိ ယံ ဒဠှီယဝစနံ မယာ ဝုတ္တံ။ တံ ဒဠှီယဝစနံ ဣမိနာ ဒဠှီကရဏဝစနေန ဟိ သစ္စံ။ ဝါ–ဟိ ယုတ္တံ။

http://www.dhammadownload.com



ကေန ဒဋ္ဌီကရဏဝစနေန ဟိ သစ္စံ။ သော ဟိ အာရမ္မဏေ စိတ္တံ အာရောပေတီတိ ဒဋ္ဌီကရဏဝစနေန ဟိ သစ္စံ။

သဒ္ဒတ္ထ။ အဘိနိရောပနလက္ခဏော၊ ရှေ့ရှုတက်ရောက်စေခြင်း လက္ခဏာရှိ၏။ (အဘိ+နိ+ရုဟ+ကာရိုက် ဏာပေပစ္စည်း၊ ယုပစ္စည်း)

အဓိပ္ပါယတ္ထ။ ရှေ့ရှုတင်ပေးခြင်းလက္ခဏာရှိ၏။

သဒ္ဒတ္ထ။ အာရောပေတိ= တက်ရောက်စေတတ်၏။

အဓိပ္ပါယတ္ထ။ တင်ပေးတတ်၏။

---

## (၂) (၃) ဝါကျခွဲစသည်

ခ-ဝါကျကား ပက္ခန္တရ။ ထို-၍ က-ဝါကျကား ပက္ခ။

ဂ-ဝါကျကား ဝိတ္ထာရ။ ထို-၍ က-ခ-ဝါကျကား သင်္ခေပဝါကျ။

### ဂ-ဝါကျ ထပနာပဋ္ဌကကျမ်းတက်

ဆရာ၊ ဆရာသည် က-ခ-ဝါကျတို့ဖြင့် ဝိတက္ကပုဒ်၏ ဝစနတ္ထကို ဆိုတော်မူ၏။ (ထပနာ) ထိုသို့ဆိုချေသော်(လက္ခဏ) တက္ကဓာတ်သည် ဘာသာ (ပြောဆိုခြင်း) အနက်ကို ဟော၏ဟူသော အနက်ရောက်ရာသည်မဟုတ်လော။ (အာဘော်) ထိုသို့ရောက်ရာသောကြောင့် (ဟိတ်) ဝိတက္ကပုဒ်၏ ဝစနတ္ထကိုသာမဆိုသင့်။ (ရှေ့ပယ်) ဝိတက္ကပုဒ်၌ တက္ကဓာတ်၏ အနက်ကိုဆိုသင့်၏။(အန္ဒယ) ဝိတက္ကပုဒ်၌ တက္ကဓာတ်သည် အဘယ်အနက်ကိုဟော ပါသနည်း-ကြောင့် ဂ-ဝါကျမိန့်။

မှတ်ချက်။ တက္ကဓာတ် ဘာသာ, ဦဟန ၂-နက်တွင် ဤ၌ ဦဟန အနက်ဟော။ အာဘော် အဖြေနှင့်ယှဉ်ကြည့်ပါ။ အာဘော်ရှု၍ ကြွင်းဝါကျများ ကျမ်းတက်ပါ။

ဒေါသပယ်။ ဂ-ဝါကျမရေးလျှင် ဝိတက္က-၌ တက္ကဓာတ်သည် ဘာသာ (ပြောဆိုခြင်း) ဦဟန (ကြံခြင်း) အနက် ၂-မျိုးလုံးကို ဟောသလောဟု သံသယ ဖြစ်ဖွယ်ရှိသည်။ ဂ-ဝါကျဖွင့်သဖြင့် ဘာသာအနက်မဟော၊ ဦဟနအနက်ဟော၏ဟု သောတုဇနတို့သိရသည်။ သို့ဖြစ်၍ အလွန် ပျံ့နှံ့ခြင်း အတိဗျာပိတ ဒေါသကို ပယ်သည်။

### ခ-ဝါကျ ဝါသဒ္ဒါ

ဝိတက္ကပုဒ်၏ ကတ္တုသာဓနဝစနတ္ထမှတစ်ပါး ဘာဝသာဓ်ဝစနတ္ထ တစ်မျိုးကို လဲလှယ်ပြလို၍ ဝါသဒ္ဒါထားသည်။

### တ္တတိ ဝုတ္တံ ဟောတိ

တက္ကဓာတ်၏ ပဒပိဏ္ဍတ္ထအကျယ်ကိုပြလို၍ တ္တတိ ဝုတ္တံ ထားရသည်။

---

## (၄) ဝိဂ္ဂဟာဒိ

ဦဟနံ။ ဦဟိယတေ ဦဟနံ(ကြံခြင်း)ဦဟဓာတ်+ယုပစ္စည်း၊ဘာဝသာဓန

http://www.dhammadownload.com



## တန်ဋ္ဌီနည်း

၁။ ဥပဟူသော ဟ,ဟူသော နံဟူသော အစိတ်ပရမတ္ထသဒ္ဒါသည် ဗျုပ္ပတ္တိ။

၂။ ယင်းဗျုပ္ပတ္တိ၏အကြောင်းဖြစ်သော ဥပဟဓာတ်+ယုပစ္စည်းသည်၎င်း၊ ကြံခြင်းကြိယာသည်၎င်း ဗျုပ္ပတ္တိနိမိတ်။

၃။ ဥပဟနံဟူသော အပေါင်းပညတ္တိသဒ္ဒါသည် ပဝတ္တိ။

၄။ ယင်းပဝတ္တိ၏အကြောင်းဖြစ်သော ကြံခြင်းကြိယာသည် ပဝတ္တိနိမိတ်။

## ဘေဒစိန္တာနည်း

၁။ ဥပဟိယတေ-ဟူသောဝိဂြိုဟ်ဝါကျသည် ဗျုပ္ပတ္တိ။

၂။ ယင်းဗျုပ္ပတ္တိ၏အကြောင်းဖြစ်သော ဥပဟဓာတ်+ယပစ္စည်း+တေ ဝိဘတ်သည်၎င်း၊ ကြံခြင်းကြိယာသည်၎င်း ဗျုပ္ပတ္တိနိမိတ်။

၃။ ဥပဟနံဟူသောပုဒ်ပြီးနိပ္ဖန္နသည် ပဝတ္တိ။

၄။ ယင်းပဝတ္တိ၏အကြောင်းဖြစ်သော ကြံခြင်းကြိယာသည် ပဝတ္တိနိမိတ်။

**အဘိနိရောပန**။ အဘိနိရောပီယတေ အဘိနိရောပနံ။

အဘိနိရောပီယတေ၊ ရှေးရှုတက်ရောက်စေခြင်း။ဝါ-ရှေးရှုတင်ပေးခြင်း၊ အဘိနိရောပနံ၊ ခြင်း၊ဝါ-ခြင်း။ (အဘိ+နိပုဗ္ဗ ရုဟဓာတ်+ကာရိက်ဏာပေပစ္စည်း၊ ယုပစ္စည်း)

**အဘိနိရောပနလက္ခဏ**။ အဘိနိရောပနံ လက္ခဏံ ယဿ ဝိတက္ကဿာတိ အဘိနိရောပနလက္ခဏော။ (လက္ခဏ+လက္ခဏဝန္တ၊ ဝါ-လက္ခုစပ်)

## မူလဋီ ဝိဂ္ဂဟများ

**အာဟနန**။ အာဒိတော အဘိမုခံ ဝါ ဟနနံ အာဟနနံ။

အာဒိတော၊ အစမှ။ ဝါ-အစစွာ။ ဟနနံ၊ တီးခေါက်ခြင်း။ အာဟနနံ၊ အစမှ၊ ဝါ-အစစွာ တီးခေါက်ခြင်း။ဝါ-တစ်နည်းကား။ အဘိမုခံ၊ရှေးရှု။ ဟနနံ၊ တီးခေါက်ခြင်း။ အာဟနနံ၊ ရှေးရှုတီးခေါက်ခြင်း။

အာပုဒ်နှင့် ဟနနပုဒ် ဝိသေသန ဝိသေသျစပ်။ တစ်နည်း- အပါဒါန် အပါဒီစပ်။

**ပရိယာဟနန**။ ပရိတော ပရိဝတ္တေတွာ ဝါ အာဟနနံ ပရိယာဟနနံ။

ပရိတော၊ ထက်ဝန်းကျင်မှ။ အာဟနနံ၊ တီးခေါက်ခြင်း။ ပရိယာဟနနံ၊ ထက်ဝန်းကျင်မှ တီးခေါက်ခြင်း။ ဝါ-တစ်နည်းကား။ ပရိဝတ္တေတွာ၊ လှည့်ပတ်၍။ အာဟနနံ၊ တီးခေါက်ခြင်း။ ပရိယာဟနနံ၊ လှည့်ပတ်၍တီးခေါက်ခြင်း။ (ဝိသေသန ဝိသေသျစပ်) ပါဖြေ၊ပထမ-၄၆၄-၅ကြည့်)

http://www.dhammadownload.com



ဝလ္လဘာ၊၊ ဝလ္လီယတေတိ ဝလ္လဘော။ ဝလ္လဓာတ်+အဘပစ္စည်း။ ယော၊ အကြင်သူကို။ ဝလ္လီယတေ၊ အလိုရှိအပ်နှစ်သက်အပ်၏။ ဣတိ သော ဝလ္လဘော။

မှတ်ချက်။ သူစိဒ္ဓိ ဝလ္လတိ သံဝရဏံ ကရောတီတိ ဝလ္လဘော။ ဝလ္လ သံဝရဏေ။ ကမ္မနိ အဘောဟုဆိုသည်။ ဤအလို ဝလ္လယတေ သံဝရိယတေတိ ဝလ္လဘော-ဟု ကမ္မသာဓ်ကြံ။ သံဝရဏံ ကရောတိ-ဟုဆိုသည်ကား အဝုတ္တကမ္မသာဓနေတည်း။ နိဿာယန် ဝသတီတိ နိဿယောနှင့် တူသည်ဟုမှတ်။ မိမိကား "ဣဋ္ဌံ တု သုဘဂံ ဟဇ္ဇံ ဒယိတံ ဝလ္လဘံ ပိယံ-(ဓာန်-၆၉၇) ကိုထောက်၍ ဝိဂ္ဂဟပြုသည်။ ဉာတိ မိတ္တတို့ကိုရသဖြင့် ဝလ္လဘောဟု ပုံလိင်ဖြင့်ချသည်။

ရာဇဝလ္လဘာ။ ရညာ ဝလ္လဘော ရာဇဝလ္လဘော။ ရညာ၊ မင်းသည်။ ဝလ္လဘော၊ အလိုရှိအပ်နှစ်သက်အပ်သောသူတည်း။ ရာဇဝလ္လဘော။

ရာဇနှင့် ဝလ္လဘ တတိယာတပ္ပုရိသ်တွဲ။ နှစ်သက်ခြင်းကို ပြီးစေတတ်သော မင်းဒြဗ်သည် သာဓက။ အလိုရှိအပ်နှစ်သက်အပ်သောသူက သာဓျစပ်။

ရာဇဝလ္လဘာ။ မင်းသည် အလိုရှိအပ်နှစ်သက်အပ်သော။(သဒ္ဒတ္ထ)ဝါ- မင်းအကျွမ်းဝင်သော (ဉာတိ၊မိတ်ဆွေ) (ဝေါဟာရတ္ထ)

---

## (၆) အာဘောဂ သံဝဏ္ဏနာ

က-ဝါကျ၌ ဝိတက္ကေတိ-ဖြင့် ဝိတက္ကော-၌ ဝိပုဗ္ဗ+တက္ကဓာတ်၏ဖြစ်ကိုင်ငး၊[၁] (ဝိကိုအထူး မဖွင့်သဖြင့်) ဝိဥပသာရ၏ ဓာတွတ္ထာနုဝတ္တက၏ အဖြစ်ကိုင်း၊[၂] တက္ကဓာတ်၏ စုရာဒိဂဏိက ဓာတ်၏အဖြစ်ကိုင်း၊[၃] ဝိတက္ကပုဒ်ကို ဝိတက္ကေတီတိ ဝိတက္ကောဟု ကတ္တုသာဓနေဝစနတ္ထ ပြုရမည် ကိုင်း၊[၄] အပစ္စည်း၏ ကတ္တုသာဓန၌ သက်သည်ကိုင်း၊[၅] (ဤကား သဒ္ဒတ္ထအာဘော်များ) ဝိတက္ကေတိဟု ကတ္တုသာဓနဝစနတ္ထပြုသဖြင့် ဝိတက် ဟူသည် တရားမှ အခြားတစ်ပါးသော ကတ္တားကို နစ်စေခြင်းအကျိုးငှါ ဝိတက်ဟူသော ဓမ္မကိုပင် ကတ္တားအဖြစ်ဖြင့် ညွှန်ပြသတည်း ဟူသောအဓိပ္ပါယ်ကိုင်း[၆] (ဤကား ဋီကာအာဘော်) သိစေသည်။

၁။ ဒုတိယဓာတုပဒ၊ ၂။ ဥပသဂ္ဂလိင်္ဂတ္ထ။ ၃။ ဘာဝတ္ထ။

၄။ အဘိဓာနတ္ထ၊ ၅။ ဒုတိယပစ္စယတ္ထ။ ၆။ ဘာဝတ္ထ။

† ဝိတက္ကေတီတိ ဓမ္မတော အညဿ ကတ္တုနိဝတ္တနတ္ထံ ဓမ္မမေဝ ကတ္တာရံ နိဒ္ဒိသတိ။ မူလဋီ၊၁၊၈၈။

ခ-ဝါကျ၌ ဝါ-သဒ္ဒါဖြင့် ဝစနတ္ထန္တရကို ညွှန်ပြသည်။(ဘာဝတ္ထ)

ခ-ဝါကျ၌ ဝိတက္ကနံ-ဖြင့် ဝိတက္ကပုဒ်၏ ဝိပုဗ္ဗ တက္ကဓာတ်၏အဖြစ်ကိုင်း၊[၁] ဝိတက္ကနံ ဝိတက္ကော-ဟု ဘာဝသာဓနေဝစနတ္ထပြုရမည်ကိုင်း၊[၂] အ-ပစ္စည်း ဘာဝသာဓန၌ သက်သည်ကိုင်း၊[၃] (သဒ္ဒတ္ထအာဘော်) ထိုဝိတက်၏ အလိုသို့လိုက်စေတတ်သည်၏ အဖြစ်ကို တားမြစ်ခြင်းအကျိုးရှိ သည်ကိုင်း[၄] (ဋီကာအာဘော်) သိစေသည်။

၁။ ဒုတိယဓာတိပဒ၊ ၂။ အဘိဓာနတ္ထ။ ၃။ ဒုတိယပစ္စယတ္ထ။ ၄။ ဘာဝတ္ထ။

http://www.dhammadownload.com



မှတ်ချက်။ ဤအရာ၌ ဝိနည်းဋီကာဖွင့်ပုံကို ပါ+ဖြေ+ပထမ-၄၆၇-၌ရှုလေ။ ဝိတက္ကေတိ တေနတိ ဝိတက္ကော-ဟု ကရဏသာဓနဝစနတ္ထလည်း ပြနိုင်သည်။

† တဿပန ဝသဝတ္တိဘာဝနိဝါရဏတ္ထံ "ဝိတက္ကနံ ဝါ"တိ ဘာဝနိဒ္ဒေသော။ မူလဋီ၊၁၊၈၈။

ဂ-ဝါကျ ဉဟနန္တိ ဝုတ္တံ ဟောတိ-ဖြင့် တက္ကဓာတ်၏ ဘာသာ(ပြောဆို ခြင်း)၊ ဉဟန (ကြံစည်ခြင်း) ၂-နက်ကိုဟောရာ ဤ၌ ဘာသာအနက်ကိုမဟော၊ ဉဟနအနက်ကို ဟောသတည်းဟု သိစေသည်။ (ဒုတိယဓာတွတ္ထ)

† တက္ကဓာတ်၏ ဉဟနတ္ထကိုပြလို၍ ဉဟနန္တိ ဝုတ္တံ ဟောတိကိုမိန့်။ ဂံ၊သစ်၊၄၃၂။

မှတ်ချက်။ ဝိနည်း ဂဏ္ဌိ၊ ဋီကာတို့အာဘော်ကို ပါ+ဖြေ+ပထမ-၄၆၈ ကြည့်။

## (၇) ဥပသဂ္ဂ နိပါတတ္ထ

က-ဝါကျ။ ဝိတက္က-၌ ဝိ-ကား ဓာတွတ္ထာနုဝတ္တက။

က-ဝါကျ။ ဝိတက္ကေတီတိ-၌ ဣတိကား ဝစနဟေတုဇောတက။

ခ-ဝါကျ။ ဝါ-ကား ဝစနတ္ထန္တရဇောတက။

ဂ-ဝါကျ ဉဟနန္တိ-၌ ဣတိကား ဤသို့ပေးလျှင် နိဒဿနတ္ထ။ ဣတိ အယံ အဝိပ္ပါယော-ဟုပေးလျှင် အယမတ္ထ။

စ-ဝါကျ ဝါသဒ္ဒါတို့ကား ဝိကပ္ပနတ္ထ။

## သဗ္ဗနာမဝိသယ

ဃ-ဝါကျ သွာယံ-၌ သော-ဝံယ် တသဒ္ဒါကား ရှေ့ဝါကျ၌ဆိုအပ်ပြီးသော ဝိတက်ကို စွဲသောကြောင့် ပက္ကန္တဝိသယ-တ။

မှတ်ချက်။ အယံ-၌ ဣမသဒ္ဒါကား အနက်မဲ့။

✪ သဗ္ဗာနာမ်ပုဒ်၊ ဆင့်၍ထုတ်၊ နောက်ပုဒ် အနက်မဲ့များသတည်း။

သောအဟံ၊ ထိုငါသည် ကဲ့သို့ ၂-ပုဒ်အနက်ရှိကြမူ သွာယံ သောအယံ၊ ထိုသို့ သဘောရှိသော ဤဝိတက်သည်-ဟုကြံလေ။

---

(က) အာရမ္မဏေ တေန စိတ္တံ ဝိတရတီတိ ဝိတာရေ။ (ခ) ဝိတရဏံ ဝါ ဝိတာရော။ (ဂ) အနုသဥ္ဆရဏန္တိ ဝုတ္တံ ဟောတိ။ (ဃ) သွာယံ အာရမ္မဏာ-လ- ဗန္ဓပစ္စုပဋ္ဌာနော။ (င) သန္တေပိ စ နေသံ ကတ္ထစိ-လ- ဝိတာရော။ (စ) ဝိပ္ပါရဝါစေတ္ထ -လ- စိတ္တဿ။ ဋ္ဌ၊ ၁၅၈။

## (၁) အနက်ယောဇနာ

က-ဝါကျ။ တေန သဘာဝေန၊ ထိုသဘောရားဖြင့်။ (သျှ) တစ်နည်း- တေန ဝိတာရေန၊ ထိုဝိတာရဖြင့်၊ ဝါ-ထိုဝိတာရကြောင့်။

http://www.dhammadownload.com



✝ တေနာတိ တေန ဝိစာရေန ကာရဏဘူတေန၊ ဟေတုဘူတေန ဝါ။ ယောဇနာ။
ဝိစရတိ၊ထိုမှဤမှလှည့်လည်တတ်၏။(သဒ္ဒတ္ထ)သုံးသပ်တတ်၏။(အဓိပ္ပါယတ္ထ)

---

## (၂) (၃) ဝါကျခွဲစသည်

ခ–ဝါကျကား ပက္ခန္တရ။ ထို–၍ က–ဝါကျ ပက္ခ။

ဂ–ဝါကျ ဝိတ္ထာရ။ ထို–၍ ခ–ဝါကျ သင်္ခေပ။

### ဂ–ဝါကျ ဥပနာပဋ္ဌကတက်

ဆရာ၊ ဆရာသည် ခ–ဝါကျဖြင့် ဝိစာရပုဒ်၏ ဝစနတ္ထကိုဆိုတော်မူ၏။ (ဌ) ထိုသို့သာ ဆိုချေသော် (လက္ခဏ) ဝိစာရပုဒ်၏ ပဒပိဏ္ဍတ္ထအကျယ် မရှိဟူသောအနက် ရောက်ရာသည် မဟုတ်လော(အာဘော်) ထိုသို့ရောက်ရာသောကြောင့်(ဟိတ်) ဝိစာရဟု ဝစနတ္ထကိုသာမဆိုသင့် (ရှေ့ပယ်) ဝိစာရပုဒ်၏ ပဒပိဏ္ဍတ္ထအကျယ်ကိုလည်း ဆိုသင့်၏။ (အနွယ) ဝိစာရပုဒ်၏ ပဒပိဏ္ဍတ္ထ အကျယ်ကား အဘယ်နည်း–ကြောင့် ဂ–ဝါကျမိန့်။

ဒေါသပယ်။ က–ခ–ဝါကျ ပက္ခ ပက္ခန္တရ။ အဗျာပိတ အပရိပုဏ္ဏဒေါသပယ်။ ခ–ဂ–ဝါကျ။ သင်္ခေပ ဝိတ္ထာရဆန့်ကျင်သော ဝိရောဓိဒေါသပယ်။

ဃ–ဝါကျ ပက္ခန္တရ။ ထို–၍ က–ခ–ဂ–ဝါကျ ပက္ခ။

င–ဝါကျကား ဝိသေသဝါကျ။ ထို–၍ က–ခ–ဂ–ဃ–ဝါကျ သာမည။

မှတ်ချက်။ က–ခ–ဂ–ဃ–ဝါကျတို့ဖြင့် ဝိစာရ၏ ဝစနတ္ထစသည် သာမညကို ပြသည်။ င–ဝါကျဖြင့် ဝိတက်နှင့်ဝိစာရအထူးပြသည် ဝိတက်နှင့် ဝိစာရတို့သည် ဒွေပဉ္စဝိညာဏ် ၁၀–ကျဉ်သော ကာမစိတ်–၄၄၊ ပထမဈာန် ၁၁–ခုတို့၌ အတူတူယှဉ်တွဲ နေသဖြင့် ဝိတက်နှင့်ဝိစာရ သဘောပင်ဖြစ်သလောဟု သံသယဖြစ်ဖွယ်ရှိ၍ ဝိတက်ဝိစာရ တို့၏အထူးကိုပြလိုရကား င–ဝါကျ တက်လာရသည်။

### င–ဝါကျ ပါပနာဒိတက်

ဆရာ၊ ဆရာသည် က–ခ–ဂ–ဃ–ဝါကျတို့ဖြင့် ဝိစာရပုဒ်၏ ဝစနတ္ထ စသည် သာမညကို ဆိုတော်မူ၏။(ထပနာ) ထိုသို့ဆိုချေသော်(လက္ခဏ) ဝိတက်နှင့် ဝိစာရတို့သည် ဒွေပဉ္စဝိညာဏ် ၁၀–ကျဉ်သော ကာမစိတ် ၄၄၊ ပထမဈာန် ၁၁–ခုတို့၌ အတူတကွမကွေ မကွာယှဉ်သည်ဖြစ်ရကား ဝိတက်နှင့်ဝိစာရတို့ အထူးမရှိဟူသောအနက်ရောက်ရာ၏။(အနု+ပါ) စင်စစ်တမူကား ထိုသို့ယှဉ်စေကာမူ ဝိတက်နှင့်ဝိစာရတို့ အထူးမရှိသည် မဟုတ်၊ရှိသည်သာဖြစ်၏။(ပဋိ+ပါ) သို့ရှိသည်ဖြစ်သော ကြောင့်(ဟိတ်) ဝိတက်နှင့် ဝိစာရတို့၏ အထူးကိုဆိုသင့်၏။ (အနု+ရော) ဝိတက်နှင့်ဝိစာရတို့၏ အထူးကိုမဆိုဘဲ မနေသင့်မနေတန် (ပဋိ+ရော) ဝိတက်နှင့်ဝိစာရတို့၏အထူးကား အဘယ်နည်း–ကြောင့် င–ဝါကျမိန့်။

http://www.dhammadownload.com



ဒေါသပယ်။ သာမညကိုသာဆို၍ ဝိဇ္ဇေသကိုမဆိုလျှင် သာမည ဝိသေသ ဆန့်ကျင်သော ဝိရောဓိဒေါသရောက်သည်

စ-ဝါကျ ပက္ခန္တရ။ ထို-၍ င-ဝါကျ ပက္ခ။ (အဗျာပိတ အပရိပုဏ္ဏဒေါသပယ်)

ခ-ဝါကျ ဝါသဒ္ဒါ

ဝိစာရပုဒ်၏ ကရဏသာဓနဝစနတ္ထမှတစ်ပါး ဘာဝသာဓနဝစနတ္ထ တစ်မျိုးကို လဲလှယ် ပြလိုသောကြောင့် ဝါသဒ္ဒါထားရသည်။

---

(၄) ဝိဂ္ဂဟာဒိ

**အနုသဉ္စရဏ**။ အနုသဉ္စရီယတေ အနုသဉ္စရဏံ။

အနုသဉ္စရီယတေ၊ အာရုံ၌အစဉ်မပြတ်သွားလာခြင်း၊ဝါ- ထက်ဝန်းကျင်မှ လျှောက်ခြင်း လှည့်ခြင်း၊ဝါ-နောက်၌ အဖန်တလဲလဲကျက်စားခြင်း။ အနုသဉ္စရဏံ၊ ခြင်း။ဝါ-ခြင်း၊ဝါ-ခြင်း။ အနုရှေးသံရှေးရှိသော စရဓာတ် ယုပစ္စည်း၊ (ကြိယာသဒ္ဒါမျိုးတည်း)

**အနုမဇ္ဇန**။ အနုပုနပ္ပုနံ မဇ္ဇီယတေ အနုပဇ္ဇနံ။ အနုပုနပ္ပုနံ၊ (အာရုံကို) အဖန်တလဲလဲ သုံးသပ်ခြင်း။ အနုရှေ့ရှိသောမဇ္ဇဓာတ် ယုပစ္စည်း။

ဃဏ္ဍာ။ ဃဏ္ဍ။ ဃဏ္ဍိတဗ္ဗော ဃဋ္ဋေတဗ္ဗောတိ ဃဏ္ဍော။ ကပစ္စည်း။ ကချာဒီဟိကော။

† ဃဋ္ဍိ ဃဋ္ဋနေ။ ဃဏ္ဍော ဃဏ္ဍာဝါ။ ရူ၊ ၄၁၅။

ဓာန်ဋီ။ ၁။ ဃဏ်ဟူသော ဍော(ဋ္ဌော)ဟူသောအစိတ်ပရမတ္ထသဒ္ဒါသည် ဗျုပ္ပတ္တိ။

၂။ ယင်းဗျုပ္ပတ္တိ၏အကြောင်းဖြစ်သော ဃဋိ(ဃဋ္ဋိ)ဓာတ် အပစ္စည်းသည်၄င်း၊ တီးခတ်ခြင်း ကြိယာသည်၄င်း ဗျုပ္ပတ္တိနိမိတ်။

၃။ ဃဏ္ဍောဟူသောအပေါင်းပညတ္တိသဒ္ဒါသည် ပဝတ္တိ။

၄။ ယင်းပဝတ္တိ၏အကြောင်းဖြစ်သော ခေါင်းလောင်းတို့၏ တစ်ခုသည်-လ-ဇာတ်သည် ပဝတ္တိနိမိတ်။

မှတ်ချက်။ စိန္တာနည်း၌ ၁။ ဝိဂြိုဟ် ၃။ ပုဒ်ပြီးနိပ္ဖန္န-ဤမျှသာထုး၏။

**အဘိဃာတ**။ အဘိဟညတေ ပဟရီယတေ အဘိဃာတော။ တီးခတ်ခြင်း အဘိ+ဟန+ ဏ။ ဟနသ ဃာတော။

**ဃဏ္ဍာဘိဃာတ**။ ဃဏ္ဍာသ အဘိဃာတော ဃဏ္ဍာဘိဃာတော။ ဃဏ္ဍာသ၊ ခေါင်းလောင်းကို။ အဘိဃာတော၊ တီးခတ်ခြင်း။ ဃဏ္ဍာဘိဃာတော၊ ခေါင်းလောင်းကိုတီးခတ်ခြင်း။

**ဃဏ္ဍာဘိဃာတ**။ (သဒ္ဒ) ဃဏ္ဍာဘိဃာတတော ဇာတော (သဒ္ဒေါ) ဃဏ္ဍာဘိတော။ (မဏိမဉ္ဇူ၊၁၊၂၄၄)

http://www.dhammadownload.com



၂။ ထိုဖျူပ္ပတ္တိ၏အကြောင်းဖြစ်သော ခေါင်းလောင်းသံကို တီးခတ်ခြင်း၏ ဖြစ်သောအသံ (သဒ္ဒ)နှင့် အကြောင်းအကျိုးအဖြစ်ဖြင့်စပ်ခြင်းသမ္ဗန် ဗျုပ္ပတ္တိနိမိတ်။

၄။ ယင်း–သော ခေါင်းလောင်းသံတို့၏ တစ်ခုသည်–လ– ဓာတ်–ပဝတ္တိနိမိတ်။

ဝိပ္ပါရ။ ဝိပ္ပရဏံ ဝိစလနံ ဝိပ္ပါရော။ တုန်လှုပ်ခြင်း။ ဝိပုဗ္ဗ+ဖရ+ဏ၊ ဘာဝသာဓန။

ဝိပ္ပါရဝါ။ ဝိပ္ပါရော အဿ အတ္ထီတိ ဝိပ္ပါရဝါ။ (ယော၊ဖွဖြ) အဿ၊ဝိတက္ကဿ၊ အား။ ဝိပ္ပါရော၊ တုန်လှုပ်ခြင်းသည်။ အတ္ထိ၏။ ဣတိ သော ဝိပ္ပါရဝါ။ ဝိပ္ပါရပုဒ်+ဝန္တုပစ္စည်း၊ ဂုဏဝါဒီဂိုဏ်း။

**စတုတ္ထ**

၂။ ယင်းဗျုပ္ပတ္တိ၏အကြောင်းဖြစ်သော တုန်လှုပ်ခြင်း၏ ဝိတက်နှင့် ဂုဏ်ဂုဏီ၊ ဌာနီဌာနစပ်ခြင်းသမ္ဗန် ဗျုပ္ပတ္တိနိမိတ်။

၄။ ယင်း–သော ဝိတက်တို့၏ တစ်ခုသည် –လ– ဓာတ်သည် ပဝတ္တိနိမိတ်။

---

**((၆) အာဘောဂ သံဝဏ္ဏနာ**

က–ဝါကျ ဘေန ဝိစရတိ–ဖြင့် ဝိစာရောပုဒ်ကို ဝိစရတိ တေနာတိ ဝိစာရော–ဟု ကရဏသာဓနဝစနတ္ထပြုရမည်ကိုငှ်း၊[၁] ဏ–ပစ္စည်း၏ကရဏသာဓန၌သက်သည်ကိုငှ်း၊[၂] ဝိပုဗ္ဗ စရဓာတ်၏အဖြစ်ကိုငှ်း၊[၃] ဝိဥပသာရ၏ ဓာတွတ္ထာနုဝတ္တက၏ အဖြစ်ကိုငှ်း[၄] သိစေသည်။

၁။ အဘိဓာနတ္ထ။ ၂။ ဒုတိယပစ္စယတ္ထ။ ၃။ ဒုတိယဓာတုပဒ။ ၄။ ဥပသဂ္ဂလိင်္ဂတ္ထ။

မှတ်ချက်။ စရ ဂတိဘက္ခဏေသု–ဟုဓာတ်ကျမ်း၌ဆိုသည်။ စရဓာတ် ဂတိ အနက်ဟောရာ ဝိအနက်မဲ့ကြံရပေမည်။

က–ဝါကျ အာရမ္မဏေ စိတ္တံ–ဖြင့် ဝိစရတိ–သုံးသပ်တတ်၏၊ ဝါ– ထိုမှ ဤမှ သွားလာ လှည့်လည်တတ်၏ ဟုဆိုရာ အာရုံ၌စိတ်သည် သုံးသ ကတ်၊ ထိုမှဤမှသွားလာလှည့်ပတ်သတည်း ဟု သိစေသည်။ (ဘာဝတ္ထ)

မှတ်ချက်။ ဤကား စာစပ်၍ နိသျအတိုင်းဘာဝတ္ထဖော်သည်။ အာရမ္မဏေဖြင့် ဝိစရတိ၏ အာဓာရ၊ စိတ္တံဖြင့် ကတ္တားကိုပြသည်ဟုလည်း ဖော်နိုင်သည်။ ဘာဝတ္ထဖြင်။

ခ–ဝါကျ ဝါသဒ္ဒါဖြင့် ဝစနတ္ထန္တ္တကို သိစေသည်။ (ဘာဝတ္ထ)

ခ–ဝါကျ ဝိစရဏံဖြင့် ဝိစာရောပုဒ်ကို ဝိစရဏံ ဝိစာရော–ဟု ဘာဝသာဓန ဝစနတ္ထ ပြုရမည်ကိုငှ်း၊[၁] ဏပစ္စည်း၏ဘာဝသာဓန၌သက်သည်ကိုငှ်း၊[၂] ဝိပုဗ္ဗစရဓာတ်၏ အဖြစ်ကိုငှ်း၊[၃] ဝိဥပသာရ၏ဓာတွတ္ထာနုဝတ္တက၏အဖြစ်ကိုငှ်း[၄] သိစေသည်။

၁။ အဘိဓာနတ္ထ။ ၂။ ဒုတိယပစ္စယတ္ထ။ ၃။ ဒုတိယဓာတုပဒ။ ၄။ ဥပသဂ္ဂလိင်္ဂတ္ထ။

ဂ–ဝါကျ အနုသဉ္စရဏံ–ဖြင့် ဝိစရဏံပုဒ်၏ ပဒပိဏ္ဍတ္ထအကျယ်ကိုသိစေသည်။((ဘာဝတ္ထ)

မှတ်ချက်။ ဝိစရဏံ = ဝိ+စရ+ယု–ကို အနုသဉ္စရဏံ = အနု+သံ+ စရ+ယု–ဖြင့် ဖွင့်ရာ သဒ္ဒတ္ထအထူးမရှိ၊ ပဒပိဏ္ဍတ္ထအကျယ်ကိုသာပြသည်။

http://www.dhammadownload.com



## (၇) ဥပသဂ္ဂ နိပါတ်တွဲ

ဝိစာရော, ဝိစရဏံ–၌ ဝိ–ကား ဓာတွတ္ထာနုဝတ္တက။ အနု+သံ–တို့လည်း ဓာတွတ္ထာ–နုဝတ္တကပင်။

င–ဝါကျ သန္တေပိ–၌ ပိ(အပိ)ကား လက္ခဏာအရုစိဇောတက။ ဝါ–သမ္ဘာဝနာ ဇောတက။ စ–ကား ဝါကျာရမ္ဘဇောတက။

✪ အမြတ်အများ၊ နောက်ထိုင်ငြား၊ ပိကား သမ္ဘာဝနာ။

✪ လက္ခဏာနောက်ပါ၊ ပိသဒ္ဒါရှိ၊ အရုစိ။ တွင်း၊၁၂၁။

င–ဝါကျ ဝိယသဒ္ဒါများကား ဥပမာနဇောတက။

စ–ဝါကျ စေတ္ထ–၌ စ–သဒ္ဒါကား ပက္ခန္တရဇောတက။

### သဗ္ဗာနာမဝိသယ

က–ဝါကျ တေန–၌ တသဒ္ဒါကား သဘာဝကိုစွဲသဖြင့် ပက္ကန္တဝိသယ–တ။ (သျှ) တစ်နည်း။ တေန–၌ တ–ကား ဝိစာရကိုစွဲ–ပသိဒ္ဓဝိသယ–တ။

† တေနာတိ တေန ဝိစာရေန ကရဏဘူတေန၊ ဟေတုဘူတေနဝါ။ ယော၊ ၉၆။

ဃ–ဝါကျ တတ္ထ–၌ တ–ကား အာရုံကိုစွဲ–ပက္ကန္တဝိသယ–တ။

င–ဝါကျ နေသံ–၌ တ–ကား ဝိတက် ဝိစာရစွဲ–ပက္ကန္တဝိသယ–တ။

---

## (၁၀) ပစ္စည်းပြိုင်

က–ဝါကျ။ တေန အရ ဝိစာရပစ္စည်းတရားက စိတ္တံ ဝိစရတိအရ ဝိစာရ သမ္ပယုတ္တဓမ္မ ပစ္စယုပ္ပန်တရားအား သဟဇာတမျိုးဖြင့် ကျေးဇူးပြု။

သဟကြီး ၄၊ အညမည သမ္ပယုတ္တ် ဝိပါက–လတ် ၃၊ ဈာန သဟငယ် ၁၊ ၈–ပစ္စည်းပြိုင်။

မှတ်ချက်။ အာရမ္မဏေနှင့် စိတ္တံ ဝိစရတိ–အာရမ္မဏ ၈–ပြိုင်။

---

(က) ပိဏယတီတိ ပီတိ။ ( ခ) သာသမ္ပိယာယန လက္ခဏာ–လ– ပစ္စုပဋ္ဌာနာ။

(ဂ) သာ ပနေသာ ခုဒ္ဒိကာပီတိ ခဏိကာပီတိ ဩက္ကန္တိကာပီတိ ဥဗ္ဗေဂါပီတိ ဖရဏာပီတိ ပဉ္စဝိဓာ ဟောတိ။ ဋ္ဌ၊ ၁၅၈။

## (၁) အနက်ယောဇနာ

က။ ယာဓမ္မဇာတိ၊ သည်။ ကာယစိတ္တံ၊ ကိုယ်စိတ်ကို။(ကံထည့်) ပိဏယတိ၊ နှစ်သက်စေတတ်၏။ ဝါ– တိုးပွားစေတတ်၏။ ဣတိ သာ ပီတိ။

† ပိဏယတီတိ ကာယစိတ္တံ ပိဏယတိ။ ယောဇနာ။ ၉၆။

† ပိဏယတိ တပ္ပေတိ, ဝဍ္ဎေတိ ဝါ မူလဋီ၊ ၁၊ ၈၈။

http://www.dhammadownload.com



ခ။ ဖရဏရသာ၊ မွန်မြတ်သောစိတ္တဇရုပ်တို့ဖြင့်(ကရိဏ်း) ကိုယ်ကာယကို (ကံ) ပျံ့နှံ့စေခြင်း (သကာရိတ) ဝါ–ဖြန့်ခြင်းကိစ္စရှိ၏။

✝ ပဏီတရူပေဟိ ကာယဿ ဖျာပနရသာ။ မူလဋီ၊၁၊၈၈။

## (၂) (၃) ဝါကျခွဲစည်

ခ–ဝါကျ ပက္ခန္တရ။ ထို–၌ က–ဝါကျ ပက္ခ။

ဂ–ဝါကျ ဝါကျာရမ္ဘ။ ထို–၌ က–ခ–ဝါကျ အာရဒ္ဓ။

### ဂ–ဝါကျ ပါပနာဒိတက်

ဆရာ၊ ဆရာသည် က–ခ–ဝါကျတို့ဖြင့် ပီတိ၏ဝစနတ္ထနှင့် လက္ခဏာစသည်ကို ဆိုတော်မူ၏။(၄) ထိုသို့သာဆိုချေသော်(လက္ခဏ) ပီတိသည် အပြားမရှိဟူသောအနက်ရောက်ရာ၏။ (အညစောဒနာ) ပီတိသည် ၆–ပါး ၇–ပါးပြား၏ဟူသောအနက်ရောက်ရာ၏။ (အဓိကစောဒနာ) ပီတိသည် ၂–ပါး ၃–ပါးစသည်ပြား၏ဟူသောအနက်ရောက်ရာ၏။(ဦနစောဒနာ) (အနု+ပါ) စင်စစ်တမူကား ထိုသို့မဟုတ် အပြားဘေဒရှိသည်သာ ဖြစ်၏။(ပဋိ+ပါ) ထိုသို့ဖြစ်သောကြောင့် ပီတိ၏ အပြားဘေဒကိုဆိုသင့်ဆိုတန်၏။ (အနု+ရော) ပီတိ၏အပြား ဘေဒကို မဆိုဘဲမနေသင့်မနေတန်။ (ပဋိ+ရော) ပီတိ၏အပြား ဘေဒကား အဘယ်နည်း–ကြောင့် ဂ–ဝါကျမိန့်။

✝ ယတ္ထ ယတ္ထ ပရိစ္ဆေဒေ၊ ကတော တတ္ထ တိစောဒနာ။
အညာဓိကူနဝသေန၊ ဝေဒိတဗ္ဗာ သုဓီမတာ။ သမ္ဗန္ဓစိန္တာဂဏ္ဌိ။

ဒေါသပယ်။ ခ–ဂ–ဝါကျများ အဗျာပိတ အပရိပုဏ္ဏဒေါသပယ်။

### ခ–ဝါကျ ဝါသဒ္ဒါ

ပီတိ၏ ကာယစိတ္တပီဏနရသကိစ္စမှတစ်ပါး ဖရဏရသကိစ္စကို လဲလှယ်ပြလိုသောကြောင့် ဝါသဒ္ဒါထားရသည်။

မှတ်ချက်။ အနက်ပြန်အတိုင်းလည်း ရေးနိုင်သည်။

## (၄) ဝိဂ္ဂဟာဒိ

ပီတိ။ ပိဏယတီတိ ပီတိ။

ဓာန်ဋီ။ ၁။ ပီဟူသော တိပ်ဟူသော အစိတ်ပရမတ္ထသဒ္ဒါသည် ဖျူပ္ပတ္တိ။

၂။ ယင်းဖျူပ္ပတ္တိ၏အကြောင်းဖြစ်သော ပီဓာတ် တိပစ္စည်းသည်ငှင်း၊ နှစ်သက်စေခြင်း၊ ဝါ–တိုးပွားစေခြင်းကြိယာသည်ငှင်း ဖျူပ္ပတ္တိနိမိတ်။

၃။ ပီတိဟူသောအပေါင်းပညတ္တိသဒ္ဒါသည် ပဝတ္တိ။

၄။ ယင်းပဝတ္တိ၏အကြောင်းဖြစ်သော ပီတိတို့၏တစ်ခုသည်–လ–ဇာတ်သည် ပဝတ္တိနိမိတ်။

http://www.dhammadownload.com



မှတ်ချက်။ စိန္တာအလို– ၁–၃–သာ ထူးတော့သည်။

**သမ္ပိယာယနံ**။ သမ္ပိယာယတေ (ကောင်းစွာ–အချင်းချင်း ချစ်ခင်–မြတ်နိုး–နှစ်သက်ခြင်း) သမ္ပိယာယနံ။

မှတ်ချက်။ သံ+ပိယ+အာယ+ယု။ (နိရုတ္တိ၊နှာ–၅၃၁–ကြည့်) ပိယာယန္တောကဲ့သို့ သမ္ပိယာယ–နာမဓာတ်နောက် –ယုပစ္စည်းသက်။ (ပါဠိပဒ– ကျမ်းညွှန်း) အချို့ကား သမ္ပိယာယနေ အယနံ သမ္ပိယာယနံ–ဟုကြံကြသေး၏။

**သမ္ပိယာယနလက္ခဏာ**။ သမ္ပိယာယနံ လက္ခဏံ ယဿာတိ သမ္ပိယာယနလက္ခဏာ။ လက္ခဏာ လက္ခဏာဝန္တစပ်။

ဥဒဂ္ဂ။ ပါ+ဖြေ+ဒုတိယ–၆၅–၅၇–ကြည့်။

**ဩဒဂျ**။ ဥဒဂ္ဂဿ ဘာဝေါ ဩဒဂျံ။ ယောဂ္ဂဖ။

ဥဒဂ္ဂဿ၊ တက်ကြွသောကိုယ်စိတ်(ရှိသူ)၏။ ဘာဝေါ၊ ဖြစ်ကြောင်း။ ဥဒဂ္ဂပုဒ်+ ဏျပစ္စည်း၊ ဘာဝတဒ္ဓိတ်။

၁။ ဥဒဂ္ဂအရ–တက်ကြွသောကိုယ်စိတ် (ရှိသူ) ရ၏။

၂။ ယင်း၏ ပီတိနှင့် အကျိုးအကြောင်းစပ် သမ္ဗန် ဌာန။

၃။ ဏျပစ္စည်းအရ ပီတိရ၏။

မှတ်ချက်။ တက်ကြွသောကိုယ်စိတ် (ရှိသူ)၏ ပီတိနှင့် အကျိုး အကြောင်းစပ်ခြင်း သမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။

**ခုဒ္ဒိကာ**။ ခုဒ္ဒါဝေ ခုဒ္ဒိကာ။ ခုဒ္ဒပုဒ် သွတ္တ ကပစ္စည်း။ ဒ–၌ အ–ကို ထီလိင်၌ ဣပြု။ တစ်နည်း။ ခုဒ္ဒဓာတ်+ဏွုပစ္စည်း။ အက–၌ အကို ဣပြု။ ပီတိ ဝိသေသျပုဒ် လိင်လိုက်၍ ခုဒ္ဒိကာ–ဖြစ်သည်။

**ခဏိကာ**။ ခဏေ ခဏေ ပဝတ္တာ ခဏိကာ။

(ဝိတ္ထာရဝါကျ၌ ခဏေ ခဏေ –လ– ဟောတိထောက်၍ ဝိဂ္ဂဟပြုသည်။ ခဏတစ်ခုချေ။ ခဏပုဒ်+ဣကပစ္စည်း၊ ပဝတ္တတဒ္ဓိတ်။ ပဋိသံ၊ဌ၂၂၇၁–၌ စိတ္တက္ခဏေ စိတ္တက္ခဏေ ဥပ္ပဇ္ဇနတော ခဏော တောသံ အတ္ထီတိ ခဏိကာ–ဟု ဆိုသည်။ ဤအလို "ခဏော ဝေါသာ ပီတိယာ အတ္ထိတိ ခဏိကာ–ဟု အဿတ္ထိ ပြုရမည်။)

**ဩက္ကန္တိကာ**။ ဩက္ကမတီတိ ဩက္ကန္တာ။ အာဝ+ကမု+အန္တပစ္စည်း။ ဩက္ကန္တာဝေ ဩက္ကန္တိကာ–ဟု သွတ္တတွဲ။

**ဥဗ္ဗေဂါ**။ ဥဒ္ဓံ ဝေဂေါ ဧတိဿာ ပီတိယာတိ ဥဗ္ဗေဂါ။

**ဖရဏာ**။ ဖရတီတိ ဖရဏာ။ (တစ်ကိုယ်လုံး) ပျံ့နှံ့တတ်သော(ပီတိ)။

†† ဖရ ဖရဏေ ဖရဏာံ နာမ။ ဗျာပန်း ဂမန် ဝါ။ နီတိ၊ဓာ၊၁၅၆။

http://www.dhammadownload.com



## (၆) အာဘောဂ၊ သံဝဏ္ဏနာ

က–ဝါကျ။ ပိဏာယတိ–ဖြင့် ပီတိ၌ ပီဓာတ်၏အဖြစ်ကိုင်း၊[၁] တိပစ္စည်း၏ ဟေတုကတ္တုသာဓနေ၌သက်သည်ကိုင်း၊[၂] ပိဏာယတီတိ ပီတိ–ဟု ဟေတုကတ္တုသာဓနေ ဝစနတ္ထပြုရမည်ကိုင်း[၃] သိစေသည်။ ၁။ ဒုတိယဓာတုပဒ။ ၂။ ဒုတိယပစ္စယတ္ထ။ ၃။ အဘိဓာနတ္ထ။

ဂ–ဝါကျဖြင့် ပီတိ ငါးပါးသရုပ်ကုသိစေသည်။ (သရုပ်ကြား–အဘိဓေယျတ္ထ)

---

## (၇) ဥပသဂ္ဂနိပါတတ္ထ

ခ–ဝါကျ သမ္ပိယာယန–၌ သံကား သုဋ္ဌုအနက်၊ဝါ–အညမညအနက်။ ဩဒဂျ–၌ ဥဒဂ္ဂ–ဝယ် ဥ–ကား ဥဂ္ဂတအနက်။

ဂ–ဝါကျ ပန ပက္ခန္တရဇောတက။ တစ်နည်း။ ဝါကျာရမ္ဘဇောတက။

လောမဟံသမတ္တမေဝ–၌ မတ္တကား နိဝတ္တာပနာဝဓာရဏတ္ထ။ ဧဝ–သဒ္ဒါ သန္နိဋ္ဌာနာဝဓာရဏတ္ထ။

✪ မတ္တဧဝ၊ နှစ်ပါးပြကာ၊ မတ္တဖြစ်ကန်၊ ဧသန္နိဋ္ဌာန်။

၁။ ကြက်သီးမွေးညှင်းထခြင်းသည် ဂဟေတဗ္ဗတ္ထ။

၂။ ခဏတိုင်း ခဏတိုင်းမဖြစ်ခြင်းသည် နိဝတ္တေတဗ္ဗတ္ထ။

၃။ ကိုယ်၌ကြက်သီးမွေးညှင်းထခြင်းကိုပြုစွမ်းနိုင်ခြင်းဂုဏ်သည် အနုညာတတ္ထ။

### သဗ္ဗနာမဝိသယ

ခ–ဝါကျ။ သာ–၌ တ–သဒ္ဒါကား ရှေးဝါကျ ပီတိကိုစွဲသောကြောင့် ပက္ကန္တ ဝိသယ–တ။

ဂ–ဝါကျ သာ–၌ တလည်း နည်းတူပင် ပက္ကန္တဝိသယ–တ။ သော–၌ ဧတ–ကား အနုတ္တက ပဒါလက်ာရ။

### အဓိပ္ပါယ်မှတ်ဖွယ်

မေး။ ဥဗ္ဗေဂါပီတိသည် ကောင်းကင်သို့ ပျံတက်စေနိုင်သော အာနုဘော်ရှိ၍ ဖရဏာ ပီတိထက်ပင် ပဏီတတရဖြစ်လေအံ့လော။ (ပြည်သျှ)

ဖြေ။ ဥဗ္ဗေဂါပီတိထက် ဖရဏာပီတိသည် မတုန်လှုပ်သည်၏အဖြစ်ကြောင့်ငင်း၊ ကြာမြင့်စွာတည်ခြင်းရှိသည်၏အဖြစ်ကြောင့်ငင်း သာ၍မွန်မြတ်၏။ (ပဏီတတရဖြစ်၏)

† ဥဗ္ဗေဂတော ဖရဏာ နိစ္စလတ္တာ စိရဋ္ဌိတိကတ္တာစ ပဏီတတရာ။ မူလဋီ၊၁၊၈၈။

---

## (၈) ကြိယာငါးတန်

၁။ ဤကာမာစရကုသလအဖွင့် ပီတိသည် ဒဿနတ္ထ။

http://www.dhammadownload.com



၂။ ပါမောဇ္ဇသည်၊ ဝါ- ဏ္ဍနာရုံသည် ဒီပကတ္တ။

၃။ ပဿဒ္ဓိသည် ပကာသနတ္တ။

၄။ ယောနိသောမနသိကာရစသည်သည် ဝိဘာဝတ္တ။

၅။ သုခ,သမာဓိစသည်သည် အနုဘာဝတ္တ။

မှတ်ချက်။ ဋ္ဌ-၁၆၀- ပဋ္ဌဝိတဲ ပီတိ ဂဗ္ဘံ ဂဏှန္တီ-စသောဝါကျကို သတိပြုပါ။ နေတ္တိဒေသနာ တော်လာ ပါမောဇ္ဇ, ပီတိ,ပဿဒ္ဓိ,သုခ,သမာဓိ, ယထာဘူတဉာဏ်,နိဗ္ဗိဒါ, ဝိရာဂ,ဝိမုတ္တိ, ဝိမုတ္တိဉာဏဒဿန-ဟူသော ကြောင်းကျိုးအစဉ်ကိုရှုစ်လည်း ထုတ်နိုင် သည်။

(က) သုခယတီတိ သုခံ။ (ခ) ယဿ ဥပ္ပဇ္ဇတိ၊ တံ သုခိတံ ကရောတီတိ အတ္ထော။ (ဂ) သုဋ္ဌု ဝါ ခါဒတိ ခနတိစ ကာယစိတ္တာဗာဓန္တိ သုခံ။ (ဃ) သောမနဿဝေဒနာယေတံ နာမံ။ (င) တဿ လက္ခဏာဒီနိ ဝေဒနာပဒေ ဝုတ္တနယေနေဝ ဝေဒိတဗ္ဗာနိ။ ဋ္ဌ၊၁၆၀။

## ၁၃၁၆-ခု မေးခွန်း

၁။ ဂ-ဝါကျကို စသဒ္ဒါကို အဋ္ဌာနပယောဂကြံ၍ အနက်ယောဇနာခဲ့ပါ။

၂။ ခ-ဝါကျကို ဠပနာ,အာဘောဂ,အာဘောဂဟေတု, ဠပနာပဋိက္ခေပ, အနုညာတတို့ဖြင့် တန်ဆာဆင်၍ စာဒနာတက်ပါ။(အဓိပ္ပါယ်ပြန်ရန်မလို)

၃။ ကြောင်းကျိုးနှစ်ပါးတို့တွင် အဘယ်ကိုလဲလို၍ ဂ-ဝါကျ၌ ဝါသဒ္ဒါကို ထားရကြောင်းကို သေချာကျနစွာ ရှင်းပြခဲ့ပါ။

၄။ ဃ-ဝါကျလာ သောမနဿကိုသာ အစိတ်အပေါင်းဝိဂ္ဂဟပြု၍ အပေါင်း ဝိဂ္ဂဟ၌သာ ဈူပ္ပတျာဒိစတုက္ကခွဲပြခဲ့ပါ။

၆။ ဂ-ဝါကျ၌ အဋ္ဌကထာဆရာ၏ အာဘောဂနှင့် ပဓာနသံဝဏ္ဏနာ အမည်မျှကိုသာ ပြခဲ့ပါ။

၇။ ခ-ဝါကျ၌ ယဿအစွဲနှင့် ဂ-ဝါကျလာ စသဒ္ဒါ၏ ဏ္ဍာဝိပ္ပေတတ္တတို့ကို ပြခဲ့ပါ။

၈။ င-ဝါကျလာ ဝိပဿနာ-အရကို ကိုယ်ပြု၍ ဒဿနတ္တာဒိပဋ္ဌက ထုတ်ပြပါ။

၉။ သုခ၏လက္ခဏာဒိစတုက္ကကို ထုတ်ပြပါ။

၁၀။ င-ဝါကျလာ ဓမ္မ-အရ ပစ္စည်းတရားက ပဿတိအရ ပစ္စယုပ္ပန်တရားအား ကျေးဇူးပြုနိုင်သောပစ္စယသတ္တိတို့ကို ကုန်စင်အောင် ထုတ်ပြခဲ့ပါ။

## ဖြေဆိုချက်

၁။ ဖြေ။ ဂ။ ဝါ-တစ်နည်းကား။ ယံဓမ္မဇာတံ၊ အကြင်တရားသဘောသည်။ ကာယ- စိတ္တာဗာဓံ၊ ကိုယ်၏ကျင်နာခြင်း စိတ်၏ကျင်နာခြင်းကို၊ ဝါ-ကိုယ်အနာ စိတ်အနာကို။ သုဋ္ဌု၊

http://www.dhammadownload.com



ကောင်းစွာ၊ ဝါ–လွန်စွာ။ ခါဒတိစ၊ ခဲလည်းခဲစားတတ်၏။ (စသဒ္ဒါ ဌာနယောဂ) ခနတီစ၊ တူးလည်း တူးဖြို ဖျက်ဆီးတတ်၏။ ဣတိ တသ္မာ၊ ထိုသို့ကိုယ်၏အနာ စိတ်၏အနာကို ခဲလည်းခဲတတ်, ဖျက်ဆီးလည်း ဖျက်ဆီးတတ်သည်၏အဖြစ်ကြောင့်။ တံ ဓမ္မဇာတံ၊ ထိုတရားသဘောသည်။ သုခံ၊ သုခမည်၏။

မှတ်ချက်။ ၁၃၁၆–ခုအဖြေကို ရှေးဦးစွာဖော်ပြ၍ ကြွင်းမှတ်ဖွယ်ကို ဆက်လက် ရေးသားမည်။

က– ယံဓမ္မဇာတံ၊ သည်။ ကရဇကာယဥ္စ၊ ကရဇကာယကိုငင်း။ သမ္ပယုတ္တဓမ္မေစ၊ သမ္ပယုတ်တရားတို့ကိုငင်း။ သုခယတိ၊ ချမ်းသာစေတတ်၏။ (ကံပုဒ် ၂–ပုဒ်ထည့်)

တစ်နည်း။ ယံဓမ္မဇာတံ၊သည်။ ပုဂ္ဂလံ၊ မိမိဖြစ်ရာပုဂ္ဂိုလ်ကို။ (ပုဂ္ဂလ ကံပုဒ်) သုခယတိ၊၏။ (ဓမ္မကံပုဒ် ၂–ခု၊ ပုဂ္ဂလ ကံပုဒ် ၁–ခုထည့်၍ယောဇနာခြင်း)

---

၂။ ဖြေ။ ခ–ဝါကျ ဌပနာပဥ္စကတက်.

အရှင်အဋ္ဌကထာဆရာ၊(အာလုပ်) ဆရာသည် (ကတ္တား) က–ဝါကျဖြင့် သုခ၏ ဝစနတ္ထကို ပြဆိုတော်မူ၏။(ဌ) ဤသို့ပြဆိုချေသော် သုခဓာတ်၏ တကြိယာအနက်မရှိ ဟူသောအနက် ရောက်ရာသည်မဟုတ်လော။ ဝါ– အဓိပ္ပါယတ္ထမရှိဟူသော အနက်ရောက်ရာသည်မဟုတ်လော။ (ဘော်)·သို့ရောက်ရာသောကြောင့်(ဟိတ်) သုခသဒ္ဒါ၏ဝစနတ္ထကိုသာ မဆိုသင့် (ရှေ့ပယ်) သုခဓာတ် တကြိယာအနက်ကို၊ ဝါ– အဓိပ္ပါယတ္ထကိုဆိုသင့်၏ (အနညာတ= အန္ဗယ) သုခဓာတ် တကြိယာ အနက်နှင့် အဓိပ္ပါယတ္ထကား အဘယ်နည်း–ကြောင့် ခ–ဝါကျမိန့်။

---

## (၂) (၃) မှတ်ဖွယ်

ခ–ဝါကျကား ဝိတ္ထာရဝါကျ၊ ထို–၍ က–ဝါကျကား သင်္ခေပဝါကျ။
ဂ–ဝါကျ၌ သုဋ္ဌုခါဒတိကား ပက္ခ၊ ခနတိစ – သုခံကား ပက္ခန္တရ။

ဃ–ဝါကျကား ဝါကျာရမ္ဘ၊ ဝါ–ပက္ခန္တရ။ ထို–၍ က–ခ–ဂ ဝါကျကား အာရဒ္ဓ၊ ဝါ – ပက္ခ။

မှတ်ချက်။ ဃ–ဝါကျကား ဝိပါကအဖွင့်အဓိဝစနံ ဝါကျနှင့်တူပြီ။ ဝိပါကအဖွင့် ပြန်ကြည့်။

င–ဝါကျ အတီဒေသသံဝဏ္ဏနာဝါကျ၊ ဝါကျာရမ္ဘဝါကျ။ ထို–၍ ကစသည် အာရဒ္ဓဝါကျ။

၃။ ဖြေ။ ဂ–ဝါကျဝါသဒ္ဒါ

က၊ ခ–ဝါကျ။ ချမ်းသာစေတတ်,မိမိဖြစ်ရာပုဂ္ဂိုလ်ကို ချမ်းသာအောင်ပြုတတ်သည်၏ အဖြစ်ဟူသော သကတ်အကြောင်း,သုခဓာတ်, တကြိယာအနက်၊ အပစ္စည်း ဟေတုကတ္တုသာခန အနက်အကြောင်းမှတပါး ဂ–ဃ ကိုယ်၏နာကျင်ခြင်း စိတ်၏နာကျင်ခြင်းကို ကောင်းစွာခဲလည်း ခဲတတ်၊ တူးလည်းတူးဖြိုဖျက်ဆီးတတ်သည်၏ အဖြစ်တည်းဟူသော သကတ် အနက်အကြောင်း၊

http://www.dhammadownload.com



သုပုဗ္ဗ ခါဒတတ်၊ ခါဒနအနက်။ သုပုဗ္ဗ ခနတတ် ခနနအနက် ကွိပစ္စည်း သုဒ္ဓကတ္တုသာခနေအနက် ဟူသော အကြောင်းကို လဲလှယ်ပြလိုသော ကြောင့် ဂ–ဝါကျ၌ "ဝါ"သဒ္ဒါထားရသည်။

ဃ–ဝါကျ စသဒ္ဒါ

သုဋ္ဌု ခါဒတိကြောင့်သာ သုခမည်သည်မဟုတ်၊ ခနတိ ကာယစိတ္တတာ ကြောင့်လည်း သုခမည်၏ဟုဆည်းခြင်း သမုစ္စည်းအနက်ရှိသော "စ"သဒ္ဒါ။(အကျဉ်းချုပ်)

ကိုယ်၏အနာ စိတ်၏အနာကို ကောင်းစွာခဲစားတတ်သောကြောင့်သာ သုခမည်သည် မဟုတ်၊ ကိုယ်၏အနာ စိတ်၏အနာကို တူးလည်းတူးဖြိုတတ်သောကြောင့်လည်း သုခမည်သတည်း ဟု သိစေသည်။ (အနက်အတိုင်းအကျယ်ရေး)

င–ဝါကျ နာမသဒ္ဒါ

အပေါင်းဖြစ်သော ကာယိကသုခ စေတသိကသုခတို့၏ သုခအမည်ကို အစိတ်ဖြစ်သော စေတသိကသုခ၌တင်စား၍ အစိတ်ဖြစ်သော စေတသိကသုခကို "သုခ"ဟုခေါ်သောကြောင်း ကေဒေသျူပစာ။ ယင်း၏ကေဒေသျူပစာ ဖြစ်ကြောင်းကို ပြလိုသောကြောင့် နာမသဒ္ဒါထားရသည်။

မှတ်ချက်။ ဝိပါကတိတ် အဓိဝစနံပြန်ကြည့်။

၄။ ဖြေ။ သုသဒ္ဒါကား ဥပသာရဖြစ်၍ ဝိဂ္ဂဟမပြုရ။

မန။ မနတိ ဇာနာတီတိ မနော။ သုမန။ သုန္ဒရံ မနော သုမနော။ သုန္ဒရံ မနော ဧတဿာတိ ဝါ သုမနော။ (ဤတိုင်အောင်ကား အစိတ်ဝိဂ္ဂဟများ)

သောမနဿံ။ သုမနဿ ဘာဝေါ သောမနဿံ။

သုမနဿ၊ ကောင်းသောစိတ်၏၊ ဝါ–ကောင်းသောစိတ်ရှိသောသူ၏။ ဘာဝေါ၊ ဖြစ်ကြောင်းတည်း။

ဉာသ်ကောက်။ သုမနဿ ဘာဝေါ–ကား ဘာဝတဒ္ဓိတ်ဝိဂြိုဟ်၊ သောမနဿံ–ကား ဘာဝတဒ္ဓိတ်ပုဒ်၊ သုမနပုဒ်+ဏျပစ္စည်း။

၁။ သုမန.ကား ကောင်းသောစိတ်၊ဝါ– ကောင်းသောစိတ်ရှိသောသူဒြဗ် မုချ။

၂။ ယင်း၏ ဝေဒနာနှင့် အကျိုးအကြောင်းစပ် သမ္ဗန်။

၃။ ဏျပစ္စည်း..ထိုဖြင့်မှတ်အပ်သော ဝေဒနာရ၏။

မှတ်ချက်။ ပါ+ ဖြေ+ ပထမ နှာ–၉၅–၉၆–၉၇– သောမနဿံ ဉာသ်ကောက် ရှင်းလင်းချက် ကြည့်ပါ။

ဇောတုကာ

၂။ ထိုဗျုပ္ပတ္တိ၏အကြောင်းဖြစ်သော ကောင်းသောစိတ်၊ဝါ– ကောင်းသောစိတ်ရှိသူ၏ (ကောင်းသောစိတ်ဖြစ်ကြောင်း) ဝေဒနာနှင့် အကျိုး အကြောင်းစပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။

http://www.dhammadownload.com



၄။ ထိုပဝတ္တိ၏အကြောင်းဖြစ်သော (သောမနဿ) ဝေဒနာတို့၏ –လ– ဓာတ်သည် ပဝတ္တိနိမိတ်။

မှတ်ချက်။ အစိုးရအဖြေ၌ ချွတ်ယွင်းချက်ကို သတိပြုလေ။ သောမနဿနှင့် ဝေဒနာကို သောမနဿံဧဝ ဝေဒနာ သောမနဿဝေဒနာ–ဟု အဝဓာရဏ ကမ္မဓာရယ်တွဲလေ။ .

သုခိတ။ သုခံ သဉ္ဇာတံ အဿာတိ သုခိတော။

အဿ၊ ထိုသူ၏။ သဉ္ဇာတံ၊ ဖြစ်သော။ သုခံ၊ ချမ်းသာသည်။ အတ္ထိ၊ ၏။ ဣတိ သော သုခိတော။ (တံ) သဉ္ဇာတတဒ္ဓိတ်၊ သုခပုဒ်၊ ဣတပစ္စည်း။

၁။ ဖြစ်သောချမ်းသာသည် မုချ။

၂။ ယင်း၏ ပုဂ္ဂိုလ်နှင့် ဂုဏ် ဂုဏေး၊ ဌာနီ ဌာနစပ်သမ္ဗန် ဌာနူပစာ။

၃။ ဣတ.. အရ ဖြစ်သောချမ်းသာရှိသောပုဂ္ဂိုလ်ရ၏။

စတုက္က

၂။ ထိုဗျုပ္ပတ္တိ၏အကြောင်းဖြစ်သော ဖြစ်သောချမ်းသာ၏ ပုဂ္ဂိုလ်နှင့် ဂုဏ် ဂုဏေး စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။

၄။ ထိုပဝတ္တိ၏အကြောင်းဖြစ်သော ဖြစ်သောချမ်းသာခြင်းရှိသော သူတို့၏–လ– ဓာတ်သည် ပဝတ္တိနိမိတ်။

မှတ်ချက်။ မောဂ်၊၄၊၄၅၊ သဉ္ဇာတံ တာရကာဒိ တွိတော–သုတ်ဖြင့် သဉ္ဇာတတဒ္ဓိတ်၌ ဣတပစ္စည်းသက်။

တစ်နည်း။ သုခိတ။ သုခံ ဣတော ဂတော ပတ္တောတိ သုခိတော။

သုခံ၊ ချမ်းသာခြင်းသို့။ ဣတော ဂတော ပတ္တော၊ ရောက်သည်တည်း။. သုခိတော၊ ချမ်းသာခြင်းသို့ရောက်သည်။ သုခ+ဣတ၊ ဒုတိယာတပ္ပုရိသ်သမာသ်။

၁။ သုခ..ချမ်းသာသည် မုချ။

၂။ ယင်း၏ ရောက်သောပုဂ္ဂိုလ်နှင့် ဂုဏ် ဂုဏေး၊ ဌာနီ ဌာနစပ်သမ္ဗန်။

၃။ သုခိတ = ချမ်းသာခြင်းသို့ ရောက်သောသူရ၏။

စတုက္က

၂။ ထိုဗျုပ္ပတ္တိ၏အကြောင်းဖြစ်သော ဖြစ်သောချမ်းသာ၏ ရောက်သောသူနှင့် ဂုဏ် ဂုဏေး၊ ဌာနီ ဌာနစပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။

၄။ ထိုပဝတ္တိ၏အကြောင်းဖြစ်သော ချမ်းသာခြင်းသို့ရောက်သောသူ၏ –လ–ဓာတ်သည် ပဝတ္တိနိမိတ်။

http://www.dhammadownload.com



မှတ်ချက်။ ဤကား ပြည်သျှ ဒုတိယအနက်နှင့်အညီ ဝိဂ္ဂဟတည်း။ နိဋ္ဌ ဣတော ဂတော ပတ္တော နိဋ္ဌိတော်နှင့် တူညီသည်။ သဒ္ဒနီတိ-ကိုး၍ ရေးသားအပ်။ သူစိဉ်ကား "သုခေန ဣတော ပဝတ္တောတိ သုခိတော"ဟုဆိုသည်။ သုခေန၊ ချမ်းသာသဖြင့်။ ဣတော၊ ပဝတ္တော၊ ဖြစ်သတည်း။ သုခိတော၊ ချမ်းသာသဖြင့် ဖြစ်သည်။ တတိယာတပ္ပုရိသ်သမာသ်။ ဝိသေသန ဝိသေသျှစပ်။

မှတ်ချက်။ ဂံ၊သစ်၊၄၃၅-၌ကား "သုခံ ဧတဿ အတ္ထီတိ သုခီ၊ သုခီယေဝ သုခိတော။ တစ်နည်း။ အယတိ ပါပုဏာတီတိ ဣတော၊ သုခံဣတော သုခိတော။ တစ်နည်း။ အယတိ ပဝတ္တတီတိ ဣတော၊သုခံ သုခေန ဝါ ဣတော သုခိတော။ တစ်နည်း။ အယနံ ပဝတ္တနံ ဣတံ၊ သုခံ ဣတံ ဧတဿာတိ သုခိတော။ တစ်နည်း။ အယိတဗ္ဗော ဖုဿိတဗ္ဗောတိ ဣတော၊ သုခါဝိတိ ဣတော သုခိတော၊ဒုက္ခိတော-စသည်တို့၌လည်း ၎င်းနည်းကိုမှီး၍ ကြံလေ-ဟုဆိုသည်။

အာဗာဓ။ အာဗာဓတိ စိတ္တံ ဝိလောဠေတီတိ အာဗာဓော။ ဗာဓ ဝိလောဠနေ၊ အ၊ အာပုဗ္ဗော။ သူစိ။ (ဝိလောဠေတိ၊ နှိပ်စက်တတ်၏။)

၆။ အဖြေ။ ဝါ-ဖြင့် ဝိကပ္ပနတ္ထဇောတက၊ နယန္တရဇောတကအဖြစ်ကို သိစေသည်။ (အတ္ထသံဝဏ္ဏနာ၊ ဘာဝတ္ထ၊ နေယျတ္ထသံဝဏ္ဏနာ)

သုဋ္ဌု ခါဒတိ-ဖြင့် သုခံ၌ သုပုဗ္ဗ ခါဒဓာတ်၏အဖြစ်ကိုငှင်း၊[၁] သုသဒ္ဒါ သုဋ္ဌု အနက်ဟောသည်ကိုငှင်း၊[၂] ကွိပစ္စည်း၏ ကတ္တုသာဓနဲ၌သက်သည်ကိုငှင်း၊[၃] သုဋ္ဌု ခါဒတီတိ သုခံ-ဟု ဝိဂ္ဂဟပြုရမည်ကိုငှင်း[၄] သိစေသည်။

၁။ ဒုတိယဓာတုပဒ။ ၂။ ဥပသဂ္ဂလိင်္ဂတ္ထ။ ၃။ ဒုတိယပစ္စယတ္ထ။ ၄။ အဘိဓာနတ္ထ။

စ-ဖြင့် သမုစ္စယတ္ထ သမ္ပိဏ္ဍနတ္ထဇောတကအဖြစ်ကိုသိစေသည်။
(အတ္ထသံဝဏ္ဏနာ၊ ဘာဝတ္ထ၊ နေယျတ္ထသံဝဏ္ဏနာ)

ခနတိ-ဖြင့် သုခံ-၌ သုပုဗ္ဗ ခနဓာတ်၏အဖြစ်ကိုငှင်း၊[၁] ကွိပစ္စည်း၏ ကတ္တုသာဓနဲ၌ သက်သည်ကိုငှင်း၊[၂] သုဋ္ဌု ခနတီတိ သုခံ-ဟု ဝိဂ္ဂဟပြုရမည် ကိုငှင်း[၃] သိစေသည်။

၁။ ဒုတိယဓာတုပဒ။ ၂။ ဒုတိယပစ္စယတ္ထ။ ၃။ အဘိဓာနတ္ထ။

ကာယစိတ္တာဗာဓံဖြင့် ခါဒဓာတ် ခနဓာတ်တို့၏ ကံအဖြစ်ကို သိစေသည်။
(ဘာဝတ္ထသံဝဏ္ဏနာ၊ နေယျတ္ထသံဝဏ္ဏနာ)

## (၆) အာဘောဂ သံဝဏ္ဏနာ

က-ဝါကျ သုခယတိ-ဖြင့် သုခဓာတ်၏ အဖြစ်ကိုငှင်း၊[၁] သုခံပုဒ်ကို သုခယတီတိ သုခံဟု ဟေတုကတ္တုသာဓနဝစနတ္ထပြုရမည်ကိုငှင်း၊[၂] သုခ-၌ အပစ္စည်း၏ ဟေတုကတ္တုသာဓန၌ သက်သည်ကိုငှင်း[၃] သိစေသည်။ ၁။ ဒုတိယဓာတုပဒ။ ၂။ အဘိဓာနတ္ထ။ ၃။ ဒုတိယပစ္စယတ္ထ။

မှတ်ချက်။ အချို့က သုခပုဒ်ကို သုခဓာတ်+ကာရိက်ပစ္စည်းကြေ+အပစ္စည်း ဟုကြံကြသည်။

http://www.dhammadownload.com



ခ–ဝါကျဖြင့် သုခယတိ = ချမ်းသာစေတတ်၏ဟူသည် မိမိ (သုခ) ဖြစ်ရာပုဂ္ဂိုလ်ကို ချမ်းသာအောင်ပြုတတ်သတည်းဟု သိစေသည်။ (ဘာဝတ္ထ)

င–ဝါကျဖြင့် သုခအရ ကာယိကသုခကို မယူရ၊ မာနသိကသုခ (သောမနဿ ဝေဒနာ) ကို ယူရမည်ဟု သိစေသည်။ (အဘိဓေယျတ္ထ)

မှတ်ချက်။ အစိုးရမေးခွန်းအဖြေကို ရှေးဦးစွာရေးသားသဖြင့် အစဉ်မတည့်သည်ကို သတိပြုပါ။

## နိဿျ–အဓိပ္ပါယ်

ယဿ ဥပ္ပဇ္ဇတိ၊ တံ သုခိတံ ကရောတီတိ အတ္ထောကိုမျှော်၍ "သုခယတိ သုခိတံ ကရောတီတိ သုခံ"ဟူသော အတ္ထ၌ ဓာတုရူပေ နာမသ္မာ ဏာဓယာစဖြင့် ဏယပစ္စည်းသက်၍ ပြီးကောင်းသော်ဓာတ်ဟု မမှတ်လင့်။ ဓာတူဟိ ဏေ ဏယ ဏာပေ ဏာပယ ကာရိတာနိ ဟေတွတ္ထေဟူသောသုတ်ဖြင့် ကာရိက် ဏယပစ္စည်းသက်၍ ပြီးကောင်းသော ဟေတုကတ္တုသာဓန ဟုမှတ်။

၇။ အဖြေ။ ယဿ၏အစွဲကား ပုဂ္ဂိုလ်ဖြစ်သည်။ (ပုဂ္ဂိုလ်ဒြဗ်ကိုစွဲ –ပဏ္ဏတ္တိဝိသယ–ယ)

စသဒ္ဒါ၏ အဓိပ္ပေတတ္ထကား ခါဒတိကြိယာကိုပေါင်းဆည်းသော သမုစ္စယတ္ထ ဇောတက, သမ္ပိဏ္ဍနတ္ထဇောတက။

---

## (၇) ဥပသဂ္ဂ နိပါတတ္ထ

ခ–ဝါကျ။ ဥပ္ပဇ္ဇတိ–၌ ဥကား ဓာတွတ္ထဝိသေသက။

ရှင်းလင်းချင်။ ပဒ ဒိစ ဂတျ–ဓာတွတ္ထနှင့်အညီ ဂတိအနက်ကို မူလဟော၍ ဥ–ဥပသာရ လှော်ကပ်သောအခါ ပဝတ္တိအနက်ဟောသဖြင့် ဥကို ဓာတွတ္ထဝိသေသကဟု ဆိုသည်။

ဂ–ဝါကျ ဝါသဒ္ဒါကား ဝိကပ္ပနတ္ထ။

ဂ–ဝါကျ၌ စသဒ္ဒါကား သမုစ္စယတ္ထ၊ သမ္ပိဏ္ဍနတ္ထ။

မှတ်ချက်။ ခါဒတိ၊၏။ စ–တစ်နည်း။ ခနတိ၊၏–ဟု ပေးလျှင် စသဒ္ဒါ အတ္တက္ခရ ဇောတက။

## ဝုတ္တနယေနေဝ–၌ ဧဝ

၁။ ဆိုအပ်ပြီးသောနည်းသည် ဂဟေတဗ္ဗတ္ထ။

၂။ မဆိုအပ်သောနည်းသည် နိဝတ္တေတဗ္ဗတ္ထ။

၃။ ဝုတ္တနှင့် နယ ဂုဏ်ဂုဏီစပ်ခြင်းသမ္ဗန္ဓဘောသည် အနုညာတတ္ထ။

## သဗ္ဗနာမဝိသယ

ယဿ–၌ ယနှင့် တံ၌ တကား ပုဂ္ဂိုလ်ဒြဗ်ကိုစွဲ–ပဏ္ဏတ္တိဝိသယ။

င–ဝါကျ ဧတံ–၌ ဧတကား နာမ်ဟူသောအစွဲတင်းလင်းရှိသောကြောင့် ပသိဒ္ဓဝိသယ–

http://www.dhammadownload.com



### (၈) ကြိယာငါးတန်

၁။ သုခဝေဒနာသည် ဒဿနတ္ထ။ ၂။ ပဿဒ္ဓိသည် ဒီပကတ္ထ။

၃။ သမာဓိသည် ပကာသနတ္ထ။ ၄။ ပါမောဇ္ဇ ပီတိသည် ဝိဘာဝတ္ထ။ (အကြောင်း)

၅။ ယထာဘူတဉာဏ်, နိဗ္ဗိဒါ,ဝိရာဂ,ဝိမုတ္တိ,ဝိမုတ္တိဉာဏဒဿန, အနုပါဒိသေသ နိဗ္ဗာန်သည် အနုညာတတ္ထ။

မှတ်ချက်။ သုခတရားကိုယ်ကောက်ရသော သုခယတိ၊ သုခံ၊ ဥပ္ပဇ္ဇတိ၊ သုခိတံ ကရောတိ ခါဒတိ, ခနတိအရကို အထက်ပါအတိုင်း ကြိယာငါးတန် ထုတ်ပါ။

---

အပရောနယော-

(က) သာတလက္ခဏံ သုခံ၊ သမ္ပယုတ္တာနံ ဥပဗြူဟနရသံ။ အနုဂ္ဂဟဏပစ္စုပဋ္ဌာနံ။ (ခ) သတိပိစ နေသံ ပီတိသုခါနံ ကတ္ထစိ အဝိပ္ပယောဂေ ဣဋ္ဌာရမ္မဏပဋိလာဘတုဋ္ဌိ ပီတိ။ (ဂ) ပဋိလဒ္ဓရသာနုဘဝနံ သုခံ၊ (ဃ) ယတ္ထ ပီတိ, တတ္ထ သုခံ။ (င) ယတ္ထ သုခံ, တတ္ထ န နိယမတော ပီတိ။ ဌ၊၁၆၀။

### (၁) အနက်ယောဇနာ

ဝေဒနာပဒေ ဝုတ္တနယတော။ (အပါဒါန်ထည့်)

အပရော နယော မယာ (အာစရိယေန) ဝုစ္စတေ။

ခ-ဝါကျ။ ကတ္ထစိ၊ အချို့သော ပီတိယှဉ်သောစိတ်၌။ (ကတ္ထစိအစွဲ)

ဃ-ဝါကျ။ ယတ္ထ၊၌။ပီတိ၊သည်။အတ္ထိ၊ရှိ၏။(သဒ္ဒတ္ထ)ဝါ-ယှဉ်၏။ (အဓိပ္ပါယတ္ထ)

---

### (၂) (၃) ဝါကျခွဲစသည်

ခ-ဂ-ဝါကျ ဝါကျာရမ္ဘ၊ ထို-၍ က-ဝါကျ အာရဒ္ဓ။ ဝါ- ခ-ဂ-ဝါကျကား ဝိသေသ။ က-ကား သာမည။

#### ခ-ဂ-ဝါကျ ထပနာပဋ္ဌကတက်

ဆရာ၊ ဆရာသည် က-ဝါကျဖြင့် သုခ၏ လက္ခဏာစသည်တစ်မျိုးကို ပြတော်မူ၏။(၌) ထိုသို့သာဆိုချေသော်(လက္ခဏ) ယင်းပီတိသုခတို့၏ အချို့သောစိတ်၌ မကွေမကွာအတူယှဉ်သော ကြောင့် ပီတိနှင့်သုခ အထူးမရှိဟူသော အနက်ရောက်ရာသည် မဟုတ်လော။(အာဘော်) ထိုသို့ရောက်ရာသောကြောင့် (ဟိတ်) သုခ၏လက္ခဏာစသည် တစ်မျိုးကိုသာ မဆိုသင့် (ရှေ့ပယ်) ပီတိသုခတို့၏ အထူးကိုလည်းဆိုသင့်သေး၏။ (အန္ဝယ) ပီတိသုခတို့၏အထူးကား အဘယ်နည်း- ကြောင့် ခ-ဂ-ဝါကျမိန့်။

ဒေါသပယ်။ သုခ၏လက္ခဏာ စသည် သာမညကိုသာဆို၍ ပီတိသုခတို့၏ အထူးကို မဆိုလျှင် သာမညဝိသေသဆန့်ကျင်သေ ဝိရောဓိဒေါသရောက်ရာ၏။ ခ-ဂ-ဝါကျဖြင့် ဝိသေသကို ဆိုသဖြင့် ယင်းဝိရောဓိဒေါသ ကင်းစင် ပျောက်လေတော့၏။

http://www.dhammadownload.com



ဂ–ဝါကျကား ပက္ခန္တရ။ ထို–၍ ခ–ဝါကျကား ပက္ခ။
ဃ–င=ဝါကျ ပက္ခန္တရ။ ထို–၍ ခ–ဂ–ဝါကျ ပက္ခ။

အပရောနယော

ဝေဒနာပုဒ်၌ ဆိုအပ်ပြီးသော လက္ခဏာစသည်မှတစ်ပါးသော လက္ခဏာစသည် အနက်တစ်မျိုးကို လဲလှယ်ပြလိုသောကြောင့် အပရော နယော ထားရသည်။

---

## (၄) ဝိဂ္ဂဟာဒိ

သာတ။ ဣဋ္ဌသဘာဝတ္တာ တံ သမင်္ဂီပုဂ္ဂလံ သမ္ပယုတ္တဓမ္မေ ဝါ အတ္တနိ သာဒယတီတိ သာတံ။ ဒကာရဿ တကာရံ ကတွာ။

အနက်။ ဣဋ္ဌသဘာဝတ္တာ၊ သာယာအပ်သောသဘောရှိသည်၏အဖြစ်ကြောင့်၊ တံသမင်္ဂီပုဂ္ဂလံ၊ ထိုသုခနှင့်ပြည့်စုံသောပုဂ္ဂိုလ်ကို။ ဝါ–တစ်နည်း။ သမ္ပယုတ္တဓမ္မေ၊ သုခနှင့် ယှဉ်သောတရားတို့ကို။ အတ္တနိ၊ မိမိ၌။ သာဒယတိ၊ သာယာစေတတ်၏။ ဣတိ တံ သာတံ။ (ဒကာရဿ၊ ဒအက္ခရာကို။ တကာရံ၊ တ–အက္ခရာကို။ ကတွာ၊ ပြု၍။) (သာဒ–ဟူလိုလျက် ဒကို တပြု၍ သာတပြီး) သဒ္ဒါတ်+ဏ ပစ္စည်း၊ ဟေတုကတ္တုသာဓန။

ဉာဏ်ကောက်

၁။ သဒ္ဒါတ်အရ သုဒ္ဓကတ္တုရွှအရကား တံသမင်္ဂီပုဂ္ဂိုလ်၊ တစ်နည်း။ သမ္ပယုတ္တဓမ္မတို့၏ ဥပါဒ်သည် မုချ။

၂။ ဟေတုကတ္တုရွှအရ ထိုအားတပ်သော သုခ၏ သဟဇာတာဒိပစ္စယသတ္တိသည် ဖလူပစာ။

၃။ ပစ္စယတ္ထအရ ထိုမုချဖလူပစာတို့ဖြင့်မှတ်အပ်သော သုခဝေဒနာရ။

သတိ။ သုဒ္ဓကတ္တုရွှ, ဓာတွတ္ထအရနှင့် ပစ္စယတ္ထအရကိုရှု၍ ပစ္စည်းပြိုင် ကြိယာငါးတန် စတုက္ကစသည်မေးနိုင်သည်။

---

## (၁၀) ပစ္စည်းပြိုင်

မေး။ ဓာတွတ္ထနှင့် ပစ္စယတ္ထ (ဗာဟျတ္ထ) တို့ ပစ္စည်းပစ္စယုပ္ပန်ဆက်သွယ်ပုံကိုဖော်ပြ၍ ပစ္စယသတ္တိကိုလည်း ညွှန်ပြပါ။

ဖြေ။ ဓာတွတ္ထ (အန္တတ္ထ) အရကား တံသမင်္ဂီပုဂ္ဂလ၊ တစ်နည်း။ သမ္ပယုတ္တဓမ္မတို့၏ ဥပါဒ်ရ၏။ ပစ္စယတ္ထ (ဗာဟျတ္ထ) အရကား သုခဝေဒနာရ၏။

သုခဝေဒနာ(သာယာစေတတ်) ပစ္စည်းတရားက တံသမင်္ဂီပုဂ္ဂလ၊ တစ်နည်း၊ သမ္ပယုတ္တဓမ္မ (သာယာသော) အား သဟဇာတာဒိပစ္စယသတ္တိဖြင့် ကျေးဇူးပြု။

သုခဝေဒနာပစ္စည်းတရားက တံသမင်္ဂီပုဂ္ဂလအား သဟကြီး–၄၊ အညမည၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ၊ ဣန္ဒြိယ၊ ဈာန ၉–ပစ္စည်းပြိုင်။

http://www.dhammadownload.com



သုခဝေဒနာပစ္စည်းတရားက သမ္ပယုတ္တဓမ္မအား သဟဇာတ–၄၊ အညမည၊ သမ္ပယုတ္တ၊ ဣန္ဒြိယ၊ ဈာန ၈–ပစ္စည်းပြုငြ်။

မှတ်ချက်။ သာတအရ၊ ဝါ– ပစ္စယတ္တ၊ ဗာဟုလ္လတ္တအရယူ၍ ကြိယာ ငါးတန်၊ လက္ခဏာဒိ စတုက္ကထုတ်ပါဟုမေးနိုင်သည်။ သုခဝေဒနာယူထုတ်ပါ။

**စတုက္က**

၂။ ထိုဗျူပ္ပတ္တိ၏အကြောင်းဖြစ်သော သဒ္ဒတော် ဏပစ္စည်းသည်၎င်း၊ သာယာခြင်း ကြိယာသည်၎င်း ဗျူပ္ပတ္တိနိမိတ်။

၄။ ထိုပဝတ္တိ၏အကြောင်းဖြစ်သော သုခဝေဒနာတို့၏–လ–ဇာတ်သည် ပဝတ္တိနိမိတ်။

မှတ်ချက်။ ဤကား သာတအရ သာတံ သုခံ ဝေဒယိတံ (ဓမ္မသင်္ဂဏီ၊၁၈) အရ သုခဝေဒနာ–ရသော သာတသဒ္ဒါတည်း။ လက္ခဏာနှင့်တွဲရန် သာတပုဒ်ကို ဘာဝပ္ပဓာန် ဘာဝလောပကြံရမည်။

**သာတလက္ခဏံ**။ သာတံ လက္ခဏံ ဧတဿာတိ သာတလက္ခဏံ။

ဧတဿ၊ ထိုသုခအား။ သာတံ၊ တံသမ်ံဂီပုဂ္ဂလသမ္ပယုတ္တဓမ္မတို့ကို မိမိဌ်သာယာ စေတတ်သည်၏အဖြစ်လျှင်။ လက္ခဏံ၊ မှတ်ကြောင်းသည်။ အတ္ထိ၏။ ဣတိ တံ သာတလက္ခဏံ။

**သာတလက္ခဏံမှတ်ဖွယ်**

သာတလက္ခဏံ။ တံသမ်ံဂီပုဂ္ဂလ သမ္ပယုတ္တဓမ္မတို့ကို မိမိဌ်သာယာစေတတ်သော တရားလျှင်မှတ်ကြောင်းလက္ခဏာရှိ၏။ (သာတသဒ္ဒါ ဟေတုကတ္တုသာဓန၊ လက္ခဏာသဒ္ဒါ ကရဏသာဓန)

တစ်နည်း။ သာတံလက္ခဏံ၊ တံသမ်ံဂီပုဂ္ဂလ–လ– မိမိဌ် သာယာစေတတ်သည်၏ အဖြစ်လျှင် မှတ်ကြောင်းလက္ခဏာရှိ၏။(သာတသဒ္ဒါ ဘာဝပ္ပဓာန ဟေတုကတ္တု သာဓန။)

တစ်နည်း။ တံသမ်ံဂီပုဂ္ဂလ သမ္ပယုတ္တဓမ္မတို့ကို မိမိဌ်သာယာစေတတ်သော တရားဟု မှတ်အပ်၏။ (လက္ခဏာသဒ္ဒ ကမ္မသာဓန။)

**ဥပဗျူဟာန**။ ဥပဗျူဟေတီတိ ဥပဗျူဟာနံ။ (ဥပ+ဝိ+ဦဟ+ယု)

**အနုဂ္ဂဟဏ**။ အနု အနု ဂဏှနံ အနုဂ္ဂဟဏံ။ အနုအနုဂဏှနံ၊ အာရုံကို အဖန်ဖန်ယူခြင်း။ အနုဂ္ဂဏှနံ၊ ခြင်း။

တစ်နည်း။ အနုဂ္ဂဏှာတီတိ အနုဂ္ဂဏှနံ။ အနုဂ္ဂဏှာတိ၊ သမ္ပယုတ်တရားတို့အား ကျေးဇူးပြု တတ်၏။ဣတိ တံ အနုဂ္ဂဏှနံ။ (ဘာဝပ္ပဓာနဆက်ကြံ)

မှတ်ချက်။ သျ–၌ "ဒုက္ခံ ဝိယ အဝိဿဇ္ဇေတွာ အဒုက္ခမသုခံ ဝိယ အနဇ္ဈုပေက္ခိတွာ အနု အနု ဂဏှနံ ဥပကာရိတာဝ အနုဂ္ဂဟော–ဟူသော ဝိသုဒ္ဓိမဂ်ဋီကာကို ကိုးကား၍ အနုဂဟဏ ပုဒ်အနက်ကို ရေးသားထားသည်။

http://www.dhammadownload.com



တုဋ္ဌိ။ တုသဿနံ တုဋ္ဌိ။ တုသဓာတ်+တိပစ္စည်း။ ကိတ်နာမ်ပုဒ်၊ ဣကာရန္တ၊ ထီလိင်။ ရတ္တာဒိဂိုဏ်း။

ပဋိလဒ္ဓ။ ပဋိ+လဘ+တပစ္စည်း။
ရသဟူသောဝိသေသျလိင်သို့လိုက်၍ ပုရိသာဒိဂိုဏ်း–အကာရန္တ။

---

(က) စိတ္တဿေကဂ္ဂတာတိ စိတ္တဿ ဧကဂ္ဂဘာဝေါ။ (ခ) သမာဓိဿေတံ နာမံ။ (ဂ) လက္ခဏာဒီသု ပနဿ အဋ္ဌကထာယံ တာဝ ဝုတ္တံ– ၁။ ပါမောက္ခ လက္ခဏော စ သမာဓိ၊ ၂။ အဝိက္ခေပလက္ခဏော စ။ (ဃ) ယထာဟိ ကူဋာဂါရကဏ္ဏိကာ သေသဒဗ္ဗသမ္ဘာရာနံ အာဗန္ဓနတော ပမုခါ ဟောတိ၊ ဧဝမေဝ သဗ္ဗကုသလဓမ္မာနံ သမာဓိစိတ္တေန ဣဇ္ဈနတော သဗ္ဗေသမ္ပိ တေသံ ဓမ္မာနံ သမာဓိ ပါမောက္ခော ဟောတိ။ (င) တေန ဝုတ္တံ – ယထာမဟာရာဇ –လ– အဂ္ဂမက္ခာယတီတိ။ ဌ၊၁၆၁။

### (၁) အနက်ယောဇနာ

တာဝ။ အပရနယတော ပဌမံ = နောက်နည်းမှရှေးဦးစွာ။ ဝါ– အပရနယဿ ပဌမံ = နောက်နည်း၏ ရှေးဦးစွာ။ (တာဝ–အပါဒါန်၊ သမ္ဗန်ခံပုံ)

---

### (၂) (၃) ဝါကျခွဲစသည်

ခ–ဝါကျကား ဝါကျာရမ္ဘဝါကျ၊ ဝါ– ပက္ခန္တရဝါကျ။ က–ဝါကျကား အာရဒ္ဓဝါကျ၊ ဝါ– ပက္ခဝါကျ။ (ဝိပါကအဖွင့် ပြန်ကြည့်)

### ခ–ဝါကျ ဝါကျာရမ္ဘ ပါပနာဒိတက်

ဆရာ၊ ဆရာသည် က–ဝါကျဖြင့် စိတ္တဿေကဂ္ဂတာကို စိတ္တဿ ဧကဂ္ဂတာ–ဟု ပဒစ္ဆေဒပြုရမည်ကိုင်း၊ ဧကဂ္ဂတာပုဒ်ကို ဧကဂ္ဂဿ ဘာဝေါ ဧကဂ္ဂတာဟု ဘာဝ တဒ္ဓိတ်ဝစနတ္ထပြုရမည်ကိုင်း ဆိုတော်မူ၏။(ဌ) ထိုသို့ဆိုချေသော်(လက္ခဏာ) ဧကဂ္ဂတာ အရ "ဧကအဂ္ဂ–အာရမ္မဏ= တစ်ခုသောအာရုံကိုယူရမည်ဟူသောအနက်သည်ရောက် ရာ၏။(အနု+ပါ) (အာဘော်နှင့်ယှဉ်ကြည့်) စင်စစ်တမူကား ဧကဂ္ဂတအရ တစ်ခုသော အာရုံကို မယူရ။(ပဋိ+ပါ) ယင်းသို့မယူရသောကြောင့် (ဟိတ်) ဧကဂ္ဂတာအရ ယူသင့်သည်ကို ဆိုသင့်ဆိုတန်၏။ (အနု+ရော) ဧကဂ္ဂတာအရ ယူသင့်သည်ကိုမဆိုဘဲမနေသင့် မနေ တန်၊(ပဋိ+ရော)ဧကဂ္ဂတာအရ အဘယ်ကိုယူရမည်နည်း–ကြောင့် ခ–ဝါကျမိန့်။

### ခ–ဝါကျ ပက္ခန္တရ ပါပနာဒိတက်

ဆရာ၊ဆရာသည် (ဌပနာတူပြီ) ထိုသို့ဆိုချေသော်(လက္ခဏာ) ဧကဂ္ဂတာပုဒ်၏ ဝစနတ္ထသာရှိ၍ အဘိဓေယျတ္ထမရှိဟူသောအနက်သည်ရောက်ရာ၏။ (အနု+ပါ) စင်စစ်တမူကား ဧကဂ္ဂတာပုဒ်၏ ဝစနတ္ထသာရှိ၍ အဘိဓေယျတ္ထ မရှိ သည်မဟုတ် ရှိသည် သာဖြစ်၏။ (ပဋိ+ပါ)

http://www.dhammadownload.com



ယင်းသို့ရှိသည်သာဖြစ်သောကြောင့် (ဟိတ်) ကေဂ္ဂတာပုဒ်၏ အဘိဓေယျတ္ထကိုဆိုသင့်ဆိုတန်၏။ (အန+ရော) ကေဂ္ဂတာပုဒ်၏အဘိဓေယျတ္ထကို မဆိုဘဲမနေသင့် မနေတန်၊ (ပဋိ+ရော) ကေဂ္ဂတာပုဒ်၏ အဘိဓေယျတ္ထကား အဘယ်နည်း -ကြောင့် ခ-ဝါကျမိန့်။

ဂ-ဝါကျ ပက္ခန္တရ။ ထို-၌ က-ခ-ဝါကျ ပက္ခ။

ဃ-ဝါကျ ဝိတ္ထာရ၊ ဝါ- တပ္ပါကဋီကရဏဝါကျ။ ထို-၌ ဂ-၁-ဝါကျကား သင်္ခေပ၊ ဝါ- အပါကဋဝါကျ။

င-ဝါကျကား အာဂမဒဠှီကရဏဝါကျ။ ထို-၌ ဃ-ဝါကျကား အာဂမ ဒဠှိယဝါကျ။

ဒေါသပယ်။ ခ-ဝါကျ ဝါကျာရမ္ဘကြံလျှင် ကေဂ္ဂတာအရ ကေအဂ္ဂ အာရမ္မဏာ= တစ်ခုတည်းသောအာရုံဟူသောနီးသောအကြောင်းဖြားကိုငင်း၊ ကေဂ္ဂတာအရ သမာဓိ ဟူသော ဝေးသောအကြောင်းကိုငင်း ရရှိသည်ဖြစ်ရာ အလွန်ပျံ့နှံ့လျက်ရှိသည်။ ခ-ဝါကျရေးလိုက်သဖြင့် ကေဂ္ဂတာအရ သမာဓိဟူသော ဝေးသောအကြောင်းရင်းကိုသာ ရတော့သဖြင့် အလွန်ပျံ့နှံ့ခြင်း- အတိဗျာပိတဒေါသ မကျမရောက်ကင်းစင်ပျောက်သွား သည်။ သို့ဖြစ်၍ ယင်းဝါကျဖြင့် အတိဗျာပိတဒေါသကိုပယ်သည်။ (အာဘော်နှင့် ယှဉ်ကြည့်ပါ)

ခ-ဝါကျကို ပက္ခန္တရဟုကြံခိုက် က-ဝါကျဖြင့် ကေဂ္ဂတာ၏ ဝစနတ္ထ အဘိဓာနတ္ထကို ပြ၏။ ခ-ဝါကျဖြင့် ထိုဝစနတ္ထမှတစ်ပါးတစ်မျိုးသော အဘိဓေယျတ္ထကို ပြသည် ဖြစ်ရာ မပျံ့နှံ့ခြင်း အဗျာပိတ အပရိပုဏ္ဏဒေါသကို ပယ်သည်။ (ပက္ခန္တရဝါကျတိုင်း ပယ်နေကျဒေါသတည်း)

ဃ-ဝါကျဖြင့် သင်္ခေပ ဝိတ္ထာရဆန့်ကျင်သော ဝိရောဓိဒေါသပယ်။

င-ဝါကျဖြင့် ဒဠှိ ဒဠှီကရဏဆန့်ကျင်သော ဝိရောဓိဒေါသပယ်။

## နာမံ သဒ္ဒါ

ကေဂ္ဂတာအရ သမာဓိ, တစ်ခုတည်းသောအာရုံဟူသော အယောင်း၏အမည်ကို သမာဓိ ဟူသောအစိတ်၌တင်စား၍ သမာဓိ-ဟူသော အစိတ်ကို ကေဂ္ဂတာဟုဆိုသောကြောင့် ကေဒေသျူ- ပစာသဒ္ဒါ။ ယင်းကိုပြလို၍ နာမံ သဒ္ဒါထားရသည်။ င.

---

## (၄) ဝိဂ္ဂဟာဒိ

အဂ္ဂ။ အဇတိ အာရမ္မဏဘာဝံ ဂစ္ဆတီတိ အဂ္ဂံ။ ယံဓမ္မဇာတံ၊အကြင် တရားသဘောသည်။ အာရမ္မဏဘာဝံ၊အာရုံ၏အဖြစ်သို့။ အဇတိ ဂစ္ဆတိ၊ ရောက် တတ်၏။ ဣတိ တံ ဓမ္မဇာတံ၊သည်၊ အဂ္ဂံ၊ အဂ္ဂမည်၏။ အဇဓာတ် ဂပစ္စည်း။

ကေဂ္ဂ။ ဧကံ အဂ္ဂံ အာရမ္မဏံ ဣမဿာတိ ကေဂ္ဂံ။ ယောဇနာ၊၉၇။

ဣမဿ၊ ဤစိတ်အား။ ဧကံ၊တစ်ခုသော။ အဂ္ဂံ အာရမ္မဏံ၊ အာရုံသည်။ အတ္ထိ၊၏။ ဣတိ တံ ကေဂ္ဂံ။ စတုတ္ထီဗဟုဗ္ဗီဟိ၊ ကေပုဒ်၊အဂ္ဂပုဒ်၊ဣမပုဒ်။

http://www.dhammadownload.com



## ဉာဉ်ကောက်

၁။ ကေ အဂ္ဂ–အရ တစ်ခုသောအာရုံ မှချ။

၂။ ယင်း၏ စိတ်နှင့် အာရုံအာရမ္မဏိကအကြောင်းအကျိုးအဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်သည် ဌာနူပစာ။

၃။ ဣမအရ တစ်ခုသောအာရုံရှိသောစိတ်ရ၏။

**စတုတ္ထ**။ ၂။ ယင်းဗျုပတ္တိ၏အကြောင်းဖြစ်သော တစ်ခုသောအာရုံ၏ စိတ်နှင့် အာရုံ အာရမ္မဏိက အကြောင်းအကျိုးအဖြစ်ဖြင့်စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။

၄။ ယင်းပဝတ္တိ၏အကြောင်းဖြစ်သော တစ်ခုသောအာရုံရှိသောစိတ်၏ တစ်ခုသည်–လ– ဇာတ်သည် ပဝတ္တိနိမိတ်။

**ကေဂ္ဂတာ**။ ကေဂ္ဂဿ ဘာဝေါ ကေဂ္ဂတာ၊ ကေဂ္ဂဿ၊ တစ်ခုသော အာရုံရှိသော စိတ်၏။ ဘာဝေါ၊ ဖြစ်ကြောင်းတည်း။ ကေဂ္ဂတာ၊ တစ်ခုသော –လ– ဖြစ်ကြောင်း။ ဘာဝတဒ္ဓိတ်ဝိဂြိုဟ်။ ကေဂ္ဂပုဒ်+တာပစ္စည်း။

## ဉာဉ်ကောက်

၁။ ကေဂ္ဂဟူသော တဒ္ဓိတ်ပုဒ်အရကား တစ်ခုသောအာရုံရှိသောစိတ်သည် မှချ။

၂။ ယင်း၏ သမာဓိနှင့် အကျိုးအကြောင်းအဖြစ်ဖြင့်စပ်ခြင်းသမ္ဗန်သည် ဌာနူပစာ။

၃။ တာ–ပစ္စည်းအရ ထို–ဖြင့်မှတ်အပ်သော သမာဓိရ၏။

**အညွှန်း**။ ပါ+ဖြေ၊ပထမ–၉၅–၉၆–၉၇ သောမနဿဉာဉ်ကောက် ရှင်းလင်းချက်ကို သေချာစွာကျက်ပါ။

## စတုတ္ထ

၂။ ယင်းဗျုပတ္တိ၏အကြောင်းဖြစ်သော တစ်ခုသောအာရုံရှိသော စိတ်၏ သမာဓိနှင့် အကျိုး အကြောင်းအဖြစ်ဖြင့်စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။

၄။ ယင်းပဝတ္တိ၏အကြောင်းဖြစ်သော သမာဓိတို့၏ တစ်ခုသည်–လ–ဇာတ်သည် ပဝတ္တိနိမိတ်။

မှတ်ချက်။ ကေဂ္ဂတာပုဒ် သဒ္ဒါရေးမှတ်သားဖွယ်များကို 'သူစိ'၌ရှုလေ။

ကူဋ္ဌ။ ကုဋိယတေတိ ကူဋံ။ (ကုဋီယတေ၊ ဖြတ်အပ်၏)

† ကူဋ္ဌဿ ကဏ္ဍိကာ။ ဓာန်၊၂၁၉။

† ကုဋ္ဌ ဆေဒနေ ကမ္မနိ ဏော။ သူစိ။

အဂါရ (အာဂါရ)။ နဂစ္ဆန္တိ တျဂါ။ ထမ္ဘာဒယော။ တေ ရာတိ ဂဏှာတီတျဂါရံ။ ရဿဿ ဒီဃတာ အာဂါရံ။

http://www.dhammadownload.com



(နဂစ္ဆန္တိ၊ မသွားတတ်ကုန်၊ ဣတိ အဂါ၊ အဂမည်ကုန်၏။ ထမ္ဘာဒယော၊ တိုင် အစရှိသည် တို့ကို။ လဗ္ဘန္တိ၊ ရအပ်ကုန်၏။ တေ ထမ္ဘာဒယော၊ ထိုတိုင်အစရှိသည် တို့ကို။ ရာတိ ဂဏှာတိ၊ ယူတတ်၏။ ဣတိ အဂါရံ၊ အဂါရမည်၏။ ရဿသ၊ (အဂါရံ၌) အ–ရဿကို။ ဒီဃတာ၊ ဒီဃ၏အဖြစ်သည်။ (သမာနာ၊ဖြစ်သည် ရှိသော်) အာဂါရံ၊ အာဂါရမည်သေး၏။

ကူဋ္ဌာဂါရ။ ကူဋံ ဂါဟေတွာ ကတံ အဂါရံ ကူဋ္ဌာဂါရံ။

ကူဋံ၊ အထွတ်ကို။ ဂါဟေတွာ၊ ယူစေ၍။ ကတံ၊ ပြုအပ်သော။ အဂါရံ၊ အိမ်တည်း။ ကူဋ္ဌာဂါရံ၊ အထွတ်ကိုယူစေ၍ (တပ်၍) ပြုအပ်သောအိမ်။

ကူဋံ ဂါဟေတွာ ကတံ အဂါရံ–ကား မဇ္ဈေလောပီဒုတိယာတပ္ပုရိသ် သမာသ် ဝိဂ္ဂြိဟ်၊ ကူဋ္ဌာဂါရံကား မဇ္ဈေလောပီဒုတိယာတပ္ပုရိသ် သမာသ်ပုဒ်၊ ကူဋပုဒ်+အဂါရပုဒ်။

၁။ ကူဋ..ကား အထွတ်သည် မုချ။

၂။ ယင်း၏ ယူစေ၍ပြုအပ်သောအိမ်နှင့် ဂုဏ် ဂုဏေး၊ အစိတ် အပေါင်း ..သမ္ဗန်သည် ဌာနူပစာ။

၃။ ကူဋ္ဌာဂါရ..အထွတ်ကိုယူစေ၍(တပ်၍)ပြုအပ်သောအိမ်ရ၏။ (စုလစ် မွန်းချွန်တပ်သော အိမ်ရ၏ ။

စတုတ္ထ

၂။ ယင်းဗျူပ္ပတ္တိ၏အကြောင်းဖြစ်သော အထွတ်၏ ယူအပ်သောအိမ်နှင့် ဂုဏ်ဂုဏေး၊ အစိတ်အပေါင်းစပ်ခြင်းသမ္ဗန် ဗျူပ္ပတ္တိနိမိတ်။

( ခ) တေနေတံ ဒီပေတိ"နယိဒံ ဒေဝါယတနံ ဝိယ မနသ အာယတနတ္တာ မနာယတနံ၊ အထခေါ မနောဧဝ အာယတနံ မနာယတန"န္တိ။ (ဂ) တတ္ထ နိဝါသဋ္ဌာနဋ္ဌေန အာကာရဋ္ဌေန –ပ– စ အာယတနံ ဝေဒိတဗ္ဗံ။ (ဃ) (၁) တထာဟိ လောကေ "ဣဿရာယတနံ ဝါသုဒေဝါယတန" န္တိအာဒီသု နိဝါသဋ္ဌာနံ" အာယတန"န္တိ ဝုစ္စတိ။ (၂) "သုဝဏ္ဏာယတနံ ရဇတာယတနန္တိ အာဒီသု အာကရော။ (၃) သာသနေ ပန "မနောရမေ အာယတနေ၊ သေဝန္တိ နံ ဝိဟင်္ဂမာတိ"အာဒီသု သမောသရဏဋ္ဌာနံ။ (၄) "ဒက္ခိဏာပထော ဂုန္နံအာယတန" န္တိအာဒီသု သဉ္ဇာတိဒေသော။ (၅) "တတြ တတြေဝ သက္ခိတဗ္ဗတံ ပါပုဏာတိ သတိ သတိအာယတနေ"တိအာဒီသု ကာရဏံ။ (၆) ဣဓ ပန သဉ္ဇာတိဒေသဋ္ဌေန သမောသရဏဋ္ဌာနဋ္ဌေန ကာရဏဋ္ဌေနာတိ တိဓာပိ ဝဋ္ဋတိ။ (ဋ္ဌ၊၁၈၅)

## (၂) (၃) ဝါကျခွဲ ကျမ်းတက်

### က–ဝါကျ သံဝဏ္ဏေတဗ္ဗမှ သံဝဏ္ဏနာသို့ကျမ်းတက်

ဆရာ၊ မြတ်စွာဘုရားသည် ပါဠိတော်၌ မနော မနာယတနံ–ဟု ဟောတော်မူ၏။ ထိုသို့သာ ဆိုချေသော် မနောသဒ္ဒါ၏ပြအပ်သောအနက် မရှိဟူသောအနက်ရောက်ရာ၏။ စင်စစ်တမူကား မနောသဒ္ဒါဖြင့်ပြအပ်သော အနက် မရှိသည်မဟုတ် ရှိသည်သာဖြစ်၏။ ထိုသို့ရှိသည်သာဖြစ်သော ကြောင့် မနောသဒ္ဒါဖြင့်ပြအပ်သောအနက်ကို ဆိုသင့်ဆိုတန်၏။ မနောသဒ္ဒါဖြင့်ပြအပ်သောအနက်ကို မဆိုဘဲမနေသင့်မနေတန်။ မနောသဒ္ဒါဖြင့် ပြအပ်သောအနက်ကား အဘယ်နည်း–ကြောင့် ဣဓပန စသော သံဝဏ္ဏနာကိုမိန့်။

http://www.dhammadownload.com



ကား– ဤ မနော မနာယတနံ–၌ မနောသဒ္ဒါသည် စိတ်၏သာလျှင် တည်ရာအဖြစ်ကို (စိတ်မှတစ်ပါး အခြားတည်ရာမရှိသည်ကို) ပြခြင်းငှါ ဟောတော်မူအပ်သတည်း–ဟု ငါပြဆို၏ဟူလိုသော်။

ခ–ဝါကျကား လဒ္ဓဂုဏ်ဝါကျ။

ထို–၍ က ဝါကျကား လဒ္ဓဂုဏီယဝါကျ။(ဝါ) ကာရဏဝါကျ။

မှတ်ချက်။ ။ က–ဝါကျ ရေးလိုက်သဖြင့် မနာယတနံပုဒ်၌ မန နှင့် အာယတနကား ဒေဝဿ အာယတနံ ဒေဝါယတနံကဲ့သို့ မနဿ အာယတနံဟု ဆဋ္ဌီမတွဲရ၊ ဆဋ္ဌီအဓိပ္ပါယ်မယူရ၊ မနောဧဝ အာယတနံ မနာယတနံဟု ကမ္မဓာရယ်တွဲရ၊ ကမ္မဓာရယ်အဓိပ္ပါယ်ယူရမည်ဟု သိရခြင်း အကျိုးရှိသဖြင့် ခ–ဝါကျကို လဒ္ဓဂုဏ်ဝါကျဟု ယူရမည်။ အောက်ပါနိယံကို မှတ်သားပါ။

✪ ဒဿေတိ ဒီပေတိ–ကျမ်း၌ရှိက လဒ္ဓဂုဏ်။

ခ–ဝါကျတွင် နယိဒံ–လ– မနာယတနံ–ကား ဗျတိရေကဝါကျ။ အထခေါ–လ– မနာယတနံ ကား အန္ဝယဝါကျ။

ဒေါသပယ်။ ခ–ဝါကျဖြင့် နိရတ္ထကဒေါသပယ်။

✪ လဒ္ဓဂုဏ ဟူလက၊ နိရတ္ထကပယ်။

ဂ–ဝါကျ ဝိတ္ထာရဝါကျ၊ ထို–၍ က–ဝါကျ သင်္ခေပဝါကျ။

မှတ်ချက်။ က–ဝါကျ မနာယတနံ၌ အာယတန၏ အတ္ထုဒ္ဓါရ အကျယ်ပြဝါကျ။ <u>အတ္ထုဒ္ဓါရ–အတ္ထုဒ္ဒေသ အဓိပ္ပေတတ္ထ ဝါကျမျိုး ရှေး၌ အကျယ်ရေးပြီး။</u>

---

## (၄) ဝိဂ္ဂဟာဒိ

မန။ မနတီတိ မနော။ (ဋ္ဌ၊၁၆၆)။ ယံစိတ္တံ–သည်၊ အာရမ္မဏံ–ကို၊ မနတိ ဝိဇာနာတိ–သိတတ်၏။ တံ့ တံ မနော)။

✝ စိတ္တံ၊ စေတော မနော နိတ္ထီ။ (ဓာန်)

အာယတန = အာယတန္တိ နိဝါသန္တိ ဧတ္ထာတိ အာယတနံ။ (ဖဿာဒယော ဟိ ဝါကျအဖွင့် ရှုပါ) (အစိတ်ဝိဂ္ဂဟ)

မနာယတနံ = မနောဧဝ အာယတနံ မနာယတနံ။
မန–နှင့် အာယတန ဝိသေသန ဝိသေသျစပ်။

### ဝိဂ္ဂဟမှတ်ဖွယ်

ဒေဝ = ဒိဗ္ဗန္တိ ပဉ္စကာမဂုဏေဟိ ကီဠန္တီတိ ဒေဝါ။

✝ ဒိဝု ကီဠာယံ ဏော။ သူစိ။

http://www.dhammadownload.com



**အာယတန** = အာယတန္တိ နိဝါသန္တိ ဧတ္ထာတိ တိ အာယတနံ။ အာပုဗ္ဗ ယတဓာတ်၊ ယုပစ္စည်း။ အဋ္ဌကထာ ဃ-(၁) ဝါကျကို မှော်။ နိဝါသဋ္ဌာနတ္ထ။

**ဒေဝါယတန** = ဒေဝါနံ အာယတနံ ဒေဝါယတနံ။ ဌာနီ ဌာနစပ်။

**နိဝါသ** = နိဝသန္တိ ဧတ္ထာတိ နိဝါသော။ နိပုဗ္ဗ ဝသဓာတ်+ဏပစ္စည်း။ အဓိကရဏသာဓန။

**အာကာရ**။ အာကရဏံ အာကာရော။

✝ အာပုဗ္ဗော ကရကရဏေ ဏော။သူစိ။

**သမောသရဏ** = သမောသရန္တိ ဧတ္ထာတိ သမောသရဏံ။

သံပုဗ္ဗ အဝပုဗ္ဗ သရဓာတ်+ယုပစ္စည်း။

**သဉ္ဇာတိ** = သဇ္ဇာ ဓာယန္တိ ဧတ္ထာတိ သဉ္ဇာတိ။ သံပုဗ္ဗ ဇန ဇနနေ တိပစ္စည်း။ က္လတ္တိလိင်၊ ရတ္တာဒိဂိုဏ်း။ ကောင်းစွာဖြစ်ခြင်းကြိယာ။

**ကာရဏံ** = ကရောတိ ဖလန္တိ ကာရဏံ။ ကရ ကရဏေ ယု။ သူစိ။

## ၅။ ဓာတုပစ္စယာဒိ

ဒီပေတိ = ဒီပဓာတ်+စုရာဒိဏေပစ္စည်း။ တိဝိဘတ်။ ပဒ=အာချာတ်ပုဒ်။ အနွ= ကတ္တာရနွ။ လိင်=အလိင်။ ဂိုဏ်း= နာမ်ဂိုဏ်းအနေဖြင့် ဂဏဝိမုတ်။ အာချာတ်ဂိုဏ်းအနေဖြင့် စုရာဒိဂိုဏ်း။ ကေဝုစ် တိဝိဘတ်။

အာယတနဘာဝဒီပန = နပုံလိင်၊ စိတ္တာဒိဂိုဏ်း၊ အကာရန္တ၊ သမာသ်ပုဒ်။ စတုတ္ထီ သဝိဘတ်ဆုံး (သ ဝိဘတ် ထွံ ပြု)။

## ၆။ အာဘောဂ သံဝဏ္ဏနာ

ခ-ဝါကျ မနသာ အာယတနတ္တာ-ဖြင့် ဤ၌ မနာယတနပုဒ်ကို မနသာ အာယတနံ-ဟု ဆဋ္ဌီတပ္ပုရိသ်သမာသ်ဝစနတ္ထပြုရမည်ဟု သိစေသည်။

(အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒ၊ သမာသလိင်္ဂတ္ထ၊ဝါ-သမာသလိင်္ဂပဒတ္ထ။)

ခ-ဝါကျ မနောစေ အာယတနံ-ဖြင့် မနာယတနံပုဒ်ကို မနောစေ အာယတနံ မနာယတနံ-ဟု အဝဓာရဏကမ္မဓာရယ်သမာသ်ဝစနတ္ထပြုရမည်ဟု သိစေသည်။

(အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒ၊ သမာသလိင်္ဂတ္ထ၊ ဝါ-သမာသလိင်္ဂပဒတ္ထ)။

## ၇။ ဥပသဂ္ဂနိပါတတ္ထ

က-ဝါကျ ပန သဒ္ဒါ ပက္ခန္တရဇောတက။

မှတ်ချက်။ ဤနောက်မှ နောက်ပန ဝိသေသနစသည်နိယံတို့ ဆိုသော်လည်း ပဏ္ဍာရုံပုဒ် အဖွင့်ပြပြီး။ မနော မနာယတနံ-ပုဒ်အဖွင့်ပြသဖြင့်- ပက္ခန္တရ-ဟုမှတ်။

က-ဝါကျ မနသောဝ-၌ ဧဝသဒ္ဒါကား အဝဓာရဏတ္ထ။

http://www.dhammadownload.com



## ဂဟေတဗ္ဗစသည်

၁။ စိတ်သည် ဂဟေတဗ္ဗတ္ထ။

၂။ စက္ခု သောတ ဃာန ဇိဝှါ ကာယသည် နိဝတ္တေတဗ္ဗတ္ထ။

၃။ စိတ်၏ အာယတဘောဂဏ်သည် အနုညာတတ္ထ။

ခ–ဝါကျ။ ဝိယ–ကား ဥပမာဇောတက။

အထခေါ်–ကား ကေန္တတ္ထ။

မနောဝေ–၌ ဧဝကား မနသောဝ–၌ ဧဝ နှင့်တူ။

ဂ–ဝါကျ ကာရဏာဋ္ဌေန စ–၌ စ–သဒ္ဒါ သမုစ္စယတ္ထ။

ဃ–ဝါကျ တထာပုဒ်ကို တထာ တံ ဝစနံ–ဟု အနက်ပေးရသဖြင့် တံ သဒ္ဒတ္ထ = တံသဒ္ဒါနက်ဟုမှတ်။

ဟိ–ကား တထာဟိမှာ၊ ဉပကာ၊ ရုံခါ ချဲ့ မြဲစွဲ–နှင့်အညီ ဉပကတ္ထ၊ ဝါ–ယုတ္တိဒဠှီကရဏတ္ထ။ ဝိတ္ထာရတ္ထ၊ အာဂမဒဠှီကရဏတ္ထ။

၃–ဝါကျ ပန–ကား ပက္ခန္တရတ္ထ။

မှတ်ချက်။ ဃ–၁–ဝါကျ၌ လောကေ–ကိုထောက်။

၅–ဝါကျ တတြေဝ–၌ ဧဝ–သဒ္ဒါ အဝဓာရဏတ္ထ။

## ဂဟေတဗ္ဗစသည်

၁။ ထိုထိုအကြောင်းသည် ဂဟေတဗ္ဗတ္ထ။ ၂။ ထိုထိုအကျိုးသည် နိဝတ္တေတဗ္ဗတ္ထ။
၃။ ထိုထိုအကြောင်း၏ ကာရဏဘောဂဏ်အနုညာတတ္ထ။

င–ဝါကျ ဣမေ ပန–၌ ပန–ကား အတ္တုဒ္ဒေသဝါကျ ရနေကျ ဝိသေသဝါကျာရမ္ဘ၊ ပက္ခန္တရတ္ထ။

တိဓာပိ–၌ ပိ (အပိ)ကား သမ္ပိဏ္ဍနတ္ထ။

## သဗ္ဗနာမလိင်္ဂတ္ထ

ခ–ဝါကျ တေန တ–သဒ္ဒါ ရှေ့ဝါကျ မနောဂ္ဂဟဏံစွဲ၊ ပဏ္ဍိတ္တဝိသယ–တ။

✝ တေနာတိ တေန မနောဂ္ဂဟဏေန။ ယော၊ ၁၀၄။

ခ–ဝါကျ။ ဣဒံ–၌ ဣမ–ကား ရှေ့ပါဠိတော်လာ စိတ္တံ–ကိုစွဲ၊ ပဏ္ဍိ ဝိသယ–ဣမ။

✝ ဣဒန္တိ စိတ္တံ။ ယော၊ ၁၀၄။

ဂ–ဝါကျ တတ္ထ–၌ တသဒ္ဒါ ရှေ့ဝါကျ မနာယတနံ စွဲ။ ပဏ္ဍိတ္တဝိသယ တ။

✝ တတ္ထာတိ မနာယတနန္တိ ဝစနေ။ ယော။ ၁၀၄။

http://www.dhammadownload.com



၃–ဝါကျ နံ–၌ တသဒ္ဒါ ရှေးဝါကျရှိသော "မဟာဒုမော"ပုဒ်ကိုစွဲသောကြောင့် ပက္ကန္တဝိသယ–တ။

ရှင်းလင်းချက်။ အံ၊၂၃၆–၌ ခန္ဓိမာဝ မဟာဒုမော–ဟု ရှေးဝါကျရှိ၏။ ထိုမဟာဒုမော ပုဒ်ကို သော့တ္တိ နံ ဝိဟင်္ဂမာ–ဝယ် နံ–၌ တသဒ္ဒါက စွဲသည်။ ပါဠိတော်ကို သတိပြု၍ ကြည့်ရှုပါ။ ယောဇနာ–၁၀၄–၌ နံ ရုက္ခံ–ဟု စွဲသည်။

၅–ဝါကျ တတြတတြေ၀–၌ တသဒ္ဒါ သတိအာယတနေ–၌ အာယတန (ကာရဏ) ကိုစွဲသဖြင့် အစွဲတင်းလင်းရှိသောကြောင့် ပသိဒ္ဓဝိသယ–တ။

ရှင်းလင်းချက်။ မ၃၊၁၃၈–၌ တတြတတြေဝ–ပ–သတိအာယတနေ–ဟု ရှိသည်။ ယောဇနာ၊ ၁၀၄–၌ တတြတတြေ၀ ကာရဏေ–ဟု ဖွင့်သည်။ ဆိုလိုရင်းမှာ– တသဒ္ဒါ ဤဝါကျ တွင်း၌ရှိသော ကာရဏအနက်ဟော သတိအာယတနေ–၌ အာယတန–ကို စွဲသည်ဟု သိစေလိုသည်။ ပါဠိတော်ကို ရှုလေ။

---

## ၈။ ကြိယာငါးတန်

### ဒီပေတိ–၌ ဓာတွတ္ထ အရ ယူ၍ထုတ်ပုံ

၁။ မြတ်စွာဘုရား၏ ဒေသနာဉာဏ်သည် ဒဿနတ္ထ။

၂။ ဒေသနာဉာဏ်၏ ရှေးရှေး၌ဖြစ်သော သဗ္ဗညုတဉာဏ်သည် ဒီပကတ္ထ။

၃။ နယိဒံ –လ– မနာယတနံ–ဟူသောအနက်သည် ပကာသနတ္ထ။

၄။ အရဟတ္တမဂ်ဉာဏ် အရဟတ္တဖိုလ်ဉာဏ်သည် ဝိဘာဝတ္ထ။

၅။ ဝေနေယျတို့ မနနှင့်အာယတနပုဒ်တို့ အရတူဟု သိရခြင်းအစ နိဗ္ဗာန်တိုင်အောင်သော အကျိုးတရားသည် အနုဘာဝတ္ထ။

---

### သိဒ္ဓိမှတ်ဖွယ်

ဃ–ဝါကျ တစ်ဝါကျလုံးသည် အာဂမဒဋ္ဌိကရဏဝါကျ။ အာဂမဒဋ္ဌိ–ကရဏဝါကျဆိုလျှင် သိဒ္ဓေယျသိဒ္ဓိရသည်။

အာယတနသဒ္ဒါ၏ နိဝါသနဋ္ဌာနအနက်၊ အာကာရအနက်၊ သမောသရဏအနက်၊ သဉ္ဇာတိဒေသအနက်၊ ကာရဏအနက်ဟောသည့်အဖြစ် မှန်ကန်ကြောင်း ဤ ဃ–ဝါကျ ပါဠိဖြင့် ပြီးစေသောကြောင့် သိဒ္ဓေယျသိဒ္ဓိ။

---

## ၁၀။ ပဋ္ဌာန်းပစ္စည်းပြိုင်

ဒီပေတိ–၌ ဒီပဓာတ်အရ မြတ်စွာဘုရား၏ ဒေသနာဉာဏ်ရ၏။ (ဗုဒ္ဓေါ–၌ ဗုဓဓာတ် အရနှင့် တူသည်) တိ–ဝိဘတ်အရ ဘုရားဒြဗ်ရ၏။

ဒေသနာဉာဏ်ပစ္စည်းတရားက ဘုရားဒြဗ်အား သဟဇာတမျိုးဖြင့် ကျေးဇူးပြုသည်။

ပြိုင် = သဟကြီး–၄၊ အညမည၊ သမ္ပယုတ္တ၊ဟေတု၊အဓိပတိ၊ဣန္ဒြိယ၊မဂ္ဂ–၁၀–ပစ္စည်းပြိုင်။

http://www.dhammadownload.com



သေဝန္တိ နံ ဝိဟင်္ဂမာ။ (အံ၊ ၂၃၆) ၌ နံ-အရ မဟာဒုမ သစ်ပင်ကြီး၊ ပစ္စည်းတရားက သေဝန္တိအရ- ငှက်သတ္တဝါတို့၏ သန္တာန်၌ရှိသော ဝိရိယစသည်ပြဓာန်းသော စိတ္တုပ္ပါဒ်အား အာရမ္မဏမျိုးဖြင့် ကျေးဇူးပြုသည်။

ပြိုင် = အာရမ္မဏ၊ ပုရေဇာတ၊ အတ္ထိ၊ အဝိဂတ (၄) ပစ္စည်းပြိုင်။

---

ဣဓ ပန သဉ္ဇာတိဒေသဋ္ဌေန -လ- တိဓာပိ ဝဋ္ဋတိ။ မူလဝါကျ။

(က) ဖဿာဒယော ဟိ ဓမ္မာ စက္ခု သဉ္ဇာယန္တီတိ သဉ္ဇတိ ဒေသဋ္ဌေနပိ ဇတံ အာယတနံ။ (ခ) ဗဟိဒ္ဓါ ရူပသဒ္ဒဂန္ဓရသဖောဋ္ဌဗ္ဗာ အာရမ္မဏဘာဝေနေတ္ထ သြသရန္တီတိ သမော-သရဏဋ္ဌေနပိ အာယတနံ။ (ဂ) ဖဿာဒီနံ ပန သဟဇာတာဒိ ပစ္စယဋ္ဌေန ကာရဏတ္တာ ကာရဏဋ္ဌေန ပိ အာယတနံ ဝေဒိတဗ္ဗံ။ (ဃ) မနိန္ဒြိယံ ဝုတ္တတ္ထမေဝ။ ဋ္ဌ၊ ၁၈၅။

## ဝါကျရှင်းလင်းချက်

ဣဓ ပန မူလအကျဉ်းဝါကျ၌ သဉ္ဇာတိဒေသဋ္ဌေန-ကို (က)ဝါကျဖြင့်လည်းကောင်း၊ သမောသရဏဋ္ဌေန-ကို (ခ)ဝါကျဖြင့်လည်းကောင်း၊ ကာရဏဋ္ဌေန-ကို (ဂ)ဝါကျဖြင့်လည်းကောင်း ချဲ့ပြသည်။ သို့ဖြစ်၍ က-ခ-ဂ-ဝါကျကား ဝိတ္ထာရဝါကျ။ ထိုတွင် က-ဝါကျဖြင့် အာယတနံကို ဖွင့်သဖြင့် အောက်ပါအတိုင်း အာဘော်ဖော်ရမည်။

(က) ဝါကျ၌ စက္ခု သဉ္ဇာယန္တိ-ဖြင့် အာယတနံပုဒ်ကို အာယတန္တိ သဉ္ဇာယန္တိ စက္ခုာတိ အာယတနံ-ဟုအဓိကရဏသာဓနဝစနတ္ထပြုရမည်ကိုင်း၊[1] အာယတန၌ ယုပစ္စည်း၏ အဓိကရဏ သာဓန၌ သက်သည်၏အဖြစ်ကိုင်း၊[2] အာ-ဥပသာရ၏ ဓာတွတ္ထဝိသေသက၏အဖြစ်ကိုင်း၊[3] ယတဓာတ်၏ သဉ္ဇာနနအနက်ဟောသည်၏ အဖြစ်ကိုင်း[4] သိစေပါသည်။

၁။ အဘိဓာနတ္ထ။ ၂။ ဒု-ပစ္စယတ္ထ။ ၃။ ဥပသဂ္ဂလိင်္ဂတ္ထ။ ၄။ ဒု-ဓာတွတ္ထ။

က-ဝါကျ၌ ဖဿာဒယော ဓမ္မာ-ဖြင့် သဉ္ဇာယန္တိ ကြိယာ၏ ကတ္တားကို သိစေပါသည်။ (ဘာဝတ္ထ)

## သံဝဏ္ဏနာနှင့်အညီ ဝိဂ္ဂဟညည်ကောက်

ဖဿာဒယော ဓမ္မာ အာယတန္တိ သဉ္ဇာယန္တိ စက္ခုာတိ အာယတနံ။ စက္ခု မနေ၊ ဤစိတ်၌။ ဖဿာဒယော ဓမ္မာ၊ ဖဿစသောသဘောတရားတို့သည်။ အာယတန္တိ သဉ္ဇာယန္တိ၊ ကောင်းစွာ ဖြစ်ကုန်၏။ ဣတိ တသ္မာ၊ ဤသို့ ဖဿအစရှိ ကုန်သောတရားတို့၏ ကောင်းစွာဖြစ်ကုန်ရာ၏ အဖြစ်ကြောင့်။ သော မနော၊ ထိုစိတ်သည်။ အာယတနံ၊ အာယတနမည်၏။

ဖဿာဒယော -ပ- စက္ခု-ကား အဓိကရဏသာဓနကိတ်ဝိဂြိုဟ်။ အာယတနံ-ကား အဓိကရဏသာဓနကိတ်ပုဒ်။ အာပုဗ္ဗ ယတဓာတ်၊ ယုပစ္စည်း။

အာ-ဟူသောဥပသာရပုဒ်အရကား-ဓာတွတ္ထဝိသေသကဘောဂဏ် ရ၏။

ယတဓာတ်အရ-ကတ္တုဋ္ဌကြိယာအရကား- ဖဿစသောတရား ဥပါဒ်ရ၏။

http://www.dhammadownload.com



အဓိကရဏဋ္ဌကြိယာအရကား- ထိုဖဿစသောတရားအားတပ်သောစိတ်၏ သဟဇာတာဒိသတ္တိရ၏။

ယုပစ္စည်းအရကား- စိတ်ရ၏။

မှတ်ချက်။ ဤသို့ ဓာတ်အရ (ဓာတွတ္ထ) ပစ္စည်းအရ (ပစ္စယတ္ထ) (ဗာပ်ာတ္ထ) အရပေါ်အောင် ဉာဏ်ကောက်၍ အောက်ပါအတိုင်း ပစ္စည်းပြိုင်။

## ပစ္စည်းပြိုင်

ယတဓာတ်အရ- ဖဿစသောတရားအားတပ်သော ဗာဟျတ္ထ (ပစ္စယတ္ထ) အရ စိတ်ပစ္စည်းတရားက သဟဇာတာဒိပစ္စယသတ္တိဖြင့် ကျေးဇူး ပြုသည်။

ပြိုင် = သဟကြီး -၄၊ သဟလတ် အညမည၊ ဝိပါက၊ သမ္ပယုတ္တ၊ သဟငယ်-အာဟာရ၊ ဣန္ဒြိယ။ ပေါင်း= ၉-ပစ္စည်း။

အနက်ပေး။ အာယတနံ၊ ဖဿအစရှိကုန်သောတရားတို့၏ ကောင်းစွာဖြစ်ရာစိတ်။

ခ-ဝါကျ၌ ဧတ္ထ ဩသရဏ္ဍိ-ဖြင့် အာယတနံ-ပုဒ်ကို အာယတန္တိ ဧတ္ထာတိ အာယတနံ-ဟု အဓိကရဏသာဓနဝစနတ္ထပြုရမည်ကိုလည်းကောင်း၊[၁] အာယတနံ-၌ ယုပစ္စည်း၏ အဓိကရဏသာဓန၌သက်သည်ကိုလည်းကောင်း၊[၂] အာဥပသာရ၏ ဓာတွတ္ထ ဝိသေသက၏အဖြစ်ကိုလည်းကောင်း၊[၃] ယတဓာတ်၏ ဩသရဏအနက်ဟော၏ အဖြစ်ကိုလည်းကောင်း[၄] သိစေသည်။

၁။ အဘိဓာနတ္ထ။ ၂။ ဒုတိယပစ္စယတ္ထ။ ၃။ ဥပသဂ္ဂလိင်္ဂတ္ထ။ ၄။ ဒုတိယဓာတွတ္ထ။

ခ-ဝါကျ၌ ဗဟိဒ္ဓါ ရူပသဒ္ဒဂန္ဓရသဖောဋ္ဌဗ္ဗာ-ဖြင့် ဩသရဏ္ဍိ ကြိယာ၏ အာရုံ, ကတ္တားကို သိစေသည်။ (ဘာဝတ္ထ)

ခ-ဝါကျ။ အာရမ္မဏဘာဝေန-ဖြင့် ကတ္တားက ကြိယာအား အာရုံမျိုးဖြင့် ကျေးဇူးပြုသည်ဟု သိစေသည်။ (ဘာဝတ္ထ)

## သံဝဏ္ဏနာနှင့်အညီ ဝိဂ္ဂဟ ဉာဏ်ကောက်

ဗဟိဒ္ဓါ-လ- ဖောဋ္ဌဗ္ဗာ အာရဏာမ္မဏာဘာဝေန အာယတန္တိ ဩသရန္တိ ဧတ္ထာတိ အာယတနံ။ ဧတ္ထ မနေ-ဤစိတ်၌၊ ဗဟိဒ္ဓါ-အပသဏ္ဍာန်၌ဖြစ်ကုန် သော၊ ရူပ-လ-ဖောဋ္ဌဗ္ဗာ- ရူပါရုံ-လ- ဖောဋ္ဌဗ္ဗာရုံတို့သည်၊ အာရမ္မဏာဘာဝေန- အာရုံ၏အဖြစ်ဖြင့်၊ အာယတန္တိ ဩသရန္တိ-စုဝေးတတ်ကုန်၏၊ ဣတိတသ္မာ- ထိုသို့အပသဏ္ဍာန်၌ ဖြစ်ကုန်သော ရူပါရုံ-လ-ဖောဋ္ဌဗ္ဗာရုံတို့၏ စုဝေးကုန်ရာ၏အဖြစ်ကြောင့်၊ မနော-စိတ်သည်၊ အာယတနံ-အာယတနမည်၏။

ဗဟိဒ္ဓါ-လ-ဖောဋ္ဌဗ္ဗာ-လ-ဧတ္ထ ကား အဓိကရဏသာဓနကိတ်ဝိဂြိုဟ်၊ အာယတနံ ကား ကိတ်ပုဒ်၊ အာပုဗ္ဗ၊ ယတဓာတ်၊ ယုပစ္စည်း။

အာ -လ- ဝိသေသက ဘောဂုဏ်ရ၏။ (က-ဝါကျနှင့်တူ)။

http://www.dhammadownload.com



ယတခေတ်၏အရ ကတ္တုဒ္ဒကြိယာအရကား အပသဏ္ဍာန်၌ဖြစ်ကုန် သော ရူပါရုံ–လ–ဖောဋ္ဌဗ္ဗာရုံတရားတို့၏ အာရမ္မဏပစ္စယသတ္တိသည် မုချ။

အဓိကရဏဋ္ဌကြိယာအရကား ထိုအပသဏ္ဍာန်–လ– ဖောဋ္ဌဗ္ဗာရုံအားတပ်သော စိတ်၏ အာရမ္မဏပစ္စယုပ္ပန္နဘောသည် ကာရဏူပစာအားဖြင့် ရ၏။

ယုပစ္စည်းအရကား ထိုမုချ ကာရဏူပစာတို့ဖြင့် မှတ်အပ်သော စိတ်ရ၏။

ရှင်းလင်းချက်။ ။ ခေတ်အရ ဗဟိဒ္ဓအာရုံ(၅)ပါးနှင့် ပစ္စည်းအရ စိတ်တရားတို့သည် အာရမ္မဏ,အာရမ္မဏိက အဖြစ်ဖြင့် ဆက်သွယ်သည်။ သို့ဖြစ်၍ အဓိကရဏ္ဍ–အရကို အာရမ္မဏပစ္စယုပ္ပန္နဘော (အာရမ္မဏပစ္စယုပ္ပန်၏အဖြစ် သတ္တိ) ကို ကောက်ရသည်။

ကာရဏူပစာဟုကောက်ရသည်ကား စိတ်ပစ္စယုပ္ပန်တရားကား အာရုံပစ္စည်းတရား၏ နောက်မှာပေါ်သဖြင့် "ကာရဏူကို နောက်စိတ်သွင်း–အရ" ကာရဏူ–ပစာဟု ကောက်ရသည်။ ဖလူပစာမဟုတ်။ သတိရှိစေ။ ခေတ်အရတရား၏ရှေ့မှာ ပေါ်လျှင် ဖလူပစာ၊ နောက်မှပေါ်လျှင် ကာရဏူပစာ "ရှေ့ဖလူ နောက်ကာရဏူ"။

## ပစ္စည်းပြိုင်

ယတခေတ်အရ ဗဟိဒ္ဓရူပါရုံ(လ)ဖောဋ္ဌဗ္ဗာရုံ အာရုံငါးပါးပစ္စည်းတရားက စိတ်ပစ္စယုပ္ပန် (အာရမ္မဏိက) တရားအား (အာရမ္မဏဘာဝေနရှု) အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုသည်။

ပြိုင်–အာရမ္မဏ၊ အာ–ပု၊ အာ–ပုရေဇာတတ္တိ၊ အာ–ပုအဝိဂတ။ ၄–ပစ္စည်း။

အနက်ပေး= အာယတနံ–ဗဟိဒ္ဓရူပါရုံ (လ) ဖောဋ္ဌဗ္ဗာရုံတို့၏ အာရုံ၏အဖြစ်ဖြင့် စုဝေးရာစိတ်။

(ဂ)ဝါကျ၌ တာရဏတ္ထာ ဝါ ကာရဏဋ္ဌေန–ဖြင့် အာယတနသဒ္ဒါ ကာရဏအနက်ဟော သတည်းဟု သိစေသည်။ (နာမလိင်္ဂတ္ထ)

ဖဿာဒီနံဖြင့် စိတ်ကား ဖဿစသည်တို့၏အကြောင်း(ပစ္စည်း)တည်း–ဟုသိစေသည်။ (ဘာဝတ္ထ)

သဟဇာတာဒိပစ္စယဋ္ဌေနဖြင့် စိတ်တရားက ဖဿစသည်တို့အား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုသတည်းဟု သိစေသည်။ (ဘာဝတ္ထ)

## ပစ္စည်းပြိုင်

စိတ်ပစ္စည်းတရားကား ဖဿစသည့် ပစ္စယုပ္ပန်တရားအား သဟဇာတမျိုးဖြင့် ကျေးဇူးပြုသည်။

ပြိုင်–သဟကြီးလေး၊ အညမည၊ ဝိပါက၊ သမ္ပယုတ္တ၊ အာဟာရ၊ ဣန္ဒြိယ၊ ၉–ပစ္စည်း။

အနက်ပေး= အာယတနံ–ဖဿစသောတရားတို့၏ အကြောင်းဖြစ်သော စိတ်။

http://www.dhammadownload.com



(က) ဝိတ္တီတိ ဝိတ္တံ။ (ခ) ဓနေဿတံ နာမံ။ (ဂ) အယံ ပန သောမနဿ ပစ္စယတ္တာ ဝိတ္တိသရိက္ခတာယ ဝိတ္တိ။ (ဃ) ယထာ ဟိ ဓနိနော ဓနံ ပဋိစ္စသောမနဿံ ဥပ္ပဇ္ဇတိ၊ ဧဝံ ပီတိမတောပိ ပီတိံ ပဋိစ္စသောမနဿံ ဥပ္ပဇ္ဇတိ။ (င) တသ္မာ ဝိတ္တီတိ ဝုတ္တာ။ (စ) တုဋ္ဌိသဘာဝသဏ္ဌိတာယ ပီတိယာ ဧတံ နာမံ။ (ဌ–၁၈၇)

## ၂–၃–ဝါကျခွဲ၊ ကျမ်းတက်

(ခ) ဝါကျကား ဝိပါကတိက် ဝိပက္က(လ)အဓိဝစနံ ဝါကျနှင့် အတူတူဟုမှတ်။ အဓိဝစနံ၊ နာမံဝါကျအတူတူ။

(ဂ) ဝါကျကား ဝိတ္တိပုဒ်၏ ဥပမာတဒ္ဓိတ်ကို ပြ ပက္ခန္တရဝါကျ (က၊ ခ–ဖြင့် ဥစ္စာဟောဝိတ္တိ၊ ဂ–ဖြင့် ပီတိဟော ဝိတ္တိ)

ဆရာ၊ ဆရာသည် (က)ဝါကျဖြင့် ဝိတ္တိပုဒ်၏ ဝစနတ္ထ၊ (ခ)ဝါကျဖြင့် ဝိတ္တိပုဒ် အရကို ပြတော်မူ၏။ ထိုသို့သာဆိုချေသော် ပီတိဟောဝိတ္တိပုဒ် ဝစနတ္ထ မရှိဟူသောအနက်ရောက်ရာ၏– စသည်တက်လေ။ အာဘော်နှင့်ယှဉ်ကြည့်ပါ။

(ဃ၊ င) ဝါကျကား (ဂ)ဝါကျကို ချဲ့ပြသော ဝိတ္ထာရဝါကျ၊ ထို–၍ (ဂ) ဝါကျကား သင်္ခေပဝါကျ။

**မှတ်ချက်။** ။ဝိတ္တိသရိက္ခတာယဟူသော ဥပမာတဒ္ဓိတ်အကျဉ်း ဝါကျကို (ဃ၊ င) နှစ်ဝါကျဖြင့် ချဲ့ပြသည်။ တပ္ပါကဋီကရဏဝါကျဟု မခွဲရ။

(ဃ)ဝါကျ၌ ဟိသဒ္ဒါကို ဝိတ္ထာရတ္ထအနေဖြင့် ဟိ–ချဲ့ဦးအံ့ဟု အနက်ပေး။

(င)ဝါကျ တသ္မာကို ထောက်လျှင် ဟိ–ယသ္မာ–အကြင့်ကြောင့်–ဟု အနက်ပေး။

✪ တသ္မာထင်းလင်းရှိရာ ဟိသဒ္ဒါကား ကာရဏသာ များသတည်း။(နိယံ)

(စ)ဝါကျကား ဝိတ္တိအရ အဘိဓေယျတ္ထ–ပြ။

---

## (၄) ဝိဂ္ဂဟာဒိ

**ဓန**။ ဓန ဓညေ၊ အ၊ ဓနံ၊ ဓန သဒ္ဒေဝါ။

မမယိဒန္တိ ဓနာယိတဗ္ဗံ သဒ္ဒါယိတဗ္ဗန္တိ ဓနံ။ သူစိ။

**ဒုတိယဝိကပ်အနက်။** ဣဒံ–ဤသည်ကား၊ မမ–ငါ၏ဥစ္စာတည်း၊ ဣတိ–ဤသို့၊ ဓနာယိတဗ္ဗံ၊ သဒ္ဒါယိတဗ္ဗံ– အသံပြုအပ် (ပြောအပ်)၏၊ ဣတိ– တံ ဓနံ။ ဓနဓာတ်+အ–ပစ္စည်း။

**သရိက္ခ**။ သမာနံ ဣဝ နံ ဒိဿတီတိ သရိက္ခော။ သမာနသဒ္ဒါ သပြု၊ ဒိသ သဒ္ဒါ ရိက္ခ ပြု။

**မှတ်ချက်။** သရိက္ခက–ပုဒ် သူစိအဖွင့်ရှု။ သမာနသဒ္ဒူပ ပဒ၊ ဒိသဓာတ်+ ကွိပစ္စည်းကြံ။

**ဓနိနော**။ ဓနံ အဿအတ္ထီတိ ဓနီ ။ (တဿ)။ ဓန–ပုဒ်+ဤပစ္စည်း၊ ရတ္တာဒိဂိုဏ်း၊ ပုံလိင်၊ ဤကာရန္တ။ ဤ၌ သ–ဝိဘတ်ဆုံး။

http://www.dhammadownload.com



**ပီတိမတော။** ပီတိ အဿအတ္ထီတိ ပီတိမာ။
ပီတိပုဒ်၊ မန္တုပစ္စည်း၊ ဂုဏဝါဒိဂိုဏ်း၊ ဥကာရန္တ၊ ဤ၌ သ-ဝိဘတ်ဆုံး။

**တုဋ္ဌိ။** တုသဓာတ်+တိပစ္စည်း၊ ဣတ္ထိလိင်၊ ရတ္တာဒိဂိုဏ်း၊ ဣကာရန္တ။

✝ တုသ ပီတိယံ တုဿန္တိ တေယာတိ တုဋ္ဌိ၊ ကရဏေ တိပစ္စယော။ သူစိ။

## ညသ်ကောက်

တုဿန္တိ တေယာတိ တုဋ္ဌိ၊ တေယ- ဤပီတိဖြင့်၊ သတ္တာ-သတ္တဝါ တို့သည်၊ တုဿန္တိ-နှစ်သက်တတ်ကုန်၏၊ ဣတိတသ္မာ-ကြောင့်၊ သာပီတိ-သည်၊ တုဋ္ဌိ-တုဋ္ဌိမည်၏။

တုဿန္တိ တေယ-ကား ကရဏသာဓနကိတ်ဝိဂြိုဟ်၊ တုဋ္ဌိ-ကား ကရဏ သာဓနကိတ်ပုဒ်၊ တုသဓာတ်၊ တိပစ္စည်း။

တုသဓာတ်အရ ကတ္တုဋ္ဌကြိယာအရကား-သတ္တဝါတို့၏ ရုပ်နာမ်ခန္ဓာသည် မုချ။

ကရဏတ္ထကြိယာအရကား- ထိုသတ္တဝါတို့၏ ရုပ်နာမ်ခန္ဓာအားတပ်သော ပီတိ၏ သဟဇာတာဒိ သတ္တိရ၏။

တိပစ္စည်း၏အရကား- ပီတိစေတသိက်ရ၏။

## ပစ္စည်းပြိုင်

တိ-ပစ္စည်း (ဗာဟုလ္လ)အရ ပီတိစေတသိက် ပစ္စည်းတရားက တုသဓာတ် (ဓာတွတ္ထ) အရ သတ္တဝါတို့၏ ရုပ်နာမ်ခန္ဓာအား သဟဇာတမျိုးဖြင့် ကျေးဇူးပြုသည်။

ပြိုင်- သဟကြီး-၄၊ သဟလတ်-အညမည၊ဝိပါက၊သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ (ပစ္စယုပ္ပန်ဘက်မှာ ရုပ်ပါသည်) ၄၊ သဟငယ်-ဈာန ပေါင်း-၉-ပစ္စည်းပြိုင်။

**ဝိတ္တံ။** ဝိန္ဒတိ ပီတိ ဓေနာတိ ဝိတ္တံ။ ခန်။ ယော၊ ၁၀၄။

---

## (၆) အာဘောဂ သံဝဏ္ဏနာ

က-ဝါကျ ဝိတ္တံ-ဖြင့် ဝိတ္တိပုဒ်ကို ဝိန္ဒတိ ပီတိ တေယာတိ ဝိတ္တိ-ဟု ကရဏသာဓန ဝဏ္ဏနတ္တပြုရမည်ကိုလည်းကောင်း၊[၁] တိပစ္စည်း ကရဏသာဓန၌ သက်သည်ကိုလည်းကောင်း[၂] သိစေသည်။ ၁။ အဘိဓာနတ္တ။ ၂။ ဒုတိယပစ္စယတ္တ။

မှတ်ချက်။ ဝိတ္တိ-ကား ဝိဒဓာတ် တိပစ္စည်း။ ယင်းကို ဝိတ္တံ-၌ ဝိဒဓာတ် တ-ပစ္စည်းဖြင့်ဖွင့်ရာ ဓာတ်မလဲ၊ ပစ္စည်းသာလဲသည်။ တိ-ပစ္စည်းကို တပစ္စည်းဖြင့် လဲဖွင့်သည်။ သို့ဖြစ်၍ အထက်ပါအတိုင်း အာဘော်ဖော်ရသည်။

**တစ်နည်း။** ဝိတ္တံ-ဖြင့် ဝိတ္တိသဒ္ဒါသည် ဝိတ္တ=နှစ်သက်ကြောင်း ဓနအနက်ကို ဟောသတည်းဟု သိစေသည်။ (နာမလိင်္ဂတ္တ၊ ဓနအနက်)။

http://www.dhammadownload.com



**တစ်နည်း။** စိတ္တံ-ဖြင့် စိတ္တိသဒ္ဒါကား နှစ်သက်ကြောင်း အဘိဓေယျတ္ထဟော စိတ္တသဒ္ဒါ၏ ပရိယာယ်တည်းဟု သိစေသည်။ (အဘိဓေယျတ္ထ)

ခ-ဝါကျဖြင့် စိတ္တိ-ပုဒ်ကို ဝိန္ဒတိ ပီတိ တောယာတိ စိတ္တိ-ဟု ဝစနတ္ထပြု၍ စိတ္တိအရ နှစ်သက်ကြောင်း ဓနု-ကို ယူရမည်ဟုသိစေသည်။ (သရုပ်ကြားအဘိဓေယျတ္ထ)

ဂ-ဝါကျ စိတ္တိသရိက္ခတာယ-ဖြင့် စိတ္တိ ပုဒ်ကို စိတ္တိဝိယာတိ စိတ္တိဟု ဥပမာ တဒ္ဓိတ် ဝစနတ္ထပြုရမည်ကိုလည်းကောင်း၊[၁] အ-ပစ္စည်း၏ ဥပမာတဒ္ဓိတ်၌သက်သည်ကို လည်းကောင်း[၂] သိစေသည်။ ၁။ အဘိဓာနတ္ထ။ ၂။ ပစ္စယတ္ထ။

✪ သံဝဏ္ဏေတဗ္ဗ၊ သာမညကို-စသည့် သံဝဏ္ဏနာနိယံရှုလေ။

ဂ-ဝါကျ အယံ သောမနဿပစ္စယတ္တာ-ဖြင့် ဤပီတိကား သောမနဿ၏ အကြောင်းတည်းဟု သိစေသည်။ (ဘာဝတ္ထ)

စ-ဝါကျဖြင့် စိတ္တိ ပုဒ်ကို စိတ္တိဝိယာတိ စိတ္တိ ဟု ဝစနတ္ထပြု၍ စိတ္တိအရ ပီတိကို ယူရမည်ဟု သိစေသည်။ (သရုပ်ကြားအဘိဓေယျတ္ထ)။

စ-ဝါကျ တုဋ္ဌိ-လ-တာယ-ဖြင့် ပီတိကား နှစ်သက်ခြင်းသဘော၌ တည် သတည်းဟု သိစေသည်။ (ဘာဝတ္ထ)

**အနက်ပေး။** ။ စိတ္တိ-နှစ်သက်ကြောင်းဥစ္စာနှင့်တူသော ပီတိ။

---

ကြိယာငါးတန်

က-ဝါကျ ဥစ္စာဟော စိတ္တိ- စိတ္တံအရ

၁။ ဥစ္စာသည် ဒဿနတ္ထ။ ၂။ ဉာဏ်ဝိရိယသည် ဒီပကတ္ထ။

၃။ ဥစ္စာကိုစွဲ၍ ဝမ်းမြောက်ခြင်း သောမနဿသည် ပကာသနတ္ထ။ (ဓနံပဋိစ္စ-ထောက်)

၄။ ပုဗ္ဗေစ ကတပုညတာစက်သည် ဝိဘာဝတ္ထ။ (အကြောင်း)

၅။ ကာယိကသုခ၊စေတသိကသုခသည် အနုဘာဝတ္ထ။

ဂ-ဝါကျ အယံ-အရ၊ စိတ္တသရိက္ခတာယ စိတ္တိ-အရ

၁။ ပီတိသည် ဒဿနတ္ထ။ ၂။ ပါမောဇ္ဇသည် ဒီပကတ္ထ။

၃။ သောမနဿသည် ပကာသနတ္ထ။(ပီတိ ပဋိစ္စ ထောက်)

၄။ ဣဋ္ဌာရုံ၊အတိဣဋ္ဌာရုံသည် ဝိဘာဝတ္ထ။ (အကြောင်း)

၅။ သုခ သမာဓိ ယထာဘူတဉာဏ်စသည် အနုဘာဝတ္ထ။

ပီတိ ပဋိစ္စ သောမနဿံ ဥပ္ပဇ္ဇတိ ဝါကျ၌ -

၁။ သောမနဿသည် ဒဿနတ္ထ။ ၂။ ပီတိသည် ဒီပကတ္ထ။

http://www.dhammadownload.com



၃။ ကိုယ်အမူအရာ ရွှင်လန်းခြင်းသည် ပဏ္ဍာသနဋ္ဌ။

၄။ ပါမောဇ္ဇသည် ဝိဘာဝဋ္ဌ။

၅။ သုခ သမာဓိ ယထာဘူတဉာဏ်စသည် အနုဘာဝဋ္ဌ။

---

(က) ဘူရိတိ ပထဝိယာ နာမံ။ (ခ) အယမ္ပိ သဏှဋ္ဌေန၊ ဝိတ္ထဋ္ဌေန စ ဘူရိဝိယာတိ ဘူရိ။ (ဂ) တေန ဝုတ္တံ "ဘူရိ ဝုစ္စတိ ပထဝီ၊ တာယ ပထဝီသမာယ ဝိတ္ထဋာယ ဝိပုလာယ ပညာယ သမန္နာဂတောတိ ဘူရိပညောတိ။ (ဃ) အပိစ ပညာယ စေတံ အဓိဝစနံ ဘူရီတိ။ (င) ဘူတေ အတ္ထေ ရမတီတိပိ ဘူရိ။ ဋ္ဌ၊ ၁၉၁၊ ၁၉၂။

## (၂) (၃) ဝါကျခွဲ ကျမ်းတက်

ခ–ဝါကျ ပက္ခန္တရဝါကျ။ ထို–၍ ဂ–ဝါကျ ပက္ခဝါကျ။

### ပါပနာဒိကျမ်းတက်

ဆရာ၊ ဆရာသည် က–ဝါကျဖြင့် ဘူရိသဒ္ဒါ မြေ–အနက်ကိုဟောသော ဟုဆိုတော်မူ၏။ ထိုသို့သာဆိုချေသော် ဘူရိသဒ္ဒါမြေအနက်မှတစ်ပါးသော အနက်ကို မဟောဟူသောအနက် ရောက်ရာ၏။ စင်စစ်တမူကား ဘူရိသဒ္ဒါ မြေအနက်မှတစ်ပါးသော အနက်ကို မဟောသည်မဟုတ်၊ ဟောသည်သာ ဖြစ်၏။ ထိုသို့ဖြစ်သောကြောင့် ဘူရိသဒ္ဒါ၏ တစ်ပါးသောအနက်ကိုလည်း ဆိုသင့် ဆိုတန်၏။ ဘူရိသဒ္ဒါ၏ တစ်ပါးသောအနက်ကို မဆိုဘဲမနေသင့် မနေတန်၊ ဘူရိသဒ္ဒါ၏ တစ်ပါးသောအနက်ကား အဘယ်နည်း–ကြောင့် ခ–ဝါကျမိန့်။

ကား– ဤဘူရိသဒ္ဒါသည်လည်း သိမ်မွေ့သောအနက်ကြောင့်လည်းကောင်း၊ ကျယ်ပြန့်သောအနက်ကြောင့်လည်းကောင်း မြေကြီးကဲ့သို့ ဖြစ်သောကြောင့် ဘူရိမည်၏ဟု ငါပြဆို၏ဟူလိုသော်။

ဒေါသပယ်။ အဗျာပိတ၊ အပရိပုဏ္ဏဒေါသကိုပယ်သည်။

ဂ–ဝါကျ အာဂမဒဠှီကရဏဝါကျ။ ထို–၍ ခ–ဝါကျ အာဂမဒဠှိယဝါကျ။

ကျမ်းတက်။ ထိုသို့သာဆိုချေသော် သာဓကမရှိဟူသောအနက် ရောက်ရာ၏ – စသည်တက်လေ။

ဃ–ဝါကျ ပက္ခန္တရဝါကျ။ ထို–၍ ခ–ဝါကျ ပက္ခဝါကျ။

### ဃ–ဝါကျ ဌာပနာပဋ္ဌကကျမ်းတက်

ဆရာ၊ ဆရာသည် ခ–ဝါကျဖြင့် ဤပညာသည်လည်း သိမ်မွေ့သောအနက်ကြောင့်လည်းကောင်း၊ ကျယ်ပြန့်သောအနက်ကြောင့်လည်းကောင်း မြေကြီးကဲ့သို့ဖြစ်သောကြောင့် "ဘူရိ"မည်သောဟု ဆိုတော်မူ၏။(ဌပနာ) ထိုသို့သာဆိုချေသော် မြေကြီးကဲ့သို့ဖြစ်သော (ဥပမာတဒ္ဓိတ်) အနက်ကြောင့်သာ ဤပညာသည် ဘူရိမည်၏ ဟူသော အနက်သည် ရောက်ရာသည်မဟုတ်လော၊ (အာဘော်) ယင်းသို့ရောက်ရာသောကြောင့် (ဟိတ်) မြေကြီးကဲ့သို့ဖြစ်သော

http://www.dhammadownload.com



(ဥပမာတဒ္ဓိတ်) အနက်ကြောင့်သာ ဤပညာသည် ဘူရိမည်၏ဟုသာ မဆိုသင့်၊ (ရှေ့ပယ်= ဠပနာပဋိက္ခေပ) တစ်ပါးသောအကြောင်းကြောင့် လည်း ဤပညာသည် ဘူရိမည်၏ဟုဆိုသင့်၏။ (အနွယ) ဘူရိမည်ခြင်း၏အကြောင်း တစ်ပါးကား အဘယ်နည်း–ကြောင့် ဃ–ဝါကျမိန့်။

ကား– ဃ–ဝါကျဖြင့် ဘူရိသဒ္ဒါ ပညာဟောရုဠှီအားဖြင့်လည်း ပြီးသတည်းဟု ငါပြဆို၏ဟူလို။

င–ဝါကျ ပက္ခန္တရဝါကျ။ ထို–၍ ဃ–ဝါကျ ပက္ခဝါကျ။

ရှင်းလင်းချက်။ ခ–ဝါကျဖြင့် ဘူရိဝိယာတိ ဘူရိ–ဥပမာတဒ္ဓိတ်ပြ။ ဃ–ဝါကျဖြင့် ပညာဟော ရုဠှီအနိပ္ဖန္နပါဋိပဒိကအားဖြင့် ဘူရီ–ကို ဖွင့်ပြပြီးနောက် ကိတ်ဝစနတ္ထအားဖြင့် ဘူရိပုဒ်၏အဖွင့်ကိုပြသဖြင့် င–ဝါကျကို ပက္ခန္တရဟု ခွဲရသည်။

## ဃ–ဝါကျ အပိစ–သဒ္ဒါ

ဃ–ဝါကျဖြင့် ဘူရိပုဒ်၏ ဘူရိဝိယာတိ ဘူရိဟူသောဝစနတ္ထကြောင့် ဘူရိမည်၏ဟု ပြပြီးနောက် ယင်းရှေးနည်းကိုပယ်စွန့်၍ ဝစနတ္ထကင်းသော ရုဠှီသဒ္ဒါအားဖြင့်လည်း ဘူရိမည်၏ ဟုပြလိုသဖြင့် အပိစသဒ္ဒါထားရသည်။

✪ ရှေးနည်းစွန့်ကာ၊ ကြောင်းကျိုးဖြာ၊ ပြလာ အပိစ။

## က–ဝါကျ နာမ သဒ္ဒါ

ခ–ဝါကျဖြင့် ဘူရိသဒ္ဒါ ဥပမာတဒ္ဓိတ်ကို ပြလတ့်ဖြစ်၍ က–ဝါကျဖြင့် ဘူရိသဒ္ဒါ မူလအမည် မြေ (ပထဝီ) ဟောဟုပြလို၍ "နာမ" သဒ္ဒါ ထားရသည်။

မှတ်ချက်။ ။ ဤကား အတ္တနောမတိမျှသာ။

## အဓိဝစနံ ထားရပုံ

ခ–ဝါကျဖြင့် ဘူရိသဒ္ဒါ ဥပမာတဒ္ဓိတ်ကိုပြပြီးနောက် ရုဠှီအားဖြင့် ဘူရိသဒ္ဒါ ပညာဟောဟုပြလိုသောကြောင့် "အဓိဝစနံ" သဒ္ဒါထားရသည်။

---

## (၄) ဝိဂ္ဂဟာဒိ

ပထဝီ။ ပုထု ဟုတွာ ဇာတတ္တာ ပထဝီ။

သဏ္ဍ။ သီယတိ တနုကရီယတိ (ပါးအောင်ပြုအပ်၏)တိ သဏှော။

✝ သာ တနုကရဏေ ဏှော။ သူစိ။

ဝိတ္ထဋ္ဌ။ ဝိပုဗ္ဗ+တနုဓာတ်။ ဝိတ္ထာရေ တော။ တဿ ဌော။ န လောပေါ ဝိတ္ထတံ–ဟု သူစိ၌လာသည်။ တ–ဋ္ဌ–ပြန်လျှင် ဝိတ္ထဋ္ဌ–ပြီး၏။

ဝိပုလာယ။ ဝိသေသေန ပုလတီတိ ဝိပုလာ။ ဤ၌ ပညာ–ဣတ္ထိလိင်ပုဒ်၏ ဝိသေသန ထီလိင်၊ ကညာဒိ။

✝ ဝိပုဗ္ဗော ပုလ မဟတ္တေ အ။ သူစိ။

http://www.dhammadownload.com



## (၆) အာဘောဂ သံဝဏ္ဏနာ

ဘူရိ = မြေဟောဘူရိသဒ္ဒါကား ဘူ သတ္တာယံ၊ ရိ၊ နဒါဒိ–ဟု သူ့စိဖြ် ဆိုသည်။ ဘူဓာတ်၊ ရိပစ္စည်း၊ နဒါဒိ–ဤသက်။ ဤအလို ဘဝန္တိ သတ္တာ ဧတ္ထာတိ ဘူရိ–ဟု ဝစနတ္ထကြ်။

ခ–ဝါကျ ဘူရိ= ဘူရိပုဒ်+အပစ္စည်း။ ဘူရိဝိယာတိ ဘူရိ–ဟု ဥပမာ တဒ္ဓိတ်ပြု။

ဃ–ဝါကျ ဘူရိ = ရှဋ္ဌိအနိပ္ဖန္နပါဋိပဒိကပုဒ်။ ပညာဟော။

င–ဝါကျ ဘူရိ = ဘူတေ အတ္ထေ ရမတီတိ ဘူရိ။ (၌အလို) ဘူသဒ္ဒူပပဒ ရမုဓာတ်၊ ကွိပစ္စည်း၊ နဒါဒိ ဤ–သက်။

ဤကား အာဘောဂ်သံဝဏ္ဏနာအတွက် အခြေခံတည်း။ အာဘောဂ်သံဝဏ္ဏနာ ဆက်လက်ရှုလေ။

က–ဝါကျဖြင့် ဤ၌ ဘူရိသဒ္ဒါမြေအနက်ဟောသတည်းဟု သိစေသည်။(နာမလိင်္ဂတ္ထ)

ခ–ဝါကျ။ ဘူရိဝိယာ–ဖြင့် ပညာဟော ဘူရိပုဒ်ကို ဘူရိဝိယာတိ ဘူရိ–ဟု ဥပမာတဒ္ဓိတ် ဝစနတ္ထပြုရမည်ကိုလည်းကောင်း၊[၁] အ–ပစ္စည်း ဥပမာတဒ္ဓိတ်၌ သက်သည် ကိုလည်းကောင်း[၂] သိစေသည်။ ၁။ အဘိဓာနတ္ထ။ ၂။ ပစ္စယတ္ထ။

မှတ်ချက်။ မြေကြီး၏ ပညာနှင့် ဥပမာန ဥပမေယျစပ်။

ခ–ဝါကျ သဏှဋ္ဌေန ဝိတ္ထဋ္ဌေန–ဖြင့် သိမ်မွေ့သောအနက်၊ ကျယ်ပြန့်သောအနက် ကြောင့် ပညာသည် မြေကြီးနှင့်တူသတည်း ဟုသိစေသည်။(ဘာဝတ္ထ)

**အနက်ပေး။** ဘူရိ–သိမ်မွေ့သောအနက် ကျယ်ပြန့်သောအနက်ကြောင့် မြေကြီးနှင့် တူသောပညာ။

ဃ–ဝါကျဖြင့် ဘူရိသဒ္ဒါကား ပညာအနက်ဟော ရှဋ္ဌိအနိပ္ဖန္နပါဋိပဒိကပုဒ်တည်းဟု သိစေသည်။ (ဘာဝတ္ထ)

င–ဝါကျ ဘူတေ–ဖြင့် ဘူရိ၌ ဘူသဒ္ဒါသည် ဟုတ်မှန်ထင်ရှားသော ဘူတ အနက်ကို ဟော၏၊ မြေအနက်ကိုမဟောဟု သိစေသည်။ (နာမလိင်္ဂတ္ထ)

င–ဝါကျ အတ္ထေ–ဖြင့် ဘူတ–အရ အနက်ကိုယူရမည်။ မဟာဘုတ်ကို မယူရဟု သိစေသည်။ (အဘိဓေယျတ္ထ)

င–ဝါကျ ရမတိ–ဖြင့် ရိသဒ္ဒါ ရမုဓာတ်၏အဖြစ်ကိုလည်းကောင်း၊[၁] ရမတီတိ ရိ–ဟု ကတ္တုသာဓနဝစနတ္ထပြုရမည်ကိုလည်းကောင်း၊[၂] ကွိပစ္စည်း ကတ္တုသာဓန၌ သက်သည်ကို လည်းကောင်း[၃] သိစေသည်။ ၁။ ဒုတိယဓာတုပဒ။ ၂။ အဘိဓာနတ္ထ။ ၃။ ဒုတိယပစ္စယတ္ထ။

င–ဝါကျတစ်ဝါကျလုံးဖြင့် ဘူယာ ရမတီတိ ဘူရိ၊ တစ်နည်း– ဘဝတီတိ ဘူ၊ ရမတီတိ ရိ၊ ဘူယာ ရိ ဘူရိ–ဟု ဝစနတ္ထပြုရမည်ဟု အစိတ် အပေါင်းဝစနတ္ထကို သိစေသည်။ (အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ)

http://www.dhammadownload.com



**အနက်ပေး။** ဘူရီ- မဖေါက်မပြန်ဟုတ်မှန်သောအနက်အဓိပ္ပါယ်၌ မွေ့လျော်တတ်သောပညာ။

## (၇) ဥပသဂ္ဂနိပါတတ္ထ

ခ-ဝါကျ အယမ္ပိ-၌ ပိ (အပိ) သဒ္ဒါ သမုစ္စယဇောတကနိပါတ်။ မြေကြီး (ပထဝီ) သည်သာ ဘူရီမည်သည်မဟုတ်သေး၊ ဤ ပညာသည်လည်း ဘူရီမည်၏ဟု ဆည်းသည်။

ခ-ဝါကျ စ-သဒ္ဒါ အညမညသမုစ္စယဇောတကနိပါတ်။

င-ဝါကျ ရမတီတိပိ-၌ ပိ(အပိ) သဒ္ဒါ သမုစ္စယဇောတကနိပါတ်။ ဘူရိဝိယ-ဟူသော ဝစနတ္ထကြောင့်သာ ဘူရီမည်သည်မဟုတ်သေး၊ ဘူတေ အတ္ထေ ရမတိ-ဟူသော ဝစနတ္ထကြောင့်လည်း ဘူရီမည်သတည်းဟု ဆည်းသည်။

## သိဒ္ဓိရပုံ

ဂ-ဝါကျ အာဂမဒဋ္ဌိကရဏဝါကျဖြင့် သိဒ္ဓေယျသိဒ္ဓိရသည်။

## (၁၀) ပစ္စည်းပြိုင်

င-ဝါကျ ဘူတေ အတ္ထေ-အရ မဖေါက်မပြန် ဟုတ်မှန်သောအနက် ပရမတ္ထတရား အာရုံပစ္စည်းတရား၏ ရမတိ-အရ ပညာပစ္စယုပ္ပန်တရားအား အာရမ္မဏမျိုးဖြင့် ကျေးဇူးပြုသည်။

ပြိုင်= ယထာရဟ အာရမ္မဏ, အဓိပတိ, နိဿယ, ဥပနိဿယ, ပုရေဇာတ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ= အာရမ္မဏ ၈-ပစ္စည်း။

## အာဘော်သံဝဏ္ဏနာစသည်

(က) အသနိဝိယ သိလုစ္စယေ ကိလေသေ မေဓတိ ဟိံသတီတိ မေဓာ။

( ခ) ခိပ္ပံ ဂဟဏဓာရဏဋ္ဌေန ဝါ မေဓာ။ (ဋ္ဌ၊ ၁၉၂)

က-ဝါကျ မေဓတီ-ဖြင့် မေဓာ-၌ မေဓဓာတ်၏အဖြစ်ကိုလည်းကောင်း၊[1] အ-ပစ္စည်း ကတ္တုသာဓနေ၌သက်သည်ကိုလည်းကောင်း၊[2] (မေဓာ= မေဓ+အ+အာ) အပစ္စည်း ကို မေဓတိ၌ တိ-ဖြင့် ဖွင့်) မေဓတီတိ မေဓာဟု ကတ္တုသာဓနဝစနတ္ထ ပြုရမည်ကို လည်းကောင်း[3] သိစေသည်။

၁။ ဒုတိယဓာတုပဒ။ ၂။ ဒုတိယပစ္စယတ္ထ။ ၃။ အဘိဓာနတ္ထ။

က-ဝါကျ ဟိံသတိ-ဖြင့် မေဓတိ-၌ မေဓဓာတ် ဟိံသန-ညှင်းဆဲ ဖျက်ဆီးခြင်း အနက်ကို ဟောသတည်းဟု သိစေသည်။ (ဓာတွတ္ထ)

က-ဝါကျ ကိလေသေ-ဖြင့် ဥပမေယျဘက်၌ မေဓတိ=ဖျက်ဆီး၏ဟူသည် ကိလေသာတို့ကိုဖျက်ဆီးသတည်းဟု သိစေသည်။ (ဘာဝတ္ထ)

**တစ်နည်း။** မေဓတိ၌ မေဓဓာတ်သည် သကမ္မကဓာတ်၊ ယင်း၏ကံကား ကိလေသတည်းဟု သိစေသည်။ (ဘာဝတ္ထ)

http://www.dhammadownload.com



က–ဝါကျ အသနိဝိယ သိလုစ္စယေ–ဖြင့် မိုးကြိုးသည် ကျောက်တောင်တို့ကို ဖြိုခွဲဖျက်ဆီးနိုင်သကဲ့သို့–ဟူသော ဥပမာကို သိစေသည်။ (ဘာဝတ္ထ)

က–ဝါကျ သိလုစ္စယေ–ဖြင့် ဥပမာနဘက်၌ မေဓတိ=ဖျက်ဆီး၏ဟူသည် ကျောက်တောင်တို့ကို ဖျက်ဆီးသတည်းဟု သိစေသည်။ (ဘာဝတ္ထ)

တစ်နည်း။ မေဓတိ၌ မေဓာတ်သည် သကမ္မကဓာတ်၊ ယင်း၏ကံကား သိလုစ္စယေ–တည်းဟု သိစေသည်။ (ဘာဝတ္ထ)

က–ါကျ အသနိဝိယ–ဖြင့် ပညာ၏ ဥပမာကို သိစေသည်။ ဝါ– ပညာကား မိုးကြိုးနှင့် တူ၏ဟု သိစေသည်။ (ဘာဝတ္ထ)

အနက်ပေး။ မေဓာ– မိုးကြိုးသည် ကျောက်တောင်တို့ကို ဖျက်ဆီးသကဲ့သို့ ကိလေသာတို့ကို ဖျက်ဆီးတတ်သောပညာ။

မှတ်ချက်။ မေဓာ–သဒ္ဒါ ဥပမာလင်္ကာရအနက်ပေးခြင်းဟုမှတ်။

ခ–ဝါကျ ဂဟဏဓာရဏဋ္ဌေန–ဖြင့် မေဓာ–၌ မေ–ဓာတ်၏အဖြစ်ကိုလည်းကောင်း၊[၁] မေဓာတ်၏ယူခြင်း=ဂဟဏအနက်ဟော၏အဖြစ်ကိုလည်းကောင်း၊[၂] (ဂဟဏ ၌ ဂဟ–ကပြ) မေတိ ဂဏှာတိတိ မေ–ဟု ကတ္တုသာဓန ဝစနတ္ထပြုရမည်ကိုလည်းကောင်း၊[၃] (မေ–၌ ကွိ–ပစ္စည်းကို ဂဟဏ–၌ ယုပစ္စည်းဖြင့် လဲဖွင့်)ကွိ–ပစ္စည်း ကတ္တုသာဓနေ၌ သက်သည်ကိုလည်းကောင်း၊[၄] မေဓာ၌ ဓာ–ဓာတ်၏အဖြစ်ကိုလည်း ကောင်း၊[၅] ဓာ–ဓာတ်၏ ဆောင်ခြင်း ဓာရဏ–အနက်ဟော၏အဖြစ်ကိုလည်းကောင်း၊[၆] (ဓာရဏ–၌ ဓရဓာတ်–ကပြ) ဓာတီတိ ဓာ–ဟု ကတ္တုသာဓနေဝစနတ္ထပြုရမည်ကိုလည်းကောင်း၊[၇] (ဓာ–၌ ကွိပစ္စည်းကို ဓာရဏ၌ ယုပစ္စည်းဖြင့် လဲဖွင့်) ကွိပစ္စည်း ကတ္တုသာဓနေ၌သက်သည်ကိုလည်းကောင်း၊[၈] မေဓာပုဒ်ကို မေစ သာ ဓာစာတိ မေဓာ–ဟု ကမ္မဓာရယ် သမာသ်ဝစနတ္ထ ပြုရမည်ကိုလည်းကောင်း [၉] (ဂဟဏနှင့် ဓာရဏ–အတူတွဲ ဖွင့်သဖြင့် ကမ္မဓာရယ်ပြ) သိစေသည်။

၁။ ဒုတိယဓာတုဖဒ။ ၂။ ဒုတိယဓာတွတ္ထ။ ၃။ အဘိဓာနတ္ထ။
၄။ ဒုတိယပစ္စယတ္ထ။ ၅။ ဒုတိယဓာတုပဒ။ ၆။ ဒုတိယဓာတွတ္ထ။
၇။ အဘိဓာနတ္ထ။ ၈။ ဒုတိယပစ္စယတ္ထ။ ၉။ အဘိဓာနတ္ထ။

မှတ်ချက်။ အဘိဓာနပ္ပဒီပိကာသူစိ–၌လာသော သဒ္ဒနီတိ ဓာတုမာလာ– အဖွင့်ကိုရှု၍ အာဘော်ဖော်သည်။

✝ မေဓာ ဓာတုဝသာစေဝ၊ မေ–ဓာ ဓာတူဟိစ ဒ္ဒိဓာ။

မေဓာသဒ္ဒဿ နိပ္ဖတ္တိ၊ မေဓာဝီ သမုဒီရယေ။ (နီတိ၊ဓာတု)

ခ–ဝါကျ ခိပ္ပံ–ဖြင့် ယူ၏ (ဂဟဏ) ဆောင်၏(ဓာရဏ)ဟူသည်လျှင်စွာဆောင် သတည်းဟု သိစေသည်။ (ဘာဝတ္ထ)

http://www.dhammadownload.com



✝ သုခုမမ္ပိ အတ္ထံ ဓမ္မဥ္စ ခိပ္ပမေဝ မေတိ အာဒဒါတီတိ ဓာရေတိစာတိ မေဓာ။ သုစိ။

အနက်ပေး။ မေဓာ- သိမ်မွေ့သောအနက်ကိုလည်းကောင်း ပါဠိကိုလည်းကောင်း လျှင်စွာ ယူဆောင်တတ်သော ပညာ။

ခ-ဝါကျ ဝါ-သဒ္ဒါဖြင့် မေဓာသဒ္ဒါ ဓာတ်တစ်မျိုး ဓာတ်နက်တစ်မျိုး ဝစနတ္ထတစ်မျိုးကို လဲလှယ်ပြပါသည်။ (ဘာဝတ္ထ)

## ဝါသဒ္ဒါ လဲပုံ

က-ဝါကျ မေဓာသဒ္ဒါ မေဓာတ်မှ ခ-ဝါကျ မေဓာသဒ္ဒါ မေဓာတ် ဓာ-ဓာတ်တစ်မျိုးကို လည်းကောင်း၊ မေဓာတ် ဟိံသနတ္ထမှ မေဓာတ် ဂဟဏတ္ထ ဓာ-ဓာတ်၏ ဓာရဏတ္ထ-တစ်မျိုးကို လည်းကောင်း၊ မေဓာသဒ္ဒါ ကတ္တုသာဓန ဝစနတ္ထမှ မေဓာသဒ္ဒါ ကမ္မဓာရယ်သမာသ်ဝစနတ္ထ တစ်မျိုးကိုလည်းကောင်း၊ မိုးကြိုးသည် ကျောက်တောင် တို့ကိုဖျက်ဆီးသကဲ့သို့ ပညာသည် ကိလေသာတို့ကို ဖျက်ဆီးတတ်၏ဟူသော သကတ်အနက်မှ လျှင်မြန်စွာ သိမ်မွေ့သော အတ္ထဓမ္မကို ယူတတ်ဆောင်တတ်သောကြောင့် မေဓာမည်၏ဟူသော သကတ် အနက်တစ်မျိုးကို လဲလှယ်ပြလို သောကြောင့် ဝါ-သဒ္ဒါ ထားရပါသည်။

မှတ်ချက်။ သဒ္ဒါ-အနက် နှစ်မျိုးလုံး လဲသည်။

---

(က) ယဿ ဥပ္ပဇ္ဇတိ၊ တံ အတ္တဟိတပဋိပတ္တိယံ သမ္မယုတ္တဓမ္မေစ ယာထာဝ-လက္ခဏာ ပဋိဝေဓေ ပရိနေတီတိ ပရိဏာယိကာ။

( ခ) ဥပ္ပထပဋိပန္နေ သိန္ဓဝေ ဝီထိအာရောပနတ္ထံ ပတောဒေါ ဝိယ ဥပ္ပထေ ဓာဝနကံ ကူဋစိတ္တံ ဝီထိအာရောပနတ္ထံ ဝိဇ္ဈတီတိ ပတောဒေါ။ ဋ္ဌ၊ ၁၉၂။

### (၆) အာဘော် သံဝဏ္ဏနာ

က-ဝါကျ ပရိနေတိ-ဖြင့် ပရိဏာယိကာ၏ ပရိပုဗ္ဗ-နီဓာတ်၏အဖြစ်ငှါး၊[၁] ဏွုပစ္စည်း၏ ကတ္တုသာဓနဌ သက်သည်ကိုငှါး၊[၂] ပရိနေတီတိ ပရိဏာယိကာ-ဟု ကတ္တုသာဓနဝစနတ္ထ ပြုရမည်ကိုငှါး၊[၃] နီ-၌ ဒန္တဇ န-ကို မုဒ္ဓဇ ဏ-ပြန်၊ ဤ-ကို ဧ၊ ဧ-ကို အာယပြု၊ ဏွုပစ္စည်း အက-ပြု၊ ဣတ္ထိလိင်တွင် အ-ကို ဣ-ပြု၊ ထိဓောတက အာ-သက်၍ ပရိဏာယိကာ-ဟု နိရုတ္တိနည်းဖြင့် ရုပ်ပြီးသည်ကိုငှါး[၄] သိစေသည်။

၁။ ဒုတိယဓာတုပဒ။ ၂။ ဒုတိယပစ္စယတ္ထ။ ၃။ အဘိဓာနတ္ထ။ ၄။ ဘာဝတ္ထ။

က-ဝါကျ ယဿ ဥပ္ပဇ္ဇတိ၊ တံ အတ္တဟိတပဋိပတ္တိယံ-ဖြင့် ပရိနေတိ= ထက်ဝန်းကျင်မှ ဆောင်၏ဟူသည် ပညာဖြစ်ရာပုဂ္ဂိုလ်ကို မိမိအစီးအပွားကိုကျင့်ခြင်း၌ ဆောင်သတည်းဟု သိစေသည်။ (ဘာဝတ္ထ)

က-ဝါကျ သမ္မယုတ္တဓမ္မေ-လ-ပဋိဝေဓေ-ဖြင့် ထက်ဝန်းကျင်မှ ဆောင်၏ဟူသည်

http://www.dhammadownload.com



သမ္ပယုတ်တရားတို့ကို ဟုတ်မှန်တိုင်းသောလက္ခဏာကို ထိုးထွင်း၍သိခြင်း၌ ဆောင်သတည်းဟု သိစေသည်။ (ဘာဝတ္ထ)

က-ဝါကျ စ-သဒ္ဒါဖြင့် သမုစ္စည်းအဓိပ္ပါယ်ကို သိစေသည်။(ဘာဝတ္ထ)

**အနက်ပေး။** ပရိဏာယိကာ- ပညာဖြစ်ရာပုဂ္ဂိုလ်ကို မိမိအစီးအပွားကိုကျင့်ခြင်း၌လည်းကောင်း၊ သမ္ပယုတ်တရားတို့ကို ဟုတ်မှန်တိုင်းသော လက္ခဏာကို ထိုးထွင်း၍သိခြင်း၌လည်းကောင်း ထက်ဝန်းကျင်မှဆောင်တတ်သောပညာ။

ခ-ဝါကျ ဝိဇ္ဈတိ-ဖြင့် ပတောဒေါ-၌ တုဒဓာတ် ဝိဇ္ဈန-ဗျထန-ထိုးကျင့်ခြင်း အနက် ဟောသည်ကိုလည်းကောင်း၊[၁] ပ-ဥပသာရ ဓာတွတ္ထာ-နုဝတ္တက၏အဖြစ်ကိုလည်းကောင်း၊[၂] ပတောဒေါပုဒ်ကို ပတုဇ္ဇတီတိ ပတောဒေါ-ဟု ကတ္တုသာဓနဝစနတ္ထပြုရမည်ကိုလည်းကောင်း၊[၃] ဏ-ပစ္စည်း ကတ္တုသာဓန၌ သက်သည်ကိုလည်းကောင်း[၄] သိစေသည်။

၁။ ဒုတိယံဓာတွတ္ထ။ ၂။ ဥပသဂ္ဂလိင်္ဂတ္ထ။ ၃။ အဘိဓာနတ္ထ။ ၄။ ဒုတိယပစ္စယတ္ထ။

**မှတ်ချက်။** တုဒဓာတ်ကို ဝိဓောတ်ဖြင့် လဲဖွင့် ဒုတိယဓာတွတ္ထ။ ပ-ဥပသာရကို မဖွင့်သဖြင့် ဓာတွတ္ထာနုဝတ္တက (အနတ္ထ)၊ ဓာတ်ကိုမပြသဖြင့် ဒုတိယ ဓာတုပဒ မဖော်ရ။ ဝိဇ္ဈတိ-၌ တိဝိဘတ်ဖြင့် ပတောဒေါ-၌ ဏ-ပစ္စည်း ကိုဖွင့်၊ အဘိဓာနတ္ထ၊ ဒုတိယပစ္စယတ္ထဖော်ရသည်။ သူ့စိ၌ကား- ပပုဗ္ဗော တုဒ ဗျထနေ ဏော၊ ပတုဇ္ဇတေ နေနေတိ ပတောဒေါ-ဟု ဆိုသည်။

ခ-ဝါကျ ဥပ္ပထေ-လ- အာရောပနတ္ထံ-ဖြင့် လမ်းမှားမှာ ပြေးသွားသော ကောက်စိတ်ကို လမ်းမှန်သို့ရောက်စေရန် (ပညာက) ထိုးကျင့် (တင်ပေး)သတည်းဟု သိစေသည်။ (ဘာဝတ္ထ)

ခ-ဝါကျ ပတောဒေါ ဝိယ-ဖြင့် ပတောဒေါ ဝိယာတိ ပတောဒေါ-ဟု ဥပမာ တဒ္ဓိတ်ဝစနတ္ထပြုရမည်ကိုလည်းကောင်း၊[၁] ဏပစ္စည်း ဥပမာတဒ္ဓိတ်၌ သက်သည်ကို လည်းကောင်း[၂] သိစေသည်။ ၁။ အဘိဓာနတ္ထ ၂။ ပစ္စယတ္ထ

ခ-ဝါကျ ဥပ္ပထေ-လ- ပတောဒေါ ဝိယ-ဖြင့် ဥပမာတဒ္ဓိတ်ကိုပြသည်။ ဘာသာပြန်၍ အာဘော်ဖော်။ (ဘာဝတ္ထ)

**အနက်ပေး။** ပတောဒေါ- လမ်းမှား၌ ပြေးသွားကုန်သော သိန္ဓောမြင်းတို့ကို လမ်းမှန်သို့ တက်ရောက်စေရန် နှင်တံသည် ထိုးကျင့်သကဲ့သို့ (ဥပမာ) လမ်းမှား၌ ပြေးသွားသော ကောက်သောစိတ်ကို လမ်းမှန်သို့ရောက်စေရန် ထိုးကျင့်တတ်သောကြောင့် နှင်တံ ကဲ့သို့သောပညာ။

---

(က) ရတိကရဏဋ္ဌေန-လံ- ပညာဝ ရတနံ။ (ခ) န တေန သတ္တာ မုယှန္တိ။

(ဂ) သယံ ဝါ အာရမ္မဏေ န မုယှတီတိ အမောဟော။

(ဃ)ဓမ္မဝိစယပဒံ ဝုတ္တတ္ထမေဝ။ ဋ၊ ၁၉၂။

http://www.dhammadownload.com



## (၂) (၃) ဝါကျခွဲစသည်

ခ-ဝါကျ ပက္ခန္တရဝါကျ။ က-ဝါကျ ပက္ခဝါကျ။ ဂ-ဝါကျ ပက္ခန္တရဝါကျ။ ခ-ဝါကျ ပက္ခဝါကျ။ ဃ-ဝါကျ အတိဒေသသံဝဏ္ဏနာဝါကျ။ ဝါ- ဝါကျာရမ္ဘဝါကျ။

### ဝါ-သဒ္ဒါ

သတ္တဝါတို့ မတွေဝေကြောင်းဟူသောအကြောင်း သကတ် ကာရဏာသာဓန ဝစနတ္ထကြောင့် အမောဟမည်ခြင်းမှတစ်ပါး အာရုံ၌ မတွေဝေတတ်သောအကြောင်း သကတ် ကတ္တုသာဓနဝစနတ္ထ ကြောင့် အမောဟမည်ခြင်းကို လဲလှယ်၍ပြလိုသောကြောင့် ဝါ-သဒ္ဒါထားရသည်။

တစ်နည်း။ အမောဟ-၌ ဏ-ပစ္စည်း၊ ကရဏသာဓနအနက် အကြောင်းမှတစ်ပါး ဏ-ပစ္စည်း ကတ္တုသာဓနအနက်အကြောင်းတစ်မျိုးကို လဲလှယ်ပြလိုသောကြောင့် ဝါ-သဒ္ဒါထားရသည်။

---

## (၆) အာဘောဂ သံဝဏ္ဏနာ

က-ဝါကျ ရတိကရဏဋ္ဌေန-ဖြင့် ရတနသဒ္ဒါ ရတိသဒ္ဒူပပဒ၊ ကရဓာတ်၏ အဖြစ်ကို လည်းကောင်း၊[၁] ယုပစ္စည်း၏ ကတ္တုသာဓန၌သက်သည်ကိုလည်းကောင်း၊[၂] ရတိံ ကရောတီတိ ရတနံ-ဟု ကိတန္တကတ္တုသာဓနဝစနတ္ထ ပြုရမည်ကိုလည်းကောင်း၊[၃] ရတိကရ-ဟုဆိုလိုလျက် တိ-၌ ဣ-ကို အ-ပြုခြင်း ဝဏ္ဏဝိကာရနိရုတ္တိနည်း၊ တ-ကို အ-သို့ကပ်၊ ကရ-ကို ချေခြင်း ဝဏ္ဏလောပ နိရုတ္တိနည်း၊ ဏ-ကို န-ပြုခြင်း ဝဏ္ဏဝိကာရ နိရုတ္တိနည်းဖြင့် ရတန-ဟုပြီးသည်ကိုလည်းကောင်း[၄] သိစေသည်။

၁။ ဒုတိယဓာတုပ။ ၂။ ဒုတိယပစ္စယတ္ထ၊ သမာသလိင်္ဂပဒတ္ထ။
၃။ အဘိဓာနတ္ထ။ ၄။ ဘာဝတ္ထ။

**အနက်ပေး။** ပညာရတနံ- ပညာသည်သာလျှင် နှစ်သက်ခြင်းကို ပြုတတ်သောတရား။ ဝါ- ရတနာ။

က-ဝါကျ ရတိဒါယကဋ္ဌေန-ဖြင့် ရတန-သဒ္ဒါ ရတိသဒ္ဒူပပဒ ဒါ-ဓာတ်၏ အဖြစ်ကို လည်းကောင်း၊[၁] ဏွု-ပစ္စည်း၏ ကတ္တုသာဓန၌သက်သည်ကိုလည်းကောင်း၊[၂] ရတိံ ဒဒါတီတိ ရတနံ-ဟု ကိတန္တကတ္တုသာဓနဝစနတ္ထပြုရမည်ကိုလည်းကောင်း၊[၃] ရတိဒါယက-ဟု ဆိုလိုလျက် တိ-၌ ဣ-ကို အ-ပြုခြင်း ဝဏ္ဏဝိကာရနိရုတ္တိနည်း၊ ဒါယက-ကို န-ပြုခြင်း ဝဏ္ဏဝိကာရ နိရုတ္တိနည်းဖြင့် ရတန-ဟုပြီးသည်ကိုလည်းကောင်း[၄] သိစေသည်။

၁။ ဒုတိယဓာတုပဒ။ ၂။ ဒုတိယပစ္စယတ္ထ၊ သမာသလိင်္ဂပဒတ္ထ။
၃။ အဘိဓာနတ္ထ။ ၄။ ဘာဝတ္ထ။

**အနက်ပေး။** ပညာရတနံ- ပညာသည်သာလျှင် နှစ်သက်ခြင်းကို ပြုတတ်သောတရား။ ဝါ- ရတနာ။

http://www.dhammadownload.com



က–ဝါကျ ရတိဇနနဋ္ဌေန–ဖြင့် ရတနသဒ္ဒါ ရတိသဒ္ဒူပပဒ၊ ဇန–ဓာတ်၏ အဖြစ်ကို လည်းကောင်း၊[၁] အ–ပစ္စည်း၏ ကတ္တုသာဓန–၌သက်သည်ကိုလည်းကောင်း၊[၂] ရတိံ ဇနေတီတိ ရတနံ–ဟု ကိတန္တကတ္တုသာဓနဝိဂြုဟ်ပြုရမည်ကိုလည်းကောင်း၊[၃] ရတိဇန–ဟုဆိုလိုလျက် တိ–၌ ဣ–ကို အ–ပြုခြင်း ဝဏ္ဏဝိကာရနိရုတ္တိနည်း၊ ဇ–ကို ချေခြင်း ဝဏ္ဏလောပနိရုတ္တိနည်းဖြင့် ရတန–ဟု ပြီးသည်ကိုလည်းကောင်း[၄] သိစေသည်။

၁။ ဒုတိယဓာတုပဒ။ ၂။ ဒုတိယပစ္စယတ္ထ၊ သမာသလိင်္ဂတ္ထ။ ၃။ အဘိဓာနတ္ထ။ ၄။ ဘာဝတ္ထ။

**အနက်ပေး။** ပညာရတနံ– ပညာသည်သာလျှင် နှစ်သက်ခြင်းကို ပြုစေတတ်သောတရား။ ဝါ– ရတနာ။

က–ဝါကျ စိတ္တီကတဋ္ဌေန–ဖြင့် စိတ်၌ပြုအပ်၊ ဝါ–အလေးပြုအပ်သောအနက်ကြောင့် ရတနာမည်သတည်းဟု သိစေသည်။ (အဓိပ္ပါယတ္ထ၊ ဘာဝတ္ထ)

**အနက်ပေး။** ပညာရတနံ– ပညာသည်သာလျှင် စိတ်၌ထားအပ်သောတရား။ ဝါ– ရတနာ။

က–ဝါကျ။ ဒုဋ္ဌုလ္လဝါဓာ ပါတုဘာဝဋ္ဌေန–ဖြင့် ခဲယဉ်းသဖြင့် ထင်ရှားဖြစ်ခြင်းရှိသော အနက်သဘောကြောင့် ရတနာမည်သတည်း–ဟု သိစေသည်။ (အဓိပ္ပါယတ္ထ၊ ဘာဝတ္ထ)

**အနက်ပေး။** ပညာရတနံ– ပညာသည်သာလျှင် ခဲယဉ်းသဖြင့်ရအပ်သော ထင်ရှားဖြစ်ခြင်းရှိသောတရား၊ ဝါ–ရတနာ။

က–ဝါကျ အတုလဋ္ဌေန–ဖြင့် အတုမရှိသောအနက်ကြောင့် ရတနာမည်သတည်းဟု သိစေသည်။ (အဓိပ္ပါယတ္ထ၊ ဘာဝတ္ထ)

**အနက်ပေး။** ပညာရတနံ–ပညာသည်သာလျှင် အတုမရှိသောတရား၊ ဝါ–ရတနာ။

က–ဝါကျ အနောမသတ္တ ပရိဘောဂဋ္ဌေန–ဖြင့် မြတ်သောသူတို့သည် ဆောင်ရာအနက်သဘောကြောင့် ရတနာမည်သတည်းဟု သိစေသည်။ (အဓိပ္ပါယတ္ထ၊ ဘာဝတ္ထ)

**အနက်ပေး။** ပညာရတနံ– ပညာသည်သာလျှင် မြတ်သောသူတို့ သုံးဆောင်ရာ တရား၊ ဝါ–ရတနာ။

က–ဝါကျ ပညာရတနံ–ဖြင့် ပညာနှင့် ရတနာပုဒ်ကို အဝဓာရဏကမ္မ ဓာရာယ်သမာသ် ဝိဂြုဟ်ပြုရမည်ဟု သိစေသည်။ (အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ။)

## ပညာဓေ–၌ ဓေသဒ္ဒါ

၁။ ပညာသည် ဂဟေတဗ္ဗတ္ထ။ ၂။ စိန် ကျောက်စသည် နိဝတ္တေတဗ္ဗတ္ထ။

၃။ အပြားအားဖြင့် သိခြင်းဂုဏ်သည် အနညာတတ္ထ။

ခ–ဝါကျ န တေန သတ္တာ မုယှန္တိ–ဖြင့် မောဟပုဒ်၏ မုဟဓာတ်၏အဖြစ်ကို လည်းကောင်း၊[၁] ဏ–ပစ္စည်း၏ ကရဏသာဓန၌သက်သည်ကိုလည်းကောင်း၊[၂] မောဟပုဒ် ကို မုယှန္တိ ဓေနာတိ မောဟော–ဟု ကရဏသာဓနဝိဂြုဟ် ပြုရမည်ကိုလည်းကောင်း၊[၃] အမောဟပုဒ်ကို န

http://www.dhammadownload.com



မောဟော အမောဟော–ဟု နိပါတပုဗ္ဗပဒ ကမ္မဓာရယ်သမာသ် ဝစနတ္ထပြုရမည်ကိုလည်းကောင်း၊[၄] အမောဟော–၌ အ–သဒ္ဒါ န–သဒ္ဒါ၏ ကာရိယအဖြစ် ကိုလည်းကောင်း[၅] သိစေသည်။

၁။ ဒုတိယဓာတုပဒ။ ၂။ ဒုတိယပစ္စယတ္ထ။ ၃။ အဘိဓာနတ္ထ။

၄။ အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ။ ၅။ နိပါတလိင်္ဂပဒ။

ခ–ဝါကျ သတ္တာ–ဖြင့် တွေဝေကုန်၏ဟူသည် သတ္တဝါတို့ တွေဝေကုန်သတည်း ပုဂ္ဂလကတ္တားကို သိစေသည်။ (ဘာဝတ္ထ)

ဂ–ဝါကျ ဝါသဒ္ဒါဖြင့် နယန္တရကို သိစေသည်။ (ဘာဝတ္ထ)။

ဂ–ဝါကျ န မုယှတိ–ဖြင့် မောဟပုဒ်၏ မုဟဓာတ်၏အဖြစ်ကိုလည်းကောင်း၊[၁] ဏ–ပစ္စည်း၏ ကတ္တုသာဓန–၌သက်သည်ကိုလည်းကောင်း၊[၂] မောဟပုဒ်ကို မုယှတီတိ မောဟော–ဟုကတ္တုသာဓနဝစနတ္ထပြုရမည်ကိုလည်းကောင်း၊[၃] အမောဟပုဒ်ကို န မောဟော အမောဟော–ဟု န နိပါတပုဗ္ဗပဒ ကမ္မဓာရယ်သမာသ်ဝစနတ္ထပြုရမည်ကို လည်းကောင်း၊[၄] အမောဟော–၌ အ–သဒ္ဒါ န–သဒ္ဒါ၏ကာရိယအဖြစ်ကိုလည်းကောင်း[၅] သိစေသည်။

၁။ ဒုတိယဓာတုပဒ။ ၂။ ဒုတိယပစ္စယတ္ထ။ ၃။ အဘိဓာနတ္ထ။

၄။ အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ။ ၅။ နိပါတလိင်္ဂပဒ။

ဂ–ဝါကျ သယံ–ဖြင့် ဤဝါကျ၌ မတွေဝေဟူသည် ပုဂ္ဂိုလ် မတွေဝေသည် မဟုတ်၊ ဝါ–ပုဂ္ဂလကတ္တားမဟုတ်၊ မိမိဟူသော အမောဟသည် မတွေဝေ–ဟု ဓမ္မကတ္တား ကို သိစေသည်။ (ဘာဝတ္ထ)

✝ ဓမ္မတော အညကတ္တုနိဝတ္တနတ္ထံ "သယ"န္တိ ဝုတ္တံ။

ဂ–ဝါကျ အာရမ္မဏေ–ဖြင့် မတွေဝေဟူသည် အာရုံ၌ မတွေဝေခြင်းပင်တည်းဟု သိစေသည်။ (ဘာဝတ္ထ)

## ဝုတ္တတ္ထမေဝ–၌ ဧဝ

၁။ ဖွင့်ဆိုအပ်သောအနက်ရှိသော ဓမ္မဝိစယပုဒ်သည် ဂဟေတဗ္ဗတ္ထ။

၂။ ဓမ္မဝိစယပုဒ်ဇာတ်ပါးသောပုဒ်သည် နိဝတ္တေတဗ္ဗတ္ထ။

၃။ ဓမ္မဝိစယပုဒ် ဖွင့်ဆိုအပ်ပြီးသောအနက်ရှိခြင်းဂုဏ်သည် အနုညာတတ္ထ။

---

## (၁၀) ပဋ္ဌာန်းပစ္စည်းပြိုင်

ခ–ဝါကျ န တေန မုယှန္တိ–၌ ဓာနအရ အမောဟပညာပစ္စည်းတရားက န မုယှန္တိ–အရ ဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ်အား သဟဇာတမျိုးဖြင့် ကျေးဇူးပြုသည်။

ပြိုင်= သဟကြီး ၄၊ အညမည၊ သမ္ပယုတ္တ၊ ဟေတု၊ အဓိပတိ၊ ဣန္ဒြိယ၊ မဂ္ဂ–ပေါင်း= ၁၀ ပစ္စည်း။

http://www.dhammadownload.com



ဂ-ဝါကျ အာရမ္မဏေ-အရ အာရုံ ၆-ပါးပစ္စည်းတရားက န မုယုတိ-အရ အမောဟ ဝါ-ပညာတရားအား အာရမ္မဏမျိုးဖြင့် ကျေးဇူးပြုသည်။

ပြိုင်= အာရမ္မဏမျိုး ၈-ပစ္စည်းပြိုင်။

---

**ဓီဝိတိန္ဒြိယနိဒ္ဒေသေ-**

(က) ယော တေသံ အရူပီနံ ဓမ္မာနံ အာယူတိ တေသံ သမ္ပယုတ္တကာနံ အရူပဓမ္မာနံ ယော အာယာပနဋ္ဌေန အာယု။ (ခ) တသ္မိဥ္စ သတိ အရူပဓမ္မာ အယန္တိ ဂစ္ဆန္တိ ပဝတ္တန္တိ၊ တသ္မာ အာယူတိ ဝုစ္စတိ။ (ဂ) ဣဒမေဿ သဘာဝပဒံ။ (ဃ)ယသ္မာ ပနေတေ ဓမ္မာ အာယုသ္မိံယေဝ သတိ တိဋ္ဌန္တိ ယပေန္တိ ယာပေန္တိ ဣရိယန္တိ ဝတ္တန္တိ ပါလယန္တိ၊ တသ္မာ ဌိတိ အာဒီနိ ဝုတ္တာနိ။ ဋ္ဌ၊ ၁၉၃။

**(၁) အနက်ယောဇနာ**

ခ-ဝါကျ။ ကေကမ္မနိဗ္ဗတ္တမနုဿာဒိ သန္တတိ အဝိစ္ဆေဒဝသေန-တစ်ခုသောကံသည် ဖြစ်စေအပ်သော မနုဿအစရှိသော သတ္တဝါ၏အစဉ်၏ မပြတ်ခြင်း၏အစွမ်းဖြင့်။ (မူလ၊ဋီ၊၁၊ ၉၆)

---

**(၂) (၃) ဝါကျခွဲစသည်**

ခ-ဝါကျ ယုတ္တိဒဋ္ဌိကရဏဝါကျ။ ဝါ- ကာရဏဝါကျ။ (တသ္မာ-ကိုမျှော်ပါ) ထို-၍ က-ဝါကျ ယုတ္တိဒဋ္ဌိယဝါကျ။ ဝါ- ဖလဝါကျ။

ခ-ဝါကျတွင် အာယု ဝုစ္စတိ-ကား ဖလ၊ တသ္မိဥ္စ-လ-တသ္မာ ကား ကာရဏ။

ထိုတွင် တသ္မိံ-လ-ပဝတ္တန္တိ-ကား အနိယတဝါကျ။ တသ္မာ အာယူတိ ဝုစ္စတိ-ကား နိယတဝါကျ။

အနိယတ နိယတ-၂-ပါးစုံသဖြင့် ခ-ဝါကျ တစ်ဝါကျလုံးကို ဥတ္တမ ဝါကျဟုမှတ်။

ဂ-ဝါကျ ဝါကျာရမ္ဘဝါကျ။ ခ-ဝါကျသည် အာရဒ္ဓဝါကျ။ ဝါ- ပါဠိတော်၌ အာယုပုဒ်သည် အာရဒ္ဓ။

**ဂ-ဝါကျ ကျမ်းတက်**

ဆရာ၊ မြတ်စွာဘုရားသည် အာယု-ဟု ဟောတော်မူ၏။ ဤအာယု-ဟူသောပုဒ်သည် အသဘာဝပဒ=သဘာဝ မဲ့သောပုဒ်ဖြစ်ပါသလော-စသည့် ဋ္ဌာပနာတိက တက်လေ။

**ဂ-ဝါကျ ပါပနာဒိကျမ်းတက်**

ဆရာ၊ မြတ်စွာဘုရားသည်၊ အာယု-ဟု ဟောတော်မူ၏။ ထိုသို့သာဆိုချေသော် အာယုဟူသောပုဒ်သည် အသဘာဝပုဒ်ဟူသောအနက် ရောက်ရာ၏။ (န-မရှိက န-ကိုသွင်းနှင့်အညီ တက်။) အနုလောမပါပနာ-စသည်တက်။

http://www.dhammadownload.com



မှတ်ချက်။ ဤသို့ စောဒနာဘွယ်ရှိ၍ တက်လာသောကြောင့် ဂ-ဝါကျကို ဝါကျာရမ္ဘဝါကျ ဟုဆိုသည်။

ဃ-ဝါကျ (အာယုပုဒ် အဖွင့်မှတစ်ပါး ဋီတိပုဒ် ဖွင့်ပြသောကြောင့်) ပက္ခန္တရ ဝါကျ။ ထို-၍ က-ခ-ဂ-ဝါကျကား (အာယုပုဒ်အဖွင့်ပြခဲ့သဖြင့်) ပက္ခဝါကျ။

## (၄) ဝိဂ္ဂဟာဒိ

ဘာဝ = ဘဝနံ ဘာဝေါ။

သဘာဝ = သသ အတ္တနော သန္တော သံဝိဇ္ဇမာနော ဝါ ဘာဝေါ သဘာဝေါ။ သူစိ။

ပဒ = ပဇ္ဇတေ ဉာယတေ အတ္တော ဧတေနာတိ ပဒံ။

သဘာဝပဒ = သဘာဝဿ ဒီပကံ ပဒံ သဘာဝပဒံ။ မဇ္ဈေလောပီ ကမ္မတ္ထ ဆဋ္ဌီတပ္ပုရိသ်သမာသ်။

သဘာဝဿ = အာယု၏သဘာဝကို၊ ဒီပကံ-ပြတတ်သော၊ ပဒံ- ပုဒ်တည်း။

သဘာဝ-အရ အာယု၏ သဘာဝ= သဘောရ၏။

ယင်း၏ ပြတတ်သောပုဒ်နှင့် ဝါစ္စ ဝါစကစပ်။

သဘာဝပဒ-အရ ယင်းဖြင့် မှတ်အပ်သော အာယု၏ သဘာဝကို ပြတတ်သောပုဒ် ရ၏။

မှတ်ချက်။ ဖဿောတိ ဣဒံ ဖဿဿ သဘာဝဒီပနတော သဘာဝပဒံ။ (ဋ္ဌ၊ ၁၈၁)အဖွင့်ကိုထောက်၍ ဝိဂြိုဟ်ပြသည်။

## (၆) အာဘော် သံဝဏ္ဏနာ

က-ဝါကျ အာယာပနဋ္ဌေန-ဖြင့် ဖြစ်စေကြောင်းဟူသောအနက်သဘောကြောင့် အာယု မည်သတည်းဟု သိစေသည်။ (ဘာဝတ္ထ)

က-ဝါကျ သမ္ပယုတ္တကာနံ-ဖြင့် တေသံ-၌ တ-သဒ္ဒါ သမ္ပယုတ်တရားကို စွဲသတည်းဟု သိစေသည်။ (သဗ္ဗနာမလိင်္ဂတ္ထ)

မှတ်ချက်။ အာယာပန=ဟူသော ကာရိုက်ပုဒ်ကိုထောက်၍ အရူပ ဓမ္မာနံ-ကို ဆဋ္ဌီကံကြံ။

က-ဝါကျ အရူပဓမ္မာနံ-ဖြင့် အရူပီ၌ ဤ-ပစ္စည်း၏ သောတ္တတဒ္ဓိတ်၌ သက်သည်ကို လည်းကောင်း၊[၁] အရူပံဝေ အရူပီ-ဟု သောတ္တတဒ္ဓိတ်ဝုစနတ္ထ ပြုရမည်ကို လည်းကောင်း၊[၂] အရူပီနံ ဓမ္မာနံ-ဟု ၂-ပုဒ်ရှိသည်ကို အရူပဓမ္မာနံ-ဟု သမာသ်တွဲစပ် ဖွင့်ပြသဖြင့် အရူပီနံ-ကား ဝိသေသန၊ ဓမ္မာနံ-ကား ဝိသေသျ အဖြစ်ကိုလည်းကောင်း[၃] သိစေသည်။

၁။ ပစ္စယတ္ထ။ ၂။ အဘိဓာနတ္ထ။ ၃။ သမ္ဗန္ဓ၊ ဝါ-ဘာဝတ္ထ။

က-ဝါကျ ပါဠိတော်၌ ယော-ဟူသော ရှေ့ဆုံးပုဒ်ကို အာယုပုဒ်အနီးသို့ပို့၍ အဋ္ဌကထာဖွင့်သဖြင့် ယော အာယု-ဟု ပုဒ်စပ်၍ အနက်ပေးရမည်ဟုသိစေသည်။ (သမ္ဗန္ဓ)

http://www.dhammadownload.com



က–ဝါကျ အာယာပန္ဒေန–ဖြင့် အာယု–၌ အယတော်၏အဖြစ်ကိုလည်းကောင်း၊[၁] ဏု–ပစ္စည်း ကရဏသာဓန–၌သက်သည်ကိုလည်းကောင်း၊[၂] အာယုပုဒ်ကို အယတိ ဧတေနာတိ အာယု–ဟု ကရဏသာဓနဝစနတ္ထပြုရမည်ကိုလည်းကောင်း[၃] သိစေသည်။

၁။ ဒုတိယဓာတုပဒ။ ၂။ ဒုတိယပစ္စယတ္ထ။ ၃။ အဘိဓာနတ္ထ။

ရှင်းလင်းချက်။ အာယာပန္ဒေန–၌ ဏာပေ–ကရိုက်းပစ္စည်းဖြင့် ဖွင့်သဖြင့် အာယု–ကို ဟေတုကတ္တုသာဓနကြံဘွယ်ရာရှိသည်။ သို့သော် "ပြီးစေတတ်က၊ ပြီးကြောင်းရ၏" = ဟေတုကတ္တုသာဓန = ပြီးစေတတ်ရလျှင် ကရဏသာဓန = ပြီးကြောင်း လည်း ရနိုင်သဖြင့် ကရဏသာဓန–အာဘော်ဖော်သည်၊ အာယုပုဒ်၏ပရိယာယ် ဇီဝိတပုဒ်ကို ဇီဝန္တိ ဧတေနာတိ ဇီဝိတံ–ဟု ကရဏသာဓန ပြုသည်ကိုလည်း ရှုပါ။ ခ–ဝါကျ တသ္မိံဥ– တသ္မိံ–ဖြင့် ဖွင့်ထားသဖြင့် အဓိကရဏသာဓန အယတိ တသ္မိန္တိ အာယု–ဟု ကြံဘွယ်မလိုပါ။ တသ္မိံ– ထိုအသက်သည်၊ သတိ–ရှိသော်–ဟု ဆိုသည်။ ထိုသို့ဆိုသဖြင့် ကရိုက်းအဓိပ္ပါယ်ရသည်။ သို့ဖြစ်၍ ခ–ဝါကျဖြင့် အာယုပုဒ်၏ ကရဏသာဓနကို ပြသည်ဟု ယူပါ။ သို့ယူမှသာလျှင် က–ဝါကျ ဒုဋီယနှင့် ခ–ဝါကျ ဒုဋီကရဏတို့ တူညီပါမည်။

✪ ထင်ရှား၊ ချဲ့မြဲ၊ နက်စွဲသုံးအင်၊ ရှေးစကားနှင့် အတူပင်။

ခ–ဝါကျ အယန္တိ တသ္မာ အာယူတိ ဝုစ္စတိ–ဖြင့် အာယုသဒ္ဒါ အယဓာတ်၏ အဖြစ်ကိုလည်းကောင်း၊[၁] အာယု–၌ ဏုပစ္စည်း ကရဏသာဓန၌သက်သည်ကိုလည်းကောင်း၊[၂] အယန္တိ ဧတေနာတိ အာယု–ဟု ကရဏသာဓနဝစနတ္ထပြုရမည်ကိုလည်းကောင်း[၃] သိစေသည်။

၁။ ဒုတိယဓာတုပဒ။ ၂။ ဒုတိယပစ္စယတ္ထ။ ၃။ အဘိဓာနတ္ထ။

ခ–ဝါကျ တသ္မိံ သတိ အရူပဓမ္မာ–ဖြင့် ယင်းအသက်ရှိသော်သာလျှင် ဝါ– ယင်းအသက်ရှိသဖြင့်သာလျှင် နာမ်တရားတို့ဖြစ်ကုန်သတည်းဟု သိစေသည်။ (ဘာဝတ္ထ)

ခ–ဝါကျ ဂစ္ဆန္တိ–ဖြင့် အယန္တိ–၌ အယဓာတ် ဂတိအနက်ဟောဟု သိစေသည်။ (ဓာတွတ္ထ)

ခ–ဝါကျ ပဝတ္တန္တိ–ဖြင့် အယဓာတ် ဂတိအနက်ဟောဟုဆိုရာ၌ ဉာဏဂတိ ပါပုဏနဂတိ အနက်မဟုတ်၊ ပဝတ္တနဂတိဟု သိစေသည်။ (ဓာတွတ္ထ)

မှတ်ချက်။ အယတိ, အယန္တိပုဒ်တို့၌ ဣဓာတ်, ဝါ–ဓာတ်ဟုယူလျှင် ပိုကောင်းသည်။ ဣ–ကို ဧ, ဧ–ကို အယပြုရိုးထုံးစံရှိသည်။ နီတိ၊ဓာတု။

---

## (၇) ဥပသဂ္ဂ နိပါတတ္ထ

### ဝုစ္စတိ–သဒ္ဒါ

နာမ်တရားဖြစ်ကြောင်း သကတ်အနက်ကိုပြလို၍ ဝုစ္စတိသဒ္ဒါ ထားရသည်။

✪ သကတ်တစ်ထွေ၊ အဖြေဥပစာ၊ အာသကာ၊ ထားရာဝုစ္စတိ။

http://www.dhammadownload.com



## အာယုသ္မိံယောဝ-၌ ဝေသဒ္ဒါ

၁။ အသက်ရှိခြင်းသည် ဂဟေတဗ္ဗတ္ထ။ ၂။ အသက်မရှိခြင်းသည် နိဝတ္တေတဗ္ဗတ္ထ။

၃။ အသက်ဒြဗ်သည် အနုညာတတ္ထ။

မှတ်ချက်။ အာယုအရ ဇီဝိတိန္ဒြေကိုယူ၍ လက္ခဏာဒိစတုက္က ထုတ်ပါ။ ဋ္ဌ၊ ၁၆၇၊ ၃၅၉-ကြည့်။ ယင်းကိုရှု၍ ကြိယာငါးတန် ထုတ်လေ။

အာယု။ ဇိနမတ-ပါဠိတော် "ယော"ကိုထောက်၍ ပုံလိင်၊ ရတ္တာဒိဂိုဏ်း၊ ဥကာရန္တ။ ရူပသိဒ္ဓိ-သဒ္ဒါကျမ်းအလို -နပုံလိင်၊ ရတ္တာဒိဂိုဏ်း၊ မနောဂဏာဒိဂိုဏ်း၊ ဥကာရန္တ။

---

## (၁၀) ပစ္စည်းပြိုင်

က-ဝါကျ ယော အာယု-အရ၊ ခ-ဝါကျ တသ္မိံ သတိ-အရ၊ ဃ-ဝါကျ အာယုသ္မိံယောဝ သတိ-အရ- ဇီဝိတိန္ဒြေပစ္စည်းတရားက က-ဝါကျ သမ္ပယုတ္တကာနံ အရူပဓမ္မာနံအရ၊ ခ-ဝါကျ အရူပဓမ္မာ အယန္တိ ဂစ္ဆန္တိ ပဝတ္တန္တိ အရ၊ ဃ-ဝါကျ တိဋ္ဌန္တိ-လ- ပါလယန္တိ-တို့အရ- သမ္ပယုတ်စိတ္တုပ္ပါဒ်အား သဟဇာတမျိုးဖြင့် ကျေးဇူးပြုသည်။

ပြိုင်= သဟကြီး-၄၊ အညမည၊ သမ္ပယုတ္တ၊ ဣန္ဒြိယ-ပေါင်း-၇-ပစ္စည်းပြိုင်။

✝ ကုသလာကုသလေသု ဟိ ဇီဝိတံ ဣန္ဒြိယပစ္စယဘာဝေန သမ္ပယုတ္တေ ပဝတ္တယမာနမေဝ တဒဝိဇ္ဇေဒသ ပစ္စယော ဟောတိ။ မူလဋီ၊ ၁၊ ၉၆။

---

(က) တဿ ကိလေသဝသေန ဇဝံ ဝက်သ ပုဂ္ဂလဿ ဘာဝေါ ဇိမှတာ ဝက်တာ ကုဋိလာတိ ဝုစ္စတိ။ (ခ) တာသံ ပဋိက္ခေပဝသေန အဇိမှတာဒိကာ ဝုတ္တာ။ (ဂ) ခန္ဓာဓိဋ္ဌာနာဝဒေသနာ ကတာ။ (ဃ) ခန္ဓာနဉ္ဇိ တော အဇိမှတာဒိကာ၊ နော ပုဂ္ဂလဿာတိ။(င) ဇဝံ သဗ္ဗေဟိပိ ဣမေဟိ ပဒေဟိ ပုရိမနယေန -လ-ကထိတောတိ ဝေဒိတဗ္ဗော။ ဋ္ဌ၊ ၁၉၅-၆။

### (၁) အနက်ယော်ဇနာ

ဂ-ဃ-ဝါကျ ပရိဝတ္တန-ဝါကျအပြန်အလှန် ယောဇနာ

ဂ-ဃ။ ခန္ဓာဓိဋ္ဌာနာဝ-ခန္ဓာသာလျှင်တည်ရာရှိသော၊ ဒေသနာ-ဒေသနာကို၊ (ဘဂဝတာ-သည်၊) ကတာ-ပြုအပ်၏။ ဟိ-ယသ္မာ-အကြင်ကြောင့်၊ ခန္ဓာနံ-ခန္ဓာတို့၏၊ တော အဇိမှတာဒိကာ၊ ဤအဇိမှတာစသည်တို့သည်၊ ဟောန္တိ-ကုန်၏၊ ပုဂ္ဂလဿ-ပုဂ္ဂိုလ်၏၊ တော အဇိမှတာဒိကာ-တို့သည်၊ နော ဟောန္တိ-မဖြစ်ကုန်၊ ဣတိ တသ္မာ-ကြောင့်၊ ခန္ဓာဓိဋ္ဌာနာဝ- သော၊ ဒေသနာ-ကို၊ ကတာ-ပြုအပ်၏။

---

## (၂) (၃) ဝါကျခွဲ ကျမ်းတက်

ခ-ဝါကျ ပက္ခန္တရ။ ထို-၍ က-ဝါကျ ပက္ခ။

ဂ-ဝါကျ ဝါကျာရမ္ဘ။ ထို-၍ ခ-ဝါကျ အာရဒ္ဓ။

http://www.dhammadownload.com



ဃ–ဝါကျ ကာရဏာ။ ထို–၍ ဂ–ဝါကျ ဖလ။

ဃ–ဝါကျတွင် နော ပုဂ္ဂလဿ– ဇာတိရေကဝါကျ။ ထို–၍ ခန္ဓာနဥ္စ ဝါကျ အနွယဝါကျ။

င–ဝါကျ လဒ္ဓဂုဏ်ဝါကျ။ ထို–၍ ဃ–ဝါကျ လဒ္ဓဂုဏိယ၊ဝါ– ကာရဏာဝါကျ။

## င–ဝါကျ ရှင်းလင်းချက်

ဃ–အကြောင်းဝါကျ၊ ဂ–အကျိုးတဆက်ဝါကျ။ င– အကျိုးနောက် တဆက် ဝါကျဖြစ်၍ "ကျိုးတဆက်မှ၊ ကျိုးဆက်ပြ၊ လဒ္ဓဂုဏ်မှတ်လေ"–နှင့် အညီ င–ဝါကျကို "လဒ္ဓဂုဏ်"ဟု ဆိုသည်။

✪ လဒ္ဓဂုဏ်ပြ၊ ဒေါသတဖုံ၊ နိဂုံးတဖြာ၊ သရုပ်မှာ လျော်စွာ ဓေပြ"။

## ခ–ဝါကျ ကျမ်းတက်

ဆရာ၊ ဆရာသည်၊ က–ဝါကျဖြင့် ကိလေသာ၏အစွမ်းဖြင့် ဤသို့ကောက်သော ထိုပုဂ္ဂိုလ်၏အဖြစ်ကို ဖိမှတာ၊ ဝဏ်တာ၊ ကုဋ္ဌိလတာ–ဟု ဆိုအပ်သောဟု ဆိုတော်မူ၏။ ထိုသို့သာ ဆိုချေသော် အဖိမှတာ၊ အဝဏ်တာ၊ အကုဋ္ဌိလတာပုဒ်တို့၏အဖွင့် မရှိဟူသော အနက်ရောက်ရာ၏– စသည် ဝါကျတက် တက်လေ။

## တစ်နည်း ကျမ်းတက်

ဆရာ၊ ဆရာသည်၊ က–ဝါကျဖြင့် ဝဏ်တာပုဒ်ကို ဝဏ်ဿ ဘာဝေါ ဝဏ်တာ၊ ဖိမှတာပုဒ်ကို ဖိမှဿ ဘာဝေါ ဖိမှတာ၊ ကုဋ္ဌိလတာပုဒ်ကို ကုဋ္ဌိလဿ ဘာဝေါ ကုဋ္ဌိလတာ–ဟု ဘာဝတဒ္ဓိတ် ဝစနတ္ထပြုရမည်ကိုလည်းကောင်း၊ ဝဏ်၊ ဖိမှ၊ ကုဋ္ဌိပုဒ်တို့အရ– ပုဂ္ဂိုလ်ကိုယူရမည်ကိုလည်းကောင်း၊ ဝဏ်တာ၊ ဖိမှတာ၊ ကုဋ္ဌိလတာပုဒ် တို့အရ–ကိလေသာကိုယူရမည်ကိုလည်းကောင်း ဆိုတော်မူ၏။ (အာဘော်ကို ဌပနာထားသည်) ထိုသို့သာဆိုချေသော် အဖိမှတာ၊ အဝဏ်တာ၊ အကုဋ္ဌိလတာပုဒ်တို့၏ ဝစနတ္ထမရှိဟူသောအနက်သည် ရောက်ရာ၏–စသည် တက်လေ။

## ဂ–ဝါကျ ကျမ်းတက်

ဆရာ၊ မြတ်စွာဘုရားသည်၊ အဖိမှတာ၊ အဝဏ်တာ၊ အကုဋ္ဌိလတာ– ဟူသော ဒေသနာကို ပြုတော်မူ၏။ (ပါဠိတော်နှင့် ဒေသနာ ကတာ–ကို ဌပနာထား) ထိုသို့သာ ဆိုချေသော် ဤဒေသနာကို ပုဂ္ဂလာဓိဋ္ဌာန်ဒေသနာကို ပြုအပ်ဟူသောအနက်သည် ရောက်ရာ ၏။ (ခန္ဓာဓိဋ္ဌာနာဝ–၌ ဓေ–၏ နိဝတ္တေတဗ္ဗကို အနုလောမ ပါပနာပြုသည်)– စသည် တက်လေ။

---

## (၄) ပိဏ္ဍတ္ထ

ဝဏ်။ ဝံကတီတိ ဝံကော (ဝဏ်ော) ဝံကဓာတ်+အပစ္စည်း။

မှတ်ချက်။ ဝံက (ဝဏ်) သဒ္ဒါမှတ်ဖွယ်ကို သူစိဒ္ဓ သဒ္ဒနီတိကိုး၍ အကျယ် ရေးထားသည်။

ခန္ဓာဓိဋ္ဌာနာ။ ခန္ဓော အဓိဋ္ဌာနံ ဧတိဿာ ဒေသနာယာတိ ခန္ဓာဓိဋ္ဌာနာ။

http://www.dhammadownload.com



တေိယာ ဒေသနာယ– ဤအဓိမှတ–စသော ဒေသနာအား၊ ခန္ဓော– ခန္ဓာ သုံးပါးဟူသော၊ ဝါ–ဝိညာဏက္ခန္ဓာဟူသော၊ အဓိဋ္ဌာနံ–တည်ရာသည်၊ အတ္ထိ–ရှိ၏။ လတိ သာ ဒေသနာ ခန္ဓာဓိဋ္ဌာနာ။

ခန္ဓော အဓိဋ္ဌာနံ တေိယ–ကား တဂ္ဂုဏသံဝိညာဏ စတုတ္ထီဗဟုဗ္ဗီဟိ သမာသ်ဝိဂ္ဂြိုဟ်၊ ခန္ဓာဓိဋ္ဌာနာ–ကား တဂ္ဂုဏသံဝိညာဏ စတုတ္ထီသမာသ်ပုဒ်၊ ခန္ဓပုဒ်၊ အဓိဋ္ဌာနပုဒ်၊ တောပုဒ်၊ ခန္ဓအဓိဋ္ဌာန–ဟူသောဗဟုဗ္ဗီဟိသမာသ်ပုဒ်အရကား– ခန္ဓာသုံးပါး ဝိညာဏက္ခန္ဓာဟူသော တည်ရာသည် မှချ။ ယင်း၏ ဒေသနာနှင့် ဂုဏ်ဂုဏေးအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဌာန။ တော– အရ ထို–ဖြင့် မှတ်အပ်သော ခန္ဓာသုံးပါး ဝါ– ဝိညာဏက္ခန္ဓာဟူသော တည်ရာရှိသော ဒေသနာရ၏။ (ဝိသေသန ဆက်ကောက်)

## (၅) ဓာတုပစ္စယာဒိ

ဓိမှ။ ဟာဓာတ်+မပစ္စည်း။

ရုပ်ပြီးပုံ = ဟာ–ကို ဟာ ဟာ–ဟုဒွေဘော်ပြု။ ရှေး 'ဟာ'ကို ဓိ–ပြု၊ နောက်'ဟာ'ကို ရဿပြု၊ ဟာနှင့်မ ဝိပရိတ်ပြု (ရှေ့နောက်ပြန်)၊ မှ–ဖြစ်၏။ ဓိမှ–ပြီး။ နပုံလိင်၊ စိတ္တာဒိဂိုဏ်း။ ဓိမှတာ–၌ ဓိမှ–ကား ပုဂ္ဂလသဿထောက်၍ ပုံလိင်။

✝ ဟာ စာဂေ၊ ကတ္တရိ မော။ ဒွိတ္တံ၊ ဝဏ္ဏဝိပရိယာဒိ၊ ဓိမှံ။ သူစိ။

ကုဋိလ။ ကုဋဓာတ်+ဣလပစ္စည်း၊ နပုံလိင်၊ စိတ္တာဒိဂိုဏ်း။

✝ ကုဋ ဆေဒနေ၊ ဣလ လော၊ ကုဋ ကောဋိလ္လေ ဝါ။ အကုဋိကုဋိလတ္တာ မဂမီတိ ကုဋိလံ။

မှတ်ချက်။ အကုဋိပုဒ်ကို ကုဋိလတ္တမဂမိ–ဟုဖွင့်။ ကုဋိလတ္တံ–ကောက်သည်၏ အဖြစ်သို့။ အဂမိ–ရောက်ပြီ–ဟုအနက်ပေး။ ဤ ကုဋိလတာ–၌ ကုဋိလ–ကား ပုဂ္ဂလသဿထောက်၍ ပုံလိင်၊ ပုရိသာဒိဂိုဏ်း။

ခန္ဓ။ ခါဒဓာတုဝသာစာပိ၊ ခနဓာတုဝသေန ဝါ။
ခါဒိတောဝါပိ ဓာတုမှာ၊ ဓာတော ခံ ပုဗ္ဗတောပိဝါ။

ခန္ဓသဒ္ဒဿ နိပ္ဖတ္တိ၊ သဒ္ဒက္ခန္ဓဝိဒူ ဝဒေ။ (နီတိ၊ဓာတု)

၁။ ခါဒ (ခါဒိ)ဓာတ် = ဇာတိ ဇရာ ဗျာဓိ မရဏာဒီဟိ အနေကာဟိ ဒုက္ခေဟိ ခဇ္ဇတိ ခါဒီယတိ ဝါ ခန္ဓော။

၂။ တေဟေဝ ဒုက္ခေဟိ ခညတိ အဝဒါရီယတီတိပိ ခန္ဓော။

၃။ ခဏီယတိ ပရိခညတီတိပိ ခန္ဓော။

၄။ အတ္တေန ဝါ အတ္တနိယေန ဝါ တုစ္ဆတ္တာ ခံ သုညာကာရံ ဓာရေတီတိပိ ခန္ဓော။ သူစိ။

http://www.dhammadownload.com



## (၆) အာဘော် သံဝဏ္ဏနာ

က–ဝါကျ တသ္မ ဘာဝေါ–ဖြင့် ဇိမှတာပုဒ်ကို ဇိမှသ ဘာဝေါ ဇိမှတာ, ဝက်တာပုဒ်ကို ဝက်သ ဘာဝေါ ဝက်တာ, ကုဋိလတာပုဒ်ကို ကုဋိလသ ဘာဝေါ ကုဋိလတာ–ဟု ဘာဝတဒ္ဓိတ် ဝစနတ္ထပြုရမည်ကိုလည်းကောင်း၊[၁] တာ–ပစ္စည်း ဘာဝ တဒ္ဓိတ်၌သက်သည်ကိုလည်းကောင်း၊[၂] တသ္မ–၌ တသဒ္ဒါ ဇိမှ,ဝက်, ကုဋိလ–ကို စွဲသည်ကိုလည်းကောင်း[၃] သိစေသည်။

၁။ အဘိဓာနတ္ထ။ ၂။ ပစ္စယတ္ထ။ ၃။ သမ္ဗန္ဓာမလိင်္ဂတ္ထ။

က–ဝါကျ ပုဂ္ဂလသ္မ–ဖြင့် ဇိမှ, ဝက်, ကုဋိလ–အရ ပုဂ္ဂိုလ်ကိုယူရမည်ဟု သိစေသည်။ (အဘိဓေယျတ္ထ)

က–ဝါကျ ကိလေသဝသေန–ဖြင့် ဇိမှတာ, ဝက်တာ, ကုဋိလတာ၌ တာ–ပစ္စည်းအရ ကိလေသာကိုယူရမည်ဟု သိစေသည်။ (အဘိဓေယျတ္ထ)

ရှင်းလင်းချက်။ ဝက်သ ဘာဝေါ ဝက်တာ–ဟု ဝစနတ္ထပြု၊ ဝက်–အရ ပုဂ္ဂလသ္မ ထောက်၍ ကောက်သောပုဂ္ဂိုလ်ရ၏။ ဝက်တာ–အရကောက်သောပုဂ္ဂိုလ်၏အဖြစ်ဟူသော ကောက်ခြင်း = ကိလေသာရ၏။

ပဇ္ဇောသက္ကနဘာဝေန ပဝတ္တံ အကုသလမေဝ ပဇ္ဇော သက္ကနံ။ မူလဋီ၊၁၊၉၇–နှင့် ပဇ္ဇော သက္ကနံ မာယာ–ဟူသော အနုဋီအဖွင့်ကို သတိပြုရာ၏။

ခ–ဝါကျ ပဋိက္ခေပဝသေန–ဖြင့် အဇိမှတာ,အဝက်တာ, အကုဋိလတာ၌ အ–သဒ္ဒါ ပဋိက္ခေပအနက်၊ ဝါ–ပဋိသေဓအနက်ဟောသည်ကိုလည်းကောင်း၊[၁] န ဇိမှတာ အဇိမှတာ–စသည် ဝစနတ္ထပြုရမည်ကိုလည်းကောင်း[၂] သိစေသည်။

၁။ နိပါတလိင်္ဂတ္ထ။ ၂။ အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ။

မှတ်ချက်။ အာဘော် ငုတ်သည်၊ သတိရှိစေ။

---

## (၇) ဥပသဂ္ဂ နိပါတတ္ထ

ခန္ဓာဓိဋ္ဌာနာဝ–၌ ဝေသဒ္ဒါ အဝဓာရဏတ္ထ။

၁။ ခန္ဓာဟူသောတည်ရာရှိသော ဒေသနာသည် ဂဟေတဗ္ဗတ္ထ။

၂။ ပုဂ္ဂိုလ်ဟူသောတည်ရာရှိသော ဒေသနာသည် နိဝတ္တေတဗ္ဗတ္ထ။

၃။ ခန္ဓာဟူသောတည်ရာဂုဏ်သည် အနုညာတတ္ထ။

မှတ်ချက်။ ၁။ ခန္ဓာဓိဋ္ဌာနာသည် ဂဟေတဗ္ဗတ္ထ။

၂။ ပုဂ္ဂလဓိဋ္ဌနာသည် နိဝတ္တေတဗ္ဗတ္ထ–ဟုလည်း ထုတ်နိုင်သည်။

ဃ–ဝါကျ ဟိ–သဒ္ဒါကား ကာရဏဇောတကနိပါတ်ပုဒ်။ (ဝါကျခွဲကြည့်)

http://www.dhammadownload.com



## သမ္မောဟ ဝိ–၌ ဝိ(အဝိ)သဒ္ဒါ သမုစ္စည်း

အစိတ်အစိတ်သော အဓိမုတာ စသောပုဒ်တို့ဖြင့်သာလျှင် ဖြောင့်သည်၏ အဖြစ်ဟူသော အမူအရာကြိယာကို ဟောသည်မဟုတ်၊ အလုံးစုံကုန်သော ဤပုဒ်တို့ဖြင့်လည်း ဟောသတည်းဟု ဆည်းပါသည်။

## ဥဇုတာကာရော၀–၌ ဝေသဒ္ဒါ

၁။ ဖြောင့်သည်၏အဖြစ်တည်းဟူသော အမူအရာကြိယာသည် ဂဟေတဗ္ဗတ္ထ။

၂။ မဖြောင့်သည့်၏အဖြစ်ဟူသော အမူအရာကြိယာသည် နိဝတ္တေတဗ္ဗတ္ထ။

၃။ ဖြောင့်သောပုဂ္ဂိုလ်ဒြဗ်သည် အနုညာတတ္ထ။

## (၈) ကြိယာငါးတန်

ဖိမုတာ, ၀င်္ကတာ, ကုဋိလတာ–တို့၌ ဘာ၀ယောဂပုဒ်အရ–ပုဂ္ဂလသ အဖွင့်ကို ထောက်၍ ပုဂ္ဂိုလ်ဒြဗ်ရသည်။ တာ–ပစ္စည်းများအရ– ကိလေသာ (ဝါ) အကုသိုလ်၊ ဝါ–မာယာရသည်။ ၆– နံပါတ် အာဘော်ပြန်ကြည့်။

နိက္ကိလေသတာ–ပုဒ်၌ နိက္ကိလေသ–အရ, တာ–သို့မဟုတ် နိက္ကိလေသတာ–အရ ဟု ၂– မျိုးရှိရာ နိက္ကိလေသအရ–နတ္ထိ ကိလေသာ ဧတေသံ အရူပီနံ ဓမ္မာနန္တိ နိက္ကိလေသာ–ဟု ဝစနတ္ထပြု၍ ကိလေသာမရှိသော နာမ်တရား များရ၏။ အဋ္ဌကထာ၌ အရူပီနံ ဓမ္မာနံ–ဟူသော သမ္ဗန်ပုဒ်သည် နိက္ကိလေသ တာယ–၌ နိက္ကိလေသာ–ဟူသော ဘာ၀ယောဂပုဒ်၏အရဖြစ်သည့်နိက္ကိလေသာ– ဟူသောပုဒ်ကို နိက္ကိလေသာနံ ဘာဝေါ–ဟု ဘောစီး လိုက်သောအခါ နိ+ကိလေသ= ကိလေသာ မရှိခြင်း အဘာ၀ ရသည်။ ဤသို့သော အရကောက်များကို သတိပြု၍ ကြိယာငါးတန် ထုတ်ရသည်ကို သတိပြုရာ၏။

## (၉) အဓိပ္ပါယ်

အကောက်သုံးပါးအထူး

၁။ အစမှ အဆုံးတိုင်အောင် ကောက်သည်ကား ဂေါမုတ္တ၀င်္က။

၂။ အလယ်မှ အဆုံးတိုင်အောင် ကောက်သည်ကား စန္ဒလေခါ၀င်္က။

၃။ အဆုံးတွင်သာ ကောက်သည်ကား နင်္ဂလကောဋိ၀င်္က။ (ပြည်သျှ)

## (၁၀) ပစ္စည်းပြိုင်

က–ဝါကျ၌ ဝုတ္တာ, ခ–ဝါကျ၌ ဒေသနာ အရ အန္တတ္ထ=ဓာတွတ္ထ အရ ဒေသနာဉာဏ်၊ ဗ္ဗာဟျတ္တ ပစ္စယတ္ထအရ အဓိမုတာ, အ၀င်္ကတာ, အကုဋိလတာ– ဟူသော သဝိညတ္တိ၀စီဘေဒသဒ္ဒ ဆိုလျှင် သဟာဓာတမျိုး၊ မနသာ၀၀တ္တာပိတသဒ္ဒါ ဆိုလျှင် အာရမ္မဏမျိုး ပြိုင်ရမည်။ အာရဒ္ဓံပုဒ် ဉာသ်ကောက် ပစ္စည်းပြိုင်ကို ပြန်ကြည့်ပါ။

http://www.dhammadownload.com



(က) အဓိပတိယဋ္ဌေန ပန အဋ္ဌေဝ မဂ္ဂါ ဣန္ဒြိယာနိ ဟောန္တိ၊ န အဝသေသာ။ (ခ) တေန ဝုတ္တံ "အင်္ဂုတ္တိုရ်ယာနိ ဟောန္တိ"တိ။ (ဂ) ဥပနိဇ္ဈာယနဋ္ဌေန ပဋ္ဌေဝ ဓမ္မာ ဈာနင်္ဂါနိ ဟောန္တိ။ (ဃ) တေန ဝုတ္တံ "ပဉ္စင်္ဂိကံ ဈာနံ ဟောတိ"တိ။ (င) နိယျာနဋ္ဌေန စ ဟေတုဋ္ဌေန စ ပဋ္ဌေဝ ဓမ္မာ မဂ္ဂင်္ဂါနိ ဟောန္တိ။ (စ) တေန ဝုတ္တံ "ပဉ္စင်္ဂိကော မဂ္ဂေါ ဟောတိ"တိ။ (ဆ) ကိဉ္စာပိ ဟိ အဋ္ဌင်္ဂိကော အရိယမဂ္ဂေါ။ (ဇ) လောကိယစိတ္တေ ပန ကောဇ္ဇဏော တိဿော ဝိရတိယော န လဗ္ဘန္တိ။ တသ္မာ ပဉ္စင်္ဂိကောတိ ဝုတ္တော။ ဋ္ဌ၊ ၁၉၇–၁၉၈။

## (၂) (၃) ဝါကျခွဲ ကျမ်းတက်

ခ–ဝါကျ အာဂမဒဋ္ဌီကရဏဝါကျ။ ထို–၍ က–ဝါကျ အာဂမဒဋ္ဌိယဝါကျ။

ဒေါသပယ်။ ဒဋ္ဌိယ, ဒဋ္ဌီကရဏဆန့်ကျင်သော ဝိရောဓိဒေါသပယ်။

ဂ–ဝါကျ ပက္ခန္တရဝါကျ။ က–ဝါကျ ပက္ခဝါကျ။

ဒေါသပယ်။ အဗျာပိတ အပရိပုဏ္ဏဒေါသပယ်။

ဃ–ဝါကျ အာဂမဒဋ္ဌီကရဏဝါကျ။ ထို–၍ ဂ–ဝါကျ အာဂမဒဋ္ဌိယဝါကျ။

င–ဝါကျ ပက္ခန္တရ။ ထို–၍ ဂ–ဝါကျ ပက္ခဝါကျ။

စ–ဝါကျ အာဂမဒဋ္ဌီကရဏဝါကျ။ ထို–၍ င–ဝါကျ အာဂမဒဋ္ဌိယဝါကျ။

ဆ–ဇ–ဝါကျ ဝါကျာရမ္ဘဝါကျ။ ထို–၍ င–ဝါကျ အာရဒ္ဓဝါကျ။

ထို ဆ–ဇ ဝါကျတို့တွင် ဆ–ဝါကျကား သမ္ဘာဝနာ (အနုဂ္ဂဟ)ဝါကျ။ ဇ–ဝါကျကား ဂရဟာ (အရုစျတ္တ) ဝါကျ။

## ဆ–ဇ–ဝါကျ ယောဇနာတက်ပုံ

နနုစ အဋ္ဌင်္ဂိကော မဂ္ဂေါ၊ ကသ္မာ ပဉ္စင်္ဂိကော မဂ္ဂေါတိ ဝုတ္တန္တိ။

အာဟ ကိဉ္စာပီတိ အာဒိ။ ယောဇနာ၊ ၁၀၅။

## ဋ္ဌပနာဝတိကတက်

ဆရာ၊ မြတ်စွာဘုရားသည် ပဉ္စင်္ဂိကော–ဟု ဟောတော်မူ၏။ မဂ်သည် အင်္ဂါ ရှစ်ပါးရှိသည် မဟုတ်လော။ အဘယ့်ကြောင့် ပဉ္စင်္ဂိကော–ဟု ဟောတော်မူပါသနည်း–ကြောင့် ဆ–ဇ ၂–ဝါကျမိန့်။

## ပါပနာဒိဋ္ဌပနာပဋ္ဌကတက်

ဆရာ၊ မြတ်စွာဘုရားသည် ပဉ္စင်္ဂိကော–ဟု ဟောတော်မူ၏။ ထိုသို့သာဆိုချေသော် မဂ်သည် အင်္ဂါငါးပါးသာရှိ၏ဟူသောအနက်ရောက်ရာ၏။ စင်စစ်တမူကား မဂ်သည် အင်္ဂါရှစ်ပါး ရှိသည်သာဖြစ်၏။ ထိုသို့ မဂ်သည် အင်္ဂါရှစ်ပါးရှိသည်သာဖြစ်သော ကြောင့် အဋ္ဌင်္ဂိကော–ဟု ဟောသင့်ဟောတန်၏။ ပဉ္စင်္ဂိကောဟု မဟောသင့်မဟောတန်။ အကယ်၍ မဟောသင့်ဘဲ

http://www.dhammadownload.com



ဟောချေသော် မြတ်စွာဘုရားအား သဒ္ဒအတ္ထဆန့်ကျင်သော ဝိရောဓိဒေါသရောက်ရာ၏။ အဘယ့်ကြောင့် ပဋိဂ္ဂိကော–ဟု ဟောတော်မူပါသနည်း–ကြောင့် ဆ–၉ ၂– ဝါကျမိန့်။

ကား– အရိယာမဂ်သည် အင်္ဂါကဖြစ်သော်လည်း လောကီစိတ်၌ တစ်ခုသော ခဏ၌ သုံးပါးကုန်သော ဝိရတီစေတသိက်တို့ မရအပ်ကုန်သောကြောင့် ပဋိဂ္ဂိကော–ဟု မြတ်စွာဘုရား ဟောတော်မူသည်ဖြစ်ရကား သင်တင်တိုင်းသော သဒ္ဒအတ္ထဆန့်ကျင်သော ဝိရောဓိဒေါသ မြတ်စွာဘုရားအား မရောက် ဆိုသင့်ဆိုတန်၏ ဟူလို။

---

## (၄) ဝိဂ္ဂဟာဒိ

**အဓိပတိ**။ အဓိပါတီတိ အဓိပတိ။ (အဓိပါတိ–အလွန်စောင့်ရှောက်တတ်၏) အဓိ+ပါ+တိ။ ပုံလိင်၊ ရုဍ္ဍာဒိ။

✝ အဓိ ပုဗ္ဗော ပါ ရက္ခဏေ၊ တိ။ သူစိ။

**အဓိပတိယ**။ အဓိပတိနော ဘာဝေါ အဓိပတိယံ။ အဓိပတိနော– အစိုးရသောသူ၏၊ ဘာဝေါ– အဖြစ်တည်။ အဓိပတိပုဒ်+ဏျပစ္စည်း။ နပုံလိင်၊ စိတ္တာဒိဂိုဏ်း။

**အဓိပတိယဋ္ဌ**။ အဓိပတိယံ အတ္ထော အဓိပတိယတ္ထော။

အဓိပတိယံ– အစိုးရသည်၏အဖြစ်ဟူသော၊ အတ္ထော–အနက်တည်း။ (ဌာ–ဋ္ဌ–ပြု၊ ကမ္မဓာရာယ်သမာသ်)

**ဥပနိဇ္ဈာယန**။ ဥပနိဇ္ဈာယတေ ဥပနိဇ္ဈာယနံ။ ကသိုဏ်းစသောအာရုံသို့ကပ်၍ ရှုခြင်းကြံခြင်း။ ဥပ ပုဗ္ဗ+ဈေဓာတ်+ယုပစ္စည်း။

**နိယျာန**။ နိယျာတိ ဧတေနာတိ နိယျာနံ = ဝဋ်မှထွက်မြောက်ကြောင်း။ နိပုဗ္ဗ+ယာဓာတ်+ ယုပစ္စည်း။

---

## (၅) ဓာတုပစ္စယာဒိ

အဓိပတိယဋ္ဌေန= နောက်ပုဒ် အတ္ထလိင်လိုက်၍ ပုံလိင်၊. ပုရိသာဒိဂိုဏ်း၊ အကာရန္တ၊ သမာသ်နာမ်ပုဒ်၊ တတိယာဧကဝုစ်ဝိဘတ်။

အဋ္ဌေဝ–၌ အဋ္ဌသဒ္ဒါ သင်္ချာသဗ္ဗနာမ်ပုဒ်၊ အကာရန္တ၊ ဓမ္မာ–ပုဒ်သို့ လိုက်၍ ပုံလိင်၊ ဂဏဝိမုတ်၊ ပဌမာဗဟုဝုစ်။

✪ ဒွိစ ဌာရည်၊ သုံးလိင်မှတ်၊ မြဲလတ် ဗဟုဝုစ်။

တေ–ကား သဗ္ဗနာမ်ပုဒ်၊ အကာရန္တ၊ ပုံလိင်၊ ပုရိသာဒိဂိုဏ်း၊ တတိယာ ဧကဝုစ်ဝိဘတ်။

မှတ်ချက်။ တေန–၌ တ–သဗ္ဗနာမ်ပုဒ်ကား ကံ–ဝါကျရှိ "ဟောန္တိ" ကြိယာကိုစွဲ၍ တေန ဟောန္တဘာဝေန။ န ဟောန္တိ–ကြိယာကိုစွဲ၍ တေန အဟောန္တေန–ဟု စွဲရသဖြင့် အထက်ပါအတိုင်း စွဲသည်။ အနဘူတဝိသယ.တ.မျိုးဖြစ်၍ ဤအတိုင်းစွဲ။ နောက်နောင်၌လည်း ဤနည်းယူ၍ စွဲလေ။

http://www.dhammadownload.com



## (၆) အာဘော် သံဝဏ္ဏနာ

က–ဝါကျ အဓိပတိယဋ္ဌေန–ဖြင့် ဣန္ဒြိယသဒ္ဒါကား အစိုးရခြင်းအနက်ဟော အဓိပတိယဋ္ဌဝါစီ ရုဋ္ဌိအနိပ္ဖန္နပုဒ်တည်း–ဟု သိစေသည်။ (နာမလိင်္ဂတ္ထ။သဒ္ဒါဟော အဘိဓေယျတ္ထ)

မှတ်ချက်။ အာဓိပစ္စ သံခါတေန ဣန္ဒြိယတ္တေန ပိ ဣန္ဒြိယာနိ (သူစိကိုထောက်၍ ဤသို့ အာဘော်ဖော်သည်။ ဋ–၁၉၂– ဒဿနလက္ခဏေ ဣန္ဒဋ္ဌံ ကာရေတီတိ ဣန္ဒြိယံ–အလို ဣန္ဒပုဒ်+ ဣယပစ္စည်း၊ ကာရေတီတဒ္ဓိတ်ပုဒ်ဟုမှတ်။

က–ဝါကျ အဋ္ဌေဝ ဓမ္မာ–ဖြင့် ဣန္ဒြိယာနိအရ– ဇီဝိတ–စသော နာမ်ဣန္ဒြေ ၈–ပါးကို ယူရမည်ဟု သိစေသည်။ (အဘိဓေယျတ္ထ)

ဂ–ဝါကျ ဥပနိဇ္ဈာယနဋ္ဌေန–ဖြင့် ဈာန်၌ ဈေဓာတ်၏အဖြစ်ကိုလည်းကောင်း၊[၁] ဈေဓာတ် ဥပနိဇ္ဈာယနအနက်ဟော၏အဖြစ်ကိုလည်းကောင်း၊[၂] ဈာယတေ ဥပနိဇ္ဈာယတေ ဈာန်–ဟု ဘာဝသာဓနဝစနတ္ထပြုရမည်ကိုလည်းကောင်း၊[၃] ယုပစ္စည်း ဘာဝသာဓန၌ သက်သည်ကိုလည်းကောင်း[၄] သိစေသည်။

၁။ ဒုတိယဓာတုပဒ။ ၂။ ဒုတိယံပစ္စယတ္ထ။ ၃။ အဘိဓာနတ္ထ။ ၄။ ဒုတိယပစ္စယတ္ထ။

င–ဝါကျ နိယျာနဋ္ဌေန–ဖြင့် မဂ္ဂင်္ဂါနိ–၌ မဂ္ဂသဒ္ဒါ ဝဋ်မှထွက်မြောက်ကြောင်း နိယျာနဋ္ဌဝါစီ ရုဋ္ဌိအနိပ္ဖန္နပုဒ်တည်းဟု သိစေသည်။ (နာမလိင်္ဂတ္ထ၊ သဒ္ဒါဟောအဘိဓေယျတ္ထ)

ဟေတွဋ္ဌေန–ဖြင့် မဂ္ဂင်္ဂါနိ–၌ အင်္ဂသဒ္ဒါ အကြောင်းအနက်ဟော သတည်းဟု သိစေသည်။ (နာမလိင်္ဂတ္ထ)

မှတ်ချက်။ ရာသဋ္ဌေန စ သဥ္ဇနနဋ္ဌေန စ ဧကောဝ ဓမ္မော သညာက္ခန္ဓော–၌ ရာသဋ္ဌေန–ဖြင့် သညာက္ခန္ဓော–၌ ခန္ဓသဒ္ဒါကိုဖွင့်၍ သဥ္ဇနနဋ္ဌေန–ဖြင့် သညာကို ဖွင့် သကဲ့သို့ နိယျာနဋ္ဌေန–ဖြင့် မဂ္ဂကိုဖွင့်၍ ဟေတွဋ္ဌေန–ဖြင့် အင်္ဂသဒ္ဒါကို ဖွင့်သည်ဟု ယူလေ။ စ–သဒ္ဒါကား သမုစ္စည်းမဟုတ်။ အသီးအသီးယူရသော ဝိကပ္ပနတ္ထဇောတက စ–သဒ္ဒါတည်း။

✝ အင်္ဂေါ ဒေသေ, ဝ ပု မှ်ဂ်၊ တထာဝယဝဟေတူသု။ ဓာန်၊ ၉၅၆။

င–ဝါကျ ပဉ္စေဝ ဓမ္မာ–ဖြင့် မဂ္ဂင်္ဂါနိပုဒ်ကို မဂ္ဂဿ အင်္ဂါနိ မဂ္ဂင်္ဂါနိ–ဟု ဝစနတ္ထပြု၍ မဂ္ဂင်္ဂအရ ဝိရတီကြဉ်သော မဂ္ဂင် ၅–ပါးကို ယူရမည်ဟု သိစေသည်။ (အဘိဓေယျတ္ထ)

## (၇) ဥပသဂ္ဂ နိပါတတ္ထ

စ–ဝါကျ ဖလံ–ဖြင့် လက္ခဏူပနိဇ္ဈာန်ပုဒ်ကို လက္ခဏံ ဥပနိဇ္ဈာယတီတိ လက္ခဏူပနိဇ္ဈာန်–ဟုဝစနတ္ထပြု၍ လက္ခဏူပနိဇ္ဈာန်အရ ဖိုလ်ကိုယူရမည်၏အဖြစ်ကိုလည်းကောင်း၊[၁] လက္ခဏူပနိဇ္ဈာန်ပုဒ်ကို လက္ခဏံ ဥပနိဇ္ဈာယတီ လက္ခဏူပနိဇ္ဈာန်–ဟု ကတ္တုသာဓနေကိတန္တဒုတိယတပ္ပုရိသ်သမာသ် ဝစနတ္ထ ပြုရ မည်၏အဖြစ်ကိုလည်းကောင်း၊[၂] ယုပစ္စည်း ကတ္တုသာဓနေ၌သက်သည်၏အဖြစ်ကိုလည်းကောင်း[၃] သိစေသည်။

၁။ အဘိဓေယျတ္ထ။ ၂။ အဘိဓာနတ္ထ၊သမာသလိင်္ဂပဒတ္ထ။ ၃။ ဒုတိယပစ္စယတ္ထ။

စ–ဝါကျ နိရောဓသစ္စံ တထလက္ခဏံ–ဖြင့် လက္ခဏူပနိဇ္ဈာန်–၌ လက္ခဏံအရ မဖေါက်မပြန် မှန်ကန်သောလက္ခဏာရှိသော နိရောဓသစ္စာကို ယူရမည်ဟု သိစေသည်။ (အဘိဓာနတ္ထ)

ဆ–ဝါကျဖြင့် ပဌမံ ဈာန်–၌ ဈာန်–အရာ၌ အာရမ္မဏူပနိဇ္ဈာန်ကိုသာ အလိုရှိအပ်ဟု သိစေသည်။ (အဓိပ္ပေါယတ္ထ)

မှတ်ချက်။ ပါ၊ဖြေ၊ပထမ၊ ၁၈၁–၌ အကျယ်ရေးသားထားသည်။

http://www.dhammadownload.com



**ပြင်ဆင်ချက်**။ ပါ၊ဖြေ၊ ပထမ၊ ၄၈၆– အောက်ဆုံးစာကြောင်း၏ အထက်စာကြောင်း၌ "ဣန္ဒြိယကမ္မဇရူပနိဗ္ဗာန်"ဟု ရှိသည်ကို "အာရမ္မဏရူပနိဗ္ဗာန်"ဟုပြင်ပါ။

ဇ–ဝါကျ အာရမ္မဏရူပနိဗ္ဗာနတော–ဖြင့် ဈာန်ပုဒ်ကို အာရမ္မဏံ နိဗ္ဗာယတိ ဥပနိဗ္ဗာယတီတိ ဈာနံ–ဟု ကတ္တုသာဓနေဝစနတ္ထပြုရမည်၏အဖြစ်ကိုလည်းကောင်း၊[၁] ယုပစ္စည်း ကတ္တုသာဓနေ၌ သက်သည်၏အဖြစ်ကိုလည်းကောင်း၊[၂] ဈေဓာတ် ဩလောကန အနက်ကိုဟောသည်၏အဖြစ်ကို လည်းကောင်း[၃] သိစေသည်။ ၁။ အဘိဓာနတ္ထ။ ၂။ ဒုတိယပစ္စယတ္ထ။ ၃။ ဒုတိယဓာတွတ္ထ။

ဇ–ဝါကျ ပစ္စနီကဈာပနတော–ဖြင့် ဈာနံ–ပုဒ်ကို ပစ္စနီကဓမ္မေ ဈာပေတီတိ ဈာနံ–ဟု ကတ္တုသာဓနေဝစနတ္ထပြုရမည်၏အဖြစ်ကိုလည်းကောင်း၊[၁] ယုပစ္စည်း၏ ကတ္တုသာဓနေ၌ သက်သည်၏ အဖြစ်ကိုလည်းကောင်း၊[၂] ဈေဓာတ် ဍယှနအနက်ကိုဟောသည်၏အဖြစ်ကိုလည်းကောင်း[၃] သိစေသည်။ ၁။ အဘိဓာနတ္ထ။ ၂။ ဒုတိယပစ္စယတ္ထ။ ၃။ ဒုတိယဓာတွတ္ထ။

ဇ–ဝါသဒ္ဒါဖြင့် ဈေဓာတ် ဩလောကနအနက်မှတစ်ပါး ဍယှနအနက် ဟူသော အတ္ထန္တရကို သိစေသည်။ (ဘာဝတ္ထ)

**မှတ်ချက်**။ အာဘော်ကိုရှု၍ "ဝါ"လဲပုံကို သိလေ။

## (၇) ဥပသဂ္ဂ နိပါတတ္ထ

ဥပနိဗ္ဗာန်–၌ ဥပကား ဓာတွတ္ထဝိသေသက ဥပသာရ။ ဥပနိဗ္ဗာယတိ–၌ ဥပလည်း နည်းတူ။

ဝိပဿနာ–၌ ဝိဥပသာရကား– ဝိဝိဓတ္ထဟော ဓာတွတ္ထဝိသေသက ဥပသာရ။

ဂ–ဝါကျ စ–ဝါကျတို့၌ ပန–ကား ပက္ခန္တရဇောတကနိပါတ်။

ဂ–ဝါကျ နာမ–ကား နိပါတ်။

ဇ–ဝါကျ "ဝါ"သဒ္ဒါ နယန္တရဇောတကနိပါတ်။

### သဗ္ဗနာမဝိသယ

ခ–ဝါကျ တတ္ထ–၌ တ–သဒ္ဒါကား ရှေ့ဝါကျ၌ ဒုဝိဓံ–ကိုစွဲသောကြောင့် ပက္ကန္တဝိသယ–တ။

ဃ–ဝါကျ တတ္ထ–၌ တ–သဒ္ဒါကား ရှေ့ဝါကျရှိ ဝိပဿနာ မဂ္ဂဖလာနိ–ကိုစွဲသောကြောင့် ပက္ကန္တဝိသယ–တ။

ဆ–ဝါကျ တေသု–၌ တ–သဒ္ဒါကား ရှေ့ဝါကျရှိ အာရမ္မဏရူပနိဗ္ဗာန်ကို စွဲသောကြောင့် ပက္ကန္တဝိသယ–တ။

---

(က) ဥပသမ္ပဇ္ဇာတိ ဥပဂန္တွာ၊ ပါပုဏိတွာတိ ဝုတ္တံ ဟောတိ။

(ခ) ဥပသမ္ပာဒယိတွာ ဝါ၊ နိပ္ဖါဒေတွာတိ ဝုတ္တံ ဟောတိ။ ၄၊၂၁၂။

က–ဝါကျ၌ ဥပဂန္တွာ–ဖြင့် ဥပသမ္ပဇ္ဇ–၌ ဥပသဒ္ဒါ၊သံသဒ္ဒါတို့၏ ဥပလဗ္ဘတိ၊ သံဘဥတိ

http://www.dhammadownload.com



စသည်တို့၌ကဲ့သို့ ဓာတွတ္ထာနုဝတ္တက (နိရုတ္တက=အနက်မဲ့) ၏အဖြစ်ကိုလည်းကောင်း၊[၁] ပဒဓာတ်၏ ဂတိအနက်ဟောာ၏အဖြစ်ကိုလည်းကောင်း၊[၂] ဥပသမ္ပဒ္-၌ ဒ္-သဒ္ဒါသည် သုပဟန္-၌ ဒ္-သဒ္ဒါကဲ့သို့ ဈာပစ္စည်း၏ ကာရိယမဟုတ်၊ တွာပစ္စည်း၏ ကာရိယ၏အဖြစ်ကိုလည်းကောင်း[၃] သိစေသည်။

၁။ ဥပသဂ္ဂလိင်္ဂတ္ထ။ ၂။ ဒုတိယဓာတွတ္ထ။ ၃။ ဒုတိယပစ္စယတ္ထ။

က-ဝါကျ၌ ပါပုဏိတွာ-ဖြင့် ဥပဂမန (ဥပဂန္ဒာ) ကပ်ခြင်းဟူသည် ရောက်ခြင်း ပင်တည်းဟု သိစေသည်။ (ဘာဝတ္ထ)

**တစ်နည်း**။ ပါပုဏိတွာ-ဖြင့် ဥပဂန္ဒာ-၌ ဂမုဓာတ်၏ ပါပုဏနအနက် ဟောာ၏အဖြစ်ကို လည်းကောင်း၊[၁] ဥပသဒ္ဒါ၏ ဓာတွတ္ထာနုဝတ္တက၏အဖြစ်ကိုလည်းကောင်း[၂] သိစေသည်။

၁။ ဒုတိယဓာတွတ္ထ။ ၂။ ဥပသဂ္ဂလိင်္ဂတ္ထ။

ခ-ဝါကျ၌ ဥပသမ္ပာဒယိတွာ-ဖြင့် ဥပသမ္ပဒ္-၌ ဥပသဒ္ဒါ,သံသဒ္ဒါတို့၏ ဓာတွတ္ထ-ဝိသေသက (သာတ္ထက-အနက်ရှိ) ၏အဖြစ်ကိုလည်းကောင်း၊[၁] ပဒဓာတ်၏ သံသိဒ္ဓိ (ပြီးခြင်း) အနက်၏အဖြစ်ကိုလည်းကောင်း၊[၂] ဥပသမ္ပဒ္-၌ ကာရိတလောပ (ကာရိတ်ပစ္စည်းကျေသည်)၏ အဖြစ်ကိုလည်းကောင်း၊[၃] ဒ္-သဒ္ဒါ၏ တွာပစ္စည်း၏ ကာရိယ၏အဖြစ်ကိုလည်းကောင်း[၄] သိစေသည်။

၁။ ဥပသဂ္ဂလိင်္ဂတ္ထ၊ ဥပသဂ္ဂလိင်္ဂတ္ထ။ ၂။ ဒုတိယဓာတွတ္ထ။

၃။ ဘာဝတ္ထ။ ၄။ ဒုတိယပစ္စယပဒ။

ခ-ဝါကျ၌ နိပ္ဖာဒေတွာ-ဖြင့် ပြည့်စုံစေခြင်း (ဥပသမ္ပာဒန) ဟူသည် ပြီးစေခြင်း (နိပ္ဖါဒန) ပင်တည်းဟု သိစေသည်။ (ဘာဝတ္ထ)

**အနက်ယောဇနာ**။ ဥပသမ္ပဒ္၊ ကပ်၍၊ ဝါ-ရောက်၍။ (က-ဝါကျနှင့်အညီ) တစ်နည်း။ ပြည့်စုံစေ၍။ ဝါ-ပြီးစေ၍။ (ခ-ဝါကျနှင့်အညီ) သာရတ္ထ၊ ၁၊ ၃၆၄။

---

(က) ပထဝီကသိဏန္တိ ဧတ္ထ -လ- ပထဝီကသိဏန္တိ ဝုစ္စတိ။ (ခ) တံ နိဿာယ ပဋိလဒ္ဓံ -လ- ပဋိလဒ္ဓဈာနမ္ပိ။ (ဂ) တတ္ထ ဣမသ္မိံ အတ္ထေ ဈာနံ ပထဝီကသိဏန္တိ ဝေဒိတဗ္ဗံ။ ဋ္ဌ၊၂၁၂။

**အာဘော် သံဝဏ္ဏနာ**

က-ဝါကျ သကလဋ္ဌေန-ဖြင့် ပထဝီကသိဏ-၌ ကသိဏသဒ္ဒါကား အလုံးစုံ ဟူသော အနက်ကိုဟောသော (သကလဝါစီ) ရုဋ္ဌီအနိပ္ဖန္နပုဒ်တည်းဟု သိစေသည်။ (နာမလိင်္ဂတ္ထ)

က-ဝါကျ ပထဝီမဏ္ဍလမ္ပိ ပထဝီကသိဏံ-ဖြင့် ပထဝီကသိဏ-အရ ပထဝီ-မဏ္ဍလ= မြေဝန်းကိုယူရမည်ဟု သိစေသည်။ (အဘိဓေယျတ္ထ)

ခ-ဝါကျ တံ နိဿာယ ပဋိလဒ္ဓံ နိမိတ္တမ္ပိ-ဖြင့် ပထဝီကသိဏ-အရ ဌာနဖြစ်သော မြေအဝန်း၏ ပထဝီကသိဏအမည်ကို ဌာနီဖြစ်သော (ထိုမြေ အဝန်းကိုမှီ၍ဖြစ်သော) ပဋိဘာဂနိမိတ်၌ တင်စား၍ ဌာနူပစာအားဖြင့် ပဋိဘာဂ နိမိတ်ကို ယူရမည်ဟု သိစေသည်။ (အဘိဓေယျတ္ထ)

* အနုမာနသိဒ္ဓိရ။

http://www.dhammadownload.com



ခ–ဝါကျ ပထဝီကသိဏနိမိတ္တေ ပဋိလဒ္ဓဈာနမ္ပိ–ဖြင့် ပထဝီကသိဏ–အရ ဌာနီ (အကြောင်း) ဖြစ်သော ပထဝီကသိုဏ်း ပဋိဘာဂနိမိတ်၏ ပထဝီ ကသိဏအမည်ကို ဌာန (အကျိုး)ဖြစ်သော ဈာန်၌တင်စား၍ ဌာန္ယူပစာ (ကာရဏူပစာ)အားဖြင့် ဈာန်ကိုယူရမည်ဟု သိစေသည်။ (အဘိဓေယျတ္ထ)

* အနုမာနသိဒ္ဓိရ။

**မှတ်ချက်**။ ပိ (အပိ) သဒ္ဒါများကား သမုစ္စည်းတည်း။

**ပဌမဈာန်အဖွင့် ပြီး၏။**

---

## ဒုတိယဈာန်အဖွင့်

(က) ဝိတက္ကဝိစာရာနံ ဝူပသမာတိ –လ– သမထိဈာမာ။ (ခ) ဒုတိယဇ္ဈာနက္ခဏေ –လ– ဝုတ္တံ ဟောတိ။ (ဂ) တတ္ထ ကိဥ္စာပိ –လ– န သန္တိ။ (ဃ) အညေယေဝ ဟိ –လ– အညေ ဣစေ။ (င) ဩဠာရိကဿ ပန –လ– ဝုတ္တန္တိ ဝေဒိတဗ္ဗံ။ ၎ ၂၃၁။

### (ခ) အနက်ယောဇနာ

ဝိတက္ကဝိစာရာနံ ဝူပသမာ။ (ပါဠိတော်)

ဝိတက္ကဝိစာရာနံ၊ ဝိတက်ဝိစာရတို့၏။ ဝါ–တို့ကို။ ဝူပသမာ၊ ငြိမ်းခြင်းကြောင့်။ ဝါ– လွန်မြောက်ခြင်းကြောင့်။ ဝါ–ဒုတိယဈာန်ခဏ၌ မဖြစ်ခြင်းကြောင့်။ (က–ခ–ဝါကျနှင့် အညီ) ဝါ– ဝူပသမာ၊ ပယ်ခြင်းကြောင့်။ သာရတ္ထ၊၁၊ ၃၆၄။

ဂ–ဝါကျ။ တတ္ထ တေသု ပဌမဒုတိယဈာနေသု–ဟုစွဲ။ နိဒ္ဓါရဏ အနက်ပေး။ ပါရာ၊ ယော၊ ၇၅။

တတ္ထ တိဿံ ပါဠိယံ၊ ၌။ ဝုတ္တံ–၌စပ်။ ပါရာ၊ ဂံ၊ သစ်၊ ၂၊ ၁၈၅။

တတ္ထ တသ္မိံ ဝိတက္ကဝိစာရာနန္တိပဒေ၊ ၌။ စောဒကာဘောဂါဒယော ဧဝံ ဝေဒိတဗ္ဗာ– ဟုလည်း ယောဇနာလေ။ (နောမတိ)

---

### (၂–၃) ဝါကျခွဲ ကျမ်းတက်

ခ–ဝါကျကား ဝိတ္ထာရဝါကျ။ ထို–၍ က–ဝါကျကား သင်္ခေပဝါကျ။

ဂ–ဝါကျ င–ဝါကျကား ဝါကျာရမ္ဘဝါကျ။ ထို–၍ က–ဝါကား အာရဒ္ဓ။

### ဂ–ဝါကျ ပါပနာဒီပဋ္ဌကကျမ်းတက်

ဆရာ၊ မြတ်စွာဘုရားသည် "ဝိတက္ကဝိစာရာနံ ဝူပသမာ"ဟုဟောတော်မူ၏။ ထိုသို့သာ ဟောချေသော် ဒုတိယဈာန်၌ ဝိတက် ဝိစာရမှတစ်ပါး ပဌမဇ္ဈာနဓမ္မတို့ မငြိမ်းသေး၊ ရှိကုန်သေး၏

http://www.dhammadownload.com



ဟူသောအနက်သည် ရောက်ရာ၏။(အန+ပါ) စင်စစ်တမူကား ဒုတိယ ဈာန်၌ အလုံးစုံလည်း ဖြစ်ကုန်သော ပဌမဈာနဓမ္မတို့ မရှိကုန်။ (ပဋိ+ပါ) ယင်းသို့မရှိကုန် သောကြောင့် ဝိတက္ကဝိစာရာနံ တံ သဟဂတာနဋ္ဌ ဝူပသမာ–ဟု သာမညဟောသင့် ဟောတန်၏။ (အန+ရော) ဝိတက္ကဝိစာရာနံ ဝူပသမာ–ဟု ဝိသေသမဟောသင့် မဟောတန်။(ပဋိ+ရော) မဟောသင့်ဘဲလျက်ဟောချေသော် မြတ်စွာဘုရားအား အဗျာပိတ ဒေါသ အညမညဝိရောဓိဒေါသ သင့်ရောက်ရာ၏။ (ဒေါသာရောပ) အဘယ်ကို ပြခြင်း ငှါ ဝိတက္ကဝိစာရာနံ ဝူပသမာ–ဟု ဟောတော်မူပါသနည်း (ပုစ္ဆာ) ဟု သူမေးဘွယ် ရှိသောကြောင့် ထိုအမေးကို စောဒကာဘောဂစသည်ပြလျက် ဖြေတော်မူလိုသော အဋ္ဌကထာ ဆရာသည် တတ္ထ ကိဥ္စာပိ–လ– ဝုတ္တန္တိ ဝေဒိတဗ္ဗံတိုင်အောင် ဂ–င–၂–ဝါကျကိုမိန့်။

အဓိပ္ပါယ်ကား– ဂ–င–၂–ဝါကျဖြင့် ဒုတိယဈာန်၌ အလုံးစုံလည်းဖြစ်ကုန်သော ပဌမဈာန်တရားတို့သည် မရှိကုန်သော်လည်း ရုန့်ရင်းရုန့်ရင်းသောအင်္ဂါကို လွန်မြောက်ခြင်းကြောင့် ပဌမဈာန်မှတစ်ပါးကုန်သော ဒုတိယဈာန်စသည်တို့ကို ရခြင်းသည်ဖြစ်၏ဟူသော အနက်ကိုပြခြင်းငှါ "ဝိတက္ကဝိစာရာနံ ဝူပသမာ"ဟု ဝိသေသဟောတော်မူ၍ ဝိတက္ကဝိစာရာနံ တံ သဟဂတာနဋ္ဌ ဝူပသမာ–ဟု သာမညဟောတော်မူ၏ဟူလိုသော်။

**မှတ်ချက်**။ ပါပနာဒိကျမ်းတက်ခက်သည်။ ပြည်နိသျှအမှာကို ဂရုပြု၍ ကြည့်ရှုပါ။

ဂ–ဝါကျ၊ င–ဝါကျတွင် ဂ–ဝါကျကား စောဒကာဘောဂဝါကျ။ ဝါ– သမ္ဘာဝနာဝါကျ။ ဝါ– အနုဂ္ဂဟတ္ထဝါကျ။

င–ဝါကျကား ပရိဟာရဘောဂ၊ ပရိဟာရဝါကျ။ ဝါ– ဂရဟာဝါကျ။ ဝါ– အရုစျတ္ထဝါကျ။

**မှတ်ချက်**။ ဂ–ဝါကျ "တတ္ထ"ချီ၍ တက်လာသော်လည်း ဝိတ္ထာရမဟုတ်။ စော+ဘော စသည်ပြသောကြောင့် ဝါကျာရမ္ဘဝါကျဖြစ်သည်။ ဂ–ဝါကျ၌ န သန္တိ–ဟု န–သဒ္ဒါပါသော်လည်း "ဒုတိယဈာန်၌ အလုံးစုံလည်း ဖြစ်သော ပဌမဈာန်တရားတို့ မရှိသည်မှာ မှန်ကန်သောကြောင့် "သမ္ဘာဝနာ ဝါကျသာ၊ ဂရဟာမဟုတ်"ဟု မှတ်ပါ။

ကိဥ္စာပိ ကာမဋ္ဌ မှတ်ဖွယ်များကို "ပါ၊ဖြေ၊ပဌမ၊နှာ–၃၆–၄၆"၌ ရှုလေ။

ဃ–ဝါကျကား ယုတ္တိဒဋ္ဌီကရဏဝါကျ။ ထို–၍ ဂ–ဝါကျ ယုတ္တိဒဋ္ဌိယဝါကျ။

---

## (၄) ဝိဂ္ဂဟာဒိ

**ဝူပသမ**။ ဝူပသမာနံ ဝူပသမော။ ဝိ+ဥပ+သမ+အ။

† သမ အဿာဒနေ။ သမတိ။ ဝူပသမတိ အဂ္ဂိ။ နီတိ၊ဓာတု၊ ၁၃၃။

**အင်္ဂ**။ အင်္ဂဓာတ်+အပစ္စည်း။ နပုလ္လိင်။ စိတ္တာဒိ။ အ–ကာရန္တ။ ကမ္မတ္တဆဋ္ဌီဝိဘတ်။

† အင်္ဂီယန္တိ အဝယဝဘာဝေန ဉာယန္တီတိ အင်္ဂါနိ။ ဘာဂါ။ မဋီ၊၂၊၁၉၇။

http://www.dhammadownload.com



## (၆) အာဘောဂ သံဝဏ္ဏနာ

က–ဝါကျ၌ ဝိတက္ကသဃစ ဝိစာရသဃစ ဣတိ ဣမေသံ ဒွိန္နံ–ဖြင့် ဝိတက္က–ဝိစာရာနံပုဒ်ကို ဝိတက္ကာ စ တေ ဝိစာရာစာတိ ဝိတက္ကဝိစာရာ–ဟု ကမ္မဓာရယ် သမာသ်ဝစနတ္ထ မပြုရ၊ ဝိတက္ကောစ ဝိစာရောစ ဝိတက္ကဝိစာရာ–ဟု အသမာဟာရဒွန် သမာသ်ဝစနတ္ထပြုရမည်ဟု သိစေသည်။

(အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ)

သမတိက္ကမာ–ဖြင့် ဂူပသမ=ငြိမ်း၏ဟူသည် သန္တိလက္ခဏာရှိသော ငြိမ်းခြင်းမျိုးကို မလိုအပ်၊ ပယ်ခြင်း=ပဟာန (ပဟာန်)ကိုသာလိုအပ်၏၊ ယင်း ပဟာန်သည်လည်း ဝိတက် ဝိစာရတို့ကို ကျော်လွန်ခြင်းပင်တည်းဟု သိစေသည်။ (ဘာဝတ္ထ)

† ဂူပသမော စေတ္ထ ပဟာနံ အဓိပ္ပေတံ။ သာရတ္ထ၊ ၁၊ ၃၆၄။

---

## (၇) ဥပသဂ္ဂ နိပါတတ္ထ

က–ဝါကျ စ–သဒ္ဒါ ၂–လုံးကား အညမညသမုစ္စည်။

ဂ–ဝါကျ ကိဉ္စာပိကား သမ္ဘာဝနာဇောတက, အနုဂ္ဂဟတ္ထ ဇောတကနိပါတ်။

ဃ–ဝါကျ ဟိသဒ္ဒါကား ယုတ္တိဒဠှီကရဏဇောတကနိပါတ်။

င–ဝါကျ ပန–ကား ဂရဟာဇောတက, အရုစျတ္ထဇောတကနိပါတ်။

### သဗ္ဗနာမဝိသယ

က–ဝါကျ ဣမေသံ–၌ ဣမသဒ္ဒါကား ဒွိန္နံ–ဟု အနံ့တင်းလင်းရှိသောကြောင့် ပသိဒ္ဓဝိသယ–ဣမ။

ဂ–ဝါကျ တတ္ထ–၌ တ–သဒ္ဒါကား ဒုတိယနိဒ္ဒေသေ–ဟု ရှေ့ဝါကျရှိသော ဒြပ်ကိုစွဲသောကြောင့် ပက္ကန္တဝိသယ–တ။

ဃ–ဝါကျ ယုတ္တိဒဠှီကရဏဝါကျဖြစ်၍ သိဒ္ဓေယျသိဒ္ဓိရ၏။

---

(က) အဇ္ဈတ္တန္တိ ဣဓ နိယကဇ္ဈတ္တံ အဓိပ္ပေတံ။ (ခ) ဝိဘင်္ဂေ ပန အဇ္ဈတ္တံ ပစ္စတ္တန္တိ ဧတ္တကမေဝ ဝုတ္တံ။ (ဂ) ယသ္မာ ပန နိယကဇ္ဈတ္တံ အဓိပ္ပေတံ၊ တသ္မာ အတ္တနိ–ဇာတံ၊ အတ္တနော သန္တာနေ နိဗ္ဗတ္တန္တိ အယမေတ္ထ အတ္ထော။ ဋ္ဌ၊ ၂၁၃။

## (၁) အနက်ယောဇနာ

(က) ဣဓ၊ ဤဈာနကထာ၌။ နိယကဇ္ဈတ္တံ၊ ကို။ အဇ္ဈတ္တန္တိ၊ အဇ္ဈတ္တဟူ၍။ အဓိပ္ပေတံ၊ အလိုရှိအပ်၏။ (အန္ဓယ) အဇ္ဈတ္တဇ္ဈာဒိ၊ အဇ္ဈတ္တဇ္ဈတ္တ စသည်ကို။ န အဓိပ္ပေတံ၊ အလိုမရှိအပ်။ (ဇျောတိရေက)

http://www.dhammadownload.com



## (၂-၃) ဝါကျခွဲ ကျမ်းတက်

ခ-ဝါကျကား ကာရဏဝါကျ။ ထို-၍ က-ဝါကျကား ဖလဝါကျ။

### ခ-ဝါကျ ကာရဏတက်ပုံ

ဆရာ၊ ဆရာသည် က-ဝါကျဖြင့် ဤ၍ရာနကထာ၌ နိယကဓမ္မတ္တကို အဓမ္မတ္တ-ဟု အလိုရှိအပ်သောဟု ဆိုတော်မူ၏။ (ဘာသာပြန်၌ပနာထား) ထိုသို့ ဆိုချေသော် ဤ၍ရာနကထာ၌ နိယကဓမ္မတ္တကို အဓမ္မတ္တဟု အလိုရှိအပ်ရာ၌ အကြောင်းမရှိဟူသောအနက်သည် ရောက်ရာ၏- စသည်တက်။

✝ တတ္ထ ကာရဏမာဟ ဝိဘင်္ဂေ ပနာတိ အာဒိ။ သာရတ္ထ၊ ၁၊ ၃၆၆။ (ပြည်သျှ၊ ၂၆၆)

### ကာရဏအနက်ယောဇနာ

ယသ္မာ၊ အကြင်ကြောင့်။ ဝိဘင်္ဂေ ဝိဘင်္ဂပိ၊ ၌လည်း။ (အပိကြေ) အဓမ္မတ္တံ ပစ္စတ္တန္တိ၊ ဟူ၍။ တွေကမေဝ၊ ကိုသာလျှင်။ ဝုတ္တံ၊ ၏။ တသ္မာ၊ကြောင့်။ အဓိပ္ပေတံ၊ ၏။

**မှတ်ချက်**။ အာဂမဒဠှိကရဏဝါကျဆိုလျှင် ပန-ဟိ-သစ္စံ-ဟု အနက်ပေး။

ဂ-ဝါကျကား ဝါကျာရမ္ဘဝါကျ။ ထို-၍ က-ဝါကျကား အာရဒ္ဓဝါကျ။

### ဂ-ဝါကျကျမ်းတက်

ဆရာ၊ ဆရာသည် က-ဝါကျဖြင့် ဤ၍ရာနကထာ၌ နိယကဓမ္မတ္တကို အဓမ္မတ္တံ-ဟု အလိုရှိအပ်သောဟု ဆိုတော်မူ၏။ ထိုသို့သာဆိုချေသော် အဓမ္မတ္တံပုဒ်၏ အနက် မရှိဟူသောအနက်သည် ရောက်ရာ၏- စသည်တက်လေ။

**မှတ်ချက်**။ အနိယတ်, နိယတ်၊ ကာရဏ,ဖလ ခွဲလေဦး။

---

## (၄) ဝိဂ္ဂဟာဒိ

**နိယ**။ နိဿာယ ဇာယတီတိ နိယံ။ နိပုဗ္ဗ+ဇနဓာတ်+ကွိပစ္စည်း။ နိဇ ဟူလိုလျက် ဇ-ကို ယ-ပြု။ နိယံ ပြီးသည်။ ဒေါဝေဿစ-သုတ် နိယံ ပုတ္တံ-၌ နိယံနှင့် အတူပင်။ နိဿာယ၊ (မိမိသန္တာန်ကို) မှီ၍။ ဇာယတိ၊ ဖြစ်၏။ နိယံ၊ မိမိသန္တာန်ကိုမှီ၍ဖြစ်သောတရား။

**နိယက**။ နိယံဧဝ နိယကံ။ နိယံဧဝ၊ မိမိသန္တာန်ကိုမှီ၍ဖြစ်သောတရား သည်သာလျှင်။ နိယကံ၊ နိယကမည်၏။ နိယပုဒ်+က-ပစ္စည်း၊ သွတ္ထတဒ္ဓိတ်။

နိယဟူသော တဒ္ဓိတ်ပုဒ်အရကား- မိမိသန္တာန်ကိုမှီ၍ဖြစ်သောတရား ရ၏။ က-ပစ္စည်းအရလည်း သွတ္ထတဒ္ဓိတ်တို့၏သဘောသည် ပုဒ်အရ ပစ္စည်းအရ အထူးမရှိသောကြောင့် မိမိသန္တာန်ကို (လ) တရားပင်ရ၏။

**မှတ်ချက်**။ ဤကား "နိဿာယ ဇာယတီတိ နိကော၊ နိယကောဝ။ နိယံ ပုတ္တံ။ နိရုတ္တိ၊ နှာ-၃၁-နှင့် မောဂ်၊ ပဉ္စိကာ၊၁၊၆၃-တို့အလို အစိတ်အပေါင်းဝိဂ္ဂဟတည်း။ ဤဝိဂ္ဂဟသာ ယုတ္တတရ

http://www.dhammadownload.com



ဖြစ်သည်။ အတ္တနိ ဓာတံ ဟူသော အဋ္ဌကထာနှင့်ညီသည်။ ပါရာဂံ၊သစ်၊၂-အလို နိပုဗ္ဗ+ယမုဓာတ်+တ ပစ္စည်း။ နိယတ-ဟူလိုလျက် တ-ကို က-ပြု၍ နိယက ပြီးသည်ဟု ဆိုသည်။ ဝါဒန္တရဟုမှတ်။

နိယကဇ္ဈတ္တံ။ နိယကဥ္စ တံ အဇ္ဈတ္တဥ္စာတိ နိယကဇ္ဈတ္တံ။ နိယကဥ္စ၊ မိမိသန္တာန်ကိုမှီ၍ ဖြစ်သည်လည်း။ ဟောတိ၊ ဟုတ်၏။ တံ၊ ထိုမိမိသန္တာန်ကို (လ) ဖြစ်၏ဟူသည်။ အဇ္ဈတ္တဥ္စ၊ အဇ္ဈတ္တလည်း။ ဟောတိ၊ဟုတ်၏။ဣတိ နိယကဇ္ဈတ္တံ။ (အဇ္ဈတ္တ၏အတ္ထကိုမဖော်ဘဲ သဒ္ဒပဒတ္ထက အနက်ပေးသည်က ကောင်း၏။)

နိယက-ဖြင့် ဂေါစရစသည်ကို စင်စေသည်။

နိယကဟူသော ဝိသေသနပုဒ်အရကား- မိမိသန္တာန်ကိုမှီ၍ဖြစ်ခြင်း နိယကဘောဂဏ်သည် မုချ။ ယင်း၏ အဇ္ဈတ္တနှင့် ဝိသေသန,ဝိသေသျအဖြစ်ဖြင့်စပ်ခြင်း သမ္ဗန်သည် ဌာနူပစာ။ နိယကဇ္ဈတ္တ ဟူသော သမာသ်ပုဒ်လုံးအရကား-ထို-ဖြင့် မှတ်အပ်သော မိမိသန္တာန်ကိုမှီ၍ဖြစ်သော အဇ္ဈတ္တရ၏။

**မှတ်ချက်**။ ဤနိယကသဒ္ဒါ ဝိဂ္ဂဟ အနက်နှင့် "အတ္တာနံ အတ္တာနံ ပတိ ပစ္စတ္တံ"။ နီတိ၊ သုတ္တ၊နှာ-၁၈၆-၌လာသော ဝိဂ္ဂဟ၊ မိမိ မိမိကို စွဲ၍ဖြစ်သော တရားဟူသောအနက်မှာ ထပ်တူကျ နေသည်။ ထို့ကြောင့် က-ဝါကျ၌ နိယကဇ္ဈတ္တမဓိပ္ပေတံ-ကို ခ-ဝါကျ၌ ပစ္စတ္တံ-ဟူသောပါဠိရပ်ဖြင့် ထောက်ခံကြောင်း ထင်ရှားပါသည်။ ဆိုလိုသည်မှာ-ဆရာက အဇ္ဈတ္တအရ နိယကဇ္ဈတ္တ-ကိုယူရမည်ဟုဆိုလိုရာ အဇ္ဈတ္တအရ- နိယကဇ္ဈတ္တဟူသော အကိုးသာဓက ပါဠိရှိသလားဟု မေးဖွယ်ရှိ၍ ခ-ဝါကျ တက်လာသည်ဟု မှတ်လေ။ ဝါကျခွဲနှင့် ယှဉ်ကြည့်ပါ။

---

## (၅) ဓာတုပစ္စယာဒိ

**အဇ္ဈတ္တံ**။ သမာသပဒ၊ အကာရန္တ၊ နပုလ္လိင်၊ စိတ္တာဒိဂိုဏ်း၊ ပဌမာဧကဝုစ်။ (အဗျယီဘော သမာသ်လည်းဖြစ်၊ ပါဠိတော် ရှာနံပုဒ်လည်း စပ်နေသည်ကိုသတိပြုပါ။)

**သန္တာန**။ သံပုဗ္ဗ+တနုဓာတ်+ဏပစ္စည်း၊ နပုလ္လိင်၊ အကာရန္တ၊ စိတ္တာဒိဂိုဏ်း။

† သံ ပုဗ္ဗော တနုဝိတ္ထာရေ ဏော။ သူစိ။

---

## (၆) အာဘောဂ သံဝဏ္ဏနာ

က-ဝါကျဖြင့် အဇ္ဈတ္တအရ ဂေါစရဇ္ဈတ္တ, အဇ္ဈတ္တဇ္ဈတ္တ,ဝိသယဇ္ဈတ္တကို မယူရ၊ နိယကဇ္ဈတ္တကို ယူရမည်ဟု သိစေသည်။ (သရုပ်ကြား အဘိဓေယျတ္ထ၊ ဝါ-အဓိပ္ပေတတ္ထ)

ဂ-ဝါကျ၌ အတ္တနိ ဓာတံ-ဖြင့် အဇ္ဈတ္တံပုဒ်ကို အတ္တနိ ဓာတံ အဇ္ဈတ္တံ-ဟု အဗျယီဘော သမာသ်ဝစနတ္ထပြုရမည်၏အဖြစ်ကိုလည်းကောင်း၊[၁] အဓိဥပသာရ၏ ဓာတ-အနက်ဟောသည်၏ အဖြစ်ကိုလည်းကောင်း[၂] သိစေသည်။ ၁။ အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ။ ၂။ ဥပသဂ္ဂလိင်္ဂတ္ထ။

ဂ-ဝါကျ၌ အတ္တနော သန္တာနေ နိဗ္ဗတ္တံ-ဖြင့် အတ္တနိ ဓာတံ(မိမိ၌ ဖြစ်၏)ဟူသည် မိမိသန္တာန်၌ ဖြစ်သတည်း။ ဝါ- မိမိစိတ်အစဉ် ဥပါဒ်,ဌီ,ဘင် အားဖြင့် ဖြစ်သတည်းဟု သိစေသည်။ (ဘာဝတ္ထ)

http://www.dhammadownload.com



## သဒ္ဒါကျမ်းတို့အဆို

အတ္တာနံ အဓိကစ္စ (အဓိကိစ္စ။ ရူ၊ ၃၂၁) ပဝတ္တံ အဇ္ဈတ္တံ။ နီတိ၊သုတ္တ၊နှာ–၁၈၇။

အဇ္ဈတ္တံ။ မိမိ၌ဖြစ်သော (မိမိသန္တာန်၌ ဥပါဒ်,ငြိ,ဘင်အားဖြင့်ဖြစ်သော) အဇ္ဈတ္တံ ဓာတ်တို့အလို။

ဝါ– မိမိကိုစွဲ၍ဖြစ်သော။ သဒ္ဒါကျမ်းအလို။

မှတ်ချက်။ ဂ–ဝါကျ အာဘော် ၂–မျိုးကိုထောက်၍ အတ္တော–သဒ္ဒါကား သဒ္ဒတ္ထအတ္တော, အဓိပ္ပါယတ္ထ အတ္တော–၂–မျိုးရသည်။ ယသ္မာ–တသ္မာ–ဖြင့် အကြောင်းပြသည်။ မြန်မာပြန်၍ ဘာဝတ္ထအာဘော် ဖော်ပါ။

---

## (၇) ဥပသဂ္ဂနိပါတတ္ထ

ခ–ဝါကျ ပန–ကား အာဂမဒဠှီကရဏဇောတကနိပါတ်။ ဝါ– ပန ယသ္မာ–ပြန်အနက်ပေး။ ကာရဏဇောတကနိပါတ်။

ခ–ဝါကျ တွေ့ကမေဝ–၌ ဧဝ–ကား သန္နိဋ္ဌာနာဝဓာရဏ။

## သဗ္ဗနာမဝိသယ

ဂ–ဝါကျ တသ္မာ–၌ တ–သဒ္ဒါကား ရှေ့ဝါကျရှိ နိယကဇ္ဈတ္တံ အဓိပ္ပေတံ ကိုစွဲသော ကြောင့် ပဏ္ဏတ္တိဝိသယ–တ။

---

(က) သမ္ဗန္ဓာဒနတ္တိ သမ္ဗန္ဓာဒနံ ဝုစ္စတိ သဒ္ဒါ။ (ခ) သမ္ဗန္ဓာဒနယောဂတော ဈာနမ္ပိ သမ္ဗန္ဓာဒနံ။ (ဂ) နီလဝဏ္ဏယောဂတော နီလဝတ္ထံ ဝိယ။ (ဃ) ယသ္မာ ဝါ တံ ဈာနံ (င) သမ္ဗန္ဓာဒနတ္တိ ဝုတ္တံ။ ဋ္ဌ၊ ၂၁၃။

## (၂–၃) ဝါကျခွဲ ကျမ်းတက်

ခ–ဝါကျကား (သဒ္ဒါ၏ သမ္ဗန္ဓာဒနမည်ပုံမှတစ်ပါး) ဈာန်၏ သမ္ဗန္ဓာဒနမည်ပုံကို ပြသော ကြောင့်) ပက္ခန္တရဝါကျ။ ထို–၍ က–ဝါကျကား (သဒ္ဒါ၏ သမ္ဗန္ဓာဒနမည်ပုံဟူသောအဖို့ကို ပြသောကြောင့်) ပက္ခဝါကျ။

မှတ်ချက်။ က–ဝါကျဖြင့် မုချသမ္ဗန္ဓာဒနကို ဖွင့်ပြ၍ ခ–ဝါကျဖြင့် ဂုဏူပစာ သမ္ဗန္ဓာဒန အရကို ဖွင့်ပြသည်။ မအူသျှ၌ "ဈာန်ဟုဆိုအပ်သော ဂုဏ်းသည် ဥပစာ အားဖြင့် သမ္ဗန္ဓာဒနမည်၏ ပြလို၍ သမ္ဗန္ဓာဒနယောဂတော မိန့်"ဟု ကျမ်းတက်ပြသည်။ ဈာနမ္ပိ–၌ ပိ–သဒ္ဒါကိုမျှော်၍ သဒ္ဒါကိုသာ သမ္ဗန္ဓာဒန ဟု ဆိုအပ်သလော–ဟု ဧဝ အာဘော်ဆင်၍ တက်လေ။

ဂ–ဝါကျကား ဥပမာနဝါကျ။ ထို–၍ ခ–ဝါကျကား ဥပမေယျဝါကျ။

ဃ–ဝါကျကား (ဈာန်၏ ဥပစာအားဖြင့် သမ္ဗန္ဓာဒနမည်ပုံမှတစ်ပါး မုချအားဖြင့် သမ္ဗန္ဓာဒန မည်ပုံကိုပြသောကြောင့်) ပက္ခန္တရဝါကျ။ ထို–၍ ခ–ဝါကျကား ဥပစာအားဖြင့် သမ္ဗန္ဓာဒန မည်၏ဟူသော အဖို့ကိုပြသောကြောင့် ပက္ခဝါကျ။ (ကာရဏ၊ ဖလ၊ အနိယတ်၊ နိယတ် ခွဲလေဦး)

http://www.dhammadownload.com



မှတ်ချက်။ မုချအားဖြင့် သမ္ပသာဒနအဖြစ်ကိုပြခြင်းငှါ ယသ္မာ ဝါ စသည်ကို မိန့်ဟု ပါရာဂံ၊ သစ်၊၂၊ ၁၈၇–၌ ကျမ်းတက်ပြသည်။ ဝါကျခွဲနှင့် ဂံ၊သစ်–ကိုမှီ၍ ဃ–ဝါကျ ကျမ်းတက်လေ။

## ဃ–ဝါကျ ဝါ–သဒ္ဒါ

ခ–ဝါကျ ဂုဏူပစာအားဖြင့် ဈာန်သည် သမ္ပသာဒနမည်ခြင်းမှတစ်ပါး သမ္ပသာဒနပုဒ်ကို သမ္ပသာဒယတီတိ သမ္ပသာဒနံ–ဟု ဝစနတ္ထပြု၍ မုချအားဖြင့် ဈာန်သည် သမ္ပသာဒန မည်၏ဟူသော အကြောင်းအနက်ကို လဲလှယ်ပြလိုသောကြောင့် "ဝါ" သဒ္ဒါ ထားရသည်။

## (၄) ဝိဂ္ဂဟာဒိ

**သဒ္ဓါကိုရသော သမ္ပသာဒန**။ သမ္ပသာဒယတိ သမ္ပယုတ္တဓမ္မေတိ သမ္ပသာဒနံ။ ယာ သဒ္ဓါ၊ သည်။ သမ္ပယုတ္တဓမ္မေ၊ တို့ကို။ သမ္ပသာဒယတိ၊ ကြည်လင်စေတတ်၏။ ဣတိ သမ္ပသာဒနံ။

ဟေတုကတ္တုသာဓနေ။ သံ+ပ+သဒဓာတ်+ ယုပစ္စည်း။ (ကာ့ရိတလောပ)

သံ+ပ–ဥပသာရပုဒ်တို့အရကား– ဓာတွတ္ထဝိသေသကဘောဂုဏ်ရ၏။ သဒဓာတ်အရ သုဒ္ဓကတ္တုဌကြိယာအရကား–သမ္ပယုတ္တဓမ္မတို့၏ ဥပါဒ်သည် မုချ။ ဟေတု ကတ္တုဌကြိယာအရကား– ထိုအားတပ်သော သဒ္ဓါစေတသိက် သဟဇာတာဒိသတ္တိသည် ဖလူပစာအားဖြင့် ရ၏။ ယုပစ္စည်း အရကား– ထို–မုချ ဖလူပစာရတ္တဖြင့် မှတ်အပ်သော သဒ္ဓါစေတသိက်ရ၏။ (ဤကား– က– ဝါကျနှင့်အညီ သဒ္ဓါကိုရသော သမ္ပသာဒန)

**ဈာန်ကိုရသော သမ္ပသာဒန**။ ထိုသို့ပင်ရငြားသော်လည်း သမ္ပသာဒနသဒ္ဒါသည် (ခ– ဝါကျအလို) ဂုဏူပစာသဒ္ဒါဖြစ်သောကြောင့် သဒ္ဓါနှင့်ယှဉ်သော ဒုတိယဈာန်ရ၏။ (ဤကား ခ– ဝါကျနှင့်အညီ ဒုတိယဈာန်ကိုရသော သမ္ပသာဒန)

**ဈာန်ရ မုချ သမ္ပသာဒန**။ စေတော သမ္ပသာဒယတီတိ သမ္ပသာဒနံ။ ယံ ဈာနံ၊ အကြင် ဈာန်သည်။ စေတော၊စိတ်ကို။ သမ္ပသာဒယတိ၊ ကြည်လင်စေတတ်၏။ ဣတိ သမ္ပသာဒနံ။ (ဓာတ်၊ ပစ္စည်း–နည်းတူ)

သံ+ပ ဥပသာရတို့အရ ရှေးအတိုင်းကောက်။ သဒဓာတ်အရ– သုဒ္ဓကတ္တုဌ ကြိယာအရ ကား–စိတ်၏ ဥပါဒ်သည် မုချ။ ဟေတုကတ္တုဌကြိယာအရကား–ထိုစိတ်အားတပ်သော ဒုတိယ ဈာန်၏ ဈာနာဒိသဟဇာတပစ္စယ သတ္တိသည် ဖလူပစာ။ ယု–ပစ္စည်းအရကား– ထို မုချဖလူပစာတို့ဖြင့် မှတ်အပ် သော ဒုတိယဈာန်ရ၏။ (ဤကား–ဃ–ဝါကျနှင့်အညီ ဥပစာတဆင့် မကြံဘဲ ဒုတိယဈာန်တိုက်ရိုက်ရသော သမ္ပသာဒန)

## (၅) ဓာတုပစ္စယာဒိ

သဒ္ဓါ။ သံပုဗ္ဗ+ဓာ–ဓာတ်+အပစ္စည်း။ အာ–ပစ္စည်း။ ဣတ္ထိလိင်၊ ကညာဒိဂိုဏ်း။ အာကာရန္တ။ သဒ္ဒဟာတိ ဓောယာတိ သဒ္ဓါ။ သူစိ။

ဝတ္ထုံ။ ဝသ+ထ။ တစ်နည်း။ ဝု+ထ။ ဝသျတေ အဇ္ဈာဒိယတေတိ ဝတ္ထုံ။သူစိ။

http://www.dhammadownload.com



## (၆) အာဘောဂ သံဝဏ္ဏနာ

က–ဝါကျဖြင့် သမ္ဗန္ဓသာဒနအရ– သဒ္ဓါစေတသိက်ကိုယူရမည်။ ဝါ– သမ္ဗန္ဓသာဒနကား သဒ္ဓါ၏ပရိယာယ်တည်းဟု သိစေသည်။

(သရုပ်ကြား အဘိဓေယျတ္ထ၊ ဝါ–ပရိယာယ်ပြ အဘိဓေယျတ္ထ)

ဂ–ဝါကျဖြင့် ဂုဏ္ဏပစာအားဖြင့် သမ္ဗန္ဓသာဒန–အရ ဒုတိယဈာန်ကိုယူရ မည်ဟု သိစေသည်။ (အဘိဓေယျတ္ထ)

ဃ–ဝါကျ၌ စေတော သမ္ဗန္ဓသာဒယတိ–ဖြင့် သမ္ဗန္ဓသာဒနံ–ကို စေတော သမ္ဗန္ဓသာဒယတီတိ သမ္ဗန္ဓသာဒနံ–ဟု ဟေတုကတ္တုသာဓနေဝစနတ္ထ ပြုရမည်၏ အဖြစ်ကိုလည်းကောင်း၊[၁] ယုပစ္စည်း၏ ဟေတုကတ္တုသာဓနေ၌သက်သည်၏အဖြစ်ကိုလည်းကောင်း၊[၂] ကာရိက်ပစ္စည်းကျေသည်၏အဖြစ်ကို လည်းကောင်း၊[၃] ယင်းကာရိက်ကံကို စေတော–ဟု ထည့်ရမည်၏ အဖြစ်ကိုလည်းကောင်း[၄] သိစေသည်။ ၁။ အဘိဓာနတ္ထ။ ၂။ ဒုတိယပစ္စယတ္ထ။ ၃။ ဘာဝတ္ထ။ ၄။ ဘာဝတ္ထ။

ဃ–ဝါကျ၌ တံ ဈာနံ–ဖြင့် သမ္ဗန္ဓသာဒနံ–အရ မုချအားဖြင့် ဒုတိယဈာန်ကို ယူရမည်ဟု သိစေသည်။ (အဘိဓေယျတ္ထ)

မှတ်ချက်။ ဃ–ဝါကျ၌ ကြွင်းစကားရပ်များဖြင့် ဘာဝတ္ထပြသည်။ ဘာသာပြန်၍ အာဘော်ဖော်လေ။

ဃ–ဝါကျ ဝါ–သဒ္ဓါဖြင့် နယန္တရကို သိစေသည်။

---

## (၇) ဥပသဂ္ဂနိပါတတ္ထ

ခ–ဝါကျ ဈာနမ္ပိ–၌ ပိ(အပိ) သဒ္ဒါ သမုစ္စယတ္ထ။

န ကေဝလံ သဒ္ဓါယေဝ သမ္ဗန္ဓသာဒနံ။

အထခေါ ဈာနမ္ပိ။

ဂ–ဝါကျ ဝိယ–သဒ္ဒါ ဥပမာနဇောတကနိပါတ်။

ဃ–ဝါကျ ဝါ–သဒ္ဒါကား နယန္တရဇောတကနိပါတ်။

မှတ်ချက်။ ဝါသဒ္ဒါ အဓိပ္ပါယ် ၂–၃–အဖြေကြည့်။

ဃ–ဝါကျ စ–သဒ္ဒါ သမုစ္စယဇောတကနိပါတ်။

ဃ–ဝါကျ တသ္မာပိ–၌ ပိ(အပိ) သဒ္ဒါ သမုစ္စယဇောတကနိပါတ်။

သိဒ္ဓိ။ ဂ–ဝါကျ ဂုဏ္ဏပစာရ– အနုမာနသိဒ္ဓိ ရသည်။

http://www.dhammadownload.com



## (၉) ကြိယာငါးတန်

က–ဝါကျ သမ္ပသာဒနအရ– သဒ္ဓါစေတသိက်။

ခ–ဝါကျ သမ္ပသာဒနအရ– ဒုတိယဈာန်။

ဃ–ဝါကျ သမ္ပသာဒနအရ ဒုတိယဈာန်ယှဉ် ထုတ်လေ။

## (၁၀) ပဌာန်း ပစ္စည်းပြိုင်

ခ–ဝါကျ သမ္ပသာဒနယောဂတော–၌ သမ္ပသာဒနအရ– သဒ္ဓါ စေတသိက် ပစ္စည်းတရားက ဈာနအရ– ဒုတိယဈာန်ပစ္စယုပ္ပန်တရားအား သဟဇာတမျိုးဖြင့် ကျေးဇူးပြုသည်။

ပြိုင်= သဟဇာတကြီး–၄၊ အညမည,သမ္ပယုတ္တ, ဣန္ဒြိယ၊ ၇–ပစ္စည်း။

ဃ–ဝါကျ ဈာန် စေတော သမ္ပသာဒတိ–၌ ဈာန် (သမ္ပသာဒယတိ) အရ– ဒုတိယဈာန်ပစ္စည်းတရားက စိတ်၊ဝါ– စိတ္တသမ္ပယုတ္တဓမ္မအား သဟဇာတမျိုးဖြင့် ကျေးဇူးပြုသည်။

ပြိုင်= သဟဇာတကြီး–၄၊ အညမည,သမ္ပယုတ္တ,ဣန္ဒြိယ,(သုခနှင့် ကေဂ္ဂတာ–အတွက်) ဈာန၊ ၈–ပစ္စည်း။

---

တတြာယံ အတ္ထယောဇနာ –

(က) ကောဥဒေတီတိ ကောဒိ။ (ခ) ဝိတက္ကဝိစာရေဟိ –လ– ဥဒေတီတိ အတ္ထော။ (ဂ) သေဋ္ဌောပိ ဟိ လောကေ ကောတိ ဝုစ္စတိ။ (ဃ) ဝိတက္ကဝိစာရ–လ– ဝဋ္ဋတိ။ ဋ၊ ၂၁၃။

## (၁) အနက်ယောဇနာ

တတြ၊ ထိုစေတသော ကောဒိဘာဝံ–ဟူသောဝါကျ၌။ အယံ၊ ဤသည်ကား။ အတ္ထယောဇနာ၊ ကောဒိဘာဝဟူသောပုဒ်၏ အတ္ထ, စေတသော ပုဒ်ကို ကောဒိဘာဝ သဒ္ဒါနှင့် ယှဉ်ခြင်းတည်း။

† အတ္ထော စ ယောဇနာ စ အတ္ထယောဇနာ။ သမာဟာရဒွန္ဒေပိ ကတ္ထစိ ဣတ္ထိလိင်္ဂမိစ္ဆိတဗ္ဗံ။ (ပြည်သျှ)

မှတ်ချက်။ အတ္ထဿ ယောဇနာ အတ္ထယောဇနာ–ဟု ကမ္မတ္တဆဋ္ဌီအရှိ များသည်။ ဤ၌ ဒွန်ရှိသည်ကို သတိပြု။

ဂ–ဝါကျ။ ဟိ–သစ္စံ၊ လောကေ ယာဝ ပရေ ကောဟံ တေ ကရောမီတိ အာဒီသု၊ တို့၌– ဟု အာစာရထည့်ပါ။

---

## (၂–၃) ဝါကျနွဲ့ ကျမ်းတက်

ခ–ဝါကျကား က–ဝါကျအနက် (ဝါကျတ္ထ)ကို အကျယ်ဖွင့်ပြသောကြောင့် ဝိတ္ထာရဝါကျ။ ထို–၍ ခ–ဝါကျကား သခေ်ပဝါကျ။

http://www.dhammadownload.com



ဂ–ဝါကျကား ယုတ္တိဒဋ္ဌိကရဏဝါကျ။ ထို–၍ ခ–ဝါကျကား ယုတ္တိဒဋ္ဌိယဝါကျ။

ဃ–ဝါကျကား ပက္ခန္တရဝါကျ။ ထို–၍ ခ–ဝါကျကား ပက္ခဝါကျ။

မှတ်ချက်။ ခ–ဝါကျဖြင့် ကေသဒ္ဒါ သေဋ္ဌအနက်၊ ဃ–ဝါကျဖြင့် ကေ သဒ္ဒါ အသဟာယ အနက်ကို ဖွင့်ပြသည်။ ထို့ကြောင့် ပက္ခ,ပက္ခန္တရ ခွဲ။ အာဘော် ကို သဘောမိအောင်ကြည့်ပါက ကျမ်းတက် မခက်ပြီ။

ပြည်သျှဋ္ဌ "ကော အဒုတိယော ကောကီတိ ခုဒ္ဒကေဟိ ဗီတန္တိအာဒီသု အသဟာယတ္တောပိ ကေသဒ္ဒေါ ဒိဋ္ဌောတိ အာဟ ကော အသဟာယော ဟုတွာတိ– ဟုဆိုသည်။

ဝါသဒ္ဒါထားရခြင်း

ဃ–ဝါကျ ဝါသဒ္ဒါ။ ကေသဒ္ဒါ သေဋ္ဌအနက်မှတစ်ပါး အသဟာယ အနက်ကိုလဲလှယ်ပြလို သောကြောင့် ဝါသဒ္ဒါ ထားရသည်။ အနက်လဲသည်။

---

(၆) အာဘောဂ သံဝဏ္ဏနာ

က–ဝါကျဖြင့် ကောဒိပုဒ်၌ ဥဒိ–ပုဒ်ကို ဥဒေတီတိ ဥဒိ–ဟု သုဒ္ဓကတ္တု သာဓနဝစနတ္တပြုရ မည်၏အဖြစ်ကိုလည်းကောင်း၊[၁] ဥဒိ–၌ ဏိပစ္စည်း၏ ကတ္တုသာဓနေ၌ သက်သည်၏အဖြစ်ကို လည်းကောင်း၊[၂] ကောဒိ–ကို ကော ဥဒိ–ဟု ပဒစ္ဆေဒပြုရ မည်၏အဖြစ်ကိုလည်းကောင်း၊[၃] ကောနှင့် ဥဒိ–ကို ကော ဥဒိ ကောဒိ–ဟု ကမ္မဓာရယ်သမာသ်တွဲစပ်ရမည်၏အဖြစ်ကို လည်းကောင်း[၄] သိစေသည်။

၁။ အဘိဓာနတ္တ။ ၂။ ဒုတိယပစ္စယတ္တ။ ၃။ သန္ဓိလိင်္ဂပဒ။ ၄။ အဘိဓာနတ္တ၊ သမာသလိင်္ဂပဒတ္တ။

ဓာတ်ပစ္စည်း။ ဥဒိ–ကား ဥပုဗ္ဗ+ဣဓာတ်+ဏိပစ္စည်း။ ဒ–ကား အာဂုံ။နီတိ၊ဓာတု၊၂။

ခ–ဝါကျ၌ အဂ္ဂေါ–ဖြင့် ကော သဒ္ဒါကား သင်္ချာဝါစကမဟုတ်၊ အဂ္ဂဝါစက၊ ဝါ– အမြတ်အနက်ကိုဟောသတည်းဟု သိစေသည်။ (နာမလိင်္ဂတ္တ)

ခ–ဝါကျ၌ သေဋ္ဌော–ဖြင့် အဂ္ဂသဒ္ဒါကား အာဒိ, ကောဋ္ဌာသစသော အနက်ကိုမဟော၊ သေဋ္ဌ (အမြတ်) အနက်ကိုဟောသတည်းဟု သိစေသည်။ (နာမလိင်္ဂတ္တ)

ခ–ဝါကျ၌ သေဋ္ဌော ဟုတွာ ဥဒေတိ–ဖြင့် ကောပုဒ်နှင့် ဥဒိပုဒ်ကို ကော ဟုတွာ ဥဒိ ကောဒိ–ဟု သမ္ဘာဝနာကမ္မဓာရယ်သမာသ်ဝစနတ္တပြုရမည်၏အဖြစ်ကိုလည်းကောင်း၊[၁] က–ဝါကျ၌ ကောပုဒ်ကို ဥဒေတိပုဒ်၌ မစပ်ရ၊ ဟုတွာဟူသော ပါဌသေသ၌ စပ်ရမည်၏အဖြစ်ကိုလည်းကောင်း[၂] သိစေသည်။ ၁။ အဘိဓာနတ္တ၊ သမာသလိင်္ဂပဒတ္တ။ ၂။ သမ္ဗန္ဓ၊ ဝါ– ဘာဝတ္တ။

✪ ဟုတွာ သင်္ခါတ၊ ဘူတ တထွေ၊ ဝေ ဣတိ၊ သဒ္ဒါရှိက၊ မှတ်သိ ကမ္မဓာရယာ၊ ကိုပါးမှာ၊ သမ္ဘာဝနာပေ။ (တောင်တွင်း)

ခ–ဝါကျ၌ ဝိတက္ကဝိစာရေဟိ အနုစ္စာရုဋ္ဌတ္တာ–ဖြင့် ဘာဝတ္တပြသည်။ (ဘာသာပြန်ဖော်လေ)

http://www.dhammadownload.com



**အနစ္ဈာရုဠှတ္တာ**။ အဇ္ဈာရုဠှ = အဓိ+အာ+ရုဟဓာတ်+တပစ္စည်း။ အဇ္ဈာရုယှတေတိ အဇ္ဈာရုဠှော။ န အဇ္ဈာရုဠှော အနဇ္ဈာရုဠှော။ အနဇ္ဈာရုဠှဿ ဘာဝေါ အနဇ္ဈာရုဠှတ္တံ-ဟုတွဲ။ အနဇ္ဈာရုဠှတ္တာဟူသော ဟိတ်ပုဒ်၏သမ္ဗန်ကို "သမာဓိဿ"-ဟုထည့်။ သမာဓိဿေတံ အဓိဝစနံ-ကို မျှော်လေ။

ဃ-ဝါကျ၌ အသဟာယော-ဖြင့် ကေဝသဒ္ဒါ သချာဝါစကမဟုတ်၊ အသဟာယ ဝါစက၊ ဝါ-အသဟာယအနက်ကိုဟောသည်၏အဖြစ်ကိုလည်းကောင်း၊[၁] ကောဟ ဟုတွာ-ဖြင့် (သေဋ္ဌော ဟုတွာ ဥဒေတိ-အတိုင်းဖော်ပြပါ) လည်းကောင်း၊[၂] ဝိတက္ကဝိစာရတော-ဖြင့် အသဟာယ၏ အကြောင်းကိုလည်းကောင်း[၃] သိစေသည်။

၁။ နာမလိင်္ဂတ္တ။ ၂။ အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ။ ၃။ ဘာဝတ္ထ။

## ဝိဂ္ဂဟနှင့် ဉာဉ်ကောက်

ကောဟ ဟုတွာ ဥဒိ ကောဒိ။ ကောဟ၊ မြတ်သည်။ ဝါ- အဖော်မရှိသည်။ ဟုတွာ၊ ဖြစ်၍။ ဥဒိ၊ ဖြစ်သည်တည်း။ ကောဒိ၊ မြတ်သည်၊ ဝါ- အဖော်မရှိသည်ဖြစ်၍ ဖြစ်သည်။ ကေပုဒ်+ဥဒိပုဒ်။

ကေဟူသော ဝိသေသနပုဒ်အရကား- သေဋ္ဌဘောဂဏ်၊ဝါ- အသဟာယ ဘောဂဏ်သည် မုချ။ ယင်း၏ ဖြစ်သောသမာဓိနှင့် ဂုဏ် ဂုဏော အဖြစ်ဖြင့်စပ်ခြင်း သမ္ဗန်သည် ဌာနူပစာ။ ကောဒိ ဟူသော သမာသ်ပုဒ်အရကား- ထို-ဖြင့် မှတ်အပ်သော မြတ်သည်၊ ဝါ- အဖော်မရှိသည်ဖြစ်၍ ဖြစ်သော သမာဓိ ရ၏။ (က-ခ-ဃ-ဝါကျနှင့်အညီ ဉာဉ်ကောက်)

အနက်။ ကောဒိ၊ မြတ်သည်ဖြစ်၍ဖြစ်သော သမာဓိ။ ဝါ- အဖော် မရှိသည်ဖြစ်၍ဖြစ်သော သမာဓိ။

---

## (၇) ဥပသဂ္ဂ နိပါတတ္ထ

က-ဝါကျ ဥဒေတိ-၌ ဥ-ဥပသာရကား-ဓာတွတ္ထာနုဝတ္တက။

ခ-ဝါကျ အန-၌ န-ကား ပဋိသေဓဇောတကနိပါတ်။

ဂ-ဝါကျ ဟိ-သဒ္ဒါကား ယုတ္တိဒဠှီကရဏဇောတကနိပါတ်။

ဃ-ဝါကျ ဝါ-သဒ္ဒါကား နယန္တရဇောတကနိပါတ်။

ဃ-ဝါကျ၌ ပိ(အပိ)သဒ္ဒါကား သမုစ္စယဇောတကနိပါတ်။

န ကေဝလံ သေဋ္ဌော ဟုတွာ ဥဒေတိ။ အထခေါ အသဟာယော ဟုတွာတိပိ။

---

(က) အထဝါ သမ္ပယုတ္တဓမ္မေ ဥဒါယတီတိ ဥဒိ။ (ခ) ဥဋ္ဌာပေတီတိ အတ္ထော။ (ဂ) သေဋ္ဌဋ္ဌေန ကော စ သော ဥဒိစာတိ ကောဒိ။ (ဃ) သမာဓိဿေတံ အဓိဝစနံ။ (င) ဣတိ ဣမံ ကောဒိ (လ) ကောဒိဘာဝံ။ ဋ္ဌ၊ ၂၁၄။

http://www.dhammadownload.com



## (၂-၃) ဝါကျခွဲ ကျမ်းတက်

ခ-ဝါကျကား ဝိတ္ထာရဝါကျ။ ထို-၍ က-ဝါကျကား သင်္ခေပဝါကျ။

✪ အဓိပ္ပါယော၊ အတ္တော့ထုတ်ပြ၊ ဂုဋ္ဌတ်ဖော်ပြ၊ စကားကျ။

### အထဝါ သဒ္ဒါ

ဥဒေတီတိ ဥဒိ-ဟူသော သုဒ္ဓကတ္တုသာဓနဝစနတ္ထအကြောင်းသကတ်မှတစ်ပါး ဥဒါယတီတိ ဥဒိ-ဟူသော ဟေတုကတ္တုသာဓနဝစနတ္ထ အကြောင်းသကတ်ကို လဲလှယ်ပြလိုသောကြောင့် "အထဝါ"သဒ္ဒါထားရသည်။

ဂ-ဝါကျ ဧကနှင့် ဥဒိ ပုဒ်တွဲပုံကိုပြလို၍ ဆက်လက်ဖွင့်ပြသောကြောင့် ဝါကျာရမ္ဘဝါကျ။ ထို-၍ က-ဝါကျကား အာရဒ္ဓဝါကျ။ (က-ဝါကျဖြင့် ဥဒိပုဒ် ကိုဖွင့်ပြ၍ ဂ-ဝါကျဖြင့် ဧကပုဒ်နှင့် တွဲစပ်ပုံကို ဖွင့်ပြသည်ဟုမှတ်)

ဃ-ဝါကျ ကောဒိ-အရ သဒ္ဒါ, ပညာစသည်ကိုယူရမည်လားဟု စောဒနာဖွယ်ရှိ၍ တက်လာသောကြောင့် ဝါကျာရမ္ဘဝါကျ။ ထို-၍ က-ဂ-ဝါကျတို့ကား အာရဒ္ဓဝါကျ။

မှတ်ချက်။ က-ဂ-ဝါကျဖြင့် ကောဒိသဒ္ဒါ၏ ဝစနတ္ထကိုပြသော ပက္ခဝါကျ။ ဃ-ဝါကျကား ကောဒိသဒ္ဒါ၏ အရကောက် အဘိဓေယျတ္ထကို ပြသောကြောင့် ပက္ခန္တရဝါကျဟုလည်း အချို့ဆိုကြသေး၏။ ဝါဒန္တရဟုမှတ်။ ဝိပါကအဖွင့်၌လည်း ရေးခဲ့ပြီ။

င-ဝါကျကား ကောဒိနှင့် ဘာဝ-တွဲစပ်ပုံကိုလည်းကောင်း၊ ဘာဝပုဒ်၏ ဝစနတ္ထကို လည်းကောင်း ပြသောကြောင့် ပက္ခန္တရဝါကျ။ ထို-၍ က-မှ ဃ-တိုင်အောင်သောဝါကျများကား ပက္ခဝါကျ။

---

## (၆) အာဘောဂ သံဝဏ္ဏနာ

က-ဝါကျ ဥဒါယတိ-ဖြင့် ဥဒိပုဒ်ကို ဥဒါယတီတိ ဥဒိ-ဟု ဟေတု ကတ္တုသာဓန ဝစနတ္ထ ပြုရမည်၏အဖြစ်ကိုလည်းကောင်း၊[၁] ဏာပစ္စည်း၏ ယင်း သာဓနေ၌သက်သည်၏ အဖြစ်ကိုလည်း ကောင်း၊[၂] သိစေသည်။ ၁။ အဘိဓာနတ္ထ။ ၂။ ဒုတိယပစ္စယတ္ထ။

က-ဝါကျ သမ္ပယုတ္တမေ့-ဖြင့် ကာရိက်ကံကို ပြသည်။ (ဘာဝတ္ထ)

**တစ်နည်း**။ ဥဒါယတိ=ထစေတတ်,ဖြစ်စေတတ်၏ဟူသည် သမ္ပယုတ္တတရားကို ထစေတတ် ဖြစ်စေတတ်သတည်းဟု သိစေသည်။ (ဘာဝတ္ထ)

ခ-ဝါကျ၌ ဥဋ္ဌာပေတိ-ဖြင့် ဥဒါယတိ-၌ ဣဓာတ်သည် ဂတျတ္ထကို ဟောသတည်းဟု သိစေသည်။ (ဓာတွတ္ထ)

မှတ်ချက်။ ဥဒါယတိ = ဥ+ဣ+ဏာယ+တိ-ကို ဥဋ္ဌာပေတိ = ဥ+ဌာ+ဏာပေ+ တိ-ဖြင့် ဖွင့်ရာ ဓာတ်သာလဲသည်။ သို့ဖြစ်၍ "ဓာတွတ္ထ" ဖော်သည်။ ပါရာဂံ၊ သစ်၊၂၊ ၁၈၈-နှင့် နီတိ၊

http://www.dhammadownload.com



ဓာတု၊ ၂-တို့ကြည့်။ ဥဒါယတိ၊ ဖြစ်စေတတ်၏။ ဝါ-ထောင်စေ, ထစေ, ကြွစေတတ်၏။ (တက်ကြွစေတတ်၏) ဟု အနက်ပေး။

ဂ-ဝါကျ၌ သေဋ္ဌန္တေန-ဖြင့် ကေသဒ္ဒါ သေဋ္ဌအနက်ဟော၏အဖြစ်ကိုလည်းကောင်း၊[၁] ကော စ သော ဥဒိတာတိ-ဖြင့် ကောဒိ-ကို ကမ္မဓာရာယ် သမာသ် ဝစနတ္ထပြုရမည်၏ အဖြစ်ကိုလည်းကောင်း[၂] သိစေသည်။ ၁။ နာမလိင်္ဂတ္ထ။ ၂။ အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ။

ဃ-ဝါကျဖြင့် ကောဒိအရ သဒ္ဒါ,ပညာစသည်တို့ကိုမယူရ၊ သမာဓိကိုယူရမည်၏ဟု သိစေသည်။ (အဘိဓေယျတ္ထ)

င-ဝါကျ ကောဒိ ဘာဝေတိ-ဖြင့် ဘာဝပုဒ်ကို ဘဝနံ ဘာဝေါ-ဟု ဝစနတ္ထမပြုရ၊ ဘာဝေတီတိ ဘာဝေါ-ဟု ဟေတုကတ္တုသာဓနဝစနတ္ထပြုရမည်၏အဖြစ်ကိုလည်းကောင်း၊[၁] ဏ-ပစ္စည်း၏ ဟေတုကတ္တုသာဓန၌ သက်သည်၏အဖြစ်ကိုလည်းကောင်း၊[၂] ကောဒိံ ဘာဝေါ ကောဒိဘာဝေါ-ဟု ဒုတိယာ တပ္ပုရိသ်သမာသ်ဝစနတ္ထပြုရမည်၏အဖြစ်ကိုလည်းကောင်း၊[၃] ဝဍ္ဎေတိ-ဖြင့် ဘူဓာတ်၏ ဝဍ္ဎနတ္ထ၏အဖြစ်ကိုလည်းကောင်း၊[၄] ဣဒံ ဒုတိယဈာနံ-ဖြင့် ကောဒိဘာဝ-အရ ဤဒုတိယဈာန်ကို ယူရမည်၏အဖြစ်ကိုလည်းကောင်း[၅] သိစေသည်။

၁။ အဘိဓာနတ္ထ။ ၂။ ဒုတိယပစ္စယတ္ထ။ ၃။ အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ။ ၄။ ဓာတွတ္ထ။ ၅။ အဘိဓေယျတ္ထ။

အနက်ယောဇနာ။ စေတသော၊ စိတ်၏။ ကောဒိဘာဝံ၊ မြတ်သည် ဖြစ်၍ဖြစ်သော သမာဓိကို။ ဝါ- အဖော်မရှိသည်ဖြစ်၍ဖြစ်သောသမာဓိကို။ ဝါ-မြတ်သည်ဖြစ်၍သမ္ပယုတ်တရားတို့ကိုဖြစ်စေတတ် (တက်ကြွစေတတ်)သော သမာဓိကို ပွားစေတတ်သော။ (ဒုတိယံ ဈာနံ-၌စပ်)

## (၇) ဥပသဂ္ဂ နိပါတတ္ထ

က-ဝါကျ အထဝါ၊ အထနိပါတ်၊ ဝါနိပါတ်ဟူသော နိပါတသမုဒါယ၊ နယန္တရ ဇောတကနိပါတ်။

ဂ-ဝါကျ စ-သဒ္ဒါ ၂-လုံးကား ဗှုလျတ္ထနိပါတ်။

င-ဝါကျ ဣတိသဒ္ဒါကား နိဂမနဇောတကနိပါတ်။

### သမ္ဗန္ဓာမဝိသယ

ဂ-ဝါကျ သော-၌ တ-သဒ္ဒါ ကော-ဟူသော အစွဲတင်းလင်းရှိသောကြောင့် ပသိဒ္ဓဝိသယ-တ။

---

(က) သမာဓိဇန္တိ ပဋ္ဌမဇ္ဈာနသမာဓိတော သမ္ပယုတ္တသမာဓိတော ဝါ ဇာတန္တိ အတ္ထော။ (ခ) တတ္ထ ကိဉ္စာပိ ပဋ္ဌမမ္ပိ -လ- ဇာတံ။ (ဂ) အထခေါ့ အယမေဝ -လ- သမာဓိဇန္တိ ဝတ္တုံ။ (ဃ) ပီတိသုခန္တိ ဣဒံ ဝုတ္တနယမေဝ။ ဋ္ဌ၊ ၂၁၅။

http://www.dhammadownload.com



## (၁) အနက်ယောဇနာ

ခ–ဝါကျ၌ တတ္ထပုဒ်ကို တတ္ထ ဒွီသု ဈာနေသု–ဟုစွဲ၍ နိဒ္ဓါရဏအနက်ပေး။ ခ–ဝါကျ ပဋ္ဌမမ္ပိ၊ ဂ–ဝါကျ ဣဒမေဝ–တို့၌ နိဒ္ဓါရဏစပ်။ ဝါ–တတ္ထ တေသု ဒွီသု သမာဓိသု–ဟုစွဲ၍ နိဒ္ဓါရဏ ပင်အနက်ပေး။ အယမေဝ သမာဓိ–၌ နိဒ္ဓါရဏစပ်။ (ဤကား ပါရာဂံ၊သစ်၊၂၊ ၁၉၄–အလို)

**တစ်နည်း**။ တတ္ထ တသ္မိံ သမာဓိဇန္တိ ပဒေ–ဟု စွဲ၍ အာဓာရအနက်ပေး။ ဝုတ္တံ–၌ အာဓာရစပ်။ (မအူသျှ)

**တစ်နည်း**။ တတ္ထ တသ္မိံ ဒုတိယဈာနာဓိကာရေ၊ ၌။ တစ်နည်း။ တတ္ထ၊ ထိုနှစ်ပါးသော ပဋ္ဌမဈာန် ဒုတိယဈာန်တို့တွင်။ (ပြည်သျှ)

**တစ်နည်း**။ တတ္ထ တသ္မိံ သမာဓိဇန္တိပဒေ–ဟုစွဲ၍ စောဒကာဒယော၊ (စောဒနာ သောဇနာဒယော) ဇဝံ ဝေဒိတဗ္ဗော–ဟု ပါဌသေသ၌ စပ်။(နောတက္က)

## (၂–၃) ဝါကျခွဲ ကျမ်းတက်

ခ–ဂ–ဝါကျ ဝါကျာရမ္ဘဝါကျ။ ထို–၍ က–ဝါကျ အာရဒ္ဓဝါကျ။

မှတ်ချက်။ သမ္ဘာဝနာ, ဂရဟာစသည် ခွဲလေဦး။

ဃ–ဝါကျကား ပကတ္တိရဝါကျ။ ထို–၍ က–ခ–ဂ–ဝါကျကား ပကတ္တဝါကျ။

### ဝါ–သဒ္ဒါထားရခြင်း

သမာဓိဇံ–၌ သမာဓိအရ–ပဋ္ဌမဈာန်သမာဓိအဘိဓေယျတ္ထမှ သမာဓိအရ– သမ္ပယုတ္တသမာဓိ ဟူသော အဘိဓေယျတ္ထတစ်မျိုးကို လဲလှယ်ပြလို သောကြောင့် 'ဝါ' သဒ္ဒါထားရပါသည်။

---

## (၅) ဓာတုပစ္စယာဒိ

**သမာဓိ**။ သံပုဗ္ဗ+ဓာဓာတ်+ဣပစ္စည်း။ ပုလ္လိင်၊ ရတ္တာဒိဂိုဏ်း။ ဣကာရန္တ။ ကောလမ္ဗဏေ သုဋ္ဌု အာဓာနံ (ထားခြင်း) သမာဓိ။ သူစိ။

**တစ်နည်း**။ သမာဓိ။ အာရမ္မဏေ စိတ္တံ သမ္မာ အာဓိယတိ ဋ္ဌပေတီတိ သမာဓိ။ ယော သဘာဝေါ၊ သည်။ အာရမ္မဏေ၊ အာရုံ၌။ စိတ္တံ၊ စိတ်ကို။ သမ္မာ၊ ကောင်းစွာ။ အာဓိယတိ ဋ္ဌပေတိ၊ ထားတတ်၏။ ဣတိ သမာဓိ။ ဋ၊ ၁၆၅။

မှတ်ချက်။ သမာဓိ ဝိဂြိုဟ်မေးလျှင် အဋ္ဌကထာလာအတိုင်း ဖြေပါ။

သုပ္ပသန္န။ သုပုဗ္ဗ+သဒဓာတ်+တပစ္စည်း။ ဝိသေသေန သာဒိယတေတိ သုပ္ပသန္နော။

---

## (၆) အာဘောဂ သံဝဏ္ဏနာ

က–ဝါကျ ပဋ္ဌမဈာနသမာဓိတော ဇာတံ–ဖြင့် သမာဓိဇံပုဒ်ကို သမာဓိတော ဇံ သမာဓိဇံ–ဟု ပဥ္စမီတပ္ပုရိသ်သမာသ်ဝစနတ္ထပြုရမည်၏အဖြစ်ကိုလည်းကောင်း၊[၁] ဇ–သဒ္ဒါ ဇာတအနက်ဟော သည်၏အဖြစ်ကိုလည်းကောင်း၊[၂] တစ်နည်း။ ဇံပုဒ်ကို ဇာတန္တိ ဇံ–ဟု ကတ္တုသာဓနဝစနတ္ထပြုရ

http://www.dhammadownload.com



မည်၏အဖြစ်ကိုလည်းကောင်း၊[၃] ဓံ (ဓန်+ကွိ)၌ ကွိပစ္စည်း ကတ္တုသာဓနအနက်၌ သက်သည်၏ အဖြစ်ကိုလည်းကောင်း၊[၄] သမာဓိအရ ပဌမဈာန် သမာဓိကိုယူရမည်၏အဖြစ်ကိုလည်းကောင်း၊[၅] "ပဌမဇ္ဈာနံ ဒုတိယဈာနဿ ဥပနိဿယ-ပစ္စယေန ပစ္စယော" ဟူသော ပဋ္ဌာန်းဒေသနာ (ပဋ္ဌာန၊၁၊ ၁၄) အရ ပဌမဈာန် သမာဓိက ဒုတိယဈာန် အား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုသည်၏ အဖြစ်ကိုလည်းကောင်း[၆] သိစေသည်။

၁။ အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ။ ၂။ နာမလိင်္ဂတ္ထ။ ၃။ တစ်နည်း အဘိဓာနတ္ထ။ ၄။ ဒုတိယပစ္စယတ္ထ။ ၅။ အဘိဓေယျတ္ထ။ ၆။ ဘာဝတ္ထ။

## ပြင်ဆင်ချက်

တဗ္ဘာ။ အဘိ၊ ဋ္ဌ၊၁၊၁၈၃။ ဝိဝေကဇ၊ ၂၁၁-နှင့် ဝိဋ္ဌ၊၁၊ ၁၁၉-တို့၌ အာဘော် သံဝဏ္ဏနာကို ဤ-အဘိ၊ ဋ္ဌ၊၁၊ ၂၁၅-အတိုင်း ပြင်ပါ။ ပင်္ဂဇ, ကမ္မဇ-စသည် "ဇ"များကိုလည်း ဤသမာဓိဇ- အတိုင်း မှတ်ပါလေ။

ဇ သဒ္ဒေါ ဇာတတ္ထော။ မဏိမဥ္ဇူ၊၂၊ ၁၉၄-အဖွင့်နှင့်အညီတည်း။

## ပဌမဝိကပ် ညသ်ကောက်

သမာဓိတော ဇံ သမာဓိဇံ။ သမာဓိတော၊ ပဌမဈာန်သမာဓိကြောင့်။ ဇံ၊ ဖြစ်သည်တည်း။ သမာဓိဇံ၊ ပဌမဈာန်သမာဓိကြောင့်ဖြစ်သည်။ ပဉ္စမီတပ္ပုရိသ် သမာသ်။ သမာဓိပုဒ်+ဇပုဒ်။

သမာဓိဟူသော ဝိသေသနပုဒ်အရကား- ပဌမဈာန်သမာဓိသည် မုချ။ ယင်း ပဌမဈာန် သမာဓိ၏ ဒုတိယဈာန်နှင့် ဥပနိဿယအကြောင်းအကျိုးအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဌာနူပစာ အားဖြင့် ရ၏။ သမာဓိဇံ-ဟူသော သမာသ်ပုဒ်လုံးအရကား- ထို-ဖြင့် မှတ်အပ်သော ပဌမဈာန်သမာဓိ ကြောင့်ဖြစ်သာ ဒုတိယဈာန်ရ၏။

(သမာဓိဇပုဒ်ကား ဈာန်၏ ဝိသေသနဖြစ်၍ ဝိသေသနဆက်ကောက်)

က-ဝါကျ သမ္ပယုတ္တသမာဓိတော ဇာတံ-ဖြင့် သမာဓိဇပုဒ်ကို သမာဓိတော ဇံ သမာဓိဇံ- ဟု ပဉ္စမီတပ္ပုရိသ်သမာသ်ဝစနတ္ထပြုရမည်၏အဖြစ်ကို လည်းကောင်း၊[၁] ဇ-သဒ္ဒါ ဇာတအနက်ဟော သည်၏အဖြစ်ကိုလည်းကောင်း၊[၂] တစ်နည်း။ ဇပုဒ်ကို ဇာတန္တိတိ ဇံ-ဟု ကတ္တုသာဓနဝစနတ္ထပြုရ မည်၏အဖြစ်ကိုလည်းကောင်း၊[၃] ဇံ (ဇန+ကွိ) ၌ ကွိပစ္စည်း၏ ကတ္တုသာဓန၌သက်သည်၏ အဖြစ်ကို လည်းကောင်း၊[၄] ဤဝိကပ်အလို သမာဓိအရ သမ္ပယုတ္တသမာဓိကို ယူရမည်၏အဖြစ်ကိုလည်းကောင်း၊[၅] ဒုတိယဈာန-သမ္ပယုတ္တသမာဓိက ဒုတိယဈာန်အား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုသည်၏ အဖြစ်ကို လည်းကောင်း[၆] သိစေသည်။

၁။ အဘိဓာနတ္ထ၊ သမာသလိင်္ဂတ္ထ။ ၂။ နာမလိင်္ဂတ္ထ။ ၃။ တစ်နည်း- အဘိဓာနတ္ထ။ ၄။ ဒုတိယပစ္စယတ္ထ။ ၅။ အဘိဓေယျတ္ထ။ ၆။ ဘာဝတ္ထ။

http://www.dhammadownload.com



## (၇) ဥပသဂ္ဂ နိပါတတ္ထ

က-ဝါကျ ဝါသဒ္ဒါ အတ္ထန္တရဇောတကနိပါတ်။

မှတ်ချက်။ ၂-၃-အဖြေကြည့်ပါ။

ခ-ဝါကျ ကိဥ္စာပိ-ကား သမ္ဘာဝနာဇောတကနိပါတ်။

ဂ-ဝါကျ အထခေါ်-ကား ဂရဟာဇောတကနိပါတ်။

ဂ-ဝါကျ အတိဝိယ-ကား အတိရေကတ္ထနိပါတ်။

ဂ-ဝါကျ စသဒ္ဒါ သမုစ္စယဇောတကနိပါတ်။

ဃ-ဝါကျ ဝုတ္တမေဝ-၌ ဧဝသဒ္ဒါ အဝဓာရဏဇောတကနိပါတ်။

၁။ ဖွင့်ဆိုအပ်ပြီးသော နည်းရှိသော ပိတိသုခသည် ဂဟေတဗ္ဗတ္ထ။

၂။ ဖွင့်ဆိုအပ်ပြီးသော နည်းမရှိသောပုဒ်သည် နိဝတ္တေတဗ္ဗတ္ထ။

၃။ ဖွင့်ဆိုအပ်ပြီးသောနည်းသည် အနုညာတတ္ထ။

### သဗ္ဗနာမဝိသယ

တတ္ထ-၌ တ-သဒ္ဒါ ရှေးဝါကျရှိ ဈာန်၊ ဝါ-သမာဓိဇ်-ကိုစွဲသောကြောင့် ပက္ကန္တဝိသယ-တ။

ဂ-ဝါကျ တသ္မာ-၌ တသဒ္ဒါကား "အရဟတိ"ကြိယာကိုစွဲသောကြောင့် အနုဘူတဝိသယ-တ။

ဂ-ဝါကျ ဣဒမေဝ-၌ ဣမသဒ္ဒါကား ဒုတိယဈာန်-ကို စွဲသောကြောင့် ပက္ကန္တဝိသယ-ဣမ။

---

## (၁၀) ပဌာန်းပစ္စည်းပြိုင်

က-ဝါကျ ပဋ္ဌမဝိကပ်နှင့်အညီ သမာဓိအရ- ပဌမဈာန်သမာဓိပစ္စည်းတရားက ဒုတိယဈာန်အား ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ပြိုင်=မရှိ။ (၆-အဖြေကြည့်)

က-ဝါကျ သမ္ပယုတ္တသမာဓိပစ္စည်းတရားက ဒုတိယဈာန် သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ပြိုင်= သဟဇာတကြီး-၄၊ အညမည၊ သမ္ပယုတ္တ၊ ဣန္ဒြိယ၊ ဈာန- ၈-ပစ္စည်း။

ဒုတိယဈာန်အဖွင့် ပြီး၏။

http://www.dhammadownload.com



## တတိယဈာန်အဖွင့်

(က) ပီတိယာစ ဝိရာဂါတိ ဝိရာဂေါ–လ– သမတိက္ကမောဝါ။ (ခ) ဥဘိန္နံ ပန အန္တရာ –လ– သမ္ပိဏ္ဍနတ္ထော။ (ဂ) သော ဝူပသမံ ဝါ –လ– ဝူပသမံ ဝါ။ (ဃ) တတ္ထ ယဒါ ဝူပသမေဝ –လ– ယောဇနာ ဝေဒိတဗ္ဗာ။ (င) ဣမိဿာ စ ယောဇနာယ –လ– ဟောတိ။ (စ) တသ္မာ ပီတိယာ –လ– ဒဋ္ဌဗ္ဗော။ ဋ္ဌ၊ ၂၁၅–၆။

### (၁) အနက်ယောဇနာ

(က) ပီတိယာ၊ ပီတိယာ၊ ပီတိကို။ ဝိရာဂါစ၊ စက်ဆုပ်ခြင်းကြောင့်လည်းကောင်း။ ပီတိယာ၊ ပီတိကို။ ဝူပသမာစ၊ ငြိမ်းစေခြင်းကြောင့်လည်းကောင်း။

မှတ်ချက်။ ဝိရာဂသဒ္ဒါ ဇိဂုစ္ဆနတ္ထဟောခိုက် စသဒ္ဒါ ဝူပသမ–ကို ပေါင်းသည်။ တသ္မာ ပီတိယာ ဇိနစ္ဆနာစ ဝူပသမာစာတိ အယမတ္ထော ဒဋ္ဌဗ္ဗော– ဟူသော အဋ္ဌကထာလဒ္ဓဂုဏ်ဝါကျကို မျှော်ပါ။

တစ်နည်း။ ပီတိယာ၊ ပီတိကို။ ဝိရာဂါစ၊ လွန်မြောက်ခြင်းကြောင့်လည်းကောင်း။ ဝိတက္က–ဝိစာရာနံ၊ ဝိတက်ဝိစာရတို့ကို။ ဝူပသမာစ၊ ငြိမ်းစေခြင်းကြောင့်လည်းကောင်း။

မှတ်ချက်။ ဝိရာဂသဒ္ဒါ သမတိက္ကမနတ္ထ–ကိုဟောခိုက် စ–သဒ္ဒါ "ဝိတက္က–ဝိစာရာနံ" ကို ပေါင်းသည်။ တသ္မာ ပီတိယာစ သမတိက္ကမာ၊ ဝိတက္က– ဝိစာရာနဉ္စ ဝူပသမာတိ–ဟူသော အဋ္ဌကထာလဒ္ဓဂုဏ်ဝါကျကိုမျှော်။

သတိပြုရန်။ ပီတိယာ၊ ၏။ ဝူပသမာ၊ ငြိမ်းခြင်းကြောင့်–ဟု သမ္မန် အနက်ပေး။ ဝူပသမာ၊ ငြိမ်းစေခြင်း–ဟု ကာရိုက်ပေးလျှင်– ပီတိယာ၊ ပီတိကို–ဟု ကာရိုက်ကံ အနက်ပေး။ ဝိတက္ကဝိစာရာနံ–ပုဒ်ကိုလည်း ထို့အတူ သမ္မန်, ကံ–၂–မျိုးပေးနိုင်သည်။ ဤ၌ ပြည်သျှသို့လိုက်၏။ ပီတိယာ–ဝိတက္ကဝိစာရာနံ ပုဒ်ကို ကံ–အနက်ပေးသည်။

---

### (၂–၃) ဝါကျခွဲ ကျမ်းတက်

ခ–ဝါကျကား ပက္ခန္တရဝါကျ။ ထို–၍ က–ဝါကျကား ပက္ခဝါကျ။

### က–ဝါကျ ဝါသဒ္ဒါ

ဝိရာဂသဒ္ဒါ ဇိဂုစ္ဆနအနက်, သမတိက္ကမနအနက် အသီးသီးရသောကြောင့် က–ဝါကျ၌ ဝါ–များကား ဝိကပ္ပနအနက်ရှိသည်။ ယင်းဝိကပ္ပနအနက်ကို ပြလိုသောကြောင့် "ဝါ"သဒ္ဒါထားရသည်။ ဟတ္ထဂ္ဂဟဏံဝါ ဝေဏိဂ္ဂဟဏံဝါ–၌ ဝါ–သဒ္ဒါကဲ့သို့တည်း။

✪ သဒ္ဒါဝိကပ်၊ ကြံစည်လတ်၊ အရပ်အရပ်သာ။

မှတ်ချက်။ က–ဝါကျဖြင့် ဝိရာဂ–ပုဒ်ကို ဖွင့်ပြပြီးနောက် ခ–ဝါကျဖြင့် ပီတိယာစ–၌ စသဒ္ဒါ၏အနက်ဖွင့်သဖြင့် ခ–ဝါကျ ပက္ခန္တရဝါကျ။

ဂ–ဝါကျကား ယုတ္တိဒဋ္ဌိကရဏဝါကျ။ ထို–၍ ခ–ဝါကျကား ယုတ္တိဒဋ္ဌိယဝါကျ။

http://www.dhammadownload.com



ရှင်းလင်းချက်။ စသဒ္ဒါ သမ္ပိဏ္ဍနအနက်ရှိသည်ဟု ခ-ဝါကျဖြင့် ဆိုခဲ့ရာ တစ်စုံတစ်ခုကို ပေါင်းဆည်းသော်သာလျှင် သင့်တန်ရာ၏ ယင်းသို့မဟုတ်မူ အဘယ်ကဲ့သို့ သင့်တန်မည်နည်း- ဟု ဒဠှီပသင်္ဂရှိသောကြောင့်လည်းကောင်း၊ သမ္ပိဏ္ဍနတ္ထော-နှင့် သမ္ပိဏ္ဍေတိ- ရှေ့နောက်စကား ထပ်တူကြသဖြင့်လည်း ကောင်း၊ ပါရာဇိကဏ်အဋ္ဌကထာ- ပီတိယာစ ဝိရာဂါအဖွင့် နှာ-၁၂၀-၌ သော ဟိ ဂူပသမံ ဝါ-ဟု "ဟိ" နိပါတ်နှင့်ရှိသော ကြောင့်လည်းကောင်း ဂ'ဝါကျကို ယုတ္တိဒဠှီကရဏ ဝါကျဟု ဆိုသည်။

ဃ-ဝါကျကား (ဝါ-ဃ-မှ ဝိတက္ကဝိစာရာနန္တ ဝူပသမာတိ အယမတ္ထော ဒဠှဗ္ဗော- တိုင်အောင်ကား) သမ္ပိဏ္ဍန ၂-ပါး အကျယ်ကိုပြသောကြောင့် ဝိတ္ထာရ ဝါကျ။ ထို-၍ ဂ-ဝါကျကား သင်္ခေပဝါကျ။

င-ဝါကျကား (ဤယောဇနာ၌ ဝိရာဂသဒ္ဒါ အဘယ်အနက်ရှိသနည်း-ဟု စောဒနာဘွယ်ကို ဆက်လက်ပြသောကြောင့်) ဝါကျာရမ္ဘဝါကျ။ ထို-၍ ဃ-ဝါကျ အာရဒ္ဓဝါကျ။

စ-ဝါကျ လဒ္ဓဂုဏဝါကျ။ ဝါ-ဖလဝါကျ။ ထို-၍ င-ဝါကျကား လဒ္ဓဂုဏိယဝါကျ။ ဝါ-ကာရဏဝါကျ။

မှတ်ချက်။ ဤဝါကျဆင်ရာ၌ မပါသော ယဒါ ပန (၂၁၆) စသည်ကို ရှေ့ တတ္ထ ယဒါ-စသော ဝါကျနှင့် အတူသိလေ။

---

## (၄) ဝိဂ္ဂဟာဒိ

ဝိရာဂ။ ဝိရဇ္ဇနံ ဝိရာဂေါ။ ဝိရဇ္ဇနံ၊ မတပ်မက်ခြင်း (သဒ္ဒတ္ထ) ဝါ- စက်ဆုပ်ရွံရှာခြင်း။ ဝါ-လွန်မြောက်ခြင်း။ (အဖွင့်နှင့်အညီ ဘာဝတ္ထ-၂-နက်) ဝိရာဂေါ၊ မတပ်မက်ခြင်း၊ ဝါ- စက်ဆုပ်ရွံရှာခြင်း၊ ဝါ-လွန်မြောက်ခြင်း။ ဝိပုဗ္ဗ+ရဉ္ဇဓာတ်+ဏပစ္စည်း။

ဝိ-ဥပသာရအရကား ဓာတွတ္ထဗာဓကဘောဂုဏ်ရ၏။ (ရဉ္ဇ=ရာဂေ= တပ်မက်ခြင်း၊ ဝိ- ဥပသာရကြောင့် မတပ်မက်ခြင်းအနက်ကိုဟောသဖြင့် ဝိ-ကား ဓာတွတ္ထဗာဓက။ ဇေတိ= အောင်၏။ ပရာဇေတိ၊ ရှုံး၏-နှင့်အတူမှတ်။

ရဉ္ဇဓာတ်အရကား ပီတိကို မတပ်မက်ခြင်း၊ ဝါ-စက်ဆုပ်ရွံရှာခြင်း၊ ဝါ-လွန်မြောက်ခြင်း ကြိယာရ၏။

ဏ-ပစ္စည်းအရလည်း ဘာဝသာဓနတို့သဘောသည် ဓာတ်အရ ပစ္စည်းအရ အထူးမရှိသော ကြောင့် ယင်းမတပ်မက်ခြင်း-လ- ကြိယာပင်ရ၏။

ဝုတ္တပကာရာယ။ ဝုတ္တော ပကာရော ယဿာ ပီတိယာတိ ဝုတ္တပ္ပကာရာ။ (တာယ- ဝိဘတျန္တ)

ယဿာ ပီတိယာ၊ အကြင်ပီတိအား။ ဝုတ္တော၊ ပဋ္ဌမဈာန်၌ဖွင့်ဆိုအပ် ပြီးသော။ ပကာရော၊ အပြားသည်။ အတ္ထိ၊ ၏။ ဣတိ သာ ဝုတ္တပ္ပကာရာ။ (ပကာရ ပကာရဝန္တစပ်)

http://www.dhammadownload.com



သမ္ပိဏ္ဍနတ္ထော။ သမ္ပိဏ္ဍနံ အတ္ထော ယဿ စသဒ္ဒဿာတိ သမ္ပိဏ္ဍနတ္ထော။ (အကြောင်း အကျိုး၊ အကျိုး အကြောင်းစပ်ကောက်)

သမ္ပိဏ္ဍနံ = သံ+ပိဍိ+ယု။

သမ္ပိဏ္ဍေတိ။ သံ+ပိဍိ+ဏေ+တိ။ စုရာဒိဂိုဏ်း။

## (၆) အာဘောဂ သံဝဏ္ဏနာ

က–ဝါကျ ဝုတ္တပကာရာယ–ဖြင့် ပီတိယာ–၌ ပီတိသည် ပဋ္ဌမဈာန်၌ ဆိုအပ်ပြီးသော ပီတိကိုပင် သဒိသူပစာအားဖြင့် ဆိုသတည်းဟုသိစေသည်။ (ဘာဝတ္ထ)

က–ဝါကျ ဇိဂုစ္ဆနံ–ဖြင့် ဝိရာဂဟူသည် ငြီးငွေ့ခြင်းကိုအကြောင်းပဓာနပြု၍ စက်ဆုပ်ခြင်း ပင်တည်းဟူသောအဓိပ္ပါယ်ကိုလည်းကောင်း၊[၁] သမတိက္ကမော–ဖြင့် ဝိရာဂ ဟူသည် ပီတိနှစ်သက်သော ရာဂကို လွန်မြောက်ခြင်း (ပယ်ခြင်း)ပင်တည်းဟူသော အဓိပ္ပါယ်ကိုလည်းကောင်း၊[၂] ဝိရဇ္ဇနံ ဝိရာဂေါ– ဟု ဘာဝသာဓနဝစနတ္ထပြုရမည်၏ အဖြစ်ကိုလည်းကောင်း၊[၃] ဝိရာဂ–၌ ဏပစ္စည်း၏ ဘာဝသာဓနရှိ သက်သည်၏ အဖြစ်ကိုလည်းကောင်း[၄] သိစေသည်။

၁။ ဘာဝတ္ထ။ ၂။ ဘာဝတ္ထ။ ၃။ အဘိဓာနတ္ထ။ ၄။ ဒုတိယပစ္စယတ္ထ။

ခ–ဝါကျဖြင့် ပီတိယာ စ–၌ စသဒ္ဒါ သမ္ပိဏ္ဍနအနက်ကို ဟောသတည်း ဟု သိစေသည်။ (နိပါတလိင်္ဂတ္ထ)

### သမ္ပိဏ္ဍနနှင့် သမုစ္စည်း

သာရတ္ထ၊ ၁၊ ၃၆၉–၌ သမ္ပိဏ္ဍနံ သမုစ္စယော–ဟုဖွင့်၍– ရူပ၊ နှာ–၈၀–၌လည်း သမုစ္စယနံ သမ္ပိဏ္ဍနံ သမုစ္စယော–ဟု သမုစ္စည်းနှင့် သမ္ပိဏ္ဍန သဘောတူဖွင့်ပြသည်။ နိယံဆရာတို့ကား "သမ္ပိဏ္ဍန၊ ပြသည့်သမုစ္စည်း၊ ဆည်းသည့်ဒြဗ်၊ ဂုဏ်နှင့် ဟာတ်" (တိပိဋကနိယံ)–ဟု ဒြဗ်ဆည်းလျှင် သမ္ပိဏ္ဍန၊ ဂုဏ်ကိုဆည်းလျှင် သမုစ္စည်း–ဟု အထူးဆိုကြသေး၏။

## (၇) ဥပသဂ္ဂ နိပါတတ္ထ

က–ဝါကျ စသဒ္ဒါ သမ္ပိဏ္ဍနတ္ထ။

က–ဝါကျ ဝါသဒ္ဒါများကား ဝိကပ္ပနတ္ထနိပါတ်။

ခ–ဝါကျ ပန–သဒ္ဒါ ပက္ခန္တရဇောတကနိပါတ်။

ဃ–ဝါကျ ဥပသမေဝ–၌ ဧဝသဒ္ဒါ အဝဓာရဏတ္ထ။

၁။ ပီတိကို ငြိမ်းစေခြင်း ဂဟေတဗ္ဗတ္ထ။

၂။ ဝိတက် ဝိစာရတို့ကို ငြိမ်းစေခြင်း အဝဓာရဏတ္ထ။

၃။ ပီတိကို စက်ဆုပ်ခြင်း အနုညာတတ္ထ။

http://www.dhammadownload.com



## သဗ္ဗနာမဝိသယ

ဂ–ဝါကျ၌ သော–ဝယ် တသဒ္ဒါကား ရှေ့ဝါကျရှိ စ–သဒ္ဒါကို စွဲသောကြောင့် ပက္ကန္တဝိသယ–တ။

ဃ–ဝါကျ တဒါ–၌ တသဒ္ဒါကား ရှေးဝါကျရှိ သမ္ပိဏ္ဍနကြိယာကို စွဲသောကြောင့် အနုဘူတဝိသယ–တ။

စ–ဝါကျ တသ္မာ–၌ တ–သဒ္ဒါကား ရှေ့ဝါကျရှိ ဟောတိကြိယာကို စွဲသောကြောင့် အနုဘူတဝိသယ–တ။

---

ဥပေက္ခကော စ ဝိဟရတီတိ ဧတ္ထ –

(က) ဥပပတ္တိတော ဣက္ခတီတိ ဥပေက္ခာ။ (ခ) သမံ ပဿတိ အပေက္ခပတိတာ –လ– အတ္ထော။ (ဂ) တာယ ဝိသဒါယ –လ– ဥပေက္ခကောတိ ဝုစ္စတိ။ (ဃ) ဥပေက္ခာ ပန –လ– ပါရိသုဒ္ဓုပေက္ခာတိ။ ဋ္ဌ၊ ၂၁၆။

### (၁) အနက်ယောဇနာ

ဥပေက္ခကော စ ဝိဟရတိ။ (ပါဠိတော်)

ဥပေက္ခကော စ၊ အသင့်အားဖြင့် ရှုသည်ဖြစ်၍လည်း။ ဝါ– အညီအမျှ ရှုသည် ဖြစ်၍လည်း။ ဝါ– သုခ (ဣဋ္ဌ) ဒုက္ခ (အနိဋ္ဌ) အဖို့၌ မကျမှုဍ်ရှုသည်ဖြစ်၍လည်း။ ဝိဟရတိ၊ နေ၏။ (အဖွင့်နှင့်အညီ၊ သံဝဏ္ဏနာနှင့်အညီ)

### (၂–၃) ဝါကျခွဲ ကျမ်းတက်

ခ–ဝါကျကား– ဝိတ္ထာရဝါကျ။ က–ဝါကျကား–သင်္ခေပဝါကျ။

မှတ်ချက်။ ဣတိ အတ္ထော–ဝါကျမျိုး။

ဂ–ဝါကျ ပက္ကန္တရဝါကျ။ ထို–၍ က–ခ–ဝါကျကား ပက္ခဝါကျ။ (ဥပေက္ခာ–ပုဒ်ဖွင့်ပြီးနောက် ဥပေက္ခကပုဒ်ဖွင့်။ အာဘော်နှင့် ယှဉ်ကြည့်။)

ဃ–ဝါကျ (အောက်ပါကျမ်းတက်အတိုင်း စောဒနာဘွယ်ရှိ၍ ဆက်လက်ဖွင့်ပြ သောကြောင့်) ဝါကျာရမ္ဘဝါကျ။ ထို–၍ ဂ–ဝါကျကား အာရဒ္ဓဝါကျ။

### ဃ–ဝါကျ ဋ္ဌပနာတိကကျမ်းတက်

ဆရာ၊ ဆရာသည် ဂ–ဝါကျဖြင့် ကာကိလေသာကင်းသဖြင့် သန့်ရှင်းသော (လ) မြဲမြံခိုင်ခန့်သည်၏အဖြစ်သို့ရောက်သော ထိုဥပေက္ခာနှင့်ပြည့်စုံသောကြောင့် တတိယဈာန သမင်္ဂီပုဂ္ဂိုလ်ကို "ဥပေက္ခကော"ဟု ဆိုတော်မူ၏။(ဋ္ဌ) ဤတတိယဈာန်၌ ဥပေက္ခာဝေဒနာပင် မရှိသည်မဟုတ်လော။ အဘယ့်ကြောင့် တတိယဈာနသမင်္ဂီပုဂ္ဂိုလ်ကို "ဥပေက္ခကော"ဟု ဆိုသနည်း–ကြောင့် ဃ–ဝါကျမိန့်။

http://www.dhammadownload.com



ကား- ဃ-ဝါကျဖြင့် ဝေဒနုပေက္ခာကိုသာလျှင် ဥပေက္ခာဟု ဆိုအပ်သည်မဟုတ်၊ စင်စစ်သော်ကား ဝေဒနုပေက္ခာမှတစ်ပါး အခြားဥပေက္ခာ များပင် ရှိသေးဟု ငါပြဆို၏ ဟူလိုသော်။ (သာရတ္ထ၊ ၁၊ ၃၆၉)

## ဃ-ဝါကျ ပါပနာရောပနာဒီကျမ်းတက်

ဆရာ၊ဆရာသည်-လ-ဆိုတော်မူ၏။(ဌ) ထိုသို့သာဆိုချေသော်· (လက္ခဏာအရစ်) ဤတတိယဈာန်၌ ဥပေက္ခာဝေဒနာရှိ၏ဟူသောအနက်သည်ရောက်ရာ၏။ (အနု+ပါ) စင်စစ်တမူကား ဤတတိယဈာန်၌ ဥပေက္ခာဝေဒနာ မရှိသည်သာဖြစ်၏။(ပဋိ+ပါ) ထိုသို့ မရှိသည်သာဖြစ်သောကြောင့် (ရောပနာ ပါဒကဟိတ်) ဤတတိယဈာန်ပုဂ္ဂိုလ်ကို အနုပေက္ခကော-ဟူသာ ဆိုသင့်ဆိုတန်၏။ (အနု+ရော) ဤတတိယဈာန်ပုဂ္ဂိုလ်ကို ဥပေက္ခကော-ဟု မဆိုသင့် မဆိုတန်။(ပဋိ+ရော) အကယ်၍ မဆိုသင့်ဘဲဆိုချေသော် ဆရာ့ အား သဒ္ဒ,အတ္ထ ဆန့်ကျင်သော ဝိရောဓိဒေါသရောက်ရာ၏။ (ဒေါသတင်) အဘယ့် ကြောင့် တတိယဈာနသမင်္ဂီပုဂ္ဂိုလ်ကို "ဥပေက္ခကော"ဟု ဆိုသနည်း-ကြောင့် ဃ-ဝါကျမိန့်။

ကား- ဃ-ဝါကျဖြင့် ဝေဒနုပေက္ခာကိုသာလျှင် ဥပေက္ခာ-ဟု ဆိုအပ်သည်မဟုတ်၊ စင်စစ်သော်ကား ဝေဒနုပေက္ခာမှတစ်ပါး အခြားဥပေက္ခာ အများပင်ရှိသေးသောကြောင့် တတိယဈာနသမင်္ဂီပုဂ္ဂိုလ်ကို ဥပေက္ခကော-ဟု ငါပြဆိုသည် ဖြစ်ရကား သင်တင်တိုင်းသော သဒ္ဒ, အတ္ထ ဆန့်ကျင်သော ဝိရောဓိဒေါသ ငါ့အားမရောက် ဆိုသင့်ဆိုတန်၏ ဟူလိုသော်။

---

## (၅) ဓာတုပစ္စယာဒိ

**ဝိသဒါယ**။ ဝိပုဗ္ဗ+သဒဓာတ်+အပစ္စည်း။ ဣတ္ထိလိင်၊ အာပစ္စည်း၊ ကညာဒိဂိုဏ်း၊ နာဝိဘတ်။

**ဝိပုလာယ**။ ဝိပုဗ္ဗ+ပုလဓာတ်+အပစ္စည်း။ (ကြွင်းတူ။)

**ထာမ**။ ဌာဓာတ်+အပစ္စည်း။ ဌ-ကို ထ-ပြု။ သုစိ။

---

## (၆) အာဘောဂ သံဝဏ္ဏနာ

က-ဝါကျ၌ ဥပပတ္တိတော-ဖြင့် ဥပေက္ခာ (ဥပ+ဣက္ခာ)၌ ဥပသဒ္ဒါ၏ ဥပပတ္တိ (=ယုတ္တိ =အနုရူပ=အသင့်) အနက်ဟော၏အဖြစ်ကိုလည်းကောင်း၊[၁] ဥပပတ္တိတော ဣက္ခတီတိ ဥပေက္ခာ-ဟု ကတ္တုသာဓနဝစနတ္ထပြုရမည်၏အဖြစ်ကိုလည်းကောင်း၊[၂] တော-ပစ္စည်း၏ ယင်းသာဓန၌ပင် သက်သည်၏အဖြစ်ကိုလည်းကောင်း၊[၃] ဥပသဒ္ဒူပပဒ+ ဣက္ခဓာတ်၏အဖြစ်ကိုလည်းကောင်း[၄] သိစေသည်။ ၁။ ဥပသဂ်လိင်္ဂတ္ထ။ ၂။ အဘိဓာနတ္ထ။ ၃။ ဒုတိယပစ္စယတ္ထ။ ၄။ ဒုတိယဓာတုပဒ။

**မှတ်ချက်**။ ဥပေက္ခာ-အရ တတြမဇ္ဈတ္တတာစေတသိက်ကိုကောက်။ အဋ္ဌကထာ ဝိဂ္ဂဟကို ပရမတ္ထ ကတ္တုသာဓနဉာဏ်ကောက်အတိုင်း သတ္တိစသည် ကောက်ပါ။

http://www.dhammadownload.com



ခ–ဝါကျ၌ သမံ–ဖြင့် ဥပပတ္တိ (အသင့်) ဟူသည် သမံ(အညီအမျှ) ပင်တည်းဟူသော အဓိပ္ပါယ်ကိုလည်းကောင်း၊[၁] ပဿတိ–ဖြင့် ဥက္ကစာတ်သည် ဒဿန(ကြည့်ခြင်း) အက် (အမှတ်ပြုခြင်း) အနက် ၂–မျိုးတွင် ဤ၌ အက်= အနက်ကိုမဟော၊ ဒဿနအနက်ကိုဟောသည်၏ အဖြစ်ကိုလည်းကောင်း[၂] သိစေသည်။ ၁။ ဘာဝတ္ထ။ ၂။ ဓာတွတ္ထ။

ခ–ဝါကျ၌ အပက္ခပတိတာဝ–ဖြင့် ဥပပတ္တိ (အသင့်)ဟူသည် သမံ=အညီ အမျှ (ညီမျှအောင်) သမံ=အညီအမျှဟူသည် (အပေက္ခတိတာ=) သုခ (ဣဋ္ဌ) ဘက်လည်းမကျ၊ ဒုက္ခ(အနိဋ္ဌ)ဘက်လည်းမကျဟူသော အဓိပ္ပါယ်တို့ကို သိစေသည်။ (ဘာဝတ္ထ)

ဂ–ဝါကျ၌ တာယ သမန္နာဂတတ္တာ–ဖြင့် ဥပေက္ခကောပုဒ်ကို ဥပေက္ခာ အဿ အတ္ထီတိ ဥပေက္ခကော–ဟု အဿတ္ထိတဒ္ဓိတ်ဝစနတ္ထပြုရမည်၏အဖြစ်ကိုလည်းကောင်း၊[၁] က–ပစ္စည်း၏ ယင်းတဒ္ဓိတ်၌သက်သည်၏အဖြစ်ကိုလည်းကောင်း[၂] သိစေသည်။

၁။ အဘိဓာနတ္ထ။ ၂။ ပစ္စယတ္ထ။

## အာဘော် ဝါဒကွဲများ

ဆိုပြီးအာဘော်ကား–"သံဝဏ္ဏေတဗ္ဗ၊ ပုဒ်ဧက–ကို၊ –လ– တဒ္ဓိတ် အဿတ္ထိ ကြံနည်းသိ" ဟူသော သံဝဏ္ဏနာနိယံနှင့်အညီ အာဘော်တည်း။ ဆင်တဲ ဂဏ္ဌိ–၂၅၇–၌ "ဥပေက္ခာယ သမန္နာဂတော ဥပေက္ခကော" ပြုဟုဆိုသည်။ သမန္နာဂတ–တဒ္ဓိတ်တည်း။ မအူသျှ၌ "ဥပေက္ခတီတိ ဥပေက္ခကော"ဟု ပြုစေလို၍ တာယစသည်မိန့်ဟု ကျမ်းတက်သည်။ ယင်းအလို– တာယ–လ– သမန္နာဂတတ္တာ–ဖြင့် (ဥပ+ဣက္ခ+ဏွု) ဏွုပစ္စည်း ကတ္တုသာဓနေ၌သက်သည် ကိုလည်းကောင်း၊ ကတ္တုသာဓနေဝစနတ္ထ ပြုရမည်ကို လည်းကောင်း ပြသည်ဟု မှတ်ရာ၏။

နိပါတတ္ထ = ဃ–ဝါကျ၌ ပနသဒ္ဒါကား ဝါကျာရမ္ဘဇောတကနိပါတ်။

---

## (၈) ကြိယာငါးတန်

ဥပေက္ခကော–၌ ရှေ့ပုဒ် ဥပေက္ခာ–အရ၊ ဣက္ခတိ–အရ၊ ပဿတိ–အရ၊ ဂ–ဝါကျ တာယ–အရ တတြမဇ္ဈတ္တတာစေတသိက်ရသည်။ တတြမဇ္ဈတ္တတာ၏ လက္ခဏာဒိစတုက္ကကိုမျှော်၍ ကြိယာငါးတန် ထုတ်လေ။

---

## (၉) လက္ခဏာဒိစတုက္က

သာ မဇ္ဈတ္တလက္ခဏာ၊ အနာဘောဂ ရသာ။

အဗျာပါရ ပစ္စုပဋ္ဌာနာ၊ ပီတိဝိရာဂ ပဒဋ္ဌာနာ။ ဋ၊ ၂၁၈။

---

## (၁၀) ပဋ္ဌာန်းပစ္စည်းပြိုင်

မေး။ ဂ–ဝါကျ၌ ရသင့်သော ပစ္စည်း ပစ္စယုပ္ပန်တို့ကို ဖော်ပြ၍ ပစ္စယသတ္တိတို့ကိုလည်း ရေးသားခဲ့ပါ။

http://www.dhammadownload.com



ဖြေ။ ဂ–ဝါကျ၌ တာယ–အရ– သမန္နာဂတ္တာ–အရ တတြမဇ္ဈတ္တတာစေတသိက် ပစ္စည်းတရားက သမန္နာဂတ–အရ တတိယဈာနသမင်္ဂီ–အရ, ဥပေက္ခကော–အရ, ဝုစ္စတိ–အရ တတိယဈာနသမင်္ဂီပုဂ္ဂိုလ်ဟူသော ရုပ်နာမ်ခန္ဓာ ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုသည်။

ပြိုင်= သဟဇာတကြီး–၄၊ အညမည,သမ္ပယုတ္တ, ဝိပ္ပယုတ္တ၊ ပေါင်း–၇–ပစ္စည်း။

**ရှင်းလင်းချက်။** ဂ–ဝါကျရှိ တာယပုဒ်၊ သမန္နာဂတတ္တာပုဒ်တို့အရ– "တတြမဇ္ဈတ္တတာ" စေတသိက်ရ။ သမန္နာဂတပုဒ်၊ တတိယဈာနသမင်္ဂီကံပုဒ်၊ ဥပေက္ခကောတိ–အာကာရပုဒ်၊ ဝုစ္စတိ–ကြိယာပုဒ်တို့အရ– တတိယဈာနသမင်္ဂီ ပုဒ်ရ၏။ (ကံ အာကာရ၊ ကရဏတို့၊ အရ မပြား၊ ဤသုံးပါး မမှားတူလေမြဲ–နိယံ)

သမန္နာဂတတ္တာ။ သမန္နာဂတဿ ဘာဝေါ သမန္နာဂတတ္တံ။ (တသ္မာ) သမန္နာဂတဿ၊ (တတြမဇ္ဈတ္တတာ =ဥပေက္ခာနှင့်) ပြည့်စုံသောသူ၏။ ဘာဝေါ၊ ဖြစ်ကြောင်းတည်း–ဟု ဘောစီးလိုက်သောအခါ သမန္နာဂတတ္တာ–ဟိတ်ပုဒ် တတြမဇ္ဈတ္တတာ (ဥပေက္ခာ)ကို ရသည်။

ဤသို့လျှင် အရကောက်များကို သတိပြု၍ ကြိယာငါးတန် ပစ္စည်းပြိုင်ကို သိရာ၏။ ဥပေက္ခာ ၁၀–ပါးကို အဋ္ဌကထာလာအတိုင်း မှတ်လေ။

## တရားကိုယ်တူ ဥပေက္ခာများ

ဆဠင်္ဂုပေက္ခာ၊ ဗြဟ္မဝိဟာရုပေက္ခာ၊ ဗောဇ္ဈင်္ဂုပေက္ခာ၊ တတြမဇ္ဈတ္တု–ပေက္ခာ၊ ဈာနုပေက္ခာ၊ ပါရိသုဒ္ဓုပေက္ခာ=၆–ပါးကား– တတြမဇ္ဈတ္တတာရ၏။

✪ ဆ, ဗြ, ဗော,တ၊ ဈာနှင့် ပ၊ အတ္တ တတြာ။ (ပြည်သျှ)
သင်္ခါရ, ဝိပဿန၊ ဤ ၂–ခု၊ ရှုမှု ပညာသာ။
ဝီရိယု၊ ဝေဒန၊ ဤ ၂–ခု၊ ရှုမှု အသီးသား။
ဥပေက္ခာ၊ ဆယ်ပါး၊ သရုပ်ကား၊ မှတ်သားသင့်သည်သာ။

---

သတော စ သမ္ပဇာနောတိ ဧတ္ထ –

(က) သရတီတိ သတော။ (ခ) သမ္ပဇာနာတီတိ သမ္ပဇာနော။ (ဂ) ဣတိ ပုဂ္ဂလေ သတိ စ သမ္ပဇည္ဉ စ ဝုတ္တံ။ ဋ္ဌ၊ ၂၁၉။ (ဝိဋ္ဌ၁၊ ၁၂၁–၌ ဣတိသဒ္ဒါ မပါ)

## (၂–၃) ဝါကျခွဲ ကျမ်းတက်

ခ–ဝါကျ ပက္ခန္တရဝါကျ။ ထို–၏ က–ဝါကျ ပက္ခဝါကျ။
ဂ–ဝါကျ ဝါကျာရမ္ဘဝါကျ။ ထို–၏ က–ခ–ဝါကျ အာရဒ္ဓဝါကျ။

## ဂ–ဝါကျ ကျမ်းတက်

ဆရာ၊ ဆရာသည်။ က–ခ–ဝါကျဖြင့် (ဘာသာပြန် ဋ္ဌပနာထား)ဆို၏။ သတော သမ္ပဇာနော –ဖြင့် သတိ,ပညာတို့ကို ဟောတော်မူသည် မဟုတ်ပါလော။ အဘယ့်ကြောင့် ပုဂ္ဂိုလ်ရသနည်း၊ စုဒ်ကြောင့် ဂ–ဝါကျမိန့်။ ပါရာဂံ၊သစ်၊၂၁၆၃။

http://www.dhammadownload.com



## (၄) ဝိဂ္ဂဟ ညည်ကောက်

သတော။ သရတီတိ သတော။ ယော ပုဂ္ဂလော၊ သည်။ သရတိ၊ အောက်မေ့တတ်၏။ ဣတိ သော သတော။ သရဓာတ်+တ–ပစ္စည်း။ ကတ္တုသာဓန။

သရဓာတ်အရကား– အောက်မေ့တတ်သောပုဂ္ဂိုလ်၏ သတိပြဓာန်းသောစိတ္တုပ္ပါဒ်သည် မုချ။ ရှေးရှေး၌ဖြစ်သော မြဲမြဲခိုင်ခန့်သောသညာ (ထိရသညာ)သည် ဖလူပစာ။ နောက်နောက်၌ ဖြစ်သော မမေ့မလျော့ခြင်း (အသံမုဿန)သည် ကာရဏူပစာ။ တ–ပစ္စည်းအရကား–အောက်မေ့ တတ်သောသူ ရ၏။ ထိုသို့ပင်ရငြားသော်လည်း သတောသဒ္ဒါ၏ ပုဂ္ဂလာဓိဋ္ဌာန်ဒေသနာ၊ ဝါ– ဌာနူပစာသဒ္ဒါဖြစ်သောကြောင့် အောက်မေ့ခြင်း သတိသည်သာ ပဓာနအားဖြင့် ရ၏။ (သမ္ပဇာနော– ကိုလည်း ဤပုဒ်နည်းမှီ၍ ကောက်ပါ)

သမ္ပဇည်။ သမ္ပဇာနဿ ဘာဝေါ သမ္ပဇည်။ သမ္ပဇာနဿ၊ ကောင်းစွာအပြားအားဖြင့် သိတတ်သောပုဂ္ဂိုလ်၏။ ဘာဝေါ၊ အဖြစ်တည်။ သမ္ပဇာနပုဒ်+ ဏျပစ္စည်း။ ဘာဝတဒ္ဓိတ်။

သမ္ပဇာနပုဒ်+ဏျပစ္စည်း။ ဘာဝတဒ္ဓိတ်။

သမ္ပဇာနအရကား–ကောင်းစွာအပြားအားဖြင့်သိတတ်သော ပုဂ္ဂိုလ်ရ၏။ ယင်း၏ ပညာနှင့် ဌာန ဌာနီအဖြစ်ဖြင့်စပ်ခြင်းသမ္ဗန်သည် ဌာနူပစာ။ ဏျပစ္စည်းအရကား ပညာရ၏။

---

## (၆) အာဘော်ဂ သံဝဏ္ဏနာ

က–ဝါကျ၌ သရတိ–ဖြင့် သတောပုဒ်၏ သရဓာတ်၏အဖြစ်ကိုလည်းကောင်း၊[၁] သရတီတိ သတော–ဟု ကတ္တုသာဓနဝစနတ္ထပြုရမည်၏အဖြစ်ကိုလည်းကောင်း၊[၂] တ–ပစ္စည်း၏ ယင်းသာဓန၌ သက်သည်၏အဖြစ်ကိုလည်းကောင်း[၃] သိစေသည်။

၁။ ဒုတိယစာတုပဒ။ ၂။ အဘိဓာနတ္ထ။ ၃။ ဒုတိယပစ္စယတ္ထ။

✪ သရတီတိ ဣမိနာ "သတော"တိပဒဿ ကတ္တုသာဓနမာဟ။ သာရတ္ထ၊၁၊ ၃၇၅။

ခ–ဝါကျ၌ သမ္ပဇာနာတိ–ဖြင့် သမ္ပဇာနာတီတိ သမ္ပဇာနော–ဟု ကတ္တုသာဓန ဝစနတ္ထပြုရ မည်၏အဖြစ်ကိုလည်းကောင်း၊[၁] ယုပစ္စည်း၏ ယင်းသာဓန၌ သက်သည်၏အဖြစ်ကိုလည်းကောင်း[၂] သိစေသည်။ ၁။ အဘိဓာနတ္ထ။ ၂။ ဒုတိယပစ္စယတ္ထ။

မှတ်ချက်။ သမ္ပဇာနာတိ–ဟု ဖွင့်သဖြင့် သမ္ပဇာနော–၌ ဉာဓာတ်ဟု မသိနိုင်သောကြောင့် ဒုတိယစာတုပဒ အာဘော်မရဟု မှတ်လေ။

ဂ–ဝါကျဖြင့် ပုဂ္ဂလာဓိဋ္ဌာန် ဓမ္မာဓိဋ္ဌာန်ဒေသနာမျိုးတွင် သတော သမ္ပဇာနောကား ပုဂ္ဂလာဓိဋ္ဌာန် ဒေသနာမျိုးတည်းဟု သိစေသည်။ (ဘာဝတ္ထ)

မှတ်ချက်။ ပုဂ္ဂလေနာတိ ပုဂ္ဂလာဓိဋ္ဌာနေန–ဟု သာရတ္ထ၊၁၊ ၃၇၅–ဖွင့်သည်။ ပုဂ္ဂလေန၊ ပုဂ္ဂိုလ်ဖြင့်၊ ဝါ–ပုဂ္ဂိုလ်ဓိဋ္ဌာန်ဖြင့်–ဟု အနက်ပေး။ ပုဂ္ဂလာဓိဋ္ဌာန်ဟူသည် ပုဂ္ဂိုလ် (တည်ရာဌာန)ကို

http://www.dhammadownload.com



ပဓာနထား၍ပြောသောစကားမျိုးတည်။ ယင်းစကားဖြင့် သတိသမ္ပဇဉ ဟူသော ဌာနီကိုယူရသော ကြောင့် ဌာနူပစာတင်ရသည်။ ဋ္ဌ၊ ၂၁၀- ဣမိနာစ ဝိတက္ကေန-အဖွင့်လည်းကြည့်။

## (၇) ဥပသဂ္ဂ နိပါတတ္ထ

ဂ-ဝါကျ ဣတိ-ကား နိဒဿနတ္ထနိပါတ်။

ဂ-ဝါကျ စ-သဒ္ဒါ ၂-လုံးကား သမုစ္စယဇောတကနိပါတ်။

**သတော**။ ဌာနဖြစ်သော အောက်မေ့တတ်သောပုဂ္ဂိုလ်၏ သတောအမည်ကို ဌာနီ သတိစေတသိက်၌တင်စား၍ ဌာနီ သတိစေတသိက်ကို "သတော"ဟု ဆိုသောကြောင့် ဌာနူပစာ၊ နာနန္တရိကနည်း။ (အနုမာနသိဒ္ဓိ)

**သမ္ပဇာနော**။ ဌာနဖြစ်သော ကောင်းစွာအပြားအားဖြင့် သိတတ်သော ပုဂ္ဂိုလ်၏ သမ္ပဇာန အမည်ကို ဌာနီဖြစ်သော ပညာ (သမ္ပဇာန)၌တင်စား၍ ဌာနီ ပညာ (သမ္ပဇဉ)ကို သမ္ပဇာနော-ဟု ဆိုသောကြောင့် ဌာနူပစာ။ နာနန္တရိက။ (အနုမာနသိဒ္ဓိ)

**အမှာ**။ နံပါ (၁၀) အတွက်- သတိနှင့် သတော၊ သမ္ပဇဉနှင့် သမ္ပဇာနော- သဟဇာတမျိုး ပြိုင်လေ။

---

ဣဒါနိ သုခဉ္စ ကာယေန ပဋိသံဝေဒေတီတိ ဧတ္ထ -

(က) ကိဉ္စာပိ တတိယဇ္ဈာန (လ) အာဂေါ နတ္ထိ။ (ခ) ဧဝံ သန္တေပိ ယသ္မာ (လ) သမ္ပယုတ္တံ သုခံ။ (ဂ) ယံဝါ တံဝါ တံ နာမကာယ (လ) ပဋိသံဝေဒေယျ။ (ဃ) တသ္မာ ဧတမတ္ထံ (လ) ပဋိသံဝေဒေတီတိ အာဟ။ ဋ္ဌ၊ ၂၁၉။

## (၂-၃) ဝါကျခွဲ ကျမ်းတက်

က-ဝါကျကား ဧဝ+ဘောဝါကျ။ ခ-ဝါကျကား ပရိ+ဘော၊ပရိဟာရဝါကျ။ ကိဉ္စာပိ- ဝါကျ ထုံးစံအတိုင်း အကျယ်သိလေ။

ယသ္မာ တဿ နာမကာယေန သမ္ပယုတ္တံ သုခံ-ကား ကာရဏဝါကျ။ တသ္မာ ဧတမတ္ထံ ဒဿေန္တော "သုခဉ္စ ကာယေန ပဋိသံဝေဒေတီတိ အာဟ" ဟူသောဝါကျကား ဖလဝါကျ။

### ခ-ဃ-ဝါကျစပ်၍ အနက်ယောဇနာပုံ

ယသ္မာ၊ ကြောင့်။ တဿ တတိယဇ္ဈာနသမင်္ဂိနော၊ အား၊ နာမကာယေန၊ တတိယ ဈာန်စိတ္တုပ္ပါဒ်ဟုဆိုအပ်သော နာမကာယနှင့်။ သမ္ပယုတ္တံ၊ ယှဉ်သော။ သုခံ၊ စေတသိကသုခ (သုခဝေဒနာ)သည်။ အတ္ထိ၊ ရှိ၏။ တသ္မာ၊ ထိုသို့ တတိယဈာနသမင်္ဂီ ပုဂ္ဂိုလ်အား ဟတိယဈာန် စိတ္တုပ္ပါဒ်ဟုဆိုအပ်သော နာမကာယနှင့်ယှဉ်သော စေတသိက သုခရှိသည်၏အဖြစ်ကြောင့်။ ဧတံအတ္ထံ၊ ဤအနက်ကို၊ ဝါ-ဤတတိယဈာနသင်္ဂီပုဂ္ဂိုလ် အား တတိယဈာန်စိတ္တုပ္ပါဒ်ဟု ဆိုအပ်သော နာမကာယနှင့်ယှဉ်သော စေတသိကသုခရှိ၏ ဟူသောအနက်ကို။ ဒဿေန္တော၊ ပြလိုသည်ဖြစ်၍။ သုခဉ္စ ကာယေန ပဋိသံဝေဒေတိ၊ ဟူ၍။ ဘဂဝါ အာဟ။

http://www.dhammadownload.com



## ဆိုလိုရင်း အဓိပ္ပါယ်

တတိယဈာနသမင်္ဂီပုဂ္ဂိုလ်မှာ သုခဝေဒနာကို ခံစားမည်ဟူသော နှလုံးသွင်း ရည်ရွယ်ချက်မရှိ၊ သို့သော် ဈာန်ဝင်စားခိုက် (တတိယဈာန်စိတ် ဖြစ်ပေါ်နေရာ) သုခ, ဧကဂ္ဂတာ–ဟူသော ဈာန်အင်္ဂါ ၂–ပါးတွင်ပါဝင်သော စေတသိကသုခသည် ယှဉ်ဖော်ယှဉ်ဖက် တတိယဈာန်စိတ္တုပ္ပါဒ်နှင့် ယှဉ်တွဲဖြစ်ပေါ်နေသည်။ ထိုသို့ဖြစ်ပေါ်နေသည်ကိုပင် "သုခဥ္စ ကာယေန ပဋိသံဝေဒေတိ"ဟု ဟောတော်မူလိုရင်းတည်း။

### ၁။ ဤအလို ပါဠိတော် အနက်ပေး

သုခဥ္စ၊ စေတသိကသုခကိုလည်း၊ ကာယေန၊ တတိယဈာန်စိတ္တုပ္ပါဒ်ဟုဆိုအပ်သော နာမကာယဖြင့်။ ပဋိသံဝေဒေတိ၊ ခံစား၏။ (ဈာန်ဝင်စားခိုက်ဟုမှတ်)

## သာရတ္ထဋီကာအလို အဓိပ္ပါယ်

သုခဝေဒနာကို ခံစားမည်ဟု နှလုံးသွင်းမရှိသော်လည်း နာမကာယဖြင့် စေတသိကသုခကို (ကာယိကသုခ၏အကြောင်းဖြစ်သော ရုပ်ဖြစ်ပေါ်လာသဖြင့်) ကာယဝိညာဏ်ဖြင့် ကာယိကသုခကို ခံစား၏ဟု သိစေလိုသဖြင့် သုခဥ္စ ကာယေန ပဋိသံဝေဒေတိ–ဟု ဟောတော်မူသည်။ သာရတ္ထ၊ ၁၊ ၃၇၆–၇။

### ၂။ ဤအလို ပါဠိတော် အနက်ပေး

သုခဥ္စ၊ စေတသိကသုခ, ကာယိကသုခကိုလည်း။ ကာယေန၊ တတိယ ဈာန်စိတ္တုပ္ပါဒ်ဟု ဆိုအပ်သော နာမကာယ, ကာယဝိညာဏ်ဟူသော နာမကာယဖြင့်။ ပဋိသံဝေဒေတိ၊ ခံစား၏။ (စေတသိကသုခကား မုချ၊ ကာယိက သုခကား ဥပစာဟုမှတ်။ နည်းဥပစာအဖြေနှင့် ယှဉ်ကြည့်။ ဈာန်ဝင်စားခိုက် ပင်တည်း။)

## ကိဥ္စာပိဝါကျ ဋီကာတက်ပုံ

ခံစားလိုသော နှလုံးသွင်း (အာဘောဂ)နှင့် ကင်းလျက် (ခံစားလိုသော အာဘော်မရှိဘဲ) အဘယ်နည်းဖြင့်၊ ဝါ– ဘယ်သို့ဘယ်ပုံ သုခကို ခံစားခြင်း ဖြစ်သနည်း–မေးဖွယ်ရှိ၍ ကိဥ္စာပိ စသည်မိန့်။ (ကိဥ္စာပိ ထုံးစံအတိုင်းလည်း တက်လေဦး)

✝ ကထ–မာဘောဂေန ဝိနာ သုခပဋိသံဝေဒနာတိ အာဟ "ကိဥ္စာပီ"တိ အာဒိ။ သာရတ္ထ၊၁၊ ၃၇၅။

ဂ–ဝါကျကား ပက္ခန္တရဝါကျ။ ထို–၍ ခ–ဝါကျကား ပက္ခဝါကျ။

## ရှင်းလင်းချက်

ခ–ဝါကျဖြင့် ဈာန်ဝင်စားခိုက် သုခ (စေတသိကသုခ, ကာယိကသုခ)ကို ခံစားခြင်း = သုခပဋိသံဝေဒနာကိုပြ၍ ဂ–ဝါကျဖြင့် ဈာန်မှထသောအခါ ကာယိကသုခကိုခံစားခြင်း = သုခပဋိသံဝေဒနာကို ပြသည်။ ထို့ကြောင့် ပက္ခန္တရ ပက္ခခွဲသည်။

http://www.dhammadownload.com



## ဂ–ဝါကျ ကျမ်းတက်ပုံ

ဤသို့ ခ–ဝါကျဖြင့် ဈာန်ဝင်စားခိုက် သုခ (စေတသိကသုခ, ကာယိက သုခ)ကို ခံစားခြင်းကိုပြပြီး၍ ယခုအခါ ဈာန်မှထသောအခါ၌လည်း ခံစားသည်ကို၊ ဝါ–ခံစားနေသောဝေဒနာကိုပြခြင်းငှါ ဂ–ဝါကျမိန့်။

**မှတ်ချက်**။ ဂ–ဝါကျကား ကာရဏဝါကျ။ ဃ–ဝါကျကား ဖလဝါကျ–ဟု ထပ်ခွဲလေဦး။ ခ–ကာရဏ၊ ဃ–ဖလဝါကျ။ ကာရဏဖလ တစ်စုံ။ ဂ–ကာရဏဝါကျ။ ဃ–ဖလဝါကျ။ ကာရဏဖလ–တစ်စုံ။ ထို့ကြောင့် ဂ–ပက္ခန္တရ၊ ခ–ပက္ခဖြစ်ပုံကို သိလေ။

## ဂ–ဃ–ဝါကျစပ်၍ အနက်ဖြောင့် ယူပုံ

ယသ္မာ၊ အကြင့်ကြောင့်။ အဿ ဈာနသမင်္ဂိနော၊ ထိုဈာနသမင်္ဂီပုဂ္ဂိုလ်အား။ (ပဋိသံဝေဒေယျ–၌စပ်။) တံ သမုဋ္ဌာနေန၊ ထိုနာမကာယသမ္ပယုတ္တသုခကြောင့်ဖြစ်သော။ အတိပဏီတေန၊ အလွန်မွန်မြတ်သော။ ရူပေန၊ စိတ္တဇရုပ်သည်။ ရူပကာယဿ၊ တိဇရုပ် ၏၊ဝါ–ကို။ ဖုဋ္ဌတ္တာ ဗျာပိတတ္တာ၊ ပျံ့နှံ့စေအပ်သည်၏အဖြစ်ကြောင့်။ (ရူပကာယော ဖုဋ္ဌော၊ ယဿ ဖုဋ္ဌတ္တာ–ကို ရူပကာယဿ ဖုဋ္ဌတ္တာ–ဟု ဝါကျဖြောင့်လိုက်ပါ) ဈာနာ၊ ဈာန်မှ။ ဝုဋ္ဌိတောပိ၊ ထသော်လည်း။ သုခံ၊ ကာယိကသုခကို။ ကာယေန၊ ကာယ–ဝိညာဏ်ဖြင့်။ ပဋိသံဝေဒေယျ၊ ခံစားရာ၏။ တသ္မာ၊ ထိုသို့ တတိယဈာနသမင်္ဂီပုဂ္ဂိုလ်အား ဈာန်မှထသော်လည်း ကာယိကသုခကို ကာယဝိညာဏ်ဖြင့် ခံစားရာသောကြောင့်။ ဧတံ အတ္ထံ၊ ဤအနက်ကို၊ ဝါ– ဤတတိယဈာနသမင်္ဂီပုဂ္ဂိုလ်အား ဈာန်မှထသော်လည်း ကာယိက သုခကို ကာယဝိညာဏ်ဖြင့် ခံစား၏ဟူသော အနက်ကို။ ဒဿေန္တော၊ ပြလိုသည်ဖြစ်၍။ သုခဉ္စ ကာယေန ပဋိသံဝေဒေတီတိ၊ ဟူ၍။ ဘဂဝါ၊ အာဟ။

**မှတ်ချက်**။ ဤကား အတ္တနောမတိ အဓိပ္ပါယ်ဖြောင့်ပုံတည်း။ သာရတ္ထ၊ ၁၊ ၃၇၆–၌ တစ်မျိုးဖွင့်သေး၏။ မိမိကား ဋီကာဆရာ၏ သမ္ဗန္ဓိတဗ္ဗံ–ဟု ဖွင့်သည့် စကားကို သဘောမဓိလှ။

## ၃။ ဤအလို ပါဠိတော် အနက်ကား

သုခဉ္စ၊ ကာယိကသုခကိုလည်း။ ကာယေန၊ ကာယဝိညာဏ်ဖြင့်။ ပဋိသံဝေဒေတိ၊ ခံစား၏။ (ဈာန်မှထခိုက်တည်း)

**မှတ်ချက်**။ ပါဠိတော်ကို အနက်ယောဇနာရာ၌ (၁–၂) ကား ခ–ဝါကျနှင့်ညီသည်ဖြစ်၍ ၃–ကား ဂ–ဝါကျနှင့်အညီ ယောဇနာသည်ဟု သတိပြု ရာ၏။

---

## (၄) ဝိဂ္ဂဟာဒိ

**တံသမုဋ္ဌာန**။ တတော သမုဋ္ဌာနံ တံသမုဋ္ဌာနံ။ တတော၊ ထိုနာမကာယ သမ္ပယုတ္တသုခကြောင့်။ သမုဋ္ဌာနံ၊ ဖြစ်သည်တည်း။ တံသမုဋ္ဌာနံ၊ ဖြစ်သည်။ (အတိပဏီတေန ရူပေန–၌စပ်) ပဉ္စမီတပ္ပုရိသ်သမာသ်။ တပုဒ်+သမုဋ္ဌာနပုဒ်။

တ–ဟူသော ဝိသေသနပုဒ်အရကား– နာမကာယသမ္ပယုတ္တသုခသည် မုချ။ ယင်း၏

http://www.dhammadownload.com



ဖြစ်သော အတိပဏီတစိတ္တဇရုပ်နှင့် အကြောင်းအကျိုးအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဋ္ဌာနူပစာ။ တံသမုဋ္ဌာနဟူသော သမာသ်ပုဒ်လုံးအရကား-ထိုမုချ ဋ္ဌာနူပစာ တို့ဖြင့်မှတ်အပ်သော နာမကာယ သမ္ဗယုတ္တသုခကြောင့်ဖြစ်သော အတိပဏီတ စိတ္တဇရုပ်ရ၏။ (ဝိသေသနကောက် ဆက်ကောက်)

† တံ သမုဋ္ဌာနေနာဇိ တတော သမုဋ္ဌိတေန အတိပဏီတေန ရူပေန။ သာရတ္ထ၊ ၁၊ ၃၇၆။

**တစ်နည်း။** တံ ယထာဝုတ္တနာမကာယသမ္ဗယုတ္တံ သုခံ သမုဋ္ဌာနံ ကာရဏံ ယဿ ရူပဿာတိ တံသမုဋ္ဌာနံ။ ယဿ ရူပဿ၊ အကြင်အတိပဏီတစိတ္တဇရုပ်အား။ တံ -လ- သုခံ၊ ထိုဆိုအပ်ပြီးသော နာမကာယသမ္ဗယုတ်သုခ ဟူသော။ သမုဋ္ဌာနံ ကာရဏံ၊ အကြောင်းသည်။ အတ္ထိ၊ ၏။ ဣတိ တံ တံသမုဋ္ဌာနံ။ စတုတ္ထီဗဟုဗ္ဗီသမာသ်။ တပုဒ်+သမုဋ္ဌာနပုဒ်၊ ယ-အညပုဒ်။

တံသမုဋ္ဌာန-ဟူသော ဗဟုဗ္ဗိဟိသမာသ်ပုဒ်လုံးအရကား- ထိုဆိုအပ်ပြီး သော -လ- အကြောင်း၏ အတိပဏီတစိတ္တဇရုပ်နှင့် အကြောင်း အကျိုး အဖြစ်ဖြင့်စပ်ခြင်း သမ္ဗန်သည် ဋ္ဌာနူပစာ။ ယ-ဟူသော အညပုဒ်အရကား- ထို-ဖြင့် မှတ်အပ်သော အတိပဏီတစိတ္တဇရုပ်ရ၏။ (ဝိသေသနကောက် ဆက်ကောက်)

**မှတ်ချက်။** ဤကား ဝိမတိ၊ ၁၊ ၇၆-ဝိဂ္ဂဟတည်း။ သာရတ္ထ-က တပ္ပုရိသ်ကြံ၍ ဝိမတိ-က ဗဟုဗ္ဗိဟိကြံသည်။ သမာသ်အရာ တ-ထက် နိဂ္ဂဟိတ် လာ၍ တံသမုဋ္ဌာန-ဟု ဖြစ်သည်။

ဣဒါနိ ယံတံ -လ- သုခဝိဟာရီတိ ဧတ္ထ - (က) ယံ ဈာနဟေတု ယံ ဈာနကာရဏာ- လ- ပကာသေန္တိ။ (ခ) ပသံသန္တီတိ အဓိပ္ပါယော။ ဋ္ဌ၊ ၂၁၉။

**အဘော် သံဝဏ္ဏနာ**

ယံ ဈာနဟေတု-ဖြင့် ယံ တံ-၌ ယံသဒ္ဒါသည် သဗ္ဗနာမ်ပုဒ်မဟုတ်၊ နိပါတ် ပုဒ်၏အဖြစ်ကို လည်းကောင်း၊[၁] ယင်းနိပါတ်ပုဒ်၏နောက်၌ ပဉ္စမီဝိဘတ် ကျေသည်၏အဖြစ်ကိုလည်းကောင်း၊[၂] ယင်းပဉ္စမီဝိဘတ်သည် အပါဒါန်အနက်၌ မသက်၊ ကာရဏ အနက်၌သက်သည်၏အဖြစ်ကို လည်းကောင်း၊[၃] ယံ-နိပါတ်၏ ဈာန်အနက်ကို ဟောသည်၏အဖြစ်ကိုလည်းကောင်း[၄] သိစေသည်။

၁။ နိပါတလိင်္ဂပဒ။ ၂။ ဝိဘတ္တိပဒ။ ၃။ ဝိဘတျတ္ထ။ ၄။ နိပါတလိင်္ဂတ္ထ။

† ယန္တိ ဟေတုအတ္ထေ နိပါတော။ ယသ္မာတိ အတ္ထော။ တေနာဟ "ယံ ဈာနဟေတု"တိ။ သာရတ္ထ၊ ၁၊ ၃၇၆။

ယံ ဈာနကာရဏာ-ဖြင့် ဈာနဟေတု-၌ ဟေတုသဒ္ဒါ ကာရဏ=အကြောင်း အနက်ကိုဟောသတည်းဟု သိစေသည်။ (နာမလိင်္ဂတ္ထ)

တံ တတိယဈာနသမင်္ဂီပုဂ္ဂလံ-ဖြင့် တံသဒ္ဒါကား တတိယဈာနသမင်္ဂီ ပုဂ္ဂိုလ်ကို စွဲသတည်းဟု သိစေသည်။ (သဗ္ဗနာမလိင်္ဂတ္ထ)

ဗုဒ္ဓါဒယော-ဖြင့် အရိယာအရ- ဘုရားစသောပုဂ္ဂိုလ်ကိုယူရမည်ဟု သိစေသည်။ (အဘိဓေယျတ္ထ)

http://www.dhammadownload.com



ဒေသေန္တိ-ဖြင့် (အာစိက္ခန္တိ) ကြားကုန်၏ဟူသည် ဟောခြင်းပင်တည်းဟု သိစေသည်။ (ဘာဝတ္ထ)

**မှတ်ချက်။** ဤအတူ အဆင့်ဆင့် ဘာဝတ္ထဖော်ပါ။ သာရတ္ထ၊၁၊၃၇၆- အလိုတည်း။ အဌသာလိနီ၊ပြည်သျှ-၌လည်း အဆင့်ဆင့် ဘာဝတ္ထအာဘော် ဖော်ထားသည်။

**တစ်နည်း။** ဒေသေန္တိ-ဖြင့် အာစိက္ခန္တိ-၌ အာရှေ့ရှိသော စိက္ခဓာတ်သည် ဒေသနာအနက်ကို ဟောသတည်းဟု သိစေသည်။ (ဓာတွတ္ထ)

**မှတ်ချက်။** ဤကား သံဝဏ္ဏနာစစ်၊ နှာ-၁၇၃-အလိုအာဘော်တည်း။ ဤနည်းကိုမှီး၍ ဝိဘတ္တိ-တိုင်အောင် ဓာတွတ္ထ အာဘော်ဖော်ပါ။ ဥတ္တာနိ ကရောန္တိ၊ ပကာသေန္တိ-ကား ဘာဝတ္ထတည်း။

## တတိယရျာန်အဖွင့် ပြီး၏။

---

## စတုတ္ထရျာန်အဖွင့်

(က) သုခဿ စ ပဟာနာ-လ- ပဟာနာ။ ( ခ) ပုဗ္ဗေဝါတိ တဥ္စ ခေါ -လ- က္ခဏေ။

( ဂ) သောမနဿဒေါမနဿာနံ -လ- ဝုတ္တံ ဟောတိ။ ဋ္ဌ၊ ၂၂၀။

### အာဘော် သံဝဏ္ဏနာ

က-ဝါကျ၌ ကာယိကဿ သုခဿ စ-ဖြင့် သုခဿ စ ပဟာနာ-၌ သုခအရ ကာယိကသုခကိုယူရမည်၏အဖြစ်ကိုလည်းကောင်း၊[၁] ကာယိကဿ ဒုက္ခဿ စ-ဖြင့် ဒုက္ခဿ စ ပဟာနာ-၌ ဒုက္ခအရ- ကာယိကဒုက္ခကို ယူရမည်၏ အဖြစ်ကိုလည်းကောင်း၊[၂] သိစေသည်။

၁။ အဘိဓေယျတ္ထ။ ၂။ အဘိဓေယျတ္ထ။

ခ-ဝါကျ၌ တဥ္စ ခေါ ပုဗ္ဗေ၀-ဖြင့် ပုဗ္ဗေဝသဒ္ဒါကို သောမနဿ ဒေါမနဿာနံ အတ္ထင်္ဂမာ-ဟူသော ဝါကျကိုငဲ့၍ အတ္ထင်္ဂမာ-ဟူသောနောက်ပုဒ် ၌သာ စပ်ရသည်မဟုတ်၊ သုခဿ စ ပဟာနာ ဒုက္ခဿ စ ပဟာနာ-ဟူသော ရှေ့ပုဒ်ကိုငဲ့၍ ပဟာနာ-ဟူသော ရှေ့ပုဒ်၌လည်း စပ်ရသည်ဟု သိစေသည်။ (သမ္ဗန္ဓ၊ ဝါ- ဘာဝတ္ထ)

န စတုတ္ထဇ္ဈာနက္ခဏေ-ဖြင့် ပုဗ္ဗေ၀-၌ ဧဝသဒ္ဒါ၏ အကျိုး (ဧဝဖလ)ကို သိစေသည်။ (ဘာဝတ္ထ)

ဂ-ဝါကျ စေတသိကသုခဿ စ စေတသိကဒုက္ခဿ စ-၌ စ-သဒ္ဒါ ၂-လုံးဖြင့် သောမနဿ,ဒေါမနဿ နှစ်ပုဒ်ကို ကမ္မဓာရယ်မပြုရ၊ ဒွန်သမာသ်ဝစနတ္ထ ပြုရမည်၏အဖြစ်ကိုလည်းကောင်း၊[၁] စေတသိကသုခဿ-ဖြင့် သောမနဿအရ- စေတသိကသုခကိုယူရမည်၏ အဖြစ်ကိုလည်းကောင်း၊[၂] စေတသိကဒုက္ခဿ-ဖြင့် ဒေါမနဿအရ စေတသိကဒုက္ခကိုယူရမည်၏

http://www.dhammadownload.com



အဖြစ်ကိုလည်းကောင်း[၃] သိစေသည်။ ၁။ အဘိဓာနဋ္ဌ၊ သမာသလိင်္ဂပဒဋ္ဌ။ ၂-၃။ အဘိဓေယျဋ္ဌ။

ဂ-ဝါကျ ဣတိ ဣမေသံ ဒွိန္နံ-ဖြင့် သောမနဿဒေါမနဿ-ဟူသော ဒွန်သမာသ်ပုဒ်သည် (စက္ခုသောတံကဲ့သို့) သမာဟာရဒွန်မဟုတ်၊ အဇေဠကာ ကဲ့သို့ အသမာဟာရဒွန်တည်းဟု သိစေသည်။ (ဘာဝဋ္ဌ)

ဂ-ဝါကျ ပုဗ္ဗေဝ အတ္ထင်္ဂမာ-ဖြင့် ပုဗ္ဗေဝ-သဒ္ဒါကို ပဟာနာ-၌သာ စပ်ရသည် မဟုတ်သေး။ အတ္ထင်္ဂမာ-၌လည်း စပ်ရမည်ဟု သိစေသည်။ (သမ္ဗန္ဓ၊ ဝါ-ဘာဝဋ္ဌ)

ဃ-ဝါကျဖြင့် အတ္ထင်္ဂမာ=ချုပ်ခြင်းသို့ရောက်ခြင်းဟူသည် ခဏနိရောဓအားဖြင့် ချုပ်ခြင်းသို့ရောက်သည်မဟုတ်၊ ပယ်ခြင်းပင်တည်းဟု သိစေသည်။ (ဘာဝဋ္ဌ)

---

အဒုက္ခမသုခန္တိ –

(က) ဒုက္ခာဘာဝေန အဒုက္ခံ။ (ခ) သုခါဘာဝေန အသုခံ။ ဋ္ဌ၊ ၂၂၂။

**အာဘောဂ သံဝဏ္ဏနာ**

က-ဝါကျ၌ ဒုက္ခာဘာဝေန-ဖြင့် အဒုက္ခံ-၌ အသဒ္ဒါသည် ဝုဒ္ဓိ ,အညာ-စသော အနက်ကို မဟော၊ အဘာဝ(သုည)အနက်ကိုဟောသည်၏အဖြစ်ကိုလည်းကောင်း၊[၁] နတ္ထိ ဒုက္ခံ ယတ္ထာတိ အဒုက္ခံ-ဟု သတ္တမီဗဟုဗ္ဗီဟိသမာသ်ဝစနတ္ထ ပြုရမည်၏အဖြစ်ကိုလည်းကောင်း[၂] သိစေသည်။

၁။ နိပါတလိင်္ဂဋ္ဌ။ ၂။ အဘိဓာနဋ္ဌ၊ သမာသလိင်္ဂပဒဋ္ဌ။

မှတ်ချက်။ ခ-ဝါကျဖြင့်လည်း အထက်ပါအတိုင်း ပြသည်။ "နတ္ထိ သုခံ ယတ္ထာတိ အသုခံ"-ဟု ဝစနတ္ထပြု။ အာဘော် သံဝဏ္ဏနာ တူပြီ။

က-ခ-၂-ဝါကျလုံးဖြင့် (အဒုက္ခမသုခံ ၂-ပုဒ်ကို အဒုက္ခံ အသုခံ-ဟု ဝိဘတ်တူ ဖွင့်သဖြင့်) အဒုက္ခဉ္စ တံ အသုခဉ္စာတိ အဒုက္ခမသုခံ-ဟု ကမ္မဓာရယ်သမာသ် ဝစနတ္ထပြုရမည်ဟု သိစေသည်။ (အဘိဓာနဋ္ဌ၊ သမာသလိင်္ဂပဒဋ္ဌ)

---

(က) ဥပေက္ခာသတိပါရိသုဒ္ဓိန္တိ ဥပေက္ခာယ ဇနိတသတိပါရိသုဒ္ဓိံ။ (ခ) ဣမသ္မိဉ္ဟိ ဈာနေ သုပရိသုဒ္ဓါ သတိ။ (ဂ) ယာစ တဿာ သတိယာ ပါရိသုဒ္ဓိ၊ သာ ဥပေက္ခာယ ကတာ၊ န အညေန။ (ဃ) တသ္မာ ဧတံ "ဥပေက္ခာသတိပါရိသုဒ္ဓိ"န္တိ ဝုစ္စတိ။ ၁။ ဝိဘင်္ဂေပိ ဝုတ္တံ "အယံ သတိ -လ- ဥပေက္ခာသတိပါရိသုဒ္ဓိန္တိ"။ ၂။ ယာယ စ ဥပေက္ခာ -လ- တတြမဇ္ဈတ္တတာ ဝေဒိတဗ္ဗာ။ ၃။ န ကေဝလဉ္စေတ္ထ -လ- သမ္ပယုတ္တဓမ္မာ။ ၄။ သတိ သီသေန ပန ဒေသနာ ဝုတ္တာ။ ဋ္ဌ၊ ၂၂၂။

**(၁) အနက်ယောဇနာ**

ဥပေက္ခာသတိပါ့ရိသုဒ္ဓိ၊ တတြမဇ္ဈတ္တုပေက္ခာသည်ဖြစ်စေအပ်သောသတိ၏ ထက်ဝန်းကျင် စင်ကြယ်ခြင်းရှိသော။

http://www.dhammadownload.com



**မှတ်ချက်**။ ဤကား သံဝဏ္ဏနာများနှင့်အညီအနက်။ ပါဠိတော် စတုတ္ထဈာန်-၌စပ်။ ခ-ဝါကျ၌ ဣမသ္မိံ ဈာနေ။ ဤစတုတ္ထဈာန်၌-ဟု စွဲလေ။

## (၂-၃) ဝါကျခွဲ ကျမ်းတက်

ခ-ဝါကျကား ကာရဏဝါကျ။ ဝါ-ယုတ္တိဒဋ္ဌိကရဏဝါကျ။ ထို-၌ က-ဝါကျကား ဖလဝါကျ။ ဝါ- ယုတ္တိဒဋ္ဌိယဝါကျ။

## ခ-ဝါကျ ကျမ်းတက်

ဆရာ၊ ဆရာသည် က-ဝါကျဖြင့် ဤစတုတ္ထဈာန်သည် တတြမဇ္ဈတ္တုပေက္ခာသည် ဖြစ်စေအပ်သောသတိ၏ ထက်ဝန်းကျင်စင်ကြယ်ခြင်းရှိသောဟု ဆို၏။ ဤဈာန်ကို အဘယ့်ကြောင့် သတိပါရိသုဒ္ဓိဟူသနည်း။ တစ်ပါးသောဈာန်၌လည်း သတိရှိသည်မဟုတ်လော။ ကြောင့်-ခ-ဝါကျမိန့်။ ပါရာ၊ဂံ၊သစ်၊ ၂၊ ၂၂၁။

## ခ-ဝါကျ ပါပနာဒိဋ္ဌပနာပဋ္ဌကကျမ်းတက်

ဆရာ၊ ဆရာသည် က-ဝါကျဖြင့် -လ- ဟုဆို၏။ (ဋ္ဌပနာတူ) ထိုသို့ဆိုချေသော် (လက္ခဏာ အရုစိ) တစ်ပါးသောဈာန်၌ကား သတိမရှိဟူသောအနက်သည်ရောက်ရာ၏။ (အန+ပါ) (ဋ္ဌပနာတိကဥ္စ အာဘော်ကို ပါပနာဒိပဋ္ဌကဥ္စ အန+ပါ-ပြုသည်။) စင်စစ်တမူကား တစ်ပါးသောဈာန်၌ သတိမရှိသည်မဟုတ်၊ ရှိသည်သာဖြစ်၏။ (ပဋ္ဌိ+ပါ).ယင်းသို့ ရှိသည်သာဖြစ်ကြောင့် (ရောပနာပါဒက ဟိတ်) တစ်ပါးသောဈာန်၌လည်း သတိပါရိသုဒ္ဓိ-ဟုဆိုသင့်ဆိုတန်၏။ (အန+ရော) ဤဈာန်၌သာ သတိပါရိသုဒ္ဓိဟု မဆိုသင့်မဆိုတန်။ (ပဋ္ဌိ+ရော) (အကယ်၍ မဆိုသင့်ဘဲ ဆိုချေသော် ဆရာ့အား သဒ္ဒအတ္ထဆန့်ကျင်သော ဝိရောဓိဒေါသ ရောက်ရာ၏) အဘယ်ကြောင့် ဤစတုတ္ထဈာန်၌သာ သတိပါရိသုဒ္ဓိ-ဟု ဆိုပါသနည်း။ ကြောင့် ခ-ဝါကျကိုမိန့်။

ကား- ခ-ဝါကျဖြင့် တစ်ပါးသောဈာန်၌လည်း သတိရှိသော်လည်း ယင်း၌ သတိသည် အလွန်မစင်ကြယ်။ ဤဈာန်၌ သတိကား အလွန်ထက်ဝန်းကျင်မှ စင်ကြယ်သောကြောင့် ဤစတုတ္ထဈာန်ကို သတိပါရိသုဒ္ဓိ-ဟု ငါပြဆိုသည်ဖြစ်ရကား သင်တင်တိုင်းသော သဒ္ဒအတ္ထ ဆန့်ကျင်သော ဝိရောဓိဒေါသ ငါ့အားမရောက် ဆိုသင့်ဆိုတန်၏ ဟူလိုသော်။

**မှတ်ချက်**။ ကာရဏဝါကျတက်-တက်လိုလျှင် "ထိုသို့ဆိုသော် အကြောင်းယုတ္တိ မရှိဟူသောအနက်ရောက်ရာ၏" စသည် တက်လေ။

ဂ-ဝါကျကား ဝါကျာရမ္ဘဝါကျ။ ထို-၌ ခ-ဝါကျကား အာရဗ္ဘဝါကျ။

## ဂ-ဝါကျ သာမညစောဒနာတက်

ဆရာ၊ ဆရာသည် ခ-ဝါကျဖြင့် ဤစတုတ္ထဈာန်၌ သတိသည် ကောင်းစွာ ထက်ဝန်းကျင်မှ စင်ကြယ်သောဟုဆို၏။ သတိ၏ စင်ကြယ်ခြင်းကို အဘယ်တရားသည် ပြုပါသနည်း။ (ဂ-ဝါကျ၌သာ ဥပေက္ခာယ ကတာ-ဟူသော အဖြေပါဠိကိုရှု၍ ကေန ကတာ-ဟု ပုစ္ဆာထုတ်ပါ)

http://www.dhammadownload.com



သတိ၏ စင်ကြယ်ခြင်းကား သူ့အလိုလိုပင် စင်ကြယ်သလော။ (သာ ဥပေက္ခာယ ကတာ–ဟူသော အဖြေကို ရှောင်၍ အာဘော်ဆင်သည်) အကယ်၍ သတိ၏စင်ကြယ်ခြင်းကို တစ်ပါးသော တရားသည် ပြုအပ်၏ဟု မဆိုသော် ဆရာ့အား သဘာဝ, သဘာဝဝန္တ ဆန့်ကျင်သော ဝိရောဓိဒေါသရောက်ရာ၏။ (ဒေါသာရောပနကြောင့် ဂ–ဝါကျမိန့်။ အဓိပ္ပါယ်ပြန်၊ ဒေါသချလေ။)

## ဂ–ဝါကျ အညစောဒနာတက်

ဆရာ၊ ဆရာသည် (အထက်နှင့်တူပြီ) သတိ၏စင်ကြယ်ခြင်းကို တကြွ–မဇ္ဈတ္တတာမှ တစ်ပါးသော ဖဿစသောတရားသည် ပြုအပ်ပါသလော။ (န အညေန–ဟူသော အဖြေဝါကျ၌ န–ကိုပယ်၍ နနှ အညေန ကတာ–ဟုအာဘော် ပြု၍ အညစောဒနာတက်ရာ၏။ ကြွင်းတူပြီ။)

ဂ–ဝါကျ ယာစ –လ– ကတာ–ကား အနွယဝါကျ။ န အညေန–ကား ဗျတိရေကဝါကျ။ (အနိယတ်,နိယတ်၊ ဥတ္တမ–ခွဲလေဦး။)

ဃ–ဝါကျကား လဒ္ဓဂုဏဝါကျ။ ထို–၍ ခ–ဂ–ဝါကျကား လဒ္ဓဂုဏိယဝါကျ။

သတိပြုရန်။ မေးခွန်းထုတ်သူသည် က–မှ ဃ–ဝါကျလောက်သာ ပုစ္ဆာဆင်သည်။ ၁–၂–၃–၄–ဝါကျများပါ ပုစ္ဆာဆင်လျှင် ဝါကျရှည်မည်။ ပုစ္ဆာ မလှ။ မေးခွန်း၏ အဖြေများပေါ်လော ပေါ်သွားမည်။ ဥပမာ–ဥပေက္ခာ–အရ တရားကိုယ်ဆိုလျှင် ၂–ဝါကျ၌ ပါသည်။ ဥပေက္ခာသတိ–ပါရိသုဒ္ဓိ–ဝယ် သတိ–၌ နည်းဥပစာကို ၄–ဝါကျက ပြနေသည်။ စာရေးသူကား–စာရှုသူတို့ မှတ်ရလွယ်စေရန် ၎င်းဝါကျတို့ကိုထည့်၍ ရေးသားထားသည်။

၁–ဝါကျကား အာဂမဒဠှီကရဏဝါကျ။ ထို–၍ က–မှ ဃ–တိုင်အောင် ဝါကျကား အာဂမဒဠှီယဝါကျ။

၂–ဝါကျကား ဥပေက္ခာတရားကိုယ်ဆက်ပြသောကြောင့် ဝါကျာရမ္ဘ ဝါကျ။ ထို–၍ က–စသောဝါကျများကား အာရဒ္ဓဝါကျ။

၃–ဝါကျကား ဝါကျာရမ္ဘဝါကျ။ ထို–၍ ၂–ဝါကျကား အာရဒ္ဓဝါကျ။

## ၃–ဝါကျ ကျမ်းတက်

ဆရာ၊ ဆရာသည် ၂–ဝါကျဖြင့် ဥပေက္ခာတရားကိုယ်ကား တတြမဇ္ဈတ္တတာ စေတသိက်တည်းဟု ဆိုတော်မူ၏။ အကယ်၍ တတြမဇ္ဈတ္တတာ–ကို ဤ၌အလိုရှိသည် ဖြစ်အံ့။ (ဗျတိရေကစကား) အဘယ်သို့လျှင် သတိသာလျှင် စင်ကြယ်မည်နည်း။ အလုံးစုံ သောတရား တို့လည်း စင်ကြယ်ကုန်သည် မဟုတ်လော–ကြောင့် န ကေဝလဥ္စ စသော ၃–ဝါကျကိုမိန့်။ (သာရတ္ထ၁၊ ၃၇၉)

၃–ဝါကျ၌ န ကေဝလဥ္စ–လ– ပရိသုဒ္ဓါ–ကား ဗျတိရေကဝါကျ။ အပိ စ –လ– ဓမ္မာ–ကား အနွယဝါကျ။

၄–ဝါကျကား ဝါကျာရမ္ဘဝါကျ။ ထို–၍ ၃–ဝါကျကား အာရဒ္ဓဝါကျ။

http://www.dhammadownload.com



## (၄) ဝိဂ္ဂဟ ဉာဉ်ကောက်

**ဥပေက္ခာသတိပါရိသုဒ္ဓိ။** သတိယာ ပါရိသုဒ္ဓိ သတိပါရိသုဒ္ဓိ။ ဥပေက္ခာယ ဇနိတာ ဥပေက္ခာဇနိတာ။ (အစိတ် ဝိဂ္ဂဟများ။)

ဥပေက္ခာ ဇနိတာ သတိပါရိသုဒ္ဓိ ဧတဿ ဈာနဿာတိ ဥပေက္ခာ-သတိပါရိသုဒ္ဓိ။

အဿ ဈာနဿ၊ ဤစတုတ္ထဈာန်အား။ ဥပေက္ခာဇနိတာ၊ ဥပေက္ခာသည် ဖြစ်စေအပ်သော။ သတိပါရိသုဒ္ဓိ၊ သတိ၏စင်ကြယ်ခြင်းသည်။ အတ္ထိ၊ ၏။ ဣတိ တံ ဈာနံ ဥပေက္ခာသတိပါရိသုဒ္ဓိ။

ဥပေက္ခာပုဒ်+သတိပါရိသုဒ္ဓိပုဒ်+ ဧတပုဒ်။ တဂ္ဂုဏသံဝိညာဏစတုတ္ထီ ဗဟုဗ္ဗီဟိ သမာသ်။ ဇနိတာပုဒ် ကျေ။

ဥပေက္ခာသတိပါရိသုဒ္ဓိ-ဟူသော ဗဟုဗ္ဗီဟိသမာသ်ပုဒ်လုံးအရကား- တတြမဇ္ဈတ္တုပေက္ခာသည်ဖြစ်စေအပ်သောသတိ၏ ထက်ဝန်းကျင်မှစင်ကြယ်ခြင်းဂုဏ်သည် မုချ။ ယင်း၏ စတုတ္ထဈာန်နှင့် ဂုဏ် ဂုဏောအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဥာနူပစာ။ ဧတအညပုဒ်အရကား- ထို-ဖြင့်မှတ်အပ်သော တတြမဇ္ဈတ္တုပေက္ခာသည် ဖြစ်စေအပ်သော သတိ၏ ထက်ဝန်းကျင်မှစင်ကြယ်ခြင်းရှိသော စတုတ္ထဈာန်ရ၏။ (ဝိသေသနကောက် ဆက်ကောက်။)

---

## ၅။ ဓာတုပစ္စယာဒိ

ပါရိသုဒ္ဓိ။ ပရိပုဗ္ဗ+သုဓာတ်+တိပစ္စည်း။ ဣတ္ထိလိင်၊ ရတ္တာဒိဂိုဏ်း၊ ဣကာရန္တ။

ပရိယောဒါတ။ ပရိ+ဩဒါတ (=အဝ+ဒါ+တ)

† အဝဒါယတိ သဗ္ဗဝဏ္ဏေဟီတိ ဩဒါတော။ သူစိ။

---

## (၆) အာဘောဂ သံဝဏ္ဏနာ

က-ဝါကျ၌ ဥပေက္ခာယ ဇနိတသတိပါရိသုဒ္ဓိ-ဖြင့် ဥပေက္ခာနှင့် ဇနိတပုဒ်ကို ဥပေက္ခာယ ဇနိတာ ဥပေက္ခာဇနိတာ-ဟု တတိယာတပ္ပုရိသ်သမာသ် ဝဓနတ္ထပြုရမည်၏ အဖြစ်ကိုလည်းကောင်း၊[၁] သတိနှင့် ပါရိသုဒ္ဓိ-ကို သတိယာ ပါရိသုဒ္ဓိ သတိပါရိသုဒ္ဓိ-ဟု တပ္ပုရိသ်သမာသ်ဝဓနတ္ထပြုရမည်၏ အဖြစ်ကိုလည်းကောင်း၊[၂] ဥပေက္ခာဇနိတာ သတိပါရိသုဒ္ဓိ ဧတဿာတိ ဥပေက္ခာသတိပါရိသုဒ္ဓိ-ဟု စတုတ္ထီဗဟုဗ္ဗီဟိသမာသ်ဝဓနတ္ထ ပြုရမည်၏အဖြစ်ကိုလည်းကောင်း၊[၃] ဥပေက္ခာ ဇနိတာ-ဟူသော ရှေ့ပုဒ်၌ ဇနိတာ-ဟူသော နောက်ပုဒ် ကျေသည်၏အဖြစ်ကိုလည်းကောင်း[၄] သိစေသည်။

၁။ ၂။ ၃။ အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ။ ၄။ ဘာဝတ္ထ။

မှတ်ချက်။ ခ-ဝါကျ၌ ဣမသ္မိံ ဈာနေ-ဟူသော အာဓာရပုဒ်ကို ထောက်၍ ဥပေက္ခာသတိပါရိသုဒ္ဓိပုဒ်ကို သတ္တမီဗဟုဗ္ဗီပြုလျှင် ပို၍ကောင်း၏။ ၁-၂-အာဘောဂ်ကား နေယျတ္ထအာဘောဂ်မျိုးတည်း။ ဆင်တဲဂဏ္ဌိ-၂၆၇-၌ "ဥပေက္ခာစ သတိစ ဥပေက္ခာသတိစ ဥပေက္ခာသတိ-ဟု ဒွန္ဒသမာသ်ဝဓနတ္ထ လည်း ဖြစ်ကောင်းရကား ဥပေက္ခာယ ဇနိတသတိ-မိန့်၍ မဇ္ဈေလောပီတတိယာ

http://www.dhammadownload.com



တပ္ပုရိသ်သမာသ်ပြုလေ ဟူလိုသတည်း"ဟု ဆိုသည်။ သာရတ္ထ၊၁၊ ၃၇၉–၌ မည်သည့်သမာသ်ဟု မဖွင့်ဘဲ "ပုရိမပဒေ ဥတ္တရပဒလောပေနေတံ" ဟုသာ ဖွင့်သည်။

၂–ဝါကျဖြင့် ဥပေက္ခာအရ– ဝေဒနုပေက္ခာစသည်ကို မယူရ၊ တတြမဇ္ဈတ္တုပေက္ခာကို ယူရမည်ဟု သိစေသည်။ (အဘိဓေယျတ္ထ)

မှတ်ချက်။ နည်း–ဥပစာကို "ပါ+ဖြေ၊ ပဋ္ဌမ၊ ၅၃၇–၌ ရှုလေ။

အနုမာနသိဒ္ဓိ ရသည်။

---

## (၇) ဥပသဂ္ဂ နိပါတတ္ထ

ခ–ဝါကျ ဣမဿိဥ်–၌ ဟိ–သဒ္ဒါ ကာရဏဇောတက၊ ဝါ– ယုတ္တိဒဋ္ဌိကရဏဇောတက နိပါတ်။

ဂ–ဝါကျ၌ စ–သဒ္ဒါကား ဝါကျာရမ္ဘဇောတကနိပါတ်။

## သမ္ဗန္ဓာမလင်္ကတ္ထ

ခ–ဝါကျ ဣမဿိံ–၌ ဣမ–ကား ရှာနေ–ဟု အစွဲတင်းလင်းရှိသောကြောင့် ပသိဒ္ဓဝိသယ–ဣမ။

ဂ–ဝါကျ၌ သာ–ဝယ် တ–သဒ္ဒါကား ရှေ့ဝါကျရှိ ပါရိသုဒ္ဓိကိုစွဲသောကြောင့် ပက္ကန္တဝိသယ–တ။

ဃ–ဝါကျ တသ္မာ–ဝယ် တ–သဒ္ဒါကား ရှေ့ဝါကျရှိ ကတာ–ကြိယာကို စွဲသောကြောင့် အနုဘူတဝိသယ–တ။

---

## (၁၀) ပဋ္ဌာန်း ပစ္စည်းပြိုင်

ဥပေက္ခာသတိပါရိသုဒ္ဓိ–၌ ဥပေက္ခာ–အရ တတြမဇ္ဈတ္တတာစေတသိက် ပစ္စည်းက သတိ–အား သဟဇာတမျိုးဖြင့် ကျေးဇူးပြုသည်။

ပြိုင်– သဟဇာတကြီး –၄၊ အညမည၊ သမ္ပယုတ္တ= ၆–ပစ္စည်း။

**စတုတ္ထဈာန်အဖွင့် ပြီး၏။**

http://www.dhammadownload.com



(က) ဓဝံ-ပ-အာရဒ္ဓံ။ (ခ) တတ္ထ လောကုတ္တရန္တိ -ပ-လောကုတ္တရံ။ (ဂ) လောကံ တရတီတိ လောကုတ္တရံ။ (ဃ) လောကံ ဥတ္တရတီတိ လောကုတ္တရံ။ (င) လောကံ သမတိက္ကမ္မ -ပ- လောကုတ္တရံ။ (စ) ဗျာနံ ဘာဝေတီတိ -ပ- ဝဒေတိ။ ဋ္ဌ၊ ၂၅၈။

**မှတ်ချက်။** င-ဝါကျ၌ ပါဠိသေသဖြည့်စွက်၍ အနက်ယောဇနာပါဟု မေးနိုင်သည်။

## (၂) (၃) ဝါကျခွဲ ကျမ်းတက်

ဓဝ -ပ- အာရဒ္ဓံ-တိုင်အောင်သော (က)ဝါကျကား ကတမေ ဓမ္မာ ကုသလာ-စသော စကား၏ အနုသန္ဓေ,သမ္ဗန္ဓ,သမုဒါယတ္ထကိုပြသော ဝါကျတည်း။

တတ္ထ-ပ-(နှာ-၂၈၉)၌ ဝေဒိတဗ္ဗန္တိ-တိုင်အောင်သောဝါကျတို့ကား လောကုတ္တရံ ဗျာနံ-စသောပုဒ်တို့၏ အဝယဝတ္ထအကျယ်ကိုပြသောကြောင့် ဝိတ္ထာရဝါကျမည်၏။

ထို-၌ ဓဝံ-ပ-အာရဒ္ဓံ-တိုင်အောင်သောဝါကျ (က)ဝါကျကား အနုသန္ဓေ သမ္ဗန္ဓ သမုဒါယတ္ထ အကျဉ်းကိုပြသောကြောင့် သင်္ခေပဝါကျမည်၏။

### အနုသန္ဓေဝါကျမှ အဝယဝတ္ထဝါကျသို့ အနုသန္ဓေတက်ပုံ

ဤသို့ ဓဝံ ဘာဝတ္တယ-စသော (က)ဝါကျဖြင့် ကတမေ ဓမ္မာ ကုသလာ-စသော စကား၏ အနုသန္ဓေ သမ္ဗန္ဓ သမုဒါယတ္ထ အကျဉ်းကိုပြတော်မူပြီး၍ ယခုအခါ၌ ကတမေ ဓမ္မာ ကုသလာ-စသောစကား၏ အဝယဝတ္ထအကျယ်ကို ပြခြင်းငှါ၊ ဝါ-ပြတော်မူလိုသော အဋ္ဌကထာဆရာသည် တတ္ထ လောကုတ္တန္တိ- စသောဝါကျများကို မိန့်သော်။

တတ္ထ လောကုတ္တရန္တိ ကေနဋ္ဌေန လောကုတ္တရံ-ဟူသော (ခ)ဝါကျကား ပုစ္ဆာဝါကျ။ ဂ-ဃ-င-ဝါကျကား ဝိသဇ္ဇနာဝါကျ။

ဝါဒကွဲ။ ။ အမေးပုစ္ဆာဝါကျကား သင်္ခေပဝါကျ။ အဖြေဝိသဇ္ဇနာဝါကျကား ဝိတ္ထာရဝါကျ-ဟု အချို့ဆရာတို့ ဆိုကြသည်။

အမေးဝါကျကား ပက္ခ။ အဖြေဝိသဇ္ဇနာဝါကျကား ပက္ခန္တရ-ဟုလည်း ဆိုကြသေးသည်။

**မှတ်ချက်။** မိမိတို့ကတော့ နောက်နည်း နှစ်သက်သည်။

(ဃ) ဝါကျကား ပက္ခန္တရ။ ထို-၌ (ဂ)ဝါကျကား ပက္ခ။
(င) ဝါကျကား ပက္ခန္တရ။ ထို-၌ ဂ-ဃ-ကား ပက္ခ။

ဗျာနံ ဘာဝေတိ-ပ-ဝဒေတိ-တိုင်အောင်သော (စ)ဝါကျကား ပက္ခန္တရဝါကျ။ ထို-၌ လောကုတ္တရန္တိ-ပ-တိဋ္ဌတီတိ လောကုတ္တရံ-တိုင်အောင် သော ခ-ဂ-ဃ-င-ဝါကျတို့ကား ပက္ခဝါကျ။

**ဋီကာ။** လောကံ တရတီတိ ဓာတေန လောကသမတိက္ကမ္မ ပဋိပတ္တိမာဟ။ ဥတ္တရတီတိ ဓာတေန လောကသန္တတိမနံ ဖလေ ပတိဋ္ဌာနံ ဖလံ။ သမတိက္ကမ္မာတိ အာဒိနာ နိဗ္ဗာနံ။

http://www.dhammadownload.com



## ဒေါသတင်-ဒေါသပယ် မှတ်ဖွယ်

အဗျာပိတာ တိဗျာပိတံ၊ ဒေါသံ ပုနရုတ္တိ တထာ။
ပုဗ္ဗာပရ ဝိရောဓိတံ၊ စေကတ္ထမိတိ ပဉ္စဓာ။ (ဇာလိနီ၊၂၅၆။သဒ္ဒါငယ်)

### ၁။ အဗျာပိတဒေါသ

ယထိစ္ဆိတ မဓိပ္ပါယံ၊ နပူရယတိယတ္တ ဟိ။
တံ အဗျာပိတံ ဝိညေယျံ၊ ဒေါသညူဟိ သဘာဝတော။ (ဇာလိနီ၊၂၅၇)

အဓိပ္ပါယ် ပြည်ပြည့်စုံစုံ ဖွင့်မပြသောဝါကျမျိုးသည် အဗျာပိတဒေါသတင်ရသော ဝါကျမျိုး ဖြစ်၏။

ပြည့်ပြည့်စုံစုံ ထပ်မံဖွင့်ပြလျှင် ယင်းသို့ကျရောက်မည့် အဗျာပိတဒေါသ ကင်းစင် လွင့်ပျောက် မကျရောက်တော့ချေ။ ယင်းသို့ ကျရောက်မည့် အပြစ်ဒေါသကို ဖော်ပြခြင်းကို ဒေါသတင်ဟု မှတ်။

✪ ပက္ခန္တရဟူလက၊ အဗျာပိတတင်။ သမုစ္စယ၊ တွေ့ကြုံက၊ အဗျာပိတင်။

မေး။ စ-ဝါကျဖြင့် အဘယ်ဒေါသ ပယ်ပါသနည်း။

ဖြေ။ စ-ဝါကျဖြင့် အဗျာပိတ အပရိပုဏ္ဏဒေါသပယ်ပါသည်။

### ၂။ အတိဗျာပိတဒေါသ

အနိစ္ဆိတံ အဓိပ္ပါယံ၊ ယတ္ထစေ ဒီသတိ မတံ။
အတိဗျာပိတ ဒေါသန္တိ၊ ဒေါသညူဟိ သဘာဝတော။

အလိုမရှိအပ်သော အဓိပ္ပါယ်များ ပါဝင်နေသောဝါကျမျိုးသည် အတိ-ဗျာပိတဒေါသ သင့်သော ဝါကျမျိုး ဖြစ်သည်။

(က) ဘူမိယာ-ပ- ဝုစ္စတိ။ (ခ) သုခဘူမိယံ (ဂ) ဣစ ပန
(ဃ) တဉ္စိ (င) ယသ္မာ ဝါ (စ) တဿာ- (ဋ္ဌ၊ ၂၅၉)

က, ခ-ဝါကျဖြင့် ဘူမိသဒ္ဒါသည် မြေကြီး, စိတ္တုပ္ပါဒ်-အနက်၌ဖြစ်၏ဟု ပြဆိုသည်။ ယင်းသို့ဆိုသဖြင့် ဘူမိသဒ္ဒါကား အနက်များလှ၏ဟူသော သောတုဇနတို့ အသိဉာဏ် ရောက်ရာ၏။ ယင်းသို့ အသိဉာဏ်ကား အလွန်ကျယ်ပြန့်၏။ ပဌမာယ ဘူမိယာ-၌ ဘူမိသဒ္ဒါလည်း ယင်းအနက် အားလုံးကိုဟောသလား ဟု သံသယဝင်ခြင်း အသိဉာဏ် အလွန်ကျယ်ပြန့်ခြင်း အတိဗျာပိတဒေါသ ရောက်ရာ၏။ ယင်းဒေါသကို ပယ်လိုသဖြင့် ဣစ ပန-ဝါကျ တက်လာရသည်။ ဘူမိသဒ္ဒါသည် အနက်တွေ မည်မျှ များစေကာမူ ပဌမာယ ဘူမိယာ-၌ ဘူမိသဒ္ဒါကတော့ သာမည ဖိုလ်အနက်ကို သာ ဟော၏-ဟု ဣစ ပန-ချီသော ဂ-ဝါကျဖြင့် ပြသောကြောင့် စောဒကတင်သော အတိ ဗျာပိတဒေါသ ကင်းစင်လွင့်ပျောက်သွားတော့၏။

http://www.dhammadownload.com



### ကိန်းသေနည်း

✪ အတ္တုဒ္ဒေသ၊ ယင်းဝါကျ၊ အတိဗျာပိတဒေါသ ပယ်သတည်း။

### ၃။ ပုနရုတ္တိဒေါသ

ပုဗ္ဗေ ဝုတ္တံ အဓိပ္ပါယံ၊ ပုနဝုစ္စတိ ယတ္ထဟိ။
ပုန ရုတ္တီဟိ ဝိညေယျံ၊ ဒေါသညူဟိ သဘာဝတော။ (ဓာလိနီ၊၂၅၉)

ရှေးဝါကျ၌ ဆိုအပ်ပြီးသော အဓိပ္ပါယ်ကို တဖန်ထပ်၍ဆိုလျှင် ပုနရုတ္တိဒေါသသင့်၏။

✪ ဝိတ္ထာ, သံခိပ်၊ ဥဒ် နိဒ် နိဂမ၊ စုဏ္ဏိယ ပုနရုတ္တိတင်။

### ၄။ ပုဗ္ဗာပရ ဝိရောဓိဒေါသ

✝ ယထိစ္ဆိတံ ဝတွာန၊ တံယေဝ ဝဒတျညထာ။
တံ ဝိရောဓီတိ ဝိညေယျံ၊ ဒေါသညူဟိ သဘာဝတော။ (ဓာလိနီ၊၂၆၀)

မိမိပြောလိုသော စကားအနက်အဓိပ္ပါယ်ကို ပြောဆိုပြီးနောက် အနက်အဓိပ္ပါယ် တစ်မျိုးဖြင့် တဖန်ထပ်၍ပြောလျှင် ရှေ့စကား နောက်စကား အဓိပ္ပါယ်ချင်း မညီညွတ် သောကြောင့် ဝိရောဓိဒေါသ သင့်၏။

မှတ်ချက်။ ဤကား– ဓာလိနီ,သဒ္ဒါငယ်ကျမ်းသုံး ဝိရောဓိဒေါသတည်း။ အဋ္ဌကထာတို့၌ကား အာဂမ ဒဋ္ဌိယ–စကားကိုပြ၍ အာဂမ ဒဠှီကရဏ စကားကိုမပြလျှင် ဒဋ္ဌိယ,ဒဠှီကရဏဆန့်ကျင်သော ဝိရောဓိဒေါသဟု သုံးနှုန်းသည်။ ယင်းအာဂမ ဒဠှီကရဏ ဝါကျဖြင့် ယင်းဝိရောဓိဒေါသကို ပယ်သည်။ ယုတ္တိဒဋ္ဌိ, ယုတ္တိဒဠှီကရဏဝါကျ–၌လည်း ဤနည်းအတူမှတ်။

✝ ဒေသ ကာလ ကလာလောက၊ ဉာယာဂမ ဝိရောဓိယံ။

ဉာယဝိရောဓိဒေါသ = အသင့်ယုတ္တိမရှိသော စကားမျိုး။ (ဝါ) ယုတ္တိ မတန်သော စကားမျိုး။

ယုတ္တိကို ဖော်ပြနိုင်လျှင် ယင်းဝိရောဓိဒေါသ ကင်းစင်ပျောက်သည်။

အာဂမ ဝိရောဓိ = စကားတရပ်ကို ရေးသားပြီးနောက် မိမိစကား ခိုင်ခန့်အောင် အာဂုံ အကိုးသာဓက သက်သေများ ထုတ်ပြ၍ ခိုင်မာအောင် ရေးသားရမည်။ ယင်းသို့ မရေးသားနိုင်လျှင် အာဂမဝိရောဓိဒေါသ သင့်သည်။

### ၅။ ကေတ္ထဒေါသ

အတ္ထတုလျာ ဒုဝေ သဒ္ဒါ၊ ယတ္ထ ဝုစ္စန္တိ တံ မတံ။
ကေတ္ထန္တိ သဘာဝေန၊ ဣမေ ဒေါသာ ဝိဝဇ္ဇိတာ။ (ဓာလိနီ၊၂၆၁)

သဒ္ဒါ–၂–ခု အနက်တူလျှင် ကေတ္ထဒေါသသင့်သည်။ ဝါကျ ၂–ခု အနက်တူရာမှာလည်း ကေတ္ထဒေါသဟုပင် မှတ်။ ပုနရုတ္တိဒေါသနှင့် အတူတူပင် ဖြစ်သည်။

http://www.dhammadownload.com



## ၆။ နိရတ္ထကဒေါသ

အကြောင်းပြ၍ အကျိုးမပြလျှင် အကျိုးမရှိခြင်း နိရတ္ထကဒေါသ ရောက်၏။

၁။ လဒ္ဓဂုဏီယ ဝါကျ။ (ကာရဏဝါကျ)

၂။ လဒ္ဓဂုဏ ဝါကျ။ (လဒ္ဓ–ရအပ်သော၊ ဂုဏ–အကျိုး)

၁–ကိုသာပြ၍ ၂–ကို မပြလျှင် နိရတ္ထကဒေါသ သင့်သည်။

၂–ကို ပြလိုက်သဖြင့် ဝါ–ပြလိုက်သောကြောင့် အကျိုးမရှိခြင်း နိရတ္ထကဒေါသ ကင်းသည်။

✪ လဒ္ဓဂုဏ၊ ဟူလတ်က၊ နိရတ္ထကတင်။ (ပယ်)

ဖလဝါကျ၊ ဟူတုံက၊ နိရတ္ထကတင်။ (ပယ်)

---

## ၇။ ဂန္တဂရုဒေါသ

ဂန္ထ = ကျမ်းဂန်၊ ဂရု–လေးခြင်း။

ဂန္ထဂရုဒေါသ = ကျမ်းလေးသောအပြစ်

အတိဒေသ သံဝဏ္ဏနာဝါကျ=နောက်သို့ပြန်၍ ညွှန်းသောဝါကျ။ ရှေ့သို့လှမ်း၍ ညွှန်းသော ဝါကျမျိုးကို အတိဒေသသံဝဏ္ဏနာဝါကျဟု ခေါ်သည်။

ရှေး၌ဆိုခဲ့ပြီးသောနည်းအတိုင်းသိပါလေ–ဟု ဆိုသောစကားသည် ရှေ့ညွှန်သော စကားမည်၏။

ဤအဓိပ္ပါယ်ကို နောက်၌ သိရလတ္တံ့–ဟုဆိုသောစကားသည် နောက်ညွှန်းသော စကားမည်၏။

ဤသို့ ရှေ့သို့ပြန်ညွှန်း နောက်သို့လှမ်းညွှန်းသော အညွှန်းဝါကျ၊ ဝါ– အတိဒေသဝါကျဖြင့် ဂန္ထဂရုဒေါသကို ပယ်သည်။

သေသံ သဗ္ဗံ တတိယ သဒိသမေဝ။ ၄၊၂၂၃။

ယင်းသေသံ သဗ္ဗံ–စသော အတိဒေသ သံဝဏ္ဏနာဝါကျဖြင့် ဂန္ထဂရုဒေါသပယ်သည်။ (ရှေ့ညွှန်း)

ပီတိသုခန္တိ ဣဒံ ဝုတ္တနယမေဝ။ ၄၊ ၂၁၅။

၎င်းဝါကျဖြင့် ဂန္ထဂရုဒေါသ ပယ်သည်။ (ရှေ့ပြန်ညွှန်း)

ဥပရိ အာဝိ ဘဝိဿတိ–ဟူသောစကားရပ်ကား လှမ်း၍ညွှန်းခြင်းတည်း။

မှတ်ချက်။ အတိဒေသသံဝဏ္ဏနာဝါကျကို ဝါကျာရမ္ဘ (ဝါ) ဥပန္ယာသဝါကျ–၌ သွင်းရမည်။ သို့သော် ဝါကျာရမ္ဘဝါကျ၌တင်သော ဒေါသမျိုး မတင်ရ။ ဂန္ထဂရုဒေါသတင်လေ၊ ပယ်လေ။

http://www.dhammadownload.com



## ဝါကျာရမ္ဘ,ဥပန္ယာသ–၌ ဒေါသမှတ်ဖွယ်

ရှေ့ဝါကျ၌ အပြစ်တင်ဖွယ် စောဒနာဖွယ်ရှိ၍ ဆက်လက်ပြသော နောက် ဝါကျမျိုးသည် ဝါကျာရမ္ဘဝါကျ (ဝါ) ဥပန္ယာသဝါကျမည်၏–ဟုဆိုသဖြင့် ယင်းနောက်ဝါကျကို မရေးသားလျှင် မပျံ့နှံ့ခြင်း အဗျာပိတ၊ မပြည့်စုံခြင်း အပရိပုဏ္ဏဒေါသ ရောက်ရာ၏။ ရေးသားလိုက်သဖြင့် အဆိုပါဒေါသများ ပျောက်ကင်းသွားသည်ဟု မှတ်ရာ၏။

✪ ဝါကျာရမ္ဘ၊ ယင်းဝါကျ၊ ဒေါသအဗျာပင်။

## သင်္ခေပ, ဝိတ္ထာရဝါကျတို့၌ ဒေါသမှတ်ဖွယ်

သင်္ခေပဝါကျကိုဆိုပြီးနောက် ဝိတ္ထာရဝါကျကို မပြလျှင် အကျယ်ဝိတ္ထာရ မရှိဟူသော အနက်သည် ရောက်၏။ ထို့ကြောင့် ယင်းဝါကျမျိုး၌ အဗျာပိတ အပရိပုဏ္ဏ ဒေါသပင်တင်။

မှတ်ချက်။ တပ္ပါကဋီကရဏဝါကျမျိုး၌ ဒေါသကို ဝိတ္ထာရဝါကျနှင့် အတူမှတ်။

ဝါဒကွဲ။ သင်္ခေပနှင့် ဝိတ္ထာရဝါကျမျိုး၊ ဝါကျာရမ္ဘဝါကျမျိုး၌ ဝိရောဓိ ဒေါသဟုလည်း ဆိုကြသေး၏။

✪ အကျယ်ချဲ့ပြ ဝိတ္ထာရ၊ အဗျာပိတတင်။

## အန္ဒယ ဗျတိရေက

(က) ဗုဒ္ဓါဝေ ဥဒ္ဒိသန္တိ = အန္ဒယ။ (ခ) န သာဝကာ = ဗျတိရေက။

✪ အန္ဒယ၊ ဗျတိရေက၊ နှစ်ဝါကျ၊ အဗျာပိတတင်။

## ပက္ခ၊ ပက္ခန္တရ

✪ ပက္ခ ပက္ခန္တရာ၊ ထိုနှစ်ဖြာ၊ နာနာ ပိဏ္ဍာတ္ထ။

ပက္ခန္တရ၊ ဟူလတ်က၊ အဗျာပိတတင်။

## ဝါ၊ အထဝါ၊ အပိစ၊ အပရော နယော–စသည်မှတ်ဖွယ်

✪ အထဝါမူ၊ အကြောင်းတူ၊ အကျိုးမူကား၊ အပြား။

အကျိုးတူ၊ အကြောင်းမူကား၊ အပြား။ (ဟိစပန၊နိယံ၊ပိုဒ်–၆၈)

မူလစကားနှင့် ဒုတိယစကား ကြောင်းတူ–ကျိုးပြား၊ ကျိုးတူ–ကြောင်းပြားကို ပြလို၍ အထဝါ ထားရသည်။

အောက်ပါ ရွှေရေးဆောင် နိယံနှင့် တူသည်။

✪ အထဝါကား၊ ကြောင်းပြား ကျိုးတူ၊ အကျိုးမူပြား၊ အကြောင်းကား၊ တူငြား ကေန်ပြ။ (ရွှေ–၃၄၉)

✪ အနက်သဒ္ဒါ၊ မပါကြွင်းကျန်၊ ဆိုလတ်ပြန်ရာ၊ ဝါ အထဝါ။ (ဟိစပန–၁၂၄)

http://www.dhammadownload.com



- ✪ ရှေ့၌ဓိပ္ပါယ်၊ ကျယ်၍ချဲ့ရာ၊ ဝါ အထဝါ။ (ဟိစပန–၁၂၅)
- ✪ ရှေ့၌ဆိုလတ်၊ စကားထပ်၍၊ တူရပ်ဆိုရာ၊ ဝါ အထဝါ။ (ဟိစပန–၁၂၆)
- ✪ အကြောင်းမလဲ၊ အကျိုးလဲ၊ ထားနည်း (နဲ) ကေစိ ဝါ အထဝါ။
- ✪ ရှေးနည်းစွန့်ကာ၊ ကြောင်းကျိုးဖြာ၊ ပြလာ အပိစ။ (ဠေ–၃၄၈)

**အကျဉ်းချုံးသော်–**

၁။ အကြောင်းလဲ။ ၂။ အကျိုးလဲ။

၃။ အကြောင်းအကျိုးနှစ်မျိုးလဲ။ (၆၈–နိယံ) ၄။ အနက်ကြွင်းကျန်ရာ။

၅။ သဒ္ဒါကြွင်းကျန်ရာ။

၆။ သဒ္ဒါ အနက် နှစ်မျိုးလုံး ကြွင်းကျန်ရာ–ကို ပြလို၍ ဝါ အထဝါ ထားသည်။ (၁၂၄၊နိယံ)

၇။ ရှေ့ဝါကျ၌ အဓိပ္ပါယ်ကျယ်နေ၍ အကျဉ်းချုံးလိုရာ၌ ဝါ–အထဝါ ထားသည်။ (၁၂၅၊နိယံ)

၈။ ရှေ့စကားမှ ထူးခြားသောစကားရပ်ကို ဆိုလိုရာ၌ ဝါ–အထဝါ ထားသည်။ (၁၂၆–နိယံ)

## မဏိဒီပဝါဒ

✝ ဝါ အထဝါတိ ဝုတ္တေ ပုဗ္ဗနာယာဝလမ္ဗကော နယော ဂမျတေ။
အပိစာတိ ဝုတ္တေ ပုဗ္ဗနယံ ပရိစ္စာဂေါနယော ဂမျတေ။
တဒုဘယမ္ပိ ကတ္ထစိယေဝ ယုဇ္ဇတိ န သဗ္ဗတ္ထာတိ ဝေဒိတဗ္ဗာ။

## ၁။ အကြောင်းလဲရာ၌ ပုံစံ

✝ ကသ္မာ ပနေတ္ထ ဖဿောဝ ပဌမံ ဝုတ္တောတိ စိတ္တဿ ပဌမာ–ဘိနိပါတတ္တာ။အပိစ အယံ ဖဿောနာမ –ပ– သဟဇာတသမ္ပယုတ္တဓမ္မာနံ ဗလဝပစ္စယော ဟောတိ တသ္မာပိ ပဌမံ ဝုတ္တော။ (ဘိ၊ဠ၊၁၊၁၅၁)

မေး။ အပိစ–စသောဝါကျ၌ အဘယ့်ကြောင့် အပိစ–သဒ္ဒါထားရပါသနည်း။

ဖြေ။ ဖဿ–ဖြစ်ခြင်း၏အကြောင်း စိတ္တဿ ပဌမာဘိနိပါတ ဟူသော ရှေးနည်းကိုစွန့်၍ သဟဇာတ သမ္ပယုတ္တဓမ္မ ဗလဝပစ္စယ–ဟူသော အကြောင်းကို လဲလိုသောကြောင့် အပိစ–သဒ္ဒါထားရပါသည်။

## ၂။ အကျိုးလဲရာ၌ ပုံစံ

လီနဘာဝပစ္စုပဋ္ဌာနံ၊ ပစလာယိကာ နိဒ္ဒါ ပစ္စုပဋ္ဌာနံ ဝါ။ လီနဘာဝ ပစ္စုပဋ္ဌာန်–ဟူသော အကျိုးမှတစ်ပါး ပစလာယိကာ နိဒ္ဒါပစ္စုပဋ္ဌာန်ဟူသော အကျိုး တစ်မျိုးကို လဲလှယ်ပြလိုသောကြောင့် ဝါ–သဒ္ဒါထားရပါသည်။

http://www.dhammadownload.com



## ၃။ သဒ္ဒါလဲရာ၌ ပုံစံ

ကာယ နုတ္တ ဘိက္ခဝေ ကာယန္ဒုတ္တာတိပိ ပါဠိ ။ ကာယ နုတ္တ–ဟူသော ပါဠိသဒ္ဒါမှ ကာယ နွတ္တ–ဟူသော ပါဠိသဒ္ဒါ တစ်မျိုးကို လဲလှယ်ပြလိုသောကြောင့် အပိသဒ္ဒါထားရပါသည်။

တထာယန္တိ –ပ– တတောယန္တိပိ ပါဌော–၌ နည်းတူပင်။

ဝိဂြိုဟ် ဝစနတ္တ ပြုရာ၌ နိပ္ဖန္နပုဒ်ကား အကျိုးသဒ္ဒါတည်း။ ဝိဂြိုဟ်ဝါကျကား အကြောင်း, အနက်, ဝစနတ္တ, နာမလာဘဟိတ်, ဗျုပ္ပတ္တိနိမိတ်တည်း။

မှတ်ချက်။ ကမ္မာဦး၌ အနက်နှင့်သဒ္ဒါ နှစ်မျိုးတွင် ရှေးဦးစွာ အနက် ပေါ်ပေါက်လာ၏။ ထို့နောက်မှ သဒ္ဒါပေါ်ပေါက်လာ၏။ ထို့ကြောင့် အနက်ကား အကြောင်း၊ သဒ္ဒါကား အကျိုး၊ သို့ဖြစ်၍ ဝစနတ္တလဲလျှင် အကြောင်း လဲ–ဟုမှတ်။ ဗျုပ္ပတ္တိစတုက္က ထုတ်ရာ၌ ဗျုပ္ပတ္တိနိမိတ်၏ အဓိပ္ပါယ်နှင့် ယှဉ်ကြည့် ရမည်။

## ဗျုပ္ပတ္တိစတုက္က မှတ်ဖွယ်

### အဘိဓာန်ဋီကာနည်း စတုက္ကထုတ်ပုံ

✝ တတြ ဝိသေသေဟိ ကိရိယာ ပကတိပစ္စယာဒီဟိ ဥပ္ပန္နတီတိ ဗျုပ္ပတ္တိ။

ဂေါအာဒိ သဒ္ဒရူပံ။

တဿာ နိမိတ္တံ ဗျုပ္ပတ္တိနိမိတ္တံ။ ကိရိယာ ပကတိ ပစ္စယာဒယော။

ပဝတ္တယတိ တတ္ထ တတ္ထ အတ္ထေ ပယောဇယတီတိ ပဝတ္တိ။ ဇာတိ ကိရိယာ ဒဗ္ဗ ဂုဏ နာမာနိ။ (ဓာန်၊ဋီ၊ ၄၃၆–ဂါထာအဖွင့်)

### ၁။ ဗျုပ္ပတ္တိ

ထူးကုန်သော ကြိယာ ပကတိပစ္စည်းစသည်တို့ကြောင့် ဖြစ်ပေါ်လာသော ဂေါစသော အစိတ်ပရမတ္တသဒ္ဒါသည် ဗျုပ္ပတ္တိမည်၏။

### ၂။ ဗျုပ္ပတ္တိနိမိတ္တ

ယင်း ပရမတ္တသဒ္ဒါဟူသောဗျုပ္ပတ္တိ၏ အကြောင်းနိမိတ်ဖြစ်သော ကြိယာ ပကတိ ပစ္စည်းစသည်တို့သည် ဗျုပ္ပတ္တိနိမိတ်မည်၏။

### ၃။ ပဝတ္တိ

ထိုထိုအနက်၌ ယှဉ်စေတတ်သော ဝါ– ထိုထိုအနက်ကိုဟောတတ်သော ဂေါစသော အပေါင်းပညတ္တိသဒ္ဒါသည် ပဝတ္တိမည်၏။

### ၄။ ပဝတ္တိနိမိတ္တ

ယင်းပညတ္တိသဒ္ဒါဟူသော ပဝတ္တိ၏အကြောင်းဖြစ်သော နိမိတ်ဖြစ်သော ဇာတ်, ဂုဏ်, ကြိယာ,ဒြဗ်,နာမ်တို့တွင် တစ်မျိုးမျိုးသည် ပဝတ္တိနိမိတ်မည်၏။

http://www.dhammadownload.com



✪ ဗျူပ္ပတ္တိအရ၊ ပရမတ္ထ၊ သဒ္ဒယူအပ်စွာ။ (ရွှေ-၄၇၄)
ဗျူပ္ပတ္တိ၏၊ နိမိတ်သိ၊ ပကတိပစ္စည်းမှာ။ (ရွှေ-၄၇၅)
ပဝတ္တိရှိ၊ ပညတ္တိ၊ ယူဘိသဒ္ဒမှာ။ (ရွှေ-၇၄၆)
ပဝတ္တိ၏၊ နိမိတ်ရှိ၊ ဇာတိပဋ္ဌကာ။ (ရွှေ-၄၇၇)
ပရမတ္ထာဝ ဗျူပ္ပတ္တိ၊ တံ နိမိတ္တံ တု ဓာတွာဒိ။

✪ ပညတ္တိ ပေါ့တိ ပဝတ္တိ၊ တံ နိမိတ္တံ တု ဇာတျာဒိ။(တောင်သမန် မဟာမြိုင်ဆရာတော် ဦးကောသဝ)

## ဗျူပ္ပတ္တိ ပဝတ္တိမှတ်ဖွယ်

သဒ္ဒံ ပထမစိတ္တေန၊ တီတံ ဒုတိယ စေတသာ။

နာမံ တတိယစိတ္တေန၊ အတ္ထံ စတုတ္ထ စေတသာ။

အက္ခရာတစ်လုံး၌ ပထမဝီထိ ဒုတိယဝီထိ၏ အာရုံဖြစ်သော ဂေါ-စသော သဒ္ဒါကို ပရမတ္ထ၊ ဝါ- ဗျူပ္ပတ္တိ-ဟုမှတ်။

ယင်းအက္ခရာတစ်လုံး၌ တတိယဝီထိ၏ အာရုံဖြစ်သော ဂေါစသော သဒ္ဒါကို ပညတ္တိ၊ ဝါ-ပဝတ္တိ-ဟုမှတ်။

မှတ်ချက်။ အက္ခရာတစ်လုံးတစ်လုံးတိုးတိုင်း နှစ်ဝီထိ နှစ်ဝီထိတိုး၍ ဗျူပ္ပတ္တိနှင့် ပဝတ္တိကို သိလေ။

ပုံစံ။ ဂတော

ဂတ-ဟူသော အက္ခရာနှစ်လုံး၌ ပ-ဒု-တ-စတုတ္ထဝီထိ၏ အာရုံဖြစ်သော ဂ-ဟူသော တ-ဟူသော သဒ္ဒါသည် ပရမတ္ထ၊ ဝါ-ဗျူပ္ပတ္တိ။

ပဥ္စမဝီထိ၏အာရုံဖြစ်သော ဂတ-သဒ္ဒါသည် ပညတ္တိ၊ ဝါ- ပဝတ္တိ မည်၏။

မှတ်ချက်။ ဤကား ဝီထိဖြင့် ပရမတ်-ဗျူပ္ပတ္တိ၊ ပညတ္တိ-ပဝတ္တိ ခွဲခြင်းတည်။

တစ်နည်း။ ဂတ-ဟူသော အက္ခရာနှစ်လုံး၌ ဂ-ဟူသော တ-ဟူသော အစိတ်ပရမတ္ထ သဒ္ဒါသည် ဗျူပ္ပတ္တိမည်၏။

ဂတ-ဟူသော အပေါင်းပညတ္တိသဒ္ဒါသည် ပဝတ္တိမည်၏။ (ယခုခေတ်၌ ဤနည်းကိုသာ သုံးကြသည်။)

## သမာသ်၌ ဗျူပ္ပတ္တိစတုက္ကထုတ်ပုံ

ပုံစံ = ရညော ပုတ္တော ရာဇပုတ္တော

၁။ ရာ-ဟူသော, ဇ-ဟူသော, ပုတ်-ဟူသော,တော-ဟူသော အစိပ် ပရမတ္ထသဒ္ဒါသည် ဗျူပ္ပတ္တိမည်၏။ (အဘိဓာန်ဋီကာနည်း)

http://www.dhammadownload.com



၂။ ယင်းဗျုပ္ပတ္တိ၏အကြောင်းဖြစ်သော ရာဇ–ဟူသောပုဒ်၊ ပုတ္တ–ဟူသော ပုဒ်သည်၎င်း၊ မင်းဒြဗ်၏ သားဒြဗ်နှင့် ဇနက ဇညအဖြစ်ဖြင့်စပ်ခြင်း သမ္ဗန်သည်၎င်း ဗျုပ္ပတ္တိနိမိတ်မည်၏။

၃။ ရာဇပုတ္တော–ဟူသော အပေါင်းပုညတ္တိသဒ္ဒါသည် ပဝတ္တိမည်၏။

၄။ ယင်းပဝတ္တိ၏အကြောင်းဖြစ်သော မင်းသားတို့၏ တစ်ယောက်သည် တစ်ယောက်နှင့်တူသော အခြင်းအရာဟုဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်မည်၏။

မှတ်ချက်။ သမာသ်ဝိဂ္ဂဟ၌ ၁။ ပုဒ်ခွဲ၊ ၂။ သမ္ဗန်–နှစ်မျိုးကို ဗျုပ္ပတ္တိ နိမိတ်ထုတ်။

## တဒ္ဓိတ်၌ ဗျုပ္ပတ္တိစတုက္ကထုတ်ပုံ

ပုံစံ။ ဝသိဋ္ဌဿ အပစ္စံ ဝါသိဋ္ဌော။

၁။ ဝါ–ဟူသော, သိဋ္ဌ်–ဟူသော,ဌော–ဟူသော အစိပ်အစိပ်ပရမတ္ထသဒ္ဒါသည် ဗျုပတ္တိမည်၏။

၂။ ယင်း ဗျုပ္ပတ္တိ၏အကြောင်းဖြစ်သော ဝသိဋ္ဌပုဒ်၊ ဏ–ပစ္စည်းသည်၎င်း၊ ဝသိဋ္ဌ မည်သောသူ၏ သားဒြဗ်နှင့် ဇနက,ဇညအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်၎င်း ဗျုပ္ပတ္တိ နိမိတ်မည်၏။

၃။ ဝါသိဋ္ဌော–ဟူသော အပေါင်းပညတ္တိသဒ္ဒါသည် ပဝတ္တိမည်၏။

၄။ ယင်းပဝတ္တိ၏အကြောင်းဖြစ်သော ဝသိဋ္ဌ–ဟူသော အမည်သည် ပဝတ္တိ နိမိတ်မည်၏။

ပုံစံ။ ဒဏ္ဍော အဿ အတ္ထီတိ ဒဏ္ဍီ။

၁။ ဒဏ်–ဟူသော, ဍီ–ဟူသော အစိပ်အစိပ်ပရမတ္ထ သဒ္ဒါသည် ဗျုပတ္တိမည်၏။

၂။ ယင်း ဗျုပ္ပတ္တိ၏အကြောင်းဖြစ်သော ဒဏ္ဍပုဒ်၊ ဤ–ပစ္စည်းသည်၎င်း၊ တောင်ဝှေးဒြဗ်၏ တောင်ဝှေးရှိသောလူဒြဗ်နှင့် သံသာမိအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်၎င်း ဗျုပ္ပတ္တိနိမိတ်မည်၏။

၃။ ဒဏ္ဍီ–ဟူသော အပေါင်းပညတ္တိသဒ္ဒါသည် ပဝတ္တိမည်၏။

၄။ ယင်းပဝတ္တိ၏အကြောင်းဖြစ်သော တောင်ဝှေးရှိသောသူတို့၏ တစ်ယောက်သည် တစ်ယောက်နှင့်တူသောအခြင်းအရာဟုဆိုအပ်သောဇာတ်သည် ပဝတ္တိ နိမိတ်မည်၏။

## ဘာဝတဒ္ဓိတ် ၅–မျိုး၌ ဗျုပ္ပတ္တိစတုက္ကထုတ်ပုံ

### ၁။ ဒဗ္ဗဘာဝတဒ္ဓိတ်

ပုံစံ။ ဝိသာဏိဿ ဘာဝေါ ဝိသာဏိတ္တံ။

၁။ ဝိသာဏ = ဦးချို။ ၂။ ဝိသာဏီ = ဦးချိုရှိသောနွား

၃။ ဝိသာဏိတ္တံ = ဦးချိုရှိသောနွား၏ ဖြစ်ကြောင်း။

၁–ကြောင့် ၂–ဖြစ်ပေါ်လာရသည်။ ၂–၏ဖြစ်ကြောင်းကား ၁–ပင်တည်း။ သို့မဟုတ် ၃–တည်း။

http://www.dhammadownload.com



၁။ ဝိ-ဟူသော, သာ-ဟူသော,ဏိတ်-ဟူသော,တ္တံ-ဟူသော အစိပ်အစိပ် ပရမတ္ထ သဒ္ဒါသည် ဗျုပတ္တိမည်၏။

၂။ ယင်း ဗျုပ္ပတ္တိ၏အကြောင်းဖြစ်သော ဝိသာဏိပုဒ်၊ တ္တ-ပစ္စည်းသည်ငှင်း၊ နွားဒြဗ်၏ ဦးချိုဒြဗ်နှင့် အပေါင်းအစိပ်အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်ငှင်း ဗျုပ္ပတ္တိ နိမိတ်မည်၏။

၃။ ဝိသာဏိတ္တံ-ဟူသော အပေါင်းပညတ္တိသဒ္ဒါသည် ပဝတ္တိမည်၏။

၄။ ယင်းပဝတ္တိ၏အကြောင်းဖြစ်သော ဦးချိုတို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟုဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်မည်၏။

## ၂။ ဂုဏဘာဝတဒ္ဓိတ်

ပုံစံ။ သုက္ကဿ ဘာဝေါ သုက္ကတ္တံ။

၁။ သုက္က = အဖြူ ၂။ သုက္က = ဖြူသောနွားဒြဗ် ၃။ သုက္ကတ္တံ = အဖြူ၏အဖြစ်

၁။ သုက်-ဟူသော, ကတ်-ဟူသော, တံ-ဟူသော အစိတ်အစိတ် ပရမတ္ထသဒ္ဒါသည် ဗျုပတ္တိမည်၏။

၂။ ယင်း ဗျုပ္ပတ္တိ၏အကြောင်းဖြစ်သော သုက္ကပုဒ်၊ တ္တပစ္စည်းသည်ငှင်း၊ နွားဒြဗ်၏ အဖြူဂုဏ်နှင့် ဂုဏ် ဂုဏေးအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်ငှင်း ဗျုပ္ပတ္တိနိမိတ်မည်၏။

၃။ သုက္ကတ္တံ-ဟူသော အပေါင်းပညတ္တိသဒ္ဒါသည် ပဝတ္တိမည်၏။

၄။ ယင်းပဝတ္တိ၏အကြောင်းဖြစ်သော အဖြူတို့၏ တစ်ခုသည်တစ်ခုနှင့်တူသော အခြင်းအရာဟုဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်မည်၏။

## ၃။ ကြိယာဘာဝတဒ္ဓိတ်

ပုံစံ။ ဂန္တုဿ ဘာဝေါ ဂန္တုတ္တံ

၁။ ဂန်-ဟူသော, တုတ်-ဟူသော, တံ-ဟူသော အစိတ်အစိတ် ပရမတ္ထသဒ္ဒါသည် ဗျုပတ္တိမည်၏။

၂။ ယင်း ဗျုပ္ပတ္တိ၏အကြောင်းဖြစ်သော ဂန္တုပုဒ်၊ တ္တပစ္စည်းသည်ငှင်း၊ သွားခြင်း ကြိယာသည်ငှင်း ဗျုပ္ပတ္တိနိမိတ်မည်၏။

၃။ ဂန္တုတ္တံ-ဟူသော အပေါင်းပညတ္တိသဒ္ဒါသည် ပဝတ္တိမည်၏။

၄။ ယင်းပဝတ္တိ၏အကြောင်းဖြစ်သော သွားခြင်းအမှုအရာတို့၏ တစ်ခုသည် တစ်ခုနှင့် တူသော အခြင်းအရာဟုဆိုအပ်သောဇာတ်သည် ပဝတ္တိ နိမိတ်မည်၏။

## ၄။ နာမဘာဝတဒ္ဓိတ်

ပုံစံ။ စိတ္တဿ ဘာဝေါ စိတ္တတ္တံ။

http://www.dhammadownload.com



၁။ စိတ်ဟူသော, တတ်-ဟူသော, တံ-ဟူသော အစိတ်အစိတ် ပရမတ္ထသဒ္ဒါသည် ဗျုပတ္တိမည်၏။

၂။ ယင်း ဗျုပ္ပတ္တိ၏အကြောင်းဖြစ်သော စိတ္တပုဒ်၊ တ္တပစ္စည်းသည်ငှင်း၊ စိတ္တနာမည်၏ နွားဒြဗ်နှင့် သညာ သညီအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန္ဓသည်ငှင်း ဗျုပ္ပတ္တိ နိမိတ်မည်၏။

၃။ စိတ္တတ္တံ-ဟူသော အပေါင်းပညတ္တိသဒ္ဒါသည် ပဝတ္တိမည်၏။

၄။ ယင်းပဝတ္တိ၏အကြောင်းဖြစ်သော စိတ္တ-နာမည်တို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟုဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်မည်၏။

## ၅။ ဇာတိဘာဝတဒ္ဓိတ်

ပုံစံ။ ဂေါဿ ဘာဝေါ ဂေါတ္တံ = နွားဇာတ်၏ဖြစ်ကြောင်း။

၁။ ဂေါတ်-ဟူသော, တံ-ဟူသော အစိတ်အစိတ် ပရမတ္ထသဒ္ဒါသည် ဗျုပတ္တိမည်၏။

၂။ ယင်း ဗျုပ္ပတ္တိ၏အကြောင်းဖြစ်သော ဂေါပုဒ်၊ တ္တပစ္စည်းသည်ငှင်း၊ နွားဒြဗ်၏ နွားဇာတ်နှင့် အဘေဒ ဘေဒအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန္ဓသည်ငှင်း ဗျုပ္ပတ္တိနိမိတ်မည်၏။

၃။ ဂေါတ္တံ-ဟူသော အပေါင်းပညတ္တိသဒ္ဒါသည် ပဝတ္တိမည်၏။

၄။ ယင်းပဝတ္တိ၏အကြောင်းဖြစ်သော နွားတို့၏ တစ်ကောင်သည် တစ်ကောင်နှင့်တူသော အခြင်းအရာဟုဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်မည်၏။

**မှတ်ချက်**။ ဗျုပ္ပတ္တိနိမိတ်နှင့် ပဝတ္တိနိမိတ် အရတူနေလျှင် အောက်ပါအတိုင်း ကောက်ရမည်။

✪ အစိပ်ကြောင်းချာ၊ ကြိယာ၊ မှန်စွာ ဗျုပ္ပတ္တိ။

✪ အပေါင်းကြောင်းချာ၊ ကြိယာ၊ သညာပဝတ္တိ။ -ဟူသော အာချာတ်သာမိနိယံ-၁၄၆၊ ၁၄၇- နှင့်အညီ အစိပ်ကြိယာ၏ အကြောင်းကို ဗျုပ္ပတ္တိနိမိတ်။ အပေါင်းကြိယာ၏ အကြောင်းကို ပဝတ္တိနိမိတ်-ဟုမှတ်။

## ကိတ်၌ ဗျုပ္ပတ္တိစတုက္ကထုတ်ပုံ

ပုံစံ။ အတ္တနော သဘာဝံ ဓာရေန္တီတိ ဓမ္မာ။

၁။ ဓမ်-ဟူသော, မာ-ဟူသော အစိတ်အစိတ် ပရမတ္ထသဒ္ဒါသည် ဗျုပတ္တိမည်၏။

၂။ ဓရ-ဓာတ်၊ ရမ္မ-ပစ္စည်းသည်ငှင်း၊ မိမိ၏သဘောကို ဆောင်ခြင်းကြိယာသည်ငှင်း ဗျုပ္ပတ္တိနိမိတ်မည်၏။

၃။ ဓမ္မာ-ဟူသော အပေါင်းပညတ္တိသဒ္ဒါသည် ပဝတ္တိမည်၏။

၄။သခ်တဓမ္မအချင်းချင်း၊ အသခ်တဓမ္မအချင်းချင်း တစ်ပါးသည်တစ်ပါးနှင့်တူသော အခြင်းအရာဟုဆိုအပ်သော ဇာတ်သည် ပဝတ္တိ နိမိတ်မည်၏။

http://www.dhammadownload.com



## ဘောဓိစိန္တာဋီကာနည်း ဗျူပွတ္တိစတုက္ကထုတ်ပုံ

ဂစ္ဆတီတိ ဂေါ ဣစ္စာဒိ ဝိဂ္ဂဟတ္ထဘူတ ဗျူပွတ္တိ နိမိတ္တာ ယေသဒ္ဒါစ အဝိဂ္ဂဟတ္ထဘူတ သဒ္ဒပဝတ္တိ နိမိတ္တာ ယေ သဒ္ဒါစ–ပ– တွေ့စ ရက္ခော ပုရိသောဣစ္စာဒိကေ ဇာတိ ပဝတ္တိ နိမိတ္တံ ကတွာ ဒဗ္ဗသံ ဝါစကတ္တာ သဒ္ဒပဝတ္တိ နိမိတ္တံ နာမ။ ဝလော ဂန္တာ ဝိသာဏီ ဒေဝဒတ္တောဣစ္စာဒိကော ဂုဏာဒိ ပဝတ္တိ နိမိတ္တံ ကတွာ ဒဗ္ဗသံ ဝါစကတ္တာ သဒ္ဒပဝတ္တိနိမိတ္တံနာမ –ပ–ဂစ္ဆတီတိ ဂေါ ဂစ္ဆတီတိ ဂန္တာ။ ပစန် ပါကော တျတြ ကိရိယာ။

ဝိသာဏော အဿ အတ္ထီတိ ဝိသာဏီ တျတြတု သဒ္ဒသမ္ဗန္ဓောစ ဗျူပွတ္တိယာ ဝိဂ္ဂဟဿ နိမိတ္တံ တထာတိ ဗျူပွတ္တိနိမိတ္တံ နာမာတိ ဒဋ္ဌဗ္ဗံ။ (ဘောဓိစိန္တာ၊၁၂၆၊ ဂါထာအဖွင့်–ဋင်းဋီကာ)

ဂစ္ဆတီတိ ဂေါ–ပ– သဒ္ဒပဝတ္တိ နိမိတ္တော ယေ သဒ္ဒါစ–ဟူသော ဋီကာပါဌ်ဖြင့် ဂစ္ဆတိ–ဟူသော ဝိဂ္ဂဟသည် ဗျူပွတ္တိ။

ဝိဂ္ဂဟတ္ထသည် ဗျူပွတ္တိနိမိတ္တ။

ဂေါ–ဟူသော နိပ္ဖန္နသည် အဝိဂ္ဂဟ၊ ဝါ– သဒ္ဒပဝတ္တိ။

အဝိဂ္ဂဟတ္ထသည် သဒ္ဒပဝတ္တိနိမိတ်တည်းဟု ပြသည်။

ဆိုလိုရင်းမှာ– ယင်းဋီကာဖြင့် ဗျူပွတ္တိ၊ ဗျူပွတ္တိနိမိတ်၊ ပဝတ္တိ၊ ပဝတ္တိနိမိတ်–ဟု လေးမျိုး ရှိကြောင်း ပြသည်။

ရက္ခော–ပ– သဒ္ဒပဝတ္တိနိမိတ္တံနာမ–ဖြင့် ရက္ခော ပုရိသော–စသော ဇာတိသဒ္ဒါ၌ ဇာတိသည် ပဝတ္တိနိမိတ်မည်၏ဟု ပြသည်။

ဝလော –ပ–သဒ္ဒပဝတ္တိ နိမိတ္တံနာမ–ဖြင့် ဝလော–ဟူသော ဂုဏသဒ္ဒါ၌ ဂုဏ်သည် ပဝတ္တိနိမိတ်။

ဂန္တာ–ဟူသောကြိယာသဒ္ဒါသည်၌ ကြိယာသည် ပဝတ္တိနိမိတ်။

ဝိသာဏီ–ဟူသော ဒဗ္ဗသဒ္ဒါ၌ ဒြဗ်သည် ပဝတ္တိနိမိတ်။

ဒေဝဒတ္တော–ဟူသော နာမသဒ္ဒါ၌ ဒေဝဒတ်ဟူသောနာမည်သည် ပဝတ္တိနိမိတ်–ဟု ပြသည်။

ဂစ္ဆတီတိ ဂေါ –ပ–ဗျူပွတ္တိနိမိတ္တံ နာမာတိ ဒဋ္ဌဗ္ဗံ–ဖြင့် ဂစ္ဆတီတိ ဂေါ–စသောပြယုဂ်၌ ကြိယာသည် ဗျူပွတ္တိနိမိတ်မည်၏။

ဝိသာဏီ–စသောပြယုဂ်၌ သမ္ဗန်သည် ဗျူပွတ္တိနိမိတ်–ဟု ပြသည်။

### အကျဉ်းချုပ်

၁။ ဝိဂ္ဂဟသည် ဗျူပွတ္တိ။

၂။ ဝိဂ္ဂဟ၏အကြောင်းဖြစ်သော ကိတ်ပုဒ်၌ ကြိယာစသည်၊ သမာသ်ပုဒ်,တဒ္ဓိတ်ပုဒ်၌ သမ္ဗန်စသည်သည် ဗျူပွတ္တိနိမိတ်။

http://www.dhammadownload.com



မှတ်ချက်။ အဘိဓာန်ဋီကာအလို ဗျုပ္ပတ္တိနိမိတ်အရ–ကြိယာ ပကတိ ပစ္စယာဒယော– ဆိုသည်နှင့်အညီ အတူတူပဟု မှတ်။

၃။ ရက္ခော, ပုရိသော–စသော ပုဒ်ပြီးနိပ္ဖန္နသည် ပဝတ္တိ။

၄။ ယင်းပုဒ်ပြီးနိပ္ဖန္န၏အကြောင်းဖြစ်သော် ဇာတိသဒ္ဒါဖြစ်အံ့–ဇာတ်၊ ဂုဏသဒ္ဒါဖြစ်အံ့– ဂုဏ်၊ ကြိယာသဒ္ဒါဖြစ်အံ့–ကြိယာ၊ ဒဗ္ဗသဒ္ဒါဖြစ်အံ့–ဒြဗ်၊ နာမ သဒ္ဒါဖြစ်အံ့–နာမည်သည် ပဝတ္တိနိမိတ်မည်၏

မှတ်ချက်။ ဓာန်ဋီ၌ ပဝတ္တိနိမိတ်အရ– ဇာတိ ကိရိယာ ဒဗ္ဗ ဂုဏ နာမာနိ–ဟု ဆိုသည်နှင့် အတူတူပင်။

ဤကား ဝိဂ္ဂဟာဝိဂ္ဂဟဋ္ဌာဃေ–စသော ဘောဒစိန္တာ (၁၂၆) နံပါတ် ဂါထာ၏ အဖွင့်ဋီကာ အလို ဗျုပ္ပတ္တိစတုက္ကထုတ်ပုံတည်း။ ၎င်းဒီပနီ၌လည်း ဤနည်းတူပင် ဖွင့်သည်။

ဝိဂ္ဂဟော ဧဝ ဗျုပ္ပတ္တိ၊ တံ နိမိတ္တံ တု ကိရိယာဒိ။

နိပ္ဖန္နော ပန ပဝတ္တိ၊ တံ နိမိတ္တံ တုံ ဓာတွာဒိ။ (တောင်သမန်၊ မဟာမြိုင်ဆရာတော် ဦးကေသဝ)

## သမာသ်၌ ဗျုပ္ပတ္တိစတုက္ကထုတ်ပုံ

ပုံစံ။ ရညော ပုတ္တော ရာဇပုတ္တော။

၁။ ရညော ပုတ္တော–ဟူသော ဝိဂ္ဂဟသည် ဗျုပ္ပတ္တိ။ ၂။ ရှေးနှင့်တူပြီ။

၃။ ရာဇပုတ္တော–ဟူသော နိပ္ဖန္နသည် ပဝတ္တိ။ ၄။ ရှေးနှင့်တူပြီ။

## တဒ္ဓိတ်၌ ဗျုပ္ပတ္တိစတုက္ကထုတ်ပုံ

ပုံစံ။ ဝသိဋ္ဌဿ အပစ္စံ ဝါသိဋ္ဌော။

၁။ ဝသိဋ္ဌဿ အပစ္စံ–ဟူသော ဝိဂ္ဂဟသည် ဗျုပ္ပတ္တိ။

၃။ ဝါသိဋ္ဌော–ဟူသော နိပ္ဖန္နသည် ပဝတ္တိ။ (၂–၄–တူပြီ)

## ကိတ်၌ ဗျုပ္ပတ္တိစတုက္ကထုတ်ပုံ

ပုံစံ။ အတ္တနော သဘာဝံ ဓာရေန္တီတိ ဓမ္မာ။

၁။ အတ္တနော သဘာဝံ ဓာရေန္တိ–ဟူသော ဝိဂ္ဂဟသည် ဗျုပ္ပတ္တိ။

၂။ ဓရ–ဓာတ်၊ ဏပစ္စည်း၊ အန္တိဝိဘတ်သည်၎င်း၊ မိမိ၏သဘောကို ဆောင်ခြင်းကြိယာ သည်၎င်း ဗျုပ္ပတ္တိနိမိတ်။

၃။ ဓမ္မာ–ဟူသော နိပ္ဖန္နသည် ပဝတ္တိ။ ၄။ တူပြီ။

---

## (၇) အဖြေ

န ကုသလာ–၌ န–သဒ္ဒါကား ပဋိပက္ခ၊ ဝါ–ဝိရုဒ္ဓအနက်ကိုဟောသည်။ (အကုသလာ– ၌ အ–နှင့် အတူတူပင်)

http://www.dhammadownload.com



## အ-သဒ္ဒါအနက်များ

ပဋိသေဓေ ဝုဒ္ဓိတဗ္ဘာဝေ၊ အညတ္ထေ သဒိသေပိစ။

ဝိရုဒ္ဓေ ဂရဟေ သုညေ၊ အ ကာရော ဝိရဟာပ္ပကေ။

## တ-သဒ္ဒါ အမျိုးမျိုး

ပက္ကန္တ ဝိသယောစေဝ၊ ပသိဒ္ဓ ဝိသယော တထာ။

အနုဘူတဝိသယောစေတိ၊ တ သဒ္ဒေါယံ န ပက္ခတော။(ဇာလိနီ-၂၀၁)

ရှင်းလင်းချက်။ ဤဇာလိနီအလို-တ သဒ္ဒါသည် ပက္ကန္တဝိသယ-တ သဒ္ဒါ၊ ပသိဒ္ဓဝိသယ -တ သဒ္ဒါ၊ အနုဘူတဝိသယ-တ သဒ္ဒါ-ဟု သုံးမျိုးရှိသည်။ ယ-ဟူသော အနိယမကို မငဲ့၊ ယ-ဟူသော အနိယမ မရှိဘဲ တ-ချည်းသက်သက် တည်ရှိနိုင်သည်။

✪ ၁။ ရှေးဝါကျမှ၊ စွဲဗွေ၊ ပက္ကန္တဝိသယာ။

၂။ အစွဲတင်းလင်း၊ ရှိတုံလျှဉ်း၊ မှတ်သွင်းပသိဒ္ဓါ။

၃။ ပုဗ္ဗေဝါကျ၊ ကြိယ၊ စွဲရ နုဘူတာ။ (သမ္ဗန္ဓစိန္တာဂဏ္ဌိသစ်-၉၆)

### ၁။ ပက္ကန္တဝိသယ-တ

ပုံစံ။ တဿာပိ ဝစနံ သုတွာ ဘိယျော စိတ္တံ ပသီဒတိ။ ၄။

တဿာပိ-ထိုဒီပင်္ကရာမြတ်စွာဘုရား၏လည်း-ဟု အနက်ပေး။ ရှေးဝါကျ၌ ဆိုခဲ့ပြီးသော ဒီပင်္ကရာမြတ်စွာဘုရားဒြဗ်ကို တ-သဒ္ဒါက စွဲယူသော ကြောင့် ယင်း တ-သဒ္ဒါကား ပက္ကန္တဝိသယ-တ တည်။

### ၂။ ပသိဒ္ဓဝိသယ-တ

ပုံစံ။ နမာမိ တဿ ဗုဒ္ဓဿ၊ လောကဇေဋ္ဌဿ တာဒိနော။

တဿ ဗုဒ္ဓဿ-ထိုမြတ်စွာဘုရားအား-ဟု အနက်ပေး။ ယင်း တ-သဒ္ဒါကား ဗုဒ္ဓဿ-ဟု အစွဲတင်းလင်း (ဝါ) အစွဲတိုက်ရိုက် (ဝါ) အစွဲထင်ရှားရှိသောကြောင့် ပသိဒ္ဓဝိသယ-တ တည်း။

### ၃။ အနုဘူတဝိသယ-တ

ပုံစံ။ အတီတံ နာနုသောစာမိ၊ နပဇပ္ပါမိ နာဂတံ။

ပစ္စုပ္ပန္နေန ယာပေမိ၊ တေန ဝဏ္ဏော ပသီဒတိ။ (နေမိဇာတ်)

တေန ယာပေန-ထိုသို့မျှတခြင်းကြောင့်-ဟုအနက်ပေ။

ယင်းတေန-၌ တ-သဒ္ဒါကား ရှေးဝါကျ၌ရှိသော ယာပနကြိယာကို စွဲသောကြောင့် (ဝါ) သုံးသပ်သောကြောင့် အနုဘူတဝိသယ-တ တည်။

http://www.dhammadownload.com



## နိယမ 'တ'သဒ္ဒါ

✪ အနိယတ် ယ၊ စွဲသမျှနှင့်၊ ထို ယကြိယာ၊ ယင်းနှစ်ဖြာကို၊ ဆောင်ကာစွဲရ၊ တသဒ္ဒ၊ မှတ်ကြ နိယမာ။

ပုံစံ။ ယော ဒါရကော တိဏ္ဍံ န လုနာတိ၊ တံ အာနေဟိ။

ယော ဒါရကော–ဟူသော အနိယတ် ယ စွဲသောသုငယ်ဒြဗ်နှင့် ထို ယ–သဒ္ဒါ၏ စပ်ရာ န လုနာတိကြိယာ နှစ်မျိုးလုံးကို စွဲရသောကြောင့် ယင်း တသဒ္ဒါကား နိယမ တ–သဒ္ဒါ (ဝါ) နိယတ် တ–သဒ္ဒါမည်၏။

### ဝါဒကွဲမှတ်ဖွယ်

ယံ တံ သဒ္ဒါ နိစ္စသမ္ဗန္ဓာ။

ယန္တိ သုတွာ တန္တိပဒံ၊ တန္တိ သုတွာန ယန္တိစ။

ယော ဖေယျ ယံ တံ သဒ္ဒါနံ၊ နိစ္စ သမ္ဗန္ဓဘာဝတော။(မဏိမဥ္ဇူ)

ဋင်းပရိဘာသာများအလို မည်သည့် တ–သဒ္ဒါပင်ဖြစ်စေ၊ ယ–သဒ္ဒါကို ငဲ့၏–ဟု မှတ်ရာ။ ထို့ကြောင့် တ–သဒ္ဒါ လေးမျိုး မပြားသင့်–ဟု မောင်းထောင်ဆရာတော် မိန့်၏။

ဆုံးဖြတ်ချက်။ ယင်း နှစ်ဝါဒတွင် ယံ သန္ဓာယ ဝုတ္တံ–စသည်၌ တ–သဒ္ဒါနှင့် မစပ်သော တ–သဒ္ဒါကို မငဲ့သော ယ–သဒ္ဒါပင် ရှိသေး၏ဟုသီလက္ခန် ဋီကာသစ်ဆိုသောကြောင့် ဇာလိနီအလို အတိုင်း ယ–သဒ္ဒါကိုမငဲ့သော တ–သဒ္ဒါ သုံးမျိုး၊ ယ–သဒ္ဒကို ငဲ့သော တ–သဒ္ဒါ တစ်မျိုးအားဖြင့် လေးမျိုးရှိသည်ဟု ဆုံးဖြတ်ရာ၏။

### အထူးမှတ်ရန်

လဒ္ဓဂုဏ်ပြသော တ–သဒ္ဒါတို့ကား ယ–သဒ္ဒါကို အလျဉ်းမငဲ့–ဟု ဆရာတို့ ဆိုကြသည်။ ထို့ကြောင့် တေန ဝုတ္တံ–စသည်၌ လဒ္ဓဂုဏ်ပြ တ–သဒ္ဒါ ဖြစ်လျှင် ယင်း တ–သဒ္ဒါကို အနုဘူတ– ဝိသယ–တ ဟု မှတ်လေ။

✪ လဒ္ဓဂုဏ်ပြ၊ တသဒ္ဒ၊ မှတ်ကြ နုဘူတာ။

မှတ်ချက်။ ယံသဒ္ဒါ တံသဒ္ဒါနည်းတူ ဣမသဒ္ဒါ ဧတသဒ္ဒါတို့၌လည်း ထိုက်သည်အား လျော်စွာ သိလေ။

### ဂဟေတဗ္ဗစသည် ထုတ်နည်း

### ဧဝသဒ္ဒါအနက်များ

နိယမေစာ ဝဓာရဏော၊ သန္နိဋ္ဌာနေစ ဝုစ္စတေ။

ပဒပူရဏာ မတ္တေပိ၊ ဧဝသဒ္ဒေါ ဝိဘာဝိနာ။ (ဂန္ဓာဘရဏ)

http://www.dhammadownload.com



၁။ ဓေ–သဒ္ဒါ၏ နိယမအနက် (ခိုင်မြဲစေခြင်းအနက်)

ပုံစံ = ဆတ္တိံသေဝ ဝိပါကာနိ။

ဤပြယုဂ်၌ ဓေ–သဒ္ဒါသည် ဝိပါက်စိတ် ဆတ္တိံသ–ကိုမှတ်၍ ဆိုလတ္တံ့သော ဝိပါက်စိတ်နှင့် ယှဉ်သော စေတသိက်များကို သိစေ၏။

၂။ ဓေ–သဒ္ဒါ၏ အဝဓာရဏအနက် (နစ်စေခြင်းအနက်)

ပုံစံ = တိဿော ဓနေဝရော ဓေ။

ဤပြယုဂ်၌ ဓေ–သဒ္ဒါသည် ဆင်အတတ် မြင်းအတတ်စသော ဂုဏ်ကို နစ်စေ၏။

၃။ ဓေ–သဒ္ဒါ၏ သန္နိဋ္ဌာနအနက် (ခိုင်မြဲစေခြင်းအနက်)(ဆုံးဖြတ်ခြင်း)

ပုံစံ= မတ္တမေဝ။

ဤပြယုဂ်၌ မတ္တ–သဒ္ဒါသည် နစ်စေခြင်း အဝဓာရဏအနက်ရှိ၍ ဝေသဒ္ဒါကား–ခိုင်မြဲစေခြင်း = ဆုံးဖြတ်ခြင်း =သန္နိဋ္ဌာန်ကျ မှတ်ရခြင်း အနက်ရှိ၏။

၄။ ဓေ–သဒ္ဒါ၏ ပဒပူရဏအနက် (အနက်မဲ့ ပုဒ်ပြည့်ကာမျှ)

ပုံစံ = ယထေဝ။

ဤပြယုဂ်၌ ဓေ–သဒ္ဒါကား အနက်မဲ့ ပဒပူရဏတည်း။

**မှတ်ချက်။** ဤကား ဂန္ထာဘရဏကျမ်းလာ ဓေ–သဒ္ဒါ၏အနက်နှင့် ပြယုဂ်များတည်း။ ဤအနက်လေးမျိုးတွင် နစ်စေအပ်သောအနက်ရှိသော ဓေ–သဒ္ဒါ (ဝါ) နိဝတ္တာပနာဝဓာရဏ အနက်ရှိသော ဓေ–သဒ္ဒါသာလျှင် –

၁။ ဂဟေတဗ္ဗတ္ထ = ယူအပ်သောအနက်။

၂။ နိဝတ္တေတဗ္ဗတ္ထ = နစ်စေအပ်သောအနက်။

၃။ အနညာတတ္ထ = ခွင့်ပြုအပ်သောအနက်။

ယင်းအနက် သုံးမျိုးကို ထိုက်သည်အားလျော်စွာ ရနိုင်သည်။ ဓေ–သဒ္ဒါထိုင်ရာ အနက်ကို ဂဟေတဗ္ဗတ္ထထုတ်ရမည်။ ဓေ–ထိုင်ရာပုဒ်သည် ဒြဗ်ဖြစ်လျှင် ဆန့်ကျင်ဘက်ဒြဗ်တစ်ခုကိုငင်း၊ ဂုဏ်ဖြစ်လျှင် ဂုဏ်တစ်မျိုးကိုငင်း၊ ကြိယာဖြစ်လျှင် ကြိယာတစ်မျိုးကိုငင်း နိဝတ္တေတဗ္ဗတ္ထ ထုတ်ရမည်။

### အနညာတထုတ်ရာ၌ မှတ်ဖွယ်

၁။ မိမိဝါကျအတွင်းကို ရှု၍ ထုတ်ခြင်း။

၂။ ပြင်ပဝါကျတစ်ပါးကိုရှု၍ ထုတ်ခြင်း။

၃။ ဓေ–ထိုင်ရာပုဒ်နှင့် တန်းတူ အရည်အချင်းတူ ပုဒ်တစ်မျိုးကို အနညာတထုတ်ခြင်း–ဟု သုံးမျိုးရှိသည်။

✪ (၃၀၀) ဒြဗ်ပုဒ်နှောင်၊ ဓေဆောင်၊ ဂုဏ်နှောင် ပိကျော့မြဲ။

http://www.dhammadownload.com



- (၃၀၁) ဂုဏ်၏နောက်မှော၊ ဝေပါ၊ ဒဗ္ဗာ ပိကျေမြဲ။
- (၃၀၂) အကန့်ဒြဗ်၊ ထုတ်ပြန်လတ်၊ ဂုဏာနုညာတာ။
- (၃၀၃) အကန့်ဂုဏ်သာ၊ ထုတ်ပြန်လာ၊ ဒဗ္ဗနုညာတာ။
- (၃၀၄) အကန့်ကြိယာ၊ ထုတ်သည်မှာ၊ ဒဗ္ဗဂုဏာလှန်။
- (၁၃၂) ဒြဗ်နောက်ပေ၊ ဝေနေ၊ ကန့်လေ ဒြဗ်ချင်း။
- (၁၃၃) ဂုဏ်၏နောက်မှာ၊ ဝေပါ၊ ကန့်ပါ ဂုဏ်ချင်းချင်း။
- (၁၃၄) ကြိယာနောက်၊ ဝေရောက်၊ ချင့်ထောက် ယူလေလျဉ်း။ (အာချာတ်သာမိနိယံ)
- ဝေသဒ္ဒါ၊ ကန့်လေရာ၊ ကံမှာ ကံချင်း၊ ကတ္တားချင်း။
- ဝေသဒ္ဒါ၊ ရှိလေရာ၊ ယံခါ အနုညာတထုတ်မြဲ။
- နိဝတ္တေတဗ္ဗ၊ ဒြဗ်ပြ၊ အနုညာတဂုဏ်ထုတ်မြဲ။
- နိဝတ္တေတဗ္ဗ၊ ဂုဏ်ဖြစ်က၊ ဒဗ္ဗအနုညာတ ထုတ်မြဲ။
- နိဝတ္တေတဗ္ဗ၊ ကြိယာပြ၊ ဒြဗ်ဂုဏ်ကို၊ အနုညာတထုတ်မြဲ။

ပုံစံ = တိဿ ဒတ္တေသု တိဿော ဝေ ဓနဝရော ဟောတိ။

ဤမြဲယူဂ်၌– ၁။ တိဿဒြဗ်သည် ဂဟေတဗ္ဗတ္ထ။

၂။ ဒတ္တဒြဗ်သည် နိဝတ္တေတဗ္ဗတ္ထ။

၃။ တိဿ၏ လေးအတတ်ဟူသောဂုဏ်သည် အနုညာတတ္ထ။

(ဤကား မိမိဝါကျအတွင်း၌ ထုတ်ခြင်းတည်း)

ပုံစံ = တိဿော ဟတ္ထိ အဿ သိပ္ပဓရောပိ ဟောတိ။

၃။ တိဿ၏ ဆင်အတတ် မြင်းအတတ်ဟူသောဂုဏ်သည် အနုညာတတ္ထ။

(ဓနုဓရော–ဟူသောဂုဏ်ပုဒ်နောင်ကျသော ပိ–သဒ္ဒါဖြင့် ဆည်းအပ်သော အပြင်ဝါကျကို ရှု၍ ထုတ်သည်။)

၃။ လေးအတတ်တတ်သော စိတ္တဒြဗ်သည် အနုညာတတ္ထ။ (ဝေ–နှင့် တန်းတူရည်တူ တစ်ပါးကိုဆောင်၍ ထုတ်သည်။)

မှတ်ချက်။ ဤကား ဒဗ္ဗ–သဒ္ဒါနောင် ဝေ–ထိုင်ရာ အနက် ၃–မျိုး ထုတ်ပုံတည်း။

ပါဠိရေးထုံးအရ အနက် ၃–မျိုး

၁။ ဒြဗ်နောင် ဝေ–ထိုင်သောပုံစံ

တိဿော ဝေ ဓနုဓရော ဟောတိ၊ န ဒတ္တော။ တိဿော ဟတ္ထိ အဿ သိပ္ပဓရောပိ။

http://www.dhammadownload.com



## ၂။ ဂုဏ–သဒ္ဒါနောင် ထိုင်သောပုံစံ

(ဓနု ဟတ္ထိ အဿ သိပ္ပေသု) တိသော ဓနုဓရောဝေ ဟောတိ။

ဤပြယုဂ်၌– ၁။ လေးအတတ်ဟူသောဂုဏ်သည် ဂဟေတဗ္ဗတ္ထ။

၂။ ဆင်အတတ် မြင်းအတတ်ဟူသောဂုဏ်သည် နိဝတ္တေတဗ္ဗတ္ထ။

၃။ လေးအတတ်ကိုသာတတ်သော တိဿသည် အနုညာတတ္ထ။ (ဤကား မိမိဝါကျအတွင်းရှု၍ ထုတ်ခြင်းတည်း။)

ပုံစံ။ ဒတ္တောပိ ဓနုဓရောဝေ။

ဤပြယုဂ်၌–လေးအတတ်ကိုသာတတ်သော ဒတ္တဒြဗ်သည်လည်း အနုညာတတ္ထ။ (ဤကား ပိ–သဒ္ဒါဖြင့်ဆည်းအပ်သော ပြင်ပဝါကျကိုရှု၍ ထုတ်ခြင်းတည်း။)

စိတ္တ–၏ ဆင်အတတ် မြင်းအတတ်စသောဂုဏ်သည် အနုညာတတ္ထ။

(ဤကား တန်းတူရည်တူတစ်ပါးကိုဆောင်၍ ထုတ်ခြင်းတည်း။)

### ဂုဏ်နောင်ထိုင်သော ပါဠိပုံစံ

တိသော ဓနုဓရောဝေ ဟောတိ၊ န ဟတ္ထိ အဿ သိပ္ပဓရော။ ဒတ္တောပိ ဓနုဓရော။ (ဤကား ဂုဏ်၏နောက်မှာ၊ ဝေပါ၊ ဒဗ္ဗာပိကျေမြဲ–နှင့်အညီတည်း)

## ၃။ ကြိယာနောင် ဧဝထိုင်သောပုံစံ

ပုံစံ။ တိသော ဓနုဓရော ဟောတိ ဧဝ။

ဤပြယုဂ်၌– ၁။ ဖြစ်ခြင်းကြိယာသည်သည် ဂဟေတဗ္ဗတ္ထ။

၂။ မဖြစ်ခြင်းကြိယာသည် နိဝတ္တေတဗ္ဗတ္ထ။

၃။ တိဿဒြဗ်သည်ငင်း၊ လေးအတတ်ဟူသောဂုဏ်သည်ငင်း အနုညာတတ္ထ။ (ဤကား မိမိဝါကျအတွင်းရှု၍ ထုတ်ခြင်းတည်း။)

ဒတ္တောပိ ဓနုဓရော တိသော ဟတ္ထိ အဿ သိပ္ပဓရောပိ။

ဤပြယုဂ်၌– လေးအတတ်ကိုတတ်သော ဒတ္တဒြဗ်သည်ငင်း၊ တိဿ၏ ဆင်အတတ် မြင်းအတတ်သည်ငင်း အနုညာတတ္ထ။ (ဤကား အပြင်ပဝါကျရှု၍ ထုတ်ခြင်းတည်း)

မှတ်ချက်။ ကြိယာမှာ တန်းတူရည်တူ မရှိ။

### ပါဠိရေးထုံး

တိသော ဓနုဓရော ဟောတိ ဧဝ၊ နော န ဟောတိ။

ဒတ္တောပိ ဓနုဓရော တိသော ဟတ္ထိ အဿ သိပ္ပဓရောပိ။

http://www.dhammadownload.com



မှတ်ချက်။ စာမေးပွဲ ဖြေဆိုရာ၌ အနုညာတ ထုတ်နည်း ၃–မျိုးတွင် ပထမနည်းကိုသာ အသုံးပြုမည်ဟု မှတ်။

## မဇ္ဈေမဝ ရှိရာ၌ မှတ်ဖွယ်

မဇ္ဈေမေဝါတိ ဧကတ္ထံ၊ မဇ္ဈပဒံ ပမာဏကေ။

မဇ္ဈာ ဝဓာရဏေဝါ၊ သန္နိဋ္ဌာနမှိ စေတရံ။ (သီဋီသစ်၊၁၊၄၆၁)

မဇ္ဈသဒ္ဒါသည် အတိုင်းအရှည်ပမာဏအနက်ကိုဟောလျှင် မဇ္ဈေမဝသဒ္ဒါကား တူသော အနက်ရှိ၏။ (ဝါ) မဇ္ဈသဒ္ဒါ ပမာဏအနက်ကိုဟော၍ ဧဝ–သဒ္ဒါ ပဒပူရဏ အနက်ကို ဟောသည်။

မဇ္ဈသဒ္ဒါသည် နှစ်စေခြင်း နိဝတ္တာပနာဝဓာရဏအနက်ကိုဟောလျှင် ဧဝ–သဒ္ဒါသည် ခိုင်မြဲစေခြင်း သန္နိဋ္ဌာနာဝဓာရဏအနက်ကို ဟောသည်ဟု မှတ်။

✪ မဇ္ဈ ဧဝ၊ နှစ်ပါးပြက၊ မဇ္ဈမြစ်ကန်၊ ဧဝသန္နိဋ္ဌာန်။ (တွင်းကြီး)

မဇ္ဈမေဝ၊ ဤနှစ်ဝတွင်၊ မဇ္ဈကန့်ပြ၊ ဧဝသန္နိဋ္ဌာန်။

ပုံစံ။ ဣတော ပရံ ပန ဝိသေသမဇ္ဈမေဝ ဝက္ခာမ။ ဋ္ဌ၊၈၃။

ဤပြယုဂ်၌ မဇ္ဈမေဝ–ဝယ် မဇ္ဈသဒ္ဒါကား နှစ်စေခြင်း နိဝတ္တာပနာဝဓာရဏအနက် ဟောသည်။ ဧဝ–သဒ္ဒါကား သန္နိဋ္ဌာနာဝဓာရဏအနက်ကို ဟောသည်။

## နိသျလက်သဲကွင်း အမှာ

ဝိသေသမဇ္ဈမေဝါတိ ပနေတ္ထ မဇ္ဈသဒ္ဒေါ အဝဓာရဏေ ဧဝသဒ္ဒေါ သန္နိဋ္ဌာနေ။

ဤပြယုဂ်၌– ၁။ ထူးသောအနက်သည် ဂဟေတဗ္ဗတ္ထ။
၂။ သာမညအနက်သည် နိဝတ္တေတဗ္ဗတ္ထ။
၃။ အနက်၏ မတူ ထူးခြားခြင်းဂုဏ်သည် အနုညာတတ္ထ။

---

## (၈). ကြိယာငါးတန် ထုတ်နည်း

✝ ဒဿနံ ဒီပနဥ္စာပိ၊ ပကာသနံ ဝိဘာဝနံ။

အနုဘာဝန မိစ္စတ္တော၊ ကြိယာ ယောဂေန ပဥ္စဓာ။ (သီဋီသစ်၊၁၊၁၆၅)

ဒဿေတိ၊ ဒီပေတိ၊ ပကာသေတိ၊ ဝိဘာဝေတိ၊ အနုဘာဝေတိ–ဟု ကြိယာ ၅–မျိုးဖြင့် ရေးရိုးထုံးစံရှိသည်ကို ကြိယာငါးတန်ဟု ဆိုသည်။ ယင်းကိုပင် ကတ္တား ၅–တန်ဟုရင်း၊ ကရိဏ်း ၅–တန်ဟုရင်း ဆိုသေးသည်။

လက်ငါးချောင်းတွင် လက်ညှိုးကို မုချ ဒဿနတ္ထယူ။
လက်မကို ယင်း၏အကြောင်းပြ ဒီပနတ္ထ။
လက်ခလယ်ကို ပထမအကျိုး ပကာသနတ္ထ။
လက်သူကြွယ်ကို ဒုတိယအကျိုး ဝိဘာဝတ္ထ။

http://www.dhammadownload.com



လက်သန်းကို တတိယအကျိုး အနုဘာဝတ္ထု-ဟု သိလွယ်အောင် ရှေးဆရာတော်များ မှတ်သားပြောဆိုကြသည်။

၁။ မုချယူရသောစကားသည် ဒဿနတ္ထု။

၂။ ဒဿနတ္ထု၏အကြောင်းသည် ဖလူပစာအားဖြင့်ပြအပ်သော ဒီပနတ္ထု။

၃။ ဒဿနတ္ထု၏ မုချအကျိုး = နီးသောအကျိုးသည် ကာရဏူပစာအား ဖြင့်ပြအပ်သော ပကာသနတ္ထု။

၄။ ပကာသနတ္ထုမှ ထောက်ဆ၍ယူအပ်သော ဒုတိယကာရဏူပစာအားဖြင့် ပြအပ်သော ဒဿနတ္ထု၏ ဒုတိယအကျိုးတရားသည် ဝိဘာဝတ္ထု။

၅။ ဝိဘာဝတ္ထုမှ ထောက်ဆ၍ယူအပ်သော တတိယကာရဏူပစာအားဖြင့်ပြအပ်သော ဒဿနတ္ထု၏ အဆင့်ဆင့်အကျိုးတရားသည် အနုဘာဝတ္ထု။

## ဆိတ်ဖြူဆရာတော်နည်း

မုချ ဖလူ ကာရဏူ ၃-မျိုးတို့တွင် မုချသည် ဖုဋ္ဌမည်၏= အတွေ့မည်၏။ နီတတ္ထမည်၏ =တိုက်ရိုက်မည်၏။ သို့မည်သောကြောင့် မုချကို ရှေးဦးစွာကောက်ရသည်။ ထိုမုချ၏ အကြောင်းကို ရှာသော် အကြောင်းရင်းကား ဤမှာတည်းဟု အကြောင်းကို ဒီပနဖလူပစာကောက်ရသည်။ အကျိုးကား အဘယ်မှာနည်းဟု-လိုက်၍ရှာသော် အကျိုးကိုတွေ့သောကြောင့် အကျိုးကို ပကာသန ကာရဏူပစာ ကောက်ရာ၏။

၁။ မုဆိုး၏ ခါသံကို ကြားရခြင်းသည် ဒဿနတ္ထု။

၂။ ဤတောအရပ်၌ ခါနေ၏ဟု သိခြင်းသည် အကြောင်း ဒီပနတ္ထု။ (ဖလူပစာအားဖြင့် ကောက်သည်)

၃။ ဆန်ကွဲ၊ ဆန်ညွှာချ၍ ပိုက်ကွန် ညွှတ်ကွင်းထောင်ခြင်းသည် အကျိုး ပကာသနတ္ထု။ (ပထမကာရဏူပစာ)

၄။ ခါကိုမိ၍သတ်ခြင်းသည် တစ်ဆင့်အကျိုး=ဝိဘာဝတ္ထု (ဒုတိယကာရဏူပစာ)

၅။ ခါသားကိုစားရခြင်း၊ ရောင်း၍အသက်မွေးရခြင်းသည် အနုဘာဝတ္ထု။ (တတိယ ကာရဏူပစာ)

## ပါဠိဘာသာဖြင့် ကြိယာငါးတန်ထုတ်ပုံ

၁။ ပညာ ဥေ ယျဓမ္မေသု သဗ္ဗေသု ပဝတ္တိတ္တယထာရုစိတိ ဧတေန ပဋိဝေဓပစ္စဝေက္ခဏာ ပုဗ္ဗင်္ဂမ ဒေသနာ ဉာဏပဝတ္တိံ ဒဿေတိ။

၂။ တံ ဒဿနေန တဿာ ကာရဏဘူတံ ပုဗ္ဗေ ပရိစိတံ မဟာကရုဏာ သမာယောဂဉ္စ ဗောဓိသမ္ဘာရ သမ္ဘရဏဉ္စ ဖလူပစာရတော ဒီပေတိ။

၃။ တဿ ဖလဘူတံ အတ္တဟိတ ပရဟိတပဋိပတ္တိံ ကာရဏူ-ပစာရတော ပကာသေတိ။

http://www.dhammadownload.com



၄။ တပ္ပကာသနေနစ အတ္တဟိတ ပဋိပန္နာဒီသု စတူသု ပုဂ္ဂလေသု ဘဂဝတော စတုတ္ထပုဂ္ဂလဘာဝံ ဒုတိယ ကာရဏူပစာရတော ဝိဘာဝေတိ။

၅။ တံ ဝိဘာဝနေန စ အနုတ္တရ ဒက္ခိဏေယျဘာဝံ နိရာတိသယ ပဏာမာရဟ ဘာဝံစ အတ္တနောစ ကိရိယာယ ခေတ္တင်္ဂတဘာဝံ တတိယ ကာရဏူပစာရတော အနုဘာဝေတိ။

မှတ်ချက်။ ဤပါဠိဘာသာဖြင့် ထုတ်နည်းကား မူလဋီကာ၊၁၄–၌ ပဝတ္တိတ္ထ ယထာရစိတိဓတေန –ပ– ခေတ္တင်္ဂတဘာဝံ ဒဿေတိ–စာသားများကို အကျဉ်းချုံး၍ ထုတ်သောနည်းတည်း။

၁။ ပဋိဝေဓဉာဏ်, ပစ္စဝေက္ခဏာဉာဏ်လျှင်ရှေ့သွားရှိသော ဒေသနာဉာဏ်၏ ဖြစ်ခြင်းသည် (ဝါ) ယင်းဒေသနာဉာဏ်သည် ဒဿနတ္ထ။

၂။ ရှေး၌ ဆည်းပူးအပ်သော မဟာကရုဏာတော်နှင့် အဖန်တလဲလဲ ယှဉ်ခြင်းသည်၎င်း၊ သဗ္ဗညုတဉာဏ် အရဟတ္တမဂ်ဉာဏ်၏အကြောင်းဖြစ်သော ပါရမီဆယ်ပါး အပြားသုံးဆယ်၊ စွန့်ခြင်းကြီးငါးပါး၊ စရိယာသုံးပါး–စသည်တို့ကို ဖြည့်ဆည်းပူးတော်မူခြင်းသည်၎င်း ဒီပနတ္ထ။

၃။ အတ္တဟိတနှင့် ပြည့်စုံခြင်း ပရဟိတနှင့်ပြည့်စုံခြင်းသည် ပကာသနတ္ထ။

၄။ မိမိအကျိုးစီးပွားအလို့ငှါ ကျင့်သောပုဂ္ဂိုလ်၊ သူတစ်ပါးအကျိုးစီးပွားအလို့ငှါ ကျင့်သောပုဂ္ဂိုလ်၊ နှစ်ပါးစုံမကျင့်သောပုဂ္ဂိုလ်၊ နှစ်ပါးစုံကျင့်သောပုဂ္ဂိုလ်–ဟု ပုဂ္ဂိုလ်လေးမျိုးတို့တွင် စတုတ္ထပုဂ္ဂိုလ်၏အဖြစ်သည် ဝိဘာဝတ္ထ။

၅။ အတုမရှိမြတ်သော အလှူခံပုဂ္ဂိုလ်၏အဖြစ်သည်၎င်း၊ မိမိထက် လွန်ကဲသူ မရှိသည်ဖြစ်၍ ရှိခိုးထိုက်သည်၏အဖြစ်သည်၎င်း၊ မိမိဟုဆိုအပ်သော ကျမ်းပြုဆရာ၏ ရှိခိုးခြင်း၏ ရှိခိုးသင့်သောပုဂ္ဂိုလ်ကို ရှိခိုးခြင်းဟူသော ရှိခိုးရာရောက်သည်၏အဖြစ်သည်၎င်း အနုဘာဝတ္ထမည်၏။

မှတ်ချက်။ ဤထုတ်နည်းကိုမှီ၍ ဒေသနာဉာဏ်ကိုရသော ဝုတ္တံ, အာဟ–စသောပုဒ်များ၌ အောက်ပါအတိုင်း အကြောင်းအကျိုးလှည့်ထားပါ။

၁။ မြတ်စွာဘုရား၏ ဒေသနာဉာဏ်သည် တရားကိုယ် မုချဒဿနတ္ထ။

၂။ ပစ္စဝေက္ခဏာဉာဏ်, အရဟတ္တမဂ်ဉာဏ်, အရဟတ္တဖိုလ်ဉာဏ် မဟာကရုဏာ သမာယောဂနှင့် ဗောဓိသမ္ဘာရ သမ္ဘရဏတို့ကား ဒဿနတ္ထ၏ အကြောင်းအဆက်ဆက်။

၃။ အတ္တဟိတ ပရဟိတ ပယောဇနေ သမ္ပတ္တိ စတုတ္ထ ပုဂ္ဂလဘာဝ အနုတ္တရ ဒက္ခိဏေယျဘာဝ နိရာတိသယ ပဏာမာရဟဘာဝတို့ကား ဒဿနတ္ထ၏ အကျိုးဆက်များတည်း။

## တစ်နည်း–ကြိယာငါးတန် ထုတ်ပုံ

✪ ဆတ်ဆတ်မုချ၊ တိုက်ရိုက်ပြက၊ ဒဿနဆို၊ အကြောင်းကိုပြ၊ ဒီပကမျိုး၊ ကျိုးပကာသန၊ မူလကြောင်းမှာ၊ ဝိဘာဝမှန်၊ ကျိုးပရမ္ပရာ၊ နုဘာဝါသည်၊ ကြိယာ ငါးတန်၊ ထုတ်နည်းတည်း။ (ဓာတွတ္ထသင်္ဂဟနောက်ပိုင်းမှာ ပါသည်။)

၁။ မုချ = ဒဿနတ္ထ။ ၂။ အကြောင်း = ဒီပနတ္ထ။

http://www.dhammadownload.com



၃။ အကျိုး = ပကာသနတ္ထ။ ၄။ မူလအကြောင်း = ဝေးသောအကြောင်း= ဝိဘာဝတ္ထ။

ဥပမာ = လက်ငါးချောင်းတွင်–

၁။ လက်ခလယ်သည် ဒဿနတ္ထ။ ၂။ လက်ညှိုးသည် ဒီပနတ္ထ။

၃။ လက်သူကြွယ်သည် ပကာသနတ္ထ။ ၄။ လက်မသည် ဝိဘာဝတ္ထ။

၅။ လက်သန်းသည် အနုဘာဝတ္ထ။

**ပဒဋ္ဌာနဟာရ–စသည် သဘာဝကိုရှု၍ ကြိယာငါးတန် ထုတ်ပုံ**

(ကုသလပုဒ်၌ အကြောင်းနှစ်ချက်၊ အကျိုးနှစ်ချက် ထုတ်ပုံ)

၁။ ကုသိုလ်တရားသည် ဒဿနတ္ထ။

၂။ ယောနိသောမနသိကာရသည် ဒီပကတ္ထ။

၃။ အဝိပ္ပဋိသာရ = နှလုံးမသာမယာမဖြစ်ခြင်း = ပါမောဇ္ဇ, ပီတိ, ပဿဒ္ဓိ, သုခတို့သည် ပကာသနတ္ထ။

၄။ သဒ္ဓမ္မသဝန, သပ္ပုရိသူပနိဿယ–စသော မူလအကြောင်းတို့သည် ဝိဘာဝတ္ထ။

၅။ သမာဓိ ယထာဘူတဉာဏ်, နိဗ္ဗိဒါဉာဏ်, ဝိရာဂဝိမုတ္တိ, ဝိမုတ္တိဉာဏဒဿန, အနုပါဒိသေသနိဗ္ဗာန်တို့သည် အနုဘာဝတ္ထ။

**မှတ်ချက်။** ဆရာတော် ဦးဖုမ်၏ နေတ္တိကောက် ဒေသနာဟာရ တတိယနည်းနှင့် ပဒဋ္ဌာနဟာရ နေတ္တိနည်းကိုမှီ၍ ထုတ်သည်။

**အကြောင်း တစ်ချက်၊ အကျိုး သုံးချက် ထုတ်ပုံ**

၁။ ကုသိုလ်တရားသည် ဒဿနတ္ထ။

၂။ အထက်ပါ ၂–နံပါတ်နှင့် ၄–နံပါတ်ပေါင်း၍ ဒီပနတ္ထ။

၃။ အဝိပ္ပဋိသာရသည် ပကာသနတ္ထ။

၄။ ပါမောဇ္ဇ, ပီတိ, ပဿဒ္ဓိ, သုခ–တို့သည် ဝိဘာဝတ္ထ။

၅။ သမာဓိ ယထာဘူတဉာဏ်, နိဗ္ဗိဒါဉာဏ်, ဝိရာဂဝိမုတ္တိ, ဝိမုတ္တိဉာဏ ဒဿန, အနုပါဒိသေသနိဗ္ဗာန်တို့သည် အနုဘာဝတ္ထ။

**ဝီထိစိတ်အစဉ်အရ ထုတ်ပုံ**

(အကြောင်း နှစ်ချက်၊ အကျိုး နှစ်ချက်)

၁။ ကုသိုလ်တရားသည် ဒဿနတ္ထ။ ၂။ ဝုဋ္ဌောသည် ဒီပနတ္ထ။

၃။ ပထမတဒါရုံသည် ပကာသနတ္ထ။ ၄။ သန္တီရဏစသည်သည် ဝိဘာဝတ္ထ။

၅။ ဒုတိယတဒါရုံ,ဘဝင်–စသည်သည် အနုဘာဝတ္ထ။

http://www.dhammadownload.com



ဤကား အကြောင်း ၂–ချက်၊ အကျိုး ၂–ချက် ထုတ်ပုံတည်း။ အကြောင်း ၁–ချက်၊ အကျိုး ၃–ချက်လည်း မခဲပြီ ထုတ်လေ။

**ပဋိစ္စသမုပ္ပါဒ်နည်းအရ ကြိယာငါးတန် ထုတ်ပုံ**

၁။ ကုသိုလ်သင်္ခါရသည် ဒဿနတ္ထ။ ၂။ အဝိဇ္ဇာသည် ဒီပနတ္ထ။

၃။ ဝိညာဉ်သည် ပကာသနတ္ထ။ ၄။ အာသဝတရားတို့သည် ဝိဘာဝတ္ထ။

၅။ နာမ်ရုပ်အစ ဥပါယာသအဆုံးရှိသော အဆက်ဆက်သော အကျိုးသည် အနုဘာဝတ္ထ။

ဤကား အကြောင်း ၂–ချက်၊ အကျိုး ၂–ချက် ထုတ်ပုံတည်း။

**လက္ခဏာဒိကိုရှု၍ ထုတ်ပုံ**

✝ လက္ခဏာဒီသုပဟိ တေသံ တေသံ ဓမ္မာနံ သဘာဝေါဝါ သာမညံဝါ လက္ခဏံနာမ။

✝ ကိစ္စံ ဝါ သမ္ပတ္တိ ဝါ ရသော နာမ။

ဥပဋ္ဌာန ကာရော ဝါ ဖလံ ဝါ ပစ္စုပဋ္ဌာနံ နာမ။

အာသန္န ကာရဏံ ပဒဋ္ဌာနံ နာမ။ ဋ္ဌ၊ ၁၀၅။

လက္ခဏာ = ထိုထိုဖဿ စသောတရားတို့၏ သူတစ်ပါးနှင့် မဆက်ဆံသော ဖုသနစသော သဘောသည်၎င်း၊ သူတစ်ပါးနှင့်ဆက်ဆံသော အနိစ္စ–စသော သဘော သည်၎င်း လက္ခဏာမည်၏။

✝ သဘာဝေါ ကက္ခဠတ္တာဒိ ဖုသနာဒိတော အသာဓာရဏော သာမညံ သာဓာရဏော အနိစ္စာဒိ သဘာဝေါ။ (မူလဋီ၊ ၆၄)

ရသ = ၁။ ကိစ္စရသ = ပြီးစေအပ်သော ကိစ္စ။

ရသီယတိ နိပ္ပာဒီယတီတိ ရသော–ဟုပြု။

၂။ သမ္ပတ္တိရသ = ပြည့်စုံသောဂုဏ်။

ရသတိ သမ္ပဇ္ဇတီတိ ရသော–ဟုပြု။

**မှတ်ချက်။** ရသ–နှစ်မျိုးတွင် ကိစ္စရသ–ကို (လက္ခဏာတရား၏) အကျိုးတရားဟုမှတ်။ သမ္ပတ္တိရသကိုကား အကြောင်း အကျိုးနှစ်မျိုးတွင် ရံခါအကြောင်း၊ ရံခါ အကျိုးအဖြစ်ဖြင့် တွေ့ရတတ်သည်ဟု နိဿယဆရာများ မှာထားကြသည်။

ပစ္စုပဋ္ဌာန = ၁။ အာကာရပစ္စုပဋ္ဌာန = ယူအပ်သောအကြောင်းဖြင့် ဉာဏ်အား ထင်လာသောအခြင်းအရာ။

၂။ ဖလပစ္စုပဋ္ဌာန = အကျိုးတရား။

**မှတ်ချက်။** အာကာရ ပစ္စုပဋ္ဌာန်ရအောင်– ပစ္စုပဋ္ဌာတီတိ ပစ္စုပဋ္ဌာနံ–ဟု ဝိဂ္ဂဟပြု။ (ပတိ+ဥပ+ဌာ)

http://www.dhammadownload.com



ဖလပစ္စုပဋ္ဌာန်ရအောင် – အတ္တတော ကာရဏံ ပဋိစ္စ တပ္ပဋိဗိမ္ဗဘာဝေန ပတိမုခံ ဝါ ဥပဋ္ဌာတီတိ ပစ္စုပဋ္ဌာနံ–ဟု ဝိဂ္ဂဟပြု။ (မူလဋီ၊၁၊၆၄)

ထိုတွင်– အာကာရပစ္စုပဋ္ဌာန်ကား– အကြောင်းသော်၎င်း၊ အကျိုးသော်၎င်း ဖြစ်တတ်သည်။ ဖလပစ္စုပဋ္ဌာန်ကား သံသယဖြစ်ဖွယ်မရှိ၊ အကျိုးတရားသာတည်း။

ပဒဋ္ဌာန = အာသန္နကာရဏံ ယံတု၊ ပဒဋ္ဌာနန္တိ တံ မတံ–ဟူသော အဘိဓာန်နှင့်အညီ ဒဿနတ္တ၏ အနီးဆုံးအကြောင်းသည် ပဒဋ္ဌာန်မည်၏။

## ကြိယာငါးတန်နှင့် လက္ခဏာဒိစတုက္ကတွဲပုံ

၁။ လက္ခဏာ = ဒဿနတ္တ။ ၂။ ပဒဋ္ဌာန = ဒီပနတ္တ။
၃။ သမ္ပတ္တိရသ = ပကာသနတ္တ။ ၄။ ကိစ္စရသ = ဝိဘာဝတ္တ။
၅။ ဖလပစ္စုပဋ္ဌာန = အနုဘာဝတ္တ။

မှတ်ချက်။ အကြောင်း ၁–ချက်၊ အကျိုး ၃–ချက်ထုတ်ပုံတည်း။

## ကုသိုလ်တရား၌ တွဲပုံ

၁။ အနဝဇ္ဇလက္ခဏာသည် ဒဿနတ္တ။

၂။ ယောနိသောမနသိကာရသည် ဒီပနတ္တ။

၃။ ဝေါဒါနဘာဝသည် ပကာသနတ္တ။

၄။ အကုသလ ဝိဒ္ဓံသနရသ သည် ဝိဘာဝတ္တ။

၅။ ဣဋ္ဌဝိပါကသည် အနုဘာဝတ္တ။

### တစ်နည်း–အကြောင်း ၂–ချက်၊ အကျိုး ၂–ချက်ထုတ်ပုံ

၁။ လက္ခဏာသည် ဒဿနတ္တ။ ၂။ ပဒဋ္ဌာနသည် ဒီပနတ္တ။
၃။ ကိစ္စရသသည် ပကာသနတ္တ။
၄။ သမ္ပတ္တိရသနှင့် အာကာရပစ္စုပဋ္ဌာန်သည် ဝိဘာဝတ္တ။
၅။ ဖလပစ္စုပဋ္ဌာန်သည် အနုဘာဝတ္တ။

မှတ်ချက်။ ၂–နှင့် ၄–သည် အကြောင်း၊ ၃–နှင့် ၅–သည် အကျိုး။

## ဌာယီဘာဝနှင့်ညှိ၍ ကြိယာငါးတန် ထုတ်ပုံ

၁။ ဌာယီဘာဝသည် ဒဿနတ္တ။ ၂။ အာရမ္မဏဝိဘာဝသည် ဒီပနတ္တ။
၃။ အနုဘာဝ၏ ရှေ့ပိုင်းအကျိုးတရားသည် ပကာသနတ္တ။
၄။ ဥဒ္ဒီပနဝိဘာဝသည် (အကြောင်း) ဝိဘာဝတ္တ။
၅။ အနုဘာဝ၏ နောက်ပိုင်းအကျိုးတရားသည် အနုဘာဝတ္တ။

http://www.dhammadownload.com



## ဌာယီဘာဝနှင့် ကြိယာငါးတန် တွဲပုံ

ပုံစံ = တဿ ပါဒေ နမဿိတွာ၊ သမ္ဗုဒ္ဓဿ သိရီမတော။

၁။ နမဿိတွာ–၌ နမုဓာတ်အရ ရှင်မဟာဗုဒ္ဓဃောသ၏ ပဏာမ စေတနာသည် ဓမ္မရတိ ဌာယီဘာဝ ဓမ္မသိင်္ဂါရ ရသ။

၂။ မြတ်စွာဘုရား၏ ခြေတော်အစုံသည် အာရမ္မဏဝိဘာဝ။ (ပါဒေ–ဟူသော ကံပုဒ်ကိုရှုသည်။) ᶜ

၃။ မြတ်စွာဘုရား၏ လက္ခဏာတော်ကြီးငယ် ဂုဏ်ကျက်သရေ အပေါင်းနှင့် ပြည့်စုံတော်မူခြင်းသည် ဥဒ္ဒီပနဝိဘာဝ။ (သိရီမတော–ကိုရှု)။

၄။ (က) အန္တရာယ်ကင်းခြင်းအကျိုး။

(ခ) အဋ္ဌသာလိနီကျမ်းပြီးစီးခြင်းအကျိုး။

(ဂ) ယင်းကျမ်းကို သောတုဇနတို့သင်ကြားမှတ်သားရခြင်းအကျိုး။

(ဃ) အဘိဓမ္မာသဘာဝကို သိရခြင်းအကျိုး။

(င) နလုံးသွင်းဆင်ခြင်ရခြင်းအကျိုးအစ နိဗ္ဗာန်တိုင်အောင်သော အကျိုးအဆက်ဆက်သည် အနုဘာဝ။

(က) ဒဿနတ္ထ။ (ခ) ဒီပနတ္ထ။

(ဂ) အန္တရာယ်ကင်းခြင်းအကျိုး၊ ကျမ်းပြီးခြင်းအကျိုးသည် ပကာသနတ္ထ။

(ဃ) အထက် နံပါတ် ၃–သည် ဝိဘာဝတ္ထ။

(င) ယင်းကျမ်းကို သောတုဇနတို့ သင်ကြားမှတ်သားရခြင်းအကျိုး။ အဘိဓမ္မာ သဘာဝကို သိရခြင်းအကျိုးစသော ၄–နံပါတ် နောက်ပိုင်းအကျိုး တရားများသည် အနုဘာဝတ္ထ။

✝ သတ္ထာရာ ပန ဒိန္နနယေန ဌပိတမာတိကာယ ဒေသေတိ။ ဋ္ဌ၊ ၅။

၁။ ယင်းဝါကျ၌ ဒေသေတိ–အရ မောဂ္ဂလိပုတ္တတိဿမထေရ်၏ ဒေသနာဉာဏ်ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် ဓမ္မရတိဌာယီဘာဝ၊ ဓမ္မသိင်္ဂါရ ရသ။

၂။ ကထာဝတ္ထုကျမ်း အာရမ္မဏဝိဘာဝ။ (ရှေ့ဝါကျမှလိုက်လာသော ဣဒံ ပကရဏံ–ကိုရှု၍ထုတ်သည်။

၃။ မြတ်စွာဘုရားပေးအပ်သောနည်းအားဖြင့် ဟောကြားအပ်သော ကျမ်းဂန်၏ အဖြစ်၊ မြတ်စွာဘုရားထားအပ်သော မာတိကာဖြင့် ဟောကြားအပ်သော ကျမ်းဂန်၏အဖြစ်ဟူသော ဂုဏ်သည် ဥဒ္ဒီပနဝိဘာဝ။ (သတ္ထာရာ·ဒိန္နနယေန ဌပိတမာတိကာ–ကိုရှု၍ ထုတ်သည်။)

၄။ သကဝါဒ၌ သုတ် ၅၀၀၊ ပရဝါဒ၌ သုတ် ၅၀၀–ကို သိရခြင်းအကျိုး၊ တိတ္ထိတို့ကို နှိမ်နင်းခြင်း=တိတ္ထိယမဒ္ဒနအကျိုး၊ သကဝါဒ (ဝါ) ဗုဒ္ဓဝါဒ ပြန့်ပွားရခြင်းအကျိုး၊ မိမိ၏ မိစ္ဆာဉာဏ်ကင်းပျောက်ရခြင်းအကျိုးအစ နိဗ္ဗာန်တိုင်အောင်သော အဆက်ဆက်သောအကျိုးတို့သည် အနုဘာဝ။

http://www.dhammadownload.com



## ကြိယာငါးတန်ထုတ်ရာ၌ တရားကိုယ်ရှာနည်း

အန္တတ္တော ဗာဟိရတ္တောစ၊ ဒုဝိဓော ဟိ သဒ္ဒတ္တော။

ပကတျတ္တေတ္ထ အန္တတ္တော၊ ဗာဟျတ္တော ဒုတိယာဒျတ္တော။ (ဝါစ္စဝါစက၊ဂါထာ၊ ၇)

၁။ အန္တ = ပကတိ, လိင်, ဓာတ်။

၂။ အန္တတ္ထ = ပကတိ လိင် ဓာတ်၏အနက်။

၃။ ဗာဟိရ = ဝါ-ဗာဟျ = ဝိဘတ်, ပစ္စည်း။

၄။ ဗာဟိရတ္ထ-ဝါ-ဗာဟျတ္ထ = ဝိဘတ်, ပစ္စည်း၏အနက်။

### ၁။ ပုံစံ

ဂမု, ပစ-စသောဓာတ်၊ ပုရိသ-စသောလိင်ပုဒ်သည် အန္တ။

### ၂။ ပုံစံ

ဂမု, ပစ-စသော၏ဓာတ်၏ သွားခြင်း, ချက်ခြင်း-စသောအနက်။ ပုရိသ-စသောသဒ္ဒါ၏ သကတ်,ဒြပ်,လိင်အနက်၊ ဝါ-ယောကျာ်း-ဟူသော အနက်သည် အန္တတ္ထ။

### ၃။ ပုံစံ

သိ-စသောဝိဘတ်, တိ,အန္တိ-စသောဝိဘတ်၊ ဏ,တ-စသောပစ္စည်း များသည် ဗာဟိရ၊ဝါ-ဗာဟျ။

### ၄။ ပုံစံ

သိ-ဝိဘတ်၏ လိင်္ဂတ္ထ၊ တိ-ဝိဘတ်၏ ကတ္တား စသောအနက်၊ ဏ, တ-စသောပစ္စည်း၏ ကတ္တား-စသောအနက်သည် ဗာဟိရတ္ထ၊ ဝါ-ဗာဟျတ္ထ။

အာချာတ်၌ = ဓာတ်နက်သည် အန္တတ္ထ၊ ဝိဘတ်အနက်သည် ဗာဟျတ္ထ။ ဥပမာ- ဂစ္ဆတိ-၌ ဂမုဓာတ်၏ သွားခြင်းကြိယာအနက်သည် အန္တတ္ထ။

### မှတ်သားဖွယ် ပုံစံများ

ပုံစံ ။ ဘဂဝါ အာဟ။

၁။ အာဟ၌ ဗြူဓာတ်သည် အန္တ။

၂။ ဗြူဓာတ်၏ ဟောခြင်းကြိယာအနက်သည် အန္တတ္ထ။

၃။ ပရောက္ခာ အ-ဝိဘတ်သည် ဗာဟျ။

၄။ ပရောက္ခာ အ-ဝိဘတ်၏ ကတ္တားအနက်သည် ဗာဟျတ္ထ။

ဤသို့ ရှေးဦးစွာ ၄-မျိုးခွဲရမည်။ ထို့နောက် ၎င်းကြိယာသည် ပရမတ္ထသဒ္ဒါလား၊ ပညတ္တိသဒ္ဒါလား စဉ်းစားရမည်။

http://www.dhammadownload.com



အာဟ–ကား ပညတ္တိသဒ္ဒါဖြစ်သည်။

ထို့ကြောင့် အဝိဇ္ဇမာနသဒ္ဒါ၊ ဝိဂြိုဟ်မှာကား၊ ပရမတ္ထ ဓာတ်အရ၊ ပစ္စည်း အရ၊ ပညတ္တ–ဟူသောနိယံနှင့်အညီ ဖြူဓာတ်၏ ဟောခြင်းကြိယာအရ–ပရမတ္ထ တရားကို ရှာရမည်။

ပရမတ္ထတရားကား– မြတ်စွာဘုရား၏ ဒေသနာဉာဏ်ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်တည်း။ ယင်းဒေသနာဉာဏ်ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်ကား အန္တတ္ထတည်း။

## ဗာဟျတ္ထ ရှာပုံ

အာဟ–၌ အ–ဝိဘတ်၏ ကတ္တားအနက်သည် ဗာဟျတ္ထ–ဟု သာမံမှတ်။ ယင်း၏ ကတ္တားကား ဘဂဝါ–တည်း။ ထို့ကြောင့် အ ဝိဘတ်အရနှင့် ဘဂဝါဟူသော ကတ္တားအရ တူနေသည်။ သို့ဖြစ်၍ အာဟ–၌ အ–ဝိဘတ်အရ မြတ်စွာဘုရားဒြဗ်တည်းဟု သာမံ မှတ်သားရမည်။

ထို့ကြောင့် ပစ္စည်းအရ ပညတ္တ–ဟူသော နိယံနှင့် ကိုက်ညီသည်။ သို့ဖြစ်၍ အာဟ၌ ဗာဟျတ္ထကား မြတ်စွာဘုရားဒြဗ်တည်း–ဟု ဖြေဖွယ်ရာရှိသည်။ သို့သော် အာချာတ်ကြိယာတို့မည်သည် ဓာတ်နက်ဟူသော ကြိယာသာလျှင် ပြဋ္ဌာန်းသောကြောင့် ဓာတ်နက်ကြိယာအရကိုသာ ပဓာနကောက်ရမည်။ ဒြဗ်ကိုကား အပဓာနအားဖြင့် ကောက်ရမည်။ သို့ဖြစ်၍ အာဟ–၌ ဗာဟျတ္ထအရကား ဒေသနာဉာဏ်ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်ကို ပဓာနအားဖြင့် ရသည်။

အချုပ်အားဖြင့်ဆိုလျှင် အန္တတ္ထ–အရ၊ ဗာဟျတ္ထ–အရ၊ တစ်ပုဒ်လုံး–အရ အတူတူပင်–ဟု မှတ်ရမည်။

ဤကား ကတ္တားဟော အာချာတ်ကြိယာ၌ ကြိယာငါးတန်–စသည် ထုတ်ရန် ပဓာန ကောက်ပုံတည်း။

လုဒ္ဒကော မိဂဝံ ဂစ္ဆတိ မိဂပရိယေသနတ္ထာယ–ဟူသော ဤပြယုဂ်၌ ဂမုဓာတ် အရ–အန္တတ္ထကား သမင်ရှာရန် သမင်တောသို့သွားသော မုဆိုး၏ ဝီရိယပြဋ္ဌာန်းသော အကုသိုလ် စိတ္တုပ္ပါဒ်တည်း။

တိ–ဝိဘတ်အရကား မုဆိုးဒြဗ်ရ၏။

ထိုသို့ပင်ရငြားသော်လည်း အာချာတ်ကြိယာတို့၏သဘောသည် ကြိယာကိုသာ ပဓာနအားဖြင့်ဟောမြဲဖြစ်သောကြောင့် ဆိုအပ်ခဲ့ပြီးသော အန္တတ္ထသည်သာ ပဓာနအားဖြင့် ရ၏။

၁။ အန္တတ္ထ

၂။ ဗာဟျတ္ထ။ (က)အပဓာနကောက်။ (ခ) ပဓာနကောက်။

၃။ ဂစ္ဆတိ–တစ်ပုဒ်လုံးအရ ၂–နံပါတ်ပြန်ကောက်။

http://www.dhammadownload.com



### ၁၀။ အခြေခံ ပဋ္ဌာန်းပစ္စည်း

၁။ ကတ္တားဆိုလျှင် သဟဇာတစပ်။

၂။ ကံဆိုလျှင် အာရုံမ္ဗဏစပ်။

၃။ အစ္စတ္တိက ကရိဏ်းဆိုလျှင် သဟဇာတစပ်။

၄။ ကြွင်းသော ဗာဟိရကရိဏ်းနှင့် ကာရက၊ အကာရကများမှာ ပကတူပ-နိဿယစပ်။

✪ . ကတ္တားနှင့်ကြိယာ၊ စပ်ပါကြ၊ သ, နံ့,ပူ၊ ကြိယာကံ စပ်ဟန်ရှိ၊ မျိုးအာရုံဟူ၊ အန္တတ် ဗာဟျတ်တဲ့၊ နှစ်ရပ်တဲ့ ကရိဏ်းမူ၊ ကတ္တားတူ သုံးမျိုး၊ သမ္ပဒါန် အာရုံမျိုး ရှိခါပ၊ အကြွင်းမှာ စပ်ပါကြ ဥပတဲ့ဗျိုး။ (တေးရိုးငယ်)

### ပစ္စည်းပြိုင် အကျဉ်းချုပ်

ဝါကျတစ်ခုတွင် ကြိယာကို ရှေးဦးစွာ ရှာဖွေရမည်။ တရားကိုယ်ရအောင် ရှာရမည်။ ယင်းတရားကိုယ်သည် မည်သည့် ကာရက၊ အကာရကနှင့် ဆက်သွယ်နေသည်-ဟု ဂရုပြု၍ ကြည့်ရှုရမည်။ ယင်းတရားကိုယ်ပစ္စည်းတရားအရ ပရမတ္ထသဘာဝကို ပဋ္ဌာန်းနှစ်ချက်စု ပစ္စည်းပြိုင်တွင် ချ၍ကြည့်ရမည်။ သဟဇာတမျိုးတွင်ပါလျှင် သဟဇာတမျိုးတွင် ပြိုင်ရမည်။

---

### (၃) အဖြေ

တတ္ထ လောကုတ္တရန္တိ-အစ ဝေဒိတဗ္ဗံ-တိုင်အောင်သော ဝါကျများဖြင့် သခေ်ပ ဝိတ္ထာရ ဆန့်ကျင်သော ဝိရောဓိဒေါသပယ်ပါသည်။

ထိုတွင် လောကံ တရတိ-ပ-တိဋ္ဌတီတိ လောကုတ္တရံ-ဟူသော (ဂ-ဃ) ဝါကျ များဖြင့် အဗျာပိတ အပရိပုဏ္ဏဒေါသပယ်ပါသည်။

(စ) ဝါကျဖြင့် အဗျာပိတ အပရိပုဏ္ဏဒေါသပယ်ပါသည်။

---

### (၄) အဖြေ

၁။ လော-ဟူသော၊ ကုတ်-ဟူသော၊ တ-ဟူသော၊ ရံ-ဟူသော အစိပ်အစိပ် ပရမတ္ထ သဒ္ဒါသည် ဗျုပ္ပတ္တိ။

၂။ လောကသဒ္ဒူပပဒ၊ တရ-ဓာတ်၊ အပစ္စည်းသည်၎င်း၊ ယင်း လောက၏ လွန်မြောက်ခြင်း ကြိယာနှင့် ကမ္မ,ကမ္မီအဖြစ်ဖြင့်စပ်ခြင်းသမ္ဗန္ဓသည်၎င်း၊ တရ-ဓာတ်အရ ကူးမြောက်ခြင်းကြိယာ သကတ်သည်၎င်း ဗျုပ္ပတ္တိနိမိတ်။

၃။ လောကုတ္တရာရာဈာန်ဟူသော အပေါင်းပညတ္တိသဒ္ဒါသည် ပဝတ္တိ။

၄။ လောကုတ္တရာဈာန်တို့၏ တစ်ပါးသည် တစ်ပါးနှင့်တူသော အချင်းအရာဟုဆိုအပ် သောဓာတ်သည် ပဝတ္တိနိမိတ်။

http://www.dhammadownload.com



လုဇ္ဇတိ (ပလုဇ္ဇတိ)တိ လောကော။ တံ။

လုဇ ဝိနာသေ၊ ဓဿ ကော။ လုဇ+ဏ။

၁။ လော-ဟူသော၊ ကော-ဟူသောအစိပ်အစိပ် ပရမတ္ထသဒ္ဒါသည် ဖျူပ္ပတ္တိ။

၂။ လုဇ-ဓာတ်၊ ဏပစ္စည်းသည်ငှင်း၊ ပျက်စီးခြင်းကြိယာ သကတ်သည်ငှင်း ဗျုပ္ပတ္တိနိမိတ်။

၃။ လောကော-ဟူသော အပေါင်းပညတ္တိသဒ္ဒါသည် ပဝတ္တိ။

၄။ လောကတို့၏ တစ်ခုသည်တစ်ခုနှင့်တူသော အချင်းအရာဟု ဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်။

ဈာန်။ အနိစ္စာဒိ လက္ခဏံ ဈာယတိ ဥပနိဇ္ဈာယတီတိ ဈာန်။

---

## (၆) အဖြေ

လောကံ တရတိ-ဖြင့် လောကုတ္တရပုဒ်၏ လောကသဒ္ဒူပပဒ+တရ ဓာတ်၏အဖြစ်ကိုငှင်း၊[၁] လောကုတ္တရံပုဒ်ကို လောကံ တရတီတိ လောကုတ္တရံ-ဟု ကတ္တုသာဓန ကိတန္တဒုတိယာတပ္ပုရိသ် သမာသ်ဝစနတ္ထပြုရမည်၏အဖြစ်ကိုငှင်း၊[၂] အပစ္စည်း၏ ကတ္တုသာဓနအနက်၌ သက်သည်၏အဖြစ်ကိုငှင်း၊[၃] ဥ-ဟူသော ဥပသာရ၏ အနတ္ထက ပဒါလင်္ကာရ၏အဖြစ်ကိုငှင်း၊[၄] လောကုတ္တရ-အရ မဂ်ကိုယူရမည်၏အဖြစ်ကိုငှင်း[၅] သိစေပါသည်။

၁။ ဒုတိယဓာတုပဒ။ ၂။ အဘိဓာနတ္ထ။ ၃။ ဒုတိယပစ္စယတ္ထ။

၄။ ဥပသဂ္ဂလိင်္ဂတ္ထ။ ၅။ အဘိဓေယျတ္ထ။

**မှတ်ချက်။** ကတ္တုသာဓန၊ နောက်ပုဒ်ပြ၊ ရှေ့ကပုဒ်နှင့်၊ ဒုတိယာ တပ္ပုရိသ် သမာသ်တွဲမြဲ-နိယံအရ တရတိ ဥတ္တရတီတိ ဥတ္တရံ၊ လောကံ ဥတ္တရံ လောကုတ္တရံဟူသော အစိပ်အပေါင်း ဝစနတ္ထကိုပြသည်။

**အနက်ပေး။** လောကုတ္တရံ၊ ဥပါဒါနက္ခန္ဓာ-ဟုဆိုအပ်သော သင်္ခါရလောကကို ကူးခပ်တတ်သော မဂ်တည်းဟူသော။ (ဈာန်-စပ်)

လောကံ ဥတ္တရတိ-ဖြင့် လောကုတ္တရပုဒ်၏ လောကသဒ္ဒူပပဒ+ဥပုဗ္ဗ+တရ ဓာတ်၏အဖြစ်ကိုငှင်း၊[၁] လောကုတ္တရံပုဒ်ကို လောကံ တရတီတိ လောကုတ္တရံ-ဟု ကတ္တု သာဓန ကိတန္တဒုတိယာ တပ္ပုရိသ်သမာသ်ဝစနတ္ထပြုရမည်၏အဖြစ်ကိုငှင်း၊[၂] အပစ္စည်း၏ ကတ္တု သာဓနအနက်၌ သက်သည်၏အဖြစ်ကိုငှင်း၊[၃] ဥ-ဟူသော ဥပသာရ၏ ဓာတွတ္ထဝိသေသက၏အဖြစ်ကိုငှင်း၊[၄] ဤဒုတိယဝိကပ်၌ လောကုတ္တရ-အရ ဖိုလ်ကိုယူရမည်၏ အဖြစ်ကိုငှင်း[၅] သိစေပါသည်။

၁။ ဒုတိယဓာတုပဒ။ ၂။ အဘိဓာနတ္ထ။ ၃။ ဒုတိယပစ္စယတ္ထ။

၄။ ဥပသဂ္ဂလိင်္ဂတ္ထ။ ၅။ အဘိဓေယျတ္ထ။

**အနက်ပေး။** လောကုတ္တရံ-ဥပါဒါနက္ခန္ဓာ-ဟုဆိုအပ်သော သင်္ခါရလောက ကို ကူးခပ်တတ်သော ဖိုလ်တည်းဟူသော။ (ဈာန်-စပ်)

http://www.dhammadownload.com



လောကဲ သမတိက္ကမ္မ အဘိဘုယျ တိဋ္ဌတိ-ဖြင့် လောကုတ္တရာပုဒ်၏ လောကသဒ္ဒူပပဒ+ ဥပုဗ္ဗ+တရ ဓာတ်၏အဖြစ်ကိုင်း၊[၁] လောကုတ္တရာပုဒ်ကို လောကဲ သမတိက္ကမ္မ အဘိဘုယျ တိဋ္ဌတီတိ လောကုတ္တရာ-ဟု ကတ္တုသာဓန ကိတန္တဒုတိယာ တပ္ပုရိသ်သမာသ်ဝစနတ္ထပြုရမည်၏အဖြစ်ကိုင်း၊[၂] အပစ္စည်း၏ ကတ္တုသာဓနအနက်၌သက်သည်၏အဖြစ်ကိုင်း၊[၃] ဥ-ဟူသော ဥပသာရ၏ သမတိက္ကမ္မ အဘိဘုယျအနက်ကို ဟောသည်၏အဖြစ်ကိုင်း၊[၄] တရဓာတ်၏ ဂတိ နိဝတ္တိအနက် ဟောသည်၏အဖြစ်ကိုင်း၊[၅] လောကုတ္တရာ-အရ နိဗ္ဗာန်ကိုယူရမည်ကိုင်း[၆] သိစေပါသည်။

၁။ ဒုတိယဓာတုပဒ။ ၂။ အဘိဓာနတ္ထ။ ၃။ ဒုတိယပစ္စယတ္ထ။

၄။ ဥပသဂ္ဂလိင်္ဂတ္ထ။ ၅။ ဒု-ဓာတွတ္ထ။ ၆။ အဘိဓေယျတ္ထ။

**အနက်ပေး။** လောကုတ္တရာ-ဥပါဒါနက္ခန္ဓာ-ဟုဆိုအပ်သော သင်္ခါရလောကကို လွန်မြောက်၍၊ ဝါ-လွှမ်းမိုး၍၊ ဝါ-မယှဉ်သည်ဖြစ်၍ တည်တတ်သော နိဗ္ဗာန်တည်းဟူသော။ (ဈာန်-စပ်)

အပ္ပနာဈာန်-ဖြင့် ဈာန်-အရ ဥပစာရဈာန်ကို မယူရ၊ အပ္ပနာဈာန်ကို ယူရမည်ဟု သိစေပါသည်။ (အဘိဓေယျတ္ထ)

ကေစိတ္တက္ခဏိကံ-ဖြင့် အပ္ပနာဈာန်-အရ စိတ္တက္ခဏတစ်ချက်သာ အသက်ရှိသော မဂ်အပ္ပနာဈာန်ကို ယူရမည်ဟု သိစေပါသည်။ (အဘိဓေယျတ္ထ)

**မှတ်ချက်။** ကေစိတ္တက္ခဏိကံ-ဟူသော အဖွင့်ကိုထောက်လျှင် လောကုတ္တရာ-အရ မဂ်ကိုသာယူရမည်ဟု သိစေသည်။ သို့ဖြစ်၍ ဋီကာ၌ မဂ္ဂေါယေဝ ဝါ ဣဓ တဿ အဓိပ္ပေတတ္တာ-ဟု ဖွင့်သည်။

## ကေစိတ္တက္ခဏိကံ-၌ ဋီကာအာဘော်

ကေစိတ္တက္ခဏိကန္တိ ကေမဂ္ဂဿ ဒွေဝါရေ အနုပ္ပတ္တိ သန္ဓာယာဟ။

ကေစိတ္တက္ခဏိကံ-ဖြင့် မဂ်မည်သည် နှစ်ကြိမ်မဖြစ်၊ တစ်ကြိမ်သာ ဖြစ်သည်ဟု သိစေပါသည်။ (ဘာဝတ္ထ)

**အနက်ပေး။** ဈာန်-တစ်ခုသော စိတ္တက္ခဏရှိသော အပ္ပနာဈာန်ကို။

ဇနေတိ-ဖြင့် (ဇနိ ပါတုဘာဝေ) ဘာဝေတိ-၌ ဘူဓာတ်သည် ဖြစ်ခြင်း ထင်ရှားဖြစ်ပေါ်ခြင်း (သတ္တာ) အနက်ကို ဟောသတည်းဟု သိစေပါသည်။(ဓာတွတ္ထ)

**အနက်ပေး။** ဘာဝေတိ-ဖြစ်စေ၏။

ဝဍ္ဎေတိ-ဖြင့် ဘာဝေတိ-၌ ဘူဓာတ်သည် ပွားများခြင်း (ဝဍ္ဎန)အနက်ကို ဟောသတည်းဟု သိစေပါသည်။ (ဓာတွတ္ထ)

**အနက်ပေး။** ဘာဝေတိ-ပွားစေ၏။

**မှတ်ချက်။** ဘာဝေတိ-ကို ဇနေတိ ဖွင့်သည်-သဒ္ဒတ္ထအဖွင့်။ ဇနေတိ-ကို ဝဍ္ဎေတိ- ဖွင့်သည်၊ ဇနိဓာတ်သည် ဝဍ္ဎနအနက်မရှိ၊ ပါတုဘာဝအနက်သာ ရှိသည်။ သို့ဖြစ်၍ ဇနေတိ-ကို

http://www.dhammadownload.com



ဝမေ့တိ-ဖွင့်ခြင်းသည် အဓိပ္ပါယတ္ထအဖွင့်ဟု မိမိတို့ ယူဆသည်။ (ဓာတ်ကျမ်းကြည့်ပါ)
အနက်ပေး။ ဘာဝေတိ- ဖြစ်စေ၏။ (သဒ္ဒတ္ထ) ပွားစေ၏။ (အဓိပ္ပါယတ္ထ)

(၇) အဖြေ

တတ္ထ-၌ တ-သဒ္ဒါကား ရှေ့ဝါကျ၌ဆိုအပ်ပြီးသော ကတမေ ဓမ္မာ ကုသလာ စသော ဒြဗ်ကိုစွဲသောကြောင့် ပဋ္ကန္တဝိသယ-တ တည်း။

လောကုတ္တရဏ္ဏီ-၌ ဣတိသဒ္ဒါကား သဒ္ဒပဒတ္ထကနိပါတ်ပုဒ်၊ (သံဝဏ္ဏေတဗ္ဗပုဒ်၊ ပဒဒ္ဓါရ ပုဒ်တည်း)

တရတီတိ-၌ ဣတိသဒ္ဒါကား ဟေတုအနက်။
သမတိက္ကမ္မ-၌ သံသဒ္ဒါသည် သမ္မာအနက်။

သဗ္ဗဝါကျံ သာဝဓာရဏံ-ဟူသောပရိဘာသာနှင့်အညီ
ဈာန်-၌ ဂဟေတဗ္ဗာဒိထုတ်ပုံ

၁။ အပ္ပနာဈာန်သည် ဂဟေတဗ္ဗတ္ထ။
၂။ ဉပစာရဈာန်သည် နိဝတ္တေတဗ္ဗတ္ထ။
၃။ ကေစိတ္တကဂ္ဂတာဂိက်-ဟူသောဂုဏ်သည် အနုညာတတ္ထ။

ဘာဝေတိ-၌

၁။ ဘာဝေတိသည် ဂဟေတဗ္ဗတ္ထ။
၂။ နဘာဝေတိသည် နိဝတ္တေတဗ္ဗတ္ထ။
၃။ အပ္ပနာဈာန်-ဟူသောဒြဗ်နှင့် ကေစိတ္တကဂ္ဂတာဂိက်-ဟူသောဂုဏ်သည် အနုညာတတ္ထ။

(၈) အဖြေ

ဈာန်-အရ ကြိယာငါးတန်ထုတ်ပုံ

၁။ အပ္ပနာဈာန်သည် ဒဿနတ္ထ။
၂။ ဂေါတြဘုဝေါဒါန်သည် ဒီပကတ္ထ။
၃။ အခြားမဲ့၌ဖြစ်သော ဗိုလ်စိတ္တုပ္ပါဒ်သည် ပကာသနတ္ထ။
၄။ ပရိကံ, ဉပစာ, အနုလုံ, တိဟိတ်ပဋိသန္ဓေနေခြင်းစသည်သည် ဝိဘာဝတ္ထ။
၅။ ပစ္စဝေက္ခဏာစိတ္တုပ္ပါဒ်, ဖလသမာပတ်အစ နိဗ္ဗာန်တိုင်အောင်သော အကျိုး တရားသည် အနုဘာဝတ္ထ။

http://www.dhammadownload.com



## (၁၀) အဖြေ

### လောကံ တရတိ-၌ ပစ္စည်းပြိုင်ပုံ

လောက-အရကား ဥပါဒါနက္ခန္ဓာ။

တရတိ-အရကား မဂ်တရား။

လောကံ-အရ ဥပါဒါနက္ခန္ဓာပစ္စည်းတရားက တရတိ-အရ မဂ်ပစ္စယုပ္ပန်တရားအား ပကတူပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြုပါသည်။

မှတ်ချက်။ ကံတိုင်း အာရမ္မဏပစ္စည်းမရ။

---

(က) လောကတော -ပ- နိယျာနိကံ။ (ခ) နိယျာတိ ဝါ -ပ- နိယျာနိကံ။ (ဂ) တံသမင်္ဂီ- ပ- ဘာဝေန္တော နိယျာတိ။ (ဃ) ယထာစ -ပ- န တထာ ဣဒံ။ (င) ဣဒံ ပန-ပ- အပစယဂါမီ။ ဋ္ဌ၊ ၂၅၉။

ခ-ဝါကျကား-နိယျာနိကံပုဒ်၏ ကတ္တုသာဓနဝစနတ္ထဟူသောအဖို့မှ တစ်ပါးသော ကရဏသာဓနဝစနတ္ထဟူသောအဖို့တစ်မျိုးကိုပြသောကြောင့် ပက္ခန္တရဝါကျ။

ထိုဝါကျကိုထောက်၍ က-ဝါကျကား နိယျာနိကံပုဒ်၏ ကတ္တုသာဓနဝစနတ္ထ ဟူသောအဖို့ကိုပြသောကြောင့် ပက္ခဝါကျ။

✪ ဋ္ဌပနာပြ၊ ဒေါသလက္ခဏာ၊ အာဘောဂါနှင့်၊ ဟိတ်ဖြာရှေ့ပယ်၊ နွယ်ဆွယ်၊ မေးဖွယ်ပဋ္ဌက။ (သောတုဇနဟိတကာရီကျမ်း)

၁။ ဋ္ဌပနာ။ ၂။ အာဘောဂ။ ၃။ ဋ္ဌပနာပဋိက္ခေပ(ဗျတိရေက)။ ၄။ အန္ဝယ။ ၅။ စောဒနာ။ ဤငါးချက်ဖြင့် ကျမ်းတက်ပါဟုဆိုလျှင် အထက်ပါနိယံနှင့် အတူတူ ဖြစ်သည်။

### ခ-ဝါကျ ကျမ်းတက်ပုံ

ဆရာ၊ ဆရာသည် က-ဝါကျဖြင့် နိယျာနိကံပုဒ်ကို ကတ္တုသာဓနဝစနတ္ထ ပြုရသောဟု ဆိုတော်မူ၏။ (ဋ္ဌပနာ) ထိုသို့သာဆိုချေသော် (ဒေါသလက္ခဏာ) နိယျာနိကံပုဒ်ကို ကတ္တုသာဓန ဝစနတ္ထသာ ပြုရမည်လော (အာဘော်)။ ထိုသို့ပြုရာသောကြောင့် (ဟိတ်ဖြာ)၊ နိယျာနိကံပုဒ်ကို ကတ္တုသာဓနဝစနတ္ထပြုရသောဟု မဆိုသင့်။ (ဋ္ဌပနာပဋိက္ခေပ) (ဗျတိရေက) နိယျာနိကံပုဒ်၏ တစ်ပါးသော ဝစနတ္ထကိုလည်း ဆိုသင့်ဆိုတန်၏ (အန္ဝယ)။ နိယျာနိကံပုဒ်၏ တစ်ပါးသောဝစနတ္ထ ကား အဘယ်နည်း။ အကယ်၍ နိယျာနိကံပုဒ် ကတ္တုသာဓနဝစနတ္ထကိုသာပြဆို၍ တစ်ပါးသော ဝစနတ္ထကို မပြဆိုချေသော် ဆရာအား အဗျာပိတအပရိပုဏ္ဏဒေါသ ရောက်ရာ၏။ ဤသို့ ဋ္ဌပနာပဋ္ဌကဖြင့် သူစောဒနာဖွယ်ရှိသောကြောင့် ထိုစောဒနကို သောနောလိုတော် မူလိုသောအဋ္ဌကထာ ဆရာသည် ခ-ဝါကျကိုမိန့်။

http://www.dhammadownload.com



## ဒေါသပယ်ပုံ

ခ–ဝါကျဖြင့် အဗျာပိတ အပရိပုဏ္ဏဒေါသပယ်ပါသည်။

## ခ–ဝါကျ ဝါ–သဒ္ဒါထားပုံ

နိယျာနိကံပုဒ်၏ ကတ္တုသာဓနဝစနတ္ထမှတစ်ပါး ကရဏသာဓနဝစနတ္ထဟူသော ဝစနတ္ထတစ်မျိုးကို လဲလှယ်ပြလိုသောကြောင့် ဝါ–သဒ္ဒါ ထားရပါသည်။

တံသမင်္ဂီ–ပ–နိယျာတိ–တိုင်အောင်သော ဂ–ဝါကျကား ဝိတ္ထာရဝါကျ။
ထို–၍ (က–ခ) ဝါကျတို့ကား သခေ်ပဝါကျ။

**မှတ်ချက်။** ဝိတ္ထာရဝါကျတွင် ပက္ခ,ပက္ခန္တရဝါကျများ အတွင်းငုတ် နေသည်။

ယထာစ–ပ–ဣဒံ–တိုင်အောင်သော ဃ–ဝါကျကား နိယျာနိကံ–ဟူသောပုဒ်၏ အဖွင့်မှတစ်ပါး အပစယဂါမိ–ဟူသောပုဒ်၏ အဖွင့်ကိုပြသော ကြောင့် ပက္ခန္တရဝါကျ။ ထို–၍ က,ခ,ဂ–ဝါကျတို့ကာ နိယျာနိကံဟူသောပုဒ်၏ အဖွင့်ဟူသောအဖို့ကို ပြခဲ့ သောကြောင့် ပက္ခဝါကျ။

ထို ဃ–ဝါကျတွင် ယထာစ –ပ– ဟောတိ–ကား နှိုင်းယှဉ်ကြောင်း ဖြစ်သောကြောင့် ဥပမာနဝါကျ။ န တထာ ဣဒံဟူသောဝါကျကား နှိုင်းယှဉ်အပ်သောကြောင့် ဥပမေယျဝါကျ။

ဣဒံ ပန အပစယဂါမိ–တိုင်အောင်သောဝါကျကား မပေါ်လွင်ငြား ထိုစကားကို ထင်ရှားအောင်ပြကြောင်းဖြစ်သောကြောင့် တပ္ပါကဋီကရဏဝါကျ။ ထို–၍ န တထာ ဣဒံဟူသောဝါကျကား–မပေါ်လွင်ငြား ထိုစကားကို ထင်ရှားအောင်ပြအပ်သောကြောင့် တပ္ပါကဋီကရဏီယဝါကျ။ ဝါ– အပါကဋ္ဌဝါကျ။

---

## (၃) အဖြေ

ဂ–ဝါကျဖြင့် သခေ်ပ ဝိတ္ထာရဆန့်ကျင်သော ဝိရောဓိဒေါသပယ်သည်။

ဃ,င–ဝါကျကား ပက္ခန္တရဝါကျ။ ယင်းဖြင့် အဗျာပိတ, အပရိပုဏ္ဏဒေါသ ပယ်သည်။

င–ဝါကျဖြင့် ဝိရောဓိဒေါသပယ်သည်။ (ဝိတ္ထာရ–နှင့် တူ)

## (၆) အဖြေ

✝ နိယျာတီတိ နိယျာနိကန္တိ ဝတ္တဗ္ဗေ ဉ္ဇကာရဿ ရဿတ္တံ၊ ယကာရဿစ ကကာရံကတွာ နိယျာနိကန္တိ ဝုတ္တံ။ မူလဋီ၊ ၁၊ ၁၁၁။

နိယျာတိ–ဖြင့် နိယျာနိကံပုဒ်ကို ကမ္မသာဓနဲ,ဘာဝသာဓနဝစနတ္ထမပြုရ၊ နိယျာတီတိ နိယျာနိကံ–ဟု ကတ္တုသာဓနဝစနတ္ထပြုရမည်၏အဖြစ်ကိုင်း၊[၁] အနီယပစ္စည်းသည် ကမ္မသာဓန, ဘာဝသာဓနဌမသက်၊ ကတ္တုသာဓနဌ သက်သည်၏အဖြစ်ကိုင်း၊[၂] နိယျာနီယံ–ဟု ဆိုလိုလျှက် ဉ္ဇ–ကို ဣရဿ ပြုခြင်း၊ ယ–ကို ကပြုခြင်း ဝဏ္ဏဝိကာရ နိရုတ္တိနည်းအားဖြင့် ရုပ်ပြီးသည်၏ အဖြစ်ကိုင်း[၃] သိစေပါသည်။ ၁။ အဘိဓာနတ္ထ။ ၂။ ဒု–ပစ္စယတ္ထ။ ၃။ ဘာဝတ္ထ။

http://www.dhammadownload.com



လောကတော–ဖြင့် နိယျာတိ–ဟူသော အပါဒါနပေက္ခကြိယာ၏ အပါဒါန်ကား လောကတော–ပင်တည်းဟု သိစေပါသည်။ (ဘာ၀တ္ထ)

တစ်နည်း။ လောကတော–ဖြင့် ထွက်မြောက်၏ဟူသည် လောကမှ ထွက်မြောက် သတည်းဟု သိစေပါသည်။ (ဘာ၀တ္ထ)

ဝဋ္ဋတော–ဖြင့် လောက၌ လောက အရ–ဝဋ္ဋတရားကိုယူရမည်ဟု သိစေပါသည်။ (ဘာ၀တ္ထ)

မှတ်ချက်။ နိ–နောက်၌ ယဒွေဘော်လာ၍ နိယျာနိကံ–ဟု ဖြစ်သည်။ (ဥ, ဒ္,နိ နောက်၊ ဒွေဘော်ရောက်–ဟူသော နိယံအရပင်တည်း)။

အနက်ပေး။ နိယျာနိကံ– လောကဟူသော ဝဋ္ဋတရားမှ ထွက်မြောက်တတ်သော။ (ဈာန်–စပ်)

မှတ်ချက်။ ဗျူပ္ပတ္တိစတုက္ကထုတ်ရာ၌ –နိယျာနိကအပွနာဈာန်တို့၏ တစ်ပါးသည် တစ်ပါးနှင့် တူသောအခြင်းအရာဟုဆိုအပ်သောဓာတ်သည် ပဝတ္တိနိမိတ်မည်၏–ဟု ထုတ်လေ။

နိယျာတိ ဧတေန–ဖြင့် နိယျာနိကံ–၌ နိယျာနိက–ပုဒ်ကို နိယျာတိ ဧတေနာတိ နိယျာနိကံ–ဟု ကရဏသာဓနေဝစနတ္ထပြုရမည်ကိုင်း၊[၁] အနီယ ပစ္စည်း၏ ကရဏသာဓနေ၌ သက်သည်ကိုင်း၊[၂] (အဘိဓာနတ္ထ၊ ဒုတိယပစ္စယတ္ထ)

(ကြွင်းသော ဗျုတ်ရေကအာဘော်နှင့် နိရုတ္တိနည်းအာဘော် ရှေးနှင့်တူပြီ)

အနက်ပေး။ နိယျာနိကံ– လောကဟူသောဝဋ္ဋတရားမှ ထွက်မြောက်ကြောင်း ဖြစ်သော။ (ဈာန်–စပ်)

ဝါ–ဟူသောပါဌ်ဖြင့် နိယျာနိကပုဒ်၏ ကတ္တုသာဓနေဝစနတ္ထမှတစ်ပါး ကရဏသာဓနေဝစနတ္ထဟူသော နယန္တရကို သိစေပါသည်။ (ဘာ၀တ္ထ)

## ခ–နှင့် ဂ–ကိုထောက် အနက်ပေးပုံ

နိယျာနိကံ– လောကုတ္တရာဈာန်နှင့်ပြည့်စုံသောပုဂ္ဂိုလ်၏ လောကဟုဆိုအပ်သော ဝဋ္ဋဆင်းရဲမှ ဒုက္ခသစ္စာကို ပိုင်းခြား၍သိလျက်, သမုဒယသစ္စာကို ပယ်စွန့်လျက်, နိရောဓသစ္စာကို မျက်မှောက်ပြုလျက်, မဂ္ဂသစ္စာကို ပွားစေလျက် ထွက်မြောက်ကြောင်းဖြစ်သော။ (ဈာန်–စပ်)

ဂ–ဝါကျ၌ ပုဂ္ဂလော–ဖြင့် နိယျာတိ ကြိယာ၏ ကတ္တားကို သိစေပါသည်။ (ဘာ၀တ္ထ)

တံ သမင်္ဂီ–ဖြင့် ပုဂ္ဂလော–အရ ထိုလောကုတ္တရာဈာန်နှင့် မပြည့်စုံသောသူကို မယူရ၊ ထိုလောကုတ္တရာဈာန်နှင့်ပြည့်စုံသောသူကို ယူရမည်ဟု သိစေပါသည်။ (ဘာ၀တ္ထ)

ဒုက္ခံ ပရိဇာနန္တော–စသော ကြိယာဝိသေသနပုဒ်များဖြင့် သစ္စာ–၄–ပါးသိမှသာလျှင် ဝဋ္ဋဆင်းရဲမှ ထွက်မြောက်နိုင်သည်ဟု သိစေပါသည်။ (ဘာ၀တ္ထ)

http://www.dhammadownload.com



၄-ဝါကျ။ အပစိနန္တံ ဂစ္ဆတိ-ဖြင့် အပစယပုဒ်ကို အပစိနာတီတိ အပစယံ-ဟု ကတ္တုသာဓန ဝစနတ္ထပြုရမည်ကိုင်း၊[1] ဏပစ္စည်း၏ ကတ္တုသာဓနနှင့် သက်ထားသည် ကိုင်း၊[2] အပစယပုဒ်၏ အပ ပုဗ္ဗ+စိဓာတ်၏အဖြစ်ကိုင်း၊[3] ဂါမိ-ဟူသောပုဒ်ကို ဂစ္ဆတီတိ ဂါမိ-ဟု ကတ္တုသာဓနဝစနတ္ထ ပြုရမည်ကိုင်း၊[4] ဏီပစ္စည်း၏ ကတ္တုသာဓနတ္ထ၌ သက်ထား သည်ကိုင်း၊[5] အပစယံ ဂါမိ အပစယဂါမိ-ဟု ကမ္မဓာရည်းသမာသ်ဝစနတ္ထပြုရ မည်ကိုင်း[6] သိစေပါသည်။

၁။ အဘိဓာနတ္ထ။ ၂။ ဒု-ပစ္စယတ္ထ။ ၃။ ဒု-ဓာတုပဒ။

၄။ အဘိဓာနတ္ထ။ ၅။ ဒု-ပစ္စယတ္ထ။ ၆။ အဘိဓာနတ္ထ။

မှတ်ချက်။ ဤဒံ အပစိနန္တံ ဂစ္ဆတိ-ဟူသောပဓာနပုဒ်များကို ကိုင်၍ အာဘော်ဖော်သည်။ သုခကာရိ ဒါနံ-၌ ဒါနံပုဒ်ကိုထောက်၍ ရီ-၌ ဤကို ဣရယာ ပြုသကဲ့သို့ အပစယဂါမိပုဒ်၌လည်း နည်းတူမှတ်။

ဝိဒ္ဓံသေန္တံ-ဖြင့် အပစိနန္တံ-၌ စိဓာတ်၏ ဤ၌ စီခြင်းအနက်ကိုမဟော၊ ဖျက်ဆီးခြင်း= ဝိဒ္ဓံသနံအနက်ကို ဟောသည်ကိုင်း၊[1] အပ-ဥပသာရ၏ ဓာတွတ္ထဗာဓကေ၏အဖြစ်ကိုင်း[2] သိစေပါသည်။ ၁။ ဒု-ဓာတွတ္ထ။ ၂။ ဥပသဂ္ဂလိင်္ဂတ္ထ။

အနက်ပေး။ အပစယဂါမိ-ဘုံသုံးပါး၌ဖြစ်သော ကုသိုလ်သည် စီအပ်အပ်ကုန်သော စုတိပဋိသန္ဓေ တို့ကို အကြောင်းချို့တဲ့ခြင်းကိုပြုခြင်းကြောင့် ဖျက်ဆီးလျက် သွားတတ်သော။ (ဈာန်-စပ်)

နိယျာနိကံပုဒ် ဋီကာဝိဂြိုဟ်

✝ နိယျာတိ ဝေဋ္ဌနာတိ နိယျာနံ၊ နိယျာနမေဝ နိယျာနိကံ။ ဝေနယိကော ဝိယ ဓေတ္တ နေယျာနိကန္တိ ဝတ္တဗ္ဗေ ဣကာရဿ ဧကာရတ္တံ အကတွာ ဝုတ္တံ။ (မူလဋီ၊ ၁၊ ၁၁၁)

တံသမင်္ဂီ-ကား တတိယာတပ္ပုရိသသမာသ်ပုဒ်၊ ရတ္တာဒိဂိုဏ်း၊ ဒဏ္ဍီနှင့်တူ။

သမ္မာ အင်္ဂနံ သမင်္ဂေါ။ သံပုဗ္ဗ+အဂိဓာတ်၊ အ-ပစ္စည်း။ (ကောင်းစွာ ဖြစ်ခြင်း= အညီအညွတ်ဖြစ်ခြင်း)

သမင်္ဂေါ အဿ အတ္ထီတိ သမင်္ဂီ။

တေန သမင်္ဂီ တံ သမင်္ဂီ။ (ဤ၌-ဌာနီ+ဌနာ၊ ဂုဏ်+ဂုဏေး။ နိဿယ+ နိဿိတစပ်)

မှတ်ချက်။ တံသမင်္ဂီ-၌ တသမင်္ဂီ-ဟူလိုလျက် နိဂ္ဂဟိတ်လာ၍ တံသမင်္ဂီ-ဟု ဖြစ်သည်။

ပရိဇာနာတီတိ ပရိဇာနန္တော။ ပရိ-ဉာ+နာ+အန္တ။

ပရိ-အရ ဓာတွတ္ထဝိသေသကရ၏။

ဉာဓာတ်-အရ မင်္ဂဉာဏ်ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်ရ၏။

ပရိဇာနန္တော-၌ ဓာတွတ္ထအရ မင်္ဂဉာဏ်ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်ရ၏။

ဒုက္ခံ-ဟူသော ကံပုဒ်အရကား- လောဘကြဉ်သော ရုပ်နာမ်ဓမ္မ ဒုက္ခသစ္စာရ၏။ ယင်းဒုက္ခသစ္စာကို မင်္ဂဉာဏ်က အာရုံမပြုပါ။

http://www.dhammadownload.com



ဒုက္ခ–အရဲနှင့် ဓာတုတ္ထ–အရ ပကတူပသာ ပြိုင်။

တံသင်္ဂ ပုဂ္ဂလော–နှင့် ပရိဓာနန္တော–ကား ပကတိကတ္တား ဝိကတိကတ္တား။

ဝိကတိကတ္တား–၌ ဓာတုတ္ထ–အရ မင်္ဂဉာဏ်ပစ္စည်းတရားက ဗာဟျတ္ထ–အရ ပစ္စယုပ္ပန် တရားအား သဟဇာတမျိုး ပြိုင်။

ပရိဓာနန္တော–၌ အန္တတ္ထ–အရ မင်္ဂဉာဏ်ပစ္စည်းတရားက ဗာဟျတ္ထ–အရ ပစ္စယုပ္ပန်တရားအား ပကတိ, ဝိကတိ–အတိုင်း သဟဇာတမျိုးပင် ပြိုင်။

နိရောဓ ဝိဂ္ဂဟ ၄–မျိုး

၁။ နိရုဇ္ဈတိ ဧတ္ထာတိ နိရောဓော။ ၂။ နိရုဇ္ဈနံ နိရောဓော။

၃။ နိရုဇ္ဈတိ ဧတေနာတိ နိရောဓော။ ၄။ နိရုဇ္ဈတီတိ နိရောဓော။

နိရောဓ = နိ+ရုဓ။ (နိဗ္ဗာန်)

---

(၅) အဖြေ

သန္တိ = နိပါတ်ပုဒ်။

ဘာဝေတီတိ ဘာဝေန္တော။ ဘူ–ဓာတ်၊ ဏေပစ္စည်း၊ အန္တပစ္စည်း။

ယထာ= ဥပမာနဇောတကနိပါတ်ပုဒ်။

စ = ပဒါလင်္ကာရ။

ပန = ပက္ခန္တရဇောတကနိပါတ်။

စုတိပဋိသန္ဓိယော = ဣတ္ထိလိင်, ဣကာရန္တ, ရတ္တာဒိဂိုဏ်း။

---

(၇) အဖြေ

ဝိဒ္ဓံသေန္တော ဧဝ–၌ ဂဟေတဗ္ဗာဒိ

၁။ တစ်ပါးသော ယောကျ်ားဖြစ်သည် ဂဟေတဗ္ဗတ္ထ။ (အပရောက္ခိရူ)

၂။ အုဋ္ဌတံတိုင်းစီသော တစ်ယောက်သော ယောကျ်ားဖြစ်သည် နိဝတ္တေတဗ္ဗတ္ထ။

၃။ ဖျက်ဆီးခြင်းကြိယာသည် အနုညာတတ္ထ။

---

(၈) အဖြေ

နိယျာတိ–အရကား ယံဈာန်–ဟူသောကတ္တားအရ–လောကုတ္တရာ အပ္ပနာဈာန်ရ၏။

မေး။ ဒုတိယဝိကပ် နိယျာတိကံပုဒ်၌ ဓာတုတ္ထ–အရတရားကိုယူ၍ ကြိယာငါးတန် ထုတ်ခဲ့ပါ။

http://www.dhammadownload.com



## ဉာဉ်ကောက်ပုံ

နိယျာတိ ဧတေနာတိ နိယျာနိကံ။ နိပုဗ္ဗ+ယာဓာတ်+အနီယပစ္စည်း။

နိ-ဥပသာရ-အရ ဓာတွတ္ထဝိသေသက။

ယာ-ဓာတ်အရ- ကတ္တုဗြ-ကား ထိုဈာန်နှင့်ပြည့်စုံသောပုဂ္ဂိုလ်၏ ရုပ်နာမ်ဓမ္မ တို့၏ ဥပါဒ်သည် မုချအားဖြင့် ရ၏။

ကရဏတ္ထ-အရ ထိုအားတပ်သော လောကုတ္တရာ အပ္ပနာဈာန်၏ သဟဇာတာဒိပစ္စယ သတ္တိသည် ဖလူပစာအားဖြင့် ရ၏။

အနီယ-ပစ္စည်းအရကား- ထို-သော လောကုတ္တရာအပ္ပနာဈာန်ရ၏။ (ဝိသေသန ဆက်ကောက်)။ (နိယျာနိကံ-ကို ဈာန်-စပ်)

## သဘာဝကိုရှု၍ ထုတ်ပုံ

၁။ တံသမင်္ဂီပုဂ္ဂိုလ်သည် ဒဿနတ္ထ။

၂။ ကံ, စိတ်, ဥတု, အာဟာရ အကြောင်းတရားသည် ဒီပကတ္ထ။

၃။ ယင်းပုဂ္ဂိုလ်၏ ရုပ်နာမ်ဓမ္မအဆက်ဆက်သည် ပကာသနတ္ထ။

၄။ ရုပ်နာမ်တို့၏ ဇရာသဘာဝသည် ဝိဘာဝတ္ထ။

၅။ မရဏသည် အနုညာတတ္ထ။

## ပဋိစ္စသမုပ္ပါဒ်နည်းအရ ထုတ်ပုံ

၁။ တံ သမင်္ဂီပုဂ္ဂိုလ်၏ ရုပ်နာမ်ဓမ္မသည် ဒဿနတ္ထ။

၂။ ဝိညာဉ်သည် ဒီပကတ္ထ။

၃။ သဠာယတနသည် ပကာသနတ္ထ။

၄။ အဝိဇ္ဇာ-စသည်သည် ဝိဘာဝတ္ထ။

၅။ ဖဿ-အစ ဥပါယာသအဆုံးရှိသောတရားတို့သည် အနုဘာဝတ္ထ။

မေး။ နိယျာနိကံအဖွင့် ဒုတိယဝိကပ္ပ်၌ ပစ္စည်း ပစ္စယုပ္ပန်ရသင့်သည်များကိုဖော်ပြ၍ ယထာရဟ ပစ္စယသတ္တိတို့ကိုလည်း ရေးသားခဲ့ပါ။

ဧတေန-အရ လောကုတ္တရာအပ္ပနာဈာန်ရ၏။

နိယျာတိ-အရ တံ သမင်္ဂီပုဂ္ဂိုလ်ရ၏။

**တစ်နည်း။** အန္တတ္ထ = ဓာတွတ္ထ = ကတ္တုဗြ-အရ တံသမင်္ဂီပုဂ္ဂိုလ်၏ ရုပ်နာမ်ဓမ္မတို့၏ ဥပါဒ်ရ၏။

ဗာဟျတ္ထ = ပစ္စယတ္ထ-အရ လောကုတ္တရာအပ္ပနာဈာန်ရ၏။

ဧတေန-အရ ပစ္စည်းတရားက နိယျာတိ-အရ ပစ္စယုပ္ပန် နာမ်တရားအား -

http://www.dhammadownload.com



**တစ်နည်း** = ဗာဟျတ္ထ–အရ ပစ္စည်းတရားက – ကတ္တုဒ္ဒ–အရ ပစ္စယုပ္ပန်တရားအား သဟဇာတာဒိ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ပြိုင် = သဟဇာတကြီး– ၄၊ အညမည၊ သမ္ပယုတ္တ၊ ဟေတု၊ အဓိပတိ၊ ဣန္ဒြိယ၊ ဈာန၊ မဂ္ဂ–ဤဆယ့်တစ်ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုပါသည်။

ရုပ်ပစ္စယုပ္ပန်ဖြစ်အံ့– ည, သံ–နှုတ်၍ ဝိပ္ပယုတ်ထည့်ပါ။

**ဃ–ပထမဝိကပ် နိယျာတိ–၌ ပစ္စည်း ပစ္စယုပ္ပန်စဉ်းစားပုံ**

ယင်း၌ ကတ္တားကား – ယံဈာန်တည်း။ ယံဈာန်–အရ ကတ္တားနှင့် နိယျာတိ–အရ ကြိယာတို့ အရတူကြသည်။ သို့ဖြစ်၍ သဟဇာတမျိုးပြိုင်။

ယံဈာန်–အရ ဝေဒနာက္ခန္ဓာကိုယူလျှင် နိယျာတိ–အရ ကြွင်းနာမက္ခန္ဓာကို ယူရမည်။ ယင်းသို့ယူ၍ သဟဇာတမျိုးပြိုင်။ (ဧကံ ခန္ဓံ ပဋိစ္စ တယောခန္ဓာ)။

**တောဘူမက ကုလေန စိတာ–၌ ပစ္စည်းပြိုင်**

စိယန္တီတိ စိတာ။

စိဓာတ်–အရ ကတ္တုဒ္ဒကား– တေဘူမက ကုသိုလ်သည် မုချရ၏။

ကမ္မဒ္ဒ–အရကား– စုတိ, ပဋိသန္ဓေတို့၏ ပစ္စယုပ္ပန္နဘောရ၏။

တ–ပစ္စည်းအရ–ကား စုတိ, ပဋိသန္ဓေတို့ရ၏။

တေဘူက ကုသလေန–အရ တေဘူမက ကုသိုလ်စေတနာပစ္စည်းတရားက စိတာ–အရ စုတိ, ပဋိသန္ဓေ ပစ္စယုပ္ပန်တရားတို့အား –နာနာက္ခဏိကကမ္မသတ္တိ ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုသည်။

**နမူနာမေးခွန်း။**

စိတာ၌ ဓာတွတ္ထ, ကတ္တုဒ္ဒ, အန္တတ္ထ–အရ တရားနှင့် ဗာဟျတ္ထ, ပစ္စယတ္ထ၊–ဝါ– စိတာ တစ်ပုဒ်လုံးအရတရားတို့ ပစ္စည်း ပစ္စယုပ္ပန် ထုတ်ပြ၍ ပစ္စည်းပြိုင်ပါဆိုလျှင် အထက်ပါအတိုင်း ပြိုင်လေ။ မေးခွန်းကို အမျိုးမျိုး လှည့်မေးထားသည်။

---

(က) ဒိဋ္ဌိယော ဧဝ ဒိဋ္ဌိဂတာနိ။ (ခ) ဂူထဂတံ–ပ–ဝိယ။ (ဂ) ဒွါသဋ္ဌိယာ ဝါ–ပ– ဒိဋ္ဌိဂတာနိ။ (ဃ) ဒိဋ္ဌိယာ ဝါ–ပ– ဒိဋ္ဌိဂတာနိ။ (င) ဒိဋ္ဌိသဒိသ ဂမနာနိ –ပ– အတ္ထော။ (ဋ္ဌ၊ ၂၅၉)

ဂူထဂတံ မုတ္တဂတန္တိ အာဒီနိဝိယ ဂတသဒ္ဒဿ တဗ္ဘာဝဝုတ္တိတ္တာ၊ ဒိဋ္ဌိယောဧဝ ဒိဋ္ဌိဂတာနိ။ (တဒ္ဒဘာယာလင်္ကာရ)

ခ–ဝါကျကား – နှိုင်းယှဉ်ကြောင်းဖြစ်သောကြောင့် ဥပမာနဝါကျ။ ထို–၍ က–ဝါကျကား နှိုင်းယှဉ်အပ်သောကြောင့် ဥပမေယျဝါကျ။

http://www.dhammadownload.com



တစ်နည်း။ ခ-ဝါကျကား- အာဂုံအားဖြင့် ခိုင်မြဲစေတတ်သောကြောင့် အာဂမဒဠှီကရဏ ဝါကျမည်၏။

ထို-၌ က-ဝါကျကား အာဂုံအားဖြင့် ခိုင်မြဲစေအပ်သောကြောင့် အာဂမဒဠှီယ ဝါကျမည်၏။

## နှိုင်းယှဉ်ချက်

(က) ကေမဉ္စိ ဘာဝနပုံသက နိဒ္ဒေသော။

( ခ) ဝိသမံ စန္ဒိမသူရိယာ ပရိဝတ္တန္တိတိ အာဒီသု ဝိယ။ (ဝိ၊ဋ္ဌ၊၁၊၁၀၁)

ငင်း- က-ခ-ဝါကျနှင့် အဋ္ဌသာလိနီ က-ခ-ဝါကျတို့ အတူတူမှတ်။

## ခ-ဝါကျသို့ ကျမ်းတက်

ဆရာ၊ သည်၊ က-ဝါကျဖြင့် ဒိဋ္ဌိဂတာနိပုဒ်ကို ဒိဋ္ဌိယော ဧဝ ဒိဋ္ဌိဂတာနိ-ဟု ဂတသဒ္ဒါ အနက်မဲ့ကြံ၍ တဗ္ဘာဝဝုတ္တိကမ္မဓာရည်းသမာသ် ဝစနတ္ထပြုရသောဟုဆိုတော်မူ၏။ အဘယ်ပုဒ်တို့ကဲ့သို့ မှတ်ရမည်နည်း။ ဂတ-သဒ္ဒါအနက်မဲ့ ဖြစ်ပုံကို ဥပမာန အကိုးသာကေမပြတော့ပြီလော။ ဤသို့--ကြောင့် ခ-မိန့်။

ကား- ခ-ဝါကျဖြင့် ဂူထဂတံ မုတ္တဂတံ-စသောပုဒ်တို့ကဲ့သို့ ဒိဋ္ဌိဂတာနိ-၌ ဂတသဒ္ဒါသည် အနက်မဲ့တဗ္ဘာဝဝုတ္တိကမ္မဓာရည်းသမာသ်ဖြစ်၏ဟု ဥပမာန အကိုးသာကေကို ငါပြဆို၏ဟူလိုသော်။

ခ-ဝါကျဖြင့် ဒဠှီယ, ဒဠှီကရဏဆန့်ကျင်သော ဝိရောဓိဒေါသပယ်ပါသည်။

ဂ-ဝါကျကား- ဒိဋ္ဌိဂတာနိပုဒ်၏ တဗ္ဘာဝဝုတ္တိကမ္မဓာရည်းသမာသ် ဝစနတ္ထ ဂတ-သဒ္ဒါ တဗ္ဘော-ဟူသောအဖို့မှ တစ်မျိုးတစ်ပါးကိုပြသောကြောင့် ပက္ခန္တရဝါကျ။

ထို-၌ က-ဝါကျကား ဒိဋ္ဌိဂတ-သဒ္ဒါ၏ တဗ္ဘာဝဝုတ္တိကမ္မဓာရည်း သမာသ် ဂတသဒ္ဒါ တဗ္ဘော-ဟူသောအဖို့ကိုပြခဲ့သောကြောင့် ပက္ခဝါကျ။

## ဂ-ဝါကျ အနုသန္ဓေတက်

ဤသို့ က-ဝါကျဖြင့် ဒိဋ္ဌိဂတ-သဒ္ဒါ၏ တဗ္ဘာဝဝုတ္တိကမ္မဓာရည်းသမာသ် ဝစနတ္ထ ဂတ-သဒ္ဒါ တဗ္ဘော-၏ အဖြစ်ကိုပြတော်မူပြီး၍ ယခုအခါ၌ ဒိဋ္ဌိဂတသဒ္ဒါ၏ သမာသ်ဝစနတ္ထတစ်မျိုးနှင့် ဂတသဒ္ဒါ၏ အနက်တစ်မျိုးကိုပြခြင်းငှါ ဝါ-ပြတော်မူလိုသော အဋ္ဌကထာဆရာသည် (ဂ) မိန့်။

ဂ-ဝါကျဖြင့် အဗျာပိတ အပရိပုဏ္ဏဒေါသပယ်ပါသည်။

ပြည်နိသယဥ္စ- ဃ-ဝါကျတွင် ပါဝင်သော တေသံ-ကို သက္ကာယ ဒိဋ္ဌိမပါဘဲ ဝိစိကိစ္ဆာစသော တရားများကို စွဲသည်။ တာနိ-အစွဲလည်း နည်းတူမှတ်။ ဂတံ ဝိယ-ဖြစ်ခြင်းကဲ့သို့-ဟု ဝိယသဒ္ဒါထည့်၍ပေးသည်။

http://www.dhammadownload.com



## ယောဇနာအလို

ဒိဋ္ဌိယာ ဝ ဒိဋ္ဌိယာဂတံ ဣဝ။ တေသံ သက္ကာယဒိဋ္ဌိ အာဒီနံ ဂတံ ဂမနံ။ ကာနိ ပန တာနိ ဒိဋ္ဌိသဒိသ ဂမနာနိ ဣတိ ပုစ္ဆာ တာနိပဟီတိ ဟိသစ္စ တာနိ သက္ကာယဒိဋ္ဌိအာဒီနိ။ (ယောဇနာ-၁၂၇)

ဤယောဇနာအလို- ဃ-ဝါကျ၌ ဒိဋ္ဌိယာ ဝါ-ဟု မရှိရ၊ ဒိဋ္ဌိယာဝ-ဟုသာ ရှိရမည်။ ဒိဋ္ဌိယာ+ဣဝ-ဟု ပုဒ်ဖြတ်။

ဒိဋ္ဌိယာ-၏၊ ဂတံ ဣဝ- သို့၊ တေသံ သက္ကာယဒိဋ္ဌိအာဒီနံ-တို့၏၊ ဂတံ-ဖြစ်ခြင်းသည်၊ ဟောတိ-၏၊ ဣတိ- ကြောင့်၊ ဒိဋ္ဌိဂတာနိ-ကုန်၏။

ဤအနက်ပေးပုံများကိုထောက်ဆ၍ ပြည်နိဿယအလို- သသမ္ဗယုတ္တာနိ-ဝါကျ၌ သက္ကာယဒိဋ္ဌိပုဒ် မပါရ။ ယောဇနာအလို- သသမ္ဗယုတ္တာနိ-ဝါကျ၌ သက္ကယာဒိဋ္ဌိပုဒ် ပါရမည်။

ဃ- ပက္ခန္တရ။ ထို-၌ ဂ-ဝါကျ ပက္ခဝါကျ။

င- ဝိတ္ထာရ။ ထို-၌ ဃ-သင်္ခေပဝါကျ။

## င-ဝါကျ ကျမ်းတက်

ဆရာ၊ သည် ဃ-ဝါကျဖြင့် ဒိဋ္ဌိဂတာနိပုဒ်ကို ဘိန္နာဓိကရဏ ဗဟုဗ္ဗီဟိသမာသ် ဝစနတ္ထပြုရသောဟုဆိုတော်မူ၏။ ဒိဋ္ဌိဂတာနိပုဒ်၏ သဒ္ဒတ္ထအကျယ်ကို မပြပြီလော၊ ဒိဋ္ဌိဂတာနိပုဒ်၏ သဒ္ဒတ္ထအကျယ်ကား အဘယ်နည်း။ ဤသို့-ကြောင့် င-ဝါကျမိန့်။

ကာနိ ပန တာနိတိ-ကား ပုစ္ဆာဝါကျ။

သသမ္ဗယုတ္တာနိ -ပ- ဝုစ္စန္တိ-ကား ဝိသဇ္ဇနာဝါကျ။

တစ်နည်း။ ပုစ္ဆာဝါကျသည် ပက္ခ။ ဝိသဇ္ဇနာဝါကျသည် ပက္ခန္တရ။

တစ်နည်း။ ပုစ္ဆာဝါကျသည် သင်္ခေပ။ ဝိသဇ္ဇနာဝါကျသည် ဝိတ္ထာရ။

တာနိ ဟိ -ပ- ဝုစ္စန္တိ-ကား အသင့်ယုတ္တိအားဖြင့် ခိုင်မြဲစေတတ်သောကြောင့် ယုတ္တိဒဠှီကရဏဝါကျ။

ထို-၌ သသမ္ဗယုတ္တာနိ -ပ- မောဟာ ကုသလာနိ-ကား အသင့်ယုတ္တိအားဖြင့် ခိုင်မြဲစေအပ်သောကြောင့် ယုတ္တိဒဠှီယဝါကျမည်၏။

ဣတိ-ပ- ဂတာနိ-ကား အကျဉ်းချုံး၍ သွင်းရာသွင်းကြောင်းဖြစ်သောကြောင့် နိဂမနဝါကျ။

ထို-၌ ဒိဋ္ဌိယော ဧဝ-ပ- ဝုစ္စန္တိ-ကား အကျဉ်းချုံး၍ သွင်းအပ်သောကြောင့် နိဂမနိယဝါကျ။ ဝါ- စုဏ္ဏိယဝါကျ။

http://www.dhammadownload.com



## (၆) အဖြေ

ဒိဋ္ဌိယော စေ–ဖြင့် ဒိဋ္ဌိဂတာနိ–ကို ဒိဋ္ဌိယော စေ ဒိဋ္ဌိဂတာနိ–ဟု တဗ္ဗာဝဝုတ္တိ ကမ္မဓာရည်း သမာသ် ဝစနတ္ထပြုရမည်ကိုင်း၊[၁] ဂတ.သဒ္ဒါ၏အနက်မဲ့၏အဖြစ်ကိုင်း၊[၂] သိစေပါသည်။

၁။ အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ။ ၂။ နာမလိင်္ဂတ္ထ။

ခ–ဖြင့် ဘာဝတ္ထ ပြသည်။

ဂ–ဝါကျ။ ဒိဋ္ဌိသု ဂတာနိ–ဖြင့် ဒိဋ္ဌိဂတာနိပုဒ်ကို ဒိဋ္ဌိသု ဂတာနိ ဒိဋ္ဌိဂတာနိ–ဟု သတ္တမီတပ္ပုရိသ်သမာသ်ဝစနတ္ထပြုရမည်ဟု သိစေသည်။ (အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ)

မှတ်ချက်။ ဒုတိယဝိကပ်၌ ဂတာနိ–ဝယ် ဂမုဓာတ်သည် ပါပုဏနအနက်ကိုမဟော၊ ပဝတ္တနအနက်ကိုဟောသည်ဖြစ်၍ ကံ–ကိုမငဲ့၊ အာဓာရ–ကို.ငဲ့ရကား ဒိဋ္ဌိသု ဂတာနိ–ဟု သတ္တမီ တပ္ပုရိသ်သမာသ်ဖွင့်သည်။

အန္တောဂတတ္တာ–ဖြင့် ဂတ–သဒ္ဒါသည် ရောက်ခြင်း= ပါပုဏန၊ သိခြင်း– ဉာဏအနက်ကို မဟော။ အတွင်းဝင်ခြင်း အန္တောဂဓ–ဝါ– ဖြစ်ခြင်း =ပဝတ္တန–အနက်ကိုဟောသတည်းဟု သိစေပါသည်။ (နာမလိင်္ဂတ္ထ)

ဒွါသဋ္ဌိယာ–ဖြင့် ဒိဋ္ဌိဂတာနိ–၌ ဒိဋ္ဌိ–အရ ၆၂–ပါးသောဒိဋ္ဌိကို ယူရမည်ဟု သိစေပါသည်။ (အဘိဓေယျတ္ထ)

ဝါ–ဟူသောပါဌ်ဖြင့်– ဒိဋ္ဌိဂတာနိပုဒ်၏ ဝစနတ္ထတစ်မျိုးဟူသော နယန္တရကို သိစေသည်။ (ဘာဝတ္ထ)

အပိ–ဖြင့် ဒိဋ္ဌိယာ စေ ဂတာနိ–ဟူသော သတ္တမီတပ္ပုရိသ်သမာသ်ဝစနတ္ထကြောင့်လည်း ဒိဋ္ဌိဂတာနိမည်သတည်းဟု သမုစ္စည်းအဓိပ္ပါယ်ကို သိစေသည်။ (ဘာဝတ္ထ)

မှတ်ချက်။ ဂ–ဝါကျ၌ ပိ–သဒ္ဒါ၏အဓိပ္ပါယ်ကိုရေးသားပါ ဆိုလျှင်လည်း ဤနည်း အတိုင်းရေး။ ကေဝလံပုဒ်၊ နမြစ်ထုတ်၊ သမုစ္စယအဓိပ္ပါယ် ရောက်မြဲ–ဟူသော နိယံနှင့်အညီတည်း။

ဃ–ဝါကျ။ ဒိဋ္ဌိယာဂတံ စေတေသံ–ဖြင့် ဒိဋ္ဌိဂတာနိပုဒ်ကို ဒိဋ္ဌိယာ ဂတံ ဝိယ ဂတံ စေတေသန္တိ ဒိဋ္ဌိဂတာနိ–ဟု ဘိန္နာဓိကရဏ တဂ္ဂုဏသံဝိညာဏ ဆဋ္ဌီဗဟုဗ္ဗိဟိသမာသ် ဝစနတ္ထပြုရ မည်ကိုင်း၊[၁] သုဝဏ္ဏဝဏ္ဏောကဲ့သို့ ဂတပုဒ်ကျေသည်၏အဖြစ်ကိုင်း၊[၂] သိစေသည်။

၁။ အဘိဓာနတ္ထ၊ သမာသလိင်္ဂဖဒတ္ထ။ ၂။ ဘာဝတ္ထ။

င–ဝါကျ။ ဒိဋ္ဌိသဒိသဂမနာနိ–ဖြင့် ဒိဋ္ဌိယာ ဝါ–စသော ရှေ့ဝါကျ၌ ဥပမာ ဇောတက ဝိယ–သဒ္ဒါ ကျေသည်၏အဖြစ်ကိုင်း၊[၁] (နိဿယအလို) တစ်နည်း– ဒိဋ္ဌိယာဝ–ကို ဒိဋ္ဌိယာ ဣဝ–ဟုပုဒ်ဖြစ်၍ ဣဝသဒ္ဒါ သဒိသအနက်ကို ဟောသည်၏အဖြစ်ကိုင်း၊[၂] (ယောဇနာအလို) ဂတာနိ–၌ တပစ္စည်းသည် ကတ္တုသာဓန, ကမ္မသာဓနအနက်ကို မဟော၊ ဘာဝသာဓနအနက်ကိုဟောသည် ကိုင်း၊[၃] ဂတံ ဂမနံ–ဟု ဘာဝသာဓနဝစနတ္ထပြုရ မည်ကိုင်း[၄] သိစေသည်။

၁။ ဘာဝတ္ထ။ ၂။ နိပါတလိင်္ဂတ္ထ။ ၃။ ဒု–ပစ္စယတ္ထ။ ၄။ အဘိဓာနတ္ထ။

http://www.dhammadownload.com



ဒိဋ္ဌိသဒိသပဝတ္တာနိ-ဖြင့် ဒိဋ္ဌိသဒိသဂမနာနိ-၌ ဂမနသဒ္ဒါသည်-ဝါ-ဂမု-ဓာတ်သည် ပါပုဏန ဂတိ, ဉာဏဂတိအနက်ကိုမဟော၊ ပဝတ္တနဂတိ အနက်ကိုဟောသည်ကိုင်း၊[၁] ယုပစ္စည်း ကတ္တုသာဓနအနက်ကိုမဟော၊ ဘာဝ သာဓနအနက်ကိုဟောသည် ကိုင်း၊[၂] ဂမနံပုဒ်ကို ဂမီယတေ ဂမနံ-ဟု ဘာဝ သာဓနဝစနတ္ထပြုရမည်ကိုင်း[၃] သိစေသည်။

၁။ ဒု-ဓာတွတ္ထ။ ၂။ ဒု-ပစ္စယတ္ထ။ ၃။ အဘိဓာနတ္ထ။

မှတ်ချက်။ ဂမန-ဟူသော ကိတ်နာမ်ပုဒ်ကို ပဝတ္တဟူသော ကိတ်နာမ်ပုဒ်ဖြင့် ဖွင့်သဖြင့် နာမလိင်္ဂတ္ထ အာဘော် သံဝဏ္ဏနာလည်း ရနိုင်ပါသည်။

## တာနိ-ပုဒ်အစွဲ

ကာနိ ပန တာနိ ဒိဋ္ဌိသဒိသဂမနာနိ ဣတိ ပုစ္ဆာ။ (ဠ-ယော၊ ၁၂၇)

သသမ္ပယုတ္တာနိ -ပ- ကုသလာနိ-ဖြင့် ဒိဋ္ဌိဂတာနိ အရ၊ ဝါ-ဒိဋ္ဌိသဒိသ ဂမနာနိ-အရ သသမ္ပယုတ္တ-ပ-အကုသိုလ်တို့ကို ယူရမည်ဟုသိစေသည်။ (အဘိဓေယျတ္ထ)

မှတ်ချက်။ တာနိ ဟိ-ဝါကျ၌ ယာဝ ပဌမ မဂ္ဂဘာဝနာ တာဝ ပဝတ္တိ-သဗ္ဘာဝတော-ဟူသော ဟိတ်ကိုထောက်၍ သသမ္ပယုတ္တာနိ-ဟူသောဝါကျ၌ သက္ကာယဒိဋ္ဌိ -ဟူသောပုဒ် ပါသင့်ပါသည်။

✪ သံဝဏ္ဏေတဗ္ဗ၊ ဒွိပဒ၊ စ ဒွယနှင့်၊ ဖွင့်၍ပြ၊ ဒွန္ဒ, ကမ္မဓာရယ၊ ကေသေသကြံစရာ။

ဒိဋ္ဌိယော စ ဒိဋ္ဌိဂတာနိစ-ဖြင့် ဒိဋ္ဌိဂတာနိပုဒ်ကို ဒိဋ္ဌိယောစ ဒိဋ္ဌိဂတာနိစ ဒိဋ္ဌိဂတာနိ-ဟု ကေသေသ သရူပေကသေသ တဒ္ဓိတ်ဝစနတ္ထ ပြုရမည်ဟု သိစေသည်။ (အဘိဓာနတ္ထ)

မှတ်ချက်။ ဤဝိဂ္ဂဟကို ဂဏ္ဌိသစ် (၅၅၈)၌ သရူပေကသေသတဒ္ဓိတ်ဟု ဆိုသည်။ ဘာသာဋီကာ (၁၂၉)၌ ရှေးကဖွင့်ပြပြီးသည်ကို ပြန်၍ညွှန်းသော စကားသာ ဖြစ်သည်ဟု မှတ်ပါ၊ ကေသေသပြသည်ဟု မမှတ်လင့်-ဟု ဆိုသည်။

**အနက်ပေး။** ဒိဋ္ဌိဂတာနံ-မိစ္ဆာအယူ-ဟူသော ဒိဋ္ဌိ ၆၂-ပါးသောဒိဋ္ဌိ၌ အတွင်းဝင်သောတရား ဒိဋ္ဌိ၏ဖြစ်ခြင်းကဲ့သို့ဖြစ်ခြင်းရှိကုန်သော သမ္ပယုတ်နှင့်အကုသိုလ်တရားတို့ကို။ ပဟာနာယ-၌စပ်။

တေသံ ဒိဋ္ဌိဂတာနံ-ဖြင့် ဒိဋ္ဌိဂတာနိဟု ပဌမန္တအားဖြင့် မိမိဖွင့်ပြခဲ့သော်လည်း သံဝဏ္ဏေတဗ္ဗပါဠိတော်၌ ဆဋ္ဌန္တအားဖြင့်ရှိသတည်းဟုသိစေသည်။(ဘာဝတ္ထ)

ပဇဟနတ္ထာယ-ဖြင့် ပဟာနာယ-၌ ပဟာနသဒ္ဒါ၏ ပယ်ခြင်း=ပဇဟနအနက်ကို ဟောသည်၏အဖြစ်ကိုင်း၊[၁] ပဟာနာယ-၌ အာယသဒ္ဒါ၏ သဝိဘတ်၏ ကာရိယ၏အဖြစ်ကိုင်း၊[၂] ယင်းသဝိဘတ်၏ တဒတ္ထသမ္ပဒါန် အနက်နက်သက်သည် ကိုင်း[၃] သိစေသည်။

၁။ နာမလိင်္ဂတ္ထ။ ၂။ ဝိဘတ္တိပဒ။ ၃။ ဝိဘတျတ္ထ။

မှတ်ချက်။ အာယ-ကို တ္ထာယ -ဖြင့် ဖွင့်ပြရာ၌ ဤနည်းချည်းမှတ်။

http://www.dhammadownload.com



### အာယအပြု ၄-မျိုး

✝ တဒဏ္ဍေ တုမဏ္ဍေစ၊ နိဂတျတ္တာန ကမ္မနိ။

ဝိဘတ္တိ ဝိပလ္လာသေစ၊ ယာဒေသော စတုဓာ ဘဝေ။

✪ တဒတ် တုမတ်၊ နိဓာတ်၏ကံ၊ ဝိဘတ်ပြန်၊ သက်ရန် ဤလေးခု။

စတုဏ္ဍေက ဝစနံ၊ သ-ကို အာယ ပြု။

သမုစ္ဆေဒဝသေန-ဖြင့် ဒိဋ္ဌိဂတ တရားတို့ကိုပယ်၏ဟူသည် သမုစ္ဆေဒပဟာန်ဖြင့် ပယ်သတည်း၊ (အနွယာဘောဂ) တဒင်္ဂပဟာန် ဝိက္ခမ္ဘနပဟာန်ဖြင့် ပယ်သည်မဟုတ်။ (ဗျတိရေကာဘောဂ) ဟူသော အဓိပ္ပါယ်ကို သိစေသည်။ (ဘာဝတ္ထ)

တစ်နည်း။ သမုစ္ဆေဒဝသေန-ဖြင့် ပဟာနာယ-၌ ပဟာန်အရ သမုစ္ဆေဒ ပဟာန်ကို ယူရမည်။ (အနွယာဘောဂ) တဒင်္ဂပဟာန် ဝိက္ခမ္ဘနပဟာန်ကို မယူရ (ဗျတိရေကာဘောဂ) -ဟု သိစေသည်။ (အဘိဓေယျတ္ထ)

မှတ်ချက်။ ဝသသဒ္ဒါ ဘေဒအနက်ကိုယူ၍ အာဘော်ဖော်သည်။

✪ ဝသေနကား၊ စွမ်း, ပြား, စပ်,လို၊ အထူးကို၊ ဟောဆို ငါးအတ္ထာ။

အနက်ပေး။ ပဟာနာယ- သမုစ္ဆေဒပဟာန်၏အစွမ်းဖြင့် ပယ်ခြင်းငှါ။

---

### ၅။ အဖြေ

ဒိဋ္ဌိ။ ဒဿနံ ဒိဋ္ဌိ။ ဒိသ+တိ။

ဂူထ။ ကရီသုဿဂ္ဂေ၊ အ။

ဂုပ ဂေါပနေ ဝါ ထော၊ ဒီဃံ ပလောပေါ။

ပဋိက္ကူလတ္တာ ဂေါပီယတီတိ ဝါ ဂူထော။

ဂူထံ ဧဝ ဂတံ ဂူထဂတံ။ ဂူထသဒ္ဒါ ပုလ္လိင်၊ နပုလ္လိင်။

မုတ္တ။ မုစ မောစနေ တော။ မုတ္တ ပဿာဝေ ဝါ။ မိဟ သေစနေ ဝါ။

မိဟဿ ဣဿု။ မိဟတိ သိဉ္စတီတိ မုတ္တံ၊ မုတ္တံ ဧဝ ဂတံ မုတ္တဂတံ။

ဒွါသဋ္ဌိယာ။ ဣတ္ထိလိင်၊ ရတ္တာဒိဂိုဏ်း။

အင်္ဂေါဂဏ္ဍော။ နပုလ္လိင်။

အင်္ဂေါဂဏာ။ ဣတ္ထိလိင်

အင်္ဂေါ ဩဂါ ဓေတီတိ အင်္ဂေါဂဓံ ဂါမ ပတိအယံ အ။ (ကတ္တုသာဓန ကိတန္တ)

အင်္ဂေါ သဒ္ဒူပပဒ+အဝပုဗ္ဗ+ဂါဓာတ်+အပစ္စည်း။

ဥာနာနုရူပဝိဂ္ဂဟ = အင်္ဂေါ ဩဂါ ဓေတီတိ အင်္ဂေါဂဓာ။ အင်္ဂေါဂဓာနံ ဘာဝေါ အင်္ဂေါဂဏ္ဍော။ (တဒ္ဓိတ)

http://www.dhammadownload.com



ဒိဋ္ဌိယာ သဒိသံ ဒိဋ္ဌိသဒိသံ။

ဒိဋ္ဌိသဒိသံ ဂမနံ ဧတေသန္တိ ဒိဋ္ဌိသဒိသဂမနာနိ။

ဂမိယတေ ပဝတ္တိယတေ ဂမနံ။

---

## ၇။ အဖြေ

### ဒိဋ္ဌိယော ဓ၀-၌ ဂဟေတဗ္ဗာဒိ ထုတ်ပုံ

၁။ ၆၂-ပါးသောဒိဋ္ဌိသည် ဂဟေတဗ္ဗတ္ထ။

၂။ ဝိစိကိစ္ဆာစသော အကုသိုလ်များသည် နိဝတ္တေတဗ္ဗတ္ထ။

၃။ အမြင်မှားခြင်း အပါယဂမနီယဖြစ်ခြင်းစသော ဂုဏ်သည် အနုညာတတ္ထ။

ဝိယ = ဥပမာဇောတကနိပါတ်ပုဒ်

ကာနိ ပန တာနိ-၌ ပန-ကား ပုစ္ဆာဇောတက, ပက္ခန္တရဇောတက နိပါတ်ပုဒ်။

တာနိ ဟိ-၌ ဟိ-ကား ဒဠှီဇောတကနိပါတ်။

ယာဝ = ပရိစ္ဆေဒဇောတကနိပါတ်။

ဣတိ = နိဂမနဇောတကနိပါတ်။

### သမုစ္ဆေဒဝသေနေ၀-၌ ဂဟေတဗ္ဗာဒိ

၁။ သမုစ္ဆေဒပဟာန်သည် ဂဟေတဗ္ဗတ္ထ။

၂။ တဒင်္ဂပဟာန်, ဝိက္ခမ္ဘနပဟာန်သည် နိဝတ္တေတဗ္ဗတ္ထ။

၃။ သမုစ္ဆေဒပဟာန်၏ သမ္ပယုတ်နှင့်တကွ အပါယဂမနီယ အကုသိုလ်ကို အကြွင်းမဲ့ ပယ်သတ်နိုင်ခြင်း ဂုဏ်သည် အနုညာတတ္ထ။

---

## ၈။ အဖြေ

ဃ-ဝါကျ၌ တော်-အရနှင် ဒိဋ္ဌိဂတာနိ-အရ- အံရတူသည်။ သသမ္ပယုတ္တာနိ-ဝါကျ အတိုင်းကောက်။ အကုသိုလ်အတိုင်း ကြိယာငါးတန် ထုတ်လေ။

ဒိဋ္ဌိယာ ဂတံ-၌ ဒိဋ္ဌိနှင့် ဂတ- အရ မပြားပါ။ ဒိဋ္ဌိပင်-ရသည်။

ပဟာနာယ = ပ ပုဗ္ဗ+ဟာဓာတ်+ယုပစ္စည်း၊ ပဟီယတေ ပဟာနံ။

ပ-အရ - ဓာတွတ္ထာနုဝတ္တကဘောဂုဏ်ရ၏။

ဟာဓာတ်အရ- သောတာပတ္တိမဂ်၏ ဒိဋ္ဌိဂတတရားတို့ကို သမုစ္ဆေဒပဟာန်အား ဖြင့် ပယ်ခြင်းရ၏။

ယု ပစ္စည်း၏အရလည်း ၎င်းပင်ရ၏။

ပဟာနာယ-၌ ဓာတ်အရ တရားကား- သောတာပတ္တိမဂ်ပင်ရသည်။

http://www.dhammadownload.com



၁။ သောတာပတ္တိမဂ်ကား ဒဿနဋ္ဌ။

၂။ ပရိကံ,ဥပစာ,အနုလုံ,ဂေါတြဘူဟူသော ဥပစာရသမာဓိဇောသည် ဒီပကဋ္ဌ။

၃။ သောတာပတ္တိဖိုလ်သည် ပကာသနဋ္ဌ။

၄။ ပါရမီဉာဏ်, ဝိပဿနာဉာဏ်သည် ဝိဘာဝဋ္ဌ။

၅။ ပစ္စဝေက္ခဏာဉာဏ် စသည်သည် အနုဘာဝဋ္ဌ။

---

၁၀။ အဖြေ

ဒိဋ္ဌိ ဂတံ–အရ ဒိဋ္ဌိ ရ၏။

ဇေတသံ–အရကား – သသမ္ပယုတ္တာနိ –ပ– မဟာကုသလာနိ ရ၏။

ဒိဋ္ဌိယာ ဂတံ ဇေတသံ–၌လည်း ပကတူပနိဿယသာ ပြိုင်နိုင်သည်။

မေး။ က–ဝါကျ၌ ဒိဋ္ဌိဂတာနိအရ–တရားက သမ္ပယုတ္တဓမ္မအား အဘယ်မျိုး အဘယ်ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုပါသနည်း။ ပြိုင်နိုင်သောပစ္စယသတ္တိတို့ကိုလည်း ဖော်ပြပါ။

ဖြေ။ သဟဇာတမျိုး သဟဇာတသတ္တိတို့ဖြင့် ကျေးဇူးပြုပါသည်။ ပြိုင်နိုင်သော ပစ္စည်းများကား–သဟကြီး–၄၊ အညမည၊ သမ္ပယုတ္တ၊ မဂ္ဂ– ဤ ၇–ပစ္စယသတ္တိရ၏။

---

(က) ဘူမိယာ–ပ–ဘူမိတိ ဝုစ္စတိ။ (ခ) သုခဘူမိယံ –ပ–စိတ္တုပ္ပါဒေါ။ (ဂ) ဣစ ပန–ပ–အဓိပ္ပေတံ။ (ဃ) တဒ္ဓိ–ပ–ဘူမိ။ (င) ယသ္မာ ဝါ–ပ–ဘူမိတိ ဝုစ္စတိ။ (စ) တဿာ ပဌမာဘူမိယာ။ ဋ၊ ၂၅၉။

၁။ အနက်ပေး။

၂။ ဂ–ဝါကျကို ပါပနာရောပနာဒိဋ္ဌပနာ ပဥ္စကကျမ်းတက်ပြီးလျှင် စ–ဝါကျကို ဋ္ဌပနာပြဒေါသလက္ခဏာ–စသောနိယံနှင့်အညီ ကျမ်းတက်ခဲ့ပါ။

၃။ ဒေါသပယ်၊ ဝါသဒ္ဒါလဲ။

၄။ အနန္တရဟိတာယပုဒ်ကို အစိပ်အပေါင်း ဝစနတ္ထပြ၍ အပေါင်း ဝစနတ္ထကိုသာ ဗျုပ္ပတ္တိစတုက္ကထုတ်ခဲ့ပါ။

၅။ ပဒ–စသည်။

၆။ အာဘော်။

၇။ ဂ–ဝါကျ၌ အဓိပ္ပေတံ–သဒ္ဒါထားရခြင်းအကြောင်းကို ဖော်ပြပါ။

၈။ ပဌမာယ ဘူမိယာ–၌ ဣစာဓိပ္ပေတဋ္ဌ ဘူမိအရကိုယူ၍ ကြိယာငါးတန် ထုတ်ခဲ့ပါ။

၉။ င–ဝါကျ၌ ဥပမာနတရားကိုယူ၍ လက္ခဏာဒိစတုက္ကထုတ်ခဲ့ပါ။

http://www.dhammadownload.com



၁၀။ ငဝါကျ၌ ပဓာနကြိယာတရား၏ အဓိဋ္ဌာန်ကိုယူ၍ ပစ္စည်းပစ္စယုပ္ပန် ဆက်သွယ်ပုံကို ဖော်ပြပြီးလျှင် ပစ္စယသတ္တိများကိုလည်း ရေးသားခဲ့ပါ။

✪ ဣစနောက်မှ၊ နောက် ပန၊ ဝိသေသကိုစွဲ။

ဣစနောက်မှ၊ နောက် ပန၊ ဝါကျာရမ္ဘစွဲ။

ဣစ -ပ- အဓိပ္ပေတ-တိုင်အောင်သော ဂ-ဝါကျကား ပဋ္ဌမာယ ဘူမိယာ-၌ ဘူမိ အရ ဤ၌အလိုရှိအပ်သော အနက်ထူးကိုပြသောကြောင့် ဝိသေသဝါကျ။

ထို-၍ က-ခ-ဝါကျတို့ကား ပဋ္ဌမာယ ဘူမိယာ-၌ ဘူမိသဒ္ဒါ၏ အနက်သာမညကို ပြသောကြောင့် သာမညဝါကျမည်၏။

ခ-ဝါကျကား ဘူမိသဒ္ဒါ၏ မဟာပထဝီအနက်ဟူသော အဖို့မှတစ်ပါး ဘူမိသဒ္ဒါ၏ စိတ္တုပ္ပါဒ် အနက်ကိုပြသောကြောင့် ပက္ခန္တရဝါကျ။

ထို-၍ က-ဝါကျကား ဘူမိသဒ္ဒါ၏ မဟာပထဝီအနက်ဟူသော အဖို့ကိုပြခဲ့သောကြောင့် ပက္ခဝါကျမည်၏။

## ခ-ဝါကျ အနုသန္ဓေတက်ပုံ

ဤသို့ ဘူမိယာ-စသော က-ဝါကျဖြင့် အန္တရဟိတာယ ဘူမိယာ-စသည်တို့၌ ဤမြေကြီးကို ဘူမိဟူ၍ ဆိုအပ်၏ဟု ပြတော်မူပြီး၍ ယခုအခါ၌ ဘူမိသဒ္ဒါ၏ အနက်တစ်မျိုးကိုပြခြင်းငှါ ခ-ဝါကျကိုမိန့်။

ပုစ္ဆာကျမ်းတက်ရာ၌- ပုစ္ဆာနုသန္ဓေသည် ဋ္ဌပနာဖြစ်၏။

ဘူမိသဒ္ဒါသည် မြေကြီးဟူသောအနက်ကို ဟောပါသလော။ ဘူမိသဒ္ဒါသည် အဘယ် အနက်ကို ဟောပါသေးသနည်း။ ဤသို့-ကြောင့် ခ-ဝါကျမိန့်။

## ဂ-ဝါကျ အနုသန္ဓေတက်ပုံ

ဤသို့ က-ခ-ဝါကျတို့ဖြင့် မဟာပထဝီမြေကြီးကို ဘူမိ-ဟု ဆိုအပ်၏၊ စိတ္တုပ္ပါဒ်ကို ဘူမိ-ဟု ဆိုအပ်၏ဟု ဘူမိသဒ္ဒါ၏အနက်သာမညကို ပြတော်မူပြီး၍ ယခု အခါ၌ ဤ၌အလိုရှိ အပ်သောဘူမိသဒ္ဒါ၏ အနက်ဝိသေသကို ပြခြင်းငှါ ဂ-ဝါကျကိုမိန့်။ (ဤကား သာမည- ဝိသေသအတက်တည်း)။

မှတ်ချက်။ အတ္ထုဒ္ဓါရ, အတ္ထုဒ္ဒေသ-တက်ရာ၌ ဘူမိသဒ္ဒါ၏ အတ္ထုဒ္ဓါရကို ပြဆိုပြီး၍ ယခုအခါ၌ ဤ၌ အလိုရှိအပ်သော ဘူမိသဒ္ဒါ၏ အတ္ထုဒ္ဒေသ-ကို ပြခြင်းငှါ ဂ-ဝါကျကို မိန့်- ဟူ၍ တက်ပါလေ။

က-ခ-ဝါကျကား အတ္ထုဒ္ဓါရဝါကျ။ ဂ-ဝါကျကား အတ္ထုဒ္ဒေသ, အဓိပ္ပေတတ္ထဝါကျ။

✪ အတ္ထုဒ္ဒေသ၊ ရှိလတ်က။ အဓိပ္ပေတတ္ထ ကောက်မြဲ။

http://www.dhammadownload.com



## အတ္ထုဒ္ဒါရ, အတ္ထုဒ္ဒေသ-ဝါကျကို ကိဋ္ဌာပိရေးပုံ

ကိဋ္ဌာပိ အယံ ဘူမီတိ ဝုစ္စတိ၊ စိတ္တုပ္ပါဒေါပိ။ ဣဓ ပန သာမညဖလံ အဓိပ္ပေတံ။ တဒညတ္ထဿ အသမ္ဘဝတော။

## ကိဋ္ဌာပိ စတုက္ကထုတ်ပုံ

နနု အယံ မဟာပထဝီ ဘူမီတိ ဝုစ္စတိ၊ စိတ္တုပ္ပါဒေါပိ။ (စောဒကာဘောဂ)

အထ ကသ္မာ ဣဓ သာမညဖလံ အဓိပ္ပေတံ။ (စောဒနာ)

တဒညတ္ထဿ အသမ္ဘဝတော။ (ပရိဟာရာဘောဂ)

**တစ်နည်း**=နနု တဒညတ္ထော န သမ္ဘဝတိ။ (ပရိဟာရာဘောဂ)

တသ္မာ ဣဓ သာမညဖလံ အဓိပ္ပေတံ။ (ပရိဟာရ)

## ဂ-ဝါကျကို ကိဋ္ဌာပိတက်နည်းနှင့်အညီ တက်ပုံ

ဆရာ၊ သည်၊ ဂ-ဝါကျဖြင့် ဤဘူမိယာ-ဟူသောပါဠိ၌ သာမညဖိုလ်ကို ဘူမိ-ဟူ၍ အလိုရှိအပ်သောဟု ဆိုတော်မူ၏။ (ပရိဟာရကို ဌပနာထားသည်) ဤမြေကြီးကို ဘူမိ-ဟုရင်း၊ စိတ္တုပ္ပါဒ်ကို ဘူမိ-ဟုရင်း ဆိုအပ်သည် မဟုတ်လော။ ယင်းသို့ ဆိုအပ်ပါလျက် အဘယ့်ကြောင့် ဤဘူမိယာ ဟူသောပါဠိ၌ သာမညဖိုလ်ကို ဘူမိ-ဟု အလိုရှိအပ်ပါသနည်း။ ဤသို့-ကြောင့် ဣဓ ပန- စသော ဂ-ဝါကျကို မိန့်။

အဓိပ္ပါယ်ကား- ဣဓ ပန-စသော ဂ-ဝါကျဖြင့် သာမညဖိုလ်ဟူသော အနက်မှ တစ်ပါးသောအနက်၏ မဖြစ်သင့်သောကြောင့် ဤ၌သာမညဖိုလ်ကို ဘူမိဟူ၍အလိုရှိအပ်၏ဟု ငါပြဆို၏ ဟူလိုသော်။

**မှတ်ချက်**။ ဤတက်နည်းကား- ကိဋ္ဌာပိ ကာမဉ္စ-စသည် စောဒကာ ဘောဂါဒိဝါကျမျိုး၌ တက်ရသောနည်းတည်း။

## ဂ-ဝါကျသို့ ဝါကျာရမ္ဘ ကျမ်းတက်ပုံ

ဆရာ၊ သည် က-ခ-ဝါကျတို့ဖြင့် ဤမြေကြီးကို ဘူမိ-ဟုရင်း၊ စိတ္တုပ္ပါဒ်ကို ဘူမိ-ဟု ဆိုအပ်သောဟု ဆိုတော်မူ၏။ ဤဘူမိယာ ဟူသောပါဠိ၌ မြေကြီးကိုရင်း၊ စိတ္တုပ္ပါဒ်ကိုရင်း ဘူမိ-ဟု အလိုရှိအပ်ပါသလော။ အဘယ်ကို ဤ၌ ဘူမိ-ဟု အလိုရှိအပ်ပါသနည်း။ ဤသို့-ကြောင့် ဂ-ဝါကျကိုမိန့်။

## ဂ-ဝါကျ ပါပနာရောပနာဒိ ဌပနာပဥ္စက တက်ပုံ

ဆရာ၊ သည် က-ခ-ဝါကျတို့ဖြင့် မြေကြီးကိုရင်း၊ စိတ္တုပ္ပါဒ်ကိုရင်း ဘူမိ-ဟု ဆိုအပ်၏ဟု ဘူမိသဒ္ဒါ၏ အတ္ထုဒ္ဒါရကို ဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ဘူမိသဒ္ဒါ၏ အတ္ထုဒ္ဒေသ မရှိဟူသော အနက်သည် ရောက်ရာ၏။ စင်စစ်တမူကား ဘူမိသဒ္ဒါ၏ အတ္ထုဒ္ဒေသမရှိသည်မဟုတ် ရှိသည်သာ

http://www.dhammadownload.com



ဖြစ်၏။ ယင်းသို့ ရှိသည်သာဖြစ်သောကြောင့် ဘူမိသဒ္ဒါ၏ အတ္ထုဒ္ဒေသကိုလည်း ဆိုသင့် ဆိုတန်၏။ ဘူမိသဒ္ဒါ၏ အတ္ထုဒ္ဒေသကိုလည်း မဆိုဘဲမနေသင့်မနေတန်။ ဘူမိသဒ္ဒါ၏ အတ္ထုဒ္ဒေသကား အဘယ်နည်း။ ဤသို့ ပါပနံ ရောပနာဒိ ဌပနာပဋ္ဌကဖြင့် သူစောဒနာဖွယ်ရှိသောကြောင့် ထိုစောဒနာကို သောဓနာတော်မူလိုသော အဋ္ဌကထာဆရာသည် ဂ-ဝါကျကို မိန့်။

တဋ္ဌိ -ပ- ဘူမိယာ-တိုင်အောင်သော ဃ-ဝါကျကား- အသင့်ယုတ္တိအားဖြင့် ခိုင်မြဲစေတတ်သောကြောင့် ယုတ္တိဒဠှီကရဏဝါကျ။

ထို-၍ ဂ-ဝါကျကား အသင့်ယုတ္တိအားဖြင့် ခိုင်မြဲစေအပ်သောကြောင့် ယုတ္တိဒဠှီယဝါကျ။

✪ ဟိတ်ဖိုလ်နှစ်ဆူ၊ သဏ္ဍာန်တူ၊ မှတ်ယူ တောနင့် တာ။

ဟိတ်ဖိုလ်နှစ်ပါး၊ သဏ္ဍာန်ပြား၊ ထားကြ ယသ္မာ တသ္မာ။

တံ သမ္ပယုတ္တာနံ နိဿယတော ဘဝတိ၊ တသ္မာ ဘူမိ။

နိဿယတော ဘဝတိ-၌ ဘဝတိ ကြိယာ-အရ - တံ-အရ -သာမညဖိုလ်ပင် ရသည်။ ယင်းနိဿယတော ဘဝတိ-သည်ပင် နိဿယဘာဝတော-ဟု ဟိတ်ဖြစ်လာ သောအခါ တံ-အရ သာမညဖိုလ်ပင်ရသည်။

နိဿယဘာဝတော-ဟူသော ဟိတ်၏ ဟိတ်ဖိုလ်ကား ဘူမိတည်း။ ယင်းဘူမိ-အရကား= တံ-အရ သာမညဖိုလ်ပင်တည်း။

ယင်းသို့လျှင် နိဿယဘာဝတော-ဟူသောဟိတ်နှင့် ဘူမိ-ဟူသော ဟိတ်ဖိုလ်တို့ အရတူနေသည်ကိုပင် "ဟိတ်ဖိုလ်နှစ်ဆူ၊ သဏ္ဍာန်တူ၊ မှတ်ယူ တောနင့်တာ"-ဟု နိယံက ဆိုသည်။

### ဃ-ဝါကျ ကျမ်းတက်ပုံ

ဆရာ၊ သည် ဂ-ဝါကျဖြင့် ဤ၌ သာမညဖိုလ်ကို ဘူမိ-ဟု အလိုရှိအပ်သောဟု ဆိုတော်မူ၏။ အဘယ့်ကြောင့်သာမညဖိုလ်ကို ဘူမိဟုဆိုအပ်ပါသနည်း။ သာမညဖိုလ်ကို ဘူမိဟု ဆိုရခြင်း၏အကြောင်းကို မပြပြီလော။ ဤသို့ -ကြောင့် ဃ-ဝါကျမိန့်။

မှတ်ချက်။ ဘဝန္တိ ဧတ္ထာတိ-၌ ဣတိ-ဟူသော ဝစနယောတုဓောတကကို ကြည့်၍ ကသ္မာ လှန်၍ တက်သည်။

ယသ္မာ -ပ- ဘူမီတိ ဝုစ္စတိ-တိုင်အောင်သော င-ဝါကျကား ဘူမိ သဒ္ဒါ၏ အဓိကရဏ သာဓနဝစနတ္ထအဖို့မှတစ်ပါး ကတ္တုသာဓနဝစနတ္ထကို ပြသောကြောင့် ပက္ခန္တရဝါကျ။

ထို-၍ တဋ္ဌိ-ပ- ဘူမိ-တိုင်အောင်သော -ဃ-ဝါကျကား ဘူမိသဒ္ဒါ၏ အဓိကရဏ သာဓနဝစနတ္ထဟူသော အဖို့ကိုပြခဲ့သောကြောင့် ပက္ခဝါကျ။

### င-ဝါကျ အနုသန္ဓေတက်ပုံ

ဤသို့ တဋ္ဌိ-စသော ဃ-ဝါကျဖြင့် ဘူမိပုဒ်ကို ဘဝန္တိ ဧတ္ထာတိ ဘူမိ-ဟု အဓိကရဏ

http://www.dhammadownload.com



သာဓနဝစနတ္ထပြုရမည်ဟု ပြတော်မူပြီး၍ ယခုအခါ၌ ဘူမိသဒ္ဒါ၏ ဝစနတ္ထ တစ်မျိုးကိုပြခြင်းငှါ ယသ္မာ ဝါ-စသော င-ဝါကျကိုမိန့်။

တဿာ ပဌမာယ ဘူမိယာ-ဟူသော စ-ဝါကျကား စောဒနာအွယ်ရှိ၍ ဆက်လက်ပြသော ကြောင့် ဝါကျာရမ္ဘဝါကျ။

ထို-၍ တခို-ပ- ဘူမိတိ ဝုစ္စတိ-တိုင်အောင်သော ဃ-င-ဝါကျတို့ကား အာရဒ္ဓဝါကျ။

## ၃။ အဖြေ

ခ-ဝါကျဖြင့် အဗျာပိတ အပရိပုဏ္ဏဒေါသ ပယ်ပါသည်။

✪ အမိပွေတတ္ထ၊ ဟူတုံက၊ အတိဗျာပိတ ဒေါသပယ်သတည်း။

、မထင်အနက်၊ ခက်ခဲစွာဘိ၊ ဖွင့်ကာချည့်၊ ပရိယာသာ။

ထင်ရန် တစ်ပါး။ အနက်များထ၊ ဖွင့်တုံက၊ အမိပွေတသာ။

ဂ-ဝါကျဖြင့် အတိဗျာပိတ ဒေါသပယ်ပါသည်။

ဃ-ဝါကျဖြင့် ဒဠှိယ, ဒဠှီကရဏ ဆန့်ကျင်သော ဝိရောဓိဒေါသ ပယ်ပါသည်။

င-ဝါကျဖြင့် အဗျာပိတ အပရိပုဏ္ဏဒေါသ ပယ်ပါသည်။

စ-ဝါကျဖြင့် ဝိရောဓိဒေါသ ပယ်ပါသည်။

### ဝိရောဓိ ဖြစ်ပုံ

အဋ္ဌကထာ ဆရာက ဘဝန္တိ ဧတ္ထာတိ ဘူမိ-ဟုငင်း၊ ဘဝတိ တသ္မာပိ ဘူမိ-ဟုငင်း ပဌမန္တအားဖြင့် ဖွင့်ဆိုရာ ဆရာဖွင့်ဆိုသော သံဝဏ္ဏနာသည် ပဌမာယ ဘူမိယာ-ဟု ဟောသော မြတ်စွာဘုရားပါဠိတော်နှင့် ဝိဘတ္တျန္တချင်း ဆန့်ကျင်လျှက်ရှိသည်။ သို့ ဆန့်ကျင်နေသဖြင့် ဝိရောဓိ ဒေါသသင့်သည်။ တဿာ ပဌမာယ ဘူမိယာ-ဟု ဝိဘတ္တျန္တ ဝါကျ ဆက်လက်ရေးသားလိုက်သဖြင့် အဆိုပါ ဝိရောဓိဒေါသ ကင်းစင်းလွင့်ပျောက်သွား တော့သည်။ သို့ဖြစ်၍ ယင်း ဝိဘတ္တျန္တဝါကျဖြင့် စောဒက၏ ဝိရောဓိဒေါသကို ပယ်သည်။

### င-ဝါကျ ဝါ-သဒ္ဒါထားပုံ

ဘူမိသဒ္ဒါ၏ အဓိကရဏသာဓနဝစနတ္ထ၊ မိ-ပစ္စည်း၏ အဓိကရဏသာဓနအနက်မှ တစ်ပါး၊ ဘူမိသဒ္ဒါ၏ ကတ္တုသာဓနဝစနတ္ထ, မိ-ပစ္စည်း၏ ကတ္တုသာဓနအနက် တစ်မျိုးကို လဲလှယ်ပြလိုသောကြောင့် ဝါ-သဒ္ဒါ ထားရပါသည်။

### သမုစ္စည်းဝါကျ ရေးနည်း

န ကေဝလံ ဘဝန္တိ ဧတ္ထာတိ ဘူမိ။ အထခေါ ဘဝတိ တသ္မာပိ။

✪ ကေဝလံပုဒ်၊ နမြစ်ထုတ်၊ သမုစ္စယ အမိပ္ပါယ်ရောက်ပြီ။

http://www.dhammadownload.com



## ဝိ-သဒ္ဒါ ထားပုံ

ဘဝန္တိ ဧတ္တ-ဟူသော အဓိကရဏသာဓ် ဝစနတ္ထအကြောင်းသာလျှင် ဘူမိမည်သည် မဟုတ်၊ ဘဝတိ ဧတသ္မာပိ-ဟူသော ကတ္တုသာဓ်ဝစနတ္ထကြောင့်လည်း ဘူမိမည်သေး၏ဟု ပြလို၍ ပိ-သဒ္ဒါ ထားရပါသည်။

ပုံစံ = အာယသ္မာပိ ခနိယောတိ န ကေဝလံ တေ ထေရောဝ။

ဣမဿ သိက္ခာပဒဿ အာဒိကမ္မိကော အာယသ္မာ ခနိယောပိ။ (ဝိ၊ဋ္ဌ၊၁၊ ၂၄၈)

---

### ၆။ အဖြေ

က-ဝါကျ၌ မဟာပထဝီ-ဖြင့် ဘူမိသဒ္ဒါသည် မြေကြီးအနက်ကိုဟောသတည်းဟု သိစေသည်။ (နာမလိင်္ဂတ္ထ)

အနန္တရဟိတာယ ဘူမိယာ-ဖြင့် ဘူမိသဒ္ဒါသည် မြေကြီးအနက်ဟောရာ၌ အကိုးသာဓကကို သိစေပါသည်။ (ဘာဝတ္ထ)

**အနက်ပေး။** ဘူမိယာ- မြေ၌။

ခ-ဝါကျ၌ စိတ္တုပ္ပါဒေ-ဖြင့် ဘူမိ သဒ္ဒါသည် စိတ္တုပ္ပါဒ်ဟူသော အနက်ကို ဟောသတည်းဟု သိစေသည်။ (နာမလိင်္ဂတ္ထ)

**အနက်ပေး။** သုခဘူမိယံ- သုခဝေဒနာ၏ဖြစ်ရာ စိတ္တုပ္ပါဒ်၌။ (ဏီ၊ဋ္ဌ၊၃၈၁၊ပိုဒ်-၉၈၈-ကြည့်)။

ဂ-ဝါကျဖြင့်- ဘူမိသဒ္ဒါသည် မဟာပထဝီ, စိတ္တုပ္ပါဒ်အနက်များကိုဟောသော်လည်း ဤ၌ သာမညဖိုလ်ဟူသောအနက်သာ ဖြစ်သင့်သောကြောင့် သာမည ဖိုလ်ဟူသောအနက်ကိုသာ အလိုရှိအပ်၏ဟု သိစေပါသည်။ ဤ၌ အလိုရှိအပ်သောအနက်ကို ဖွင့်ပြသောကြောင့် အဓိပ္ပေတတ္ထ သံဝဏ္ဏနာ။

✪ ထင်ရန်တစ်ပါး၊ အနက်များထ၊ ဖွင့်တုံက၊ အဓိပ္ပေတသာ။

**တစ်နည်း။** ဘူမိသဒ္ဒါသည် သာမညဖိုလ်ဟူသောအနက်ကိုသာ ဟောသတည်း ဟု သိစေပါသည်။ (နာမလိင်္ဂတ္ထ)

**အနက်ပေး။** ဘူမိယာ- သာမညဖိုလ်သို့။ (ပတ္တိယာ-၌စပ်)

ဃ-ဝါကျ။ ဘဝန္တိ ဧတ္ထာတိ-ဖြင့် ဘူမိပုဒ်ကို ဘဝန္တိ ဧတ္ထာတိ ဘူမိ-ဟု အဓိကရဏသာဓန ဝစနတ္ထပြုရမည်ကိုငှ၊[1] မိ-ပစ္စည်း အဓိကရဏသာဓန၌ သက်သည်ကိုငှ၊[2] သိစေပါသည်။

၁။ အဘိဓာနတ္ထ။ ၂။ ဒု-ပစ္စယတ္ထ။

တေ ဓမ္မာ-ဖြင့် သာမညဖိုလ်၌ဖြစ်ကုန်သော တရားတို့ကား-ဖဿ စသော တရားတို့ တည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

**အနက်ပေး။** ဘူမိယာ- ဖဿ စသော သမ္ပယုတ်တရားတို့၏ ဖြစ်ကုန်ရာ သာမညဖိုလ်သို့။ (ပတ္တိယာ-၌စပ်)

http://www.dhammadownload.com



## ပိ-သဒ္ဒါ ထားပုံ

ဘဝန္တိ ဧတ္ထ-ဟူသော အဓိကရဏသာဓ် ဝစနတ္ထအကြောင်းသာလျှင် ဘူမိမည်သည် မဟုတ်၊ ဘဝတိ ဧတသ္မာပိ-ဟူသော ကတ္တုသာဓ်ဝစနတ္ထကြောင့်လည်း ဘူမိမည်သေး၏ဟု ပြလို၍ ပိ-သဒ္ဒါ ထားရပါသည်။

ပုံစံ = အာယသ္မာပိ ခနိယောတိ န ကေဝလံ ဧတ ထေရောဝ။

ဣမဿ သိက္ခာပဒဿ အာဒိကမ္မိကော အာယသ္မာ ခနိယောပိ။ (ဝိ၊ဋ္ဌ၁၊ ၂၄၈)

---

### ၆။ အဖြေ

က-ဝါကျ၌ မဟာပထဝီ-ဖြင့် ဘူမိသဒ္ဒါသည် မြေကြီးအနက်ကိုဟောသတည်းဟု သိစေသည်။ (နာမလိင်္ဂတ္ထ)

အနန္တရဟိတာယ ဘူမိယာ-ဖြင့် ဘူမိသဒ္ဒါသည် မြေကြီးအနက်ဟောရာ၌ အကိုးသာကေကို သိစေပါသည်။ (ဘာဝတ္ထ)

**အနက်ပေး။** ဘူမိယာ- မြေ၌။

ခ-ဝါကျ၌ စိတ္တုပ္ပါဒေါ-ဖြင့် ဘူမိ သဒ္ဒါသည် စိတ္တုပ္ပါဒ်ဟူသော အနက်ကို ဟောသတည်းဟု သိစေသည်။ (နာမလိင်္ဂတ္ထ)

**အနက်ပေး။** သုခဘူမိယံ- သုခဝေဒနာ၏ဖြစ်ရာ စိတ္တုပ္ပါဒ်၌။ (ဋီ၊ဋ္ဌ၊၃၈၁၊ပိုဒ်-၉၈၈-ကြည့်)။

ဂ-ဝါကျဖြင့်- ဘူမိသဒ္ဒါသည် မဟာပထဝီ, စိတ္တုပ္ပါဒ်အနက်များကိုဟောသော်လည်း ဤ၌ သာမညဖိုလ်ဟူသောအနက်သာ ဖြစ်သင့်သောကြောင့် သာမည ဖိုလ်ဟူသောအနက်ကိုသာ အလိုရှိအပ်၏ဟု သိစေပါသည်။ ဤ၌ အလိုရှိအပ်သောအနက်ကို ဖွင့်ပြသောကြောင့် အဓိပ္ပေတတ္ထ သံဝဏ္ဏနာ။

✪ ထင်ရန်တစ်ပါး၊ အနက်များထ၊ ဖွင့်တုံက၊ အဓိပ္ပေတသာ။

**တစ်နည်း။** ဘူမိသဒ္ဒါသည် သာမညဖိုလ်ဟူသောအနက်ကိုသာ ဟောသတည်း ဟု သိစေပါသည်။ (နာမလိင်္ဂတ္ထ)

**အနက်ပေး။** ဘူမိယာ- သာမညဖိုလ်သို့။ (ပဋ္ဌိယာ-၌စပ်)

ဃ-ဝါကျ။ ဘဝန္တိ ဧတ္ထာတိ-ဖြင့် ဘူမိပုဒ်ကို ဘဝန္တိ ဧတ္ထာတိ ဘူမိ-ဟု အဓိကရဏသာဓန ဝစနတ္ထပြုရမည်ကိုင်း၊[1] မိ-ပစ္စည်း အဓိကရဏသာဓနနှ၌ သက်သည်ကိုင်း[2] သိစေပါသည်။

၁။ အဘိဓာနတ္ထ။ ၂၊ ၃-ပစ္စယတ္ထ။

တေ ဓမ္မာ-ဖြင့် သာမညဖိုလ်၌ဖြစ်ကုန်သော တရားတို့ကား-ဖဿ စသော တရားတို့တည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

**အနက်ပေး။** ဘူမိယာ- ဖဿ စသော သမ္ပယုတ်တရားတို့၏ ဖြစ်ကုန်ရာ သာမညဖိုလ်သို့။ (ပဋ္ဌိယာ-၌စပ်)

http://www.dhammadownload.com



တံ သမ္ပယုတ္တာနံ နိဿယ ဘာဝတော-ဖြင့် ထိုသာမညဖိုလ်သည် ဖဿ-စသော သမ္ပယုတ်တရားတို့၏ မှီရာဖြစ်သတည်းဟု သာမညဖိုလ်၏ ဣြယာပတိဋ္ဌာပနသတ္တိကို သိစေပါသည်။ (ဘာဝတ္ထ)

**မှတ်ချက်။** ယင်း ဟိတ်ပါဠ်ဖြင့် ဘူမိသဒ္ဒါ အဓိကရဏသာဓ် ဖြစ်ကြောင်း ပြသည်။

င-ဝါကျ။ ဘဝတိ-ဖြင့် ဘူမိပုဒ်ကို ဘဝတီတိ ဘူမိ-ဟု ကတ္တုသာဓနေ ဝစနတ္ထ ပြုရမည်ကိုင်း၊[၁] မိ-ပစ္စည်း ကတ္တုသာဓနေ၌သက်သည်ကိုင်း၊[၂] သိစေသည်။

၁။ အဘိဓာနတ္ထ။ ၂။ ဒု-ပစ္စယတ္ထ။

ဥပ္ပဇ္ဇတိ-ဖြင့် ဘဝတိ၌ ဘူဓာတ်သည် အနုဘဝတိ၌ ဘူဓာတ်ကဲ့သို့ အနုဘဝန =ခံစားခြင်းအနက်ကိုမဟော၊ ဥပ္ပဇ္ဇန = ဖြစ်ပေါ်ခြင်းအနက်ကို ဟောသတည်းဟု သိစေပါသည်။ (ဓာတွတ္ထ)

လောကုတ္တရဘာဝေတိ လောကံ ဥတ္တိဏ္ဏဘာဝေ။ တေန ဖလ နိဗ္ဗာနာနိ သင်္ဂဏှာတိ။ တေသု ယံ ဘဝတိ ဖလံ တံ ဘူမီတိ ဝုစ္စတိ။ (မူလဋီကာ)

## ဋီကာ အာဘော်ဖော်ပုံ

သမာနေပိ လောကုတ္တရဘာဝေ-ဖြင့် အရိယာဖိုလ်နှင့် နိဗ္ဗာန်တို့ လောကကို လွန်မြောက်ပြီးသည်၏အဖြစ်ဖြင့်တူသော်လည်း သာမညဖိုလ်ကား ပါတုဘာဝတရား၊ နိဗ္ဗာန်ကား အပါတုဘာဝတရား၊ ဤသို့လျှင် အရိယာဖိုလ်သည် ပါတုဘာဝတရားဖြစ်၍ ဘဝတီတိ ဘူမိ-ဟု ပစ္စုပ္ပန်ကတ္တုသာဓနေဝစနတ္ထပြုနိုင်၏ဟူသော အဓိပ္ပါယ်ကို သိစေပါသည်။ (ဘာဝတ္ထ)

သယမ္ပိ-ဖြင့် တေ ဓမ္မာ ဘဝန္တိ-၌ ဖလသမ္ပယုတ္တဓမ္မ ဖဿ-စသောတရားများ ဖြစ်ဆဲဖြစ်ကုန် သကဲ့သို့ ဤသာမညဖိုလ်တရားသည်လည်း ဖြစ်ဆဲ ဖြစ်၏ဟု သိစေ ပါသည်။ (ဘာဝတ္ထ)

**မှတ်ချက်။** သယမ္ပိ-၌ ပိ သဒ္ဒါကား သမုစ္စည်းတည်း။ တေ ဓမ္မာ-ကို ဆည်းသည်။

နိဗ္ဗာနံ ဝိယ အပါတုဘာဝံ-ဖြင့် သာမညဖိုလ်ကား နိဗ္ဗာန်ကဲ့သို့ အပါတုဘာဝတရားမဟုတ်၊ ပါတုဘာဝတရားသာဖြစ်သည်ဟူသော အဓိပ္ပါယ်ကို သိစေပါသည်။ (ဘာဝတ္ထ)

## မူလဋီကာ ဒုတိယအဖွင့်

ယထာ ဝါ ကမ္မနိဗ္ဗတ္တာ ကာမဘဝါဒယော တံသမင်္ဂီနော နိဿယ-ဘာဝေန ဘူမီတိ ဝုစ္စန္တိ။ ဧဝံ မဂ္ဂေန နိဗ္ဗတ္တံ ဖလံ အရိယသာဝကဿ ကာလေန ကာလံ သမာပဇ္ဇိတဗ္ဗတာယ နိဿယဘာဝတော ဘူမီတိ ဝုစ္စတိ။ တတောယေဝ အရိယာ စိရတရံ တိဋ္ဌန္တိ။ (မူလဋီ၊၁၊ ၁၁၁)

## အနုဋီကာ ဖွင့်ပုံ

အရိယ ဖလသန္နိဿယေန ဟိ အရိယာ ကတကိစ္စာ သုဋ္ဌု နိဗ္ဗိန္န သဗ္ဗဘာဝါပိ စိရတရံ လောကေ ပရဟိတာယ တိဋ္ဌန္တိ။ (အနုဋီ၊ ၁၁၈)

တဿာ ပဋ္ဌမာယ ဘူမိယာ-အရ အာဘော်ကို တေသံ ဒိဋ္ဌိဂတာနံ-နှင့် အတူဖော်လေ။

http://www.dhammadownload.com



## ၄–ဝါကျနှင့်အညီ ဘူမိယာ အနက်ပေးပုံ

ဘူမိယာ– နိဗ္ဗာန်ကဲ့သို့ ထင်ရှားမဖြစ်သည်မဟုတ်၊ ထင်ရှားဖြစ်တတ်သော. သောတာပတ္တိဖိုလ်သို့။ (ပတ္တိယာ–၌ ကံစပ်)

✝ အန္တရဟိတာယာတိ ကေနစိ အတ္တရဏေန အနတ္တတာယ။ ဝိ၊၄၊၁။

အန္တရဟိတာယာတိ အသန္တတာယ။

အန္တရဟိတာယ = အန္တရသဒ္ဒူပပဒ+ဓာ–ဓာတ်။

ဝိဂ္ဂဟ = ဘူမိယာ မနုဿာနဥ္စ အန္တရေ ဓိယတိ ဝိဓိယတိ ကရီယတီတိ အန္တရဟိတံ။ (အခင်းရ၏)

နတ္ထိ အန္တရဟိတံ ဝေါ်ဿံ ဘူမိယန္တိ အနန္တရဟိတာ။ သတ္တမိဗဟုဗ္ဗီဟိသမာသ်။ န–ပုဒ်+အန္တရဟိတာပုဒ်+တေပုဒ်။

**အနက်ပေး။** အနန္တရဟိတာယ– အခင်းမရှိသော။

## ဗျုပ္ပတ္တိစတုက္ကထုတ်ရာ၌–

န–ပုဒ်+အန္တရဟိတာပုဒ်+တေပုဒ်သည်ငင်း၊ အခင်းမရှိခြင်း အဘာဝဿောဂုဏ်၏ မြေပြင်နှင့် ဂုဏ် ဂုဏေးအဖြစ်ဖြင့်စပ်ခြင်းသမ္ဗန်သည်ငင်း ဗျုပ္ပတ္တိနိမိတ်မည်၏။

## အနန္တရဟိတာယ ဘူမိယာ–၌ ဘူမိပုဒ် ဝိဂ္ဂဟ

ဘဝန္တိ ဧတ္ထာတိ ဘူမိ။

(အဖြောင့်) ဧတ္ထ ဧတိဿံ ပထဝိယံ၊ သတ္တာ၊ ဘဝန္တိ၊ ဣတိ၊ သာ ပထဝီ၊ ဘူမိ။

ဘူဓာတ်အရ ကတ္တုဋ္ဌကြိယာကား– သတ္တဝါတို့၏ သန္တာန်၌ရှိသော ရုပ်နာမ်ဓမ္မတို့သည် မုချအားဖြင့် ရ၏။

အဓိကရဏဏတ္တကြိယာအရကား– ထိုအားတတ်သော မြေကြီးဒြပ်၏ ပကတူပ နိဿယသတ္တိသည် ဖလူပစာအားဖြင့် ရ၏။

မိ–ပစ္စည်းအရကား– ထို–သော မြေကြီးဒြပ်ရ၏။

ဓာတွတ္ထ–အရကား –သတ္တဝါတို့၏သန္တာန်၌ရှိသော ရုပ်နာမ်ဓမ္မရ၏။

ပစ္စယတ္ထ –အရကား– မြေကြီးဒြပ်ရ၏။

ဘူမိ = ကိတ်နာမ်ပုဒ်၊ ဣကာရန္တ၊ ရတ္တာဒိဂိုဏ်း၊ ဣတ္ထိလိင်။

**အနက်ပေး။** တာဝ– စိတ္တုပ္ပါဒ်မှ ရှေးဦးစွာ။

ပုထု ဟုတွာ ဇာတန္တိ ပထဝီ။
မဟန္တီ စ သာ ပထဝီစာတိ မဟာပထဝီ။

**ပါဠ်အဆုံးအဖြတ်** = ပထဝီ, ပဌဝီ, ပဓဝီ – သုံးမျိုးလုံးသင့်သည်။

http://www.dhammadownload.com



ပထဝီ = ပုထဓာတ်၊ ကွိပစ္စည်း၊ ဣတ္ထိလိင်ဇောတက ဤ–ပစ္စည်း။ ဩသရေစ–သုတ်၌ စသဒ္ဒါဖြင့် အဝ–ပြု၊ ပုထဝီ, ပထဝီ ပြီး၏။ (ရူ)

ပဓဝီ = ထဿ ဓတ္တံ။ မောဂ္ဂလာန်၌ ပဋဓာတ်ဖြင့် ဆိုသည်။

ကိလေသေ သမေတီတိ သမဏော။

သမဏဿ ဘာဝေါ သာမညံ။

သမဏ–ဟူသော တဒ္ဓိတ်ပုဒ်အရ– ကိလေသာတို့ကို ငြိမ်းစေတတ်သော သူဒြဗ်သည် မုချအားဖြင့်ရ၏။ ယင်း–၏ ကိလေသာတို့ကို ငြိမ်းစေခြင်း သောတာပတ္တိမဂ်နှင့် ဌာန ဌာနီ၊ ဂုဏ ဂုဏ်–အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဌာနူပစာအားဖြင့် ရ၏။ ဏျပစ္စည်းအရ– ထို–သော ကိလေသာတို့ကို ငြိမ်းစေခြင်း သောတာ ဝတ္တိမဂ်ရ၏။

ဖလ။ ဖလတီတိ ဖလံ။ (သီးတတ်၏)။ ဖလဓာတ်+အပစ္စည်း။ ဖလနိပ္ဖတ္တိယံ။ (သူစိ)

သာမညဿ ဖလံ သာမညဖလံ။

သာမညဿ၊ သောတာပတ္တိမဂ်၏။ ဖလံ၊ အကျိုးတရားတည်း။ (အကြောင်း+ အကျိုးစပ်) ပုဒ်လုံးအရ– သောတာပတ္တိမဂ်၏အကျိုးဖြစ်သော သောတာပတ္တိဖိုလ်ရ၏။

အဓိပ္ပိယတေ ဉာဏ္ဍိယတေတိ အဓိပ္ပေတံ။

သမ္ပယုဇ္ဇန္တိပိ သမ္ပယုတ္တာ။ သံ+ပ+ယုဇ+တ။ ပုလ္လိင်။ (တေ ဓမ္မာကို ကြည့်သည်)

နိဿယ = နိ–သိဓာတ်+ဏပစ္စည်း။

တံ သာမညဖလံ သမ္ပယုတ္တာနံ နိဿာယ ဘဝတိ–၌ နိဿာယ–အရ တံ–အရပင် ပြန်ရသည်။

ဘဝန္တိ–ကား ဘူဓာတ်။ ဝိဘတ်ကာရန်ကား– ဣကာရန်။ ဓာတ်ကာရန်ကား– ဦကာရန်။

ဘဝန္တိ ဧတ္ထာတိ ဘူမိ။

ဘူဓာတ် အရ– ကတ္တုဒြွကြိယာအရကား– ဖဿစသော သမ္ပယုတ်တရားတို့၏ ဥပါဒ်သည် မုချအားဖြင့် ရ၏။ (ဘဝန္တိ–ကို ကြည့်သည်).

အဓိကရဏ်တ္တ ကြိယာအရကား– ထိုသမ္ပယုတ်တရားတို့အားတပ်သော သာမညဖိုလ်၏၊ ဝါ– သောတာပတ္တိဖိုလ်၏ သဟဇာတာဒိ ပစ္စယသတ္တိသည် ဖလူပစာအားဖြင့် ရ၏။

မိ–ပစ္စည်းအရကား– ထို– သော သာမညဖိုလ်၊ ဝါ–သောတာပတ္တိဖိုလ် ရ၏။

## ပစ္စည်းပြိုင်

တံ–အရ ပစ္စည်းတရား။ သမ္ပယုတ္တာနံ အရ–ပစ္စယုပ္ပန်တရား။

ဧတ္ထ အရ– ပစ္စည်းတရား။ ဘဝန္တိ အရ– ပစ္စယုပ္ပန်တရား။

ဘူမိ–၌ မိပစ္စည်းဟူသော ဗာဟျတ္ထ ပစ္စည်းတရား။ ဘူဓာတ်အရဟူသော ဓာတွတ္ထ ပစ္စယုပ္ပန်

http://www.dhammadownload.com



တရား- ဆိုလိုသည်မှာ= သာမညဖိုလ်၊ ဝါ- သောတာပတ္တိဖိုလ် ပစ္စည်းတရား၌ ဖဿစသော သမ္ပယုတ် ပစ္စယုပ္ပန်တရားကို ဆိုလိုသည်။ သဟဇာတမျိုး ရ၏။

ပြိုင်နိုင်သော ပစ္စည်းများမှာ- သဟကြီး-၄၊ အညမည၊ သမ္ပယုတ္တ၊ စိတ္တာဓိပတိ၊ အာဟာရ၊ ဣန္ဒြိယ= ၉-ပစ္စည်းတည်း။

ဘဝန္တိ ဧတ္ထာတိ ဘူမိ-၌ ဘူမိပုဒ် ဖျူပ္ပတ္တိစတုက္ကထုတ်ရာဝယ် -

ဘူဓာတ်၊ မိပစ္စည်း သည်ငှင်း၊ ဖြစ်ခြင်းကြိယာသည်ငှင်း ဖျူပ္ပတ္တိနိမိတ်မည်၏။

သာမညဖိုလ်တို့၏ တစ်ပါးသည်တစ်ပါးနှင့် တူသောအချင်းအရာဟုဆိုအပ်သော ဓာတ်သည် ပဝတ္တိနိမိတ်မည်၏။

သမာန= သမ ဝေလမ္ဗေ၊ ယု။ အတ္ထီတိ ဝါ သမာနော။

အသ ဘာဝေ မာနော၊ အကာရလောပေါ။

သမာနသဒ္ဒါ ပုလ္လိင်။ (လောကုတ္တရဘာဝေ-ကိုကြည့်သည်။)

လောကုတ္တရဘာဝေတိ လောကံ ဥတ္တိဏ္ဏာဘာဝေ။

ဥတ္တိဏ္ဏန္တိတိ ဥတ္တရံ။ ဥတ္တရီယိတ္ထာတိ ဥတ္တရံ။

လောကံ ဥတ္တရံ လောကုတ္တရံ။

လောကုတ္တရဿ ဘာဝေါ လောကုတ္တရဘာဝေါ။ (လောကကိုလွန်မြောက်ပြီးသော သောတာပတ္တိဖိုလ်၏အဖြစ်)

သယန္တိ တတိယတ္ထေ နိပါတော။

သယံ-ကို ဘဝတိ-မှာ ကြိယာဝိသေသန စပ်ရမည်။

ဘဝတိ-၏ ကတ္တားကား သာမညဖလံတည်း။

ပုံစံ = သယံ အဘိညာယ ကမုဒ္ဒိသေယျံ။

နိဗ္ဗာန = ဝါနတော နိက္ခန္တံ နိဗ္ဗာနံ။ (ပဉ္စမီတပ္ပုရိသ်သမာသ်)

တချို့က- အဗျယီဘောသမာသ်၊ နပုလ္လိင်၊ သိ-ဝိဘတ်။

န ပါတုဘာဝံ အပါတုဘာဝံ။ (နိဗ္ဗာန်ရ၏)

ပါတု = နိပါတ်ပုဒ်။ အာဝိ ပါတု စ ပါကဋတ္ထေ။ (ဓာန်၊၁၁၄၉)

---

(၇) အဖြေ

တာဝ-ကား ပဌမတ္ထဇောတကနိပါတ်ပုဒ်။

✝ ပဌမတ္ထေ ကမတ္ထေစ၊ ဝတ္တဗ္ဗန္တရာပေက္ခနေ။

အနုညာတေတိ ဇာတေသု၊ တာဝသဒ္ဒေါ ပဝတ္တတိ။

http://www.dhammadownload.com



သမာနေပိ–၌ ပိသဒ္ဒါကား = သမ္ပိဏ္ဍနာဇောတကနိပါတ်ပုဒ်တည်း။

သယမ္ပိ–၌ ပိသဒ္ဒါကား = သမုစ္စည်းတည်း။ ကိုယ်တိုင်လည်းဖြစ်၊ သမ္ပယုတ်တရားတို့ကို ဖြစ်စေခြင်း၊ ဝါ– သမ္ပယုတ်တရားတို့၏ဖြစ်ပေါ်ခြင်းဇုကို ဆည်းသည်။

နိဗ္ဗာနံ ဝိယ–၌ ဝိယ သဒ္ဒါကား– ဥပမာနဇောတကနိပါတ်ပုဒ်တည်း။

---

## (၉) အဖြေ

ဝုစ္စတိ–ကား အာချာတ်ပုဒ်ဖြစ်သောကြောင့် ဝိဂြိုဟ်မဆိုကောင်း။

ဝုစ္စတိ–ကား ဝစဓာတ်+ယပစ္စည်း+တေဝိဘတ်။ (တေကို တိပြန်)

ဝစဓာတ်အရ– ကတ္တုဋ္ဌကြိယာကား မြေကြီးကို ဘူမိဟုဆိုသော ပညာရှိ၏ သတိ ဝီရိယ ဉာဏ်ပြဓာန်သော စိတ္တုပ္ပါဒ်သည် မုချအားဖြင့် ရ၏။

ကမ္မဋ္ဌကြိယာအရကား– ထိုအားတပ်သော မြေကြီး၏ အာရမ္မဏပစ္စယသတ္တိသည် ဖလူပစာအားဖြင့် ရ၏။

ယပစ္စည်း၏အရကား– ထို–သော မြေကြီးရ၏။

**မေး။** ဝုစ္စတိ–၌ ဓာတွတ္ထအရ တရားကိုယူ၍ ကြိယာငါးတန် ထုတ်ခဲ့ပါ။

**ဖြေ။** ၁။ ပညာရှိသောပုဂ္ဂိုလ်၏ သတိ ဝီရိယ ဉာဏ်ပြဓာန်သော စိတ္တုပ္ပါဒ်သည် ဒဿနတ္ထ။

၂။ ယောနိသော မနသိကာရသည် ဒီပကတ္ထ။

၃။ ဘူမိဟူသော သဝိညတ္တိက ဝစီဘေဒသဒ္ဒသည် ပကာသနတ္ထ။

၄။ သပ္ပုရိသူပနိဿယ စသည်သည် ဝိဘာဝတ္ထ။

၅။ မြေကြီးကို ဘူမိဟု သိရခြင်းအကျိုး အစ နိဗ္ဗာန်တိုင်အောင်သော အကျိုးတရားတို့သည် အနုဘာဝတ္ထ။

---

## (၁၀) အဖြေ

### ဆိုရိုးနှင့်အညီ ပစ္စည်းပြိုင်ပုံ

အယံ မဟာပထဝီ အရ– မြေကြီးဟူသော အာရုံပစ္စည်းတရားက ဝစဓာတ်အရ သတိ ဝီရိယ ဉာဏ်ပြဓာန်သော စိတ္တုပ္ပါဒ်ဟူသော အာရမ္မဏိက ပစ္စယုပ္ပန်တရားအား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုသည်။

ပြိုင်နိုင်သော ပစ္စယသတ္တိတို့ကား– အာရမ္မဏ၊ ပုရေဇာတ၊ အတ္ထိ၊ အဝိဂတ ပေါင်း– လေးပစ္စည်းတည်း။

http://www.dhammadownload.com



မေး။ သုခဘူမိယံ–၌ သုခအရ တရားကိုယူ၍ ကြိယာငါးတန် ထုတ်ခဲ့ပါ။

ဖြေ။ သုခအရကား ဝေဒနာရဏ်။ (ပဋိစ္စသမုပ္ပါဒ်ကြည့်၍ ထုတ်လေ၊ နှာ– ၃၈၁–အဖွင့်နှင့်အညီ ထုတ်ခြင်းတည်း)

သုခ အရ– သုခဝေဒနာပစ္စည်းတရားက– ဘူမိအရ တံသမ္ပယုတ္တ စိတ္တုပ္ပါဒ်အား သဟကြီး–၄၊ အညမည၊ သမ္ပယုတ္တ၊ ဝိပါက၊ ဣန္ဒြိယ၊ ဈာန= ဤ ၉–ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုပါသည်။

သာမညဖလံ–၌ သာမည–အရ တရားကိုယူ၍ ကြိယာငါးတန် ထုတ်ပါ–ဟု မေးလျှင် သောတာပတ္တိမဂ်ယူ၍ ထုတ်လေ။

အဓိပ္ပေတံ အရ– တရားကိုယူ၍ ကြိယာငါးတန်ထုတ်ပါဟု မေးလျှင် အဓိပ္ပေတံ–ကား ကံဟောကြိယာဖြစ်၍ ကံဖြစ်သော သာမညဖိုလ်ရဏ်။

မေး။ သာမည–အရ ပစ္စည်းတရားက ဖလ အရ ပစ္စယုပ္ပန်တရားအား အဘယ်မျိုး အဘယ်ပစ္စယ သတ္တိတို့ဖြင့် ကျေးဇူးပြုပါသနည်း။ ပြိုင်နိုင်သော ပစ္စယသတ္တိတို့ကိုလည်း ဖော်ပြပါ။

ဖြေ။ သာမညအရ– သောတာပတ္တိမဂ်၌ရှိသောစေတနာသည် ဖလအရ–သောတာ–ပတ္တိမဂ္ဂါနန္တရဖိုလ် စိတ္တုပ္ပါဒ်အား အနန္တရသတ္တိဖြင့် ကျေးဇူးပြုသည်။

ပြိုင်နိုင်သော ပစ္စယသတ္တိတို့ကား= အနန္တရ၊ သမနန္တရ၊ အနန္တရူပ–နိဿယ၊ အနန္တရမျိုး ကမ္မ၊ နတ္ထိ၊ ဝိဂတ– ဤ ၆–ပစ္စယသတ္တိတို့တည်း။

အဓိပ္ပိယတေ ဣစ္ဆိယတေတိ အဓိပ္ပေတံ။

(အဖြောင့်) ယံ သာမညဖလံ၊ ပဏ္ဍိတေန အဓိပ္ပိယတေ ဣစ္ဆိယတေ၊ ဣတိ တသ္မာ၊ တံ သာမညဖလံ အဓိပ္ပေတံ။ (ဝုစ္စတိပုဒ် အကောက်နှင့် တူပြီ)

မေး။ ဘူမိ–၌ အဖွင့်သံဝဏ္ဏနာကိုထောက်၍ ဓာတ်အရ ပစ္စည်းအရ တရားတို့ကိုဖော်ပြကာ ပစ္စည်းပစ္စယုပ္ပန် ဆက်သွယ်ပုံကို ရေးသားပြီးလျှင် ပြိုင်နိုင်သော ပစ္စယ သတ္တိတို့ကိုလည်း ဖော်ပြပါ။

ဖြေ။ တေ ဓမ္မာ ဘဝန္တိ ဧတ္ထ–ဟူသော သံဝဏ္ဏနာကိုထောက်၍ ဓာတ်အရကား တေ ဓမ္မာ–ဟူသော ကတ္တားပုဒ်တည်း။ ပစ္စည်းအရကား– ဧတ္ထပုဒ်အရတည်း။

ပစ္စည်းအရ– သာမညဖိုလ်တရားက ဓာတ်အရ– သမ္ပယုတ္တဓမ္မအား သဟဇာတ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ပြိုင် = သဟကြီး–၄၊ အညမည၊ ဝိပါက၊ သမ္ပယုတ္တ၊ စိတ္တာဓိပတိ၊ အာဟာရ၊ ဣန္ဒြိယ= ဤ ၁၀–ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုပါသည်။

ညသ်ကောက်

ဘဝတီတိ ဘူမိ။

ယံ သာမညဖလံ ဘဝတိ ဥပ္ပဇ္ဇတိ ဣတိ တသ္မာ တံ သာမညဖလံ ဘူမိ။

http://www.dhammadownload.com



ဘူမာတ်အရကား-သောတာပတ္တိဖိုလ်၏ ပါတုဘာဝသတ္တိ, လက္ခဏ, သဘာဝရ၏။
မိပစ္စည်းအရကား- သတ္တိမန္တ, လက္ခဏဝန္တ, သဘာဝဝန္တဖြစ်သော သောတာပတ္တိဖိုလ်ရ၏။

မှတ်ချက်။ ဓာတ်အရနှင့် ပစ္စည်းအရ သတ္တိ, သတ္တိမန္တသာဖြစ်၍ ပစ္စည်း ပြိုင်လို့ မရပါ။

သာမညဖလံ-၌ ဖလ အရကောက်ပုံ

ဖလန္တိ စိတ္တစေတသိကရာသိ ဝုစ္စတိ၊ တံ အညမည် သမ္ပယုတ္တာနံ ဓမ္မာနံ အတ္တနော အဝယဝဘူတာနံ နိဿယော ဟောတိ။ ဖလညာဏံ ဝါ ဖလံ။ သမ္မာဒိဋ္ဌိအာဒယော အင်္ဂါနိ ဝါ။ (မူလဋီ၊ ၁၊ ၁၁၁)

ပထမအဖွင့်အလို-သာမညဖလံ-၌ ဖလအရကား- ဖိုလ်စိတ်နှင့် သမ္ပယုတ္တဓမ္မတို့ ရသည်။

နိဿယော ဟောတီတိ ရုက္ခောဝိယ သာခါယ အာဓာရဘာဝေန ဝေါဟရီယတီတိ အတ္တော။ (အနုဋီ) (အဘေဒဘေဒူပစာပြသည်)

✪ အဘေဒမှာ၊ ပဘေဒကို၊ ဆိုရာသလော၊ စစ်ကာကြော၊ မစောဒနာလင့်။
ရုက္ခ သာခါ၊ ကဲ့ပမာ၊ ပမာနည်းနှင့် ချင့်။

ဒုတိယအဖွင့်အလို- သာမညဖလံ-၌ ဖလအရကား- သောတာပတ္တိ ဖိုလ်ညာဏ်တည်း။

တတိယအဖွင့်အလို- သာမညဖလံ-၌ ဖလအရကား-သမ္မာဒိဋ္ဌိ စသော သောတာပတ္တိ ဖိုလ်အင်္ဂါတို့ ရ၏။

✝ ဖလ ညာဏ ဖလင်္ဂါနံ နိဿယဝစနံ နိဿယပစ္စယတာ။ (အနုဋီကာ)

မှတ်ချက်။ သာမညဖလံ အဓိပ္ပေတံ-၌ ဖလအရ အဘိဓေယျတ္ထ, ဝါ- သရူပတ္ထ၊ ဝါ- အဓိပ္ပေတတ္ထတို့ကို ရသင့်သမျှဖော်ပြခဲ့ပါဟု မေးလျှင်- အထက်ပါအတိုင်း ဖြေလေ။

✝ လောကုတ္တရဘာဝေတိ လောကံ ဥတ္တိဏ္ဏဘာဝေ။ တေန ဖလနိဗ္ဗာနာနိ သင်္ဂဏှာတိ။ (ဋီကာ)

လောကုတ္တရဘာဝေ-၌ လောကုတ္တရအရကား- သောတာပတ္တိဖိုလ်နှင့် နိဗ္ဗာန်ရ၏။

အပါတုဘာဝံ-အရ နိဗ္ဗာန်ပစ္စည်းတရားက လောကုတ္တရာစိတ် ၈-ပါး ပစ္စယုပ္ပန်တရားအား အာရမ္မဏ, အဓိပတိ, ဥပနိဿယ ဤ ၃-ပစ္စယသတ္တိ ဖြင့် ကျေးဇူးပြုပါသည်။

နိဗ္ဗာန်ပစ္စည်းတရားက မဟာကုသိုလ် မဟာကြိယာ ညာဏသမ္ပယုတ် စိတ္တုပ္ပါဒ်တို့အား အာရမ္မဏ, အဓိပတိ, ဥပနိဿယ ဤ ၃-ပစ္စယသတ္တိ ဖြင့် ကျေးဇူးပြုပါသည်။

၄-ဝါကျ၌ ပဓာနကြိယာကား- ဝုစ္စတိတည်း။

ဝစဓာတ်အရကား-ပညာရှိသောပုဂ္ဂိုလ်၏ သတိ,ဝီရိယ,ညာဏ်ပြဓာန်းသော စိတ္တုပ္ပါဒ် ရ၏။

ဤဝါကျ၌ ဘူမိ-အရ (သို့မဟုတ်) ကံပုဒ်အရ သာမညဖိုလ်ဟူသော ဓမ္မာရုံပစ္စည်းတရားက-သတိ,ဝီရိယ,ညာဏ်ပြဓာန်းသောစိတ္တုပ္ပါဒ်အား အာရမ္မဏ ၁-ပစ္စည်းဖြင့်သာ ကျေးဇူးပြုပါသည်။ ပြိုင်နိုင်သော ပစ္စယသတ္တိ မရှိ။

http://www.dhammadownload.com



(က) ဣဒါနိ -ပ- အာဒိမာဟ။ (ခ) တတ္ထ -ပ- ပဋိပဒါ ဟောတိ။ (ဂ) ယော ပန-ပ-ဒန္ဓာဘိညာ ဟောတိ။(ဃ) ဣတိ ယော-ပ-ကတော။ဌ၊၂၆၀။

၂။ က-ဝါကျကို ဆရာနည်းကျကျ ဌပနာ အာဘော် ဌပနာပဋိက္ခေပ အနွယ စောဒနာ ငါးမျိုးဖြင့် ကျမ်းတက်ခဲ့ပါ။

၃။ ခ-စသောဝါကျဖြင့် ပယ်အပ်သောဒေါသတို့ကို ဖော်ပြခဲ့ပါ။

၄။ နာမကတော ပုဒ်ကို ဝိဂ္ဂဟပြု၍ ဗျုပ္ပတ္တိစတုက္ကထုတ်ခဲ့ပါ။

၅။ ဒုက္ခပဋိပဒ ဒန္ဓာဘိညော-၌ ဒုက္ခသဒ္ဒါ အဘိညာသဒ္ဒါတို့၏ လိင်, ဂဏ, ကာရန္တတို့ကို ဖော်ပြပြီးလျှင် ဝိဂ္ဂမ္ဘေန္တော ပုဒ်၏ ဓာတု, ဓာတွတ္ထ, ပစ္စယ, ပစ္စယတ္ထ တို့ကိုလည်း ရေးသားခဲ့ပါ။

၆။ ပတ္တိယာတိ သောတာပတ္တိဖလသင်္ခါတဿ ပဌမဿ သာမညဖလဿ ပတ္တတ္ထာယ ပဋိလာဘတ္ထာယ- (ဌ၊၂၅၉) ၌ အာဘော် သံဝဏ္ဏနာ တွဲပြပါ။

၇။ က-ဝါကျ၌ လောကိယဈာနမ္ပိပုဒ်ဝယ် အပိသဒ္ဒါ၏အနက်ကို ဖော်ပြ၍ သဒ္ဒိံယေဝ-၌ ဧဝ သဒ္ဒါ၏ ဂဟေတဗ္ဗတ္ထ စသည်ကိုလည်း ဖော်ပြပါ။

၈။ ဂ-ဝါကျတွင် ပထမဝါကျ၌ ရသင့်သောတရားကိုယူ၍ ကြိယာ ငါးတန်း ထုတ်ခဲ့ပါ။

၁၀။ က-ဝါကျ၌ ရသင့်သောတရားကိုယူ၍ ဖြစ်သင့်သော ပစ္စယသတ္တိများကို ရေးသားခဲ့ပါ။

ပဌမံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ ဒုက္ခပဋိပဒံ ဒန္ဓာဘိညံ။ တသ္မိံ သမယေ ဖဿော ဟောတိ။ (ပါဠိတော်)

စာသွားစာလာနည်းဖြင့် ရှေ့ဝါကျနှင့် နောက်ဝါကျ တက်ပုံ

ဤသို့ ဝိဝိစ္စာတိ - စသောဝါကျဖြင့် ဝိဝိစ္စေဝ ကာမေဟိ-၌ ဝိဝိစ္စပုဒ်၏ အဖွင့်သံဝဏ္ဏနာကို ပြတော်မူပြီး၍ ယခုအခါ၌ ဒုက္ခပဋိပဒံ ဒန္ဓာဘိညံ စသော ပုဒ်တို့၏ အဖွင့်သံဝဏ္ဏနာကိုပြခြင်းငှါ မပြမီရှေးဦးစွာ အနုသန္ဓေသမ္ဗန္ဓ သမုဒါယတ္ထကို ပြလိုသည် ဖြစ်၍ ဣဒါနိ ကိဉ္စာပိ စသော ဝါကျတို့ကို မိန့်။

**မှတ်ချက်။** ဤကား အဋ္ဌကထာဆရာ၏ အနုသန္ဓေဝါကျကို မိမိက အနုသန္ဓေ တက်ခြင်း ဖြစ်သည်။

✪ အနုသန္ဓေနောက်၊ တတ္ထရောက်၊ နက်ကောက် ဝိတ္ထာစွဲ။

တတ္ထ ယော -ပ- တိဿော ပဋိပဒါ ဝေဒိတဗ္ဗာ-တိုင်အောင်သော ဝါကျတို့ကား ဒုက္ခပဋိပဒံ ဒန္ဓာဘိညံ - စသောပုဒ်၏ အဝယဝတ္ထ အကျယ်ကိုပြသောကြောင့် ဝိတ္ထာရ ဝါကျမည်၏။ (အာဟ ကံကို ကြည့်သည်။)

ထို-၍ ဣဒါနိ -ပ- အာဒိမာဟ-တိုင်အောင်သော ဝါကျကား ဒုက္ခပဋိပဒံ ဒန္ဓာဘိညံ-

http://www.dhammadownload.com



စသောစကား၏ အနုသန္ဓေ သမ္ဗန္ဓ သမုဒါယတ္ထ အကျဉ်းကိုပြသောကြောင့် သခေ်ပဝါကျမည်၏။ (အာဟ ကံကိုဘဲ ကြည့်သည်)။

✪ ဒသေယန္တော အာဟ၊ ပြသည့်ပုဒ်နောက်၊ တတ္ထရောက်က၊ ဒဿန ကုရိယာ၊ အာဟာ၏ ကံ၊ ဤနှစ်တန်ကို၊ ဇကံ တတ္ထစွဲမြဲ။

✪ ကံ အာကာရ၊ ကရဏတို့၊ အရမပြား၊ ဤသုံးပါး မမှားတူလေမြဲ။

## နည်းထုံးကျကျ အနက်ပေးပုံ

၁။ ဒသေတုံ ကိရိယာယ ကရဏဘူတေ တတ္ထ တသ္မိံ ဒုက္ခပဋိပဒံ ဒန္ဓာဘိညန္တိ အာဒိဝစနေ။ (ဒသေတုံ – ဒဿနကရိဏ်းစွဲပုံ)

၂။ မြူဓာတုယာ၊ အာဟ–၌ မြူဓာတ်၏။ ကမ္မဘူတေ၊ ကံဖြစ်၍ဖြစ်သော။ တတ္ထ တသ္မိံ ဒုက္ခပဋိပဒံ ဒန္ဓာဘိညန္တိ အာဒိဝစနေ။ (အာဟ ကြိယာ၏ ကံကို တတ္ထစွဲ၍ အနက်ပေးပုံ)။

မှတ်ချက်။ အနုသန္ဓေနောက်မှာ တက်လာသော တတ္ထမှန်သမျှ ဤနည်းအတိုင်း မှုသေမှတ်ပါ။

## ကတ္တွားထည့်ပုံ

အထဝါ ယော ကောစိ ဝါရော ဒုက္ခပဋိပဒါ ဒန္ဓာဘိညောနာမ အာစရိယေဟိ ကတော။ (ယောဇနာ၊ ဒုတိယနည်း၊ ၁၂၇)

## က–ဝါကျသို့ အဋ္ဌသာလိနီယောဇနာဆရာ ကျမ်းတက်ပုံ

လောကိယဈာနမ္ပိ ပဋိပဒံ ဝိနာ န ဥပ္ပဇ္ဇတိ ဇဝံ သန္တေပိ သုဒ္ဓိက နယော ဝုတ္တော။ ကသ္မာ ဥဒ္ဓ သုဒ္ဓိကနယံ ပဟာယ မိဿက နယောတိ အာဟ ကိဉ္စာပီတိ အာဒိ။

က–ဝါကျ၌ အာဟကံမှာ စောဒနာ၊ အာဟကံမှာ ဋ္ဌပနာ–ဆိုသည့် အတိုင်း အာဟာကံကို ဋ္ဌပနာထားရမည်။

ကိဉ္စာပိ (ယဒိပိ–ကာမဋ္ဌ) ဖြုတ်၍ နနတပ်လျှင် စောဒကာဘောဂ ရသည်။

နန လောကိယဈာနမ္ပိ န ဝိနာ ပဋိပဒါယ ဥပ္ပဇ္ဇတိ။ (စော–ဘော)

အထ ကသ္မာ ဒုက္ခပဋိပဒံ ဒန္ဓာဘိညန္တိ အာဒိမာဟ။ (စောဒနာ)

## က–ဝါကျ ဋ္ဌပနာတိက ကျမ်းတက်ပုံ

ဆရာ၊ မြတ်စွာဘုရားသည် ဒုက္ခပဋိပဒံ ဒန္ဓာဘိညံ–စသော စကားကိုဟောတော်မူ၏။ လောကီဈာန်သည်လည်း ဈာန်ရကြောင်း အကျင့်နှင့်ကင်း၍ မဖြစ်သည်မဟုတ်ပါ လော။ ယင်းသို့ဖြစ်ပါလျက် အဘယ့်ကြောင့် ဒုက္ခပဋိပဒံ ဒန္ဓာဘိညံ–စသောစကားကို ဟောတော်မူပါသနည်း။ ဤသို့– –ကြောင့် ထိုအမေးကို စောဒကာဘောဂစသည်ပြလျက် ဖြေကြားတော်မူလိုသော အဋ္ဌကထာ ဆရာသည် ဥဒ္ဓါနိ ကိဉ္စာပိ–စသော စကားကိုမိန့်။

http://www.dhammadownload.com



အဓိပ္ပါယ်ကား- က-ဝါကျဖြင့် လောကီစျာန်သည်လည်း စျာန်ရကြောင်း အကျင့်နှင့်ကင်း၍ မပြီးသော်လည်း ဤ၌ သုဒ္ဓိကနယကိုပယ်၍ လောကုတ္တရာစျာန်ကို ပဋိပဒါနှင့်တကွသာလျှင် အလေးအမြတ်ပြု၍ ဟောခြင်းငှါအလိုရှိသည်၏အဖြစ်ကြောင့် ဒုက္ခပဋိပဒံ ဒန္ဓာဘိညံ-စသော စကားကို ဘုရားဟောတော်မူ၏ဟု ငါပြဆို၏ ဟူလိုသော်။

ဣဓ သုဒ္ဓိကနယံ ဒေသေတု ကာမတာယ-ကား ပရိဟာရဘောဂ။

**စောဒကာဘောဂါဒိ စတုက္ကထုတ်ပုံ**

၁။ နနု လောကိယစျာနမ္ပိ န ဝိနာ ပဋိပဒါယ ဣဇ္ဈတိ။ (စော-ဘော)

၂။ အထ ကသ္မာ ဒုက္ခပဋိပဒံ ဒန္ဓာဘိညန္တိ အာဒိမာဟ။ (စော)

၃။ နနု သုဒ္ဓိကနယံ ပဟာယ လောကုတ္တရစျာနံ ပဋိပဒါယ သဒ္ဓိံယေဝ ဂရုံကတွာ ဒေသေတုံကာမော ဟောတိ။ (ပရိ-ဘော)

၄။ တသ္မာ ဒုက္ခပဋိပဒံ ဒန္ဓာဘိညန္တိ အာဒိမာဟ။ (ပရိဟာရ)

**က-ဝါကျ ဌပနာပဌက ကျမ်းတက်**

ဆရာ၊ မြတ်စွာဘုရားသည် ဒုက္ခပဋိပဒံ ဒန္ဓာဘိညံ-စသောစကားကို ဟောတော်မူ၏။ (ဝါ) လောကုတ္တရာစျာန်အရာ၌ ဒုက္ခပဋိပဒံ ဒန္ဓာဘိညံ-စသည် ပဋိပဒါနှင့်တကွ သုဒ္ဓိကနယကို ဟောတော်မူ၏။ ထိုသို့သာ ဟောတော်မူချေသည်ရှိသော် လောကီစျာန်သော်မှလည်း ပဋိပဒါနှင့် ကင်း၍ မပြီးသည်မဟုတ်ပါလော။ ယင်းသို့ဖြစ်သောကြောင့် လောကုတ္တရာစျာန်အရာ၌ ဒုက္ခပဋိပဒံ ဒန္ဓာဘိညံ-စသည် ပဋိပဒါနှင့်တကွ သုဒ္ဓိကနယကို မဟောသင့်။ ဤလောကုတ္တရာစျာန်၌လည်း သုဒ္ဓိကနယကို ပြတော်မူသင့်သေး၏။ ထိုသို့ ပြတော်မူသင့်ပါလျက် အဘယ့်ကြောင့် ဤလောကုတ္တရာစျာန်၌ ဒုက္ခပဋိပဒံ ဒန္ဓာဘိညံ-စသော ပဋိပဒါနှင့်တကွ သုဒ္ဓိကနယကကို ဟောတော်မူပါသနည်း။ ဤသို့ -ကြောင့် ဣဒါနိ ကိဥ္စာပိစသော ဝါကျကို မိန့်။

ဒေါသတင်လိုလျှင် ပုဗ္ဗာပရ ဝိရောဓိဒေါသတင်ရမည်။ ပယ်လိုလျှင် ၎င်းဒေါသကိုပင် ပယ်ရမည်။

က-ဝါကျတွင် ကိဥ္စာပိ- ပ- ဣဇ္ဈတိ-ကား စောဒကာဘောဂဝါကျ။

ဇဝံ သန္တေပိ -ပ- ဒေသေတုကာမတာယ-ကား ပရိဟာရဘောဂဝါကျ။

ဒုက္ခ -ပ- အာဒိမာဟ-ကား ပရိဟာရဝါကျ။

**ခ-ဝါကျ အနုသန္ဓေတက်ပုံ**

ဤသို့ ဣဒါနိ-စသော က-ဝါကျဖြင့် ဒုက္ခပဋိပဒံ ဒန္ဓာဘိညံ-စသော စကား၏ အနုသန္ဓေ သမ္ဗန္ဓ သမုဒါယတ္ထ အကျဉ်းကိုပြတော်မူပြီး၍ (အာဟကံကို ပုဗ္ဗာနုသန္ဓေ လုပ်သည်) ယခုအခါ၌ ဒုက္ခပဋိပဒံ ဒန္ဓာဘိညံ-စသောစကား၌ (တတ္ထကို ကြည့်၍ရေး၊ ဧတ္ထ ရှိလျှင် ဧတ္ထ-ကို ကြည့်၍ရေး) အဝယဝတ္ထ အကျယ်ကိုပြခြင်းငှါ၊ ဝါ- သည် တတ္ထ-စသော ဝါကျတို့ကိုမိန့်။

http://www.dhammadownload.com



တတ္ထ-စသော ခ-ဝါကျဖြင့် ဝိရောဓိဒေါသပယ်သည်။

ထိုတွင် ယော -ပ- ဝိက္ခမ္ဘေတိ-တိုင်အောင်သော ဂ-ဝါကျကား အနိယတ်ဝါကျ။

တဿ-ပ-ဟောတိ-ကား နိယတ်ဝါကျ။

ယော -ပ- ဟေတိ-ကား ဥတ္တမဝါကျ။

ယော ပန -ပ- ဒန္ဓာဘိညာ-တိုင်အောင်သော ဂ-ဝါကျကား ဒုက္ခပဋိပဒံပုဒ်၏ အကျယ်မှတစ်ပါး ဒန္ဓာဘိညံပုဒ်၏ အကျယ်ကိုပြသောကြောင့် ပက္ခန္တရဝါကျမည်၏။

ထို-၍ တတ္ထ -ပ- ပဋိပဒါ-တိုင်အောင်သော ခ-ဝါကျကား ဒုက္ခပဋိပဒံပုဒ်၏ အကျယ်ဟူသောအဖို့ကိုပြသောကြောင့် ပက္ခဝါကျ။

ထို ဂ-ဝါကျတွင် ပထမဝါကျကား အနိယတ်ဝါကျ။ ဒုတိယဝါကျကား နိယတ်ဝါကျ။ ၂-ပါးစုံသောကြောင့် ဥတ္တမဝါကျ။

ခ-ဝါကျ၌ ပိဏ္ဍတ္ထကား-အစမှသာလျှင် ကိလေသာတို့ကို ပယ်ခွါသည်ရှိသော် ဆင်းရဲသဖြင့် သင်္ခါရနှင့်တကွသော ပယောဂနှင့်တကွသော ပစ္စည်းအပေါင်းဖြင့် ပင်ပန်း သည်ဖြစ်၍ ပယ်ခွါသောပုဂ္ဂိုလ်၏ ဆင်းရဲသောအကျင့်သည် ဒုက္ခပဋိပဒါမည်၏။

ဂ-ဝါကျ၌ ပိဏ္ဍတ္ထကား -ဝိပဿနာဖြင့် နေခြင်းကိုနေသည်ရှိသော် ကြာမြင့်စွာသော ကာလ၌ မဂ်၏ထင်ရှားဖြစ်ခြင်းသို့ရောက်သော ခွါအပ်ပြီးသောကိလေသာရှိသောပုဂ္ဂိုလ်၏ နှေးသော အသိဉာဏ်သည် ဒန္ဓာဘိညံမည်၏။

ဃ-ဝါကျ၌ ဉာတိသဒ္ဒါ ပရိသမာပန အနက် (နိဂမန) ကို ပြသည်။

ဉာတိ- ပ- နာမကတော-တိုင်အောင်သော ဃ-ဝါကျကား အကျဉ်းချုံး၍ သွင်းရာသွင်း ကြောင်း ဖြစ်သောကြောင့် နိဂမနဝါကျမည်၏။

ထို-၍ ခ-ဂ-ဝါကျတို့ကား အကျယ်ကိုပြသောကြောင့် နိဂမနိယဝါကျ။ ဝါ- စုဏ္ဏိယ ဝါကျမည်၏။

ဂ-ဝါကျဖြင့် အဗျာပိတ အပရိပုဏ္ဏဒေါသပယ်သည်။

ဃ-ဝါကျဖြင့် ပုနရုတ္တိဒေါသပယ်သည်။

✪ ဝိတ္ထာ သံခိပ်၊ ဥဒ် နိဒ် နိဂမ၊ စုဏ္ဏိယ၊ ပုနရုတ္တိတင်။

✝ နာမံ အာစရိယေဟိ ကတံ ယဿ ဝါရဿ သော နာမကတော။ (ယောဇနာ၊ ၁၂၇)

နာမကတ-ဟူသော သမာသ်ပုဒ်လုံးအရကား- ဆရာတို့သည် ပြုအပ်သော အမည်သည် မှချအားဖြင့်ရ၏။

ယင်း-၏ ဝါရနှင့် နာမ နာမီ၊ သညာ သညီ-စပ်။

http://www.dhammadownload.com



ယ–ဟူသော အညပုဒ်အရ–ဆရာတို့သည်ပြုအပ်သော အမည်ရှိသောဝါရ ရ၏။

ဗျုပ္ပတ္တိစတုက္ကထုတ်ရာ၌ – ဆရာတို့သည် ပြုအပ်သော အမည်၏ ဝါရနှင့် နာမ နာမိ၊ သညာ သညီ အဖြစ်ဖြင့်စပ်ခြင်း သမ္ဗန္ဓဘောသည် ဗျုပ္ပတ္တိနိမိတ်မည်၏။

ပဋိပဒါ = ပဋိပဇ္ဇတိ ဧတာယာတိ ပဋိပဒါ။ (ပဋိ+ပဒ+အ+အာ)

ပဋိ အံရ– ဓာတွတ္ထာနုဝတ္တကဘောဂုဏ်ရ၏။

ပဒဓာတ်အရ– ကတ္တုဠြကား– သမထဘာဝနာကို ကျင့်သောပုဂ္ဂိုလ်၏ သမာဓိပြဓာန်းသော စိတ္တုပ္ပါဒ်သည် မုချအားဖြင့် ရ၏။

အဓိကရဏတ္တ အရကား– ထိုအားတပ်သော သမထဘာဝနာအကျင့်၏ ပကတူပနိဿယ သတ္တိသည် ဖလူပစာရအားဖြင့် ရ၏။

အ–ပစ္စည်းအရ – ထို–သော သမထဘာဝနာရ၏။

အာ–ပစ္စည်းအရ– ဣတ္ထိလိင်ဇောတကမျှသာတည်း။

ကတ္တုဠ္ဌ = ဓာတွတ္ထ အရ– သမာဓိပြဓာန်းသော စိတ္တုပ္ပါဒ်တည်း။

ဗာဟျတ္ထ = ပစ္စယတ္ထ အရ– သမထဘာဝနာတည်း။

မှတ်ချက်။ လောကီယ ဈာနမ္ဗိပုဒ်ကိုထောက်၍ ပဋိပဒါ–အရ သမထဘာဝနာကို အရကောက်သည်။

## ဗျုပ္ပတ္တိစတုက္က

၂။ ပဋိပုဗ္ဗ ပဒဓာတ်၊ အပစ္စည်းသည်ငင်း၊ ကျင့်ခြင်းကြိယာသည်ငင်း ဗျုပ္ပတ္တိ နိမိတ်မည်၏။

၄။ သမထဘာဝနာတို့၏ တစ်ပါးသည်တစ်ပါးနှင့်တူသော အခြင်းအရာဟု ဆိုအပ်သောဇာတ်သည် ပဝတ္တိနိမိတ်မည်၏။

မှတ်ချက်။ လောကုတ္တရာဈာန်ကိုထောက်၍ ပဋိပဒါ–၌ ဓာတ်အရ ဉာဏ်ရ၏။ ပစ္စည်းအရ– ဝိပဿနာ ၃–မျိုးရ၏။ ဓာတ်အရ၊ ပစ္စည်းအရ ပကတူပမျိုး ပြိုင်ရမည်။

ဣစ္ဆတိ = ဣဓာတ်၊ ဒိဝါဒိ ယ ပစ္စည်း။

သန္တေ = အသဓာတ်၊ အန္တပစ္စည်း၊ ဂဏ္ဍက္ကာဒိဂိုဏ်း။

သုခ္ခိကနယ = ပုလ္လိင် (နယောကို ထောက်)

ပဟာယ = နိပါတ်ပုဒ်။

## ဂရုပုဒ် ကိတ်ဝိဂြိုဟ်

ဂရုတိ သိဋ္ဌတိ သိသေသု သိနေဟတ္တိတိ ဂရု။ ဂရုဓာတ်၊ ဥပစ္စည်း။ ပုလ္လိင်၊ ရုတ္တာဒိဂိုဏ်း။ ဥဂ္ဂာရန္တ။ (ဘိက္ခုနှင့် တူသည်။)

http://www.dhammadownload.com



## ဂုရုပုဒ် ရုပ်ပြီးမှတ်ဖွယ်

ဂရတိ သိဿေသု သိနေဟံ ဝမတီတိ ဂုရု။
ဂိရ ဝမနေ၊ တေသုဝုဒ္ဓီတိ အာဒိနာ ဣဿ ဥ။ (ဂုရု ဖြစ်)

## ဂရုပုဒ် တဒ္ဓိတ်ဝိဂြိုဟ်

အပိစ ပါသာဒဆတ္တံ ဝိယ ဘာရိယတ္ထေန ဂရု တဒ္ဓိတဝိဂ္ဂဟော ပစ္စယော နတ္ထိ ကေသေသော ဝိယ။

ငှင်းအလို –ဂရုကာတဗ္ဗော ဂရု–ဟု ကာတဗ္ဗတဒ္ဓိတ်ပြု။ ဂရုကာတဗ္ဗော– ကျောက်ထီးကဲ့သို့ အလေးပြုအပ်၏။ ဣတိ တသ္မာ၊ ဂရု။

ဂရု.– ကျောက်ထီးတန္တု အလေးပြုအပ်သော ဆရာ။
ဂရုံ ကတွာ–၌ ဂရုသဒ္ဒါကား – ဘာဝပ္ပဓာန်ပုဒ်တည်း။
ဂရုံ၊ အလေးအမြတ်ကို၊ ကတွာ၊ ပြု၍–ဟု ပေး။

## ဉာဏ်ကောက်

ဒေသေတုံ ကာမေတီတိ ဒေသေတုကာမော။ (ကတ္တုသာဓနေ ကိတန္တ စတုတ္ထီတပ္ပုရိသ်။
(အဖြောင့်) ယော ဘဂဝါ ဒုက္ခပဋိပဒါ ဒန္ဓာဘိညတ္တိ အာဒိဝစနံ ဒေသေတုံ ကာမေတိ၊ ဣတိ တသ္မာ သော ဘဂဝါ ဒေသေတုကာမော။

ဒေသေတုံ သဒ္ဒူပ ပဒ၊ ကမုဓာတ်၊ ဏပစ္စည်း။

ဒေသေတုံ–ဟူသော ဝိသေသနပုဒ်အရ– မြတ်စွာဘုရား၏ ဟောတော်မူခြင်းသည် မုချအားဖြင့်ရ၏။ ယင်း–၏ မြတ်စွာဘုရားဒြဗ်နှင့် ဠာံနီ ဠာန–စပ်။

ကမုဓာတ်အရ–မြတ်စွာဘုရား၏ ဆန္ဒပြဓာန်းသော စိတ္တုပ္ပါဒ်သည် မုချအားဖြင့် ရ၏။
ရှေးရှေး၌ဖြစ်သော မဟာကြိယာစိတ္တုပ္ပါဒ်တို့သည် ဖလူပစာအားဖြင့် ရ၏။

နောက်နောက်၌ဖြစ်သော ဒုက္ခပဋိပဒံ ဒန္ဓာဘိညံ– စသော သဝိညတ္တိက ဝစီဘေဒ သဒ္ဒသည် ကာရဏူပစာအားဖြင့် ရ၏။

ဏပစ္စည်းအရ– ထို– သော မြတ်စွာဘုရားဒြဗ်ရ၏။

ဒေသေတုကာမ–၌ ဓာတွတ္ထအရကား– မြတ်စွာဘုရား၏ ဆန္ဒပြဓာန်းသော စိတ္တုပ္ပါဒ်ရ၏။
ဗာဟျတ္ထ ပစ္စယတ္ထ အရကား– မြတ်စွာဘုရားရ၏။

---

## ၈။ အဖြေ

၁။ မြတ်စွာဘုရား၏ ဆန္ဒပြဓာန်းသော စိတ္တုပ္ပါဒ်သည် ဒဿနတ္ထ။

၂။ မဟာကရုဏာတော်သည် ဒီပကတ္ထ။

၃။ ဒုက္ခပဋိပဒံ ဒန္ဓာဘိညံ–စသော သဝိညတ္တိက ဝစီဘေဒသဒ္ဒသည် အကျိုးပကာသနတ္ထ။

http://www.dhammadownload.com



၄။ ရှေးရှေး၌ဖြစ်သော ပါရမီဉာဏ် ဝိပဿနာဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့သည် ဝိဘာဝတ္ထ။ (အကြောင်း)

၅။ ဒုက္ခပဋိပဒ် ဒန္ဓာဘိညာ-စသော ကျင့်စဉ်ကို ဝေနေယျတို့ ကြားနာရခြင်း၊ ကြားနာရသဖြင့် သိရခြင်း၊ သိရသဖြင့် ကျင့်ရခြင်းအစ နိဗ္ဗာန်တိုင်အောင်သော အကျိုး တို့သည် အနုဘာဝတ္ထ။

ဒေသေတုကာမဿ ဘာဝေါ ဒေသေတုကာမတာ။

တဒ္ဓိတ်ပုဒ်အရ- ဟောခြင်းငှါအလိုရှိတော်မူသော မြတ်စွာဘုရားဒြဗ်သည် မုချ။ ယင်း-၏ ဆန္ဒပြဓာန်းသော စိတ္တုပ္ပါဒ်နှင့် ဌာန ဌာနီစပ်။

တာ-ပစ္စည်းအရ - မြတ်စွာဘုရား၏ ဆန္ဒပြဓာန်းသော စိတ္တုပ္ပါဒ်ရ၏။

ဒေသေတုကာမ-၌ ဓာတွတ္ထ အရနှင့် ဒေသေတုကာမတာ-၌ တာပစ္စည်းအရ အရကောက်တူသည်။ ဆန္ဒပြဓာန်းသော စိတ္တုပ္ပါဒ်ချည်းသာ။

ကိလေသေတီတိ ကိလေသော-ဟု ပြု။ (ကိလိသဓာတ်၊ ဏပစ္စည်း)

**ဝိက္ခမ္ဘေတီတိ ဝိက္ခမ္ဘေန္တော။**

ဝိ ပုဗ္ဗ၊ ခဘိဓာတ်၊ ဝါ- ခမ္ဘဓာတ်၊ စုရာဒိဏေပစ္စည်း၊ အန္တပစ္စည်း။

(အဖြောင့်) ယော ပုဂ္ဂလော ကိလေသော ဝိက္ခမ္ဘေတိ ဣတိ သော ဝိက္ခမ္ဘေန္တော။

ဝိ-ဥပသာရ အရ- မာတွတ္ထာနုဝတ္တကဘောဂုဏ်ရ၏။

ခဘိဓာတ်အရ, ဝါ- ခမ္ဘဓာတ်အရ- ကိလေသာတို့ကို ပယ်ခွါတတ်သောပုဂ္ဂိုလ်၏ ဝိပဿနာကုသိုလ်စိတ္တုပ္ပါဒ်သည် မုချ။

ရှေးရှေး၌ဖြစ်သော ယောနိသော မနသိကာရ စသည်တို့သည် ဖလူပစာ။

နောက်နောက်၌ဖြစ်သော အကုသိုလ်စိတ္တုပ္ပါဒ်သည် ကာရဏူပစာ။

ဏေပစ္စည်းအရ- ရူပသိဒ္ဓိမတ္တ ပဒသိလိဋ္ဌဘောဂုဏ်ရ၏။

အန္တပစ္စည်းအရ- ထို- သော ကိလေသာတို့ကိုပယ်ခွါတတ်သော ပုဂ္ဂိုလ်ရ၏။

ကိလမတီတိ ကိလမန္တော။ ကိလမုဓာတ်၊ အန္တပစ္စည်း။

(ဝိက္ခမ္ဘေတိ-၏ ဉာဏ်ကောက်ကို ဝိက္ခမ္ဘေန္တော-နှင့် အတူကောက်လေ)

သုခ ဒုက္ခ တက္ကိရိယာယံ- ထိုချမ်းသာခြင်း, ဆင်းရဲခြင်း အမူအရာ၌ ဖြစ်၏။

ဝိက္ခမ္ဘိယန္တေတိ ဝိက္ခမ္ဘိတာ။

ကိလေသေန္တီတိ ကိလေသာ။

✝ ဝိက္ခမ္ဘိတာ ကိလေသာ ယေန သော ဝိက္ခမ္ဘိတကိလေသော။ (ယော၊၁၂၇)

http://www.dhammadownload.com



ယေန ပုဂ္ဂလေန-သည်၊ ဝိက္ခမ္ဘိတာ- ပယ်ခွါအပ်ကုန်ပြီးသော၊ ကိလေသာ- တို့သည်။ သန္တိ၊ သော ပုဂ္ဂလော၊ ဝိက္ခမ္ဘိတကိလေသော။

သမာသ်ပုဒ်အရ- ပယ်ခွါအပ်ပြီးသော ကိလေသာ၊ ဝါ- ကိလေသာ၏ မရှိခြင်းသည် မုချအားဖြင့် ရ၏။ ယင်း-၏ ပုဂ္ဂိုလ်ဒြဗ်နှင့် အဘာဝ ဘာဝ စပ်။ ယ-အညပုဒ်အရ- ထို-သော ပယ်ခွါအပ်ပြီးသော ကိလေသာရှိသော ပုဂ္ဂိုလ်ရ၏။

**ဝိပဿနာ** = အနိစ္စာဒိဝသေန ဝိဝိဓေန အာကာရေန ပဿတီတိ ဝိပဿနာ။ ဝိ+ဒိသ+ယု၊ ဣတ္ထိ အာ။

ယာ ဓမ္မဇာတိ၊ အကြင်တရားသဘောသည်-ဟုငင်း၊ (သို့မဟုတ်) ယံ ဉာဏံ- အကြင် ဉာဏ်သည်-ဟုငင်း ကတ္တားထည့်စွက်၍ အနက်ယောဇနာလေ။

ဝိ-အရ ဝိဝိဓာကာ်ရ-ဟူသော အထူးထူးသော အခြင်းအရာ ရ၏။ ဒိသဓာတ်အရ - အနိစ္စစသည်၏ အစွမ်းဖြင့် ရှုသော ဉာဏ်၏ သတ္တိ, လက္ခဏ, သဘာဝရ၏။ ယုပစ္စည်းအရ- သတ္တိမန္တ, လက္ခဏဝန္တ, သဘာဝဝန္တဖြစ်သော ဉာဏ်ရ၏။

ပရိဝသနံ ပရိဝါသော။ ပရိ = ဝသ+ဏ။

ဝိပဿနာယ ပရိဝါသော ဝိပဿနာပရိဝါသော။

## ဝိပဿနာ ပရိဝါသံ ဝသန္တော အဓိပ္ပါယ်

ဝိပဿနာ ပရိဝါသံ ဝသန္တောတိ ဝိပဿနံ ကရောန္တောတိ အဓိပ္ပါယော။ (ယောဇနာ၊ ၁၂၇)

မဂ္ဂဿ ပါတုဘာဝေါ မဂ္ဂပါတုဘာဝေါ။

ဒန္ဓ = ဒဓိ+အ။ (နီတိဓာတု၊ ၁၀၉။ ဓာတွတ္ထသင်္ဂဟ၊ ၁၈၅။)
ဤအလို – လေးသော (ဝါ) ထိုင်းသောအနက်ရ၏။

တစ်နည်း။ ဒမဓာတ် (သို့မဟုတ်) ဒမုဓာတ်+ဓပစ္စည်း။
ဒမေတဗ္ဗောတိ ဒန္ဓော။ ဖျင်းခြင်းဟူသောအနက်ရ၏။ (ဓဋ္ဌော -ရ၏။ဏွာဒိ၊၉၈)
ဒန္ဓနံ ဒန္ဓော။ လေးခြင်း။

**အဘိညာ** = အဘိဇနနံ အဘိညာ။ အဘိ+ဉာ+အ+ဣတ္ထိ အာ။

ဒန္ဓာ စ သာ အဘိညာစာတိ ဒန္ဓာဘိညာ။ လေးသောအဘိညာဉ်။ ဤအလို- ပုဂ္ဂိုလ်ကို မရ၊ ပုဂ္ဂိုလ်ကိုရလိုလျှင် ဗဟုဗ္ဗီဟိသမာသ် ပြုလုပ်ရမည်။

**ကောစိ** = ကိံသဗ္ဗနာမ်ပုဒ်၊ စိနိပါတ်ပုဒ်။

✪ ကိံသဒ္ဒါနောက်၊ စိလျှင်ရောက်က၊ အပ္ပဝါစကာ၊ ရေ့မှာယံကြုံ၊ လုံးစုံ သကလ၊ သဒ္ဒရုပ်သွား၊ မထူးခြား၊ မှတ်သား ကိံသဒ္ဒါအဖို့တည်။

http://www.dhammadownload.com



ပုလ္လိင်၌ – ယောကောစိ၊ ဣတ္ထိလိင်၌ – ယာကာစိ၊ နပုလ္လိင်၌– ယံကိဉ္စိ ဟု ဖြစ်၏။

**ဝါရော** = ဝရ+ဏ။ ပုလ္လိင်။

✝ အထဝါ ယော ကောစိ ဝါရော ဒုက္ခပဋိပဒါ ဒန္ဓာဘိညောနာမ အာစရိယေဟိ ကတော။ (ယောဇနာ၊ ၁၂၇)

**နာမကတော–ကို သမာသ်ကြံ၍ အနက်ပေးပုံ**

ယော ကောစိ ဝါရော–သည်၊ နာမကတော– အဋ္ဌကထာဆရာတို့သည် ပြုအပ်သော အမည်ရှိသည်၊ ဟောတိ–ဖြစ်၏။

နာမနှင့် ကတ သမာသ်တွဲသောအခါ၌ နာမသဒ္ဒါကား နာမ်ပုဒ်။

ဒုက္ခပဋိပဒါ ဒန္ဓာဘိညောနာမ–ဟု ရှေ့ပုဒ်နှင့် နာမသဒ္ဒါတွဲသောအခါ၌ (ဝါကျကြံသော အခါ၌) နာမသဒ္ဒါကား နိပါတ်ပုဒ်။

ဏီ၊ဋ္ဌ၊၂၂၇–၌ ဒန္ဓာဘိညာ အဿာတိ ဒန္ဓာဘိညံ–ဟု ဝိဂြိုဟ်ဆိုသည်။ ဤအလို – ဈာန်ကိုရသည်။

ဒုက္ခပဋိပဒါ ဒန္ဓာဘိညာ အဿ ဝါရဿာတိ ဒုက္ခပဋိပဒါ ဒန္ဓာဘိညော။ ဤအလို– ဝါရ ရ၏။

---

**၆။ အဖြေ**

ပတ္တတ္တာယ–ဖြင့် ပတ္တိယာ–၌ ပတ္တိသဒ္ဒါ၏ ရောက်ခြင်းအနက်ကို ဟောသည်ကိုင်း၊[၁] (ဝါ) ပတ္တိ–၌ တိပစ္စည်း၏ ဘာဝသာဓနေတ္တ၌သက်သည်ကိုင်း၊[၂] ပဋ္ဌနံ ပတ္တိ–ဟု ဘာဝသာဓန ဝစနတ္ထ ပြုရမည်ကိုင်း[၃] သိစေပါသည်။ ၁။ နာမလိင်္ဂတ္ထ။ ၂။ ဒု–ပစ္စယတ္ထ။ ၃။ အဘိဓာနတ္ထ။

ဤကား– ပတ္တိ–ကို ပတ္တ–ဟု ဖွင့်သောအာဘော်တည်း။

ပတ္တိယာ–၌ ယာ သဒ္ဒါသည် နာဝိဘတ်၏ ကာရိယမဟုတ်၊ သဝိဘတ်၏ ကာရိယ၏ အဖြစ်ကိုင်း၊[၁] သဝိဘတ်၏ တဒတ္ထသမ္ပဒါန်အနက်၌ သက်သည်ကိုင်း[၂] သိစေပါသည်။

၁။ ဝိဘတ္တိပဒ။ ၂။ ဝိဘတျတ္ထ။

(ပတ္တိယာ–၌ ယာ–ပုဒ်ကို အတ္တာယ–ဟုဖွင့်သော အာဘော်တည်း။)

ပဋိလာဘာယ–ဖြင့် ရောက်ခြင်းဟူသည် ရခြင်းပင်တည်းဟု သိစေသည်။ (ဘာဝတ္ထ)

သောတာပတ္တိဖလသစ္ဆိကတာယ–ဖြင့် ပထမ သာမညဖလ အရ– သောတာပတ္တိ ဖိုလ်ကို ယူရမည်ဟု သိစေပါသည်။ (အဘိဓေယျတ္ထ)

**အနက်ပေး။** ပဌမာယ၊ သော။ ဘူမိယာ၊ သောတာပတ္တိဖိုလ်သို့။ ဝါ–ကို။ ပတ္တိယာ၊ ရောက်ခြင်း အကျိုးငှါ။ (သဒ္ဒတ္ထ) ဝါ– ရခြင်းအကျိုးငှါ။ (အဓိပ္ပါယတ္ထ)

http://www.dhammadownload.com



ဝိဝိစ္စိတွာ–ဖြင့် ဝိဝိစ္စ၌ ဝိပုဗ္ဗ+ဝိစဓာတ်၏အဖြစ်ကိုင၄း၊[၁] စ္စ သဒ္ဒါသည် ပဏ္ဏိစ္စ–စသည်၌ကဲ့သို့ ဏျပစ္စည်း၏ ကာရိယမဟုတ်၊ တွာပစ္စည်း၏ ကာရိယ၏အဖြစ်ကိုင၄း၊[၂] သိစေပါသည်။

၁။ ဒု–ဓာတုပဒ။ ၂။ ဒု–ပစ္စယပဒ။

ဝိနာ ဟုတ္ဝာ–ဖြင့် ဝိဝိစ္စ–၌ ဝိပုဗ္ဗ+ဝိစဓာတ်၏ ဝိဝေစန= (ကင်းဆိပ်ခြင်း) အနက်ဟော၏အဖြစ်ကိုင၄း၊[၁] ဝိဥပသာရ၏ဓာတွတ္ထာနုဝတ္တက၏အဖြစ်ကိုင၄း၊[၂] သိစေ ပါသည်။

၁။ ဒု–ဓာတွတ္ထ။ ၂။ ဥပသဂ္ဂလိင်္ဂတ္ထ။ (ဤကား ပါရာ၊ ဂံ၊ သစ်အလိုတည်း။)

**တစ်နည်း။** ဝိနာ ဟုတ္ဝာ–ဖြင့် ဝိပုဗ္ဗ ဝိစဓာတ်၏အဖြစ်ကိုလည်းကောင်း၊[၁] ဝိ–ဥပသာရ၏ဓာတွတ္ထဗာဓက၏အဖြစ်ကိုလည်းကောင်း၊[၂] သိစေသည်။ ၁။ ဒု–ဓာတွတ္ထ။ ၂။ ဥပသဂ္ဂလိင်္ဂတ္ထ။

✪ ကတ္တား သတ္တိ၊ ယုတ်ညွှဘိ၊ ကူဘိ ကရိဏ်းသာ။

ဝိစဓာတ်နက် သရုပ်ကား– သမုစ္ဆေဒ ဝိဝေကဝသေနတည်း။ (နီ–ဂဏ္ဌိသစ်၊ ၅၅၉)

## ဂဏ္ဌိသစ်အလို အာဘော်

သမုစ္ဆေဒဝိဝေကဝသေန– ဖြင့် ဝိဝိစ္စ–၌ ဝိစဓာတ်အရ တဒင်္ဂဝိဝေက၊ ဝိက္ခမ္ဘန ဝိဝေကကို မယူရ၊ သမုစ္ဆေဒဝိဝေကကို ယူရမည်ဟု သိစေပါသည်။ (အဘိဓေယျတ္ထ)

**တစ်နည်း။** သမုစ္ဆေဒဝိဝေကဝသေန–ဖြင့် ဆိပ်၏ဟူသည် တဒင်္ဂဝိဝေက၊ ဝိက္ခမ္ဘနဝိဝေက၏အစွမ်းဖြင့် ဆိပ်သည်မဟုတ်၊ သမုစ္ဆေဒဝိဝေက၏ အစွမ်းဖြင့် ဆိပ်သတည်းဟု သိစေပါသည်။ (ဘာဝတ္ထ) (ဤကား– အဓိပ္ပါယ်စာစပ်၌ ဖော်နည်းတည်း။)

✝ သမုစ္ဆေဒဝိဝေကဝသေနာတိ ဧတ္ထ အပါယဂမနီယာနံ အစ္စန္တသမုစ္ဆေဒေါ ဣတာရေယသမွဝိဖ္ဗုလတောဘာဝသေန ဝိယ တမ္မသ သမုစ္ဆေဒေါ ဒဋ္ဌဗ္ဗော။ (မူလဋီ၊ ၁၊ ၁၁၁)

## ၎င်းဋီကာအလို အာဘော်

သမုစ္ဆေဒဝိဝေကဝသေန–ဖြင့် ကင်းဆိပ်၏ဟူသည် အပါယ်လားကြောင်းဖြစ်သော ကိလေသာတို့ကို စင်စစ် ကောင်းစွာဖြတ်ခြင်း–အပါယဂမနီယမဟုတ်သော ကိလေသာတို့ကို တဒင်္ဂဖြတ်ခြင်း၏ အစွမ်းအားဖြင့် ကင်းဆိပ်ခြင်းပင်တည်းဟု သိစေ ပါသည်။ (ဘာဝတ္ထ)

---

## ၇။ အဖြေ

✝ လောကိယဈာနမ္ပိတိ အပိသဒ္ဒေါ လောကုတ္တရံ အပေက္ခတိ။ (ယောဇနာ၊၁၂၇)

## အပိသဒ္ဒါအနက်များ

သမုစ္စယေ အပေက္ခေစ၊ သမ္ဘာဝနေစ နိဒ္ဒါယံ။

ပိသဒ္ဒေါစ အပိသဒ္ဒေါ၊ စတွတ္ထေသု ပကာသိတော။ (ဂန္ထာဘရဏ)

လောကိယဈာနမ္ပိ–၌ အပိသဒ္ဒါကား လောကုတ္တရာဈာန်ကိုငဲ့ခြင်း အပေက္ခန အနက်ရှိပါသည်။

http://www.dhammadownload.com



## သမ္ဘာဝနာပေါင်းပုံ

**တစ်နည်း။** လောကီယဈာနမ္ဂ-၌ အပိသဒ္ဒါကား ဂရဟာဇောတက။ သမ္ဘာဝနာကို ပေါင်းသည်။

လောကီဈာန်သော်မှလည်း ပဋိပဒါနှင့်ကင်း၍ မပြည့်စုံ၊ လောကုတ္တရာဈာန်မူကား အဘယ်ဆိုဖွယ်ရာရှိပါအံ့နည်း။ အကျင့်နှင့်ကင်း၍ မပြည့်စုံသည်သာလျှင်တည်း။

### ကိဥ္စာပိ, ယဒိပိ, ကာမဉ္စ-၌ သမ္ဘာဝနာ, ဂရဟာခွဲပုံ

ငင်းဝါကျမျိုးတွင် စောဒကာဘောဂ-ဟူသော ရှေ့ဝါကျ၊ ပရိဟာရာ ဘောဂ, ပရိဟာရ-ဟူသော နောက်ဝါကျဟု နှစ်မျိုးရှိ၏။ ထိုတွင်-

၁။ ရှေ့ဝါကျမှာ န-ပါ၊ နောက်ဝါကျမှာ န-မပါလျှင် ရှေ့ဝါကျ ဂရဟာဝါကျ။ (ဝါ) အရုစျတ္ထ။ နောက်ဝါကျကို သမ္ဘာဝါနာဝါကျ။ (ဝါ) အနုဂ္ဂဟတ္ထဝါကျဟု မှတ်။

၂။ ရှေ့ဝါကျမှာ န-မပါ၊ နောက်ဝါကျမှာ န-ပါလျှင် ရှေ့ဝါကျ သမ္ဘာဝါနာဝါကျ။ နောက်ဝါကျကို ဂရဟာဝါကျဟု မှတ်။

၃။ ရှေ့ဝါကျမှာလည်း န-မပါ၊ နောက်ဝါကျမှာလည်း န-မပါလျှင် ရှေ့ဝါကျ သမ္ဘာဝါနာဝါကျ။ နောက်ဝါကျကို ဂရဟာဝါကျဟု မှတ်။

၄။ ရှေ့ဝါကျမှာလည်း န-ပါ၊ နောက်ဝါကျမှာလည်း န-ပါလျှင် ရှေ့ဝါကျ သမ္ဘာဝါနာဝါကျ။ နောက်ဝါကျကို ဂရဟာဝါကျဟု မှတ်။

က-ဝါကျ၌ ကိဥ္စာပိ-ကား ဂရဟာဇောတက (ဝါ) အရုစျတ္ထ ဇောတကတည်း။

ဧဝံ သန္တေပိ-၌ ပိသဒ္ဒါကား သမ္ဘာဝါနာဇောတကတည်း။

**မှတ်ချက်။** ဤနည်းကား အာဂမကျောင်းဆရာတော် ဦးဝိစိတ္တာဘိဝံသ၏နည်းတည်း။

သဒ္ဓိံယေဝ-၌ ဧဝသဒ္ဒါ၏ ဂဟေတဗ္ဗကား- ပဋိပဒါနှင့်တကွ ဖြစ်ခြင်းတည်း။ နိဝတ္တေတဗ္ဗကား- ပဋိပဒါနှင့် ကင်းခြင်းတည်း။ အနညာတကား - ပဋိပဒါနှင့်တကွသာလျှင်ဟောတော်မူသော မြတ်စွာဘုရားတည်း။

**မှတ်ချက်။** သဒ္ဓိံယေဝ-၌ သဟတ္ထဘောဂဏ်ကိုကောက်သဖြင့် ဒြဗ်ကို အနညာတ ထုတ်ခြင်း ဖြစ်သည်။

### အာဒိတော၀-၌ ဂဟေတဗ္ဗာဒိထုတ်ပုံ

၁။ အစသည် ဂဟေတဗ္ဗတ္ထ။ (အစ-ဟူသည် အချိန်အခါကို ဆိုလိုသည်)

၂။ မဇ္ဈေပရိယောသာနသည် နိဝတ္တေတဗ္ဗတ္ထ။

၃။ အစ-၌ ပယ်ခွါသော ပုဂ္ဂိုလ်ဒြဗ်သည် အနညာတတ္ထ။

**စာစပ်။** အာဒိတော၀ ကား- ဝိက္ခမ္ဘေတိ-၌ ကာလ, သတ္တမီ, အာဓာရ။ ဝိက္ခမ္ဘေတိ-ကား ကာလဝန္တ, အာဓိ-တည်းဟု စာစပ်ပါ။

http://www.dhammadownload.com



ဂ-ဝါကျတွင် ပထမဝါကျ၌ ပဓာနကား ပါပုဏာတိတည်း။

ပါပုဏာတိ-ကား အာချာတ်ပုဒ်ဖြစ်သောကြောင့် ဝိဂြိုဟ်မဆိုကောင်း။ ပပုဗ္ဗ အပဓာတ်၊ ဥဏာပစ္စည်း၊ တိဝိဘတ်။

မှတ်ချက်။ ပဝတ္တာယ-ကို ပဋိလဘတ္တာယ-ဟု ဖွင့်သလို ပါပုဏာတိ- ကို ပဋိလဘတိ-ဟု ဖွင့်ရလိမ့်မည်။

ပ-ဟူသော ဥပသာရပုဒ်အရကား- ဓာတွတ္ထာနုဝတ္တက ဘောဂုဏ်တည်း။

အပဓာတ်အရကား- ပယ်ခွါအပ်ပြီးသော ကိလေသာရှိသော ဝိပဿနာတရားကို အားထုတ်သောသူ၏ ကြာမြင့်မှ မဂ်၏ ထင်ရှာဖြစ်ခြင်းသို့ ရောက်ခြင်း၊ ဝါ- မဂ်ကိုရခြင်းသည် မုချအားဖြင့် ရ၏။

ရှေးရှေး၌ဖြစ်သော ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘူ-ဟူသော ဥပစာရ သမာဓိဇောသည် ဖလူပစာရတ္ထအားဖြင့် ရ၏။

နောက်နောက်၌ဖြစ်သော သောတာပတ္တိဖိုလ်သည် ကာရဏူပစာအားဖြင့် ရ၏။

ဥဏာပစ္စည်းအရကား- ရူပသိဒ္ဓိမတ္တ ပဒသိဒ္ဓိလိင်္ဂဘောဂုဏ်ရ၏။

တိဝိဘတ်အရကား- ထို-သော မဂ်၏ ထင်ရှာဖြစ်ခြင်းသို့ ရောက်သော ဝါ- မဂ်ကိုရသော ပုဂ္ဂိုလ်ဒြဗ်သည် အပဓာနအားဖြင့် ရ၏။

ထိုသို့ပင်ရငြားသော်လည်း အာချာတ်ကြိယာတို့၏သဘောသည် ကြိယာကိုသာ ပဓာနအားဖြင့် ဟောမြဲဖြစ်သောကြောင့် ဆိုအပ်ခဲ့ပြီးသော ဓာတွတ္ထသည်သာလျှင် ပဓာနအားဖြင့် ရ၏။

## ပါပုဏာတိ- ၌ ကြိယာငါးတန်ထုတ်ပုံ

၁။ ပယ်ခွါအပ်ပြီးသော ကိလေသာရှိသော ဝိပဿနာတရားကို အားထုတ်သောသူ၏ မဂ်၏ ထင်ရှာဖြစ်ခြင်းသို့ ရောက်ခြင်း၊ ဝါ- မဂ်ကိုရခြင်းသည် ဒဿနတ္ထ။

၂။ ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘူ-ဟူသော ဥပစာရ သမာဓိဇောသည် ဒီပကတ္ထ။

၃။ သောတာပတ္တိဖိုလ်သည် ပကာသနတ္ထ။

၄။ ရှေးရှေး၌ဖြစ်သော ပါရမီဉာဏ်,ဝိပဿနာဉာဏ်တို့သည် ဝိဘာဝတ္ထ။

၅။ ပစ္စဝေက္ခဏာဉာဏ်အစ - အထက်မဂ်ဖိုလ်ဉာဏ် နိဗ္ဗာန်တိုင်အောင်သော အကျိုးတရားတို့သည် အနုဘာဝတ္ထ။

ဝိက္ခမ္ဘိယန္တေတိ ဝိက္ခမ္ဘိတာ။ (ကိလေသာ ရ၏)

(အဖြောင့်) အရိယေဟိ၊ ယေ ကိလေသာ၊ ဝိက္ခမ္ဘိယန္တေ၊ ဣတိ တသ္မာ၊ တေ ကိလေသာ၊ ဝိက္ခမ္ဘိတာ။

ဝိပုဗ္ဗ+ခဘိဓာတ် (ဝါ) ခမ္ဘဓာတ်+တပစ္စည်း။

ဝိ-အရ ဓာတွတ္ထာနုဝတ္တကဘောဂုဏ်ရ၏။

http://www.dhammadownload.com



ခဘိဓာတ်အရ (ဝါ) ခမ္မဓာတ်အရ- ကတ္တုဋ္ဌကြိယာကား အရိယာပုဂ္ဂိုလ်တို့၏ ကိလေသာကို ပယ်ခွါခြင်း ပဟာနသတ္တိသည် မုချအားဖြင့် ရ၏။ ကမ္မဋ္ဌကြိယာအရကား- ကိလေသာတို့၏ ပစ္စယုပ္ပန္နဘောရ၏။ တပစ္စည်းအရကား - ပယ်ခွါပြီးသော ကိလေသာတို့ ဒြဗ်ရ၏။ (ဝိသေသန ဆက်ကောက်)

ဓာတွတ္ထ အရ- အရိယာပုဂ္ဂိုလ်တို့၏ပဟာနသတ္တိရ၏။

ပစ္စယတ္ထ အရ- ကိလေသာတို့ရ၏။ (ပစ္စည်းပြိုင်မရ၊ ပဟာယက ပဟာတဗ္ဗသာ ဖြစ်သည်။)

## ဝိပဿနာ-၌ ကြိယာငါးတန်

၁။ ဝိပဿနာဉာဏ်သည် ဒဿနတ္ထ။

၂။ ယောနိသောမနသိကာရ, သပ္ပုရိသူပနိဿယ, ပတိရူပဒေသစသည်သည် ဒီပကတ္ထ။

၃။ ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘူ-ဟူသော ဥပစာရ သမာဓိဇောသည် ပကာသနတ္ထ။

၄။ ရှေးရှေး၌ဖြစ်သော ပါရမီဉာဏ်တို့သည် ဝိဘာဝတ္ထ။

၅။ နောက်နောက်၌ဖြစ်သောမဂ်ဉာဏ်ဖိုလ်ဉာဏ်တို့သည် အနုဘာဝတ္ထ။

က-ဝါကျ၌ ပဓာနကား အာဟတည်း။ ဗြူဓာတ်၊ အဝိဘတ်။

ဗြူဓာတ်အရကား-ဘုရားရှင်၏ ကရုဏာပုဗ္ဗင်္ဂမ ဒေသနာဉာဏ်သည် မုချအားဖြင့် ရ၏။

ရှေးရှေး၌ဖြစ်သော ပါရမီဉာဏ် ဝိပဿနာဉာဏ် မဂ်ဉာဏ်ဖိုလ်ဉာဏ်တို့သည် ဖလူပစာ အားဖြင့် ရ၏။

နောက်နောက်၌ဖြစ်သော ဒုက္ခပဋိပဒါ ဒန္ဓာဘိညာစသော သဝိညတ္တိက ဝစီဘေဒ သဒ္ဒသည် ကာရဏူပစာအားဖြင့် ရ၏။

အဝိဘတ်အရကား - မြတ်စွာဘုရားဒြဗ်သည် အပဓာနအားဖြင့် ရ၏။

အာချာတ်ကြိယာတို့၏ သဘောသည် ကြိယာကိုသာ ပဓာနအားဖြင့် ဟောမြဲဖြစ်သော ကြောင့် ဆိုအပ်ခဲ့ပြီးသော ဓာတွတ္ထသည်သာလျှင် ပဓာနအားဖြင့် ရ၏။

ဓာတွတ္ထ အရ- မြတ်စွာဘုရား၏ ကရုဏာပုဗ္ဗင်္ဂမ ဒေသနာဉာဏ်ရ၏။

## ၁၀။ အဖြေ

က-ဝါကျ၌ ရသင့်သောတရားကား အာဟ ကြိယာ၏ ဓာတွတ္ထအရ ဖြစ်သော မြတ်စွာဘုရား၏ ကရုဏာပုဗ္ဗင်္ဂမ ဒေသနာဉာဏ်တည်း။

ယင်း ကရုဏာပုဗ္ဗင်္ဂမ ဒေသနာဉာဏ် ပစ္စည်းတရားက- ဒုက္ခပဋိပဒ် ဒန္ဓာဘိည်-စသော သဝိညတ္တိက ဝစီဘေဒသဒ္ဒအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ပြိုင် = သဟဇာကြီး-၄၊ အညမည၊ သမ္ပယုတ္တ၊ ဟေတု၊ အဓိပတိ၊ ဣန္ဒြိယ၊ မဂ္ဂ=ဤ ၁၀- ပစ္စည်းတည်း။

http://www.dhammadownload.com



ဒုက္ခပဋိပဒံ ဒန္ဓာဘိညံ– စသောကံပုဒ်သည် မနသာ ဝဝတ္ထပိတသဒ္ဒ ဖြစ်အံ့ – အာဟပုဒ်၌ အန္တတ္ထအရ ကရဏာပုဗ္ဗဂ်မ ဒေသနာညာဏ် ပစ္စယုပ္ပန်တရားအား အာရမ္မဏာသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ပြိုင် = အာရမ္မဏ၊ အဓိပတိ၊ ဥပနိဿယ = ဤ ၃–ပစ္စည်းတည်း။

---

(က) တတ္ထ အနညတညဿာမိတိန္ဒြိယန္တိ –ပ– ဥပ္ပန္နံ ဣန္ဒြိယံ။ (ခ) လက္ခဏာဒီနိ –ပ– ဝေဒိတဗ္ဗာနိ။(ဂ) သုန္ဒရာ–ပ–သမ္မာဝါစာ။ (ဃ) ဝစီဒုစ္စရိတ–ပ–အဓိဝစနံ။ (၄၂၆၁)

၁။ က–ဝါကျ၌ သံဝဏ္ဏေတဗ္ဗပုဒ်များကို သံဝဏ္ဏနာနှင့်အညီ အနက်ပေးပါ။

၂။ ခ–ဝါကျကို ပါပနာရောပနာဒိ ဋ္ဌပနာပဋ္ဌကကျမ်းတက်ပြီး ဃ–ဝါကျကို ဋ္ဌပနာပြ ဒေါသလက္ခဏာစသော နိယံနှင့်အညီ ကျမ်းတက်ခဲ့ပါ။

၃။ က–ဝါကျ၌ ဝါသဒ္ဒါ၊ ဂ–ဝါကျ၌ ဝါသဒ္ဒါ ထားရခြင်းအကြောင်းကို ဖော်ပြ၍ ခ–ဂ–ဃ–ဝါကျတို့ဖြင့် ပယ်အပ်သောဒေါသတို့ကို ရေးသားခဲ့ပါ။

၄။ က–ဝါကျ၌ အနညာတံ ကို အစိပ်အပေါင်း ဝိဂ္ဂဟပြု၍ အပေါင်း ဝိဂ္ဂဟကိုသာ ဇျူပ္ပတ္တိစတုက္ကထုတ်ပြခဲ့ပါ။

၅။ က–ဝါကျ၌ ပဒ စသည် ဝေဘန်၍ သမုဋ္ဌိင္ဋိကာယ–၌ ဓာတု၊ ဓာတွတ္ထ၊ ပစ္စယ၊ ပစ္စယတ္ထ၊ လိင်္ဂ၊ ဂဏ၊ ကာရန္တတို့ကိုလည်း ရေးသားခဲ့ပါ။

၆။ က, ဂ, ဃ–ဝါကျတို့၌ အဋ္ဌကထာဆရာ၏ အာဘော်ကိုဖော်ပြ၍ သံဝဏ္ဏနာ အမည်များကိုလည်း ရေးသားခဲ့ပါ။

၇။ က–ဝါကျ၌ စတုသစ္စ ဓမ္မမေဝ–ဝယ် ဝေသဒ္ဒါ၏ ဂဟေတဗ္ဗာဒိကိုဖော်ပြ၍ အနမတဂ္ဂေ–၌ ပါဝင်သော နိပါတပဒ၏ နိပါတတ္ထကိုလည်း ရေးခဲ့ပါ။

၈။ အနညာတံ–အရ တရားကိုယူ၍ ကြိယာငါးတန် ထုတ်ခဲ့ပါ။

၉။ အနညတညဿာမိတိန္ဒြိယံပုဒ်၏ လက္ခဏာဒိစတုက္ကကိုဖော်ပြပါ။

၁၀။ ဓာနိဿာမိ–၌ ဓာတ်အရ တရားအား ပထမကံပုဒ်အရတရားက အဘယ်မျိုး အဘယ် ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုပါသနည်း။

## ခ–ဝါကျ အနုသန္ဓေ

ဤသို့ က–ဝါကျဖြင့် အနညာတညဿာမိတိန္ဒြိယံ–ဟူသောပုဒ်၏ အဘိဓေယျတ္ထ, အဘိဓာနတ္ထ(ဝါ)ဝစနတ္ထကို ဖွင့်ပြတော်မူပြီး၍ ယခုအခါ၌ အနညာတည–ဿာမိတိန္ဒြိယံပုဒ်၏ လက္ခဏစသည်ကို အတိဒေသသံဝဏ္ဏနာ နည်းအားဖြင့် ဖွင့်ပြခြင်းငှါ ဝါ– သည် ခ–ဝါကျကိုမိန့်။

http://www.dhammadownload.com



## ခ–ဝါကျသို့ ပါပနာရောပနာဒိ တက်ပုံ

ဆရာ၊ သဲည် က–ဝါကျဖြင့် အနုညာတညသာမိတိန္တြယ်ပုဒ်၏ အဘိဓေယျတ္ထ, အဘိဓာနတ္ထ(ဝါ)ဝစနတ္ထကို ဖွင့်ပြတော်မူ၏။ ထိုသို့သာဆိုချေသော် အနုညာတညသာမိ–တိန္တြယ်ပုဒ်၏ အဘိဓေယျတ္ထ, အဘိဓာနတ္ထသာရှိ၍ လက္ခဏာဒိအတ္ထကား မရှိဟူသော အနက်သည် ရောက်ရာ၏။ စင်စစ်တမူကား အနုညာတညသာမိတိန္တြယ်ပုဒ်၏ အဘိဓေ–ယျတ္ထ, အဘိဓာနတ္ထသာ ရှိသည်မဟုတ်၊ ယင်း၏ လက္ခဏာဒိအတ္ထလည်းရှိ၏။ ယင်းသို့ ဖြစ်သောကြောင့် အနုညာတည–သာမိတိန္တြယ်ပုဒ်၏ လက္ခဏာဒိအတ္ထကိုလည်း ဆိုသင့်ဆိုတန်၏။ ယင်း၏လက္ခဏာဒိအတ္ထကို မဆိုဘဲမနေသင့်မနေတန်၊ (ဝါ) ယင်းပုဒ်၏ အဘိဓေယျတ္ထ,အဘိဓာနတ္ထကိုသာမဆိုသင့်။ အနုညာတညသာမိတိန္တြယပုဒ်၏ လက္ခဏာဒိအတ္ထကား အဘယ်နည်း။ ဤသို့– ပါပနာဒိပဋ္ဌကဖြင့် သူစောဒနာဖွယ်ရှိသော ကြောင့် ခ–ဝါကျကိုမိန့်။

ယင်းဝါကျမျိုးကား– အတိဒေသသံဝဏ္ဏနာဝါကျမျိုးတည်း။ ယင်းဝါကျကို ဝါကျာရမ္ဘဟု မှတ်။

**မှတ်ချက်။** အချို့ကား အတိဒေသသံဝဏ္ဏနာဝါကျကို အကျဉ်းချုံး၍ ညွှန်ပြသောကြောင့် သခေ်ပ–ဟု ဆိုသေးသည်။

က–ဝါကျ၌ ပိဏ္ဍတ္ထကို ၆–နံပါတ် အာဘော်နှင့် ညှိ၍သိလေ။

သုန္ဒရာ–ပ– ပစ္စုပဋ္ဌာနာ တိုင်အောင်သော ဝါကျတို့ကား အနုညာ–တညသာမိတိန္တြယ် ပုဒ်၏ အဖွင့်မှတစ်ပါး သမ္မာဝါစာပုဒ်၏အဖွင့်ကိုပြသောကြောင့် ပက္ခန္တရဝါကျ။

ထို–၍ တတ္ထ–ပ–ဓေဒိတဗ္ဗာနိတိုင်အောင်သောဝါကျတို့ကား အနုညာ–တညသာမိတိန္တြယ် ပုဒ်၏ အဖွင့်ဟူသောအဖို့ကိုပြသောကြောင့် ပက္ခဝါကျ။

ယင်း–ဖြင့် အဇ္ဈာပိတ အပရိပုဏ္ဏဒေါသ ပယ်သည်။

## ဃ–ဝါကျ ဥပစာ

အကျိုးဖြစ်သော သမ္မာဝါစာ = ကောင်းသောစကား (သဒ္ဒရုပ်)၏ သမ္မာဝါစာဟူသော အမည်ကို အကြောင်းဖြစ်သော မိစ္ဆာဝါစာ ဝိရတီ၌ တင်စား၍ အကြောင်းဖြစ်သော မိစ္ဆာဝါစာ ဝိရတီကို သမ္မာဝါစာ အရကောက်ရသောကြောင့် ဖလူပစာသဒ္ဒါမည်၏။ (အနုမာနသိဒ္ဓိ)

✪ အကျိုးထောက်ဆ၊ အကြောင်းသိရ၊ ဖလာနုမာနာ။

## ဃ–ဝါကျ ကျမ်းတက်ပုံ

ဆရာ၊ သည် ဂ–ဝါကျဖြင့် သမ္မာဝါစာပုဒ်ကို သုန္ဒရာဝါစာ ပသတ္ထာ ဝါစာ သမ္မာဝါစာ–ဟု ကမ္မဓာရည်းသမာသ်ဝစနတ္ထပြုရမည်ဟုအဖြစ်ကိုရင်း၊ သမ္မာသဒ္ဒါ သုန္ဒရအနက် ပသတ္ထအနက်ကို ဟောသည်၏အဖြစ်ကိုရင်း ပြဆိုတော်မူ၏။ ဤသမ္မာဝါစာဟူသော အမည်သည် အဘယ်၏အမည် ဖြစ်ပါသနည်း၊ (ကာယ တော် အဓိဝစန်) ဤသမ္မာဝါစာဟူသောအမည်သည် ကောင်းသော စကား၏ အမည်ဖြစ်ပါသလော။ ဤသို့–ကြောင့် ဃ–ဝါကျကိုမိန့်။ (အဓိပ္ပါယ် ပါဠ်ရှေ့ပြောက်ပြန်ပါလေ)

http://www.dhammadownload.com



**မှတ်ချက်**။ ဝါကျာရမ္ဘတက်လိုသော် – သမ္မာဝါစာအရ အဘယ်တရားကို ယူရမည်နည်း၊ သမ္မာဝါစာအရ ကောင်းသောစကားကို ယူရမည်လော–ဟု ဝါကျာရမ္ဘ ကျမ်းတက်ပါလေ။

ဃ–ဝါကျကား ဝါကျာရမ္ဘဝါကျ။ ထို–၌ ဂ–ဝါကျကား အာရဒ္ဓဝါကျ။

## ဃ–ဝါကျ တက်ပုံ

ဆရာ၊ ဆရာသည်၊ ဂ–ဝါကျဖြင့် သမ္မဝါစာပုဒ်ကို သုန္ဒရာ ဝါစာ သမ္မာဝါစာ, ပသတ္ထာ ဝါစာ သမ္မာဝါစာ–ဟု ကမ္မဓာရည်းသမာသ်ဝစနတ္ထပြုရ မည်ဟု သမ္မာဝါစာပုဒ်၏ အဘိဓာနတ္ထကို ဆိုတော်မူ၏။ သမ္မာဝါစာပုဒ်၏ အဘိဓေယျတ္ထကား အဘယ်နည်း၊ သမ္မာဝါစာပုဒ်၏ အဘိဓေယျတ္ထကို မပြပြီလော၊ ဤသို့–ကြောင့် ဃ–ဝါကျကိုမိန့်။

ၚင်း ကျမ်းတက်နှင့်အညီ ဃ–ဝါကျကား သမ္မာဝါစာပုဒ်၏ အဘိဓာနတ္ထ–ဟူသော အဖို့မှတစ်ပါး အဘိဓေယျတ္ထကို ပြသောကြောင့် ပက္ခန္တရဝါကျ။

ထို–၌ သမ္မာဝါစာ–လ– သုန္ဒရာ–တိုင်အောင်သော ဂ–ဝါကျကား သမ္မာဝါစာပုဒ်၏ အဘိဓာနတ္ထ–ဟူသော အဖို့ကိုပြသောကြောင့် ပက္ခဝါကျ။

---

## (၆) အဖြေ

က–ဝါကျ၌ ပဓာနကား အနညာတံ ဇာနိဿာမီတိ ဥပ္ပန္နဣန္ဒြိယံတည်း။ အနညာတည–ဿာမိတိန္ဒြိယံ–၌ အနညာတညဿာမိ–ဟူသော အာချာတ်ပုဒ် ပါဝင် သော်လည်း "ဣတိသဒ္ဒေန သမ္ပန္နတ္ထာ တံ နိပါတပက္ခိကံ ဟုတွာ သမာသပဒတ္တံ ဥပဂစ္ဆတိ။ (နီတိသုတ္တ–၄၂၅) ဣတိသဒ္ဒ–ပရိစ္ဆိန္နော နိပါတော–ဟု (နီတိသျ–၄၂၅–၌) လာ၏။

အနညာတံ ဇာနိဿာမီတိ ဥပ္ပန္နံ ဣန္ဒြိယံ–ဖြင့် အနညာတညဿာမီတိ ဥပ္ပန္နံ ဣန္ဒြိယံ အနညာတညဿာမိတိန္ဒြိယံ–ဟု ကမ္မဓာရည်းသမာသ် (ဝါ) ပထမာတပ္ပုရိသ် သမာသ်ဝစနတ္ထပြုရ မည်ကိုလည်းကောင်း၊[1] ညဿာမိ–၌ ဉာဓာတ်၏ ကီယာဒိ ဂဏိကဓာတ်၏ အဖြစ်ကိုလည်းကောင်း၊[2] သိစေပါသည်။ ၁။ အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ။ ၂။ ဓာတုပဒ။

**မှတ်ချက်**။ ပဋ္ဌမာတပ္ပုရိသော ကမ္မဓာရယော–ဟူသော ရူပသိဒ္ဓိဋီကာစကား အရ– ဥပါဒါယ ပဝတ္တံ ရူပံ ဥပါဒါရူပံ–စသော ပြယုဂ်တို့ကဲ့သို့ မှတ်ရာ၏။

အမတံ ပဒံ–ဖြင့် အနညာတံ အရ– နိဗ္ဗာန်ကိုယူရမည်ဟု သိစေပါသည်။ (အဘိဓေယျတ္ထ)

ဝါ–ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် အနညာတံ အရ– စတုသစ္စဓမ္မကိုလည်း ယူရမည်ဟု အတ္ထန္တရကို သိစေပါသည်။ (ဘာဝတ္ထ)

စတုသစ္စဓမ္မမေဝ–ဖြင့် အနညာတံ အရ–သစ္စာ ၄–ပါးတရားပင်တည်းဟု သိစေပါသည်။ (အဘိဓေယျတ္ထ)

အနမတဂ္ဂေ သံသာရဝဋ္ဋေ–ဖြင့် မသိအပ်သော နိဗ္ဗာန်၊ ဝါ– သစ္စာ ၄–ပါးတရား ဟူသည် အစမထင်သော သံသရာ၌ မသိအပ်သေးသောတရားပင်တည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

http://www.dhammadownload.com



ပဋိပန္နဿ ဣမိနာ ပုဗ္ဗာဘောဂေန-ဖြင့် ဖြစ်ပေါ်သောဣန္ဒြေဟူသည် ကျင့်သော ပုဂ္ဂိုလ်၏ ရှေ့အဖို့၌ဖြစ်သော နှလုံးသွင်းခြင်းဖြင့် ဖြစ်ပေါ်လာသော ဣန္ဒြေတည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

**သံဝဏ္ဏနာနှင့်အညီ သံဝဏ္ဏေတဗ္ဗ အနက်ပေးပုံ**

အနညာတညဿာမိတိန္ဒြိယံ =မသိအပ်သောအစရှိသော သံသရာဝဋ်၌ မသိအပ် ဘူးသော သေခြင်းကင်းသော နိဗ္ဗာန်ကို၊ ဝါ- သစ္စာလေးပါးတရားကို ပင်လျှင် သိအံ့ဟူ၍ နှလုံးသွင်း၍ဖြစ်သော ဣန္ဒြေသည်။ (ဟောတိ-၌ စပ်)

အာဇာနိယိတ္ထာတိ အညာတံ။ အာပုဗ္ဗ ဉာဇာတ်+တပစ္စည်း။ (သိအပ်ဘူးပြီး-ဟု အဓိပ္ပါယ်ရ၏)

န အညာတံ အနညာတံ။ (အမတပဒ ရ၏)

န အညာတော အနညာတော။ (စတုသစ္စဓမ္မ ရ၏)

ဣန္ဒတိ ပရမိဿရိယံ ကရောတီတိ ဣန္ဒြိယံ။

**ဉာဿကောက်ပုံ**

အနညာတံ ညဿာမီတိ ဥပ္ပန္နံ ဣန္ဒြိယံ အနညာတညဿာမိတိန္ဒြိယံ။

အနညာတညဿမိ-ပုဒ်၊ ဣတိ ပုဒ်၊ ဣန္ဒြိယပုဒ်။

အနညာတညဿာမိ-ဣတိ-ဟူသော ဝိသေသနပုဒ်အရကား- မသိအပ်သော အစရှိသော သံသရာဝဋ်၌ မသိအပ်ဘူးသေးသော နိဗ္ဗာန် (ဝါ) သစ္စာလေးပါးတရားကို သိအံ့ဟူ၍ နှလုံးသွင်းခြင်းသည် မုချအားဖြင့် ရ၏။

ယင်း၏ ဖြစ်သောဣန္ဒြေနှင့် ဝိသေသန ဝိသေသျ-အကြောင်း အကျိုးစပ်။

ပုဒ်လုံးအရကား မသိအပ်သော-လ- ဣန္ဒြေ ရ၏။

သုန္ဒရာ ဝါစာ-ဖြင့် သမ္မာဝါစာ-၌ သမ္မာသဒ္ဒါသည် ဘုသတ္ထ, အဝိပရီတတ္ထတို့ကိုမဟော၊ သုန္ဒရတ္ထကိုဟောသည်၏အဖြစ်ကိုလည်းကောင်း၊[၁] သုန္ဒရာဝါစာ သမ္မာဝါစာ-ဟု ကမ္မဓာရည်း သမာသ်ဝစနတ္ထပြုရ မည်၏အဖြစ်ကိုလည်းကောင်း[၂] သိစေ ပါသည်။

၁။ နိပါတလိင်္ဂတ္ထ။ ၂။ အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ။

ပသတ္ထာ ဝါစာ-ဖြင့် သမ္မာသဒ္ဒါသည် ဘုသတ္ထ, အဝိပရီတတ္ထတို့ကိုမဟော၊ ပသတ္ထ အနက်ကိုဟောသည်၏အဖြစ်ကိုငင်း၊[၁] ပသတ္ထာ ဝါစာ-ဟု ကမ္မဓာရည်းသမာသ် ဝစနတ္ထပြုရမည် အဖြစ်ကိုငင်း[၂] သိစေပါသည်။ ၁။ နိပါတလိင်္ဂတ္ထ။ အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ။

ဃ-ဝါကျဖြင့် သမ္မာဝါစာ-အရ အကျိုးဖြစ်သော ကောင်းသောစကားကို မယူရ၊ အကြောင်းဖြစ်သော ဝစီဒုစရိုက်ကို အကြွင်းမဲ့ပယ်ခွါတတ်သော မိစ္ဆာဝါစာဝိရတီကို ယူရမည်ဟု သိစေပါသည်။ (အဘိဓေယျတ္ထ)

http://www.dhammadownload.com



အာဇာနိယိတ္ထာတိ အညာတံ။ န အညာတံ အနညာတံ။ (နနိပါတပုဗ္ဗပဒ ကမ္မဓာရယ)

အညာတံ-သိအပ်ဘူးသောနိဗ္ဗာန်။ (ဝါ)သစ္စာ ၄-ပါးတရားသည်၊ န-မဟုတ်၊ အနညာတံ-သိအပ်ဘူးသော နိဗ္ဗာန်မဟုတ်။ (ဝါ)သစ္စာ ၄-ပါးမဟုတ်။

န-အရ ပဋိသေဓဝေဘာဂတ်သည် မုချအားဖြင့်ရ၏။ ယင်း-၏ သိအပ်သောနိဗ္ဗာန် (ဝါ) သစ္စာလေးပါးနှင့် ဂုဏ် ဂုဏေး စပ်။ ပုဒ်လုံးအရ မသိအပ်ဘူးသေးသော နိဗ္ဗာန်၊ ဝါ- မသိအပ်ဘူးသေးသော သစ္စာလေးပါးတရားရ၏။

စတ္တာရိ သစ္စာနိ စတုသစ္စံ။ စတုသစ္စမေဝ ဓမ္မော စတုသစ္စဓမ္မော။

နတ္ထိ မတံ ဧတ္ထာတိ အမတံ။ (ပဒ-သဒ္ဒါကား အာဓာရသဘောရှိ၏)၊ (ဂုဏ် ဂုဏေး- စပ်၍ ညသ်ကောက်လေ။)

ပဒ = ပဒ ဂတိမှိ အ။

✝ အရိယေဟိ ပဇ္ဇိတဗ္ဗတ္တာ ဂန္တဗ္ဗာတိ ပဒံ။ သုစိ။

(ပြုလိုရင်း) အရိယေဟိ ပဇ္ဇိတဗ္ဗံ ဂန္တဗ္ဗန္တိ ပဒံ။

(အဖြောင့်) အရိယေဟိ၊ ယံ နိဗ္ဗာနံ ပဇ္ဇိတဗ္ဗံ ဂန္တဗ္ဗံ၊ ဣတိ တံ နိဗ္ဗာနံ၊ ပဒံ။

ပဒ-ဓာတ် အရ-ကတ္တုဋ္ဌကား-အရိယာပုဂ္ဂိုလ်တို့၏ မဂ်ဉာဏ်,ဖိုလ်ဉာဏ် (အသက်ထင်ရှား ရှိစဉ်ကိုမျှော်)ဝါ-ရုပ်နာမ်ဓမ္မတို့၏ အဘာဝ (အသက်မဲ့သောအခါကို မျှော်)သည် မုချအားဖြင့်ရ၏။ ကမ္မဋ္ဌကြိယာအရကား-ထိုအားတပ်သော နိဗ္ဗာန်၏ အာရမ္မဏပစ္စယသတ္တိ (ဝါ) ပကတူပနိဿယသတ္တိသည် ဖလူပစာအားဖြင့် ရ၏။ အ-ပစ္စည်းအရကား- ၎ဝိ-သော နိဗ္ဗာန်ရ၏။

ဓာတွတ္ထ အရ- အရိယာပုဂ္ဂိုလ်၏ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရ၏။

ပစ္စယတ္ထ အရ- နိဗ္ဗာန်ရ၏။

ပဋိပဇ္ဇတီတိ ပဋိပန္နော။ ပဋိ+ပဒ+တ။

အာဘုဇနံ အာဘောဂေါ။ အာ+ဘုဇ+ဏ။

ပုဗ္ဗေ အာဘောဂေါ ပုဗ္ဗာဘောဂေါ။

လက္ခဏံ အာဒိ ဧတေသန္တိ လက္ခဏာဒီနိ။ (စတုတ္ထီဗဟုဗ္ဗီဟိ)

(အဖြောင့်) ဧတေသံ-ရသပစ္စုပဋ္ဌာနပဒဋ္ဌာနံ၊ လက္ခဏံ၊ အာဒိ၊ အတ္ထိ၊ ဣတိ၊ တာနိ၊ လက္ခဏာဒီနိ။

ပုဒ်လုံးအရ- လက္ခဏ-ဟူသော အစသည် မုချအားဖြင့်ရ၏။

ယင်း-၏ ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်တို့နှင့် အာဒိ, အာဒိဝန္တစပ်။

ဧတ အရ- လက္ခဏာစသည်ရ၏။ ဝါ-လက္ခဏ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်ရ၏။

http://www.dhammadownload.com



ပညာ ဇဝ ဏ္ဍန္တြယ် ပညိန္တြယ်။

သုဋ္ဌု ဒရိယတေတိ သုန္ဒရံ။ ဒရ အာဒါရဏေ အ။ (အရိုအသေပြုခြင်း)

✝ ဒရ အာတုနာဒရေသူတိ။ (သဒ္ဒနီတိ)

ပသတ္ထ = ပပုဗ္ဗော သဠ ထုတိယံ တော။

သံသ ပသံသနေ ဝါ ပသံသီယိတ္ထာတိ ပသတ္ထော။ သူစိ။

ဝစိတဗ္ဗာတိ ဝါစာ။

သမုဋ္ဌါပ္ဒိကာယ = သံ+ဥ+ဃဋ္ဌ+ဏွု။

✪ ဏ္ဍတ္တိလိင်တွင်၊ အကမြင်၊ အလျှင် ဏ္ဍဖြစ်မြဲ။

✝ ဃဋ္ဋ ဘုစ စေတာယံ၊ ရ ဘု ဟိုံသန ဒိတ္တိသု။ ဘုစ သယာတေ။

သံဥပသာရ = ဓာတွတ္ထာနုဝတ္တက။

ဥ ဥပသာရ = ဓာတွတ္ထဗာဓက။

* ဓာတ်နှင့်နီးသော ဥပသာရသည် ဓာတွတ္ထဗာဓက။

* ဓာတ်နှင့်ဝေးသော ဥပသာရသည် ဓာတွတ္ထာနုဝတ္တက။

ဝစီဒုစ္စရိတဿ သမုဋ္ဌါပ္ဒိကာ ဝစီဒုစ္စရိတသမုဋ္ဌါပ္ဒိကာ။

ဝိရတိ = ဝိ+ရမု+တိ။ ဝိရမနံ ဝိရတိ။

---

## (၇) အဖြေ

စတုသစ္စ ဓမ္မမေဝ–၌ ဇဝသဒ္ဒါသည် သန္နိဋ္ဌာနာဝဓာရဏဖြစ်အံ့ ဂဟေတဗ္ဗ စသည်မရ။ သစ္စာလေးပါးကိုပင်လျှင်–ဟု အနက်ပေး။

သောတာပတ္တိမဂ်ဉာဏ်သည် သိရိုးသိစဉ် သိနေကြသစ္စာတရားကို သိသတည်းဟု သန္နိဋ္ဌာနာဝဓာရဏအနက်ရှိသော ဇဝ–သဒ္ဒါက ဖော်ပြသည်။

ဇဝ–သဒ္ဒါကို နိဝတ္တာပနာဝဓာရဏ ကြံလျှင် အောက်ပါတိုင်း ဂဟေတဗ္ဗ စသည် ထုတ်ရမည်။

၁။ သစ္စာလေးပါးတရားသည် ဂဟေတဗ္ဗတ္ထ။

၂။ အနုလုံ၏ အာရုံဖြစ်သော သင်္ခါရတရားသည် နိဝတ္တေတဗ္ဗတ္ထ။

၃။ သစ္စာလေးပါးတရားတို့၏ မဖောက်မပြန် မှန်ကန်ခြင်းဂုဏ်သည် အနုညာတတ္ထ။

ဂုတ္တနယေနေဝ–၌ ဇဝသဒ္ဒါ၏ ဂဟေတဗ္ဗာဒိကား–

၁။ ဩဘာသလက္ခဏာစ ပညာပဓာနနလက္ခဏာစ–အစရှိသော ဆိုအပ်ပြီးသောနည်းသည် ဂဟေတဗ္ဗတ္ထ။ (ဏီ၊ဋ္ဌ၊ ၁၆၅–ရှု)

http://www.dhammadownload.com



၂။ ပညိန္ဒြေ၌ မဆိုအပ်သောနည်းသည် နိဝတ္တေတဗ္ဗတ္ထ။

၃။ ပညိန္ဒြေ၌ လက္ခဏာ စသည် ဆိုပြီးခြင်းဂုဏ်သည် အနုညာတတ္ထ။

✝ သံသာရ သာဂရော အနမတဂ္ဂေါ၀။ (ဘိ၊ ဋ္ဌ၊ ၁၁)

အနမတဂ္ဂေါ အညာတဂ္ဂေါ။ (မူလဋီ၊ ၁၊ ၁၈)

န မတော ဉာတော အနမတော။ အကာရော တဗ္ဘာဝေ ဝတ္တတိ။

အနမတော အဂ္ဂေါ အာဒိ ယဿ သော အနမတဂ္ဂေါ။ (ဏီ၊ယော၊၁၇)

အနမတဂ္ဂ = န+အ+မတ+အဂ္ဂ။

မနိယတေ ဉာယတေတိ မတော။ မတောဧဝ အမတော။

(ဝဇ္ဇမေဝ အဝဇ္ဇနှင့် တူသည်။ အသဒ္ဒါ တဗ္ဘောတည်း)

န အမတော အနမတော။

အနမတော အဂ္ဂေါ အာဒိ ယဿ သော အနမတဂ္ဂေါ။

ယဿ သံသာရ သာဂရဿ- အကြင်သံသရာတည်းဟူသော သမုဒ္ဒရာ အား၊ အနမတော- မသိအပ်သော၊ အဂ္ဂေါ အာဒိ-အစသည်၊ အတ္ထိ၊ ဣတိ၊ သော၊ အနမတဂ္ဂေါ။

### ဤ၌သက်ဆိုင်သော ဝိဂ္ဂဟ

အနမတော အဂ္ဂေါ အာဒိ ယဿ တံ အနမတဂ္ဂံ။ (ယဿ သံသာရ ဝဋ္ဋဿ၊ အား-ဟု အနက်ပေး)

အနမတဂ္ဂေ-၌ နနိပါတ်ပုဒ်ကား - ပဋိသေဓတ္ထ။

အနိပါတ်ပုဒ်ကား - တဗ္ဘာဝတ္ထ။ (အနဝဇ္ဇ သုခဝိပါက-အဖွင့်နှင့်တူသည်။)

သံ ပုနပ္ပုနံ သရတိ ပဝတ္တတီတိ သံသာရော။ သံ+သရ+ဏ။ (ဘိ၊ဋ္ဌ၊၁၁)

ဝတ္တတိ ကမ္မံ တဗ္ဗိပါကောစာတိ ဝဋ္ဋံ။ တ-ကို ဋ ပြု။ (ဋီကာကျော်)

သံသာရောဧဝ ဝဋ္ဋံ သံသာရဝဋ္ဋံ။

မှတ်ချက်။ အနမတဂ္ဂပုဒ်၏ မှတ်ဖွယ်ကို အဘိဓမ္မာဋီကာ, ယောဇနာအတိုင်း ရေးခဲ့သည်။ သံ၊ဋ္ဌ၊၂၊ ၁၄၅-၌ကား - အနမတဂ္ဂေါတိ အနု အမတဂ္ဂေါ ဝဿသတံ ဝဿသဟဿံ ဉာဏေန အနုဂန္တွာပိ အမတဂ္ဂေါ အဝိဒိတဂ္ဂေါ-ဟု ဖွင့်သည်။ ဤအလို- အနု+န+မတ+အဂ္ဂ-ဟု ပုဒ်ခွဲရမည်။

### ဝါသဒ္ဒါထားပုံ

အနညာတံ-အရ နိဗ္ဗာန်ဟူသော အဘိဓေယျတ္ထမှတစ်ပါး အနညာတံအရ သစ္စာလေးပါး ဟူသော အဘိဓေယျတ္ထတစ်မျိုးကို လဲလှယ်ပြလိုသောကြောင့် ဝါသဒ္ဒါ ထားရပါသည်။

http://www.dhammadownload.com



သမ္မာဝါစာ-၌ သမ္မာဟူသော နိပါတ်ပုဒ်၏ သုန္ဒရအနက်မှတစ်ပါး သမ္မာဟူသော နိပါတ်ပုဒ်၏ ပသတ္ထအနက်တစ်မျိုးကို လဲလှယ်ပြလိုသောကြောင့် ဝါသဒ္ဒါ ထားရပါသည်။

မှတ်ချက်။ အနညာတံ-အရ နိဗ္ဗာန်ကိုယူလျှင် လက္ခဏာဒိစတုက္က ထုတ်နိုင်သည်။ အနညာတံ-အရ သစ္စာလေးပါးကိုယူလျှင် လက္ခဏာဒိစတုက္က မရနိုင်။

၈။ အဖြေ

အနညာတံ-အရ နိဗ္ဗာန်ကိုယူ၍ ကြိယာငါးတန်ထုတ်ပုံ

၁။ နိဗ္ဗာန်သည် ဒဿနတ္ထ။

၂။ မဂ်ဉာဏ် ဖိုလ်ဉာဏ်သည် ဒီပကတ္ထ။

၃။ သေခြင်းကင်းခြင်း အကျိုးသည် ပကာသနတ္ထ။

၄။ ပါရမီဉာဏ် ဝိပဿနာဉာဏ် ဥပစာရ သမာဓိဇောသည် ဝိဘာဝတ္ထ။

၅။ သဗ္ဗညုသည် အနုဘာဝတ္ထ။

၁၀။ အဖြေ

သစ္စာလေးပါးတို့တွင် နိရောဓသစ္စာဟူသော နိဗ္ဗာန်ကို ဇာနိဿာမိ-၌ ဇာတ်အရ ဖြစ်သော သောတာပတ္တိမဂ်ဉာဏ်က အာရမ္မဏကရဏအားဖြင့် သိသည်။ ကျန်သော သစ္စာသုံးပါးကို အသမ္မောဟ ပဋိဝေဓအားဖြင့် သိသည်။

မှတ်ချက်။ အသမ္မောဟ ပဋိဝေဓဆိုသည်မှာ မတွေမဝေ ရှင်းရှင်း လင်းလင်း သိခြင်းကို ဆိုလိုသည်။

အမတံ ပဒံ-ဟူသော ပထမကံပုဒ်အရ နိဗ္ဗာန်ပစ္စည်းတရားက ဇာနိဿာမိ-၌ ဇာတ်အရ သောတာပတ္တိမဂ်ဉာဏ်အား အာရမ္မဏ, အဓိပတိ, ဥပနိဿယ- ဤ ၃-ပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။

---

(က) တာဝ မဂ္ဂဿ အင်္ဂန္တိ မဂ္ဂင်္ဂံ။ (ခ) မဂ္ဂကောဋ္ဌာသောတိ အတ္ထော။

(ဂ) ယထာ ပန-ပ- မဂ္ဂပရိယာပန္နံ။ (ဃ) မဂ္ဂသန္နိဿိတန္တိ အတ္ထော။ ဋ္ဌ၊ ၂၆၂။

✝ အင်္ဂေါ ဒေသေ ပုမင်္ဂ၊ ဒေဟာဝယဝ ဟေတုသု။ (ဓာန်၊ ၉၅၆)

ခ-ဝါကျ ဝိတ္ထာရ၌ ထို-၍ က-ဝါကျ သင်္ခေပ။

က-ဝါကျ၌ မဂ္ဂဿ အင်္ဂ-ဖြင့် မဂ္ဂင်-ပုဒ်ကို မဂ္ဂဿ အင်္ဂ မဂ္ဂင်-ဟု ဆဋ္ဌီ တပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်ဟု သိစေပါသည်။ (အဘိဓာနတ္ထ၊ သမာသ လိင်္ဂပဒတ္ထ)

ခ-ဝါကျဖြင့် မဂ္ဂင်-၌ အင်္ဂသဒ္ဒါသည် အင်္ဂတိုင်း,ခန္ဓာကိုယ်,အကြောင်းအနက်တို့ကို မဟော၊ အဝယဝ (ဝါ) ကောဋ္ဌာသ-ဟူသောအနက်ကိုဟောသတည်းဟု သိစေပါသည်။ (နာမလိင်္ဂတ္ထ)

http://www.dhammadownload.com



မဂ္ဂဿ အင်္ဂံ မဂ္ဂင်္ဂံ။ အဘေဒ ဘေဒ–စပ်၍ ဉာသ်ကောက်လေ။

**မှတ်ချက်**။ ယထာပန ရှိသောဝါကျသည် မဂ္ဂင်္ဂဟူသော ရှေ့ပုဒ်၏ အဖွင့်မဟုတ်၊ မဂ္ဂင်္ဂပုဒ်ကို ဥပမာန ဥပမေယျဖြင့် ဖွင့်နေသည်လည်းမဟုတ်၊ သို့ဖြစ်၍ ဥပမာ ဥပမေယျဖြင့် ဖွင့်စေကာမူ တပ္ပါကဋီကရဏဝါကျဟု မခွဲရ။ ပက္ခန္တရဝါကျဟုသာ ခွဲရတော့ သည်။

ယထာပန –ပ– အတ္တော တိုင်အောင်သော ဝါကျကား ပက္ခန္တရဝါကျ။ ထို–၍ က–ခ– ဝါကျတို့ကား ပက္ခဝါကျ။

ဂ–ဝါကျတွင် ယထာပန –ပ– ဟောတိ–ကား ဥပမာနဝါကျ။

ဧဝံ –ပ– ပရိယာပန္နံကား ဥပမေယျဝါကျ။

ဃ–ဝါကျ ဝိတ္ထာရဝါကျ။ ထို–၍ ဂ–သင်္ခေပဝါကျ။

မဂ္ဂေ ပရိယာပန္န–ဖြင့် မဂ္ဂပရိယာပန္နပုဒ်ကို မဂ္ဂေ ပရိယာပန္နံ မဂ္ဂပရိယာပန္န–ဟု သတ္တမီ တပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်ဟု သိစေပါသည်။ (အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ)

ၔင်းညာသ်ကောက်ရာ၌ အဘေဒ ဘေဒ စပ်၍ကောက်လေ။

**အနက်ပေး**။ မဂ္ဂေ–မဂ္ဂင်ရှစ်ပါး၌၊ ပရိယာပန္န– အကျုံးဝင်သော ဝိတက်တည်း။ (ပါဠိတော် ပိုဒ်ရေ၂၈၃–ကို ကြည့်လေ)

ပရိယာပန္န အရ ဝိတက်ပစ္စည်းတရားက–မဂ္ဂေအရ ဝိတက်ကြဉ် မဂ္ဂင် ၇–ပါးနှင့် သမ္ပယုတ္တဓမ္မတို့အား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုသည်။

ပြိုင် = သဟကြီး–၄၊ အညမည၊ သမ္ပယုတ္တ၊ ဈာန၊ မဂ္ဂ– ဤ–၈–ပစ္စည်း တို့တည်း။

---

(က) ပီတိဓေ –ပ– ပီတိသမ္ဗောဇ္ဈင်္ဂေါ။ ( ခ) တတ္ထ ဗောဓိယာ –ပ– ဗောဇ္ဈင်္ဂေါ။

(ဂ) လက္ခဒံ ဝုတ္တံ ဟောတိ။ ၄၊ ၂၆၂။

၁။ သံဝဏ္ဏေတဗ္ဗပုဒ်များကို သံဝဏ္ဏနာများနှင့်အညီ အနက်ပေးခဲ့ပါ။

၂။ ခ–ဝါကျကို ဌပနာပဥ္စကနည်းအရ ကျမ်းတက်ပြခဲ့ပါ။

၃။ ဝါသဒ္ဒါလဲ, ဒေါသပယ်။

၄။ ဓမ္မသာမဂ္ဂီပုဒ်ကို အစိတ်အပေါင်း ဝိဂ္ဂဟပြု၍ အပေါင်းဝိဂ္ဂဟကို ဗျုပ္ပတ္တိ စတုက္က ထုတ်ခဲ့ပါ။

၅။ ဂ–ဝါကျ၌ ဒုတိယဝါကျ၏ သမာသပဒစသည်ကို ဖော်ပြခဲ့ပါ။

၆။ အာဘော်

၇။ ပီတိဓေ–၌ ဓေသဒ္ဒါ၏ ဂဟေတဗ္ဗစသည်ကို ဖော်ပြပါ။

၈။ ဂ–ဝါကျ၌ အရိယာ သာဝကော ဗုဇ္ဈတိဝယ် ဗုဇ္ဈတိအရ တရားကို ယူ၍ ကြိယာငါးတန်း ထုတ်ခဲ့ပါ။

http://www.dhammadownload.com



၉။ ပီတိသမ္ဗောဇ္ဈင်္ဂ-၌ ပီတိအရ တရားကိုယူ၍ လက္ခဏာဒိစတုက္က ထုတ်ခဲ့ပါ။

၁၀။ ကိလေသ သန္တာန နိဒ္ဒါယ ဥဋ္ဌဟတိ-၌ ကတ္တားတရားက ကြိယာတရားအား အဘယ်မျိုး အဘယ် ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုပါသနည်း။

တဲ့ဗ္ဗ -ပ- ဗောဇ္ဈင်္ဂ တိုင်အောင်သော ခ-ဝါကျကား ဝိတ္ထာရဝါကျ။ ထို-၍ က-ဝါကျကား သင်္ခေပဝါကျ။

## စာကြည့်နည်း

က-ဝါကျဖြင့် ပီတိနှင့် သမ္ဗောဇ္ဈင်္ဂကို အဝတရဏာကမ္မဓာရည်းတွဲပါ ဟု ဖွင့်ပြသည်။ ထို့နောက် သမ္ဗောဇ္ဈင်္ဂ-၌ ပါဝင်သော ဗောဇ္ဈင်ပုဒ်၏ ဝိဂ္ဂဟကို ပြသည်။

ဣဒံ ဝုတ္တံ ဟောတိ ချီသောဝါကျများတွင် ယာအယံ -ပ- ဗောဓီတိ ဝုစ္စတိ-ဖြင့် ခ-ဝါကျရှိ ဗောဓိယာ အင်္ဂ-၌ ဗောဓိယာဝယ် ဗောဓိပုဒ်ကို ဖွင့်ပြသည်။

လိုရင်းကား- အရိယသာဝကော ဗုဇ္ဈတီတိ ဗောဓိတည်း။ ထိုလိုရင်း၌ပါသော ဗုဇ္ဈတိ ကြိယာကို ထပ်မံဖွင့်ပြလိုရကား ဗုဇ္ဈတီတိ -ပ- သစ္စာနိရောတိ တိုင်အောင်သော ၃-ဝါကျ တက်လာပြန်သည်။

ထို့နောက် က-ဝါကျတွင် ဖွင့်ပြခဲ့သော ဗောဓိယာ အင်္ဂကိုပင် နိဂုံးချုပ်အနေနှင့် ဖွင့်ပြလိုရကား - တဿာ -ပ- အင်္ဂါတိပိ ဗောဇ္ဈင်္ဂ-ကို မိန့်။ ယင်း-ကို ဥပမာဖြင့် ခိုင်မြဲစေလိုရကား ဈာနင်္ဂါဒီနိဝိယ-ကို မိန့်။ ဤဝါကျ ထိအောင် ခ-ဝါကျ၌ ဖွင့်ဆိုခဲ့ပြီးသော ဗောဓိယာ အင်္ဂ-၏ အကျယ်ဖွင့် ပြီး၏။

ခ-ဝါကျ၌ ဗောဓိဿ အင်္ဂ-၏ အကျယ်ကို ပြလိုရကား ယောပေသ -ပ- ဗောဇ္ဈင်္ဂါတိ - တိုင်အောင်သော ဝါကျကိုမိန့်။

ထိုတွင် ပဌမဝါကျဖြင့် ဗောဓိကို ဖွင့်သည်။ ဒုတိယဝါကျဖြင့် ဗောဓိနှင့် အင်္ဂ-တွဲပြသည်။ တတိယဝါကျဖြင့် ဥပမာပြသည်။ စတုတ္ထဝါကျဖြင့် အဋ္ဌကထာဆရာ၏ အဆိုအမိန့် အကိုးသာဓကကို ပြသည်။

ဣဒံ ဝုတ္တံ ဟောတိ-ပ- ဗောဇ္ဈင်္ဂါတိ-တိုင်အောင်သော ဝါကျတို့ကား ဗောဓိယာ အင်္ဂ ဟူသော ဝါကျ။ ဗောဓိဿ အင်္ဂ-ဟူသော ဝါကျတို့၏ ဝါကျပိဏ္ဍတ္ထ အကျယ်ကို ပြသောကြောင့် ဝိတ္ထာရဝါကျမည်၏။ ထို-၍ ခ-ဝါကျကား သင်္ခေပဝါကျ။

ယောပေသ -ပ- ဗောဇ္ဈင်္ဂါ တိုင်အောင်သော ဝါကျကား- ခ-ဝါကျ၌ ဆိုအပ်ပြီးသော ဗောဓိယာ အင်္ဂ ၏ ဝါကျပိဏ္ဍတ္ထအကျယ်မှတစ်ပါး ဗောဓိဿ အင်္ဂ-၏ ဝါကျပိဏ္ဍတ္ထ အကျယ်ကိုပြသောကြောင့် ပက္ခန္တရဝါကျမည်၏။

ထို-၍ ယာ အယံ ဓမ္မသာမဂ္ဂီ -ပ- မဂ္ဂင်္ဂါဒီနိဝိယ တိုင်အောင်သော ဝါကျကား ခ-

http://www.dhammadownload.com



ဝါကျ၌ ဆိုအပ်ပြီးသော ဗောဓိယာ အင်္ဂေါ၏ ဝါကျပိဏ္ဍတ္ထ အကျယ်ဟူသော အဖို့ကို ပြခဲ့သော ကြောင့် ပက္ခဝါကျမည်၏။

## ခ–ဝါကျ ပါပနာရောပနာဒိ ကျမ်းတက်

ဆရာ၊ သည် က–ဝါကျဖြင့် ပီတိသမ္ဗောဇ္ဈင်္ဂပုဒ်ကို ပီတိဧဝ သမ္ဗောဇ္ဈင်္ဂေါ ပီတိ–သမ္ဗောဇ္ဈင်္ဂေါ–ဟု အဝဓာရဏကမ္မဓာရည်းသမာသ် ဝစနတ္ထပြုရသောဟု အပေါင်းဝစနတ္ထကို ဆိုတော်မူ၏။ ထိုသို့သာ ဆိုချေသော် ဗောဇ္ဈင်္ဂေါပုဒ်၏အဖွင့် သမ္ဗောဇ္ဈင်္ဂေါပုဒ်၏အဖွင့်တို့ မရှိဟူသောအနက်သည် ရောက်ရာ၏။ စင်စစ် တမူကား ဗောဇ္ဈင်္ဂေါပုဒ်၏အဖွင့် သမ္ဗောဇ္ဈင်္ဂေါပုဒ်၏အဖွင့် မရှိသည်မဟုတ်၊ ရှိသည်သာ ဖြစ်သင့်၏။ ယင်းသို့ရှိသည်သာ ဖြစ်သင့်သောကြောင့် ဗောဇ္ဈင်္ဂေါပုဒ်၏ အဖွင့် သမ္ဗောဇ္ဈင်္ဂေါပုဒ်၏အဖွင့်ကိုလည်း ဆိုသင့်ဆိုတန်၏။ ဗောဇ္ဈင်္ဂေါပုဒ်၏အဖွင့် သမ္ဗောဇ္ဈင်္ဂေါပုဒ်၏အဖွင့်ကို မဆိုဘဲ မနေသင့် မနေတန်။ ဗောဇ္ဈင်္ဂေါပုဒ်၏အဖွင့် သမ္ဗောဇ္ဈင်္ဂေါပုဒ်၏အဖွင့်ကား အဘယ်နည်း။ ဤသို့– ကြောင့် တတ္ထ စသော ဝါကျများကို မိန့်သော်။

**မှတ်ချက်။** တတ္ထမှ စ၍ ပသတ္ထော သုန္ဒရော ဝါ ဗောဇ္ဈင်္ဂေါတိ သမ္ဗောဇ္ဈင်္ဂေါ–တိုင်အောင် ချုံ၍ ကျမ်းတက်ခြင်းတည်း။

## ခ–ဝါကျသို့ ဋ္ဌပနာပဥ္စကကျမ်းတက်ပုံ

ဆရာ၊ သည် က–ဝါကျဖြင့် ပီတိသမ္ဗောဇ္ဈင်္ဂေါပုဒ်ကို ပီတိဧဝ သမ္ဗောဇ္ဈင်္ဂေါ ပီတိသမ္ဗော–ဇ္ဈင်္ဂေါ–ဟု အဝဓာရဏကမ္မဓာရည်းသမာသ် ဝစနတ္ထပြုရသောဟု အပေါင်း ဝစနတ္ထကိုဆိုတော်မူ၏။ ထိုသို့သာဆိုချေသော် ဗောဇ္ဈင်္ဂေါဟူသောအစိတ်ပုဒ်၏ ဝစနတ္ထမရှိဟူသော အနက်သည် ရောက်ရာ၏သည်မဟုတ်ပါလော။ ထိုသို့ရောက်ရာသောကြောင့် ပီတိသမ္ဗောဇ္ဈင်္ဂေါပုဒ်၏ အပေါင်း ဝစနတ္ထကိုသာ မဆိုသင့်၊ ဗောဇ္ဈင်္ဂေါပုဒ်၏အဖွင့် အစိတ်ဝစနတ္ထကိုလည်း ဆိုသင့်၏။ ဗောဇ္ဈင်္ဂေါပုဒ်၏အဖွင့် အစိတ်ဝစနတ္ထကား အဘယ်နည်း။ ဤသို့– ကြောင့် ခ–ဝါကျကို မိန့်။

ခ–ဝါကျဖြင့် အဗျာပိတ အပရိပုဏ္ဏာဒေါသပယ်။

အပိစ –ပ– ဗောဇ္ဈင်္ဂေတ္ထော ဝေဒိတဗ္ဗော တိုင်အောင်သော ဝါကျကား– ဗောဓိယာ ဗောဓိဿ ဝါ အင်္ဂေါတိ ဗောဇ္ဈင်္ဂေါ–ဟူသော ဗောဇ္ဈင်္ဂသဒ္ဒါ၏အနက်မှ တစ်မျိုးတစ်ပါးသော အနက်ကို ဖွင့်ပြသောကြောင့် ပက္ခန္တရဝါကျ မည်၏။

ထို–၍ ဗောဓိယာ ဗောဓိဿ ဝါ အင်္ဂေါတိ ဗောဇ္ဈင်္ဂေါ–ဟူသော ခ–ဝါကျကား ဗောဇ္ဈင်္ဂသဒ္ဒါ၏ အနက်တစ်မျိုးကို ဖွင့်ခဲ့သောကြောင့် ပက္ခဝါကျ။

## အပိစ ဝါကျ ကျမ်းတက်

ဤသို့ တတ္ထ စသော ခ–ဝါကျဖြင့် ဗောဇ္ဈင်္ဂေါပုဒ်ကို ဆဋ္ဌီတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်ဟု ပြတော်မူပြီး၍ ယခုအခါ၌ ပဋ္ဌိသမ္ဘိဒါ–၌လာသော နည်းဖြင့်လည်း ဗောဇ္ဈင်္ဂသဒ္ဒါ၏ အနက်ကိုပြခြင်းငှါ အပိစ–စသောဝါကျကိုမိန့်။

**မှတ်ချက်။** ပဋ္ဌိသမ္ဘိဒါနယေနပိ–ကို ရှု၍ ရေးသည်။

http://www.dhammadownload.com



ဝါ-သဒ္ဒါဖြင့် ဗောဓိအရ သတိ ဓမ္မဝိစယ စသော တရားအပေါင်းမှ တစ်ပါး ဗောဓိအရ အရိယသာဝကကို ပြလိုသောကြောင့် ဝါသဒ္ဒါ ထားရပါသည်။

ဣဒံ ဝုတ္တံ ဟောတိ-စသော ဝိတ္ထာရဝါကျဖြင့် ဝိဂ္ဂဟ်ရောဓိဒေါသပယ်သည်။

အတ္ထနော သဘာဝံ ဓာရေန္တီတိ ဓမ္မာ။

သာမဂ္ဂီ = သမဂ္ဂ+ဏ+ဤ။

သမဂ္ဂါနံ ဘာဝေါ သာမဂ္ဂီ။

သမဂ္ဂ = သံ+အဇ+ဏ။

ဓမ္မာနံ သာမဂ္ဂီ ဓမ္မသာမဂ္ဂီ။

ဓမ္မာနံ၊ သတိ, ဓမ္မဝိစယ, ဝီရိယ, ပီတိ, ပဿဒ္ဓိ, သမာဓိ, ဥပေက္ခာဟုဆိုအပ်သော တရားတို့၏။ သာမဂ္ဂီ၊ ညီညွတ်ကုန်သည်တို့၏အဖြစ်တည်း။

ဓမ္မပုဒ်၊ သာမဂ္ဂီပုဒ်၊ (ဆဋ္ဌီတပ္ပုရိသ်သမာသ်)

ဓမ္မ = အရ သတိ-ပ- ဥပေက္ခာဟုဆိုအပ်သောတရားတို့ရ၏။ ယင်းတို့၏ ညီညွတ်ကုန်သည်တို့၏ အဖြစ်နှင့် ဂုဏ် ဂုဏေးစပ်။ပုဒ်လုံးအရ- သတိ-ပ-ဟုဆိုအပ်သော တရားတို့၏ ညီညွတ်ကုန်သည် တို့၏အဖြစ်ရ၏။

---

## ၆။ အဖြေ

ပီတိဝေ သမ္ဗောဇ္ဈင်္ဂေါ-ဖြင့် ပီတိသမ္ဗောဇ္ဈင်္ဂေါ-ဟူသောပုဒ်ကို ပီတိစ သမ္ဗောဇ္ဈင်္ဂေါစ ပီတိသမ္ဗောဇ္ဈင်္ဂေါ-ဟု ဒွန်သမာသ်ငှင်း၊ ပီတိယာ သမ္ဗောဇ္ဈင်္ဂေါ ပီတိ-သမ္ဗောဇ္ဈင်္ဂေါ-ဟုတပ္ပုရိသ် သမာသ်ငှင်း၊ ပီတိ သမ္ဗောဇ္ဈင်္ဂေါ အဿာတိ ပီတိသမ္ဗောဇ္ဈင်္ဂေါ-ဟုဗဟုဗ္ဗီဟိသမာသ်ငှင်း ဝစနတ္ထမပြုရ။ (ဗျတိရေက) ပီတိဝေ သမ္ဗောဇ္ဈင်္ဂေါ ပီတိသမ္ဗောဇ္ဈင်္ဂေါ -ဟု ကမ္မဓာရည်းသမာသ် ဝစနတ္ထပြုရမည်ဟု သိစေပါသည်။ (အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ) (ဝိသေသန ဝိသေသျစပ်)

ခ-ဝါကျဒ္ဓိ ဗောဓိယာ အင်္ဂေါ-ဖြင့် ဗောဇ္ဈင်္ဂေါပုဒ်ကို ဗောဓိ အင်္ဂေါ -ဟု ပဒစ္ဆေဒပြုရ မည်၏အဖြစ်ကိုငှင်း၊[၁] ဓ္ယ ကို ယ ပြု၊ ဒ ယကပ်၊ (ဈဖြစ်) ဈ ကို ဇ္ဈ ပြု၊ အသဒိသဒွေဘော်လာ၍ ဗောဇ္ဈင်္ဂ-ဟု ရုပ်ပြီးသည်၏အဖြစ်ကိုငှင်း၊[၂] ဗောဓိယာ အင်္ဂေါ ဗောဇ္ဈင်္ဂေါဟု ဆဋ္ဌီတပ္ပုရိသ် သမာသ်ဝစနတ္ထ ပြုရမည်၏ အဖြစ်ကိုငှင်း[၃] သိစေပါသည်။

၁။ သန္ဓိလိင်္ဂပဒ။ ၂။ ဘာဝတ္ထ။ ၃။ အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ။

ဗောဓိဿ အင်္ဂေါ-ဖြင့် ဗောဇ္ဈင်္ဂေါပုဒ်ကို ဗောဓိ အင်္ဂေါ ဟု ပဒစ္ဆေဒ ပြုရမည်၏ အဖြစ် ကိုငှင်း၊[၁] ဓ္ယ ကို ယ ပြု၊ ဒ ယကပ်၊ (ဈဖြစ်) ဈ ကို ဇ္ဈ ပြု၊ အသဒိသဒွေဘော်လာ၍ ဗောဇ္ဈင်္ဂ-ဟု ရုပ်ပြီးသည်၏အဖြစ်ကိုငှင်း၊[၂] ဗောဓိဿ အင်္ဂေါ ဗောဇ္ဈင်္ဂေါဟု ဆဋ္ဌီတပ္ပုရိသ် သမာသ်ဝစနတ္ထ ပြုရမည်၏ အဖြစ်ကိုငှင်း[၃] သိစေပါသည်။

၁။ သန္ဓိလိင်္ဂပဒ။ ၂။ ဘာဝတ္ထ။ ၃။ အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ။

http://www.dhammadownload.com



ယာ အယံ သာမဂ္ဂီ–ဝါကျ၌ ပဓာနကား ယာ အယံ ဓမ္မသာမဂ္ဂီ ဗောဓိတိ ဝုစ္စတိ–တည်း။

**ပဓာနကောက်နည်း (၂) နည်း**

၁။ သမ္ဗန္ဓာဝတ္ထ ကောက်နည်း။

၂။ အသမ္ဗန္ဓာဝတ္ထ ကောက်နည်း–ဟု နှစ်မျိုးရှိသည်။

ထိုတွင် – ၁။ ဝါကျတစ်ခု၏ ကြိယာ, ကတ္တား (သို့မဟုတ်) ကံ စာစပ်၍ ကောက်ခြင်းကို သမ္ဗန္ဓာဝတ္ထ အကောက်ဟု ခေါ်သည်။

ဆိုလိုသည်မှာ – ပဓာနကြိယာသည် ကတ္တားဟောဖြစ်အံ့ ကတ္တားနှင့်ကြိယာစပ်၍ ကောက်ခြင်း၊ ကံဟောဖြစ်အံ့ ကံနှင့် ကြိယာစပ်၍ကောက်ခြင်း–စသည်ဖြင့် လိုရင်းအဓိပ္ပါယ် ပေါ်အောင် စာစပ်၍ကောက်ခြင်းမျိုးကို သမ္ဗန္ဓာဝတ္ထ ကောက်ခြင်းဟု ခေါ်သည်။

၂။ ဝါကျ၏ ပဓာနကြိယာတစ်ခုတည်းကိုသာ ကောက်ခြင်းကို အသမ္ဗန္ဓာဝတ္ထ အကောက်ဟု ခေါ်သည်။

ယာ အယံ–စသော ဝါကျ၌ အသမ္ဗန္ဓာဝတ္ထနည်းအားဖြင့် ပဓာနကား–ဝုစ္စတိ–ဟူသည်တည်း။ အဓိပ္ပါယ်ကား– ဆိုအပ်၏ဟူလိုသော်။

ဤဝါကျ၌ သမ္ဗန္ဓာဝတ္ထနည်းအားဖြင့် ပဓာနကား– ယာ အယံ ဓမ္မသာမဂ္ဂီ ဝုစ္စတိ–ဟူသည်တည်း။ အဓိပ္ပါယ်ကား– အကြောင်းတရားတို့၏ ညီညွတ်သည်၏အဖြစ်တရားတို့၏ အပေါင်းကို ဆိုအပ်၏ဟူလိုသော်။

ဓမ္မသာမဂ္ဂိယာ အရိယာသာဝကော ဗုဇ္ဈတိ–ဖြင့် ဗောဓိပုဒ်ကို အရိယာ သာဝကော ဗုဇ္ဈတိ ဧတာယာတိ ဗောဓိ–ဟု ကရဏသာဓန ဝဓနတ္ထပြုရမည်၏အဖြစ်ကိုငှင်း၊[၁] လ္လ ပစ္စည်း၏ ကရဏ သာဓနအနက်၌ သက်သည်၏အဖြစ်ကိုငှင်း[၂] သိစေပါသည်။ ၁။ အဘိဓာနတ္ထ။ ၂။ ဒု–ပစ္စယတ္ထ။

သတိ –ပ– ဥပေက္ခာ သင်္ခါတာယ–ဖြင့် ဓမ္မသာမဂ္ဂီ အရ (ဝါ) ဗောဓိ–အရ သတိ–ပ– ဥပေက္ခာကို ယူရမည်ဟု သိစေပါသည်။ (အဘိဓေယျတ္ထ)

ဥပဒ္ဒဝါနံ ပဋိပက္ခဘူတာယ–ဖြင့် သတိ–စသော ဓမ္မသာမဂ္ဂီသည် ဥပဒ္ဒဝတို့၏ ဆန့်ကျင် ဘက်ဖြစ်သတည်း–ဟု သိစေပါသည်။ (ဘာဝတ္ထ)

အနေကေသံ–ဖြင့် ဥပဒ္ဒဝေါတို့သည် တစ်ပါးမက များလှသတည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

လီနုဒ္ဓစ္စ–ပ– နိဝေသာဒီနံ–ဖြင့် သတိ ဓမ္မဝိစယ–စသော ဓမ္မသာမဂ္ဂီ (ဝါ)ဗောဓိ၏ ဆန့်ကျင် ဘက်ဖြစ်သော ဥပဒ္ဒဝတို့ကား လီန, ဥဒ္ဓစ္စ –ပ– အဘိနိဝေသ–စသည်တို့တည်းဟု သိစေပါသည်။ (အဘိဓေယျတ္ထ)

မှတ်ချက်။ ဥပဒ္ဒဝါနံ–၌ စပ်သည်ဖြစ်၍ ဥပဒ္ဒဝါနံ၏ သရုပ်ကို ပြသည်။ လီန = တွန့်ဆုပ်ခြင်း။ ဥဒ္ဓစ္စ = ပျံ့လွင့်ခြင်း။

http://www.dhammadownload.com



✝ ပတိဋ္ဌာနန္တိ ကိလေသာဝသေန (တဏှာ) (မူလဋီကာ)

ဗောဓိတိ ယာ အယံ ဓမ္မသာမဂ္ဂီ ဝုစ္စတီတိ ယောဇေတဗ္ဗာ။ (မူလဋီ၊၁၁၂)

ယာ အယံ ဓမ္မသာမဂ္ဂီ-ဟူသောပါဌ်ဖြင့် ဗောဓိအရ သတိ, ဓမ္မဝိစယ စသော ဓမ္မသာမဂ္ဂီကို ယူရမည်ဟု သိစေပါသည်။ (အဘိဓေယျတ္ထ)

ကိလေသ သန္တာန နိဒ္ဒါယ ဥဋ္ဌဟတိ-ဖြင့် ဗုဇ္ဈတိ-၌ ဗုဓာတ်သည် ကိလေသာ အစဉ် ဟူသော အိပ်ပျော်ခြင်းမှ နိုးထခြင်း (ဇာဂရ) အနက်ကို ဟောသတည်းဟု သိစေပါသည်။ (ဓာတွတ္ထ)

ပဋိဝိဇ္ဈတိ-ဖြင့် ဗုဇ္ဈတိ-၌ ဗုဓာတ်သည် ဉာဏအနက်ကို ဟောသတည်းဟု သိစေပါသည်။ (ဓာတွတ္ထ)

စတ္တာရိ အရိယသစ္စာနိ-ဖြင့် ထိုးထွင်း၍ သိ၏ဟူသည် အရိယသစ္စာ ၄-ပါးကို ထိုးထွင်း၍ သိသတည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

သစ္ဆိကရောတိ-ဖြင့် ဗုဇ္ဈတိ-ဖြင့် ဗုဇ္ဈတိ-၌ ဗုဓာတ်သည် မျက်မှောက်ပြုခြင်း သစ္ဆိကရဏ အနက်ကို ဟောသတည်းဟု သိစေပါသည်။ (ဓာတွတ္ထ)

နိဗ္ဗာနံ-ဖြင့် အရိယသာဝက မျက်မှောက်ပြု၏ဟူသည် နိဗ္ဗာန်ကို မုချအားဖြင့် မျက်မှောက်ပြုသတည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

ဧဝ-သဒ္ဒါဖြင့် အရိယာသာဝကသည် နိဗ္ဗာန်ဟူသော နိရောဓသစ္စာကို မုချ မျက်မှောက် သိသည်။ ကျန် ၃-ပါးကို အသမ္မောဟ ပဋိဝေဓအားဖြင့် သိသတည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

**နိဗ္ဗာနမေဝ-၌ ဧဝသဒ္ဒါ၏ ဂဟေတဗ္ဗာဒိ**

၁။ နိဗ္ဗာန်ဟူသော နိရောဓသစ္စာသည် ဂဟေတဗ္ဗတ္ထ။

၂။ နိရောဓသစ္စာမှ ကြွင်းသော သစ္စာ ၃-ပါးသည် နိဝတ္တေတဗ္ဗတ္ထ။

၃။ နိဗ္ဗာန်၏ အရိယာသာဝကတို့သာ မျက်မှောက်ပြုနိုင်ခြင်းဂုဏ်သည် အနုညာတတ္ထ။

**စတ္တာရိ ဝါ-စသည်၌ ဝါသဒ္ဒါထားရခြင်းအကြောင်း**

ဗုဇ္ဈတိ-၌ ဗုဓာတ်၏ ဇာဂရ အနက်မှတစ်ပါး ဗုဓာတ်၏ ဉာဏအနက်တစ်မျိုးကို လဲလှယ်ပြလိုသောကြောင့် ဝါသဒ္ဒါထားရပါသည်။

နိဗ္ဗာန မေဝ ဝါ-၌ ဝါသဒ္ဒါထားရခြင်းအကြောင်း

ဗုဇ္ဈတိ-၌ ဗုဓာတ်၏ ဇာဂရအနက် ဉာဏအနက်မှတစ်ပါး သစ္ဆိကရဏ အနက်ကို လဲလှယ်ပြလိုသောကြောင့် ဝါသဒ္ဒါထားရပါသည်။

**ဗောဓိယာ အင်္ဂေါ = အနက်ပေးပုံ**

ဗောဓိယာ – အရိယာသာဝက၏ ကိလေသာအစဉ်ဟူသော အိပ်ပျော်ခြင်းမှ နိုးထကြောင်း, လေးပါးကုန်သော အရိယသစ္စာတို့ကိုသိကြောင်း, နိဗ္ဗာန်ကို မျက်မှောက်ပြု ကြောင်းဖြစ်သော သတိ–

http://www.dhammadownload.com



စသောတရား ၇-ပါး၏ (ဝါ) ဗောဓိ၏။ အင်္ဂေါ၊ အစိတ်တည်း။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဗောဇ္ဈင်္ဂေါ- ဗောဇ္ဈင်မည်၏။

ဓမ္မသာမဂ္ဂီ သခ်ါတာယ-ဖြင့် ဗောဓိယာ-၌ ဗောဓိအရ ဓမ္မသာမဂ္ဂီကို ယူရမည်ဟု သိစေပါသည်။ (အဘိဓေယျတ္ထ)

(ဗောဓိယာ အင်္ဂေါ၏အာဘော်ကို အစ-ဝါကျနှင့် အတူဖော်လေ)

ဈာနင်္ဂမဂ္ဂင်္ဂါဒိနိဝိယ-ဖြင့် ဈာန်နှင့် ဈာနင်- မဂ်နှင့် မဂ္ဂင်တို့ အပေါင်း အစိတ် ဖြစ်သကဲ့သို့ ဗောဓိနှင့် ဗောဇ္ဈင် အပေါင်းအစိတ်ဖြစ်သတည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

ဗုဇ္ဈတိ-ဖြင့် ဗောဓိပုဒ်ကို ဗုဇ္ဈတီတိ ဗောဓိ-ဟု ကတ္တုသာဓနေဝစနတ္ထပြုရမည်၏ အဖြစ်ကိုငှင်း၊[1] ဣပစ္စည်း၏ ကတ္တုသာဓနေအနက်၌သက်သည်၏ အဖြစ်ကိုငှင်း[2] သိစေပါသည်။

၁။ အဘိဓာနတ္ထ။ ၂။ ဒု-ပစ္စယတ္ထ။

အရိယသာဝကော-ဖြင့် ဗောဓိအရ -အရိယာသာဝကကို ယူရမည်ဟု သိစေပါသည်။ (အဘိဓေယျတ္ထ)

တာယ ဓမ္မသာမဂ္ဂီ-ဖြင့် သိ၏ဟူသည် သတိ, ဓမ္မဝိစယ-စသော ဓမ္မသာမဂ္ဂီ ဖြင့် သိသတည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

ယထာ ဝုတ္တ ပကာရာယ-ဖြင့် ဓမ္မသာမဂ္ဂီဟူသည် အကြင်အကြင် ဆိုအပ်ပြီးသော အပြားရှိသော ဓမ္မသာမဂ္ဂီပင်တည်းဟု သိစေပါသည်။(ဘာဝတ္ထ)

သေနင်္ဂရထင်္ဂါဒယောဝိယာတိ ဧတေန ပုဂ္ဂလပညတ္တိယာ အဝိဇ္ဇမာန ပညတ္တိဘာဝံ ဒဿေတိ။ (မူလဋီကာ)

သေနင်္ဂရထင်္ဂါဒယောဝိယ-ဖြင့် စစ်သည်၏အင်္ဂါမှတစ်ပါး စစ်တပ်ဟူသည် မရှိ၊ ရထား၏ လှည်းဘီးစသော အင်္ဂါမှတစ်ပါး ရထားမည်သည် မရှိသကဲ့သို့- ဓမ္မသာမဂ္ဂီ ဟူသော အင်္ဂါမှတစ်ပါး ဗောဓိဟူသော အရိယာသာဝက မရှိ-ဟု ပုဂ္ဂလပညတ်အားဖြင့် အဝိဇ္ဇမာနပညတ်အဖြစ်ကို ပြပါသည်။ (ဘာဝတ္ထ) (ဋီကာအာဘော်)

**အနက်ပေး။** ဗောဓိဿ၊ သတိ ဓမ္မဝိစယ-စသော ဓမ္မသာမဂ္ဂီဖြင့် ကိလေသာဟူသော အိပ်ပျော်ခြင်းမှ နိုးထတတ်သော -ဝါ- လေးပါးကုန်သော သစ္စာတို့ကို ထိုးထွင်း၍ သိတတ်သော- ဝါ- နိဗ္ဗာန်ကိုသာလျှင် မျက်မှောက်ပြုတတ်သော အရိယာသာဝက၏၊ အင်္ဂေါ-အစိတ် အကြောင်းတည်း။

အင်္ဂသဒ္ဒေါ ကာရဏဋ္ဌောပိ ဟောတီတိ စတုသစ္စဗောဓာယ သံဝတ္တန္တီတိ ဗောဇ္ဈင်္ဂါ။ (မူလဋီ၊ ၁၁၃)

ဂဏ္ဌိသစ်-အလို - ဗောဓာယ သံဝတ္တန္တိ-ဖြင့် ဝိဂြိုဟ်ပြသည်။ အင်္ဂန္တိ သံဝတ္တန္တိ ဧတေဟီတိ အင်္ဂါ၊ ဗောဓာယ အင်္ဂါ ဗောဇ္ဈင်္ဂါ-ဟု ပြုစေလိုရ်၏။ (ဏီ၊ဂဏ္ဌိသစ်၊၅၆၅)

http://www.dhammadownload.com



ဗောဓာယ သံဝတ္တန္တိ–ဖြင့် ဗောဓိပုဒ်ကို ဗုဇ္ဈနံ ဗောဓိ–ဟု ဘာဝသာဓနဝစနတ္ထပြုရမည်၏ အဖြစ်ကိုင်၊[၁] ဏ္ဍပစ္စည်း၏ ဘာဝသာဓန၌ သက်သည်၏အဖြစ်ကိုင်၊[၂] အင်္ဂပုဒ်ကို အင်္ဂန္တိ သံဝတ္တန္တိ ဧတေဟီတိ အင်္ဂါ–ဟု ကရဏ သာဓနဝစနတ္ထပြုရမည်၏အဖြစ်ကိုင်၊[၃] အပစ္စည်း၏ ကရဏသာဓနတ္ထ၌သက်သည်၏အဖြစ်ကိုင်၊[၄] အင်္ဂသဒ္ဒါ၏ ကရဏအနက်ကိုဟောသည်၏ အဖြစ်ကိုင်၊[၅] ဗောဓိနှင့် အင်္ဂါ–ကို ဗောဓိယာ အင်္ဂါ ဗောဇ္ဈင်္ဂါ–ဟု ဆဋ္ဌီတပ္ပုရိသ် သမာသ်ဝစနတ္ထပြုရမည်၏အဖြစ်ကိုင်[၆] သိစေပါသည်။

၁။ အဘိဓာနတ္ထ။ ၂။ ဒု–ပစ္စယတ္ထ။ ၃။ အဘိဓာနတ္ထ။

၄။ ဒု–ပစ္စယတ္ထ။ ၅။ နာမလိင်္ဂတ္ထ။ ၆။ အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ။

## ဗောဇ္ဈင်္ဂါ ညည်ကောက်ပုံ

ဗောဓိယာ အင်္ဂါ ဗောဇ္ဈင်္ဂါ။

ဗောဓိယာ– သစ္စာလေးပါးကို သိခြင်း၏။ အင်္ဂါ– အကြောင်းတို့တည်း။

ဗောဓိပုဒ်၊ အင်္ဂါပုဒ်။

ဗောဓိ အရ–သစ္စာလေးပါးကိုသိခြင်းသည် မုချအားဖြင့်ရ၏။

ယင်း–၏ အကြောင်းဖြစ်သော သတိ ဓမ္မဝိစယ–စသည်တို့နှင့် အကျိုး အကြောင်းစပ်ခြင်း သမ္ဗန်သည် ဌာနူပစာရအားဖြင့် ရ၏။

ပုဒ်လုံးအရ– သစ္စာလေးပါးကိုသိခြင်း၏အကြောင်းဖြစ်သော သတိ ဓမ္မဝိစယ စသောတရားတို့ရ၏။

အနက်ပေး။ ဗောဇ္ဈင်္ဂါ= သစ္စာလေးပါးကိုသိခြင်း၏အကြောင်းဖြစ်သော သတိ ဓမ္မဝိစယ စသောတရားတို့–ဟုပေး။

## ဗုဇ္ဈန္တီတိ ဗောဇ္ဈင်္ဂါ–၌ အာဘော်

ဗုဇ္ဈန္တီတိ ဗောဓိယော၊ ဗောဓိယော ဧဝ အင်္ဂါတိ၊အနုဗုဇ္ဈန္တီတိ ဗောဇ္ဈင်္ဂါတိ ဝုတ္တံ။

မှတ်ချက်။ အထက်ပါစကားရပ်၌ အနုဗုဇ္ဈန္တီတိ ဗောဇ္ဈင်္ဂါ–ဟု ရှိနေသည်။ ဗုဇ္ဈန္တီတိ ဗောဇ္ဈင်္ဂါ–ဟု ရှိသင့်သည်။

ဗုဇ္ဈန္တိ–ဖြင့် ဗောဇ္ဈင်္ဂါ–၌ ဗောဓိပုဒ်ကို ဗုဇ္ဈန္တီတိ ဗောဓိယော–ဟု ကတ္တုသာဓန ဝစနတ္ထ ပြုရမည်၏အဖြစ်ကိုင်၊[၁] ဏ္ဍပစ္စည်း၏ကတ္တုသာဓနတ္ထ၌သက်သည်၏အဖြစ်ကိုင်၊[၂] ဗောဓိနှင့် အင်္ဂကို ဗောဓိယောဧဝ အင်္ဂါ ဗောဇ္ဈင်္ဂါ–ဟု ကမ္မဓာရည်းသမာသ်ဝစနတ္ထ ပြုရမည်၏အဖြစ်ကိုင်[၃] သိစေပါသည်။ ၁။ အဘိဓာနတ္ထ။ ၂။ ဒု–ပစ္စယတ္ထ။ ၃။ အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ။

(ဧင်းဝိဂ္ဂဟကို ညည်ကောက်လိုသော် ဝိသေသန ဝိသေသျစပ်၍ ကောက်လေ)

မှတ်ချက်။ ကိတ္တိသဒ္ဒေါကို ကိတ္တိဧဝ–ဟုဖွင့်ရာ၌ ကိတ္တိဧဝသဒ္ဒေါ ကိတ္တိ–သဒ္ဒေါ–ဟု

http://www.dhammadownload.com



အဝဓာရဏ ကမ္မဓာရည်းသမာသ် ကြံရသည့်နည်းတူ-ဤ၌လည်း အဝဓာရဏ ကမ္မဓာရည်း သမာသ် ကြံသည်။

✪ သံဝဏ္ဏေတဗ္ဗ၊ ရှိတာမပြ၊ အနတ္ထ၊ တုလျာဓိကရဏလည်းရ။

မရှိတာပြ၊ တဒ္ဓိတ၊ လောပကြံစရာ။

မှတ်ချက်။ ဂဏ္ဌိသစ်၌ တစ်မျိုး ကြံထားသေးသည်။

အနက်ပေး။ ဗောဇ္ဈင်္ဂါ၊ သတိ ဓမ္မဝိစယ စသော ဗောဓိမည်သောတရားတို့သည်ပင်လျှင် အကြောင်းတို့။

အနုဗုဇ္ဈန္တီတိ ဗောဇ္ဈင်္ဂါ (အဋ္ဌကထာဖွင့်)

ဝိပဿနာဒီနံ ကာရဏာနံ ဗုဇ္ဈိတဗ္ဗာနဉ္စ သစ္စာနံ အနုရူပံ ပစ္စက္ခဘာဝေန ပဋိမုခံ အဝိပရီတတာယ သမ္မာစ ဗုဇ္ဈန္တီတိ ဧဝမတ္ထ ဝိသေသဒီပကေဟိ ဥပသဂ္ဂေဟိ အနုဗုဇ္ဈန္တီတိ အာဒိ ဝုတ္တံ။ ဗောဓိသဒ္ဒေါဟိ သဗ္ဗဝိသေသ ယုတ္တံ ဗုဇ္ဈနံ သာမညေန သင်္ဂဏှာတီတိ။ (ဋီကာ)

ဗောဇ္ဈင်-၌ ဗောဓိသဒ္ဒါသည် သိခြင်းသာမညကိုဟော၏။ သာမညသဒ္ဒါသည် ဝိသေသအနက်ကို ဟောသင့်ရာ၌ ဟော၏။

သာမည ဝစနီယဿ ဝိသေသ အဝဋ္ဌာနတော ဝိသေသတ္ထိကေန ဝိသေသော ပယောဇိယတော။ (ပရိဘာသာ)

အနုဗုဇ္ဈန္တိ-ဖြင့် ဗောဇ္ဈင်္ဂေါ-၌ ဗောဓိပုဒ်ကို အနုဗုဇ္ဈန္တီတိ ဗောဓိယော-ဟု ကတ္တုသာဓန ဝစနတ္ထ ပြုရမည်၏အဖြစ်ကိုငှ၊[၁] ဣပစ္စည်း၏ ကတ္တု-သာဓနတ္ထ၌သက်သည်၏အဖြစ်ကိုငှ၊[၂] ဗောဓိသဒ္ဒါသည် သာမညသဒ္ဒါဖြစ်သော်လည်း ဝိပဿနာ အစရှိကုန်သော အကြောင်းတို့အားငှ- သိသင့် သိထိုက်သော သစ္စာတို့အားငှ လျော်စွာသိ၏ဟူသောအနက်ထူးကိုငှ၊[၃] ဗောဓိနှင့်အင်္ဂ-ကို ဗောဓိယော ဧဝ အင်္ဂါ ဗောဇ္ဈင်္ဂါ-ဟု အဝဓာရဏ ကမ္မဓာရည်း သမာသ်ဝစနတ္ထပြုရ မည်၏အဖြစ်ကိုငှ[၄] သိစေပါသည်။

၁။ အဘိဓာနတ္ထ။ ၂။ ဒု-ပစ္စယတ္ထ။ ၃။ ဘာဝတ္ထ။ ၄။ အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ။

အနက်ပေး။ ဗောဇ္ဈင်္ဂါ- ဝိပဿနာအစရှိကုန်သော အကြောင်းတို့အားငှ၊ သိသင့် သိထိုက်ကုန်း သော သစ္စာ ၄-ပါးတို့အားငှ လျော်စွာသိတတ်ကုန်သော သတိ ဓမ္မဝိစယ စသော တရားတို့သည် သာလျှင်အကြောင်းတို့။

အနုဗုဇ္ဈန္တိ = ဝိပဿနာအစရှိကုန်သော အကြောင်းတို့အားငှ၊ သိသင့် သိထိုက်ကုန်သော သစ္စာတရားတို့အားငှ လျော်စွာသိကုန်၏။ (ဋီကာအနက်)

ပဋိဗုဇ္ဈန္တိ-ဖြင့် ဗောဇ္ဈင်-၌ ဗောဓိသဒ္ဒါသည် သာမညသဒ္ဒါဖြစ်သော်လည်း မျက်မှောက်၏ အဖြစ်ဖြင့် ရှေ့ရှုသိတတ်၏ဟူသော အနက်ထူးကို သိစေပါသည်။ (ဘာဝတ္ထ) (အကြွင်းတူပြီ)

http://www.dhammadownload.com



'သမ္ဗုဇ္ဈန္တိ-ဖြင့် ဗောဓိသဒ္ဒါသည် သာမညသဒ္ဒါဖြစ်သော်လည်း မဖောက်ပြန်သည်၏ အဖြစ်ဖြင့် ကောင်းစွာသိတတ်၏ဟူသောအနက်ထူးကို သိစေပါသည်။ (ဘာဝတ္ထ) (အကြွင်းတူပြီ)

**ပဋိသမ္ဘိဒါနယေန ဝိ-၌ ဝိသဒ္ဒါ၏အဓိပ္ပါယ်**

✝ န ကေဝလံ ဗောဓိယာ ဗောဓိဿ ဝါ အင်္ဂါတိ အင်္ဂကထာနယေန ဗောဇ္ဈင်္ဂတ္တော ဝေဒိတဗ္ဗော။ အထခေါ ပဋိသမ္ဘိဒါနယေနပိ။

ပသတ္ထော ဗောဇ္ဈင်္ဂေါ-ဖြင့် သမ္ဗောဇ္ဈင်္ဂေါပုဒ်ကို ပသတ္ထော ဗောဇ္ဈင်္ဂေါ သမ္ဗောဇ္ဈင်္ဂေါ-ဟု ကမ္မဓာရည်းသမာသ်ဝစနတ္ထပြုရမည်၏အဖြစ်ကိုင်း၊[၁] သံသဒ္ဒါသည် ဘုသစသောအနက်ကိုမဟော၊ ပသတ္ထအနက်ကိုဟောသည်၏ အဖြစ်ကိုင်း၊[၂] သိစေပါသည်။

၁။ အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ။ ၂။ ဥပသဂ္ဂလိင်္ဂတ္ထ။

(သုန္ဒရော ဗောဇ္ဈင်္ဂေါ-၌လည်း အာဘော်လွယ်ပြီ)

**ပီတိဝေ-၌ စဝသဒ္ဒါ၏ ဂဟေတဗ္ဗာဒိ**

၁။ ပီတိစေတသိက်သည် ဂဟေတဗ္ဗတ္ထ။

၂။ ပီတိမှကြွင်းသော သတိ,ဓမ္မဝိစယ,ဝီရိယ,ပဿဒ္ဓိ,သမာဓိ,ဥပေက္ခာတို့သည် နိဝတ္တေတဗ္ဗတ္ထ။

၃။ ပီတိ၏ ပီနနသတ္တိဟူသောဂုဏ်သည် အနုညာတတ္ထ။

**ဗုဇ္ဈတိ ဉာဉ်ကောက်**

ဗုဇ္ဈတိ-ကား အာချာတ်ပုဒ်ဖြစ်သောကြောင့် ဝိဂြိုဟ်မဆိုကောင်း၊ ဗုဓဓာတ်+ဒိဝါဒိ ယပစ္စည်း+တိဝိဘတ်။

ဗုဓဓာတ်အရကား- အရိယာသာဝက၏ ဓမ္မသာမဂ္ဂီဖြင့် သစ္စာ ၄-ပါးကို သိခြင်း (ဝါ) နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း သောတာပတ္တိမဂ်ဉာဏ်သည် မုချအားဖြင့် ရ၏။

ရှေးရှေး၌ဖြစ်သော ပါရမီဉာဏ် ဝိပဿနာဉာဏ် ဥပစာရသမာဓိဇော တို့သည် ဖလူပစာ အားဖြင့် ရ၏။

နောက်နောက်၌ဖြစ်သော သောတာပတ္တိဖိုလ် ပစ္စဝေက္ခဏာဉာဏ် သကဒါဂါမိမဂ် နိဗ္ဗာန်တိုင် အောင်သောအကျိုးတို့သည် ကာရဏူပစာအားဖြင့် ရ၏။

ယ-ပစ္စည်းအရကား -ရူပသိဒ္ဓိမတ္တပဒသိလိဋ္ဌတာဘောဂုဏ်ရ၏။

တိဝိဘတ်အရကား- ထိုမုချ ဖလူ ကာရဏူပစာတို့ဖြင့်မှတ်အပ်သော အရိယာ သာဝကဒြပ် သည် အပဓာနအားဖြင့် ရ၏။

ထိုသို့ပင် ရငြားသော်လည်း အာချာတ်ကြိယာတို့၏သဘောသည် ကြိယာကိုသာ ပဓာန အားဖြင့် ဟောမြဲဖြစ်သောကြောင့် ဆိုအပ်ခဲ့ပြီးသော ဓာတွတ္ထ (သောတာပတ္တိ မဂ်ဉာဏ်) သည်သာ ပဓာနအားဖြင့် ရ၏။

http://www.dhammadownload.com



မှတ်ချက်။ ၎င်း ညသ်ကောက်ကိုရှု၍ ကြိယာငါးတန်ထုတ်လေ။ ပီတိ၏ လက္ခဏာရသာဒိကို အဘိ၊ဋ္ဌ၊၁၅၈-၌ ရှုလေ။

အရိယသာဝကော ဥဋ္ဌဟတိ-၌ အရိယာသာဝက အရ- ခန္ဓငါးပါး ရသည်တွင် - ဝေဒနက္ခန္ဓာကိုယူ၍ ဥဋ္ဌဟတိ အရ- ကြွင်းခန္ဓာလေးပါးအား သဟဇာတမျိုးပြိုင်။

ကြွင်းခန္ဓာသုံးပါးအား သဟကြီး-၄၊ အညမည၊ သမ္ပယုတ္တ။ ၆-ပစ္စည်းပြိုင်။

ရူပက္ခန္ဓာအား - သဟကြီး-၄၊ ဝိပ္ပယုတ္တ၊ ဣန္ဒြိယ- ၆-ပစ္စည်းပြိုင်။

---

(က) တေသံ ဓမ္မာနံ -ပ- တေသံ ဓမ္မာနံ။
( ခ) အနညာတာနန္တိ -ပ- ဘုတ္တော့မှီတိ ဝဒတိ။
( ဂ) ဓေမိဓာပိ -ပ- ဝုတ္တံ။ ဋ္ဌ၊ ၂၆၂-၃။

အနညာတာနန္တိ -ပ- တသ္မာ အနညာတာနန္တိ ဝုတ္တံ-တိုင်အောင်သော ဝါကျကား တေသံဓမ္မာနံပုဒ်၏ အဖွင့်မှတစ်ပါး အနညာတာနံပုဒ်၏ အဖွင့်ကိုပြသောကြောင့် ပက္ခန္တရဝါကျ။

ထို-၍ တေသံ -ပ- ဓမ္မာနံ တိုင်အောင်သော က-ဝါကျကား တေသံ ဓမ္မာနံပုဒ်၏အဖွင့်ဟူသော အဖို့ကိုပြသောကြောင့် ပက္ခဝါကျမည်၏။

## ကိဉ္စာပိ-ဝါကျ၌ ပဓာနကောက်ပုံ

၁။ ကိဉ္စာပိ စသောဝါကျ၌ အသမ္ဗန္ဓာဝတ္ထုနည်းအားဖြင့် ပဓာနကား-ဝုတ္တံတည်း။ အဓိပ္ပါယ်ကား-ဟောတော်မူအပ်၏ဟူလိုသော်။

၂။ ကိဉ္စာပိ စသောဝါကျ၌ သမ္ဗန္ဓာဝတ္ထုနည်းအားဖြင့် ပဓာနကား-ကိဉ္စာပိ ဟောန္တိ ပန အနညာတာနန္တိ ဝုတ္တံ-ဟူသည်တည်း။

အဓိပ္ပါယ်ကား - အကယ်၍ကား ဖြစ်ကုန်၏ရှင့်၊ ထိုသို့ပင် ဖြစ်ငြားကုန်သော်လည်း အနညာတာနံ-ဟု ဟောတော်မူအပ်၏ဟူလိုသော်။

## ကိဉ္စာပိ စတုက္ကထုတ်ပုံ

၁။ နနု ပဌမမဂ္ဂေန တေ ဓမ္မာ ညာတာနာမ ဟောန္တိ။

၂။ အထကသ္မာ အနညာတာနန္တိ ဝုတ္တံ။

၃။ နနု ပကတိယာ ဣမိနာ ပုဂ္ဂလေန ဣမေ ဓမ္မာ န ညာတပုဗ္ဗာ။

၄။ တသ္မာ အနညာတာနန္တိ ဝုတ္တံ။

## ကိဉ္စာပိဝါကျ ကျမ်းတက်ပုံ

ဆရာ၊ မြတ်စွာဘုရားသည် အနညာတာနံဟု ဟောတော်မူ၏။ သောတာ-ပတ္တိမဂ်ဖြင့် ထိုသစ္စာလေးပါးတရားတို့ကို သိအပ်သည်မည်ကုန်သည် မဟုတ်လော။ ထိုသို့ဖြစ်ပါလျက်

http://www.dhammadownload.com



အဘာယ်ကြောင့် အနုညာတာနံဟု ဟောတော် မူပါသနည်း။ ဤသို့-ကြောင့် အနုညာတာနံ ပါဠ်ကိုမိန့်။

အဓိပ္ပါယ်ကား – ကိဥ္စာပိ စသောဝါကျဖြင့် သောတာပတ္တိမဂ်ဖြင့် ထိုသစ္စာ လေးပါးတရား တို့ကိုသိအပ်သည်မည်ကုန်သည်ဖြစ်သော်လည်း ပြကတေ့အားဖြင့် ဤပုဂ္ဂိုလ်သည် ဤသစ္စာလေးပါး တရားတို့ကို ရှေး၌ မသိဘူး ကုန်သောကြောင့် အနုညာတာနံ-ဟု မြတ်စွာဘုရား ဟောတော်မူ အပ်၏ဟု ငါပြဆို၏ဟူလိုသော်။

## စာထွက်ပုံ

ဥပမာယ မိဓေကစ္စေ အတ္ထံ ဓာနန္တိ ပဏ္ဍိတာ–ဟူသော ပရိဘာသာနှင့် အညီ ဤလောက၌ အချို့ကုန်သော ပညာရှိတို့သည် ဥပမာဖြင့်သာလျှင် အနက်ကို သိနိုင် သောကြောင့် ဥပမာကိုပြလို ရကား ယထာ ပန ပကတိယာ–ပ– ဝဒတိ တိုင်အောင်သော ဥပမာနဝါကျများကို မိန့်။

ယထာ ပန –ပ– ဝဒတိ –တိုင်အောင်သောဝါကျတို့ကား နှိုင်းယှဉ်ကြောင်း ဖြစ်သောကြောင့် ဥပမာနဝါကျမည်၏။

ဧဝမိဓာပိ –ပ– ဝုတ္တံ တိုင်အောင်သောဝါကျတို့ကား နှိုင်းယှဉ်အပ်သောကြောင့် ဥပမေယျဝါကျမည်၏။

မှတ်ချက်။ ယထာ–ကား ဥပမာနဇောတကနိပါတ်ပုဒ်၊ ဧဝံ–ကား ဥပမေယျ ဇောတကနိပါတ်ပုဒ်တည်း။

ခ–ဝါကျထဲတွင် –

၁။ ယထာ ပန –ပ– အာဂတောမှိတိ ဝဒတိ။

၂။ ယထာစ –ပ– ဘုတ္တောမှိတိ ဝဒတိ–ဟူ၍ ဥပမာနနှစ်ဝါကျရှိသည်။

၎င်း နှစ်ဝါကျတွင် နံပါတ် (၂) ဝါကျကား ပက္ခန္တရဝါကျ။ ထို–၍ (၁) ဝါကျကား ပက္ခဝါကျ။

### နံပါတ် (၂)ဝါကျတွင် –ပထမဝါကျ အပြည့်အစုံရေးပုံ

ပကတိယာ အပိဠန္ဓပုပ္ဖံ မာလံ ပိဠန္ဓိတွာ ပကတိယာ အပိဠန္ဓဘာဝံ ဥပါဒါယ အဟံ အပိဠန္ဓပုပ္ဖံ မာလံ ပိဠန္ဓိတောမှိတိ ဝဒတိ ယထာ။

### နံပါတ် (၂)ဝါကျတွင် –ဒုတိယဝါကျ အပြည့်အစုံရေးပုံ

အနိဝတ္ထပုပ္ဖံ ဝတ္ထံ နိဝါသေတွာ ပကတိယာ အနိဝတ္ထဘာဝံ ဥပါဒါယ အဟံ အနိဝတ္ထပုပ္ဖံ နိဝတ္ထောမှိတိ ဝဒတိယထာ။

မှတ်ချက်။ နံပါတ် (၂) ဝါကျတွင် ပထမ, ဒုတိယ, တတိယ–ဟု ဥပမာန ၃–ဝါကျ ပါဝင်နေသည်။ အားလုံးပေါင်းသော် ဥပမာန ၄–ဝါကျဟု မှတ်။

http://www.dhammadownload.com



ယသ္မာ -ပ- နဉာတပုဗ္ဗာ-ကား အနိယတ်ဝါကျ။

တသ္မာ -ပ- ဝုတ္တံ-ကား နိယတ်ဝါကျ။

ယသ္မာ -ပ- ဝုတ္တံ-ကား ဥတ္တမဝါကျ။

ထိုတွင်- အနညာတာနန္တိ ဝုတ္တံ-ကား အကျိုးပြဖလဝါကျ။

ယသ္မာ -ပ- တသ္မာ-ကား ကာရဏဝါကျ။

## စာကြည့်နည်း

ဣမိနာ ပုဂ္ဂလေန-ဟူသော တတိယာကတ္တားဖြင့် အညာတ-ဟူသော ကိတ်နာမ်ပုဒ်ကို ကမ္မသာဓနေဝစနတ္ထပြုရမည်ဟု ပြသည်။ ထို့ကြောင့် နိယံက- သံဝဏ္ဏေတဗ္ဗ၊ ကိတ်ပဒ၊ ကတ္တား အဝုတ္တ၊ တတိယန္တနှင့် ဖွင့်၍ပြ၊ ကမ္မသာဓန ကြံစရာ-ဟု ဆိုသည်။ ဣမေ ဓမ္မာ-ဖြင့် တေသံ ဓမ္မာနံ-၌ ဆိုခဲ့ပြီးသော သစ္စာ လေးပါးတရားကို ညွှန်ပြသည်။ ဉာတပုဗ္ဗာ-၌ ပုဗ္ဗသဒ္ဒါဖြင့် အညာတ-၌ တပစ္စည်းသည် အတီတကာလိကတည်းဟု ညွှန်ပြနေသည်။ နသဒ္ဒါဖြင့် အနကိုဖွင့်သည်။

အညာတာ-ကား အာပုဗ္ဗ+ဉာဓာတ်+တပစ္စည်း ကံဟော ဗဟုဝုစ်။ အာပုဗ္ဗ+ ဉာဓာတ်နောင် အဓိုတ္တနီ ဉံုဝိဘတ်သက်၊ ဉံု ကို ဏ္ဍသု-ပြု၍ ယပစ္စည်း သက်၍ အာဇာနိယံသု-ဟု ဖြစ်လာသည်ကို သတိပြု၍ ဝိဂ္ဂဟပြုရမည်။

ဣမိနာ ပုဂ္ဂလေန ဉာတပုဗ္ဗာ-ဖြင့် အနညာတာနံ-၌ အညာတာပုဒ်ကို အာဇာနိယံသူတိ အညာတာ-ဟု အတိတ်ကမ္မသာဓနေဝစနတ္ထပြုရမည်၏အဖြစ်ကိုငင်း၊[၁] တပစ္စည်း အတိတ်ကမ္မ သာဓနေတ္ထ၌သက်သည်၏ အဖြစ်ကိုငင်း[၂] သိစေပါသည်။ ၁။ အဘိဓာနတ္ထ။ ၂။ ဒု-ပစ္စယတ္ထ။

န ဉာတပုဗ္ဗာ-ဖြင့် အနညာတာနံ-ဖြင့် န အညာတာ အနညာတာ (တေသံ အနညာတာနံ) ဟု နနိပါတပုဗ္ဗပဒ ကမ္မဓာရည်းသမာသ်ဝစနတ္ထပြုရမည်၏အဖြစ်ကိုငင်း၊[၁] အနသဒ္ဒါ၏ နနိပါတ်ပုဒ်၏ ကာရိယ၏အဖြစ်ကိုငင်း[၂] သိစေပါသည်။

၁။ အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ။ ၂။ နိပါတပဒ။

ဣမေ ဓမ္မာ-ဖြင့် အနညာတာ အရ- တေသံ ဓမ္မာနံ-၌ ဆိုအပ်ပြီးသော သစ္စာ လေးပါး တရားကိုယူရမည်၏အဖြစ်ကို သိစေပါသည်။ (အဘိဓေယျတ္ထ)

## ဉာသ်ကောက်ပုံ

အာဇာနိယံသူတိ အညာတာ။ (ကမ္မသာဓန)

(အဖြောင့်) ပုဂ္ဂလေန၊ ယေ စတုသစ္စဓမ္မေ၊ အာဇာနိယံသု၊ ဣတိ တေ စတုသစ္စ-ဓမ္မာ၊ အညာတာ။

အာ+ဉာ+တ။

အာံ အရ- ဓာတွတ္ထာနုဝတ္တကဘောဂုဏ်ရ၏။ ဉာဓာတ်အရ-ကတ္တုဋ္ဌကား သစ္စာ လေးပါးကို သိသောပုဂ္ဂိုလ်၏ သောတာပတ္တိ မဂ်ဉာဏ်သည် မုချအားဖြင့် ရ၏။

http://www.dhammadownload.com



ကမ္မဒ္ဒ–အရကား–, ထိုစိတ္တုပ္ပါဒ်အားတပ်သော သံစ္စာလေးပါးတရား၏ အာရမ္မဏပစ္စယ သတ္တိ, ပကတူပနိဿယသတ္တိသည် ဖလူပစာအားဖြင့်ရ၏။

တ–ပစ္စည်းအရကား– ထို–သော သစ္စာလေးပါးတရားရ၏။

ဓာတွဲတ္ထ အရ– သောတာပတ္တိမဂ်ဉာဏ်။

မှတ်ချက်။ ဂဟဏတော–ဟူသောဟိတ်ကို ဝိတထာ–၌ စပ်ပါ။ ဂဟဏတော ဟိတ်၏သမ္ဗန်ကို ဒိဋ္ဌိယာ–ဟုထည့်။

**အနက်ပေး။** ဂဟဏတော–ယူတတ်သည်၏အဖြစ်ကြောင့်။(ဘာဝပစ္စာန် အနက်) ဝါ–ယူခြင်းကြောင့်။ (ဘာဝသာဓနအနက်)။

ဂဟဏတော–ပုဒ်ကို ဂဏှာတီတိ ဂဟဏံ–ဟု ကတ္တုဆိုလျှင် ဘာဝပစ္စာန်ကြံပါ။ ယူတတ်သည်၏ အဖြစ်ကြောင့်–ဟု အနက်ပေး။

ဂယှတေ ဂဟဏံ–ဟု ဝိဂ္ဂဟပြုလျှင် ဘာဝသာဓနကြံ။ ယူခြင်း–ဟု အနက်ပေး။

ထို့ကြောင့် ဝိနည်း၌ ဥဒ္ဒေသန္တိ ဥဒ္ဒိသိတဗ္ဗတ်–ဟု ဘာဝပစ္စာန်ဖြင့် ဋီကာဖွင့်သည်။

ဓိဂုစ္ဆိတာ ဒိဋ္ဌိ–ဖြင့် မိစ္ဆာဒိဋ္ဌိပုဒ်ကို ဓိဂုစ္ဆိတာ ဒိဋ္ဌိ မိစ္ဆာဒိဋ္ဌိ–ဟု ကမ္မဓာရည်း သမာသ်ဝစနတ္ထပြုရမည်၏အဖြစ်ကိုရင်း၊¹ မိစ္ဆာနိပါတ်ပုဒ်၏ ဓိဂုစ္ဆိတ အနက်ကို ဟော သည်၏အဖြစ်ကိုရင်း² သိစေပါသည်။ ၁။ အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ။ ၂။ နိပါတလိင်္ဂတ္ထ။

ပဏ္ဍိတေဟိ–ဖြင့် စက်ဆုတ်အပ်၏ဟူသည် ပညာရှိတို့သည် စက်ဆုတ်အပ်သတည်းဟူသော အဓိပ္ပါယ်ကိုရင်း၊¹ ဓိဂုစ္ဆိတာ–၌ တပစ္စည်း၏ ကမ္မသာဓန၌ သက်သည်၏အဖြစ်ကိုရင်း၊²

http://www.dhammadownload.com



ဇိဂုစ္ဆိတဗ္ဗာတိ ဇိဂုစ္ဆိတာ–ဟု ကမ္မသာဓနေ၀စနတ္ထ ပြုရမည်၏အဖြစ်ကိုငင်း³ သိစေပါသည်။

၁။ ဘာ၀တ္ထ။ ၂။ ဒု–ပစ္စယတ္ထ။ ၃။ အဘိဓာနတ္ထ။

အနတ္ထာ၀ဟတ္တာ-ဖြင့် စက်ဆုတ်အပ်၏ဟူသည် အကျိုးမဲ့ကို ဆောင်တတ်သည်၏ အဖြစ်ကြောင့် စက်ဆုတ်အပ်သတည်းဟု သိစေပါသည်။(ဘာ၀တ္ထ)

အနတ္ထာ ၀ဟတ္တာ–ဟူသောဟိတ်၏ သမ္ဗန်ကို ဒိဋ္ဌိယာ–ဟုထည့်ပါ။

အာ၀ဟတီတိ အာ၀ဟာ။

အနတ္ထံ အာ၀ဟာ အနတ္ထာ၀ဟာ။ (ဒိဋ္ဌိရ၏)

မှတ်ချက်။ အနတ္ထံ အ၀ဟတီတိ အနတ္ထာ၀ဟာ–ဟုလည်း လဟုကနည်း ဝိဂ္ဂဟပြုလေ။

နတ္ထိ တထံ သစ္စမေတြေတိ ဝိတထံ။ (သူစိ)

ဤနေရာအလို – နတ္ထိ တထံ သစ္စံ ဣမိဿာ ဒိဋ္ဌိယာတိ ဝိတထာ–ဟု ဝိဂ္ဂဟပြုပါ။

## ဂ–ဝါကျ ပိသဒ္ဒါထားပုံ

မိစ္ဆာဒိဋ္ဌိ–၌ မိစ္ဆာသဒ္ဒါ၏ အယာထာ၀အနက်, ဝိတထအနက်မှတစ်ပါး ဇိဂုစ္ဆိတအနက်ကို လဲလှယ်ပြလိုသောကြောင့် ပိသဒ္ဒါထားပါသည်။

မေး။ ဗာဓနေတ္ထ–ကို ငဲ့ခိုက် မိစ္ဆာ–၌ ဓာတ်ကိုယူ၍ ၀တ္တမာန်ဝိဘတ်ဖြင့် ပဒမာလာ စဉ်ခဲ့ပါ။

ဖြေ။ မိစ္ဆော တု ဗာဓနေ သိယာ။ (ဓာတွတ္ထသင်္ဂဟ)

မိစ္ဆဓာတ်ဖြင့် မိစ္ဆတိ, မိစ္ဆန္တိ–စသည် စဉ်လေ။

ဃ–ဝါကျဖြင့် မိစ္ဆာသင်္ကပ္ပေါ အယာထာ၀သင်္ကပ္ပေါ ဝိရုဇ္ဈိတွာ ဂဏှာတော ဝါ ဝိတထော သင်္ကပ္ပေါ မိစ္ဆာသင်္ကပ္ပေါ အနတ္ထာ၀ဟတ္တာ ပဏ္ဍိတေဟိ ဇိဂုစ္ဆိတော သင်္ကပ္ပေါတိပိ မိစ္ဆာသင်္ကပ္ပေါ–စသည် မိစ္ဆာဒိဋ္ဌိနည်းတူ ၀စနတ္ထ စသည်ကို သိစေပါသည်။ (ဘာ၀တ္ထ)

မိစ္ဆာသင်္ကပ္ပါဒီသုပိ–၌ ပိသဒ္ဒါဖြင့်, မိစ္ဆာဒိဋ္ဌိပုဒ်၌သာလျှင် ဤနည်းကို သိအပ်သည် မဟုတ်သေး၊ မိစ္ဆာသင်္ကပ္ပစသည်တို့၌လည်း ဤနည်းကိုသိရမည် ဟူလို။

ပဏ္ဍာ ဝုစ္စတိ ပညာ သာ အဿ အတ္ထီတိ ပဏ္ဍိတော။ (အဿတ္ထိတဒ္ဓိတ်၊ မောဂ္ဂလာန်၌ – သဉ္ဇာတတဒ္ဓိတ်–ဟု ဆိုသည်။)

မိစ္ဆာ ပဿန္တီတိ ဓမ္မသဘာ၀ဿ ဝိပရီတ၀သေန အနိစ္စံ နိစ္စာဒိ၀သေန ပဿန္တိ။ (ယောဇနာ၊ ၁၃၄)

မိစ္ဆာ ပဿန္တိ ဧတာယ–ဖြင့် မိစ္ဆာဒိဋ္ဌိပုဒ်ကို မိစ္ဆာ ပဿန္တိ ဧတာယာတိ မိစ္ဆာဒိဋ္ဌိ–ဟု ကရဏသာဓနေ၀စနတ္ထပြုရမည်၏အဖြစ်ကိုငင်း၊¹ တိ–ပစ္စည်း၏ ကရဏသာဓနေအနက်၌ သက်သည်၏ အဖြစ်ကိုငင်း² သိစေပါသည်။ ၁။ အဘိဓာနတ္ထ။ ၂။ ဒု–ပစ္စယတ္ထ။

http://www.dhammadownload.com



သယံ မိစ္ဆာ ပဿတိ-ဖြင့် မိစ္ဆာ ပဿတီတိ မိစ္ဆာဒိဋ္ဌိ-ဟု ကတ္တုသာဓနေဝစနတ္ထပြုရမည်၏အဖြစ်ကိုင၎်း၊[၁] တိ-ပစ္စည်း ကတ္တုသာဓနတ္တ၌ သက်သည်၏အဖြစ်ကိုင၎်း၊[၂] ပဿတိ၏ ကတ္တားကား သယံတည်းဟူသော အဓိပ္ပါယ်ကိုင၎်း[၃] သိစေပါသည်။

၁။ အဘိဓာနတ္ထ။ ၂။ ဒု-ပစ္စယတ္ထ။ ၃။ ဘာဝတ္ထ။

## ၄-ဝါကျ ဝါသဒ္ဒါထားပုံ

ဝါသဒ္ဒါဖြင့် မိစ္ဆာဒိဋ္ဌိသဒ္ဒါ၏ မိစ္ဆာ ပဿန္တိ တေနယ-ဟူသော ကရဏသာဓန ဝစနတ္ထမှ တစ်ပါး မိစ္ဆာ ပဿတီတိ မိစ္ဆာဒိဋ္ဌိ-ဟု ကတ္တုသာဓနေဝစနတ္ထတစ်မျိုးကို လဲလှယ် ပြလိုသောကြောင့် ဝါသဒ္ဒါထားရပါသည်။

မိစ္ဆာ ဒဿနမတ္တမေဝ-ဖြင့် မိစ္ဆာဒိဋ္ဌိ-ကို မိစ္ဆာ ဒဿနံ မိစ္ဆာဒိဋ္ဌိ-ဟု ဘာဝသာဓနေ ဝစနတ္ထပြုရမည်၏အဖြစ်ကိုင၎်း၊[၁] တိ-ပစ္စည်း၏ ဘာဝသာဓနေအနက်၌ သက်သည်၏ အဖြစ်ကိုင၎်း[၂] သိစေပါသည်။ ၁။ အဘိဓာနတ္ထ။ ၂။ ဒု-ပစ္စယတ္ထ။

## ၄-ဝါကျ နှစ်ခုမြောက် ဝါသဒ္ဒါထားပုံ

ဝါသဒ္ဒါဖြင့် မိစ္ဆာဒိဋ္ဌိသဒ္ဒါ၏ ကရဏသာဓနေဝစနတ္ထ ကတ္တုသာဓနေဝစနတ္ထမှတစ်ပါး ဘာဝသာဓနေဝစနတ္ထတစ်မျိုးကို လဲလှယ်ပြလိုသောကြောင့် ဝါသဒ္ဒါထားပါသည်။

ပရမတ္ထသဒ္ဒါ ကတ္တုသာဓနေပြုရာ၌ သယံပုဒ်ဖြင့် သိစေအပ်သော အာဘော်။

✝ ဝိတက္ကေတီတိ ဓမ္မတော အညဿ ကတ္တုနိဝတ္တနတ္ထံ ဓမ္မမေဝ ကတ္တာရံ နိဒ္ဒိသတိ။ (မူလဋီ၊ ၁၊ ၈၈)

သယံ-ဖြင့် တရားမှတစ်ပါး ကတ္တားကိုနှစ်စေခြင်းငှါ တရားသာလျှင်ဖြစ်သော ကတ္တားကို ညွှန်ပြသိစေပါသည်။ (ဘာဝတ္ထ) (မူလဋီအာဘော်)

✝ တဿ ပန ဝသဝတ္တိဘာဝ နိဝါရဏတ္ထံ ဝိတက္ကနံ ဝါတိ ဘာဝနိဒ္ဒေသော။ (မူလဋီ၊၁၊၈၈)

မိစ္ဆာဒဿနမတ္တမေဝ-ဟူသော ဘာဝသာဓနေ-ဖြင့် မိစ္ဆာဒိဋ္ဌိ၏အလိုသို့ လိုက်စေနိုင်သော သတ္တိကို တားမြစ်ခြင်းအကျိုးရှိ၏။ (ဋီကာ-အဓိပ္ပါယ်အာဘော်)

မိစ္ဆာဒဿနမတ္တမေဝ-၌ မတ္တသဒ္ဒါဖြင့် မိစ္ဆာဒိဋ္ဌိ၏ ကရဏသာဓနေသတ္တိ ကတ္တုသတ္တိကို ကန့်သည်၊ မြစ်သည်၊ တားသည်။ ဧဝ-သဒ္ဒါဖြင့် ယင်းသို့ ကန့်ခြင်း မြစ်ခြင်းကို ခိုင်မြဲစေသည်။

## ၄-ဝါကျ အပိစသဒ္ဒါထားပုံ

မိစ္ဆာဒိဋ္ဌိသဒ္ဒါ၏ သမာသ်ဝစနတ္ထ-ဟူသော ရှေးနည်းကိုစွန့်၍ ကရဏသာဓန ဝစနတ္ထ, ကတ္တုသာဓနေဝစနတ္ထ, ဘာဝသာဓနေဝစနတ္ထ-ဟူသော ဝစနတ္ထတစ်မျိုးကို လဲလှယ် ပြလိုသောကြောင့် အပိစသဒ္ဒါ ထားပါသည်။

မေး။ သော အရ တရားကိုယူ၍ ကြိယာငါးတန် ထုတ်ခဲ့ပါ။

http://www.dhammadownload.com



ဖြေ။ ဒေသာ အရ–

၁။ မိစ္ဆာဒိဋ္ဌိသည် ဒဿနတ္ထ။

၂။ အယောနိသော မနသိကာရသည် ဒီပကတ္ထ။

၃။ ဓမ္မ၏ အနိစ္စစသောသဘောမှန်ကိုလွှန်၍ တစ်ပါးသော နိစ္စ–စသော မမှန်သော အခြင်းအရာအားဖြင့် သုံးသပ်ခြင်းသည် ပကာသနတ္ထ။

၄။ အသဒ္ဓမ္မသဝန အကလျာဏမိတ္တတာ, အရိယာနံ အဒဿန–ကာမတာ စသည်သည် ဝိဘာဝတ္ထ။

၅။ နိရယဂတိ စသည်သည် အနုဘာဝတ္ထ။

မေး။ မိစ္ဆာပဿန္တိတာယ–၌ ပစ္စည်း ပစ္စယုပ္ပန် ဖြစ်သင့်သည်တို့ကို ဖော်ပြ၍ ပစ္စယသတ္တိကိုလည်း ရေးသားခဲ့ပါ။

ဖြေ။ တာယ အရ –မိစ္ဆာဒိဋ္ဌိကား သဟဇာတပစ္စည်းတည်း။ ပဿန္တိ အရ– သမ္ပယုတ္တဓမ္မသည် သဟဇာတပစ္စယုပ္ပန်တည်း။ ပြိုင်နိုင်သောပစ္စယသတ္တိတို့ကား သဟကြီး–၄၊ အညမည၊ သမ္ပယုတ္တ၊ မဂ္ဂ = ဤ ၇–ပစ္စယသတ္တိတည်း။

ဓိဂုစ္ဆိတဗ္ဗာတိ ဓိဂုစ္ဆိတာ။

(ဖြောင့်) ပဏ္ဍိတေဟိ ယာဒိဋ္ဌိ ဓိဂုစ္ဆိတဗ္ဗာ ဣတိ သာ ဓိဂုစ္ဆိတာ။

ဂုပဓာတ် အရ ကတ္တုဋ္ဌကား–ပညာရှိတို့၏ ဟိရီ့ဩတ္တပ္ပပြဓာန်းသောစိတ္တုပ္ပါဒ်သည် မုချ။

ကမ္မဋ္ဌ ကား– ထိုအားတပ်သော မိစ္ဆာအယူ၏ အာရမ္မဏပစ္စယ သတ္တိသည် ဖလူပစာ။

တပစ္စည်းအရကား– ထို–သော မိစ္ဆာဒိဋ္ဌိရ၏။ (ဝိသေသနဆက်ကောက်လေ)

ပစ္စည်းပြိုင်လိုလျှင် = အာရမ္မဏတစ်ပစ္စည်းသာ ပြိုင်။

---

(က) ဗလဝတ္တော နိဒ္ဒေသဝါရေ အာဝိ ဘဝိဿတိ။ (ခ) ဣတရေသု –ပ– အဟိရိကော။ (ဂ) အဟိရိကဿ–ပ–အဟိရိကံ။ (ဃ) န ဩတ္တပ္ပံ အနောတ္တပ္ပံ။ ဋ္ဌ၊၂၉၁။

က–ဝါကျကား အတိဒေသသံဝဏ္ဏနာဝါကျ။ (ဂန္ထဂရုဒေါ်သပယ်သည်)

ခ–ဝါကျကား ပက္ခန္တရဝါကျ။ ထို–၍ က–ဝါကျ ပက္ခဝါကျ။

ဂ–ဝါကျကား ပက္ခန္တရဝါကျ။ ထို–၍ ခ–ဝါကျ ပက္ခဝါကျ။

ဃ–ဝါကျကား ပက္ခန္တရဝါကျ။ ထို–၍ ဂ–ဝါကျ ပက္ခဝါကျ။

✝ န ဟိရီယတိ န လဇ္ဇတိ အဟိရိကော ပုဂ္ဂလော ဓမ္မသမူဟော ဝါ၊ အဟိရိကဿ ဘာဝေါ အဟိရိက္ကန္တိ ဝတ္တဗ္ဗေ ဧကေ ကကာရဿ လောပံ ကတွာ အဟိရိကန္တိ ဝုတ္တံ။ (ယောဇနာ)

http://www.dhammadownload.com



န ဟိရိယတိ-ဖြင့် အဟိရိကောပုဒ်ကို ဟိရိယတီတိ ဟိရီ-ဟု ကတ္တုသာဓနဲ ဝစနတ္ထပြုရမည်၏အဖြစ်ကိုငှင်း၊[၁] ဤပစ္စည်း၏ ကတ္တုသာဓနတ္ထ၌ သက်သည်၏အဖြစ်ကိုငှင်း၊[၂] ဟိရီဧဝ ဟိရိကော-ဟု သွတ္ထတဒ္ဓိတ်ဝစနတ္ထပြုရမည်၏အဖြစ်ကိုငှင်း၊[၃] ကပစ္စည်း ၏ သွတ္ထတဒ္ဓိတ်အနက်၌ သက်သည်၏အဖြစ်ကိုငှင်း၊[၄] န ဟိရိကော အဟိရိကော- ဟု နနိပါတပုဗ္ဗပဒ ကမ္မဓာရည်းသမာသ် ဝစနတ္ထပြုရမည်၏အဖြစ်ကိုငှင်း[၅] သိစေပါသည်။

၁။ အဘိဓာနတ္ထ။ ၂။ ဒု-ပစ္စယတ္ထ။ ၃။ အဘိဓာနတ္ထ။ ၄။ ပစ္စယတ္ထ။

၅။ အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ။

မှတ်ချက်။ ဟိရိ လဇ္ဇာယံ-ဟု ဓာတ်ကျမ်းရှိသည်။ သူစိ၌ကား ဣပစ္စည်းဟု ဆိုသည်။ အဘိ၊ ဋ္ဌ၊၁၆၈-၌ ဟိရိယတီတိ ဟိရီ-ဟု ရှိသည်။

ဂ-ဝါကျ၌ အဟိရိကဿ ဘာဝေါ-ဖြင့် အဟိရိကံပုဒ်ကို အဟိရိကဿ ဘာဝေါ အဟိရိကံ -ဟု ဘာဝတဒ္ဓိတ်ဝစနတ္ထပြုရမည်၏အဖြစ်ကိုငှင်း၊[၁] ဏျပစ္စည်း၏ ဘာဝတဒ္ဓိတ်၌ သက်သည်၏ အဖြစ်ကိုငှင်း၊[၂] အဟိရိက္ကံ-ဟု ဆိုလိုလျက် က-တစ်လုံးကိုချေ၍ အဟိရိကံ-ဟု ရုပ်ပြီးသည်၏ အဖြစ်ကိုငှင်း[၃] သိစေပါသည်။ ၁။ အဘိဓာနတ္ထ။ ၂။ ပစ္စယတ္ထ။ ၃။ ဘာဝတ္ထ။

## အဟိရိက-ဉာဉ်ကောက်

အဟိရိကဿ ဘာဝေါ အဟိရိကံ (အဟိရိက+ဏျ)

အဟိရိက အရ- မရှက်တတ်သောပုဂ္ဂိုလ်(ဝါ)မရှက်တတ်သောတရားအပေါင်းသည် မုချ။

ယင်း၏ ဖြစ်ကြောင်း အဟိရိကစေတသိက်နှင့် အကျိုးအကြောင်း၊ ဌာန ဌာနီ-စပ်။

ဏျပစ္စည်း အရ- အဟိရိကစေတသိက်ရ၏။

မှတ်ချက်။ ဉာဉ်ကောက်ရာ၌ အစပ်သမ္ဗန်သည် ဗျုပ္ပတ္တိစတုက္ကထုတ်ရာ၌ ဗျုပ္ပတ္တိနိမိတ် ဖြစ်သည်။

ဃ-ဝါကျ။ န ဩတ္တပ္ပံ -ဖြင့် အနောတ္တပ္ပံပုဒ်ကို န ဩတ္တပ္ပံ အနောတ္တပ္ပံ- ဟု နနိပါတပုဗ္ဗပဒ ကမ္မဓာရည်းသမာသ်ဝစနတ္ထ ပြုရမည်ဟု သိစေပါသည်။ (အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ)

မှတ်ချက်။ ဩတ္တပ္ပတီတိ ဩတ္တပ္ပံ၊ န ဩတ္တပ္ပံ အနောတ္တပ္ပံ-ဟုတဲ့။ အဘိ၊ ဋ္ဌ၊ ၁၆၈-နှင့် ယှဉ်ကြည့်။ ဩတ္တပ္ပံ-ကား အဝ+တပ+ဏျ။

## ဝါသဒ္ဒါထားပုံ

အဟိရိကသဒ္ဒါ၏ အဓိဂုစ္ဆန လက္ခဏာအနက်မှတစ်ပါး အလဇ္ဇာ လက္ခဏာ အနက်ကို လဲလှယ် ပြလိုသောကြောင့် ဝါသဒ္ဒါထားပါသည်။

အဟိရိကမေဝ ဗလံ-ဖြင့် အဟိရိကဗလပုဒ်ကို အဟိရိကမေဝ ဗလံ အဟိရိကဗလံ-ဟု အဝဓာရဏကမ္မဓာရည်းသမာသ်ဝစနတ္ထပြုရမည်ဟု သိစေပါသည်။

(အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ)

http://www.dhammadownload.com



## အဟိရိကမေဝ–၌ ဂဟေတဗ္ဗာဒိ

၁။ အဟိရိကစေတသိက်သည် ဂဟေတဗ္ဗတ္တ။

၂။ အနောတ္တပ္ပစေတသိက်သည် နိဝတ္တေတဗ္ဗတ္တ။

၃။ အဟိရိကစေသိက်၏ ကာယဒုစရိုက်စသည်တို့မှ မစက်ဆုတ်ခြင်း (ဝါ) မရှက်ခြင်း သဘောလက္ခဏာသည် အနုညာတတ္တ။

ဖလတ္တော နိဒ္ဒေသဝါရေ အာဝိ ဘဝိဿတိ–ဟု ညွှန်ပြသည့်အတိုင်း နိဒ္ဒေသဝါရ (၂၉၄)၌ သဟဇာတဓမ္မေသု န ကမ္ပတီတိ သမာဓိဗလံ–ဟူ၍ငင်း၊ သဟဇာတဓမ္မေသု အကမ္ပနတ္တေနေဝ ဝီရိယဗလံ ဝေဒိတဗ္ဗံ–ဟူငင်း ဖွင့်ဆိုသည် ကို တွေ့ရ၏ ။ နကမ္ပတိ–ဖြင့်ငင်း၊ အကမ္ပနဋ္ဌေနေဝဖြင့်ငင်း ဗလပုဒ်ကို ဖွင့်သည် ဟုမှတ်။ ယင်း–ဖြင့် ဗလသဒ္ဒါ၏ အကမ္ပနအနက်ကို ပြသည်။ ဗလသဒ္ဒါကား ဗလဓာတ်၊ အပစ္စည်း။ ဗလတိ န ကမ္ပတီတိ ဗလံ–ဟု ဝစနတ္ထပြုသင့်သည်။

### ဗလပုဒ် မှတ်ဖွယ်

ဗလ ပါဏနေ (အသက်ရှင်ခြင်း) ကရဏေ အ။

✝ ဗလန္တိ ဇီဝန္တိ ဇီဝိတံ ကပ္ပေန္တိ ဧတေနာတိ ဗလံ။ ကာယဗလ ဘောဂ ဗလာဒိကံ ဗလံ။ အထဝါ ဗလန္တိ သမ္ဘာဇိဝနံ ဇီဝန္တိ ဧတေနာတိ ဗလံ။ သဒ္ဒါဒိကံ ဗလံ။ (သူစိ။ နီတိဓာတု)

**မှတ်ချက်။** ၎င်း နှစ်ဝိကပ်တွင် သဒ္ဒါဗိုလ်–စသည်ရအောင် ဒုတိယဝိကပ်အတိုင်း ဝိဂ္ဂဟပြုလေ။

### သဟဇာတဓမ္မေသု န ကမ္ပတိ သမာဓိဗလံ–၌ အာဘော်

န ကမ္ပတိ–ဖြင့် သမာဓိဗလံ–၌ ဗလဓာတ်၏ အကမ္ပနတ္ထကို ဟောသည်၏အဖြစ်ကိုငင်း၊[၁] ဗလတိ န ကမ္ပတီတိ ဗလံ–ဟု ကတ္တုသာဓနဝစနတ္ထပြုရမည်၏အဖြစ်ကိုငင်း၊[၂] အပစ္စည်း ကတ္တုသာဓနတ္ထ၌သက်သည်၏ အဖြစ်ကိုငင်း၊[၃] သမာဓိနှင့် ဗလပုဒ်ကို သမာဓိဧဝ ဗလံ သမာဓိဗလံ–ဟု အဝဓာရဏ ကမ္မဓာရည်းသမာသ်ဝစနတ္ထပြုရမည်၏ အဖြစ်ကိုငင်း[၄] သိစေပါသည်။

၁။ ဒု–ဓာတွတ္ထ။ ၂။ အဘိဓာနတ္ထ။ ၃။ ဒု–ပစ္စယတ္ထ။

၄။ အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ။

**မှတ်ချက်။** န ကမ္ပတိ–ဖြင့် ဗလကိုသာဖွင့်၍ သမာဓိကိုမဖွင့်ဘဲ ချန်ထားသည်။ သို့ ချန်ထားသဖြင့် ကိတ္တိသဒ္ဒေါတိ ကိတ္တိဧဝ–ကဲ့သို့ အဝဓာရဏကမ္မဓာရည်းသမာသ်ပြသည်ဟု မှတ်။

✪ သံဝဏ္ဏေတဗ္ဗ၊ ရှိတာမပြ၊ အနုတ္တ၊ တုလျာဓိကရဏလည်းရ–ဟူသော နိယံနှင့် အညီ တုလျာဓိကရဏ ရသည်ဟုမှတ်။

ဝိဘာဝနီဋီကာ၌ကား– အဟိရိကာ နောတ္တပ္ပဒွယံ ပန သမ္ပယုတ္တဓမ္မေသု ထိရဘာဝေနေဝ– ဟု ဖွင့်သည်။

✝ ဝုတ္တပဋိပက္ခဝသေနာတိ အလဇ္ဇနာကာရေန ပါပါနံ ကရဏ ရသံ အဟိရိကံ

http://www.dhammadownload.com



အနုတ္တာသာကာရေန အနောတ္တပ္ပံ ဝုတ္တပကာရေနေဝ ပါပတော အသံကောစ ပစ္စုပဋ္ဌာနာနိ အတ္တနိ ပရေသုစ အဂါရဝပဒဋ္ဌာနာနိ ဂါမသူကရဿ ဝိယ အသုစိတော ကိလေသာ သုစိတော အဇိဂုစ္ဆနံ အဟိရိကေန ဟောတိ. သရဘဿ ဝိယ အဂ္ဂိတော ပါပတော အနုတ္တာသော အနောတ္တပ္ပေန ဟောတီတိ ဇဝံ ဝုတ္တပဋိပက္ခဝသေန ဝိတ္ထာရော ဝေဒိတဗ္ဗော။ (ဝိသုဒ္ဓိမဂ်ဋီ၊ အဓိပ္ပါယတ္ထ၊၁၂၇)

(က) လုဗ္ဘန္တိ -ပ- လောဘော။ (ခ) မုယှန္တိ -ပ- မောဟော။

( ဂ) တေသု -ပ- ဝိယ။ (ဃ) အဘိသင်္ခရသော -ပ- ဝိယ။

( င) အပရိစ္စာဂ-ပ-ဝိယ။ (စ) သံယောဇနိယဓမ္မေသု-ပ- ဒဋ္ဌဗ္ဗော။ ဋ္ဌ၊ ၂၉၁။

လုဗ္ဘန္တိ တေန-ဖြင့် လောဘောပုဒ်ကို လုဗ္ဘန္တိ တေနာတိ လောဘော-ဟု ကရဏသာဓနေဝစနတ္ထပြုရမည်၏အဖြစ်ကိုငင်း၊[1] ဏပစ္စည်း၏ကရဏတ္ထ၌သက်သည်၏အဖြစ် ကိုငင်း[2] သိစေပါသည်။ ၁။ အဘိဓာနတ္ထ။ ၂။ ဒု-ပစ္စယတ္ထ။

## လုဗ္ဘန္တိ တေန-၌ ပစ္စည်းပြိုင်

တေန အရ- လောဘပစ္စည်းတရားက လုဗ္ဘန္တိ အရ- သမ္ပယုတ္တဓမ္မ ပစ္စယုပ္ပန်တရားတို့အား သဟကြီး -၄၊ အညမည၊ သမ္ပယုတ္တ၊ ဟေတု = ဤ ၇-ပစ္စယသတ္တိဖြင့် ကျေးဇူးပြုပါသည်။

## ဝါသဒ္ဒါအဓိပ္ပါယ်

ဝါ-သဒ္ဒါဖြင့် လောဘသဒ္ဒါ၏ ကရဏသာဓနေဝစနတ္ထဟူသော အကြောင်းသကတ်မှ တစ်ပါး လောဘသဒ္ဒါ၏ ကတ္တုသာဓနေဝစနတ္ထဟူသော အကြောင်းကို လဲလှယ်ပြပါသည်။

လုဗ္ဘတိ-ဖြင့် လောဘောပုဒ်ကို လုဗ္ဘတီတိ လောဘော-ဟု ကတ္တုသာဓနေဝစနတ္ထ ပြုရမည်၏ အဖြစ်ကိုငင်း၊[1] ဏပစ္စည်း- ကတ္တုသာဓနေတ္ထ၌သက်သည်၏ အဖြစ်ကိုငင်း[2] သိစေပါသည်။

၁။ အဘိဓာနတ္ထ။ ၂။ ဒု-ပစ္စယတ္ထ။

သယံ-ဖြင့် ဓမ္မမှတစ်ပါး အခြားသော ကတ္တားမရှိ-ဟု သိစေပါသည်။ (ဘာဝတ္ထ) (ကြွင်း ဘာဝသာဓ် လွယ်ပြီဖော်လေ။)

ခ-ဝါကျ ပက္ခန္တရ။ ထို-၍ က-ဝါကျ ပက္ခ။

မုယှန္တိ - မုဟဓာတ်+ဒိဝါဒိယပစ္စည်း၊ အန္တိဝိဘတ်။ (ကတ္တုရုပ်)

ခ-ဝါကျ အာဘော်ကို က-ဝါကျနှင့် နည်းတူဖော်လေ။

တေသု-၌ တသဒ္ဒါကား- ရှေ့ဝါကျတို့၌ ဆိုအပ်ပြီးသော လောဘ မောဟတို့ကို စွဲသောကြောင့် ပက္ကန္တဝိသယ တ တည်း။

တေသု- ပ- မူလန္တိ ဒဋ္ဌဗ္ဗော-တိုင်အောင်သောဝါကျတို့ကား ဝိတ္ထာရဝါကျ။ (ဝါ) တပ္ပါကဋ္ဌီ ကရဏဝါကျ။ ထို-၍ က-ခ-ဝါကျတို့ကား သင်္ခေပဝါကျ။ (ဝါ) တပ္ပါကဋ္ဌီကဏိယဝါကျ။ (ဝါ) အပါကဋ္ဌဝါကျ။

http://www.dhammadownload.com



✝ အာလိမ္ပတိ ဧတေနာတိ အာလေပေါ၊ မက္ကဋဿ အာလေပေါ မက္ကဋာလေပေါ။ (အဋ္ဌသာလိနီ၊ယောဇနာ၊ ၁၃၅)

တတ္တ = တပဓာတ်+တပစ္စည်း၊ တပ သန္တာပေ။

ကပါလ = ကသဒ္ဒူပပဒ+ပါလဓာတ်။

✝ အဿာဒ ဒဿနပဒဋ္ဌာနော။ အဿာဒါနုပဿီနော တဏှာ ပဝဍ္ဎတီတိ ဝစနတော ဝုတ္တံ အဿာဒဒဿနပဒဋ္ဌာနောတိ။ တတ္ထ အဿာဒဝသေန ဒဿနံ၊ နနု စ အဿာဒ ဒဿနမ္ပိ အတ္ထတော လောဘောယေဝါတိ ဂုဏ် သယံ အတ္တနော ပဒဋ္ဌာနံ ဟောတီတိ။ သစ္စံ ပဌမံ နာတိ ဗလဝလောဘဝသေန အဿာဒဒဿနော ပစ္ဆာဗလဝလောဘော ဟောတီတိ တဿ တံ ပဒဋ္ဌာနံတာ ဝုတ္တာ တေနေဝစ တဏှာ ပဝဍ္ဎတီတိ ဝုတ္တံ။ (အဘိဓမ္မာဝဋ္ဌာရအဘိနဝဋီကာ၊၃၁၆) (ဆဋ္ဌမူ)

✪ သစ္စံ အာဂမ၊ ဝန်ခံပြက၊ ဖြေရတဲ့ရှောင်း၊ ကြောင်းကျိုး နှစ်ရု၊ တစ်ခုခုကို၊ ဟုတ်မှ ဟုတ်ရှာ ဝန်ခံသော်။

ဒဿီယတေ ဒဿနံ။ (ရှုမြင်ခြင်း)

အဿာဒီယတေ အဿာဒေါ။

အဿာဒဝသေန ဒဿနံ အဿာဒဒဿနံ။

ပဒါနံ ဌာနံ ပဒဋ္ဌာနံ။ (အကြောင်းတို့၏ အကြောင်း- နီးသော အကြောင်း)

အဿာဒ ဒဿနံ ပဒဋ္ဌာနံ ဧတဿာတိ အဿာဒ ဒဿန ပဒဋ္ဌာနော။

အဿာဒဒဿနပုဒ်၊ ပဒဋ္ဌာနပုဒ်၊ ဧတပုဒ်။

ပုဒ်လုံးအရ- သာယာခြင်း၏အစွမ်းအားဖြင့် ရှုမြင်ခြင်းဟူသော နာတိဗလဝလောဘ ဟူသော နီးသောအကြောင်းသည် မုချ။

ယင်း၏ ဗလဝလောဘနှင့် အကြောင်းအကျိုး စပ်။

ဧတအရ- ထို-သော သာယာခြင်း၏ အစွမ်းအားဖြင့် ရှုမြင်ခြင်းဟူသော နာတိဗလဝ လောဘဟူသော နီးစွာသောအကြောင်းရှိသော ဗလဝလောဘရှ၏။

အဿာဒ ဒဿန-အရ (ဝါ) အဿာဒ ဒဿန ပဒဋ္ဌာန-အရ နာတိဗလဝ လောဘပစ္စည်း တရားက -အဿာဒ ဒဿန ပဒဋ္ဌာနောအရ ဗလဝလောဘအား အနန္တရ, သမနန္တရ,အာသေဝန, နတ္ထိ, ဝိဂတ -၅-ပစ္စည်းပြိုင်လေ။ (ဥပနိဿယမျိုးလည်း ပြိုင်လေဦး)

သံယောဇနိယဓမ္မေသု အရ- သံယောဇဉ်တို့၏ အာရုံဖြစ်သောတရားတို့က အဿာဒ ဒဿန ပဒဋ္ဌာန-အရ လောဘပစ္စယုပ္ပန်တရားတို့အား အာရမ္မဏ-၁-၃-၄-၆-၈-ရှ၏။

**အပါယမေဝ-၌**

၁။ အပါယ်လေးပါသည် ဂဟေတဗ္ဗတ္တ။

http://www.dhammadownload.com



၂။ သုဂတိဘဝသည် နိဝတ္တေတဗ္ဗတ္ထ။

၃။ အပါယ်၏ အသဿာဒ ဘာဝဂုဏ်သည် အနုညာတတ္ထ။

ဝမ္မမာန = ဝမ္မစာတ်၊ မာနပစ္စည်း။

တဏှာဝေ နဒီ တဏှာနဒီ။

တဏှာ နဒီယာ ဘာဝေါ တဏှာနဒီဘာဝေါ။

တဏှာနဒီအရ - တဏှာတည်းဟူသော မြစ်သည် မုချ။

ယင်း-၏ တဏှာ၏သတ္တိနှင့် သတ္တိမန္တ သတ္တိ၊ ဌာန ဌာနီစပ်။

ပုဒ်လုံးအရ- ထို-သော တဏှာတည်းဟူသော မြစ်၏ အဖြစ်၊ ဝါ- တဏှာ၏ သတ္တိရှ၏။

---

(က) အဘိဇ္ဈာယန္တိ -ပ- အဘိဇ္ဈာ။ (ခ) ပရသမတ္တိနံ -ပ- အဘိရတိပဒဋ္ဌာနာ။

(ဂ) ပရသမ္ပတ္တိအဘိမုခါဝေ-ပ- ဒဋ္ဌဗ္ဗာ။ ဋ္ဌ၊ ၂၉၁။

ခ-ဝါကျ ပက္ခန္တရဝါကျ။ ထို-၍ က-ဝါကျကား ပက္ခဝါကျ။

ခ-ဝါကျဖြင့် အဗျာပိတ အပရိပုဏ္ဏဒေါသပယ်သည်။

## ခ-ဝါကျ ဋီကာတကပ်ပုံ

သဗ္ဗဿ လောဘဿ အဘိဇ္ဈာဘာဝေ သတိပိ ဝိသေသယုတ္တာယ အဘိဇ္ဈာယ ကမ္မပထတ္တာယ ဣစ္ဆုပဗ္ဗမာနာယ လက္ခဏာဒိ ဒဿေတုံ သာ ပရသမ္ပတ္တိနန္တိအာဒိမာဟ။ (မူလဋီ၊၁၊၁၁၉)

## ခ-ဝါကျ ဋ္ဌပနာတိကတကပ်ပုံ

ဋ္ဌပနာ (လွယ်ပြီ)

အလုံးစုံသော လောဘသည် အဘိဇ္ဈာမဟုတ်လော။ ယင်းသို့ အလုံးစုံသော လောဘသည် အဘိဇ္ဈာဖြစ်လျှင် လောဘ၏လက္ခဏစသည်ကို ရှေး၌ဆိုပြီးဖြစ်သောကြောင့် ဤ၌ အဘိဇ္ဈာ၏ လက္ခဏ စသည်ကို မဆိုသင့်။ မဆိုသင့် ဆိုချေသော် ဆရာအား ပုနရုတ္တိဒေါသ နိရတ္ထကဒေါသ ရောက်ရာ သည်မဟုတ်လော။ (ဒေါသာရောပနအာဘော်)

အဘယ်ကိုပြခြင်းငှါ ပရသမ္ပတ္တိနံ စသော စကားကို ဆိုပါသနည်း။ ဤသို့-ကြောင့် ခ-ဝါကျမိန့်။

အဓိပ္ပါယ်ကား- ခ-ဝါကျဖြင့် အလုံးစုံသောလောဘ၏ အဘိဇ္ဈာမည်သည်၏ အဖြစ်သည် ဖြစ်သော်လည်း ကမ္မပထအဖြစ်တည်းဟူသော အထူးနှင့်ယှဉ်သော ကမ္မပထသို့ရောက်သည်ဖြစ်၍ ဤပထမ အကုသိုလ်စိတ်၌ဖြစ်သော အဘိဇ္ဈာ၏လက္ခဏ-စသည်ကိုပြခြင်းငှါ ပရသမ္ပတ္တိနံ-စသော စကားကို ငါဆို၏ဟူလိုသော်။

http://www.dhammadownload.com



မှတ်ချက်။ ဋီကာအလို ခ–ဝါကျဖြင့် ပုနရုတ္တိဒေါသ နိရတ္ထကဒေါသပယ်သည်။

ပရသမ္ဘတ္တိ အဘိမုခါဝေ–ပ– သတိ ပဝတ္တတိ–တိုင်အောင်သော နှစ်ဝါကျကား ယုတ္တိဒဋ္ဌိကရဏဝါကျ။ ထို–၍ ပရသမ္ဘတ္တိအဘိမုခဘာဝ–ပ– ပဒဋ္ဌာနာ–တိုင်အောင်သော ဝါကျကား ယုတ္တိဒဋ္ဌိယဝါကျ။

မှတ်ချက်။ ဂ–ဝါကျတွင် ပထမဝါကျဖြင့် ပစ္စုပဋ္ဌာန်ကို ထောက်ခံသည်။ ခိုင်မြဲစေသည်။ ဒုတိယဝါကျဖြင့်– ပဒဋ္ဌာန်ကို ထောက်ခံသည်။ ခိုင်မြဲစေသည်။ ထို– ဂ–ဝါကျတွင် တာသုစ–ပ– ပဝတ္တတိ–ကား ပက္ခန္တရဝါကျ။ ပရသမ္ဘတ္တိ–ပ– ဥပဋ္ဌဟတိ–တိုင်အောင်သော ပထမဝါကျကား ပက္ခဝါကျ။

## ဂ– ပထမဝါကျသို့ ကျမ်းတက်

ဆရာ၊ သည် ပရသမ္ဘတ္တိ–စသောဝါကျဖြင့် အဘိဓမ္မာသည် သူတစ်ပါးစည်းစိမ်သို့ ရှေ့ရှုသည်၏အဖြစ်ဖြင့် ဉာဏ်အားထင်တတ်သောဟုဆိုတော်မူ၏။ ယင်းအဘိဓမ္မာသည် သူတစ်ပါး စည်းစိမ်သို့ ရှေ့ရှုသည်ဖြစ်၍သာလျှင် ဉာဏ်အားထင်သော်သာလျှင် ပရသမ္ဘတ္တိစသော ဆရာ့စကား သင့်တန်ရာ၏။ (ဒဋ္ဌိပရိကပ္ပ) (ဋ္ဌပနာနှင့် တက်လတ္တံ့ဝါကျ ၂–ခုကိုရှု၍ ကျမ်းတက်ရမည်) ယင်းသို့ မဟုတ်ပါက အဘယ်သို့လျှင် သင့်တန်ပါ မည်နည်း။ မသင့်သည်သာ မဟုတ်ပါလော။ ဤသို့–ကြောင့် ဂ–ဝါကျတွင် ပထမဝါကျ ကိုမိန့်။

## ဂ–ဝါကျတွင် ဒုတိယဝါကျသို့ ကျမ်းတက်ပုံ

ဆရာ၊ သည် ပရသမ္ဘတ္တိ–စသော ဝါကျဖြင့် သူတစ်ပါး စည်းစိမ်တို့၌ အလွန်မွေ့လျော်သော ရှေ့သွားတဏှာလျှင် နီးစွာသောအကြောင်းရှိ၏ဟု အဘိဓမ္မာ၏ ပဒဋ္ဌာန်ကို ဆိုတော်မူ၏။ ထိုသူတစ်ပါး စည်းစိမ်တို့၌ အလွန်မွေ့လျော်သော ရှေ့သွားတဏှာရှိသော်သာလျှင် အဘိဓမ္မာဖြစ်ပါက ဆရာဖွင့်ဆိုခဲ့ သော ပရသမ္ဘတ္တိသု–စသော စကားသည် သင့်တန်ရာ၏။ (ဒဋ္ဌိပရိကပ္ပ) ယင်းသို့ မဟုတ်ပါက အဘယ်သို့လျှင် သင့်တန်ပါ မည်နည်း။ မသင့်တန်သည် မဟုတ် ပါလော။ ဤသို့–ကြောင့် တာသု–စသောဝါကျ ကိုမိန့်။

ဆရာ၊ သည် ဂ–ဝါကျတွင် ပထမဝါကျဖြင့် ပစ္စုပဋ္ဌာန်၏ အသင့်ယုတ္တိကို ဆိုတော်မူ၏။ ပဒဋ္ဌာန်၏ အသင့်ယုတ္တိကို မပြပြီလော။ အသင့်ယုတ္တိကား အဘယ်နည်း။ ဤသို့–ကြောင့် တာသု–စသောဝါကျကိုမိန့်။

အနက်ပေး။ ပရသမ္ဘတ္တီသု–တို့၌၊ စေတသော–၏၊ ဟတ္ထပ္ပသာရောဝိယာတိ– ဥစ္စာထုပ်ကိုယူအံ့–ဟု ဆန့်တန်းစမ်းသပ်သော ခိုးသူလက်နှင့်တူ၏–ဟူ၍၊ ဒဋ္ဌဗ္ဗာ–၏။

ဤပြည်နိသျအလို– ဝိယသဒ္ဒါကား–ဉပမာဇောတကတည်း။ ဘာသာဋီကာအလို– ပရသမ္ဘတ္တီသု–တို့၌၊ စေတသော–၏၊ ဟတ္ထပ္ပသာရောဝိယ–လက်လှမ်းခြင်းနှင့် တူ၏၊ ဣတိ–၊ ဒဋ္ဌဗ္ဗာ–၏။

http://www.dhammadownload.com



ဝိယသဒ္ဒါသည် ဥပရိက္ခာ စကားတည်း။ လက်မလှမ်းတတ်သော်လည်း လက်လှမ်းသကဲ့သို့ ဖြစ်၏–ဟူလို။

ပြည့်သျှအလို– ပသာရိယတေတိ ပသာရော။ (ပ+သရ+ဏ)

ပသာရော စ သော ဟတ္ထောစာတိ ဟတ္ထပသာရော။ (ဝိသေသန ပရနိပါတကမ္မဓာရည်း)

**ဘာသာဋီကာအလို–** ပသာရနံ ပသာရော။

ဟတ္ထဿ ပသာရော ဟတ္ထပသာရော–ဟု ဆဋ္ဌီတပ္ပုရိသ်သမာသ်တွဲ။

**အတ္ထနေမတိအလို–** ပရသမ္ပတ္တိသု စောရဿ ဟတ္ထပသာရောဝိယ ပရသမ္ပတ္တိသု စေတသော ပသာရောတိ ဒဋ္ဌဗ္ဗာ။

**မှတ်ချက်။** ဟတ္ထပသာရော ဝိယ–ဟူသော ပုလ္လိင်ပုဒ်ကိုထောက်၍ ဥပမာနပုဒ်သာ ဖြစ်သင့်သည်။ အကယ်၍ အဘိဇ္ဈာပုဒ်ကို ရသည်ဖြစ်အံ့၊ ဟတ္ထပသာရာ–ဟုသာ ဣတ္ထိလိင်သာရှိသင့်သည်။ သို့ဖြစ်၍ ဝိယသဒ္ဒါကို ဥပမာဓောတက–ဟု ကေန် မှတ်ရာ၏။

ဆရာ၊ သည် ဂ–ဝါကျတွင် ပထမဝါကျဖြင့် ထိုအဘိဇ္ဈာသည် သူတစ်ပါးစည်းစိမ်သို့ ရှေ့ရှုသည်ဖြစ်၍သာလျှင် ဉာဏ်အားထင်လာတတ်၏ဟု ဆိုတော်မူ၏။ သူတစ်ပါးစည်းစိမ်သို့ ရှေ့ရှုပုံကို ဥပမာဖြင့် ထင်စွာမပြပြီလော။ အဘယ်သို့လျှင် သူတစ်ပါးစည်းစိမ်သို့ ရှေ့ရှုပါသနည်း။ ဤသို့–ကြောင့် ပရသမ္ပတ္တိသု စေတသော–စသည်ကိုမိန့်။

ပရသမ္ပတ္တိသု စေတသော–ပ–ဒဋ္ဌဗ္ဗာ–ကား ဥပမာဖြင့် ထင်ရှားအောင်ပြုကြောင်း ဖြစ်သောကြောင့် တပ္ပါကဋီကရဏဝါကျ။

ထို–၍ ပရသမ္ပတ္တိသု အဘိမုခါယ–ပ– ဥပဋ္ဌဟတိ–ကား ဥပမာဖြင့် ထင်ရှားအောင်ပြုအပ်သောကြောင့် တပ္ပါကဋီကရဏီယဝါကျ။ (ဝါ) အပါကဋဝါကျ။

အဘိဇ္ဈာ = အဘိ+ဈေ+အ+အာ။

ဈေ စိန္တာယံ။ ပရသမ္ပတ္တိံ အဘိမုခံ ဈာယတီတိ အဘိဇ္ဈာ။ (ရူ–ဣတ္ထိယ မတိယဝေါဝါ–သုတ်)

အဘိဇ္ဈာယန္တိ တာယာတိ အဘိဇ္ဈာ။

တာယ ဓမ္မဇာတိယာ၊ ထိုအဘိဇ္ဈာတရားသဘောဖြင့်။ သမ္ပယုတ္တဓမ္မာ၊ တို့သည်။ ပရသမ္ပတ္တိံသို့။ အဘိဇ္ဈာယန္တိ၊ ကုန်၏။ ဣတိ၊ ကြောင့်။ သာ ဓမ္မဇာတိ၊ အဘိဇ္ဈာ။

အဘိ–အရ အဘိမုခဘောဂုဏ်ရ၏။

ဈေဓာတ်အရ ကတ္တုဋ္ဌကား– အဘိဇ္ဈာသမ္ပယုတ္တဓမ္မတို့၏ ဥပါဒ်သည် မုချအားဖြင့် ရ၏။

ကရဏတ္ထအရကား– ထိုအားတပ်သော အဘိဇ္ဈာ၏ သဟဇာတသတ္တိသည် ဖလူပစာ အားဖြင့်ရ၏။

အပစ္စည်းအရ– ထို–သော အဘိဇ္ဈာရ၏။

http://www.dhammadownload.com



အာပစ္စည်းကား ဣတ္ထိလိင်ဓာတကမျှသာထည်း။

ပစ္စယတ္တ, ဗာဟုလ္လပစ္စည်းတရားကား- ဓာတုတ္တ, အန္တတ္တပစ္စယုပ္ပန်တရားအား - သဟကြီး-၄၊ အညမည၊ သမ္ပယုတ္တ၊ ဟေတု-ဤ ၇-ပစ္စယသတ္တိ ဖြင့် ကျေးဇူးပြုပါသည်။

မေး။ အဘိဇ္ဈာယန္တိ ကြိယာနှင့် ကံပုဒ်တို့ ပစ္စည်းပစ္စယုပ္ပန် ဆက်သွယ်ပုံကို ရေးခဲ့ပါ။

ဖြေ။ ပရသမ္ပတ္တိံ အရ- ကံပုဒ်အာရုံပစ္စည်းတရားက- အဘိဇ္ဈာယန္တိ အရ= အဘိဇ္ဈာ သမ္ပယုတ္တမေ့အား- တာယ အရ- အဘိဇ္ဈာအား- အာရမ္မဏ (၈) ပစ္စည်းဖြင့် ကျေးဇူးပြုပါသည်။ (လောဘနှင့် အတူပြိုင်လေ)

မေး။ ဒဠ္ဍဗ္ဗာအရ တရားကိုယူ၍ ကြိယာငါးတန် ထုတ်ခဲ့ပါ။

ဖြေ။ ဒဠ္ဍဗ္ဗာ အရ -

၁။ အဘိဇ္ဈာသည် ဒဿနတ္တ။

၂။ အဘိရတိသည် ဒီပကတ္တ။ (လက္ခဏ ရသ ကိုကြည့်သည်) (ဝါ) ပရသမ္ပတ္တိသည် ဒီပကတ္တ။

၃။ သူတစ်ပါးစည်းစိမ်ကို အာရုံပြု၍ နှလုံးမသာယာခြင်းသည် ပကာသနတ္တ။

၄။ အယောနိသော မနသိကာရစသည်သည် ဝိဘာဝတ္တ။

၅။ ပစ္စုပ္ပန်တမလွန် နှစ်တန်သောဘဝတို့၌ အကျိုးမဲ့အဖြစ်သည် အနုဘာဝတ္တ။

သတိ = အသဓာတ်+အန္တပစ္စည်း+ဂဏ္ဍာဒိဂိုဏ်း။

တေနာကာရေန-၌ တ-သဒ္ဒါကား ပသိဒ္ဓဝိသယ-တံ-သဒ္ဒါတည်း။

## ပရသမ္ပတ္တိ အဘိမုခါဝေ-၌ ဂဟေတဗ္ဗာဒိ

၁။ သူတစ်ပါးစည်းစိမ်သို့ရှေ့ရှုခြင်းသည် ဂဟေတဗ္ဗတ္တ။

၂။ မိမိစည်းစိမ်သို့ ရှေ့ရှုခြင်းသည် နိဝတ္တေတဗ္ဗတ္တ။

၃။ သူတစ်ပါးစည်းစိမ်၏ နှစ်သက်ဖွယ် လောဘနီယ အာရုံတည်းဟူသော ဂုဏ်သည် အနုညာတတ္တ။

သမနတော-ဖြင့် ဝိကမ္ပေပံ သမေတီတိ သမထော-ဟု ဟေတုကတ္တုသာဓန ဝစနတ္ထပြုရမည်၏အဖြစ်ကိုင်း၊[၁] ထ-ပစ္စည်း၏ ဟေတုကတ္တုသာဓနအနက်၌ သက်သည်၏အဖြစ်ကိုင်း[၂] သိစေပါသည်။ ၁။ အဘိဓာနတ္တ။ ၂။ ဒု-ပစ္စယတ္တ။

ဝိကမ္ပေ-ဖြင့် ငြိမ်းစေတတ်၏ဟူသည် ကိလေသာတို့ကို ငြိမ်းစေသည်မဟုတ်၊ ပျံ့လွင့်ခြင်းကို ငြိမ်းစေသတည်းဟု သိစေပါသည်။ (ဘာဝတ္တ)

မှတ်ချက်။ ကိလေသေ သမေတီတိ သမထော-အဖွင့်နှင့် ယှဉ်ကြည့်ပါ။

ပဂ္ဂဏှာတိ-ဖြင့် ပဂ္ဂါဟော-၌ ဏာ-ပစ္စည်း၏ ကတ္တုသာဓန-၌သက်သည်၏အဖြစ်

http://www.dhammadownload.com



ကိုင်း၊[၁] ပဂ္ဂဏှာတီတိ ပဂ္ဂါဟော–ဟု ကတ္တုသာဓနဝစနတ္ထ ပြုရမည်၏အဖြစ်ကိုင်း[၂] သိစေပါသည်။ ၁။ ဒု–ပစ္စယတ္ထ။ ၂။ အဘိဓာနတ္ထ။

အကုသလသမ္ပဝတ္တိယံ စိတ္တံ–ဖြင့် ချီးမြှောက်တတ်၏ဟူသည် အကုသိုလ်ဖြစ်ခြင်း၌ စိတ်ကို ချီးမြှောက်တတ်သတည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

န ဝိက္ခိပတိ–ဖြင့် အဝိက္ခေပေါ–၌ ဏပစ္စည်း၏ ကတ္တုသာဓန၌သက်သည်၏ အဖြစ်ကိုင်း၊[၁] ဝိက္ခိပတီတိ ဝိက္ခေပေါ–ဟု ကတ္တုသာဓနဝစနတ္ထ ပြုရမည်၏အဖြစ်ကိုင်း၊[၂] န ဝိက္ခေပေါ အဝိက္ခေပေါ–ဟု နနိပါတပုဗ္ဗပဒ ကမ္မဓာရည်းသမာသ်ဝစနတ္ထပြုရမည်၏အဖြစ်ကိုင်း၊[၃] အ–သဒ္ဒါ၏ နနိပါတ်၏ ကာရိယ၏အဖြစ်ကိုင်း[၄] သိစေပါသည်။

၁။ ဒု–ပစ္စယတ္ထ။ ၂။ အဘိဓာနတ္ထ။

၃။ အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ။ ၄။ နိပါတလိင်္ဂပဒ။

မှတ်ချက်။ ဝိက္ခေပ သမနတော–၌ ဝိက္ခေပပုဒ်ကို သတ္တိရအောင် – ဝိက္ခိပန် ဝိက္ခေပေါ–ဟု ဘာဝသာဓ်ပြုရသည်။

---

(က) ကုမသ္မိံ စိတ္တေ –ပ–န ဂဟိတာ။ (ခ) ကသ္မာ။ (ဂ) အသဒ္ဒါယ–ပ–န ဂဟိတာ။ (ဃ) ကိံ ပန –ပ– န သဒ္ဒဟန္တီတိ။ (င) သဒ္ဒဟန္တိ။ (စ) သာ ပန –ပ– န ဟောတိ။ (ဆ) ဝစနသမ္ပဋိစ္ဆနမတ္တမေဝေတံ။ (ဇ) အတ္တတော –ပ– ဒိဋ္ဌိဝါ။ ၄၂၉၂။

ခ–ပုစ္ဆာဝါကျ။

မှတ်ချက်။ ကင်္ခါဋီကာသစ်၌ ကာရဏံ ပုစ္ဆတိ ကသ္မာတိ အာဟ–ဟု ကျမ်းတက်သည်။

## ခ–ဝါကျ ကင်္ခါဋီကာသစ် ကျမ်းတက်ပုံ

ဆရာ၊ သည် က–ဝါကျဖြင့် (ဘာသာပြန် ဋ္ဌပနာထား)ဆိုတော်မူ၏။ ယင်း၌ ဖြစ်ထိုက်သော ပုစ္ဆာကို မပြပြီလော။ ယင်း၌ဖြစ်ထိုက်သော ပုစ္ဆာကား အဘယ်နည်း။ ဤသို့–ကြောင့် ကသ္မာ–ဟူသော ခ–ဝါကျကိုမိန့်။

အဓိပ္ပါယ်ကား– ကသ္မာ–ဟူသော ခ–ဝါကျဖြင့် ယင်း၌ဖြစ်ထိုက်သော ပုစ္ဆာကို ငါပြဆို၏ဟူလိုသော်။

## ပုစ္ဆာဝါကျ အာစရိယဝါဒ ကျမ်းတက်

ဆရာ၊ သည် က–ဝါကျဖြင့် (ပ) ဆိုတော်မူ၏။ အဘယ့်ကြောင့် မြတ်စွာဘုရားသည် မယူအပ်ကုန်သနည်း။ မယူရခြင်းအကြောင်းကို မပြပြီလော။ ဤသို့ သူမေးဖွယ်ရှိသောကြောင့် ထိုအမေးကို မိမိကိုယ်တိုင်မေး၍ ဖြေတော်မူ လိုသော အဋ္ဌကထာဆရာသည် ကသ္မာ–စသော ခ–ဂ–ဝါကျတို့ကိုမိန့်။

ခ–ဂ–ဝါကျတို့ကား ပက္ခန္တရဝါကျ။ ထို–၍ က–ဝါကျကား ပက္ခဝါကျ။

http://www.dhammadownload.com



ခ–ဂ–ဝါကျတို့တွင် ဂ–ဝါကျ ပက္ခန္တရ။ (ဝိသဇ္ဇနာဝါကျ)။ ထို–၍ ခ–ဝါကျ ပက္ခဝါကျ။ (ပုစ္ဆာဝါကျ)။

တာဝ သဒ္ဓါ န ဂဟိတာ–ကား ဖလဝါကျ။

အသဒ္ဒိယ စိတ္တေ –ပ– တသ္မာ–ကား ကာရဏဝါကျ။

အသဒ္ဒိယ –ပ– နတ္ထိ–ကား အနိယတ်ဝါကျ။

တသ္မာ–ပ– န ဂဟိတာ–ကား နိယတ်ဝါကျ။

အသဒ္ဒိယ –ပ– န ဂဟိတာ–ကား ဟီနဝါကျ။

ဃ–ဝါကျ ပုစ္ဆာဝါကျ။ င–ဝါကျ ဝိသဇ္ဇနာဝါကျ။

မှတ်ချက်။ အချို့ကား ပုစ္ဆာကို အကျဉ်း၊ ဝိသဇ္ဇနာကို အကျယ်ဟု ယူကြသေးသည်။

## စ–ဝါကျ ကျမ်းတက်

ဆရာ၊ သည် င–ဝါကျဖြင့် ဒိဋ္ဌိအယူရှိကြကုန်သောသူတို့သည် မိမိမိမိ၏ ဆရာတို့အား (ဝါ) ဆရာတို့၏စကားကို ယုံကြည်ကုန်သောဟုဆိုတော်မူ၏။ ထိုယုံကြည်ခြင်းသည် သဒ္ဓါမည်သည် မဟုတ်လော။ (န–ကို ပယ်၍ နန တပ်သည်) အဘယ်သို့လျှင် မှတ်ရမည်နည်း။ ဤသို့–ကြောင့် ထိုအမေးကို ဆက်လက်၍ ဖြေတော်မူလိုသော အဋ္ဌကထာဆရာသည် စ–ဝါကျမိန့်။

စ–ဝါကျာရမ္ဘဝါကျ။ ထို–၍ င–ဝါကျကား– အာရဒ္ဓဝါကျ။

ဆ–ဝါကျ အန္ဓယဝါကျ။ ထို–၍ စ–ဝါကျကား ဗျတိရေကဝါကျ။

ယသ္မာ ဝစနသမ္ပဋိစ္ဆနမတ္တမေဝတံ ဟောတိ တသ္မာ သာ သဒ္ဓါနာမ န ဟောတိ–ဟူ၍ အကြောင်း အကျိုးပြန်၍ရသောကြောင့် ဆ–ဝါကျကို ကာရဏ ဝါကျဟုမှတ်။ ထို–၍ စ–ဝါကျ ဖလဝါကျ။

## စတုက္ကထုတ်ပုံ

နနု သဒ္ဒဟန္တိ။ (စော–ဘောဂ) (င–ဝါကျကို စော–ဘောဂပြုလုပ်သည်)

အထ ကသ္မာ သာ သဒ္ဓါနာမ န ဟောတိ။ (စော)

နနု သမ္ပဋိစ္ဆနမတ္တမေဝေတံ။ (ပရိဟာရဘောဂ)

တသ္မာ သာ သဒ္ဓါနာမ န ဟောတိ။ (ပရိဟာရ)

အတ္တတော –ပ– ဒိဋ္ဌိ–တိုင်အောင်သော ဇ–ဝါကျကား ဝါကျာရမ္ဘဝါကျ။ ထို–၍ ဆ–ဝါကျကား အာရဒ္ဓဝါကျ။

အနုပ ပရိက္ခာ မောဟော မောဟဝသေန ဟိ ဒိဋ္ဌိဝသေန ဝါ အဝတ္ထုသ္မိံ သာ နုသယော အဓိမောက္ခော ဥပ္ပဇ္ဇတီတိ။ (မူလဋီ၊ ၁၊ ၁၂၀)

ဒိဋ္ဌိဇဝ ဒိဋ္ဌိဂတံ၊ ဒိဋ္ဌိဂတံ ဧဝေသံ အတ္ထီတိ ဒိဋ္ဌိဂတိကာ။ ဒဏ္ဍာဒိတော ဣကဤတိ ဣကော။ (အဿတ္တိတဒ္ဓိတ်)

http://www.dhammadownload.com



ဒိဋ္ဌိဂတ အရ- ဒိဋ္ဌိအယူသည် မုချ။

ယင်း၏ ပုဂ္ဂိုလ်တို့နှင့် ဌာနီ ဌာန၊ ဂုဏ် ဂုဏေးစပ်။

ဣက အရ- ထို-သော ဒိဋ္ဌိအယူရှိသော ပုဂ္ဂိုလ်တို့ရ၏။

နတ္ထိ သဒ္ဓါ ယဿာတိ အသဒ္ဓေါ။

အသဒ္ဓဿ ဘာဝေါ အသဒ္ဓိယံ။ (ဣယပစ္စည်း၊ ဘာဝတဒ္ဓိတ်)

အသဒ္ဓိယဉ္စ တံ စိတ္တဉ္စာတိ အသဒ္ဓိယစိတ္တံ။

အနက်ပေး။ အသဒ္ဓိယစိတ္တံ၊သဒ္ဓါတရားမရှိသူ၏အဖြစ်ဟူသောအကုသိုလ်စိတ်။

သဒ္ဓဟန္တိ = သံပုဗ္ဗ+ဓာဓာတ်+အပစ္စည်း+အန္တိဝိဘတ်။

အနုပပရိက္ခာ ကို နှ+ဥပပရိက္ခာ-ဟု ဖြတ်။

ဥပပရိက္ခ = ဥပ+ပရိ+ဣက္ခ+အ+အာ။

ဥပပရိက္ခတီတိ ဥပပရိက္ခာ။ (ဆင်ခြင်တတ်သောဉာဏ်ပညာရ၏။)

န ဥပပရိက္ခာ အနုပပရိက္ခာ။ (မောဟရ၏။)

ဣက္ခ ဒဿနင်္ကေသု။ ဣက္ခတိ ဥပေက္ခတိ-စသည် ပြေးလေ။

ယုဂဋ္ဌ = ယုဇ ယောဂေ အလပစ္စယော ဋ္ဌတ္တံ။

ယုဂေ အလန္တိ ဝါ ယုဂဋ္ဌံ။ (သမာသ်ဝိဂ္ဂဟ)

ယုဂဋ္ဌက-၌ က-ကား သွတ္ထတည်း။

**တာဝအနက်များ**

ပဌမတ္တေ ကမတ္တေစ၊ ဝတ္တဗ္ဗန္တရာ ပေက္ခနေ။

အနုညာတေတိ ဓာေသု၊ တာဝ သဒ္ဒေါ ပဝတ္တတိ။

ဤ၌ တာဝ သဒ္ဒါကား ပဌမတ္ထတည်း။

သာ ပန-၌ ပန-ကား လက္ခဏာအရုစိတည်း။

ဓ-ဝါကျ၌ ဝါသဒ္ဒါ ဝိကပ်တည်း။

သာ ပန-၌ တသဒ္ဒါကား အနုဘူတဝိသယ တ-တည်း။

ဂဟိတဗ္ဗာတိ ဂဟိတာ။ (ဝုတ္တာ ညသ်ကောက်နှင့် အတူကောက်)

ဓာတုတ္တ အရ- ဒေသနာဉာဏ်ရ၏။ (ဗုဒ္ဓေါ ညသ်ကောက်ကို မှီ၍ကောက်)

မေး။ သဒ္ဓဟန္တိ ကြိယာအရတရားကိုယူ၍ ကြိယာငါးတန်ထုတ်ခဲ့ပါ။

http://www.dhammadownload.com



ဖြေ။ သဒ္ဒဟန္တိ အရ–

၁။ မိစ္ဆာဒိဋ္ဌိအယူရှိကုန်သော ပုဂ္ဂိုလ်တို့၏မောဟ (ဝါ) ဒိဋ္ဌိသည် ဒဿနတ္ထ။

၂။ အယောနိသောမနသိကာရသည် ဒီပကတ္ထ။

၃။ နောက်နောက်၌ဖြစ်သော အကုသိုလ်စိတ်တို့သည် ပကာသနတ္ထ။

၄။ တိတ္ထိဆရာတို့ကို ဆည်းကပ်ခြင်းဟူသော အသပ္ပုရိသူပ စသည်သည် ဝိဘာဝတ္ထ။

၅။ အပါယဂတိစသည်သည် အနုဘာဝတ္ထ။

သဒ္ဒဟန္တိ အရ– မောဟ (ဝါ) ဒိဋ္ဌိပစ္စည်းတရားက – ဒိဋ္ဌိဂတိကာ အရ– မိစ္ဆာအယူရှိကုန်သောသူတို့၏ ရုပ်နာမ်ဓမ္မတို့အား သဟကြိုး–၄၊ အညမည၊ သမ္ပယုတ္တ၊ ဟေတု၊ မဂ္ဂ= (၈) ပစ္စည်း။

✝ သတ္ထာရာနံ ဝစနန္တိ သမ္ဗန္ဓော။ (ယောဇနာ၊ ၁၃၅)

## သဒ္ဒဟန္တိ ကြိယာမှ ကံပုဒ်သို့ ပစ္စည်းပြိုင်ပုံ

သတ္ထာရာနံ ဝစနံ အရ– ဆရာတို့၏စကား အာရုံပစ္စည်းတရားက သဒ္ဒဟန္တိ အရ– ဒိဋ္ဌိအယူရှိကုန်သောသူတို့၏ မောဟ (ဝါ) ဒိဋ္ဌိအား အာရုံမ္မဏ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။

အာ, ပု, အတ္ထိ, အဝိဂတ– ၄–ပစ္စည်းပြိုင်လေ။

---

(က) တတ္ထ ဆန္ဒာဒယော –ပ– ဝေဒိတဗ္ဗာ။ (ခ) ကေဝလဉှိ –ပ– အကုသလာ။(ဂ) လ္လတရံ ပန –ပ– ဥဒ္ဒစ္စံ။ (ဃ) တံ စေတသော –ပ– ဒဋ္ဌဗ္ဗံ။ ဋ္ဌ၊ ၂၉၂။

ခ–ယုတ္တိဒဋ္ဌိကရဏဝါကျ။ ထို–၍ က– ယုတ္တိဒဋ္ဌိယဝါကျ။

ဂ–ပက္ခန္တရဝါကျ။ ထို–၍ က–ခ–ပက္ခဝါကျ။

## ဂ–ဝါကျ အနုသန္ဓေတက်

ဤသို့ က–ဖြင့် ဆန္ဒစသည်တို့တွင် ဆန္ဒအစရှိသည်တို့ကို အောက်ဖြစ်သော ကုသိုလ်အရာ၌ ဆိုအပ်ပြီးသော်နည်းဖြင့်သာလျှင် သိအပ်ကုန်၏ဟု ပြတော်မူပြီး၍ ယခုအခါ၌ (ဥဒ္ဒစ္စကို ရှေး၌ မဆိုခဲ့ရသေးသောကြောင့်) (ဟိတ်) ယင်း ဥဒ္ဒစ္စကို ပြလို၍ ဂ–ဝါကျမိန့်။

မှတ်ချက်။ အပရာနုသန္ဓေ–၌ ဟိတ်သွင်း၍ အနုသန္ဓေဆိုသောကြောင့် ယောတာလင်္ကာရ အနုသန္ဓေဟု ခေါ်သည်။

## ဋ္ဌပနာပဥ္စကတက်

(ပုဗ္ဗာနုသန္ဓေသည် ဋ္ဌပနာဖြစ်၏) ထိုသို့သာ ဆိုချေသော်– ဥဒ္ဒစ္စကို ဆိုအပ်ပြီးသောနည်းဖြင့်သာလျှင် သိအပ်၏ဟူသောအနက်သည် ရောက်ရာ၏။ စင်စစ်တမူကား ဥဒ္ဒစ္စကို ဆိုအပ်ပြီးသောနည်းဖြင့်သာလျှင် သိအပ်သည်မဟုတ်။ ယင်းသို့ မဟုတ်ဖြစ်လေသောကြောင့် ဥဒ္ဒစ္စပုဒ်၏ အဖွင့်ကိုလည်း ဆိုသင့် ဆိုတန်၏။ မဆိုဘဲမနေသင့် မနေတန်။ ဥဒ္ဒစ္စပုဒ်၏အဖွင့်ကား အဘယ်နည်း။ ဤသို့–ကြောင့် ဂ–ဝါကျမိန့်။

http://www.dhammadownload.com



ခ-ဝါကျဖြင့် ဝိရောဓိဒေါသပယ်သည်။

ဂ-ဝါကျဖြင့် အဗျာပိတ အပရိပုဏ္ဏဒေါသပယ်သည်။

ဃ-ဝါကျ ပက္ခန္တရဝါကျ။ ထို-၍ ဂ-ဝါကျ ပက္ခဝါကျ။

စေတသော အဂ္ဂုပသမေတိ နိပ္ပာဒေတဗ္ဗေ ပယောဇနေ ဘုမ္မံ။

✝ အဂ္ဂုပသမ ပစ္စယဘူတံ အာရမ္မဏံ ဝါ အဂ္ဂုပသမောတိ ဝုတ္တံ။ (မူလဋီ၊၁၊၁၂၀)

✝ ဥဒ္ဓံ ဥဒ္ဓံ ဂစ္ဆတီတိ ဥဒ္ဓတော။ ဟန ဂတိယံ တော၊ ယဒါဒိနှာ ဟနိဿ ဓော။ (ယောဇနာ၊ ၁၃၆)

✝ ယဿ ဓမ္မဿ ဝသေန ဥဒ္ဓတံ ဟောတိ စိတ္တံ၊ တံ သမ္ပယုတ္တဓမ္မာ ဝါ သော ဓမ္မော ဥဒ္ဓစ္စံ။ (ဝိသုဒ္ဓိမဂ်ဋီကာ၊ ဒု၊ ၁၂၇)

ဥဒ္ဓတ အရ- ဥဒ္ဓစ္စနှင့်ယှဉ်သောစိတ် (ဝါ) တံသမ္ပယုတ္တဓမ္မရ၏။

ဥဒ္ဓတဿ ဘာဝေါ ဥဒ္ဓစ္စံ။

ဥဒ္ဓတဿ၊ အထက်၌ တုန်လှုပ်သောစိတ်၏ (ဝါ) အထက်၌ တုန်လှုပ်သော သမ္ပယုတ်တရားအပေါင်း၏။ ဘာဝေါ၊တည်း။ ဥဒ္ဓစ္စံ၊ အထက်၌ တုန်လှုပ်သောစိတ်၏ ဖြစ်ကြောင်း (ဝါ) အထက်၌ တုန်လှုပ်သော သမ္ပယုတ်တရားအပေါင်း၏ဖြစ်ကြောင်း။

ဥဒ္ဓတ-ဟူသော တဒ္ဓိတ်ပုဒ်အရ- အထက်၌ တုန်လှုပ်သောစိတ် (ဝါ) အထက်၌ တုန်လှုပ်သော သမ္ပယုတ်တရားအပေါင်းသည် မုချ။

ယင်း၏ ဥဒ္ဓစ္စစေတသိက်နှင့် အကြောင်းအကျိုးစပ်။

ဏျပစ္စည်းအရ- ထို-သော ဥဒ္ဓစ္စစေတသိက်ရ၏။

မေး။ ဥဒ္ဓတဿ ဘာဝေါ ဥဒ္ဓစ္စံ-၌ ဗာဟျတ္ထ ပစ္စယတ္ထ အရတရားက- အန္တတ္ထ အရ တရားအား အဘယ်မျိုး အဘယ်ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုပါသနည်း။

ဖြေ။ ဥဒ္ဓစ္စစေတသိက် ပစ္စည်းတရားက - စိတ်အား သဟဇာတကြီး -၄၊ အညမညာ၊ သမ္ပယုတ္တ = ဤ ၆-ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုပါသည်။

---

(က) ဒိဋ္ဌိယေဝ -ပ- ဝိယ။ (ခ) ဒိဋ္ဌိယေဝ-ပ- ဒုဗ္ဘိက္ခကန္တာရာ ဝိယ။ (ဂ) သမ္မာဒိဋ္ဌိယာ -ပ- ဒိဋ္ဌိဝိသူကာယိကံ။ (ဃ) မိစ္ဆာဒဿနဥ္စ -ပ- ဝိလောမေတိစ။ ဋ္ဌ၊ ၂၉၄-၅။

က-ဝါကျတွင် တိဏ-ပ- ဝိယ-ကား ဥပမာနဝါကျ။

ထို-၍ ဒိဋ္ဌိယေဝ-ပ- ဒိဋ္ဌိဂဟနံ-ကား ဥပမေယျဝါကျ။

မှတ်ချက်။ ဥပမာယမိဝေကစ္စေ အတ္ထံ ဓာနန္တိ ပဏ္ဍိတာ-ဟူသော ပရိဘာသာ ယုတ္တိ အာဂုံ ထုံးနှင့်ပုံ၊ ဆိုတုံမြဲစေကြောင်း-ဟူသော နိယံနှင့်အညီ ယုတ္တိဒဋ္ဌီကရဏ ဝါကျခွဲသည်။ ၎င်းဝါကျဖြင့် ဒဋ္ဌိယ ဒဋ္ဌီကရဏ ဆန့်ကျင်သော ဝိရောဓိဒေါသပယ်သည်။

http://www.dhammadownload.com



ခ– ပက္ခန္တရဝါကျ။ ထို–၍ က–ပက္ခဝါကျ။

ခ–ဝါကျတွင် ဥပမာန ဥပမေယျ ခွဲလေဦး။

ဂ– ပက္ခန္တရဝါကျ။ ထို–၍ ခ–ပက္ခဝါကျ။

ဃ–ယုတ္တိဒဋ္ဌိကရဏဝါကျ။ ထို–၍ ဂ–ဝါကျ ယုတ္တိဒဋ္ဌိယဝါကျ။

ဂဟနသဒ္ဒါ– တောတောင်အနက်ဟောလျှင် န–ကို ဏ–မပြန်ရ။

ဂဟန= ဂဟန ဥပါဒါနေ အဓိကရဏေ ယု။

✝ ဂဏှန္တိ ဧတ္ထ မနုဿာ မယူရာဒယော သတ္တာစ ဒုဗ္ဗသမ္ဘာရာဒီနိစ အတ္တနော နိဝါသံ ဝါတိ ဂဟနံ၊ ဒန္တဇ နကာရ သဟိတောယေဝ ဂဟနသဒ္ဒေါ။ သူစိ။

ဒိဋ္ဌိယေဝ–ဖြင့် ဒိဋ္ဌိဂဟနံ–ကို ဒိဋ္ဌိဧဝ ဂဟနံ ဒိဋ္ဌိဂဟနံ–ဟု အဝဓာရဏ ကမ္မဓာရည်း သမာသ်ဝစနတ္ထပြုရမည်ဟု သိစေပါသည်။ (အဘိဓာနတ္ထ၊ သမာသ လိင်္ဂပဒတ္ထ)

ဒုရတိက္ကမနဋ္ဌေန–ဖြင့် လွန်မြောက်နိုင်ခဲသော အနက်သဘောကြောင့် ဒိဋ္ဌိသည်ပင်လျှင် ဒိဋ္ဌိဂဟနမည်သတည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

တိဏ ဂဟန ဝနဂဟန ပဗ္ဗတ ဂဟနာနိဝိယ–ဖြင့် ဒိဋ္ဌိဂဟနံ–၌ ဂဟန သဒ္ဒါကို ဂဟနံ ဝိယ ဂဟနံ–ဟု ဥပမာတဒ္ဓိတ် ဝစနတ္ထပြုရမည်၏အဖြစ်ကိုလည်း၊[၁] ဏပစ္စည်း၏ ဥပမာတဒ္ဓိတ်အနက်၌ သက်သည်၏အဖြစ်ကိုလည်း၊[၂] ဒိဋ္ဌိဂဟန–ဟူသည် မြက်တော, သစ်ပင်ချုံနွယ်တော, တောတောင်ကဲ့သို့ လွန်မြောက်နိုင်ခဲသည်၏အဖြစ်ကိုလည်း[၃] သိစေပါသည်။

၁။ အဘိဓာနတ္ထ။ ၂။ ပစ္စယတ္ထ။ ၃။ ဘာဝတ္ထ။

**မှတ်ချက်**။ ဂဟနံ ဝိယ ဂဟနံ၊ ဒိဋ္ဌိဧဝ ဂဟနံ ဒိဋ္ဌိဂဟနံ–ဟု တွဲလေ။ ကိတ္တိသဒ္ဒေါတိ ကိတ္တိဧဝ–ဟူသော အဖွင့်နည်းတူမှတ်။

✪ ပုန စတု၊ နိနှင့် ဒု၊ ပါတု ပါတနှောင်၊ သရနှောင်းက၊ အာဂမ၊ ရကောက် အမြဲဆောင်–ဟူသော နိယံနှင့်အညီ ဒုရတိက္ကမနဋ္ဌေန–၌ သိလေ။

ဝန သမ္ဘတ္တိ သဒ္ဒေသု ကတ္တရိ အ။

ဝနန္တိ တံ ဘဇန္တိ မယူရ ကောကိလာဒယော သတ္တာတိ ဝနံ။ (အဝုတ္တကမ္မသာဓန)

**မှတ်ချက်**။ ဝနီယတေ ဘဇီယတေတိ ဝနံ–နှင့်တူ။ (ကမ္မသာဓန) ယံ အရည်၊ မယူရ ကောကိလာဒီဟိ သတ္တေဟိ ဝနီယတေ ဘဇီယတေတိ ဝနံ–ဟု အဖြောင့် ပြန်ပါလေ။

တိဏ = တေဇေတိ ဇတေနာတိ တိဏံ။

တိဇ တေဇနေ။ တိဏ အဒနေ ဝါ။ တိဏီယတေ တိဏ ဘက္ခေဟိ ဂေါဏာဒီဟိ အဒီယတေ ခါဒီယတေတိ တိဏံ။

တိဏံဧဝ ဂဟနံ တိဏဂဟနံ။

http://www.dhammadownload.com



ဝနံဧဝ ဂဟာနံ ဝနဂဟာနံ။

ပဗ္ဗတောဧဝ ဂဟာနံ ပဗ္ဗတဂဟာနံ။

ပဗ္ဗတ = ပဗ္ဗ ပူရဏေ တော။

✝ သန္ဓိသန္ဓိတေဟိ ပဗ္ဗေဟိ စိတ္တတ္တာ ပဗ္ဗံ အဿ အတ္ထီတိ ဝါ ပဗ္ဗတော ပဗ္ဗသဒ္ဒတော အဿတ္ထိယံ တော။ သူစိ။

ဒိဋ္ဌိဧဝ ဒိဋ္ဌိကန္တာရော-၌ အာဘော်ကို ဒိဋ္ဌိဧဝ ဒိဋ္ဌိဂဟာနံ-နှင့် အတူဖော်လေ။ သာသက် သပ္ပဋိဘယဋ္ဌေန-ဖြင့် ဘာဝတ္ထ ပြသည်။

---

### ကန္တာရ အဖွင့်

ကံ ဥဒကံ တာရေန္တိ ဧတ္ထာတိ ကန္တာရော။ (ကံ+တရ+ဏ)

စောရေဟိ အဓိဋ္ဌိတော ကန္တာရော စောရကန္တာရော။

သီဟာဒိ ဝါဠေဟိ အဓိဋ္ဌိတော ကန္တာရော ဝါဠကန္တာရော။

မရန္တိ သတ္တာ ဧတေနာတိ မရု၊ ဝါဠိကာ၊ မရု ပါဏာ စာဂေ။

ဘရ မရာဒိ မောဂ္ဂလာနသုတ္တေန ဥ။ ယဒါဒိနာဝါ ဥ။

မရူနံ ပတိဋ္ဌိတဋ္ဌာနော ကန္တာရော။

✝ နတ္ထိ ဥဒကံ ဧတ္ထာတိ နိရုဒကော။ နတ္ထိ ဘိက္ခာ ဧတ္ထာတိ ဒုဗ္ဘိက္ခော။ (နီ၊ ယောဇနာ၊၁၃၆)

ခ-ဝါကျ၌ ဝိယ-ဖြင့် ကန္တာရောဝိယ ကန္တာရော-ဟု ဥပမာတဒ္ဓိတ် ပြသည်။

ဒိဋ္ဌိယေဝ-ဖြင့် ဒိဋ္ဌိဧဝ ဒိဋ္ဌိကန္တာရော-ပြသည်။ (က-ဝါကျ အာဘော် အတိုင်း နည်းမှီ၍ သိလေ)

### အာဘော် အကြမ်းဖျဉ်း

ဂ-ဝါကျ၌ သမ္မာဒိဋ္ဌိယာ-ဖြင့် ဒိဋ္ဌိဝိသူကာယိကံ-၌ ဒိဋ္ဌိကို ဖွင့်သည်။

သမ္မာဒိဋ္ဌိယာ-၌ ဆဋ္ဌီဝိဘတ်ဖြင့် -ဒိဋ္ဌိနှင့် ဝိသူကာယိကံ-ကို တပ္ပုရိသ် ပြသည်။

ဝိနိဝိဇ္ဈနဋ္ဌေန ဝိလောမနဋ္ဌေန-ဖြင့် ဝိသူကာယိကံ၏ အနက်ကို ဖွင့်သည်။

### ဝိသူကာယိကံပုဒ် ရှင်းလင်းချက်

ပါဠိပဒ ကျမ်းညွှန်း၌ ဝိသူက= ဝိ+သူစ+ဏ (သီဋီသစ်၊၁၊ ၃၄၇)။ ဆူးငြောင့်၊ တံကျင်။ (သံ၊ဋ္ဌ၊ ၂၊ ၆၄) (သီဋီ၊၂၊ ၂၈၀)

ဝိသူကာယိက- ဝိသူကာယ (နာမဓာတ်) တပစ္စည်း နိရုတ္တိနည်းဖြင့် စီရင်။ တ-ကို က္က ပြု။ (ဆူးငြောင့်,တံကျင်သဖွယ်ဖြစ်သော--အကျင့်)။

ပါဠိမြန်မာအဘိဓာန်ကျမ်းတစ်ခု၌ = ဒိဋ္ဌိဝိသူက= ဒိဋ္ဌိငြောင့်။

http://www.dhammadownload.com



✝ တာနိ ဟိ မဂ္ဂသမ္မာဒိဋ္ဌိယာ ဝိသူကဋ္ဌေန ဝိဇ္ဈနဋ္ဌေန ဝိလောမဋ္ဌေနစ ဝိသူကာနိ။ ဒိဋ္ဌိယာ ဝိသူကာနိ ဒိဋ္ဌိဧဝ ဝါ ဝိသူကာနိ ဒိဋ္ဌိဝိသူကာနိ။ (သုတ္တနိ၊ဋ္ဌ၊၁၊၉၅)

၎င်း အဘိဓာန်၌ ဒိဋ္ဌိဝိသူကာယိက ကို ဒိဋ္ဌိ+ဝိသူကာယိက–ဟု ပုဒ်ခွဲသည်။ ဝိသူကာယိက–ပုဒ်ကို အထူးရေးသားခြင်း မရှိ။

## သီလက္ခန် အဋ္ဌကထာဖွင့်ပုံ

သာသနဿ အနုလောမတ္တာ ဝိသူကံ ပဋ္ဌာဏီ ဘူတံ ဒဿနံ ဝိသူကဒဿနံ။ (ဒီ၊ ဋ္ဌ၊ ၁၊ ၇၅)

ပါဠိပြဒကျမ်းညွှန်းအလို ဝိသူကနာမ်ပုဒ်နောင် အာယပစ္စည်းသက်။ (နာမဓာတ်ဖြစ်)။ တပစ္စည်းသက်၊ တပစ္စည်းကို ဣက–ပြု၊ ဝိသူကာယိက–ဟု ဖြစ်သည်။

## အတ္တနောမတိ အလို

သုတ္တနိ၊ဋ္ဌ–၌ ဝိသူကဋ္ဌေန–ဖြင့် ဝိသူကာနိ–ကို ဖွင့်သည်။ ဝိဇ္ဈနဋ္ဌေန ဝိလောမဋ္ဌေနစ–ဖြင့် ဝိသူကဋ္ဌေန–ကို ဖွင့်သည်။ သို့ဖြစ်၍ ဝိသူကသဒ္ဒါသည် ဝိဇ္ဈနတ္ထ, ဝိလောမတ္ထ–ကို ဟောသည်။

ဤ သုတ္တနိ၊ဋ္ဌ–အဖွင့်ကိုထောက်၍ ဝိနိဝိဇ္ဈနဋ္ဌေန ဝိလောမဋ္ဌေနစ–ဖြင့် ဝိသူကာယိကံ–၌ ဝိသုက–ကို ဖွင့်သည်ဟု ကြံရမည်။ သို့ကြံလျှင် အာယိက အနက်မရှိ သွတ္ထသာ ဖြစ်ဖွယ်ရှိ၏။ သီလက္ခန်အဋ္ဌကထာ၌လည်း ဝိသူကံ–ကို ပဋ္ဌာဏီဘူတံ–ဟု ဖွင့်သည်။ ယင်းကိုထောက်ဆ၍လည်း ဝိသူက သဒ္ဒါသက်သက်က ဝိနိဝိဇ္ဈန ဝိလောမနအနက်ကို ဟောနိုင်ကြောင်းထင်ရှား၏။

ဂ–ဝါကျ၌ သမ္မာဒိဋ္ဌိယာ–ဖြင့် ဒိဋ္ဌိဝိသူကာယိကံ–၌ ဒိဋ္ဌိ–အရ မိစ္ဆာဒိဋ္ဌိကို မယူရ၊ သမ္မာဒိဋ္ဌိကို ယူရမည်၏အဖြစ်ကိုင်း၊[1] ဒိဋ္ဌိနှင့် ဝိသူကာယိကံ–ကို ဒိဋ္ဌိယာ ဝိသူကာယိကံ ဒိဋ္ဌိဝိသူကာယိကံ–ဟု ကမ္မတ္ထဆဋ္ဌီတပ္ပုရိသ်သမာသ်ဝစနတ္ထပြုရမည်၏အဖြစ်ကိုင်း[2] သိစေပါသည်။

၁။ အဘိဓေယျတ္ထ။ ၂။ အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ။

ဝိနိဝိဇ္ဈနဋ္ဌေန–ဖြင့် ဝိသူကာယိကံ–၌ ဝိသူကပုဒ်ကို ဝိသူစေတိ ဝိနိဝိဇ္ဈတီတိ ဝိသူကံ–ဟု ကတ္တုသာဓနဝစနတ္ထပြုရမည်၏အဖြစ်ကိုင်း၊[1] ဏပစ္စည်း၏ ကတ္တုသာဓနအနက်၌ သက်သည်၏အဖြစ်ကိုင်း၊[2] ဝိ ဥပသာရပုဒ်၏ ဓာတွတ္ထဝိသေသက၏အဖြစ်ကိုင်း၊[3] ဝိသူကာယိကံပုဒ်ကို ဝိသူကံ ဧဝ ဝိသူကာယိကံ–ဟု သွတ္ထတဒ္ဓိတ် ဝစနတ္ထ ပြုရမည်၏အဖြစ်ကိုင်း၊[4] အာယိကပစ္စည်း၏ သွတ္ထတဒ္ဓိတ်အနက်၌သက်သည်၏ အဖြစ်ကိုင်း[5] သိစေပါသည်။

၁။ အဘိဓာနတ္ထ။ ၂။ ဒု–ပစ္စယတ္ထ။ ၃။ ဥပသဂ္ဂလိင်္ဂတ္ထ။ ၄။ အဘိဓာနတ္ထ။ ၅။ ပစ္စယတ္ထ။

**အနက်ပေး။** ဒိဋ္ဌိဝိသူကာယိကံ၊ သမ္မာဒိဋ္ဌိကို ဖောက်ထွင်းထိုးကျင့်တတ်သော မိစ္ဆာအယူ။ သမ္မာဒိဋ္ဌိ၏ ဆန့်ကျင်ဘက်ဖြစ်သော မိစ္ဆာအယူ။

ဝိလောမနဋ္ဌေန–ဖြင့် ဝိသူကာယိကံ–၌ ဝိသူကပုဒ်ကို ဝိသူစေတိ ဝိလောမေတီတိ ဝိသူကာယိကံ–ဟု ကတ္တုသာဓနဝစနတ္ထပြုရမည်၏အဖြစ်ကိုလည်းကောင်း၊ (အကြွင်း အာဘော်တူ၏) သိစေပါသည်။

http://www.dhammadownload.com



ဝိသူကာယိက သဒ္ဒေါ န ကေဝလံ ဝိနိဝိဗ္ဘုနဋ္ဌော။ အထခေါ ဝိလောမနဋ္ဌောစ။

ဃ-ဝါကျ၌ မိစ္ဆာဒဿနံ-ဖြင့် ဒိဋ္ဌိဝိသူကာယိကံ-အရ မိစ္ဆာဒိဋ္ဌိကို ယူရမည်ဟု သိစေပါသည်။ (အဘိဓေယျတ္ထ)

သမ္မာဒဿနံ-ဖြင့် သမ္မာဒိဋ္ဌိ-၌ ဒိဋ္ဌိသဒ္ဒါကို ဒဿနံ ဒိဋ္ဌိ-ဟု ဘာဝ သာဓနဝစနတ္ထ ပြုရမည်၏အဖြစ်ကိုရင်း၊[၁] တိပစ္စည်း၏ ဘာဝသာဓနအနက်၌သက်သည်၏အဖြစ်ကိုရင်း။[၂] သိစေပါသည်။ ၁။ အဘိဓာနတ္ထ။ ၂။ ဒု-ပစ္စယတ္ထ။

ဝိနိဝိဗ္ဘုတိ-ဖြင့် ဝိနိဝိဗ္ဘုနဋ္ဌေန-၌ ဝိနိဝိဗ္ဘုနပုဒ်ကို ဝိနိဝိဗ္ဘုတီတိ ဝိနိဝိဗ္ဘုနံ-ဟု ကတ္တုသာဓန ဝစနတ္ထပြုရမည်၏အဖြစ်ကိုရင်း၊[၁] ယုပစ္စည်း၏ ကတ္တုသာဓန အနက်၌သက်သည်၏အဖြစ်ကိုရင်း။[၂] သိစေပါသည်။ ၁။ အဘိဓာနတ္ထ။ ၂။ ဒု-ပစ္စယတ္ထ။

ဝိလောမနဋ္ဌေန-၌ ဝိလောမေတိ-ဖြင့် ဝိလောမနပုဒ်ကို ဝိလောမေတီတိ ဝိလောမနံ-ဟု ကတ္တုသာဓနဝစနတ္ထပြုရမည်၏အဖြစ်ကိုရင်း၊[၁] ယုပစ္စည်း၏ ကတ္တုသာဓန အနက်၌သက်သည်၏ အဖြစ်ကိုရင်း။[၂] သိစေပါသည်။ ၁။ အဘိဓာနတ္ထ။ ၂။ ဒု-ပစ္စယတ္ထ။

ဒိဋ္ဌိဝိသူကာယိကံ-၌ ဒိဋ္ဌိအရ သမ္မာဒိဋ္ဌိကိုယူ၍ ကြိယာငါးတန်ထုတ်ပုံ

၁။ ဒိဋ္ဌိအရ သမ္မာဒိဋ္ဌိသည် ဒဿနတ္ထ။

၂။ ယောနိသောမနသိကာရသည် ဒီပကတ္ထ။

၃။ မိစ္ဆာဉာဏ်ကင်းပျောက်ခြင်းအကျိုးသည် ပကာသနတ္ထ။

၄။ သပ္ပုရိသူပနိဿယစသည်သည် ဝိဘာဝတ္ထ။

၅။ အပါယ်ဘေးမှလွတ်ခြင်း၊ သုဂတိဘုံသို့ရောက်ခြင်းအစ နိဗ္ဗာန် တိုင်အောင်သော အကျိုးတရားတို့သည် အနုဘာဝတ္ထ။

အမှာ။ သမ္မာဒိဋ္ဌိ၏ လက္ခဏ ရသ စသည်ကို ပညာ၏ လက္ခဏ ရသ-ကို ကြည့်၍ ထုတ်လေ။

---

(က) ကဒါစိ သဿတဿ -ပ- ဒိဋ္ဌိ ဝိပ္ပန္ဒိတံ။ ( ခ) ဒိဋ္ဌိဂတိကော ဟိ -ပ- ဥစ္ဆေဒံ။

( ဂ) ဒိဋ္ဌိယောဝ -ပ- ဒိဋ္ဌိသံယောဇနံ။ ဋ္ဌ၊ ၂၉၅။

ခ-ကား ယုတ္တိဒဋ္ဌီကရဏဝါကျ။ ထို-၍ က-ကား ယုတ္တိဒဋ္ဌေယျဝါကျ။

ခ-တွင် ဒုတိယဝါကျကား ဝါကျာရမ္ဘဝါကျ။ ထို-၍ ပထမဝါကျကား အာရဗ္ဘဝါကျ။

ဂ-ကား ပက္ခန္တရဝါကျ။ ထို-၍ က-ခ-တို့ကား ပက္ခဝါကျ။

ဒိဋ္ဌိယာ ဝိရူပံ ဖန္ဒိတတ္တံ တထာတထာ သဿတာဒိဝသေန ပဝတ္တာ ဒိဋ္ဌိဧဝ ဝုစ္စတိ။ (မူလဋီ၊၁၊ ၁၂၀)

http://www.dhammadownload.com



ဒိဋ္ဌိယာ ဝိရူပံ ဖန္ဒိတံ–ဖြင့် ဝိပ္ပန္ဒိတံ–၌ ဝိသဒ္ဒါ၏ ဖောက်ပြန်ခြင်း ဝိရူပအနက်ကို ဟောသည်၏အဖြစ်ကိုငင်း၊[၁] ဝိနှင့် ဖန္ဒိတ–ကို ဝိရူပံ ဖန္ဒိတံ ဝိပ္ပန္ဒိတံ–ဟု ပါဒိပုဗ္ဗပဒ ကမ္မဓာရည်းသမာသ်ဝစနတ္ထ ပြုရမည်၏အဖြစ်ကိုငင်း၊[၂] ဒိဋ္ဌိနှင့် ဝိပ္ပန္ဒိတံ–ကို ဒိဋ္ဌိယာ ဝိပ္ပန္ဒိတံ ဒိဋ္ဌိဝိပ္ပန္ဒိတံ–ဟု ဆဋ္ဌီတပ္ပုရိသ်သမာသ်ဝစနတ္ထ ပြုရမည်၏အဖြစ်ကိုငင်း၊[၃] ဒိဋ္ဌိဝိပ္ပန္ဒိတံ–ဟူသည် ဒိဋ္ဌိ၏ဖောက်ပြန်သည်ဖြစ်၍ တုန်လှုပ်ခြင်းကြိယာကိုသာရသည်မဟုတ်၊ ဖောက်ပြန်သည်ဖြစ်၍ တုန်လှုပ်သော ဒိဋ္ဌိကိုပင် အဘေဒဘေဒူပစာရအားဖြင့် ဒိဋ္ဌိဝိပ္ပန္ဒိတံ–ဟုဆိုသည်၏ အဖြစ်ကိုငင်း[၄] (ဋီကာအာဘော်) သိစေပါသည်။

၁။ ဥပသဂ္ဂလိင်္ဂတ္ထ။ ၂။ အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ။

၃။ အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ။ ၄။ ဘာဝတ္ထ။

ဒိဋ္ဌိဝိပ္ပန္ဒိတံ၊ ဒိဋ္ဌိ၏ဖောက်ပြန်သော တုန်လှုပ်ခြင်း (သဒ္ဒတ္ထ) ဖောက်ပြန်သည်ဖြစ်၍ တုန်လှုပ်သောဒိဋ္ဌိ။ (အဓိပ္ပါယတ္ထ၊ ဥပစာရတ္ထ)

✝ ယုဇ, ရ, ဥဿာဟေ၊ ဒိ, သမာဓိမှိ၊ စု, နိဗ္ဗေ ဘူ စု ဗန္ဓန သံယောဇနေ။

ဒိဋ္ဌိယေဝ ဗန္ဓနဋ္ဌေန သံယောဇနံ–ဖြင့် သံယောဇနံပုဒ်ကို သံယောဇေတိ (ဓာတွတ္ထ) ဗန္ဓတီတိ သံယောဇနံ–ဟု ကတ္တုသာဓနဝစနတ္ထပြုရမည်၏အဖြစ်ကိုငင်း၊[၁] ယုပစ္စည်း၏ ကတ္တု သာဓနအနက်၌ သက်သည်၏အဖြစ်ကိုငင်း၊[၂] သံဥပသာရ၏ ဓာတွတ္ထာနုဝတ္တက၏အဖြစ်ကိုငင်း၊[၃] ဒိဋ္ဌိယေဝ သံယောဇနံ ဒိဋ္ဌိသံယောဇနံ–ဟု အဝဓာရဏကမ္မဓာရည်း သမာသ်ဝစနတ္ထပြုရမည်၏အဖြစ်ကိုငင်း၊[၄] ယုဇဓာတ်၏ ဗန္ဓနအနက်ကိုဟောသည်၏ အဖြစ်ကိုငင်း[၅] သိစေပါသည်။

၁။ အဘိဓာနတ္ထ။ ၂။ ဒု–ပစ္စယတ္ထ။ ၃။ ဥပသဂ်လိင်္ဂတ္ထ။ ၄။ အဘိဓာနတ္ထ။ ၅။ ဓာတုပဒ။

သဿတ = သဿတီတိ သဿတော။

သဿ သာတဗ္ဗေ တော။ သဒါ သရန္တိ ဂစ္ဆန္တီတိ ဝါ သဿတော။ သရ ဂတိယံ တော။ သဒါ သဒ္ဒဿ သော။ သဿတေ နိစ္စေ ဘဝေါ သဿတော။

န သက္ကောတိ အရကား– ဒိဋ္ဌိဂတိကော ရသည်။

သို့ဖြစ်၍ ခန္ဓာတစ်ပါးတစ်ပါးစီက ကြွင်းခန္ဓာ လေးပါးအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုသည်။ (ယထာရဟ)

မေး။ ဒိဋ္ဌိဂတိကော အရ– အန္တတ္ထ အရ တရားက ဗာဟျတ္ထအရတရားအား အဘယ်မျိုး အဘယ်ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုပါသနည်း။

ဖြေ။ အန္တတ္ထအရကား ဒိဋ္ဌိတည်း။

ဗာဟျတ္ထကား မိစ္ဆာအယူရှိသော ပုဂ္ဂိုလ်တည်း။

အန္တတ္ထအရ ဒိဋ္ဌိပစ္စည်းတရားက ဗာဟျတ္ထအရ မိစ္ဆာအယူရှိသောသူ၏ ဒိဋ္ဌိသမ္ပယုတ္တခန္ဓာအား–သဟဇာတကြီး–၄၊ အညမည၊ သမ္ပယုတ္တ၊ မဂ္ဂ= ဤ ၇–ပစ္စယသတ္တိဖြင့် ကျေးဇူးပြုပါသည်။

http://www.dhammadownload.com



ဒိဋ္ဌိပစ္စည်းတရားက– ဒိဋ္ဌိသမ္ပယုတ္တစိတ္တဇရုပ်အား–သဟဇာတကြီး–၄၊ အညမည၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ၊ မဂ္ဂ= ဤ ၈–ပစ္စယသတ္တိဖြင့် ကျေးဇူးပြု ပါသည်။

---

(က) သုသုမာရာဒယောဝိယ –ပ– ဂါဟော။ (ခ) ပတိဋ္ဌဟနတော –ပ– ပတိဋ္ဌာဟော။ (ဂ) အယဿ –ပ– ဂဏှာတိ။ (ဃ) နိစ္စာဒိဝသေန –ပ– အဘိနိဝေသော။ (င) ဓမ္မသဘာဝံ –ပ– ပရာမာသော။ (စ) အနတ္ထာ –ပ– ကုမ္မဂ္ဂေါ။ ဋ္ဌ၊ ၂၉၅။

ခ–ဝါကျ ပက္ခန္တရဝါကျ။ ထို–၍ က–ဝါကျ ပက္ခဝါကျ။

ဂ–ဝါကျ ယုတ္တိဒဋ္ဌိကရဏဝါကျ။ ထို–၍ ခ–ဝါကျ ယုတ္တိဒဋ္ဌိယဝါကျ။

ဃ–င–စ–ဝါကျတို့ကား ပက္ခန္တရချည်းသာ။

ပတိဋ္ဌဟတီတိ ပတိဋ္ဌဟနော။ (ပတိ+ဌာ+ယု၊ ဟ–အာဂုံ)

✝ လောပါဘာဝေ ကွစိဓာတ္တူတိအာဒိနာ ဌာတော ဟကာရာဂမောစ ရသတ္တံ။ (ရူ)

ဗလံ အဿ အတ္ထီတိ ဗလဝံ။

ပဝတ္တနံ ပဝတ္တိ။

ဗလဝံ ပဝတ္တိ ဗလပဝတ္တိ။

ဗလပဝတ္တိယာ ဘာဝေါ ဗလပဝတ္တိဘာဝေါ။

သုသုမာရေတိ သမုတိတနာမံ သသတီတိ သုသု၊ သုသုဧဝ သုံသု။

မာရေတီတိ မာရော၊ သုံသုဧဝ မာရောတိ သုံသုမာရော။

သသတိ ဟိံသတီတိ သုသု။ (သ–၏ အ ကို ဥ–ပြု၊ ဥပစ္စည်းသက်၍ သုသု–ဟု ပြီး၏)

မာရေတီတိ မာရော။ (မရ+ဏ)

သုသုဧဝ မာရော သုသုမာရော။

သုသု အရ– ညှင်းဆဲခြင်းသဘောသည် မုချအားဖြင့် ရ၏။ယင်း၏ သတ်တတ်သော သတ္တဝါဒြဗ်နှင့် ဂုဏ် ဂုဏီ၊ ဝိသေသန ဝိသေသျစပ်။ ပုဒ်လုံးအရ– မိချောင်းသတ္တဝါဒြဗ်ရ၏။

ဂဏှာတိ–ဖြင့် ဂါဟော–ကို ဂဏှာတီတိ ဂါဟော–ဟု ကတ္တုသာဓန ဝစနတ္ထပြုရမည်၏အဖြစ်ကိုငှင်း၊[၁] ဏပစ္စည်း၏ ကတ္တုသာဓနအနက်၌သက်သည်၏အဖြစ်ကိုငှင်း[၂] သိစေ ပါသည်။ ၁။ အဘိဓာနတ္ထ။ ၂။ ဒု–ပစ္စယတ္ထ။

(အာရမ္မဏံ ဒဠှံ–ဖြင့် ဘာဝတ္ထပြသည်)

သုသုမာရာဒယော ဝိယ ပုရိသံ–ဖြင့် ဒိဋ္ဌိတရားက အာရုံကို မြဲမြဲစွာ ဖမ်းယူ၏ဟူသည် မိချောင်းစသည်တို့က ယောကျ်ားကို (ဝါ) သတ္တဝါကို ဖမ်းယူကုန်သကဲ့သို့ပင်တည်းဟု သိစေ ပါသည်။ (ဘာဝတ္ထ)

http://www.dhammadownload.com



ပတိဋ္ဌဟနတော-ဖြင့် ပတိဋ္ဌာဟောပုဒ်ကို ပတိဋ္ဌဟတီတိ ပတိဋ္ဌာဟော ဟု ကတ္တုသာဓနေ ဝစနတ္ထပြုရမည်၏အဖြစ်ကိုရင်း၊[၁] အပစ္စည်း၏ ကတ္တုသာဓနေအနက်၌ သက်သည်၏အဖြစ်ကိုရင်း[၂] သိစေပါသည်။ ၁။ အဘိဓာနတ္ထ။ ၂။ ဒု-ပစ္စယတ္ထ။

အဘိနိဝိသတိ-ဖြင့် အဘိနိဝေသောပုဒ်၏ အဘိရှေ့ နိရှေ့ရှိသော ဝိသဓာတ်၏အဖြစ်ကိုရင်း၊[၁] အဘိနိဝိသတီတိ အဘိနိဝေသော-ဟု ကတ္တုသာဓနေ ဝစနတ္ထပြုရ မည်၏အဖြစ်ကိုရင်း၊[၂] ဏပစ္စည်း၏ ကတ္တုသာဓနေအနက်၌ သက်သည်၏အဖြစ်ကိုရင်း[၃] သိစေပါသည်။

၁။ ဒု-ဓာတုပဒ။ ၂။ အဘိဓာနတ္ထ။ ၃။ ဒု-ပစ္စယတ္ထ။

(နိစ္စာဒိဝသေန-ဖြင့် ဘာဝတ္ထပြသည်။)

ပရတော အာမသတိ-ဖြင့် အာမာသောပုဒ်၏ အာပုဗ္ဗ မသဓာတ်၏အဖြစ်ကိုရင်း၊[၁] အာမာသောပုဒ်ကို အာမသတီတိ အာမာသော-ဟု ကတ္တုသာဓနေဝစနတ္ထပြု ရမည်၏အဖြစ်ကိုရင်း၊[၂] ဏပစ္စည်း၏ ကတ္တုသာဓနေအနက်၌ သက်သည်၏အဖြစ်ကိုရင်း၊[၃] ပရနှင့် အာမာသကို ပရတော အာမာသော ပရာမသော-ဟု ဝိသေသနတ္ထပဥ္စမီတပ္ပုရိသ် သမာသ်ဝစနတ္ထပြုရမည်၏အဖြစ်ကိုရင်း[၄] သိစေပါသည်။

၁။ ဒု-ဓာတုပဒ။ ၂။ အဘိဓာနတ္ထ။ ၃။ ဒု-ပစ္စယတ္ထ။

၄။ အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ။

ဓမ္မသဘာဝံ အတိက္ကမိတွာ နိစ္စာဒိဝသေန ပရတော-ဖြင့် ဘာဝတ္ထ ပြသည်။

ကုစ္ဆိတော မဂ္ဂေါ-ဖြင့် ကုမ္မဂ္ဂေါ-၌ ကုနိပါတ်ပုဒ်သည် ဤသဒ္ဒတ္ထ၊ ဝိရူပပတ္ထ စသော အနက်ကိုမဟော၊ ကုစ္ဆိတအနက်ကိုဟောသည်၏အဖြစ်ကိုရင်း၊[၁] ကုနှင့် မဂ္ဂကို ကုစ္ဆိတော မဂ္ဂေါ ကုမ္မဂ္ဂေါ-ဟု ကမ္မဓာရည်းသမာသ်ဝစနတ္ထပြုရမည်၏အဖြစ်ကိုရင်း[၂] သိစေပါသည်။

၁။ နိပါတလိင်္ဂတ္ထ။ ၂။ အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ။

အပါယာနံဖြင့် ကုစ္ဆိတာနံ-၌ ကုစ္ဆိတ-အရ အပါယ်ကိုယူရမည်ဟု သိစေပါသည်။ (အဘိဓေယျတ္ထ)

ကုစ္ဆိတာနံ မဂ္ဂေါဖြင့် ကု နှင့် မဂ္ဂကို ကုစ္ဆိတာနံ မဂ္ဂေါ ကုမဂ္ဂေါ ဟု ဆဋ္ဌီ တပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်၏ အဖြစ်ကိုရင်း၊[၁] ကု-နိပါတ်ပုဒ်၏ ကုစ္ဆိတအနက်ကို ဟောသည်၏အဖြစ်ကိုရင်း[၂] သိစေပါသည်။ ၁။အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ။ ၂။နိပါတလိင်္ဂတ္ထ။

ဝါ-ဟူသောသံဝဏ္ဏနာပါဌ်ဖြင့် ကုစ္ဆိတ အရ မဂ္ဂဟူသောအဘိဓေယျတ္ထမှတစ်ပါး ကုစ္ဆိတ အရ အပါယဟူသော အဘိဓေယျတ္ထတစ်မျိုးကို ယူရမည်၏အဖြစ်ကိုရင်း၊[၁] ကုမဂ္ဂ-သဒ္ဒါ၏ ကုနိပါတပုဗ္ဗပဒ ကမ္မဓာရည်းသမာသ်ဝစနတ္ထ အကြောင်းမှတစ်ပါး ကုမဂ္ဂသဒ္ဒါ၏ ဆဋ္ဌီတပ္ပုရိသ် သမာသ်ဝစနတ္ထအကြောင်း၏အဖြစ်ကိုရင်း[၂]သိစေပါသည်။ ၁။ အဘိဓေယျတ္ထ။ ၂။ ဘာဝတ္ထ။

http://www.dhammadownload.com



## (စ)ဝါကျ ဝါသဒ္ဒါလဲပုံ

(စ)ဝါကျ၌ ဝါသဒ္ဒါဖြင့် ကုစ္ဆိတ–အရ မဂ္ဂဟူသော အဘိဓေယျတ္ထမှတစ်ပါး ကုစ္ဆိတ အရ အပါယဟူသော အဘိဓေယျတ္ထတစ်မျိုးကို လဲလှယ်ပြသောကြောင့်ငှင်း၊ ကုမဂ္ဂသဒ္ဒါ၏ ကုနိပါတပုဗ္ဗပဒ ကမ္မဓာရည်းသမာသ်ဝစနတ္ထ အကြောင်းမှတစ်ပါး ကုမဂ္ဂသဒ္ဒါ၏ ဆဋ္ဌီတပ္ပုရိသ် သမာသ်ဝစနတ္ထ အကြောင်းတစ်မျိုးကို လဲလှယ်ပြလိုသောကြောင့်ငှင်း ဝါသဒ္ဒါထားပါသည်။

အနတ္ထာဝဟတ္တာ–ဟူသော ဟိတ်၏ သမ္ဗန်ကား–ကတမော တသ္မိံ သမယေ မိစ္ဆာဒိဋ္ဌိ၌ မိစ္ဆာဒိဋ္ဌိ ဟူသောပုဒ်တည်း– ယင်းကို မိစ္ဆာဒိဋ္ဌိယာ–ဟု သမ္ဗန်ခံ အနတ္ထာ ဝဟတ္တာ–၌စပ်။ ထို့နောက် အောက်ပါအတိုင်း အာဘော်ဖော်ပါ။

အနတ္ထာ ဝဟတ္တာ–ဖြင့် မိစ္ဆာဒိဋ္ဌိ၏ အကျိုးမဲ့ကို ဆောင်တတ်သည်၏အဖြစ်ကြောင့် စက်ဆုပ်အပ်သော ခရီးတည်း ဟုသိစေပါသည်။(ဘာဝတ္ထ) .

✪ တ, တာသမ္ဗန်၊ ဤနှစ်တန်၊ လာဟန် လိင် ဝုစ်အညီတည်း။

န အတ္ထော အနတ္ထော

အနတ္ထံ အာဝဟတီတိ အနတ္ထာဝဟာ။

အနတ္ထာဝဟာယ ဘာဝေါ အနတ္ထာဝဟတ္တံ။(တသ္မာ).

အနတ္ထာဝဟာ–ဟူသော တဒ္ဓိပုဒ် အရ အကျိုးမဲ့ကို ဆောင်တတ်သောမိစ္ဆာဒိဋ္ဌိသည် မှချ။

ယင်း၏ အကျိုးမဲ့ကို ဆောင်ခြင်းကြိယာနှင့် ဂုဏေဂုဏ်၊ ကြိယာဝန္တကြိယာစပ်။

တ္တ ပစ္စည်း အရ ထို–သော အကျိုးမဲ့ကို ဆောင်ခြင်းကြိယာရ၏။

ဒုတိယ ဝိကပ်၌ ကု နှင့် မဂ္ဂကို အကြောင်းအကျိုးစပ်၍ ညှသ်ကောက်ပါ။

မေး။ (စ)ဝါကျ ဒုတိယ ဝိကပ် ကုမဂ္ဂေါဝယ် ကုနှင့် မဂ္ဂ ပစ္စည်း,ပစ္စယုပ္ပန် ဖြစ်သင့်သလို ဖော်ပြ၍ ပစ္စယသတ္တိလည်း ရေးသားခဲ့ပါ။

ဖြေ။ ကုမ္မဂ္ဂ၌ ကု အရကား စက်ဆုပ်အပ်သော အပါယ်လေးပါးဟူ သော အကျိုးတရားတည်း။

မဂ္ဂ အရကား ခရီးဟူသော မိစ္ဆာဒိဋ္ဌိ အကြောင်းတရားတည်း။

နာနက္ခဏိက ကမ္မနှင့် ပကတူပ နှစ်ပစ္စည်းပြိုင်သည်။

မေး။ သဗ္ဗဝါကျ သာဝဓာရဏ–ဟူသော ပရိဘာသာနှင့်အညီ ကုမဂ္ဂေါ၌ ကုသဒ္ဒါ၏ ဂဟေတဗ္ဗ စသည်ကို သံဝဏ္ဏနာများနှင့်အညီ ရေးသားခဲ့ပါ။

ဖြေ။ ပထမသံဝဏ္ဏနာ နှင့်အညီ ကုနိပါတ်ပုဒ်၏ ကုစ္ဆိတဘောဂုဏ်သည် ဂဟေတဗ္ဗတ္ထ။ ဤသဒဘောဂုဏ် ဝိရူပဘောဂုဏ်သည် နိဝတ္တေတဗ္ဗ။ ခရီးဒြပ်သည် အနညာတတ္ထ။

http://www.dhammadownload.com



## ဒုတိယသံဝဏ္ဏနာနှင့်အညီထုတ်ပုံ

၁။ ကုမဂ္ဂေ-၌ ကု အရကား စက်ဆုပ်အပ်သော အပါယ်လေးပါးဒြပ် သည် ဂဟေတဗ္ဗတ္ထ။

၂။ သုဂတိဘဝသည် နိဝတ္တေတဗ္ဗတ္ထ။

၃။ အပါယ်လေးပါးတို့၏ သူတော်ကောင်းတို့ စက်ဆုပ်အပ်သည်၏အဖြစ်ဟူသော ကုစ္ဆိတဘောဂုဏ်သည် အနုညာတတ္ထ။

၆မေး။ အနတ္ထာဟတ္တာ-၌ အနတ္ထာဝဟတ္တ-အရ တရားကိုယူ၍ ကြိယာငါးတန်ထုတ်ပါ ဟုမေးခဲ့လျှင် မိစ္ဆာဒိဋ္ဌိကိုယူ၍ ထုတ်လေ။

ကုစ္ဆာ သဥ္စာတာ အဿေတိ ကုစ္ဆိတော။(သဥ္စာတတဒ္ဓိတ်။ကုစ္ဆာပုဒ် ဣတပစ္စည်း)

---

(က) အယာထဝ ပထော မိစ္ဆာပထော။ (ခ) ယထာဟိ ။ပ။ မိစ္ဆာပထော။(ဂ) မိစ္ဆာသဘာဝတော မိစ္ဆတ္တံ။ (ဃ)တတ္ထေဝ ။ပ။ တိတ္ထံ။ (င) တိတ္ထဥ္စ ။ပ။ တိတ္ထာယနံ။ ဋ္ဌ။၂၉၅

မေး။ က-ဝါကျကိုထောက်၍ ခ-ဝါကျကို ဌပနာ အာဘောဂ အာဘော်ဟိတ် ဌပနာပဋိက္ခေပ ပုစ္ဆာတက်ခဲ့ပါ။

ဆရာ-ဆရာသည် က-ဝါကျဖြင့် မမှန်သောခရီး၏အဖြစ်ကြောင့် မိစ္ဆာပထ မည်၏ဟု အပါကဋ္ဌအားဖြင့် ဆိုတော်မူ၏။ ဤသို့ အပါကဋ္ဌအားဖြင့်ဆိုချေသော်။ ပါကဋ္ဌအားဖြင့် ထင်ရှားအောင် မပြဟူသောအနက်သည် ရောက်ခဲ့ရာသည် မဟုတ်ပါလော။ ဤသို့ ရောက်ရာသော ကြောင့် အပါကဋ္ဌကိုသာ မဆိုသင့် (ဌပနာပဋိက္ခေပ) ပါကဋ္ဌကိုလည်းဆိုသင့်၏ (အနွယ) ယင်း အပါကဋ္ဌ၏ ပါကဋ္ဌကား အဘယ်နည်း ဤသို့- ကြောင့် ခ-မိန့်။

အဓိပ္ပါယ်ကား --ခ-ဝါကျဖြင့် အပါကဋ္ဌ၏ ပါကဋ္ဌဖြစ်သောစကားကို ငါပြ၏ ဟူလိုသော်။

ယထာဟိ ။ပ။ မိစ္ဆာပထော-တိုင်အောင်သော ခ-ဝါကျကား မပေါ် လွင်ပြား၊ ထိုစကားကို၊ ထင်ရှားအောင်ပြုသောကြောင့် တပ္ပါကဋီကရဏဝါကျ။

ထို-၍ က-ဝါကျကား ထင်ရှားအောင်ပြုအပ်သောကြောင့် တပ္ပါကဋီ-ကရဏီယဝါကျ။

(ဂ) ပက္ခန္တရ။ ထို-၍ (က) ပက္ခ။

(ခ) တွင် ဉပမာန ဉပမေယျ ခွဲလေဦး။

တတ္ထေဝ ။ပ။ တိတ္ထာယနံ တိုင်အောင်သော ဃ-င ဝါကျတို့ကား ပက္ခန္တရ။ ထို-၍ (ဂ) ပက္ခ။

မှတ်ချက်။ ၁၃၁၉-ခုနှစ် ပုစ္ဆာ၌ (ဂ-ဃ)နှစ်ဝါကျဖြုတ်၍ မေးထားသည်။

---

၄။ တိတ္ထ-ကို ဝိဂ္ဂဟ ပြု၍ ဗျုပ္ပတ္တိစတုက္က ထုတ်ခဲ့ပါ

ပရိဗ္ဗမနတော တရန္တိ ဧတ္ထ ဗာလာတိ တိတ္ထံ။

http://www.dhammadownload.com



တရ–ဓာတ်၊ထ–ပစ္စည်း၊ (ဝါ)ထက်–ပစ္စည်းသည်ရှင်း၊ ကူးခတ်ခြင်း ကြိယာသည်ရှင်း ဗျုပ္ပတ္တိနိမိတ်မည်၏။

အယူဝါဒတို့၏ တစ်ခုသည့်တစ်ခုနှင့် တူသောအခြင်းအရာဟုဆိုအပ်သော ဓာတ်သည် ပဝတ္တိနိမိတ်မည်၏။

၅။ (က) ဝါကျ ၌မိစ္ဆာနှင့် ပထတို့၏ လိင် ဂဏ အနွ ပဒတို့ကို စိစစ်ခဲ့ပါ။

မိစ္ဆာ–အလိင် –ဂဏဝိမုတ်–အာကာရန္တ–နိပါတ်ပုဒ်။

ပထ–ပုလ္လိင်–ပုရိသာဒိဂိုဏ်း–အကာရန္တ–ကိတ်နာမ်။

၆။ တိတ္ထိယာနံ ဝါ–၌ အာဘော်မေးထားသည်။

အယာထာဝ ပထတော–ဖြင့် မိစ္ဆာပထော၌ မိစ္ဆာသဒ္ဒါ၏ အယာထာဝ အနက်ကို ဟောသည်၏ အဖြစ်ကိုရှင်း၊[၁] အယာထာဝေါ ပထော မိစ္ဆာပထော ဟု ကမ္မဓာရည်း သမာသ်ဝစနတ္ထ ပြုရမည်၏အဖြစ်ကိုရှင်း[၂] သိစေပါသည်။ ၁။ နိပါတလိင်္ဂတ္ထ။ ၂။ အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ။

မိစ္ဆာသဘာဝတော–ဖြင့် မိစ္ဆတ္တံပုဒ်ကို မိစ္ဆာဘာဝေါ မိစ္ဆတ္တံ ဟု ဘာဝတဒ္ဓိတ် ဝစနတ္ထပြုရ မည်၏အဖြစ်ကိုရှင်း၊[၁] တ္တ–ပစ္စည်း၏ ဘာဝတဒ္ဓိတ်အနက်၌သက်သည်၏အဖြစ်ကိုရှင်း၊[၂] မိစ္ဆတ္တ– အရ မှားသောသဘောကို ယူရမည်၏အဖြစ်ကိုရှင်း[၃] သိစေပါသည်။

၁။ အဘိဓာနတ္ထ။ ၂။ ပစ္စယတ္ထ။ ၃။အဘိဓေယျတ္ထ။

မှတ်ချက်။ မိစ္ဆာသဘာဝတော–၌ သဘာဝဖြင့် မိစ္ဆတ္တံ–၌ တ္တ–ပစ္စည်းအရ ဖွင့်သည်ဟုကြံ၍ အထက်ပါအတိုင်း အာဘော်ဖော်ခဲ့သည်။

ပြည်နိဿယဆရာတော်အလို––မိစ္ဆာသဘာဝတော–မမှန်သောသဘောရှိသည်၏ အဖြစ်ကြောင့် (ဝါ) မမှန်သောသဘော၏အဖြစ်ကြောင့်–ဟုအနက်ပေးသဖြင့် အောက်ပါအတိုင်း အာဘော်ကြံရမည်။

ပထမအနက်အလို– မိစ္ဆာ အတ္တာ ဧတဿာတိ မိစ္ဆတ္တံ။

ဧတဿ–ထိုမိစ္ဆာအယူအား၊ မိစ္ဆာ မမှန်သော။ အတ္တာ၊ သဘောသည် အတ္ထိ၊ ရှိ၏။ ဣတိ၊ တံ၊ မိစ္ဆတ္တံ မည်၏။ မိစ္ဆတ္တံ၊ မှားသော၊ မမှန်သောသဘောရှိသောအယူ။

နိဿယ–ပထမ အနက်လို အာဘော်ဖော်ပုံ

မိစ္ဆာသဘာဝတော–ဖြင့် မိစ္ဆတ္တံ–၌ အတ္တာသဒ္ဒါသည် စိတ္တ,ကာယစသော အနက်ကိုမဟော၊ သဘာဝအနက်ကိုဟောသည်၏အဖြစ်ကိုရှင်း၊[၁] မိစ္ဆာ အတ္တာ ဧတဿာတိ မိစ္ဆတ္တံ–ဟု ဗဟုဗ္ဗီသမာသ် ဝစနတ္ထပြုရ မည်၏အဖြစ်ကိုရှင်း[၂] သိစေပါသည်။

၁။ နာမလိင်္ဂတ္ထ၊ ၂။ အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ။

နိသျ–ဒုတိယ အနက်= မမှန်သောသဘော၏အဖြစ်ကြောင့်။

http://www.dhammadownload.com



တိတ္တိပုဂ္ဂိုလ်ဟူသော အနက်တစ်မျိုးကိုရင်း၊ တိတ္ထ–ဟူသော သဒ္ဒါမှတစ်ပါး တိတ္ထိယ–ဟူသော သဒ္ဒါတစ်မျိုးကိုရင်း၊ တိတ္ထာယတနသဒ္ဒါ၏ ကမ္မဓာရည်းသမာသ်ဝစနတ္ထဟူသော အကြောင်းမှ တစ်ပါး ဆဋ္ဌီတပ္ပုရိသ်သမာသ် ဝစနတ္ထဟူသော အကြောင်း တစ်မျိုးကိုရင်း လဲလှယ်ပြလိုသောကြောင့် ဝါသဒ္ဒါ ထားရပါသည်။

ဂဟိတောပိ, ဂဟိတာပိ–၌ ပိသဒ္ဒါတို့ကား ဂရဟာဇောတကနိပါတ်ပုဒ် များတည်း။

**တတ္ထေဝ–၌ ဂဟေတဗ္ဗာဒီ**

၁။ မိစ္ဆာအယူသည် ဂဟေတဗ္ဗတ္ထ။

၂။ သမ္မာဒိဋ္ဌိသည် နိဝတ္တေတဗ္ဗတ္ထ။

၃။ မှားသောအားဖြင့် မြင်ခြင်း အမြင်မှားခြင်းဂုဏ်သည် အနုညာတတ္ထ။

တတ္ထေဝ–၌ တသဒ္ဒါကား ပက္ကန္တဝိသယ တ–တည်း။

တိတ္ထဉ္စ တံ–၌ တသဒ္ဒါကား ပသိဒ္ဓဝိသယ တ–တည်း။

မေး။ စ–ဝါကျဝယ် ဂဟိတာ–၌ ဓာတ်အရတရားကိုယူ၍ ကြိယာငါးတန် ထုတ်ခဲ့ပါ။

ဂဟိတဗ္ဗာတိ ဂဟိတာ။ (ကမ္မသာဓနေ၊ ဂဟ+တ+ဣတ္ထိ–အာ။)

ဂဟဓာတ်အရ ကတ္တုဍ္ဍကား–ဒိဋ္ဌိအယူရှိသောပုဂ္ဂိုလ်၏ ခန္ဓာပဉ္စက၏ဉပါဒ်သည် မုချရ၏။

ကမ္မဍ္ဍကြိယာအရကား– ထို–သော ဒိဋ္ဌိ၏ သဟဇာတာဒိသတ္တိသည် ဖလူပစာအားဖြင့် ရ၏။

တပစ္စည်းအရကား– ထို–သော ဒိဋ္ဌိစေတသိက်ရ၏။ /

ဂဟိတာ–၌ ဓာတ်အရကား – ဒိဋ္ဌိအယူရှိသောပုဂ္ဂိုလ်၏ ခန္ဓာပဉ္စကရသည်။ ဗာဟျတ္ထ ပစ္စယတ္ထအရကား– ဒိဋ္ဌိစေတသိက်ရ၏။

မှတ်ချက်။ အထက်ပါ မေးခွန်းအရဆိုလျှင်–ဒိဋ္ဌိအယူရှိသောပုဂ္ဂိုလ်၏ ခန္ဓာပဉ္စကကိုယူ၍ ကြိယာငါးတန် ထုတ်ရလိမ့်မည်။ အဖြေ၌ကား– ဒိဋ္ဌိ စေတသိက် ကိုယူ၍ ကြိယာငါးတန်ထုတ် ထားသည်။ ဒိဋ္ဌိစေတသိက်ကိုယူ၍ ကြိယာငါးတန် ထုတ်စေလိုလျှင် – ဂဟိတာအရတရားကိုယူ၍ –ဟူ၍၎င်း၊ ဂဟိတာ–၌ ပစ္စယတ္ထ (ဝါ) ဗာဟျတ္ထအရတရားကိုယူ၍–ဟူ၍င်း မေးခွန်း မေးသင့်သည်။

၁။ ဂဟိတာ အရ– ဒိဋ္ဌိစေတသိက်သည် ဒဿနတ္ထ။

၂။ ထိုဒိဋ္ဌိစေတသိက်၏ အကြောင်းဖြစ်သော အရိယာပုဂ္ဂိုလ်တို့ကို မဖူးမြင်လိုခြင်း စသည်သည် ဒီပကတ္ထ။

၃။ ဒိဋ္ဌိစေတသိက်၏ အကျိုးဖြစ်သော အနိစ္စဓမ္မကို နိစ္စဓမ္မအားဖြင့် မှားယွင်းစွာ သုံးသပ်ခြင်း စသည်သည် ပကာသနတ္ထ။

၄။ ထို–၏ အကြောင်းဖြစ်သော အသဒ္ဓမ္မသဝန ဗာလူပသေဝန စသည်သည် ဝိဘာဝတ္ထ။

http://www.dhammadownload.com



၅။ ပစ္စုပ္ပန် တမလွန် နှစ်တန်သောဘဝတို့၌ အနိဋ္ဌဖလ ဒုက္ခဝိပါက စသည်သည် အနဘာဝတ္ထ။ (ဘိ၊ဋ္ဌ၊ ၂၉၀-ကြည့်)

**မေး။** ခ-ဝါကျ၌ ဒိဋ္ဌိအရ ပစ္စယုပ္ပန်တရားနှင့် သုဂတိအရ ပစ္စည်းတရားတို့၏ ပြိုင်နိုင်သော ပစ္စယသတ္တိတို့ကို ဖော်ပြခဲ့ပါ။

**ဖြေ။** အာရမ္မဏ။

**မေး။** ဂဟိတာ-၌ ဗာဟုလ္လ ပစ္စယတ္တအရ တရားက- ဓာတွတ္ထအရတရားအား အဘယ်မျိုး အဘယ်ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုပါသနည်း။

တစ်နည်း။ ဂဟိတာ-၌ ဓာတွတ္ထတို့ကိုဖော်ပြ၍ ဖြစ်သင့်သလို ပစ္စည်းပြိုင်ခဲ့ပါ။

**ဖြေ။** ဒိဋ္ဌိပစ္စည်းတရားက- ဒိဋ္ဌိအယူရှိသူ၏ ဒိဋ္ဌိကြဉ်သော ခန္ဓာပဉ္စကအား သဟဇာတကြီး-၄၊ အညမည၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ၊ မဂ္ဂ = ဤ (၈) ပစ္စယသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ဝိပရိယေသဘူတော ဂါဟော-ဖြင့် ဝိပရိယေသဂ္ဂါဟော-ကို ဝိပရိယေသဘူတော ဂါဟော ဝိပရိယေသဂ္ဂါဟော-ဟု ကမ္မဓာရည်းသမာသ်ဝစနတ္ထပြုရမည်၏အဖြစ်ကိုငှင်း၊[၁] ဝိပရိယေသဂါဟော -ဟူလိုလျက် ဂဟဓာတ် အရာ၌ ဂဒွေဘော်လာသည်၏အဖြစ်ကိုငှင်း၊[၂] သိစေပါသည်။

၁။ အဘိဓာနတ္ထ၊ သမာသလင်္ကာဒတ္ထ။ ၂။ ဘာဝတ္ထ။

ဝိပရိယေသတော ဂါဟော-ဖြင့် ဝိပရိယေသဂ္ဂါဟော-ကို ဝိပရိယေသတော ဂါဟော ဝိပရိယေသဂ္ဂါဟော-ဟု ဝိသေသနတ္ထပဉ္စမီတပ္ပုရိသ် သမာသ် ဝစနတ္ထပြုရမည်၏အဖြစ်ကိုငှင်း၊[၁] ဝိပရိယေသဂါဟော-ဟူလိုလျက် ဂဟဓာတ်အရာ၌ ဂဒွေဘော်လာသည်၏အဖြစ်ကိုငှင်း၊[၂] သိစေပါသည်။ ၁။ အဘိဓာနတ္ထ၊ သမာသလင်္ကာဒတ္ထ။ ၂။ ဘာဝတ္ထ။

## ဝါသဒ္ဒါလဲပုံ

ဝိပရိယေသဂ္ဂါဟောပုဒ်၏ ကမ္မဓာရည်းသမာသ်ဝစနတ္ထအကြောင်းမှတစ်ပါး ဝိသေသနတ္ထ ပဉ္စမီတပ္ပုရိသ်သမာသ် ဝစနတ္ထအကြောင်းတစ်မျိုးကို လဲလှယ်ပြလိုသောကြောင့် ဝါသဒ္ဒါ ထားပါသည်။

ဝိပရိယေသကို ဝိပလ္လတ္ထ ဟုဖွင့်သည်။ ဝိပရိယေသ= ဝိ-ပရိ-ဣသ (သေ)+ ဏ။

ဝိပလ္လတ္ထ= ဝိ-ပရိ-အသ+ ထ၊ (သူဝုသာန မူဝုသာနမတော ထော စ သုတ်ကြည့်)၊ ဣသ (သေ) ဓာတ်+ ဏ ပစ္စည်းကို အသဓာတ်+ တပစ္စည်းဖြင့် ဖွင့်ပြသည်။

ဝိပလ္လတ္ထဂါဟော-ဖြင့် ဝိပရိယေသဂ္ဂါဟော ၌ ဣသဓာတ် (ဝါ) သေဓာတ်၏ အသ (ဘုဝိ) ဖြစ်ခြင်းအနက်ကို ဟောသည်၏အဖြစ်ကိုလည်းကောင်း၊[၁] ဏ ပစ္စည်း၏ ဘာဝသာဓန အနက်၌သက်သည်၏အဖြစ်ကိုလည်းကောင်း၊[၂] ဝိပရိယေသနံ ဝိပရိယေသော ဟုဘာဝသာဓန ဝစနတ္ထပြုရမည်၏အဖြစ်ကိုလည်းကောင်း၊[၃] သိစေပါသည်။

၁။ ဒု-ဓာတွတ္ထ၊ ၂။ ဒု-ပစ္စယတ္ထ၊ ၃။ အဘိဓာနတ္ထ။

http://www.dhammadownload.com



(က) လုဗ္ဘတီတိ လောဘော။ (ခ) လုဗ္ဘနာတိ လုဗ္ဘနာကာရော။ (ဂ) လောဘသမ္ပယုတ္တစိတ္တံ ပုဂ္ဂလော ဝါ လုဗ္ဘိတော။ (ဃ) လုဗ္ဘိတဿ ဘာဝေါ လုဗ္ဘိတတ္တံ။ (၄၊ ၂၉၅)

လုဗ္ဘတိ ဖြင့် လောဘော ပုဒ်ကို လုဗ္ဘတီတိ လောဘော ဟုကတ္တုသာဓနေ ဝစနတ္ထပြုရမည်၏အဖြစ်ကိုလည်းကောင်း၊[၁] ဏ ပစ္စည်း၏ကတ္တုသာဓနအနက်၌ သက်ဝင်သည်၏အဖြစ်ကိုလည်းကောင်း၊[၂] သိစေပါသည်။ ၁။ အဘိဓာနဋ္ဌ၊ ၂။ ဒု-ပစ္စယတ္ထ။

လုဗ္ဘန= လုဘဓာတ်+ ဒိဝါဒိယပစ္စည်း+ ယုပစ္စည်း။

✪ 'သံဝဏ္ဏောတပ္ပ၊ ကိတ်ပဒကို၊ ယုပစ္စယ၊ အာကာရနှင့်၊ ဘာဝသဒ္ဒါ၊ ဖွင့်ပြရာ၊ ကြံပါမှချ ကိတ်ဘာဝ'။

လုဗ္ဘနာကာရော- ဖြင့် လုဗ္ဘန၌ ယုပစ္စည်း၏ ဘာဝတဒ္ဓိတ်အနက်၌သက် သည်၏အဖြစ်ကိုလည်းကောင်း၊[၁] လုဗ္ဘတေ လုဗ္ဘနံ ဟုဘာဝသာဓနေဝစနတ္ထပြုရမည်၏အဖြစ်ကိုလည်းကောင်း၊[၂] သိစေပါသည်။ ၁။ ဒု-ပစ္စယတ္ထ။ ၂။ အဘိဓာနဋ္ဌ။

**မှတ်ချက်။** ဒုဿနာတိ ဒုဿနာကာရော အဖွင့်အာဘော်လွယ်ပြီ ဖော်လေ။

လုဗ္ဘိတော = လုဘဓာတ်+ ဒိဝါဒိယ+ တပစ္စည်း။

လောဘသမ္ပယုတ္တံ စိတ္တံ ဖြင့် လုဗ္ဘိတော အရ လောဘသမ္ပယုတ်စိတ်ကို ယူရမည်ဟု သိစေပါသည်။ (အဘိဓေယျတ္ထ)

ပုဂ္ဂလော ဖြင့် လုဗ္ဘိတော အရ တပ်မက်တတ်သောပုဂ္ဂိုလ်ကိုယူရမည် ဟုသိစေပါသည်။ (အဘိဓေယျတ္ထ)

## ဝါသဒ္ဒါထားပုံ

လုဗ္ဘိတော အရ လောဘသမ္ပယုတ်စိတ်ဟူသော အဘိဓေယျတ္ထမှတပါး လုဗ္ဘိတော-အရ ပုဂ္ဂိုလ်ဟူသောအဘိဓေယျတ္ထတစ်မျိုးကို လဲလှယ်ပြလိုသောကြောင့် ဝါသဒ္ဒါထားရပါသည်။

လုဗ္ဘတီတိ လုဗ္ဘိတော။ လုဘ+ ဒိဝါဒိယ+ တ (ကတ္တုသာဓနတ္ထ)။

လုဗ္ဘိတဿ ဘာဝေါ-ဖြင့် လုဗ္ဘိတတ္တံ ပုဒ်ကို လုဗ္ဘိတဿ ဘာဝေါ လုဗ္ဘိတတ္တံ ဟုဘာဝတဒ္ဓိတ်ဝစနတ္ထပြုရမည်၏အဖြစ်ကိုလည်းကောင်း၊[၁] တ္တပစ္စည်း၏ ဘာဝတဒ္ဓိတ်၌ သက်သည်၏ အဖြစ်ကိုလည်းကောင်း၊[၂] သိစေပါသည်။ ၁။ အဘိဓာနဋ္ဌ။ ၂။ ပစ္စယတ္ထ။

လုဗ္ဘိတနှင့် ဘာဝ (သို့မဟုတ်) လုဗ္ဘိတနှင့် တ္တပစ္စည်းတို့ ပစ္စည်းပြိုင်လျှင် ဘာဝအရ (ဝါ) တ္တအရ လောဘပစ္စည်းတရားက လုဗ္ဘိတအရ လောဘသမ္ပ ယုတ်စိတ်အား သဟဇာတကြီး-၄၊ အညမည၊ သမ္ပယုတ္တ၊ ဟေတု (၇) ပစ္စယသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ဘာဝအရ (ဝါ) တ္တအရ လောဘပစ္စည်းတရားက လုဗ္ဘိတအရ တပ်မက်တတ်သော ပုဂ္ဂိုလ်အား သဟဇာတကြီး ၄၊ အညမည၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ၊ ဟေတု ပေါင်း (၈) ပစ္စယသတ္တိဖြင့် ကျေးဇူးပြုပါသည်။

http://www.dhammadownload.com



သာရာဂေါ= သံ ပုဗ္ဗ ရန္စဓာတ်+ ဏ ပစ္စည်း။ သံအထက်၌ နိဂ္ဂဟိတ်ကို ချေ, အ ကို အာ ဒီဃပြု၍ ပြီး၏။

သာရဇ္ဇတိ= သံ- ရန္စ+ ဒိဝါဒိယ+ တိ။

မှတ်ချက်။ ဇလောဘသမ္ပယုတ္တစိတ္တံ ပုဂ္ဂလော ဝါ သာရဇ္ဇတော ဟုဝါကျမြှုပ်ထားသည်ကို သတိပြု။

## အာဘော် သံဝဏ္ဏနာများ (၄-၂၉၆)

အကုသလဥ (ပ) အကုသလမူလံ-ဖြင့် ပထမဝိကပ်ဖြင့် ကမ္မဓာရည်းကိုပြသည်။ ဒုတိယဝိကပ်ဖြင့် ဆဋ္ဌီတပ္ပုရိသ်သမာသ်ပြသည်။

ဉာဏပဋိပက္ခတော-ဖြင့် အညာဏံ ၌ အသဒ္ဒါသည် ပဋိသေဓ, ဝုဒ္ဓိ စသောအနက်ကို မဟော၊ ဝိရုဒ္ဓ (ဝါ) ပဋိပက္ခအနက်ကို ဟောသည်၏အဖြစ်ကိုလည်းကောင်း၊[၁] န ဉာဏံ အညာဏံ ဟုနနိပါတပုဗ္ဗပဒကမ္မဓာရည်းသမာသ် ဝစနတ္ထပြုရမည်၏အဖြစ်ကိုလည်းကောင်း၊[၂] အသဒ္ဒါ၏ နနိပါတ်ပုဒ်၏ကာရိယ၏အဖြစ်ကိုလည်းကောင်း[၃] သိစေပါသည်။

၁။ နိပါတလိင်္ဂတ္ထ။ ၂။ အဘိဓာနတ္ထ၊သမာသလိင်္ဂပဒတ္ထ။ ၃။ နိပါတလိင်္ဂပဒ။

ဒဿနပဋိပက္ခတော-ဖြင့် အဒဿနံ ကို ဖွင့်သည်။ အာဘော်လွယ်ပြီ။

အဘိမုခေါ ဟုတွာ န သမေတိ-ဖြင့်အနဘိသမယော-၌ အဘိသမယောပုဒ်ကို အဘိမုခေါ ဟုတွာ သမေတီတိ အဘိသမယော ဟုကတ္တုသာဓနေ ဝစနတ္ထပြုရမည်၏အဖြစ်ကိုလည်းကောင်း၊[၁] ဏပစ္စည်း၏ကတ္တုသာဓနေ၌ သက်သည်၏အဖြစ်ကိုလည်းကောင်း၊[၂] အဘိသမယသဒ္ဒါ၏ ကိတန္တသမာသ်၏အဖြစ်ကိုလည်းကောင်း၊[၃] န အဘိသမယော အနဘိသမယော-ဟု နနိပါတပုဗ္ဗပဒ ကမ္မဓာရည်းသမာသ် ဝစနတ္ထပြုရမည်၏အဖြစ်ကိုလည်းကောင်း၊[၄] အန သဒ္ဒါ၏ နနိပါတ်ပုဒ်၏ ကာရိယ၏အဖြစ်ကိုလည်းကောင်း၊[၅] အဘိဥပသာရပုဒ်၏ အဘိမုခအနက်ကိုဟောသည်၏အဖြစ်ကို လည်းကောင်း[၆] သိစေပါသည်။

၁။ အဘိဓာနတ္ထ။ ၂။ ဒု-ပစ္စယတ္ထ။ ၃။ သမာသလိင်္ဂပဒ။
၄။ အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ။ ၅။ နိပါတလိင်္ဂပဒ။ ၆။ ဥပသဂ္ဂလိင်္ဂတ္ထ။

မှတ်ချက်။ ဂရုကနည်းအာဘော်ဆိုလျှင် သမေတီတိ သမယော၊ အဘိမုခေါ ဟုတွာ သမယော အဘိသမယော၊ န အဘိသမယော အနဘိ-သမယော ဟူ၍ဖော်ပါလေ။

သမေတိ= သံပုဗ္ဗ ဣ+ တိပစ္စည်း။

သမာ ဂစ္ဆတိ-ဖြင့် သမေတိ၌ ဣဓာတ်သည် ဂတိအနက်ကိုမဟော, ဉာဏ အနက်ကို ဟောသည်၏အဖြစ်ကိုလည်းကောင်း၊[၁] သံဥပသဒ္ဒရ၏ဓာတွတ္ထဝိသေသက၏ အဖြစ်ကိုလည်းကောင်း[၂] သိစေပါသည်။ ၁။ ဓာတွတ္ထ။ ၂။ ဥပသဂ္ဂလိင်္ဂတ္ထ။

http://www.dhammadownload.com



အနုရူပတော ဗုဒ္ဓါတိ-ဖြင့် ဗောဓော ကို ဗုဒ္ဓါတီတိ ဗောဓော ဟုကတ္တုသာဓနဲ ဝစနတ္ထပြုရမည်၏အဖြစ်ကိုလည်းကောင်း၊[၁] ဏာပစ္စည်း၏ကတ္တုသာဓနအနက်၌ သက်သည်၏အဖြစ်ကိုလည်းကောင်း၊[၂] အနုရူပတော ၌ အနုဥပသာရ၏ အနုရူပ အနက်ကိုဟောသည်၏အဖြစ်ကိုလည်းကောင်း၊[၃] အနုရူပတော ဗောဓော အနုဗောဓော ဟုဝိသေသနတ္ထပဋ္ဌမီတပ္ပု ရိသ်သမာသ်ဝစနတ္ထပြုရမည်၏အဖြစ်ကိုလည်းကောင်း[၄] သိစေပါသည်။

၁။ အဘိဓာနတ္ထ။ ၂။ ဒု-ပစ္စယတ္ထ။ ၃။ ဥပသဂ္ဂလိင်္ဂတ္ထ။

၄။ အဘိဓာနတ္ထ, သမာသလိင်္ဂပဒတ္ထ။

တပ္ပဋိပက္ခတာယ-ဖြင့် အနနုဗောဓော ပုဒ်ကို န အနုဗောဓော အနနုဗောဓော ဟုနနိပါတပုဗ္ဗပဒကမ္မဓာရည်းသမာသ်ဝစနတ္ထပြုရမည်၏အဖြစ်ကိုလည်းကောင်း၊[၁] အနသဒ္ဒါ၏ နနိပါတ်ပဒ်၏ကာရိယ၏အဖြစ်ကိုလည်း ကောင်း၊[၂] န သဒ္ဒါသည် ဝုဒ္ဓိ, တဗ္ဘာဝ စသောအနက်ကိုမဟော, ဝိရုဒ္ဓ (ဝါ) ပဋိပက္ခအနက်ကို ဟောသည်၏အဖြစ်ကို လည်းကောင်း[၃] သိစေပါသည်။

၁။ အဘိဓာနတ္ထ, သမာသလိင်္ဂပဒတ္ထ။ ၂။ နိပါတလိင်္ဂပဒ။ ၃။ နိပါတလိင်္ဂတ္ထ။

အသမ္ဗောဓော ကို ဗုဒ္ဓါတီတိ ဗောဓော၊ သဒ္ဓိံ ဗောဓော သမ္ဗောဓော၊ န သမ္ဗောဓော အသမ္ဗောဓော ဟုပြုလိုရကား အနိစ္စာဒီဟိ စသည်မိန့်သည်။

ဗုဒ္ဓါတိ-ဖြင့် သမ္ဗောဓော ၌ ဏာပစ္စည်း၏ကတ္တုသာဓနအနက်၌သက်သည်၏အဖြစ်ကို သိစေပါသည်။ (ဒု- ပစ္စယတ္ထ)

သဒ္ဓိံ-ဖြင့် သမ္ဗောဓော ၌ သံဥပသာရ၏ 'တကွ'ဟူသောအနက်ကိုဟောသည်၏အဖြစ်ကိုရင်း၊[၁] သဒ္ဓိံ ဗောဓော သမ္ဗောဓော ဟုပါဒိပုဗ္ဗပဒ ကမ္မဓာရည်းသမာသ်ဝစနတ္ထပြုရမည်၏အဖြစ်ကိုရင်း[၂] သိစေပါသည်။ ၁။ ဥပသဂ္ဂလိင်္ဂတ္ထ။ ၂။ အဘိဓာနတ္ထ, သမာသလိင်္ဂပဒတ္ထ။

အနိစ္စာဒီဟိ-ဖြင့် 'တကွ' ဟူသည်အနိစ္စစသည်တို့နှင့် တကွတည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

ယောဇေတွာ-ဖြင့် 'မသိ' ဟူသည် အနိစ္စစသည်တို့နှင့်တကွ ယှဉ်၍မသိ ခြင်းပင်တည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

န-ဖြင့် အသမ္ဗောဓော ၌ အသဒ္ဒါ၏ နနိပါတ်ပုဒ်၏ ကာရိယ၏အဖြစ်ကိုလည်းကောင်း၊[၁] နသဒ္ဒါ၏ ပဋိသေဓအနက်ကို ဟောသည်၏အဖြစ်ကိုလည်းကောင်း၊[၂] န သမ္ဗောဓော အသမ္ဗောဓော ဟုနနိပါတပုဗ္ဗပဒကမ္မဓာရည်း သမာသ်ဝစနတ္ထပြုရမည်၏အဖြစ်ကိုလည်းကောင်း[၃] သိစေ ပါသည်။

၁။ နိပါတလိင်္ဂပဒ။ ၂။ နိပါတလိင်္ဂတ္ထ။ ၃။ အဘိဓာနတ္ထ, သမာသလိင်္ဂပဒတ္ထ။

အသမ္ဗောဓော = အနိစ္စ စသည်တို့နှင့်တကွယှဉ်၍မသိတတ်သောသဘော (မောဟ) ရ၏။

သမ္မာဘုသ သဟပ္ပတ္တာ။ (ဓာန်၊ ၁၁၀၇)။ သဟာဓ္တေ. ပဘာဝတ္တေ စ။ (နီတိသုတ္တ၊ ၃၆၆) တို့၌ သံသဒ္ဒါ 'သဟ' အနက်ဟောလာသည်။ ဘာသာဋီကာ၊ ၂၄၆-၌ သံ-ကို ယောဇေတွာ ဖွင့်၍ (ပ) သံသဒ္ဒါသည် 'သံယုဇ္ဇန' အနက်ဟော ဟုဆိုသည်။

http://www.dhammadownload.com



သဘာဝပဋိစ္ဆာဒနဝသေန ပကတိ အတ္တာဒိအသန္တဂ္ဂဟဏာသ အနိစ္စာ-ဒီနံ နိစ္စာဒိဝိသမဂ္ဂဟဏာသ စ သညာဒိဝိပရိယေသသံ နိဿယတ္တာ အသန္တံ အသမဉ္စ ဖုဿတီတိ ဝုတ္တံ။ (မူလဋီ၊ ၁၊ ၁၂၀)

အသန္တံ ဖုဿတိ-ဖြင့် အသမ္မောဓော ၌ အသံ-သဒ္ဒါ၏ထင်ရှားမရှိခြင်း အသန္တ အနက်ကို ဟောသည်၏အဖြစ်ကိုင်း၊[၁] ဖောဓ သဒ္ဒါကို ဖုဿတီတိ ဖောဓော ဟုကတ္တုသာဓနေ ဝစနတ္ထပြုရမည်၏ အဖြစ်ကိုင်း၊[၂] ဏပစ္စည်း၏ ကတ္တုသာဓနေ အနက်၌သက်သည်၏အဖြစ်ကိုင်း၊[၃] အသံ ဖောဓော အသမ္မောဓော-ဟု အလုတ္တဒုတိယာတပ္ပုရိသ်သမာသ်ဝစနတ္ထ-ကိုင်း[၄] သိစေပါသည်။

၁။ နာမလိင်္ဂတ္ထ။ ၂။ အဘိဓာနတ္ထ။ ၃။ ဒွံ-ပစ္စယတ္ထ။ ၄။ အဘိဓာနတ္ထ,သမာသလိင်္ဂပဒတ္ထ။

**အနက်ပေး။** အသမ္မောဓော၊ ထင်ရှားမရှိသော ပကတိ, အတ္တစသည်ကိုသိ သောတရား။

အသမံ ဖုဿတိ-ဖြင့် အသမ္မောဓော ၌ အသံသဒ္ဒါ၏ မညီညွတ်ခြင်း အသမ အနက်ကိုဟော သည်၏အဖြစ်ကို (အကြွင်းအာဘော် သိသာပြီ) သိစေပါသည်။ (နာမလိင်္ဂတ္ထ)

**အနက်ပေး။** အသမ္မောဓော၊ မညီညွတ်သောနိစ္စစသည်ကိုသိတတ်သောတရား။

**မှတ်ချက်။** အသန္တ အရကား ထင်ရှားမရှိသော ပကတိ, အတ္တ စသည်ရ၏။ အသမ- အရကား သညာ, စိတ္တ, ဒိဋ္ဌိဝိပလ္လာသ ရ၏။

အသမဉ္စ-၌ စသဒ္ဒါဖြင့် အသမ္မောဓော ၌ အသံသဒ္ဒါသည် အသန္တအနက်သာ ဟောသည် မဟုတ်သေး, အသမအနက်ကိုလည်းဟောသေး၏ဟု သမုစ္စည်းအဓိပ္ပါယ်ကို သိစေပါသည်။ (ပဒသမုစ္စည်း) (ဘာဝတ္ထ)

အပိ-သဒ္ဒါဖြင့် အနိစ္စာဒီဟိ န ဖုဿတိ-ဟူသောဝစနတ္ထကြောင့်သာ အမ္မောဓ-မည်သည် မဟုတ်သေး, အသန္တံ အသမဉ္စ ဖုဿတိ ဟူသောဝစနတ္ထကြောင့်လည်း အသမ္မောဓမည်၏ဟု သမုစ္စည်းအဓိပ္ပါယ်ကို သိစေပါသည်။ (ဝါကျသမုစ္စည်း) (ဘာဝတ္ထ)

**မှတ်ချက်။** ဘာသာဋီကာ၌ ဖုဿတီတိ ဖောဓော၊ အသန္တံ ဖောဓော အသမ္မောဓော၊ အသမံ ဖောဓော အသမ္မောဓော ဟုဆိုသည်။

နပ္ပဋိဝိဇ္ဈတိ-ဖြင့် ပဋိဝေဓော ၌ ဏပစ္စည်း၏ ကတ္တုသာဓနေအနက်၌သက်သည်၏ အဖြစ် ကိုင်း၊[၁] ပဋိဝိဇ္ဈတီတိ ပဋိဝေဓော ဟုကတ္တုသာဓနေ ဝစနတ္ထပြုရမည်၏အဖြစ်ကိုင်း၊[၂] အသဒ္ဒါ၏ နနိပါတ်ပုဒ်၏ကာရိယ၏အဖြစ်ကိုင်း၊[၃] နပ္ပဋိဝေဓော အပ္ပဋိဝေဓော ဟု နနိပါတပုဗ္ဗပဒ ကမ္မဓာရည်း သမာသ်ဝစနတ္ထပြုရမည်၏အဖြစ်ကိုင်း[၄] သိစေပါသည်။

၁။ ဒွံ-ပစ္စယတ္ထ။ ၂။ အဘိဓာနတ္ထ။ ၃။ နိပါတလိင်္ဂပဒ။

၄။ အဘိဓာနတ္ထ, သမာသလိင်္ဂပဒတ္ထ။

စတုသစ္စဓမ္မံ-ဖြင့် 'မသိ' ဟူသည် သစ္စာလေးပါးကိုမသိခြင်းပင်တည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

http://www.dhammadownload.com



န သင်္ဂဏှာတိ-ဖြင့် အသင်္ဂါဟနာ ကို သင်္ဂဏှာတီတိ သင်္ဂါဟနာ၊ န သင်္ဂါဟနာ အသင်္ဂါဟနာ ဟု ပြုသည်။

န ပရိယောဂါဟတိ-ဖြင့် ပရိယောဂါဟတီတိ ပရိယောဂါဟနာ၊ န ပရိယောဂါဟနာ အပရိယောဂါဟနာ ဟုပြုသည်။

**တမေဝ ဓမ္မံ ၌ ဧဝ သဒ္ဒါ၏ ဂဟေတဗ္ဗာဒိ ထုတ်ပုံ**

၁။ ရုပ်စသောတရားသည် ဂဟေတဗ္ဗတ္ထ။

၂။ ပညတ်တရားသည် နိဝတ္တေတဗ္ဗတ္ထ။

၃။ ရုပ်စသောတရား၏ ရုပ္ပနစသောဂုဏ်သည် အနုညာတတ္ထ။

န သမံ ပေက္ခတိ-ဖြင့် ပေက္ခတီတိ ပေက္ခနာ၊ သမံ ပေက္ခနာ သမပေက္ခနာ၊ န သမပေက္ခနာ အသမပေက္ခနာ- ဟုပြုသည်။

ပေက္ခတိ= ပပုဗ္ဗ ဣက္ခဓာတ်+ အပစ္စည်း+ တိဝိဘတ်။

ပတိ န အပေက္ခတိ ဖြင့် ပတိ အပေက္ခတီတိ ပစ္စဝေက္ခနာ၊ န ပစ္စဝေက္ခနာ အပစ္စဝေက္ခနာ ဟုပြုသည်။

ပစ္စဝေက္ခနာ= ပတိ, အဝ, ဣက္ခဓာတ်+ ယု+ အာ။

အပေက္ခတိ= အပ, ဣက္ခဓာတ်+ အ+ တိ။

---

(က) ကုသလာကုသလကမ္မေသု (ပ) နတ္ထိ။ (ခ) သယံ ဝါ အပ္ပစ္စက္ခကမ္မံ။

(ဂ) ယံ ဧတသ္မိံ အနုပ္ပဗ္ဗမာနေ (ပ) ဒုမ္မဓ္ဓံ။ (၄၊ ၂၉၆)

ကမ္မံ ဧတဿ ပစ္စက္ခံ နတ္ထိ-ဖြင့် အပ္ပစ္စက္ခ ကမ္မံ ပုဒ်၌ ပစ္စက္ခနှင့် ကမ္မံ ကို ပစ္စက္ခံ ကမ္မံ ပစ္စက္ခကမ္မံ ဟု ကမ္မဓာရည်းသမာသ် ဝဓနတ္ထပြုရမည်၏အဖြစ်ကိုလည်းကောင်း၊[၁] အပစ္စက္ခကမ္မံပုဒ်ကို နတ္ထိ ပစ္စက္ခကမ္မံ ဧတဿာတိ အပစ္စက္ခကမ္မံ-ဟု ကတ္တုတ္ထဆဋ္ဌီဗဟုဗ္ဗီဟိသမာသ် (ဝါ) စတုတ္ထီဗဟုဗ္ဗီဟိ သမာသ်ဝဓနတ္ထပြုရမည်၏အဖြစ်ကိုလည်းကောင်း၊[၂] အနိပါတ်ပုဒ်၏ 'အဘာဝ' အနက်ကို ဟောသည်၏အဖြစ်ကိုလည်းကောင်း၊[၃] အသဒ္ဒါ၏ နနိပါတ်ပုဒ်၏ ကာရိယ၏အဖြစ်ကို လည်းကောင်း[၄] သိစေပါသည်။

၁။ အဘိဓာနတ္ထ၊သမာသလိင်္ဂပဒတ္ထ။ ၂။ အဘိဓာနတ္ထ၊သမာသလိင်္ဂပဒတ္ထ။

၃။ နိပါတလိင်္ဂတ္ထ။ ၄။ နိပါတလိင်္ဂပဒ။

ကေဗ္ဗိ ၌ ပိသဒ္ဒါကား - ဂရဟာဇောတကတည်း၊

**'ဂရဟာမှုပုံကား'**

မောဟပြုအပ်သောကံသည် တစ်ခုမျှပင် မရှိ၊ ကံများစွာကား အဘယ် ဆိုဖွယ်ရာ ရှိအံ့နည်း။

ကုသလာကုသလကမ္မေသုပုဒ်ကို ကေဗ္ဗိ ကမ္မံ-၌နိဒ္ဒါရဏစပ်၍ အာဘော် ဖော်ပါလေ။

http://www.dhammadownload.com



ဝိပရီတဝုတ္တိယာ ဝါ သဘာဝဂ္ဂဟဏာဘာဝေန ဝါ-ပုဒ်ကို နတ္ထိ-၌စပ်၍ အာဘော်ဖော်ပါလေ။

က-ဝါကျ၌ ဝါသဒ္ဒါကား ဝိကပ္ပနအနက်ကိုဟောသည်။ ထိုမောဟအား မျက်မှောက်ပြုအပ်သော တစ်ခုမျှလည်းဖြစ်သော ကံမရှိခြင်း၏အကြောင်းကား ဝိပရီတဝုတ္တိ ဟူသောအကြောင်း, သဘာဝဂ္ဂဟဏာဘာဝဟူသောအကြောင်း-ဤအကြောင်းအသီးသီးကြောင့် မရှိသတည်းဟု ဝါသဒ္ဒါကပြသည်။

မှတ်ချက်။ 'သဒ္ဒါဝိကပ်၊ ကြံစည်လတ်၊ အရပ်အရပ်သာ'ဟူသော နိယံကို မှတ်သားပါလေ။

ကမ္မဿ ပစ္စက္ခကရဏံ န-ဖြင့် ပစ္စက္ခံ ပုဒ်ကို ပစ္စက္ခဿ ကရဏံ ပစ္စက္ခံ ဟုဥတ္တရပဒလောပကမ္မဋ္ဌဆဋ္ဌီတပ္ပုရိသ်သမာသ်ဝစနတ္ထပြုရမည်၏အဖြစ်ကိုလည်းကောင်း၊[၁] ပစ္စက္ခကမ္မံ ပုဒ်ကို ကမ္မဿ ပစ္စက္ခံ ပစ္စက္ခကမ္မံ ဟုဝိသေသနပရ နိပါတကမ္မတ္ထ ဆဋ္ဌီတပ္ပုရိသ် သမာသ်ဝစနတ္ထပြုရမည်၏အဖြစ်ကိုလည်းကောင်း၊[၂] န ပစ္စက္ခကမ္မံ အပစ္စက္ခကမ္မံ ဟုနနိပါတပုဗ္ဗပဒ ကမ္မဓာရည်းသမာသ်ဝစနတ္ထပြုရမည်၏အဖြစ်ကိုလည်းကောင်း၊[၃] အသဒ္ဒါ၏ နနိပါတ်ပုဒ်၏ ကာရိယ၏အဖြစ်ကိုလည်းကောင်း[၄] သိစေပါသည်။

၁။ အဘိဓာနတ္ထ, သမာသလိင်္ဂပဒတ္ထ။ ၂။ အဘိဓာနတ္ထ, သမာသလိင်္ဂပဒတ္ထ။
၃။ အဘိဓာနတ္ထ, သမာသလိင်္ဂပဒတ္ထ။ ၄။ နိပါတလိင်္ဂပဒ။

ကဿစိ ဖြင့် ကမ္မဿ အရ အနည်းငယ်သောကံကိုယူရမည်ဟု သိစေပါသည်။ (ဘာဝတ္ထ)

သယံ-ဖြင့် အပစ္စက္ခကမ္မံ ကား မောဟပင်တည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

ဝါသဒ္ဒါ-ဖြင့် အပ္ပစ္စက္ခကမ္မ ပုဒ်၏ ကတ္တုတ္ထဆဋ္ဌီဗဟုဗ္ဗီဟိသမာသ် (ဝါ) စတုတ္ထီဗဟုဗ္ဗီဟိသမာသ်ဝစနတ္ထအကြောင်းသကတ်မှတပါး အပစ္စကမ္မသဒ္ဒါ၏ နနိပါတ ပုဗ္ဗပဒကမ္မဓာရည်းသမာသ်ဝစနတ္ထအကြောင်းသကတ် တစ်မျိုးကိုလဲလှယ်ပြပါသည်။

မှတ်ချက်။ ခ-ဝါကျ၌ သယံ အရ မောဟ ရသည်ကို သတိပြု။

ဒုဋ္ဌံ မေဓ္ဓံ ဣမိနာ-ဖြင့် ဒုမ္မေဓ္ဓံ ၌ ဒု ဥပသာရသည် ကုစ္ဆိတအနက်ကို မဟော, ဖျက်ဆီးခြင်း ဒုဋ္ဌအနက်ကိုဟောသည်၏အဖြစ်ကိုလည်ကောင်း၊[၁] ဒုနှင့် မဓ္ဓပုဒ်ကို အဗျယီဘောသမာသ်, ဒွန်သမာသ်, ကမ္မဓာရည်းသမာသ် ၄င်း-ဝစနတ္ထမပြုရ, ဒုဋ္ဌံ မဓ္ဓံ ဣမိနာတိ ဒုမ္မေဓ္ဓံ-ဟု တတိယာဗဟုဗ္ဗီဟိသမာသ်ဝစနတ္ထပြုရမည်၏အဖြစ်ကိုလည်း ကောင်း၊[၂] ဒုမဓ္ဓံ ဟူလိုလျက် သဒ္ဒိသဒ္ဒေဘာဝဠာနဖြစ်၍ ဒုမ္မေဓ္ဓံ ဟုရုပ်ပြီးသည်၏ အဖြစ်ကိုလည်းကောင်း[၃] သိစေပါသည်။

၁။ ဥပသဂ္ဂလိင်္ဂတ္ထ။ ၂။ အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ။ ၃။ ဘာဝတ္ထ။

သုစိ-ဖြင့် မေဓ္ဓံ သဒ္ဒါကား စင်ကြယ်ဖြူစင်ခြင်းအနက်ဟော သုစိသဒ္ဒါ၏ ဝေဝုစ်ပရိယာယ် စကားလုံးတည်း ဟုသိစေပါသည်။ (အဘိဓေယျတ္ထ)

http://www.dhammadownload.com



ဝေါဒါနံ ဖြင့် သုစိသဒ္ဒါကား စင်ကြယ်ဖြူစင်ခြင်းအနက်ဟော ဝေါဒါနသဒ္ဒါ၏ ဝေဝုစ်စကားလုံး ပရိယာယ်တည်း ဟုသိစေပါသည်။ (အဘိဓေယျွတ္တ)

မှတ်ချက်။ 'ပဏ္ဍိမံ ပဏ္ဍိမံ ပုရိမဿ ပုရိမဿ ဝေဝစနံ' ဟူသော သာရတ္ထစကားအရ ဖော်သည်။

မေဓျံ ပူတံ ပဝိတ္တောသထ။ (တန်၊ ၆၉၈) နှင့်အညီ အောက်ပါအတိုင်း နာမလိင်္ဂတ္ထ ဖော်လေဦး–

သူစိဝေါဒါနံ–ဖြင့် မေဓျံ သဒ္ဒါသည် စင်ကြယ်ဖြူစင်ခြင်းအနက်ကိုဟောသတည်း ဟုသိစေပါသည်။ (နာမလိင်္ဂတ္ထ)

ယံ (ပ) သုစိဝေါဒါနံ ဖြင့် မောဟ မဖြစ်ပေါ်လျှင် စိတ်အစဉ်သည် စင်ကြယ်ဖြူစင်သတည်း ဟုသိစေပါသည်။ (ဘာဝတ္ထ)

မှတ်ချက်။ 'ပဘဿရမိဒံ ဘိက္ခဝေ စိတ္တံ' ဟူသောအင်္ဂုတ္တရပါဠိတော်နှင့်အညီတည်း။

တံ ဟူသောပါဌ်ဖြင့် ရှေ့၌ပြဆိုအပ်ပြီးသော စိတ်အစဉ်ကိုစွဲသတည်း ဟုသိစေပါသည်။ (ဘာဝတ္ထ)

**ဝါကျအရိုက်အတန့်အလို –**

ဣမိနာ၊ ဤမောဟသည်။ မေဓျံ၊ စင်ကြယ်ဖြူစင်သော။ တံ စိတ္တသန္တာနံ၊ ထိုစိတ်အစဉ်ကို။ ဒုဋ္ဌံ၊ ဖျက်ဆီးအပ်၏။ ဤသို့ ကမ္မရုပ်သံ အနက် ပေးထားသည်။ ဒုမေဓျံ ဟူသောနိပ္ဖန္နပုဒ်ကို 'စင်ကြယ်ဖြူစင်သောစိတ်အစဉ်ကို ဖျက်ဆီးတတ်သောမောဟ' ဟု ကတ္တုရုပ်သံအနက်ပေးသည်။

ဤကား 'ဗဟုဗ္ဗီဟိ၊ အဿတ္ထိ၊ တူဘိ ကတ္တုနေ' ဟူသော သဒ္ဒါစည်းကမ်းအရ ဗဟုဗ္ဗီဟိကို ကတ္တုရုပ်သံပြန်၍ အနက်ပေးခြင်းဖြစ်သည်။ အရာရာမှာ သတိထားပါလေ။

မှတ်ချက်။ ဇိတိန္ဒြိယော,ဇိတမာရော ဟူသောပုံစံများနှင့်ယှဉ်ကြည့်ပါ။

**မေဓျံ, မဇ္ဈံ ပါဌ်မှား/ ပါဌ်မှန် အဆုံးအဖြတ်**

မေဓျံ ပူတံ ပဝိတ္တောသထ ဟု(တန်၊ ၆၉၈) ဆိုထားသည်။ မေဓျံ သဒ္ဒါသည် ပူတ, ပဝိတ္တ– ဟူသောဖြူစင်ခြင်းအနက်ဟောပုဒ်ဖြစ်၏။ ပရိယာယ်များဖြစ်သည်။ ဖြူစင်ခြင်းအနက်ကို ဟောနိုင်သည်။ သို့–မေဓျသဒ္ဒါ ဖြူစင်ခြင်းအနက်ဟောကြောင်း သုစိဝေါဒါနံ ဟုဖွင့်သည်ဟု ယူရမည်။ အဘိဓာန်ဋီကာ၌ မေဓ ဟိံသာသင်္ဂမေသု မေဓိယတေ သင်္ဂမိယတေ မေဓျံ၊ ဓျော၊ ရျဿ ဈော အသရူပ ဒွိတ္တံ။ ဟုပြတ်သားစွာ ဖွင့်ဆိုထားသည်။ သို့ဖြစ်၍ မေ–၌ ဧ–သရ ရှိ အသဒိသဒွေဘော်နှင့်ရှိသော မေဓျံ ပါဌ်သာမှန်ပါသည်။

မှတ်ချက်။ ဘာသာဋီကာ၊ ၂၄၇ နှင့် အဋ္ဌသာလိနီပြည်နိသျအမှာ၊ ၂၈ တို့တွင် မ–၌ အ–သရ, သဒိသဒွေဘော် ဇ နှင့် 'မဇ္ဈ' သဒ္ဒါသင့်ကြောင်း အကြီးအကျယ် ဆုံးဖြတ်ထားသည်။

ဝိပရီတ= ဝိ, ပရိ, ဣ+ တ။ (ကိတ်နာမ်ပုဒ်) ဝိပရီတေန ဝုတ္တိ ဝိပရီတ– ဝုတ္တိ ဟုတွဲ။ ဝိပရီတဝုတ္တိယာ ကား တတိယာဝိဘတ်ကျွပုဒ်တည်း။ (သဘာဝဂ္ဂဟဏာဘာဝေန ကိုထောက်ပါ)။

http://www.dhammadownload.com



ကုရီယတေတိ ကမ္မံ။

ပစ္စက္ခ= ပတိ, အက္ခ+ အ။

သုစိ= သုစ သောစနေ ဏ္။ သူစေတိ သုန္ဒရတံတိ သုစိ။ (ဏ္ဏတ္တိလိင်၊ ဏ္ဏကာရန္တ)

ဝေါဒါန= ဝိ, အဝ, ဒါ+ ယု။

ဒုဋ္ဌ= ဒုသ+ တ။ (ဒူသိယတေတိ ဒုဋ္ဌံ)။

မေး။ ခ ဝါကျ၌ သယံ အရတရားကိုယူ၍ ကြိယာ ငါးတန်ထုတ်ခဲ့ပါ။

ဖြေ။ မောဟ ကိုယူ၍ ထုတ်ပါလေ။

မေး။ သယံ အရတရား၏ လက္ခဏာ စသည်ကို ဖော်ပြပါ။

မေး။ သယံ အရတရားက သမ္ပယုတ္တတရားအား အဘယ်မျိုး အဘယ်ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုပါသနည်း ဟုမေးလျှင် မောဟ-ကို ယူ၍ ပြိုင်ပါ။ ပစ္စက္ခကရဏံ န ဟောတိ အရလည်း မောဟ ပင်ရ၏။

မေး။ ဂ ဝါကျ၌ တေသံ အရတရားက စိတ္တသန္တာန်-အရတရားအား အဘယ်မျိုး အဘယ် ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုပါသနည်း။

ဖြေ။ တေသံ အရ မောဟတရားက စိတ္တသန္တာန် အရသမ္ပယုတ္တဓမ္မအား သဟဇာတကြီး ၄+ အညမည+ သမ္ပယုတ္တ+ ဟေတု ဤ ၇ ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုပါသည်။

မေး။ ဂ ဝါကျ၌ ဏ္ဍမိနာ အရတရားက ဒုဋ္ဌ အရ (သို့မဟုတ်) တံ အရတရားအား အဘယ်မျိုး အဘယ်ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုပါသနည်း။

ဖြေ။ ဏ္ဍမိနာ အရ မောဟ ရ၏။ ဒုဋ္ဌ အရ၊ တံ အရ တရားက စိတ္တသန္တာန်-အရတရားအား (တေသံ စိတ္တသန္တာန် နှင့်တူပြီ)။

ဗာလာနံ ဘာဝေါ-ဖြင့် ဗာလျံ ပုဒ်ကို ဗာလာနံ ဘာဝေါ ဗာလျံ-ဟုဘာဝ တဒ္ဓိတ် ဝစနတ္ထပြုရမည်၏အဖြစ်ကိုလည်းကောင်း၊[1] ဏျ ပစ္စည်း၏ဘာဝတဒ္ဓိတ် အနက်၌ သက်သည်၏ အဖြစ်ကိုလည်းကောင်း[2] သိစေပါသည်။ ၁။ အဘိဓာနတ္ထ။ ၂။ ပစ္စယတ္ထ။

ဗာလာနံ အရ မောဟကြဉ်သော ခန္ဓာပဉ္စက ရ၏။ ဘာဝ-အရ မောဟ ရ၏။ (သဟဇာတမျိုးပြိုင်လေ)။

မုယှတိ-ဖြင့် မောဟော ၌ မုဟ ဓာတ်၏အဖြစ်ကိုလည်းကောင်း၊[1] မုယှတီတိ မောဟော ဟုကတ္တုသာဓနဝစနတ္ထပြုရမည်၏အဖြစ်ကိုလည်းကောင်း၊[2] ဏ ပစ္စည်း၏ ကတ္တုသာဓနအနက်၌ သက်သည်၏အဖြစ်ကိုလည်းကောင်း၊[3] မုဟ ဓာတ်၏ ဒိဝါဒိ ဂဏိကဓာတ်၏အဖြစ်ကို လည်းကောင်း[4] သိစေပါသည်။

၁။ ဓာတုပဒ။ ၂။ အဘိဓာနတ္ထ။ ၃။ ဒ ပစ္စယတ္ထ။ ၄။ ဘာဝတ္ထ။

http://www.dhammadownload.com



ဗလဝတရော မောဟော ဖြင့် ပမောဟော ကို ဗလဝတရော မောဟော ပမောဟော–ဟု ပါဒိပုဗ္ဗပဒကမ္မဓာရည်းသမာသ်ဝစနတ္ထပြုရမည်၏အဖြစ်ကိုလည်းကောင်း၊[၁] ပ–ဥပသာရ၏ ဗလဝတရအနက်ကို ဟောသည်၏အဖြစ်ကိုလည်းကောင်း[၂] သိစေပါသည်။

၁။ အဘိဓာနတ္ထ, သမာသလိင်္ဂပဒတ္ထ။ ၂။ ဥပသဂ္ဂလိင်္ဂတ္ထ။

သမန္တတော မုယှတိ–ဖြင့် သမ္မောဟော ၌ သံပုဗ္ဗ– မုဟဓာတ်၏အဖြစ်ကိုလည်းကောင်း၊[၁] မုယှတီတိ မောဟော–ဟု ကတ္တုသာဓနဝစနတ္ထပြုရမည်ကိုလည်းကောင်း၊[၂] ဏ–ပစ္စည်း၏ ကတ္တုသာဓနအနက်၌သက်သည်၏အဖြစ်ကိုလည်းကောင်း ၊[၃] သမန္တတော မောဟော သမ္မောဟော–ဟု ပဉ္စမီတပ္ပုရိသ်သမာသ်ဝစနတ္ထပြုရမည်၏အဖြစ်ကိုလည်းကောင်း၊[၄] သံ ဥပသာရပုဒ်၏ သမန္တတ္ထကိုဟောသည်၏အဖြစ်ကိုလည်းကောင်း[၅] သိစေပါသည်။

၁။ ဒ–ဓာတွတ္ထ။ ၂။ အဘိဓာနတ္ထ။ ၃။ ဒ–ပစ္စယတ္ထ။

၄။ အဘိဓာနတ္ထ, သမာသလိင်္ဂပဒတ္ထ။ ၅။ ဥပသဂ္ဂလိင်္ဂတ္ထ။

ဝိဇ္ဇာယ ပဋိပက္ခဘာဝတော–ဖြင့် နသဒ္ဒါပဋိပက္ခအနက်ကိုဟောသည် ၏အဖြစ်ကို လည်းကောင်း၊[၁] န ဝိဇ္ဇာ အဝိဇ္ဇာ ဟု နနိပါတပုဗ္ဗပဒကမ္မဓာရည်း သမာသ် ဝစနတ္ထပြုရမည်၏ အဖြစ်ကိုလည်းကောင်း[၂] သိစေပါသည်။ ၁။ နိပါတလိင်္ဂတ္ထ။ ၂။ အဘိဓာနတ္ထ, သမာသလိင်္ဂပဒတ္ထ။

ထာမဂတဋ္ဌေန–ဖြင့် ကိလေသာ ၁၀ ပါးတွင်အားရှိ, အားကောင်းသော ကိလေသာသည် သာလျှင် အနုသယမည်သတည်း ဟုသိစေပါသည်။ (ဘာဝတ္ထ)

အနုသေတိ–ဖြင့် အနုသယော ၌ အနုပုဗ္ဗသိဓာတ်၏အဖြစ်ကိုလည်းကောင်း၊[၁] အနုသေတီတိ အနုသယော–ဟုကတ္တုသာဓနဝစနတ္ထပြုရမည်၏အဖြစ်ကိုလည်းကောင်း၊[၂] ဏ ပစ္စည်း၏ကတ္တုသာဓနအနက်၌သက်သည်၏ အဖြစ်ကိုလည်းကောင်း[၃] သိစေပါသည်။

၁။ ဒ–ဓာတုပဒ။ ၂။ အဘိဓာနတ္ထ။ ၃။ ဒ–ပစ္စယတ္ထ။

ပရိယုဋ္ဌာတိ–ဖြင့် ပရိယုဋ္ဌာနံ ကို ပရိယုဋ္ဌာတီတိ ပရိယုဋ္ဌာနံ ဟုကတ္တု သာဓနဝစနတ္ထ ပြုရမည်၏အဖြစ်ကိုလည်းကောင်း၊[၁] ယုပစ္စည်း၏ ကတ္တုသာဓနအနက်၌သက်သည်၏ အဖြစ်ကိုလည်းကောင်း[၂] သိစေပါသည်။ ၁။ အဘိဓာနတ္ထ။ ၂။ ဒ–ပစ္စယတ္ထ။

အဘိဘဝတိ–ဖြင့် ပရိယုဋ္ဌာတိ ၌ ပရိ, ဥ ဥပသာရတို့၏ ဓာတွတ္ထဝိသေသက၏အဖြစ်ကို လည်းကောင်း၊[၁] ဌာဓာတ်၏ ဂတိနိဝတ္တနအနက်ကိုမဟော အဘိဘဝနအနက်ကို ဟောသည်၏ အဖြစ်ကိုလည်းကောင်း[၂] သိစေပါသည်။ ၁။ ဥပသဂ္ဂလိင်္ဂတ္ထ။ ၂။ ဓာတွတ္ထ။

စိတ္တံ–ဖြင့် ဘာဝတ္ထ ဖော်လေ။

မေး။ စိတ္တံ ပရိယုဋ္ဌာတိ ၌ စိတ္တံ နှင့် ပရိယုဋ္ဌာတိ–တို့အရကိုဖော်ပြ၍ ဖြစ်သင့်သော ပစ္စယသတ္တိတို့ကိုလည်း ရေးသားခဲ့ပါ။

ဖြေ။ စိတ္တံ အရ အကုသိုလ်စိတ် ၁၂ ပါး, မောဟကြဉ်သော စေတသိက် ၂၆–ပါးဟူသော

http://www.dhammadownload.com



မောဟာသမ္ပယုတ္တစိတ်ရ၏။ ပရိယုဋ္ဌာတိ အရကား မောဟရ၏။ ပြိုင်နိုင် သောပစ္စယသတ္တိတို့ကား သဟဇာတကြီး ၄၊ အညမည၊ သမ္ပယုတ္တ၊ ဟေတု၊ ဤ ၇-ပစ္စည်းတည်း။

(က) ဟိတဂ္ဂဟဏာဘာဝေန (ပ) လဂ်ီ။ (ခ) ခဥ္စတိတိ အတ္ထော။

(ဂ) ဒုရုဌ္ဌါဋ္ဌေနဋ္ဌေန ဝါ လဂ်ီ။ (ဃ) ယထာ ဟိ (ပ) လဂ်ီ။ (ဋ္ဌ၊ ၂၉၆)

ခ ဝါကျ၌ အတ္ထော၏သမ္ဗန်ကား လဂ်ီတိပဒဿတည်း။ က-ဝါကျတွင် ဟိတ (ပ) န သင်္ကောတိ-ကား ဇုတိရေကဝါကျ၊ အညဒတ္ထု လဂ်ီ ယေဝ ကား အနွယဝါကျ။ လဂ်တိ-ကား လဂိ ဓာတ်+ အ ပစ္စည်း+ တိဝိဘတ်။

✪ ဤအကွရာ၊ အစဉ်ပါလတ်၊ ယင်းသည့်ဓာတ်မှာ၊ ဗိန္ဒုလာ။

လဂိ ခဥ္စနဂတိသု- ခွင်ခြင်း (ဝါ) ချော်ခြင်း၊ သွားခြင်း။

## ခ ဝါကျ ပုစ္ဆာတက်ပုံ

ဆရာ-သည် က ဝါကျ၌ လဂ်တိ ဟုဆိုတော်မူ၏ (သဒ္ဒဋ္ဌပနာထားသည်၊ ဘာသာမပြန်ရ)။ လဂ်တိ-၌ လဂိ-ဓာတ်သည် ဂတိအနက်ကိုဟောပါသလော။ လဂ်တိ-၌ လဂိဓာတ်သည် အဘယ်အနက်ကို ဟောပါသနည်း။ ဤသို့-ကြောင့် ခ ဝါကျမိန့်။

အဓိပ္ပါယ်ကား- ခ ဝါကျဖြင့် လဂ်တိ ၌ လဂိဓာတ်သည် ဂတိအနက်ကိုမဟော၊ ခဥ္စနအနက်ကို ဟော၏ဟု ငါပြဆိုပါ၏ ဟူလိုသော်။

✝ ဟိတဂ္ဂဟဏာဘာဝေနာတိပဒံ န သင်္ကောတီတိပဒေ တတိယာ ဝိသေသနံ အညဒတ္ထု ကေန္တေန လဂ်တိယေဝါတိ အတိက္ကမတိ။ (ယောဇနာ)။

နိသျ၌ကား ဟိတဂ္ဂဟဏာဘာဝေန ကို ဟိတ်အနက်ပေးသည်။ ယောဇနာ၌ကား တတိယာဝိသေသန အနက်ပေးသည်။

✝ လဂိ ဂတျတ္ထော အ၊ နဒါဒိ လဂ်ီ။ (တံခါးကျည်) သူစိ။ ဓာန်ဋီ၊ ၂၁၆။

ကဝါကျအလို လဂ်ီသဒ္ဒါကား ကိတ်နာမ်ပုဒ်။ ခဝါကျအလို ဥပမာ တဒ္ဓိတ်နာမ်ပုဒ်။

## ဝါသဒ္ဒါထားပုံ

ဝါသဒ္ဒါဖြင့် လဂ်ီသဒ္ဒါ၏ ကတ္တုသာဓနဝစနတ္ထအကြောင်းသကတ်မှ တစ်ပါး လဂ်ီသဒ္ဒါ၏ ဥပမာတဒ္ဓိတ်ဝစနတ္ထအကြောင်းသကတ်တပါးကို လဲလှယ်ပြလိုသောကြောင့် ဝါသဒ္ဒါထားရပါသည်။

လဂ်တိ ခဥ္စတိတိ လဂ်ီ။ (လဂိ+ အ၊ နဒါဒိ ဤ)။ ကျော်သွားခြင်း (ဝါ) ခွင်ခြင်းသည် ဇျပွတ္တိနိမိတ်မည်၏။

လဂ်ီ ဝိယာတိ လဂ်ီ။

တံခါးကျည်၏ မောဟနှင့် ဥပမာန+ ဥပမေယျအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဇျပွတ္တိနိမိတ်မည်၏။

http://www.dhammadownload.com



မောဟတို့၏ တစ်ခုသည်တစ်ခုနှင့်တူသောအခြင်းအရာဟုဆိုအပ်သောဓာတ်သည် ပဝတ္တိနိမိတ်မည်၏။

ဤအလို လင်္ဂီကား ဥပမာတဒ္ဓိတ်ပုဒ်၊ မောဟ ဟူသောအဘိဓေယျတ္ထ လိင်သို့လိုက်၍ ပုလ္လိင်၊ ဤကာရန္တ၊ ရတ္တာဒိဂိုဏ်းတည်း။ တစ်နည်း–လင်္ဂီသဒ္ဒါကား သဒိသူပစာသဒ္ဒါပုဒ်တည်း၊ မုချအားဖြင့် တံခါးကျည်ကိုဟောသည်၊ မုချလိင်သို့လိုက်၍ ဣတ္ထိလိင်, ဤကာရန္တ, နဒါဒိဂိုဏ်းတည်း။

ဒုရုဋ္ဌါဋ္ဌန ကို ဒု+ ဥဋ္ဌါဋ္ဌန ဟုပုဒ်ဖြတ်၊

ဥဋ္ဌါဋ္ဌန ကား ဥပုဗ္ဗ ဃဋ္ဋ ဓာတ်+ ယု ပစ္စည်း၊

ဥ ရှေးရှိသဖြင့် ဃဋ္ဋ ဓာတ်သည် ဥဋ္ဌါဋ္ဌန– ဖွင့်လှစ်ခြင်းအနက်ကိုဟောသည်။ ဉဋ္ဌါဋ္ဌိယတေတိ ဥဋ္ဌါဋ္ဌနာ။ (ဖွင့်လှစ်အပ်၏ (ဝါ) နုတ်အပ်၏ ဟုပေး) ဒုက္ခေန ဥဋ္ဌါဋ္ဌနာ ဒုရုဋ္ဌါဋ္ဌနာ။ (ဆင်းရဲသဖြင့် ဖွင့်လှစ်အပ်သည်) ၄င်းဝိဂ္ဂဟအလို မုချအားဖြင့် တံခါးကျည် ရ၏။ ဥပစာအားဖြင့် မောဟ–ရ၏။

ဥဋ္ဌါဋ္ဌနာ ဧဝ အတ္ထော ဥဋ္ဌါဋ္ဌနတ္ထော။ (ဆင်းရဲသဖြင့် ဖွင့်အပ်, နုတ်အပ်သောအနက်ကြောင့် ဟုပေးလေ)။

ပရိပုနပ္ပုနံ ဂမနာဂမနဝသေန ဟန္တီတိ ပလိဃော၊ ဓောာ။ ဤ၌ ဟန္တိ သည် 'သီတံ ဥဏှံ ပဋိဟန္တိ' ဟူသောစူဠဝါပါဠိတော်နှင့်တူသည်၊ 'ဟနတိ' ပါဠ်က လာသည်။

ပလိဃော= ပရိသဒ္ဒူပပဒ+ ဟန ဓာတ်+ ဏ ပစ္စည်း။ လင်္ဂီတ္ထိ ပလိဃော ဘဝေ။ (ဓာန်)

မဟန္တော ပလိဃော မဟာပလိဃော၊ သင်္ခါယတေ ကထိယတေတိ သင်္ခါတာ၊ မဟာပလိဃောတ္တတိ သင်္ခါတာ မဟာပလိဃသင်္ခါတာ။

လင်္ဂတိ ဖြင့် လင်္ဂီပုဒ်ကို လင်္ဂတီတိ လင်္ဂီ ဟုကတ္တုသာဓနေဝစ်နတ္ထပြုရမည်၏ အဖြစ်ကို သည်းကောင်း၊[1] အ ပစ္စည်း၏ ကတ္တုသာဓနေအနက်၌သက်သည်၏အဖြစ်ကိုလည်းကောင်း[2] သိစေပါသည်။ ၁။ အဘိဓာနတ္ထ။ ၂။ ဒု–ပစ္စယတ္ထ။

ဧဝ ဖြင့် 'သဗ္ဗဝါကျံ သာဝဓာရဏံ' ဟူသောပရိဘာသာနှင့်အညီ လင်္ဂတိ ကြိယာ၌ ဧဝ အနက်ကိုရအပ်သတည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

ဟိတဂ္ဂဟဏာဘာဝေန (ပ) န သင်္ကောတိ ဖြင့် ဗျတိရေကတ္ထ ကိုသိစေပါသည်။ (ဘာဝတ္ထ)

ခဥ္စတိ ဖြင့် လင်္ဂတိ ၌ လဂိ ဓာတ်သည် ဤ၌ ဂတျတ္ထကိုမဟော, ခဥ္စနတ္ထကို ဟောသတည်းဟု သိစေပါသည်။ (ဓာတွတ္ထ)

ခဥ္စတိ= ခဇိဓာတ်+ အ ပစ္စည်း+ တိဝိဘတ်။ (အချို့ ခဥ္စ ဓာတ်နှင့်ရှိ)

ဒုရုဋ္ဌါဋ္ဌနတ္ထေန–ဖြင့် လင်္ဂီ ပုဒ်ကို လင်္ဂီယတေ ဒုက္ခေန ဥဋ္ဌါဋ္ဌိယတေတိ လင်္ဂီ ဟုကမ္မသာဓန

http://www.dhammadownload.com



ဝစနတ္ထပြုရမည်၏အဖြစ်ကိုလည်းကောင်း၊[၁] အပစ္စည်း၏ကမ္မသာဓနအနက်၌သက်သည်၏ အဖြစ်ကိုလည်းကောင်း[၂] သိစေပါသည်။ ၁။ အဘိဓာနတ္ထ။ ၂။ ဒု-ပစ္စယတ္ထ။

(တစ်နည်း) ဒုရုဋ္ဌုငွနတ္တေန-ဖြင့် လဂ်ီ ကား ဒုရုဋ္ဌုငွနအနက်ဟော ရုဋ္ဌိအနိပ္ဖန္န ပါဋိပဒိကပုဒ်တည်းဟုသိစေ ပါသည်။ (ဘာဝတ္ထ)

လဂ်ီဝိယ-ဖြင့် လဂ်ီဝိယာတိ လဂ်ီ ဟု ဥပမာတဒ္ဓိတ်ဝစနတ္ထပြုရမည်ကိုလည်းကောင်း၊[၁] ဏပစ္စည်း၏ဥပမာတဒ္ဓိတ်အနက်၌သက်သည်၏အဖြစ်ကိုလည်းကောင်း၊[၂] (ဏပစ္စည်းကျေ သွားသည်)။ (တစ်နည်း) လဂ်ီသဒ္ဒါ၏ သဒိသူပစာပုဒ်၏အဖြစ်ကိုလည်းကောင်း[၃] သိစေပါသည်။ ၁။ အဘိဓာနတ္ထ။ ၂။ ဒု-ပစ္စယတ္ထ။ ၃။ ဘာဝတ္ထ။

အယံ-ဖြင့် လဂ်ီ အရ ဤမောဟကိုပင် ယူရမည်ဟုသိစေပါသည်။ (အဘိဓေယျတ္ထ)၊ (တစ်နည်း) လဂ်ီ ဟူသည် ဤမောဟပင်တည်းဟု သိစေပါသည် (ဘာဝတ္ထ)။

အယမ္ပိ ၌ ပိ-သဒ္ဒါဖြင့် ဤတံခါးကျည်သည်သာလျှင် လဂ်ီမည်သည် မဟုတ်သေး၊ ဤမောဟသည်လည်း တံခါးကျည်နှင့်တူသောကြောင့် လဂ်ီ မည်သတည်းဟု 'သမုစ္စည်းအဓိပ္ပါယ်' ကိုသိစေပါသည်။ (ဘာဝတ္ထ)

မဟာပလိဃသင်္ခါတာ-ဖြင့် လဂ်ီ-အရ သာမန်တံခါးကျည်ကို မယူရ၊ ကြီးစွာသော တံခါးကျည်ကိုယူရမည်ဟုသိစေပါသည်။ (အဘိဓေယျတ္ထ)

အညဒတ္ထု-ကား ဧကန္တတ္ထ နိပါတ်ပုဒ်တည်း (ယောဇနာအလို)၊ (တစ်နည်း) ဧကံသတ္ထ နိပါတ်ပုဒ်တည်း (ရူပသိဒ္ဓိအလို)။

လဂ်တိယေဝ-၌ ဧဝ သဒ္ဒါကား အဝဓာရဏနိပါတ်ပုဒ်တည်း။

### လဂ်တိယေဝ ၌ ဧဝသဒ္ဒါ၏ ဂဟေတဗ္ဗတ္ထာဒိ ထုတ်ပုံ

၁။ ကျော်လွန်ခြင်း (ဝါ) ခွင်ခြင်း၊ ချော်ခြင်းကြိယာသည် ဂဟေတဗ္ဗတ္ထ၊

၂။ မကျော်လွန်ခြင်း (ဝါ) မခွင်ခြင်း၊ မချော်ခြင်းကြိယာသည် နိဝတ္တေတဗ္ဗတ္ထ။

၃။မောဟသည် ၄င်းမောဟ၏အစီးအပွားကို ကျော်လွန်ခြင်းဂုဏ်သည် အနညာတတ္ထ။

ဟိသဒ္ဒါကား (ပြည်နိသျအလို) ဒဠှီကရဏဇောတကနိပါတ်ပုဒ်၊ (ဘာသာဋီကာအလို) ဝိတ္ထာရဇောတကနိပါတ်ပုဒ်တည်း။

မှတ်ချက်။ န သက္ကောတိ၊ လဂ်တိ၊ ခဥ္စတိ၊ ဒုရုဋ္ဌုငွန၊ အယံ ပုဒ်တို့၏အရကား မောဟ ကိုချည်းရ၏။

မေး။ လဂ်ီဝိယ ၌ လဂ်ီ အရတရားကို ယူ၍ ကြိယာငါးတန်ထုတ်ခဲ့ပါ။

၁။ တံခါးကျည်ဟူသော အဋ္ဌကလာပ်ရုပ် ၈ ခုသည်ဒဿနတ္ထ။

၂။ ဥတုသည် ဒီပကတ္ထ။

http://www.dhammadownload.com



၃။ မင်းတုတ်ကြီး၏ မပျက်မစီးတည်ရှိနေခြင်းသည် ပကာသနတ္ထ။

၄။ ဘူတရုပ် ၄ ခုတို့၏ အချင်းချင်း အပြန်အလှန် ကျေးဇူးပြုခြင်းသည် ဝိဘာဝတ္ထ အကြောင်း။

၅။ တံခါးဖွင့်ရခြင်း,ပိတ်ရခြင်းစသောအကျိုးတရားသည် အနုဘာဝတ္ထ။

(က) ဒုတိယစိတ္တေ (ပ) ဝိသေသံ။ (ခ) တမ္ပိ ဟေဋ္ဌာ (ပ) ဝုတ္တတ္ထမေဝ။

(ဂ) ဣဒံ ပန (ပ) ဥပ္ပဇ္ဇတိ။ (ဃ) တထာပိ (ပ) ဝေဒိတဗ္ဗံ။ (ဋ္ဌ၊ ၂၉၆)

ယသ္မိံ သမယေ အကုသလံ စိတ္တံ ဥပ္ပန္နံ ဟောတိ သောမနဿသဟဂတံ ဒိဋ္ဌိဂတသမ္ပယုတ္တံ ရူပါရမ္မဏံ ဝါ။ (ဓမ္မသင်္ဂဏီ၊ ပိုဒ်ရေ၊ ၃၆၅)

ယသ္မိံ သမယေ အကုသလံ စိတ္တံ ဥပ္ပန္နံ ဟောတိ သောမနဿသဟဂတံ ဒိဋ္ဌိဂတသမ္ပယုတ္တံ သသင်္ခါရေန ရူပါရမ္မဏံ ဝါ။ (ဓမ္မသင်္ဂဏီ၊ ပိုဒ်ရေ၊ ၃၉၉)

ခ ဝါကျကား အတိဒေသသံဝဏ္ဏနာဝါကျ (ဝါ) ဝါကျာရမ္ဘဝါကျ၊ ထို-၍ က ဝါကျကား အာရဒ္ဓဝါကျ။

ဣဒံ စိတ္တံ နန ဆသု အာရမ္မဏေသု သောမနဿိတဿ လောဘံ ဥပ္ပါဒေတွာ သတ္တော သတ္တောတိအာဒိနာ နယေန ပရာမသန္တဿ ဥပ္ပဇ္ဇတိ။ (စောဒကာဘောဂ)။ ကသ္မာ ဝေရူပေ ကာလေ ဣဒံ လဗ္ဘတိ။ (စောဒနာ)

နနု ဣဒံ သသင်္ခါရိကံ ဟောတိ သမ္ပယောဂေန သဉပါယေန ဥပ္ပဇ္ဇတိ။ (ပရိဟာရာဘောဂ)။

တသ္မာ ဝေရူပေ ကာလေ ဣဒံ လဗ္ဘတိ။ ( ပရိဟာရ)

## ဂ- ဃ ဝါကျသို့ ချဲ့၍ ကျမ်းတက်ပုံ

ဆရာ-သည် ဤသို့သဘောရှိသောအခါ၌ ဤဒုတိယအကုသိုလ်စိတ်ကို ရအပ်သောဟု ဆိုတော်မူ၏။ ဤဒုတိယအကုသိုလ်စိတ်သည် ၆ ပါးကုန်သောအာရုံတို့၌ဖြစ်သော သောမနဿ ရှိသည်ဖြစ်၍ လောဘကိုဖြစ်စေ၍ သတ္တဝါ သတ္တဝါ အစရှိသောနည်းဖြင့် သုံးသပ်သောသူအား ဖြစ်သည်မဟုတ်ပါလော။ ယင်းသို့ဖြစ်ပါလျက် အဘယ့်ကြောင့် ဤသို့သဘောရှိသောအခါ၌ ဤဒုတိယအကုသိုလ်စိတ်ကိုရအပ်ပါသနည်း။ ဤသို့-သူစောဒနာဖွယ်ရှိသောကြောင့် ထိုစောဒနာကို စောနာဘောဂစသည် ပြလျက် ဖြေတော်မူလိုသော အဋ္ဌကထာဆရာသည် ဂ-ဃ-၂-ဝါကျကိုမိန့်။

အဓိပ္ပါယ်ကား - ဤဒုတိယ အကုသိုလ်စိတ်သည် (ပ) ဖြစ်သော်လည်း သသင်္ခါရိက၏ အဖြစ်ကြောင့် ဤသို့သဘောရှိသောအခါ၌ ဤဒုတိယ အကုသိုလ်စိတ်ကို ရအပ်၏-ဟု ငါပြဆို၏ ဟူလိုသော်။

ဃ-ဝါကျတွင် ယဒါ (ပ) ဝေရူပေ ကာလေ ကား - ဝိတ္ထာရဝါကျ၊

ထို-၍ သသင်္ခါရိကတ္တာ ကား သခေ်ပဝါကျ။

http://www.dhammadownload.com



ဂ-ဃ-ဝါကျတို့တွင် ရှေ့ဝါကျ၌ န မပါ, နောက်ဝါကျ၌ န မပါသောကြောင့် ရှေ့ဝါကျ သမ္ဘာဝနာ၊ နောက်ဝါကျ ဂရဟာ။

ယဒါ (ပ) ဒိဋ္ဌိ ဂဏှာတိ ကား အနိယတ်ဝါကျ၊

ဝေရူပေ ကာလေ ဣဒံ နုဿတိ ကား နိယတ်ဝါကျ။

မှတ်ချက်။ ယဒါ (ပ) ဒိဋ္ဌိ ဂဏှာတိ-ဟူသောဝါကျကြီးတွင် ဝါကျာရမ္ဘဝါကျများ ငုပ်နေသည်။

(ခ) ဝါကျဖြင့် ဂန္ထဂရုဒေါသကို ပယ်သည်။

(ဂ-ဃ) ဝါကျဖြင့် ဝိရောဓိဒေါသကို ပယ်သည်။

သဟ သင်္ခါရေန ယော ဝတ္တတီတိ သသင်္ခါရော။ (သဟပုဗ္ဗပဒ ဗဟုဗ္ဗိ ဟိသမာသ်)၊ ယော ပစ္စယဂဏော၊ အကြင်အာရုံ, အယောနိသော မနသိကာရ စသော အကြောင်းအပေါင်းသည်။ သင်္ခါရေန၊ ပယောဂ, ဥပါယနှင့်။ သဟ၊ တကွ။ ဝတ္တတိ၊ ဖြစ်တတ်၏။ ဣတိ၊ သော ပစ္စယော၊ သသင်္ခါရော၊ မည်၏။

သဟ+သင်္ခါရ-ဟူသော ဗဟုဗ္ဗိဟိသမာသ်ပုဒ်လုံး၏အရကား-သင်္ခါရနှင့် တကွ ဖြစ်ခြင်း သဟဝတ္တနဘောဂုဏ်(တနည်း) တကွဖြစ်သော ပယောဂ, ဥပါယ-သည် မှချ။

ယင်း-၏ ပစ္စယဂဏနှင့် (ဝါ) တကွဖြစ်သော ပယောဂ, ဥပါယ၏ ပစ္စယဂဏနှင့် ဂုဏ်+ဂုဏီ၊ ဝိသေသန+ဝိသေသျ၊ အကြောင်း+အကျိုး စပ်။

ယ-ဟူသော အညပုဒ်၏အရကား ထို-သော ပယောဂ, ဥပါယနှင့်တကွဖြစ်သော အာရုံ, အယောနိသော မနသိကာရစသော အကြောင်းအပေါင်းရ၏။

သသင်္ခါရေန-ပယောဂ, ဥပါယနှင့်တကွဖြစ်သောအာရုံ, အယောနိသော မနသိကာရ စသော အကြောင်းအပေါင်းကြောင့်။ (ဥပ္ပန္နံ ဟောတိ ၌စပ်)

သောမနဿိတ= သောမနဿ ပုဒ်+ ဣတ ပစ္စည်း၊ သဉ္ဇာတ တဒ္ဓိတ်။

သဉ္ဇာတံ သောမနဿံ အဿ ပုဂ္ဂလဿာတိ သောမနဿိတော (တဿ) (ပရာမသန္တဿ ကိုမျှော်) (သဉ္ဇာတတဒ္ဓိတ်)

သောမနဿ-ဟူသောတဒ္ဓိတ်ပုဒ်အရ ဝမ်းမြောက်ခြင်းသည် မှချ၊

ယင်း-၏ ပုဂ္ဂိုလ်နှင့် ဂုဏ်+ဂုဏီ, ဌာနီ+ဌာန, နိဿိတ+နိဿယ အဖြစ်ဖြင့်စပ်။ဣတ-ပစ္စည်းအရကား ထို-သော ဝမ်းမြောက်ခြင်းရှိသောပုဂ္ဂိုလ်ရ၏။

သဟ သင်္ခါရေန ယော ဝတ္တတီတိ သသင်္ခါရော။ (ပစ္စယဂဏ ရ၏) သသင်္ခါရော အဿ အတ္ထီတိ သသင်္ခါရိကံ။ (အဿကို ဒုတိယစိတ္တဿ-စွဲ)

(အနက်) အဿ ဒုတိယစိတ္တဿ၊ အား။ သသင်္ခါရော၊ ပယောဂ, ဥပါယနှင့် တကွသော အာရုံ,

http://www.dhammadownload.com



အယောနိသောမနသိကာရစသော ပစ္စည်းအပေါင်းသည်။ အတ္ထိ။ ဣတိ။ တံ၊ ထိုဒုတိယ အကုသိုလ်စိတ်သည်။ သသင်္ခါရိကံ၊ မည်၏။

သသင်္ခါရိကဿ ဘာဝေါ သသင်္ခါရိကတ္တံ။

သသင်္ခါရိက–အရ ပယောဂ ဥပါယနှင့်တကွသောအာရုံ အယောနိသောမနသိကာရ စသော အကြောင်းအပေါင်းရှိသော ဒုတိယစိတ်ရ၏။

ယင်း ဒုတိယစိတ်၏ ပယောဂ ဥပါယနှင့်တကွသော အာရုံ အယောနိသောမနသိကာရ စသော ပစ္စည်းအပေါင်းနှင့် အကျိုး+အကြောင်း, ဝိသေသျ+ဝိသေသနစပ်။

တ္တ–ပစ္စည်းအရကား ထို–သော ပယောဂ ဥပါယနှင့်တကွသော အာရုံ အယောနိသော မနသိကာရ စသော အကြောင်းအပေါင်းရ၏။

၁။ သသင်္ခါရ–အရ ပယောဂ ဥပါယနှင့်တကွဖြစ်သော အာရုံ အယော နိသော မနသိကာရ စသော အကြောင်းအပေါင်း (ပစ္စယဂဏ) ရ၏။

၂။ သသင်္ခါရိက–အရ ပယောဂ ဥပါယနှင့် (ပ) အကြောင်းအပေါင်းရှိသော ဒုတိယစိတ်ရ၏။

၃။ သသင်္ခါရိကတ္တာ–အရ (နံပါတ် ၁–ပြန်ရ၏)။

✪ ဗဟုဗ္ဗီဟိ၊ အဿတ္ထိတွင်၊ ဆောတင်စီးလတ်၊ သမာသ်, တဒ္ဓိတ်၊ ပုဒ်ရင်းကိုသာ၊ ရအပ်စွာ၊ အရာ မျိုးခပ်သိမ်း။

၁။ ဝိသာဏ–   ဦးချိုဒြပ်ရ၏။

၂။ ဝိသာဏီ–   ဦးချိုရှိသော နွားဒြပ်ရ၏။

၃။ ဝိသာဏိတ္တံ–   (နံပါတ် ၁ ပင်ပြန်ရ၏)။

✪ ဟိတ်, ဖိုလ်နှစ်ဆူ၊ သန္တာန်တူ၊ မှတ်ယူ တောနှင့်တာ။
ဟိတ်, ဖိုလ်နှစ်ပါး၊ သန္တာန်ပြား၊ ထားကြ ယသ္မာ, တသ္မာ။

သသင်္ခါရိကတ္တာ ဝယ် သသင်္ခါရိက–ဟူသောဟိတ်ပုဒ်အရကား ဒုတိယအကုသိုလ်စိတ် ရ၏။

လဗ္ဘတိ–ဟူသော ဟိတ်ဖိုလ်ကြိယာ၏ အရလည်း ဒုတိယအကုသိုလ်စိတ်ပင်ရသည်။

ထိုသို့ ဟိတ်နှင့်ဖိုလ် အရတူနေသောကြောင့် အရကွဲသွားစေရန် သသင်္ခါရိကတ္တ–ဟု ဘာဝတဒ္ဓိတ်ပုဒ်ဖြင့် ရေးသားရသည်။

သို့ ရေးသားလိုက်သဖြင့် ––သသင်္ခါရိကတ္တာ၊ ပစ္စယဂဏကြောင့်၊ ဣဒံ စိတ္တံ၊ ဤ ဒုတိယ အကုသိုလ်စိတ်ကို။ လဗ္ဘတိ၊ ရအပ်၏–ဟု ဖြစ်လာ၏။

http://www.dhammadownload.com



ဤသို့ဖြစ်လာသော အဋ္ဌကထာစကားနှင့် အကုသလံ စိတ္တံ ဥပ္ပန္နံ ဟောတိ (ပ) သသင်္ခါရေန၊ (၃၃၉) ဟူသော ပါဠိတော်စကားရပ်တို့ အတူတူဖြစ်ကြောင်း တွေ့ရပေမည်။

(ခ) ဝါကျဖြင့် ထိုသသင်္ခါရေန ဟူသောပုဒ်သည်လည်း သဟ သင်္ခါရေနာတိ သသင်္ခါရော၊ သသင်္ခါရေန သပ္ပယောဂေန သဥပါယေန ပစ္စယဂဏေန-ဟူသော ဝဲအောက်၌ဆိုအပ်ပြီးသော အနက်ရှိသည်သာလျှင်တည်း-ဟုညွှန်ပြသိစေပါသည်။ (ဘာဝတ္ထ)

သပ္ပယောဂေန သဥပါယေန ၌ ပယောဂ, ဥပါယ နှစ်ပုဒ်ဖြင့် သသင်္ခါရ-၌ သင်္ခါရ အရဖွင့်သည် သင်္ခရောတီတိ သင်္ခါရော, သင်္ခရောတိ ဧတေနာတိ သင်္ခါရော-ဟု ဝစနတ္ထပြု၍ သင်္ခါရ အရ ပယောဂ, ဥပါယ ကိုယူဟုပြသည်။

သင်္ခါရ= သံ+ ကရ+ ဏ။

တမ္ပိ ၌ ပိသဒ္ဒါ- သမုစ္စယတ္ထဇောတက-တည်း။

## သမုစ္စည်း ဆည်းပုံ

သောမနဿသဟဂတံ စသောပုဒ်သည်သာလျှင် ဆိုအပ်ပြီးသော အနက်ရှိသည်မဟုတ်၊ ထိုသသင်္ခါရေန ဟူသောပုဒ်သည်လည်း ဆိုအပ်ပြီးသော အနက်ရှိသတည်း ဟုဆည်းပါသည်။

## ဝုတ္တမေဝ ၌ ဂဟေတဗ္ဗာဒိ ထုတ်ပုံ

၁။ အောက်၌ ဖွင့်ဆိုအပ်ပြီးသော အနက်ရှိသော သသင်္ခါရေနဟူသောပုဒ်သည် ဂဟေတဗ္ဗတ္ထ။

၂။ မဖွင့်ဆိုအပ်သော အနက်ရှိသောပုဒ်သည် နိဝတ္တေတဗ္ဗတ္ထ။

၃။ သသင်္ခါရေန-ဟူသောပုဒ်၏ သဟပုဗ္ဗပဒဗဟုဗ္ဗီဟိသမာသ် ဟူသောအနက်၊ သသင်္ခါရ သဒ္ဒါ၏ ပယောဂ အနက်, ဥပါယဟူသောအနက်သည် အနုညာတတ္ထ။

မေး။ (ဂ)ဝါကျ၌ ဆသု အာရမ္မဏေသု အရကို ပစ္စည်းတရားယူပြီးလျှင်ဖြစ်သင့်သော ပစ္စယုပ္ပန်တရားတို့ကို ဖော်ပြ၍ ပြိုင်နိုင်သော ပစ္စယသတ္တိတို့ကိုလည်း ရေးသားခဲ့ပါ။

ဖြေ။ ဖြစ်သင့်သော ပစ္စယုပ္ပန်တရားကား သောမနဿသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် သသင်္ခါရိက လောဘစိတ်တည်း။

ပစ္စယသတ္တိကား အာရမ္မဏ-၁-၂-၃-၄-၆-၈ မျိုးလုံးရသည်။

မေး။ ပဝတ္တေတိ အရ တရားကိုယူ၍ ကြိယာ ငါးတန် ထုတ်ပြခဲ့ပါ။

ဖြေ။ ၁။ ပဝတ္တေတိ အရ ကုလပုတ္တ ၏ တဏှာပြဓာန်းသော စိတ္တုပ္ပါဒ်သည် ဒဿနတ္ထ။
၂။ ကုမာရိကံ အရ အမျိုးသမီးငယ်ဒြဗ်သည် ဒီပကတ္ထ။
၃။ ကာယိကဒုက္ခ, စေတသိကဒုက္ခသည် ပကာသနတ္ထ။

http://www.dhammadownload.com



၄။ အယောနိသော မနသိကာရ စသည်သည် ဝိဘာဝတ္ထ–အကြောင်း။
၅။ အပါယဒုက္ခ စသည်သည် အနုဘာဝတ္ထ–အကျိုး။

မှတ်ချက်။ ဤကား သဘာဝကို ရှု၍ ထုတ်ခြင်းတည်း။

၁။ တဏှာသည် ဒဿနတ္ထ။ ၂။ ဝေဒနာသည် ဒီပကတ္ထ။
၃။ ဥပါဒါန်သည် ပကာသနတ္ထ။ ၄။ ဖဿစသည်သည် ဝိဘာဝတ္ထ။
၅။ ဘဝစသည်သည် အနုဘာဝတ္ထ။

မှတ်ချက်။ ဤကား ပဋိစ္စသမုပ္ပါဒ်ကို ရှု၍ထုတ်ခြင်းတည်း၊ ဝီထိကိုရှု၍ထုတ်လေဦး၊ (လောဘဓောကိုယူ၍ ထုတ်ပါလေ)။

---

(က) ယေ ဝါပန ကေသု (ပ) အဓိက်။ (ခ) တတ္ထ (ပ) မိဒ္ဓံ။ (ဂ) အနုဿာဟ (ပ) အတ္တော။ (ဃ) ထိနဉ္စ မိဒ္ဓဉ္စ ထိနမိဒ္ဓံ။ (င) တတ္ထ ထိနံ (ပ) မနသိကာရပဒဋ္ဌာနန္တိ။ (၄၂၉၇)

တတ္ထ (ပ) ပဒဋ္ဌာနန္တိ တိုင်အောင်သော ဝါကျကား ဝိတ္ထာရဝါကျ၊

ထို–၍ ယေ ဝါပန (ပ) အဓိက် တိုင်အောင်သောဝါကျကား သင်္ခေပဝါကျ။

(ခ) ဝါကျတွင် ပထမ, ဒုတိယဝါကျတို့၌ ပက္ခ, ပက္ခန္တရ ခွဲလေ။

(ဂ) ဝိတ္ထာရ။ ထို–၍ ခ–သင်္ခေပ။ (ဃ) ဝါကျာရမ္ဘ။ ထို–၍ ခ–အာရဒ္ဓ။

မှတ်ချက်။ ဃ–ဝါကျကို တက်ရာ၌ ခ–ဝါကျမှ တက်ပါ။

တတ္ထ (ပ) ပဒဋ္ဌာနန္တိ တိုင်အောင်သော ၄ ဝါကျကား ဝိတ္ထာရဝါကျ၊ ထို–၍ ခ, ဂ, ဃ–ဝါကျတို့ကား–သင်္ခေပဝါကျ။

(င) ဝါကျတွင် မိဒ္ဓံ (ပ) ပစ္စုပဋ္ဌာနံ ဝါ ကား ပက္ခန္တရ၊ ထို–၍ ထိနံ (ပ) သံသီဒနပစ္စုပဋ္ဌာနံ ကား–ပက္ခ။

ဥဘယမ္ပိ (ပ) ပဒဋ္ဌာနန္တိ ကား ဝါကျာရမ္ဘ။ ထို–၍ တတ္ထ (ပ) ပစ္စုပဋ္ဌာနံ ဝါ–ကား အာရဒ္ဓ။

## ဝါသဒ္ဒါ ထားပုံ

မိဒ္ဓ ၏ လီနဘာဝပစ္စုပဋ္ဌာနံ ဟူသော ပစ္စုပဋ္ဌာန်အနက်တစ်မျိုးမှတစ်ပါး စပလာယိကာ–နိဒ္ဒါပစ္စုပဋ္ဌာနံ–ဟူသော ပစ္စုပဋ္ဌာန်အနက်တစ်မျိုးကို လဲလှယ်ပြလိုသောကြောင့် ဝါသဒ္ဒါ ထားပါသည်။

## ထိနပုဒ်မှတ်ဖွယ်

ထိယတိ အနုဿဟနာဝသီဒနဝသေန သံဟတိတိ ထိနံ။

ထိ ဓာတု၊ သံဟနနေ၊ ယု။ (အဋ္ဌသာလိနီယောဇနာ၊ ၁၃၆)

အနုဿာဟနာဝသီဒနဘာဝေန သံဟတဘာဝေါ ထိနံ။

http://www.dhammadownload.com



တေန ယောဂတော စိတ္တံ ထိနံ၊ တဿ ဘာဝေါ ထိနတာ။(ဝိသုဒ္ဓိမဂ်ဋီကာ)

တတ္ထ ကတမံ ထိနံ ယာ စိတ္တဿ အကလ္လတာ အကမ္မညတာ။(ဓမ္မသင်္ဂဏီပါဠိတော်)

ထိနံ စိတ္တဂေလညံ။ (အဘိ၊ ဋ္ဌ၊ ၂၊ ၃၅၃)

စိတ္တဂေလည နှင့် အကလ္လတာ အရတူသည်။

ထိယတိ စိတ္တံ မန္ဒံ မန္ဒံ ကတွာ အဇ္ဈောတ္ထရတီတိ ထိနံ။(ပရမတ္ထဒီပနီ၊၃၀၃)

မှတ်ချက်။ ၎င်း နှစ်ဝါရအလို ထိန ကား ထိ ဓာတ်+ ယု ပစ္စည်း။ မောဂ္ဂလာန်နိသျ၊ အထက်လေးစောင်တွဲ၊ သုတ်စဉ်နံပါတ် ၁၁၄ ၌ ထိယတိ ထိယနံ ဝါ ထိနံ၊ထာ သဒ္ဒသံဟတေသုတ္တ ပစ္စယော (ကအနုဗန်ရှိသော တပစ္စည်း) ဣဟူသော သုတ္တဝိဘာဂဖြင့် အာ ကို ဣ ပြု၊ တကို န ပြု၊ ထိနပုဒ် ပြီး၏။

## သံဟတ အဓိပ္ပါယ်

စိတ်၏ ထိုထိုအာရုံ၌ မပျံ့လွင့်မူ၍ ပေါင်းစု တွန့်ဆုတ်ခြင်းကို သံဟတ–ဟုခေါ်သည်။

ဤမောဂ္ဂလာန်နိသျအလို ထိနံ ကား ထာ ဓာတ်+ တ ပစ္စည်းတည်း။

ပါစိတျာဒိယောဇနာ (၈၇) ၌ ဌာ ဓာတ်+ ယု ပစ္စည်း ဟု ဆိုသေး၏။ လက်ရှိ အဌသာလိနီ စာမူ၌ ထိနနတာ–ဟု ရှိသည်။ ရှေးစာမူ၌ ထိနတာ ဟုရှိ သည်။ ထိနနတာ–ဟုရှိလျှင် ထိနန ပုဒ်ကို ထိ ဓာတ်+ ယု ပစ္စည်း၊ ယု ပစ္စည်းကို အာနန ပြု၊ အာ ချေလျှင် ထိနန ဖြစ်သည်။ ထိနတာ ဟု ရှိလျှင် ထိ ဓာတ်+ ယု ပစ္စည်း၊ ယု ကို အန ပြု၍ ထိန–ဟု ပြီးသည်။ ထိနနပုဒ်နောင် တဒ္ဓိတ်ဘောဆင့်လျှင် ထိနနတာ ဖြစ်သည်။ ထိနပုဒ်နောင် တဒ္ဓိတ်ဘောဆင့်လျှင် ထိနတာ ဖြစ်သည်။

## သံဝဏ္ဏနာ၌ ထိနနတာ ပုဒ် အစိတ်အပေါင်း ဝိဂ္ဂဟ

အနုဿာဟနာဝသီဒနဘာဝေန ထိယနံ သံဟနနံ ထိနနံ၊ (ထိနစေတသိက်)

အားမထုတ်ခြင်း ဆုတ်နစ်ခြင်း၏အဖြစ်ဖြင့် တွန့်ဆုတ်ခြင်း (ဝါ) ပျင်းခြင်း (ဝါ) စိတ်၏မခန့်ခြင်း။

ထိနနံ အဿ အတ္ထီတိ ထိနနံ။ (စိတ် ရ၏)

(အဖြောင့်) အဿ စိတ္တဿ၊ ထိုစိတ်အား။ ထိနနံ၊ သည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ တံ စိတ္တံ၊ သည်၊ ထိနနံ၊

ထိနနဿ ဘာဝေါ ထိနနတာ။ (ထိနန+ တာ)

ထိနန ဟူသောတဒ္ဓိတ်ပုဒ်အရ အားမထုတ်ခြင်း, ဆုတ်နစ်ခြင်း၏ အဖြစ်ဖြင့် တွန့်ဆုတ်ခြင်း (ဝါ) ပျင်းခြင်း (ဝါ) စိတ်၏ မခံခြင်းသည် မုချအား ဖြင့်ရ၏။

ယင်းစိတ်၏ ထိနစေတသိက်နှင့် အကျိုး+ အကြောင်းစပ်။

http://www.dhammadownload.com



မှတ်ချက်။ ဝိသုဒ္ဓိမဂ်ဋီကာကို ထောက်၍ အစိတ်အပေါင်းဝိဂ္ဂြိုဟ်ဆိုပြီး အပေါင်းဝိဂ္ဂဟကို ညှသ်ကောက်သည်။

မေး။ ထိနနတာ ၌ ဗာဟျတ္ထအရတရားက အန္တတ္ထအရတရားအား အဘယ်မျိုး အဘယ်ပစ္စယ သတ္တိတို့ဖြင့် ကျေးဇူးပြုပါသနည်း။

ဖြေ။ ဗာဟျတ္ထအရ ထိနစေတသိက် ပစ္စည်းတရားက အန္တတ္ထအရ ထိနသမ္ပယုတ္တဓမ္မအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ပြိုင်နိုင်သောပစ္စယသတ္တိတို့ကား သဟဇာတအကြီး ၄၊ အညမည၊ သမ္ပယုတ္တ၊ ပေါင်း ၆ ပစ္စည်းတည်း။

ထိနနတာ ဖြင့် ထိန်၌ ယု ပစ္စည်း၏ ဘာဝသာဓနအနက်၌ သက်သည်၏အဖြစ်ကို လည်းကောင်း၊[1] ထိယနံ ထိနံ ဟု ဘာဝသာဓနဝစနတ္ထပြုရမည်၏အဖြစ်ကိုလည်းကောင်း[2] သိစေပါသည်။ ၁။ ဒု ပစ္စယတ္ထ။ ၂။ အဘိဓာနတ္ထ။

အနုသာဟသံဟနနတာ-ဖြင့် ထိန သဒ္ဒါသည် အားထုတ်ခြင်းကင်းသည်၏ အဖြစ်ဖြင့် တွန့်သည်၏အဖြစ်ဟူသောအနက်ကို ဟောသတည်းဟုသိစေပါသည်။ (သာဓိပ္ပါယနာမလိင်္ဂတ္ထ)။

ထိ သဃာတေ ထိယတီတိ ထိနံ။

ထိ ဓာတ်+ တ ပစ္စည်း၊ တကို နပြု။ (နိရုတ္တိဒီပနီ၊ နှာ၊၅၀၀)

မေဓတီတိ မိဒ္ဓံ၊ အကမ္မညဘာဝေန ဝိဟိံသတီတိ အတ္ထော။ (အဘိ၊ ဋ္ဌ၊ ၄၀၉)။

မေဓ ဟိံသာယံ သင်္ဂမနေ စ။ (နိတိဓာတု၊ ၁၀၉-၃၆၇)

မေဓ၌ ဓကို ဒ္ဓဝိပရိတ်ပြုသည်၊

(အဋ္ဌသာလိနီအဋ္ဌကထာနိသျ၊ တတိယအုပ်၊ အမှာ၊ နှာ၊ ၄၁၂)

မိဟတိ ဝါ အသာမတ္ထိယံ ယာတီတိ မိဒ္ဓံ။ မိဟ အသာမတ္ထိယေ တော။ (ယောဇနာ၊၁၃၆)။

မိဒ္ဓံကား မိဓ ဓာတ်+ တ ပစ္စည်း။

(တနည်း) မိဟ ဓာတ်+ တ ပစ္စည်းတည်း။

အသမတ္ထတာ ဝိဃာတဝသေန အကမ္မညတာ မိဒ္ဓံ၊ ယသ္မာ တတော ဇဝ တေန သမ္ပယုတ္တဓမ္မာ မေဓိတာ ဝိဟတသာမတ္ထိယာ ဟောန္တိ၊ တသ္မာ မိဒ္ဓနတာ မိဒ္ဓန္တိ ဝုတ္တံ။ (ဝိသုဒ္ဓိမဂ်၊ ဋီကာ၊ ၁၂၈)

မိဓ မိဇ္ဈနေ၊ မိဇ္ဈတီတိ မိဒ္ဓံ၊ မိဒ္ဓေါ၊ ကပိမိဒ္ဓေါ။ (နိရုတ္တိဒီပနီ၊ ၄၉၀)

မိဒ္ဓနတာ ဖြင့် မိဒ္ဓံ ၌ တပစ္စည်း၏ ဘာဝသာဓနနဲ့သက်သည်၏အဖြစ်ကိုလည်းကောင်း၊[1] မိဒ္ဓနံ မိဒ္ဓံ ဟု ဘာဝသာဓနဝစနတ္ထပြုရမည်၏အဖြစ်ကိုလည်းကောင်း[2] သိစေပါသည်။

၁။ ဒု ပစ္စယတ္ထ။ ၂။ အဘိဓာနတ္ထ။

http://www.dhammadownload.com



မှတ်ချက်။ မိဓ မိဗ္ဗုနေ ဟူသော ဓာတ်ကျမ်းများကိုထောက်လျှင် မိဗ္ဗုနပုဒ်မှ သန္ဓိအံ့စီအရင်ဖြင့် မိဒ္ဓန ဖြစ်လာပုံရသည်။

မိဒ္ဓနတာ ပုဒ်၌ –

၁။ မိဒ္ဓ အရ မိဒ္ဓစေတသိက်ရ၏။

၂။ မိဒ္ဓန အရ သမ္ပယုတ္တဓမ္မရ၏။ (တေန သမ္ပယုတ္တဓမ္မာ ဟူသော ဋီကာကိုထောက်)

၃။ မိဒ္ဓနတာ အရ မိဒ္ဓစေတသိက်ပြန်ရ၏။

အသတ္တိဝိဃာတော ဖြင့် မိဒ္ဓသဒ္ဒါသည် သတ္တိကင်းသည်ဖြစ်၍ ပင်ပန်းခြင်းအနက်ကို ဟောသတည်းဟု သိစေပါသည်။ (နာမလိင်္ဂတ္ထ)

ထိနဥ္စ-မိဒ္ဓဥ္စ-ဖြင့် ထိနမိဒ္ဓံ ပုဒ်ကို ထိနဥ္စ တံ မိဒ္ဓဥ္စာတိ ထိနမိဒ္ဓံ ဟု ကမ္မဓာရည်းသမာသ်ဝစနတ္ထ–ငင်း၊ (တနည်း) ထိနသ မိဒ္ဓံ ထိနမိဒ္ဓံ ဟုတပ္ပုရိသ်သမာသ်ဝစနတ္ထ–ငင်း၊ ထိနမိဒ္ဓံ ယဿာတိ ဟု ဗဟုဗ္ဗိဟိသမာသ်ဝစနတ္ထ–ငင်း မပြုရ၊ (ဇှတိရေက အာဘော်)၊ ထိနဥ္စ မိဒ္ဓဥ္စ ထိနမိဒ္ဓံ ဟုဒွန်သမာသ်ဝစနတ္ထပြုရမည်ဟု သိစေပါသည်။ (အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ)

နတ္ထိ ဥဿာဟသံဟနနံ အဿာတိ အနုဿာဟသံဟနနံ။

အနုဿာဟသံဟနနဿ ဘာဝေါ အနုဿာဟသံဟနနတာ။(ယောဇနာ)

အသတ္တိ စ ဝိဃာတော စ အသတ္တိဝိဃာတော။

ဝိနောဒန= ဝိပုဗ္ဗ နုဒ ဓာတ်+ ယု ပစ္စည်း။ (နုဒ ခေပေ ဟုဓာတ်ကျမ်း ရှိသည်)

သံသီဒန = သံပုဗ္ဗ သီဒ ဓာတ်+ ယု ပစ္စည်း။

ဩဟနန = အဝ ဟန ဓာတ်+ ယု ပစ္စည်း။

လီန = လီန ဓာတ်+ အ ပစ္စည်း။

အက္ခိဒလာဒီနံ ပစလာဘာဝံ ကရောတီတိ ပစလာယိကာ။(ဘိ၊ ဋ္ဌ၊ ၄၀၉)

အက္ခိဒလာဒီနံ ပစလာဘာဝေန အယနံ ပဝတ္တနံ ပစလာယိကာ။

✝ ပပုဗ္ဗော စလ ကမ္ပနေ, ဏ္ဍ ဂတိယံ ဏျ အကော အဿ ဏ္ဍ။(ယောဇနာ၊ ၁၃၇)

ပစလနံ ပစလော (လှုပ်ခြင်း)

အယနံ ပဝတ္တနံ အာယိကာ၊ ဏ္ဍဓာတ်+ ဏျပစ္စည်း အကပြု။ ဏ္ဍ ကို ဧပြု၊ ဧကို အယပြု၊ အကို ဏ္ဍပြု၊ အာယိက ဖြစ်၏။

ပစလေန အာယိကာ ပစလာယိကာ။ (တတိယတပ္ပုရိသ်)

အနက်ပေး။ ပစလေန၊ မျက်တောင်တို့၏ တလှုပ်လှုပ်၏အဖြစ်ဖြင့် (ဝါ) မျက်တောင်တို့၏ လှုပ်ခြင်းဖြင့်။ အာယိကာ၊ ဖြစ်ခြင်းတည်း။

http://www.dhammadownload.com



မှတ်ချက်။ ဘာသာဋီကာ၌ တစ်မျိုးကြံထားသေးသည်။

အဘိ၊ ဋ္ဌ၊ ၁၀၉၊ အင်္ဂုဒ္ဒလာဒီနံ ပစလဘာဝံ ကရောတီတိ ပစလာယိကာ-၌ အာဘော်ကို အောက်ပါအတိုင်း သိလေ။

ပစလဘာဝံဖြင့် ပစလ ပုဒ်ကို ဖွင့်သည်၊ ပစလနံ ပစလော-ဟုဘာဝသာဓ်ကြံပါ၊ အာယိကာ ပုဒ်ကို အယတိ ကရောတီတိ အာယိကာ ဟု ဝိဂ္ဂဟပြု။ (ရုပ်ပြီးပုံကို ရှေးကရေးခဲ့ပြီ)၊ ပစလံ အာယိကာ ပစလာယိကာ ဟု ဒုတိယာ တပ္ပုရိသ်တွဲ။

နိဒ္ဒါယတေ နိဒ္ဒါ (အိပ်ခြင်း) နိပုဗ္ဗော ဒါ သုပနေ အပစ္စယော။ (ယောဇနာ)

ပစလာယိကာ နိဒ္ဒါ ပစလာယိကာနိဒ္ဒါ။

† ပစလာယိကာနိဒ္ဒံ ပစ္စုပဋ္ဌာပေတီတိ ပစလာယိကာနိဒ္ဒါပစ္စုပဋ္ဌာနံ။ (ယောဇနာ)

---

(က) နဝမံ ဆသု (ပ) ဥပ္ပဇ္ဇတိ။(ခ) တဿ (ပ) တာဝ။ (ဂ) ဒုဋ္ဌုမနော။ (ဃ) ဟီနဝေဒနတ္တာ ဝါ (ပ) ဒုမ္မနော။ (င) ဒုမ္မနဿ ဘာဝေါ ဒေါမနဿံ။ (စ) တေန သဟဂတန္တိ ဒေါမနဿသဟဂတံ။ (အဘိ၊ ဋ္ဌ၊ ၂၉၈)

ဂ, ဃ, င, စ ဝါကျတို့ကား ဝိတ္ထာရဝါကျ။

ထို-၌ ခ ဝါကျကား သင်္ခေပဝါကျ (ပါဒကဝါကျ)။

တဿ (ပ) ဒေါမနဿသဟဂတံ တိုင်အောင်သောဝါကျတို့ကား ဝိတ္ထာရဝါကျ၊ ထို-၌ က ဝါကျကား သင်္ခေပဝါကျ။

## ဂ-စသောဝါကျများသို့ ကျမ်းတက်ပုံ

ဆရာသည် ကဝါကျဖြင့် ၉-ခုမြောက်သောစိတ်သည် ၆-ပါးကုန်သော အာရုံတို့၌ ဖြစ်သောဒေါမနဿရှိသည်ဖြစ်၍ ဒေါသကိုဖြစ်စေသောသူအား ဖြစ်သောဟုဆိုတော်မူ၏။ ၉-ခုမြောက်စိတ်ဖြစ်ရာ၌ဖြစ်သော ဒေါမနဿသဟဂတ ပဋိဃသမ္ပယုတ္တပုဒ်တို့၏ ဝစနတ္ထအကျယ်ကို မပြပြီလော။ ယင်းဒေါမနဿ-သဟဂတ ပဋိဃသမ္ပယုတ္တပုဒ်တို့၏ ဝစနတ္ထအကျယ်ကား အဘယ်နည်း ဤသို့- ကြောင့် (ဂ) စသောဝါကျတို့ကိုမိန့်။

ဒုဋ္ဌုမနော ဖြင့် ဒုမ္မနော ၌ ဒု-ဥပသာရ၏ ဒုဋ္ဌုအနက်ကိုဟောသည်၏ အဖြစ်ကို လည်းကောင်း၊[၁] ဒုမ္မနော ပုဒ်ကို ဒုဋ္ဌု မနော ဒုမ္မနော-ဟု ပါဒိပုဗ္ဗပဒ ကမ္မဓာရည်းသမာသ်ဝစနတ္ထ ပြုရမည်၏အဖြစ်ကိုလည်းကောင်း၊[၂] ဒု မနော ဟူလိုလျက် မ-အာဂုံ၏အဖြစ်ကိုလည်းကောင်း[၃] သိစေပါသည်။ ၁။ ဥပသဂ္ဂလိင်္ဂတ္ထ။ ၂။ အဘိဓာနတ္ထ၊သမာသလိင်္ဂပဒတ္ထ။ ၃။ဘာဝတ္ထ။

ကုစ္ဆိတံ မနော ဖြင့် ဒုမ္မနော ၌ ဒု-ဥပသာရ၏ ကုစ္ဆိတအနက်ကိုဟော သည်၏အဖြစ်ကို လည်းကောင်း၊[၁] ဒုမ္မနော ပုဒ်ကို ကုစ္ဆိတံ မနော ဒုမ္မနော ဟု ပါဒိပုဗ္ဗပဒကမ္မဓာရည်းသမာသ်ဝစနတ္ထ

http://www.dhammadownload.com



ပြုရမည်၏အဖြစ်ကိုလည်းကောင်း၊[၂] ဒုမနော ဟူလိုလျက် မ အာဂုံ၏အဖြစ်ကိုလည်းကောင်း[၃] သိစေပါသည်။ ၁။ ဥပသဂ္ဂလိင်္ဂတ္ထ။ ၂။ အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ။ ၃။ဘာဝတ္ထ။

မှတ်ချက်။ ဥပသာရပုဒ်ရှေးရှိသဖြင့် အဗျယီဘောသမာသ်လျဉ်းပါး ပါလေ၊ ဒု-သဒ္ဒါအနက်များထည့်၍ လျဉ်းပါးပါ၊ မနသ ဒု ဒုမ္မနော-ဟု ဗျတိရေကလုန်၍ ထည့်ပါ။

ဝါ-ဟူသောပါဠ်ဖြင့် ဒုမ္မနော-၌ ဒု-သဒ္ဒါသည် ဒုဋ္ဌအနက်မှတပါး ကုစ္ဆိတအနက်ကို ဟောသတည်း ဟုသိစေပါသည်။ (ဘာဝတ္ထ)

## ဝါ သဒ္ဒါထားပုံ

ဒုမ္မနော ၌ ဒု ဥပသာရပုဒ်၏ ဒုဋ္ဌအနက်မှတပါး ကုစ္ဆိတအနက်ကိုလဲ လှယ်ပြလိုသော ကြောင့် ဝါ သဒ္ဒါထားရပါသည်။

ဟီနဝေဒနတ္တာ ဖြင့် စက်ဆုပ်အပ်သောစိတ်ဟူသည် ယုတ်သော ဝေဒနာရှိသည်၏ အဖြစ်ကြောင့်တည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

ဒုမ္မနဿ ဘာဝေါ ဖြင့် ဒေါမနဿံ ပုဒ်ကို ဒုမ္မနဿ ဘာဝေါ ဒေါမနဿံ ဟု ဘာဝတဒ္ဓိတ် ဝစနတ္ထပြုရမည်၏အဖြစ်ကိုလည်းကောင်း၊[၁] ဏျ ပစ္စည်း၏ ဘာဝတဒ္ဓိတ် အနက်၌ သက်သည်၏ အဖြစ်ကိုလည်းကောင်း[၂] သိစေပါသည်။ ၁။ အဘိဓာနတ္ထ။ ၂။ ပစ္စယတ္ထ။

## သောမနဿ ရုပ်ပြီးပုံ

သုမနဿ ဘာဝေါ သောမနဿံ (ပ) ဧတ္ထ သကာရာဂမော၊ (ရူပသိဒ္ဓိ)

သုမန ပုဒ်+ ဏျပစ္စည်း၊ ဏအနုဗန်ချေ၊ သ-လာ (သျ ဖြစ်)၊ သျကို သပြု၊ သဒွေဘော်လာ၊ သောမနဿ ပြီး၏။ (ဒေါမနဿ ကိုလည်း ဤနည်းကို မှီ၍တွက်)။

တေန သဟဂတံ-ဖြင့် ဒေါမနဿသဟဂတံ-ကို ဒေါမနဿေန သဟဂတံ ဒေါမနဿသဟဂတံ ဟု တတိယာတပ္ပုရိသ်သမာသ်ဝစနတ္ထပြုရမည်ဟု သိစေပါသည်။

ပဋိဟညတိ-ဖြင့် ပဋိဃံ ၌ ပဋိပုဗ္ဗဟနဓာတ်၏အဖြစ်ကိုငင်း၊[၁] ရပစ္စည်း၏ကတ္တုသာဓနတ္ထ၌ သက်သည်၏အဖြစ်ကိုငင်း၊[၂] ပဋိဟညတီတိ ပဋိဃံ-ဟု ကတ္တုသာဓနဝစနတ္ထပြုရမည်၏ အဖြစ်ကိုငင်း[၃] သိစေပါသည်။ ၁။ ဒု-ဓာတုပဒ။ ၂။ ဒု-ပစ္စယတ္ထ။ ၃။ အဘိဓာနတ္ထ။

အသမ္ပိယာယနဘာဝေန အာရမ္မဏသ္မိံ ဖြင့် ဘာဝတ္ထအာဘော် ဖော်ပြလေ။ တေန သမ္ပယုတ္တံ ဖြင့် ပဋိဃေန သမ္ပယုတ္တံ ပဋိဃသမ္ပယုတ္တံ ဟု ပြသည်။

ဒုဋ္ဌု မနော ဟူသောဝိကပ်, ကုစ္ဆိတံ မနော ဟူသောဝိကပ်အရ- ဒုမ္မန အရကား ဒေါသစိတ် ရ၏။ ဒုမ္မနဿ ဘာဝေါ ဒေါမနဿံ-ဟုဘောစီးလိုက်သောအခါ ဒေါမနဿဝေဒနာရသည်။ ဒေါမနဿေန သဟဂတံ ဒေါမနဿသဟဂတံ-ဟု သမာသ်တွဲလိုက်သောအခါ ဒေါသစိတ် ပြန်ရသည်။

http://www.dhammadownload.com



**မေး။** ဒေါမနဿသဟဂတံ ၌ ဒေါမနဿ အရတရားက သဟဂတံ-အရတရားအား အဘယ်မျိုး, အဘယ်ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုပါသနည်း။

**ဖြေ။** ဒေါမနဿ အရ ဒေါမနဿဝေဒနာပစ္စည်းတရားက သဟဂတံ-အရ ဒေါသမူစိတ်ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ပြိုင်= သဟဇာတကြီး ၄၊ အညမည၊ သမ္ပယုတ္တ၊ ဣန္ဒြိယ (ဤ ၇ ပစ္စည်းတည်း)။

ဗျာပဇ္ဇတိ တေန ဖြင့် ဗျာပါဒေါ ကို ဗျာပဇ္ဇတိ တေနာတိ ဗျာပါဒေါ-ဟု ကရဏသာဓနဝိစနတ္တပြုရမည်၏အဖြစ်ကိုလည်းကောင်း၊[၁] ဏပစ္စည်း၏ ကရဏသာဓနအနက်၌ သက်သည်၏အဖြစ်ကိုလည်းကောင်း[၂] သိစေပါသည်။ ၁။ အဘိဓာနတ္ထ။ ၂။ ဒု ပစ္စယတ္ထ။

ပကတိဘာဝံ ဥပဂစ္ဆတိ-ဖြင့် ဖောက်ပြန်ခြင်းသို့ရောက်တတ်၏ဟူသည် ပုပ်သည်၏ အဖြစ်သို့ ကပ်ရောက်ခြင်းပင်တည်းဟုသိစေပါသည်။ (ဘာဝတ္ထ)။

စိတ္တံ-ဖြင့် ဖောက်ပြန်ခြင်းသို့ရောက်၏ဟူသည် စိတ်သည်ဖောက်ပြန်ခြင်းသို့ ရောက်သတည်းဟုသိစေပါသည်။ (ဘာဝတ္ထ)။

ဗျာပါဒယတိ-ဖြင့် ဗျာပါဒေါ ပုဒ်ကို ဗျာပါဒယတီတိ ဗျာပါဒေါ-ဟု ဟေတုကတ္တုသာဓနဝိစနတ္တပြုရမည်၏အဖြစ်ကိုလည်းကောင်း၊[၁] ဏ ပစ္စည်း ၏ဟေတုကတ္တု သာဓနအနက်၌ သက်သည်၏အဖြစ်ကိုလည်းကောင်း[၂] သိစေပါသည်။ ၁။ အဘိဓာနတ္ထ။ ၂။ ဒု-ပစ္စယတ္ထ။

ဝိနယာစာရ (ပ) သုခါဒီနိ ဖြင့် ဖောက်ပြန်ပျက်စီးခြင်းသို့ရောက်စေတတ်၏ဟူသည် ဝိနည်း (ပ) စီးပွားချမ်းသာစသည်တို့ကို ဖောက်ပြန်ပျက်စီးခြင်းသို့ ရောက်စေ တတ်သတည်း ဟု သိစေပါသည်။ (ဘာဝတ္ထ)

## ဝါသဒ္ဒါထားပုံ

ဗျာပါဒ-သဒ္ဒါ၏ကရဏသာဓနဝိစနတ္တအကြောင်းသကတ်မှတပါး ဟေတုကတ္တုသာဓနတ္ထ အကြောင်းသကတ်တစ်မျိုးကို လဲလှယ်ပြလိုသောကြောင့် ဝါသဒ္ဒါ ထားရပါသည်။

**မှတ်ချက်။** ပြည်နိသျှ၌ ဗျာပါဒယတိ ဖျက်ဆီးတတ်၏ဟုအနက်ပေးသည်။ ဖျက်ဆီးတတ်၏ ဟူသည် ပျက်စီးစေတတ်၏ ဟုအဓိပ္ပါယ်ရသည်။ ချက်၏ဟူ သည် ကျက်စေ၏ ဟုဆိုသကဲ့သို့တည်း။ "ပထမကွေ့ရာ၊ ကာရိုက်ပါ၊ ဒုမှာ ၄င်းပျောက်" ဟူသောနိယံနှင့် အညီတည်း။

အတ္တတော ပနေသ ဒေါသောယေဝ ဖြင့် ဗျာပါဒ အရ ဒေါသကိုယူရမည်ဟု သိစေပါသည်။ (အဘိဓေယျတ္ထ)

ဣဿာ= ဣသု+ အ+ ဣတ္ထိ အာ။

ဣဿတီတိ ဣဿယတိ။ ဣဿ ဣဿာယံ။ (ယောဇနာ၊ ၁၃၈)

http://www.dhammadownload.com



## မစ္ဆရိယံ ယောဇနာဖွင့်ပုံ

မစ္ဆေရဿ ဘာဝေါ မစ္ဆေရဘာဝေါတိပိ အတ္ထိ။

ဇဝံ သတိ စ္ဆရပစ္စယော့ဝ ဝိသေသော၊ အထ ဝါ မသတိ မစ္ဆရိယတီတိ မစ္ဆရံ။ မသု မစ္ဆရေ၊ မစ္ဆရံ ဧတဿာတိ မစ္ဆရော၊ ပုဂ္ဂလော။ သဒ္ဓါဒိတော ဏာတိဏော။ မစ္ဆရဿ ဘာဝေါ မစ္ဆရိယံ၊ ဏျတ္တတာ ဘာဝေတူတိ တုသဒ္ဒေန ဏ္ဍယော။ (ယောဇနာ၊ ၁၃၈)

ရူပသိဒ္ဓိ(၃၈၇)၌ မစ္ဆရဿ ဘာဝေါ မစ္ဆရိယံ (ပ) ဧတသု ဝုဒ္ဓိတိအာဒိနာ ယမှိ ဏ္ဍကာရာဂမော။ (အာလသိယံ, ဏ္ဍသရိယံ ပုဒ်တို့၌လည်း နည်းတူမှတ်)

မစ္ဆေရဘာဝေါ-ဖြင့် မစ္ဆရိယံပုဒ်ကို မစ္ဆေရဿ ဘာဝေါ မစ္ဆရိယံ-ဟု ဘာဝတဒ္ဓိတ် ဝစနတ္ထပြုရမည်၏အဖြစ်ကိုလည်းကောင်း၊¹ ယောဇနာအလို-ဏ္ဍယပစ္စည်း, ရူပသိဒ္ဓိအလို-ဏျပစ္စည်း၏ ဘာဝတဒ္ဓိတ်အနက်၌ သက်သည်၏အဖြစ်ကိုလည်းကောင်း² သိစေပါသည်။

၁။ အဘိဓာနတ္ထ။ ၂။ ပစ္စယတ္ထ။

## ကုက္ကုစ္စ

ကရဏာဿ အရစနာကာရေန ပဋိကူဋ္ဌံ ကဋတိ တိတ္တဘာဝေန ဂစ္ဆတိ ပဝတ္တတီတိ ကုက္ကုကော။ ရဿော။ ကဋ္ဌ ဂတိယံ ဏွု၊ ဉတ္တံ။ အဋ္ဌနံ ပဝတ္တနံ အဋ္ဌကံ၊ အဋ္ဌ ဂတိယံ ဏွု၊ ဉတ္တံ။ ကုက္ကုကာကာရေန ကုက္ကုကသဒ္ဒိသေန အဋ္ဌကံ အဿာတိ ကုက္ကုစ္စကံ။ တဿ ဘာဝေါ ကုက္ကုစ္စတာ၊ သဒိသာကာရော။ ကုက္ကုစ္စတာယ ပစ္စုပဋ္ဌာနံ ကုက္ကုစ္စပစ္စုပဋ္ဌာနံ။ (ယောဇနာ၊ ၁၃၈)

ကုက္ကုကာကာရတိ ကုက္ကုစ္စတာ။ (မူလဋီ၊ ၁၂၁)

---

(က) ကောဒဿမံ (ပ) ဥပ္ပဇ္ဇတိ။ (ခ) တဿ (ပ) အပုဗ္ဗံ။ (ဂ) တဿတ္တော (ပ) ဝိစိကိစ္ဆာ သမ္ဘဝတ္တံ။ (ဃ) ဓမ္မဒ္ဒေသေ (ပ) ဝိသေသော။ (င) တတ္ထ (ပ) ဝိစိကိစ္ဆာ။(စ) သဘာဝံ ဝါ (ပ) ဝိစိကိစ္ဆာ။ (၌၊ ၃၀၀)

## ခ-ဝါကျ · ကျမ်းတက်

ဆရာ-သည် ကဝါကျဖြင့် ၁၁ ခုမြောက်သောအကုသိုလ်စိတ်သည် အာရုံ ၆-ပါးတို့၌ ဝေဒနာ၏အစွမ်းဖြင့် လျစ်လျူသဘောရှိသောသူအား ယုံမှားခြင်း၏ဖြစ်ရာအခါ၌ဖြစ်သော ဟုဆိုတော်မူ၏။ ထိုဝိစိကိစ္ဆာ၏ သမယဝဝတ္ထာန-၌ ဝိစိကိစ္ဆာ သမ္ဘယုတ္တံ-ဟူသောပုဒ်သည် ရှေး၌ဟောအပ်ပြီးသောပုဒ် ဖြစ်ပါသလော။ အဘယ်သို့မှတ်သားရပါမည် နည်း။ ဤသို့- ကြောင့် ခ-မိန့်။

ခ ဝါကျာရမ္ဘ၊ ထို-၍ က အာရဒ္ဓ။

ဂ ပက္ခန္တရ၊ ထို-၍ ခ ပက္ခ။

http://www.dhammadownload.com



## ဝိစိကိစ္ဆာ ဟောတီတိ ပဒမေဝ ၌

၁။ ဝိစိကိစ္ဆာ ဟောတိ–သည် ဂဟေတဗ္ဗတ္ထ၊

၂။ ဖဿော ဟောတိ, ဝေဒနာ ဟောတိ စသည်ကား နိဝတ္တေတဗ္ဗတ္ထ။

## ဃ ဝါကျ ပုစ္ဆာတက်

ဆရာ–သည် ဂ ဝါကျဖြင့် ဝိစိကိစ္ဆာ သမ္ပယုတ္တံပုဒ်ကို ဝိစိကိစ္ဆာယ သမ္ပယုတ္တံ ဝိစိကိစ္ဆာသမ္ပယုတ္တံ–ဟုတတိယာတပ္ပုရိသ်သမာသ်ဝစနတ္ထပြုရမည် ဟုဆိုတော်မူ၏။ ဓမ္မုဒ္ဒေသ–၌ ဖဿော ဟောတိ, ဝေဒနာ ဟောတိ စသောပုဒ်များသည် ထူးသောပုဒ်များဖြစ်ပါသလော၊ အဘယ်ပုဒ်သည်သာလျှင် ထူးသောပုဒ်ဖြစ်ပါသနည်း။ ဤသို့– ကြောင့် ဃ မိန့်။ (ဤကား ဂ ဝါကျကို ဥပနာထား၍ တက်ခြင်းတည်း)။

ဃ–ဝါကျ၌ ဓမ္မုဒ္ဒေသ ဟူသောအာစာရကို ရှု၍ ပါဠိတော်ကို ဥပနာထားကာ ကျမ်းတက်ခြင်းက သာ၍ကောင်းသည်၊ အောက်ပါအတိုင်း ကျမ်းတက်လေ။

## ဃ ဝါကျ လီနတ္ထရစောဒနာတက်

ဆရာ မြတ်စွာဘုရားသည် ဖဿော ဟောတိ, ဝေဒနာ ဟောတိ, သညာ ဟောတိ, စေတနာ ဟောတိ စသော ဓမ္မုဒ္ဒေသကို ဟောတော်မူ၏။ ယင်းဓမ္မုဒ္ဒေသ၌ အဘယ်ပုဒ်သည် ထူးပါသနည်း၊ ဖဿော ဟောတိ, ဝေဒနာ ဟောတိ, သညာ ဟောတိ–စသောပုဒ်သည် ထူးပါသလော။ ဤသို့– ကြောင့် ဃ မိန့်။

ဃ–ပက္ခန္တရ၊ ထို–၍ ဂ–ပက္ခ။ တစ်နည်း ဃ–ဝါကျာရမ္ဘ၊ ထို–၍ ဂ– အာရဒ္ဓ။ င, စ ဝိတ္ထာရ၊ ထို–၍ ဃ–သင်္ခေပ။

✝ ဝိဂတာ ဝိစိကိစ္ဆာတိ နိဿက္ကတ္တေ ပစ္စတ္တဝစနံ ဝိဂတာ ဝိစိကိစ္ဆာယာတိ အတ္ထော။ (ယောဇနာ၊ ၁၃၉)

စ–ပက္ခန္တရ၊ ထို–၍ င–ပက္ခ။

✝ သဘာဝံ ဝါ ဝိစိကိစ္ဆာတိ ကရဏသာဓနပထမာတပ္ပုရိသော။ (ယောဇနာ၊ ၁၃၉)

✝ ကိစ္ဆတိ ကိလမတိ တေနာယာတိ ကိစ္ဆာ။ ဝိစိနာတီတိ ဝိစိနန္တော။ ဝိစိနန္တဿ ကိစ္ဆာ ဝိစိကိစ္ဆာ။ (မင်းကင်းဂဏ္ဌိ၊ ၆၀၆)

ဂ–ဝါကျဖြင့် တတိယာတပ္ပုရိသ်သမာသ်ပြသည်။

ဝိဂတာ စိကိစ္ဆာ–ဖြင့် ဝိစိကိစ္ဆာပုဒ်ကို ဝိဂတာ စိကိစ္ဆာတိ ဝိစိကိစ္ဆာ–ဟူဝိသေသန ပဟုနိပါတ ပဥ္စမီတပ္ပုရိသ်သမာသ်ဝစနတ္ထပြုရမည်၏အဖြစ်ကိုလည်းကောင်း၊[၁] ဝိဉပသာရပုဒ်၏ ဝိဂတအနက်ကို ဟောသည်၏အဖြစ်ကိုလည်းကောင်း၊[၂] သိစေပါသည်။

၁။ အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ။ ၂။ ဥပသဂ္ဂလိင်္ဂတ္ထ။

http://www.dhammadownload.com



တောယ ကိစ္စတိ-ဖြင့် ကိစ္စတိ တောယာတိ ကိစ္စာ ဟုပြသည်။

ဝိစိနန္တော-ဖြင့် ဝိစိနန္တကိစ္ဆာ ဟူလိုလျက် နန္တ ပုဒ်ကျေသတည်းဟုပြသည်။

ဝိစိနန္တော တာယ ကိစ္စတိ- ဖြင့် ဝိစိကိစ္ဆာ ပုဒ်ကို ကိစ္စတိ တောယာတိ ကိစ္စာ ဟု ကရဏသာဓနေဝစနတ္ထပြုရမည်၏အဖြစ်ကိုလည်းကောင်း၊[၁] အပစ္စည်း၏ ကရဏသာဓနေအနက်၌ သက်သည်၏အဖြစ်ကိုလည်းကောင်း၊[၂] ဝိစိနန္တသ ကိစ္ဆာ ဝိစိကိစ္ဆာ ဟုဆဋ္ဌီ တပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်၏အဖြစ်ကိုလည်းကောင်း၊[၃] ဝိစိနန္တကိစ္ဆာ ဟူလိုလျက် ဝဏ္ဏနာသနိရုတ္တိနည်းဖြင့် နန္တသဒ္ဒါချေ၍ ဝိစိကိစ္ဆာ ဟုရုပ်ပြီးသည်၏အဖြစ်ကို လည်းကောင်း[၄] သိစေပါသည်။

၁။ အဘိဓာနတ္ထ။ ၂။ ဒု ပစ္စယတ္ထ။ ၃။ အဘိဓာနတ္ထ, သမာသလိင်္ဂပဒတ္ထ။ ၄။ ဘာဝတ္ထ။

### ဝါသဒ္ဒါ ထားပုံ

ဉာဏ်တည်းဟူသော ကုစားခြင်းမှကင်းခြင်းတည်းဟူသော ပဉ္စမီတပ္ပုရိသ် သမာသ် ဝစနတ္ထအနက်အကြောင်းမှတပါး သဘာဝကိုစူးစမ်းဆင်ခြင်သောသူ၏ ပင်ပန်းကြောင်းဟူသော ကရဏသာဓန ဆဋ္ဌီတပ္ပုရိသ်သမာသ် အနက်အကြောင်းတစ်မျိုးကို လဲလှယ်ပြလိုသောကြောင့် ဝါသဒ္ဒါ ထားရပါသည်။

ကိလမတိ-ဖြင့် ကိစ္စတိ ၌ ကိတဓာတ်သည် ရောဂါပနယနအနက်ကို မဟော၊ ကိလမနအနက်ကို ဟောသတည်းဟု သိစေပါသည်။ (ဓာတွတ္ထ)

ကိစ္ဆတိ ကိလမတိ အရကား စူးစမ်းဆင်ခြင်သောပုဂ္ဂိုလ်၏ ဒုက္ခဝေဒနာ သမ္ဗန္ဓယုတ္တရ၏၊ တောယ-အရကား ဝိစိကိစ္ဆာ ရ၏၊ ပကတူပသတ္တိ ဖြင့် ကျေးဇူးပြုသည်။

ပြိုင်နိုင်သောပစ္စယသတ္တိကား မရှိ။

---

(က) စေတော ဝိက္ခိပတိတိ စေတသော ဝိက္ခေပေါ။ (ခ) ဘန္တတ္တံ စိတ္တဿာတိ စိတ္တဿ ဘန္တဘာဝေါ။ (ဂ) ဘန္တယာန ဘန္တဂေါဏာဒီနိဝိယ။ (ဃ) ဣမိနာ ကောရမ္မဏာသို့ယေ၀ ဝိပ္ပန္ဒနံ ကထိတံ။ (င) ဥဒ္ဓစ္စဉ္စ် ကော- ရမ္မဏေ ဝိပ္ပန္ဒတိ။ ဝိစိကိစ္ဆာ နာနာရမ္မဏေ။ (စ) သေသံ သဗ္ဗဝါရေသု ဟေဋ္ဌာ ဝုတ္တနယေနေဝ ဝေဒိတဗ္ဗံ။ ဋ၊ ၁၀၂။

### (၁) အနက်ယောဇနာ

(က) စေတော-စိတ်ကို၊ ဝိက္ခိပတိ-အထူးထူးသောအာရုံ၌ ပစ်ချတတ်၏။ ဣတိ-ကြောင့်၊ စေတောဝိက္ခေပေါ- စေတောဝိက္ခေပမည်၏။

မှတ်ချက်။ ပြည်သျှ၌ စေတသော-စိတ်ကို၊ ဝိက္ခေပေါ-အထူးထူးသောအာရုံ၌ ပစ်ချတတ်သောတရား-ဟု စေတသောနှင့် ဝိက္ခေပေါကို ဝါကျ (တစ်ပုဒ်စီ) ကြံ၍ အနက်ပေးသည်။ ယောဇနာ-၁၃၉-၌ စေတသော ဝိက္ခေပေါတိ အလုတ္တသမာသော-ဟုဆိုသည်။ ယောဇနာသို့လိုက်၍ ဤအဖြေ၌ အနက်ယောဇနာသည်။ သမာသ်, ဝါကျ အနက်ပေးပုံကို မှတ်ရာ၏။

(ဃ) ဝါကျ၌ ဥဒ္ဓစ္စသ-ဟု ဝိပ္ပန္ဒနံပုဒ်၏ သမ္ဗန်ကို ထည့်ပါ။

http://www.dhammadownload.com



## (၂) (၃) ဝါကျခွဲ ကျမ်းတက်

ခ–ဝါကျ ပက္ခန္တရ။ ထို–၍ က–ဝါကျ ပက္ခ။

ဂ–ဝါကျ ဥပမာနဝါကျ။ ဝါ–ယုတ္တိဒဠှီကရဏဝါကျ။ ထို–၍ ခ–ဝါကျ ဥပမေယျဝါကျ။ ဝါ– ယုတ္တိဒဠှီယဝါကျ။

### ကျမ်းတက်မှတ်ဖွယ်

ဆရာ၊ ဆရာသည် ခ–ဝါကျဖြင့် စိတ်တုန်လှုပ်သည်၏အဖြစ်ဟုဆိုတော်မူ၏။ ထိုသို့သာဆိုချေသော် စိတ်၏တုန်လှုပ်သည်၏အဖြစ်၌ နှိုင်းခိုင်း စရာ ဥပမာမရှိဟူသော အနက်သည် ရောက်ရာ၏။ –စသည့် တက်လေ။

ဃ–ဝါကျ ဝါကျာရမ္ဘဝါကျ။ ထို–၍ ခ–ဝါကျ အာရဒ္ဓဝါကျ။

### ဃ–ဝါကျ ကျမ်းတက်

ဆရာ၊ ဆရာသည် ခ–ဝါကျဖြင့် ဘန္တတ္တံ စိတ္တဿ–ကို ဖွင့်ဆိုတော် မူ၏။ ဤဘန္တတ္တံ စိတ္တဿ–ဖြင့် အဘယ်ကိုဆိုပါသနည်း၊ (ဣမိနာ ကိံ ကထိတံ) စသည် ထပနာတိကတက်။ ပါပနာဒိတက်လိုလျှင်– ထိုသို့သာဆိုချေသော် ဤဘန္တတ္တံ စိတ္တဿဖြင့် ဆိုအပ်သော အနက်မရှိဟူသောအနက်သည် ရောက်ရာ၏–စသည် တက်လေ။

င–ဝါကျကား– ယုတ္တိဒဠှီကရဏဝါကျ။ ထို–၍ ဝိစိကိစ္ဆာအဖွင့်–ဥဒ္ဓစ္စအဖွင့်သည် ယုတ္တိဒဠှီယဝါကျ။

မှတ်ချက်။ ယောဇနာ– ၁၃၉–၌ "ဟိ သဒ္ဒေါ ဝိတ္ထာရော"ဟု ဆိုသည်။ ဝိစိကိစ္ဆာ, ဥဒ္ဓစ္စအထူးအကျယ်ကို င–ဝါကျဖြင့် ဖွင့်သည်ဟု ယောဇနာ ဆိုလိုသည်။

စ–ဝါကျ။ အတိဒေသသံဝဏ္ဏနာဝါကျ။ ဝါ– ဝါကျာရမ္ဘဝါကျ။ ထို–၍ က–စသောဝါကျ အာရဒ္ဓဝါကျ။

---

## (၄) ဝိဂ္ဂဟစသည်

ဥဒ္ဓတ။ ဥဒ္ဓံ ဥဒ္ဓံ ဟနတိ ဂစ္ဆတီတိ ဥဒ္ဓတော။ စိတ်ရ။

ရုပ်ပြီးပုံ။ ဥ ပုဗ္ဗ+ဟနဓာတ်+တ ပစ္စည်း၊ ဟန–ကို ခ–ပြု၊ အသရူပဒွေဘော် ဒ–လာ၊ ဥဒ္ဓတ ပြီ။

✝ ဟန ဟိံသာဂတီသု၊ တော၊ ဟနဿ ခော၊ အသရူပ ဒွိတ္တံ။ စိတ္တံ။ သူစိ။

ဥဒ္ဓစ္စ။ ဥဒ္ဓတဿ ဘာဝေါ ဥဒ္ဓစ္စံ။ သူစိ။

ဥဒ္ဓတဿ– ပျံ့လွင့်သောစိတ်၏၊ ဘာဝေါ–ဖြစ်ကြောင်းတည်း။ ဥဒ္ဓစ္စံ– ပျံ့လွင့်သောစိတ်၏ ဖြစ်ကြောင်း။ ဥဒ္ဓတပုဒ်+ဏျပစ္စည်း။ အကျိုး+အကြောင်း, နိဿယ+နိဿိတစပ်။ သမ္ဗန္ဓ ဗျူပ္ပတ္တိနိမိတ်။ ဘန္တ။ ဘမုဓာတ်+တ ပစ္စည်း။

http://www.dhammadownload.com



## (၆) အာဘော် သံဝဏ္ဏနာ

ဥဒ္ဒစ္စန္တိ ဥဒ္ဒတာကာရော-၌ ဥဒ္ဒတာကာရော-ဖြင့် ဥဒ္ဒစ္စံ ပုဒ်ကို ဥဒ္ဒတဿ ဘာဝေါ ဥဒ္ဒစ္စံ-ဟု ဘာဝတဒ္ဓိတ်ဝစနတ္ထပြုရမည်ကိုင်း၊[၁] ဏျပစ္စည်း၏ ဘာဝတဒ္ဓိတ်၌သက်သည်ကိုင်း[၂] သိစေပါသည်။ ၁။ အဘိဓာနတ္ထ။ ၂။ ပစ္စယတ္ထ။

က-ဝါကျ၌ စေတော-ဖြင့် စေတသော၌ သဝိဘတ် ကမ္မဒ္ဓဆဋ္ဌီအနက်၌ သက်သတည်းဟု သိစေသည်။ (ဝိဘတျတ္ထ)

က-ဝါကျ၌ ဝိက္ခိပတိ-ဖြင့် ဝိက္ခေပေါ-၌ ဝိ ပုဗ္ဗ ခိပဓာတ်၏အဖြစ်ကိုင်း၊[၁] ဏ-ပစ္စည်း၏ ကတ္တုသာဓန၌သက်သည်ကိုင်း၊[၂] ဝိက္ခေပေါပုဒ်ကို ဝိက္ခိပတီတိ ဝိက္ခေပေါ-ဟု ကတ္တုသာဓနဝစနတ္ထ ပြုရမည်ကိုင်း[၃] သိစေသည်။ ၁။ ဒု-ဓာတုပဒ။ ၂။ ဒု-ပစ္စယတ္ထ။ ၃။ အဘိဓာနတ္ထ။

က-ဝါကျ၌ စေတော ဝိက္ခိပတိ-ဟူသော တစ်ဝါကျလုံးဖြင့် စေတသော ဝိက္ခေပေါတိ စေတသောဝိက္ခေပေါ-ဟု အလုတ္တသမာသ် ဝစနတ္ထပြုရမည်ဟု သိစေသည်။

(အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ)

**မှတ်ချက်။** ၁-နံပါတ်အဖြေ ပြန်ကြည့်။

ခ-ဝါကျ၌-စိတ္တဿ ဘန္တဘာဝေါ-ဖြင့် ဘန္တတ္တံ စိတ္တဿ-ဟု သဒ္ဒက္ကမအတိုင်း အနက်မပြန်ရ။ စိတ္တဿ ဘန္တတ္တံ-ဟု အတ္ထက္ကမအတိုင်း အနက်ပြန်ရမည်ကိုင်း၊[၁] ဘန္တတ္တံပုဒ်ကို ဘန္တဿ ဘာဝေါ ဘန္တတ္တံ-ဟု ဘာဝတဒ္ဓိတ်ဝစနတ္ထပြုရမည်ကိုင်း၊[၂] တ္တပစ္စည်း ဘာဝတဒ္ဓိတ်၌ သက်သည်ကိုင်း[၃] သိစေပါသည်။ ၁။ သမ္ဗန္ဓ၊ ဝါ- ဘာဝတ္ထ။ ၂။ အဘိဓာနတ္ထ။ ၃။ ပစ္စယတ္ထ။

## ၇။ ဥပသဂ္ဂနိပါတတ္ထ

ဂ-ဝါကျ။ ဝိယ-ဖြင့် ဥပမာဇောတကနိပါတ်ပုဒ်။

ဃ-ဝါကျ။ ကောရမ္ဗဏာသို့ယေဝ-၌ ဧဝသဒ္ဒါကား အဝဓာရဏတ္ထ။

၁။ တစ်ခုတည်းသောအာရုံသည် ဂဟေတဗ္ဗတ္ထ။

၂။ အထူးထူးသောအာရုံ (နာနာရမ္မဏ) ကား နိဝတ္တေတဗ္ဗတ္ထ။

၃။ တစ်ခုတည်းသောအာရုံ၏ အဖြစ် ဝါ-ကောရမ္မဏာဘာဝသည် အနုညာတတ္ထ။

ဂ-ဝါကျ ဥဒ္ဒစ္စဉ္စ-၌ ဟိ-သဒ္ဒါကား (ပြည်သျှအလို) ယုတ္တိဒဋ္ဌီကရဏ ဇောတက။ (ယောဇနာအလို) ဝိတ္ထာရဇောတကနိပါတ်။

စ-ဝါကျ။ ဝုတ္တနယေနေဝ-၌ ဧဝသဒ္ဒါကား အဝဓာရဏတ္ထနိပါတ်။

၁။ ဆိုအပ်ပြီးသောနည်းသည် ဂဟေတဗ္ဗတ္ထ။

၂။ မဆိုရသေးသောနည်းသည် နိဝတ္တေတဗ္ဗတ္ထ။

၃။ ဆိုအပ်ပြီးသောနည်း၏ ဂုဏ်သည် အနုညာတတ္ထ။

http://www.dhammadownload.com



## သဗ္ဗနာမဝိသယ

ဣမိနာ–၌ ဣမသဒ္ဒါကား– ရှေးဝါကျ၌ရှိသော ဘန္တတ္တံ စိတ္တဿ–ကို စွဲသောကြောင့် ပစ္စက္ခဝိသယ ဣမ။

## သိဒ္ဓိရုပ်

ဥဒ္ဒစ္စဉ်–ဝါကျဖြင့် အသင့်ယုတ္တိကိုပြသောကြောင့် သိဒ္ဓေယျသိဒ္ဓိရသည်။

## ကထိတံ ထားရခြင်း

ဥဒ္ဒစ္စလည်း ပျံ့လွင့်သည်၊ ဝိစိကိစ္ဆာလည်း ပျံ့လွင့်သည်။ ထိုတွင် ဥဒ္ဒစ္စသည် ဝိစိကိစ္ဆာကဲ့သို့ ပျံ့လွင့်သလောဟု ဆိုဘွယ်ရှိ၍ ထိုသို့မဟုတ်၊ တစ်ခုတည်းသောအာရုံ၌သာ ပျံ့လွင့်သည်ဟု စကားလုရ်ပြောလိုသောကြောင့် ကထိတံသဒ္ဒါ ထားရသည်။

✪ သူကလိုင်မှု၊ စကားလု၊ ထားမှု ကထိတာ။

---

## (၈) ကြိယာတန်

ဝိပ္ပန္နတိ–အရ ကတ္တားဟောဖြစ်၍ ဥဒ္ဒစ္စစေတသိက် ရသည်။

၁။ ဥဒ္ဒစသည် ဒဿနတ္တ။

၂။ အယောနိသောမနသိကာရသည် ဒီပကတ္တ။

၃။ တစ်ခုသောအာရုံ၌ တုန်လှုပ်ခြင်းသည် ပကာသနတ္တ။

၄။ အမှတ်မထင်သောအာရုံသည် ဝိဘာဝတ္တ။

၅။ သမာဓိမရခြင်းစသည့် အနိဋ္ဌဖလသည် အနုဘာဝတ္တ။

---

## ၁၀။ ပဋ္ဌာန်းပစ္စည်းပြိုင်

ကောရမ္မဏေ–အရ တစ်ခုတည်းသောအာရုံပစ္စည်းတရားက ဥဒ္ဒစ္စံနှင့် ဝိပ္ပန္နတိ အရ ဥဒ္ဒစ္စ ပစ္စယုပ္ပန်တရားအား အာရမ္မဏမျိုးဖြင့် ကျေးဇူးပြုသည်။

ပြိုင် = အာ, ပု, အတ္ထိ, အဝိဂတ = ၄–ပစ္စည်း။

---

(က) ကတတ္တာတိ ကတကာရဏာ။ (ခ) ဥပစိတတ္တာတိ အာစိတတ္တာ၊ ဝဍ္ဎိတကာရဏာ။ (ဂ) စက္ခုဝိညာဏဿ စက္ခုဿ ဝိညာဏံ။ (ဃ) စက္ခုတော ဝါ ပဝတ္တံ။ (င) စက္ခုသ္မိံ ဝါ နိဿိတံ ဝိညာဏန္တိ စက္ခုဝိညာဏံ။ (စ) ပရတော သောတ–ဝိညာဏာဒီသုပိ ဧသေဝနယော။ ဌ၊ ၃၀၃။

### ၁။ အနက်ယောဇနာ

က–ဝါကျ။ ကတတ္တာ–ဟူသော ဟိတ်ပုဒ်၏သမ္ဗန်ကိုဖော်ပြ၍ အနက်ပေးပါ။

ကာမာဝစရဿ ကုသလဿ ကမ္မဿ– ကာမာဝစရဖြစ်သော ကုသိုလ် ကံ၏။ (သမ္ဗန်) ဝါ– ကုသိုလ်ကံကို၊ ကတတ္တာ ကတကာရဏာ–ပြုအပ်ပြီးသည်၏အဖြစ်ဟူသော အကြောင်းကြောင့်။

http://www.dhammadownload.com



မှတ်ချက်။ ဟိတ်၏သမ္ဘန်ကို ပါဠိတော်လာ ကာမာဝစရဿ -လ- ကမ္မဿ-ကိုပင် ခံလေ။

✪ ဘာဝရှေ့ပုဒ်၊ လာသည်ပုဒ်၊ မယုတ်အရတူ။

## (၂) (၃) ဝါကျခွဲ ကျမ်းတက်

ခ-ဝါကျ ပက္ခန္တရဝါကျ။ ထို-၍ က-ဝါကျ ပက္ခဝါကျ။

ဂ-ဝါကျ ပက္ခန္တရဝါကျ။ ထို-၍ ခ-ဝါကျ ပက္ခဝါကျ။

ဃ-ဝါကျ ပက္ခန္တရဝါကျ။ ထို-၍ ဂ-ဝါကျ ပက္ခဝါကျ။

င-ဝါကျ ပက္ခန္တရဝါကျ။ ထို-၍ ဃ-ဝါကျ ပက္ခဝါကျ။

စ-ဝါကျ အတိဒေသသံဝဏ္ဏနာဝါကျ။ ဝါ- ဝါကျာရမ္ဘဝါကျ။ ထို-၍ ဂ-ဃ-င-ဝါကျ အာရဒ္ဓဝါကျ။

## စ-ဝါကျ ပါပနာဒိကျမ်းတက်

ဆရာ၊ သည် ဂ-ဃ-င-ဝါကျတို့ဖြင့် စက္ခုဝိညာဏ်ပုဒ်၏ ဝဏ္ဏနာကိုဆိုတော်မူ၏။ ထိုသို့သာဆိုချေသော် စက္ခုဝိညာဏ်ပုဒ်၏ ဝဏ္ဏနာသာရှိ၏၊ (၈၀ အာဘော်ဆင်) သောတဝိညာဏ် စသည်တို့၌ကား ဝဏ္ဏနာမရှိဟူသောအနက်ရောက်ရာ၏။ စင်စစ်တမူကား သောတဝိညာဏ် စသည်တို့၌ ဝဏ္ဏနာမရှိသည် မဟုတ်၊ ရှိသည်သာဖြစ်၏။ ယင်းသို့ ရှိသည်သာဖြစ်သင့်သောကြောင့် သောတဝိညာဏ် စသည်တို့၏ ဝဏ္ဏနာကိုလည်း ဆိုသင့်ဆိုတန်၏။ သောတဝိညာဏ်စသည်တို့၏ ဝဏ္ဏနာကို မဆိုဘဲမနေသင့် မနေတန်။ သောတဝိညာဏ်စသည်တို့၏ ဝဏ္ဏနာကို မဆိုချေသော် ဆရာ့အား အဗျာပိတအပရိပုဏ္ဏဒေါသသင့်ရောက်ရာ၏။ သောတဝိညာဏ် စသည်တို့၏ ဝဏ္ဏနာကား အဘယ်နည်း။ ဤသို့-ကြောင့် စ-ဝါကျမိန့်။

အဓိပ္ပါယ်ကား = စ-ဝါကျဖြင့် သောတဝိညာဏ် စသည်တို့၌လည်း စက္ခုဝိညာဏပုဒ်၌ ဆိုအပ်ပြီးသောနည်းကိုသာလျှင် သိအပ်၏ဟု ညွှန်းပြ ဖွင့်ဆို သည်ဖြစ်ရကား သင်တင်တိုင်းသော အဗျာပိတ အပရိပုဏ္ဏဒေါသ ငါ့အား မရောက် ကင်းစင်ပျောက်၏ဟူလိုသော်။

## (၄) ဝိဂ္ဂဟာဒိ

စက္ခု = စက္ခတိ အဿာဒေတိ ရူပန္တိ စက္ခု။ စက္ခတိ ပဿတီတိ စက္ခု။

စက္ခဓာတ်+ ဥပစ္စည်း၊ နပုံလိင်၊ ရတ္တာဒိဂိုဏ်း။

ဝိညာဏံ = ဝိဇာနာတီတိ ဝိညာဏံ။ ဠ၊ ၁၈၅။

✝ ယု၊ ဝိ ပုဗ္ဗော ဉာဝဗောဓနေ။ သူစိ။

ကတ = ကရီယိတ္ထာတိ ကတံ။ ကာမာဝစရကုသိုလ်ကံရ၏။

ဥပစိတ = ဥပစိယိတ္ထာတိ ဥပစိတံ။ ၎င်းရ၏။

http://www.dhammadownload.com



## (၆) အာဘော် သံဝဏ္ဏနာ

က-ဝါကျ။ ကတကာရဏာ-ဖြင့် ကတတ္တပုဒ်ကို ကတဿ ဘာဝေါ ကတတ္တံ-ဟု ဘာဝတဒ္ဓိတ်ဝစနတ္ထပြုရမည်ကိုင်း၊[၁] တ္တပစ္စည်း ဘာဝတဒ္ဓိတ်၌ သက်သည်ကိုင်း၊[၂] ကတတ္တ-အရ ပြုအပ်ပြီးသည်၏အဖြစ်ဟူသောအကြောင်းကို ယူရမည်ကိုင်း[၃] သိစေသည်။

၁။ အဘိဓာနတ္ထ။ ၂။ ပစ္စယတ္ထ။ ၃။ အဘိဓေယျတ္ထ။

ခ-ဝါကျ။ အာစိတတ္တာ-ဖြင့် ဥပစိတတ္တာ-၌ ဥပ ဥပသာရသည် ဓာတွတ္ထာနုဝတ္တက တည်းဟု သိစေသည်။ (ဥပသဂ်လိင်္ဂတ္ထ)

ခ-ဝါကျ။ ဝဍ္ဎိတကာရဏာ-ဖြင့် အာစိတတ္တာ၌ အာ ပုဗ္ဗ+စိဓာတ်၏ ဝဍ္ဎနအနက်ဟော သည်ကိုင်း၊[၁] ဥပစိတတ္တပုဒ်ကို ဥပစိတဿ ဘာဝေါ ဥပစိတတ္တံ-ဟု ဘာဝတဒ္ဓိတ်ဝစနတ္ထပြုရ မည်ကိုင်း၊[၂] တ္တပစ္စည်း ဘာဝတဒ္ဓိတ်၌ သက်သည်ကိုင်း၊[၃] ဥပစိတအရ- ဆည်းပူးအပ်ပြီးသည်၏ အဖြစ်ဟူသော အကြောင်းကိုယူရမည်ကိုင်း[၄] သိစေသည်။

၁။ ဒု-ပစ္စယတ္ထ။ ၂၊ အဘိဓာနတ္ထ။ ၃။ ပစ္စယတ္ထ။ ၄။ အဘိဓေယျတ္ထ။

ဂ-ဝါကျ။ ကာရဏဘူတဿ-ဖြင့် စက္ခုကား ဝိညာဏ၏အကြောင်းတည်းဟု သိစေသည်။ (ဘာဝတ္ထ)

ဂ-ဝါကျ။ စက္ခုဿဝိညာဏံ-ဖြင့် စက္ခုဝိညာဏပုဒ်ကို စက္ခုဿ ဝိညာဏံ စက္ခုဝိညာဏံ-ဟု ဆဋ္ဌီတပ္ပုရိသ်သမာသ်ဝစနတ္ထပြုရမည်ဟု သိစေသည်။ (အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ)

အနက်ပေး။ စက္ခုဝိညာဏံ- အကြောင်းဖြစ်သောစက္ခု၏ဝိညာဏ်။

ဃ-ဝါကျ။ ဝါ-သဒ္ဒါဖြင့် နယန္တရကို သိစေသည်။ (ဘာဝတ္ထ)

ဃ-ဝါကျ။ စက္ခုတော ဝိညာဏံ-ဖြင့် စက္ခုဝိညာဏပုဒ်ကို စက္ခုတော ပဝတ္တံ ဝိညာဏံ စက္ခုဝိညာဏံ-ဟု ပဉ္စမီတပ္ပုရိသ်သမာသ်ဝစနတ္ထပြုရမည်ဟု သိစေသည်။

(အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ)

အနက်ပေး။ စက္ခုဝိညာဏံ- အကြောင်းဖြစ်သော စက္ခုမှဖြစ်သော ဝိညာဏ်။

င-ဝါကျ။ ဝါ-သဒ္ဒါဖြင့် နယန္တရကို သိစေသည်။ (ဘာဝတ္ထ)

င-ဝါကျ။ စက္ခုသ္မိံ နိဿိတံ ဝိညာဏံ-ဖြင့် စက္ခုဝိညာဏပုဒ်ကို စက္ခုသ္မိံ နိဿိတံ ဝိညာဏံ စက္ခုဝိညာဏံ-ဟု မဇ္ဈေလောပီသတ္တမီတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်ဟု သိစေသည်။

(အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ)

အနက်ပေး။ စက္ခုဝိညာဏံ- အကြောင်းဖြစ်သောစက္ခု၌ မှီသော ဝိညာဏ်။

### ဝါ-သဒ္ဒါလဲပုံ

ဃ-ဝါကျ။ စက္ခုဝိညာဏပုဒ်၏ အကြောင်းဖြစ်သော စက္ခု၏ဝိညာဏ်ဟူသော ဆဋ္ဌီတပ္ပုရိသ်သမာသ်ဝစနတ္ထအကြောင်းသကတ်မှ အကြောင်းဖြစ်သော စက္ခုမှဖြစ်သော

http://www.dhammadownload.com



ဝိညာဏ်ဟူသော ပဋ္ဌမိတပ္ပုရိသ်သမာသ်ဝစနတ္ထအကြောင်း သကတ်တစ်မျိုးကို လဲလှယ်ပြလိုသော ကြောင့် ဝါ–သဒ္ဒါ ထားရသည်။

င–ဝါကျ။ စက္ခုဝိညာဏပုဒ်၏ အကြောင်းဖြစ်သော စက္ခုမှဖြစ်သော ဝိညာဏ်ဟူသော ပဋ္ဌမိတပ္ပုရိသ်သမာသ်ဝစနတ္ထအကြောင်းသကတ်မှ အကြောင်းဖြစ်သော စက္ခု၌မှီသောသော ဝိညာဏ်ဟူသော မဇ္ဈေလောပီသတ္တမီ တပ္ပုရိသ်သမာသ်ဝစနတ္ထ အကြောင်းသကတ်တစ်မျိုးကို လဲလှယ်ပြလိုသော ကြောင့် ဝါ–သဒ္ဒါ ထားရသည်။

## (၇) ဥပသဂ္ဂနိပါတတ္ထ

ဃ–ဝါကျ။ င–ဝါကျ၌ ဝါ–သဒ္ဒါကား နယန္တရဇောတကနိပါတ်။

စ–ဝါကျ။ သောတဝိညာဏာဒီသုပိ–၌ ပိ (အပိ) သဒ္ဒါကား– သမုစ္စယ ဇောတကနိပါတ်။

### စ–ဝါကျ ပိ (အပိ) သဒ္ဒါ ဆည်းပုံ

စက္ခုဝိညာဏပုဒ်၌သာ စက္ခုသ္မ ဝိညာဏံ စက္ခုဝိညာဏံ, စက္ခုတော ပဝတ္တံ, စက္ခုသ္မိံ နိဿကံ စက္ခုဝိညာဏံ–ဟူသောနည်းကို မှတ်အပ်သည် မဟုတ်သေး၊ သောတဝိညာဏ်–စသောပုဒ်တို့၌လည်း ဤနည်းကိုသာလျှင် မှတ်အပ်၏ဟု ဆည်းပါသည်။

## ၈။ ကြိယာငါးတန်

ကတတ္တာ–၌ ကတ–အရ တရားကိုယူ၍ ထုတ်ပုံ

၁။ ကာမာဝစရကုသိုလ်ကံသည် ဒဿနတ္ထ။

၂။ ယောနိသောမနသိကာရသည် ဒီပကတ္ထ။

၃။ ကြိယာမနောဓာတ်သည် ပကာသနတ္ထ။

၄။ ပဋိရူပဒေသစသည် ဝိဘာဝတ္ထ။

၅။ ကုသလဝိပါက်စက္ခုဝိညာဏ်သည် အနုဘာဝတ္ထ။

မှတ်ချက်။ ကာမာဝစရသ –ပ– စက္ခုဝိညာဏံ ဥပ္ပန္နံ–ကို ရှု၍ ထုတ်သည်။

## (၁၀) ပစ္စည်းပြိုင်

မေး။ စက္ခုဝိညာဏံ–၌ စက္ခုပစ္စည်းတရားက ဝိညာဏအရ စက္ခုဝိညာဏ်အား အဘယ်မျိုး အဘယ်ပစ္စယသတ္တိဖြင့် ကျေးဇူးပြုပါသနည်း။

ဖြေ။ စက္ခုပစ္စည်းတရားက စက္ခုဝိညာဏ်ပစ္စယုပ္ပန်တရားအား ဝတ္ထုပုရေဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ပြိုင် = နိဿယ, ပုရေဇာတ, ဣန္ဒြိယ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ– ၇–ပစ္စည်း။

http://www.dhammadownload.com



(က) စတုတ္ထဗလနိဒ္ဒေသေ,အညာတာဝိဂ္ဂြယန္တိ အညာတာဝိနော (၁)-စတူသု သစ္စေသု နိဋ္ဌိတညာဏကိစ္စာသ ဣန္ဒြိယံ။

( ခ) အညာတာဝီနံ (၂)-ဝါ စတူသု သစ္စေသု နိဋ္ဌိတကိစ္စာနံ စတ္တာရိ သစ္စာနိ ဉတွာ ပဋိဝိဇ္ဈိတွာ ဌိတာနံ ဓမ္မာနံ အဗ္ဘန္တရေ ဣန္ဒဋ္ဌသာဓနေန ဣန္ဒြိယံ။ ဋ္ဌ၊ ၃၃၀။

## က-မှ ၁-ဝါကျသို့ ကျမ်းတက်

ဆရာ၊ သည် က-ဝါကျ၌ အညတာဝိနော-ဟု ဆိုတော်မူ၏။ ထိုသို့သာဆိုချေသော် အညတာဝိနောပုဒ်၏အနက် အကျယ်မရှိဟူသောအနက်ရောက်ရာ၏။ စင်စစ်တမူကား အညာတာဝိနောပုဒ်၏အနက် အကျယ်မရှိ သည်မဟုတ်၊ ရှိသည်သာ ဖြစ်၏-စသည် ကျမ်းတက်လေ။

✝ အညတာဝိနောတိ ပဒဿ အတ္ထံ ဝိဝရန္တော အာဟ။

စတူသု -ပ- ကိစ္စဿာတိ။ ယော၊ ၁၄၈။

ခ-ဝါကျကား ပက္ခန္တရဝါကျ။ ထို-၍ က-ဝါကျကား ပက္ခဝါကျ။

ဒေါသပယ်။ အဗျာပိတ အပရိပုဏ္ဏဒေါသပယ်ပါသည်။

## ဝါသဒ္ဒါလဲ့ပုံ

က-ဝါကျ အညတာဝီအရ လေးပါးသောသစ္စာတို့၌ ပြီးပြီးသောဉာဏ် ကိစ္စရှိသော ရဟန္တာ ပုဂ္ဂိုလ်ဟူသော အဘိဓေယျတ္ထ၊ ဝိတ္ထာရတ္ထ။ အညာတာဝီပုဒ်နှင့် ဣန္ဒြိယပုဒ်ကို ဧကဝုစ်ဆဋ္ဌီတပ္ပုရိသ်သမာသ်ဝစနတ္ထအကြောင်းသကတ်မှတစ်ပါး အညတာဝီအရ လေးပါးသောသစ္စာတို့၌ ပြီးပြီးသောကိစ္စရှိကုန်သော သမ္ပယုတ်တရား ဟူသော အဘိဓေယျတ္ထ ဝိတ္ထာရတ္ထ။ အညာတာဝီပုဒ်နှင့် ဣန္ဒြိယပုဒ်ကို ဗဟုဝုစ် ဆဋ္ဌီတပ္ပုရိသ်သမာသ်ဝစနတ္ထအကြောင်းသကတ်ကို လဲလှယ်ပြလိုသော ကြောင့် ဝါသဒ္ဒါထားပါသည်။

## ခ-ဝါကျမှ ၂-ဝါကျသို့ ကျမ်းတက်

ဆရာ၊ သည် ခ-ဝါကျ၌ အညာတာဝိနော-ဟု ဆိုတော်မူ၏။ ထိုသို့သာဆိုချေသော် အညတာဝိနောပုဒ်၏အနက် အကျယ်မရှိဟူသော အနက် ရောက်ရာ၏-စသည် က-၁-ဝါကျအတိုင်း တက်လေ။

✝ အညတာဝီနန္တိ ပဒဿ အတ္ထံ ဝိဝရန္တော အာဟ စတူသု-ပ- ဓမ္မာနန္တိ အာဟ။ ယောဇနာ၊ ၁၄၈။

---

## ၄။ ဝိဂ္ဂဟာဒိ

နိဋ္ဌိတညာဏကိစ္စ။ နိဋ္ဌိတံ ဉာဏကိစ္စံ ယဿ ပုဂ္ဂလဿ သော နိဋ္ဌိတညာဏကိစ္စော။ ယောဇနာ၊ ၁၄၈။

http://www.dhammadownload.com



ယဿ ပုဂ္ဂလဿ၊ အကြင်ရဟန္တာပုဂ္ဂိုလ်အား။ နိဋ္ဌိတံ၊ ပြီးပြီးသော။ ဉာဏကိစ္စံ၊ ဉာဏ်ကိစ္စသည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ကြောင့်။ သော ပုဂ္ဂလော၊ ထိုရဟန္တာပုဂ္ဂိုလ်သည်။ နိဋ္ဌိတဉာဏကိစ္စော၊ နိဋ္ဌိတဉာဏကိစ္စမည်၏။ ကိစ္စ, ကိစ္စဝန္တ၊ ဂုဏ်, ဂုဏေးစပ်။

အညာတာဝီ။ အာ သော်တာပတ္တိမဂ္ဂေန ဓာနိတဗ္ဗံ မရိယာဒံ အနတိက္ကမိတွာ စတ္တာရိ သစ္စာနိ ဇနိယိတ္ထာတိ အညာတာဝီ။ အာပုဗ္ဗ+ညာဓာတ်+ တာဝီပစ္စည်း။

မှတ်ချက်။ က–ဝါကျ ပုဂ္ဂိုလ်ရသော အညတာဝီပုဒ်၏ဝိဂ္ဂဟ။ သမ္ပယုတ် တရားတို့ ရအောင်– အာ –ပ– ဓာနိယိံသူတိ အညတာဝိနော–ဟု ဗဟုဝုစ်ဝစနထ္တပြု။

## ၅။ ဓာတုပစ္စယာဒိ

အညတာဝီ။ ကိတ်နာမ်ပုဒ်၊ ဤကာရန္တ၊ ပုံလိင်၊ ရတ္တာဒိဂိုဏ်း။ က–ဝါကျ ဆဋ္ဌီဧကဝုစ်၊ ခ–ဝါကျသည် ဗဟုဝုစ်။

နိဋ္ဌာ။ နိပုဗ္ဗ+ဋ္ဌာဓာတ်+က္ဂပစ္စည်း။

✝ နိ ပုဗ္ဗ ဌာ ဂတိ နိဝုတ္တိယံ၊ ကွိ။ သူစိ။

✝ နိဋ္ဌာ နိပ္ဖတ္တိယံ ထဝါ၊ ဝသာနသ္မိံ မဒသနေ။ ဓာန်၊ ၉၁၃။

ဣတ။ ဣဓာတ်+တပစ္စည်း။

နိဋ္ဌိတ။ နိဋ္ဌ ဣတံ ဂတံ ပတ္တံ နိဋ္ဌိတံ။ နိဋ္ဌံ၊ ပြီးဆုံးခြင်းသို့၊ ဣတံ ဂတံ ပတ္တံ၊ ရောက်သည်တည်း။ ဒုတိယာ တပ္ပုရိသ်သမာသ်။ ဉာဏကိစ္စံ–စပ်။ နပုလ္လိင်။

## ၆။ အာဘော် သံဝဏ္ဏနာ

က–ဝါကျ။ အညာတာဝိနော ဣန္ဒြိယံ–ဖြင့် အညာတာဝိန္ဒြိယံပုဒ်ကို အညာတာဝိနော ဣန္ဒြိယံ အညာတာဝိန္ဒြိယံဟု ဆဋ္ဌီတပ္ပုရိသ်သမာသ်ဝစနတ္ထပြုရမည်ဟု သိစေသည်။

(အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ)

ဝ–ဝါကျဖြင့်။ အညာတာဝီအရ လေးပါးသော သစ္စာတို့၌ ပြီးပြီးသော ဉာဏ်ကိစ္စရှိသော ရဟန္တာပုဂ္ဂိုလ်ကိုယူရမည်ဟု သိစေပါသည်။ (အဘိဓေယျတ္ထ)

ခ–ဝါကျ အညာတာဝီနံ ဣန္ဒြိယံ–ဖြင့် အညာတာဝိန္ဒြိယံပုဒ်ကို အညာတာဝိနော ဣန္ဒြိယံ အညာတာဝိန္ဒြိယံ ဟု ဆဋ္ဌီတပ္ပုရိသ်သမာသ်ဝစနတ္ထပြုရမည်ဟု သိစေပါသည်။

(အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ)

၂–ဝါကျဖြင့် အညာတာဝီ အရ လေးပါးသောသစ္စာတို့၌ ပြီးပြီးသောကိစ္စရှိကုန်သော သမ္ပယုတ်တရားတို့၏ လေးပါးသောသစ္စာတို့ကို ထိုးထွင်း၍ သိပြီး၍တည်ကုန်သော သမ္ပယုတ် တရားတို့ကို ယူရမည်ဟု သိစေပါသည်။ (အဘိဓေယျတ္ထ)

ခ–ဝါကျ ဝါသဒ္ဒါဖြင့် နယန္တရကို သိစေသည်။ (ဘာဝတ္ထ)

မှတ်ချက်။ အကျယ်ကို "ဝါသဒ္ဒါလဲလှယ်ပုံ"ကို ကြည့်ပါ။

http://www.dhammadownload.com



ခ-ဝါကျ ဣန္ဒ္ဒ သာဓနေန-ဖြင့် ဣန္ဒြိယ်၌ ဣန္ဒသဒ္ဒါ ဣန္ဒ္ဒ = ဣန္ဒ သဘာဝအနက်ဟော သည်ကိုငင်း၊[၁] ဒ ကို ဒြပြု ပြီးသည်ကိုငင်း၊[၂] ဣန္ဒြိယ်ပုဒ်ကို ဣန္ဒ သာဓေတီတိ ဣန္ဒြိယံ-ဟု သာဓေတီတဒ္ဓိတ်ဝစနတ္ထပြုရမည်ကိုငင်း၊[၃] ဣယပစ္စည်း သာဓေတီတဒ္ဓိတ်၌ သက်သည်ကိုငင်း[၄] သိစေသည်။ ၁။ နာမလိင်္ဂတ္ထ။ ၂။ ဘာဝတ္ထ။ ၃။ အဘိဓာနတ္ထ။ ၄။ ပစ္စယတ္ထ။

ခ-ဝါကျ။ အဗ္ဘန္တရေ-ဖြင့် အညတာဝိန်ပုဒ်ကို အဗ္ဘန္တရေဟူသော ပါဌသေသ၌ စပ်ရမည်ဟု သိစေပါသည်။ (သမ္ဗန္ဓ၊ ဝါ-ဘာဝတ္ထ)

**အနက်ပေး။** က-၁-နှင့်အညီ = အညတာဝိန္ဒြိယ်- သောတာပတ္တိမဂ်သည် သိအပ်သော အပိုင်းအခြားကို မလွန်မူ၍ လေးပါးသောသစ္စာတို့ကို သိပြီးသော လေးပါးသောသစ္စာတို့၌ ပြီးပြီးသော ဉာဏ်ကိစ္စရှိသော ရဟန္တာပုဂ္ဂိုလ်၏ ဣန္ဒြေ။

ခ-၂-နှင့်အညီ = အညတာဝိန္ဒြိယ်- သောတာပတ္တိမဂ်သည် သိအပ်သော အပိုင်းအခြားကို မလွန်မူ၍ လေးပါးသောသစ္စာတို့ကို သိပြီးသော လေးပါးသော သစ္စာတို့၌ ပြီးပြီးသောကိစ္စရှိကုန်သော လေးပါးသော သစ္စာတို့ကို ထိုးထွင်း၍ သိပြီး၍တည်ကုန်သော သမ္ပယုတ်တရားတို့၏ အတွင်း၌ အစိုးရခြင်းသဘောကို ပြီးစေသော ဣန္ဒြေ။

---

## ၇။ ဥပသဂ္ဂ နိပါတတ္ထ

အညာ-၌ အာ-သဒ္ဒါကား မရိယာဒတ္ထ ဥပသာရပုဒ်။

နိဋ္ဌိတ-၌ နိ-ကား ဓာတွတ္ထဝိသေသက ဥပသာရပုဒ်။

ပဋိဝိဇ္ဈိတွာ-၌ ပဋိကား ဓာတွတ္ထဝိသေသက ဥပသာရပုဒ်။

အဗ္ဘန္တရေ-၌ အဘိကား-ဓာတွတ္ထာနုဝတ္တက ဥပသာရပုဒ်။

† ဓာတွတ္ထာနုဝတ္တကော အဘိ။ သူစိ။

ခ-ဝါကျ၌ ဝါ-သဒ္ဒါကား နယန္တရဇောတကနိပါတ်ပုဒ်။

## ၈။ ကြိယာငါးတန်

က-ဝါကျ။ အညတာဝိနော အရ- ရဟန္တာပုဂ္ဂိုလ်ရ၏။ နိဋ္ဌိတဉာဏကိစ္စအရလည်း ငင်းပင်ရ၏။

ခ-ဝါကျ။ အညတာဝိနံ အရ- သမ္ပယုတ်တရားရ၏။

အညတာဝိန္ဒြိယံ အရ- စတုတ္ထဖလ၊ ဝါ- အရဟတ္တဖိုလ်ရ၏။

## ၁၀။ ပစ္စည်းပြိုင်

၁ နိဋ္ဌိတဉာဏကိစ္စဿ-၌ နိဋ္ဌိတဉာဏကိစ္စဟူသော ဗဟုဗ္ဗီဟိပုဒ် အရကား အရဟတ္တဖိုလ် ရ၏။ နိဋ္ဌိတဉာဏကိစ္စဿ အညပုဒ်အရကား- ရဟန္တာပုဂ္ဂိုလ်ဟူသော ခန္ဓာငါးပါးရ၏။ သဟဇာတမျိုးပြိုင်။

http://www.dhammadownload.com



(က) နိဒ္ဒေသဝါရေ ပိဿ အညာတာဝီနန္တိ အာဇာနိတွာ ဋ္ဌိတာနံ။ (ခ) ဓမ္မာနန္တိ သမ္ပယုတ္တဓမ္မာနံ အဗ္ဘန္တရေ။ (ဂ) အညာတိ အာဇာနနာ။ (ဃ) ပညာပဇာနနာတိအာဒီနိ ဝုတ္တတ္ထာနေဝ။ (င) မဂ္ဂံ မဂ္ဂပရိယာပန္နန္တိ ဖလမဂ္ဂဿ အင်္ဂံ, ဇလမဂ္ဂေစ ပရိယာပန္နန္တိ အတ္ထော။ ဋ္ဌ၊ ၃၃၀။

## (၂) (၃) ဝါကျခွဲ ကျမ်းတက်

ခ-ဝါကျ ပက္ခန္တရဝါကျ။ ထို-၌ က-ဝါကျ ပက္ခဝါကျ။

ဂ-ဝါကျ ပက္ခန္တရဝါကျ။ ထို-၌ ခ-ဝါကျ ပက္ခဝါကျ။

ဃ-ဝါကျ အတိဒေသသံဝဏ္ဏနာဝါကျ။ဝါ- ဝါကျာရမ္ဘဝါကျ။ ထို-၌ ဂ-ဝါကျ အာရဒ္ဓဝါကျ။

င-ဝါကျ ပက္ခန္တရဝါကျ။ ထို-၌ ဃ-ဝါကျ ပက္ခဝါကျ။

မှတ်ချက်။ င-ဝါကျ အတ္ထော-ဖြင့် ဖွင့်သော်လည်း ဝိတ္ထာရမဟုတ်၊ ပက္ခန္တရသာ။

---

## (၆) အာဘောဂ သံဝဏ္ဏနာ

က-ဝါကျ အာဇာနိတွာ-ဖြင့် အညာတာဝီနံ-၌ အသဒ္ဒါကား ပဋိသေဓ အ-မဟုတ်၊ အာ-ဥပသာရ၏အဖြစ်ကိုင်း၊[၁] သံယောဂေ ပရေ ရဿတ္တံ-ပရိဘာသာအရ ည-သံယုတ်ကြောင့် အာ-ကို အ ရဿပြုထားသည်ကိုင်း၊[၂] တာဝီပစ္စည်း၏ ကတ္တုသာဓန၌ သက်သည်ကိုင်း၊[၃] အာဇာနိယိံသူတိ အညတာဝိနော (တေသံ)-ဟု ကတ္တုသာဓနဝစနတ္ထပြုရမည်ကိုင်း[၄] သိစေသည်။

၁။ ဥပသဂ္ဂလိင်္ဂပဒ။ ၂။ ဘာဝတ္ထ။ ၃။ ဒု-ပစ္စယတ္ထ။ ၄။ အဘိဓာနတ္ထ။

က-ဝါကျ ဋ္ဌိတာနံ-ဖြင့် အညတာဝီနံပုဒ်သည် ဝိသေသနပုဒ်တည်းဟု သိစေပါသည်။ (သမ္ဗန္ဓ၊ ဝါ- ဘာဝတ္ထ)

ခ-ဝါကျ သမ္ပယုတ္တဓမ္မာနံ-ဖြင့် ဓမ္မာနံ-၌ ဓမ္မအရ-သမ္ပယုတ္တဓမ္မကို ယူရမည်ဟု သိစေပါသည်။ (သဗ္ဗနာမလိင်္ဂတ္ထ)

ခ-ဝါကျ အဗ္ဘန္တရေ-ဖြင့် ဓမ္မာနံပုဒ်ကို အဗ္ဘန္တရေဟူသော ပါဌသေသ၌ စပ်ရမည်ဟု သိစေပါသည်။ (သမ္ဗန္ဓ၊ ဝါ- ဘာဝတ္ထ)

ဂ-ဝါကျ၌ အာဇာနနာ-ဖြင့် အညာ-၌ အ-သဒ္ဒါသည် ပဋိသေဓ အ-မဟုတ်၊ အာ-ဥပသာရ၏အဖြစ်ကိုင်း၊[၁] သံယောဂေ ပရေ ရဿတ္တံ-ဟူသော ပရိဘာသာအရ ည-သံယုတ်ကြောင့် အာ-ကို အ-ရဿပြုထားသည်ကိုင်း၊[၂] အညာ-၌ အပစ္စည်း၏ ဘာဝသာဓန၌ သက်သည်ကိုင်း၊[၃] အာဇာနနာတိ အညာ-ဟု ဘာဝသာဓန(သပဒ) ဝိဂ္ဂဟပြုရမည်ကိုင်း[၄] သိစေပါသည်။

၁။ ဥပသဂ္ဂလိင်္ဂပဒ။ ၂။ ဘာဝတ္ထ။ ၃။ ဒု-ပစ္စယပဒ။ ၄။ အဘိဓာနတ္ထ။

မှတ်ချက်။ အညာပုဒ်ကို "အာ သောတာပတ္တိမဂ္ဂေန ဇာနိတဗ္ဗမရိယာဒံ အနတိက္ကမိတွာ

http://www.dhammadownload.com



ဓာနာတီတိ အညာ"ဟု အကျယ်ဝိဂ္ဂဟပြုရာ၏။ အာပုဗ္ဗ ဉာဓာတ်၊ အပစ္စည်း၊ ဣတ္ထိလိင်ဇောတက အာ-ပစ္စည်းဖြင့် အညာ ပြီး၏။

✝ အညာ တု အရဟတ္တံ စ။ ဓာန်၊ ၄၃၆။

င-ဝါကျ ဖလမဂ္ဂဿ အင်္ဂ-ဖြင့် မဂ္ဂင်္ဂ-၌ မဂ္ဂအရ ဖိုလ်၌ဖြစ်သောမဂ်ကို ယူရမည်ကိုင်း၊[၁] မဂ္ဂ-နှင့် အင်္ဂ-ကို မဂ္ဂဿ အင်္ဂ မဂ္ဂင်္ဂ-ဟု ဆဋ္ဌီတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်ကိုင်း[၂] သိစေပါသည်။ ၁။ အဘိဓာနတ္ထ။ ၂။ အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ။

မှတ်ချက်။ ဖလမဂ္ဂဿာတိ ဖလေပဝတ္တမဂ္ဂဿ-ဟု ဖွင့်သဖြင့် ဖလေ ပဝတ္တော မဂ္ဂေါ ဖလမဂ္ဂေါ-ဟု မဇ္ဈေလောပီသတ္တမီတပ္ပုရိသ်သမာသ် ဝစနတ္ထပြု။ (ယောဇနာ၊ ၁၄၈)

င-ဝါကျ ဖလေမဂ္ဂေ စ ပရိယာပန္နံ-ဖြင့် မဂ္ဂပရိယာပန္နံ-၌ မဂ္ဂအရ ဖိုလ်၌ ဖြစ်သောမဂ်ကို ယူရမည်ကိုင်း၊[၁] မဂ္ဂနှင့် ပရိယာပန္န-ကို မဂ္ဂေ ပရိယာပန္နံ မဂ္ဂပရိယာပန္နံ-ဟု သတ္တမီတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်ကိုင်း[၂] သိစေပါသည်။ ၁။ အဘိဓာနတ္ထ။ ၂။ အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ။

---

## ၇။ ဥပသဂ္ဂနိပါတတ္ထ

ဝုတ္တတ္တာနေဝ-၌ ဧဝသဒ္ဒါကား အဝဓာရဏတ္ထ။

၁။ ဆိုအပ်ပြီးသောအနက်ရှိသော ပဉာပဓာနနာစသောပုဒ်တို့သည် ဂဟေတဗ္ဗတ္ထ။

၂။ ဆိုအပ်ပြီးသောအနက်မရှိသောပုဒ်တို့သည် နိဝတ္တေတဗ္ဗတ္ထ။

၃။ ဆိုအပ်ပြီးသောအနက်သည် အနုညာတတ္ထ။

မှတ်ချက်။ ပြည်သျှ ဝုတ္တာနေဝ-ဖွင့်အပ်ကုန်ပြီးသည်သာလျှင်တည်း-ဟု ရှိသည်။

---

(က) တတ္ထ ကိရိယာတိ ကရဏမတ္တံ။ (ခ) သဗ္ဗေသုယေဝ ဟိ ကိရိယ-စိတ္တေသု (၁) "ယံ ဇဝနဘာဝံ အပ္ပတ္တံ၊ တံ ဝါတပုပ္ဖံ ဝိယ, (၂) ယံ ဇဝနဘာဝပ္ပတ္တံ၊ တံ ဆိန္နမူလကရုက္ခပုပ္ဖံ ဝိယ အဖလံ ဟောတိ။ (ဂ) တံ တံ ကိစ္စသာဓနဝသေန ပဝတ္တတ္တာ ပန ကရဏမတ္တမေဝ ဟောတိ။ (ဃ) တသ္မာ ကိရိယာ"တိ ဝုတ္တံ။ ဋ၊၃၃၁။

### ၁။ အနက်ယောဇနာ

ဝါတပုပ္ဖံ ဝိယ၊ လေပန်းကဲ့သို့။ (ဝေါဟာရတ္ထ) (မဓုဋီ။) ဝါတပုပ္ဖံ ဝိယ မောဃပုပ္ဖံ ဝိယ၊ သီးကင်းမပါ အချည်းနှီးသာဖြစ်သောပန်းကဲ့သို့။(အဓိပ္ပါယတ္ထ) (မူလဋီ)

✝ ဝါတပုပ္ဖန္တိ မောဃပုပ္ဖံ ဝိယ။ မူလဋီ၊၁၊ ၁၃၇။

✝ မောဃပုပ္ဖန္တိ ဇာတေန ဝါတဿ ပုပ္ဖံ ဝါတတော ဝါ ဇာတံ ပုပ္ဖန္တိ စ အတ္ထံ နိဝတ္တေတိ။ ဝေါဟာရမတ္တမိဒံ ဝါတပုပ္ဖန္တိ။ မဓုဋီ၊ ၂၂၅။

http://www.dhammadownload.com



## ၂။ ၃။ ဝါကျခွဲ ကျမ်းတက်

ခ-ဝါကျ။ ယုတ္တိဒဠှီကရဏဝါကျ။ ထို-၍ က-ဝါကျ။ ယုတ္တိဒဠှီယဝါကျ။

✝ သဗ္ဗေသုယေဝ ဟီတိ အာဒိ ဒဠှီကရဏံ။ ယော၊ ၁၄၈။

### ခ-ဝါကျ ကျမ်းတက်

ဆရာ၊ သည် က-ဝါကျဖြင့် ကိရိယာဟူသည် ထိုထိုကိစ္စကို ပြုခြင်း ပြီးစေခြင်းမျှသာတည်းဟု ဆိုတော်မူ၏။ ထိုသို့သာဆိုချေသော် အသင့်ယုတ္တိ မရှိဟူသောအနက်သည် ရောက်ရာ၏-စသည်တက်လေ။

ခ-ဝါကျတွင် ၁-ဝါကျ- ယံ ဗဝနဘာဝံ အပ္ပတ္တံ၊ တံ ဝါတပုပ္ဖံ ဝိယ အဖလံ ဟောတိ-ကား အနိယတ်၊ နိယတ်ဝါကျ၊ ဝါ-ဥတ္တမဝါကျ။

၂-ဝါကျ- ယံ ဗဝနဘာဝပ္ပတ္တံ၊ တံ ဆိန္နမူလကရုကရုက္ခပုပ္ဖံ ဝိယ အဖလံ ဟောတိ-ကား ပက္ခန္တရဝါကျ။ အနိယတ် နိယတ်ဝါကျ၊ ဝါ- ဥတ္တမဝါကျ။

ထို ၁-ဝါကျတွင် ယံ ဗဝနဘာဝံ အပ္ပတ္တံ၊ တံ အဖလံ ဟောတိ-ကား ဥပမေယျဝါကျ။ ဝါတပုပ္ဖံ ဝိယ အဖလံ ဟောတိ-ကား ဥပမာနဝါကျ။

### ၁-ဝါကျ ဥပမာနန္တောကရ = ဥပမာအတွင်းသွင်းပုံ

ဝါတပုပ္ဖံ အဖလံ (အသီးမရှိသည်) ဟောတိ ဝိယ။ ဧဝံ ယံ ဗဝနဘာဝံ အပ္ပတ္တံ၊ တံ အဖလံ (အကျိုးမရှိသည်)၊ ဟောတိ၊ ၏။

### ၁-ဝါကျ ဥပမာနဗဟိကရဏ = ဥပမာအပြင်ထုတ်ပုံ

ယံ ဗဝနဘာဝံ အပ္ပတ္တံ၊ တံ အဖလံ ဟောတိ၊ ကံ ဝိယ၊ ဝါတပုပ္ဖံ ဝိယ။

### ၂-ဝါကျ ဥပမာနန္တောကရ = ဥပမာအတွင်းသွင်းပုံ

ဆိန္နမူလကရုက္ခပုပ္ဖံ အဖလံ (အသီးမရှိသည်) ဟောတိ ဝိယ။ ဧဝံ ယံ ဗဝနဘာဝပ္ပတ္တံ၊ တံ အဖလံ (အကျိုးမရှိသည်)၊ ဟောတိ။

### ၂-ဝါကျ ဥပမာနဗဟိကရဏ = ဥပမာအပြင်ထုတ်ပုံ

ယံ ဗဝနဘာဝပ္ပတ္တံ၊ တံ အဖလံ ဟောတိ။ ကံ ဝိယ ဆိန္နမူလကရုက္ခပုပ္ဖံ ဝိယ။

**မှတ်ချက်။** ဤသို့ ဝါကျ အစိတ်အစိတ်ခွဲ၍ အနက်ပေးလေ။

ဂ-ဝါကျ ဝါကျာရမ္ဘဝါကျ။ ထို-၍ ခ-ဝါကျကား အာရဒ္ဓဝါကျ။

---

## ၄။ ဝိဂ္ဂဟာဒိ

၁-ဝါကျ။ အဖလံ။ နတ္ထိ ဖလံ ဧတဿ ဝါတပုပ္ဖဿာတိ အဖလံ။ ဧတဿ ဝါတပုပ္ဖဿ၊ အား။ ဖလံ၊ အသီးသည်။ နတ္ထိ၊ မရှိ။ ဣတိ တံ ဝါတပုပ္ဖံ အဖလံ။ (ဥပမာနဘာက်)

http://www.dhammadownload.com



၁-ဝါကျ။ အဖလံ။ နတ္ထိ ဖလံ ဧတဿ ကြိယာစိတ္တဿာတိ အဖလံ။ ဧတဿ ကြိယာစိတ္တဿ၊ ထိုအာဝဇ္ဇန်းဒွေဟူသော ကြိယာစိတ်အား။ ဖလံ၊ အကျိုးသည်။ နတ္ထိ၊ မရှိ။ ဣတိ တံ ကြိယစိတ္တံ အဖလံ။ (ဥပမေယျဘက်)

၂-ဝါကျ။ အဖလံ။ နတ္ထိ ဧတဿ ဆိန္နမူလကရုက္ခပုပ္ဖဿာတိ အဖလံ။ ဧတဿ ဆိန္နမူလကရုက္ခပုပ္ဖဿ၊ အား။ ဖလံ၊ အသီးသည်။ နတ္ထိ၊ မရှိ။ ဣတိ တံ ဧတဿ ဆိန္နမူလကရုက္ခပုပ္ဖံ၊ အဖလံ။ (ဥပမာနဘက်)

၂-ဝါကျ။ အဖလံ။ နတ္ထိ ဧတဿ ကြိယာစိတ္တဿ၊ ထိုအာဝဇ္ဇန်းဒွေမှ တစ်ပါးသော ကြိယာစိတ်အား၊ ဖလံ၊ အကျိုးသည်။ နတ္ထိ၊ မရှိ။ ဣတိ တံ ကြိယာစိတ္တံ အဖလံ။ (ဥပမေယျဘက်)

မှတ်ချက်။ ဥပမာနဘက်၌ အသီးမရှိခြင်း၏ အဘာဝဗောဂဏ်၏ ၁။ ဝါတပုပ္ဖ၊ ၂။ ဆိန္နမူလကရုက္ခပုပ္ဖနှင့် အဘာဝ, အဘာဝဝန္တအဖြစ်ဖြင့် စပ်ခြင်း သမ္ဗန္ဓဗောဂဏ်ကောက်။

ဥပမေယျဘက်၌- အကျိုးမရှိခြင်းအဘာဝဗောဂဏ်၏ ၁။ အာဝဇ္ဇန်း ဒွေးကြိယာစိတ်၊ ၂။ အာဝဇ္ဇန်းဒွေးမှတစ်ပါးသောကြိယာစိတ်နှင့် အဘာဝ, အဘာဝဝန္တအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန္ဓ ဗောဂဏ်ကောက်။

သတိပြုရန်။ မူလဋီကာအဖွင့် ဋီအနက်၊ ပြည်နိသျကိုရှု၍ ညသ်ကောက်ရသည်။ ညသ်ကောက်ကိုရှု၍ ဗျုပ္ပတျာဒိစတုက္ကထုတ်ရာ၏။

ဆိန္နမူလက။ ဆိန္နံ မူလံ ယဿ သော ဆိန္နမူလကော။

ယဿ ရုက္ခဿ၊ အား။ ဆိန္နံ၊ ပြတ်သော၊ မူလံ၊ အမြစ်သည်။ အတ္ထိ၊ ရှိ၏။ ဆိန္နပုဒ်၊ မူလပုဒ်၊ ယ-အညပုဒ်။ သမာသန္တ က-ပစ္စည်း။

ဆိန္နမူလကရုက္ခ။ ဆိန္နမူလကောဝ ရုက္ခော ဆိန္နမူလကရုက္ခော။

---

## ၅။ ဓာတုပစ္စယာဒိ

ဝါတ။ ဝါ-ဓာတ်+တပစ္စည်း။

✝ ဝါယတိ ပုပ္ဖါဒီနံ ဂန္ဓော ယေန သော ဝါတော။ ဝါ ဂမနေ တော။ သူစိ။

ပုပ္ဖ။ ပုပ္ဖဓာတ်+အပစ္စည်း။

✝ ပုပ္ဖ ဝိကာသနေ အ။ ပုပ္ဖတီတိ ပုပ္ဖံ။ သူစိ။

ဝါတပုပ္ဖ။ ဝါတပုဒ်+ပုပ္ဖပုဒ်။ ဝါတော မောဃော ပုပ္ဖံ ဝါတပုပ္ဖံ-ဟု တွဲ။ ၁-နံပါတ်အဖြေကြည့်။

---

## ၆။ အာဘောဂ သံဝဏ္ဏနာ

က-ဝါကျ။ ကရဏံ-ဖြင့် ကိရိယာပုဒ်၏ ကရဓာတ်၏အဖြစ်ကိုင်း၊[၁] ကိရိယာ၌ ရိရိယပစ္စည်း၏ ဘာဝသာဓနေ၌ သက်သည်ကိုင်း၊[၂] ကရဏံ ကိရိယာ-ဟု ဘာဝသာဓနဝစနတ္ထ

http://www.dhammadownload.com



ပြုရမည်ကိုငင်း? သိစေပါသည်။ ၁။ ဒု-ခါတုပဒ။ ၂။ အဘိဓာနတ္ထ။ ၃။ ဒု-ပစ္စယတ္ထ။

က-ဝါကျ။ ကရဏမတ္တမေဝ-ဝယ် မတ္တံ-ဖြင့် ကိရိယာဟူသည် ပြုကာမျှသာ ဖြစ်၏။ အကျိုးကား မပေးဟု အကျိုးကို နစ်စေသတည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

✝ မတ္တသဒ္ဒေန ဖလဒါနံ နိဝတ္တေတိ။ ယော၊ ၁၄၈။

---

## ၇။ ဥပသဂ္ဂ နိပါတတ္ထ

ခ-ဝါကျ ဟိ သဒ္ဒါကား ယုတ္တိဒဠီကရဏဇောတက။

### သဗ္ဗေသုယေဝ-၌ ဧဝ သဒ္ဒါကား အဝဓာရဏတ္ထ။

၁။ အလုံးစုံဟူသော သဗ္ဗဘာဝဂုဏ်သည် ဂဟေတဗ္ဗတ္ထ။

၂။ အစိတ်အဝက်ဟူသော ဧကဒေသဘာဝဂုဏ်သည် နိဝတ္တေတဗ္ဗတ္ထ။

၃။ ကြိယာစိတ်သည် အနညာတတ္ထ။

၁-ဝါကျ၊ ၂-ဝါကျ-တို့၌ ဝိယ သဒ္ဒါ ဥပမာနဇောတက။

ဂ-ဝါကျ ပန-ကား ဝါကျာရမ္ဘဇောတကနိပါတ်။

ကရဏမတ္တမေဝ-၌ မတ္တကား အဝဓာရဏတ္ထ။ ဧဝ-ကား သန္နိဋ္ဌာနတ္ထ။ မတ္တ-ကား က-ဝါကျ မတ္တနှင့် တူပြီ။

✪ မတ္တ ဧဝ၊ နစ်ပါးပြကာ၊ မတ္တမြစ်ကန်၊ ဧဝ သန္နိဋ္ဌာန်။

### သဗ္ဗနာမဝိသယ

ခ-ဝါကျ သဗ္ဗေသု-၌ သဗ္ဗ သဗ္ဗနာမ်ပုဒ်ကား- ကြိယ်စိတ္တေသု-ဟူသော အစွဲတင်းလင်း ရှိသောကြောင့် ပသိဒ္ဓဝိသယ-သဗ္ဗ။

၁-ဝါကျ တံ-ကား ရှေ့ဝါကျရှိ ကြိယစိတ္တံ-ကို စွဲသောကြောင့် ပက္ကန္တဝိသယ-တ။ ၂-ဝါကျ၌ တ-လည်း ဤနည်းတူမှတ်။

ဂ-ဝါကျ တံ တံ-ကား ကိစ္စဟူသော အစွဲတင်းလင်းရှိသောကြောင့် ပသိဒ္ဓဝိသယ-တ။

ဃ-ဝါကျ တသ္မာ-၌ တ-ကား ဟောတိ ကြိယာကိုစွဲသောကြောင့် အနုဘူတဝိယ-တ။

### သိဒ္ဓိရပုံ

ခ-ဝါကျ။ ယုတ္တိဒဠီကရဏဝါကျဖြစ်သဖြင့် သိဒ္ဓေယျသိဒ္ဓိရသည်။

---

(က) စက္ခုစ တံ အာယတနဋ္ဌာတိ စက္ခာယတနံ။ (ခ) ယံ စက္ခု စတုန္နံ မဟာဘူတာနံ ဥပါဒါယ ပသာဒေါတိ ဣဓာပိ ဥပယောဂတ္ထေယေဝ သာမိဝစနံ။ (ဂ) စတ္တာရိ မဟာဘူတာနိ ဥပါဒိယိတွာ ပဝတ္တပသာဒေါတိ အတ္ထော။ (ဃ) ဣမိနာ ပသာဒစက္ခုမေဝ ဂဏှာတိ။ (င) သေသစက္ခုံ ပဋိက္ခိပတိ။ ဋ္ဌ၊ ၃၄၅။

http://www.dhammadownload.com



## ၂။ ၃။ ဝါကျခွဲ ကျမ်းတက်

ခ-ဝါကျ ပက္ခန္တရဝါကျ။ ထို-၌ က-ဝါကျ ပက္ခဝါကျ။

ဂ-ဝါကျ ဝိတ္ထာရဝါကျ။ ထို-၌ ခ-ဝါကျ သင်္ခေပဝါကျ။

ဃ-ဝါကျ ဝါကျာရမ္ဘဝါကျ။ ထို-၌ ခ-ဝါကျ အာရဒ္ဓဝါကျ။

### ဃ-ဝါကျ ကျမ်းတက်

ဆရာ၊ မြတ်စွာဘုရားသည် ယံ စက္ခု-ပ-ပသာဒေါ-ဟု ဟောတော်မူ၏။ ထိုသို့သာဟောတော်မူချေသော် ဤ ယံ စက္ခု-ပ- ပသာဒေါ-ဟူသော ပါဠိဖြင့် သသမ္ဘာရစက္ခုကို ယူရ၏ဟူသောအနက်သည်ရောက်ရာ၏။ (ဗျတိရေက င-ဝါကျကို အနုလောမပါပနာပြု) စင်စစ်တမူကား ယင်းပါဠိဖြင့် သသမ္ဘာရစက္ခုကို မယူရ။ (ပဋိ-ပါ) ယင်းသို့ မယူရသောကြောင့် ဤပါဠိဖြင့် ယူရသော တရားကို ဆိုသင့်ဆိုတန်၏။ (အနု-ရော) ဤပါဠိဖြင့် ယူရသော တရားကို မဆိုဘဲမနေသင့် မနေတန်။ (ပဋိ-ရော) ဤပါဠိဖြင့် ယူရမည့်တရားကား အဘယ်နည်း- ကြောင့် ဃ-ဝါကျမိန့်။

ဒေါသပယ်။ အတိဗျာပိတဒေါသပယ်။ ဤ ဃ-ဝါကျကို မရေးလျှင် ပသာဒအရ- ပသာဒစက္ခု၊ သသမ္ဘာရစက္ခု ၂-မျိုးလုံးကို ယူရမည်လား-ဟု အလွန်ပုံ့နံ့ လျက်ရှိရာ ယင်း ဃ-ဝါကျကိုရေးလိုက်သဖြင့် သသမ္ဘာရစက္ခုကို မယူဘဲ ပသာဒစက္ခု ကိုသာ ယူရတော့သဖြင့် အတိဗျာပိတဒေါသမသင့်ရောက် ကင်းစင်ပျောက်သွားတော့၏။

င-ဝါကျ ဗျတိရေကဝါကျ။ ထို-၌ ဃ-ဝါကျ အန္ဝယဝါကျ။

### င-ဝါကျ ကျမ်းတက်

ဆရာ၊ သည် ဃ-ဝါကျဖြင့် ယံ စက္ခု-ပ-ပသာဒေါဝါကျဖြင့် ပသာဒစက္ခုကိုသာ ယူရမည်ဟု ဆိုတော်မူ၏။ ထိုသို့သာဆိုချေသော် ယင်းပါဠိဖြင့် ပယ်အပ်သောအနက် မရှိဟူသော အနက်ရောက်ရာ၏-စသည်တက်လေ။

မှတ်ချက်။ တစ်နည်း- ဓဝ-ဓဝဖလတက်နည်းလည်း တက်နိုင်သည်။ တက်ပုံကား-

ဆရာ၊ သည် ဃ-ဝါကျဖြင့် ပသာဒစက္ခုမေဝ-၌ ဧဝသဒ္ဒါကို ဆိုတော်မူ၏။ ယင်း ဧဝသဒ္ဒါ၏ ဧဝတ္ထဖလ၊ ဝါ-နိဝတ္တေတဗ္ဗတ္ထကို မပြပြီလော-စသည် ဋ္ဌပနာတိက တက်ပါ။ ပါပနာဒိတက်လိုလျှင် "ထိုသို့သာဆိုချေသော် ယင်း ဧဝသဒ္ဒါ၏ ဧဝတ္ထဖလ၊ ဝါ- နိဝတ္တေတဗ္ဗတ္ထ မရှိဟူသောအနက်ရောက်ရာ၏- စသည် တက်လေ။

---

## ၄။ ဝိဂ္ဂဟာဒိ

ပသာဒ။ ဝိသေသေန သာဒိယတေတိ ပသာဒေါ။ သူစိ။

ဥပယောဂ။ နိဗ္ဗတ္တနိယာဒိကမ္မေန ဥပယုဇ္ဇတီတိ ဥပယောဂေါ။

ဥပယောဂတ္ထ။ ဥပယောဂေါဧဝ အတ္ထော ဥပယောဂတ္ထော။

http://www.dhammadownload.com



## ၆။ အာဘောဂ သံဝဏ္ဏနာ

က–ဝါကျဖြင့် စက္ခာယတနံပုဒ်ကို စက္ခုသြ အာယတနံ စက္ခုသို့ အာယတနံ စသည် ဝစနတ္ထမပြုရ၊ စက္ခုစ တံ အာယတနဉ္စာတိ စက္ခာယတနံ–ဟု ကမ္မဓာရည်း သမာသ်ဝစနတ္ထပြုရမည်ကိုင်း၊[၁] စက္ခု–၌ ဥ–သရကိုချေ၍ ကပ်၍ စက္ခာယတနံ–ဟု ရုပ်ပြီးသည်ကိုင်း[၂] သိစေပါသည်။

၁။ အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ။ ၂၊ သန္ဓိလိင်္ဂပဒ။

ခ–ဝါကျ– သာမိဝစနံ–ဖြင့် စတုန္နံ မဟာဘူတာနံ–၌ နံဝိဘတ်တို့သည် စတုတ္ထီ ဝိဘတ်များမဟုတ်၊ ဆဋ္ဌီဝိဘတ်များတည်းဟု သိစေသည်။ (ဝိဘတ္တိပဒ)

ခ–ဝါကျ ဥပယောဂတ္ထေ–ဖြင့် သာမိဝိဘတ်သည် သာမိအနက် (ဆဋ္ဌီအနက်) ၌ မသက်၊ ကံအနက်၌ သက်သတည်းဟု သိစေပါသည်။ (ဝိဘတျတ္ထ)

ခ–ဝါကျ ဥပယောဂတ္ထေယေဝ–၌ ဧဝသဒ္ဒါဖြင့် ဆဋ္ဌီအနက်ကို နစ်စေသည်။ (ဘာဝတ္ထ)

ဂ–ဝါကျ။ စတ္တာရိ မဟာဘူတာနိ–ဖြင့် စတုန္နံ မဟာဘူတာနံ–ကို စတ္တာရိ မဟာဘူတာနိ–ဟု ကံအနက်သမ္ဗန်ရမည်ဟု သိစေပါသည်။ (ဝိဘတျတ္ထ)

ဂ–ဝါကျ ဥပါဒိယိတွာ–ဖြင့် ဥပါဒါယ–၌ ယ–သဒ္ဒါသည် သ–ဝိဘတ်၏ ကာရိယ၊ အာယသဒ္ဒါ၏ ယ–မဟုတ်၊ တွာပစ္စည်း၏ ကာရိယ ယ–သဒ္ဒါတည်းဟု သိစေပါသည်။ (ဒုတိယပစ္စယပဒ)

ဂ–ဝါကျ ပဝတ္တပသာဒေါ–ဖြင့် ဥပါဒါယ ပသာဒေါ–၌ ပဝတ္တသဒ္ဒါ ကျေသတည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

ဃ–င–ဝါကျဖြင့် စက္ခုအရ သသမ္ဘာရစက္ခုကို မယူရ၊ (ဇျတိရေက) ပသာဒစက္ခုကို ယူရမည်ဟု သိစေပါသည်။ (အဘိဓေယျတ္ထ)

**အနက်ပေး။** ယံ စက္ခု၊ အကြင်စက္ခုပသာဒသည်။ စတုန္နံ မဟာဘူတာနံ၊ လေးပါး ကုန်သော မဟာဘုတ်တို့ကို။ ဥပါဒါယ၊ စွဲ၍မှီ၍။ ပသာဒေါ၊ ဖြစ်သော ပသာဒတည်း။

## ၇။ ဥပသဂ္ဂနိပါတတ္ထ

က–ဝါကျ။ စ–သဒ္ဒါနှစ်ခုကား သမုစ္စယဇောတကနိပါတ်။

ခ–ဝါကျ။ ဣဓာပိ–၌ ပိ(အပိ) သဒ္ဒါ သမုစ္စယဇောတကနိပါတ်။

မှတ်ချက်။ ဤအပိသဒ္ဒါ၏ သမုစ္စေတဗ္ဗ စဉ်းစားဖွယ်ရှိသည်။

ခ–ဝါကျ။ ဥပယောဂတ္ထေယေဝ–၌ ဧဝသဒ္ဒါ အဝဓာရဏတ္ထ။

၁။ ဥပယောဂတ္ထကား ဂဟေတဗ္ဗတ္ထ။ ၂။ သာမျတ္ထကား နိဝတ္တေတဗ္ဗတ္ထ။

၃။ သာမိဝစနံကား အနုညာတတ္ထ။

http://www.dhammadownload.com



(က) ဝဏ္ဏောဝ ဝဏ္ဏနိဘာ။ (ခ) နိဘာတီတိ ဝါ နိဘာ။ (ဂ) စက္ခုဝိညာဏဿ ပါကဋ္ဌော ဟောတီတိ အတ္ထော။ (ဃ) ဝဏ္ဏောဝ နိဘာ ဝဏ္ဏနိဘာ။ (င) သန္ဓိ ဒဿနေန သန္ဒိဒဿနံ။ (စ) စက္ခုဝိညာဏေန ပဿိတဗ္ဗန္တိ အတ္ထော။ ဋ္ဌ၊ ၃၅၄။

## ၁။ အနက်ယောဇနာ

ဂ-ဝါကျ။ အတ္ထော၏ သမ္ဗန်ကား

နိဘာတီတိ ပဒဿ၊ နိဘာတိဟူသောပုဒ်၏။ အတ္ထော၊ အဓိပ္ပါယတ္ထတည်း။ (နိဘာတိပဒဿ-ဟု သမ္ဗန်မခံရ)

ခ-ဝါကျ။ နိဘာတိ၊ တောက်ပတတ်၏။ (သဒ္ဒတ္ထ) ဝါ- စက္ခုဝိညာဏ်အား ထင်ရှား ဖြစ်တတ်၏။

က-ဝါကျနှင့်အညီ - ဝဏ္ဏနိဘာ၊ အဆင်း။

ခ-ဂ-ဃ-ဝါကျနှင့်အညီ- ဝဏ္ဏနိဘာ၊ တောက်ပတတ်သောအဆင်း။ (သဒ္ဒတ္ထ)၊ ဝါ- စက္ခုဝိညာဏ်အား ထင်ရှားဖြစ်တတ်သောအဆင်း။ (အဓိပ္ပါယတ္ထ)

မှတ်ချက်။ ၆-နံပါတ်နှင့် ယှဉ်ကြည့်။

## ၂။ ၃။ ဝါကျခွဲ ကျမ်းတက်

ခ-ဝါကျ ပကတိရဝါကျ။ ထို-၌ က-ဝါကျ ပကတိဝါကျ။

ဂ-ဝါကျ ဝိဂ္ဂဟရဝါကျ။ ထို- ခ-ဝါကျ သခေ်ပဝါကျ။

ဃ-ဝါကျ ပကတိရဝါကျ။ ထို-၌ က-ဝါကျ ပကတိဝါကျ။

## ဃ-ဝါကျ ကျမ်းတက်

ဆရာ၊ သည် က-ဝါကျဖြင့် ဝဏ္ဏနိဘာပုဒ်ကို ဝဏ္ဏောဝ ဝဏ္ဏနိဘာ-ဟု တဗ္ဘာဝဝုတ္တိ ကမ္မဓာရယ်သမာသ်ဝစနတ္ထပြုရသောဟု ဆိုတော်မူ၏။ ထိုသို့သာ ဆိုချေသော် ဝဏ္ဏနိဘာပုဒ်၏ တစ်ပါးသောဝစနတ္ထမရှိဟူသောအနက် ရောက်ရာ၏- စသည်တက်လေ။

## ဝါသဒ္ဒါလဲပုံ

ဝဏ္ဏနိဘာ-၌ နိဘာသဒ္ဒါ အနက်မဲ့၊ ဝဏ္ဏနိဘာပုဒ်၏ တဗ္ဘာဝဝုတ္တိကမ္မဓာရယ် သမာသ်ဝစနတ္ထအကြောင်းသကတ်မှတစ်ပါး နိဘာသဒ္ဒါ တောက်ပခြင်း အနက်ရှိ၊ ဝဏ္ဏနိဘာပုဒ်၏ အဝဓာရဏကမ္မဓာရယ်သမာသ် ဝစနတ္ထအကြောင်းသကတ်တစ်မျိုးကို လဲလှယ်ပြလိုသောကြောင့် ဝါသဒ္ဒါ ထားရပါသည်။

---

## ၄။ ဝိဂ္ဂဟာဒိ

ဝဏ္ဏ။ ဝဏ္ဏေတိ ဝိကာရံ အာပဇ္ဇမာနံ ဟဒယင်္ဂတဘာဝံ ပကာသေတီတိ ဝဏ္ဏော။ ရုပ်။ သူစိ။

http://www.dhammadownload.com



ယံ ရူပံ၊ အကြင်ရုပ်သည်။ ဝိကာရံ၊ ဖောက်ပြန်ခြင်းသို့။ အာပဇ္ဇမာနံ၊ ရောက်လျက်။ ဘဒယင်္ဂတဘာဝံ၊ နလုံးသို့ရောက်သည်၏အဖြစ်ကို။ ဝဏ္ဏေတိ ပကာသေတိ၊ ပြတတ်၏။ ဣတိ ဘံ ဝဏ္ဏော။

**မှတ်ချက်။ ဝဏ္ဏဓာတ်+အပစ္စည်း၊ ပြခြင်းကြိယာသကတ်။**

---

## ၆။ အာဘောဂ သံဝဏ္ဏနာ

က–ဝါကျ။ ဝဏ္ဏောဝ–ဖြင့် ဝဏ္ဏနိဘာပုဒ်ကို ဝဏ္ဏောဝ ဝဏ္ဏနိဘာ–ဟု တဗ္ဘာဝဝုတ္တိ ကမ္မဓာရာယ်သမာသ်ဝစနတ္ထပြုရမည်ကိုင်၊[၁] ဝစနမေဝ ဝနန္တိ–၌ အန္တသဒ္ဒါ အနက်မရှိသကဲ့သို့ ဤဝဏ္ဏနိဘာ၌လည်း နိဘာသဒ္ဒါ အနက်မရှိသည်ကိုင်း[၂] သိစေပါသည်။

၁။ အဘိဓာနဋ္ဌ၊ သမာသလိင်္ဂပဒတ္ထ။ ၂။ ဘာဝတ္ထ။

အနက်ပေပုံ ၁–နံပါတ်ကြည့်။

ခ–ဝါကျ။ ဝါသဒ္ဒါဖြင့် နယန္တရကို သိစေပါသည်။ (ဘာဝတ္ထ)

ခ–ဝါကျ။ နိဘာတိ–ဖြင့် နိဘာ၌ နိပုဗ္ဗ ဘာဓာတ်၏အဖြစ်ကိုင်၊[၁] နိဘာပုဒ်ကို နိဘာတီတိ နိဘာ–ဟု ကတ္တုသာဓနဝစနတ္ထပြုရမည်ကိုင်း၊[၂] အပစ္စည်း ကတ္တုသာဓန၌ သက်သည်ကိုင်း[၃] သိစေပါသည်။ ၁။ ဒု–ဓာတုပဒ။ ၂။ အဘိဓာနဋ္ဌ။ ၃။ ဒု–ပစ္စယတ္ထ။

ဂ–ဝါကျဖြင့် နိဘာတိ– တောက်ပ၏ဟူသည် စက္ခုဝိညာဏ်အား ထင်ရှားဖြစ်သတည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

**မှတ်ချက်။** ဤအတ္ထော–ကား ဘာဝတ္ထ၊အဓိပ္ပါယတ္ထ အတ္ထော–တည်း။

ဃ–ဝါကျ။ ဝဏ္ဏောဝ နိဘာ–ဖြင့် ဝဏ္ဏနိဘာပုဒ်ကို ဝဏ္ဏောဝ နိဘာ ဝဏ္ဏနိဘာ–ဟု အဝဓာရဏကမ္မဓာရာယ်သမာသ်ဝစနတ္ထပြုရမည်ဟု သိစေပါသည်။
(အဘိဓာနဋ္ဌ၊ သမာသလိင်္ဂပဒတ္ထ)

င–ဝါကျ။ သဒ္ဒိ နိဒဿနေန–ဖြင့် သနိဒဿနံ–၌ သ–သဒ္ဒါကား သန္တ သမာနသဒ္ဒါတို့၏ ကာရိယမဟုတ်။ သဟ–သဒ္ဒါ၏ ကာရိယအဖြစ်ကိုင်း၊[၁] ယင်း သဟသဒ္ဒါ သဒ္ဒိအနက်ကို ဟောသည်ကိုင်း၊[၂] သဟ နိဒဿနေန ယံ ဝတ္တတီတိ သနိဒဿနံ–ဟု သဟပုဗ္ဗပဒကမ္မဓာရာယ် သမာသ်ဝစနတ္ထပြုရမည် ကိုင်း[၃] သိစေပါသည်။

၁။ နိပါတလိင်္ဂပဒ။ ၂။ နိပါတလိင်္ဂတ္ထ။ ၃။ အဘိဓာနဋ္ဌ၊ သမာသလိင်္ဂပဒတ္ထ။

ခ–ဝါကျ။ စက္ခုဝိညာဏေန ပဿိတဗ္ဗံ–ဖြင့် သနိဒဿနံ–၌ နိဒဿနံ–ပုဒ်ကို ပဿိတဗ္ဗန္တိ နိဒဿနံ–ဟု ကမ္မသာဓနဝစနတ္ထပြုရမည်ကိုင်း၊[၁] ယု–ပစ္စည်း ကမ္မသာဓန၌ သက်သည်ကိုင်း၊[၂] နိဒဿနပုဒ်၏ ဘာဝပစ္စာန်, ဘာဝလောပပုဒ်၏အဖြစ်ကိုင်း[၃] သိစေပါသည်။

၁။ အဘိဓာနဋ္ဌ။ ၂။ ဒု–ပစ္စယတ္ထ။ ၃။ ဘာဝတ္ထ။ ၄။ ဘာဝတ္ထ။

http://www.dhammadownload.com



## ၇။ ဥပသဂ္ဂ နိပါတတ္ထ

က–ဝါကျ။ ဝဏ္ဏောဝ–၌ ဝေကား အဝဓာရဏတ္ထ။

၁။ အဆင်းရှုပါရုံသည် ဂဟေတဗ္ဗတ္ထ။

၂။ အသံ သဒ္ဒါရုံသည် နိဝတ္တေတဗ္ဗတ္ထ။

၃။ စက္ခုဝိညာဏ်ဖြင့် ရှုအပ်သောသဘောသည် အနုညာတတ္ထ။

ဃ–ဝါကျ။ ဝဏ္ဏောဝ–၌ ဝေကား က–ဝါကျ ဝေနှင့်တူပြီ။

င–သဒ္ဒီ ကား သဟတ္ထနိပါတ်တည်း။

---

(က) ကာယဝိညတ္တီတိ ဧတ္ထ တာဝ ကာယေန အတ္တနောဘာဝံ ဝိညာပေန္တာနံ တိရစ္ဆာနေဟိပိ ပုရိသာနံ, ပုရိသေဟိ ဝါ တိရစ္ဆာနံ ကာယဂဟဏာ– နုသာရေန ဂဟိတာ တောယ ဘာဝေါ ဝိညာယတီတိ ဝိညတ္တိ။ (ခ) သယံ ကာယဂဟဏာနုသာရေန ဝိညာယတီတိပိ ဝိညတ္တိ။ (ဂ) ကာယေန သံဝရော သာဓူတိ အာဒီသု အာဂတော စောပနသင်္ခါတော ကာယောဝ ဝိညတ္တီတိ ကာယဝိညတ္တိ။ (ဃ) ကာယဝိပ္ဖန္ဒနေန အဓိပ္ပါယ ဝိညာပန ဟေတုတ္တာ, သယဉ္စ တထာ ဝိညေယျတ္တာ ကာယေန ဝိညတ္တီတိပိ ကာယဝိညတ္တိ။ ဋ၊ ၃၆၀။

### ၁။ အနက်ယောဇနာ

ကာယဝိညတ္တီတိ ဧတ္ထ ဝိနိစ္ဆယော ဧဝံ ဝေဒိတဗ္ဗော။

ကာယဂဟဏာနုသာရေန၊ လှုပ်သောကိုယ်အဆင်းကိုယူသော စက္ခုဒွါရ ဇောစိတ်အစဉ်ကို မှီးသဖြင့်။ (ပြည်သျှ)

ယောဇနာ–၁၆၆–၌ "ကာယဂဟဏာနုသာရေနာတိ ဖန္ဒမာန ကာယဂတဝဏ္ဏကဿ– ဂဟဏဘူတာနံ စက္ခုဒွါရိကဇဝနာနန္တရပ္ပဝတ္တာနံ နိစ္ဆယဂဟဏ သင်္ခါတာနံ မနောဒွါရဇဝနာနံ အနုသာရေ။ တေသံ အနန္တရဉ္စ အတ္ထော"–ဟု ဖွင့်၏။

ဤအလို– ကာယဂဟဏာနုသာရေန၊ တုန်လှုပ်သောကိုယ်သို့ ရောက်ခြင်းရှိသော ရူပါရုံကို ယူကုန်သော မနောဒွါရဇောတို့သို့ အစဉ်လျှောက်၍ အောက်မေ့သဖြင့်–ဟု အနက်ပေးရမည် ထင်၏။

### စာစပ် မှတ်ဘွယ်

က–ဝါကျ။ တိရစ္ဆာနေဟိ– ကတ္တား၊ ပုရိသေဟိ–ကတ္တား ၂–ပုဒ်ကို ဝိညာယတိ–၌ စပ်။

ပုရိသာနံ, တိရစ္ဆာနာနံ– သမ္ဗန် ၂–ပုဒ်ကို ဘာဝေါ–၌ စပ်။

ဤဝိဂ္ဂဟဝါကျ၌ အဓိပ္ပါယ်ကား "ကာယဝိညတ်ဖြင့် သိစေအပ်သောအလိုကို စတုတ္ထမနောဒွါရဝီထိဖြင့် သူတစ်ပါးတို့ သိအပ်၏"။ (ပြည်သျှ)

http://www.dhammadownload.com



## ၂။ ၃။ ဝါကျခွဲ ကျမ်းတက်

ခ-ဝါကျ ပက္ခန္တရဝါကျ။ ထို-၌ က-ဝါကျ ပက္ခဝါကျ။

### ခ-ဝါကျ အနုသန္ဓေတက်

ဤသို့ က-ဝါကျဖြင့် ကရဏသာဓနအားဖြင့် ဝိညတ္တိကို ပြပြီး၍ ယခုအခါ၌ ကမ္မသာဓနအားဖြင့် ပြခြင်းငှါ ခ-ဝါကျကိုမိန့်။ (ပြည်သျှ)

### ပါပနာဒီတက်လိုသော်

ဆရာ၊ သည် က-ဝါကျဖြင့် ဝိညတ္တိပုဒ်ကို ဝိညာယတိ ဧတာယာတိ ဝိညတ္တိ-ဟု ကရဏသာဓနပြုရသောဟု ဆိုတော်မူ၏။ ထိုသို့သာဆိုချေသော် ဝိညတ္တိကို တစ်ပါးသောသာဓန မပြုရဟူသောအနက်သည် ရောက်ရာ၏-စသည် တက်လေ။

ခ-ဝါကျ၌ သယံပုဒ်ကို ဝိညာယတိ-၌ ကံစပ်လေ။

✝ သယန္တိ ပဒံ ဝိညာယတီတိ ပဒေ ကမ္မံ။ ယောဇနာ၊ ၁၆၇။

ဂ-ဝါကျ-ပက္ခန္တရဝါကျ။ ထို-၌ က-ခ-ဝါကျ ပက္ခဝါကျ။

### ဂ-ဝါကျ အနုသန္ဓေတက်

ဧဝံ ဝိညတ္တိသဒ္ဒဿ ကာရကဒွယေ သမ္ဘဝံ ဒဿေတွာ ဣဒါနိ ကာယ သဒ္ဒေန သဟ ကမ္မဓာရယသမာသံ ဒဿေတုံ ကာယောတိ ဝေါဟာရဿ ဝိညတ္တိယာ ပဝတ္တိံ ဒဿေန္တော "ကာယေန သံဝရော"တိ အာဒိ သုတ္တမာဟ။ ယော၊ ၁၆၇။

ဤသို့ ဝိညတ္တိသဒ္ဒါ၏ကရဏသာဓန, ကမ္မသာဓန (ကာရက) နှစ်ပါး၌ ဖြစ်သည်ကို ပြတော်မူပြီး၍ ယခုအခါ၌ ကာယသဒ္ဒါနှင့်ဝိညတ္တိသဒ္ဒါ ကမ္မဓာရယ်သမာသ်ကို (သမာသ်အဖြစ်ကို) ပြခြင်းငှါ ကာယ-ဟူသောဝေါဟာရ၏ ဝိညတ္တိ၌ ဖြစ်သည်ကို ပြလို၍ "ကာယေန သံဝရော" စသောသုတ်ကို မိန့်သတည်း။

**မှတ်ချက်။** မူလဋီကာဆရာကား သာဓကေသုတ္တံကိုသာရှု၍ ဆိုသည်။ "ကေန္တံ ကာယဝိညတ္တိယံ ကာယဝေါဟာရဿ ပဝတ္တိ ဒဿနတ္ထံ ကာယေန သံဝရော သာဓူတိ သာဓကေသုတ္တံ အာဟဋ္ဌာ"။ မူလဋီ၊ ၁၊ ၁၅၁။

### ဝိသဒ္ဒါ၊ ဝါသဒ္ဒါ လဲပုံ

ဝိ (အဝိ) သဒ္ဒါဖြင့် လူတို့သည်သာ သိအပ်သည် မဟုတ်၊ တိရစ္ဆာန်တို့သည်လည်း သိအပ်၏။ ဝါသဒ္ဒါဖြင့် တိရစ္ဆာန်တို့သည်သာ သိအပ်သည်မဟုတ်၊ လူတို့သည် လည်း သိအပ်၏ဟု ဆည်းသည်။

ဝါသဒ္ဒါသည်လည်း ဝိ(အဝိ) သဒ္ဒါကဲ့သို့ပင် သမုစ္စယဇောတက။

http://www.dhammadownload.com



## ၄။ ဝိဂ္ဂဟာဒိ

တိရစ္ဆာနေဟိ။ တိရိယံ အဥ္စန္တီတိ တိရစ္ဆာနာ။ (ဓာဟိ)

✝ တိရိယံ အဥ္စတီတိ တိရစ္ဆာနော။ အဥ္စ အာယာမေ၊ ယု။ တိရိယသဒ္ဒ တိရော အဥ္စတိသဒ္ဒ လောပ။ သူစိ။

(ကစ္စည်းအလို–ကိတ်ဝိဂြိုဟ်။ ပုရဓာတ်+ဏ္ဏသပစ္စည်း)

ပုရိသ။ ပုရိ ဥစ္စေ ဌာနေ သေတိ ပဝတ္တတီတိ ပုရိသော။ (သူစိအလို– ပုရိသဒ္ဒါပုပဒ သိဓာတ်+ အပစ္စည်း၊ ကိတန္တသမာသ်။ ပုရိ ဥစ္စေ ဌာနေ သော၊ ပုရိသော–ဟုလည်းကြံ)

✝ ဓောပန။ ဘာဝသဒ္ဒ ဂမနံ ပကာသနံ ဓောပနံ။ မူလဋီ၊ ၁၊ ၁၅၀။

မှတ်ချက်။ ဘာဝသဒ္ဒ ဓောပိယတေ, ဂမိယတေ ပကာသိယတေ ဓောပနံ–ဟု ပြုသင့်၏။

---

## ၆။ အာဘောဂ သံဝဏ္ဏနာ

က–ဝါကျ။ ဓောယ ဝိညာယတိ–ဖြင့် ဝိညတ္တိပုဒ်ကို ဝိညာယတိ ဓောယာတိ ဝိညတ္တိ–ဟု ကရဏသာဓနဝစနတ္ထပြုရမည်ကိုင်း၊[၁] တိပစ္စည်း ကရဏသာဓနေ၌ သက်သည်ကိုင်း၊[၂] ဝိပုဗ္ဗ ဉာဓာတ်၏အဖြစ်ကိုင်း[၃] သိစေပါသည်။

၁။ အဘိဓာနတ္ထ။ ၂။ ဒု–ပစ္စယတ္ထ။ ၃။ ဒု–ဓာတုပဒ။

က–ဝါကျ၌ ဘာဝေါ–ဖြင့် ဝိညာယတိ ကြိယာ၏ကံကို သိစေပါသည်။ (ဘာဝတ္ထ)

**တစ်နည်း**။ ဘာဝေါ–ဖြင့် ဝိညာယတိ = သိအပ်၏ဟူသည် ဘာဝ = အလိုဆန္ဒ–ကို သိအပ်သတည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

က–ဝါကျ ပုရိသာနံ, တိရစ္ဆာနံ–ဟူသောပုဒ်တို့ဖြင့် ယင်းပုဒ်တို့ကို ဘာဝေါ–၌ သမ္ဗန် သမ္ဗန္ဓိအဖြစ်ဖြင့် စပ်ရမည်ဟု သိစေပါသည်။ (ဘာဝတ္ထ၊သမ္ဗန္ဓ)

တစ်နည်း။ ပုရိသေဟိ, တိရစ္ဆာနေဟိ–ပုဒ်တို့ဖြင့် ဘာဝေါ= အလိုဆန္ဒဟူသည် ယောကျ်ားတို့ တိရစ္ဆာန်တို့၏အလိုတည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

က–ဝါကျ။ တိရစ္ဆာနေဟိ, ပုရိသေဟိ–ပုဒ်တို့ဖြင့် ဝိညာယတိ ကြိယာ၏ကတ္တားကို သိစေပါသည်။ (ဘာဝတ္ထ)

**တစ်နည်း**။ က–ဝါကျ တိရစ္ဆာနေဟိ, ပုရိသေဟိ–ပုဒ်တို့ဖြင့် ဝိညာယတိ= သိ–ဟူသည် တိရစ္ဆာန်တို့, ယောကျ်ားတို့ သိသတည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

မှတ်ချက်။ ဝိညာပေန္တာနံ–ကို ပုရိသာနံ, တိရစ္ဆာနံ–၂–ပုဒ်၌ စပ်။ အထက်ပါအတိုင်း အာဘောဂ်ဖော်။ ဘာဝ–ကို ဝိညာပေန္တာနံ–၌စပ်။ ကာယဂဟဏာ –ပ– ဂဟိတာယ–ကို ဓောယ–၌ စပ်။

တာဝ–ကို ဝိညတ္တိပုဒ်၏ ဒုတိယဝိကပ်မှ ရှေးဦးစွာဟု အနက်ပေး။ အောက်ပါ အတိုင်း ဝိကပ်ခွဲ။

http://www.dhammadownload.com



၁။ ကာယေန အတ္တနောဘာဝံ ဝိညာပေန္တောန် တိရစ္ဆာနေဟိပိ ပုရိသာနံ ဘာဝေါ ကာယဂဟဏာနုသာရေန ဂဟိတာယ တောယ ဝိညာယတီတိ ဣတိ ဝိညတ္တိ။

၂။ ကာယေန အတ္တနောဘာဝံ ဝိညာပေန္တောန် ပုရိသေဟိဝါ တိရစ္ဆာနမ္ပိ ဘာဝေါ ကာယဂဟဏာနုသာရေန ဂဟိတာယ တောယ ဝိညာယတီတိ ဣတိ ဝိညတ္တိ။ (ဤသို့ ထပ်ထားသောဝါကျ (ဝိကပ်) ကို ခွဲပါလေ။)

မှတ်ချက်။ ၂-၃-အဖြေ ကျမ်းတက် ဝါကျခွဲကို ပြန်ကြည့်ပါ။

ခ-ဝါကျ ဝိညာယတိ-ဖြင့် ဝိညတ္တိပုဒ်ကို ဝိညာယတီတိ ဝိညတ္တိ-ဟု ကမ္မသာဓန ဝစနတ္ထပြုရမည်ကိုင်း၊[၁] တိ-ပစ္စည်း ကမ္မသာဓနေ၌ သက်သည် ကိုင်း၊[၂] ဝိပုဗ္ဗ ဉာဓာတ်၏အဖြစ် ကိုင်း[၃] သိစေပါသည်။ ၁။ အဘိဓာနတ္ထ။ ၂။ ဒု-ပစ္စယတ္ထ။ ၃။ ဒု-ဓာတုပဒ။

ခ-ဝါကျ။ သယံ-ဖြင့် ဝိညာယတိ ကြိယာ၏ ကံပုဒ်ကို သိစေပါသည်။ (ဘာဝတ္ထ) တစ်နည်း။ ခ-ဝါကျ သယံ-ဖြင့် ဝိညာယတိ = သိအပ်၏ဟူသည် မိမိကို သိအပ်သတည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

ခ-ဝါကျ။ ကာယ-ပ- ရေန-ဖြင့် ဝိညာယတိ၏ ကရိဏ်းကို ပြသည်။ (ဘာဝတ္ထ)

ဂ-ဝါကျ။ ကာယော ဝိညတ္တိ-ဖြင့် ကာယဝိညတ္တိပုဒ်ကို ကာယော ဝိညတ္တိ ကာယဝိညတ္တိ-ဟု အဝဓာရဏကမ္မဓာရယ်သမာသ်ဝစနတ္ထပြုရမည်ဟု သိစေပါသည်။ (အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ)

ဂ-ဝါကျ။ စောပနသင်္ခါတော-ဖြင့် ကာယဝိညတ္တိ၌ ကာယ အရ- ကာယပသာဒကို မယူရ၊ စောပနကာယကို ယူရမည်ဟု သိစေပါသည်။ (အဘိဓေယျတ္ထ)

✪ သင်္ခါတသဒ္ဒါ၊ ရှိလေရာ၊ သရုပ်သာ ထွက်လေ။ (မောင်းထောင်)

ဂ-ဝါကျ။ ကာယေန သံဝရော သာဓု-ဖြင့် စင်စစ် ကာယဝိညတ်၌ ကာယဟူသော ဝေါဟာရဖြစ်ခြင်းကို သိစေပါသည်။ (ဘာဝတ္ထ)

✝ ကေန္တ္တ ကာယဝိညတ္တိယံ ကာယဝေါဟာရသ္သ ပဝတ္တိဒဿနတ္ထံ ကာယေန သံဝရော သာဓူတိ သာဓကေသုတ္တံ အာဟဋံ။ မူလဋီ၊ ၁၊ ၁၅၁။

ဃ-ဝါကျ။ ကာယိဝိပ္ဖန္ဒနေန ဝိညာပနဟေတုတ္တာ-ဖြင့် ဝိညတ္တိပုဒ်ကို ဝိညာပေတီတိ ဝိညတ္တိ-ဟု ဟေတုကတ္တုသာဓနေဝစနတ္ထပြုရမည်ကိုင်း၊[၁] တိပစ္စည်း ဟေတုကတ္တုသာဓနေ၌ သက်သည်ကိုင်း၊[၂] ဝိညတ္တိပုဒ်၏ ဝိပုဗ္ဗ ဉာဓာတ်၏ အဖြစ်ကိုင်း၊[၃] ကာယနှင့် ဝိညတ္တိပုဒ်ကို ကာယေန ဝိညတ္တိ ကာယ-ဝိညတ္တိ-ဟု တတိယာတပ္ပုရိသ် သမာသ်ဝစနတ္ထပြုရမည်ကိုင်း၊[၄] ကာယ အရ- ဝိပ္ဖန္ဒနကာယ = တုန်လှုပ်သောကိုယ်ကို ယူရမည်ကိုင်း[၅] သိစေပါသည်။

၁။ အဘိဓာနတ္ထ။ ၂။ ဒု-ပစ္စယတ္ထ။ ၃။ ဒု-ဓာတုပဒ။

၄။ အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ။ ၅။ အဘိဓေယျတ္ထ။

http://www.dhammadownload.com



ဃ-ဝါကျ စ-သဒ္ဒါဖြင့် နယန္တရ (ဝိညတ္တိပုဒ်၏ဝစနတ္ထတည်းတစ်မျိုး) ကို သိစေပါသည်။ (ဘာဝတ္ထ)

ဃ-ဝါကျ။ သယံ-ဖြင့် ဝိညေယျ-(ဝိညတ္တိ) သိအပ်၏ဟူသည် မိမိကိုယ်ကို သိအပ်သတည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

ဃ-ဝါကျ။ ဝိညေယျတ္တာ-ဖြင့် ဝိညတ္တိပုဒ်ကို ဝိညေယျာတိ ဝိညတ္တိ-ဟု ကမ္မသာဓနဝစနတ္ထပြုရမည်ကိုင်း၊[၁] တိပစ္စည်း ကမ္မသာဓနေ၌သက်သည် ကိုင်း၊[၂] ဝိညတ္တိပုဒ်၏ ဝိပုဗ္ဗ ဉာဓာတ်၏အဖြစ်ကိုင်း[၃] သိစေပါသည်။ ၁။ အဘိဓာနတ္ထ။ ၂။ ဒု-ပစ္စယတ္ထ။ ၃။ ဒု-ဓာတုပ။

ဃ-ဝါကျ။ တထာ-ဖြင့် ကာယဝိပ္ပန္ဒနန္ဓေန- ကရိဏ်းပုဒ်ကိုပင် သိစေပါသည်။ (ဘာဝတ္ထ)

ဃ-ဝါကျ။ ကာယေန ဝိညတ္တိ-ဖြင့် ကာယနှင့် ဝိညတ္တိကို ဘတိယာတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်ဟု သိစေပါသည်။ (အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ)

အနက်ပေး။ ဝိညတ္တိ၊ တုန်လှုပ်သောကိုယ်ဖြင့် မိမိ၏အလိုဆန္ဒကို သူတစ်ပါးကို သိစေကုန်သောလူတို့၏အလိုဆန္ဒကို တိရစ္ဆာန်တို့သည် (တို့က) သိအပ်ကြောင်း၊ တိရစ္ဆာန်တို့၏ အလိုဆန္ဒကို လူတို့သည် (တို့က) သိအပ်ကြောင်း ကာယ-ဂဟဏာနုသာရဖြင့် ယူအပ်သောတရားသဘော။ (ဝါ) ဝိညတ်။ (က-နှင့်အညီ)

ဝိညတ္တိ၊ မိမိကို ကာယဂဟဏာနုသာရအားဖြင့် သိအပ်သော သဘောတရား။ ဝါ- ဝိညတ်။ (ခ-နှင့်အညီ)

ကာယဝိညတ္တိ၊ အလိုကို သိစေတတ်, ပြတတ်သည်ဟုဆိုအပ်သော၊ ဝါ- အလိုကိုသိစေခြင်း ပြခြင်းဟုဆိုအပ်သော (စောပန) ကာယသည်ပင်လျှင် သိအပ်ကြောင်း သိအပ်သောတရား၊ ဝါ- ကာယဝိညတ်။ (ဂ-နှင့်အညီ)

ကာယဝိညတ္တိ၊ တုန်လှုပ်သောကိုယ်ဖြင့် သိစေတတ်သော သဘောတရား၊ ဝါ- ကာယဝိညတ်။ (ဃ-ပထမဝါကျနှင့်အညီ)

ကာယဝိညတ္တိ၊ တုန်လှုပ်သောကိုယ်ဖြင့် မိမိကို သိအပ်သောသဘောတရား၊ ဝါ- ကာယဝိညတ်။ (ဃ-ဒုတိယဝါကျနှင့်အညီ)

---

## ၇။ ဥပသဂ္ဂနိပါတတ္ထ

က-ဝါကျ။ တာဝ သဒ္ဒါ ပဋ္ဌမတ္ထနိပါတ်။

တိရစ္ဆာနေဟိပိ-၌ ပိ (အပိ) သဒ္ဒါ သမုစ္စယဇောတကနိပါတ်။

ပုရိသေဟိ ဝါ-၌ ဝါ-သဒ္ဒါလည်း သမုစ္စယဇောတကနိပါတ်။ (၂-၃-အဖြေပြန်ကြည့်)

တိရစ္ဆာနံပိ-၌ အပိ (အပိ)သဒ္ဒါ လူတို့၏သာလျှင် သဘောကို သိအပ်သည်မဟုတ်၊ တိရစ္ဆာန်တို့၏လည်း သဘောကိုသိအပ်၏ဟု ဆည်းသည်။

F. 122. B

http://www.dhammadownload.com



သယံ–သဒ္ဒါ မိမိဟူသောအနက်၌ နိပါတ်။ ဤ၌ ဝုတ္တကမ္မတ္ထ–၌ ပဌမာဝိဘတျန္တ။

မှတ်ချက်။ သယံ အဘိညာယ ကမ္မဒွိသေယျံ–၌ သယံ–ကား တတိယန္တနိပါတ်။ သူစိ။

ခ–ဝါကျ ဝိညာယတီတိပိ–၌ ပိ(အပိ) သဒ္ဒါ သမုစ္စယဇောတကနိပါတ်။ တောယ ဝိညာယတိ–ဆည်းသည်။

ကာယောဝ ဝိညတ္တိ–၌ ဧဝ ကား အဝဓာရဏဇောတက။

၁။ စောပနကာယသည် ဂဟေတဗ္ဗတ္ထ။

၂။ ရူပကာယသည် နိဝတေတဗ္ဗတ္ထ။

၃။ တုန်လှုပ်ခြင်း အမူအရာသည် အနုညာတတ္ထ။

ဃ–ဝါကျ သယဥ္စ–၌ စ–သဒ္ဒါ ပက္ခန္တရဇောတကနိပါတ်။

ကာယေန ဝိညတ္တိပိ–၌ ပိ(အပိ)သဒ္ဒါ သမုစ္စယဇောတကနိပါတ်။ ကာယောဝ ဝိညတ္တိ–ဆည်းသည်။

မှတ်ချက်။ ၃၆၁–ဝစီဝိညတ္တိဝါကျကား ဤဝါကျနှင့် တူပြီ။

---

(က) ဇျပ္ပတေတိ ဝါကျဘေဒေါ။ (ခ) ဝါကျဥ္စ တံ ပထော စ အတ္တံ ဉာတုကာမာနံ, ဉာပေတုကာမာနဥ္စာတိပိ ဇျပ္ပထော။ ဋ္ဌ၊ ၃၆၁။

က–ဝါကျ။ ဝါကျဘေဒေါ–ဖြင့် ဇျပ္ပထော–၌ ဇျ–သဒ္ဒါ ဝါကျ–အနက်ကို သိစေတတ်သော တိသ ဖုသစသော စကားအနက်ကိုဟောသည်ကိုင်း၊ [၁] ပထ= အကြောင်းဟူသည် ဘေဒ= ဝိသေသအထူးတည်းဟူသော အဓိပ္ပါယ်ကိုင်း၊ [၂] သိစေပါသည်။ ၁။ နာမလိင်္ဂတ္ထ။ ၂။ ဘာဝတ္ထ။

ခ–ဝါကျ။ ဝါကျဥ္စ တံ ပထော စ–ဖြင့် ဝါစာနှင့် ပထော–ပုဒ်ကို ဝါစာ စ သာ ပထောစာတိ ဝါစာပထော–ဟု ကမ္မဓာရယ်သမာသ်ဝစနတ္ထပြုရမည်ကိုင်း၊ [၁] ဝါစာပထ–ဟုဆိုလိုလျက် ပထသဒ္ဒါနှောင်းသောကြောင့် ဝါစာသဒ္ဒါကို ဇျပြုထားသည်ကိုင်း၊ [၂] သိစေပါသည်။

၁။ အဘိဓာနတ္ထ။ ၂။ သမာသလိင်္ဂပဒတ္ထ။

မှတ်ချက်။ ဝါစာယ ဇျော ပထေ–ဟူသော နီတိသုတ္တ (၁၂၈) ဖြင့် ပထသဒ္ဒါနှောင်းသောကြောင့် ဝါစာ–သဒ္ဒါကို ဇျ–ပြု။

ခ–ဝါကျ။ အတ္တံ–ပ– မာနဥ္စ–ဖြင့် ပထ = အကြောင်းဟူသည် သိခြင်းငှါ အလိုရှိသော သူတို့၏လည်းကောင်း၊ သိစေခြင်းငှါ အလိုရှိကုန်သောသူတို့၏လည်းကောင်း အကြောင်းတည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

အနက်ပေး။ ဇျပ္ပထော၊ အနက်ကိုသိစေတတ်သော တိသ ဖုသစသော စကားဟူသော သိခြင်းငှါအလိုရှိကုန်သောသူတို့၏လည်းကောင်း၊ သိစေခြင်းငှါ အလိုရှိ ကုန်သောသူတို့၏ လည်းကောင်း အကြောင်း၊ ဝါ– စကားဟူသောအကြောင်း။

http://www.dhammadownload.com



(က) ကဗဋ္ဋံ ကရီယတီတိ ကဗဋီကာရော။ (ခ) အာဟာရီယတီတိ အာဟာရော။ (ဂ) ကဗဋ္ဋံ ကတွာ ဟာရီယတီတိ အတ္ထော။ (ဃ) ရူပံဝါ အာဟာရတီတိ အာဟာရော။ (င) ဧဝံ ဝတ္ထုဝသေန နာမံ ဥဒ္ဓရိတွာ ပုန ဝတ္ထုဝသေနေဝေတံ ပဘေဒတော ဒဿေတုံ "သြဒနော ကုမ္မာသော"တိ အာဒိ ဝုတ္တံ။ ဋ္ဌ၊ ၃၆၆။

## ၁။ အနက်ယောဇနာ

က-ဝါကျ။ ယော သြဒနာဒိ၊ အကြင်ထမင်းစသည်ကို။ (ကံထည့်) သတ္တေန၊ သတ္တဝါသည်။ (ကတ္တားထည့်။ယောဇနာ၊၁၇၂) ကဗဋ္ဋံ၊အလုပ် အလွေးမဟုတ်သော်လည်း အလုပ်အလွေးကဲ့သို့။ ကရီယတိ၊ ပြုအပ်၏။ ဣတိ တသ္မာ၊ ကြောင့်။ သော သြဒနာဒိ၊ သည်။ ကဗဋီကာရော၊ မည်၏။

ဂ-ဝါကျ။ အာဟာရီယတီတိ ပဒဿ၊ အာဟာရီယတိ-ဟူသောပုဒ်၏။ (သမ္ဗန်ထည့်) အတ္ထော၊ အနက်တည်း။

ဃ-ဝါကျ။ ဝါ-တစ်နည်းကား။ ယော သြဒနာဒိ၊ အကြင်ထမင်း စသည်သည်။ ရူပံ၊ သြဇာလျှင် ရှစ်ခုမြောက်ရှိသော (ဝိသေသနထည့်) ရုပ်ကို။ အာဟာရတိ၊ ဆောင် တတ်၏။ ဣတိ သော သြဒနာဒိ၊ အာဟာရော။

ဃ-ဝါကျ။ အာဟာရတီတိ ပစ္စယဘာဝေန ဥပတ္ထမ္ဘေတီတိ အဓိပ္ပါယော။ ယောဇနာ၊ ၁၇၂။

---

## ၂။ ၃။ ဝါကျခွဲ ကျမ်းတက်

ခ-ဝါကျ ပက္ခန္တရဝါကျ။ ထို-၌ က-ဝါကျ ပက္ခဝါကျ။
ဂ-ဝါကျ ဝိတ္ထာရဝါကျ။ ထို-၌ ခ-ဝါကျ သခ်ေပဝါကျ။

## ဂ-ဝါကျ ကျမ်းတက်

ဆရာ၊ သည် ခ-ဝါကျဖြင့် အာဟာရောပုဒ်၏ ဝစနတ္ထကို အာဟာရီယတီတိ အာဟာရော-ဟု ဆိုတော်မူ၏။ ထိုသို့သာဆိုချေသော် 'အာဟာရီယတိ ကြိယာ၏ အကျယ်အနက်မရှိဟူသော အနက်ရောက်ရာ၏- စသည်တက်လေ။

ဃ-ဝါကျ ပက္ခန္တရဝါကျ။ ထို-၌ က-ခ-ဂ-ဝါကျ ပက္ခဝါကျ။

င-ဝါကျ သြဒနော ကုမ္မာသော-သည်၏ အနုသန္ဓေသမ္ဗန္ဓ သမုဒါယတ္ထ ဝါကျ။ ထိုတွင် ဧဝံ-ပ- ဥဒ္ဓရိတွာ-ကား ပုဗ္ဗာနုသန္ဓေဝါကျ။ ပုန-ပ- ဒဿေတုံ-ကား အပရာနုသန္ဓေဝါကျ။

## ဝါသဒ္ဒါလဲပုံ

အာဟာရပုဒ်၏ မျိုးအပ်သောကြောင့် အာဟာရမည်၏ဟူသော ကမ္မသာဓန ဝစနတ္ထအကြောင်းသကတ်မှတစ်ပါး ရုပ်ကိုဆောင်တတ်သောကြောင့် အာဟာရမည်၏ဟူသော ကတ္တုသာဓနဝစနတ္ထအကြောင်းသကတ်ကို လဲလှယ်ပြလိုသောကြောင့် ဝါသဒ္ဒါထားရပါသည်။

http://www.dhammadownload.com



## ၄။ ဝိဂ္ဂဟာဒိ

**ကဗဠ**။ ကေန တောယေန ဗလ မဿာတိ ကဗဋ္ဌ။

အဿ အာလောပဿ၊ ထိုထမင်းလုပ်အား။ ကေန တောယေန၊ ရေဖြင့်။ (ကေန–ကို တောယေန–ဖွင့်) ဗလံ၊ အားသည်။ အတ္ထိ၊ ၏။ ဣတိ သော အာလေပေါ ကဗဋ္ဌ။ (အာလောပေါ ကဗဋ္ဌ ဘာဝေ။ ဓာန်၊ ၄၆၆)

**ဓာတုပစ္စယာဒိ**။ ကုသဒ္ဒေ အလော၊ ဋ္ဌတ္တံ၊ ကဗိ ဝဏ္ဏော ဝါ။ သူစိ။

ကုဓာတ်+အလပစ္စည်း။ လ–ကို ဠ–ပြု။ တစ်နည်း– ကဗိဓာတ်+ အလပစ္စည်း။ ရှေးနည်းတူ လ–ကို ဠ–ပြု။

**ဩဒန**။ ဉဒ္ဒီယတီတိ ဩဒနော။ (ဉဒ္ဒီယတိ=ပွားများအပ်၏။)

✝ ဉဒိ ပသနဘိလေဒနေသု၊ ယု။ ဉဒိဿ ဩဒေါ။ (ဉဒိ–ကို ဩဒ–ပြု)

ဩဒနော ဝါ ကုရံ ဘတ္တံ။ ဓာန်၊ ၄၆၅။ ဝါ–သဒ္ဒါဖြင့် ဩဒနသဒ္ဒါ နပုံလိင်ကိုဆည်း။ ဩဒန–ပုံလိင်, နပုံလိင်။

**ကုမ္မာသ**။ ကုလတိ ပတ္ထရတီတိ ကုမ္မာသော။ ဘက္ခ ဝိသေသော။ မောဂ်၊ ၇၊ ၂၅၁။ ကုလဓာတ်+သက်ပစ္စည်း။ (ထောမဋ္ဌ ထက်ဝက်ကျက်သောမုန့်၊ ဝါ–မကျက်တကျက်မုန့်–ဟု ဆိုသည်။)

---

## ၆။ အာဘောဂ သံဝဏ္ဏနာ

က–ဝါကျ။ ကဗဋ္ဌ ကရီယတိ–ဖြင့် ကဗဋ္ဌီကာရောပုဒ်ကို ကဗဋ္ဌ ကရီယတီတိ ကဗဋ္ဌီကာရော–ဟု ကမ္မသာဓနဝစနတ္ထပြုရမည်ကိုင်း၊[၁] ဏပစ္စည်း ကမ္မသာဓနေ၌ သက်သည်ကိုင်း၊[၂] ကဗဋ္ဌကာရ–ဟုဆိုလိုလျက် ကဗဋ္ဌပုဒ်၌ ဧပစ္စည်း သက်၍ (မောဂ္ဂလာန်အလို) ကဗဋ္ဌီ–ဟုပြုသည်ကိုင်း[၃] သိစေပါသည်။

၁။ အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ။ ၂။ ဒု–ပစ္စယတ္ထ။ ၃။ ဘာဝတ္ထ။

မှတ်ချက်။ အဘူတတဗ္ဘာဝအနက်၌ မောဂ္ဂလာန်ဆရာအလို 'ဧ' ပစ္စည်း။ ဓာလိနီအလို 'ဤ'ပစ္စည်း၊ သဒ္ဒနီတိဆရာအလို 'ဣ'ပစ္စည်း, 'ဤ'ပစ္စည်းသက်။ ပြည်သျှ၊ တတိယ၊ ၂၈၃။

ခ–ဝါကျ။ အာဟာရီယတိ–ဖြင့် အာဟာရောပုဒ်ကို အာဟာရီယတီတိ အာဟာရော–ဟု ကမ္မသာဓနဝစနတ္ထပြုရမည်ကိုင်း၊[၁] ဏပစ္စည်း ကမ္မသာဓနေ၌ သက်သည်ကိုင်း[၂] သိစေပါသည်။

၁။ အဘိဓာနတ္ထ။ ၂။ ဒု–ပစ္စယတ္ထ။

ဂ–ဝါကျဖြင့်– အာဟာရီယတိ–၌ အာပုဗ္ဗ ဟရဓာတ်သည် ဆောင်ခြင်း အာဟာရဏ အနက်ကိုမဟော၊ အဇ္ဈောဟရဏ– မျိုခြင်းအနက်ကိုဟောသည်ကိုင်း၊[၁] မျိုအပ်၏ဟူသည် အလုပ် အလွေးမဟုတ်သော်လည်း အလုပ်အလွေးကဲ့သို့ပြု၍ မျိုအပ်သတည်းဟူသော အဓိပ္ပါယ်ကိုင်း[၂] သိစေပါသည်။ ၁။ ဓာတွတ္ထ။ ၂။ ဘာဝတ္ထ။

http://www.dhammadownload.com



ဃ-ဝါကျ။ အာဟရတိ-ဖြင့် အာဟာရဇောပုဒ်ကို အာဟရတီတိ အာဟာရော-ဟု ကတ္တုသာဓနဝစနတ္ထပြုရမည်ကိုငှင်း၊[၁] ဏပစ္စည်း ကတ္တုသာဓန၌ သက်သည်ကိုငှင်း၊[၂] အာဟာရပုဒ်၏ အာပုဗ္ဗ ဟရဓာတ်၏အဖြစ်ကိုလည်းကောင်း၊[၃] သိစေပါသည်။

၁။ အဘိဓာနတ္ထ။ ၂။ ဒု-ပစ္စယတ္ထ။ ၃။ ဒု-ဓာတုပဒ။

ဃ-ဝါကျ။ ဝါ-သဒ္ဒါဖြင့် နယန္တရကို သိစေပါသည်။ (၂-၃-ကြည့်) (ဘာဝတ္ထ)

ပိ (အပိ) သဒ္ဒါဖြင့် ခ-ဝါကျ အာဟရီယတိ-ဟူသော ကမ္မသာဓနကြောင့်သာ အာဟာရ မည်သည်မဟုတ်သေး၊ အာဟရတိ-ဟူသော ကတ္တုသာဓန ကြောင့်လည်း အာဟာရမည်သတည်းဟု အပေက္ခန၊ ဝါ- သမုစ္စည်းအဓိပ္ပါယ်ကို သိစေပါသည်။ (ဘာဝတ္ထ)

✝ ပိသဒ္ဒေါ ဟေဋ္ဌာ ဝုတ္တဝစနတ္ထံ အပေက္ခတိ။ ယော၊ ၁၇၂။

ဃ-ဝါကျ။ ရုပ်-ဖြင့် အာဟရတိ-ဆောင်တတ်၏။ (သဒ္ဒတ္ထ) ဝါ- အကြောင်း၏ အဖြစ်ဖြင့်ထောက်ပံ့တတ်၏-ဟူသည် ဩဇာလျှင် ရှစ်ခုမြောက်ရှိသောရုပ်ကို ဆောင်တတ်၊ အကြောင်း၏အဖြစ်ဖြင့် ထောက်ပံ့တတ်သတည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

တစ်နည်း။ ရုပ်-ဖြင့် အာဟရတိ-ဟူသော သကမ္မကကြိယာ၏ကံကို ရုပ်-ဟု သိစေပါသည်။ (ဘာဝတ္ထ)

---

## ၇။ ဥပသဂ္ဂ နိပါတတ္ထ

ဃ-ဝါကျ။ ဝါသဒ္ဒါ ဝိကပ္ပနတ္ထဇောတကနိပါတ်။

ဃ-ဝါကျ။ ပိသဒ္ဒါ ဟေဋ္ဌာပေက္ခနဇောတက၊ ဝါ-သမုစ္စယဇောတက (၆-အဖြေကြည့်)

ဝတ္ထုဝိသေသနေဝ-၌ ဧဝ-ကား အဝဓာရဏတ္ထ။

၁။ ဝတ္ထု၏အစွမ်းကား ဂဟေတဗ္ဗတ္ထ။

၂။ ဩဇာ၏အစွမ်းကား နိဝတ္တေတဗ္ဗတ္ထ။

၃။ ဝတ္ထုသည် အနုညာတတ္ထ။

မုချ ကဗဠီကာရာဟာရ = ခဲဘွယ်, စားဘွယ်, လျက်ဘွယ်, သောက် ဘွယ်ဟူသော ဘောဇဉ်လေးပါးစသောဝတ္ထုသည် ပဌာနအားဖြင့် ကဗဠီ-ကာရာဟာရ။

ဥပစာ ကဗဠီကာရာဟာရ = ထိုဝတ္ထု၌တည်သောဩဇာကား ဌာနူပစာအားဖြင့် ကဗဠီကာရာဟာရမည်သည်။ (ပြည်သျှ)

မေး။ ကဗဠီကာရာဟာရနှင့် ဆက်နွယ်၍ လက္ခဏာစသည်တွင် ဩဇာဟာရရှိရာ "ဩဇာ" သည် အဘယ်နည်း။

ဖြေ။ အင်္ဂါကြီးငယ်သို့ လျှောက်သော အရသာခြောက်ပါး၏ အနှစ်အစေးအဆီဖြစ်သော ထောက်ပံ့တတ်သောအားကို ပြုတတ်သော ဘုတ်၌မှီသော တစ်ခု သောအထူးသည် "ဩဇာ"မည်၏။

http://www.dhammadownload.com



✝ အင်္ဂမင်္ဂါနုသာရိနော ရသံသ သာရော ဥပတ္ထမ္ဘဖလဘာဝေါ ဘူတနိဿိတော ကော ဝိသေသော "ဩဇာ"။ မူလဋီ၊ ၁၊ ၁၅၄။ (အနုဋီ၊၁၊၁၆၆)

ဩဇာ။ အတ္တနော ဥဒယာနန္တရံ ရူပံ ဇနေတီတိ ဩဇာ။ ဥပုဗ္ဗ+ဇနေတတ်+ ကွိပစ္စည်း။

မေး။ အဇ္ဈတ္တိကာဟာရသည် ရုပ်ကိုဖြစ်စေသလော? ဗာဟိရာဟာရသည် ရုပ်ကို ဖြစ်စေသလော?

ဖြေ။ ဗာဟိရာဟာရဟူသော အထောက်အပံ့ကိုရမှသာလျှင် အဇ္ဈတ္တိကာဟာရသည် ရုပ်ကိုဖြစ်စေနိုင်ရကား အဇ္ဈတ္တိကာဟာရသည် မုချအားဖြင့် ရုပ်ကို ဖြစ်စေတတ်၏။ ဗာဟိရာဟာရကား အဇ္ဈတ္တိကာဟာရ၏ ဥပနိဿယအဖြစ်ဖြင့် ရုပ်ကို ဖြစ်စေ၏ဟု ဥပစာရဖြင့်သာ ဆို၏။

✝ ဗာဟိရာဟာရပစ္စယံ လဘိတွာဝ အဇ္ဈတ္တိကာဟာရော ရူပံ ဥပ္ပါဒေတီတိ အယံ အဇ္ဈတ္တိကာဟာရဿ ဥပနိဿယဘာဝေနာပိ ဓမ္မော အာဟာရတိ။ (အဘိဓမ္မာဝတာရဋီ၊ ၁၄၀။)

---

(က) ယံ ပနေတ္ထ "တဒေကဋ္ဌာစ ကိလေသာ"တိ အာဒိ ဝုတ္တံ။ တတ္ထ ကေသိဉ္စိတ္တေ, ပုဂ္ဂလေဝါ ဌိတန္တိ ကေဋ္ဌံ။ (ခ) တတ္ထ ကေသိဉ္စိတ္တေ ဌိတံ သဟဇေကဋ္ဌံနာမ ဟောတိ။ (ဂ) ကေသိံ ပုဂ္ဂလေ ဌိတံ ပဟာနေကဋ္ဌံနာမ။ (ဃ) တေန လောဘာဒိနာ, အညေနဝါ တတ္ထ တတ္ထ နိဒ္ဒိဋ္ဌေန သဟ ကေသိံ ဌိတန္တိ တဒေကဋ္ဌံ။ ဋ္ဌ၊ ၃၈၀။

### ၁။ အနက်ယောဇနာ

က-ဝါကျ။ ပန၊ ထိုမှတစ်ပါး။ ဧတ္ထ အကုသလနိဒ္ဒေသေ၊၌။ တဒေကဋ္ဌာ စ ကိလေသာတိအာဒိ၊ သော၊ ယံ ဝစနံ ဝုတ္တံ။ တတ္ထ တဒေကဋ္ဌာတိ အာဒိဝစနေ ဝိနိစ္ဆယော ဝေဒိတဗ္ဗော။ (ယော၊ ၁၈၁)

ခ-ဝါကျ။ တတ္ထ ကေသိံ စိတ္တာဒိကေ၊ ထို ကေသိံ စိတ္တေ စသည်တွင် (နိဒ္ဒါရဏယော၊ ၁၈၁) စိတ္တေ စသောစကား၌။ ဝိနိစ္ဆယော ဝေဒိတဗ္ဗော။ (ပြည်သျှ)

---

### ၂။ ၃။ ဝါကျခွဲ ကျမ်းတက်

ခ-ဝါကျ။ (ကေဋ္ဌပုဒ်အဖွင့်မှတစ်ပါး သဟဇေကဋ္ဌပုဒ်အဖွင့်ပြသောကြောင့်) ပက္ခန္တရဝါကျ။ ထို-၍ က-ဝါကျ (ကေဋ္ဌပုဒ်အဖွင့်ဟူသောအဖို့ကိုပြသောကြောင့်) ပက္ခဝါကျ။

ဂ-ဝါကျ။ (ပဟာနေကဋ္ဌအဖွင့်ပြ) ပက္ခန္တရဝါကျ။ ထို-၍ ခ-ဝါကျ ပက္ခဝါကျ။

ဃ-ဝါကျ။ ပက္ခန္တရ(တဒေကဋ္ဌအဖွင့်ပြ)။ ထို-၍ ဂ-ဝါကျ ပက္ခဝါကျ။

### ဝါသဒ္ဒါလဲပုံ

က-ဝါကျ။ ပုဂ္ဂလေ ဝါ-၌ ဝါသဒ္ဒါထားရခြင်းကား ကေဋ္ဌံ-၌ ကေ အရ စိတ္တ-ဟူသော သဗ္ဗနာမလိင်္ဂတ္ထမှတစ်ပါး ကေ အရ ပုဂ္ဂလဟူသော သဗ္ဗနာမ လိင်္ဂတ္ထ တစ်မျိုးကို ပြလိုသောကြောင့် 'ဝါ' သဒ္ဒါ ထားရသည်။

http://www.dhammadownload.com



ဃ-ဝါကျ။ အညေန ဝါ-၌ ဝါသဒ္ဒါထားရခြင်းကား- တေန တ-အရ လောဘစသည်မှ တေန-၌ တ အရ တစ်ပါးသော ဖဿစသောတရားဟူသော သဗ္ဗာနာမ်အစွဲအနက်တစ်မျိုးကို ပြလိုသောကြောင့် ဝါ-သဒ္ဒါ ထားရသည်။

## ၄။ ဝိဂ္ဂဟာဒိ

**သဟဇ**။ သဟ ဇာယတီတိ သဟဇံ။ (ယော၊ ၁၈၁)

သဟ၊ တကွ။ ဇာယတိ၊ ဖြစ်တတ်၏။ သဟ+ဇန+ကွိ။

**သဟဇေကဋ္ဌ**။ သဟဇဘာဝေန ဧကဋ္ဌံ သဟဇေကဋ္ဌံ။(ယော) သဟဇဘာဝေန၊ တကွဖြစ်ဘက်၏အဖြစ်ဖြင့်။ ဧကဋ္ဌံ၊ တစ်ခုသောစိတ်၌ တည်သည်။ (တတိယာတပ္ပုရိသ်)

**ပဟာနေကဋ္ဌ**။ ပဟာတဗ္ဗန္တိ ပဟာနံ။ ပဟာနဘာဝေန ဧကဋ္ဌံ ပဟာနေကဋ္ဌံ။ (မူလဋီ၊ ၁၊ ၁၆၀)

## ၆။ အာဘောဂ သံဝဏ္ဏနာ

က-ဝါကျ။ ဧကသ္မိံ ဌိတံ-ဖြင့် ဧကဋ္ဌပုဒ်ကို ဧကသ္မိံ ဌံ ဧကဋ္ဌံ-ဟု သတ္တမီ တပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်ကိုရင်း၊[၁] ဌပုဒ်ကို ဌိတန္တိ ဌံ-ဟု ကတ္တုသာဓနဝစနတ္ထ ပြုရမည်ကိုရင်း၊[၂] အပစ္စည်း ကတ္တုသာဓနနေ၌ သက်သည်ကိုရင်း၊[၃] ဌံ-သဒ္ဒါ၏ ဌာဓာတ်၏အဖြစ်ကိုရင်း[၄] သိစေပါသည်။

၁။ အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ။ ၂။ အဘိဓာနတ္ထ။ ၃။ ဒု-ပစ္စယတ္ထ။ ၄။ ဒု-ဓာတုပဒ။

က-ဝါကျ။ စိတ္တေ-ဖြင့် ဧကသ္မိံ-၌ ဧကသဒ္ဒါ စိတ်ကိုစွဲသတည်းဟု သိစေပါသည်။ (သဗ္ဗနာမလိင်္ဂတ္ထ)

**အနက်ပေး**။ ဧကဋ္ဌံ၊ တစ်ခုသောစိတ်၌တည်သော (အကုသိုလ်)။

က-ဝါကျ။ ဝါသဒ္ဒါဖြင့် ဧကအရ သဗ္ဗနာမလိင်္ဂတ္ထတစ်မျိုးကို သိစေပါသည်။ (ဝါ) အတ္ထန္တရကို သိစေသည်။ (ဘာဝတ္ထ)

က-ဝါကျ။ ပုဂ္ဂလေ-ဖြင့် ဧကသ္မိံ-၌ ဧကသဒ္ဒါ ပုဂ္ဂိုလ်ကို စွဲသတည်းဟု သိစေပါသည်။ (သဗ္ဗနာမလိင်္ဂတ္ထ)

**အနက်ပေး**။ ဧကဋ္ဌံ၊ တစ်ခုသောပုဂ္ဂိုလ်၌တည်သော (အကုသိုလ်)

ခ-ဝါကျဖြင့် တစ်ခုသောစိတ်၌တည်သော အကုသိုလ်သည် "သဟဇေကဋ္ဌ" မည်သတည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

ဂ-ဝါကျဖြင့် တစ်ယောက်သောပုဂ္ဂိုလ်၌တည်သော အကုသိုလ်သည် "ပဟာနေကဋ္ဌ" မည်သတည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

ဃ-ဝါကျ။ ဧကသ္မိံ ဌိတံ-ဖြင့် သိစေအပ်သော အာဘောဂ်သံဝဏ္ဏနာ က-ဝါကျ ဧကသ္မိံ ဌိတံ-နှင့် တူပြီ။

http://www.dhammadownload.com



ဃ-ဝါကျ။ တေန သဟ-ဖြင့် တဒေကဋ္ဌပုဒ်ကို တေန သဟ ဧကဋ္ဌ တဒေကဋ္ဌ-ဟု မဇ္ဈေလောပီတတိယာတပ္ပုရိသ်သမာသ်ဝစနတ္ထပြုရမည်ကိုင်း၊[၁] တ-ဧကဋ္ဌ-ဟု ဆိုလိုလျက် တ-ထက်၌ နိဂ္ဂဟိတ်လာ၊ ထိုနိဂ္ဂဟိတ်ကို ဒ-ပြု။ ဒ-ကို ဧ-သို့ကပ်၍ တဒေကဋ္ဌ-ဟု ရုပ်ပြီးသည်ကိုင်း၊[၂] သိစေပါသည်။ ၁။ အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ။ ၂။ ဘာဝတ္ထ။

✪ ယ တနင့်စပ်၊ ထိုသမာသ်မှာ၊ ဒွေဘော်လာ။ နိဂ္ဂဟိတ်လည်း ရုံတခါ။

✝ ယ တသဒ္ဒသမာသမှိ၊ သဒ္ဒိ ပရပဒေန စေ။

နိဂ္ဂဟိတာဂမော ပုဗ္ဗေ၊ ဒွေဘာဝေါ ဝါ ပရေသိယာ။

ဃ-ဝါကျ။ လောဘာဒိနာ-ဖြင့် တေန-၌ တသဒ္ဒါသည် လောဘ-စသောတရားကို စွဲသတည်းဟု သိစေပါသည်။ (သဗ္ဗနာမလိင်္ဂတ္ထ)

ဃ-ဝါကျ။ ဝါ-သဒ္ဒါဖြင့် အတ္ထန္တရကို သိစေပါသည်။ (ဘာဝတ္ထ)

**မှတ်ချက်။** က-ဝါကျ ဝါ-သဒ္ဒါကဲ့သို့လည်း ဖော်လေဦး။

ဃ-ဝါကျ။ အညေန-ဖြင့် တေန-၌ တသဒ္ဒါသည် လောဘစသည်မှ တစ်ပါးသော ဖဿစသောတရားကို စွဲသတည်းဟု သိစေသည်။(သဗ္ဗနာမလိင်္ဂတ္ထ)

ဃ-ဝါကျ။ တတ္ထ တ္ထ နိဒ္ဒိဋ္ဌေန-ဖြင့် အည-တစ်ပါးသောတရားဟူသည် ထိုထိုအရာ၌ ဖြစ်သော တစ်ပါးသောတရားတည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

**အနက်ပေး။** တဒေကဋ္ဌ၊ ထိုလောဘစသည်နှင့်၊ ဝါ- ထိုထိုအရာ၌ ပြအပ်သော လောဘစသည်မှ တစ်ပါးသော ဖဿစသောတရားနှင့်တကွ တစ်ခုသောစိတ်၌ တည်သော (အကုသိုလ်)။

**မှတ်ချက်။** တဒေကဋ္ဌာ စ ကိလေသာ-ပါဠိတော်၌ တဒေကဋ္ဌာပုဒ်ကို ကိလေသာပုဒ်၌ ဝိသေသန ဝိသေသျစပ်။

---

## ၇။ ဥပသဂ္ဂ နိပါတတ္ထ

က-ဝါကျ။ ပနေတ္ထ-၌ ပန-ကား ပက္ခန္တရဇောတကနိပါတ်ပုဒ်။

က-ဝါကျ။ ပုဂ္ဂလေ ဝါ-၌ ဝါသဒ္ဒါကား အတ္ထန္တရဇောတကနိပါတ်ပုဒ်။ (၉၂-၂-အဖြေကြည့်)

ခ-ဝါကျ။ နာမသဒ္ဒါကား အမည်ဟော နိပါတ်ပုဒ်။

**မှတ်ချက်။** နာမဇ္ဈ နာမံ-စသည် ဝိဘတျန္တ ဝိဘတ်ဆုံးလျှင် နာမ-ကား နာမ်ပုဒ်၊ နာမ-ဟု ဝိဘတ်မဲ့ရှိလျှင် နိပါတ်ပုဒ်။

ဃ-ဝါကျ။ ဝါသဒ္ဒါကား အတ္ထန္တရဇောတကနိပါတ်ပုဒ်။

### သဗ္ဗနာမဝိသယ

က-ဝါကျ။ တတ္ထ-၌ တေ-သဒ္ဒါကား ရှေးကုသလနိဒ္ဒေသေ-ကို ထောက်၍သိအပ်သော

http://www.dhammadownload.com



အကုသလနိဒ္ဒေသ–ကိုစွဲသောကြောင့် ပက္ကန္တဝိသယ တ–တည်း။

က–ဝါကျ၌ ယံ–ကား တဒေကဋ္ဌာ စ–ပ– အာဒိ–ဟု အစွဲတင်းလင်း ရှိသောကြောင့် ပသိဒ္ဓဝိသယ တ–တည်း။

က–ဝါကျ။ တတ္ထ–၌ တ သဒ္ဒါကား ရှေးဝါကျ၌ရှိသော တဒေကဋ္ဌ စသည်ကိုစွဲသောကြောင့် ပက္ကန္တဝိသယ တ–တည်း။

က–ဝါကျ။ ကေ သဒ္ဒါကား စိတ္တေ, ပုဂ္ဂလေဟု အစွဲတင်းလင်းရှိသောကြောင့် ပသိဒ္ဓဝိသယ ကေ–တည်း။

ခ–ဂ–ဝါကျ၌ ကေ လည်း နည်းတူမှတ်။

ဃ–ဝါကျ။ တေန–၌ တ သဒ္ဒါကား လောဘာဒိနာ – အညေန–ဟု အစွဲတင်းလင်း ရှိသောကြောင့် ပသိဒ္ဓဝိသယ တ–တည်း။

---

**သုခဘူမိယန္တိ တေ္တ** (က) ယထာ တမ္ဗဘူမိ ကဏှဘူမိတိ တမ္ဗကဏှ–ဘူမိယောဝ ဝုစ္စန္တိ။ ဧဝံ သုခမ္ပိ သုခဘူမိနာမ။ (ခ) ယထာ ဥစ္ဆုဘူမိ သာလိဘူမိတိ ဥစ္ဆုသာလီနံ ဥပ္ပဇ္ဇနဋ္ဌာနာနိ ဝုစ္စန္တိ။ ဧဝံ သုခဿ ဥပ္ပဇ္ဇနဋ္ဌာနံ စိတ္တမ္ပိ သုခဘူမိနာမ။ (ဂ) တံ ဣဓ အဓိပ္ပေတံ။ (ဃ) ယသ္မာ ပန သာ ကာမာဝစရေ ဝါ ဟောတိ၊ ရူပါဝစရာဒီသု ဝါ တသ္မာဿ တံ ပဘေဒံ ဒဿေတုံ "ကာမာဝစရေ"တိ အာဒိ ဝုတ္တံ။ ဋ္ဌ၊ ၃၈၁။

## ၁။ အနက်ယောဇနာ

သုခဘူမိယန္တိ တေ္တ၊ ၌။ ဝိနိစ္ဆယော၊ ကို။ ဝေဒိတဗ္ဗော။ (စပ်ပုဒ် ပါဌ်သေသထည့်) တမ္ဗဘူမိ ကဏှဘူမိတိ၊ တမ္ဗဘူမိ ကဏှဘူမိဟူ၍။ ဝုတ္တေ၊ ဆိုအပ်သော်။ (ပါဌ်သေသထည့်) တမ္ဗကဏှ–ဘူမိယော၊ နီသောမြေ, မည်းသော မြေတို့ကိုသာလျှင်။ (ပဏ္ဍိတေဟိ၊ပညာရှိတို့သည်–ကတ္တားထည့်) ဝုစ္စန္တိ ယထာ၊ ဆိုအပ်ကုန်သကဲ့သို့။

ဂ–ဝါကျ။ တံ စိတ္တံ၊ ထိုသုခ၏ဖြစ်ရာစိတ်ကို။ (တံ–သဗ္ဗနာမ်အစွဲ) ဣဓ၊ ဤသုခဘူမိယံ–ဟူသောစကား၌။ (ဣဓ–အစွဲမှန်စေ) ယသ္မာ ပန၊ အကြင့်ကြောင့်ကား။ (ပန–ပက္ခန္တရအနက်ပေးပုံ) သာ ဝေဒနာ၊ ထိုသုခ ဝေဒနာသည်။ –ပ– အဿ၊ ထိုသုခဝေဒနာ၏။ (သုခဝေဒနာစွဲ) ဘဂဝတာ၊ သည်။ (ကတ္တားထည့်) ဝုတ္တံ၊ ၏။

---

## ၂။ ၃။ ဝါကျခွဲ ကျမ်းတက်

### ခ–ဝါကျ ကျမ်းတက်

ဆရာ၊ သည် က–ဝါကျဖြင့် တမ္ဗဘူမိကဏှဘူမိဟု ဆိုအပ်သော နီသောမြေ မည်းသောမြေတို့ကိုသာလျှင် ဆိုအပ်ကုန်သကဲ့သို့ ဤအတူ သုခဝေဒနာသည်လည်း သုခမည်သောဟု ဆိုတော်မူ၏။ (က–ကို ဘာသာပြန်၍ ဋ္ဌပနာထား) ထိုသို့သာဆိုချေသော် သုခဝေဒနာသည်သာလျှင် သုခဘူမိမည်၏ဟူသော အနက်သည်ရောက်ရာ၏။ သုခဝေဒနာမှတစ်ပါးတစ်ခြားသော တရား

http://www.dhammadownload.com



သည်ကား သုခဝေဒနာမမည်ဟူသော အနက်လည်း ရောက်ရာ၏။ စင်စစ်တမူကား သုခဝေဒနာသည်သာလျှင် သုခဘူမိမည်၏ ဟူသောအနက်သည် မရောက်သင့်၊ ထိုသို့မရောက်သင့်သောကြောင့် သုခဝေဒနာမှ တစ်ပါးသော သုခဘူမိမည်သော တရားကိုလည်း ဆိုသင့်ဆိုတန်၏။ သုခဝေဒနာမှ တစ်ပါးသော သုခဘူမိ မည်သောတရားကို မဆိုဘဲမနေသင့် မနေတန်၊ သုခဝေဒနာမှ တစ်ပါးသော သုခဘူမိ မည်သောတရားကား အဘယ်နည်း။ ဤသို့-ကြောင့် ခ-ဝါကျမိန့်။

အဓိပ္ပါယ်ကား- သုခဝေဒနာသည်သာလျှင် သုခဘူမိမည်သည် မဟုတ်၊ သုခဝေဒနာ၏ ဖြစ်ရာစိတ်သည်လည်း သုခဘူမိမည်၏ဟူလိုသော်။

ဒေါသပယ်။ အဗျာပိတ အပရိပုဏ္ဏဒေါသတင်/ ပယ်။

**မှတ်ချက်**။ ဤကား က-ဝါကျ ဘာသာပြန်၍ ဥပနာထားသည်။ အာဘော်ကိုရှု၍ ဥပနာထားပုံကို ရှုပါလေ။

## အာဘော် ဥပနာထားပုံ

ဆရာ၊ သည် က-ဝါကျဖြင့် ဘူမိပုဒ်ကို ဘဝတီတိ ဘူမိ-ဟု ကတ္တု သာဓနေဝစနတ္ထပြု၍ သုခနှင့် ဘူမိပုဒ်ကို သုခံဝေ ဘူမိ သုခဘူမိ-ဟု အဝဓာရဏ ကမ္မဓာရယ် သမာသ်ဝစနတ္ထပြု၍ သုခဘူမိ အရ သုခဝေဒနာကို ယူရသောဟုဆိုတော်မူ၏။ ထိုသို့သာဆိုချေသော် သုခဘူမိပုဒ်ကို ဤသို့သာ ဝစနတ္ထပြု၍ ဤသို့အရကောက်ရမည်၊ တစ်ပါးသောဝစနတ္ထပြု၍ တစ်ပါးသောတရားကို အရမကောက်ရဟူသောအနက်သည် ရောက်ရာ၏-စသည် တက်လေ။

ဂ-ဝါကျ။ အတ္ထုဒ္ဒေသဝါကျ။ အဓိပ္ပေတတ္ထဝါကျ။ ဝါ-ဝါကျာရမ္ဘဝါကျ။ ဝါ-ဝိသေသဝါကျ။ ထို-၍ က-ခ-ဝါကျ အတ္ထဒ္ဒါရဝါကျ။ ဝါ-အာရဒ္ဓဝါကျ။ သာမညဝါကျ။

**မှတ်ချက်**။ အတ္ထဒ္ဒါရဝါကျ အတ္ထုဒ္ဒေဝါကျ- ဝါကျခွဲပုံကို ကျမ်းတက်ပုံ ပြန်၍ ရှုပါလေ။

ဃ-ဝါကျ။ (သုခဘူမိပုဒ်အဖွင့်မှတစ်ပါး ကာမာဝစရေဝါပုဒ်အဖွင့် အနုသန္ဓေကို ပြသောကြောင့်) ပက္ကန္တရဝါကျ။ ထို-၍ (သုခဘူမိပုဒ်အဖွင့်ဟူသော အဖို့ကိုပြခဲ့သောကြောင့်) က-ခ-ဂ-ဝါကျ ပက္ခဝါကျ။

---

## ၄။ ဝိဂ္ဂဟာဒိ

တမ္ဗ။ တမ္ဗဝဏ္ဏောဝိယ ဝဏ္ဏော ယဿ သောတိ တမ္ဗော။

ယဿ၊ အကြင်အဆင်းအား။ တမ္ဗဝဏ္ဏောဝိယ၊ ကြေးနီအဆင်းကဲ့သို့ သော။ ဝဏ္ဏော၊ အဆင်းသည်။ အတ္ထိ၊၏။ ဣတိ တမ္ဗော။ (နီသောအဆင်း ရသဖြင့် လိင် ၃-ပါး)

**မှတ်ချက်**။ သူစိ-၌ တမ္ဗော ဥဒ္ဓမ္မရသံခါတော လောဟဝိသေသော. တဗ္ဗဏ္ဏတာယ တမ္ဗော-ဟု ဆိုသည်။ (၉၅-ဂါထာအဖွင့်၊ ၃၆၁-ဂါထာအဖွင့်၌ တမ္ဗဝဏ္ဏတာယ တမ္ဗော-ဟု ဆိုသည်။ ဂဇကုလ= ဆင်မျိုးပြရာဖြစ်၍ တမ္ဗ = တမ္ဗဆင်မျိုးပြ ဝိဂ္ဂဟတည်း။ ၉၆၄-ဂါထာအဖွင့်၌

http://www.dhammadownload.com



တမ္ဟော ရတ္တေ တိလိင်္ဂိကော–ဟု လာသည်။ ယဒါ ရတ္တဝါစီ၊ တဒါ တိလိင်္ဂိကော–ဟု ဖွင့်သည်။ တမ္ဗဘူမိ–၌ တမ္ဗသဒ္ဒါ ရတ္တ=အနီအနက်ဟော။ ဘူမိဟူသော ဝိသေသျပုဒ်ကိုထောက်၍ ၎င်းလိင်သို့လိုက်ကာ ဣတ္ထိလိင် ကညာဒိဂိုဏ်းဟုမှတ်။ တမ္ဗာ ဘူမိ တမ္ဗဘူမိ–ဟု တွဲ။

ဘူမိ။ ဘဝတီတိ ဘူမိ။ ဘူဓာတ်+မိပစ္စည်း၊ ထီလိင်၊ ရတ္တာဒိဂိုဏ်း။ ယောၫ၁၈၁။ ဘူတော မိ။ မောဂ်၊၇။

သုခဘူမိ။ သုခံဝေ ဘူမိ သုခဘူမိ။ (သုခဝေဒနာရ၏)(ယော၊၁၈၁)

မှတ်ချက်။ဤကား က–ဝါကျနှင့်အညီ သုခဝေဒနာအရကောက်ရ သော သုခဘူမိပုဒ်၏ အစိတ်အပေါင်း ဝိဂြိုဟ်တည်း။

ဘူမိ။ ဘဝတိ ဧတ္ထာတိ ဘူမိ။ စိတ္တံ။ ယော၊ ၁၈၁။

သုခဘူမိ။ သုခဿ ဘူမိ သုခဘူမိ။ ယော၊ ၁၈၁။

မှတ်ချက်။ ဤကား ခ–ဝါကျနှင့်အညီ သုခ၏ဖြစ်ရာစိတ်ရသော သုခဘူမိပုဒ်၏ အစိတ်အပေါင်းဝိဂြိုဟ်တည်း။

ကာမာ။ ကာမေတီတိ ကာမော။ ကာမ ဝိလေခနေ ဓာ။ ကာမဓာတ်+ ဏပစ္စည်း၊ အမည်ဟောရာ၌ ထီလိင်။

တစ်နည်း။ သုဝဏ္ဏာဝဏ္ဏာဒိကံ ဥပနိဓာယ ကုစ္ဆိတမ္ဗော နိန္နိတမ္ဗောတိ ဝါ ကာမော။ ကု ကုစ္ဆာယံ။ သူစိ။ ကုဓာတ်+ဏပစ္စည်း။

ကာမဘူမိ။ ကာမာ ဘူမိ ကာမဘူမိ။

ဥဏ္ဏ။ ဣစ္ဆိယတေတိ ဥဏ္ဏ။ ယော ရသာလော၊ အကြင်ကြံကို၊ ဣစ္ဆိယတေ၊ အလိုရှိအပ်၏။ ဣတိ သော ရသာလော ဥဏ္ဏ။

မှတ်ချက်။ ဣသု ဣစ္ဆာယံ၊ ဥ။ ဣသု။ အသရူပဒွိတ္တံ၊ သဿ ဆော–ဟူသော သူစိကို မှီး၍ ဝိဂ္ဂဟပြုသည်။ "ရသာလော တုစ္ဆ။ ဓာန်။ ပုံလိင်၊ ဥကာရန္တ၊ ရတ္တာဒိဂိုဏ်း။

တစ်နည်း။ ဥဏ္ဏ။ ဥသတိ ဒဟတိ သန္တာပန္တိ ဥဏ္ဏ။ ဥသ ဒါဟေ။ သူစိ။

သာလိ။ သာလိယတေ သီလာဃိယတေ (ချီးမွမ်းအပ်၏) တိ သာလိ။

မှတ်ချက်။ သာလ သိယာဃာယံ၊ ဣ၊ သာလိ–ဟူသော သူစိ၌ရှာသော ဓာတုဓာတွတ္ထကို ရှု၍ ဝိဂ္ဂဟပြုသည်။

တစ်နည်း။ သာလိ။ သေ ခေတ္တေ လီယတိ အလ္လီယတီတိ သာလိ။ သေ ခေတ္တေ၊ လယ်၌။ လီယတိ အလ္လီယတိ၊ ကပ်ငြိတတ်၏။ ဣတိ သော သာလိ။ ပုံလိင်၊ ဣကာရန္တ၊ ရတ္တာဒိဂိုဏ်း။ လိ = သိလေသနေ။

မှတ်ချက်။ သာလီတိ ဧတ္ထ သကာရော ခေတ္တဝါစကော–ဟူ သူစိ၌ဆိုသည်။ ဝိဂြိုဟ်စစ်ဆိုလျှင် – လီယတိ အလ္လီယတီတိ လိ။ သေ လိ သာလိ–ဟု ပြုလေ။

http://www.dhammadownload.com



## ၆။ အာဘောဂ သံဝဏ္ဏနာ

က–ဝါကျ။ သုခမ္ဘိ–ဖြင့် သုခဘူမိ–၌ ဘူမိပုဒ်ကို ဘဝတီတိ ဘူမိ–ဟု ကတ္တုသာဓနဝစနတ္ထပြုရမည်ကိုင်း၊[၁] မိ–ပစ္စည်း ကတ္တုသာဓန၌သက်သည်ကိုင်း၊[၂] သုခပုဒ်နှင့် ဘူမိပုဒ်ကို သုခံစ ဝ ဘူမိ သုခဘူမိ–ဟု အဝဓာရဏ ကမ္မဓာရယ် သမာသ်ဝစနတ္ထပြုရမည်ကိုင်း[၃] သိစေပါသည်။

၁။ အဘိဓာနတ္ထ။ ၂။ ဒု–ပစ္စယတ္ထ။ ၃။အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ။

က–ဝါကျ။ သုခမ္ဘိ–၌ ပိ (အပိ)သဒ္ဒါဖြင့် သုခ၏ဖြစ်ရာဌာန စိတ်သည်သာ သုခဘူမိ မည်သည်မဟုတ်၊ သုခဝေဒနာသည်လည်း သုခဘူမိမည်သတည်း ဟူသော သမုစ္စည်းအဓိပ္ပါယ်ကို သိစေပါသည်။ (ဘာဝတ္ထ)

က–ဝါကျ။ ယထာ –ပ– ဝုစ္စန္တိ–ဖြင့် ဥပမာကို သိစေသည်။(ဘာဝတ္ထ)

အနက်ပေး။ သုခဘူမိယံ၊ သုခဝေဒနာ၌။ (က–နှင့်အညီ)

ခ–ဝါကျ။ သုခသ ဥပ္ပဇ္ဇနဋ္ဌာနံ–ဖြင့် သုခဘူမိ–၌ ဘူမိပုဒ်ကို ဘဝတိ ဧတ္ထာတိ ဘူမိ–ဟု အဓိကရဏသာဓနဝစနတ္ထပြုရမည်ကိုင်း၊[၁] မိ–ပစ္စည်း အဓိကရဏသာဓန၌ သက်သည်ကိုင်း၊[၂] သုခပုဒ်နှင့် ဘူမိပုဒ်ကို သုခဿ ဘူမိ သုခဘူမိ–ဟု ဆဋ္ဌီတပ္ပုရိသ် သမာသ်ဝစနတ္ထပြုရမည်ကိုင်း[၃] သိစေပါသည်။ ၁။ အဘိဓာနတ္ထ။ ၂။ ဒု–ပစ္စယတ္ထ။ ၃။အဘိဓာနတ္ထ၊သမာသလိင်္ဂပဒတ္ထ။

ခ–ဝါကျ။ စိတ္တမ္ဘိ–ဖြင့် သုခဘူမိပုဒ်ကို သုခဿ ဘူမိ သုခဘူမိ–ဟု ဆဋ္ဌီတပ္ပုရိသ် သမာသ်ဝစနတ္ထပြု၍ သုခဘူမိအရ သုခဝေဒနာ၏ဖြစ်ရာ စိတ္တုပ္ပါဒ် ကိုယူရမည်ဟု သိစေပါသည်။ (အဘိဓေယျတ္ထ)

ခ–ဝါကျ။ စိတ္တမ္ဘိ–၌ ပိ (အပိ)သဒ္ဒါဖြင့် သုခဝေဒနာသည်သာ သုခဘူမိ မည်သည်မဟုတ်၊ သုခဝေဒနာ၏ဖြစ်ရာ စိတ္တုပ္ပါဒ်သည်လည်း သုခဘူမိ မည်၏ဟူသော သမုစ္စည်းအဓိပ္ပါယ်ကို သိစေပါသည်။ (ဘာဝတ္ထ)

✝ အဓိကရဏသာဓန၊ နောက်ပုဒ်ပြ၊ ရှေ့ကပုဒ်နှင့်၊ ဆဋ္ဌီတွဲမြဲ။

အနက်ပေး။ သုခဘူမိယံ၊ သုခဝေဒနာ၏ဖြစ်ရာ စိတ္တုပ္ပါဒ်၌။

ဂ–ဝါကျဖြင့် ဤသုခဘူမိယံ–ဟူသောစကား၌ သုခဝေဒနာ၏ဖြစ်ရာ စိတ္တုပ္ပါဒ်ကိုသာ အလိုရှိအပ်၏ဟု ဣဓာဓိပ္ပေတတ္ထကို သိစေသည်။ (အဓိပ္ပေတတ္ထ)

✝ ထင်ရန်တစ်ပါး၊ အနက်များထ၊ ဖွင့်တုံက၊ အဓိပ္ပေတသာ။(မောင်းထောင်)

---

## ၇။ ဥပသဂ္ဂ နိပါတတ္ထ

က–ဝါကျ။ ယထာ–ကား ဥပမာနဇောတကနိပါတ်။ ဝေ–ကား ဥပမေယျဇောတကနိပါတ်။ ကဏှဘူမိတိ–၌ ဣတိ–ကား အာကာရဇောတက နိပါတ်။ ဘူမိယော၀–၌ ဝေ–ကား အဝဓာရဏဇောတကနိပါတ်။

http://www.dhammadownload.com



၁။ နီသောမြေ,မည်းသောမြေသည် ဂဟေတဗ္ဗတ္တ။

၂။ တစ်ပါးသောအရောင်ရှိသောမြေသည် နိဝတ္တေတဗ္ဗတ္တ။

၃။ အနီဂုဏ်,အမည်းဂုဏ်သည်၊ ဝါ- အနီရောင် အမည်းရောင်သည် အနုညာတတ္တ။

သုခမွိ-၌ ပိ (အပိ) ကား အညမညသမုစ္စယဇောတကနိပါတ်။ (ဆည်းပုံကို ၆-အဖြေကြည့်)။ နာမ-ကား သညာဇောတကနိပါတ်။

ခ-ဝါကျ။ ယထာ, ဧဝ-က-ဝါကျနှင့်တူ။ ဣတိ-လည်း တူ။ စိတ္တမ္ပိ-၌ ပိ(အပိ) လည်းတူ။ ၆-အဖြေကြည့်။

ဃ-ဝါကျ။ ပန-ကား ပက္ခန္တရဇောတကနိပါတ်။ ဝါ-သဒ္ဒါ ၂-ခု ဝိကပ္ပနဇောတက နိပါတ်။

✪ သဒ္ဒါဝိကပ်၊ ကြံစီလတ်၊ အရပ်ရပ်သာ။ (မောင်းထောင်)

## အဓိပ္ပေတံ ထားရပုံ

သုခဘူမိအရ - သုခဝေဒနာ,သုခ၏ဖြစ်ရာဌာနစိတ္တုပ္ပါဒ်ဟု ၂-မျိုးရှိရာတွင် ဤ၊ သုခဘူမိယံ-ဟူသောပါဠိ၌ သုခ၏ဖြစ်ရာဌာနစိတ္တုပ္ပါဒ်ကိုသာ ယူရမည်ဟု ပြလိုသောကြောင့်၊ 'အဓိပ္ပေတံ' သဒ္ဒါထားရသည်။

✪ အဓိပ္ပေတံ၊ နည်းတူကြံ၊ လုရန်စကားမှာ။ (မောင်းထောင်)

---

(က) သဏ္ဌာယဒိဋ္ဌီတိ ဝိဒ္ဓမာနေန သတိ ခန္ဓာပဉ္စကသင်္ခါတေ ကာယေ။ (ခ) သယံ ဝါ သတိ တသ္မိံ ကာယေ ဒိဋ္ဌီတိ သဏ္ဌာယဒိဋ္ဌိ။ (ဂ) သီလေသု သုဇ္ဈိတုံ သက္ကာ, ဝတေန သုဇ္ဈိတုံ သက္ကာ, သီလ-ဝတေဟိ သုဇ္ဈိတုံ သက္ကာတိ ဂဟိတသမာဒါနံ ပန သီလဗ္ဗတပရာမာသောနာမ။ ဋ္ဌ၊ ၃၈၃။

## ၂။ ၃။ ဝါကျခွဲ ကျမ်းတက်

ခ-ဝါကျကား ပက္ခန္တရဝါကျ။ ထို-၍ က-ဝါကျကား ပက္ခဝါကျ။

## ခ-ဝါကျ အနုသန္ဓေတက်

ဤသို့ က-ဝါကျဖြင့် သဏ္ဌာယဒိဋ္ဌိပုဒ်ကို သန္တော ကာယော သက္ကာယော၊ သက္ကာယေ ဒိဋ္ဌိ သက္ကာယဒိဋ္ဌိ-ဟု ဝစနတ္ထပြုရမည်ကိုပြတော်မူပြီး၍ ယခုအခါ၌ သက္ကာယဒိဋ္ဌိပုဒ်၏၊ ဝစနတ္ထတစ်မျိုးကို ပြခြင်းငှါ သယံ ဝါ-စသော ခ-ဝါကျကိုမိန့်။

## ပါပနာဒီတက်

ဆရာ၊ သည် က-ဝါကျဖြင့် သက္ကာယဒိဋ္ဌိပုဒ်ကို သန္တော ကာယော သက္ကာယော၊ သက္ကာယေ ဒိဋ္ဌိ သက္ကာယဒိဋ္ဌိ-ဟု သက္ကာယဒိဋ္ဌိပုဒ်၏ဝစနတ္ထကို ပြဆိုတော်မူ၏။ ထိုသို့သာဆိုချေသော် သက္ကာယဒိဋ္ဌိပုဒ်၏ ဝစနတ္ထတစ်မျိုး မရှိဟူသောအနက်သည် ရောက်ရာ၏- စသည် တက်လေ။

http://www.dhammadownload.com



## ဝါသဒ္ဒါလဲပုံ

သက္ကာယဒိဋ္ဌိပုဒ်၏ သန္တော ကာယော သက္ကာယော၊ သက္ကာယေ ဒိဋ္ဌိ သက္ကာယဒိဋ္ဌိ-ဟူသော သတ္တမီတပ္ပုရိသ်သမာသ်အကြောင်းသကတ် ဝစနတ္ထမှ တစ်ပါး သက္ကာယဒိဋ္ဌိပုဒ်၏ ကာယေ ဒိဋ္ဌိ ကာယဒိဋ္ဌိ၊ သတိ ကာယဒိဋ္ဌိ သက္ကာယဒိဋ္ဌိ-ဟူသော ကမ္မဓာရယ်သမာသ် အကြောင်းသကတ်ဝစနတ္ထ တစ်မျိုးကို လဲလှယ်ပြလိုသောကြောင့် ဝါ-သဒ္ဒါထားရသည်။

မှတ်ချက်။ ပြည်နိသျှအမှာကြည့်။

---

## ၄။ ဝိဂ္ဂဟာဒိ

ဝိဇ္ဇမာန။ ဝိဇ္ဇတီတိ ဝိဇ္ဇမာနော။ ဝိဒ+ဏျ+မာန။

ဝိဇ္ဇမာနဋ္ဌ။ ဝိဇ္ဇမာနော အတ္ထော ဝိဇ္ဇမာနဋ္ဌော။ ဋ္ဌ-ကို ဋ္ဌ-ပြု။

သတိ။ အသတိ ဝိဇ္ဇတီတိ သန္တော။ (တသ္မိံ သတိ) အသဓာတ်+အန္တ ပစ္စည်း၊ ဂစ္ဆန္တာဒိဂိုဏ်း၊ ပုံလိင်။

သတိ။ သန္တနှင့် ဝိဂြိုဟ်တူ။ သန္တ+ဤ၊ နဒါဒိဂိုဏ်း၊ ဤကာရန္တ။

သီလ။ သိနောတိ ဗန္ဓတိ စိတ္တံ ဧတေနာတိ သီလံ။

✝ သိ ဗန္ဓနေ လော။ သူစိ-၌ များစွာလာ၏။

ဝတ။ ဝတ္တနံ ဝတံ။ (ဝတ္တနံ အာစရဏံ၊ ကျင့်ခြင်း၊ ဝါ- သမာဒါနံ၊ ဆောက်တည်ခြင်း)။ ဝတု ဝတ္တနေ။ အပစ္စည်း။

ဂဟိတ။ ဂဟိတဗ္ဗံ ဥပ္ပါဒိတဗ္ဗန္တိ ဂဟိတံ။ (ဂဟိတ = ယူအပ်ဖြစ်စေ အပ်သော၊ သမာဒါနံ-၌ စပ်)၊ ဂဟဓာတ်+တပစ္စည်း)

သမာဒါန။ သမာဒီယန္တိ ဧတေန ကုက္ကုရသီလဝတာဒီနီတိ သမာဒါနံ။ ဧတေန၊ သီလဗ္ဗတပရာမာသေန၊ ဖြင့်။ ကုက္ကုသီလဝတာဒီနိ၊ ခွေးအလေ့အကျင့် စသည်တို့ကို။ သမာဒီယန္တိ၊ ဆောက်တည်တတ်ကုန်၏။ ဣတိ သော သီလဗ္ဗတ-ပရာမာသော၊ သမာဒါနံ၊ မည်၏။ သံပုဗ္ဗ+အာပုဗ္ဗ+ဒါဓာတ်+ယုပစ္စည်း၊ ကရဏသာဓန။ (မူလဋီ၊၁၊ ၁၈၁)

ဂဟိတသမာဒါန။ ဂဟိတဉ္စ တံ သမာဒါနဉ္စာတိ ဂဟိတသမာဒါနံ။

ပရာမာသ။ ပရတော အာမသနံ ဂဟဏံ ပရာမာသော။

သီလဗ္ဗတ။ သီလဉ္စ တံ ဝတဉ္စာတိ သီလဗ္ဗတာနိ။

သီလဗ္ဗတပရာမာသ။ သီလဗ္ဗတာနံ ပရာမသနံ သောစာတိ သီလဗ္ဗတ-ပရာမာသော။ ယော၊ ၁၈၂။

http://www.dhammadownload.com



## ၆။ အာဘောဂ သံဝဏ္ဏနာ

က–ဝါကျ။ ဝိဇ္ဇမာနဋ္ဌေန–ဖြင့် သတိ–၌ အသဓာတ်၏ ဝိဇ္ဇမာနအနက် ကိုဟောသည် ကိုရင်း၊[၁] (သတိ=သန္တ–၌ အသဓာတ်ကို ဝိဇ္ဇမာန–၌ ဝိဒဓာတ်ဖြင့်ဖွင့်သည်) အန္တပစ္စည်း ကတ္တုသာဓနေ၌ သက်သည်ကိုရင်း၊[၂] အသတိ ဝိဇ္ဇတီတိ သန္တော–ဟု ကတ္တုသာဓနဝစနတ္ထပြုရမည်ကိုရင်း[၃] သိစေပါသည်။ ၁။ ဒု–ဓာတုပဒ။ ၂။ ဒု–ပစ္စယတ္ထ။ ၃။ အဘိဓာနတ္ထ။

**မှတ်ချက်။** က–ဝါကျ၌ သတိပုဒ်ကို ကာယေပုဒ်၌စပ်။ သတိ သတ္တမျန္တ ကာယေ–လည်း သတ္တမျန္တ–ဝိဘတ်တူဖွင့်သဖြင့် 'သမာနဝိဘတ္တိက၊ ဖွင့်၍ပြ၊ ကမ္မဓာရယကြံစရာ'နှင့် အညီ အောက်ပါအတိုင်း အာဘော်ဖော်။

က–ဝါကျ။ သတိ ကာယေ–ဖြင့် သက္ကာယေပုဒ်ကို သန္တော သံဝိဇ္ဇမာနော ကာယော သက္ကာယော–ဟု ကမ္မဓာရယ်သမာသ်ဝစနတ္ထပြုရမည်ကိုရင်း၊[၁] သန္တကာယ–ဟုဆိုလိုလျက် သန္တ–ကို သပြု၍ပြီးသည်ကိုရင်း၊ ဝါ–သ–သဒ္ဒါ သဟ,သမာနစသည်တို့၏ ကာရိယမဟုတ်၊ သန္တသဒ္ဒါ၏ ကာရိယ၏အဖြစ်ကိုရင်း၊[၂] သက္ကာယနှင့် ဒိဋ္ဌိကို သက္ကာယေ ပဝတ္တာ ဒိဋ္ဌိ သက္ကာယဒိဋ္ဌိ– မဇ္ဈေလောပီ သတ္တမီတပ္ပုရိသ်သမာသ်ဝစနတ္ထ ပြုရမည်ကိုရင်း၊[၃] (သက္ကာယနှင့်ဒိဋ္ဌိ ဝိဘတ်ကွဲဖြင့် ဖွင့်) သိစေပါသည်။ ၁။ အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ။ ၂။ နာမလိင်္ဂပဒ။ ၃။ နာမလိင်္ဂပဒ။

က–ဝါကျ။ ခန္ဓပဉ္စကသင်္ခါတေ–ဖြင့် ကာယအရ ခန္ဓာငါးပါးကို ယူရမည်ဟု သိစေပါသည်။ (အဘိဓေယျတ္ထ)

**အနက်ပေး။** သက္ကာယဒိဋ္ဌိ၊ ထင်ရှားရှိသော ခန္ဓာပဉ္စကဟုဆိုအပ်သောကိုယ်၌ ဖြစ်သောဒိဋ္ဌိ။

ခ–ဝါကျ။ သယံ–ဖြင့် သက္ကာယဒိဋ္ဌိ = ခန္ဓာငါးပါး၌ ထင်ရှားရှိသော ဒိဋ္ဌိဟူသည် ယင်းဒိဋ္ဌိပင်တည်း၊ အခြားတစ်ပါး ကတ္တားမရှိဟုသိစေသည်။(ဘာဝတ္ထ)

ခ–ဝါကျ။ သတီ တသ္မိံ ကာယေ ဒိဋ္ဌိ–ဖြင့် ကာယပုဒ်နှင့် ဒိဋ္ဌိပုဒ်ကို ကာယေ ဒိဋ္ဌိ ကာယဒိဋ္ဌိ–ဟု သတ္တမီတပ္ပုရိသ်သမာသ်ဝစနတ္ထပြုရမည်ကိုရင်း၊[၁] သန္တကာယဒိဋ္ဌိ–ဟုဆိုလိုလျက် သန္တ–ကို သ–ပြု၍ပြီးသည်ကိုရင်း၊ ဝါ– သ–သဒ္ဒါ သဟ, သမာနစသည်တို့၏ ကာရိယမဟုတ်၊ သန္တသဒ္ဒါ၏ ကာရိယ၏ အဖြစ်ကိုရင်း၊[၂] သက္ကာယဒိဋ္ဌိပုဒ်ကို သတီ ကာယဒိဋ္ဌိ သက္ကာယဒိဋ္ဌိ–ဟု ကမ္မဓာရယ် သမာသ် ဝစနတ္ထပြုရမည်ကိုရင်း[၃] သိစေပါသည်။

၁။ အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ။ ၂။ နာမလိင်္ဂပဒ။ ၃။ နာမလိင်္ဂပဒ။

**အနက်ပေး။** သက္ကာယဒိဋ္ဌိ၊ ခန္ဓာပဉ္စကဟုဆိုအပ်သောကိုယ်၌ ထင်ရှားရှိသောဒိဋ္ဌိ။

## က–ဝါကျ 'သတိ' ရုပ်ပြီးပုံ

သန္တသဒ္ဒါနောက်၌ သ္မိံဝိဘတ်သက်၊ န္တ သဒ္ဒါကို န္တုကဲ့သို့ပြု၊ တောတိတာ သ္မိံနာသု–ဖြင့် န္တုသဒ္ဒါနှင့်တကွ သ္မိံဝိဘတ်ကို တိ–ပြု။ ယော၊ ၁၈၂။

http://www.dhammadownload.com



## ခ-ဝါကျ 'သတိ' ရုပ်ပြီးပုံ

သဏ္ဍသဒ္ဒါနောက်၌ ဤပစ္စည်းသက်၊ န္တ သဒ္ဒါကို န္တကဲ့သို့ပြု၊ န္တ်သတမီကာရေ-သုတ်ဖြင့် န္တ-ကို တ-ပြု၊ တ-ဤသို့ကပ်။ ယော၊ ၁၈၂။

ဂ-ဝါကျဖြင့် ပရာမာသပုဒ်ကို ပရတော အာမသန် ဂဟဏံ ပရာမာသော-ဟု ဝစနတ္ထပြု၍ သီလနှင့် ဝတကို သီလဥ္စ ဝတဥ္စ သီလဝတာနိ-ဟုပြု၍၊ သီလဗ္ဗတပရာမာသပုဒ်ကို သီလဗ္ဗတာနံ ပရာမာသော သီလဗ္ဗတပရာ မာသော-ဟု ဝစနတ္ထပြု၍ သီလဗ္ဗတပရာမာသ အရ- စင်ကြယ်ခြင်း၏ အကြောင်းမဟုတ်သော ကုက္ကုရသီလစသည်ဖြင့် စင်ကြယ်ခြင်းငါတတ်ကောင်း၏။ စင်ကြယ်ခြင်း၏ အကြောင်း မဟုတ်သော ကုက္ကုရဝတစသည်ဖြင့် စင်ကြယ်ခြင်းငါတတ်ကောင်း၏။ ယင်းကုက္ကုရ သီလ ကုက္ကုရဝတစသည်တို့ဖြင့် စင်ကြယ်ခြင်းငါတတ်ကောင်း၏ဟု ယူအပ်ဖြစ်စေအပ်သော ဆောက်တည်ကြောင်း ဒိဋ္ဌိကို ယူရမည်ဟု သိစေပါသည်။ (ဘာဝတ္ထ)

အနက်ပေး။ သီလဗ္ဗတပရာမာသော။ စင်ကြယ်ခြင်း၏အကြောင်း မဟုတ်ကုန်သော ကုက္ကုရသီလ (=ခွေးအလေ့) စင်ကြယ်ခြင်း၏အကြောင်းမဟုတ်ကုန်သော ကုက္ကုရဝတ (=ခွေးအကျင့်)တို့ဖြင့် စင်ကြယ်ခြင်းငါတတ်ကောင်း၏ဟု ခွေး အလေ့အကျင့်တို့ကို မှားသောအားဖြင့် သုံးသပ်ခြင်း ယူခြင်းဒိဋ္ဌိ။

✝ သီလေနာတိ သုဒ္ဓိယာ အဟေတုဘူတေန သီလေန။ မူလဋီ၊၁၊ ၁၆၁။

### သီလနှင့် ဝတအထူး

မလွန်ကျူးအပ်သည်၏အဖြစ်၊ ဝါ- မလွန်ကျူးအပ် မလွန်ကျူးသင့် သောသဘောသည် သီလမည်၏။

ဆည်းကပ်သည်၏အစွမ်းဖြင့် နေ့စဉ်မပြတ် ကျင့်အပ်သည်၏အဖြစ်၊ ဝါ-ကျင့်အပ်သော သဘောသည် ဝတမည်၏။

✝ တတ္ထ အဝီတိက္ကမနီယတာယ သီလံ၊ ဘတ္တိဝသေန သကတံ စရိတဗ္ဗတာယ ဝတံ ဒဋ္ဌဗ္ဗံ။ မူလဋီ၊ ၁၊ ၁၆၁။

---

## ၇။ ဥပသဂ္ဂ နိပါတတ္ထ

ခ-ဝါကျ။ ဝါ-သဒ္ဒါ ဝိကပ္ပနဇောတကနိပါတ်။ (၂-၃-အဖြေကြည့်)

ဒိဋ္ဌိတိ-၌ ဣတိသဒ္ဒါ ဝစနဟေတုဇောတကနိပါတ်။ သက္ကာတိ-၌ ဣတိ-ကား နိဒဿနဇောတကနိပါတ်။ ပန-ကား ပက္ခန္တရဇောတကနိပါတ်။

### သဗ္ဗနာမဝိသယ

ခ-ဝါကျ။ တသ္မိံ-၌ တသဒ္ဒါကား ကာယေ-ဟူသော အစွဲတင်းလင်းရှိသောကြောင့် ပသိဒ္ဓဝိသယ-တ။

http://www.dhammadownload.com



မှတ်ချက်။ အဋ္ဌသာလိနီ ၃၈၃-၃၈၄- ပုထုဇ္ဇနော်ပုဒ်အဖွင့်၌ အာဘော် သံ၀ဏ္ဏနာကို မစိုးရိမ်သီလက္ခန်အဖြေ စာမျက်နှာ-၂၂၇-မှ ၂၃၆-၌ ရှုပါလေ။

---

(က) အရိယာတိ အာရကတ္တာ ကိလေသေဟိ, အနယေ န ဣရိယနတော, အယေ ဣရိယနတော, သဒေဝကာနံ လောကေန စ အရဏီယတော ဗုဒ္ဓါစ ပစ္စေကဗုဒ္ဓါစ ဗုဒ္ဓသာဝကာစ ဝုစ္စန္တိ။ (ခ) ဗုဒ္ဓါ ဧဝ ဝါ ဣဓ အရိယာ။ (ဂ) ယထာဟ "သဒေဝကာ ဘိက္ခဝေ လောကေ -ပ- တထာဂတော အရိယော"တိ ဝုစ္စတိ။ ဋ္ဌ၊ ၃၈၄။

## ၁။ အနက်ယောဇနာ

က-ဝါကျ။ ဗုဒ္ဓါနဥ္စ ပစ္စေကဗုဒ္ဓါနဥ္စ ဗုဒ္ဓသာဝကာနဥ္စ (အာရကတ္တာ ဟိတ်ပုဒ်၏ သမ္ဗန်ထည့်) -ပ- အရိယာတိ၊ အရိယာတို့ဟူ၍။ ဝုစ္စန္တိ၊ ဆိုအပ်ကုန်၏။

✝ အရိယာတိ ပဒံ ဝုစ္စန္တီတိ ပဒေ အာကာရော။ ယော၊ ၁၈၃။

ခ-ဝါကျ။ ဝါ၊ တစ်နည်းကား။ ဗုဒ္ဓါဧဝ၊ သဗ္ဗညုဘုရားရှင်တို့ကိုသာလျှင်။ ဣဓ၊ အရိယာနံပုဒ်၏အရာ၌။ အရိယာ၊ အရိယာတို့ဟူ၍။ ဝုစ္စန္တိ၊ ကုန်၏။

မှတ်ချက်။ ပြည်သျှ၌ ဤဝါကျ အနက်ကျန်နေသည်။

## ၂။ ၃။ ဝါကျခွဲ ကျမ်းတက်

ခ-ဝါကျ။ ပက္ခန္တရဝါကျ။ ထို-၍ က-ဝါကျ ပက္ခဝါကျ။

ဂ-ဝါကျ အာဂမဒဋ္ဌီကရဏဝါကျ။ ထို-၍ ခ-ဝါကျ အာဂမဒဋ္ဌေယ ဝါကျ။

## ဝါသဒ္ဒါလဲပုံ

